http://www.dhammadownload.com

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူအပေါင်းကို တရားအလှူက အောင်နိုင်၏

ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရားကြီး၏
ဥပနိဿယနှင့်အညီ

## နိဗ္ဗာန်အငြိမ်းစံလိုသူများအတွက်

ဦးသိန်းဟန် (DIGEST)
လယ်တီကမ္မဋ္ဌာနာစရိယ
စီစဉ်ရေးသားသော

# ပဋိစ္စသမုပ္ပါဒ် အလင်းကျမ်း

သာသနာနှစ် ၂၅၅၃၊ ကောဇာသက္ကရာဇ် - ၁၃၇၁ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ - ရက်

http://www.dhammadownload.com

လယ်တီဆရာတော်ဘုရားကြီး၏
ပဋိစ္စသမုပ္ပါဒ် ပျို့လင်္ကာ (၁၃)

ဝဋ်နွံသံသရာ ရှည်မင်းစွာ၍၊
သူငါကစ ဖြစ်သမျှကား၊
သတ္တမဟုတ် ဓာတ်မှန်ထုတ်သော်
နာမ်ရုပ်နှစ်သင်း အမြင်လင်းလော့။

အရင်းအဝိဇ္ဇာ ထိုမှဖြာ၍
ဇရာ–မရဏ အဆုံးကျသည့်
ဓမ္မအပြား ဆယ့်နှစ်ပါးကို

ဤကားလူပင် ဤလျှင်နတ်ပဲ
အထင်လွဲလျက် တဝဲလည်လည်
ဝဋ်နွှယ်စည်၏။

ရှည်လေသမျှ အနန္တကား
သုခဟူသည် မြူမျှမကွက်
အဆက်ဆက်လျှင်

သက်သက်ဒုက္ခ ဓာတ်မှန်ရသည်
ဘဝ ဤကိုယ် ဖြစ်ထုံးတည်း။ ။

ဓမ္မပဒ ဦးရဲခေါင်ညွှန့်၏
ဓမ္မကဗျာ

ဓမ္မကဗျာ မြတ်လင်္ကာကို
သဒ္ဒါပြည့်ဝ၊ တဖွဖွနှင့်
နှုတ်မှရွတ်ဆို၊ လွန်ကြည်ညိုက
''ကုသိုလ်''ရ၏။

ထိုမျှမက မြတ်ဓမ္မ၏
နက်အဓိပ္ပာယ်ကို သိဖို့ရွယ်လျက်
စိတ်ဝယ်ကြံဆ၊ ရွတ်ဆိုကလျှင်
''သံဝေဂဉာဏ်'' လွန်ထက်သန်၏။

တစ်ဖန်ထိုမှ သင်္ကပ္ပနှင့်
ဝိပဿနာ ဉာဏ်ပညာထိ
သဒ္ဒါထက်သန် စိတ်ရည်သန်၍
ပြင်းထန်လုံ့လ ဉဿာဟနှင့်
မရမနေ ပွားများလေသော်

''မဂ်ဉာဏ်''ပေါ်မည်
သူတော်စင်တို့ အမြင်တည်း
သူတော်မြတ်တို့ ထွက်ရပ်တည်း။
သူတော်ကောင်းတို့ လမ်းကြောင်းတည်း။ ။

မွေးရပ်ဌာနေ၊ မင်းဘူးမြို့၊ ဓာတ်တော်ကုန်းဘုရားကုန်းမြေ၊ လယ်တီဓမ္မဗိမာန်၌ ပို့ချမည့် ဓမ္မသင်တန်းအတွက် ပြုစုခဲ့သော ဤ'ပဋိစ္စသမုပ္ပါဒ်အလင်းကျမ်း'သည် စာပြုသူ၏ (၇၁) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် လှူဒါန်းဝေငှ ဓမ္မဒါန ပြုလုပ်ရန်နှင့် မင်းဘူးမြို့ ဓာတ်တော်ကုန်းဘုရားကြီးနှင့် မင်းဘူးလယ်တီတရားစခန်းအတွက် အများပေါင်းစု ကောင်းမှုဒါနအနေနှင့် ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်းရန် ကုသိုလ်ရေးသက်သက်သာဖြစ်ပါ၍–

လိုအပ်သမျှ စာအုပ်များကို ဖုန်းနံပါတ် – ၀၁ ၅၃၇၂၈၆၊ အမှတ် (၈၁)၊ ကန်လမ်း (တံတားဖြူ) လှိုင်မြို့နယ်၊ ရန်ကုန်သို့ ဆက်သွယ်ရယူပြီး ထပ်ဆင့်လှူဒါန်းဝေငှ ဓမ္မဒါန ပြုလုပ်ခြင်းဖြင့် အမြတ်ဆုံးကုသိုလ်ကြီးကို အမြန်ဆုံး လက်ဝယ်ပိုင်ပိုင် ရယူနိုင်ကြပါစေသော်။


ဦးသိန်းဟန် (DIGEST) စီစဉ်ရေးသားသော
ပဋိစ္စသမုပ္ပါဒ် အလင်းကျမ်း

http://www.dhammadownload.com



သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူအပေါင်းကို တရားအလှူက အောင်နိုင်၏




သင်္ခတမှ အသင်္ခတသို့

ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရားကြီး၏

ဥပနိဿယနှင့်အညီ စီစဉ်ရေးသားသော

# နိဗ္ဗာန်အငြိမ်းစံလိုသူများအတွက်

# ပဋိစ္စသမုပ္ပါဒ်အလင်းကျမ်း

ပြုစုသူ

ဦးသိန်းဟန် (Digest)

လယ်တီကမ္မဋ္ဌာနာစရိယ

B.A., B.L., B.J.S (Rtd.)

ဗဟိုတရားရုံး တရားရေးအကြံပေး (ငြိမ်း)

တရားရုံးချုပ်ရှေ့နေနှင့် နိုင်ငံတော်ဝန်ထမ်း ..

၁၃၇၁ ခုနှစ်၊ ဝါခေါင်လဆန်း (၁၀) ရက်

http://www.dhammadownload.com


## ပုံနှိပ်မှတ်တမ်း

အုပ်ရေ -၁၀၀၀

တန်ဖိုး - ၃၅၀၀ိ/

၂၀၀၉-ခုနှစ်၊ နိုဝင်ဘာလ၊ ပထမအကြိမ်

**သာသနာရေးခွင့်ပြုချက်အမှတ်**

(၁၁၉/၀၁(ပုံနှိပ်)၊ သသန-၀၉)

**အတွင်းကွန်ပျူတာစာစီ**

ပုလဲ မိတ္တူနှင့်ကွန်ပျူတာစာစီ

ရွှေဂုံရိပ်မွန်အိမ်ရာ၊ ရွှေဂုံတိုင်

ရန်ကုန်မြို့၊ ကမ္ဘာအေးသာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူး

ဦးဝင်းနိုင် (မှတ်ပုံတင်အမှတ်-၀၃၈၄၃/၀၂၄၀၅)က

ထုတ်ဝေ၍သာသနာရေးဦးစီးဌာနအတွက်

**ဦးကြည်စင် (၀၄၆၁၅)**


**လဲ့လဲ့မွန် ပုံနှိပ်တိုက်**

အမှတ်(၁၅၈)၊ ၄၅-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်မြို့က ပုံနှိပ်သည်။

http://www.dhammadownload.com






သံတမှ အသံတသို့

**အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်**

* **ပွားများအပ်သည်ကား -**

- သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး မြတ်တရား အစွန်းနှစ်သွယ် လမ်းမှားပယ်၊ အလယ်လမ်းမှန် သတိပဋ္ဌာန်
(ဤသည်ပင် **'မြတ်ဗုဒ္ဓလမ်းစဉ်'**)

* **သိအပ်သည်ကား -**

* ဇာတိဓမ္မ - အသစ် အသစ်မစဲ ဖြစ်ခြင်းသဘော။
ဇရာဓမ္မ - ခဏချင်း ခဏချင်း အိုမင်းရင့်ရော်ခြင်းသဘော။
မရဏဓမ္မ - ခဏမစဲ အမြဲပျက်ဆုံးခြင်း သဘော။
* အနိစ္စလက္ခဏာ - ဖြစ်ပေါ်ပြီး မရှိခြင်း၊ ပျောက်ကွယ်သွားခြင်း အခြင်းအရာ။
ဒုက္ခလက္ခဏာ - ဖြစ်ပျက်တို့ဖြင့် အမြဲမပြတ် နှိပ်စက်ခြင်း အခြင်းအရာ။
အနတ္တလက္ခဏာ - အလိုအတိုင်း မဖြစ်၊ အနှစ်သာရ ကင်းတဲ့ အခြင်းအရာ။ မပျက်စီးဘဲ အကျိတ်အခဲ အခိုင်အမာ အနှစ်သာရ အားဖြင့် တည်နေသည့် အတ္တ မဟုတ်တဲ့ သဘော။
* ဒုက္ခ သစ္စာ - ပီဠနဋ္ဌ၊ သင်္ခတဋ္ဌ၊ သန္တာပဋ္ဌ၊ ဝိပရိဏာမဋ္ဌ၊
(ဤသည်ပင်**'အရှုခံတရား နှင့်ရှုရန်အနုပဿနာသုံးပါး'**)

* **ရှိအပ်သည်ကား -**

- အာတာပီ၊ သမ္မဇာနော၊ သတိမာ၊
(ဤသုံးပုဒ်ဖြင့် ကာယာနုပဿနာသရုပ်ကို ပြ၏။)
- ဝီရိယ၊ သတိ၊ ပညာပြည့်စုံပါက ဘုရားရှင်၏ အဆုံးအမ သာသနာ ပြည့်စုံခြင်းငှာဖြစ်၍ ရည်မှန်းချက် ပန်းတိုင် နိဗ္ဗာန်တိုင်ရောက်၏ ဟူလို။
(ဤသည်ပင် -**'အရှုဉာဏ်တရား'**)

**နိဗ္ဗာန်အငြိမ်းစံလိုသူများအတွက် ဦးသိန်းဟန် (DIGEST) ၏**

**လက်တွေ့ဝိပဿနာအနှစ်ချုပ်**

http://www.dhammadownload.com



ကျေးရှူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး၏
"ရဟာတ်ဗွေ"


* သခ်တရုပ် နာမ်ငယ် –
  – အဟုတ်ဉာဏ် မတင်စီးနိုင်ရ။
* သည်မီးတာ ဘယ်တစ်ကိန်းမှာမှ
  – ငြိမ်းပါမယ်လို့။
* မိုက်မလင်းနိုင်လို့
  – မြိုက်ခင်းညာဆီမှာ ခါတော်မီ သီမဝေ့နိုင်ဘူ။
* ဒီကွေ့တွင် နေကုန်မြောပြန်ရ
  – အတော ဘယ် မသတ်နိုင်တဲ့
  – ရဟာတ်ဗွေ

[ရဟာန်း (၈) ဝါလောက်က ညည်းခဲ့သောလေးချိုး]

http://www.dhammadownload.com

## ပဋိစ္စသမုပ္ပါဒ်အလင်းကျမ်း






| | |
|---|---|
| သင်္ခတမှ | အသင်္ခတသို့ |
| အာဒီနဝမှ | နိဿရဏသို့ |
| ဝိပဿနာသမ္မာဒိဋ္ဌိမှ | မဂ္ဂသမ္မာဒိဋ္ဌိသို့ |
| ပရမတ္ထသစ္စာမှ | အရိယသစ္စာသို့ |
| ဉာတပရိညာမှ | ပဟာနပရိညာသို့ |
| နိဗ္ဗိဒါဉာဏ်မှ | မဂ်ဉာဏ်သို့ |
| ဒိဋ္ဌိဝိသုဒ္ဓိမှ | ဉာဏဒဿနဝိသုဒ္ဓိသို့ |
| တဒင်္ဂဝိမုတ္တိမှ | နိဿရဏဝိမုတ္တိသို့ |
| အနုလောမ ပဋိစ္စသမုပ္ပါဒ်မှ | ပဋိလောမ ပဋိစ္စသမုပ္ပါဒ်သို့ |

**ဇာတိ** ရလို့ **ဇရာ–မရဏ** နဲ့ အဖော်လုပ်နေရတဲ့ ခန္ဓာငါးပါး၏(၁)သဘာဝလက္ခဏာ **ဇာတ်ကြီး (၄)ပါး**ကို ဖော်ထုတ်။ (၂) **မြွေကြီး(၃)ပါး** (ဇာတိမြွေ၊ မရဏမြွေ၊ အာကာသပရိစ္ဆေဒမြွေ)ကို ထင်ရှားစေ။ (၃) **နိမိတ္တမြွေကြီး (၂)ပါး** (သဏ္ဌာနနိမိတ်၊ သန္တတိနိမိတ်) ပညတ်တရားများ ပယ်ရှားဖယ်ခွာ။ (၄)ရုပ်နာမ်ဖြစ်ပျက်တို့၏ အပြစ်အာဒီနဝ သာမညလက္ခဏာ **ဒုက္ခသစ္စာ**ကို **တိလက္ခဏာ** (အနိစ္စ၊ ဒုက္ခ၊ အနတ္တ) **အနုပဿနာဉာဏ်ဖြင့်** ထိုးထွင်းမြင်သိ။ (၅) **အနိမိတ္တ၊ အပ္ပဏိဟိတ၊ သုညတ** အမြင်ဆိုက်၍ **တဏှာ၊ မာန၊ ဒိဋ္ဌိ** ကင်းပြတ်သည်အထိ **သတိ** ထား။ **ဝီရိယ** စိုက်၊ **ပညာ** နဲ့ ရှုနေခြင်းသည်ပင် ပုဗ္ဗဘာဂမဂ်၊ ပဋိပဂ္ဂိကမဂ် ဆိုတဲ့ ကာရကမဂ္ဂင်(၅) ပါးဖြစ်၍ မြတ်ဗုဒ္ဓ၏ **သီလ၊ သမာဓိ၊ ပညာ** မဇ္ဈိမပဋိပဒါ လမ်းစဉ်သာတည်း။

| | | |
|---|---|---|
| ခန္ဓာနှင့်တူသော **ဆင်းရဲ**သည်မရှိ | ရာဂနှင့်တူသော **မီး**သည် မရှိ။<br>ဒေါသနှင့်တူသော **အပြစ်**သည် မရှိ။<br>မောဟနှင့်တူသော **အမိုက်မှောင်**သည် မရှိ။ | **နိဗ္ဗာန်**နှင့်တူသော **ချမ်းသာ**သည်မရှိ။ |

**သဗ္ဗေသင်္ခါရာ အနိစ္စာ။ သဗ္ဗေသင်္ခါရာ ဒုက္ခာ။ သဗ္ဗေဓမ္မာ အနတ္တာ။**

ယဒါ ပညာယ ပဿတိ။ အထနိဗ္ဗိန္ဒတိ ဒုက္ခေ။ သေမဂ္ဂေါ ဝိသုဒ္ဓိယာ။

| | | | | | |
|---|---|---|---|---|---|
| ကောဓမ္မော | ကေဒေသ | အာတာပီနော | ဈာယတော | သဒါ | သတော |

**နိဗ္ဗုတ္တိမိရာ ယထာယံ ပဒီပေါ၊** ကိလေသာ=**ဆီခန်း။** ခန္ဓာငါးပါး=**မီးစာကျွမ်း**၍ ရာဂစသော (၁၁) ပါးသော မီး=**ဆီမီးတောက်ငြိမ်း** လောင်စာနဲ့ မီးငြိမ်း။ ခန္ဓာဇာတ်သိမ်း၊ အငြိမ်းကြီးငြိမ်း၍၊ သန္တိသုခ၊ အမတရွှေပြည်၊ အသင်္ခတနိဗ္ဗာန် အငြိမ်းစံကြကုန်ရာသတည်း။

http://www.dhammadownload.com



## ခန္တီးဆရာတော်ဘုရားကြီး၏
## "စက်ဖြတ်လက်နက် အရဟတ္တမဂ်"

* အဝိဇ္ဇာအစ သမုဒယောအဆုံးရှိသော ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီးကို (ဝါ) နိဗ္ဗာန်မရသေးသမျှ မရပ်မနား တသွားတည်း သွား၊ တလည်တည်း လည်၍ နေသော မွေးသေစက်ကြီးကို

* တစ်ချက်တည်းရပ်သွားအောင် ဖျက်ဆီး၍ပေးနိုင်သော မြမြထက်သည့် (သံမဏိ)လက်နက်ကား အခြားမဟုတ် (အရဟတ္တမဂ်)လက်နက် ပေတည်း။

* ဤသို့ ဤပုံ စွမ်းရည်သတ္တိအပြည့်ရှိသော အရဟတ္တမဂ် လက်နက်ကောင်းကြီးကို လက်ကိုင်ရရှိလာအောင် တည်ဆောက်၍ ပေးနိုင်သော (သံမဏိ) စက်ရုံကား အခြားမဟုတ်။ (သမထ - ဝိပဿနာ) စက်ရုံပေတည်း။

* ထိုသမထ - ဝိပဿနာ စက်ရုံသို့ဝင်၍ အရဟတ္တမဂ်လက်နက် လက်ကိုင်ရအောင် ပြုလုပ်ရန်ကား အခြားမဟုတ်၊ ဆရာကောင်းထံ ချဉ်းကပ်၍ ကျမ်းဂန်နည်းကျကျ ဆရာနည်းရရ လက်ရှိဘဝ အရဟတ္တမဂ်ကိုရအောင်-

* အင်္ဂါလေးပါးရှိသော ဝီရိယဖြင့်
"ကြော, ရိုး, အရေ ကြွင်းကျန်စေ၊ ခြောက်ထွေ သားအသွေး၊
အသက်ကိုမှ မငဲ့ရ၊ သမ္မပ္ပဓာန်လေး"
နှင့်အညီ အားထုတ်ရုံ ပေတည်း။

* အဓိပ္ပာယ်ကား -

(၁) အရေကြွင်းစေ (၃) အရိုးကြွင်းစေ
(၂) အကြောကြွင်းစေ (၄) အသားအသွေးခန်းခြောက်ပါစေ။

မဂ်ဖိုလ်မရသမျှ ငါမထတည်း ဟူလို့။

http://www.dhammadownload.com



ကျေးဇူးတော်ရှင် ကမ္ဘာကျော်
ပထမလယ်တီဆရာတော်ဘုရားကြီး၏ ဥပနိဿယနှင့်အညီ
စီစဉ် ရေးသားထားသော

# ပဋိစ္စသမုပ္ပါဒ်အလင်းကျမ်း

## "မာတိကာ"

အကြောင်းအရာ — စာမျက်နှာ


* ဥယျောဇဉ် ဝ
* ပဋိစ္စသမုပ္ပါဒ်နိဒါန်း ၁
- ပဋိစ္စသမုပ္ပါဒ်ဒေသနာ ဗုဒ္ဓဝိပဿနာ ၁
- ဘုရားရှင်၏ ပထမဆုံးစကားတော် ၁
- ဝိမုတ္တိရသ တစ်ပါးသာရှိ ၂
- အစမထင် အဆုံးမမြင်ပုံ ၂
- ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းအသွင် ၂
- ဒေသနာအပြား (၄) ပါး ၃
- ပဋိစ္စသမုပ္ပါဒ် မြင်နိုင်ခဲပုံ ၅
- အခက် (၄) ပါး ၆
- သစ္စာလေးပါး မြင်နိုင်ခဲပုံ ၆
- သတ္တဝါအကြောင်း သိနိုင်ခဲပုံ ၇
- ပဋိသန္ဓေအကြောင်း သိနိုင်ခဲပုံ ၇
- ပဋိစ္စသမုပ္ပါဒ်အကြောင်း အသိခက်ခဲပုံ ၇

http://www.dhammadownload.com




- သဿတနှင့် ဥစ္ဆေဒဝါဒနှစ်မျိုးထွန်းကားပုံ ၈
- ထိုဝါဒနှစ်မျိုးဖြေရှင်းနိုင်ရန် ပဋိစ္စသမုပ္ပါဒ်နည်းလမ်းမြတ် ၈
- အရှိတရား မရှိ၊ အဖြစ်တရားသာရှိပုံ ၉
- ဝါဒစွန်းနှစ်ခုအလယ် မဇ္ဈိမပဋိပဒါလမ်းကြောင်းဖြစ်ပုံ ၉
- ပဋိစ္စသမုပ္ပါဒ်ကိုမသိဘဲ သံသရာမှ မလွတ်မြောက်နိုင်ပုံ ၁၀
- ကြောင်းကျိုးဆက်နွယ်မှုပြ အမြင့်ဆုံးတရား ၁၁
- ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး သဘောသွားတူပုံ ၁၁
- ပဋိစ္စသမုပ္ပါဒ်နှင့် ပဋ္ဌာန်းအထူး ၁၁
- အရှင်အဿဇိမထေရ်၏ အကြောင်းအကျိုးပြဂါထာ ၁၂
- ပဋိစ္စသမုပ္ပါဒ်သိသူသည် တရားသိသူမည်ပုံ ၁၃
- သစ္စာလေးပါးနှင့် ပဋိစ္စသမုပ္ပါဒ်အပြန်အလှန်အကြိုးဝင်ပုံ ၁၃
- လော - ဒေါ - မော ကုန်ခန်းရေးတစ်မူတည်းသာ ၁၄
- ဓမ္မသံဝေဂတရားကြီးဖြစ်ပုံ ၁၄
- ရည်ရွယ်ချက်၊ ဆန္ဒနှင့် အာသီသစကား ၁၅
- လယ်တီဥပနိဿယ ပဋိစ္စသမုပ္ပါဒ်အလင်းကျမ်းမည်ပုံ ၁၆
- စာပြုသူ၏ စေတနာနှင့် တိုက်တွန်းချက် ၁၆
- အခန်း (၃) ခန်းပါရှိပုံ ၁၇
- နိဂုံးစကား ၁၈
- ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းပုံစံ (မိုင်းခိုင်းဆရာတော်ဘုရားကြီး) ၂၀
- ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းပုံစံ (ညောင်လေးပင်တောရဆရာတော်ဘုရားကြီး) ၂၂
- ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းပုံစံ (မိုးကုတ်ဆရာတော်ဘုရားကြီး) ၂၃
- ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းပုံစံ (ဆရာကြီးဦးကျော်ထွတ်) ၂၄

http://www.dhammadownload.com



## အခန်း (၁)

(၁) ပဋိစ္စသမုပ္ပါဒ်အချက်အရာ ဒိဋ္ဌိများ ၂၇
- ကိလေသာဟူသော အနာဝိသေသဆိုသည်ကား ၂၇
- နိယတမိစ္ဆာဒိဋ္ဌိကြီး (၃) ပါး ၂၈
- နတ္ထိကဒိဋ္ဌိဆိုသည်ကား ၂၈
- အဟေတုကဒိဋ္ဌိဆိုသည်ကား ၂၈
- အကိရိယဒိဋ္ဌိဆိုသည်ကား ၂၈
- မိစ္ဆာဒိဋ္ဌိ (၆၂) ပါး ၂၉
- သက္ကာယဒိဋ္ဌိ (၂၀) ပါး ၂၉
- သက္ကာယဒိဋ္ဌိစွဲလမ်းပုံ (၄) မျိုးကား ၂၉
- ရုပ် (၂၈) ပါးသရုပ်ကား ၃၀
- သက္ကာယဒိဋ္ဌိ (၂၅၆) ပါးရှိပုံ ၃၁
- (၂၅၆) ပါးသော သက္ကာယဒိဋ္ဌိငရဲမီးအပြီးပါရှိပုံ ၃၂
- ရူပက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ ငရဲမီးတောက်ပုံ ၃၂
- ဝေဒနာက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ ငရဲမီးတောက်ပုံ ၃၄
- သညာက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ ငရဲမီးတောက်ပုံ ၃၅
- သင်္ခါရက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ ငရဲမီးတောက်ပုံ ၃၅
- ဝိညာဏက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ ငရဲမီးတောက်ပုံ ၃၇
- အပါယ်တံခါး ဟင်းလင်းပွင့်နေ၍ ရင်မအေးရပုံ ၃၈

(၂) သက္ကာယဒိဋ္ဌိသည် ခပ်သိမ်းသောဒိဋ္ဌိတို့၏ အမြစ်မူလဖြစ်ပုံ ၃၈
- ဒိဋ္ဌိခပ်သိမ်း၏ အမြစ်မူလ သက္ကာယ ၃၉
- သက္ကာယဒိဋ္ဌိ၏ အပြစ်ဒေါသ အနန္တ ၃၉
  - ရက်ကန်းထွေးအူပေါက် စသည်တို့ကဲ့သို့ ရှုပ်ထွေး၍ နေခြင်းပုဒ်၏ အဓိပ္ပာယ်ကား ၃၉

http://www.dhammadownload.com



- အလိုဆန္ဒကင်း၍ ကျရာဖြစ်သော သံသရာပုဒ်၏ အဓိပ္ပာယ်ကား ၃၉
- ဒိဋ္ဌိမီးငြိမ်းပြီးသူ၏ အကျိုးအာနိသံသအနန္တ ၄၀
- သာသနာအတွင်း၌သာ သက္ကာယဒိဋ္ဌိကို သိနိုင်ပုံ ၄၁
- ဒိဋ္ဌိအနာဆွေးနှင့် ပဋိစ္စသမုပ္ပါဒ်ဆေး ၄၁

**(၃) ပဋိစ္စသမုပ္ပါဒ် ပါဠိအနက်, အရကောက်, သရုပ်ခွဲ, အဓိပ္ပာယ်, သံသရာစက် လည်ပုံ, ပြတ်ပုံ, ဝင်ရိုးချိုးပုံနှင့် သောင်းပြောင်းထွေလာ** ၄၁

ပဋိစ္စသမုပ္ပါဒ် ဥဒ္ဒေသပါဠိတော် ၄၁
- တရားကိုယ်အင်္ဂါစုံလင်စွာ (မိုးညှင်းဆရာတော်ဘုရားကြီး) ၄၂
- ဥဒ္ဒေသပါဠိတော်အကျဉ်းအဓိပ္ပာယ် ၄၃
- ပဋိစ္စသမုပ္ပါဒ် ဥဒ္ဒေသပါဠိတော်အနက် (လယ်တီဆရာတော်ဘုရားကြီး) ၄၃
- ပဋိစ္စသမုပ္ပါဒ် ဥဒ္ဒေသပါဠိတော်အနက် (ညောင်လေးပင်တောရဆရာတော်ဘုရားကြီး) ၄၅
- ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်မည်ပုံ (နဝမလယ်တီဆရာတော်ကြီး လယ်တီ-အရှင်ကေလာသ) ၄၆
- ပဋိစ္စသမုပ္ပါဒ်၌ အကျဉ်းသိလွယ်အဓိပ္ပာယ် (ဒီပဲယင်းဆရာတော်ဘုရားကြီး) ၄၇
- ပဋိစ္စသမုပ္ပါဒ်၌ အကျဉ်းသိလွယ်အဓိပ္ပာယ် (သတ္တဝါတို့ ဖြစ်စဉ်) (နမ္မားဆရာတော်ကြီး အရှင်ဉာဏ) ၅၁
- ပဋိစ္စသမုပ္ပါဒ် အကျဉ်းလင်္ကာ (မဟာစည်ဆရာတော်ဘုရားကြီး) ၅၉
- ပဋိစ္စသမုပ္ပါဒ် အကျဉ်းလင်္ကာ (ဘုရားဒကာ ဘိုးဘချင်း) ၅၉

http://www.dhammadownload.com

ပဋိစ္စသမုပ္ပါဒ်အလင်းကျမ်း
နှာ
- ပဋိစ္စသမုပ္ပါဒ် အချုပ်လင်္ကာ ၆၀
(ဒီပဲယင်းဆရာတော်ဘုရားကြီး)
- ပစ္စုပ္ပန်-ပဋိစ္စသမုပ္ပါဒ် အကျဉ်းလင်္ကာ ၆၀
(လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး)
ပစ္စုပ္ပန် - ပဋိစ္စသမုပ္ပါဒ် အချုပ်လင်္ကာ ၆၁
- ပစ္စုပ္ပန် - ပဋိစ္စသမုပ္ပါဒ် အချုပ်လင်္ကာ ၆၁
(လယ်တီဆရာတော်ဘုရားကြီး)
နိဒါနဝဂ္ဂသံယုတ်လာ ဝဋ္ဋဒုက္ခဖြစ်ကြောင်း (၆) နည်း ပါဠိတော် ၆၂
ဝဋ္ဋဒုက္ခဖြစ်ကြောင်း (၆) နည်း အကျဉ်းလင်္ကာ ၆၃
(မိုးညှင်းဆရာတော်ဘုရားကြီး)
ဒွါရ - အာရုံတိုက်ဆိုင်မှု ဖြစ်ပေါ်ရာ၌ ပဋိစ္စသမုပ္ပါဒ်အသွား ၆၄
ဝင်စားချက်
(မိုးညှင်းဆရာတော်ဘုရားကြီး)
နိဒါနဝဂ္ဂသံယုတ်ပါဠိတော်လာ ဝဋ္ဋဒုက္ခချုပ်ကြောင်း (၆) နည်း ၆၅
ပါဠိတော်
ဝဋ္ဋဒုက္ခချုပ်ကြောင်း (၆) နည်း အကျဉ်းလင်္ကာ ၆၅
(မိုးညှင်းဆရာတော်ဘုရားကြီး)
ခြောက်ဒွါရမှ ပဋိစ္စသမုပ္ပါဒ် အလည်ရပ် (ချုပ်ငြိမ်း) လမ်း ၆၇
(မိုးညှင်းဆရာတော်ဘုရားကြီး)
ပဋိစ္စသမုပ္ပါဒ် အင်္ဂါ (၁၂)ပါး နှင့် လောကီသစ္စာ (၂) ရပ် ၆၇
(မိုင်းခိုင်းဆရာတော်ဘုရားကြီး)
ပဋိစ္စသမုပ္ပါဒ် သရုပ်ခွဲ ၆၉
- အင်္ဂါ (၁၂) ပါး ၆၉
- ကာလ (၃) ပါး ၆၉
- အစပ် (၃) ပါး ၇၀
- အလွှာ (၄) ပါး ၇၀
- ဝဋ္ဋ (၃) ပါး ၇၀

http://www.dhammadownload.com



- မူလ (၂) ပါး ၇၁
- ခြင်းရာ (၂၀) ပါး ၇၁
- အခွန့် (၃) ပါး ၇၂
- လင်္ကာဆောင်ပုဒ် ၇၂
  (မိုင်းခိုင်းဆရာတော်ဘုရားကြီး)
- လင်္ကာဆောင်ပုဒ် ၇၂
  (မိုးကုတ်ဆရာတော်ဘုရားကြီး)
- ပဋိစ္စသမုပ္ပါဒ် - ဇယား (၁) ၇၃
  (ဦးသိန်းဟန် (Digest) )
- ပဋိစ္စသမုပ္ပါဒ် - ဇယား (၂) ၇၄
  (ဦးသိန်းဟန် (Digest) )
- ပဋိစ္စသမုပ္ပါဒ် - ဇယား (၃) ၇၅
  (မိုးညှင်းဆရာတော်ဘုရားကြီး)

ဝဋ္ဋသုံးပါးလည်ပုံ ၇၆
  (မူလပဋ္ဌာန်း ဆရာတော်ကြီး ဦးနာရဒ)

သံသရာစက်လည်ပုံ ၇၆
  (ညောင်လေးပင်တောရဆရာတော်ဘုရားကြီး)

ဝဋ္ဋသုံးပါးသံသရာလည်ပုံလင်္ကာ
  (မိုးကုတ်ဆရာတော်ဘုရားကြီး)

ပဋိစ္စသမုပ္ပါဒ်နည်း (၄) ပါးနှင့် ဝဋ္ဋ (၃) ပါး ၇၈
  (ဒီပဲယင်းဆရာတော်ဘုရားကြီး)

ပဋိစ္စသမုပ္ပါဒ်နည်း (၄) ပါး ၇၉
  (ညောင်လေးပင်တောရဆရာတော်ဘုရားကြီး)

ပဋိစ္စသမုပ္ပါဒ်ဖြင့် ပယ်အပ်သောတရားများ ၈၁
  (မိုင်းခိုင်းဆရာတော်ဘုရားကြီး)

ပဋိစ္စသမုပ္ပါဒ် အင်္ဂါ (၁၂) ပါးကို မှတ်ရန်ဥပမာများ ၈၂
  (ညောင်လေးပင်တောရဆရာတော်ဘုရားကြီး)

http://www.dhammadownload.com

ပဋိစ္စသမုပ္ပါဒ်အလင်းကျမ်း ၃
ဥပမာအချုပ်ပြလင်္ကာ ၈၃
(ညောင်လေးပင်တောရဆရာတော်ဘုရားကြီး)
ပဋိစ္စသမုပ္ပါဒ် ရဟတ်ပမာ သံသရာစက် ဝဲဂယက်၊ ၈၃
ဩယလေးသွယ် ကူးဖို့ရှယ်
(နမ္မားဆရာတော်ကြီး အရှင်ဉာဏ)
သံသရာစက်ဝန်း ရထားဘီးဥပမာ ဖြိုဖျက်ရာ ၉၀
(ညောင်လေးပင်တောရဆရာတော်ဘုရားကြီး)
ပဋိစ္စသမုပ္ပါဒ်-လှည်းဘီးဝင်ရိုး ချိုးသည့်ပမာ ၉၁
(မိုးကုတ်ဆရာတော်ဘုရားကြီး)
သံသရာထွက်လမ်း မဂ်စခန်း လမ်းဖောက်ကြပါစို့ ၉၆
(ညောင်လေးပင်တောရဆရာတော်ဘုရားကြီး)
သံသရာစက်ရဟတ် လှည်းဘီးပမာ လည်ပုံ, ဖျက်ပုံ ၁၀၁
(မဟာစည်ဆရာတော်ဘုရားကြီး)
စက်ရဟတ်ပျက်ကိန်းမှာ အဝိဇ္ဇာခေါင်ချုပ်ပမာ ၁၀၄
(ဆရာကြီးဒေါက်တာမင်းတင်မွန်)

## အခန်း (၂)
## အနုလောမ ပဋိစ္စသမုပ္ပါဒ် (ဖြစ်စဉ်) ပို့ချလင်္ကာ အဖြေလွှာ

(၁) **အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ** ၁၀၈
အရကောက်နှင့် သဘောသရုပ်ထင်လွယ် အဓိပ္ပာယ် ၁၀၈
- အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံ အကျဉ်းအဓိပ္ပာယ် ၁၁၃
(မူလပဌာန်းဆရာတော်ကြီး ဦးနာရဒ)
- အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံ အကျဉ်းအဓိပ္ပာယ် ၁၁၄
(ညောင်လေးပင်တောရဆရာတော်ဘုရားကြီး)
- ကံဖြစ်စဉ်မကျဉ်းမကျယ်အဓိပ္ပာယ် ၁၁၅
(နဝမ လယ်တီဆရာတော်ကြီး လယ်တီ-အရှင်ကေလာသ)

http://www.dhammadownload.com



ပဋိစ္စသမုပ္ပါဒ် ပို့လက်ာနှင့် အဖြေလွှာ ၁၁၈
ပထမပို့လက်ာ (အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ) ၁၁၈
ပထမပို့လက်ာအဖြေလွှာ ၁၁၉
(လယ်တီဆရာတော်ဘုရားကြီး)
(မင်းကွန်းတိပိဋကရေ ဆရာတော်ဘုရားကြီး)
- သစ္စာလေးတန် အမှန်လေးချက် သရုပ် ၁၂၀
- လောကအမိုက်မှောင်၏ကြီးကျယ်ပုံ ၁၂၀
- အမှိုက်မီးစာ ဥပ္ပါဒ်ခန္ဓာ ၁၂၂
- ပစ္စုပ္ပန်ခန္ဓာအကျိုးငှာ မကောင်းမှုဒုစရိုက်ကိုပြု ၁၂၂
- သံသရာအကျိုးငှာ ကောင်းမှုသုစရိုက်ကိုပြု ၁၂၃
- ဘဝသုံးပါး ဝဋ်ရထားကြီး မရပ်မနားလည်စေပုံ ၁၂၄

(၂) သင်္ခါရ ပစ္စယာ ဝိညာဏံ ၁၂၅
အရကောက်နှင့် သဘောသရုပ်ထင်လွယ်အဓိပ္ပာယ်
- ပဋိသန္ဓေခန်းဆိုင်ရာ အဘိဓမ္မာသဘောသရုပ်ထင်လွယ် အဓိပ္ပာယ် ၁၂၆
  - ပဋိသန္ဓေစိတ် ၁၂၆
  - ဘဝင်စိတ် ၁၂၆
  - ဝီထိစိတ် ၁၂၇
  - မရဏာသန္နဝီထိ ၁၂၇
  - စုတိစိတ် ၁၂၇
  - စုတိနောင် ပဋိသန္ဓေဖြစ်ပုံ ၁၂၇
  - သေခြင်းမရဏာ (၄) ပါး ၁၂၈
  - သေခါနီးထင်လာသော နိမိတ် (၃) ပါး ၁၂၈
  - ပဋိသန္ဓေ ၁၂၉
  - ပဋိသန္ဓေနေခြင်းအကြောင်း (၃) ပါး ၁၂၉
  - ပဋိသန္ဓေစိတ်တို့၏ အာရုံပြုပုံ ဗဟုသုတ ၁၂၉
- သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံ အကျဉ်းအဓိပ္ပာယ် ၁၃၀
(ဆရာကြီးဦးကျော်ထွတ်)

http://www.dhammadownload.com



- သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံ မကျဉ်းမကျယ်အဓိပ္ပာယ် ၁၃၃
(မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး)
- သမင်္ဂီတာ (၄) ပါး - ဝါ - သမင်္ဂီ (၄) ပါး ၁၃၃
- သင်္ခါရကြောင့် ဘဝသစ် ပဋိသန္ဓေဝိညာဏ်ဖြစ်ပေါ်ပုံ အပြည့်အစုံ ၁၃၄
(မဟာစည်ဆရာတော်ဘုရားကြီး)
ဒုတိယပို့လက်ာ (သင်္ခါရ ပစ္စယာ ဝိညာဏံ) ၁၄၀
ဒုတိယပို့လက်ာ အဖြေလင်္ကာ ၁၄၁
(လယ်တီဆရာတော်ဘုရားကြီး)
(မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး)
- ရုပ်တွင် ဓာတ်မီး၊ နာမ်တွင် ဝိညာဏ် အစိုးရသခင် ဖြစ်ပုံ ၁၄၂
- တေဇောဓာတ်မီးနှင့် စိတ်ဝိညာဏ် အစိုးရပုံအထူး ၁၄၃
- ဝိညာဏ်မင်းသား၊ အခြံအရံ အစေအပါး၊ မင်းခမ်းမင်းနား ဥပမာ ၁၄၄
- တစ်နေ့တာလုပ်ငန်းမှန်သမျှ ဝိညာဏ် (၆) ပါး တရားသားမျှသာ ၁၄၄

**(၃) ဝိညာဏ ပစ္စယာ နာမရူပံ ၁၄၅**

အရကောက်နှင့် သဘောသရုပ်ထင်လွယ် အဓိပ္ပာယ်
- ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံ အကျဉ်းအဓိပ္ပာယ် ၁၄၆
(မူလပဋ္ဌာန်း ဆရာတော်ကြီး ဦးနာရဒ)
- ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံ မကျဉ်းမကျယ်အဓိပ္ပာယ် ၁၄၆
(ဆရာကြီးဦးကျော်ထွတ်)
- ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံ အပြည့်အစုံ ၁၄၈
(မဟာစည်ဆရာတော်ဘုရားကြီး)
တတိယပို့လက်ာ (ဝိညာဏ ပစ္စယာ နာမရူပံ) ၁၅၂
တတိယပို့လက်ာအဖြေလင်္ကာ ၁၅၃
(မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး)

http://www.dhammadownload.com



- ဝိညာဏ်မင်းသား၊ အခြံအရံ ပရိသတ်၊ ၁၅၃
မင်းခမ်းမင်းနားဥပမာ
- ဝိညာဏစာတ်မင်းကြောင့် ယှဉ်ရာ စေတသိက်နာမ်နှင့် ၁၅၄
မှီတည်ရာ ရုပ်တို့ ဖြစ်ပွားပုံ
- တဏှာဆန်းကြယ်လို့ ကံဆန်းကြယ်ပုံ ၁၅၄
- ကံဆန်းကြယ်လို့ သတ္တဝါတွေ ဆန်းကြယ်ပုံ ၁၅၅
တတိယပို့လက်ာ အဖြေလွှာ ၁၅၅
(လယ်တီဆရာတော်ဘုရားကြီး)
- ဝိညာဏ် ပဓာနစာတ်မင်းကြောင့် နာမကာယဖြစ်ပေါ်ပုံ ၁၅၆
- ဝိညာဏ် ပဓာနစာတ်မင်းကြောင့် ရူပကာယဖြစ်ပေါ်ပုံ ၁၅၇
- ပဋိသန္ဓေအခါ ရုပ်ခန္ဓာ စစ္စာပေါက်ပွားမှု ဥပမာများ ၁၅၈
- စက်ရုပ်သေးပမာ ဝိညာဏ်ကြိုးဆွဲရာ ကကြိုးရလေရှာ ၁၅၈
- ဝိညာဏ် - နာမကာယ အထူးနှင့် ပန်းချီဆေးရေးဥပမာ ၁၆၀
- အကျင့်ယုတ်, မြတ်, ဆိုး, ကောင်း ၁၆၀
စေတသိက်နာမ်အကြောင်း

(၄) နာမရူပ ပစ္စယာ သဠာယတနံ ၁၆၁
အရကောက်နှင့် သဘောသရုပ်ထင်လွယ် အဓိပ္ပာယ်
- နာမ်ရုပ်ကြောင့် သဠာယတနဖြစ်ပုံ အကျဉ်းအဓိပ္ပာယ် ၁၆၂
(မူလပဋ္ဌာန်း ဆရာတော်ကြီး ဦးနာရဒ)
- နာမ်ရုပ်ကြောင့် သဠာယတနဖြစ်ပုံ မကျဉ်းမကျယ်အဓိပ္ပာယ် ၁၆၂
(ဆရာကြီးဦးကျော်ထွတ်)
- နာမ်ရုပ်ကြောင့် သဠာယတနဖြစ်ပုံ အပြည့်အစုံ ၁၆၄
(မဟာစည်ဆရာတော်ဘုရားကြီး)
စတုတ္ထပို့လက်ာ (နာမရူပ ပစ္စယာ သဠာယတနံ) ၁၇၃
- စတုတ္ထပို့လက်ာ အကျဉ်းအဓိပ္ပာယ် သိမြင်လွယ် ၁၇၄
(လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသမဟာထေရ်)

http://www.dhammadownload.com



စတုတ္ထပို့လက်ာအဖြေလွှာ ၁၇၇
(လယ်တီဆရာတော်ဘုရားကြီး)
(မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး)
- အုန်းသီးအစေ့အဆံထည့်သည့်ပမာ ပဝတ္တိအခါ ရူပကာယကြောင့် အကြည်ငါးပါးပေါက်ပွားလာ ၁၇၈
- မီးနဲ့လေပမာ နာမကာယကြောင့် စိတ်အကြည်- မနာယတန ဖြစ်ပေါ်လာပုံ ၁၇၉
- ထိန်ပင်ရှိ၍ ထိန်ပင်နတ်ရှိသည့်ပမာ၊ ဝတ္ထု (၆) ဖြာ ရူပကာယကြောင့်လည်း မနာယတန ဝိညာဏ် (၆) ပါး ဖြစ်ပေါ်ပုံ ၁၈၀
- မျက်စိအကြည်နှင့် မနောအကြည် ထိုနှစ်ချက် တစ်ပြိုင်နက် ဆိုက်တိုက်ပုံ ၁၈၀
- တံခါး (၆) ပေါက်မှာပင် အကုသိုလ်ငရဲမီးတောက်တို့ဖြင့် တစ်ကိုယ်လုံး လင်းနေပုံ ၁၈၁

(၅) သဠာယတန ပစ္စယာ ဖဿော ၁၈၂
အရကောက်နှင့် သဘောသရုပ်ထင်လွယ် အဓိပ္ပာယ်
- သဠာယတနကြောင့် ဖဿဖြစ်ပုံ အကျဉ်းအဓိပ္ပာယ် (မူလပဋ္ဌာန်း ဆရာတော်ကြီး ဦးနာရဒ) ၁၈၄
- သဠာယတနကြောင့် ဖဿဖြစ်ပုံ မကျဉ်းမကျယ်အဓိပ္ပာယ် (ညောင်လေးပင်တောရဆရာတော်ဘုရားကြီး) ၁၈၄
- သဠာယတနကြောင့် ဖဿဖြစ်ပုံ မကျဉ်းမကျယ်အဓိပ္ပာယ် (ဆရာကြီးဦးကျော်ထွတ်) ၁၈၅
- သဠာယတနကြောင့် ဖဿဖြစ်ပုံ အပြည့်အစုံ (မဟာစည်ဆရာတော်ဘုရားကြီး) ၁၈၆
ပဉ္စမပို့လက်ာ (သဠာယတန ပစ္စယာ ဖဿော) ၁၉၁
- ပဉ္စမပို့လက်ာ အကျဉ်းအဓိပ္ပာယ် သိမြင်လွယ် (လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသ မဟာထေရ်) ၁၉၁

http://www.dhammadownload.com



ပဥ္စမပိုု့လက်ာအဖြေလွှာ ၁၉၅
(မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး)
- ခတ်မှန်အကြည် (၆) မျိုး၌ ပုံသဏ္ဌာန်အရိပ်နိမိတ် အသီးသီးထင်ပုံ ၁၉၅
- ဝိညာဏ် (၆) ပါး တဖွားဖွားပွင့်ပုံ ၁၉၅
- ဖဿ (၆) ပါးဖြန်းဖြန်းထပုံ ၁၉၅
- အာရုံကောင်း, မကောင်းဖော်ထုတ်, ဖဿအလုပ် ၁၉၆

ပဥ္စမပိုု့လက်ာအဖြေလွှာ ၁၉၇
(လယ်တီဆရာတော်ဘုရားကြီး)
- ခတ်ရုပ်ကြီးပမာ ကိုယ်ခန္ဓာ ၁၉၈
- အာရုံ - ဝတ္ထု ပေါင်းဆုံမှုကြောင့် ဝိညာဏ် (၆) ပါး တဖွားဖွားပေါ်ပုံ ၁၉၈
- အာရုံ၏ရသရည်ကို ကြိတ်နယ်ဖော်ထုတ် ဖဿအလုပ် ၁၉၉

(၆) **ဖဿ ပစ္စယာ ဝေဒနာ** ၂၀၁
အရကောက်နှင့် သဘောသရုပ်ထင်လွယ် အဓိပ္ပာယ်
- ဖဿကြောင့် ဝေဒနာဖြစ်ပုံ အကျဉ်းအဓိပ္ပာယ် ၂၀၂
(မူလပဌာန်း ဆရာတော်ကြီး ဦးနာရဒ)
- ဖဿကြောင့် ဝေဒနာဖြစ်ပုံ မကျဉ်းမကျယ်အဓိပ္ပာယ် ၂၀၂
(ညောင်လေးပင်တောရဆရာတော်ဘုရားကြီး)
- ဖဿကြောင့် ဝေဒနာဖြစ်ပုံ မကျဉ်းမကျယ်အဓိပ္ပာယ် ၂၀၂
(ဆရာကြီးဦးကျော်ထွတ်)
- ဖဿကြောင့် ဝေဒနာဖြစ်ပုံ အပြည့်အစုံ ၂၀၄
(မဟာစည်ဆရာတော်ဘုရားကြီး)
ဆဋ္ဌမပိုု့လက်ာ (ဖဿ ပစ္စယာ ဝေဒနာ) ၂၀၆
- ဆဋ္ဌမပိုု့လက်ာ အကျဉ်းအဓိပ္ပာယ် သိမြင်လွယ် ၂၀၇
(နဝမလယ်တီဆရာတော်ကြီး လယ်တီ-အရှင်ကေလာသ)

http://www.dhammadownload.com




- ဆဋ္ဌမပျို့လင်္ကာ အကျဉ်းအဓိပ္ပာယ် သိမြင်လွယ် ၂၀၈
  (လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ်)

ဆဋ္ဌမပျို့လင်္ကာအဖြေလွှာ ၂၀၂
  (မင်းကွန်းတိပိဋကရေ ဆရာတော်ဘုရားကြီး)
- အာရုံ၏ရသရည်ကို ကြိတ်နယ်ခြင်းကား ဖဿစွမ်းပကား ၂၀၂
- ခံစားသုံးဆောင်သူ ဝေဒနာခတ်ကြီး (၆) ပါး ၂၀၃
- ချမ်းသာသုခ ဝေဒနာခတ်ကြီး၏ ဒုက္ခပွားများစေပုံ ၂၀၄

ဆဋ္ဌမပျို့လင်္ကာအဖြေလွှာ ၂၀၄
  (လယ်တီဆရာတော်ဘုရားကြီး)
- ဝေဒယိတခတ်ကြီး ကျော်ကြားထင်ရှားပုံ ၂၀၅
- ဝေဒယိတခတ်ကြီး ကိုးကွယ်လဲလျောင်းရာ အကြီးအကဲ အချုပ်အခြာ ဖြစ်ပုံ ၂၀၆
- ခင်တွယ်သူကို ဒုက္ခပွားအောင် ဝေဒယိတခတ်ကြီး နှိပ်စက်ပုံ ၂၀၇
- မီးပူဖော်သော ပုဏ္ဏားဥပမာ၊ ဆင်းရဲဒုက္ခကြီးမားရှာ ၂၀၉

(၇) **ဝေဒနာ ပစ္စယာ တဏှာ** ၂၂၀
အရကောက်နှင့် သဘောသရုပ်ထင်လွယ် အဓိပ္ပာယ်
- ဝေဒနာကြောင့် တဏှာဖြစ်ပုံ အကျဉ်းအဓိပ္ပာယ် ၂၂၀
  (မူလပဌာန်း ဆရာတော်ကြီး ဦးနာရဒ)
- ဝေဒနာကြောင့် တဏှာဖြစ်ပုံ မကျဉ်းမကျယ်အဓိပ္ပာယ် ၂၂၂
  (ဆရာကြီးဒေါက်တာမင်းတင်မွန်)
- ဝေဒနာကြောင့် တဏှာဖြစ်ပုံ မကျဉ်းမကျယ်အဓိပ္ပာယ် ၂၂၃
  (ညောင်လေးပင်တောရဆရာတော်ဘုရားကြီး)
- ဝေဒနာကြောင့် တဏှာဖြစ်ပုံ မကျဉ်းမကျယ်အဓိပ္ပာယ် ၂၂၄
  (ဆရာကြီးဦးကျော်ထွတ်)
- ဝေဒနာကြောင့် တဏှာဖြစ်ပုံ အပြည့်အစုံ ၂၂၅
  (မဟာစည်ဆရာတော်ဘုရားကြီး)

http://www.dhammadownload.com




သတ္တမပို့လက်ာ (ဝေဒနာ ပစ္စယာ တဏှာ) ၂၃၃
- သတ္တမပို့လက်ာ အကျဉ်းအဓိပ္ပာယ် သိမြင်လွယ် ၂၃၄
(နဝမလယ်တီဆရာတော်ကြီး လယ်တီ - အရှင်ကေလာသ)
- သတ္တမပို့လက်ာ အကျဉ်းအဓိပ္ပာယ် သိမြင်လွယ် ၂၃၅
(လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ်)

သတ္တမပို့လက်ာအဖြေလင်္ကာ ၂၄၀
(လယ်တီဆရာတော်ဘုရားကြီး)
(မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး)
- တွယ်တာတပ်မက်မှု အဆင့်ဆင့်ပွားများလာပုံ ၂၄၁
- တရားအချက် သဘောအနက် ၂၄၅
- ဓာတ်အသီး၊ အာဂန္တုက၊ ပဋိစ္စသမုပ္ပါဒ်၊ အနိစ္စ ၂၄၅
- ဓာတ်ဖြစ်ပေါ်တာ ဇာတိဓမ္မ၊
ဓာတ်သေဆုံးတာ မရဏဓမ္မ၊ အနိစ္စ ၂၄၈

(၈) တဏှာ ပစ္စယာ ဥပါဒါန် ၂၅၀
အရကောက်နှင့် သဘောသရုပ်ထင်လွယ် အဓိပ္ပာယ်
- တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံ အကျဉ်းအဓိပ္ပာယ် ၂၅၁
(မူလပဌာန်း ဆရာတော်ကြီး ဦးနာရဒ)
- တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံ အကျဉ်းချုပ် ၂၅၂
(ဆရာကြီးဒေါက်တာမင်းတင်မွန်)
- တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံ မကျဉ်းမကျယ်အဓိပ္ပာယ် ၂၅၃
(ညောင်လေးပင်တောရဆရာတော်ဘုရားကြီး)
- တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံ မကျဉ်းမကျယ်အဓိပ္ပာယ် ၂၅၄
(ဆရာကြီးဦးကျော်ထွတ်)
- တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံ အပြည့်အစုံ ၂၅၆
(မဟာစည်ဆရာတော်ဘုရားကြီး)

http://www.dhammadownload.com

ပဋိစ္စသမုပ္ပါဒ်အလင်းကျမ်း ပ

အဋ္ဌမပိဋ္ဌလက်ာ (တဏှာ ပစ္စယာ ဥပါဒါန်) ၂၆၂
အဋ္ဌမပိဋ္ဌလက်ာအဖြေလင်္ကာ ၂၆၃
(လယ်တီဆရာတော်ဘုရားကြီး)
(မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး)
- ဥပါဒါန် (၄) ပါး ၂၆၃
- ကာမုပါဒါန်၊ အတ္တဝါဒုပါဒါန်ဖြစ်ပုံ ၂၆၆
- မြေခွေတတ်၏ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ကြောင်း သက်သေ ၂၆၆
- မာမှုသည် ခေါင်းမဟုတ်၊ မြေမျိုးဇာတိ ကွက်ခြားကြည့် ၂၆၆
- မာမှုကို ကွက်ခြားမြင်နိုင်မှ သူ၏ ဇာတိဓမ္မ၊ ၂၆၇
မရဏဓမ္မ၊ အနိစ္စဓမ္မ ထင်နိုင်ပုံ
- မရဏဓမ္မ၊ အနိစ္စဓမ္မ ရှုတတ်မှ ၂၆၇
သမ္မာဒိဋ္ဌိဉာဏ် ဖြစ်မည်အမှန်
- မြေခွေတတ်၏ မရဏဓမ္မ၊ အနိစ္စဓမ္မ အမြွက်ပြဆိုချက် ၂၆၈
- လှုပ်ရှားမှုမှန်က ရုပ်ဟောင်း၊ ရုပ်သစ် ပြောင်းမှု သာဓက ၂၆၈
- သဏ္ဌာန်ကား တခြား၊ မာခွေတတ်တခြား ၂၆၉
ကွက်ခြားမြင်အောင်ကြည့်
- သဏ္ဌာန်ကား သက္ကာယဒိဋ္ဌိနိုင်ငံ၊ ခွေတတ်ကား သမ္မာဒိဋ္ဌိနိုင်ငံ ၂၆၉
- ကာမုပါဒါန်အစွဲပြင်း၍ ကြီးတင်းပုံ အမြွက်ပြဆိုချက် ၂၇၀
- အတ္တဝါဒုပါဒါန် အစွဲပြင်းထန်ပုံ အမြွက်ပြဆိုချက် ၂၇၁
- အတ္တဝါဒုပါဒါန် ငရဲမီးသတ်ရန် ဆေးနိဒါန်း ၂၇၂

(၉) ဥပါဒါန ပစ္စယာ ဘဝေါ ၂၇၂
အရကောက်နှင့် သဘောသရုပ်ထင်လွယ် အဓိပ္ပာယ်
- ဥပါဒါန်ကြောင့် ဘဝဖြစ်ပုံ အကျဉ်းအဓိပ္ပာယ် ၂၇၅
(မူလပဋ္ဌာန်း ဆရာတော်ကြီး ဦးနာရဒ)
- ဥပါဒါန်ကြောင့် ဘဝဖြစ်ပုံ မကျဉ်းမကျယ်အဓိပ္ပာယ် ၂၇၆
(ဆရာကြီးဒေါက်တာမင်းတင်မွန်)
- ဥပါဒါန်ကြောင့် ဘဝဖြစ်ပုံ မကျဉ်းမကျယ်အဓိပ္ပာယ် ၂၇၈
(ညောင်လေးပင်တောရဆရာတော်ဘုရားကြီး)

http://www.dhammadownload.com



- ဥပါဒါန်ကြောင့် ဘဝဖြစ်ပုံ မကျဉ်းမကျယ်အဓိပ္ပာယ် ၂၇၈
(ဆရာကြီးဦးကျော်ထွတ်)
- ဥပါဒါန်ကြောင့် ဘဝဖြစ်ပုံ အပြည့်အစုံ ၂၈၁
(မဟာစည်ဆရာတော်ဘုရားကြီး)
နဝမပိုျ့လက်ာ (ဥပါဒါန ပစ္စယာ ဘဝေါ) ၂၈၃
- နဝမပိုျ့လက်ာ အကျဉ်းအဓိပ္ပာယ် သိမြင်လွယ် ၂၈၄
(လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ်)
နဝမပိုျ့လက်ာ အဖြေလွှာ ၂၈၈
(မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး)
နဝမပိုျ့လက်ာအဖြေလွှာ ၂၈၉
(လယ်တီဆရာတော်ဘုရားကြီး)
- ဥပါဒါန်ကြောင့် အကုသလ ကမ္မဘဝဖြစ်ပုံ ၂၈၉
- ဥပါဒါန်ကြောင့် ကုသလ ကမ္မဘဝဖြစ်ပုံ ၂၉၀
- ဘောဂသမ္ပတ္တိသည် ကာမုပါဒါန်၏ အာဟာရ ၂၉၀
- ဘဝသမ္ပတ္တိသည် အတ္တဝါဒုပါဒါန်၏ အာဟာရ ၂၉၁
- ကမ္မဘဝတွင် ကမ္မပထမြောက်, မမြောက် နှစ်မျိုးကွဲပြားရှိ ၂၉၂

(၁၀) ဘဝ ပစ္စယာ ဇာတိ ၂၉၃
အရကောက်နှင့် သဘောသရုပ် ထင်လွယ်အဓိပ္ပာယ်
- ဘဝကြောင့် ဇာတိဖြစ်ပုံ အကျဉ်းအဓိပ္ပာယ် ၂၉၄
(မူလပဋ္ဌာန်း ဆရာတော်ကြီး ဦးနာရဒ)
- ဘဝကြောင့် ဇာတိဖြစ်ပုံ မကျဉ်းမကျယ် အဓိပ္ပာယ် ၂၉၄
(ဆရာကြီးဒေါက်တာမင်းတင်မွန်)
- ဘဝကြောင့် ဇာတိဖြစ်ပုံ မကျဉ်းမကျယ် အဓိပ္ပာယ် ၂၉၅
(ညောင်လေးပင်တောရဆရာတော်ဘုရားကြီး)
- ဘဝကြောင့် ဇာတိဖြစ်ပုံ မကျဉ်းမကျယ် အဓိပ္ပာယ် ၂၉၆
(ဆရာကြီးဦးကျော်ထွတ်)
- ဘဝကြောင့် ဇာတိဖြစ်ပုံ အပြည့်အစုံ ၃၀၂
(မဟာစည်ဆရာတော်ဘုရားကြီး)

http://www.dhammadownload.com



ဒသမပိုဒ်လက်ာ (ဘဝ ပစ္စယာ ဇာတိ) ၃၀၄
ဒသမပိုဒ်လက်ာအဖြေလွှာ ၃၀၅
(မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး)
- ကမ္မဘဝကြောင့် သမင်္ဂီတာ (၄) ပါး အစဉ်အတိုင်း ဝိပါက်ဝိညာဏ် ဖြစ်ပွားပုံ ၃၀၆
- ကံကွဲ၍ အယုတ်အမြတ်နှင့် သတ္တဝါ ကိုယ်ခန္ဓာ အမျိုးမျိုးကွဲပြားရပုံ ၃၀၇
ဒသမပိုဒ်လက်ာအဖြေလွှာ ၃၀၈
(လယ်တီဆရာတော်ဘုရားကြီး)
- ဘဝသစ်ဇာတိ ၃၀၈
- သန္တတိဇာတိ ၃၀၈
- ခဏိကဇာတိ ၃၁၀
- ရေပွက်ပမာ ရှုပွားနိုင်သူအား သေမင်းမမြင်နိုင် ၃၁၀
- တံလျှပ်ပမာ ရှုပွားနိုင်သူအား သေမင်းမမြင်နိုင် ၃၁၁
- သေမင်းမျက်မှောက် ဓားအောက်လည်ခံ ၃၁၁
- သေမင်းမျက်လုံး ဖောက်ခွဲသူ ၃၁၂
- သေမင်းဆိုသည်မှာ ၃၁၂

**(၁၁) ဇာတိ ပစ္စယာ ဇရာ-မရဏံ** **၃၁၃**
အရကောက်နှင့် သဘောသရုပ်ထင်လွယ်အဓိပ္ပာယ်
- ဇာတိကြောင့် ဇရာ-မရဏဖြစ်ပုံ အကျဉ်းအဓိပ္ပာယ် (မူလပဌာန်း ဆရာတော်ကြီး ဦးနာရဒ) ၃၁၃
- ဇာတိကြောင့် ဇရာ-မရဏဖြစ်ပုံ မကျဉ်းမကျယ်အဓိပ္ပာယ် (ဆရာကြီးဒေါက်တာမင်းတင်မွန်) ၃၁၅
- ဇာတိကြောင့် ဇရာ-မရဏဖြစ်ပုံ မကျဉ်းမကျယ်အဓိပ္ပာယ် (ညောင်လေးပင်တောရဆရာတော်ဘုရားကြီး) ၃၁၅
- ဇာတိကြောင့် ဇရာ-မရဏဖြစ်ပုံ အပြည့်အစုံ (မဟာစည်ဆရာတော်ဘုရားကြီး) ၃၁၆

http://www.dhammadownload.com




ကောဒသမပိုု့လက်ာ (ဇာတိ ပစ္စယာ ဇရာ-မရဏံ) ၃၁၈

ကောဒသမပိုု့လက်ာအဖြေလွှာ ၃၁၉

(မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး)

- ဇာတိနောက်က ဇရာ-မရဏ ကပ်လျက်လိုက်ပါပုံ ၃၁၉
- ခဏ, သန္တတိ ဇရာနှစ်မျိုး ၃၂၀
- ဇရာဒဏ်ချက် အနှိပ်စက်နာပုံ အမြွက်ပြဆိုချက် ၃၂၀
- မရဏ (၃) မျိုး ၃၂၂
- သေခြင်း (၄) မျိုး ၃၂၂
- ဇာတိ, ဇရာ-မရဏကား ၃၂၃

  ရန်သူ လူသတ်သမား (၃) ဦးနှင့်တူပုံ

ကောဒသမပိုု့လက်ာအဖြေလွှာ ၃၂၄

(လယ်တီဆရာတော်ဘုရားကြီး)

- ဇာတ်နှင်မှု - ဇရာတရားအပြီးပါရှိပုံ ၃၂၄
  - ဇရာမီးအချက် ထင်ရှားပြဆိုချက် ၃၂၅
  - ဝယောဝုဒ္ဓိဇရာ ၃၂၇
  - သန္တတိဇရာ ၃၂၇
  - ခဏိကဇရာ ၃၂၉
- ဇာတ်သိမ်းမှု - မရဏအပြီးပါရှိပုံ ၃၂၉
  - ဘဝဆုံး မရဏ ၃၃၀
  - သန္တတိ မရဏ ၃၃၀
    - နာမ်သန္တတိ မရဏ ၃၃၀
    - ရုပ်သန္တတိ မရဏ ၃၃၅
  - ခဏိက မရဏ ၃၃၆
    - နာမ်ခဏိက မရဏ ၃၃၆
    - ရုပ်ခဏိက မရဏ ၃၃၇

http://www.dhammadownload.com



(၁၂) သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ ၃၃၈
အရကောက်နှင့် သဘောသရုပ်ထင်လွယ် အဓိပ္ပာယ်
- သောကစသည်ဖြစ်ပုံ အကျဉ်းအဓိပ္ပာယ် ၃၃၉
(မူလပဌာန်း ဆရာတော်ကြီး ဦးနာရဒ)
- သောက စသည်ဖြစ်ပုံ အကျဉ်းအဓိပ္ပာယ် ၃၄၀
(ဆရာကြီးဒေါက်တာမင်းတင်မွန်)
- သောကစသည်ဖြစ်ပုံ မကျဉ်းမကျယ်အဓိပ္ပာယ် ၃၄၁
(ညောင်လေးပင်တောရဆရာတော်ဘုရားကြီး)
- သောကစသည်ဖြစ်ပုံ အပြည့်အစုံ ၃၄၂
(မဟာစည်ဆရာတော်ဘုရားကြီး)
ဒွါဒသမပိုဒ်လင်္ကာ ၃၄၆
(သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ)
ဒွါဒသမပိုဒ်လင်္ကာ အဖြေလွှာ ၃၄၇
(မင်းကွန်းတိပိဋကရေ ဆရာတော်ဘုရားကြီး)
- ဗျာသနငါးပါး တွေ့ကြုံခြားက ၃၄၇
ဒွါဒသမပိုဒ်လင်္ကာ အဖြေလွှာ ၃၄၈
(လယ်တီဆရာတော်ဘုရားကြီး)
- သတ္တာယဒိဋ္ဌိ ရှိသူတို့၌ ငရဲဇာတိ၊ ငရဲမီးထုပ် အစဉ်ပါပုံ ၃၄၈

(၁၃) ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ ၃၅၀
- ဒုက္ခသက်သက်သာဖြစ်ပုံ အကျဉ်းအဓိပ္ပာယ် ၃၅၀
(မူလပဌာန်း ဆရာတော်ကြီး ဦးနာရဒ)
- သုခမဖက် သက်သက်ဒုက္ခသာဖြစ်ပုံ အကျဉ်းအဓိပ္ပာယ် ၃၅၁
(နဝမလယ်တီဆရာတော်ကြီး လယ်တီ-အရှင်ကေလာသ)
တေရသမပိုဒ်လင်္ကာ ၃၅၂
(ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ)
တေရသမပိုဒ်လင်္ကာ အကျဉ်းအဓိပ္ပာယ် သိမြင်လွယ် ၃၅၂
(လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ်)

http://www.dhammadownload.com



တေရသမ ပို့လက်ာ အဖြေလွှာ ၃၅၆
(လယ်တီဆရာတော်ဘုရားကြီး)
- ဓာတ်မှန်ထုတ်သော် သတ္တဝါမဟုတ် နာမ်နှင့်ရုပ် ၃၅၇
- အဝိဇ္ဇာကို ဓာတ်မှန်ထုတ်၍ သိပုံနည်းအမြွက်ပြဆိုချက် ၃၅၉
- သင်္ခါရကို ဓာတ်မှန်ထုတ်၍ သိပုံနည်းအမြွက်ပြဆိုချက် ၃၅၉
- စကြာမန္တာတ်မင်းစည်းစိမ် သုခမဖက် သက်သက်ဒုက္ခသာ ၃၆၀
- အလောဘဉယျာဉ်စု ပွင့်သီးခွင့်သို့ မရောက်၊ ၃၆၁
ရာဂမီးတောက်၍ ပျက်စီးပုံ
- ရာဂမီး ၃၆၁
- ခြောက်ဒွါရ၌ ရာဂမီး တဟုန်းဟုန်းတောက်နေသည့် ၃၆၂
လူနတ်ပြဟ္မာ ဘဝစု ဒုက္ခမှု
- ဒေါသမီး ၃၆၂
- မောဟမီး ၃၆၃
- ဇာတိမီး ၃၆၄
- ဇရာမီး, မရဏာမီး ၃၆၅
- သောကမီး ၃၆၆
- ပရိဒေဝ စသည်မီး ၃၆၇
- မီး (၁၁) ပါးတို့၏လောင်စာ ထင်း, မီးစာမှု၊ ၃၆၉
အမျိုက်စု၊ သုခမဖက် သက်သက်ဒုက္ခသာ။

## အခန်း (၃)

## ပဋိလောမ ပဋိစ္စသမုပ္ပါဒ် (ချုပ်စဉ်) နိရောဓ ဓာတ်ကြီး ပါဠိတော်နှင့် အနက် အဓိပ္ပာယ်

ပဋိလောမ ပဋိစ္စသမုပ္ပါဒ်ပါဠိတော် ၃၇၀
ပဋိလောမ ပဋိစ္စသမုပ္ပါဒ် အနက် ၃၇၁
(လယ်တီဆရာတော်ဘုရားကြီး)
ပဋိလောမ ပဋိစ္စသမုပ္ပါဒ် အဓိပ္ပာယ် ၃၇၂
(လယ်တီဆရာတော်ဘုရားကြီး)

http://www.dhammadownload.com



"ယိုးဒယားပြည် အရှေ့ပိုင်းက
အဖိုးငွေ တစ်ဆယ့်ငါးနဲ့
ဆရာပြား ထုပလေ
နှာခေါင်းရှည်တဲ့ အရုပ်ကြီး"
လို့ ရေးခဲ့ကြပါတယ်။
ဆရာကြီးက-

"ဟာ. . . သူတို့ရေးထားတဲ့စာက ပြည့်စုံနေတာပဲ၊ ငါထပ်ရေးစရာမလိုတော့ပါဘူး၊ မရေးပြန်တော့လဲ ကျေနပ်မှာမဟုတ်ဘူး" ဆိုပြီးတော့ စာရေးဆရာကြီးက သူတို့ရေးထားတဲ့စာနောက်ပိုင်းမှာ စာပိုဒ်ကလေးတစ်ခု ဖြည့်ပေးလိုက်ပါသတဲ့။

"ယိုးဒယားပြည် အရှေ့ပိုင်းက
အဖိုးငွေ တစ်ဆယ့်ငါးနဲ့
ဆရာပြား ထုပလေ
နှာခေါင်းရှည်တဲ့ အရုပ်ကြီး
ဖြိုးဝေလို့ငြီး" ။. . . . တဲ့
ကဲ ဦးသိန်းဟန်ရေ. .
"ဖြိုးဝေလို့ငြီး" - လို့ပဲ
နိဂုံးပြုလိုက်ပါတယ်ကွယ်။


အဖူးတွေက အစုံစုံ၊ အငုံတွေက အဆင့်ဆင့်၊ လေသင့်ရာ ကြိုင်လျှမ်းထုံသည့်၊ ခိုင်ပန်းစုံ အပွင့်တို့ဖြင့်၊ ထူးတင့်ဝေဆာ၊ မြတ်ဗုဒ္ဓသာသနာပန်းရုံကြီးမှာ ကမ္ဘာ့လူသားကဲ့သို့သော ပျားသတ္တဝါများသည်၊ ဝိပဿနာအဆီ ပန်းဝတ်ရည်ကို၊ တည်ကြည်ရွှင်ပျ စုပ်ယူစားသုံးနိုင်ကြပါစေသား။

ဓမ္မာစရိယဦးသန်းခင်
"ရွှေဂူစံ"
နယ်လှည့်လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယ ဆရာကြီး
၁၉/နီလာလမ်း၊ (၃) ရပ်ကွက်၊ ကမာရွတ်မြို့နယ်
ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၈၈၇၆

http://www.dhammadownload.com



# မန္တလေးမြို့ မဟာဂန္ဓာရုံ ပဋိပတ်သာသနာပြုအဖွဲ့ နာယကဆရာတော်ကြီး ဘဒ္ဒန္တ စရိယကဝိဓဇသိရီ၏ "ကမ္မာ့တရားတည်နေပုံ"




အန္ဓပုထုဇဉ်တစ်ယောက်ရဲ့ သရုပ်သကန်ဖြစ်တဲ့ စက္ကန့်မလပ်ပြုလုပ်နေသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု (ဝါ) ကမ္ဘာအဆက်ဆက်က စွဲကပ်လာခဲ့တဲ့ သက္ကာယဒိဋ္ဌိပြဋ္ဌာန်းသော အမှောင်ဓာတ်၊ အမိုက်ဓာတ်တွေကို "ကမ္ဘာတရား" ဆိုသတည်း။

http://www.dhammadownload.com



- အဝိဇ္ဇာကင်းပြတ်၍ ဝိဇ္ဇာအလင်းဓာတ်ဖြစ်ပုံ ၃၃၂
- အဝိဇ္ဇာအမှောင်ဓာတ်ကို သတ်မှုအလုပ်တစ်ခုသာ ရှိပုံ ၃၃၃
- ဒုက္ခသစ္စာ၌ အဝိဇ္ဇာမှောင်ဓာတ်သတ်မှု အလုပ်တစ်ခုသာ လိုရင်းဖြစ်ပုံ ၃၃၄
  - သုခအမှန်စစ်တမ်း ၃၃၄
  - မဖောက်မပြန် အမှန်သစ္စာ ၃၃၅
  - လွတ်လမ်းအဖြောင့် သုခလမ်းမှန် ၃၃၆
  - သစ္စာလေးပါး ဟူသည်ကား ၃၃၇
  - တဏှာသည် ဒုက္ခလမ်းမှန်စင်စစ်ဖြစ်ပုံ ၃၃၇
  - ဒုက္ခသစ္စာအရကား ၃၃၈
- အဝိဇ္ဇာအမှောင်ဓာတ်ဖုံးလွှမ်းပုံ ၃၃၈
- အဝိဇ္ဇာအင်္ဂါ ဒုက္ခသစ္စာသဘောမှာ ၃၃၉
- အဝိဇ္ဇာအင်္ဂါ ဒုက္ခသစ္စာ၌ ဝိဇ္ဇာအလင်းဓာတ်ပွင့်ပုံ ၃၈၁
  - ရေမြှုပ်စိုင်ကြီး ဖောင်စီးပမာ အနိစ္စလက္ခဏာ ၃၈၃
  - ဓာတ်တစ်ခုပေါက်က ကြွင်းဓာတ်အကုန်ပေါက်ပုံ ၃၈၄
- သင်္ခါရအင်္ဂါ ဒုက္ခသစ္စာသဘောမှာ ၃၈၅
  - အာဂန္တုက စေတနာသင်္ခါရဓာတ်အမှု ကျယ်ဝန်းပုံ ၃၈၆
  - ဒါန, သီလ, ဘာဝနာမှု ဒုက္ခစုဟု ထင်မြင်ရန်ခက်ခဲပုံ ၃၈၇
  - လုပ်ငန်းခွင်မှ ဒုက္ခဆုံးလမ်း စခန်းမရှိပြီ။ ၃၈၇
- သုခ ဒုက္ခမှုတို့၏လိုရင်းအဓိပ္ပာယ် သိမြင်လွယ် ၃၈၈
- သတ္တဝါမရှိ ဓာတ်သာရှိပုံ ၃၈၉
- အမှုသည်အမှန် သိဖို့ရန် ၃၉၀
  - ဒုက္ခသစ္စာမှ ကြွင်းသုံးရပ်ရှိ အဝိဇ္ဇာသုံးပါးအတွက် အလုပ်တခြား မရှိပြီ ၃၉၂
- နိဗ္ဗာနဓာတ် ၃၉၄
- နိဗ္ဗာန်သည် ဓာတ်သဘာဝ ဓမ္မအစစ်ဖြစ်ပုံ ၃၉၅
  - တုစ္ဆနှင့် သုညတ အထူး ၃၉၆
  - ဘာဝနှင့် အဘာဝ ၃၉၇

http://www.dhammadownload.com




- အဘာဝ ချုပ်ငြိမ်းမှု၏ အကြီးအကျယ် ကိုးကွယ်ရာ ဌာနကြီးဖြစ်ပုံ ၃၉၇
- အသင်္ခတ နိရောဓ အဘာဝမှုကြီး ၃၉၉

- သံစက်ဘီးကြီးပမာ အပါယ်ဘေးများစွာ ၃၉၉
- ခြံ, ပုရွက်တို့နှင့် နှိုင်းစာက သုဂတိဘဝ၏ မပြောပလောက်ပုံ ၄၀၀
- အဝိဇ္ဇာချုပ်မှု တစ်ခုသည်သာ ပုန်းအောင်းကိုးကွယ်ရာဖြစ်ပုံ ၄၀၀
  - မန္တာတ်မင်းချမ်းသာ ကိလေသာမီးပွားရာ မီးစာ, ထင်း, အမှိုက် ဥပမာ ၄၀၁
  - အငတ်နာ အငတ်ရောဂါကြီး စွဲကပ်သူဥပမာ ၄၀၂
  - ဂုဏ်ကျက်သရေ အမြင်ကွဲပြားချက် ၄၀၂
  - အမှိုက်၏ငယ်နိုင်- မီးဥပမာလို၊ သမုဒယဓာတ်၏ငယ်နိုင်-နိရောဓ ဓာတ် ၄၀၃
  - နူနာစွဲသူဥပမာ သံသရာရှည်ကြာ မျှောရရှာ။ ၄၀၃

http://www.dhammadownload.com

# "စမ္မာစရိယ ဦးသန်းခင်"

"ရွှေလူစံ" ၏

## ဥယျောဇဥ်

"နိဗ္ဗာန်အငြိမ်းစံလိုသူများအတွက် သိန်းဟန်"ဆိုတဲ့ ဦးသိန်းဟန် (Digest) က ကျေးဇူးတော်ရှင် ကမ္ဘာကျော်ပထမလယ်တီဆရာတော်ဘုရားကြီးရဲ့ ဥပနိဿယနဲ့ အညီ "ပဋိစ္စသမုပ္ပါဒ်အလင်းကျမ်း" ဆိုပြီး စာမူကြီးကို ပွေ့ပိုက်ပြီးတော့ (၂၅-၇-၀၉)၊ ၁၃၇၁ ခုနှစ်၊ ဝါခေါင်လဆန်း (၄) ရက်နေ့က အိမ်ကို ရောက်လာပြန် တယ်။

"ဆရာ အဲဒါတွေဟာ ကျွန်တော်ရဲ့ ဦးနှောက်တွေပါ၊ ကျွန်တော့်မှာ အသက်ကလည်း (၇၁) နှစ်ဆိုတော့ ကြီးပါပြီ။ ကျွန်တော်ဟာ တရားဥပဒေရဲ့ ဘက်တော်သား အဖြစ်နဲ့ နှစ်ပေါင်းများစွာ ကျင်လည်ခဲ့ရာက ယခုအခါ မြတ်စွာ ဘုရားရဲ့သားတော် . ပရိယတ်ပဋိပတ် နှစ်ရပ်စွယ်စုံ ကိုလုံကြွယ်ဝတော်မူတဲ့၊ ဒီပနီ ကျမ်းပေါင်းတစ်ရာကျော် ရေးသားပြီး ဤကမ္ဘာကြီးအား ဝိဇ္ဇာဓာတ်အလင်းရောင် ဖြန့်ဝေတော်မူခဲ့တဲ့ အဂ္ဂမဟာပဏ္ဍိတ၊ ပိဋကတ္တယပါရဂူ (ဒီလစ်) ဘွဲ့တံဆိပ်တော်များကို အင်္ဂလိပ်အစိုးရရဲ့ ဆက်ကပ်ခြင်းကို ခံယူတော်မူရတဲ့ ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာ တော်ဘုရားကြီးရဲ့ **ပိဋကတ်တော်အဆီ၊ ဒီပနီကျမ်းများစွာတို့ရဲ့ အဆီ "လယ်တီ ဝိပဿနာတရားတော်များ**"ကို မြန်မာမှ ကမ္ဘာသို့တိုင်အောင်ပြန့်ပွားစေရန် ရည်ရွယ်ပြီး ဖွဲ့စည်းထားတဲ့ "လယ်တီဝိပဿနာ ပြန့်ပွားရေး ဗဟိုအဖွဲ့ချုပ်" က ဦးတည်ဆောင်ရွက် နေတဲ့ လုပ်ငန်းစဉ်မှာ "လယ်တီ ကမ္မဋ္ဌာနာစရိယ" အဖြစ်နဲ့ တာဝန်ယူဆောင်ရွက်နေ ခဲ့ရပါတယ်။

တာဝန်ယူဆောင်ရွက်နေရတဲ့အတိုင်း ပိဋကတ်တော်စာပေများ၊ ဒီပနီစာ ပေများနဲ့ လယ်တီဆရာတော်ဘုရားကြီးရဲ့ ထေရုပ္ပတ္တိများကို ဖတ်ရှုခဲ့ရပါတယ်။

၁၂၅၇-ခုနှစ်က တပည့်ဒကာ၊ ဒကာမအများနဲ့ အိန္ဒိယနိုင်ငံ သံဝေဇနိယ လေးဌာနတည်ရှိရာ ဗုဒ္ဓဂယာသို့ ဘုရားဖူးကြွစဉ် မန္တလေးမှ ရန်ကုန်သို့ အကြွ

http://www.dhammadownload.com



မီးရထားပေါ်မှာ ပဋိစ္စသမုပ္ပါဒ်လင်္ကာ (၁၃) ပိုဒ်ကို ရေးသားခဲ့ပါတယ်။ ရန်ကုန်မှ အိန္ဒိယသို့ သင်္ဘောဖြင့် (၄-ရက်၊ ၅-ည) ခရီးမှာ ပဋိစ္စသမုပ္ပါဒ်အဖြေကျမ်းကြီးကို အောင်မြင်စွာ ရေးသားခဲ့ကြောင်း ကြည်ညိုခဲ့ရပါတယ်။

လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူတဲ့ ပဋိစ္စသမုပ္ပါဒ်လင်္ကာ၊ ပဋိစ္စသမုပ္ပါဒ်ဒီပနီကျမ်းစာများကို အခေါက်ခေါက်အခါခါ ဖတ်ပြီး ပို၍ပို၍ ကြည်ညိုလေးစားခဲ့ရပါတယ်။

ကြည်ညိုလေးစားမှုကို အခြေပြုပြီး ပိဋကတ်တော်စာပေများနဲ့ ဆရာတော်အသီးသီးတို့ ရေးသားခဲ့တဲ့ စာပေများကို ဖတ်ရှု လေ့လာရတဲ့အခါ ပဋိစ္စသမုပ္ပါဒ်၊ အကြောင်းတရား အကျိုးတရား ဆက်နွယ်ပုံများကို ထင်ထင်လင်းလင်း တွေ့လာ၊ သိလာရပါတယ်။

မြတ်စွာဘုရားရှင်ရဲ့ သဗ္ဗညုတဉာဏ်တော်ကြီးနှင့် ဆရာတော်ဘုရားကြီး ရဲ့ ဉာဏ်ရည်ဉာဏ်သွေးတို့ကို အထူးပင် ကြည်ညိုလေးစား သဒ္ဓါပွားရပါသဖြင့် ပဋိစ္စသမုပ္ပါဒ်အလင်းဓာတ်တွေကို ဦးနှောက်အတွင်းမှာ သိုမှီးသိမ်းဆည်းထားပါလျှင် ကျွန်တော်နဲ့အတူ သေရွာပါလာမှာ စိုးရိမ်မိပါတယ်။

ဒါကြောင့် "ပဋိစ္စသမုပ္ပါဒ် အလင်းကျမ်း" ဆိုတဲ့ အမည်နဲ့ ဗုဒ္ဓဘာသာဝင်များရဲ့အလယ်မှာ ထားခဲ့ပါရစေ ဆရာ". . . . . တဲ့။

ဪ. . . နိဗ္ဗာန်အငြိမ်းစံလိုသူများအတွက် စေတနာသဒ္ဓါပြည့်ဝလွန်းတဲ့ ဦးသိန်းဟန်ရယ်။

ဆရာ - စာမူကို ဖတ်ပါတယ်၊ ကလောင်ကိုကိုင်ပြီး ပြင်ဖို့ပါပဲ၊ ဒါပေမဲ့ ပြင်စရာက နည်းတဲ့အတွက် -

တစ်ခါက ယိုးဒယားပြည်အရှေ့ပိုင်းမှာ ဆရာပြား ဆိုတဲ့ ပန်းပုဆရာကြီး တစ်ဦးထံ နှာခေါင်းရှည်တဲ့ အရုပ်ကြီး အထုခိုင်းတာ (၁၅/-) ပေးရသတဲ့။

အရုပ်အထုခိုင်းတဲ့ ပုဂ္ဂိုလ်တွေက သူတို့အရုပ် စာနဲ့ ပေနဲ့ မှတ်တမ်းတင်ချင်လို့ နာမည်ကျော်စာရေးဆရာကြီးထံ ကဗျာစပ်ခိုင်းကြတယ်။ စာရေးဆရာကြီးက "မအားသေးလို့ မင်းတို့ ရေးစေချင်တာ ရေးထားပြီး ဖျာအောက်ထားခဲ့" လို့ ပြောပါတယ်။

စာရေးဆရာကြီးက အားလို့ရေးမယ်ဆိုပြီး သူတို့ ရေးတဲ့ စာကို ဖတ်လိုက်တော့-

http://www.dhammadownload.com

# ပဋိစ္စသမုပ္ပါဒ် နိဒါန်း

## ပဋိစ္စသမုပ္ပါဒ်ဒေသနာ - ဗုဒ္ဓဝိပဿနာ

မြတ်စွာဘုရားအလောင်းတော်သည် ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ၊ ပဋိလုံ အဖန်ဖန်၊ အထပ်ထပ် ဆင်ခြင်သည့်အခါတွင်မှ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ဤကား ဗုဒ္ဓဂေါတမ ဘုရားတစ်ဆူတည်းသာမဟုတ်။ ဘုရားအလောင်းတော်တိုင်းသည် ဤပဋိစ္စသမုပ္ပါဒ်တရားတော်ကို ဆင်ခြင်ပြီးမှ ဘုရားအဖြစ်သို့ ရောက်တော်မူကြခြင်းဖြစ်သည့်အတွက် ပဋိစ္စသမုပ္ပါဒ်တရားတော်သည် မြတ်စွာဘုရားတို့ ဆင်ခြင်တော်မူသော "ဗုဒ္ဓဝိပဿနာ" အဖြစ် ထင်ရှားလှပေသည်။

## ဘုရားရှင်၏ ပထမဆုံးစကားတော်

ဗုဒ္ဓဂေါတမဘုရားအဖြစ်သို့ ရောက်ပြီးသည့်နောက် ကဆုန်လပြည့်ကျော် (၁)ရက်နေ့ ပထမသတ္တာဟမှာ ဘုရားရှင်သည် ပဋိစ္စသမုပ္ပါဒ်တရားတော်ကိုပဲ အနုလုံ၊ ပဋိလုံပြန်လည်ဆင်ခြင်သည့်အခါ စိတ်နှလုံးတော် လွန်စွာကြည်နူးရွှင်ပျလာ၍ မြိုသိပ်မထားနိုင်တော့ဘဲ **"ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ"** အစရှိသော သုံးဂါထာဖြင့် နှုတ်တော်မှ ဖွင့်ဟပြီး ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ၊ ပဋိလုံ ဥဒါန်းကျူးတော်မူခဲ့လေရာ မြတ်စွာဘုရားရှင် နှုတ်တော်မှ ဖွင့်ဟသည့် ပထမဆုံးစကားတော်သည် ဤဥဒါန်းပါဠိတော်သုံးပုဒ်ပင် ဖြစ်သည်။

ထို့နောက် (၄၅) ဝါပတ်လုံး ဘုရားရှင်ဟောသွားသည့် ပိဋကတ်တော်သုံးပုံ နိကာယ်ငါးရပ် စကားတော်များကတော့ မဇ္ဈိမဝစန အလယ်စကားတော်များသာပင်။

**"ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ"** အစရှိဂါထာကတော့ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူခါနီး မြွက်ကြားခဲ့သော နောက်ဆုံးစကားတော်များ ပင်ဖြစ်သည်။

http://www.dhammadownload.com



**ဝိမုတ္တိရသ တစ်ပါးသာ**

မြတ်စွာဘုရား၏ အဆုံးအမသာသနာတော် (ဝါ) မြတ်စွာဘုရား၏ စကားတော်သည်-

| | |
|---|---|
| ပိဋကတ်အားဖြင့် - | သုံးပုံ |
| နိကာယ်အားဖြင့် - | ငါးရပ် |
| ဓမ္မက္ခန္ဓာအားဖြင့်- | ရှစ်သောင်းလေးထောင် |
| ရသ၏အစွမ်းဖြင့်- | တစ်ပါးရှိ၏ ဟု ဆိုရာတွင် |
| ယင်းတစ်ပါးကား | "ဝိမုတ္တိရသ" ပင်တည်း။ |

**အစမထင် အဆုံးမမြင်ပုံ**

ပဋိသမ္ဘိဒါမဂ်ပါဠိတော်မှာ ပဋိစ္စသမုပ္ပါဒ်ကို အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်---(ပ)---ဘဝ၊ ဇာတိ၊ ဇရာ-မရဏ ဆိုသည့် အင်္ဂါ (၁၂) ပါး အစဉ်အတိုင်း အရေးအသား၊ အဟောအပြော များပေသည်။ သင်္ဂြိုဟ်ကျမ်းပြုဆရာ အရှင်အနုရုဒ္ဓါကလည်း ထိုအင်္ဂါ (၁၂)ပါး အစဉ်ထားသည့် ပဋိစ္စသမုပ္ပါဒ်နည်းကိုပင် ပဋ္ဌာန်းနည်းနှင့်အတူ အကြောင်းအကျိုးပြု တရားအကျဉ်းချုပ်အဖြစ် အဘိဓမ္မာပစ္စည်းပိုင်းမှာ ထည့်သွင်းဖော်ပြထားခဲ့ခြင်းကြောင့် ယခုအချိန်အထိ မြန်မာပြည်မှာ အားလုံးသိနေတာက ပဋိစ္စသမုပ္ပါဒ်ကို အဝိဇ္ဇာက စတယ်လို့ပဲ သိနေကြပါသည်။

အမှန်စင်စစ်ကား ပဋိစ္စသမုပ္ပါဒ်တရားတော်သည် အဝိဇ္ဇာက စတာလည်း မဟုတ်။ ပဋိစ္စသမုပ္ပါဒ်၏ အစ၊ အလယ်၊ အဆုံး ထိုသုံးပါးတွင် ဘယ်ကစသည်၊ ဘယ်လိုဆုံးသည်ကို ပြောလို့မရနိုင်သော်လည်း အဝိဇ္ဇာတစ်ခု၊ သို့တည်းမဟုတ် တဏှာတစ်ခုကို အသေသတ်မိလျှင်တော့ အကုန်ချုပ်ငြိမ်းသွားသည့် တရား ဟူ၍ကား ဆိုနိုင်ပါသည်။

**ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းအသွင်**

နောင်တွင် ထိုအင်္ဂါ (၁၂) ပါးအစီအစဉ်ဖြစ်သော အနုလုံပဋိစ္စသမုပ္ပါဒ်ကိုပင် ပုံသေထားပြီး ရှေးပညာရှိ သူတော်ကောင်းဆရာတော်ကြီးများက ပိုမိုရှင်းလင်းလွယ်ကူစေရန် စက်ဝိုင်းအသွင် အမျိုးမျိုးတီထွင်၍ ဟောပြောပြသခဲ့ကြရာမှ ယခုအခါ လူအများသည် ပဋိစ္စသမုပ္ပါဒ်တရားတော်ကို စက်ဝိုင်းကြီးအသွင်ပင် သိမြင်နေကြလေတော့သည်။

http://www.dhammadownload.com



ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းတွင် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ် ဟူသော အနုလောမအစဉ်သည် ပဋိစ္စသမုပ္ပါဒ်လည်လမ်း (ပတ်လမ်း) ကိုပြ၍၊ အဝိဇ္ဇာချုပ်မှုကြောင့် သင်္ခါရချုပ်၊ သင်္ခါရချုပ်မှုကြောင့် ဝိညာဏ်ချုပ်ဟူသော ပဋိလောမအစဉ်သည် ပဋိစ္စသမုပ္ပါဒ်ထွက်လမ်း (ဖြတ်လမ်း) ကို ပြဆိုထားပေသည်။

အနုလောမပဋိစ္စသမုပ္ပါဒ်သည် လည်လမ်းအတိုင်း အဝိုင်းပြေးပြေးနေရခြင်း ဖြစ်လို့ **"သံသရာပဋိစ္စသမုပ္ပါဒ်"**မည်၏။ စက္ခုံ စ၊ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခု ဝိညာဏံ အစရှိသော ပါဠိတော်များအရ ပဋိစ္စသမုပ္ပါဒ်ကို အလယ်မှ ဖောက်၍ ပစ္စုပ္ပန် တည့်တည့်ကို ပြဆိုထားသော ပစ္စုပ္ပန်ပဋိစ္စသမုပ္ပါဒ်ကတော့ **"ခဏပဋိစ္စသမုပ္ပါဒ်"** မည်၏။

## ဒေသနာအပြားလေးပါး

အမှန်မှာ မြတ်စွာဘုရားသည် ပဋိစ္စသမုပ္ပါဒ်တရား (၁၂) ပါးကို အခြေခံပြု ကာ ဒုက္ခ၏အကြောင်း၊ သံသရာစက်လည်ရခြင်း၏အကြောင်းများကို ဒေသနာ အပြား လေးပါးအားဖြင့် ဟောကြားတော်မူခဲ့ခြင်း ဖြစ်သည်။ ထိုသို့ဟောတော်မူရာတွင်-

(၁) ရံခါ ပဋိစ္စသမုပ္ပါဒ်တရား(၁၂) ပါးကို **အစမှ အဆုံးတိုင် အစဉ်အတိုင်း** လည်း ဟောတော်မူ၏။

"အဝိဇ္ဇာ ဟူသော ကြောင်းကြောင့် သင်္ခါရတို့ ဖြစ်ကြ၏။----(ပ)----ဘဝ အသစ်-ဇာတိ ဟူသောအကြောင်းကြောင့် အိုခြင်း သေခြင်း ဇရာ-မရဏဖြစ်၏"ဟု အစမှစ၍ အဆုံးတိုင်အောင် ဟောသော အနုလုံဒေသနာသည် သံသရာဝဋ်၏မပြတ် ဖြစ်ခြင်းကို ပြခြင်းအကျိုးငှာ (ဝါ) ဖြစ်စဉ်ကို ပြခြင်း အကျိုးငှာ ဖြစ်၏။

(၂) ရံခါ**အဆုံးမှ အစတိုင်အောင် နောက်ကြောင်းပြန်၍**လည်း ဟောတော် မူ၏။

ဒီဃနိကာယ် သုတ်မဟာဝါ မဟာနိဒါနသုတ်မှာ ရှင်အာနန္ဒာကို သတ္တဝါတို့ ၏ အိုရ၊ သေရခြင်းဆင်းရဲဖြစ်သော ဇရာ-မရဏ ကစ၍ ဟောရာမှာ အို၊ နာ၊ သေ ဆင်းရဲဒုက္ခသည် ဘဝအသစ် ဖြစ်ပေါ်မှု ဇာတိဟူသော အကြောင်းကြောင့် ဖြစ်ရ၏၊ ထိုဘဝသစ်ဖြစ်ပေါ်မှုသည်လည်း ဖြစ်ကြောင်း ကံ (ကမ္မဘဝ) ဟူသော အကြောင်း ကြောင့် ဖြစ်ရ၏ --(ပ)--သင်္ခါရဟူသော ပြုစီရင်မှုသည်လည်း အဝိဇ္ဇာ ဟူသော အကြောင်းကြောင့် ဖြစ်ရ၏ ဟုအဆုံးမှ အစတိုင်အောင် ဟောသော ပဋိလုံ ဒေသနာ

http://www.dhammadownload.com



သည် အိုခြင်း သေခြင်း အစရှိသော ထိုထိုဆင်းရဲ၏အကြောင်းကို ပြခြင်း အကျိုးငှာ ဖြစ်၏။

(၃) ရံခါ ဝိညာဏ်မှ စ၍လည်းကောင်း၊ ဖဿမှ စ၍ လည်းကောင်း၊ တဏှာမှ စ၍လည်းကောင်း၊ ဥပါဒါန်မှ စ၍လည်းကောင်း၊ ဒွါရခြောက်ပါး၊ အာရုံခြောက်ပါးမှ စ၍လည်းကောင်း၊ သံသရာစက်လည်ပုံကို ပဋိစ္စသမုပ္ပါဒ် အလယ်မှ ဖောက်၍ အဆုံးတိုင်အောင်လည်း ဟောတော်မူ၏။

ဂဟပတိဝဂ် ဒုက္ခသုတ်နှင့် လောကသုတ်တို့၌ စက္ခုပသာဒ စသည်နှင့် ရူပါရုံ စသည်ကို စွဲမှီ၍ စက္ခုဝိညာဏ် စသည်ဖြစ်ပေါ်လာ၏။ ထိုဒွါရ အာရုံ ဝိညာဏ်တို့၏ ပေါင်းဆုံမိခြင်းကြောင့် တွေ့ထိမှု၊ ဖဿ ဖြစ်ပေါ်လာ၏။ ဖဿကြောင့် ဝေဒနာ၊ ဝေဒနာကြောင့် တဏှာစသည် ဖြစ်ပေါ်လာ၏ဟု ပစ္စုပ္ပန်ဘဝ၌ ဒွါရခြောက်ပါး၊ အာရုံခြောက်ပါး၊ ဖဿကိုအစပြု၍ ပဋိစ္စသမုပ္ပါဒ်စက်လည်ပုံကို ပဋိစ္စသမုပ္ပါဒ်အလယ်မှ ဖောက်၍ အဆုံးတိုင်အောင် ရှင်းလင်းဟောတော်မူ၏။

ထို့ပြင် ဖဿ၊ ဝေဒနာတို့၏ နောက်၌ တဏှာ ဆက်မဖြစ်လျှင် ဒုက္ခချုပ်ငြိမ်းသည်မို့ ဝေဒနာနှင့်တဏှာ မဆက်စပ်မိအောင် ဖြတ်တောက်ပစ်လျှင် တဏှာချုပ်ငြိမ်းခြင်းကြောင့် ဥပါဒါန်ချုပ်၊ ဥပါဒါန်ချုပ်ငြိမ်းခြင်းကြောင့် ဘဝချုပ်၊ ဘဝချုပ်ငြိမ်းခြင်းကြောင့် ဇာတိချုပ်၊ ဇာတိချုပ်ငြိမ်းခြင်းကြောင့် အိုနာသေချုပ်၍ သံသရာ စက်ပြတ်၊ ပဋိစ္စသမုပ္ပါဒ်စက်ကြီး ရပ်ဆိုင်းကြောင်း ကျင့်စဉ်နည်းလမ်းကိုလည်း ဟောတော်မူ၏။

ဒုက္ခဝဂ်၊ ဥပါဒါနသုတ်၊ သံယောဇနသုတ်တို့၌ စွဲလမ်းအပ်၊ ငြိကပ် တွယ်တာ အပ်ကုန်သော လောကီသင်္ခါရတရားတို့၌ သာယာဖွယ်ဟု ရှုမှတ်မှု "အဿာဒါနုပဿနာ"ကြောင့် တဏှာတို့ ပွားလာရသည်။ တဏှာကြောင့် ဥပါဒါန်---(ပ)---ဘဝကြောင့် ဇာတိ၊ ဇရာ-မရဏ စသော ဆင်းရဲအစု ပဋိစ္စသမုပ္ပါဒ်တရားများ ဆက်လက် ဖြစ်ပေါ်လာရသည်ဟု စိတ်နေစိတ်ထား နှလုံးသွင်းနေရာမကျမှုကြောင့် သံသရာ လည်ရပုံကို ပဋိစ္စသမုပ္ပါဒ်အလယ်မှ ဖောက်၍ အဆုံးတိုင် ရှင်းလင်းဟောတော်မူ၏။

(၄) ရံခါ အာဟာရလေးပါးမှ အစပြုကာ သံသရာစက်လည်ပုံကို ပဋိစ္စသမုပ္ပါဒ် အလယ်မှဖောက်၍ အစတိုင် နောက်ကြောင်းပြန်၍လည်း ဟောတော်မူ၏။

အာဟာရဝဂ်၊ အာဟာရသုတ်၌ သတ္တပါ (=ဒုက္ခ) ၏တည်တံ့ခြင်းအကြောင်းကား အာဟာရလေးပါး (ကဗဠီကာရာဟာရ၊ ဖဿာဟာရ၊ မနောသဉ္စေတနာဟာရ၊

http://www.dhammadownload.com



ဝိညာဏာဟာရ) ဖြစ်၍ ထိုအာဟာရလေးပါးတို့၏ အကြောင်းကား တပ်မက်မှု တဏှာလျှင် အကြောင်းရင်းရှိကုန်၏။ ---(ပ)--- ပြုစီရင်မှု သင်္ခါရ သည်လည်း မသိမှု အဝိဇ္ဇာလျှင် အကြောင်းအရင်းရှိကုန်၏ ဟု အာဟာရလေးမျိုးကို ပဋိစ္စသမုပ္ပါဒ် တရားနှင့် ဆက်စပ်ပြသောအားဖြင့် ပဋိစ္စသမုပ္ပါဒ်အလယ်မှ ဖောက်၍ အစတိုင် ဟောတော်မူ၏။

မဇ္ဈိမနိကာယ်၊ ပထမ မူလပဏ္ဏာသကျမ်း၊ မဟာတဏှာ သင်္ခယသုတ်မှာလည်း ဝိညာဏ်ဖြစ်ပုံ၊ ရုပ်ဖြစ်ပုံတို့ကို ပဋိစ္စသမုပ္ပါဒ်နှင့် ဟောပြရာ၌ ရုပ်တရားကို နားလည်အောင် 'ရုပ်တရားကြီး ဘာကြောင့် အသက်ရှည်နေရတာလဲ' 'အစာအာဟာရ စားရလို့ အသက်ရှည်နေပါတယ်ဘုရား'။ 'ဘာကြောင့် အစာအာဟာရစားရတာလဲ' 'မသေချင်တဲ့တဏှာကြောင့် စားပါတယ်ဘုရား' 'တဏှာကဘာကြောင့် ဖြစ်၊ ဝေဒနာရှိလို့ တဏှာဖြစ်' 'ဝေဒနာ ဘာကြောင့်ဖြစ်၊ ဖဿရှိလို့ ဝေဒနာဖြစ်' 'ဖဿ ဘာကြောင့်ဖြစ်၊ သဠာယတနရှိလို့ ဖဿဖြစ်' စသည်ဖြင့် တဏှာကစပြီး အဝိဇ္ဇာအထိ ပဋိစ္စသမုပ္ပါဒ်အလယ်မှဖောက်၍ အစတိုင် နောက်ကြောင်းပြန်၍ ဟောတော်မူ၏။

တစ်ခါ မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ စူဠသီဟနာဒသုတ်မှာလည်း ဥပါဒါန် လေးပါးနှင့် စပ်လျဉ်း၍ ဟောထားရာ၌ အခြားဘုရားသာသနာတွေမှာ ဥပါဒါန် လေးပါးထဲက ကာမုပါဒါန်ကိုလွတ်မြောက်အောင် ဟောနိုင်တာရှိသလို၊ တစ်ခါ တစ်ဆင့်တက်ပြီး ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်တို့ကို လွတ်မြောက်အောင် ဟောနိုင်ကြပေမဲ့လည်း အတ္တဝါဒုပါဒါန်က လွတ်အောင်ကတော့ ငါဘုရားသာသနာမှ တစ်ပါး ဘယ်ဘုရားသာသနာမှာမှ မရှိခဲ့သေးကြောင်းကို ရဲရဲရင့်ရင့်ကြေညာ၍ မြတ်စွာဘုရားက ရဟန်းတော်များအား မိန့်ကြားပြီး၊ ထိုသုတ်၏ အဆုံးမှာတော့ ဥပါဒါန် ဘာကြောင့် ဖြစ် တဏှာကြောင့် ဖြစ်။ တဏှာဘာကြောင့်ဖြစ် ဝေဒနာကြောင့်ဖြစ်။ ဝေဒနာ ဘာကြောင့်ဖြစ် ဖဿကြောင့်ဖြစ်။ ဒီလိုနဲ့ ဥပါဒါန်ကစပြီး သင်္ခါရ၊ အဝိဇ္ဇာ အထိ ပဋိစ္စသမုပ္ပါဒ်အလယ်မှ ဖောက်၍ အစတိုင်နောက်ကြောင်း ပြန်၍ ဟောတော်မူ၏။

## ပဋိစ္စသမုပ္ပါဒ် မြင်နိုင်ခဲပုံ

ဘယ်အကြောင်းကြောင့် ဘယ်အကျိုးဖြစ်သည်ဟု အကြောင်းနှင့် အကျိုး ဆက်စပ်ပြီး ဟောသည့်တရားကို ပဋိစ္စသမုပ္ပါဒ်တရားဟု ခေါ်၏။ ယင်းပဋိစ္စသမုပ္ပါဒ် တရားသဘောကို မြင်နိုင်ခဲသည်ဟုလည်း ဆို၏။ အကြောင်းမှာ "လောကတွင် အကြောင်းနှင့် အကျိုးမျှသာ ဆက်စပ်ပြီး ဖြစ်နေတာရှိသည်၊ အကြောင်းနှင့် အကျိုး

http://www.dhammadownload.com



ဆက်စပ်ပြီးဖြစ်နေကြသည့် ရုပ်နာမ်မျှသာ ရှိသည်။ အလိုလို တည်ပြီး တည်နေသည့် ပုဂ္ဂိုလ်၊ သတ္တဝါ၊ အတ္တကောင်ဆိုတာ မရှိဘူး ဟူသော ပဋိစ္စသမုပ္ပါဒ်တရား သဘောသည် အတ္တကောင်အထည်လိုက် တည်နေသည်ဟူသော လူအများတို့၏ ပကတိ အထင်အမြင်နှင့် ပြောင်းပြန်ဖြစ်နေကြသောကြောင့်ပင်တည်း။

**အခက်လေးပါး**

လောက၌ အခက်လေးပါးရှိရာ-

"သစ္စံ သတ္တော ပဋိသန္ဓိ၊ ပစ္စယာ ကာရမေဝ စ

ဒုဒ္ဒသာ စတုရော ဓမ္မာ၊ ဒေသေတုံ စ သုဒုက္ကရာ။"

သစ္စံ = သစ္စာလေးပါးတရားလည်းကောင်း၊ သတ္တော = သတ္တဝါ အကြောင်းလည်းကောင်း၊ ပဋိသန္ဓိ = ပဋိသန္ဓေတည်နေပုံလည်းကောင်း၊ ပစ္စယာ ကာရမေဝ စ = ပဋိစ္စသမုပ္ပါဒ်တရားလည်းကောင်း။ ဣမေ စတုရော ဓမ္မာ = ဤလေးမျိုးသော တရားတို့ကို၊ ဒုဒ္ဒသာ= မြင်နိုင်ခဲကုန်၏၊ ဒေသေတုံစ = ဟောပြောရန် မူကား၊ သုဒုက္ကရာ = အလွန်ပင် ခဲယဉ်းလှပါပေကုန်၏။

အထက်ပါ သမ္မောဟဝိနောဒနီ အဋ္ဌကထာ စသည်တို့အရ -

(၁) သစ္စာလေးပါးတရားတို့၏ **မချွတ်မယွင်း မှန်ကန်ပုံ**

(၂) ခန္ဓာငါးပါးတို့၏ သတ္တဝါမဟုတ်ပါဘဲလျက် အမှတ်မှားအောင် **သတ္တကိစ္စကို ဆောင်ရွက်ပုံ**

(၃) တစ်ဘဝမှ တစ်ဘဝသို့ ကူးသန်းဆက်စပ်ကာ **ပဋိသန္ဓေတည်နေပုံ**

(၄) အဝိဇ္ဇာ အစရှိသောတရားတို့၏ **အကြောင်းအကျိုးအဖြစ်ဖြင့် ကျေးဇူးပြုပုံ** ။

ဤလေးမျိုးတို့မှာ ကိုယ်တိုင်သိဖို့ရန်လည်း ခဲယဉ်းလှသည့်အပြင်၊ ကိုယ်တိုင် သိရှိပြီး သူတစ်ပါးတို့အား ဟောပြဖို့ရန်မှာလည်း အလွန်ခဲယဉ်းလှကုန်၏။

**သစ္စာလေးပါး မြင်နိုင်ခဲပုံ**

သစ္စာလေးပါးတရားကို မြင်နိုင်ခဲသည်ဟု ဆိုရာ၌-

မြင်တိုင်း၊ ကြားတိုင်း၊ တွေ့တိုင်း၊ သိတိုင်း ထင်ရှားတွေ့သိနေရတာတွေသည် ဒုက္ခတွေချည်းသာပင်။ သို့ရာတွင် လူတွေက နှစ်သက်သာယာစရာ ချမ်း သာတွေလို့ အထင်ရှိနေတော့ ဆင်းရဲချည်းပဲလို့ သိမြင်သဘောကျဖို့ လွန်စွာ ခဲယဉ်းပေ၏။

http://www.dhammadownload.com



မြင်၊ ကြား၊ တွေ့၊ သိပြီး နှစ်သက်သာယာနေတာ၊ ပျော်နေတာက သမုဒယ သစ္စာ၊ ဆင်းရဲဖြစ်ပွားကြောင်း တရားသာပင်။ သို့ရာတွင် လူတွေက ချမ်းသာကြောင်းလို့ တလွဲထင်မြင်နေတော့၊ ဒါကို ဆင်းရဲကြောင်းလို့ မြင်ဖို့ရာ ခဲယဉ်းပေ၏။

ယခု မြင်၊ ကြား၊ တွေ့၊ သိနေရသည့် ဒုက္ခသဘောတရားတွေ အကုန်လုံး ချုပ်ငြိမ်းရာသဘော **နိရောဓသစ္စာ** နှင့် ထိုနိရောဓခေါ် သည့် နိဗ္ဗာန်ကိုရောက်စေတတ်သော အကျင့် **မဂ္ဂသစ္စာ** ကိုသိဖို့ရာကလည်း ခက်ခဲသလို၊ သူတစ်ပါးကို ဟောပြောဖို့ဆိုတာကလည်း လွန်စွာခဲယဉ်းလှပေသည်။

## သတ္တဝါအကြောင်းသိနိုင်ခဲပုံ

သတ္တဝါအကြောင်း သိဖို့ခက်ခဲသည်ဆိုရာ၌လည်း "ရုပ်နာမ်အစဉ်မျှသာ ရှိတယ်၊ သတ္တဝါရယ်လို့ တသီးတခြား မရှိဘူး။ မပြတ်ဖြစ်နေတဲ့ ရုပ်နာမ်အစဉ်မျှကိုပဲ သတ္တဝါလို့ခေါ် ရတယ်။ သတ္တဝါလို့ ခေါ် တဲ့ ထိုရုပ်နာမ်အစဉ်ထဲမှာ ကောင်းမှု ကုသိုလ်ကံဆိုတာ ရှိလို့၊ ထိုကောင်းမှုကုသိုလ်ကံကြောင့် ကောင်းတဲ့ဘဝတွေမှာဖြစ်ပြီး၊ ကောင်းကျိုးချမ်းသာတွေ ခံစားရတယ်။ မကောင်းမှု အကုသိုလ်ကံဆိုတာလည်း ရှိပြီး၊ ထို အကုသိုလ်ကံကြောင့် ယုတ်ညံ့တဲ့ဘဝတွေမှာ ဖြစ်ပြီး ဆင်းရဲဒုက္ခဆိုးကျိုးတွေကို ခံရတယ်" စသည်ဖြင့် သတ္တဝါတို့၏ အကြောင်းကို သိဖို့ သဘောပေါက်ဖို့ ဆိုတာလည်း လွန်စွာ ခက်ခဲပေသည်။

## ပဋိသန္ဓေအကြောင်း အသိခက်ခဲပုံ

ပဋိသန္ဓေနေပုံသိရန် ခက်ခဲသည်ဆိုရာ၌လည်း တစ်ဘဝက သေပြီး၊ နောက်တစ်ဘဝမှာ ဘယ်ပုံဘယ်နည်းနှင့် ဖြစ်တယ်ဆိုတာ သိဖို့လည်း ခက်၏။ ပြောဖို့လည်း ခက်၏။ ဘဝဟောင်းက ရုပ်နာမ်တွေ ဘာမျှပြောင်းရွှေ့လိုက်ပါလာခြင်းမရှိဘဲ ကိလေသာ နှင့် ကံ၏အစွမ်းကြောင့် ဘဝအသစ်မှာ ရုပ်နာမ်အသစ်တွေ ဖြစ်ပေါ် လာပုံသည် အသိခက်၊ အပြောခက်သည်သာပင်။

## ပဋိစ္စသမုပ္ပါဒ်အကြောင်း အသိခက်ခဲပုံ

ပစ္စယာကာရ ခေါ် သည့် ပဋိစ္စသမုပ္ပါဒ်အသိခက်ခဲသည်ဆိုရာ၌လည်း အဲဒီ ပဋိစ္စသမုပ္ပါဒ်ထဲမှာ ရှေ့ကပြောခဲ့သည့် **အခက်(၃)ပါး အကျုံးဝင်ပြီးသား** ဖြစ်နေလို့ အနုလုံပဋိစ္စသမုပ္ပါဒ်မှာ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ ပါဝင်နေသလို၊ သတ္တဝါ

http://www.dhammadownload.com



အကြောင်းနှင့် ပဋိသန္ဓေအကြောင်းလည်း ပါဝင်ပြီးဖြစ်သည်။ ပဋိလုံ ပဋိစ္စသမုပ္ပါဒ် မှာတော့ နိရောဓနှင့် မဂ္ဂသစ္စာ ပါဝင်နေပေသည်။

ထို့ကြောင့် **ပဋိစ္စသမုပ္ပါဒ်သည် သိဖို့လည်း အခက်ဆုံး၊** ပြောဟောဖို့က လည်း အခက်ဆုံးဟု ဆိုရခြင်း ဖြစ်သည်။

**သဿတနှင့် ဥစ္ဆေဒ ဝါဒနှစ်မျိုး ထွန်းကားပုံ**

သာသနာပအခါက တိတ္ထိဝါဒတို့ကို အကျဉ်းချုပ်လိုက်သော် သဿတ ဝါဒ နှင့် ဥစ္ဆေဒဝါဒဟူ၍ နှစ်မျိုးရှိသည့်အနက် **"လောကကြီး၏ ဖြစ်ပေါ်ပုံနှင့် ပျက်စီး မှု"**ကို အမှန်အတိုင်း မသိလျှင် ငါ ခံစားသည်၊ ငါ မှတ်မိသည်၊ ငါ ပြုလုပ်သည်၊ ငါ သိသည် စသည်ဖြင့် **"ငါ" ဟူသော အတ္တစွဲ တစ်ခု ဖြစ်ပေါ်လာ၏။** မဟုတ်မမှန်ဘဲ လျက် မှားယွင်းစွာ စွဲယူထားသော ထို'ငါ'ဟူသောအတ္တကို မြဲသည်ဟူ၍လည်းကောင်း၊ အမြဲမတည်ဘဲ ပျက်စီးသည်၊ ပြတ်စဲသည်ဟူ၍ လည်းကောင်း ဆက်လက်ကြံဆကြ သောအခါ **သဿတဝါဒ၊ ဥစ္ဆေဒဝါဒများ ဖြစ်ပေါ်လာရလေသည်။** မြဲသည်ဟု ကြံဆသော သဿတဝါဒသမားများကလည်း မြဲသော (အတ္တ) တစ်မျိုးကို လက်ခံထား ကြသလို၊ ပြတ်စဲသည်ဟု ယုံကြည်သော ဥစ္ဆေဒဝါဒသမားများကလည်း ပြတ်စဲ၏ ဟူသော (အတ္တ) တစ်မျိုးကို လက်ခံထားကြပေသည်။

**အမှန်စင်စစ် ဒုက္ခသဘော(ဆင်းရဲခြင်း)သာလျှင် ဖြစ်ပေါ်လာ၍၊** ထိုဒုက္ခ သဘော (ဆင်းရဲခြင်း) သည်သာလျှင် **ပျက်စီးချုပ်ငြိမ်းသွားလေရာ** ထိုဒုက္ခသဘော ကို ငါဟူ၍လည်းကောင်း၊ **ငါ့ဟာဟူ၍လည်းကောင်း စွဲလမ်းမှတ်ယူခြင်း မပြုသင့်။** ထိုသို့ မစွဲလမ်းလျှင် ငါ ဟူသော အတ္တစွဲ မရှိရကား ငါ (အတ္တ) သည် မြဲသလော၊ ငါ(အတ္တ)သည် မမြဲဘဲ ပြတ်စဲသလောဟု အထွေအထူးကြံဆစရာ မလိုတော့ချေ။ ထိုအခါ သဿတဝါဒ၊ ဥစ္ဆေဒဝါဒပြဿနာများကိုဖြေရှင်းပြီးလည်း ဖြစ်တော့သည် သာတည်း။

**ထိုဝါဒနှစ်မျိုးဖြေရှင်းနိုင်ရန် ပဋိစ္စသမုပ္ပါဒ်နည်းလမ်းမြတ်**

ပုထုဇဉ်သတ္တဝါများသည် ထိုသဿတ၊ ဥစ္ဆေဒဝါဒနှစ်ပါးဖြင့် ရှုပ်ထွေး ပွေလီ နေကြရာ ထိုသဿတနှင့် ဥစ္ဆေဒဝါဒတို့ကို ဖြေရှင်းရန် မြတ်စွာဘုရားသခင် သည် ပဋိစ္စသမုပ္ပါဒ်တရားတော်တည်း ဟူသော နည်းကောင်းနည်းမြတ်ကြီးကို ဖော်ထုတ်ခဲ့ခြင်း ဖြစ်သည်။

http://www.dhammadownload.com



ထိုပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ဟောကြားခြင်းဖြင့် ဒုက္ခကိုလည်းကောင်း၊ ဒုက္ခဖြစ်ကြောင်းကိုလည်းကောင်း၊ ဒုက္ခ၏ချုပ်ခြင်းကိုလည်းကောင်း၊ ဒုက္ခ၏ ချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်မြတ်လမ်းစဉ်ကိုလည်းကောင်း ဟောကြားခြင်း ဖြစ်သလို ရုပ်နာမ်တရားတို့ကို အမှန်အတိုင်း ပိုင်းခြား၍ သိမြင်လာသောအခါ ယခင်က မိမိတို့ကြံစည်စွဲလမ်းခဲ့သော ငါ(အတ္တ)ကို မတွေ့ရဘဲ **"ဒုက္ခအစစ်အမှန်ကိုသာ" တွေ့ရ၍** အတ္တနှင့်ပတ်သက်သော မြဲသလော၊ ပြတ်စဲသလော စသောအမေးပြဿနာတို့၏အဖြေကို သိချင်စိတ် မရှိတော့ချေ။ ဥပမာအားဖြင့်ကား ယုန်၏ဦးချိုသည် ဘယ်နှလက်မ ရှည်သနည်း ဟုမေးသောသူအား လက်တွေ့မျက်မြင် ယုန်ကိုပြလိုက်သောအခါ မိမိမေးခွန်း၏ အဖြေကို သိချင်စိတ် မရှိတော့သကဲ့သို့တည်း။

## အရှိတရား မရှိ၊ အဖြစ်တရားသာ ရှိပုံ

လောက၌ အရှိတရား (အတ္တ) ဟူ၍ မရှိ၊ အဖြစ်တရားသာလျှင် ရှိ၏။ ဥပမာ - မီးသည် ပူ၏ဟု ဆိုရာ၌ ပူသောအခြင်းအရာ ကြိယာသည်သာလျှင် ရှိသည်။ ထိုပူသောအချင်းအရာကြိယာမှတစ်ပါး ပူတတ်သောမီး (ကတ္တား) ဟူ၍ သီးခြားမရှိချေ။ အမှန်စင်စစ် **"စံစားတတ်သူ"၊ "ခံစားတတ်သူ"**ဟူသော **ကတ္တားသဘော (သတ္တဝါ) သည်** လူတို့၏ စိတ်အထင်မျှသာ ဖြစ်၍ တကယ့်အရှိတရား၊ ဝိဇ္ဇမာန **မဟုတ်ချေ။**

သို့ဖြစ်ရာ ငါ (အတ္တ) ရှိသည်၊ ပြုတတ်သူ (ကတ္တား) ရှိသည်၊ သတ္တဝါဟူသည် ထင်ရှားရှိသည်၊ ပရမတ္ထတရားဖြစ်သည်ဟူသော အစွဲအလမ်းများကို လိုလားပွေ့ဖက်ထားကြသမျှကာလပတ်လုံး မြတ်စွာဘုရား၏ ပဋိစ္စသမုပ္ပါဒ်တရားတော်ကို သဘောပေါက်နိုင်မည် မဟုတ်ချေ။

## ဝါဒစွန်းနှစ်ခုအလယ် မဇ္ဈိမပဋိပဒါလမ်းကြောင်းဖြစ်ပုံ

ဤလောကရှိသတ္တဝါတို့သည် များသောအားဖြင့် မြဲသည်ဟူသော သဿတဝါဒ၊ ပြတ်စဲသည်ဟူသော ဥစ္ဆေဒဝါဒ တစ်ခုခုကို စွဲလမ်းနေကြလေရကား ထိုဝါဒနှစ်ခု၏အလယ်မှ ပဋိစ္စသမုပ္ပါဒ်တည်းဟူသော မဇ္ဈိမပဋိပဒါ လမ်းကြောင်းအတိုင်း သွားရန်မှာ လွန်စွာခဲယဉ်းလှပေသည်။

ဤပဋိစ္စသမုပ္ပါဒ်တရားသဘောကို မြတ်စွာဘုရားက တည်ထောင် ဖန်တီးထားသည်မဟုတ်။ ဘုရားပွင့်တော်မူသည်ဖြစ်စေ၊ ပွင့်တော်မမူသည်ဖြစ်စေ ဤတရားသဘောသည် ရှိနေသည်သာ ဖြစ်၏။ သို့သော် ဘုရားရှင်တို့ ပွင့်ထွန်း ပေါ် ပေါက်တော်

http://www.dhammadownload.com



မူသောအခါမှသာလျှင် ထိုဘုရားရှင်တို့၏ ဖော်ထုတ်ဟောကြားမှုကြောင့် ဤတရားတော်ကို သတ္တဝါတို့ သိခွင့်ရကြသည်။ အကယ်၍ ဘုရားပွင့်တော်မမူသော်လည်းကောင်း၊ ဘုရားပွင့်တော်မူသော်လည်း တရားတော်ကို မနာယူရသော်လည်းကောင်း၊ တရားတော်ကို နာယူရသော်လည်း သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ဝါဒဆိုးကြီးများကို စွဲလမ်းဆုပ်ကိုင်ထားသော်လည်းကောင်း ဤပဋိစ္စသမုပ္ပါဒ် တရားသဘောကို သိရှိနားလည်နိုင်ကြမည်မဟုတ်ပါ။

## ပဋိစ္စသမုပ္ပါဒ်ကိုမသိဘဲ သံသရာမှ မလွတ်မြောက်နိုင်ပုံ

ဤပဋိစ္စသမုပ္ပါဒ်တရားတော်သည် နက်ယောင်နဲ့ နက်၏။ ခက်ယောင်နဲ့ ခက်၏။ ဤတရားတော်ကို "လွယ်သည်၊ တိမ်သည်" ဟုပြောသော အရှင်အာနန္ဒာ အားမြတ်စွာဘုရားက "မာဟေဝံ အာနန္ဒ"၊ "အာနန္ဒာ ဒီလိုမပြောနဲ့" ဟုတားမြစ်တော်မူလေသည်။ မည်မျှပင် အသိခက်၍ နက်နဲခြားသော်လည်း ဤပဋိစ္စသမုပ္ပါဒ် တရားတော်ကို ပိုင်းခြား၍ မသိဘဲ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်မည် မဟုတ်ချေ။ ဤတရားကို မသိဘဲ သမဏဗြာဟ္မဏဟုလည်း အခေါ် မခံထိုက်ချေ။

ပွင့်တော်မူပြီး၊ ပွင့်တော်မူဆဲ၊ ပွင့်တော်မူလတ္တံ့သောဘုရားရှင်တို့သည် ဤပဋိစ္စသမုပ္ပါဒ်တရားတော်ကို ပိုင်းခြား၍ သိတော်မူကြခြင်းကြောင့် ဘုရားအဖြစ်သို့ ရောက်တော်မူပြီး၊ ရောက်တော်မူဆဲ၊ ရောက်တော်မူလတ္တံ့ဖြစ်ကြသည်။ သတ္တဝါအပေါင်းသည် ဤပဋိစ္စသမုပ္ပါဒ်တရားတော်ကို ပိုင်းခြား၍ မသိသေးသမျှ ကာလပတ်လုံး သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတည်းဟူသော ချောက်ကြီးတစ်ခုခုအတွင်းသို့ ကျရောက်ကာ ဆင်းရဲဒုက္ခအပေါင်းကို ခံစားနေကြရဦးမည်သာ ဖြစ်၏။ ထို့ကြောင့် သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်လိုသူတို့သည် ဤပဋိစ္စသမုပ္ပါဒ်တရားတော်ကို ထိုးထွင်းသိမြင်နိုင်ရန် ကြိုးပမ်းကြရန်သာ ဖြစ်ကြောင်းကို နိဒါနသံယုတ်၌ ဟောကြားတော်မူခဲ့သည်မှာလည်း အထင်အရှားပင် ဖြစ်သည်။

ဧတဿ အာနန္ဒ ဓမ္မဿ အနနုဗောဓါ
အပ္ပဋိဝေဓာ ဧဝ မယံ ပဇာ တန္တာကုလက ဇာတာ၊
ဂုဠိ ဂုဏ္ဏာကဇာတာ၊ မုဉ္စပဗ္ဗဇဘူတာ၊ အပါယံ
ဒုဂ္ဂတိံ ဝိနိပါတံ သံသာရံနာတိ ဝတ္တတိ။

အာနန္ဒ-အာနန္ဒာ။ ဧတဿ ဓမ္မဿ-ဤပဋိစ္စသမုပ္ပါဒ်တရားကို၊ အနနုဗောဓာ-မသိခြင်းကြောင့်၊ အပ္ပဋိဝေဓာ - အသိဉာဏ်မပေါက်ခြင်းကြောင့်၊ ဧဝံ - ဤသို့ အယံ

http://www.dhammadownload.com



ပဇာ - ဤပုထုဇဉ်သတ္တဝါအပေါင်းတို့သည်၊ တန္တာကုလကဇာတာ - မသင်နိုင်သော ရက်ကန်းထွေးအူပေါက်ကဲ့သို့ ရှုပ်ထွေး၍နေကုန်၏၊ မုဉ္ဇ ပဗ္ဗဇဘူတာ - ဖြူဆံမြက်တော၊ ပြိန်းမြက်တောကဲ့သို့ ရှုပ်ထွေး၍နေကြကုန်၏။ ဂုဠီဂုဏ္ဌိကဇာတာ - စာပေါင်းသိုက်ကဲ့သို့ ထွေးယှဉ်၍နေကြကုန်၏၊ အပါယံ - ချမ်းသာကင်းရာ ဖြစ်သော၊ ဒုဂ္ဂတိံ - မကောင်းသဖြင့် လားရာဖြစ်သော၊ ဝိနိပါတံ - အလိုဆန္ဒကင်း၍ ကျရာဖြစ်သော၊ သံသာရံ - သံသရာကို၊ နာတိဝတ္တတိ - မလွတ်နိုင်ဟူ၍ သိမြင်ရာ၏။

## ကြောင်းကျိုးဆက်နွယ်မှုပြ အမြင့်ဆုံးတရားများ

ဗုဒ္ဓဘုရားရှင်သည် သံသရာမှလွတ်မြောက်လိုသူများအတွက် ဗုဒ္ဓ၏ အမြင့်ဆုံးတရားများအနေဖြင့် အကြောင်းကြောင့် အကျိုးဖြစ်ပုံ အလုံးစုံကို သစ္စာလေးပါးဖြင့် တစ်မျိုး၊ ပဋိစ္စသမုပ္ပါဒ်ဖြင့် တစ်ဖုံ၊ ပဋ္ဌာန်းနည်းအစုံစုံတို့ဖြင့် အမျိုးမျိုးအဖုံဖုံ ဟောကြားတော်မူခဲ့သည်။ အကြောင်းအကျိုးဆက်စပ်ပုံကို ပြဆိုရာ၌ -

| | | |
|---|---|---|
| သစ္စာလေးပါးနည်းသည် | - | အကျဉ်း။ |
| ပဋိစ္စသမုပ္ပါဒ်နည်းသည် | - | မကျဉ်းမကျယ်။ |
| ပဋ္ဌာန်းနည်းသည် | - | အကျယ်ပြဆိုချက် ဒေသနာဖြစ်သည်။ |

## ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး သဘောသွားတူပုံ

ပဋိစ္စသမုပ္ပါဒ်တရားသည် သစ္စာလေးပါးတရားမှာကဲ့သို့ အကြောင်း အကျိုးပြ ဒေသနာသာဖြစ်၍ အခေါ်သာကွဲသော်လည်း ကြောင်းကျိုးဆက်နွယ်မှုပြတရားသဘောကတော့ အတူတူသာပင် ဖြစ်သည်။ ထို့ကြောင့်လည်း မူလပဏ္ဏာသ သမ္မာဒိဋ္ဌိသုတ်တွင် ပဋိစ္စသမုပ္ပါဒ် အင်္ဂါတစ်ပါးစီကို သစ္စာလေးချက်စီနှင့် အင်္ဂါ (၁၂) ပါးအတွက် သစ္စာ (၄၈) ချက်ဖြင့် ပြဆိုထားလေရာ၊ ဥပမာကား - အဝိဇ္ဇာကို အကျိုးတရားယူလျှင် အဝိဇ္ဇာ၏အကြောင်းတရားက သမုဒယသစ္စာ။ အဝိဇ္ဇာချုပ်သွားလျှင် နိရောဓသစ္စာ - နိဗ္ဗာန်။ အဝိဇ္ဇာကို သတ်တာက မဂ္ဂသစ္စာ ဟူ၍တည်း။

## ပဋိစ္စသမုပ္ပါဒ်နှင့် ပဋ္ဌာန်းအထူး

ပဋိစ္စသမုပ္ပါဒ်နည်းသည် အဝိဇ္ဇာဟူသော ပစ္စည်းနှင့်၊ သင်္ခါရ ဟူသော ပစ္စယုပ္ပန်တို့၏ အကြောင်းအကျိုးဆက်နွယ်မှုကိုသာ ပြ၏။ မည်သည့်ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟူသော ပစ္စယသတ္တိထူးကို မပြချေ။

http://www.dhammadownload.com



ပဋ္ဌာန်းနည်းတွင်မူကား "ဟေတု" ဖြင့် ပစ္စည်းကို ပြ၏။ "ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စရူပါနံ" ဖြင့် ပစ္စယုပ္ပန်ကို ပြ၏။ "ဟေတု ပစ္စယေန"ဖြင့် ဟေတုပစ္စယသတ္တိကို ပြ၏။ ဤသို့အားဖြင့် ပစ္စည်း၊ ပစ္စယုပ္ပန် တို့ကိုသာမက ပစ္စယသတ္တိထူးကိုပါ သေသေချာချာ ထုတ်ဖော်ပြသည်ကို သိရှိမှတ်သားရာ၏။

**အရှင်အဿဇိမထေရ်၏ အကြောင်းအကျိုးပြဂါထာ**

"ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေ သံ ဟေတုံ တထာ

ဂတောအာဟ၊ တေသဉ္စ ယော နိရောဓော၊

ဧဝံဝါဒီ မဟာသမဏော"

အရှင်သာရိပုတ္တရာအလောင်း ဥပတိဿပရိဗိုဇ်အား သောတာပန် တည်စေသော အရှင်အဿဇိမထေရ် ဟောပြသည့် ဂါထာတစ်ပုဒ် ဖြစ်သည်။

ယင်းဂါထာကို သစ္စာလေးပါးပြဂါထာဟု အဋ္ဌကထာကဆိုပြီး သစ္စာလေးပါးဖြင့် ဝေဖန်ပြဆိုထားပုံက -

အကြင်တရားတို့သည် အကြောင်းလျှင် အမွန်အစရှိကြသည်ဟူသော "ယေ ဓမ္မာ ဟေတုပ္ပဘဝါ" အပိုဒ်ဖြင့် သမုဒယသစ္စာကြောင့် ဖြစ်သည့် ဥပါဒါနက္ခန္ဓာ ငါးပါး ဒုက္ခသစ္စာတရားကို ပြသည်။ ထိုအကျိုးတရားတို့၏အကြောင်းကို ဟောသည့် "တေ သံ ဟေတုံ တထာဂတော အာဟ" ဟူသော အပိုဒ်ဖြင့် အကြောင်း သမုဒယသစ္စာကို ပြသည်။ ဤသို့အားဖြင့် "လောကမှာ အကျိုးဆင်းရဲတရားနှင့် အကြောင်းတရား ဒီ နှစ်ပါးသာ ရှိတယ်" လို့ သဘောပေါက် နားလည်စေပါသည်။ ထိုအကြောင်းအကျိုးတရားတို့၏အကြင်ချုပ်ခြင်းနှင့် ချုပ်ခြင်းသို့ ရောက်စေကြောင်း ဖြစ်သော "တေသဉ္စယော နိရောဓော"အပိုဒ်ဖြင့် နိရောဓသစ္စာနှင့် မဂ္ဂသစ္စာကို ပြသည်ဟူ၍ အဋ္ဌကထာက ဆိုသည်။

ဝိသုဒ္ဓိမဂ် မဟာဋီကာ အလိုအားဖြင့်တော့ ထိုဂါထာသည် နိဒါနဝဂ္ဂ သံယုတ်ပါဠိ ဒသဗလဝဂ် ပဌမသီဟနာဒ (ဒသဗလ) သုတ်၏ "ဤအကြောင်းတရားရှိလျှင် ဤအကျိုးတရားရှိသည်" "ဤအကြောင်းတရားမရှိလျှင် အကျိုးတရားမရှိတော့" အစရှိသည့် အနက်ကိုပဲ အကျဉ်းချုပ်ပြဆိုထားတာဖြစ်လို့ ပဋိစ္စသမုပ္ပါဒ် ဒေသနာဖြစ်သည် ဟု ဆိုထားပြန်ပါသည်။ "ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ" ဆိုသည့် ရှေ့နှစ်ပိုဒ်ဖြင့် ပဋိစ္စသမုပ္ပါဒ် အနုလုံကို ပြ၍ "တေ သဉ္စာယော

http://www.dhammadownload.com



နိရောဓော” အပိုဒ်ဖြင့် ပဋိစ္စသမုပ္ပါဒ်ပဋိလုံကို ပြသည်ဟု မှတ်ယူနိုင်သဖြင့် ဤဂါထာကို ပဋိစ္စသမုပ္ပါဒ်အနုလုံ - ပဋိလုံ အကျဉ်းချုပ် ဂါထာ ဟုလည်း မှတ်ယူသင့်ပေသည်။

မဟာယာန ပိဋကကျမ်းထဲမှာတော့ ထိုဂါထာကို ပဋိစ္စသမုပ္ပါဒ်အကျဉ်းချုပ်သုတ်ဟုပင် ဆိုထားပေသည်။

## ပဋိစ္စသမုပ္ပါဒ်သိသူသည် တရားသိသူ မည်ပုံ

အမှန်စင်စစ်မူကား ဒုက္ခနှင့် သမုဒယသည် ပဋိစ္စသမုပ္ပါဒ်အနုလုံနှင့် သက်ဆိုင်ပြီး၊ နိရောဓနှင့် မဂ္ဂသည် ပဋိစ္စသမုပ္ပါဒ်ပဋိလုံနှင့် သက်ဆိုင်သဖြင့် သစ္စာလေးပါးပြလျှင် ပဋိစ္စသမုပ္ပါဒ်အနုလုံ - ပဋိလုံကို ပြဆိုရာရောက်သလို၊ **ပဋိစ္စ သမုပ္ပါဒ် အနုလုံ -ပဋိလုံကို ပြလျှင်လည်း သစ္စာလေးပါးကို ပြဆိုရာရောက်ကြောင်း** သိရှိနားလည်ရာ၏။

“စတုသစ္စ ဝိနိမုတ္တော ဓမ္မောနာမနတ္ထိ” အရ-

- **သစ္စာလေးပါးမှ လွတ်သောတရားမည်သည် မရှိဟုဆိုလျှင်**
- **ပဋိစ္စသမုပ္ပါဒ်မှ လွတ်သောတရားမည်သည်လည်း မရှိသကဲ့သို့**
- **ပဋ္ဌာန်းတရားတော်မှ လွတ်သောတရားမည်သည်လည်း မရှိနိုင်** ဟုသာ ဆိုရပေလိမ့်မည်။

ထို့ကြောင့်လည်း “ယော ဓမ္မံ ပဿတိ၊ သောပဋိစ္စသမုပ္ပါဒံ ပဿတိ”၊ “ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ၊ သောဓမ္မံ ပဿတိ”၊ ဆိုသည့်အတိုင်း “ပဋိစ္စသမုပ္ပါဒ်ကိုသိသူသည် တရားသိသူ မည်ပါပေသည်” ဟု ဆိုရပေတော့သည်။

## သစ္စာလေးပါးနှင့် ပဋိစ္စသမုပ္ပါဒ် အပြန်အလှန် အကျုံးဝင်ပုံ

ကျေးဇူးရှင်မြို့မိဆရာတော်ဘုရားကြီးက သစ္စာလေးပါးတရား အနှစ်ချုပ်ကို -

ဖြစ်ချင် ဖြစ်
မဖြစ်ချင် မဖြစ်
သစ္စာလေးပါး အစစ် ဟူ၍လည်းကောင်း။

**မင်းဘူးမြို့သစ္စဒီပကဆရာတော်ကြီး ဘဒ္ဒန္တရေဝတထေရ် ကလည်း-**

ဖြစ်လိုမှုကြောင့် ဖြစ်မှု ဇာတိဒုက္ခ
ဖြစ်ချင်လိုမှု ပယ်စွန့်ပြု ချုပ်မှု ထိုဒုက္ခ။

http://www.dhammadownload.com



ဖြစ်လျှင် ဒုက္ခ ချုပ်မှ သုခနိဗ္ဗာန်

ချုပ်ခြင်းအမှု နှစ်သက်ပြု ပြီးမှု မဂ်ကိစ္စ ဟူ၍လည်းကောင်း

**ကျေးဇူးရှင် ဒီပဲယင်းဆရာတော်ဘုရားကြီးကလည်း** ပဋိစ္စသမုပ္ပါဒ် တရားအနှစ်ချုပ်ကို-

မသိလျှင်တွယ်၊ သိလျှင်ပြယ်သည်

တွယ်လျှင်လည်းဘေး၊ ပြယ်လျှင်အေးသည်

မသိက တစ်ပတ် ပတ်၊ သိမှ အပြီးသတ်သည်။

မသိ အစ

သိက အဆုံး

ကိစ္စတုံးသည်။

မသိကား အဝိဇ္ဇာ။ သိကား ပညာ (ဝိဇ္ဇာ) ဟူ၍လည်းကောင်း ပြဆိုထားရာတွင် တစ်ခုသည် တစ်ခု၌ အသီးသီး အပြန်အလှန်အကျုံးဝင်နေကြသည်သာ ဖြစ်လေရကား၊ သစ္စာလေးပါးနည်းနှင့် ပဋိစ္စသမုပ္ပါဒ်နည်းတို့သည် အကျဉ်းအကျယ် သဘောမှတစ်ပါး၊ အကြောင်းအကျိုးပြ တရားသဘောအားဖြင့် အတူတူသာပင်ဟု အကြမ်းဖျင်းအားဖြင့် ဆိုနိုင်ရာ၏။

**လော - ဒေါ - မော ကုန်ခန်းရေးတစ်မူတည်းသာ**

ထို့ကြောင့် အကြောင်းအကျိုးဆက်နွယ်မှုကို ပြဆိုသောတရားတော်ချည်းအနေအားဖြင့်ကား၊ သစ္စာလေးပါးက တစ်မျိုး၊ ပဋိစ္စသမုပ္ပါဒ်က တစ်မျိုး၊ ပဋ္ဌာန်းက တစ်မျိုးဟု ထင်မြင်စရာမရှိဘဲ၊ မည်သည့်တရားတော်မှာပဲဖြစ်ဖြစ် လောဘကုန်ရေး၊ ဒေါသကုန်ရေး၊ မောဟကုန်ရေး၊ အာသဝက္ခယ - အာသဝေါ ကုန်ခန်းရေး၊ ကိလေသက္ခယ-ကိလေသာကုန်ခန်းရေးတစ်မူတည်းသာလျှင် ဖြစ်ကြကုန်၏ဟူ၍သာ သိထားရာ၏။

**ဓမ္မသံဝေဂ တရားကြီး ဖြစ်ပုံ**

ဘဝသုံးပါး၊ ဟုန်းဟုန်းသွား၍၊ ဝဋ်သုံးပါးတို့ မပြတ်ဖြစ်ကာ၊ စက်ရဟတ်ပမာ၊ တလစပ်လည်ပတ်ခြင်းဖြင့် ချမ်းသာမဖက်၊ သက်သက်သော ဆင်းရဲစု ဒုက္ခတုံးဒုက္ခခဲကြီးအဖြစ်၊ လောကကို သိမြင်သဘောပေါက်သူများအတွက်၊ ဤပဋိစ္စသမုပ္ပါဒ်တရားတော်သည် အင်မတန်ကြောက်စရာ၊ ထိတ်လန့်စရာကောင်းသော "ဓမ္မသံဝေဂတရားကြီး" စင်စစ်မသွေ ဖြစ်ပါပေလိမ့်မည်။

http://www.dhammadownload.com



- အဝိဇ္ဇာ ဘယ်မှာနေ၊ ကိုယ့်စိတ်ထဲမှာနေ
- တစ်ခါတလေ မိုက်မဲမှု၊ သင်္ခါရကိုပြု။
- သူပြုမိတော့ ဝိညာဏ်တွယ်၊ နာမ်ရုပ်အိမ်ကိုတည်
- အကြည်ခြောက်သွယ်မှန်တံခါး၊ ကောင်းစွာတပ်ဆင်ထား
- အာရုံခြောက်ပါး တွေ့ဆုံသော်၊ တံခါးပေါက်မှာပေါ်
- ပေါ်လာလေသည့် အာရုံများ၊ ကောင်းစွာသူခံစား
- ခံစားမိတော့ နှစ်သက်ပြန်၊ စွဲလမ်းဥပါဒါန်
- ဥပါဒါန်ကြောင့်ရလို့မှု၊ ကံတွေထပ်လို့ပြု
- ကံပြုမိတော့ ဘဝတွယ်၊ ဇာတိထပ်လို့ခြယ်
- ဇာတိခြယ်တော့ အို၊ နာ၊ ဆုံး
- သေတော့ "ခေါင်း" (တလား) တစ်လုံး။

ဟူသောပဋိစ္စသမုပ္ပါဒ်ဖြစ်ရပ်မှန်သဘာဝ သရုပ်သဏ္ဌာန်ကို ဖော်ပြသည့် "ဘုရားဒကာဘိုးဘချင်း"၏အထက်ပါလင်္ကာမျှသည်ပင်လျှင် ပါရမီဓာတ်ခံရှိကြသူများအတွက် "ဓမ္မသံဝေဂတရား" အသွင်ဆောင်နေလိမ့်မည်သာတည်း။

**ရည်ရွယ်ချက်၊ ဆန္ဒနှင့် အာသီသစကား**

- တရားကိုးပါး "ဆေး" အလား။
- ဘုရားကား ဆေးစား၍ ရောဂါစင်ပြီး "ဆေးဆရာ"။
- သံဃာကား ဆေးကု၍ "ရောဂါစင်"။
- ပုထုဇဉ်ကား မိုက်၊ ရှုပ်၊ ညစ်၊ နောက်၊ အပူရောက်၍ ပူလား၊ ပင်လား "ရောဂါသမား"။

ဟုဘုရားရှင်ဟောကြားချက်တွင်-

မောဟ - အမိုက်၊ တဏှာ - အရှုပ်၊ ကိလေသာ - အညစ်

နီဝရဏ - အနောက်၊ တစ်ဆယ့်တစ်ပါးသော မီး - အပူ၊

ဤငါးခုမူ "ရောဂါဆိုး"။

ဟုပြဆိုထားလေရကား -

- "သံဝေမပါ တရားမရှာနှင့်" ဆိုသော ရှေးပညာရှိတို့စကား အရှိထား၍ အဓိက လိုအပ်ချက်ဖြစ်သည့် "ဓမ္မသံဝေဂ" ရစေရန်နှင့်။

http://www.dhammadownload.com



- ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာတည်း ဟူသော "အမြိုက်ဆေးကြီး၏ အချက်အရာ ကိလေသာ" ဆိုသည့်စကားအတိုင်း ဒိဋ္ဌိကိလေသာ အနာဆိုး၊ ရောဂါဆိုးတို့ကို အပြီးတိုင် ပယ်သတ်နိုင်စေရန် စိတ်ရည်သန်၍
- ပုထုဇဉ်ဘဝအဆုံးသတ်၍သောတာပန်ဖြစ်ရေး အဓိက ဦးတည်ပေးလိုသည့် ဆန္ဒမွန်ဖြင့် ဤပဋ္ဌိစ္စသမုပ္ပါဒ်အလင်းကျမ်းကို ရေးသား ပြုစုခဲ့ခြင်းဖြစ်ပါသည်။

နိဗ္ဗာန်အကျိုးမျှော်၍ တရားဘာဝနာ ကျင့်ကြံပွားများ အားထုတ်ကြသူ ဓမ္မမိတ်ဆွေများသည် ဓမ္မသံဝေဂဉာဏ်အဆင့်ဆင့်ရင့်သန်၍ ယထာဘူတဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မဂ်ဉာဏ်အစဉ်အတိုင်း တက်လှမ်းခြင်းဖြင့် နိဗ္ဗာန်အငြိမ်းစံနိုင်ကြပါစေဟု အာသီသစကား မြွက်ကြားအပ်ပါသည်။

## လယ်တီဉပနိဿယ ပဋ္ဌိစ္စသမုပ္ပါဒ် အလင်းကျမ်းမည်ပုံ

ဤစာအုပ်တွင် လယ်တီဆရာတော်ဘုရားကြီးအပြင် အခြားဆရာတော်ကြီး အမြောက်အမြား၏ ပဋ္ဌိစ္စသမုပ္ပါဒ်မိန့်ဆိုချက်အများအပြား ပါဝင်သော်လည်း လယ်တီဆရာတော်ဘုရားကြီး၏ ပဋ္ဌိစ္စသမုပ္ပါဒ်ပို့လက်ာ(၁၃) ပုဒ်အခြေခံ ပဋ္ဌိစ္စသမုပ္ပါဒ် ဒီပနီကျမ်းကို အဓိက မှီငြမ်းပြုတင်ပြထားခြင်း ဖြစ်လို့ "လယ်တီဆရာတော်ဘုရားကြီး၏ ဉပနိဿယ ပဋ္ဌိစ္စသမုပ္ပါဒ်" ဟူ၍ အမည်ရပြီး အဝိဇ္ဇာ - မောဟ အမိုက်မှောင်ဓာတ်ကို ပဋ္ဌိစ္စသမုပ္ပါဒ်ဉာဏ် ဝိဇ္ဇာဓာတ် အလင်းရောင်ဖြင့် အလင်းဆောင်မည့် သဘောအဓိပ္ပာယ်ကို ခပ်လွယ်လွယ် သိစေလို၍ "ပဋ္ဌိစ္စ သမုပ္ပါဒ် အလင်းကျမ်း" ဟူ၍လည်း အမည်ရခြင်းဖြစ်သည်။

## စာပြုသူ၏ စေတနာနှင့် တိုက်တွန်းချက်

စာပြုသူ၏ စေတနာမှာလည်း ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကြီးကို တစ်နေရာတည်း၌ တစ်စုတစ်ပေါင်းတည်း အလွယ်တကူ လေ့လာသင်ယူနိုင်စေခြင်း အလို့ငှာဖြစ်၍ ယခုကဲ့သို့ ဆရာအများ၏ အဆိုအမိန့်အမြောက်အမြားကို ဤစာအုပ်တစ်ခုတည်း၌ အတူပူးတွဲ၍ တစ်ပေါင်းတည်း တင်ပြထားရခြင်း ဖြစ်ပါသည်။

ထိုသို့ တစ်ပေါင်းတည်း တင်ပြရာတွင် မလွဲမရှောင်သာ စာထပ်နေသည်များကို သည်းခံခွင့်လွှတ်၍ လယ်တီဆရာတော်ဘုရားကြီး၏ "ပို့လက်ာ အဖြေလွှာ" များအထိ ကြိုးစားဖတ်ရှုလေ့လာကြရန် တိုက်တွန်းအပ်ပါသည်။ အထူးသဖြင့် ပဋ္ဌိလောမ

http://www.dhammadownload.com



ပဋိစ္စသမုပ္ပါဒ် - ချုပ်စဉ်ပြ အခန်း (၃) တစ်ခုလုံးကို အဆုံးတိုင် ကြိုးစားဖတ်ရှု လေ့လာရန် တိုက်တွန်းအပ်ပါသည်။ အကြောင်းမှာ ထိုပို့လက်ာအဖြေလွှာ ထုတ်ပြသည့် အခန်း(၂)နှင့် ပဋိလောမပဋိစ္စသမုပ္ပါဒ်-ချုပ်စဉ်ပြ အခန်း(၃) တွင် ပဋိစ္စသမုပ္ပါဒ် တရားသဘောများကိုသာမက ဓာတ်အခြေခံ နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်သဘောတရားများကိုပါ အပြည့်အစုံ ရှင်းလင်းဖော်ပြထားသောကြောင့်တည်း။

**အခန်း (၃) ခန်း ပါရှိ**

ဤစာအုပ်တွင် အခန်း (၃) ခန်းပါရှိရာ-

- အခန်း (၁) တွင် ပဋိစ္စသမုပ္ပါဒ် ပါဠိတော်နှင့် အင်္ဂါ (၁၂) ပါး၏ အနက်အဓိပ္ပာယ်၊ သဘောသရုပ်၊ တရားကိုယ်၊ အရကောက်တို့ကို လယ်တီဆရာတော်ဘုရားကြီး၏ ပရမတ္ထသံခိပ်ကျမ်းလာအတိုင်း ရှင်းပြ၍ မူလနှစ်ပါး၊ သစ္စာနှစ်ခု၊ အလွှာလေးခု၊ အစပ်သုံးပါး၊ ဝဋ်သုံးပါး၊ ကာလသုံးပါး၊ ခြင်းရာနှစ်ဆယ် စသည်တို့ကို စက်ဝိုင်းနည်း၊ ဇယားနည်းအပြင် အင်္ဂါ (၁၂)ပါးကို အခြေခံ၍ သံသရာစက်လည်ပုံပြတ်ပုံနှင့်တကွ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၏လှည်းဘီးဝင်ရိုး ချိုးပုံအထိ သောင်းပြောင်းထွေလာ ပြဆိုထားပါသည်။
- အခန်း (၂) တွင်မူ "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ" မှ အစပြု၍ အဝိဇ္ဇာ - အကြောင်းတရားကြောင့်၊ သင်္ခါရ - အကျိုးတရားတို့ ဖြစ်ပေါ်ပုံ အစုံစုံကို၊ အခြားဆရာတော်ဘုရားကြီးများ၏ မိန့်ဆိုချက်များအပြင်၊ လယ်တီဆရာတော်ဘုရားကြီး၏ ပဋိစ္စသမုပ္ပါဒ်ပို့လက်ာ အကျဉ်းချုပ် (၁၃) ပုဒ်၏ အဖြေစကားများဖြင့် အနုလောမပဋိစ္စသမုပ္ပါဒ် "ဖြစ်စဉ်အတိုင်း" ပြည့်ပြည့်စုံစုံ တင်ပြထားပါသည်။
- အခန်း (၃) တွင်မူကား ပဋိလောမ ပဋိစ္စသမုပ္ပါဒ် "ချုပ်စဉ်" အတိုင်း နိဗ္ဗာန်ရောက်ကြောင်း ဓာတ်သဘော အခြေခံကျင့်စဉ်လမ်းများဖြင့် ပြည့်ပြည့်စုံစုံ တင်ပြထားပါသည်။

လယ်တီဆရာတော်ဘုရားကြီးသည် ၁၂၅၇-ခုနှစ်အတွင်း အိန္ဒိယနိုင်ငံ မဟာဗောဓိသို့ ဖူးမြော်သွားရာ မန္တလေးမြို့မှ ရန်ကုန်မြို့သို့အထွက် မီးရထားထက်တွင် ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးကို အကျဉ်းချုံး၍ ပို့လက်ာ (၁၃) ပုဒ်ဖြင့် သီကုံး ဖွဲ့ဆိုပူဇော်ခဲ့သည်။ ယင်း "ပဋိစ္စသမုပ္ပါဒ်ပို့လက်ာအကျဉ်းချုပ် (၁၃) ပုဒ်၏ "လက်ာ အဖြေ

http://www.dhammadownload.com



စကား” ကို လယ်တီဆရာတော်ဘုရားကြီးကိုယ်တိုင်အပြင်၊ မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသကိုယ်တိုင်ကလည်း အဖြေစကား ရေးသား ပူဇော်ထားရာ လယ်တီဆရာတော်ဘုရားကြီး၏ ပဋိစ္စသမုပ္ပါဒ် ဒီပနီကျမ်းနှင့် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ မဟာဗုဒ္ဓဝင် ပဉ္စမ တွဲ (စာ။ ၆၈၉-၇၃၉) တို့၌ အသီးသီး ပါရှိပါသည်။

ထိုနည်းတူ လယ်တီဆရာတော်ဘုရားကြီး၏ “ပရမတ္ထသံခိပ်ကျမ်း၏ အဖြေစကား” များကိုလည်း ဆရာတော်ဘုရားကြီးနှစ်ပါးလုံးက ဖြေဆိုပူဇော်ထားကြရာ လယ်တီဆရာတော်ဘုရားကြီး၏ ပရမတ္ထသံခိပ်ကျမ်းရင်းနှင့် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး ဖြေဆိုပူဇော်သည့် “ပရမတ္ထသံခိပ်အဖြေစကားပြေကျမ်း”တို့၌ အသီးသီး ပါရှိပါသည်။

ပဋိစ္စသမုပ္ပါဒ်ပို့ လက်ာအဖြေနှစ်ရပ် စာမထပ်ရအောင်၊ မူရင်းစာသား လိုရင်း အဓိပ္ပာယ်ကိုလည်း မပျက်စေဘဲ မိမိဉာဏ်မီသလောက် အနှစ်ထုတ်၍ အကျဉ်းချုံး တင်ပြထားခြင်းဖြစ်ရာ တစ်စုံတစ်ရာ ချို့ယွင်းချက်ရှိပါက ဆရာတော် ဘုရားကြီးများ၏ တာဝန် မဟုတ်။ စာပြုသူမိမိတာဝန်သာ ဖြစ်ပါသည်။

ထိုနည်းတူ အခြားအခြားသော ဆရာတော်ဘုရားကြီးများ၏ပဋိစ္စသမုပ္ပါဒ် မိန့်ဆိုချက်များကို အကျဉ်းချုံး၍ ကောက်နုတ်တင်ပြထားရာ၌လည်း ချို့ယွင်းချက် တစ်စုံတစ်ရာအတွက် စာပြုသူ မိမိတာဝန်သာဖြစ်ပါသည်။

**နိဂုံးစကား**

နိဂုံးချုပ်အနေဖြင့် ကွန်ပျူတာ စာကြမ်းကို ဖတ်ရှုပြင်ဆင်ပြီး “ပဋိစ္စသမုပ္ပါဒ် အလင်းကျမ်း”အမည်နှင့်တကွ “အမှာစာ”ရေးသား ချီးမြှင့်ပေးသော ဓမ္မာစရိယ ဦးသန်းခင် (ရွှေဂူစံ) နယ်လှည့်လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယ ဆရာကြီးအား လည်းကောင်း၊

- ကျွန်ုပ်၏ အင်မတန်ရှုပ်ထွေးလှသော မသပ်မရပ်လက်ရေးစာမူကြမ်း ကို ကုသိုလ်ရေးမို့ စိတ်ရှည်ဇွဲသန်၊ သည်းညည်းခံ၍၊ ပြီးမြောက်အောင် ကွန်ပျူတာ စာစီပေးခဲ့သော ဒေါ်သီတာကျော်၊ ပုလဲမိတ္တူနှင့် ကွန်ပျူတာစာစီ အား လည်းကောင်း၊

- လက်ရေးစာမူကြမ်းနှင့် ကွန်ပျူတာစာကြမ်းများကို အကြိမ်ကြိမ် အထပ် ထပ် ဖတ်ရှုပြင်ဆင်ပေးခဲ့သော ဇနီး ဒေါ်မူမူဟန် (B.Sc, B.L, R.A) တရားရုံးချုပ် ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း) အား လည်းကောင်း၊

http://www.dhammadownload.com



- ဤပဋ္ဌိစ္စသမုပ္ပါဒ်ကျမ်းစာအုပ်ကို လိုအပ်ချက်တစ်ရပ်အနေဖြင့် ရေးသားပြုစု ဖြန့်ဝေပေးပါရန် စေတနာမှန်ဖြင့် အကြိမ်ကြိမ် တိုက်တွန်းပြောဆို တွန်းအားပေးခဲ့သူ ဓမ္မမိတ်ဆွေကြီး ဦးကျော်မင်းဦး (IMC ယောဂီ) အား လည်းကောင်း၊

- ဤစာအုပ်ပုံနှိပ်ထုတ်ဝေ လှူဒါန်းဝေငှ ဓမ္မဒါနပြုနိုင်ရေးအတွက် အလှူငွေ ထည့်ဝင်လှူဒါန်းကြကုန်သော ပါရမီဖြည့်ဖက် ဓမ္မမိတ်ဆွေ အလှူရှင်အပေါင်းတို့အားလည်းကောင်း အထူးကျေးဇူး ဥပကာရ တင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

နိဗ္ဗာန် အငြိမ်းစံ နိုင်ကြပါစေ။

ဦးသိန်းဟန်
လယ်တီကမ္မဋ္ဌာနာစရိယ
အမှတ် (၈၁)၊ ကန်လမ်း (တံတားဖြူ)၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
၂၀၀၉ ခုနှစ် ဇူလိုင်လ ၇ ရက်။

http://www.dhammadownload.com



# ဖားအောက်တောရဆရာတော်ဘုရားကြီး၏
# ကံ အကျိုးပေး ဆန်းကြယ်ပုံ

* သတ္တဝါတွေကို မတူညီအောင် ပြုပြင်ပေးနေတဲ့ ဒီကံတွေက ထူးထွေ ကွဲပြားမှု ရှိတယ်။
* ဒီလို ထူးထွေကွဲပြားတဲ့အတွက် သတ္တဝါတွေဟာ တစ်ဦးနဲ့တစ်ဦး မတူညီဘဲ အကျိုးပေးတွေလည်း ထူးထွေကွဲပြားမှု ရှိလာတယ်။
* လူ့ဘဝရောက်ကြောင်း ကံကို ပြုစုပျိုးထောင်စဉ်အချိန်အခါတည်းက-
  - လောဘထူပြောတဲ့ သတ္တဝါ ဖြစ်အောင်
  - ဒေါသထူပြောတဲ့ သတ္တဝါ ဖြစ်အောင်
  - မောဟထူပြောတဲ့ သတ္တဝါ ဖြစ်အောင်
  - အလောဘဓာတ် ထူပြောတဲ့ သတ္တဝါ ဖြစ်အောင်
  - အဒေါသဓာတ် မေတ္တာဓာတ် ထူပြောတဲ့ သတ္တဝါဖြစ်အောင်
  - အမောဟဓာတ် ပညာဓာတ်အားကောင်းတဲ့ သတ္တဝါဖြစ်အောင်

ဒီကံတွေမှာ စွမ်းအင်သတ္တိတွေက ထူးထွေကွဲလွဲမှု ရှိလာတယ်။


* မိမိတို့ရဲ့ ကံတွေကို တည်ထောင်ဖန်ဆင်းမှုက မကျွမ်းကျင် မလိမ္မာလို့၊ စိတ်ထားတွေက အင်မတန်ညံ့ဖျင်းနေလို့ရှိရင်
  - နောင်တစ်ချိန် ဘဝတစ်ခုလို့ခေါ် ဆိုအပ်တဲ့ ပန်းချီကားချပ်ထဲမှာ အင်မတန်အကျည်းတန်တဲ့ အရုပ်ဆိုးပုံစံကလေးတွေ ပေါ်လာနိုင်တယ်။
* ကံကိုထူထောင်ခဲ့စဉ် တစ်ချိန်က ကျွမ်းကျွမ်းကျင်ကျင် လိမ်လိမ်မာမာနှင့် မိမိတို့က ရေးဆွဲနိုင်ခဲ့မယ်ဆိုရင်တော့ -
  - ဘဝဇာတ်ခုံလို့ခေါ် ဆိုအပ်တဲ့ ပိတ်ကားချပ်ပေါ်မှာ အင်မတန် အချိုးကျ အဆင်ပြေပြီး ချောမောလှပနေတဲ့ ပန်းချီရုပ်ပုံတွေ ပေါ်လာနိုင်တယ်။
* စိတ်ဆန်းကြယ်လို့ကံဆန်းကြယ်ကြရပြီး ကံဆန်းကြယ်လို့လည်း သတ္တဝါတွေ ဆန်းကြယ်ရပေတယ်။

http://www.dhammadownload.com



# မိုင်းစိုင်းဆရာတော်ဘုရားကြီး ဦးပဏ္ဍိတ၏

# ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာ



(၁၂၃၆- ခုနှစ် စာမူအကျဉ်း)

(၁၂၅၉- ခုနှစ် စာမူအကျယ်)


(၁၂၆၄- ခုနှစ် ပုံနှိပ်စာအုပ်)

http://www.dhammadownload.com



# ညောင်လေးပင်တောရဆရာတော်ဘုရားကြီး၏

# ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာ





(၁၃၁၂ - ခုနှစ်)

http://www.dhammadownload.com



# မိုးကုတ်ဆရာတော်ဘုရားကြီး၏

# ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာ





(၁၃၂၂ - ခုနှစ်)

http://www.dhammadownload.com



# ဆရာကြီး ဦးကျော်ထွတ်၏
# ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာ



(၁၃၄၂ - ခုနှစ်)

http://www.dhammadownload.com



# ဩဝါဒပါတိမောက် ဓမ္မစေတီကျောက်စာတော်

## (အပါယ်ဘေးမှ ကင်းဝေးစေသော အဆုံးအမတော်)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**၁။ ခန္တီ ပရမံ တပေါ တီတိက္ခာ၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။**
**န ဟိ ပဗ္ဗဇိတော၊ ပရူပဃာတီ၊ န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။**

လွန်စွာချုပ်တည်းမှုဟူသော သည်းခံခြင်းသည်
အလွန်မြတ်သော အကျင့်ပေတည်း။
နိဗ္ဗာန်တရားကို အမြတ်ဆုံးဟူ၍ ဘုရားရှင်တို့ ဟောတော်မူကုန်၏။
သူတစ်ပါးကို သတ်သောသူသည် စိတ်အညစ်အကြေးကို နှင်ထုတ်သူမဟုတ်။
သူတစ်ပါးကို ညှဉ်းဆဲသောသူသည် မကောင်းမှုတို့ကို ငြိမ်းစေသူမဟုတ်။

**၂။ သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။**
**သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ။**

မကောင်းမှုဟူသမျှကို မပြုလုပ်ရာ။
ကောင်းမှုဟူသမျှကို ပြည့်စုံစေရာ၏။
မိမိစိတ်ကို သန့်ရှင်းဖြူစင်စေရာ၏။
ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။

**၃။ အနူပဝါဒေါ အနူပဃာတော၊ ပါတိမောက္ခေ စ သံဝရော။**
**မတ္တညုတာ စ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံ။**
**အဓိစိတ္တေ စ အာယောဂေါ၊ ဧတံ ဗုဒ္ဓါနသာသနံ။**

သူတစ်ပါးကို မစွပ်စွဲ မပြစ်မှားရာ။
သူတစ်ပါးကို မညှဉ်းဆဲ မနှိပ်စက်ရာ။
မြတ်သောသီလ၌ စောင့်စည်းလုံခြုံရာ၏။
စားသုံးဖွယ်၌ ပမာဏကို သိရာ၏။
အစွန်အဖျား ကျောင်းအိပ်ရာ၌ နေရာ၏။
ထူးမြတ်သောစိတ်၌ လွန်စွာ အားထုတ်ရာ၏။
ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။

ဦးသိန်းဟန်–ဒေါ်မူမူဟန် (တရားရုံးချုပ်ရှေ့နေ) မိသားစုတို့၏ ဓမ္မဒါန

http://www.dhammadownload.com



## (အပါယ်ဘေးမှ ကင်းဝေးစေသော အဆုံးအမတော်)

## ဩဝါဒပါတိမောက် (၃) ဂါထာ

## တရား (၁၃) ပါးလင်္ကာ

၁။ ခန္တီ ပရမံ တပေါ တိတိက္ခာ၊
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
နဟိပဗ္ဗဇိတော ပရူပဃာတီ၊
နသမဏော ဟောတိ
ပရံဝိဟေဌယန္တော။

*၂။ သဗ္ဗပါပဿ အကရဏံ၊
ကုသလဿ ဥပသမ္ပဒါ၊
သစိတ္တ ပရိယောဒပနံ၊
ဧတံ ဗုဒ္ဓါန သာသနံ။

၃။ အနူပဝါဒေါ၊ အနူပဃာတော၊
ပါတိမောက္ခေစ သံဝရော။
မတ္တညုတာစ ဘတ္တသ္မိံ၊
ပန္တဉ္စ သယနာသနံ၊
အဓိစိတ္တေစ အာယောဂေါ၊
ဧတံ ဗုဒ္ဓါန သာသနံ။

၁။ ခန္တီတရား လက်ကိုင်ထား ကြိုးစားကျင့်သုံးပါ။
၂။ နိဗ္ဗာန်တရား အမြတ်ထား ကျင့်အားသန်ကြရာ။
၃+၄။ သက်သတ်ညှဉ်းပန်း မပြုတမ်း ရဟန်းပီသရာ။
*၅။ အကုသိုလ်မှု အစုစု မပြုရှောင်ကြဉ်ပါ။
*၆။ ကုသိုလ်တရား အစဉ်ပွား ကြိုးစားအားထုတ်ပါ။
*၇။ နီဝရဏကင်း ကိုယ့်စိတ်ရင်း သန့်ရှင်းစေကြရာ။
၈။ နှုတ်ဖြင့်စွပ်စွဲ မပြုဘဲ အမြဲရှောင်ကြဉ်ပါ။
၉။ ကိုယ်ဖြင့်သတ်ညှဉ်း မပြုလျှင်း အရှင်းရှောင်ကြဉ်ပါ။
၁၀။ ကိုယ်ကျင့်သီလ စောင့်ထိန်းကြ ပြည့်ဝကြစေရာ။
၁၁။ အစာအာဟာရ သုံးဆောင်က သိကြတိုင်းအတာ။
၁၂။ ဆိတ်ငြိမ်တောတောင် သခ်မ်းချောင်
ပျော်အောင်နေထိုင်ပါ။
၁၃။ ဈာန်မဂ်ဖိုလ်ဟု ကဲမိုစိတ်မြွတ်
ဦးထိပ်ညွှတ် ကျင့်ဝတ်မြဲစေပါ။

(လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသမဟာထေရ်)

http://www.dhammadownload.com

### ကျေးဇူးတော်ရှင် ကမ္ဘာကျော်

### ပထမလယ်တီဆရာတော်ဘုရားကြီး၏ ဥပနိသာယနှင့်အညီ

### စီစဉ်ရေးသားသော

# ပဋိစ္စသမုပ္ပါဒ် အလင်းကျမ်း

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## အခန်း (၁)

## ပဋိစ္စသမုပ္ပါဒ် အချက်အရာ ဒိဋ္ဌိများ

သူ့အနာနှင့်သူ့ဆေး နေရာကျပေး၍ အကျိုးထွန်းကားရာသကဲ့သို့ ပဋိစ္စသမုပ္ပါဒ် ဒေသနာဟူသော အမြိုက်ဆေးကြီး၏ အချက်အရာ ကိလေသာဟူသော အနာ ဝိသေသကို ရှေးဦးစွာသိစေလို၍ ကျေးဇူးတော်ရှင် လယ်တီ ဆရာတော်ဘုရားကြီးသည် ပဋိစ္စသမုပ္ပါဒ်ဒီပနီ၏ အဖွင့်စာမျက်နှာကို "ပဋိစ္စသမုပ္ပါဒ် အချက်အရာ ဒိဋ္ဌိများ" ဟူသော ခေါင်းစဉ်ငယ်ဖြင့် နိဒါန်းချီ၍ အောက်ပါတရားလမ်းညွှန်မှုကို ပြုခဲ့သည်။

**ကိလေသာဟူသော အနာဝိသေသဆိုသည်ကား -**

အကျဉ်းအားဖြင့် -

(၁) ဒိဋ္ဌိ

(၂) ဝိစိကိစ္ဆာ - ဤနှစ်ပါးသာ။

http://www.dhammadownload.com



အကျယ်အားဖြင့် -

၁။ ဒိဋ္ဌိသည်

(က) နိယတမိစ္ဆာဒိဋ္ဌိကြီး (၃) ပါး

(ခ) မိစ္ဆာဒိဋ္ဌိ (၆၂) ပါး

(ဂ) သက္ကာယဒိဋ္ဌိ (၂၀) ပါး

(ဃ) ဤမှတစ်ပါး လောကဌ် ရှိရှိသမျှ ဒိဋ္ဌိစု၊ ဒိဋ္ဌိမျိုးကို့ပေတည်း။

၂။ ဝိစိကိစ္ဆာသည်လည်း

(က) အဘိဓမ္မာ၌လာသော ဝိစိကိစ္ဆာ (၈) ပါး

(ခ) သုတ္တန်တို့၌လာသော ဝိစိကိစ္ဆာ (၁၆) ပါး တို့ ပေတည်း။

ပဋိစ္စသမုပ္ပါဒ်တရားကို သိသော ဉာဏ်သည် ထိုဒိဋ္ဌိ၊ ဝိစိကိစ္ဆာ အနာမျိုးတို့ကို ပယ်ဖျောက်နိုင်ကုန်၏။

## နိယတ မိစ္ဆာဒိဋ္ဌိကြီး (၃) ပါး

နိယတ မိစ္ဆာဒိဋ္ဌိကြီး (၃) ပါး ဆိုသည်ကား -

၁။ နတ္ထိကဒိဋ္ဌိ

၂။ အဟေတုကဒိဋ္ဌိ

၃။ အကိရိယဒိဋ္ဌိ

ဤသုံးပါးတည်း။

## နတ္ထိကဒိဋ္ဌိ ဆိုသည်ကား -

သတ္တဝါတို့ကို ကောင်းကျိုး၊ မကောင်းကျိုးကို ပေးတတ်သော ကုသိုလ်ကံ၊ အကုသိုလ်ကံ ဟူ၍ မရှိဟု ယူခြင်းတည်း။

## အဟေတုကဒိဋ္ဌိ ဆိုသည်ကား -

သတ္တဝါတို့မှာ ရှေးအကြောင်းဟူ၍ မရှိဟု ယူခြင်းတည်း။

## အကိရိယဒိဋ္ဌိ ဆိုသည်ကား -

ကောင်းမှုကို ပြုသော်လည်း ကောင်းမှုဟူ၍ မဖြစ်၊ မကောင်းမှုကို ပြုသော်လည်း မကောင်းမှုဟူ၍ မဖြစ်ဟု ယူခြင်းတည်း။

http://www.dhammadownload.com



ကံနှင့် ကံ၏ အကျိုးကို လုံးလုံးပယ်သော ဒိဋ္ဌိကြီး (၃) ပါး ဖြစ်လေရကား ယင်းဒိဋ္ဌိ (၃) ပါးကို သန်သန်ယူသော သူသည် သေသည်၏ အခြားမဲ့၌ ငရဲသို့သာ အမြဲကျ၏။ ဤဒိဋ္ဌိကို မစွန့်သမျှ ကာလပတ်လုံး ငရဲ၌သာ ဘဝအဆက်ဆက် ဖြစ်၏။ ကမ္ဘာပျက် ၍မှ မလွတ်ရ။ ကံ, ကံ၏ အကျိုးကို ယုံကြည်သော လူမျိုးတို့မှာ ဤဒိဋ္ဌိကြီး (၃) မျိုး မရှိကြပါ။

ကံ, ကံ၏ အကျိုးကို ယုံကြည်မှုမည်သည် ပဋိစ္စသမုပ္ပါဒ်ကို သိသော ဉာဏ်၌ တစ်စိတ်အားဖြင့် ပါဝင်၏။

## မိစ္ဆာဒိဋ္ဌိ (၆၂) ပါး

(၆၂) ပါးသော မိစ္ဆာဒိဋ္ဌိမျိုးတို့သည်လည်း လူသာမန်တို့၌ ဖြစ်သော ဒိဋ္ဌိမျိုး မဟုတ်ကုန်၊ အပါယ်ပဋိသန္ဓေကို ပေးနိုင်သော ဒိဋ္ဌိမျိုးလည်း မဟုတ်ကုန်။ ထို အယူကို မစွန့်သမျှ သံသရာမှ မလွတ်နိုင်ရုံသာ ရှိ၏။ ယင်းမိစ္ဆာဒိဋ္ဌိ (၆၂) ပါးတွင် သဿတဒိဋ္ဌိ (၄၄) ပါး၊ ဥစ္ဆေဒဒိဋ္ဌိ (၁၈) ပါး၊ ပေါင်း (၆၂) ပါး ဖြစ်ကြ၏။

ပဋိစ္စသမုပ္ပါဒ်ကိုသိမှ ထိုဒိဋ္ဌိမျိုးကို လွန်နိုင်သည်။ ပဋိစ္စသမုပ္ပါဒ်ကို မသိလျှင် ဒိဋ္ဌိတို့၏ အတွင်းမှာပင် နေရကုန်သည်သာတည်း။

## သက္ကာယဒိဋ္ဌိ (၂၀) ပါး

အန္ဓပုထုဇဉ် ပုဂ္ဂိုလ်တိုင်းမှာ ရှိကြသော ဒိဋ္ဌိ (၂၀) ဖြစ်လေရကား။

| | |
|---|---|
| ရူပက္ခန္ဓာ၌ စွဲလမ်းသော | ဒိဋ္ဌိ (၄) ပါး |
| ဝေဒနာက္ခန္ဓာ၌ စွဲလမ်းသော | ဒိဋ္ဌိ (၄) ပါး |
| သညာက္ခန္ဓာ၌ စွဲလမ်းသော | ဒိဋ္ဌိ (၄) ပါး |
| သင်္ခါရက္ခန္ဓာ၌ စွဲလမ်းသော | ဒိဋ္ဌိ (၄) ပါး |
| ဝိညာဏက္ခန္ဓာ၌ စွဲလမ်းသော | ဒိဋ္ဌိ (၄) ပါး |
| ပေါင်း ၄ ပါး × ၅ လီ = | ၂၀ ပါး ဖြစ်၏။ |

## သက္ကာယဒိဋ္ဌိ စွဲလမ်းပုံ (၄) မျိုးကား -

၁။ ရုပ်ကို ကိုယ်ဟူ၍ စွဲမြဲထင်မြင်ခြင်း တစ်ပါး။

၂။ ကိုယ်ကိုမူလည်း ရုပ်ရှိ၏ဟူ၍ စွဲမြဲထင်မြင်ခြင်း တစ်ပါး။

၃။ ကိုယ်၌မူလည်း ရုပ်ကို စွဲမြဲထင်မြင်ခြင်း တစ်ပါး။

၄။ ရုပ်၌မူလည်း ကိုယ်ကို စွဲမြဲထင်မြင်ခြင်း တစ်ပါး။ ဤ (၄) ပါးတို့ ပေတည်း။

http://www.dhammadownload.com



(ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့၌ စွဲမြဲထင်မြင်ပုံကိုလည်း ရုပ်၌နည်းတူ သိပါလေ။)

**ရုပ် (၂၈) ပါး သရုပ်ကား**

၁။ မဟာဘုတ် (၄) ပါး (ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော)
၂။ ပသာဒရုပ် (၅) ပါး (စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ)
၃။ ဂေါစရရုပ် ၅ (၄) ပါး (ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ)
[ဖောဋ္ဌဗ္ဗသည် မဟာဘုတ် (၄) ပါးထဲက ပထဝီ၊ တေဇော၊ ဝါယော ရုပ် (၃) ပါးကိုပင် ခေါ်ခြင်းဖြစ်ရကား ရုပ် (၂၈) ပါး ရေတွက်ရာ၌ ဖောဋ္ဌဗ္ဗာရုံကို ပယ်၍ ကြွင်းဂေါစရရုပ် (၄) ပါး ကိုသာ ယူရ၏။]
၄။ ဘာဝရုပ် (၂) ပါး (ဣတ္ထိဘာဝ၊ ပုရိသဘာဝ)
၅။ ဟဒယဝတ္ထုရုပ် (၁) ပါး
၆။ ဇီဝိတရုပ် (၁) ပါး
၇။ ဩဇာဟူသော အာဟာရရုပ် (၁) ပါး
၈။ အာကာသဟူသော ပရိစ္ဆေဒရုပ် (၁) ပါး
၉။ ဝိညတ်ရုပ် (၂) ပါး
(ကာယဝိညတ်၊ ဝစီဝိညတ် ဟူသော ကိုယ်အင်္ဂါ၊ နှုတ်အင်္ဂါ လှုပ်ရှားခြင်း အမူအရာ။)
၁၀။ လဟုတာဒိရုပ် (၃) ပါး (ရူပဿလဟုတာ၊ ရူပဿမုဒုတာ၊ ရူပဿကမ္မညတာဟူသော ရုပ်တို့၏ ပေါ့ပါးခြင်းအမူအရာ၊ နူးညံ့ခြင်းအမူအရာ၊ အမှု၌ လျော်ကန်ခြင်း အမူအရာ)
၁၁။ လက္ခဏာရုပ် (၄) ပါး
(ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာ ဟူသော ရုပ်တို့၌ ဖြစ်ပွားခြင်း၊ အစဉ် တည်ခြင်း၊ အိုမင်းရင့်ရော် ဆွေးမြေ့ခြင်း၊ ပျက်ဆုံးကွယ်ပခြင်း လက္ခဏာ)

ကာမ၊ ရူပ၊ အရူပဟူသော ဘုံ (၃) ပါးရှိ အလုံးစုံကို အကုန် သတ္တုချသော် ရုပ်ဖို့ အားဖြင့် (၂၈) ခုသော ဓာတ်သားအမှန်ရ၏။

http://www.dhammadownload.com



## သင်္ကာယဒိဋ္ဌိ (၂၅၆) ပါး ရှိပုံ

ရုပ်၌ သက္ကာယဒိဋ္ဌိ (၄) ပါးကို ဟောတော်မူသောကြောင့် ရုပ် (၂၈) ပါးကို တည် × သက္ကာယဒိဋ္ဌိ (၄) ပါးနှင့် မြှောက်ပွားသည် ရှိသော် **ရုပ်၌ သက္ကာယဒိဋ္ဌိ ပေါင်း (၁၁၂) ပါး** ဖြစ်၏။

ဝေဒနာက္ခန္ဓာ၌ စက္ခုသမ္ဖဿဇာ ဝေဒနာ၊ သောတသမ္ဖဿဇာ ဝေဒနာ၊ ဃာနသမ္ဖဿဇာ ဝေဒနာ၊ ဇိဝှာသမ္ဖဿဇာ ဝေဒနာ၊ ကာယသမ္ဖဿဇာ ဝေဒနာ၊ မနောသမ္ဖဿဇာ ဝေဒနာ ဟူ၍ ဝေဒနာအပြား (၆) ပါးကိုတည် × သုခ၊ ဒုက္ခ၊ ဥပေက္ခာ ဝေဒနာ (၃) ပါးနှင့် မြှောက်ပွားသည်ရှိသော် ဝေဒနာ (၁၈) ပါး ဖြစ်၏။ ယင်း (၁၈) ပါးကို တည် × သက္ကာယဒိဋ္ဌိ (၄) ပါးနှင့် မြှောက်ပွားသည်ရှိသော် **ဝေဒနာက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိပေါင်း (၇၂) ပါး** ဖြစ်၏။

သညာက္ခန္ဓာ၌ ရူပသညာ၊ သဒ္ဒသညာ၊ ဂန္ဓသညာ၊ ရသ သညာ၊ ဖောဋ္ဌဗ္ဗ သညာ၊ ဓမ္မသညာ ဟူ၍ သညာ (၆) ပါးကိုတည် × သက္ကာယဒိဋ္ဌိ (၄) ပါးနှင့် မြှောက်ပွားသည် ရှိသော် **သညာက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိပေါင်း (၂၄) ပါး** ဖြစ်၏။

သင်္ခါရက္ခန္ဓာ၌ အဘိဓမ္မာနည်းအားဖြင့် သင်္ခါရက္ခန္ဓာ အပြား (၅၀) ရှိသည်တွင် 'စေတနာ' တစ်ခုကို ပဓာနပြု၍ ဆိုသည်ရှိသော် ရူပသဉ္စေတနာ၊ သဒ္ဒ သဉ္စေတနာ၊ ဂန္ဓသဉ္စေတနာ၊ ရသသဉ္စေတနာ၊ ဖောဋ္ဌဗ္ဗသဉ္စေတနာ၊ ဓမ္မသဉ္စေတနာ ဟူ၍ သင်္ခါရ (၆) ပါးကိုတည် × သက္ကာယဒိဋ္ဌိ (၄) ပါးနှင့် မြှောက်ပွားသည်ရှိသော် **သင်္ခါရက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိပေါင်း (၂၄) ပါး** ဖြစ်၏။

ဝိညာဏက္ခန္ဓာ၌ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ် ဟူ၍ ဝိညာဏ် (၆) ပါးကိုတည် × သက္ကာယဒိဋ္ဌိ (၄) ပါးနှင့်မြှောက်ပွားသည်ရှိသော် **ဝိညာဏက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိပေါင်း (၂၄) ပါး** ဖြစ်၏။ ဤသို့လျှင် ပုထုဇဉ် သတ္တဝါမှန်သမျှတို့သည် -

| | | |
|---|---|---|
| ရူပက္ခန္ဓာ၌ | သက္ကာယဒိဋ္ဌိ | (၁၁၂) ပါး |
| ဝေဒနာက္ခန္ဓာ၌ | သက္ကာယဒိဋ္ဌိ | (၇၂) ပါး |
| သညာက္ခန္ဓာ၌ | သက္ကာယဒိဋ္ဌိ | (၂၄) ပါး |
| သင်္ခါရက္ခန္ဓာ၌ | သက္ကာယဒိဋ္ဌိ | (၂၄) ပါး |
| ဝိညာဏက္ခန္ဓာ၌ | သက္ကာယဒိဋ္ဌိ | (၂၄) ပါး |

http://www.dhammadownload.com



ပေါင်းသည်ရှိသော် တစ်ယောက်တစ်ယောက်သောသူ၌ သက္ကာယဒိဋ္ဌိ ပေါင်း (၂၅၆) ပါး ဖြစ်၏။

ဤ (၂၅၆) ပါးသော သက္ကာယဒိဋ္ဌိသည် လူ၊ နတ်၊ ဗြဟ္မာ၊ ပုထုဇဉ် သတ္တဝါ မှန်သမျှ မှာ ဖြစ်လေရာရာ အမြဲပါ၏။

အပါယ် (၄) ဘုံနှင့်တကွ (၆၂) ပါးသော မိစ္ဆာဒိဋ္ဌိ၊ (၃) ပါးသော နိယတမိစ္ဆာ ဒိဋ္ဌိ၊ ဒုစရိုက် (၁၀) ပါး စသည်များသည် ဤသက္ကာယဒိဋ္ဌိ၏ အစီးအပွားသာတည်း။

## (၂၅၆) ပါးသော သက္ကာယဒိဋ္ဌိ ငရဲမီး အပြီးပါရှိပုံ

ဤ (၂၅၆) ပါးသော သက္ကာယဒိဋ္ဌိကို မပယ်နိုင်သေးသော ပုထုဇဉ်သတ္တဝါ တို့သည် လူ့ပြည်မှာ သူဌေး၊ သူကြွယ်၊ ပဒေသရာဇ်၊ ဧကရာဇ်၊ စကြာမင်္ဂလာတ် စည်းစိမ် ကို ရရှိခံစား၍ နေကုန်သော်လည်း ရင်ထဲနှလုံးသားထဲမှာ **(၂၅၆) ပါးသော သက္ကာယ ဒိဋ္ဌိငရဲမီး** ဝင်းဝင်းတောက် ထိန်ထိန်ညီး **အပြီးပါရှိ၍** နေကုန်ရကား ယခုနေ့ သေ လျှင် မနက်ဖြန် **အဝီစိမီးစာ ဖြစ်နိုင်ကုန်၏။**

နတ်ပြည်ခြောက်ထပ်မှ နတ်မင်း၊ သိကြားမင်း၊ ရူပ၊ အရူပ ဗြဟ္မာဘုံမှာ ဗြဟ္မာ မင်းစည်းစိမ်ကို ခံစားနေရကုန်သော်လည်း (၂၅၆) ပါးသော သက္ကာယဒိဋ္ဌိ ငရဲမီး ညီးညီး တောက်လျက် အပြီးပါရှိနေကုန်ရကား ယခုနေ့ စုတေလျှင် မနက်ဖြန် အဝီစိ မီးစာ ဖြစ်နိုင်ကုန်၏။

ရူပက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိပေါင်း (၁၀၂) ပါး ရှိသည်တွင် ပထဝီ၌ (၄) ပါး၊ အာပေါ၌ (၄) ပါး၊ တေဇော၌ (၄) ပါး၊ ဝါယော၌ (၄) ပါး၊ စက္ခု၌ (၄) ပါး၊ သောတ၌ (၄) ပါး စသည်ဖြင့် ရုပ် (၂၈) ပါး အကုန်ဝေဖန်၍ သိအပ်၏။

## ရူပက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ ငရဲမီးတောက်ပုံ

ပထဝီ၌ သက္ကာယဒိဋ္ဌိ ငရဲမီး (၄) ချက် တောက်ပုံမှာ -

ပထဝီဆိုသည်ကား မြေဓာတ်တည်း။ မိမိတို့ကိုယ်ခန္ဓာ ခက်မာသည်၊ နူးညံ့ သည်ဟူ၍ အများသိကြသော သဘော အခြင်းအရာမျိုး ဖြစ်သော ပထဝီဓာတ်သည် ကိုယ်နှင့် အပြည့်ရှိကြလေရကား -

၁။ ထိုဓာတ်မြေကိုပင် ရှေါ်ငါပြု၍ စွဲလမ်းပြောဆို၏။ ထိုအခါ ပထဝီ၌ သက္ကာယ ဒိဋ္ဌိ ငရဲမီးတောက်မှု ဖြစ်၏။

http://www.dhammadownload.com



၂။ ရုံခါ ငါ့မှာ ခက်မာမှု၊ နူးညံ့မှု မှီသည်ကို ပြု၍ စွဲလမ်းပြောဆို၏။ ထိုအခါ ပထဝီ၌ သက္ကာယဒိဋ္ဌိ ငရဲမီးတောက်မှု ဖြစ်၏။

၃။ ရုံခါ ငါ၌ ခက်မာမှု၊ နူးညံ့မှု မှီသည်ကိုပြု၍ စွဲလမ်းပြောဆို၏။ ထိုအခါ ပထဝီ၌ သက္ကာယဒိဋ္ဌိ ငရဲမီးတောက်မှု ဖြစ်၏။

၄။ ရုံခါ ခက်မာမှု၊ နူးညံ့မှု၌ ငါမှီသည်ကို ပြု၍ စွဲလမ်းပြောဆို၏။ ထိုအခါ ပထဝီ၌ သက္ကာယဒိဋ္ဌိ ငရဲမီးတောက်မှု ဖြစ်၏။

**ပထမ စွဲလမ်းချက်မှာ** - ခက်မာမှု၊ နူးညံ့မှုကိုပင် ငါပြု၍ စွဲလမ်းသည်။ ငါနှင့် ခက်မာနူးညံ့မှုကို တစ်ခုတည်းယူသည်။ **နောက်သုံးချက်မှာ** ငါတခြား၊ ခက်မာမှု တခြား၊ နူးညံ့မှုတခြား ထား၍ စွဲလမ်းသည်။ (၁) ငါ သီလရှိသည်၊ (၂) ငါ၌ သီလတည်သည်၊ (၃) သီလ၌ ငါတည်သည်ဟူသော စကားသုံးရပ်ကဲ့သို့တည်း။

**သီလဥပမာ၌ သက္ကာယဒိဋ္ဌိ စွဲလမ်းမှု (၄) ချက်လုံးပင် ရ၏။** ငါသည် သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်၏ဟု စွဲလမ်းထင်မြင် ပြောဆိုမှုကား ငါနှင့်သီလ တစ်ခုတည်း ယူသော သက္ကာယဒိဋ္ဌိတည်း။ ငါသည် သီလရှိသော သူတည်း။ ငါ၌ သီလတည်၏၊ သီလ၌ ငါတည်၏ဟု ထင်မြင်ပြောဆိုမှုကား ငါနှင့်သီလကို တခြားစီထား၍ စွဲလမ်း ထင်မြင် ပြောဆိုမှုတည်း။

မိမိကိုယ်မှာ ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ ဆိုတဲ့ ဆံပင်၊ မွေးညင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေ စသည်ဖြင့် ပထဝီကောဋ္ဌာသ (၂၀) ရှိသည်တွင် ဆံပင်သည်ပင်လျှင် ငါ၊ အရေသည်ပင်လျှင် ငါ၊ အသားအစိုင်သည်ပင်လျှင် ငါဟု ထင်မြင်စွဲလမ်း ပြောဆိုမှုကား **ပထမသက္ကာယဒိဋ္ဌိတည်း။**

သူများကဲ့သို့ ငါ့မှာလည်း ဆံပင်ရှိသည် စသည်ဖြင့် ထင်မြင်စွဲလမ်း ပြောဆိုမှုကား **ဒုတိယသက္ကာယဒိဋ္ဌိ** တည်း။

ငါ၌ ဆံပင်တည်သည် စသည်ဖြင့် ထင်မြင်စွဲလမ်း ပြောဆိုမှုကား **တတိယသက္ကာယဒိဋ္ဌိ**တည်း။

အရိုး၌ ငါတည်သည်၊ အသား၌ ငါတည်သည် စသည်ဖြင့် ထင်မြင်စွဲလမ်း ပြောဆိုမှုကား **စတုတ္ထသက္ကာယဒိဋ္ဌိ**တည်း။

လောက၌ မိမိခန္ဓာကိုယ်နှင့်စပ်လျဉ်း၍ ငါဟူသော စိတ်သဘောနှင့် ပြောဆိုကြသော စကားစုအလုံးစုံသည် ထို (၄) ချက်မှ အလွတ်မရှိပြီ။ လိုရင်းပဓာနမှာ မှုကား

http://www.dhammadownload.com



ထို ခက်မာမှု၊ နူးညံ့မှုဟူသော ဓာတ်မြေသဘော အခြင်းအရာကို ငါပြု၍၊ ငါဟု ထင်မြင်၍၊ ငါဟု စွဲလမ်း၍ ပြောဆိုမှုဟူသော ပထမအချက်သာ လိုရင်းတည်း။

ဖွဲ့စည်းမှုကို စွဲ၍ ငါဟုဆိုသောအခါ အာပေါ၌ ဖြစ်သော ဒိဋ္ဌိတည်း။ ငါပူသည်၊ ငါနွေးသည်၊ ငါအေးသည်၊ ငါချမ်းသည် ဟုဆိုသောအခါ တေဇော၌စွဲသော ဒိဋ္ဌိ တည်း။ ငါလှုပ်ရှားသည်ဟု ဆိုသောအခါ ဝါယော၌စွဲသော ဒိဋ္ဌိတည်း။

ငါကြည့်သည်၊ ငါမြင်သည်ဟု ဆိုသောအခါ စက္ခု၌စွဲသော ဒိဋ္ဌိတည်း။ ငါကြားသည်ဟု ဆိုသောအခါ သောတ၌စွဲသော ဒိဋ္ဌိတည်း။ ငါနံသည် ဆိုသောအခါ ဃာန၌ စွဲသော ဒိဋ္ဌိတည်း။ အချို အချဉ် အရသာကို ငါသိသည်ဟု ဆိုသောအခါ ဇိဝှါ၌စွဲသော ဒိဋ္ဌိတည်း။ ကိုယ်၌ တွေ့ထိအမှုကို ငါသိသည်ဟု ဆိုသောအခါ ကာယ၌စွဲသော ဒိဋ္ဌိတည်း။

အဆင်းကို ငါပြု၍ ဆိုသောအခါ ရူပ၌ စွဲသော ဒိဋ္ဌိ တည်း။ အသံကို ငါပြု၍ စွဲသောအခါ သဒ္ဒ၌စွဲသော ဒိဋ္ဌိတည်း။ အနံ့ အရသာ၊ ဖောဋ္ဌဗ္ဗ (ပထဝီ၊ တေဇော၊ ဝါယော) ၌လည်း ထိုနည်းတူစွာ သိပါလေ။

မိမိကိုယ်ကို ငါယောကျ်ားဟု ဆိုသောအခါ ပုမ္ဘာဝ၌ စွဲသောဒိဋ္ဌိ။ ငါမိန်းမဟု ဆိုသောအခါ ဣတ္ထိဘာဝ၌ စွဲသော ဒိဋ္ဌိတည်း။

ငါ ကြီးရင့်ပြီ၊ ငါ ကြီးရင့်လတ္တံ့၊ ငါ အိုပြီ၊ ငါ အိုလတ္တံ့ဟု ဆိုသောအခါ အနိစ္စတာရုပ်၌ စွဲသော ဒိဋ္ဌိတည်း။

မိမိကိုယ်ဆိုမှသာလျှင် သက္ကာယဒိဋ္ဌိ ဖြစ်သည်မဟုတ်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမ ဟူသော ထင်မြင်စွဲလမ်းချက်နှင့် မည်သူမြင်သည်၊ မည်သူ ကြားသည် စသည် ဖြင့် ဆိုရာ၌လည်း သူတစ်ပါးတို့၏ ရုပ် (၂၈) ပါးတို့၌ စွဲသော မိမိ၏ သက္ကာယဒိဋ္ဌိပင် တည်း။ ခက်မာမှု၊ ပူမှု၊ အေးမှု စသည်ဖြင့် အစိတ်စိတ် မခွဲခြမ်းမူ၍ တစ်ကိုယ်လုံးကို တစ်ခုတည်းပြု၍ ငါ ငါဟု စွဲသောဒိဋ္ဌိ၊ တစ်ပါးသူကို မည်သူ မည်ဝါဟု စွဲသောဒိဋ္ဌိ ပုဂ္ဂိုလ်၊ သတ္တဝါဟု စွဲသော ဒိဋ္ဌိလည်း သက္ကာယဒိဋ္ဌိချည်း သာလျှင်တည်း။

## ဝေဒနာက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ ငရဲမီးတောက်ပုံ

ဝေဒနာက္ခန္ဓာ၌ (၇၂) ပါးသော သက္ကာယဒိဋ္ဌိတို့တွင် စက္ခုသမ္ဖဿဇာ ဝေဒနာ သုံးပါး၌ ငရဲမီးတောက်ပုံမှာ မျက်စိဖြင့် ထိုထိုအရာကို မြင်၍ စိတ်သာသာယာယာ

http://www.dhammadownload.com



ရှိသည်ကို စွဲ၍ ငါကြည့်၍ကောင်းသည်ဟု စိတ်ဖြစ်သောအခါ **စက္ခု သမ္ဖဿဇာ သုခဝေဒနာ၌** ဖြစ်သောဒိဋ္ဌိတည်း။ ငါကြည့်၍မကောင်းဟု စိတ်ဖြစ်သောအခါ **စက္ခု သမ္ဖဿဇာ ဒုက္ခဝေဒနာ၌** ဖြစ်သော ဒိဋ္ဌိတည်း။ ကောင်း၊ မကောင်း အထူးမဖြစ်၊ ငါမြင်သည်ဟု သာမညစိတ်ဖြစ်သောအခါ **စက္ခုသမ္ဖဿဇာ ဥပေက္ခာ ဝေဒနာ၌** ဖြစ်သောဒိဋ္ဌိတည်း။

ထို့အတူ ထိုထိုအသံကို ကြားရာ၌ လည်းကောင်း၊ ထိုထိုအနံ့ကို နံရာ၌ လည်းကောင်း၊ ထိုထိုအချိုအချဉ် အရသာကို သုံးဆောင်ရာ၌ လည်းကောင်း၊ ကိုယ်အင်္ဂါ တွေ့မှု၊ ထိမှုတို့၌ လည်းကောင်း၊ စိတ်နှင့်ကြံစည်မှုတို့၌ လည်းကောင်း (၁) ကောင်းသည်၊ (၂) မကောင်းသည်၊ (၃) သာမည လျစ်လျူစိတ်မျိုး ဤသုံးချက်မှာ ဒိဋ္ဌိသုံးမျိုး စီကို သိပါလေ။

ငါချမ်းသာသည်၊ ငါ ကောင်းသည်၊ ငါ အရသာရှိသည်ဟု စိတ်ဖြစ်သောအခါ **သုခဝေဒနာ၌ ဖြစ်သော ဒိဋ္ဌိ**။

ငါကျင်သည်၊ ငါနာသည်၊ ငါ နှလုံးမသာသည်၊ ငါ စိတ်မကောင်းသည်ဟု ဖြစ်သောအခါ **ဒုက္ခဝေဒနာ၌ဖြစ်သော ဒိဋ္ဌိတည်း**ဟူ၍ သိပါလေ။

## သညာက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ ဇရဲမီးတောက်ပုံ

သညာက္ခန္ဓာ၌ (၂၄) ပါးသော သက္ကာယဒိဋ္ဌိတို့တွင် **ရူပသညာ၌ သက္ကာယ ဒိဋ္ဌိ ဇရဲမီးတောက်ပုံ**မှာ အမိဝမ်းမှ ဖွားမြင်ရာ၌ ဤကား အမိ၊ ဤကားအဖ၊ ဤကား အရှေ့၊ ဤကားအနောက် စသည်ဖြင့် သိတတ်၊ မှတ်တတ်သောတရားကို သညာ က္ခန္ဓာ ဆိုသည်။ ထိုထိုဝတ္ထုကို မြင်ရာ၌ ဤသူကို ငါသိ၏၊ ဤအမှုကို ငါ သိ၏ဟု စိတ်ဖြစ်သည်ကား **ရူပသညာ၌ ဖြစ်သောဒိဋ္ဌိတည်း**။ ကြွင်းအာရုံငါးပါးတို့ကို သိရာ၌လည်း ဤနည်းအတူ သိပါလေ။

## သင်္ခါရက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ ဇရဲမီးတောက်ပုံ

သင်္ခါရက္ခန္ဓာ၌ (၂၄) ပါးသော သက္ကာယဒိဋ္ဌိတို့တွင် **ရူပသဥ္စေတနာ၌ သက္ကာယ ဒိဋ္ဌိဇရဲမီးတောက်ပုံ**မှာ - ထိုထိုသူကိုလည်းကောင်း၊ ထိုထိုဝတ္ထုကို လည်းကောင်း၊ ထိုထိုအမှုကို လည်းကောင်း မျက်စိဖြင့် ကြည့်ရှု၍ ကိုယ်အင်္ဂါ၊ နှုတ်အင်္ဂါ၊ စိတ်အင်္ဂါဖြင့် ဗျာပါရပြုရာ၌ ငါသွားသည်၊ ငါပြုသည်၊ ငါမြင်သည် အစရှိသည်ဖြင့်

http://www.dhammadownload.com



ဖြစ်သောအခါ ရူပသဉ္စေတနာ၌ ဖြစ်သောဒိဋ္ဌိတည်း။ ကြွင်းအာရုံငါးပါးတို့အတွက်နှင့် ဗျာပါရ စိုက်ရာ၌လည်း ဤနည်းတူ သိပါလေ။

စေတနာမှ ကြွင်းသော၊ သင်္ခါရက္ခန္ဓာ တရားတို့၌လည်း ထွေထွေလာလာ ငါကြံသည်၊ ငါကြံသည်ဟု ဖြစ်သည်ကား **ဝိတက်၊ ဝိစာရတို့၌ ဖြစ်သော ဒိဋ္ဌိ** တည်း။ ထိုထိုအမှုကို ငါအားထုတ်သည်ဟုဖြစ်သည်ကား **ဝီရိယ၌ဖြစ်သော ဒိဋ္ဌိ**တည်း။ ငါ နှစ်သက်သည်ဟု ဖြစ်သည်ကား **ပီတိ၌ဖြစ်သော ဒိဋ္ဌိ**တည်း။ ဘယ်ဟာကို ငါလိုချင်သည်၊ ငါ ရချင်သည်၊ ငါပြုချင်သည်၊ ငါသွားချင်သည်၊ ငါရောက်ချင်သည်၊ ငါပြောချင်သည်၊ ငါဆိုချင်သည်၊ ငါကြည့်ချင်သည်ဟု ဖြစ်သည်ကား **ဆန္ဒ၌ဖြစ်သော ဒိဋ္ဌိ**တည်း။

တရားတော်နှင့်စပ်၍ ဘယ်တရားကို ငါမသိ၊ ငါမမြင်၊ ငါမထင်သည်ဟု ဖြစ်သည်ကား **မောဟ၌စွဲသော ဒိဋ္ဌိ**တည်း။ မကောင်းမှုနှင့်တွေ့လျှင် ငါမရှက်တတ်၊ ငါ မကြောက်တတ်ဟု ဖြစ်သည်ကား **အဟိရိက အနောတ္တပ္ပတို့၌ စွဲသော ဒိဋ္ဌိ** တည်း။ သား မယား၊ ပစ္စည်းဥစ္စာတို့၌ ဘယ်ဟာကို ငါလိုချင်သည်၊ ငါခံစားချင်သည်၊ ငါခင်သည်၊ ငါမင်သည်၊ ငါချစ်ခင်စုံမက်သည်၊ ငါသာယာ တွယ်တာသည်ဟု ဖြစ်သည်ကား **လောဘ၌စွဲသော ဒိဋ္ဌိ**တည်း။ ငါစိတ်ဆိုးသည်၊ ငါစိတ်ပျက်သည်၊ ငါမုန်းသည်၊ ငါ မြင်ပြင်းကပ်သည်ဟု ဖြစ်သည်ကား **ဒေါသ၌ စွဲသောဒိဋ္ဌိ**တည်း။ ငါ အညံ့မခံနိုင်၊ ငါမလျှော့နိုင်၊ ငါမနှိမ့်ချနိုင်ဟု ဖြစ်သည်ကား **မာန၌စွဲသောဒိဋ္ဌိ** တည်း။ ငါ အယူမှားသည်ဟု ဖြစ်သည်ကား ဒိဋ္ဌိ၌စွဲသော ဒိဋ္ဌိတည်း။ ငါငြူစူသည် ငါဝန်တိုသည် ငါနှမြောသည်ဟု ဖြစ်သည်ကား **ဣဿာမစ္ဆေရတို့၌ စွဲသောဒိဋ္ဌိ** တည်း။ မိမိပြုခဲ့ဖူးသော မကောင်းမှု ဒုစရိုက်အတွက်နှင့် ငါစိတ်ပူသည်၊ ငါနှလုံးပူသည်၊ ငါမအေးနိုင် ရှိသည်ဟု ဖြစ်သည်ကား **ကုက္ကုစ္စ၌စွဲသော ဒိဋ္ဌိ**တည်း။

တရားမေ့မှုနှင့်စပ်လျှင် ငါငြီးငွေ့တတ်သည်၊ ငါပျင်းရိတတ်သည်ဟု ဖြစ်သည်ကား **ထိနမိဒ္ဓ၌စွဲသောဒိဋ္ဌိ**တည်း။ ရတနာသုံးပါးဂုဏ် စသည်တို့၌ ငါမယုံကြည်နိုင်၊ ငါ ယုံမှားသည်၊ ငါနှလုံးနှစ်ခွ ရှိသည်၊ ငါ ဒွိဟရှိသည်ဟု ဖြစ်သည်ကား **ဝိစိကိစ္ဆာ၌ စွဲသောဒိဋ္ဌိ**တည်း။ ဘုရားဂုဏ်စသော ကောင်းသောအာရုံ၌ ငါ ကြည်ညိုသည်၊ ငါ ကြည်ဖြူသည်၊ ငါနှလုံးကြည်သည်ဟု ဖြစ်သည်ကား **သဒ္ဓါ၌ စွဲသော ဒိဋ္ဌိ**တည်း။ ကောင်းသောအမှုတို့၌ ငါ မမေ့တတ်၊ ငါ အမှတ်ရသည်ဟု ဖြစ်သည်ကား **သတိ၌ စွဲသော ဒိဋ္ဌိ**တည်း။ မကောင်းသောအမှု၌ ငါ ရှက်တတ်သည်၊ ငါကြောက်တတ်သည်

http://www.dhammadownload.com



ဟု ဖြစ်သည်ကား ဟိရိဩတ္တပ္ပ၌ စွဲသော ဒိဋ္ဌိတည်း။ ငါ ဥပုသ်သီတင်း စောင့်ထိန်းသည်၊ သူ့ အသက်သတ်ခြင်းမှ ငါရှောင်ကြဉ်သည်ဟု ဖြစ်သည်ကား **သီလကုသိုလ်၌** စွဲသော ဒိဋ္ဌိတည်း။ အဒိန္နာဒါနမှ ငါရှောင်ကြဉ်သည် စသည်တို့၌လည်း ဤနည်းအတူ သိပါလေ။

## ဝိညာဏက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ ဧရမ်းတောက်ပုံ

ဝိညာဏက္ခန္ဓာ၌ (၂၄) ပါးသော သက္ကာယဒိဋ္ဌိတို့တွင် အဘယ်သူ၊ အဘယ်ဝတ္ထုကို ငါမြင်သည်၊ ငါကြည့်သည်၊ ငါရှုသည်ဟု ဖြစ်သည်ကား **စက္ခုဝိညာဏ်၌** စွဲသော ဒိဋ္ဌိတည်း။ ငါကြားသည်၊ ငါနာသည်၊ ငါနားထောင်သည်ဟု ဖြစ်သည်ကား **သောတ ဝိညာဏ်၌** စွဲသောဒိဋ္ဌိတည်း။ ငါနံသည်၊ ငါမွှေးသည်ဟု ဖြစ်သည်ကား **ဃာန ဝိညာဏ်၌**စွဲသော ဒိဋ္ဌိတည်း။ အချိုအချဉ် အရသာကို ငါသိသည်ဟု ဖြစ်သည်ကား **ဇိဝှာဝိညာဏ်၌**စွဲသော ဒိဋ္ဌိတည်း။ အပူ၊ အချမ်း၊ အကြမ်း၊ အနုတို့ကို တွေ့ထိ၍ ငါ သိသည်ဟု ဖြစ်သည်ကား **ကာယဝိညာဏ်၌**စွဲသော ဒိဋ္ဌိတည်း။ မနောနှလုံးနှင့် ငါကြံသည်၊ ငါတွေးသည်၊ ငါသိသည်ဟု ဖြစ်သည်ကား **မနော ဝိညာဏ်၌**စွဲသော ဒိဋ္ဌိတည်း။

အပေါင်းအားဖြင့် ခန္ဓာငါးပါးလုံးကို ခြုံ၍ ငါဟူ၍ လည်းကောင်း၊ ငါသွားသည်၊ ငါလာသည်၊ ငါပြုသည်၊ ငါပြောသည်၊ ငါဆိုသည် စသည်ဖြင့် လည်းကောင်း၊ **အပေါင်း ကို ခြုံ၍ စွဲလမ်းပြောဆိုသမျှသည်လည်း ဒိဋ္ဌိချည်းပင်တည်း။** ပုဂ္ဂိုလ် အဟုတ်ရှိ၏၊ သတ္တဝါ အဟုတ်ရှိ၏၊ လူ အဟုတ်ရှိ၏၊ နတ် အဟုတ်ရှိ၏၊ မိန်းမ, ယောကျ်ား, ငါ, သူတစ်ပါး အဟုတ်ရှိ၏ဟု မှတ်ထင်ခြင်း အရင်းခံရှိကြကုန်သော ပုထုဇဉ် သတ္တဝါတို့သည် ငါဟူသောစကား၊ ကိုယ်ဟူသော စကား။ တစ်လောကလုံး တအုံးအုံး ပြောလည်း ပြောကြကုန်၏။ ပြောတိုင်း ပြောတိုင်းလည်း စိတ်အထင် ပါကုန်၏။

သက္ကာယဒိဋ္ဌိကို ပယ်ပြီးသော အရိယာတို့သည်ကား အပြောမှာ အများနည်းတူ ပြောကြကုန်၏။ စိတ်အထင်မူကား မရှိပြီ။ ငါဟူ၍ ပြောကြကုန်သော်လည်း စိတ်မှာ တကယ် ငါဟုတ်သည်ဟု မထင်ကြကုန်ပြီ။

ဆိုခဲ့ကုန်ပြီးသော သက္ကာယဒိဋ္ဌိ အချက်စုမှာ -

ဒိဋ္ဌိနှင့် စွဲလမ်း ထင်မြင်သည်လည်း ရှိ၏။

http://www.dhammadownload.com



သညာနှင့် စွဲလမ်း ထင်မြင်သည်လည်း ရှိ၏။

စိတ်ဝိညာဏ်နှင့် စွဲလမ်း ထင်မြင်သည်လည်း ရှိ၏။

ဒိဋ္ဌိဂတသမ္ပယုတ်စိတ်နှင့် စွဲလမ်း ထင်မြင်သောအခါ၌ ဒိဋ္ဌိနှင့် စွဲလမ်း ထင်မြင်သည်။ ထိုစိတ်မှ တစ်ပါးသော အကုသိုလ်စိတ်၊ မဟာကုသိုလ်စိတ်တို့နှင့် စွဲလမ်း ထင်မြင်သော အခါ၌မူကား သညာ၊ ဝိညာဏ်တို့နှင့် စွဲလမ်းထင်မြင်သည်။

**အပါယ်တံခါး ဟင်းလင်းပွင့်နေ၍ ရင်မအေးရပုံ**

ဤပြဆိုခဲ့ပြီးသော သက္ကာယဒိဋ္ဌိတို့ကို မပယ်နိုင်သမျှ ကာလပတ်လုံး လူဖြစ်သော်လည်း အပါယ်လေးပါး တံခါးဟင်းလင်း၊ နတ်သိကြား ဖြစ်သော်လည်း အပါယ်လေးပါး တံခါးဟင်းလင်း၊ ဗြဟ္မာဖြစ်သော်လည်း အပါယ်လေးပါးတံခါး ဟင်းလင်းသာနေကြ၏။ **စိတ်နှလုံးထဲမှာငရဲမီးထုပ်ပေါင်း (၂၅၆) ပါးကို ရင်ခွင်ပိုက်လျက်** နေကြ၏။ စိတ်နှလုံးထဲမှာ ငရဲကြီး (၈) ထပ်၊ ဖြစ်လေရာရာ အပြီးပါ၍ နေကြ၏။ ကုသိုလ်ကံ အခွင့်ရ၍ လူ့ဘဝ,နတ်ဘဝ,ဗြဟ္မာ့ဘဝကို ရကြသော်လည်း **ရင်ထဲမှာ ငရဲမီး ထပ်ကြပ်ပါ၍** နေသောကြောင့် **စိတ်နှလုံးအေးရန် အခွင့်မရှိ။**

လူပင်ဖြစ်သော်လည်း **လူ့အေး မဟုတ်**၊ နတ်၊ ဗြဟ္မာပင် ဖြစ်သော်လည်း **နတ်အေး၊ ဗြဟ္မာအေး မဟုတ်**လေရကား လယ်တီဆရာတော်ဘုရားကြီးက-

သစ္စာမသိ၊ ဒိဋ္ဌိမကွာ၊ ပုဂ္ဂိုလ်မှာလျှင် -
လူတွင် စကြာ၊ နတ်မှာ သိကြား၊
မိုးဖျား ဗြဟ္မာ၊ ဖြစ်တုန်ပါလည်း၊
ခန္ဓာပြိုကွဲ၊ ကုသိုလ်စဲက၊
ဖောက်လွဲပါယ်ရွာ၊ ရောက်မြဲသာတည်း

ဟု မြွက်ဖော်ညွှန်းပြ ဆိုဆုံးမခဲ့ပေသည်။

## သက္ကာယဒိဋ္ဌိသည် ခပ်သိမ်းသောဒိဋ္ဌိတို့၏ အမြစ်မူလဖြစ်ပုံ

သက္ကာယဒိဋ္ဌိ (၂၀) ကို မိမိတို့ကိုယ်ဝယ် အတပ်ဒိဋ္ဌ သိမြင်ကြစေရန် အထက်ပါ အမိန့်အမြွက်ကို ပြဆိုပြီးသည့် နောက်၌ သက္ကာယဒိဋ္ဌိသည် ခပ်သိမ်းသောဒိဋ္ဌိတို့၏ အမြစ်မူလဖြစ်ပုံကို သိစေလို၍ လယ်တီဆရာတော်ဘုရားကြီးသည် အောက်ပါ အတိုင်း ဆက်လက် မြွက်ဆိုခဲ့လေသည်။

http://www.dhammadownload.com



## ဒိဋ္ဌိခပ်သိမ်း၏ အမြစ်မူလ သက္ကာယ

သက္ကာယဒိဋ္ဌိသည် ခပ်သိမ်းသောဒိဋ္ဌိတို့၏ မူလအမြစ်တည်း။ လောက၌ အလုံးစုံသော မြက်၊ သစ်ပင် ဟူသမျှသည် မျိုးစေ့မှ ပေါက်ဖွားဖြစ်ထွန်းကြကုန်၏။ မျိုးစေ့သည် မြက်၊ သစ်ပင်တို့၏ မူလဗီဇ ဖြစ်ခဲ့၏။ မျိုးစေ့ရှိခဲ့လျှင် ဘယ်နေရာမှာ မြက်၊ သစ်ပင်မပေါက်ဟု မဆိုသာ။ မျိုးစေ့မရှိ၊ မျိုးပြုတ်သွားလျှင် မြက်၊ သစ်ပင် အပေါက်ငြိမ်း၏။ မျိုးမပြုတ်လျှင် အပေါက်မငြိမ်း။

ဤအတူ စိတ်နှလုံးထဲမှာ သက္ကာယဒိဋ္ဌိအပြီးပါနေသမျှ ကာလပတ်လုံး ကမ္ဘာပျက်၍မှ ငရဲကမလွတ်ရသော နိယတမိစ္ဆာဒိဋ္ဌိကြီး (၃) ပါးဘေးနှင့်တကွ၊ မိစ္ဆာဒိဋ္ဌိ (၆၂) ပါးဘေးတို့မှ မလွတ်နိုင်သေးပြီ။ ပဉ္စာနန္တရိယကံကြီးငါးပါးလည်း အပြီးပါရှိ၍ နေတော့သည်။ ဒုစရိုက် (၁၀) ပါးလည်း အပြီးပါ၍သာနေတော့သည်။ လူ့ပြည်မှာ လူဖြစ်သော်လည်း၊ နတ်ပြည် (၆) ထပ်မှာ နတ်မင်းကြီး၊ သိကြားမင်းကြီး ဖြစ်သော်လည်း၊ ဗြဟ္မာပြည်မှာ ဗြဟ္မာမင်းကြီးဖြစ်သော်လည်း ရင်ထဲမှာကား အပါယ် (၄) ဘုံ အပြီးပါသည်သာတည်း။

ဤသို့အားဖြင့် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်၌ နေကြကုန်သော ပုထုဇဉ်တို့မှာ အပါယ်ကျခွင့်သို့ တစ်နေ့ထက်တစ်နေ့ နီး၍ သွားကြလေကုန်၏။

## သက္ကာယဒိဋ္ဌိ၏ အပြစ်ဒေါသ အနန္တ

ထို့ကြောင့်လည်း မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာအား ဤပဋိစ္စသမုပ္ပါဒ်တရားကို မသိ၍ ပုထုဇဉ်သတ္တဝါတို့ ရက်ကန်းထွေးအူပေါက်၊ ဖြူဆံမြက်တော၊ ပြိန်း မြက်တော၊ စာပေါင်းသိုက်တို့ကဲ့သို့ ရှုပ်ထွေးနေကြရသဖြင့် ချမ်းသာကင်းသော မကောင်းသဖြင့် လားရာဖြစ်သော၊ အလိုဆန္ဒကင်း၍ ကျရာဖြစ်သော သံသရာမှ မလွတ်နိုင်ကြောင်းကို ဟောကြားတော်မူခဲ့လေပြီ။

**ရက်ကန်းထွေး အူပေါက်စသည်တို့ကဲ့သို့ ရှုပ်ထွေး၍နေကြခြင်းပုဒ်၏ အဓိပ္ပာယ်ကား** - တစ်ယောက် တစ်ယောက်သော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ ရင်ထဲနှလုံးထဲမှာ (၂၅၆) ပါးသော သက္ကာယဒိဋ္ဌိနှင့်တကွ ပြဆိုပြီးသော အပြစ်ဒေါသမျိုးတွေ အသချေ ရှုပ်ထွေး၍ နေကြသည်ကို ဆိုလိုသည်။

**အလိုဆန္ဒကင်း၍ ကျရာဖြစ်သော သံသရာပုဒ်၏အဓိပ္ပာယ်ကား** - ထိုသို့ နှလုံးအတွင်း ရှုပ်ထွေး၍ နေကြကုန်သော လူ၊ နတ်၊ ဗြဟ္မာ ပုထုဇဉ်သတ္တဝါ

http://www.dhammadownload.com



တို့သည် ဘယ်ဘုံက စုတေလျှင် ဘယ်ဘုံသို့ ငါသွားမည်ဟု မှန်းတမ်း၍ သွားနိုင်ကြသည် မဟုတ်။ စုတေသည့်နောက် ရောက်လိုရာရောက်၊ ကျလိုရာကျ၊ ကမ္ဘာသကာ ကံချ ရာဟု ပေါက်လွတ်ခမွတာ ထားရကြကုန်၏။

တပေါင်း၊ တန်ခူးအခါ လေမုန်တိုင်းတိုက်၍ ကြွေကျကုန်သော သစ်ရွက်တို့သည် အညာက လွတ်လျှင် ကျစရာနေရာကို ရွေးချယ်၍ ဘယ်နေရာမှာ ငါကျမည်ဟု မှန်းတမ်း၍ ကျနိုင်ကြကုန်သည်မဟုတ်။ ရောက်မိရောက်ရာ ရောက်၍ ကျမိကျရာ ကျလေကုန်သကဲ့သို့ -

ထို့အတူ သက္ကာယဒိဋ္ဌိ တန်းလန်းရှိကြကုန်သော သူတို့သည် အထက်ဆုံးဖြစ်သော ဘဝဂ်ဘုံကပင်သော်လည်း နေ့စေ့၍ စုတေသောအခါ ရောက်ချင်ရာရောက်၊ ပေါက်လွှတ်ကြကုန်သည်သာတည်း။ တစ်ဘဝမှ တစ်ဘဝသို့ စုတေကြသောအခါ ရောက်မိရောက်ရာရောက်၍ ကျမိကျရာ ကျကြလေကုန်သည်သာတည်း။

## ဒိဋ္ဌိမီးငြိမ်းပြီးသူ၏ အကျိုးအာနိသံသ အနန္တ

ရင်တွင်း၊ နှလုံးတွင်းမှ သက္ကာယဒိဋ္ဌိမီး ငြိမ်းကုန်ပြီးသော **ဝိသာခါ၊ အနာထပိဏ်** အစရှိသော သူတို့မှာမူကား တစ်ဘဝမှ တစ်ဘဝသို့ ပြောင်းရွှေ့ကြသောအခါ မိမိတို့ စိတ်ကြိုက်ရှိရာ ကောင်းမြတ်ရာဘုံ ဘဝတို့ကို ရွေးချယ်၍ ပြောင်းရွှေ့ကြ ရကုန်၏။ ယုတ်ညံ့သော ဘုံဘဝသို့ ကျရောက်ခြင်းမရှိတော့ဘဲ ကောင်းမြတ်ရာ ဘုံဘဝသို့သာ ရောက်ကြရကုန်၏။

ရင်တွင်းနှလုံးတွင်းမှာ သက္ကာယဒိဋ္ဌိမီး ငြိမ်းသဖြင့်လည်း အလုံးစုံသော ဒိဋ္ဌိမီး၊ အလုံးစုံသော ဒုစရိုက်မှုတို့သည် ငြိမ်းကြလေကုန်၏။ ရင်ထဲနှလုံးထဲမှာ အမြဲပါရှိ၍ နေကုန်သော အပါယ်လေးဘုံတို့သည် အကုန်ကွယ်ပျောက်ကြလေကုန်၏။

အပါယ်လေးဘုံတို့သည်သာ ကွယ်ပျောက်ကုန်သည် မဟုတ်ကုန်သေး။ ထိုသက္ကာယဒိဋ္ဌိမီး ငြိမ်းပြီးသော သူတို့သည် လူဖြစ်သော်လည်း စည်းစိမ်ဥစ္စာ၊ အလိမ္မာ ဉာဏ်၊ ဂုဏ်သိရ်ကြီးမြတ်သော အမျိုး၌သာ ဖြစ်ကြရကုန်၏။ ယုတ်ညံ့သော အမျိုး၌ ဖြစ်ခြင်း မရှိကြကုန်ပြီ။ နတ်ဖြစ်ရာ၌လည်း ထို့အတူပင် အလိမ္မာမှုမှာလည်း တစ်ဘဝထက် တစ်ဘဝ အလိမ္မာတိုးတက်၍သာ သွားကြကုန်၏။ မလိမ္မာသောအဖြစ်သို့ မရောက်ကြကုန်ပြီ။

ဤသို့လျှင် သက္ကာယဒိဋ္ဌိ ရှိကြကုန်သောသူတို့၏ **အပြစ်ဒေါသ အနန္တ၊** သက္ကာယဒိဋ္ဌိမီး ငြိမ်းကုန်ကြပြီးသော သူတို့၏ **အကျိုးအာနိသံသ အနန္တ**ကို ကောင်း

http://www.dhammadownload.com



စွာ သိရှိကြသဖြင့် သက္ကာယဒိဋ္ဌိတည်းဟူသော ပါပမဓမ္မကြီး၏ လေမုန်တိုင်းအဟုန်ဝယ် လွင့်ပါကြကုန်သော သစ်ရွက်မှိုက်တို့၏ အလားကဲ့သို့ သံသရာအလား၊ ဘဝအလား ကြောက်ပါးလိလိ၊ ကြောက်ဖွယ်လန့်ဖွယ် စက်ဆုပ်ဖွယ်သော သဘောသည် ထင်ရှားကြကုန်ရာ၏။

## သာသနာတွင်းဉ်သာ သက္ကာယဒိဋ္ဌိကို သိနိုင်ပုံ

ဘုရားသာသနာနှင့် ကြုံကြိုက်သော ဘဝဉ်သာလျှင် ငါ ငါဟူ၍ စွဲလမ်းမှုကို **သက္ကာယဒိဋ္ဌိမှု၊ ငရဲမီးတောက်မှုဟု** သိနိုင်သည်။ ဘုရားသာသနာပသို့ ရောက်၍ သွားလျှင် မဟာကမ္ဘာ အသင်္ချေပင် ကြာသော်လည်း သက္ကာယဒိဋ္ဌိဟူသော သိပေါက်သိလမ်းမရှိ။ မှောင်အတိ ဖုံးလွှမ်းလေတော့၏။

## ဒိဋ္ဌိအနာဆွေးနှင့် ပဋိစ္စသမုပ္ပါဒ်ဆေး

ဤသည်ကား -

**"ပဋိစ္စသမုပ္ပါဒ်ကို သိသောဉာဏ်သည် ဆေးကြီးမည်၏။"**

**"ထိုဆေးကြီး၏အချက်အရာ အနာဆိုး၊ ရောဂါဆိုးကား ဒိဋ္ဌိတရားတည်း"** ဟု "သူ့အနာနှင့်သူ့ဆေး"၊ နေရာကျအောင် အနာလက္ခဏာကို ဦးစွာ ပြဆိုခြင်းတည်း။

ဝိစိကိစ္ဆာ (၈) ပါး၊ (၁၆) ပါးတို့သည်လည်း အနာဆိုး၊ ရောဂါဆိုးတို့ပင် ဖြစ်သော်လည်း ထိုဝိစိကိစ္ဆာတရားတို့သည် သက္ကာယဒိဋ္ဌိ၏ အစီးအပွားတို့သာ ဖြစ်လေရကား သက္ကာယဒိဋ္ဌိရှိလျှင် ရှိကုန်တော့သည်။ သက္ကာယဒိဋ္ဌိ ကွာလျှင် ကွာကုန်တော့သည်။ သက္ကာယဒိဋ္ဌိ ငြိမ်းလျှင် ငြိမ်းကုန်တော့သည်ဖြစ်၍ အကျယ်ဆိုရန် မလိုသည် သာတည်း။

## ပဋိစ္စသမုပ္ပါဒ် ပါဠိ၊ အနက်၊ အရကောက်၊ သရုပ်ခွဲ၊ အဓိပ္ပာယ် သံသရာစက် လည်ပုံ၊ ပြတ်ပုံ၊ ဝင်ရိုးချိုးပုံနှင့် သောင်းပြောင်းထွေလာ

## ပဋိစ္စသမုပ္ပါဒ် ဥဒ္ဒေသ ပါဠိတော်

| | | |
|---|---|---|
| ၁။ | အဝိဇ္ဇာ ပစ္စယာ | သင်္ခါရာ |
| ၂။ | သင်္ခါရ ပစ္စယာ | ဝိညာဏံ |

http://www.dhammadownload.com



| | | |
|---|---|---|
| ၃။ | ဝိညာဏ ပစ္စယာ | နာမရူပံ |
| ၄။ | နာမရူပ ပစ္စယာ | သဠာယတနံ |
| ၅။ | သဠာယတန ပစ္စယာ | ဖဿော |
| ၆။ | ဖဿ ပစ္စယာ | ဝေဒနာ |
| ၇။ | ဝေဒနာ ပစ္စယာ | တဏှာ |
| ၈။ | တဏှာ ပစ္စယာ | ဥပါဒါနံ |
| ၉။ | ဥပါဒါန ပစ္စယာ | ဘဝေါ |
| ၁၀။ | ဘဝ ပစ္စယာ | ဇာတိ |
| ၁၁။ | ဇာတိ ပစ္စယာ | ဇရာ-မရဏံ |

သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊
ဧဝမေတဿ၊ ကေဝလဿ၊ ဒုက္ခက္ခန္ဓဿ၊ သမုဒယော ဟောတိ။

## တရားကိုယ်အင်္ဂါ စုံလင်စွာ

(မိုးညှင်းဆရာတော်ဘုရားကြီး)

| | | |
|---|---|---|
| ၁။ | အဝိဇ္ဇာပစ္စယာ | (မောဟ) |
| ၂။ | သင်္ခါရာ | (လောကီ - ကံ) |
| ၃။ | သင်္ခါရပစ္စယာ ဝိညာဏံ | (စိတ်စု) |
| ၄။ | ဝိညာဏပစ္စယာ နာမရူပံ | (စေတသိက်၊ ရုပ်) |
| ၅။ | နာမရူပပစ္စယာ သဠာယတနံ | (ဓာတ်ကြည် ၆ - ပါး) |
| ၆။ | သဠာယတနပစ္စယာ ဖဿော | (ဖဿ ၆ - ပါး) |
| ၇။ | ဖဿပစ္စယာ ဝေဒနာ | (ဝေဒနာ ၆ - ပါး) |
| ၈။ | ဝေဒနာပစ္စယာ တဏှာ | (တဏှာ ၆ - ပါး) |
| ၉။ | တဏှာပစ္စယာ ဥပါဒါနံ | (တဏှာ၊ ဒိဋ္ဌိ) |
| ၁၀။ | ဥပါဒါနပစ္စယာ ဘဝေါ | (ကမ္မဘဝ၊ ဥပပတ္တိဘဝ) |
| ၁၁။ | ဘဝပစ္စယာ ဇာတိ | (ဥပါဒ်စု) |
| ၁၂။ | ဇာတိပစ္စယာ ဇရာ-မရဏံ | (ဌီ၊ ဘင်) |

သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

http://www.dhammadownload.com



## ဥဒ္ဒေသပါဠိတော် အကျဉ်းအဓိပ္ပာယ်

| | | | |
|---|---|---|---|
| ၁။ | အဝိဇ္ဇာ | အကြောင်းကြောင့် သင်္ခါရတို့ဖြစ်ကြ၏။ | |
| ၂။ | သင်္ခါရတို့ | ဖြစ်ခြင်းကြောင့် | ဝိညာဏ် ဖြစ်၏။ |
| ၃။ | ဝိညာဏ် | ဖြစ်ခြင်းကြောင့် | နာမ်ရုပ် ဖြစ်၏။ |
| ၄။ | နာမ်ရုပ် | ဖြစ်ခြင်းကြောင့် | သဠာယတန ဖြစ်၏။ |
| ၅။ | သဠာယတန | ဖြစ်ခြင်းကြောင့် | ဖဿ ဖြစ်၏။ |
| ၆။ | ဖဿ | ဖြစ်ခြင်းကြောင့် | ဝေဒနာ ဖြစ်၏။ |
| ၇။ | ဝေဒနာ | ဖြစ်ခြင်းကြောင့် | တဏှာ ဖြစ်၏။ |
| ၈။ | တဏှာ | ဖြစ်ခြင်းကြောင့် | ဥပါဒါန် ဖြစ်၏။ |
| ၉။ | ဥပါဒါန် | ဖြစ်ခြင်းကြောင့် | ဘဝ (ကမ္မ၊ ဥပပတ္တိ) ဖြစ်၏။ |
| ၁၀။ | ဘဝ (ကမ္မဘဝ) | ဖြစ်ခြင်းကြောင့် | ဇာတိ (ဥပပတ္တိဘဝ) ဖြစ်၏။ |
| ၁၁။ | ဇာတိ | ဖြစ်ခြင်းကြောင့် | ဇရာ-မရဏတို့သည် လည်းကောင်း၊ |

သောက၊ ပရိ ဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့သည်လည်းကောင်း ဖြစ်ကြကုန်၏။

ဤသို့လျှင် ချမ်းသာမဖက် သက်သက်သော ဒုက္ခအစု ဖြစ်ပွားရ၏ဟု သိမှတ်အပ်၏။

## ပဋိစ္စသမုပ္ပါဒ် ဥဒ္ဒေသပါဠိတော် အနက်

**(လယ်တီဆရာတော်ဘုရားကြီး)**

၁။ **အဝိဇ္ဇာပစ္စယာ** - အဟုတ်အမှန်ကို မသိမမြင်၊ မထင်မလင်းမှုဟူသော အကြောင်းတရားထင်ရှားရှိနေခြင်းကြောင့်၊ **သင်္ခါရာ**-ပစ္စုပ္ပန်အမှု၊ သံသရာအမှုတို့ကို ပြုစုပျိုးထောင်ခြင်းဟူသော သင်္ခါရမှုတို့သည်၊ **သမ္ဘဝန္တိ** - ဖြစ်ပွားကြကုန်၏။

၂။ **သင်္ခါရပစ္စယာ** - ပစ္စုပ္ပန်အမှု၊ သံသရာအမှုတို့ကို ပြုစုပျိုးထောင်ခြင်း ဟူသော သင်္ခါရတရား ထင်ရှားရှိနေခြင်းကြောင့်၊ **ဝိညာဏံ** - ဘဝသစ်၌ ဝိညာဏ်သစ်၊ ဖြစ်ပေါ်မှုသည်၊ **သမ္ဘဝန္တိ** - ဖြစ်ပွား၏။

၃။ **ဝိညာဏပစ္စယာ** - ဝိညာဏ်သစ် ဖြစ်ပေါ်မှုကြောင့်၊ **နာမရူပံ** - နာမ်အစု၊ ရုပ်အစုသည်၊ **သမ္ဘဝန္တိ** - ဖြစ်ပွား၏။

http://www.dhammadownload.com



၄။ **နာမရူပ ပစ္စယာ** - နာမ်အစု၊ ရုပ်အစုဖြစ်ပွားမှုကြောင့်၊ **သဠာယတနံ** - ဒွါရ (၆) မည်၊ အကြည် (၆) ပါး၊ သဠာယတန တရားစုသည်၊ **သမ္ဘဝန္တိ** - ဖြစ်ပွား၏။

၅။ **သဠာယတနပစ္စယာ** - ဒွါရ(၆) မည်၊ အကြည် (၆) ပါး ထင်ရှားရှိခြင်းကြောင့်၊ **ဖဿော** - အာရုံကို တွေ့ထိမှုဟူသော ဖဿ (၆) ပါးသည်၊ **သမ္ဘဝန္တိ** - ဖြစ်ပွား၏။

၆။ **ဖဿပစ္စယာ** - ဖဿ (၆) ပါး ထင်ရှားရှိနေခြင်းကြောင့်၊ **ဝေဒနာ** - အာရုံကို ခံစားမှုဟူသော ဝေဒနာ (၆)ပါးသည်၊ **သမ္ဘဝန္တိ** - ဖြစ်ပွား၏။

၇။ **ဝေဒနာ ပစ္စယာ** - ဝေဒနာ (၆) ပါး ထင်ရှားရှိနေခြင်းကြောင့်၊ **တဏှာ** - ဝတ္ထုအာရုံ ကာမဂုဏ်ကို ခင်မင်တွယ်တာ သာယာကပ်ငြိသော တဏှာ (၆) ပါးသည်၊ **သမ္ဘဝန္တိ** - ဖြစ်ပွား၏။

၈။ **တဏှာပစ္စယာ** - တဏှာ (၆) ပါး ထင်ရှားရှိနေခြင်းကြောင့်၊ **ဉပါဒါန** - မလွှတ်နိုင်၊ မခွာနိုင်၊ ပိုင်ပိုင်စေးခဲ တွယ်တာမြဲသော ဥပါဒါန်တရားသည်၊ **သမ္ဘဝန္တိ** - ဖြစ်ပွား၏။

၉။ **ဉပါဒါန ပစ္စယာ** - ဥပါဒါန်တရားထင်ရှားရှိနေမှုကြောင့်၊ **ဘဝေါ** - လောက အစီးအပွား၊ သံသရာ အစီးအပွားဟူသော ကံတရား၊ ဝိပါက်တရားစုသည်၊ **သမ္ဘဝန္တိ** - ဖြစ်ပွား၏။

၁၀။ **ဘဝပစ္စယာ** - ပစ္စုပ္ပန်စီးပွားမှု သံသရာ စီးပွားမှု ထင်ရှားရှိနေခြင်းကြောင့်၊ **ဇာတိ** - အဖန်ဖန် ပဋိသန္ဓေနေမှု ထင်ရှားရှိနေခြင်းသည်၊ **သမ္ဘဝန္တိ** - ဖြစ်ပွား၏။

၁၁။ **ဇာတိပစ္စယာ** - ပဋိသန္ဓေနေမှု ထင်ရှားရှိနေခြင်းကြောင့်၊ **ဇရာ-မရဏံ** - အဖန်ဖန် အိုမင်းရင့်ဆွေးမှု၊ သေဆုံးမှုသည်လည်းကောင်း၊ **သောက ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿုပါယာသာ** - စိုးရိမ်ပူဆွေးမှု၊ ငိုကြွေးမြည်တမ်းမှု၊ ပင်ပန်း ဆင်းရဲ နှလုံးမသာမယာမှု၊ သက်ကြီးရှိုက်ငင် ပင်ပန်းမှုတို့သည် လည်းကောင်း၊ **သမ္ဘဝန္တိ** - ဖြစ်ပွားကုန်၏။

**ဧဝံ** - ဤသို့၊ **ကေဝလဿ**-သုခမဖက် သက်သက်သော၊ **ဧတဿ ဒုက္ခက္ခန္ဓဿ** - ဤဒုက္ခအစု၏၊ **သမုဒယော** - ဖြစ်ပွားခြင်းသည်၊ **ဟောတိ** - ဖြစ်၏။

http://www.dhammadownload.com



# ပဋိစ္စသမုပ္ပါဒ် ဥဒ္ဒေသ ပါဠိတော်အနက်

(ညောင်လေးပင်တောရဆရာတော်ဘုရားကြီး)

၁။ **အဝိဇ္ဇာပစ္စယာ** - သစ္စာလေးတန်၊ ပုဗ္ဗန္တ၊ အပရန္တ၊ ပုဗ္ဗန်ပရ ပဋိစ္စ ဟူသော ရှစ်ဌာနၳ တွေဝေသော အဝိဇ္ဇာဟူသော အကြောင်းကြောင့်။ **သင်္ခါရာ** - ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဥ္ဇာဘိသင်္ခါရတို့သည် (ဝါ) ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရတို့သည်၊ **သမ္ဘဝန္တိ** - ဖြစ်ကုန်၏။

၂။ **သင်္ခါရပစ္စယာ** - သင်္ခါရဟူသော အကြောင်းကြောင့်၊ **ဝိညာဏံ** - ပဋိသန္ဓေ ဝိညာဏ် (၁၉) ခု၊ ပဝတ္တိဝိညာဏ် (၃၂) ခုသည်၊ **သမ္ဘဝန္တိ** - ဖြစ်၏။

၃။ **ဝိညာဏ ပစ္စယာ** -ဝိညာဏ်ဟူသောအကြောင်းကြောင့်၊ **နာမရူပံ** - နာမ် သည် လည်းကောင်း၊ ရုပ်သည် လည်းကောင်း၊ နာမ်ရုပ်သည် လည်းကောင်း၊ **သမ္ဘဝန္တိ** - ဖြစ်၏။

၄။ **နာမရူပပစ္စယာ** - နာမ်, ရုပ်, နာမ်ရုပ် ဟူသော အကြောင်းကြောင့်၊ **သဠာယတနံ** - စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှာယတန၊ ကာယာ ယတန၊ မနာယတနဟူသော ခြောက်ပါးသော အာယတနသည်၊ **သမ္ဘဝန္တိ** - ဖြစ်၏။

၅။ **သဠာယတန ပစ္စယာ** - သဠာယတနဟူသော အကြောင်းကြောင့်၊ **ဖဿော** - စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှာသမ္ဖဿ၊ ကာယ သမ္ဖဿ၊ မနောသမ္ဖဿ ဟူသော ခြောက်ပါးသော ဖဿသည်၊ **သမ္ဘဝန္တိ** - ဖြစ်၏။

၆။ **ဖဿပစ္စယာ** - ဖဿဟူသော အကြောင်းကြောင့်၊ **ဝေဒနာ**-စက္ခုသမ္ဖဿဇာ ဝေဒနာ၊ သောတသမ္ဖဿဇာ ဝေဒနာ၊ ဃာနသမ္ဖဿဇာ ဝေဒနာ၊ ဇိဝှာ သမ္ဖဿဇာ ဝေဒနာ၊ ကာယသမ္ဖဿဇာ ဝေဒနာ၊ မနောသမ္ဖဿဇာ ဝေဒနာ ဟူသော ခြောက်ပါးသော ဝေဒနာသည်၊ **သမ္ဘဝန္တိ** - ဖြစ်၏။

၇။ **ဝေဒနာ ပစ္စယာ** - ဝေဒနာဟူသော အကြောင်းကြောင့်၊ **တဏှာ** - ရူပ တဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာ ဟူသော ခြောက်ပါးသော တဏှာသည် (ဝါ) ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ (သုံးပါး) သည်၊ **သမ္ဘဝန္တိ** - ဖြစ်၏။

http://www.dhammadownload.com



၈။ **တဏှာ ပစ္စယာ** - တဏှာဟူသော အကြောင်းကြောင့်၊ **ဥပါဒါနံ** - ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် ဟူသော လေးပါးသော ဥပါဒါန် သည်၊ **သမ္ဘဝန္တိ** - ဖြစ်၏။

၉။ **ဥပါဒါန ပစ္စယာ** - ဥပါဒါန်ဟူသော အကြောင်းကြောင့်၊ **ဘဝေါ** - ကမ္မဘဝ၊ ဥပပတ္တိဘဝသည်၊ **သမ္ဘဝန္တိ** - ဖြစ်၏။

၁၀။ **ဘဝပစ္စယာ** - ဘဝဟူသောအကြောင်းကြောင့်၊ (ဝါ) ကမ္မဘဝကြောင့်၊ **ဇာတိ** - ရုပ်ဇာတိ၊ နာမ်ဇာတိသည်၊ **သမ္ဘဝန္တိ** - ဖြစ်၏။
(ဥပပတ္တိဘဝကား၊ ဇာတိ၌ ဝင်သည်)

၁၁။ **ဇာတိပစ္စယာ** - ဇာတိဟူသော အကြောင်းကြောင့်၊ **ဇရာ-မရဏံ** - ရုပ် ဇရာ-မရဏ၊ နာမ် ဇရာ-မရဏသည်၊ **သမ္ဘဝန္တိ** - ဖြစ်၏။

**သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ**

**သောက** - စိုးရိမ်ခြင်း၊ **ပရိဒေဝ** - ငိုကြွေးခြင်း၊ **ဒုက္ခ** - ကိုယ်ဆင်းရဲခြင်း၊ **ဒေါမနဿ** - စိတ်ဆင်းရဲခြင်း၊ **ဥပါယာသာ** - ပြင်းစွာ ပင်ပန်းခြင်းတို့သည်၊ **သမ္ဘဝန္တိ** - ဖြစ်ကုန်၏။

**"ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ"**

**ဧဝံ** - ဤသို့ အကြောင်းအဆက်ဆက်ဖြင့်၊ **ကေဝလဿ** - ချမ်းသာစသည် တို့နှင့် မရောသော၊ **ဧတဿဒုက္ခက္ခန္ဓဿ** - ဤဝဋ်ဆင်းရဲအစု၏၊ **သမုဒယော** - ဖြစ်ခြင်းသည်၊ **ဟောတိ** - ထင်ရှားစွာ ဖြစ်၏။

ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဗြဟ္မာ၊ လူ၊ နတ် မဖြစ်။ မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန် ပျက်စီးတတ်သော (ငါ့ကိုယ်၊ ငါ့ဟာ၊ ငါဟု ရှုခြင်းငှာ မသင့်သော) ရုပ်၊ နာမ် သဘောတရားတို့သာ ဖြစ်ကုန်၏။

## ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်မည်ပုံ

**(နဝမလယ်တီဆရာတော်ကြီး လယ်တီ-အရှင်ကေလာသ)**

ဤဥဒ္ဒေသပါဠိတော်အရ အဝိဇ္ဇာသည် အကြောင်းတရားအစသာဖြစ်၍၊ ဇရာ-မရဏ စသည်တို့မှာ အဆုံးအကျိုးတရားတို့သာ ဖြစ်၏ဟု ထင်မှားဖွယ် ရှိပေ၏၊ ထိုသို့ကား မဟုတ်ပေ။ ဇရာတရား၊ မရဏတရား စသည်တို့ အမြဲမပြတ် နှိပ်စက်အပ် သောကြောင့် အာသဝတရားတို့ ဖြစ်ကြကုန်၏။ ထိုအာဝသတို့ဖြစ်ခြင်းကြောင့် အဝိဇ္ဇာ တရား အကျိုးဖြစ်ပွားရပြန်၏။

http://www.dhammadownload.com



(ကျေးဇူးတော်ရှင် ညောင်လေးပင်တောရဆရာတော်ဘုရားကြီး ကလည်း ဇာတိကြောင့် ဇရာ-မရဏ၊ သောက စသည်တို့ဖြစ်သောအခါ နှပ်ျလို၊ အသက်ရှည်လိုသော ကာမာသဝ၊ တဏှာစသည်ဖြစ်၍ ထိုအာသဝကြောင့် အဝိဇ္ဇာလည်း အတူဖြစ်သောကြောင့် **ဇရာ-မရဏ ပစ္စယာ အဝိဇ္ဇာ** ဟု လှည့်ခွေရပြန်သည်ဟု ဆိုထား၏။)

ဤသို့သောနည်းဖြင့် အဝိဇ္ဇာကြောင့် သင်္ခါရတို့ဖြစ်၊ သင်္ခါရကြောင့်၊ ဝိညာဏ်ဖြစ် စသည်ဖြင့် ဇရာ-မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ တိုင်အောင် ဖြစ်ကြရကုန်၏။ ထို့နောက်တစ်ဖန် ဇရာ-မရဏ စသည်တို့ အရင်းခံအကြောင်းပြုခြင်းကြောင့် အဝိဇ္ဇာ ဖြစ်ရပြန်၏။ တစ်ဖန် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် လည်ရပြန်၏။ ဤသို့ပင် အစလည်း မမြင်နိုင်ချေ။ အရိယာမဂ်ကို မရသေးသမျှ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၏ အဆုံးကိုလည်း မမြင်နိုင်ချေ။ ဤသို့လျှင် အစမမြင်၊ အဆုံးမထင်နိုင်ဘဲ အစဉ်အမြဲ တဝဲလည်လည် ဖြစ်နေသည်ပင် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်တရား ဖြစ်၏။

ထို့ကြောင့်လည်း အဘိဓမ္မတ္ထသင်္ဂဟမည်သော လက်သန်းအဌကထာ၌ ကျမ်းပြု **အရှင်အနုရုဒ္ဓါ မဟာထေရ်** က -

**ဇဝံ** - ကြောင်းကျိုးနှစ်ရပ် ဆက်နွယ်စပ်၍ မပြတ်လှည့်စိုင်း၊ ဤယခုပြဆိုခဲ့သည့်အတိုင်း၊ **အာဗန္ဓံ** - မရပ်မတည် မပြတ်လည်ထသော၊ **အနာဒိကံ** - ဘယ်တရားမှ ရင်းအစဟု မှန်းဆဉာဏ်တွင် အစမထင်ထသော၊ **တေဘူမကံ** - ကာမ၊ ရူပ၊ အရူပဟု လောကသုံးပြင်၊ ဘုံသုံးခွင်၌ အစဉ်ဖြစ်ထသော၊ **ဝဋ္ဋံ** - ကိလေကမ္မဝိပါက ဟု သုံးဝထင်ရှား ဝဋ္ဋတရားကို၊ **ပဋိစ္စသမုပ္ပါဒေါတိ** - အကြောင်းစွဲလတ် ကျိုးဖြစ်တတ်သည့် ပဋိစ္စသမုပ္ပါဒ်တရားဟူ၍၊ **မဟာမုနိ** - မုနိငါးပါးခေါင်ဖျားထွဋ်တင် ဘုရားရှင်သည်၊ **ပဋ္ဌပေသိ** - ဝေနေယျများ သိထင်ရှားအောင် ဟောကြားပညတ်တော်မူခဲ့ပါပေ၏ဟု ပြဆိုထားပေ၏။

## ပဋိစ္စသမုပ္ပါဒ်၌ အကျဉ်းသိလွယ် အဓိပ္ပာယ်

**(ဒီပဲယင်းဆရာတော်ဘုရားကြီး)**

* အဝိဇ္ဇာ ဆိုသည်မှာ အဟုတ်အမှန်ကို မသိတတ်တဲ့ မောဟသာ၊
ဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်လတ္တံ့သော ရုပ်ကို ရုပ်ဟုမသိ။ နာမ်ကို နာမ်ဟုမသိ။
မမြဲဖန်ဖန် ရုပ်နာမ်တို့၏ဖြစ်ပုံ၊ ပျက်ပုံ အနိစ္စသဘောကို မသိ။
ရုပ်၊ နာမ်တို့၏ ထိတ်ဖွယ်၊ လန့်ဖွယ်၊ ကြောက်မက်ဖွယ် ဒုက္ခသဘောကို မသိ။

http://www.dhammadownload.com



ရုပ်နာမ်တို့၏ ငါမဟုတ်၊ ငါ့ဟာမဟုတ်။
အကောင်မဟုတ်၊ အရှင်မဟုတ်သော အနတ္တသဘောကို မသိ။
ရုပ်နာမ်တို့၏ ဖြစ်ခြင်းအကြောင်းရင်းကို မသိ၊
ယင်းရုပ်နာမ်တို့၏ ငြိမ်းစဲစေတတ်သော နည်းလမ်းကို မသိ။
ဤသို့သော မသိမှုတွေကို အဝိဇ္ဇာ-မောဟ ဆိုပေရကား
အကုသိုလ်တို့၏ အခြေခံမူလအမြစ်ကြီး ဖြစ်သည်ဟုပင် ဆိုရ၏။
အဲဒါကြောင့် အဝိဇ္ဇာဆိုတာ သစ္စာလေးတန်၊ ပုဗ္ဗန္တ၊ အပရန္တ၊ ပုဗ္ဗန္တာပရန္တ၊ ပဋိစ္စသမုပ္ပါဒ် ဤရှစ်ဌာန၌ မသိမှု မောဟ ဟူ၍ မှတ်ရာ၏။

* **သင်္ခါရ** ဆိုသည်မှာ အဗျာကတခန္ဓာပင်ကို ပေါက်ရောက်စေတတ်သော ကုသိုလ်ကံ၊ အကုသိုလ်ကံ ဟူသော 'မျိုး' တို့ကို ဆို၏။
အဗျာကတခန္ဓာပင် ပေါက်ရန် ပြုပြင်စေ့ဆော်တတ်၍လည်း
သင်္ခါရမည်ပေရကား -
ကိုယ်ဖြင့်ပြုလျှင် ကာယသင်္ခါရပင်။
နှုတ်ဖြင့်ပြုလျှင် ဝစီသင်္ခါရပင်။
စိတ်ဖြင့်ပြုလျှင် စိတ္တသင်္ခါရပင်ဟု သင်္ခါရသုံးမျိုး မှတ်။

* **အဝိဇ္ဇာ** ကြောင့် **သင်္ခါရ**ဖြစ်ပုံမှာ -
အဝိဇ္ဇာမောဟ ကိန်းနေသော ပုထုဇဉ်တို့သန္တာန်မှာသာ အဝိဇ္ဇာကိုမှီ၍ အဝိဇ္ဇာက ကျေးဇူးပြုမှ ကုသိုလ်၊ အကုသိုလ်ကံဟူသော သင်္ခါရတို့ ဖြစ်ပေါ် နိုင်ရကား -
အဝိဇ္ဇာကင်းသော ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်မှာ အဝိဇ္ဇာအမှီမရှိသောကြောင့်၊ သင်္ခါရဆိုတာ မဖြစ်ပေါ်နိုင်ပါ။
တစ်လောကလုံး ဒုက္ခအမှန်ကို ဒုက္ခရယ်ဟု မသိသည့်အတွက်
လောကီဘက်ကို ခင်တွယ်တောင့်တ၍ ပြုကြတဲ့ ကုသိုလ်မျိုးသည် လည်းကောင်း၊
ဆင်းရဲကင်းလို၊ ချမ်းသာလို၍ ပြုကြတဲ့ အကုသိုလ် ဒုစရိုက်မျိုးသည် လည်းကောင်း၊
မသိမှု မောဟကြောင့် ဖြစ်ရတာမို့ **'အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ'** ဟု ဟောတော်မူ၏။

http://www.dhammadownload.com



* ခန္ဓာပင်ဟောင်း လဲခဲ့သည်ရှိသော် ကုသိုလ်၊ အကုသိုလ် သင်္ခါရဟူသော မျိုးကြောင့် ထိုထိုဘုံဘဝ၌ အဗျာကတဝိပါက် ဝိညာဏက္ခန္ဓာ အသစ် ဆက်လက် ဖြစ်ပေါ်လာ၏။
* **ဝိညာဏက္ခန္ဓာ ဖြစ်ပေါ်လာက -**
ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ ဟူသော 'နာမ်' သည်လည်းကောင်း၊ ရုပ်စု၊ ရုပ်စိုင်၊ ရုပ်ခဲ ရူပက္ခန္ဓာဟူသော 'ရုပ်' သည်လည်းကောင်း၊ ဤနာမ်ရုပ် နှစ်ပါးလည်း တစ်ပြိုင်နက်တည်း ဖြစ်ပေါ်ရကား **ကလလရေကြည်** ခေါ်ရပြန်၏။
* **နာမ်ရုပ် ဖြစ်ပေါ်လိုက်လျှင် -**
စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှာပသာဒ၊ ကာယပသာဒ၊ ဘဝင်ဟူသော မနာယတန။
ဤခြောက်ပါးသော အာယတန ဖြစ်ပေါ်ရပြန်တာကြောင့် **သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ** ဟု ဟောကြရ၏။
* **ဘဝသစ်၌** ဤဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတနတို့ ပေါင်းစုလုံးထွေး ရှိကြပြန်လျှင် -
ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဟူသော **ခန္ဓာငါးပါး ပြည့်စုံ၍ အဗျာကတ ခန္ဓာပင်** ဖြစ်ပေတော့၏။
မျက်စိ၊ နား၊ နှာ၊ ခြေလက်အင်္ဂါ ပြည့်စုံ၍ **သတ္တဝါကောင်** ခေါ်ရပြန်၏။
* **ဖဿ** ဆိုသည်မှာ အာရုံခြောက်ပါးနှင့် ဒွါရခြောက်ပါးတို့ ရှေ့ရှုဆိုင်မိ ခိုက်တိုက်မိသောအခါ အာရုံကို တွေ့တတ်သော တရား။
* **ဝေဒနာ** ဆိုသည်မှာ အာရုံနှင့် တွေ့ထိ၍ ဖဿဖြစ်သောအခါ၊ ခံသာ မခံသာတဲ့ သဘော၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာဟုလည်း ဟောတော်မူရပြန်၏။
ဤမျှလောက်ဖြင့် အသီးမသီးသေးသော၊ အကိုင်းအခက်နှင့် ပြည့်စုံသော အဗျာကတခန္ဓာပင်ကြီး ဖြစ်ပေါ်သည်ကို သိမြင်ရာ၏။
* **တဏှာ** ဆိုသည်မှာ နှစ်သက်တတ်၊ တပ်မက်တတ်၊ တောင့်တတတ်၊ ခြောက်ဒွါရမှ ဆာလောင်တတ်သော သဘော။

http://www.dhammadownload.com



* ဥပါဒါန် ဆိုသည်မှာ မခွာနိုင်၊ မစွန့်နိုင်၊ မဖြတ်နိုင်၊ စွဲလမ်းတတ်သော သဘော။ အစွဲအလမ်း နှစ်မျိုးရှိရာ -
ကာမုပါဒါန်ကား အားကြီးသော တဏှာ အစွဲအလမ်း၊
ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗ တုပါဒါန်၊ အတ္တဝါဒုပါဒါန်သည်ကား ဒိဋ္ဌိအစွဲအလမ်း။
ခံသာသော သုခဝေဒနာ ဖြစ်ပေါ်လာသည့်အတွက် ယင်းသုခဝေဒနာကို သာယာနှစ်သက်ခြင်းတဏှာ။
မခံသာသော ဒုက္ခဝေဒနာ ဖြစ်ပေါ်လာသည့်အတွက် ဒုက္ခကင်းခြင်း၊ သုခကို တောင့်တနှစ်သက်ခြင်း တဏှာ ဖြစ်ပေါ်လာရာ -

* တဏှာအရင်းခံ ရှိနေသည့်အတွက်ကြောင့် တင်းမတိမ်အားမရနိုင်ဘဲ အဖန်တလဲလဲ ထပ်ကာ ထပ်ကာ ဝေဒနာ ခံစားချင် မလွှတ်နိုင်၊ မခွာနိုင်၊ မဖြတ်နိုင်၊ မရသေးသည်ကိုလည်း ရချင်၊ လိုချင်၊ တန်းတန်းစွဲ၊ အားကြီးသောတဏှာ အစွဲအလမ်း ဥပါဒါန် ဖြစ်ပေါ်လေ၏။

* ယင်း ဥပါဒါန် အစွဲအလမ်းကို အရင်းခံ၍ ဝေဒနာခံစားဖို့ကြံကြစည်ကြ အကြံအစည်တွေနှင့် တရှုံးရှုံး တရွရွ ပြုကြ ပြင်ကြ၊ သွားကြ လာကြ၊ လုပ်ကြကိုင် ကြ၊ ပြောကြ ဆိုကြ၊ ရောင်းကြ ဝယ်ကြ၊ ကူးကြ သန်းကြ၊ လုကြ ယက်ကြ၊ ရန်အမျက် ထား ခိုက်ရန်တွေဖြစ်ကြ၊ တုတ်ကိုင် ဓားကိုင်၊ သတ်ကြ ဖြတ်ကြ လည်ဆယ်ကြ စသည်ပြုကြ အားထုတ်ကြသောအခါ ကောင်းဇော၊ မကောင်းဇောတွေ စော၏။

* **အပြုအမူ၊ အပြောအဆို၊ အကြံအစည်၊ အလုံးစုံကိစ္စ အမျိုးမျိုးတို့ကို ဇောမှသာ ပြီးစေနိုင်ပေရကား -**
ဇော၌ပါသော ကောင်းစေတနာတွေကို "ကုသိုလ်ကံ"၊ မကောင်းစေတနာတွေကို "အကုသိုလ်ကံ"ဟု ဆိုရ၏။ "အသီးတွေနှင့် တူ"လှ၏။

* ယခုဘဝ၌ ပြုပြုသမျှ ကုသိုလ်၊ အကုသိုလ်ကံ တို့ကို နောင်ဘဝခန္ဓာပင်ကို ပေါက်ပွားစေတတ်သောကြောင့် 'ဘဝ' ဟုလည်း ဆိုရပြန်ပေရာ -
**ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ ဟု တစ်ဖန် ဟောရပြန်၏။**

* ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ ဤရှစ်ပါးတို့ အချင်းချင်း ကျေးဇူးပြု၍ ပေါင်းစုလုံးထွေး ရှိနေသည်ကို ယခု

http://www.dhammadownload.com



အခါ သူ့အကောင်၊ ငါ့အကောင်၊ လူကောင်၊ ခွေးကောင်ဟု စွဲလမ်းထင်မှတ်နေကြရကား -

အမှန်စင်စစ် အဟုတ်အကောင် မဟုတ်ပါ။ ခေါ်ဝေါ်ရုံမျှသာ။ အကိုင်းအခက်တွေနှင့် ခွေးသီး၊ ဝက်သီး၊ ပြိတ္တာသီး၊ ငရဲသီး၊ လူသီး၊ နတ်သီးတွေ သီးသော ခန္ဓာပင်ကြီးဟုသာ နှလုံးသွင်းရာ၏။

* ယခုဘဝ ခန္ဓာပင်လဲခဲ့သော် -

**ခွေးသီးကြောင့် ဘဝသစ်၌ ခွေးခန္ဓာပင် ပေါက်လတ္တံ့။** ငရဲသီးကြောင့် ဘဝသစ် ၌ ငရဲခန္ဓာပင် ပေါက်လတ္တံ့။ လူသီး၊ နတ်သီးကြောင့် ဘဝသစ်၌ လူခန္ဓာပင်၊ နတ်ခန္ဓာပင် ပေါက်လတ္တံ့။

* **ဘဝသစ်၌ ခန္ဓာပင် အသစ်ပေါ်သည်၊** ပေါက်သည်ကိုပင် **ဇာတိ** ဆိုရ၏။ ဇာတိဟူသော ခန္ဓာပင် အသစ်ပေါ် ပေါက်လိုက်သည်နှင့် တစ်ပြိုင်နက် ဇရာဘေး၊ မရဏဘေးတို့လည်း ကပ်စွဲလေကုန်ရကား **ဘဝပစ္စယာ ဇာတိ၊ ဇာတိ ပစ္စယာ ဇရာ-မရဏ**ဟုလည်း ဟောရပြန်၏။

* **သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ** ဟူသော အပူမျိုး၊ အပင်မျိုး၊ ဆင်းရဲခြင်းအမျိုးမျိုးတို့သည်လည်း ဝိုင်းအုံကပ်စွဲ လာကုန်ရကား။

* သတ္တဝါအကောင် ဆိုစရာမရှိ။ သူ၊ ငါမဖက်သက်သက်သော ဖြစ်ပျက်မစဲ **ဆင်းရဲတုံး၊ ဆင်းရဲခဲ၊ ဆင်းရဲအစုမျှသာ** သိသိသာသာ အထင်အရှားကြီး ဖြစ်လေရာသတည်း။

## ပဋိစ္စသမုပ္ပါဒ်၌ အကျဉ်းသိလွယ် အဓိပ္ပာယ်
## (သတ္တဝါတို့ ဖြစ်စဉ်)

**(နမ္မားဆရာတော်ကြီး အရှင်ဉာဏ)**

သံသရာ ကျယ်ပြောပုံမှာ -

* **"သစ်ပင်တို့၏" မူလဘူတအကြောင်းရင်းဟာ** အအေး၊ အပူဆိုတဲ့ **တေဇောဓာတ်** ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ ကမ္ဘာတည်ဦးစက ဘာပင်မှ မရှိသေးပါ။ နေပေါ်လာပြီးနောက် အပူ၊ အအေးကို အကြောင်းခံ၍ **'မျိုး'** ဖြစ်ရတယ်။ ၎င်း**'မျိုး'** မှ **'အပင်'** ဖြစ်တယ်။ ၎င်းနေရာမှာ အပူ၊ အအေးဆိုတဲ့ တေဇောဓာတ်ကြီးဟာ ဘယ်ကမ္ဘာမှ အစပြု၍ ဖြစ်ပေါ်လာတယ်လို့ အစ မရှိပါ။ နိယာမသဘောသာ ဖြစ်တယ်။

http://www.dhammadownload.com



* အဲဒီလိုပဲ "သတ္တဝါတို့၏" မူလဘူတအကြောင်းရင်းဟာလည်း အဝိဇ္ဇာနဲ့ တဏှာ ပဲ။ သူတို့ကြောင့် 'ကံ' ဖြစ်၍ 'ကံ' ကြောင့် သတ္တဝါ ဖြစ်တယ်။ ဒီနေရာမှာလည်း အဝိဇ္ဇာသည် ဘယ်ကမ္ဘာမှစပြီး ဖြစ်လာတယ်လို့ အစမရှိသလို အဆုံးလည်း မရှိပါ။ အဲဒီလို သံသရာ ကျယ်ပြောပါတယ်။

* **သံသရာကျယ်တယ် ဆိုတာ အဝိဇ္ဇာ ကြောင့် ကျယ်ရတာ။**
  - အဝိဇ္ဇာက အမှန်တရားကို ဖုံးကွယ်ထားတော့ သတ္တဝါတို့သည် သစ္စာလေးပါးကို မသိကြတော့ဘဲ -
  - ခန္ဓာကိုယ်ကို တဏှာ၊ ဥပါဒါန်က စွဲလမ်းတယ်။
  - ၎င်းအစွဲတန်းလန်းနှင့် ကုသိုလ်၊ အကုသိုလ်ကို ပြုလုပ်ကြတော့ သင်္ခါရ ဖြစ်သွားတော့တယ်။
  - သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်။
  - ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်တယ်။
  - နာမ်ရုပ်ကြောင့် သဠာယတန ဖြစ်တယ်။
  - သဠာယတနကြောင့် ဖဿ ဖြစ်တယ်။
  - ဖဿကြောင့် ဝေဒနာဖြစ်တယ်။
  - ဝေဒနာကြောင့် တဏှာဖြစ်တယ်။
  - တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်။
  - ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်။

"ဥပါဒါန်" **"မီး"** တောက်ရင် အဝိဇ္ဇာ **'အခိုး'** လည်း ထလာတယ်။ 'မီး' နှင့် 'မီးခိုး' ခွဲခွာ၍ မရသကဲ့သို့ **အဝိဇ္ဇာနှင့် တဏှာ ဥပါဒါန်** တို့သည်လည်း ခွဲ၍ မရကြပါ။ အဲဒီလို အစအဆုံးမရှိဘဲ လုံးလည်လိုက်ပြီးလျှင် သံသရာ ကျယ်ဝန်းကုန်တာပါပဲ။

* **နောက်ထပ်ဘဝတွေ ထပ်ဖြစ်ရတယ်ဆိုတာ က -**
  - မိုးတိမ် ကြောင့် မိုးရွာ တယ်။ မိုးရွာခြင်းကြောင့်
  - မြေပြင်မှာ ကျနေတဲ့ မျိုးစေ့ တို့ဟာ **အညှောင့်ထိုး** ရတယ်။
  - အညှောင့်မှ **နဘက်ပေါ်** တယ်။
  - နဘက်ကြားမှနေပြီး အညွန့်ပေါက်၍ **အခက်ဝေ** တယ်။
  - အညွန့်အခက်မှ **အဖူး** ပေါ်တယ်။

http://www.dhammadownload.com



- အဖူးမှ **အပွင့်** ဖြစ်တယ်။
- အပွင့်မှ **အသီးကင်း** တယ်။
- သီးကင်းမှ **သီးရင့်** ဖြစ်တယ်။
- သီးရင့်မှ **အစေ့ထည့်** တယ်။
- အစေ့မှတစ်ဖန် **အပင်ပေါက်** ရပြန်တယ်။

ဒီလိုနဲ့ပဲ သစ်ပင်သံသရာ လည်နေပေတယ်။

* သတ္တဝါတွေလည်း ဒီလိုပင်၊ သစ္စာလေးပါးကို "မသိမှု" 'အဝိဇ္ဇာ' - **မိုးတိမ်ကြောင့်** 'တဏှာဒိဋ္ဌိ' - **မိုးရွာချ၏**။ (ယင်းတဏှာဒိဋ္ဌိတို့ အနုသယအားဖြင့် အမြဲကိန်းနေတာကိုပင် မိုးရွာတယ်လို့ ဆိုရ၏)။

- ငါသတ်တာလို့ စိတ်ကဖြစ်တဲ့အခါ "ပါဏာတိပါတမျိုးစေ့"ကို "ဒိဋ္ဌိမိုး ထိ" သည် ဆိုရ၏။
- ငါခိုးတာလို့ စိတ်ကဖြစ်တဲ့အခါ "အဒိန္နာဒါနမျိုးစေ့"ကို "ဒိဋ္ဌိမိုး ထိ"သည် ဆိုရ၏။
- ခိုးရတဲ့ပစ္စည်းကို သာယာမိပြန်တော့ "တဏှာမိုး ထိ"တယ် ဆိုရ၏။
- သူတစ်ပါးသားမယားကို ငါကျူးလွန်တာလို့ စိတ်ကဖြစ်တဲ့အခါ "ကာမေသုမိစ္ဆာစာရမျိုးစေ့"ကို "တဏှာဒိဋ္ဌိမိုး ထိ"တယ် ဆိုရ၏။

* လောကမှာ မျိုးစေ့ ဟာ မိုးမိရင် **အပင်ပေါက်** သလိုပဲ။ တဏှာဒိဋ္ဌိမိုးမိတဲ့ အကုသိုလ်တို့ဟာ ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် အပါယ်လေးပါးခန္ဓာ အပင်တွေကို ပေါက်စေတယ်။ ဒါကြောင့် တဏှာဒိဋ္ဌိမိုးမိတဲ့ အကုသိုလ်မျိုးစေ့ကို "အပုညာဘိသင်္ခါရ"လို့ ခေါ် ရတယ်။ ဒါဟာ **"အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ"** ဆိုတဲ့ ဒေသနာအတိုင်း ဖြစ်ကြတာပါပဲ။ ဒီနေရာမှာ "အဝိဇ္ဇာ"၊ "တဏှာ"၊ "ဒိဋ္ဌိ" သုံးပါးသည် ခွဲခွာ၍ မရကောင်းလို့ တဏှာဒိဋ္ဌိဖြစ်ရင် အဝိဇ္ဇာလည်း ဖြစ်တော့တာပဲလို့ သိထားရာ၏။

တစ်ဖန် နောက်ဘဝကောင်းစားရေးကို မျှော်မှန်းပြီး ဒါနပေးကြပြန်ရာ၌ ငါပေးတာလို့ စိတ်ကဖြစ်တယ်။ ထိုအခါ "ဒါနမျိုးစေ့"ကို "တဏှာဒိဋ္ဌိမိုး ထိ"တယ် ဆိုရ၏။

နတ်ပြည်ရောက်ရေးကို မျှော်တွေးပြီး ဥပုသ်စောင့်ကြပြန်ရာ၌လည်း ငါ ဥပုသ်စောင့်တာလို့ စိတ်ကဖြစ်တယ်။ ထိုအခါ "သီလမျိုးစေ့"ကို "တဏှာမိုး ထိ"တယ် ဆိုရ၏။

http://www.dhammadownload.com



အဲဒီလို တဏှာမိုးထိတဲ့ ဒါန၊ သီလ သည် လူ၊ နတ် ခန္ဓာအပင်ကို ပေါက်စေ၏။ ရူပမျိုးစေ့သည်လည်း ဗြဟ္မာခန္ဓာအပင်ကို ပေါက်စေ၏။ ဒါကြောင့် ၎င်းကာမကုသိုလ်နှင့် ရူပကုသိုလ်ကို "ပုညာဘိသင်္ခါရ"လို့ ခေါ်ရ၏။

တစ်ဖန် အရူပစည်းစိမ်ကို တမ်းတပြီး ကမ္မဋ္ဌာန်းစီးဖြန်းရာ၌ အရူပမျိုးစေ့ကို တဏှာမိုး ထိလေရကား ထိုတဏှာမိုးထိတဲ့ အရူပမျိုးစေ့သည် အရူပဗြဟ္မာခန္ဓာ အပင်ကို ပေါက်စေတတ်သောကြောင့် ၎င်းအရူပကုသိုလ်ကိုလည်း "အာနေဉ္ဇာဘိသင်္ခါရ"လို့ ခေါ်ရ၏။

အကုသိုလ်ကံနှင့် ကုသိုလ်ကံတို့ သင်္ခါရဖြစ်ရခြင်းသည် တဏှာဒိဋ္ဌိ မိုးမိလို့ ဖြစ်ရသလို "တဏှာဒိဋ္ဌိမိုးရွာခြင်း"ကလည်း "အဝိဇ္ဇာမိုးတိမ်ရှိလို့" ဖြစ်ပေတယ်။ ဒါကြောင့်လည်း **"အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ"** လို့ ဟောတော်မူခြင်း ဖြစ်တယ်။

သစ်ပင်များ အညှောင့်ထိုးတာလည်း မိုးမိတဲ့မျိုးစေ့ကနေပြီး ပေါက်ရသလို ဘဝ တစ်ခု၏ အညှောင့်ပေါက်တာလည်း တဏှာဒိဋ္ဌိမိုးမိတဲ့ ကုသိုလ်ကံ၊ အကုသိုလ် ကံသင်္ခါရကြောင့် ဖြစ်ရတာမို့ **"သင်္ခါရ ပစ္စယာ ဝိညာဏံ"** လို့ ဟောတော်မူခြင်း ဖြစ်တယ်။

သစ်ပင်များမှာလည်း အညှောင့်ကနေပြီး နဘက်ကလေးနှစ်ခု ပေါ်လာသလို၊ သတ္တဝါတွေမှာလည်း ပဋိသန္ဓေဝိညာဏ်ကြောင့် ထိုဝိညာဏ်မှာ ယှဉ်သော စေတသိက် နာမ်နှင့်အတူ ဖြစ်သော ကမ္မဇရုပ် (ခေါ်) ကလလရေကြည် ဖြစ်လာကြပေတယ်။ ဒါကြောင့်လည်း **"ဝိညာဏ ပစ္စယာ နာမရူပံ"** လို့ ဟောတော်မူခြင်း ဖြစ်တယ်။

သစ်ပင်များမှာလည်း နဘက်ကလေး ရင့်လာတဲ့အခါ၊ ၎င်းနဘက်ကလေး နှစ်ခုကြားမှ အညွန့်ကလေးထွက်ပြီး အခက်ဝေလာသလို ဂဗ္ဘသေယျက သတ္တဝါတွေ မှာလည်း -

ပထမ ကလလရေကြည်၊ ၎င်းနောက် အမြှုပ်၊ ၎င်းနောက် သားတစ်အပျော့၊ ၎င်းနောက် သားတစ်အမာ၊ ၎င်းနောက် ဦးခေါင်းနေရာ၊ ခြေနှစ်ဖက်၊ လက်နှစ်ဖက် နေရာတို့၌ စူစူကလေးငါးခု (ခက်မငါးဖြာ) ပေါ်လာပြီး၊ ၎င်းနောက်မှ မျက်စိ၊ နား၊ နှာ၊ လျှာ ဖြစ်ပေါ်လာပါတယ်။ မျက်စိ၊ နား၊ နှာ၊ လျှာတို့သည် အာယတနတရားတွေမို့ **"နာမရူပ ပစ္စယာ သဠာယတနံ"** လို့ ဟောတော်မူခြင်း ဖြစ်၏။

http://www.dhammadownload.com



သစ်ပင်များသည် အကိုင်းအခက်ဝေမှ အဖူးတွေ ဖူးလာသလို၊ သတ္တဝါတွေမှာလည်း အတွင်းအာယတနဖြစ်တဲ့ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနတို့ ရှိလေတော့ အပြင်အာယတနဖြစ်တဲ့ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မတို့နဲ့ ထိခိုက်မှု ဖဿ ဖြစ်လာတာပါပဲ။ ဒါကြောင့်လည်း **"သဠာယတန ပစ္စယာ ဖဿော"** လို့ ဟောတော်မူခြင်း ဖြစ်တယ်။

သစ်ပင်များမှာ ဖူးပြီးလျှင် ပွင့်လာသလို သတ္တဝါတွေမှာလည်း အာရုံ-ဒွါရ ထိခိုက်မှု ဖဿဖြစ်လာတော့ အာရုံ၏အရသာကို ခံစားမှုဝေဒနာလည်း ဖြစ်လာပေတော့၏။ ဒါကြောင့်လည်း **"ဖဿ ပစ္စယာ ဝေဒနာ"** လို့ ဟောတော်မူခြင်း ဖြစ်၏။

သစ်ပင်များမှာ ပွင့်ပြီးလျှင် သီးကင်းဖြစ်လာသလို သတ္တဝါတွေမှာလည်း အာရုံ၏ အရသာကို ခံစားမှုဝေဒနာဖြစ်လာရင် စွဲလမ်းမှု အငယ်စားတဏှာ ဖြစ်လာပေရကား- ဒါကြောင့်လည်း **"ဝေဒနာ ပစ္စယာ တဏှာ"** လို့ ဟောတော်မူခြင်း ဖြစ်၏။

သစ်ပင်တွေမှာ သီးကင်းမှ သီးရင့်ဖြစ်ရသလို သတ္တဝါတွေမှာလည်း အစွဲကလေး တဏှာမှ အစွဲကြီးဥပါဒါန် ဖြစ်လေရကား - ဒါကြောင့်လည်း **"တဏှာ ပစ္စယာ ဥပါဒါန်"** လို့ ဟောတော်မူခြင်း ဖြစ်၏။

အသီးများဟာ ရင့်လာရင် အထဲမှာ အစေ့ထည့်လာသလို သတ္တဝါတွေမှာလည်း အာရုံငါးပါး၊ ကာမဂုဏ်တရားတို့ကို စွဲလမ်းတဲ့ **ကာမုပါဒါန်ကြောင့်** သူတစ်ပါးအသက်တွေကို သတ်ကြ၊ သူတစ်ပါးဥစ္စာကို ခိုးကြ၊ ကာမေသုကို ပြုကြ၊ မုသားဆိုကြနှင့် **အကုသိုလ်မျိုးစေ့** ကလေးတွေ ထည့်လာကြတယ်။ လူနတ်တို့၏ စည်းစိမ်ကို စွဲလမ်းတဲ့ ကာမုပါဒါန်ကြောင့် ဒါန၊ သီလမှုကို ပြုကြတော့ **ကုသိုလ်မျိုးစေ့** ကလေးတွေ ထည့်လာကြတယ်။

ဒိဋ္ဌုပါဒါန်ကို အကြောင်းခံ၍ မကိုးကွယ်ထိုက်သည့် သစ်ပင်၊ တော၊ တောင် အစရှိသည်တို့ကို ကိုးကွယ်သည့်အတွက် မိစ္ဆာဒိဋ္ဌိအကုသိုလ်မျိုးစေ့ကလေး ထည့်လာကြတယ်။

အကျင့်လွဲမှားသည့် သီလဗ္ဗတုပါဒါန်ကြောင့် အကုသိုလ်မျိုးစေ့ ဖြစ်ရပြန်တယ်။ (ဤတွင် အကျင့်မှားသည် ကျင့်လေ နိဗ္ဗာန်နှင့် ဝေးလေဖြစ်လို့ အကုသိုလ် ဖြစ်တယ်လို့ ဆိုရ၏)

http://www.dhammadownload.com



ငါစွဲရှိတဲ့အတွက် အတ္တဝါဒုပါဒါန်ကြောင့် ငါကောင်းစားရန် ရည်သန်၍ ကုသိုလ်၊ အကုသိုလ် ပြုကြတော့လည်း ကံမျိုးစေ့ဖြစ်လာတာပဲ။ ဒါကြောင့်လည်း **"ဥပါဒါန ပစ္စယာ ဘဝေါ"** လို့ ဟောတော်မူခြင်း ဖြစ်၏။

မျိုးစေ့မှ တစ်ဖန် အပင်ပေါက်ပြီး လာပြန်သလို ဘဝ (ကမ္မဘဝ) ဟု ခေါ်ဆိုရသော ကုသိုလ်၊ အကုသိုလ်မျိုးစေ့မှတစ်ဖန် အနာဂတ်ဘဝ (ဥပပတ္တိဘဝ) အပင်ပေါက်ပြန်ပေတယ်။ ဒါကြောင့်လည်း **"ဘဝ ပစ္စယာ ဇာတိ"** လို့ ဟောတော်မူခြင်း ဖြစ်တယ်။

သစ်ပင်သည် ပေါက်ခါစက နီနီကလေး၊ နောက်တော့ စိမ်းပြီး ရင့်လာတယ်။ နောက် ဝါပြီးကြွေရသလို၊ သတ္တဝါတွေလည်း မွေးစက နုနုကလေး၊ နောက်တော့ ကြီးရင့်ပြီး အိုမင်း၍ သေသွားကြရပြန်တယ်။ ဒါကြောင့်လည်း **"ဇာတိ ပစ္စယာ ဇရာ မရဏံ"** လို့ ဟောတော်မူခြင်း ဖြစ်တယ်။

ယခုဟောခဲ့တာတွေသည် **"သတ္တဝါတို့၏ ဖြစ်စဉ်"** ကို ပြောတာပါ။ အဲဒီဖြစ်စဉ်ထဲမှာ **"အခွန့်သုံးပါး"** ကတော့ -

- အဝိဇ္ဇာနဲ့ သင်္ခါရသည် လွန်ခဲ့တဲ့ဘဝက ဖြစ်ခဲ့တာမို့ "အတိတ်အခွန့်"လို့ ခေါ်တယ်။
- ပဋိသန္ဓေဝိညာဏ်ကစပြီး ဘဝအထိတရားတွေကတော့ ယခုဘဝတွင် ဖြစ်တဲ့ တရားတွေမို့ "ပစ္စုပ္ပန်အခွန့်"လို့ ခေါ်၏။
- ဇာတိ၊ ဇရာ - မရဏသည် လာလတ္တံ့သော ဘဝကို ရည်ရွယ်၍ ဟောတာမို့ "အနာဂတ်အခွန့်"လို့ ခေါ်၏။

ဒီအခွန့်သုံးပါးကို ပြတာက အဒ္ဓါနအနိစ္စကို မြင်ဖို့ သဿတဒိဋ္ဌိ "ဥစ္ဆေဒဒိဋ္ဌိ" စင်ကြယ်ဖို့ ပြတာပါပဲ။

အတိတ်ဘဝက အဝိဇ္ဇာသင်္ခါရကြောင့် ပစ္စုပ္ပန်ဘဝသစ် ပေါ်ကြရာ၌အတိတ်ဘဝရုပ်နာမ်သည် ပစ္စုပ္ပန်ဘဝသို့ မလာသလို၊ ပစ္စုပ္ပန်ရုပ်နာမ်သည်လည်း အနာဂတ်ဘဝသို့ မသွားပါ။ ဒီဘဝက "တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝကြောင့်သာ" အနာဂတ်ဖြစ်သော "ဇာတိ၊ ဇရာ-မရဏ ဖြစ်ရတာ" လို့ အမြင်သန့်ရှင်းလာရင် သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ ထိုနှစ်ပါးက လွတ်တော့တာပါပဲ။

အလ္လာလေးခု ကတော့ "အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ"၊ ဒီငါးခုသည် ခွဲ၍မရ။ တစ်ခုဖြစ်ရင် ကျန်လေးခုလည်း ဖြစ်ကြသလို "ဝိညာဏ်၊

http://www.dhammadownload.com



နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ၊ မရဏ” တို့လည်း ခွဲ၍မရသည်ကို ဦးစွာ သိထားရန် လိုတယ်။

လွန်ခဲ့တဲ့ဘဝက တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရဆိုတဲ့ “အတိတ် အကြောင်းငါးပါး” က တစ်လွှာ။

ဒီဘဝက ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ “ပစ္စုပ္ပန် အကျိုးငါးပါး” က တစ်လွှာ။

ဒီဘဝက တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရဆိုတဲ့ “ပစ္စုပ္ပန် အကြောင်းငါးပါး” က တစ်လွှာ။

အနာဂတ်ဘဝ၌ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ “အနာဂတ် အကျိုးငါးပါး” က တစ်လွှာ။ ပေါင်း လေးလွှာ ဖြစ်တယ်။

အစပ်သုံးခုကတော့ - အတိတ်အကြောင်းဖြစ်သော သင်္ခါရနှင့် ပစ္စုပ္ပန် အကျိုး ဖြစ်သော ဝိညာဏ်က တစ်စပ်။ ပစ္စုပ္ပန်အကျိုးဖြစ်သော ဝေဒနာနှင့် ပစ္စုပ္ပန် အကြောင်းဖြစ်သော တဏှာက တစ်စပ်။ ပစ္စုပ္ပန်အကြောင်းဖြစ်သော ကမ္မဘဝနှင့် အနာဂတ်အကျိုးဖြစ်သော ဇာတိကတစ်စပ်။ ပေါင်း သုံးစပ် ဖြစ်တယ်။

တစ်နည်းအားဖြင့်ဆိုရင် အစေ့နှင့်အပင် က တစ်စပ်။ အပင်နှင့် အသီး က တစ်စပ်။ ၎င်း အစေ့နှင့် အပင် က တစ်စပ်။ အစေ့သည် အပင်မဟုတ်။ အပင် သည် အသီးမဟုတ်၊ အကြောင်းအကျိုးသာ ဖြစ်သလို -

အတိတ်အကြောင်းငါးပါးဟာလည်း ပစ္စုပ္ပန်အကျိုးငါးပါး မဟုတ်။ ပစ္စုပ္ပန် အကျိုးငါးပါးဟာလည်း ပစ္စုပ္ပန်အကြောင်းငါးပါး မဟုတ်။ ပစ္စုပ္ပန် အကြောင်းငါးပါး ဟာလည်း အနာဂတ်အကျိုးငါးပါး မဟုတ်။ အကြောင်းအကျိုးများသာ ဖြစ်ကြတယ်။

သတ္တဝါတို့၏ ခန္ဓာကိုယ်မှာ အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာ ယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ - မရဏ ဆိုတဲ့ အင်္ဂါ (၁၂) ပါး ကလွဲ၍ ဘာမျှ အပိုမရှိပါ။ ၎င်းအင်္ဂါ (၁၂) ပါးထဲမှာလည်း တစ်ဘဝမှ တစ်ဘဝသို့ ကူးသန်းသွားလာနိုင်တဲ့ တရား မပါ ပါ။ ဖြစ်ပြီးလျှင် မကြာခင် ပျက်စီးကုန်ခန်းသွားတတ်သော တရားများချည်းသာ ဖြစ်တယ်။

ဒီလိုမြင်တာသည်ပင် “ယံ ကိဉ္စိ သမုဒယ ဓမ္မံ သဗ္ဗံတံ နိရောဓ ဓမ္မံ” ဆိုတဲ့ “သောတာပတ္တိမဂ်ဉာဏ်၏အမြင်” ဖြစ်တယ်။

http://www.dhammadownload.com



အဓိပ္ပာယ်ကတော့ ခပ်သိမ်းသော သင်္ခါရသဘောတရားသည် ဖြစ်ခြင်းသဘော ရှိ၏။ ထိုဖြစ်မှုရှိတဲ့ သဘောမှန်ရင် ချုပ်မှာချည်းပဲလို့ မြင်သောဉာဏ်သည် "သောတာပတ္တိမဂ်ဉာဏ်" မည်တယ်လို့ ဆိုပါတယ်။

"အတိတ်အကြောင်းငါးပါးသည် ပစ္စုပ္ပန်အကျိုးမဟုတ်ဘူး"လို့ မြင်တာသည်ပင် **သဿတဒိဋ္ဌိသေခြင်း** ဖြစ်တယ်။

"အကြောင်းအကျိုးသာဟုတ်၏"လို့ မြင်တာသည်ပင် ဉစ္ဆေဒဒိဋ္ဌိ **သေခြင်း** ဖြစ်တယ်။

အတိတ်အကြောင်းသည် အတိတ်ဘဝမှာ ပင် ချုပ်၏ ဟူ၍လည်းကောင်း၊ ပစ္စုပ္ပန်အကျိုးသည် ပစ္စုပ္ပန်ဘဝမှာပင် ချုပ်၏ ဟူ၍ လည်းကောင်း မြင်တာသည်ပင် **အနိစ္စမြင်၍ အတ္တစွဲစင်ခြင်း** ဖြစ်ပေတော့တယ်။

ရင်းအင်္ဂါ ၁၂ ပါးသည် **"အကြောင်းထောက်ပံ့မှ ဖြစ်ရ"**သောကြောင့် "ပျက်စီးမည့်တရားတွေချည်းဟု"ယုံကြည်ကြသည့်အတိုင်း **တစ်ဘဝမှ တစ်ဘဝသို့ ကူးသန်းနိုင်သောတရား တစ်စုံတစ်ရာ မရှိကြောင်းကိုလည်း ယုံမှားသံသယကင်းကြလေတော့၏။**

ထိုယုံမှားသံသယ ကင်းမှုသည် ဆန့်ကျင်ဘက်အကြောင်းတရားများနှင့်ကြုံတွေ့သော် တုန်လှုပ်ခြင်းမရှိဘဲ **ဝေသာရဇ္ဇပ္ပတ္တော** - ရဲရင့်ခြင်းသို့ ရောက်လျက် မိမိယုံကြည်ချက် တရားသဘောကိုသာ ခိုင်မြဲစွာ လက်ခံထားကြလေကုန်၏။

ထိုသို့ အမှန်တရားတွေကို သိရတော့ ဘုရားမှတစ်ပါး အားထားစရာ ဘာမျှ မရှိတာသည်ပင်လျှင် **ဗုဒ္ဓေ အဝေစ္စ ပသာဒေါ** ဆိုတဲ့ သောတာပန်အင်္ဂါနှင့် ညီတော့တာပါပဲ။ အမှန်တရားတို့ကို သိလေတော့ **ဓမ္မေ အဝေစ္စ ပသာဒေါ** - မိမိကိုယ်တိုင် ပရမတ္ထသံဃာ ဖြစ်လေတော့ **သံဃေ အဝေစ္စ ပသာဒေါ** ဆိုတဲ့ သောတာပန်အင်္ဂါတွေနှင့် ညီတော့တာပါပဲ။ ဒီလိုနက်နဲတဲ့ တရားတွေသိမှတော့ ငါးပါးသီလလည်း မြဲသွားပြီမို့ **အရိယ ကန္တေဟိ သီလေဟိ သမ္မန္နာဂတော** - ဆိုတဲ့ သောတာပန်အင်္ဂါနှင့်လည်း ညီတော့တာပါပဲ။

"ဒီအင်္ဂါလေးပါးနှင့်ညီ" လျှင် "သောတာပန်ဖြစ်" ၍ "ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာနှစ်ပါးကင်းစင်" သွားတာပါပဲ။

http://www.dhammadownload.com



## မဟာစည်ဆရာတော်ဘုရားကြီး၏
## ပဋိစ္စသမုပ္ပါဒ် အကျဉ်းလင်္ကာ

အမှန် မသွား၊ အမှား မြင်ကာ၊ အဝိဇ္ဇာကြောင့်၊
ချမ်းသာလိမ့်နိုး၊ ရည်မျှော်ကိုးလျက်။
သုံးမျိုးမှုကံ၊ ပြုစီမံ၍၊
ဝိညာဏ်တွယ်စပ်၊ နာမ်ရုပ်ကပ်လျက်၊
ခြောက်ရပ် အာယတန၊ ဖဿခြောက်ဖြာ၊ ဝေဒနာကြောင့်၊
တဏှာ ခြောက်တန်၊ ဥပါဒါန်နှင့်၊
ဖြစ်ရန်အကြောင်း၊ ကံဆင့်လောင်း၍၊
ဆိုး, ကောင်း ဘဝ၊ ဖြစ်ရပြန်ရာ၊
အိုကာ သေရေး၊ ပူအဆွေးနှင့်၊
ငိုကြွေး ကိုယ်နွမ်း၊ စိတ်မချမ်းမြ၊ ပူပန်ရသည်
လုံးဝ ဆင်းရဲစုသာတည်း။

## ဘုရားဒကာ ဘိုးဘချင်း၏
## ပဋိစ္စသမုပ္ပါဒ် အကျဉ်းလင်္ကာ

- ✱ အဝိဇ္ဇာ ဘယ်မှာနေ၊ ကိုယ့်စိတ်ထဲမှာ နေ။
- ✱ တစ်ခါတလေ မိုက်မဲမှု၊ သင်္ခါရကို ပြု။
- ✱ သူပြုမိတော့ ဝိညာဏ်တွယ်၊ နာမ်ရုပ်အိမ်ကိုတည်။
- ✱ အကြည် ခြောက်သွယ် မှန်တံခါး၊ ကောင်းစွာ တပ်ဆင်ထား။
- ✱ အာရုံခြောက်ပါး တွေ့ဆုံသော်၊ တံခါးပေါက်မှာ ပေါ်။
- ✱ ပေါ်လာလေသည့် အာရုံများ၊ ကောင်းစွာ သူခံစား။
- ✱ ခံစားမိတော့ နှစ်သက်ပြန်၊ စွဲလမ်း ဥပါဒါန်။
- ✱ ဥပါဒါန်ကြောင့် ရလိုမှု၊ ကံတွေ ထပ်လို့ပြု။
- ✱ ကံပြုမိတော့ ဘဝတွယ်၊ ဇာတိ ထပ်လို့ခြယ်။
- ✱ ဇာတိခြယ်လို့ အို, နာ, ဆုံး၊
- ✱ သေတော့ ခေါင်း (တလား) တစ်လုံး။

http://www.dhammadownload.com



## ဒီပဲယင်းဆရာတော်ဘုရားကြီး၏
## ပဋိစ္စသမုပ္ပါဒ် အချုပ်လင်္ကာ

မသိလျှင် တွယ်၊ သိလျှင် ပြယ်သည်။
တွယ်လျှင်လည်း ဘေး၊ ပြယ်လျှင် အေးသည်။
မသိက တစ်ပတ်ပတ်၊ သိမှ အပြီးသတ်သည်။
မသိ အစ၊ သိက အဆုံး၊ ကိစ္စတုံးသည်။
မသိကား အဝိဇ္ဇာ၊ သိကား ဝိဇ္ဇာ။

## လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏
## ပစ္စုပ္ပန်-ပဋိစ္စသမုပ္ပါဒ် အကျဉ်းလင်္ကာ

၁။ စက္ခုဓာတ်မ၊ ရူပဓာတ်ဖို
ဒိန္နစုံတွဲ၊ ဖြစ်မြဲနဂို၊
ဝိညာဏ်စက္ခု၊ မြင်မှုထိုထို၊
တိဏ္ဏံ့ ဖဿော၊ သဘောအလို။

၂။ ဖဿဓာတ်မင်း၊ အရင်းထူထောင်၊
ဝေဒနာမီး၊ ထိန်ငြီးတပြောင်၊
ဝေဒနာစက်၊ စဉ်ဆက်သူဆောင်၊
တဏှာဆိုး၊ အခိုးဆူပွက်လောင်။

၃။ တဏှာမီးပွင့်၊ ကြီးရင့်ကုံလုံ၊
ဥပါဒါန်လေး၊ အရေးတစ်ဖုံ၊
ဥပါဒါန်မျိုး၊ တန်ခိုးဖုံဖုံ၊
ဘဝကြီး၊ အပြီး ပေါ် ရတုံ။

၄။ ဘဝရှိလို့၊ ဇာတိတည်နေ၊
လေးဖြာဇာတိ၊ ဇာတိအခြေ၊
ဇာတိမူလ၊ သူစပြန်လေ၊
လွန်ယိုယွင်း၊ အိုမင်းဇရာပေ။

http://www.dhammadownload.com



၅။ အိုခြင်း၊ နာခြင်း၊ မကင်းနိုင်ပေ။
ပဋိစ္စစာတ်၊ ရဟတ်အပွေ၊
စိုးရိမ်ပူဆွေး၊ ငိုကြွေးထွေထွေ၊
ဒုက္ခစက်၊ စဉ်ဆက် ဆူလို့ဝေ။

၆။ ရုပ်ရော နာမ်ရော၊ ဒုက္ခော ဒုက္ခံ၊
ကြောင်းကျိုး ဆက်စိုင်း၊ စက်ဝိုင်းအမှန်၊
အကြောင်းချုပ်ရိုး၊ အကျိုးချုပ်ဟန်၊
ကြုံလာဆိုက်၊ အမြိုက်ပြည်နိဗ္ဗာန်။

## ပစ္စုပ္ပန်-ပဋိစ္စသမုပ္ပါဒ် အချုပ်လင်္ကာ

* စက္ခု ရူပ၊ ဆုံကြသောအခါ
ဝိညာဏ်စာတ်စု၊ မြင်မှုပေါ်လာ
စာတ်ပေါင်းသုံးခု၊ ဆုံမှုဖဿာ
မြင်မကောင်း၊ မြင်ကောင်းဝေဒနာ။

* မျက်လုံးအိမ်တွင်း၊ ချက်ချင်းပေါ်လာ
ငါးဖြာစာတ်စု၊ မြင်မှုတွေဟာ၊
မကြာခဏ၊ ပျက်ကြသည်သာ၊
အနိစ္စ၊ ဒုက္ခ၊ အနတ္တာ။

## ပစ္စုပ္ပန်-ပဋိစ္စသမုပ္ပါဒ် အချုပ်လင်္ကာ

(လယ်တီဆရာတော်ဘုရားကြီး)

* အကြည်ခြောက်စု၊ အာရုံခြောက်ပါး၊ ထိခိုက်ငြားက၊
ခြောက်ပါးဝိညာဏ်၊ အစဉ်မပြတ်၊ လျှပ်ရောင်ပမာ
နာမ်ခန္ဓာသည်၊ ဆိုင်ရာအသီးသီး၊ ဖြစ်ပျက်ကြသတည်း။

* စက္ခု ရူပါရုံ၊ နှစ်ပါးဆုံလျှင်၊ စက္ခုဝိညာဏ် ပေါ်မြဲပင်၊
ပေါ်လျှင်မလွဲ၊ ဖြစ်ပျက်မြဲတည်း။

* သောတ သဒ္ဒါရုံ၊ နှစ်ပါးဆုံလျှင်၊ သောတဝိညာဏ် ပေါ်မြဲပင်။
ပေါ်လျှင်မလွဲ၊ ဖြစ်ပျက်မြဲတည်း။

http://www.dhammadownload.com



* ဃာန ဂန္ဓာရုံ၊ နှစ်ပါးဆုံလျှင်၊ ဃာနဝိညာဏ် ပေါ်မြဲပင်။
ပေါ်လျှင်မလွဲ၊ ဖြစ်ပျက်မြဲတည်း။

* ဇိဝှါ ရသာရုံ၊ နှစ်ပါးဆုံလျှင်၊ ဇိဝှါဝိညာဏ် ပေါ်မြဲပင်။
ပေါ်လျှင်မလွဲ၊ ဖြစ်ပျက်မြဲတည်း။

* ကာယ ဖောဋ္ဌဗ္ဗာရုံ၊ နှစ်ပါးဆုံလျှင်၊ ကာယဝိညာဏ် ပေါ်မြဲပင်။
ပေါ်လျှင်မလွဲ၊ ဖြစ်ပျက်မြဲတည်း။

* မနော ဓမ္မာရုံ၊ နှစ်ပါးဆုံလျှင်၊ မနောဝိညာဏ် ပေါ်မြဲပင်။
ပေါ်လျှင်မလွဲ၊ ဖြစ်ပျက်မြဲတည်း။

* ဝိညာဏ်ငါး၀၊ ကြွင်းသမျှကို မနောဝိညာဏ်ဆို၏။
ထိုစိတ်ခြောက်ပါး၊ တခြားစီသာ၊ ဖြစ်ကြရာသတည်း။

## နိဒါနဝဂ္ဂ သံယုတ်လာ ဝဋ်ဒုက္ခဖြစ်ကြောင်း (၆) နည်း

၁။ စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊
တိဏ္ဏံ သင်္ဂတိ ဖဿော၊
ဖဿပစ္စယာ ဝေဒနာ၊
ဝေဒနာပစ္စယာ တဏှာ၊
တဏှာပစ္စယာ ဥပါဒါနံ၊
ဥပါဒါနပစ္စယာ ဘဝေါ
ဘဝပစ္စယာ ဇာတိ
ဇာတိပစ္စယာ ဇရာ-မရဏံ
သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊
ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။
၂။ သောတဉ္စ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ ----
၃။ ဃာနဉ္စ ပဋိစ္စ ဂန္ဓေ စ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ ----
၄။ ဇိဝှဉ္စ ပဋိစ္စ ရသေ စ ဥပ္ပဇ္ဇတိ ဇိဝှာဝိညာဏံ ----
၅။ ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ ---
၆။ မနဉ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ ---
တိဏ္ဏံ သင်္ဂတိ ဖဿော -- (လ) --
ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

http://www.dhammadownload.com



## မိုးညှင်းဆရာတော်ဘုရားကြီး၏
## ဝဋ်ဒုက္ခဖြစ်ကြောင်း (၆) နည်း အကျဉ်းလင်္ကာ

လောကဖြစ်ချက် အကြောင်းဆက်မှု -

| | | |
|---|---|---|
| တိုက်ခိုက်ပေါင်းဆုံမှုကြောင့် | - တွေ့ | (ဖဿ) |
| တွေ့မှုကြောင့် | - ခံစား | (ဝေဒနာ) |
| ခံစားမှုကြောင့် | - သာယာ | (တဏှာ) |
| သာယာမှုကြောင့် | - စွဲလမ်း | (ဥပါဒါန်) |
| စွဲလမ်းမှုကြောင့် | - အားထုတ် | (ဘဝေါ) |
| အားထုတ်မှုကြောင့် | - ဖြစ်ပေါ် | (ဇာတိ) |
| ဖြစ်ပေါ်မှုကြောင့် | - ရင့်, ပျက် | (ဇရာ - မရဏ) |
| စိုးရိမ်, ညှိုး, ပိန်, ငိုကြွေး | | (သောက၊ ပရိဒေဝ၊ ဒုက္ခ |
| ပူဆွေး, ဆင်းရဲဒုက္ခခဲတို့ | | ဒေါမနဿ၊ ဥပါယာသ) |

မလွှဲကြောင်းပြ ပဋိစ္စ လောက ဖြစ်မှုမှတ်။

**(မျက်စိပေါက်က သံသရာလည်မှုကို ပြခြင်းဖြစ်၏။**

စက္ခုဒွါရ + ရူပါရုံ + စက္ခုဝိညာဏ် သုံးပါးဆုံမိတာကို တိုက်ခိုက်ပေါင်းဆုံတယ်လို့ ဆို၏။ ထိုပေါင်းဆုံမှုအရ ဖြန်းခနဲစိတ်တွေ့ တွေ့တာကို ဖဿစေတ် ပေါ်တယ်လို့ ဆို၏။ လင်္ကာထဲမှာပါတဲ့အတိုင်း ကြောင်းကျိုးတွေအကုန်ဆက်ပြီး ဖြစ်ချက်တွေပြကာ လည်ပတ်နေကြပုံကို မြင်စေရာ၏။

ထိုနည်းအတိုင်းပင် -

| | | | | |
|---|---|---|---|---|
| သောတဒွါရ | + | သဒ္ဒါရုံ | + | သောတဝိညာဏ် |
| ဃာနဒွါရ | + | ဂန္ဓာရုံ | + | ဃာနဝိညာဏ် |
| ဇိဝှာဒွါရ | + | ရသာရုံ | + | ဇိဝှာဝိညာဏ် |
| ကာယဒွါရ | + | ဖောဋ္ဌဗ္ဗာရုံ | + | ကာယဝိညာဏ် |
| မနောဒွါရ | + | ဓမ္မာရုံ | + | မနောဝိညာဏ် |

တို့လည်း တိုက်ခိုက်ပေါင်းဆုံမှုအရ ကြောင်းကျိုးတွေဆက်ပြီး ဖြစ်ချက်တွေပြကာ လည်ပတ်နေကြပုံကို မြင်စေရာ၏)

ဤဒေသနာနည်းကိုပင် မိုးညှင်းဆရာတော်ဘုရားကြီး က မြန်မာနည်းအားဖြင့် အများနားလည်လွယ်စေရန် ပုံစံတစ်မျိုးဖြင့် လမ်းညွှန်ပြခဲ့ပြန်တာက-

http://www.dhammadownload.com



"ဒွါရအာရုံ တိုက်ဆိုင်ဖြစ်ပေါ်ရာ၌ ပဋိစ္စသမုပ္ပါဒ် အသွား ဝင်စားချက်"

* မျက်စိနဲ့ အဆင်းကို မြင်တော့ -
မြင်တွေ့တွေ့ - (ဖဿ)
* မြင်တွေ့ တွေ့တော့ -
မြင်ကောင်း ကောင်း - (ဝေဒနာ)
* မြင်ကောင်း ကောင်းတော့ -
မြင်ကြိုက် ကြိုက် - (တဏှာ)
* မြင်ကြိုက် ကြိုက်တော့ -
မြင်စွဲ စွဲ - (ဥပါဒါန်)
* မြင်စွဲ စွဲတော့ -
မြင်ကြံ ကြံ၊ မြင်ပြု ပြု၊ မြင်ပြော ပြော - (ဘဝ)
* မြင်ပြော ပြောတော့ -
မြင်ရ ရ - (ဇာတိ)
* မြင်ရ ရတော့ -
မြင်အို အို၊ မြင်သေ သေ - (ဇရာ-မရဏ)

မြင်စိုးရိမ်၊ မြင်ငိုကြွေး၊ မြင်ကိုယ်ဆင်းရဲ၊ မြင်စိတ်ဆင်းရဲ၊ မြင်ပူဆွေးတို့ ဖြစ်ပေါ်လာပြီး တစ်ဆယ့်တစ်မီးတို့ တောက်ထကြလေကုန်၏။ **(ဆယ့်တစ်မီးလောင်ပုံ)**

**ထိုမျက်စိပေါက်က ပဋိစ္စကို ချုပ်ငြိမ်းစရာ ဝိပဿနာတို့ကား မြင်သိအသစ်ပြောင်း၊ အဟောင်းပျက်နှင့် တွဲဖက်၍ ရှုလေ။ (ဆယ့်တစ်မီး ငြိမ်းပုံ)**

ရှုချက်ကား - မြင်နေရင်း "မြင်သိပျက်"၊ မြင်သိပျက်၊ မြင်သိပျက်။

တစ်နည်းကား - မြင့်သိ အသစ်ပြောင်း၊ အဟောင်းပျက်။

"အသစ်ပြောင်း၊ အဟောင်းပျက်" တည်း။ ဤသို့ မြင်နေလျှင် "ဝိပဿနာဉာဏ်ဝိဇ္ဇာ" လိုက်နေခြင်းပင် ဖြစ်သည်ဟု မိုးညှင်းသမ္ဗုဒ္ဓေ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုမနအရှင်မြတ်က ၎င်း၏ သိကျင့်စရာ ဓမ္မကထာ(၂)စာအုပ်၌ထပ်ဆင့်၍ လမ်းညွှန်မှု ပြုခဲ့ပေသည်။

http://www.dhammadownload.com



## နိဒါနဝဂ္ဂသံယုတ် ပါဠိတော်လာ ဝဋ်ဒုက္ခချုပ်ကြောင်း (၆) နည်း

၁။ စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊
တိဏ္ဏံ သင်္ဂတိ ဖဿော၊
ဖဿပစ္စယာ ဝေဒနာ၊
ဝေဒနာပစ္စယာ တဏှာ၊
တဿာယေဝ တဏှာယ အသေသ ဝိရာဂ နိရောဓာ
ဥပါဒါန နိရောဓော
ဥပါဒါန နိရောဓာ
ဘဝ နိရောဓော
ဘဝ နိရောဓာ
ဇာတိ နိရောဓော
ဇာတိ နိရောဓာ
ဇရာ - မရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာနိရုဇ္ဈန္တိ။
ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။
၂။ သောတဉ္စ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ . . .
၃။ ဃာနဉ္စ ပဋိစ္စ ဂန္ဓေ စ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ . . .
၄။ ဇိဝှဉ္စ ပဋိစ္စ ရသေ စ ဥပ္ပဇ္ဇတိ ဇိဝှာဝိညာဏံ . . .
၅။ ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ . . .
၆။ မနဉ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ . . .
တိဏ္ဏံ သင်္ဂတိ ဖဿော - (လ) -
ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

## မိုးညှင်းဆရာတော်ဘုရားကြီး၏
## ဝဋ်ဒုက္ခချုပ်ကြောင်း (၆) နည်း အကျဉ်းအလင်္ကာ

လောကချုပ်ချက်၊ အကြောင်းဆက်မူ

| | | |
|---|---|---|
| တိုက်ခိုက်ပေါင်းဆုံမှုကြောင့် | တွေ့ | (ဖဿ) |
| တွေ့မှုကြောင့် | ခံစား | (ဝေဒနာ) |

http://www.dhammadownload.com



ခံစားမှုကြောင့် သာယာ (တဏှာ)

ထိုသာယာမှုမှာ ဉာဏ်ဝိဇ္ဇာဖြင့် သာယာမှုချုပ် ငြိမ်းလေက -

မသာယာမှုကြောင့် မစွဲလမ်း (တဏှာနိရောဓာ-ဥပါဒါန နိရောဓော)

မစွဲလမ်းမှုကြောင့် အားမထုတ် (ဥပါဒါနနိရောဓာ-ဘဝ နိရောဓော)

အားမထုတ်မှုကြောင့် မဖြစ်ပေါ် (ဘဝနိရောဓာ-ဇာတိနိရော ဓော)

မဖြစ်ပေါ်မှုကြောင့် ရင့်၊ ပျက်၊ စိုးရိမ်၊ ညိုး၊ ပိန်၊ ငိုကြွေး၊ ပူဆွေး ဆင်းရဲဒုက္ခတို့ ချုပ်မြဲမှန်လှ နိရောဓ လောကချုပ်မှုမှတ်။

ဉာဏ်ဝိဇ္ဇာဆိုတာ ဝိပဿနာဝိဇ္ဇာဉာဏ်ကို ခေါ်၏။ **"အသိအလိမ္မာ၊ ဉာဏ်ပညာ၊ ဝိဇ္ဇာ အမောဟ"** ဆိုတဲ့အတိုင်း အမောဟ မတွေဝေမှု၊ သစ္စာအမှန်ကို သိမှု ဖြစ်၏။ ဤရုပ်နာမ်နှစ်ဖြာ ဘဝခန္ဓာကြီး လည်ပတ်ဖြစ်နေတာ ဆင်းရဲမှုဒုက္ခ အစစ်ကြီးပါလားလို့ ဒုက္ခသစ္စာ အမှန်သဘာဝကို တကယ်သိလိုက်လျှင် သူ့ကို နောက်ထပ်ရဖို့ရာအတွက် သာယာမှု၊ မျှော်ကိုးတောင့်တမှုတွေ မလာတော့ပါ။ မလုပ်တော့ပါ။ မလုပ်တော့လျှင် သူ့ကိုရစေ၊ ဖြစ်စေတဲ့ အကြောင်းသမုဒယကို ပယ်ပြီး ဖြစ်သွားတော့တယ်။ အကြောင်းသမုဒယ - တဏှာကို ပယ်လို့ မသာယာမှုကြောင့် မစွဲလမ်းဖြစ်သွားလျှင်လည်း ကြောင်းကျိုးဆက်တွေ ချုပ်ပျက်ပြီး နိရောဓသဘာဝ ဆိုက်ကာ ဖြစ်စဉ်သဘော ချုပ်ငြိမ်းသွားတော့တာ ဖြစ်တယ်။

ထိုနည်းအတိုင်းပင်

| | | | | |
|---|---|---|---|---|
| သောတဒွါရ | + | သဒ္ဒါရုံ | + | သောတဝိညာဏ် |
| ဃာနဒွါရ | + | ဂန္ဓာရုံ | + | ဃာနဝိညာဏ် |
| ဇိဝှာဒွါရ | + | ရသာရုံ | + | ဇိဝှာဝိညာဏ် |
| ကာယဒွါရ | + | ဖောဋ္ဌဗ္ဗာရုံ | + | ကာယဝိညာဏ် |
| မနောဒွါရ | + | ဓမ္မာရုံ | + | မနောဝိညာဏ် |

တို့လည်း တိုက်ဆိုင်မှုအရ ဖြစ်ပေါ် ရာ၌ လည်လမ်းသို့ လိုက်မသွားစေဘဲ ဉာဏ်ဝိဇ္ဇာဖြင့် ထိန်းချုပ်ပေးလိုက်ပါက အကြောင်းသမုဒယတွေ သိမ်းပြီး အကျိုးဒုက္ခတွေ ချုပ်ငြိမ်းသွားမှာပဲ ဖြစ်ပေသည်ဟု သိမြင်ရာ၏။

ဤဒေသနာနည်းကိုပင် မိုးညှင်းဆရာတော်ဘုရားကြီးက မြန်မာနည်း အားဖြင့် အများနားလည်လွယ်စေရန် ပုံစံတစ်မျိုးဖြင့် လမ်းညွှန်ပြခဲ့ပြန်တာက-

http://www.dhammadownload.com



## ခြောက်ဒွါရမှ ပဋိစ္စသမုပ္ပါဒ် အလည်ရပ် (ချုပ်ငြိမ်း) လမ်း

| | | | |
|---|---|---|---|
| * | မျက်စိနဲ့ အဆင်းကိုမြင်တော့ | မြင်တွေ့တွေ့ | (ဖဿ) |
| * | မြင်တွေ့တွေ့တော့ | မြင်ကောင်းကောင်း | (ဝေဒနာ) |
| * | မြင်ကောင်းကောင်းတော့ | မြင်ကြိုက်ကြိုက် | (တဏှာ) |

* ထိုမြင်ကြိုက် ကြိုက်သောအခါ ဉာဏ်ဝိဇ္ဇာဖြင့်
သာယာမှု ချုပ်ငြိမ်းလေသောကြောင့်
မြင်ကြိုက် မကြိုက် (တဏှာချုပ်)

* မြင်ကြိုက် မကြိုက်တော့
မြင်စွဲ မစွဲ (ဉပါဒါန်ချုပ်)

* မြင်စွဲ မစွဲတော့
မြင်ကြံ မကြံ၊ မြင်ပြု မပြု၊ မြင်ပြော မပြော (ကမ္မဘဝချုပ်)

* မြင်ပြော မပြောတော့
မြင်ရ မရ (ဇာတိချုပ်)

* မြင်ရ မရတော့

မြင်အို မအို၊ မြင်သေ မသေ၊ မြင် မစိုးရိမ်၊ မြင် မငိုကြွေး၊ မြင် ကိုယ်မဆင်းရဲ၊ မြင် စိတ်မဆင်းရဲ၊ မြင် မပူဆွေး၊ တရားအေးတို့ ဖြစ်ပြီး တစ်ဆယ့်တစ်မီးတို့ ပျောက်ပကြလေကုန်၏။ **(တစ်ဆယ့်တစ်မီးငြိမ်း)** ကျန်ဒွါရများ၌လည်း ဤနည်းကို မှီး၍ သိပါလေကုန်ဟု မိုးညှင်းသမ္ဗုဒ္ဓေ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုမန အရှင်မြတ်၏ **သိကျင့်စရာ ဓမ္မကထာ (၂)** ၌ ထပ်ဆင့်ရှင်းလင်း လမ်းညွှန်ပြထားပေသည်။

## ပဋိစ္စသမုပ္ပါဒ်အင်္ဂါ (၁၂) ပါးနှင့် လောကီသစ္စာ (၂) ရပ်

**(မိုင်းခိုင်းဆရာတော်ဘုရားကြီး)**

| | | | |
|---|---|---|---|
| ၁။ | အဝိဇ္ဇာ | = | သမုဒယသစ္စာ |
| ၂။ | သင်္ခါရ | = | အဝိဇ္ဇာဟူသော သမုဒယသစ္စာကြောင့်ဖြစ်သော အကျိုး သမုဒယသစ္စာ |
| ၃။ | ဝိညာဏ် | = | သင်္ခါရဟူသော သမုဒယသစ္စာကြောင့် ဖြစ်သော အကျိုး ဒုက္ခသစ္စာ |

http://www.dhammadownload.com



| | | | |
|---|---|---|---|
| ၄။ | နာမ်ရုပ် | = | ဝိညာဏ်ဟူသော ဒုက္ခသစ္စာကြောင့် ဖြစ်သော အကျိုး ဒုက္ခသစ္စာ |
| ၅။ | သဠာယတန | = | နာမ်ရုပ်ဟူသော ဒုက္ခသစ္စာကြောင့် ဖြစ်သော အကျိုး ဒုက္ခသစ္စာ။ |
| ၆။ | ဖဿ | = | သဠာယတနဟူသော ဒုက္ခသစ္စာကြောင့် ဖြစ်သော အကျိုး ဒုက္ခသစ္စာ။ |
| ၇။ | ဝေဒနာ | = | ဖဿဟူသော ဒုက္ခသစ္စာကြောင့် ဖြစ်သော အကျိုး ဒုက္ခသစ္စာ။ |
| ၈။ | တဏှာ | = | ဝေဒနာဟူသော ဒုက္ခသစ္စာကြောင့် ဖြစ်သော အကျိုး သမုဒယသစ္စာ။ |
| ၉။ | ဥပါဒါန် | = | တဏှာဟူသော သမုဒယသစ္စာကြောင့် ဖြစ်သော အကျိုး သမုဒယသစ္စာ။ |
| ၁၀။ | ဘဝ | = | ဥပါဒါန်ဟူသော သမုဒယသစ္စာကြောင့် ဖြစ်သော အကျိုး သမုဒယသစ္စာ၊ ဒုက္ခသစ္စာ။ |
| ၁၁။ | ဇာတိ | = | ကမ္မဘဝဟူသော သမုဒယသစ္စာကြောင့် ဖြစ်သော အကျိုး ဒုက္ခသစ္စာ။ |
| ၁၂။ | ဇရာ-မရဏ | = | ဇာတိဟူသော ဒုက္ခသစ္စာကြောင့် ဖြစ်သော အကျိုး ဒုက္ခသစ္စာ။ |

**မှတ်ချက် -**

ဤပဋိစ္စသမုပ္ပါဒ် အရာ၌ သစ္စာဖွဲ့နည်းကား - ပဋိစ္စသမုပ္ပါဒဝိဘင်း အဘိဓမ္မာ ဘာဇနီပါဠိတော်ကို ထောက်၍ဖွဲ့သော သမ္မောဟဝိနောဒနီ အဋ္ဌကထာနည်းတည်း။ ထို့ကြောင့် ၎င်းပါဠိတော် သုတ္တန္တဘာဇနီနည်းနှင့်အညီ လောကီစိတ် (၈၁)၊ လောဘကြဉ်သော စေတသိက် (၅၁)၊ ရုပ် (၂၈) သည် ဒုက္ခသစ္စာ၊ လောဘသည် သမုဒယသစ္စာ၊ နိဗ္ဗာန် သည် နိရောဓသစ္စာ၊ မဂ်စိတ် (၄) ခု၌ရှိသော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏ဟု ဖွဲ့သော အများသုံးစွဲရိုး အရိယသစ္စာဖွဲ့ပုံနှင့် မတူလေ။

http://www.dhammadownload.com



## ပဋိစ္စသမုပ္ပါဒ် သရုပ်ခွဲ

လယ်တီဆရာတော်ဘုရားကြီး၏ ပရမတ္ထသံခိပ်ကျမ်း အပိုဒ် (၅၄၇) ၌ အောက်ပါအတိုင်း ပြဆိုထားသည်။

"အင်္ဂါ ဆယ့်နှစ်၊ သုံးဆစ် ကာလ၊ သုံးဝ အစပ်၊
လေးရပ်-အလွှာ၊ ဝဋ္ဋ-သုံးဖြာ၊ မှတ်ပါမူလဒွေး။"

**အင်္ဂါ (၁၂) ပါး**

၁။ အဝိဇ္ဇာ၊ သင်္ခါရ
၂။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ
၃။ တဏှာ၊ ဥပါဒါန်၊ ဘဝ
၄။ ဇာတိ၊ ဇရာ-မရဏ။
ဤ (၁၂) ပါးတည်း။

အင်္ဂါဆိုသည်မှာ -

အဝိဇ္ဇာရှိခဲ့လျှင် သင်္ခါရ ကေန်ဖြစ်ရသည်။ အဝိဇ္ဇာ မရှိခဲ့လျှင် သင်္ခါရ ကေန် မဖြစ်ပြီ။ ဤကဲ့သို့ အကြောင်းအကျိုး အဖြစ်မြဲသော တရားစုကိုသာ အင်္ဂါ ဆိုရသည်။ သောက၊ ပရိဒေဝ စသည်တို့ကား ထိုကဲ့သို့ မြဲသောတရားစုတို့ မဟုတ်ကြကုန်။ ဗြဟ္မာတို့အား ဇာတိရှိခဲ့သော်လည်း သောက၊ ပရိဒေဝ စသည် မဖြစ်။ ထိုအတူ အနာဂါမ်၊ ရဟန္တာတို့အားလည်း မဖြစ်။ ထို့ကြောင့် သောက၊ ပရိဒေဝ စသည်တို့ကို အင်္ဂါ မဆိုသည်။

သို့သော် ဝဋ္ဋဓမ္မ၏ အကျိုးဆက်ကို ပြခြင်းငှာ သောက၊ ပရိဒေဝ စသည်တို့ကို ဟောတော်မူခဲ့၏။ အဝိဇ္ဇာ၊ သင်္ခါရ စသော အကြောင်းအကျိုး အစီအစဉ်အားဖြင့် သံသရာရှည်၍ နေကြမှုမှာ အကျိုးကို ရှာလိုက်သော် သောက၊ ပရိဒေဝ စသော ဒုက္ခတရားတို့ ပွားစီးဖို့သာ ဖြစ်သည်ဟု ပြခြင်းငှာ ဟောတော်မူသည်ဟူလို။

**ကာလ (၃) ပါး**

ကာလ (၃) -ပါးဆိုသည်ကား-

အတိတ်ဘဝ၊ အနာဂတ်ဘဝ၊ ပစ္စုပ္ပန်ဘဝ ဟူသော ကာလ ၃-ပါးတည်း။

အဝိဇ္ဇာ၊ သင်္ခါရ နှစ်ပါးတို့ကား အတိတ်ဘဝ။

ဇာတိ၊ ဇရာ-မရဏ နှစ်ပါးတို့ကား နောင်အနာဂတ်ဘဝ။

http://www.dhammadownload.com



ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ ဤရှစ်ပါးကား ပစ္စုပ္ပန်ဘဝ၌ အကျုံးဝင်သော တရားတို့တည်း။

**အစပ် (၃) စပ်**

သင်္ခါရနှင့် ဝိညာဏ် အကြားမှာ ဟေတုဖလအစပ် ၁ ခု။
ဝေဒနာနှင့် တဏှာ အကြားမှာ ဖလဟေတုအစပ် ၁ ခု။
ဘဝနှင့် ဇာတိ အကြားမှာ ဟေတုဖလအစပ် ၁ ခု။
"ကုသိုလ်"၊ "အကုသိုလ်" မျိုးကို ဟေတု ဆိုသည်။
"ဝိပါက်" မျိုးကို ဖလ ဆိုသည်။

**အလွှာ (၄) ပါး**

အစပ် (၃)-ပါး ရှိလျှင် အလွှာ ၄ ခု ရှိမြဲ။
အဝိဇ္ဇာ၊ သင်္ခါရကား အတိတ်အကြောင်းတစ်လွှာတည်း။
ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာကား
ပစ္စုပ္ပန်အကျိုး တစ်လွှာတည်း။
တဏှာ၊ ဥပါဒါန်၊ ဘဝကား ပစ္စုပ္ပန်အကြောင်းတစ်လွှာတည်း။
ဇာတိ၊ ဇရာ-မရဏ ကား အနာဂတ်၏အကျိုးတစ်လွှာတည်း။

**ဝဋ် (၃) ပါး**

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ဤသုံးပါးကား ကိလေသာတရားမျိုးဖြစ်၍ **ကိလေသဝဋ်** မည်၏။

သင်္ခါရ၊ ကမ္မဘဝ ဤနှစ်ပါးကား ကံတရားမျိုးဖြစ်၍ **ကမ္မဝဋ်** မည်၏။

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဥပပတ္တိဘဝတည်းဟူသော ဇာတိ၊ ဇရာ-မရဏ ဤခုနစ်ပါးကား ကံ၏အကျိုးမျိုးဖြစ်၍ **ဝိပါကဝဋ်** မည်၏။

ဝဋ်ဆိုသည်ကား စက်လည်၍ သွားမှုတည်း။
ကိလေသာရှိလျှင် ကံဖြစ်မြဲတည်း။
ကံရှိလျှင် ဝိပါက်ဖြစ်မြဲတည်း။
ဤသို့ စက်လည်၍သွားမှုကို "ဝဋ်" ဟု ဆိုသတည်း။

http://www.dhammadownload.com



## မူလ (၂) ပါး

ရှေ့ဖြစ်သော အကြောင်းအကျိုးတစ်စုံမှာ **အဝိဇ္ဇာ** သည် မူလတည်း။

နောင်ဖြစ်သော အကြောင်းအကျိုးတစ်စုံမှာ **တဏှာ** သည် မူလတည်း။

**“အဝိဇ္ဇာ” သည် ပုဗ္ဗန္တဘဝစက်၏မူလ၊ “တဏှာ” သည် အပရန္တဘဝစက်၏မူလ။** အဝိဇ္ဇာသည် တဏှာကြောင့် ဖြစ်ရသလို၊ တဏှာသည်လည်း အဝိဇ္ဇာကြောင့် ဖြစ်ကြသည့်အတွက် အဝိဇ္ဇာနှင့် တဏှာသည် ခွဲ၍ ရကောင်းသည်မဟုတ်ပါ။ သတ္တဝါအပေါင်းသည် **မူလနှစ်ပါး ခိုင်မြဲသော စက်ဝိုင်းနှစ်ခုဖြင့် သံသရာ အထပ်ထပ် မရပ်မတည် တစ်လည်တည်း လည်ကုန်၏။** ပဋိစ္စသမုပ္ပါဒ်ကို လျော်စွာသိသောဉာဏ်ကား ထိုမူလနှစ်ပါး မဖြစ်ကြောင်းဉာဏ်တည်း။ မူလနှစ်ပါး မဖြစ်က သံသရာ ဘဝစက်လည်း ပျက်တော့သည်သာတည်း။ ရာဇာအာဂစ္ဆတိ (မင်းလာသည်) ဆိုလျှင် အခြံအရံ ပါရှိသည်လည်း သိရသကဲ့သို့ အဝိဇ္ဇာဆိုလျှင် တဏှာ၊ ဥပါဒါန် ပါရှိသည်ကို သိအပ်၏။

ရေ ယူခဲ့လော့ဆိုလျှင် အိုး၊ ခွက်၊ ဖလား မဆိုသော်လည်း ပါရသကဲ့သို့ တဏှာ၊ ဥပါဒါန်ဆိုလျှင် အဝိဇ္ဇာ ပါရှိသည်ကို သိအပ်၏။

ထို့အတူ သင်္ခါရဆိုလျှင် ကမ္မဘဝ ပါတော့သည်။ ဘဝဆိုလျှင် သင်္ခါရ ပါတော့သည်။ ထို့ကြောင့် အဝိဇ္ဇာ၊ သင်္ခါရ ဟူသော အင်္ဂါ (၂) ပါးနေရာမှာ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝတို့ကိုလည်း ထည့်သွင်း၍ ယူ။ **ဇာတိ၊ ဇရာ-မရဏတို့သည်လည်း ဥပပတ္တိဘဝ၏ အမူသာတည်း။** ထို့ကြောင့် ဇာတိ၊ ဇရာ မရဏ အင်္ဂါ (၂) ခုတို့မှာ ဥပပတ္တိဘဝကို ထုတ်ဖော်၍ သိအပ်၏။ ဥပပတ္တိဘဝဆိုသည်ကား ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဟူသော အကျိုးတရား (၅) ပါးတို့ကို ဆိုသတည်း။

## ခြင်းရာ (၂၀)

ဤမျှသော ယုတ္တိတို့ဖြင့် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ကမ္မဘဝ၊ အတိတ်အကြောင်းတရားငါးပါး။

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ပစ္စုပ္ပန်အကျိုးတရား ငါးပါး။

(အကြောင်းအကျိုး တစ်စုံဖြစ်၏)

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ ကမ္မဘဝ၊ ပစ္စုပ္ပန် အကြောင်းတရား ငါးပါး။

http://www.dhammadownload.com



ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ အနာဂတ်အကျိုးတရား ငါးပါး။ (အကြောင်းအကျိုး တစ်စုံ ဖြစ်၏။) အင်္ဂါ (၂၀) ဖြစ်၏။ အခြင်းအရာ (၂၀) လည်း မည်၏။

**အခွန့်(၃) ပါး**

ပထမအကြောင်းငါးပါးကား "အတိတ်အခွန့်" တည်း။

စတုတ္ထအကျိုးငါးပါးကား "အနာဂတ်အခွန့်" တည်း။

ဒုတိယအကျိုးငါးပါး၊ တတိယအကြောင်းငါးပါးကား "ပစ္စုပ္ပန်အခွန့်"တည်း။

(ကာလကို အခွန့် ဆိုသတည်း။)

ပထမအကြောင်းငါးပါးနှင့် ဒုတိယအကျိုး ငါးပါးအကြား၌ တစ်စပ်။

ဒုတိယအကျိုး ငါးပါးနှင့် တတိယအကြောင်းငါးပါးအကြား၌ တစ်စပ်။

တတိယအကြောင်းငါးပါးနှင့် စတုတ္ထအကျိုး ငါးပါးအကြား၌ တစ်စပ်။

ဤကား **အစပ် (၃) ပါး** တည်း။

အကြောင်း (၂) စုံ၊ အကျိုး (၂) စုံသည် **အလွှာ (၄) ခု** ဖြစ်၏။

ပထမ၊ တတိယ အကြောင်းနှစ်လွှာတွင် ပါရှိသော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် တို့သည်ကား ကိလေသဝဋ္ဋတည်း။ (သမုဒယသစ္စာ ဖြစ်၏)

သင်္ခါရ၊ ကမ္မဘဝ တို့ကား ကမ္မဝဋ္ဋတည်း။ (သမုဒယသစ္စာ ဖြစ်၏)

ဒုတိယ၊ စတုတ္ထ အကျိုးနှစ်လွှာတို့ကား ဝိပါကဝဋ္ဋတည်း။ (ဒုက္ခသစ္စာ ဖြစ်၏)

ဤကား **ဝဋ္ဋ်သုံးပါးတည်း။**

ပထမ၊ တတိယ အကြောင်းနှစ်လွှာတို့၌ ပါရှိသော အဝိဇ္ဇာ၊ တဏှာ (၂) ပါး တို့ကား မောဟဟိတ်၊ လောဘဟိတ် ဖြစ်၍ မူလ (၂) ပါး မည်၏။ ဤကား **မူလ (၂) ပါး** တည်း။

ဤနေရာတွင် ကျေးဇူးတော်ရှင် မိုင်းခိုင်းဆရာတော်ဘုရားကြီး၏ အောက်ပါ လင်္ကာဆောင်ပုဒ်ကိုလည်း လေ့လာမှတ်သားရာ၏။

"လေးပါးအလွှာ၊ အင်္ဂါဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊ သုံးပါးအစပ်၊ နှစ်ရပ် မူလ၊ ဝဋ္ဋ်သုံးဝတည်း၊ ကာလသုံးဖြာ၊ သစ္စာနှစ်ပါး၊ ခြင်းရာကားနှစ်ဆယ်၊ အသွယ်သွယ်ကို၊ အလွယ်ကျက်မှတ် သိစေသော်ဝ်။" ဤဇယား၏အသွား၊ ရှေ့စကားနှင့် စပ်၍၊ ကြည့်တတ်ပါမူ၊ ကျမ်းဂန်လာအတိုင်း သရုပ်ကို ဖော်ထုတ်၍ သိပြီဟူ၍မှတ်။

http://www.dhammadownload.com



ထို့အပြင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး ၏ အောက်ပါ လင်္ကာဆောင်ပုဒ်ကိုလည်း အလွယ်ကျက်မှတ်၍ သိစေအပ်၏။

" မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလ္လာ၊ အင်္ဂါ ဆယ့်နှစ်ပါး၊ တရားကိုယ် များနှင့်၊ သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာ နှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။"

## ဦးသိန်းဟန် (Digest) ၏
## ပဋိစ္စသမုပ္ပါဒ် ကာလသုံးပါး၊ ဝဋ်သုံးပါး၊ မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ အင်္ဂါတစ်ဆယ့်နှစ်ပါး အခြင်းအရာနှစ်ဆယ် ဇယား

| အတိတ်အကြောင်း | | ပစ္စုပ္ပန် | | | အနာဂတ်အကျိုး |
|---|---|---|---|---|---|
| ကိလေသဝဋ်-၃+ကမ္မဝဋ်-၂<br>၁, ၃, ၄ ၂, ၅ | | အကျိုး<br>ဝိပါကဝဋ် | အကြောင်း<br>ကိလေသဝဋ်-၃+ကမ္မဝဋ်-၂ | | ဝိပါကဝဋ် - ၇ |
| သမုဒယသစ္စာ | | ဒုက္ခသစ္စာ | သမုဒယသစ္စာ | | ဒုက္ခသစ္စာ |
| ၁။ အဝိဇ္ဇာ (မူလ) | ကိ | ဝိညာဏ် | တဏှာ (မူလ) | ကိ | ဝိညာဏ် |
| ၂။ သင်္ခါရ | ကမ္မ | နာမ်ရုပ် | ဥပါဒါန် | ကိ | နာမ်ရုပ် |
| ၃။ တဏှာ | ကိ | သဠာယတန | ကမ္မဘဝ | ကမ္မ | သဠာယတန |
| ၄။ ဥပါဒါန် | ကိ | ဖဿ | အဝိဇ္ဇာ | ကိ | ဖဿ |
| ၅။ ကမ္မဘဝ | ကမ္မ | ဝေဒနာ | သင်္ခါရ | ကမ္မ | ဝေဒနာ |
| | | | | | ( ဥပပတ္တိဘဝ၏ အမှုအားဖြင့်) |
| | | | | | ဇာတိ |
| | | | | | ဇရာ၊ မရဏ |

ဇယား ( ၁ )

http://www.dhammadownload.com



# ဦးသိန်းဟန် (Digest) ၏
## ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး ဆက်နွယ်မှုအင်္ဂါ ၁၂-ပါး အခြေပြဇယား

| | | |
|---|---|---|
| အတိတ်ဘဝ | ၁ မသိမှု - အဝိဇ္ဇာ<br>၂ ပြုစီရင်မှု - သင်္ခါရ | 'ကံ' ဖြစ်စဉ်-"ကမ္မဘဝ" အကြောင်းတရား ငါးပါး ၁, ၂, ၈, ၉, ၁၀။ (သမုဒယသစ္စာ) |
| ပစ္စုပ္ပန်ဘဝ | ၃ သိမှု - ဝိညာဏ်<br>၄ နာမ်ရုပ် - နာမရူပ<br>၅ အာရုံသိအင်္ဂါ ၆-ပါး - သဠာယတန<br>၆ အာရုံနှင့်စိတ်ထိတွေ့မှု - ဖဿ<br>၇ အာရုံကို ခံစားမှု - ဝေဒနာ | ပဋိသန္ဓေဖြစ်စဉ် "ဥပပတ္တိဘဝ" အကျိုးတရား ငါးပါး ၃,၄,၅,၆,၇။ (ဒုက္ခသစ္စာ) |
| | ၈ လိုချင်တပ်မက်မှု - တဏှာ<br>၉ ပြင်းစွာ စွဲလမ်းမှု - ဥပါဒါန်<br>၁၀ ဘဝဖြစ်စဉ် - ဘဝ(ကမ္မဘဝ) | 'ကံ' ဖြစ်စဉ်-"ကမ္မဘဝ" အကြောင်းတရား ငါးပါး ၁, ၂, ၈, ၉, ၁၀။ (သမုဒယသစ္စာ) |
| အနာဂတ်ဘဝ | ၁၁ ပဋိသန္ဓေနေမှု - ဇာတိ (ဥပပတ္တိဘဝ)<br>၁၂ အိုနာသေမှု - ဇရာ၊ မရဏ | ပဋိသန္ဓေဖြစ်စဉ် "ဥပပတ္တိဘဝ" အကျိုးတရား ငါးပါး ၃,၄,၅,၆,၇။ (ဒုက္ခသစ္စာ) |

ဇယား ( ၂ )

၁, ၂ နှင့် ၈, ၉, ၁၀ အင်္ဂါငါးရပ်သည်

(၁) **ကံဖြစ်စဉ်ကို** ကိုယ်စားပြု၏။

(၂) ပဋိသန္ဓေနေမှု၏ **"ကံအကြောင်းငါးပါး"** ကို ဖော်ပြ၏။

* အတိတ်ကာလ၌ အကြောင်းငါးပါးရှိခဲ့၍ ပစ္စုပ္ပန်ဘဝ၌ အကျိုးတရားငါးပါးကို ရရှိ၏။

* ပစ္စုပ္ပန်အကြောင်းတရားငါးပါးကို ယခုထူထောင်ကြပြန်သဖြင့် နောင်အနာဂတ်ဘဝမှာ အကျိုးငါးပါးကို ဧကန်မုချ ရကြဦးမည်သာ။

http://www.dhammadownload.com



# မိုးညှင်းဆရာတော်ဘုရားကြီး၏
## ပဋိစ္စသမုပ္ပါဒ် သဘောသွား ဇယားပုံ

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ခြင်းရာ (၂၀) | အတိတ်အကြောင်း ၂ ပါး ပစ္စုပ္ပန်အကြောင်း ၃ ပါး နှင့် ပေါင်း ခြင်းရာ ၅ ပါး | | ပစ္စုပ္ပန်အကျိုးများ အခြင်းအရာ ၅ ပါး | | | | | ပစ္စုပ္ပန်အကြောင်း ၃ ပါး အတိတ်အကြောင်း ၂ ပါး နှင့် ပေါင်း ခြင်းရာ ၅ ပါး | | | အနာဂတ်အကျိုး ၂ ပါး= ပစ္စုပ္ပန်အကျိုး ၅ ပါးပင် ဖြစ်ကြ၍ ခြင်းရာ ၅ ပါး | |
| သစ္စာ (၂) ပါး | သမုဒယသစ္စာ (၂) ပါး | | ဒုက္ခသစ္စာ (၅) ပါး | | | | | သမုဒယသစ္စာ (၃) ပါး | | | ဒုက္ခသစ္စာ (၂) ပါး | |
| ကာလ (၃)ပါး | အတိတ်အကြောင်း | | ပစ္စုပ္ပန်အကျိုးများ | | | | | ပစ္စုပ္ပန်အကြောင်း | | | အနာဂတ်အကျိုး | |
| ဝဋ် (၃)ပါး | ကိ | ကံ | ဝိ | ဝိ | ဝိ | ဝိ | ဝိ | ကိ | ကိ | ကံ ဝိ | ဝိ | ဝိ |
| မူလ (၂) ပါး | အဝိဇ္ဇာမူလကြောင့် စက်အမျိုးမျိုး လည်ကြပုံ | | | | | | | တဏှာမူလကြောင့် စက်အမျိုးမျိုး လည်ကြပုံ | | | | |
| အစပ် (၃) ပါး | (သင်္ခါရနှင့် ဝိညာဏ်) တစ်စပ် | | | | | (ဝေဒနာနှင့် တဏှာ) တစ်စပ် | | | | (ဘဝနှင့် ဇာတိ) တစ်စပ် | | |
| တရားကိုယ် အများ | မောဟ | လောကီကံ | စိတ်စု | စေတသိက် ရုပ် | ဓာတ်ကြည် ၆ ပါး | ဖဿ ၆ ပါး | ဝေဒနာ ၆ ပါး | တဏှာ ၆ ပါး | တဏှာ ဒိဋ္ဌိ | ကမ္မ ဥပပတ္တိ | ဥပါဒ်စု | ဌီဘင်စု |
| အင်္ဂါ (၁၂) ပါး | အဝိဇ္ဇာ | သင်္ခါရ | ဝိညာဏ် | နာမ်–ရုပ် | သဠာယတန | ဖဿ | ဝေဒနာ | တဏှာ | ဥပါဒါန် | ဘဝ | ဇာတိ | ဇရာ–မရဏ |
| အလွှာ (၄)ပါး | ဤ (၂) ပါး တစ်လွှာ | | ဤ (၅) ပါး တစ်လွှာ | | | | | ဤ (၃) ပါး တစ်လွှာ | | | ဤ (၂) ပါး တစ်လွှာ | |

ဇယား ( ၃ )

http://www.dhammadownload.com



## ဝဋ်သုံးပါးလည်ပုံ

(မူလပဌာန်းဆရာတော်ကြီး ဦးနာရဒ)

ကိလေသာရှိ၍ အမှုအမျိုးမျိုးကို ဆောင်ရွက်ပြုလုပ်လျှင် ကံအမျိုးမျိုး ဖြစ်ရ၏။ ကံအမျိုးမျိုး ရှိမှုကြောင့် ဝိပါက် နာမက္ခန္ဓာ ကဋတ္တာရုပ် ဟူသော ဝိပါကဝဋ် ဥပပတ္တိဘဝခန္ဓာ အမျိုးမျိုး ဖြစ်ရ၏။ ဝိပါကဝဋ် ဘဝခန္ဓာရှိမှုကြောင့် ထိုဘဝခန္ဓာကို စွဲလမ်းမှု၊ သာယာမှု၊ မောက်ကြွားမှု၊ ပပဉ္စများဖြစ်ကာ အမျိုးမျိုးသော ကိလေသ ဝဋ် ဖြစ်ရကား **သံသရာစက်ကြီးမှာ ဤဝဋ် (၃) ပါးကြောင့် အမြဲလည်၍နေ၏။**

ဥပမာအားဖြင့် သစ်ပင်တို့ရှိ **"အဆီအစေးမှ အသီးအဆံ"၊ "အသီးအဆံမှ အပင်"** ဟု ကမ္ဘာပျက်သည့်တိုင်အောင် ဆက်လက်ဖြစ်ပွားကြရာတွင်-

**သစ်ပင်နှင့် "သတ္တဝါ"၊**

**အဆီအစေးနှင့် "ကိလေသဝဋ်"၊**

**အသီးအဆံနှင့် "ကမ္မဝဋ်"၊**

တစ်ဖန်ပေါက်သော **အပင်နှင့် "ဝိပါကဝဋ်"** တူ၏။

မြေ၊ ရေ၊ လေ ဥတုတို့သည် သစ်ပင်၏ အဆီအစေးကို ပွားများအောင် ကျွေးမွေးပြုကြသလို၊ လူ၊ နတ် - **ကာမဂုဏ်**၊ ဖြဟ္မာ့အာရုံတို့သည် ကိလေသဝဋ်ကို ပွားများအောင် ကျွေးမွေးပြုကြ၏။

မြေ၊ ရေ၊ လေ ဥတု စသည်တို့ကြောင့် အဆီအစေးတို့ ကြီးပွားခွင့် ရကာ **အသီးအဆံတို့ကို သီးချင်တိုင်း သီးသလို** လူနတ်ကာမဂုဏ် စသည်တို့ကြောင့် **ကိလေသဝဋ် ကြီးပွားခွင့်ရကာ** ကမ္မဝဋ်တွေကို ပြုချင်တိုင်းပြု ကြ၏။ ကမ္မဝဋ်ကို ပြုလျှင် **ဝိပါကဝဋ် ဘဝခန္ဓာတို့ ဖြစ်ချင်တိုင်း** ဖြစ်ကာ သံသရာရှည်ကြရ၏။

## သံသရာစက်လည်ပုံ

(ညောင်လေးပင်တောရဆရာတော်ဘုရားကြီး)

သံသရာစက် လည်ပုံကား -

| | |
|---|---|
| ကိလေသဝဋ် ရှိခဲ့လျှင် | ကမ္မဝဋ် ဖြစ်မြဲ၊ |
| ကမ္မဝဋ်ရှိခဲ့လျှင် | ဝိပါကဝဋ် ဖြစ်မြဲ၊ |
| ဝိပါကဝဋ်ရှိခဲ့လျှင် | ထိုဝိပါကဓမ္မတို့၌ ငါ၏ကိုယ်ဟု တွယ်တာသော ကိလေသဝဋ်ဖြစ်၏။ |

http://www.dhammadownload.com



ကိလေသဝဋ် ရှိခဲ့လျှင် ကမ္မဝဋ် ဖြစ်မြဲ၊
ကမ္မဝဋ်ရှိခဲ့လျှင် ဝိပါကဝဋ် ဖြစ်မြဲ၊
ဝိပါကဝဋ်ဖြစ်ခဲ့လျှင် ကိလေသဝဋ် ဖြစ်မြဲ။

ဤကား ဝဋ် (၃) ပါး ချားရဟတ်ကဲ့သို့ မရပ်မတည် ဟူးဟူးလည်နေပုံတည်း။

သစ်ပင်တို့မှာ တစ်ပင်လုံး၌ အနှံ့တည်သော အစေးရှိ၏။ ထိုအစေးမှ အသီးအဆံ ဖြစ်၏။ ထိုအသီးအဆံမှ အပင်ပေါက်၏။ ထိုအပင်မှာ အစေးရှိပြန်၏။ ထိုအစေးမှ အသီးအဆံ ဖြစ်ပြန်၏။ ထိုအသီးအဆံမှ အပင်ပေါက်ပြန်၏။

မြေဥတု၊ ရေဥတု၊ လေဥတုတို့ကား အစေးကို ပွားစေကုန်၏။ ဥတုအထောက်အပံ့ မရလျှင် အစေးကုန်ခန်း၏။ ထိုသစ်ပင် မျိုးပြတ်၏။ နောက်ဆက်မရှိ။

**သစ်ပင်တွေနှင့် "သတ္တဝါ" တွေ တူကြ၏။**

**အစေးနှင့် "ကိလေသဝဋ်" တူ၏။**

**အသီးအဆံနှင့် "ကမ္မဝဋ်" တူ၏။**

**အပင်နှင့် "ဝိပါကဝဋ်" တူ၏။**

ဥတုတို့နှင့် လူ့ကာမဂုဏ်၊ နတ် "ကာမဂုဏ်"၊ ဗြဟ္မာ "အာရုံစု" တူ၏။

အစေးကို ခန်းခြောက်စေတတ်သော ပယောဂနှင့် ဝိပဿနာ တူ၏။

ဤသို့ ဝဋ်သုံးပါး လည်နေပုံကို အလွယ်သိမြင်နိုင်စေရန်

ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက လင်္ကာဖြင့် ပြဆိုပြန်တာက-

"အဝိဇ္ဇာနှင့် တဏှာ အရင်းခံ၊
ဥပါဒါန်၊ ကံ, ကြောင့် ရုပ်နာမ်ပေါ်၊
အပင်မှ မျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ် ဆက်စပ်သည့်ဟန်။
ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊
အဖန်ဖန် ဖြစ်ပြန်နည်းအလျော်၊
ဗြဟ္မာ၊ သိကြား စသည်များက၊ ထင်ရှားပြုပြင် စီရင်ဖန်ဆင်း၊
အကြောင်းရင်းကြောင့်၊
လူနတ်များစွာ သတ္တဝါတို့၊ ဖြစ်လာရမူ မဟုတ်ဟု၊
ဉာဏ်ဖြင့် ရှု၍ မြော်။ ။ ဟူသတည်း။

http://www.dhammadownload.com



## ပဋိစ္စသမုပ္ပါဒ်၌ နည်းလေးပါးနှင့် ဝင်္ဂသုံးပါး

(ဒီပဲယင်းဆရာတော်ဘုရားကြီး)

* ပဋိစ္စသမုပ္ပါဒ်၌ နည်းလေးပါးကို သိရန်မှာကား -
ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်း။

* အဝိဇ္ဇာ သင်္ခါရ အစရှိသော တရားတို့သည် အကြောင်းအကျိုး ဆက်လက်၍ "တစ်သန္တာန်တည်းမှာဖြစ်" သောကြောင့် "တစ်ခုတည်း၊ တစ်ယောက်တည်း" ဟု ခေါ်ဆိုရသော နည်းသည် **ဧကတ္တနည်း**။

* တစ်ခုတည်းဟူ၍ ခေါ်ဆိုရသော်လည်း၊ အဝိဇ္ဇာ၊ သင်္ခါရ စသည်တို့သည် "သဘာဝ" အားဖြင့် "အသီးအသီး တခြားစီ" ဟု သိမှတ်ရသောနည်းသည် **နာနတ္တနည်း**။

* အဝိဇ္ဇာအား သင်္ခါရကို ငါဖြစ်စေအံ့ဟု ဗျာပါရမရှိ ငါဖြစ်စေသည် ဟူ၍လည်း မသိ၊ သင်္ခါရက ငါသည် အဝိဇ္ဇာကြောင့် ဖြစ်ရပေသည်ဟု မသိ။ ဤသို့စသည့် "ဗျာပါရမရှိ အချင်းချင်း မသိကြ"ဟု မှတ်ရသောနည်းသည် **အဗျာပါရနည်း**။

* ဤသို့စသည် ဗျာပါရမရှိ အချင်းချင်း မသိကြဘဲ "အကြောင်းအားလျော်စွာ အကျိုးတရား"တို့ "သူ့သဘာဝအလျောက် ဖြစ်ကြသည်"ဟု သိရသော နည်းသည် **ဧဝံ ဓမ္မတာနည်း** မည်၏။

* ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ဟူ၍ ဝဋ်သုံးပါးကိုလည်း သိရှိမှတ်သားလေရကား အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်သုံးပါးကို **ကိလေသဝဋ်**။ သင်္ခါရနှင့် ဘဝကို **ကမ္မဝဋ်**။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ-ဇရာ မရဏ၊ ဤခုနစ်ပါး ကို **ဝိပါကဝဋ်** ဆိုရ၏။

* ကိလေသာကား 'ကံ' ကို အားပေး၏။
'ကံ' ကား ဝိပါက်ကို ဖြစ်စေ၏။
ဝိပါက်ကို စွဲမှီ၍ ကိလေသာနှင့် ကံ ဖြစ်ပေါ်ပြန်ရ၏။

* ကိလေသာ မရှိလတ်သော် -
'ကံ' သည် ပဋိသန္ဓေအကျိုးကို မဖြစ်ပေါ်စေနိုင်၊
ကိလေသာငြိမ်းမှ 'ကံ' ငြိမ်းမည် ဖြစ်၏။
'ကံ' ငြိမ်းမှလည်း ဝိပါကဝဋ် ငြိမ်းမည် ဖြစ်၏။

http://www.dhammadownload.com



* ပဋိစ္စသမုပ္ပါဒ်၏ အဓိပ္ပာယ်မှာကား -
အကြောင်းနာမ်ရုပ်ကို စွဲ၍၊ အကျိုးနာမ်ရုပ် ဖြစ်၏။
အကျိုးနာမ်ရုပ်ကို စွဲ၍၊ အကြောင်းနာမ်ရုပ် ဖြစ်ပြန်၏။
**အကြောင်းအကျိုး ဆက်လက်၍ဖြစ်သော နာမ်ရုပ်ကိုပင် သတ္တဝါကောင် ဟု ထင်ရ၊ မြင်ရ၊ ခေါ်ဝေါ်ကြရ၏။**

* စင်စစ် သတ္တဝါအကောင်အခဲ မရှိ။
ဖန်ဆင်းတတ်သော ထာဝရဘုရား စသည်၊ ပြဟ္မာ စသည်မရှိ၊
ငါ - တခြား၊ ပဋိစ္စသမုပ္ပါဒ် - တခြား၊ မနေစေနှင့်။
တစ်နည်းအားဖြင့် -

* ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်၊
ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်ဖြစ်၊
ဝိပါကဝဋ်ကို စွဲမှီ၍ ကိလေသဝဋ် ဖြစ်ပြန်သည်တွင်
အဖန်တလဲလဲ **ဝဋ်ဆင်းရဲသာ** ဖြစ်ပေရကား
**သတ္တဝါအကောင်အခဲ** မရှိဟု ဆိုရ၏။

## ပဋိစ္စသမုပ္ပါဒ် နည်းလေးပါး

(ညောင်လေးပင် တောရဆရာတော်ဘုရားကြီး)

| | |
|---|---|
| ၁။ ဧကတ္တနည်း | = **မျိုးစေ့မှ၊ အညှောက်၊ အပင် ဆက်၍ ဖြစ်သကဲ့သို့** အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဏ် စသည်ဖြင့် **တစ်ဆက်တည်း** ဖြစ်ခြင်း သည် ဧကတ္တ နည်း မည်၏။<br>- ဧကတ္တနည်းသိလျှင် "သေလျှင် ပြတ်ပြီ" ဟူသော **ဥစ္ဆေဒဒိဋ္ဌိကင်း၏။**<br>- အသိလွဲလျှင် "ဘယ်တော့မှ မပြတ်ဘူး" ဟူသော **သဿတဒိဋ္ဌိ** စွဲ၏။ |
| ၂။ နာနတ္တနည်း | = အဝိဇ္ဇာကား တခြား၊ သင်္ခါရကား တခြား။ ဤသို့ **တခြားစီ၊ တသဘောစီ** ဖြစ်ခြင်းသည် နာနတ္တ နည်း မည်၏။ |

http://www.dhammadownload.com



| | |
|---|---|
| | - နာနတ္တနည်းသိလျှင် သဿတဒိဋ္ဌိ ကင်း၏။<br>- အသိလွဲလျှင် မွေးသူတခြား၊ သေသူတခြား အပြတ်အပြတ်ဟု ဥစ္ဆေဒဒိဋ္ဌိ စွဲ၏။ |
| ၃။ အဗျာပါရနည်း | ။ သင်္ခါရကို ငါဖြစ်စေရမည်ဟုအဝိဇ္ဇာအား ကြောင့်ကြဗျာပါရ မရှိ။ ဝိညာဏ် စသည်ကို ငါ ဖြစ်စေရမည်ဟု သင်္ခါရစသည်အား ကြောင့်ကြဗျာပါရ မရှိ။ ဤသို့ပရမတ္ထသဘောတရားတို့အား ကြောင့်ကြဗျာပါရ မရှိခြင်း သည် အဗျာပါရနည်း မည်၏။<br>- အဗျာပါရနည်းသိလျှင် ပြုပြင်စီမံသူ မရှိ ဟု အတ္တဒိဋ္ဌိ ကင်း၏။<br>- အသိလွဲလျှင် အကြောင်းကို မယူသော အကြိယဒိဋ္ဌိ စွဲ၏။ |
| ၄။ ဧဝံဓမ္မတာနည်း | ။ ကြံမှ နို့ဓမ်း၊ သဲမှဆီ မဖြစ်ဘဲ နို့ရည်မှ နို့ဓမ်း၊ နှမ်းမှ ဆီသည် ဓမ္မတာအားဖြင့် ဖြစ်သကဲ့သို့၊ အဝိဇ္ဇာ စသည်မှ သင်္ခါရစသည် ဓမ္မတာအားဖြင့် ဖြစ်၏။ ဤသို့ ဓမ္မတာအားဖြင့် ဖြစ်ခြင်းသည် ဧဝံ ဓမ္မတာနည်း မည်၏။<br>- ဧဝံဓမ္မတာနည်းသိလျှင် သင့်သော အကြောင်းကြောင့် ဖြစ်သည်ဟု သိ၍ အ-ဟေတုကဒိဋ္ဌိနှင့် အ-ကြိယဒိဋ္ဌိ ကင်း၏။<br>- အသိလွဲလျှင် မသင့်သောအကြောင်းဖြင့် အဟေတုကဒိဋ္ဌိ စွဲ၏။ သူ့ဘာသာသူ အလိုလို အမြဲဖြစ်သည်ဟု နိယတိဝါဒသော်လည်း စွဲ၏။<br>ဤသို့ နည်းလေးပါးကို သိအပ်၏။ |

http://www.dhammadownload.com



# ပဋိစ္စသမုပ္ပါဒ်ဖြင့် ပယ်အပ်သော တရားများ

(မိုင်းခိုင်းဆရာတော်ဘုရားကြီး)

| | |
|---|---|
| ပဋိစ္စသမုပ္ပါဒ်၌ - | |
| ၁။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ | - ဖြင့် - ခပ်သိမ်းသော သတ္တဝါကို ပြဟ္မာပိဿနိုးစသည်က ဖန်ဆင်း၏ဟူသော မိစ္ဆာအမြင်ကို ပယ် တော်မူ၏။ |
| ၂။ သင်္ခါရပစ္စယာ ဝိညာဏံ | - ဖြင့် - အတ္တသည် ဘဝတစ်ပါးမှ တစ်ပါးသို့ ကူးပြောင်း၍ ဖြစ်၏ဟု ယူသော မိစ္ဆာအမြင်ကို ပယ်တော်မူ၏။ |
| ၃။ ဝိညာဏပစ္စယာ နာမရူပံ | - ဖြင့် - အတ္တဟုကြံဆအပ်သော ဝတ္ထု၏ အကွဲအပြားကိုပြသောအားဖြင့်တစ်လုံးတစ်ခဲတည်းဟု မှတ်ထင်ခြင်းကို ပယ်တော်မူ၏။ |
| ၄။ နာမရူပ ပစ္စယာ သဠာယတနံ | - ဖြင့် - အတ္တသည် မြင်၏၊ အတ္တသည် ကြား၏။ အတ္တသည် ဂန္ဓာရုံကိုသိ၏။ အတ္တသည် ရသာရုံကို လျက်၏။ အတ္တသည် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိ၏။ အတ္တသည် အာရုံကို သိ၏ ဟူသော မိစ္ဆာအမြင်ကို ပယ်တော်မူ၏။ |
| ၅။ သဠာယတန ပစ္စယာ ဖဿော အစရှိသည် | - ဖြင့် -အတ္တသည် တွေ့ထိ၏။ အတ္တသည် အာရုံ၏အရသာကို ခံစား၏။ အတ္တသည် တပ်နှစ်သက်၏။ အတ္တသည် ပြင်းစွာ စွဲလမ်းတတ်၏။ အတ္တသည် ဖြစ်၏။ အတ္တသည် အို၏၊ အတ္တသည် သေ၏ဟူသော မိစ္ဆာအမြင်ကို ပယ်ဖျက်မြစ်တားတော်မူ၏။ |

http://www.dhammadownload.com



# ပဋိစ္စသမုပ္ပါဒ် အင်္ဂါ (၁၂) ရပ်ကို မှတ်ရန် ဥပမာ

(ညောင်လေးပင်တောရဆရာတော်ဘုရားကြီး)

| | | |
|---|---|---|
| ၁။ အဝိဇ္ဇာ | = ကန်း | - သူကန်း မျက်မမြင်နှင့် တူ၏။ |
| ၂။ သင်္ခါရ | = ချော် | - သူကန်း ချွတ်ချော်သည်နှင့် တူ၏။ |
| ၃။ ဝိညာဏ် | = လဲကျ | - သူကန်း ချွတ်ချော်၍ လဲကျသည်နှင့် တူ၏။ |
| ၄။ နာမ်ရုပ် | = ဖူးကြွ | - သူကန်း ချွတ်ချော်၍ ဖူးရောင်သည်နှင့် တူ၏။ |
| ၅။ သဠာယတန | = ပြည် | - သူကန်း ချွတ်ချော် လဲကျ ဖူးရောင်၍ အနာ အဖု ပြည်ဥသည်နှင့် တူ၏။ |
| ၆။ ဖဿ | = ထိ | - သူကန်း -- အနာ အဖု ပြည်ဥ၍ ထိခိုက်သည်နှင့် တူ၏။ |
| ၇။ ဝေဒနာ | = နာ၏ | - သူကန်း -- အနာ အဖု ပြည်ဥ၍ ထိခိုက်၍ အနာနာသည်နှင့် တူ၏။ |
| ၈။ တဏှာ | = ကု | - သူကန်း -- ထိခိုက်၍ အနာနာ၍ ဆေးကုလိုသည်နှင့် တူ၏။ |
| ၉။ ဥပါဒါန် | = လွဲ | - သူကန်း -- အနာနာ၍၊ ဆေးကုလို၍၊ ဆေးအလွဲယူသည်နှင့် တူ၏။ |
| ၁၀။ ဘဝ | = လိမ်း | - သူကန်း -- ဆေးကုလို၍၊ ဆေးအလွဲယူ၍ ဆေးလိမ်းမှားသည်နှင့် တူ၏။ |
| ၁၁။ ဇာတိ | = တိုး | - သူကန်း -- ဆေးအယူလွဲ၍ ဆေးလိမ်းမှား၍ အနာတိုးသည်နှင့် တူ၏။ |
| ၁၂။ ဇရာ-မရဏ | = ကွဲ | - သူကန်း -- ဆေးလိမ်းမှား၍ အနာတိုး၍ ပြည်မှည့်ပြီး ပေါက်ကွဲသည်နှင့် တူ၏။ |

http://www.dhammadownload.com



## ဥပမာ အချုပ်ပြလင်္ကာ

၁။ ကန်း၊ ချော်၊ လဲကျ (၃)
၂။ ဖူးကြွ၊ ပြည်၊ ထိ (၃)
၃။ နာ၏၊ ကု၊ လွဲ (၃)
၄။ လိမ်း၊ တိုး၊ ကွဲ (၃)

## ပဋိစ္စသမုပ္ပါဒ် - ရဟာတ်ပမာ, သံသရာစက်, ဝဲဂယက် ဩဃလေးသွယ် ကူးဖို့ရှယ်

(နမ္မားဆရာတော်ကြီး အရှင်ဉာဏ)

ဩဃလေးပါးဆိုတာက ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ။ ဤလေးပါးကို ခေါ်တယ်။ "ဩဃ"သည် "လှိုင်းတံပိုး"လို့ အဓိပ္ပာယ်ရ၏။ အဲဒီ လှိုင်းတံပိုးကြီးဟာ ရေကူးတဲ့သူတွေကို ပုတ်လိုက်ပလားဆိုရင် အပုတ်ခံရတဲ့လူတွေ ဟာ ရေထဲမှာ မြုပ်ပြီး သေသူက သေ၊ လိုရာဆိပ်ကမ်းမရောက်အောင် မျောသူက မျောပြီး သွားကြရပေတယ်။

အဲဒီလိုပဲ သတ္တဝါတွေဟာလည်း ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗဆိုတဲ့ ငါးဝ အာရုံကာမဂုဏ်ကို ခုံမင်လေတော့ ၎င်းအာရုံတွေကို ရအောင် သူတစ်ပါး အသက်ကို သတ်ဖြတ်ပြီး ရှာကြ။ သူတစ်ပါးဉစ္စာကို ခိုးပြီး ရှာကြ။ ကာမေသုကို ပြုပြီး ရှာကြ မုသား ပြောပြီး ရှာကြ။ သူရာမေရယကို သောက်စားပြီး ရှာကြလေတော့ ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တွေ ဖြစ်ပြီး သံသရာကြောမှာ မျောကြရတယ်။ အဲဒါဟာ ကာမောဃ **လှိုင်းပုတ်လို့ မြုပ်ရ မျောရတာ ဖြစ်တယ်။**

ဘဝေါဃ လှိုင်းပုတ်လို့ မြုပ်ရ မျောရပုံကတော့ သတ္တဝါတွေရဲ့ သန္တာန်မှာ ဘဝတဏှာက ရှိလေတော့ အဲဒီ ဘဝတဏှာဖြင့် သူဌေး၊ သူကြွယ်၊ ရှင်ဘုရင်၊ စကြာ မင်းအဖြစ်ကို တမ်းတပြီး ဒါန သီလတွေကို ပြုလုပ်၍ ဆုတောင်းကြတယ်။ တောင်းတဲ့ အတိုင်းပဲ သူဌေး၊ သူကြွယ်၊ ဘုရင်၊ စကြာမင်းဘဝကို ရကြတယ်။ ဘဝကို ရတယ် ဆိုရင်ပဲ ဇာတိဘေးနဲ့ တွေ့တော့တာပဲ။ ဇာတိရရင် ဇရာ၊ ဗျာဓိ၊ မရဏဆိုတဲ့ ဘေးတွေ နဲ့ ကြုံတော့တာပဲ။ ဇရာ၊ ဗျာဓိ၊ မရဏကြုံရင် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဆိုတဲ့ မီးတွေ လောင်ပြီး ဒုက္ခပင်လယ်ကြောမှာ မျောရတော့တာပဲ။ အဲဒါ **ဘဝေါဃလှိုင်းပုတ်လို့ မြုပ်ရ မျောရတာပဲ ဖြစ်တယ်။**

http://www.dhammadownload.com



ဒိဋ္ဌောဃ လှိုင်းပုတ်လို့ မြုပ်ရ မျောရပုံကတော့ ဒိဋ္ဌိဆိုတာ မှားယွင်းသော အယူ အဆကို ခေါ်တယ်။ အမှားကို အမှန်ထင်ပြီး ကာယကံမှုကို ပြုလိုက်၊ ဝစီကံမှုကို ပြောလိုက်၊ မနောကံမှုကို ကြံလိုက်နှင့် ကံသုံးပါးကို ပြုကြတယ်။ အဲဒီလိုပြုတော့ ရောက်ချင်တဲ့ နိဗ္ဗာန်ကို မရောက်ရဘဲ မရောက်ချင်တဲ့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးပါးမှာသာ မျောပြီး နေရတော့တာပဲ။ အဲဒါ ဒိဋ္ဌောဃလှိုင်း ပုတ်လို့ မြုပ်ရ မျောရတာ ဖြစ်တယ်။

အဝိဇ္ဇောဃလှိုင်းပုတ်လို့မြုပ်ရ မျောရတာကတော့ သတ္တဝါတို့၏ သန္တာန်မှာ အဝိဇ္ဇာဆိုတဲ့ မောဟတရားဟာ အနုသယအားဖြင့် အစဉ်ကိန်းပြီး နေလေတော့ သတ္တဝါ တွေဟာ ရံခါ ကုသိုလ်ပြုတယ်။ ရံခါ အကုသိုလ်ပြုတယ်။ အဲဒီ ကုသိုလ်နှင့် အကုသိုလ်တွေဟာ "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ" ဆိုတဲ့ ဒေသနာအရ သင်္ခါရ ဖြစ်ကုန်တာပဲ။ ဥပမာပေးရရင် မျိုးစေ့ ကို မြေကြီးထဲ မြုပ်ပြီးထားတော့ မြေငွေ့ကြောင့် အပင်ပေါက်ဖို့ရာ အစေ့ပွလာ သလိုပင်။

အဝိဇ္ဇာက မြေကြီးနဲ့ တူတယ်။

ကုသိုလ်၊ အကုသိုလ်က မျိုးစေ့နဲ့တူတယ်။

မြေငွေ့ကြောင့် ပွလာတာက အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တာနဲ့ တူတယ်။

ကုသိုလ်မျိုးစေ့ အကုသိုလ်မျိုးစေ့တို့ဟာ သင်္ခါရ ဖြစ်တယ်ဆိုရင် ပဋိသန္ဓေဝိညာဏ်ဆိုတဲ့ ဘဝအညှောက်ပေါက် လာတော့တာပဲ။

- ဘဝအညှောက်ပေါက်ရင် နာမ်ရုပ်ဆိုတဲ့ နဘက် ပေါ်လာတော့တာပဲ။
- နာမ်ရုပ် နဘက်ပေါ်လာရင် သဠာယတနဆိုတဲ့ အကိုင်းအခက် ဖြစ်လာတာပါပဲ။
- သဠာယတန အကိုင်းအခက်ထွက်လာရင် ဖဿဆိုတဲ့ အဖူးကလေး တွေ ဖူးလာတော့တာပဲ။
- ဖဿ အဖူးဖူးရင် ဝေဒနာဆိုတဲ့ အပွင့်ကလေးတွေ ပွင့်လာတာပဲ။
- ဝေဒနာအပွင့်ပွင့်ရင် တဏှာဆိုတဲ့ သီးကင်းကလေးတွေ တင်းလာ တော့တာပဲ။
- တဏှာသီးကင်း ကင်းရင် ဥပါဒါန်ဆိုတဲ့ သီးရင့် ဖြစ်လာတာပဲ။
- ဥပါဒါန်သီးရင့်ဖြစ်လာရင် ကမ္မဘဝဆိုတဲ့ အစေ့ထည့်လာ တော့ တာပဲ။

http://www.dhammadownload.com



- ကမ္မဘဝ အစေ့ထည့်ပြီးရင် ဇာတိဆိုတဲ့ ဘဝအညှောက် ပေါက်ပြန်တာပါပဲ။

အဲဒီလို သံသရာ စက်ရဟတ်ကြီးဟာ မရပ်၊ မနား လည်ပတ်ပြီး နေခြင်းသည် **အဝိဇ္ဇာဃ လှိုင်းပုတ်လို့ မြုပ်ရ မျောရတာ ဖြစ်တယ်။**

သတ္တဝါတွေဟာ အဲဒီလို ဩဃလေးဖြာ သံသရာထဲမှာ မျောပြီးနေကြရတော့ အဲဒီ ဩဃလေးပါးမှ ကူးမြောက်နိုင်ဖို့ရာ အင်မတန်ခက်ခဲပါတယ်။

အဲဒီ **"ဩဃလေးဖြာ သံသရာကြီးမှ ဘယ်ပုံဘယ်နည်းဖြင့် ကူးမြောက်ခဲ့ပါသလဲ"** လို့ နတ်သားတစ်ယောက်၏ မေးလျှောက်ချက်ကို မြတ်စွာဘုရားက **"ငါဘုရားသည် ရပ်၍လည်းမနေ၊ အားလည်း မထုတ်ပါဘဲနဲ့ ဩဃလေးဖြာသံသရာမှ ကူးမြောက်ခဲ့တာပဲ"** လို့ ဖြေကြားတော်မူခဲ့တယ်။ နတ်သားက "ဘာကြောင့် ရပ်၍လည်း မနေ၊ အားလည်း မထုတ်ပါသလဲ" လို့ ထပ်မေးလို့ မြတ်စွာဘုရားက **"ရပ်၍နေလျှင် မြုပ်တယ်၊ အားထုတ်လျှင် မျောတယ်။** ဒါကြောင့် ရပ်၍လည်းမနေ၊ အားလည်း မထုတ်ဘဲ ကူးခဲ့တာပဲ" လို့ ဖြေတော်မူခဲ့တယ်။

ရပ်လည်းမနေ၊ အားလည်းမထုတ်ဘဲ ကူးခဲ့ပုံကတော့ မြတ်စွာဘုရားဟာ နေ မဝင်မီ မာရ်နတ်နှင့် မာရ်နတ်သမီးတွေကို အောင်မြင်တော်မူခဲ့တယ်။ နေဝင်ပြီး ညဦးယာမ်မှာ ပုဗ္ဗေနိဝါသဉာဏ်ကို ရတော်မူတယ်။ ၎င်းဉာဏ်ဖြင့် မိမိဖြစ်ခဲ့တဲ့ ဘဝဟောင်း တွေကို ဆင်ခြင်၍ သိမြင်တော်မူတယ်။ သန်းခေါင်ယံကျတော့ ဒိဗ္ဗစက္ခုအဘိညာဉ် ကို ရတော်မူတယ်။ ၎င်းအဘိညာဉ်ဖြင့် ဘယ်ဘဝက ဆင်ဖြစ်ရတာ၊ ဘယ်ကံကြောင့်ပါလိမ့်မလဲ။ ဘယ်ဘဝက သိကြားမင်းဖြစ်ရတာ ဘယ်ကံကြောင့်ပါလိမ့်မလဲလို့ ဆင်ခြင်တော့ ဘဝရဲ့အကြောင်းရင်း 'ကံ' တွေကို မြင်လာတယ်။ အဲဒီဉာဏ်ကို ယထာကမ္မူပဂအဘိညာဉ်လို့လည်း ခေါ်တယ်။

အဲဒီလို 'ကံ'တည်းဟူသော "အကြောင်း"နှင့် 'ဘဝ'တည်းဟူသော "အကျိုး" ကို မြင်လာတော့ -

"သြော်၊ သတ္တဝါတို့၏ ရုပ်နာမ်တွေဟာ တစ်ဘဝမှ တစ်ဘဝသို့ မပြောင်းရွှေ့ပါကလား။ အတိတ်ဘဝက ရုပ်နာမ်ဟာ အတိတ်ဘဝမှာပင် ချုပ်ခဲ့တယ်"လို့မြင်တယ်။ အဲဒါ **'စုတိ'** ကို မြင်တာ။ အတိတ်ဘဝက ရုပ်နာမ်ဟာ ပစ္စုပ္ပန်ဘဝသို့ မလာပေမယ့် အတိတ်ကံကြမ္မာ ထောက်ပံ့ခြင်းကြောင့် အမိဝမ်းခေါင်းထဲမှာ ပဋိသန္ဓေစိတ်နှင့် ကလလရေကြည်ကို အစတည်ပြီး ပစ္စုပ္ပန်ရုပ်နာမ်ခန္ဓာ ဖြစ်ရတာပဲလို့ မြင်တယ်။ အဲဒါ

http://www.dhammadownload.com



"ပဋိသန္ဓေ"ကို မြင်တာ။ အဲဒီစုတိနှင့် ပဋိသန္ဓေကိုမြင်တဲ့ဉာဏ်ကို "စုတူပပါတဉာဏ်" လို့ ခေါ်တယ်။ အဲဒီဉာဏ်ကိုရရင် တစ်ဘဝမှ တစ်ဘဝသို့ ကူးသန်းတယ်လို့ ယူဆတဲ့ "သဿတဒိဋ္ဌိ"။ သေရင် ပြတ်တယ်လို့ ယူဆတဲ့ "ဥစ္ဆေဒဒိဋ္ဌိ"(၂) ပါး ကင်းတော့တာပဲ။ အဲဒီ (၂) ပါး ကင်းရင် ကာမသုခလ္လိကနုယောဂအကျင့်နှင့် အတ္တကိလမထနုယောဂ အကျင့် (၂) ပါးလည်း ကင်းတော့တာပဲ။

ကာမသုခလ္လိက နုယောဂ အကျင့်ကင်းတာကိုပင် "ရပ်၍လည်း မနေ" မည်တယ်။ အတ္တကိလမထနုယောဂအကျင့်ကင်းတာကိုပင် "အားလည်း မထုတ်" မည်တယ်။

ဘာကြောင့်လဲဆိုတော့ ကာမသုခလ္လိကနုယောဂအကျင့်ကို ရပ်သောအကျင့် လို့ ခေါ်တယ်။ သူက ကာမချမ်းသာကို အမြတ်ဆုံး ထင်ပြီး ဘယ်ကုသိုလ်ကိုမှ မလုပ်ဘဲ ရပ်ထားပြီး ကာမဂုဏ်ကိုသာ မှီဝဲနေတာမို့ ရပ်သောအကျင့် ဖြစ်တယ်။

အတ္တကိလမထနုယောဂ အကျင့်ကို အားထုတ်သော အကျင့်လို့ ခေါ်တယ်။ သူက ခန္ဓာကိုယ်ပင်ပန်းမှ ကိလေသာသေမယ်လို့ ယူဆပြီး ရေစိမ်၍ ညှဉ်းပန်းတယ်၊ မီးကင်၍ ညှဉ်းပန်းတယ်၊ အဝတ်နဲ့ ညှဉ်းပန်းတယ်၊ အစားနဲ့ ညှဉ်းပန်းတယ်။ ဒါကြောင့် အားထုတ်သော အကျင့်ဖြစ်တယ်။ အဲဒီအကျင့်နှစ်ပါးဟာ သဿတ၊ ဥစ္ဆေဒ ကင်းလျှင် ထိုအကျင့်ယုတ် (၂) ပါးလည်း ကင်းတော့တာပဲ။

အဲဒီလို "စုတူပပါတဉာဏ်" ကိုရလျှင် မြတ်စွာဘုရား၏ ဉာဏ်ဟာ ဝိပဿနာနယ်ထဲသို့ ရောက်လာပါတော့တယ်။ လင်းခါနီးအခါကျတော့ "အာသဝက္ခယဉာဏ်" ပေါ်လာတယ်။ ဘယ်လိုပေါ်လာသလဲဆိုတော့ -

"သြော်၊ သတ္တဝါတို့၏ ပစ္စုပ္ပန်ဘဝမှာရှိတဲ့ သင်္ခါရ တရားများသည် အတိတ်ဘဝမှ လာသည်မဟုတ်၊ အတိတ်ကံကြမ္မာထောက်ပံ့ခြင်းကြောင့် ပစ္စုပ္ပန်ဘဝမှာ ပဋိသန္ဓေစိတ်နှင့် ကလလရေကြည်ကို အစတည်ပြီး ဖြစ်လာတာ။ ထို့ကြောင့် ဇာတိရှိတယ်။ ဇာတိရှိလျှင် ဇရာ-မရဏ့်အောင် မအိုအောင် တားလို့မရ။ ရင့်ရ၊ အိုရပေလိမ့်မယ်။ ရင့်ရော်အိုမင်းလျှင် ဗျာဓိ - နာရပေလိမ့်မယ်။ နာပြီးလျှင် မရဏ - သေရပေလိမ့်မယ်။ ရှောင်မရ၊ တိမ်းမရဘူး။ သေတယ်ဆိုလျှင် "ပိယေဟိ ဝိပ္ပယောဂ" ချစ်သူနဲ့ ကွဲရပေလိမ့်မယ်။ မသေခင်လည်း မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ကာယ၊ စိတ်က ပါလာလေတော့။ မမြင်ချင်တာကို မြင်ရ၊ မကြားချင်တာကို ကြားရ၊ မနံချင်တာကို နံရ၊ မစားချင်တာကို စားရ၊ မတွေ့ချင်တာကို တွေ့ရ။ မတွေးချင်တာကို တွေးရပေလိမ့်မယ်။ ဒါတွေဟာ "အပ္ပိယေဟိ သမ္ပယောဂဒုက္ခ" ဖြစ်တယ်။

http://www.dhammadownload.com



မအိုပါနဲ့၊ မနာပါနဲ့၊ မသေပါနဲ့၊ ချစ်သူနဲ့ မကွဲပါရစေနဲ့လို့ တမ်းတသော်လည်း မရ။ အိုချိန်ကျလျှင် အိုရမယ်။ နာချိန်ကျလျှင် နာရမယ်။ သေချိန်ကျလျှင် သေရမယ်။ ကွဲချိန်ကျလျှင် ကွဲရမယ်။ ဒါတွေဟာ **"ယမ္ပိစ္ဆံ နလဘတိ တမ္ပိ ဒုက္ခံ"** ဖြစ်တယ်။

အဲဒီ ဒုက္ခတွေနဲ့ ဘယ်သင်္ခါရတရားမှ ကင်း၍ မဖြစ်ပါ။ လောကကြီးကလည်း သင်္ခါရလောကကြီးသာ ဖြစ်ရကား -

- **လောကကြီးသည် မီးလောင်နေသော ရွာကြီးနဲ့ တူတယ်။** ဇာတိမီး၊ ဇရာမီး၊ ဗျာဓိမီး၊ မရဏမီး၊ သောကမီး၊ ပရိဒေဝမီး၊ ဒုက္ခမီး၊ ဒေါမနဿ မီး၊ ဥပါယာသ မီးတွေ လောင်နေတာ။
- **သတ္တဝါကောင်တွေဟာ မီးလောင်နေတဲ့ အိမ်တွေနဲ့ တူတယ်လို့** မိမိခန္ဓာနှင့်တကွ ဘုံသုံးဆယ့်တစ်ကို အလွန်ကြောက်တဲ့ စိတ်တွေ ဖြစ်လာတယ်။ **ဒါဟာ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိတာပဲ။**

ကြောက်စရာသဘောဟာ ဒုက္ခသစ္စာ။ အဲဒီသဘောကို မြင်တာဟာ ဒုက္ခသစ္စာကို မြင်တာပဲ။ ကြောက်စိတ်ဟာ သံဝေဂဉာဏ် ဖြစ်တယ်။ အဲဒီလို **ကြောက်စိတ် သံဝေဂဉာဏ် ဖြစ်လာတော့ -**

- မိမိခန္ဓာကို တွယ်တာနေတဲ့ သမုဒယသစ္စာဟာ ပြတ်သွားတော့တာပဲ။
- ပြတ်သွားလျှင် ပြတ်ရာဖြစ်တဲ့ နိရောဓသစ္စာကို မျက်မှောက်ပြု ရတော့တာပဲ။
- နိရောဓသစ္စာကို မျက်မှောက်ပြုရလျှင် စိတ်တွေဟာလည်း အေးမြ၊ ကြည်လင်၊ ရွှင်လန်းပြီး လာတော့တာပဲ။ အဲဒီ အေးမြကြည်လင်တဲ့ စိတ်ဟာ မဂ်စိတ် ဖိုလ်စိတ်တွေပဲ။ မဂ်စိတ်ကိုတော့ မဂ္ဂသစ္စာလို့ ခေါ်တယ်။

အဲဒီလို **သစ္စာလေးပါးကို သိလိုက်တော့** သစ္စာလေးပါးကို ဖုံးထားတဲ့ **အဝိဇ္ဇာသဝ သေသွားတယ်။**

- အဝိဇ္ဇာသဝသေလျှင် ၎င်းအဝိဇ္ဇာကို မှီပြီးဖြစ်ရတဲ့ **ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ ကာမာသဝတွေလည်း တစ်ခါတည်း သေတော့တာပါပဲ။** အဲဒီလို အာသဝ လေးပါးသေအောင်သိတဲ့ ဉာဏ်ကို **"အာသဝက္ခယဉာဏ်"** လို့ ခေါ်တယ်။

ယခု ဟောခဲ့ပြီးတာက မြတ်စွာဘုရားသည် ဩဃလေးဖြာ သံသရာကြီးကို ရပ် လည်းမရပ်၊ အားလည်းမထုတ်ဘဲ ကူးပုံဖြစ်တဲ့ **"ဩဃတရဏသုတ်"** ဖြစ်တယ်။

http://www.dhammadownload.com



မြတ်စွာဘုရားကူးပုံဟာ ရှေးဦးစွာ သဿတ၊ ဥစ္ဆေဒနှစ်ပါး ကင်းအောင် လုပ်ပြီးမှ လက္ခဏာယာဉ်သုံးပါးကို စီးပြီး ကူးတာဖြစ်တယ်။ ဒီတော့ ရှေးဦးစွာ သဿတ၊ ဥစ္ဆေဒနှစ်ပါးကင်းအောင် ဟောပြောပြီးမှ လက္ခဏာယာဉ်သုံးပါးကို ပြရပေလိမ့်မယ်။

မျက်စိနဲ့ ရူပါရုံ မတိုက်ဆိုင်မီက မျက်စိထဲမှာ မြင်စိတ် မရှိသေးပါ။ မျက်စိနဲ့ ရူပါရုံ တိုက်ဆိုင်တော့မှ "မြင်စိတ်" ဖြစ်လာတာပါ။ မူလက မရှိ၊ မျက်စိနဲ့ ရူပါရုံ တိုက်ဆိုင်တော့မှ ဖြစ်လာတာဆိုတော့ ဒီမြင်စိတ်ဟာ **အတိတ်ဘဝက လာတာလို့ မဆိုနိုင်ပါ။** မျက်စိကို မှိတ်လိုက်သော်လည်းကောင်း၊ ရူပါရုံကို ကွယ်ထားလိုက်သော်လည်းကောင်း တစ်ခုခု ချွတ်ယွင်းသွားရင် မြင်စိတ်ဟာလည်း ချုပ်သွားရတာသာဖြစ်လို့ **အနာဂတ် ဘဝသို့ ထွက်သွားတယ်လို့ မဆိုနိုင်ပါ။ ဒီနေရာမှာ ဖြစ်ပြီး ဒီနေရာမှာ** ချုပ်သွားတာပါ။ အာရုံဒွါရ ထောက်ပံ့ဆဲ **ပစ္စုပ္ပန်ခဏတွင်သာ ရှိတယ်ဆိုတာ** ထင်ရှားပါတယ်။ ဤနည်းတူ ကြွင်း၊ နားနှင့်အသံ၊ နှာခေါင်းနှင့် အနံ့ စသည့်ကိစ္စများကိုလည်း သိပါလေ။

အာရုံခြောက်ပါးကို သိတတ်သော **ခြောက်ပါးသော ဝိညာဏ်ကလွဲပြီး** ခန္ဓာကိုယ်မှာ **အသက်၊ လိပ်ပြာ၊ အတ္တ၊ ဇီဝမရှိ။** ထိုခြောက်ပါးသော ဝိညာဏ်ကိုပင် 'ငါ' ဟု အတ္တ စွဲနေကြတာပါ။

**အတ္တစွဲကွာအောင် စိစစ်ဖို့ကတော့ -**

မျက်စိနဲ့ရူပါရုံမပေါင်းဆုံဘဲ မြင်စိတ်မဖြစ်နိုင်။ ပေါင်းဆုံမှသာ မြင်စိတ်ဖြစ်နိုင်တာမို့ ငါမြင်တယ်လို့ ဆိုရန်မသင့်ပါ။ **ပုထုဇဉ်က "ငါက မြင်တယ်"လို့ ထင်တယ်။ အရိယာက မြင်စိတ်ဖြစ်တာလို့ သိတယ်။** အဲဒီလို ပုထုဇဉ်နဲ့ အရိယာဟာ အသိ **ပြောင်းပြန် ဖြစ်နေကြတယ်။** ဒါကြောင့် ပုထုဇဉ်နှင့် ပြောင်းပြန်သိမှ အရိယာဖြစ်တယ်လို့ ဆိုရပေ လိမ့်မယ်။

အာရုံနဲ့ဒွါရ **ပေါင်းဆုံမှသာ** အသိစိတ် **ဖြစ်နိုင်**လေတော့ ထိုခြောက်ပါးသော **ဝိညာဏ်ကို ငါလို့ မဆိုနိုင်ပါ။** ဒါက ခြောက်ပါးသော ဝိညာဏ်မှာစွဲတဲ့ သက္ကာယဒိဋ္ဌိကို ခွာတာပါ။

**ဝိစိကိစ္ဆာကို ခွာဖို့ကတော့** - ထိုခြောက်ပါးသော ဝိညာဏ်ဟာ **အတိတ်ဘဝက လာတာ မဟုတ်။ "အာရုံ ဒွါရ ထိခိုက်မှ ဖြစ်တယ်"** ဆိုတော့ ငါသည် ရှေးတုန်းက ဖြစ်ခဲ့ဖူးလေသလော၊ မဖြစ်ခဲ့ဖူးလော။ ဖြစ်ခဲ့ရင် ဘယ်လို ဇာတ်ပါလိမ့်။ ဘယ်လိုအခြင်းအရာပါလိမ့်။ ဘယ်လို သဏ္ဌာန်ပါလိမ့်ဟု ယုံမှားစရာ မလိုတော့ပါ။

http://www.dhammadownload.com



ထိုခြောက်ပါးသော ဝိညာဏ်ဟာ **"အာရုံဒွါရ တစ်ခုခု ချွတ်ယွင်းသွားရင် ချုပ်" တယ်။ အနာဂတ်ဘဝသို့ မသွားဘူးဆိုတော့** ငါသည် အနာဂတ်ဘဝသို့ သွားရဦးမှာလား။ မသွားတော့ဘူးလား။ သွားရင် ဘယ်လိုဇာတ်ပါလိမ့်။ ဘယ်လိုအခြင်းအရာပါ လိမ့်။ ဘယ်လို သဏ္ဌာန်ပါလိမ့်ဟု ယုံမှားစရာ မလိုတော့ပါ။

အာရုံခြောက်ပါးကို **ငါက သိတာမဟုတ်။ "အာရုံဒွါရ ထိခိုက်ကြလို့ သိမှုဖြစ်တာ"** ဆိုတော့ ယခုသိတာဟာ ငါလား၊ ငါမဟုတ်ဘူးလား။ ငါဆိုရင် ဘယ်လို ဇာတ်ပါလိမ့်၊ ဘယ်လို အခြင်းအရာပါလိမ့်၊ ဘယ်လို သဏ္ဌာန်ပါလိမ့်၊ ဘယ်ကလာ၍ ဘယ်ကို သွား မှာပါလိမ့်ဟု ယုံမှားစရာလည်း မလိုတော့ပါ။ ဒါက **ကင်္ခါ ယုံမှား ဆယ့်ခြောက်ပါးကို ခွာတာ** ဖြစ်တယ်။

ထိုဝိညာဏ် ခြောက်ပါးဟာ -

- "အတိတ်ဘဝက လာတာလဲ မဟုတ်။"
- "အနာဂတ်ဘဝကိုလည်း မသွား။"
- "ဒီနေရာမှာ ဖြစ်၍ ဒီနေရာမှာ ချုပ်တယ်" လို့ သိလေတော့
- အတိတ်ဘဝမှ ပစ္စုပ္ပန်ဘဝသို့ လာပြီး အနာဂတ်ဘဝသို့ သွားတယ်လို့ ထင်နေတဲ့ **သဿတဒိဋ္ဌိ** သေတယ်။

"အကြောင်းထောက်ပံ့မှ ဖြစ်တာ" ကို သိလေတော့ -

- သေရင် မြေကြီးသာ ဖြစ်တယ်။ ဘဝဟာ ပြတ်တယ်လို့ထင်နေတဲ့ ဥစ္ဆေဒ ဒိဋ္ဌိသေတယ်။ အဲဒီလို သဿတ၊ ဥစ္ဆေဒဆိုတဲ့ ဒိဋ္ဌိ နှစ်ပါးကင်းလေတော့-

ဩော်၊ သင်္ခါရတရားတို့သည် "အကြောင်းထောက်ပံ့ဆဲ ပစ္စုပ္ပန်ခဏမှာသာ ရှိတာပါလား။" **"ထာဝရရှိ မဟုတ်ပါကလား"** လို့ သိလေတော့ **အနိစ္စ** မြင်တယ်။

အကြောင်းထောက်ပံ့လျှင် ဖြစ်ပြီး **အကြောင်းချုပ်ရင် ချုပ်တာကို** သိလေတော့ **ဖြစ်ပြီးလျှင် ပျက်စီးတတ်သော** ဝိပရိဏာမ ဒုက္ခသစ္စာတရားပါကလားလို့ ဒုက္ခကို မြင်တယ်။ ဖြစ်ပြီးလျှင် ပျက်စီးတတ်၍ **ကြောက်စရာကောင်းတာကို** မြင်မှ **ဒုက္ခသစ္စာကို** မြင်ရာကျတယ်။ မခံသာတာက ဒုက္ခဝေဒနာသာ ဖြစ်တယ်။

သင်္ခါရတရားတို့သည် အကြောင်းမထောက်ပံ့ဘဲ မဖြစ်နိုင်။ ထောက်ပံ့လို့ ဖြစ် လာပြန်သော်လည်း **"အကြောင်းချုပ်လျှင် ချုပ်ရတော့သည့် အတွက် အစိုးရသူ မရှိပါလား"** လို့ မြင်တာက **အနတ္တကို** မြင်တာ။

အဲဒီလို **လက္ခဏာသုံးပါး**ကို မြင်တော့မှ **သံဝေဂဉာဏ် ပေါ်**တယ်။ ပေါ်လျှင် ငါ၊ ငါ့ဟာလို့ စွဲနေတဲ့ **သမုဒယသစ္စာ** ပြတ်သွားတယ်။ ပြတ်လျှင် ပြတ်ရာ

http://www.dhammadownload.com



နိရောဓသစ္စာကို မျက်မှောက်ပြုရတော့တယ်။ မျက်မှောက်ပြုတဲ့ ဉာဏ်သည် မဂ္ဂသစ္စာ ဖြစ်တယ်။ သစ္စာလေးပါး စုံပါပြီ။ စုံမှသာ ဘုရားတရားတော် ဖြစ်သောကြောင့် သစ္စာလေးပါးကို သိ၍ ဩဃလေးဖြာ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်ကြကုန်ရာသတည်း။

## သံသရာစက်ဝန်း၊ ရထားဘီးဉပမာ ဖြိုဖျက်ရာ

(ညောင်လေးပင်တောရဆရာတော်ဘုရားကြီး)

**သံသရာစက်ဝန်းဆိုတာ**

- အဝိဇ္ဇာ၊ ဘဝတဏှာဟူသော - ပုံတောင်း ချက်မ။
- ပုညာဘိသင်္ခါရ စသော - အကန့်။
- ဇရာ - မရဏ ဟူသော - အကွပ်။

**(တစ်နည်း)**

- အဝိဇ္ဇာ - ပုံတောင်း
- ဇရာ - မရဏ - အကွပ်
- အကြွင်းဆယ်ပါး - အကန့် ရှိသော ရထားဘီး။
- အာသဝသမုဒယ - ဝင်ရိုးဖြင့် စွပ်၍
- ဘဝသုံးပါး - ရထားမှာ တပ်ဆင်ပြီး
- အစမရှိသော ကာလသုံးပါးလည်သည့် သံသရာစက်ကြီးပင်။

မြတ်စွာဘုရားသည် ဗောဓိမဏ္ဍိုင်၌ -

- ဝီရိယ - ခြေတော်စုံဖြင့်
- သီလ - မြေ၌ရပ်၍
- သဒ္ဓါ - လက်ဖြင့်
- ကံကုန်အောင်ပြုသော အရဟတ္တမဂ်ဉာဏ်-ပုဆိန်ကို ကိုင်စွဲ၍
- သံသရာစက်၏ အကန့်တို့ကို ဖျက်ဆီးတော်မူပေသည်။

(ဝါ) အကြောင်း အဆက်ဆက်ကိုသိသော ဓမ္မဋ္ဌိတိဉာဏ်တော်ဖြင့် ငြီးငွေ့၍ အကန့်တို့ကို ဖျက်ဆီးပေသည်။

http://www.dhammadownload.com



# ပဋိစ္စသမုပ္ပါဒ် လှည်းဘီးဝင်ရိုး ချိုးသည့်ပမာ

(မိုးကုတ်ဆရာတော်ဘုရားကြီး)

ပဋိစ္စသမုပ္ပါဒ်ဆိုတာ ခန္ဓာဖြစ်ကြောင်းလို့ မှတ်ပါ။ ဒုက္ခတွေ ဆက်သွားတာကို ပြတာပါပဲ။ ခန္ဓာဖြစ်စဉ်တန်းတော့ ဒုက္ခတွေ ဆက်တန်းသွားတာ။ ဒုက္ခသစ္စာတန်းတာကို ဆိုပါတယ်။

ပဋိစ္စသမုပ္ပါဒ်ကြီး ချုပ်သွားတာသည် ဒုက္ခတွေ အကုန်ရပ်စဲပြီး ချုပ်ငြိမ်းရပ်သိမ်းတာပါလားလို့ မှတ်ပါ။ ဒါကြောင့် -

- ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်သည် - ဒုက္ခဖြစ်စဉ်၊
- ပဋိစ္စသမုပ္ပါဒ် ချုပ်စဉ်သည် -နိရောဓသစ္စာဆိုတဲ့"နိဗ္ဗာန်"ပဲလို့ မှတ်။

ဘုရားဖြစ်တာသည်လည်း ပဋိစ္စသမုပ္ပါဒ်ချုပ်လို့ ဘုရားဖြစ်တာလို့မှတ်။

သံသရာဘယ်လောက်ရှည်သလဲဆိုရင် သံသရာ အစရှာမရပါ။ အဝိဇ္ဇာ-တဏှာ ကြောင့် အသေပေါင်းထပ်နေပါပြီ။

**"အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော ပုဗ္ဗာကောဋိ န-ပညာယတိ၊ အဝိဇ္ဇာ နီဝရဏာနံ သတ္တာနံ တဏှာ သံယောဇနာနံ သန္ဓာဝိတံ သံသရိတံ"**

**အယံသံသရော** - သတ္တဝါတို့၏ ခန္ဓာစဉ်ကြီးသည်၊ **အနမတဂ္ဂေါ** - မသိအပ်သော အစရှိ၏။ **ပုဗ္ဗာကောဋိ** - ရှေ့အစွန်းသည်၊ **န ပညာယတိ** - သဗ္ဗညုတဉာဏ်ဖြင့် တွေးငြားသော်လည်း မထင်တဲ့။

ဘယ်ဘဝ ဘယ်လိုဖြစ်ပြီး ဘယ်လိုသေခဲ့တာကို နောက်ဆုတ် နောက်ဆုတ်နဲ့ တွေးလို့ရှိရင် အစမထင်ဘူးတဲ့။ ဒါ ဘုရားဖြစ်တဲ့ နေ့က ဟောခဲ့တာ။ ခန္ဓာအစဉ်ဆိုတဲ့ သံသရာ ဘယ်လောက်ရှည်တာ ပြောစရာမလိုတော့ပါ။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက -

- **ခန္ဓာကတော့ အစရှာမတွေ့ပါ။**
- **ခန္ဓာလက်သည် မူလဘူတကိုတော့ တွေ့ပါသတဲ့။**

ခန္ဓာလက်သည် မူလဘူတကို တွေ့က အိုး၊ နာ၊ သေ၊ ဇာတ်သိမ်းရမှာ မလွဲပါ။

- **ခန္ဓာ၏အစ အဝိဇ္ဇာ - တဏှာလို့မှတ်၊**
- သတ္တဝါအစ အဝိဇ္ဇာ - တဏှာလို့သာ မှတ်ပါ။

အဝိဇ္ဇာဆိုတာ **သစ္စာလေးပါးကို မသိတာ "အဝိဇ္ဇာ"**။

တဏှာဆိုတာ **ရောက်ရာခင်တာ "တဏှာ"**။

http://www.dhammadownload.com



ဒါကြောင့် မသိလို့ ဖြစ်လာပြန်။ ဖြစ်တဲ့နေရာ ရောက်ရာမှာ ကိုယ့်ခန္ဓာ ခင်၊ ကိုယ့်သားသမီး ခင်ပြီး နေပြန်တော့ 'တဏှာပစ္စယာ ဥပါဒါန်' ဆက်သွားပြန်လို့ မဆုံးနိုင်တော့ပါ။ ဒုက္ခရေသောက်မြစ်နှစ်ခုဟာဖြင့် ပဋိစ္စသမုပ္ပါဒ်အလည်မှာ **အဝိဇ္ဇာ** နဲ့ **တဏှာ**ပဲလို့ မှတ်ပါ။

- အတိတ်အကြောင်းကြောင့် ပစ္စုပ္ပန် အကျိုးခန္ဓာဖြစ်၊
- ပစ္စုပ္ပန်အကျိုးထဲမှ ပစ္စုပ္ပန်အကြောင်း ပေါ်ထွက်လာ၊
- ပစ္စုပ္ပန်အကြောင်းကြောင့် အနာဂတ်အကျိုး ခန္ဓာဖြစ်၊

အဲဒီလို **အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်** မရပ်မနားတမ်းလှည့်၍ **အဝိုင်းပြေးသက်သက် ဖြစ်နေခြင်းဟာ အဝိဇ္ဇာနဲ့ တဏှာ၏** လက်ချက်လို့မှတ်ပါ။

မသိတဲ့ **အဝိဇ္ဇာ**ကြောင့် ပြုချင်သလိုပြုတဲ့ **သင်္ခါရ**ကုသိုလ်၊ အကုသိုလ်တွေ လုပ်ကြတယ်။ အဲဒီအထဲမှာ **တဏှာ၊ ဥပါဒါန်၊ ကံ**တွေကလည်း တဏှာကလည်း ရောက်ရာ ခင်မင်လိုက်ပြန်တယ်။ ခင်ပြီး စွဲလမ်းပြန်တော့ ကံတွေကို အားထုတ်ပြန်တယ်။ အဲဒါ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကံဆိုတဲ့ **အတိတ်အကြောင်းငါးပါး**လို့မှတ်ပါ။

အဲဒီ အတိတ်အကြောင်းငါးပါးကို မူတည်လိုက်ပြီဆိုမှဖြင့် ဒီဘဝမှာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ **ခန္ဓာငါးပါး၊ ဒုက္ခသစ္စာတရားကြီး** ပေါ်လာရတယ်။ အဲဒါ **ပစ္စုပ္ပန်အကျိုးငါးပါး**ပါပဲ။

ဒီရထားတဲ့ ခန္ဓာကြီးကို **ဒုက္ခသစ္စာမှန်း မသိပြန်တော့ အဝိဇ္ဇာ** နဲ့ **သင်္ခါရ** အလုပ်လုပ်ရပြန်ပါတယ်။ ရောက်ရာခင်တဲ့ **တဏှာ၊ ဥပါဒါန်၊ ကံ**ကလည်း လာပြန်လေတော့ အဲဒီ ပစ္စုပ္ပန်အကျိုး ခန္ဓာကိုယ်ကြီးထဲက တဏှာ၊ ဥပါဒါန်၊ ကံ၊ အဝိဇ္ဇာ၊ သင်္ခါရဆိုတဲ့ **ပစ္စုပ္ပန်အကြောင်းငါးပါး** ပေါက်ပွားရပြန်ပါတယ်။

အဲဒီပစ္စုပ္ပန်အကြောင်း ငါးပါးကြောင့် **နောင်အနာဂတ်အကျိုးငါးပါး** ဖြစ်တဲ့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဆိုတဲ့ **အနာဂတ်ခန္ဓာကြီး** ပေါ်လာပေလိမ့်မယ်။

- **အကြောင်းဟူသရွေ့ - သမုဒယသစ္စာ။**
- **အကျိုးဟူသရွေ့ - ဒုက္ခသစ္စာ။**

တစ်သံသရာလုံးမှာ ဒီအကြောင်း သမုဒယနဲ့ အကျိုးဒုက္ခသာ လှည့်လည်နေတာပါ။ တစ်နည်းအားဖြင့် **သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ၊** ဒီနှစ်ပါးဖြင့် **အဝိုင်းပြေးပြေးနေကြတာပါ။**

http://www.dhammadownload.com



တစ်သံသရာလုံး နေခဲ့တာက အဝိုင်းပြေး ပြေးနေတာပါ။ ဘယ်သစ္စာ လှည့်နေပါ လိမ့်ဆိုက သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ လှည့်နေတာပါ။ ဒါ့ကြောင့် သမုဒယ **မချုပ်သရွေ့ ဒုက္ခမသိမ်းပါ။**

ယခုလို အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကာလသုံးပါး လှည့်ပြီး အဝိုင်းပြေး ပြေးနေသည့် **ပဋိစ္စသမုပ္ပါဒ် သံသရာစက်အဝိုင်းကြီးကို လှည်းဘီးကြီးလို့** မှတ်ပါ။ အဲဒီလှည်းဘီးကြီးအလယ်မှာ **ပဒေါင်းဆိုတာလည်း** ရှိတယ်။ ပဒေါင်းအထက်နားက **ဒေါက်တွေလည်း** ရှိတယ်။ အဲဒီဒေါက်တွေကို ပတ်ချုပ်ထားတဲ့ **သံပတ်ခွေကြီး** လည်း ရှိတယ်။

- "အဝိဇ္ဇာ" နဲ့ "တဏှာ" က - **ပဒေါင်းကြီးနဲ့ တူတယ်။**
- ဝဋ်ကို တောင့်တပြီး ပြုတဲ့ကုသိုလ်။

  သားရေး၊ သမီးရေး စီးပွားရေးကြောင့်ပြုတဲ့ အကုသိုလ်။

  အဲဒီ "ကုသိုလ်၊ အကုသိုလ် သင်္ခါရတွေ" က **ဒေါက်နဲ့တူတယ်။**

**(တစ်နည်း)**

- လူ့ဘုံ၌ ဖြစ်ချင်လို့ပြုတဲ့ ပုညာဘိသင်္ခါရခေါ်တဲ့ **ကာမကုသိုလ်၊**
- ရူပဘုံမှာ ဖြစ်ချင်လို့ပြုတဲ့ ပုညာဘိသင်္ခါရ ခေါ်တဲ့ **ရူပကုသိုလ်၊**
- အရူပဘုံမှာ ဖြစ်ချင်လို့ပြုတဲ့ အာနေဉ္ဇာဘိသင်္ခါရခေါ်တဲ့ **အရူပကုသိုလ်၊**
- သားရေး၊ သမီးရေး၊ စီးပွားရေးကြောင့်ပြုတဲ့ အပုညာဘိသင်္ခါရ ခေါ်တဲ့ **အကုသိုလ်။**

ဒါတွေဟာ ပဒေါင်းပေါ်မှာ စိုက်ထားတဲ့ **လေးမျိုးသော ဒေါက်တိုင်တွေပါပဲ။**

အဲဒီဒေါက်တိုင်တွေ ထွက်မပြေးရအောင် ၎င်းတို့အပေါ်က **ဇရာ-မရဏ** ဆိုတဲ့ **သံပတ်ခွေကြီးနဲ့ ကွပ်ပြီး အုပ်ချုပ်ထားပါတယ်။**

သဘောကတော့ လူပြည် နတ်ပြည်ရောက်ကြောင်း ပုညာဘိသင်္ခါရ ဆိုတဲ့ ကောင်းမှုကုသိုလ် ပြုလည်း အိုမှု၊ သေမှုမှ မလွတ်၍ နောက်ဆုံးမှာတော့ ဇရာ-မရဏမှာ လမ်းဆုံးတယ်။ ရူပကုသိုလ်၊ အရူပကုသိုလ်ပြုလည်း ဇရာ-မရဏမှာ လမ်းဆုံးတယ်။ အဲဒီလို ဇရာ-မရဏ အပြင်ဘက်ကို မလွတ်ထွက်နိုင်လို့ ဇရာ-မရဏသည် **သံပတ်ခွေကြီးနဲ့ တူတယ်လို့** ဆိုပါတယ်။

ပဒေါင်းအလယ်မှာ ဝင်ရိုးပေါက်ပါတယ်။ အဲဒီအပေါက်မှာ အာသဝဝင်ရိုး တပ် ပြီး လှည့်လိုက်လို့ရှိရင် ဒီဘီးကြီးလည်ပြီး ဒေါက်တိုင်တွေဟာ အထက်ရောက်

http://www.dhammadownload.com



လိုက်၊ အောက်ရောက်လိုက်နဲ့ နေပေလိမ့်မယ်။ အထက်ရောက်လည်း အိုပွဲ၊သေပွဲပါပဲ။ အောက်ရောက်၊ ဘေးရောက်လည်း အိုပွဲ၊ သေပွဲပါပဲ။

တစ်သံသရာလုံးမှာ အဲဒီလို အိုပွဲ၊ သေပွဲတွေနဲ့ချည်း နွံနေခဲ့ကြတာမှာ ဝဋ်ကို တောင့်တပြီး ပြုလုပ်သရွေ့ ကုသိုလ်တွေဟာ အဲဒီ အို၊ နာ၊ သေမှာ လမ်းဆုံးတယ်။ ဇရာ-မရဏအပြင်ဘက် ထွက်နိုင်တယ်လို့ မရှိပါ။

ဒီတော့ ဝင်ရိုးရင်လည်း ကျိုးပါမှ။ ပဒေါင်းရင်လည်း ပြုတ်ပါမှ။ သို့မဟုတ်ရင် ဒီဘီးကြီးဟာ အထက်၊ အောက်၊ ဘေး ဘယ်ကိုရောက်ရောက် အိုနာသေဘေး မအေးရပါ။ အန္တရာယ် မကင်းပါလို့ မှတ်ပါ။

အာသဝဝင်ရိုးနဲ့ အဝိဇ္ဇာ၊ တဏှာ၊ ပဒေါင်းကြီးကို လှည့်လို့ အောက်ရောက် လိုက်၊ သေလိုက်။ အထက်ရောက်လိုက်လည်း သေလိုက်နဲ့ အိုပွဲ၊ သေပွဲ ချည်း နွံရပါ တယ်။ **အာသဝဝင်ရိုးလှည့်ရာ သွားသေရတယ်။**

တစ်သံသရာလုံးမှာ အာသဝဝင်ရိုး တပ်လှည့်လိုက်လို့ ပြဟ္မာဘဝပေါင်း များစွာလည်း ရခဲ့ပါပြီ။ နတ်ဘဝပေါင်းများစွာလည်း ရခဲ့ပါပြီ။ အို၊ နာ၊ သေဘေးတွေနဲ့ အဝိုင်းပြေး ပြေးနေခဲ့တာပါ။ တစ်နည်းအားဖြင့် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ ထိုနှစ်ပါးဖြင့် အဝိုင်းပြေး ပြေးနေခဲ့ရာမှာ ဝင်ရိုးချိုးနည်း နိဿရည်းမရလို့ မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာ မပါနိုင်ခဲ့ပါ။

မဂ္ဂသစ္စာက ဝင်ရိုးချိုးရမှာပါ။ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကြီးမှာဆိုရင် အလယ် ပဒေါင်းကြီး လက်အောက်မှာ ဒေါက်တိုင်တွေ ထွက်နေပြီး ဒီသံပတ်ခွေကြီးမှာ လမ်း ဆုံးပါတယ်။ အဝိဇ္ဇာ တဏှာဆိုတဲ့ အလယ်ပဒေါင်းကြီးက ချယ်လှယ်ပြီးနေတဲ့အတွက် အဝိဇ္ဇာ တဏှာ လက်အောက်မှာ သူတို့စီမံသလို ပြုလိုက်တဲ့ ကုသိုလ်သည် ဇရာ-မရဏ သံပတ်ခွေကြီးဖြစ်တဲ့ အိုဘေး၊ သေဘေးမှာပဲ လမ်းဆုံးတယ်။

ဒီတော့ အဝိဇ္ဇာ တဏှာ မချုပ်သရွေ့ ကာလပတ်လုံး ဒီဒေါက်တွေနဲ့ လျှုတဲ့ ကုသိုလ်၊ အကုသိုလ်တွေဟာ လေလိုလွင့်မသွားဘဲ ဒီသံပတ်ခွေကြီးက ချုပ်ထားပြီး အိုစေ၊ နာစေတာကြောင့် ကိုယ်ကျိုးနည်းကြပါပြီ။

ဒါကြောင့် ခန္ဓာစက်ဆိုတဲ့ အဝိုင်းဘီးကြီး မလည်ရအောင် ဒေါက်တွေနဲ့တူတဲ့ ဝဋ္ဋကုသိုလ်၊ အကုသိုလ်တွေ မလုပ်နဲ့။ **အဝိုင်းကြီးလည်ပုံကိုလည်း ပုဂ္ဂိုလ်တွေ အဖြစ်နဲ့ မတွေးနေနဲ့။ ဓမ္မအဖြစ်နဲ့သာ တွေးပါ။ သတ္တဝါအစ အဝိဇ္ဇာ၊ သင်္ခါရ ကသာ တွေးလိုက်ပါ။**

http://www.dhammadownload.com



အတိတ်ဘဝက အဝိဇ္ဇာ၊ သင်္ခါရဆိုတဲ့အကြောင်း သမုဒယသစ္စာကြောင့် ဒီဘဝ မှာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ အကျိုး ဒုက္ခသစ္စာ ရထား ကြရာမှာ ဒီဘဝ ခန္ဓာငါးပါးထဲက အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကံတွေ မပေါက် ပွားဖို့ အရေးကြီးတယ်။

ယခု ရထားတဲ့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ ဝေဒနာဆိုတဲ့ ခန္ဓာ **ငါးပါးဟာ ဝေဒနာမှာ လမ်းဆုံးသဖြင့် အဲဒီ ဝေဒနာနောက်ကနေ မဂ်လိုက်ရလိမ့် မယ်။ မဂ်မလိုက်လို့ရှိရင် အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကံလိုက်လိမ့်မယ်။**

ဒါဖြင့် မဂ္ဂင်ငါးပါး လိုက်ကြရပါမယ်။ ဒီပစ္စုပ္ပန်ခန္ဓာငါးပါးကို သတိပဋ္ဌာန် လေးပါးနှင့် ဝေဖန်သော် ရုပ်တရားက ကာယာနုပဿနာ၊ ဝေဒနာက ဝေဒနာနု ပဿနာ၊ သညာ သင်္ခါရက ဓမ္မာနုပဿနာ၊ စိတ်က စိတ္တာနုပဿနာဆိုတော့ ခန္ဓာငါးပါးဟာ **ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ**ဆိုတဲ့ ဒီလေးပါးပဲ ဖြစ်တယ်။

စိတ်ကိုပဲ ရှုပါ။ လောဘစိတ်လာလည်း ဖြစ်ပျက်ရှု၊ ဒေါသစိတ်လာလည်း ဖြစ်ပျက်ရှု။ **ဖြစ်ပျက်ရှုတော့ မဂ်ဝင်တယ်။** မဂ်ဝင်လာတော့ ခန္ဓာကိုယ်ကြီးက **"ဝေဒနာပစ္စယာ တဏှာ"** မလာတော့ပါ။ **"ဝေဒနာနိရောဓာ တဏှာနိရောဓော"**ပဲ **ပေါ်ပါတယ်။** ဒီတော့ ဒုက္ခသစ္စာထဲက သမုဒယသစ္စာငါးခုပြန်ပြီး မပေါက်ပွားနိုင်တော့ တာမို့ **သံသရာပြတ်တယ်**လို့ ဆိုရတယ်။ ဝေဒနာရှုလည်းသံသရာ ပြတ်ပါတယ်။

ဘာကြောင့် သံသရာပြတ်သလဲဆိုတော့ တဏှာမလာတော့လို့ပဲ။ **သတ္တဝါ ရေသောက်မြစ် ပြုတ်ပြီ။ အဝိဇ္ဇာလည်း မလာပါ။ တဏှာ၊ ဥပါဒါန်၊ ကံတွေ ကော မလာပါ။**

- သင်္ခါရဆိုတာ - ဒေါက်တွေပါ။
- အဝိဇ္ဇာဆိုတာ - ပဒေါင်း။
- တဏှာ၊ ဥပါဒါန်၊ ကံတွေဆိုတာ - ဒေါက်တွေပါ။

ဒါကြောင့် - **အဝိဇ္ဇာဆိုတဲ့ ပဒေါင်းကြီးလည်း ကျိုးသွားပြီ။**

- **တဏှာ၊ ဥပါဒါန်၊ ကံ ဆိုတဲ့ ဒေါက်တွေလည်း ပြုတ် ကုန်ပြီ။**
- ဒေါက်တွေပြုတ်သွားရင် **ဇရာ-မရဏ အကွပ်ကြီးဟာ သူ့ ဟာ သူ နေရုံပဲ** ရှိပါတော့တယ်။

**သားရေး၊ သမီးရေး လုပ်နေတာဟာ** ပဒေါင်းအစားထိုးဖို့ လုပ်နေတာ။ **"ဝဋ်တောင့်တတဲ့ကုသိုလ်တွေ လုပ်နေတာ"** လဲ "ဒေါက်တွေ ပျက်လို့ ဒေါက်

http://www.dhammadownload.com



အစားထိုးဖို့"လုပ်နေတာလို့ သိရပါမယ်။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ဒွါရခြောက် ပေါက်က အဝိဇ္ဇာ၊ တဏှာဆိုတဲ့ ပဒေါင်းအိုရင် အစားထိုး တယ်။ ကုသိုလ် အကုသိုလ် သင်္ခါရ ဆိုတဲ့ ဒေါက်အိုရင် အစားထိုးတယ်ဆိုတာကို လည်း သိရပါမယ်။

ဝိဇ္ဇာဉာဏ်ဆိုတဲ့ မဂ်နဲ့ ဖြုတ်ချတော့ -

အဝိဇ္ဇာနဲ့သင်္ခါရ နောက်က ချုပ်တယ်။ ဝေဒနာ ရှုလိုက်ရင်ဖြင့် တဏှာ၊ ဥပါဒါန်၊ ကံ ချုပ်ပါတယ်။ အဝိဇ္ဇာ၊ သင်္ခါရလည်း ချုပ်ပါတယ်။ ဒါကြောင့် ဟိုဘက်မှာ သေပွဲတွေမှ လွတ်ရပါတော့တယ်။

ယခုပြောနေတဲ့ **ဝိပဿနာအလုပ်လုပ်နေတာဟာ ပဒေါင်းချိုးနေတာ။ ဒေါက်တွေချိုးနေတာ**၊ ဖျက်ဆီးနေတာပါ။ ဒေါက်တွေကိုလည်း နောက်ထပ် မလုပ်တော့တာပဲ။ ဒါကြောင့် **ဇရာ-မရဏဆိုတဲ့ အကွပ်ကြီးဟာ နောက်ထပ်လာစရာ မလိုတော့တာမို့** "ဝိပဿနာမှ တစ်ပါး ကယ်စရာ မရှိ" တော့သည်ကို သိရာ၏။

## သံသရာထွက်လမ်း မဂ်စခန်း လမ်းဖောက်ကြပါစို့

**(ညောင်လေးပင်တောရဆရာတော်ဘုရားကြီး)**

ပဋိစ္စသမုပ္ပါဒ် အင်္ဂါ (၁၂) ပါးထဲမှာ ဘယ်အင်္ဂါကို ဖောက်၍ သံသရာမှ ထွက်နိုင်သလဲလို့ မေးလျှင် -

- မူလ (၂) ပါး ပြတ်မှ ဟူ၍ လည်းကောင်း၊
- ဝေဒနာကြောင့် တဏှာနေရာမှာ တဏှာမဖြစ်အောင် ချုပ်စေခြင်း ကြောင့် ဟူ၍လည်းကောင်း ဟောတော်မူတယ်။

  သို့ပေမယ့် ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်လုံးပင် နိဗ္ဗာန်ဝင်ရန် လမ်းပေါက် (၈၄၀၀၀) ဖြစ်တယ်။ ထို့ကြောင့် -
- ဘယ်အင်္ဂါမဆို အဝိဇ္ဇာ တဏှာသေလျှင် နိဗ္ဗာန်ဝင်ပေါက် (၁၂) ပေါက် ဖြစ်တာပဲလို့ မှတ်ရမယ်။

ဒါကြောင့် **ဒီရုပ်နာမ် (ခန္ဓာငါးပါး)** မှာ တဏှာသတ်ပြီး ထွက်လမ်း **ဖောက်ကြရအောင်**။ ဝိညာဏ်ကိုလည်း နာမ်ထဲ ထည့်ကြရမယ်။ ဒီတော့ နာမ်ခန္ဓာ လေးပါး ဖြစ်သွားပြီ။

http://www.dhammadownload.com



ထိုနာမ်ဆိုတာ ဝတ္ထု အာရုံ ပေါင်းဆုံတဲ့အခါ ဖြစ်တယ်။ အာရုံကို စိတ်ကူး၍ အာရုံ၌ ညွတ်လျက် ဖြစ်တယ်။ အာရုံကို ညွတ်တတ်သောကြောင့် နာမ်မည်တယ်လို့ မှတ်ရမယ်။

ရုပ်ဆိုတာကတော့ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဆိုတဲ့ မဟာဘုတ်လေးပါးက အချင်းချင်း မှီ၍ဖြစ်တယ်။ စက္ခု၊ သောတ စသော ဥပါဒါရုပ် (၂၄) ပါးက မဟာဘုတ်လေးပါးကို မှီ၍ ဖြစ်တယ်။ ပူခြင်း၊ အေးခြင်း စသည်ကြောင့် သွင်မတူ ပြောင်းလဲ ဖောက်လဲဖောက်ပြန် ဖြစ်တတ်တယ်။ ပူတစ်မျိုး၊ အေးတစ်မျိုး ဖောက်ပြန်တယ်။ စားရတစ်မျိုး၊ မစားရတစ်မျိုး ဖောက်ပြန်တယ်။ စိတ်ချမ်းသာတစ်မျိုး၊ စိတ်ညစ်တစ်မျိုး ဖောက်ပြန်တယ်။ ဒွါရခြောက်ပါးတွင် တစ်ဒွါရတစ်မျိုး ဖောက်ပြန်တယ်။ ဖြူမည်း၊ ပူအေး၊ ဖြောင့်ကွေး၊ ပိန်ထွား၊ ချိုခါး၊ မွှေးနံ ဖောက်ပြန်တတ်သောကြောင့် ရုပ်မည်တယ်လို့ မှတ်ရမယ်။

**အဆင်းတစ်ခုကို မြင်ရတဲ့အခါ** အထူးမှတ်ရအောင် ခွဲပြ ပြလိုက်ဦးမယ်။

အဆင်းနဲ့ မျက်စိသည် ဥပါဒါရုပ် မည်တယ်။ မဟာဘုတ်လေးပါးကို မှီ၍ ဖြစ်တယ်။ ဤဥပါဒါရုပ်နှင့် မဟာဘုတ်သည် ဖောက်ပြန်သော **ရုပ်အစု** ဖြစ်သည်ဟု မှတ်ရမည်။

ထိုအဆင်းကို ကောင်းကောင်းဆိုးဆိုး၊ ဝမ်းသာလျက် ဝမ်းနည်းလျက် မထွေးမစွန့်နိုင်ဘဲ စားမြုံ့ပြန်လျက် -

- မြိန်ရှက်စွာ ခံစားခြင်းသည် **ဝေဒနာ**
- မမေ့နိုင်အောင် မှတ်သားခြင်းသည် **သညာ**
- ကြံစည်နှစ်သက် အမျက်ထွက်ခြင်း စသည်သည် **သင်္ခါရ**
- သိခြင်းသည် **ဝိညာဏ်**

ဤဝေဒနာ၊ သညာ၊ သင်္ခါရ ဝိညာဏ်သည် အာရုံသို့ ညွတ်တတ်သော **နာမ်အစု** ဖြစ်သည်ဟု မှတ်ရမယ်။ ၎င်းတို့အပြင် ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ မရှိတော့ဘူး။ ထို့ကြောင့် **အဆင်းမြင်ရာ၌လည်း ရုပ်အစု၊ နာမ်အစု။**

ထို့အတူ **အသံကြားရာ** အနံ့ယူရာ၌လည်း ရုပ်အစု၊ နာမ်အစု။ အရသာစားရာ အတွေ့ထိရာ၌လည်း ရုပ်အစု၊ နာမ်အစု။ **သဒ္ဓါဖြစ်ရာ၊ ပညာဖြစ်ရာ၌လည်း** ရုပ်အစု၊ နာမ်အစု။ **ဝမ်းနည်းရာ၊ ဝမ်းသာရာ၌လည်း** ရုပ်အစု၊ နာမ်အစု။ **ချစ်စရာ၊ မုန်းစရာ၌လည်း ရုပ်အစု၊ နာမ်အစု။** ဤသို့စသည်ဖြင့် နည်းယူ၍ နှလုံးသွင်းရမယ်။

http://www.dhammadownload.com



လှည်းအိမ်၊ ဝင်ရိုးလှည်းဘီး စသော အပေါင်းကို လှည်းဟု အခေါ်သာရှိသည်။ လှည်းဟု သီးခြားမရှိ။ **ရုပ်အစု၊ နာမ်အစုကို ယောကျ်ားကိုယ်ကောင်၊ မိန်းမကိုယ်ကောင်ဟု အခေါ်သာရှိသည်။ ယောကျ်ား၊ မိန်းမ မရှိ။**

တိုင်ထူ၊ နွယ်ပတ်၊ မြေညက်ကပ်၊ သက်ကယ်မိုးကို **အိမ်ဟု အခေါ်သာရှိသည်။** တိုင်၊ နွယ်၊ မြေညက်၊ သက်ကယ်မှတစ်ပါး **အိမ်ဟု သီးခြားမရှိ။** အရိုး - တိုင်သဘော၊ အကြော - ရစ်ပတ်၊ အသား - ကပ်မြှုပ်၊ အရေထူ အရေပါး - အုပ်ထားသည်ကို ယောကျ်ားကိုယ်ကောင်၊ မိန်းမကိုယ်ကောင်ဟု အခေါ်သာ ရှိသည်။ အရိုး၊ အကြော၊ အသား၊ အရေမှတစ်ပါး ယောကျ်ားမိန်းမ မရှိ။

အကြောင်းအားလျော်စွာ **နာမ်နှင့်ရုပ်၊** ဝဋ္ဋဒုက္ခသာ ဖြစ်သည်၊ ဝဋ္ဋဒုက္ခသာ တည်သည်၊ ဝဋ္ဋဒုက္ခသာ ချုပ်သည်။ **ဝဋ္ဋဒုက္ခမှတစ်ပါး ပုဂ္ဂိုလ်သတ္တဝါ မရှိ။**

ခန္ဓာငါးတန် အတ္တမှန်လျှင် နာရန် - ကျင်ရန် မသင့်၊ နာကျင်ဖို့မှု ဖြစ်ပေါ်ကလည်း အတ္တမဆိုအပ်၊ ခန္ဓာငါးပါးကား နာသည်၊ ကျင်သည်၊ အတ္တမဟုတ်။ အနတ္တာ၊ အနတ္တာ။

**အရုပ်သစ်သား ကြိုးတပ်ထား၍ သွားဟန်၊ လာဟန် လှုပ်ရှားသည်။ ရုပ်အစုအား နာမ်တွဲထားလည်း သွားဟန် လာဟန် လှုပ်ရှားသည်။ သွားသူမရှိ၊ လာသူမရှိ၊ လှုပ်ရှားသူ မရှိ။**

ရုပ်နာမ်နှစ်ခု အချင်းချင်း မှီထားသော ကျူဝါးအစု၊ တစ်ခုတိမ်းလျှင် အကုန်ယိမ်းသည်။

နာမ်ဟူသည် ဝတ္ထု၊ အာရုံ တွေ့ကြုံခိုက်သာ ဖြစ်ပေါ်လာ၏။ "ထွက်လာရာ"၊ "တည်နေရာ" ဘယ်မှာမှု မရှိ။

ကန်းသူက သွားချင်၊ မြင်သူက အကျိုး၊ ကျောတွင်ပိုး၍ အကျိုးညွှန်လမ်း၊ သွားပုံဆန်းသို့ **ရုပ်ကန်းနာမ်ကျိုး** ကျောကပိုး၏။ **ကျောပိုးနာမ်ရုပ် ငါမဟုတ်။**

လူနှင့်လှေငယ် ချင်းချင်းတွယ်လျက်၊ ဝဲလယ်သမုဒ် စုန်ဆန်မြုပ်၏။ နာမ်နှင့်ရုပ်ကား ချင်းချင်းအားမှီ သံသာရှည်ဝဲ ဃရက်ဆွဲ၏။ **ဃရက်ဆွဲ နာမ်ရုပ် ငါမဟုတ်။**

**ထန်းမြစ်ထက်ခြမ်း ရုပ်နာမ်ခြမ်းလျှင် စွဲလမ်းစရာ သူငါကွယ်ပြုတ် နာမ်နှင့်ရုပ်သာ ငါမပါ။**

ထက်ခြမ်းကွဲနာမ်ရုပ်၊ မဟုတ်သူငါ၊ မြင်သောအခါ သက္ကာယဒိဋ္ဌိ ကွာ၏။ အတ္တ ဒိဋ္ဌိ အစွဲပြုတ်၏။ ကလျာဏ ပုထုဇဉ် ဖြစ်၏။ ထိုအခါ ဒုက္ခသစ္စာ ကို မြင်၏။

http://www.dhammadownload.com



ဤနာမ်နှင့် ဤရုပ်သည် အဝိဇ္ဇာ၊ တဏှာ၊ ကံ စသော အကြောင်းကြောင့် အတိတ်၌ ဖြစ်ပြီး ပစ္စုပ္ပန်၌ ဖြစ်ဆဲ၊ အနာဂတ်၌ ဖြစ်လတ္တံ့။ ကာလသုံးပါးလုံး အကြောင်း အားလျော်စွာ အကျိုးနာမ်ရုပ်သာဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်လတ္တံ့။ သူ့ကြောင့်၊ ငါ့ကြောင့်၊ ငါဖြစ်ပြီ၊ သူဖြစ်ပြီမရှိ၊ ငါဖြစ်ဆဲ၊ သူဖြစ်ဆဲမရှိ။ ငါဖြစ်လတ္တံ့၊ သူဖြစ်လတ္တံ့ မရှိ။ **အကြောင်းမကင်းသော နာမ်ရုပ်အစုသာ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့**။ သူ့အကြောင်း နှင့်သူ ဖြစ်သောကြောင့် ငါ့အလိုသို့ လိုက်မည်မဟုတ်။

ဤသို့ ကာလသုံးပါးလုံး နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်းမိသောအခါ ကာလသုံးပါးလုံး ယုံမှားခြင်း (၁၆)ပါး၊ ယုံမှားခြင်း (၈) ပါး ကင်းပျောက်၍ **စူဠသောတာပန်** အဖြစ်သို့ ရောက်၏။ ထိုအခါ **သမုဒယသစ္စာ**ကို မြင်၏။

ယခုအခါ သာသနာတွင်း၌ ဘယ်သူမဆို လူမှန်လျှင် ဤစူဠသောတာပန် အထိ ဖြစ်နိုင်သည်။ စူဠသောတာပန်မျှ မဖြစ်လျှင် သာသနာတွင်း လူဖြစ်ကျိုးမနပ်။

ထိုမှတစ်ဆင့် တက်၍ သစ္စာလေးပါးကို သိရမယ်။ အကြောင်းအားလျော်စွာ ဖြစ်သော **"အကျိုးနာမ်ရုပ်"** သည် ဆင်းရဲဇကန် မဖောက်ပြန်သောကြောင့် **ဒုက္ခသစ္စာ**မည်၏။ **"အကြောင်းဟူသမျှ"** သည် ဆင်းရဲကြောင်း ဧကန် မဖောက်ပြန် သောကြောင့် **သမုဒယသစ္စာ** မည်၏။ **"အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု နှလုံးသွင်းခြင်း"** သည် ဆင်းရဲကင်းရာသို့ ထွက်နိုင်ကြောင်း ဧကန် မဖောက်ပြန်သောကြောင့် **မဂ္ဂသစ္စာ**မည်၏။ ဒုက္ခမြင်သူတိုင်း စိတ်ဦးညွတ်စရာ နာမ်ရုပ်မဖြစ်ရာ၊ **"အကြောင်း ဝဋ်ပြတ်ရာ နိဗ္ဗာန်"** သည် ဆင်းရဲငြိမ်း ဧကန် မဖောက်ပြန်သောကြောင့် **နိရောဓ သစ္စာ** မည်၏။

ဤသို့ ဆက်သွယ်၍ သစ္စာလေးပါးသိလျှင် မဂ်၊ ဖိုလ်အထိ ရ၏။ မဂ်ဖိုလ်မရ လျှင် သုဂတိ မြဲ၏။ စူဠသောတာပန် ဖြစ်သည် မည်၏။

ရုပ်နာမ်တို့ကို အကြောင်းနှင့်တကွသိလျှင် ယုံမှားခြင်း (၈) ပါးလည်း ကင်း ပျောက်တယ်။ ဤဉာဏ်ဟာ ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်တယ်။ ပစ္စယ ပရိဂ္ဂဟဉာဏ်၊ ဓမ္မဋ္ဌိတိဉာဏ်၊ ယထာဘူတဉာဏ်၊ သမ္မာဒဿနဉာဏ်လည်း မည်တယ်။ အမည် ငါးပါး ရတယ်။

ဤမှ တက်၍ သမ္မသနဉာဏ်စသော ဝိပဿနာဉာဏ် ဆယ်ပါးဖြင့် အစဉ် အတိုင်း အားထုတ်သွားလျှင် သောတာပတ္တိ မဂ်ဖိုလ်သို့ ကိန်းသေရောက်နိုင်ပါတယ်။

http://www.dhammadownload.com



ဒီနည်းဖြင့် ဘယ်အင်္ဂါမဆို နာမ်နှင့်ရုပ် ဖြစ်အောင် ခွဲယူပြီး နိဗ္ဗာန်ဝင်ရန် လမ်းဖောက်နိုင်သည်ဟုသာ ဆိုရပေမည်။

စင်စစ်သော်ကား ဤပဋိစ္စသမုပ္ပါဒ်သဘောကို ဖန်ဖန်နာကြားတဲ့ သုတမယဉာဏ်၊ ကြံစည်တဲ့ စိန္တာမယဉာဏ်၊ ပွားများအားထုတ်တဲ့ ဘာဝနာမယဉာဏ်တို့ဖြင့် လျော်စွာ သိပါမှ အဝိဇ္ဇာ၊ တဏှာဆိုတဲ့ မူလနှစ်ပါး အကွင်းမဲ့ ပြတ်ပြီး သံသရာဝဋ်ဒုက္ခမှ လွတ်ကင်းနိုင်မည်သာ။

လျော်စွာ သိရမှာကလည်း သမုဒ္ဒယာဉ် ယုန်ငယ်ထောက်မမှီနိုင်တဲ့ ဥပမာလို မလွယ်လှပါ။ သို့ပေမဲ့ ဤပဋိစ္စသမုပ္ပါဒ်စက်ကြီးကို လျော်စွာ သိကြတာနဲ့ အပြီးတိုင် ဖျက်ဆီးနိုင်ကြမှာပါ။

ဤဘဝစက်ဟာ ဘယ်လိုပင်ရှုပ်သော်လည်း အကြောင်းမကင်းတဲ့ နာမ်ရုပ်နှစ်ပါးတည်းသာ ဖြစ်ပါတယ်။ အကြောင်းတရားတို့ကြောင့် အကျိုးတရားတို့၏ အဆက်ဆက် ဖြစ်ရတဲ့ နာမ်ရုပ်နှစ်ပါးတည်း ဖြစ်ပါတယ်။ သူ့ကြောင့်၊ ငါ့ကြောင့်၊ ငါဖြစ်တာ၊ သူဖြစ်တာ မဟုတ်ပါ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတရားတွေ ဖြစ်ပါတယ်။ အကြောင်းတရားတို့ကို ချုပ်အောင် အားထုတ်ရမယ်လို့ ဟောတော်မူပါတယ်။ ဒါကြောင့် ဝိပဿနာ ရှုပွားရန်မှာ -

၁။ အကြောင်းတရားတို့ ညီညွတ်မှ ဖြစ်ပေါ်လာသော နာမ်ရုပ်ပါတကား။
၂။ ဖြစ်ပြီးလျှင် ပျက်စီးတတ်သောကြောင့် မမြဲသော နာမ်ရုပ်ပါတကား။
၃။ ဖြစ်ခြင်း၊ ပျက်ခြင်းတို့ဖြင့် နှိပ်စက်အပ်သောကြောင့် ဆင်းရဲသော နာမ်ရုပ်ပါတကား။
၄။ မိမိအလိုသို့လိုက်အောင် ပြု၍မရသောကြောင့် ငါ့ကိုယ်ဟု မမှတ်ထိုက်သော နာမ်ရုပ်ပါတကား။
၅။ အနှစ်သာရ ဘာမျှမရှိသောကြောင့် အချည်းနှီးအလကားဖြစ်သော နာမ်ရုပ်ပါတကား။
၆။ အဖန်ဖန် နှိပ်စက်တတ်သောကြောင့် ရန်သူနှင့်တူသော နာမ်ရုပ်ပါတ ကား။
၇။ အိုဘေး၊ နာဘေး၊ သေဘေး၊ ပဋိသန္ဓေဘေးတို့၏ တည်ရာဖြစ်သော နာမ်ရုပ်ပါတကား။
၈။ သုံးဆယ့်တစ်ဘုံ၌သာ ဖြစ်တတ်သော နာမ်ရုပ်ပါတကား။
၉။ အပါယ်လေးဘုံ၌ ပျော်ပျော်ကြီး ဖြစ်တတ်သော နာမ်ရုပ်ပါတကား။

http://www.dhammadownload.com



သစ္စာလေးပါး ရှုပုံကား -

- ဆင်းရဲသော ဒုက္ခသာ ရှိ၏။ ဆင်းရဲသူ ပုဂ္ဂိုလ်သတ္တဝါမရှိ။
- စုံမက်ခြင်း တဏှာ သမုဒယသာ ရှိသည်။ စုံမက်သူ ပုဂ္ဂိုလ်သတ္တဝါ မရှိ။
- ငြိမ်းချမ်းခြင်း နိရောဓသော ရှိသည်။ ငြိမ်းချမ်းသူ ပုဂ္ဂိုလ် သတ္တဝါ မရှိ။
- ကျင့်စဉ်လမ်းမ မဂ္ဂသာ ရှိသည်။ ကျင့်သူ ပုဂ္ဂိုလ် သတ္တဝါမရှိ။

ဤသို့ စသည်ဖြင့် အကြောင်းဝဋ်မြစ်ပြတ်သွားအောင် အဖန်ဖန် ရှုကြရခြင်းဖြင့် ဤဘဝစက်ကြီးကို ခွဲနိုင်၊ ဖောက်နိုင်၊ ဖျက်ဆီးနိုင်ကြကုန်သည် ဖြစ်လေရာ သတည်း။

## သံသရာစက်ရဟတ် လှည်းဘီးပမာ လည်ပုံ၊ ဖျက်ပုံ

(မဟာစည်ဆရာတော်ဘုရားကြီး)

မြတ်စွာဘုရားသည် ပဋိစ္စသမုပ္ပါဒ် သံသရာစက်ဘီး၏ ထောက်၊ အကန့်တွေကို အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် ခုတ်ဖြတ်ဖျက်ဆီးတော်မူပါတယ်။

ဖျက်ဆီးပုံကတော့ ပဋိစ္စသမုပ္ပါဒ် ဒေသနာမှာ လာတဲ့ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဆိုတဲ့ ဝဋ်သုံးပါး တစ်လှည့်စီ မပြတ်လည်ပြီး ဖြစ်နေတာကို **သံသရာစက်**လို့ ခေါ်ပါတယ်။ အဲဒီ သံသရာစက်ဘီးမှာ -

- အဝိဇ္ဇာက မူရင်းဖြစ်သောကြောင့် ဘီး၏ ပုံတောင်းနဲ့ တူပါတယ်။
- ဇရာ-မရဏကတော့ အဆုံးစွန်ဖြစ်သောကြောင့် ဘီး၏ ဘေးပတ်လည် အဝိုင်း - အကွပ်နဲ့ တူပါတယ်။
- သင်္ခါရမှ ဇာတိကျအောင် အလယ်ပိုင်း အင်္ဂါ (၁၀) ပါးကတော့ ဘီး၏ ထောက်တိုင် - အကန့်တွေနဲ့ တူပါတယ်။

လှည်းဘီး၊ ရထားဘီး၊ စက်ဘီးများဟာ အလယ်က ထောက်တိုင်တွေ ကျိုးပြတ်ကုန်လျှင် ပုံတောင်းနဲ့ အကွပ် တခြားစီ ဖြစ်ပြီး မလိမ့်နိုင်၊ မလည်နိုင်၊ မသွားနိုင်တော့ပါ။ အဲဒီလိုပါပဲ။ ဒီပဋိစ္စသမုပ္ပါဒ် သံသရာစက်ဘီးကြီးမှာလည်း "ပုံတောင်း" သဖွယ်ဖြစ်တဲ့ "အဝိဇ္ဇာ" နဲ့ "အကွပ်" သဖွယ်ဖြစ်တဲ့ "ဇရာ-မရဏ" တို့ကို ဆက်သွယ်ပေးတဲ့ သင်္ခါရမှ ဇာတိကျအောင် အလယ်ပိုင်းတရားတွေကို ပယ်ဖျက်လိုက်လျှင် မလည်နိုင်တော့ပါဘူး။

http://www.dhammadownload.com



အဲဒီလို သံသရာစက်ကြီး မလည်နိုင်အောင် **"ထောက်အကန့်"** နဲ့တူတဲ့ သင်္ခါရအစရှိသော "အလယ်ပိုင်းက အင်္ဂါတွေ" ကို မြတ်စွာဘုရားက အရဟတ္တမဂ်ဉာဏ်တော် ဖြင့် စွန့်ပယ် "ဖျက်ဆီး" တော်မူပါတယ်။ "ဇာတိ" ကို ပယ်လိုက်လျှင် "ဇရာ-မရဏ" ဆိုတာလည်း မရှိနိုင်တော့သလို၊ "ဝိညာဏ် နာမ်ရုပ် စသည်" ကို ပယ်လိုက်လျှင် "အဝိဇ္ဇာ" လည်း မဖြစ်နိုင်တော့သဖြင့် **အလယ်အင်္ဂါတွေ မရှိလျှင် အဝိဇ္ဇာနဲ့ ဇရာ-မရဏလည်း** မဖြစ်နိုင်တော့ဘဲ ပဋိစ္စသမုပ္ပါဒ် **အင်္ဂါ (၁၂) ပါး လုံး ပယ်ဖျက်ပါတယ်။**

"ပယ်ပုံအားဖြင့်" ပြောရမယ်ဆိုလျှင် **ကိလေသဝဋ်ထဲမှာ မူလရင်း အချုပ်အခြာ** ဖြစ်တဲ့ **အဝိဇ္ဇာကစပြီး ပယ်ရပါတယ်။** အဲဒီအဝိဇ္ဇာကို မပယ်နိုင်လျှင်တော့ အဝိဇ္ဇာကြောင့် သင်္ခါရ၊ ဝိညာဏ် အစရှိတဲ့ နောက်လိုက်အင်္ဂါတွေ အကုန်လုံး ဖြစ်ပွားသွားမယ်။

ဘယ်လိုလဲဆိုလျှင် အပါယ် (၄) ပါး၊ လူ့ဘဝ၊ နတ်ဘဝဆိုတဲ့ **ကာမဘဝ၌ မသိမှု၊** သိမှားမှု၊ **အဝိဇ္ဇာရှိလျှင်** ကာမဘဝကို ဖြစ်စေတတ်တဲ့ **ကာမကုသိုလ်၊ အကုသိုလ်ကံ သင်္ခါရတွေ ဖြစ်တယ်။** ဒါန၊ သီလ အစရှိသော ကာမကုသိုလ်ကံတွေ၊ ပါဏာတိပါတ အစရှိသော အကုသိုလ်ကံတွေပါပဲ။ အဲဒီကံ သင်္ခါရကြောင့် ကာမဘဝ၌ ပဋိသန္ဓေဝိညာဏ် ဖြစ်တယ်။ အပါယ်လေးပါး ပဋိသန္ဓေ၊ လူ့ပဋိသန္ဓေ၊ နတ်ပဋိသန္ဓေ ဝိညာဏ်တွေပါပဲ။ အဲဒီ **ပဋိသန္ဓေဝိညာဏ်** ဖြစ်လျှင် သူနဲ့အတူ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ **အကျိုးတရား (၄) ပါးလည်း** ဖြစ်တော့တာပဲ။ အဲဒီလိုအကျိုး တရားတွေ ဖြစ်နေရာမှာ မသိမှု၊ **သိမှားမှု အဝိဇ္ဇာ** ဖြစ်ပြန်လျှင် တဏှာ၊ ဉပါဒါန်၊ ဘဝဆိုတဲ့ **ပစ္စုပ္ပန် အကြောင်းတရားတွေလည်း** ဖြစ်ဦးမယ်။ တစ်ဖန် ကမ္မဘဝ ကြောင့် အနာဂတ်ဘဝ၌ ဇာတိ၊ ဇရာ-မရဏလည်း ဖြစ်သွားဦးမယ်။ ဒါက **"ကာမဘဝကိုမသိတဲ့ အဝိဇ္ဇာမှစပြီး သံသရာစက် လည်သွားပုံပဲ။"**

နောက်ပြီးတော့ ရူပဗြဟ္မာဘဝ၌ မသိမှု၊ သိမှားမှု အဝိဇ္ဇာရှိလျှင် အဲဒီရူပဘဝကို ဖြစ်စေတတ်တဲ့ ရူပဈာန် ကုသိုလ်သင်္ခါရတွေ ဖြစ်အောင် အားထုတ်တယ်။ အဲဒီရူပဈာန်သင်္ခါရကြောင့် ရူပဗြဟ္မာဘဝ၌ ပဋိသန္ဓေ ဝိညာဏ် ဖြစ်တယ်။ အဲဒီ ဝိညာဏ်နဲ့ အတူ နာမ်ရုပ်အာယတန၊ ဖဿ၊ ဝေဒနာ၊ ဒီအကျိုးတရား(၄) ပါးလည်းဖြစ်တယ်။ အဲဒီ အကျိုးတရားတွေကို အနိစ္စစသည်ဖြင့် အမှန်အတိုင်းမသိတဲ့ အဝိဇ္ဇာဖြစ်ပြန်လျှင်

http://www.dhammadownload.com



တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝဆိုတဲ့ ပစ္စုပ္ပန်အကြောင်းတရားတွေလည်း ဖြစ်မယ်။ အဲဒီ ကမ္မဘဝကြောင့် အနာဂတ်ဘဝ၌ ဇာတိ၊ ဇရာ-မရဏ ဆိုတဲ့ အကျိုးတရားတွေလည်း ဖြစ်သွားမယ်။ အဲဒါ **"ရူပဘဝ၌ မသိတဲ့အဝိဇ္ဇာမှစပြီး သံသရာစက် လည်သွားပုံပဲ"**။ အရူပအတွက်လည်း ထိုနည်းတူသိပါလေ။

ယခု ပြောခဲ့တာတွေဟာ ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝဆိုတဲ့ **ဘဝသုံးပါး** မှာ မသိမှု **သိမှားမှု အဝိဇ္ဇာဖြစ်လျှင်** တဏှာ၊ ဥပါဒါန်၊ သင်္ခါရ ကမ္မဘဝဆိုတဲ့ **အကြောင်း တရားတွေဖြစ်ပြီး** အဲဒီအကြောင်းတရားတွေကြောင့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာ ယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ **အကျိုးတရားတွေ** ဖြစ်ပုံနဲ့ အကျိုးတရားတွေ ဆိုတာလည်း အစပိုင်းက **ဇာတိ**၊ အလယ်ပိုင်းက **ဇရာ**၊ အဆုံးပိုင်းက **မရဏ** ဆိုတဲ့ **ဆင်းရဲအစုမျှသာ** ဖြစ်ပုံတွေကို ပြောလာခဲ့တာပဲ။ အတိုချုပ်အားဖြင့်ဆိုလျှင် **"အဝိဇ္ဇာကစပြီး ဇရာ-မရဏမှာ အဆုံးသတ်တဲ့ သံသရာစက်ရဟတ်လည်ပုံ"** ပါပဲ။

မြတ်စွာဘုရားသည် (၄) လွှာ၊ (၃) စပ်၊ ကာလ (၂) ပါး၊ သရုပ် (၂၀) စသည်ရှိတဲ့ ပဋိစ္စသမုပ္ပါဒ်စက်ကို ခပ်သိမ်းသော အခြင်းအရာအားဖြင့် သိတော်မူပြီး အဲဒီ သံသရာစက်၏ သင်္ခါရမှ ဇာတိကျအောင် အလယ်က ဆယ်တန့် ထောက်-အကန့် တို့ကို ဖျက်ဆီးတော်မူခဲ့တယ်။ ဘယ်လို ဖျက်ဆီးသလဲဆိုလျှင် သစ္စာလေးပါးကို သိသောအားဖြင့် ပျက်စီးတော်မူခဲ့တာပါပဲ။ **သစ္စာ (၄) ပါးကို သိတော်မူတာနဲ့** အဲဒီ **ထောက်အကန့်တွေကို ဖျက်ဆီးပြီးသွားတာပါပဲ**။

ဘုရားအလောင်းတော်ဟာ "အိုခြင်း၊ သေခြင်း ဘာကြောင့် ရှိရသလဲ။ ဘဝအသစ် ဖြစ်လို့ ရှိရတယ်။ ဘဝအသစ် ဘာကြောင့် ဖြစ်ရသလဲ။ ဖြစ်ကြောင်းကံရှိလို့ ဖြစ်ရတယ်။ ကံဟာလည်း ဘာကြောင့် ဖြစ်ရသလဲ။ စွဲလမ်းလို့ဖြစ်ရတယ်။ ဘာကြောင့် စွဲလမ်းသလဲ။ တပ်မက်လိုချင်တဲ့ တဏှာရှိလို့ စွဲလမ်းတယ်။ ဘာကြောင့် တပ်မက် လိုချင်ရသလဲ။ အကောင်းအဆိုးကို ခံစားရလို့ တပ်မက်လိုချင်တယ်" စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး ဆက်စပ်ဖြစ်ပုံတွေကို မိမိ၏ ကိုယ်ပိုင်ဉာဏ်ဖြင့် ဆင်ခြင်ပြီး ခဏမစဲ ဖြစ်ပျက်နေတဲ့ ဥပါဒါနက္ခန္ဓာ ငါးပါး၏ အဖြစ်အပျက်ကို ရှုတော်မူတယ်။ ဒီလိုရှုနေရင်း ဝိပဿနာဉာဏ်၊ အရိယာမဂ်ဉာဏ်တွေ အစဉ်အတိုင်း တက်ပြီး အရဟတ္တမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် သစ္စာ ၄ ပါး အမှန်တရားတွေကို ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် အမှန်အတိုင်း သိတော်မူတယ်။ ဒီလို သိသည်နှင့်တစ်ပြိုင်နက်

http://www.dhammadownload.com



အလုံးစုံကို သိနိုင်တဲ့ သဗ္ဗညုတဉာဏ် အစရှိသော ဗုဒ္ဓမြတ်စွာဘုရားတို့၏ ဉာဏ်အလုံးစုံ ကိုလည်း ရတော်မူပါတယ်။

ပဋိစ္စသမုပ္ပါဒ် အင်္ဂါ (၁၂) ပါးဆိုတဲ့ တရားတွေထဲက တစ်ခု တစ်ခုကို ဒုက္ခသစ္စာအဖြစ်ဖြင့် မှူတည်ပြီး သစ္စာ (၄) ပါးတို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ခွဲခြမ်းဝေဖန်၍ မှန်ကန်စွာ သိခြင်းပင် ဖြစ်ပါတယ်။

ပဋိစ္စသမုပ္ပါဒ် အင်္ဂါ (၁၂) ပါးကို သစ္စာ (၄) ပါးဖြင့် ပိုင်းခြားသိပုံမှာ -

- အိုခြင်း၊ သေခြင်းက အကျိုး၊ ဒုက္ခသစ္စာ။ ဘဝအသစ်ဖြစ်ခြင်းက အကြောင်း၊ သမုဒယသစ္စာ။ ထိုအကြောင်း အကျိုး နှစ်မျိုးလုံး မဖြစ်ရာက နိရောဓသစ္စာ။ နိရောဓကို သိတာက မဂ္ဂသစ္စာ။
- ဘဝအသစ်ဖြစ်ခြင်းက "ဒုက္ခသစ္စာ"၊ ဖြစ်ကြောင်း ကံက "သမုဒယသစ္စာ"။ ထို နှစ်မျိုးလုံး မဖြစ်ရာက "နိရောဓသစ္စာ"၊ နိရောဓကို သိတာက "မဂ္ဂသစ္စာ" စသည်အားဖြင့် အဆင့်ဆင့်ကို ဤသို့ သိပါလေ။
    - ဖြစ်ကြောင်းကံက ဒုက္ခသစ္စာ။ စွဲလမ်းတာက သမုဒယသစ္စာ။
    - စွဲလမ်းတာက ဒုက္ခသစ္စာ။ တပ်မက်တာက သမုဒယသစ္စာ။
    - တပ်မက်တာက ဒုက္ခသစ္စာ။ ခံစားတာက သမုဒယသစ္စာ။
    - ခံစားတာက ဒုက္ခသစ္စာ။ တွေ့တာက သမုဒယသစ္စာ။
    - တွေ့တာက ဒုက္ခသစ္စာ။ အာယတနက သမုဒယသစ္စာ။
    - အာယတနက ဒုက္ခသစ္စာ။ နာမ်ရုပ်က သမုဒယသစ္စာ။
    - နာမ်ရုပ်က ဒုက္ခသစ္စာ။ ဝိညာဏ်က သမုဒယသစ္စာ။
    - ဝိညာဏ်က ဒုက္ခသစ္စာ။ သင်္ခါရက သမုဒယသစ္စာ။
    - သင်္ခါရက ဒုက္ခသစ္စာ။ အဝိဇ္ဇာက သမုဒယသစ္စာ။

ထိုအကြောင်းအကျိုး နှစ်မျိုးလုံး မဖြစ်ရာက နိရောဓသစ္စာ၊ နိရောဓကို သိတာက မဂ္ဂသစ္စာ။

## စက်ရဟတ်ပျက်ကိန်းမှာ အဝိဇ္ဇာခေါင်ချုပ်ပမာ

(ဆရာကြီးဒေါက်တာမင်းတင်မွန်)

သစ်ပင်တစ်ပင်၌ ရေသောက်မြစ်ပြတ်လျှင် တစ်ပင်လုံး ပျက်စီးရသကဲ့သို့ ထို့အတူ သံသရာတွင် စည်ပင်နေသည့် သတ္တဝါဟု ခေါ် ဆိုအပ်သော ရုပ်နာမ်ခန္ဓာ သစ်ပင်ကြီး

http://www.dhammadownload.com



၌ အဝိဇ္ဇာ၊ တဏှာ ဟူသည့် ရေသောက်မြစ် (၂) ခုကို အရဟတ္တမဂ်လက်နက်ဖြင့် ဖျက်ဆီးလိုက်သောအခါ "ရုပ်နာမ်သံသရာကြီး အပြီးသတ်ချုပ်ငြိမ်း" လေတော့၏။ ဤသည်ကို ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ပြတ်သည်။ ဝဋ်ပြတ်သည်ဟု ခေါ်ပါသည်။

အရဟတ္တမဂ်ဖြင့် အဝိဇ္ဇာကို သတ်လိုက်သည့်အခါ အဝိဇ္ဇာအကြွင်းမဲ့ ချုပ်ငြိမ်း၏။ အဝိဇ္ဇာ အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းကြောင့် သင်္ခါရတို့ ချုပ်ငြိမ်းခြင်းသည် ဖြစ်၏။ သင်္ခါရတို့ ချုပ်ငြိမ်းခြင်းကြောင့် ဝိညာဏ်၏ ချုပ်ငြိမ်းခြင်းသည် ဖြစ်၏။ (ပ) တဏှာ၏ အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းကြောင့် ဥပါဒါန်တို့၏ ချုပ်ငြိမ်းခြင်းသည် ဖြစ်၏။ ဥပါဒါန်တို့၏ အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းကြောင့် ဘဝချုပ်ငြိမ်းခြင်းသည် ဖြစ်၏။ ဘဝချုပ်ငြိမ်းကြောင့် ဇာတိချုပ်ငြိမ်းခြင်းသည် ဖြစ်၏။ ဇာတိချုပ်ခြင်းကြောင့် အိုမင်းရင့်ရော်ခြင်း ဇရာ၊ သေဆုံးခြင်း မရဏတို့၏ ချုပ်ငြိမ်းခြင်းသည် ဖြစ်၏။

ဤတွင် အဘယ်အကြောင်းကြောင့် အဝိဇ္ဇာဖြစ်သနည်းဟု မေးဖွယ်ရာ ရှိ၏။ **"အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော"** ဟူသော ပါဠိတော်အရ အဝိဇ္ဇာ၏ အကြောင်းသည် **အာသဝေါတရား (၄) ပါး** ဖြစ်သည်ဟု သိအပ်၏။ အာသဝေါတရား (၄) ပါးတို့ ကား - ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝတို့တည်း။

"ဇာတိ ပစ္စယာ၊ သောက ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ" ဟု ဇာတိကြောင့် သောက ပရိဒေဝ စသည်တို့ ဖြစ်ကြ၏ဟု ပဋိစ္စသမုပ္ပါဒ်တရားတော်၌ ပြထားသော်လည်း ဇာတိသည် **သောက စသည်တို့ဖြစ်ဖို့ရာ** မကင်းစကောင်းသော အကြောင်းဝေးသာ ဖြစ်၏။ သောက စသည်တို့ဖြစ်ဖို့ရာ **အနီးဆုံး အကြောင်းမှာ အာသဝေါတရားများပင်** ဖြစ်၏။

"ကာမတော ဇာယတေသောကော" စသည်နှင့်အညီ **ချစ်ခင်စုံမက် နှစ်သက်တတ်သော "ကာမာသဝကြောင့်" သောက စသည်ဖြစ်ရ**၏။ နေ့စဉ် လူအများ သေဆုံးနေကြသည်ကို ကြားသိရသော်လည်း သောကပရိဒေဝတို့ မဖြစ်မိ။ မိမိ အလွန်ချစ်ခင်နှစ်သက်သော သူတစ်ယောက်သေလျှင် သောက၊ ပရိဒေဝ အလွန်အမင်း ဖြစ်ရလေတော့၏။ ဤသည်ကို ထောက်ချင့်၍ **ကာမာသဝ တဏှာ လောဘကြောင့် သောက၊ ပရိဒေဝ စသည်တို့ ဖြစ်ရကြောင်း** ထင်ရှားပေပြီ။

**"ဒိဋ္ဌာသဝကြောင့်" သောကစသည်ဖြစ်ပုံ**မှာ "ရုပ်ဟူသည် ငါတည်း။ ငါ၏ ရုပ် တည်း" ဟု ဒိဋ္ဌာသဝဖြင့် စွဲလမ်းနေသူသည် ရုပ်တရားဖောက်ပြန်ပြောင်းလဲသောအခါ **သောကစသည် ဖြစ်ရ**၏။

http://www.dhammadownload.com



"ဘဝါသဝကြောင့်" သောကစသည်ဖြစ်ပုံမှာ ခမ်းနားကြီးကျယ်သော ဘုံဗိမာန်များဝယ် ကာလရှည်ကြာစွာ စံနေကြရသည့် နတ်ဗြဟ္မာများသည် ဘဝါသဝဖြင့် အားရနှစ်သက်နေကြ၏။ ဘုရားရှင်၏ ဒုက္ခ၊ အနိစ္စ၊ အနတ္တနှင့် စပ်သော တရားစကားကို ကြားကြရသည့်အခါ ထိုနတ်ဗြဟ္မာများသည် မိမိတို့၏ ဘဝမမြဲသည်ကို တွေးမိ၍ လွန်စွာ ထိတ်လန့် ကြောက်ရွံ့လျက် သောက၊ ဒေါသ၊ ဒေါမနဿတို့ ဖြစ်ကြရ၏။

"အဝိဇ္ဇာသဝကြောင့်" သောကစသည်ဖြစ်ပုံမှာ "အဝိဇ္ဇာမကင်းသော လူဖျင်း၊ လူအ၊ လူဗာလတို့သည် အဝိဇ္ဇာသဝကြောင့် သောက၊ ဒုက္ခ၊ ဒေါမနဿတို့ကိုခံစားကြရ၏" ဟု ဗုဒ္ဓရှင်တော် ဟောမြွက်ထားပေ၏။

ဤသို့လျှင် အာသဝတရား (၄) ပါးကြောင့် သောကစသည်တို့ ဖြစ်ကြ၏။ သောက စသည်ဖြစ်လျှင် အဝိဇ္ဇာလည်း ပါဝင်လေတော့၏။ သောက၊ ဒေါမနဿ ဥပါယာသတို့သည် ဒေါသမူစိတ် (၄) ပါး၌ ယှဉ်သော တရားများ ဖြစ်ကြောင်း။ ထို့ကြောင့် သောက၊ ပရိဒေဝ၊ ဒေါမနဿတို့ ဖြစ်ပေါ်တိုင်း အဝိဇ္ဇာဟူသော မောဟသည်လည်း အမြဲယှဉ်လျက်ပါ၏။

ပရိဒေဝ ဟူသည့် ငိုကြွေးခြင်းမှာလည်း အဝိဇ္ဇာ မကင်းသည့် သူတို့၌ပင် ဖြစ်လေ့ရှိ၏။ ဒုက္ခဖြစ်၍ ကိုယ်ဆင်းရဲသည့်အခါ စိတ်မသက်မသာဘဲ ဒေါသမူလစိတ် ဖြစ်သည့်အတွက် ဒေါမနဿနှင့် အဝိဇ္ဇာတို့ ဆက်လက်ဖြစ်ကြရ၏။

ထို့ကြောင့် သောကစသည် ဖြစ်ပေါ်သောအခါ အဝိဇ္ဇာသည် အတူတကွ ဖြစ်စေ၊ ရှေ့နောက်ဖြစ်စေ ပါဝင်လေ၏။ "အရင်းစစ် အမြစ်မြေကစ" ဆိုသလို အာသဝေါတရား (၄) ပါးကြောင့် သောက ပရိဒေဝ စသည်တို့ ဖြစ်ပေါ်၍ သောကစသည်ဖြစ်ပေါ်သောအခါ အဝိဇ္ဇာသည်လည်း ပါဝင်လာတော့၏။ သို့ဖြစ်၍ အဝိဇ္ဇာ၏ အကြောင်းသည် အာသဝေါတရား (၄) ပါး ဖြစ်ပါသတည်း။

အာသဝကြောင့် အဝိဇ္ဇာဖြစ်သည်ဆိုလျှင် အာသဝတို့ကား အဘယ်အကြောင်းကြောင့် ဖြစ်သနည်းဟု ထပ်ဆင့် မေးဖွယ်ရာ ရှိ၏။

အာသဝ (၄) ပါးတို့သည် ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝတို့ဖြစ်ကြရာ တဏှာ၊ ဥပါဒါန်နှင့် အကုသိုလ်ကမ္မဘဝတို့တွင် ထိုက်သည်အားလျော်စွာ ပါဝင်ကြလေပြီ။ သို့အတွက် တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝတို့၏ ဖြစ်ကြောင်းသည်ပင်လျှင် အာသဝတို့၏ ဖြစ်ကြောင်းဟု ဆိုနိုင်၏။

http://www.dhammadownload.com



ထို့အပြင် အာသဝေါတရား (၄) ပါးတို့ကြောင့် သောက ပရိဒေဝ စသည်တို့ ဖြစ်ပေါ် ရပြီး သောက၊ ပရိဒေဝ စသည်တို့ ဖြစ်ပေါ် သောအခါ အဝိဇ္ဇာသည်လည်း တွဲ၍ ဝင်လာ၏။ ထို့ကြောင့် ရှေးရှေး အဝိဇ္ဇာသဝကြောင့်လည်း သောက ပရိဒေဝ စသည်တို့နှင့်တကွ၊ နောက်နောက် အဝိဇ္ဇာ ဖြစ်ပေါ် ရ၏။

အာသဝကြောင့် အဝိဇ္ဇာဖြစ်ရသည်ဆိုလျှင် အဘယ်ကြောင့် အဝိဇ္ဇာကို အစထား၍ ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ဟောကြားရသနည်းဟု မေးဖွယ်ရာ ရှိ၏။

ပဋိစ္စသမုပ္ပါဒ် ဝဋ်တရားအပေါင်းတွင် အဝိဇ္ဇာနှင့်တဏှာတို့သည် ဝဋ်မြစ် (၂) ပါးဖြစ်၍ ဦးခေါင်းပမာ လွန်စွာ အရေးကြီးကြ၏။ သင်္ခါရသုံးပါးကို ပြုစီမံရာ၌ သတ္တဝါတို့သည် အဝိဇ္ဇာ လွှမ်းမိုးဖုံးအုပ်ခံထားရသည် ဖြစ်၍ တဏှာဖြင့် မက်မောသည် ဖြစ်လျက် ပြုမိကြခြင်း ဖြစ်၏။ ထို့ကြောင့် ထိုဝဋ်မြစ် (၂) ပါးတွင် အဝိဇ္ဇာက သာလွန် ပြဋ္ဌာန်း၏။ အဝိဇ္ဇာက အပြစ်များကို ဖုံးလွှမ်းထား၍ တဏှာက မက်မောမိ၏။

ဤသို့လျှင် ဝဋ်တရားအပေါင်း၌ ခေါင်ချုပ်ပမာ လွန်စွာအရေးကြီးသော အဝိဇ္ဇာကို ရှေးဦးအစ ထားလျက် ပဋိစ္စသမုပ္ပါဒ် တရားတော်ကို ဗုဒ္ဓဟောမြွက်ခဲ့ခြင်း ဖြစ်၏။ အဝိဇ္ဇာကို အစထားသဖြင့် ဝဋ်တရားများ ဖြစ်စဉ်တွင် အဝိဇ္ဇာက အစဆုံးဖြစ်သည်ကား မဟုတ်။ အဝိဇ္ဇာဖြစ်ဖို့ရာ အာသဝတရား (၄) ပါးဟူသော အကြောင်းများ ရှိကြပေသေးသည်ကို သိရာ၏။

http://www.dhammadownload.com

# အခန်း (၂)
# အနုလောမ ပဋိစ္စသမုပ္ပါဒ် – ဖြစ်စဉ်နှင့် ပို့လက်ာ အဖြေလွှာ

## (၁) အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ
### အရကောက်နှင့် သဘောသရုပ် ထင်လွယ် အဓိပ္ပာယ်

"မိုက်မဲစွာလှ၊ မှောင်ကြီးချ၊ မောဟအဝိဇ္ဇာ"

ဟူသော လယ်တီဆရာတော်ဘုရားကြီး၏ ပရမတ္ထသံခိပ်ကျမ်းလာအရ-

သစ္စာလေးပါးကို မသိနိုင်ကြအောင် သတ္တဝါတို့၏ စိတ်သန္တာန်၌ မိုက်မဲစွာလှ မှောင်ကြီးကျ၍နေသော မောဟစေတသိက်သည် အဝိဇ္ဇာမည်၏။ တစ်နည်းအားဖြင့်- သတ္တဝါတို့ကို အင်္ဂါလေးပါးရှိသော မှောင်ကြီးချသကဲ့သို့ မိုက်မဲတွေဝေစေတတ်သော အကုသိုလ်စိတ် (၁၂) ပါး၌ရှိသော မောဟစေတသိက်သည် အဝိဇ္ဇာမည်၏။

ထို့ကြောင့် အဝိဇ္ဇာ= အ+ ဝိဇ္ဇာ= ဆန့်ကျင်ဘက် + ဉာဏ်။ ဉာဏ်၏ဆန့်ကျင်ဘက်တရားကို အဝိဇ္ဇာဟု ခေါ်ပေရာ၊ တရားကိုယ်မှာ အကုသိုလ်စိတ် (၁၂) ပါး၌ ယှဉ်သော မောဟစေတသိက် ဖြစ်၏။

အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်သည် ဆိုသည်မှာ-

ရှစ်ဌာနၶ တွေဝေခြင်းကြောင့် လောကီကုသိုလ်၊ အကုသိုလ် စေတနာ (၂၉) ခု ဟူသော သင်္ခါရတရားတို့ဖြစ်သည်ကို ပြဆိုခြင်း ဖြစ်သည်။ (တစ်နည်းအားဖြင့်)

သိထိုက်သည်ကို မသိ၊ မသိထိုက်သည်ကို သိသော၊ အဝိဇ္ဇာတရားကြောင့် ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရတည်း ဟူသော သင်္ခါရတရားတို့သည် ဖြစ်ပေါ်လာကြကုန်၏ဟု ပြဆိုခြင်း ဖြစ်သည်။

http://www.dhammadownload.com



အဝိဇ္ဇာနှင့်စပ်လျဉ်း၍ နဝမလယ်တီဆရာတော်ကြီး လယ်တီ-အရှင်ကေလာသက-

"တတ္ထ ကတမာ အဝိဇ္ဇာ၊
ဒုက္ခေ အညာဏံ၊
ဒုက္ခ သမုဒယေ အညာဏံ၊
ဒုက္ခ နိရောဓေ အညာဏံ၊
ဒုက္ခ နိရောဓ ဂါမိနိယာ ပဋိပဒါယ အညာဏံ၊
အယံ ဝုစ္စတိ အဝိဇ္ဇာ"-
ဟူ၍ ဝိဘင်းပါဠိတော်အရ
အဝိဇ္ဇာသည်-

(၁) ဒုက္ခသစ္စာ၌ မသိမမြင်နိုင်အောင် ဖုံးလွှမ်းခြင်းတစ်ပါး
(၂) သမုဒယသစ္စာ၌ မသိမမြင်နိုင်အောင် ဖုံးလွှမ်းခြင်းတစ်ပါး
(၃) နိရောဓသစ္စာ၌ မသိမမြင်နိုင်အောင် ဖုံးလွှမ်းခြင်းတစ်ပါး
(၄) မဂ္ဂသစ္စာ၌ မသိမမြင်နိုင်အောင် ဖုံးလွှမ်းခြင်းတစ်ပါး-
ဤလေးပါးတို့တည်း။

ယင်းလေးပါးတို့တွင်-

(၁) အတိတ်ဖြစ်သော ရှေးအဖို့၌ဖြစ်သည့် ခန္ဓာ,အာယတန,ဓာတ်တို့ကို မသိမှု၊ မသိနိုင်အောင် ဖုံးလွှမ်းမှု၊ ပုဗ္ဗန္တတစ်ပါး၊
(၂) အနာဂတ်ဖြစ်သော နောက်အဖို့၌ဖြစ်သည့် ခန္ဓာ,အာယတန,ဓာတ်တို့ကို မသိမှု၊ မသိနိုင်အောင် ဖုံးလွှမ်းမှု၊ အပရန္တတစ်ပါး၊
(၃) နှစ်ပါးစုံသောအဖို့၌ဖြစ်သည့် ခန္ဓာ,အာယတန,ဓာတ်တို့ကို မသိမှု၊ မသိနိုင်အောင် ဖုံးလွှမ်းမှု၊ ပုဗ္ဗန္တာပရန္တတစ်ပါး၊
(၄) ပဋိစ္စသမုပ္ပါဒ်တို့ကို မသိမှု၊ မသိနိုင်အောင် ဖုံးလွှမ်းမှု၊ ဣဒပ္ပစ္စယတာ တစ်ပါး၊

ဤလေးပါးနှင့်တကွ ဓမ္မသင်္ဂဏီပါဠိတော်၌ လာသောအားဖြင့် ရှစ်ပါးဖြစ်၏-ဟူ၍ ပြဆိုတော်မူသည်။

ထို့ပြင် ညောင်လေးပင်တောရဆရာတော်ဘုရားကြီးကလည်း ရှစ်ဌာန၌ တွေဝေခြင်းသည်-

http://www.dhammadownload.com



(၁) အိုဘေး၊ နာဘေး၊ သေဘေးအကြား ခန္ဓာငါးပါးဒုက္ခကို သုခဟု ထင်မှတ်ခြင်းသည် ဒုက္ခသစ္စာ၌ တွေဝေသည်မည်၏။

(၂) ဒုက္ခဖြစ်ကြောင်း တဏှာလောဘကို သုခဖြစ်ကြောင်းဟု မှတ်ထင်ခြင်းသည် သမုဒယသစ္စာ၌ တွေဝေသည်မည်၏။

(၃) နိဗ္ဗာန်မဟုတ်သည်ကို အိုဘေး၊ နာဘေး၊ သေဘေးကင်းရာ နိဗ္ဗာန်ဟု မှတ်ထင်ခြင်းသည် နိရောဓသစ္စာ၌ တွေဝေသည်မည်၏။

(၄) မဂ္ဂင်ရှစ်ပါးမဟုတ်သည်ကို နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်ဟု မှတ်ထင်ခြင်းသည် မဂ္ဂသစ္စာ၌ တွေဝေသည်မည်၏။

(ဤကား **သစ္စာလေးပါး၌ တွေဝေခြင်းလေးပါးတည်း။**)

(၅) ရှေးရှေးဘဝ, ခန္ဓာ, အာယတန, ဓာတ်တို့၏ မပြတ်ဖြစ်ခြင်းကို မသိခြင်းသည် သံသရာရှေ့အစွန်း၌ တွေဝေသည်မည်၏။

(၆) နောက်နောက်ဘဝ, ခန္ဓာ, အာယတန, ဓာတ်တို့၏ မပြတ်ဖြစ်ခြင်းကို မသိခြင်းသည် သံသရာနောက်အစွန်း၌ တွေဝေသည်မည်၏။

(၇) ရှေးရှေးဘဝ, နောက်နောက်ဘဝခန္ဓာ, အာယတန, ဓာတ်တို့၏ မပြတ်ဖြစ်ခြင်းကို မသိခြင်းသည် သံသရာရှေ့နောက်အစွန်း၌ တွေဝေသည် မည်၏။

(၈) အဝိဇ္ဇာ, သင်္ခါရ စသည်တို့ကြောင့် သင်္ခါရ, ဝိညာဏ် စသည်တို့၏ ကြောင်းကျိုးဆက်စပ် မပြတ်ဖြစ်သည်ကို ငါဖြစ်သည်၊ သူဖြစ်သည်၊ ငါ့ကြောင့်ဖြစ်သည်၊ သူ့ကြောင့်ဖြစ်သည်ဟု စွဲယူမှတ်ထင်ခြင်းသည် ပဋိစ္စသမုပ္ပါဒ်၌ တွေဝေသည်မည်၏။

(ဤကား ရှစ်ဌာန၌ တွေဝေပုံတည်း) ဟူ၍ ရှင်းလင်းပြဆိုလေသည်။

ဤအဝိဇ္ဇာ မည်သော မောဟတရားသည် **အရေအတွက်အားဖြင့်** "လေးပါး၊" "ရှစ်ပါး" ဟုဆိုသော်လည်း **သဘောအားဖြင့်** ဖုံးလွှမ်းကွယ်ကာတတ်သောသဘော **တစ်ခုတည်းသာ** ဖြစ်၏။

(၁) လကွယ်နေ့ညဖြစ်ခြင်း
(၂) သန်းခေါင်ယံအချိန်ဖြစ်ခြင်း
(၃) အရပ်ရှစ်မျက်နှာ မိုးမှောင်တိမ်လွှာတို့ အုပ်ဖုံးနေခြင်း
(၄) ကြီးစွာသော တောအုပ်အတွင်း၌ ဖြစ်ခြင်း။

http://www.dhammadownload.com



ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသောအမိုက်တိုက်သည် လောက၌ အလွန်မိုက်သော မဟာတမမှောင်ကြီးဟု ဆိုကြကုန်၏။ ထိုအမိုက်မှောင်သည် အဘယ်မျှကြာအောင် တည်နေ၊ မိုက်နေနိုင်မည်နည်း၊ အလွန်တည်နေ၊ မိုက်နေနိုင်ပါမှ တစ်ညတာမျှသာ ရှိပေမည်။ နံနက်အရုဏ်တက်လာသည်မှစ၍ ထိုအမိုက်မှောင်သည် နေရောင် ထွန်းတက်လာတိုင်း တစ်စတစ်စ ပျောက်ကွယ်သွားရပေမည်။

ဤမောဟအမိုက်သည်ကား နေရောင်၊ လရောင် အလင်းဆောင်၍ မရနိုင်။ နေပေါင်းတစ်ထောင်၊ လပေါင်းတစ်ထောင် တစ်ပြိုင်နက် အလင်းဆောင်သော်လည်း ထိုမောဟအမိုက်မှောင် မပျောက်နိုင်ပေ။ သတ္တဝါသန္တာန်၌ ကမ္ဘာ့ကမ္ဘာ မည်မျှကြာပြီဟု မသိနိုင်သော သံသရာတစ်လျှောက်လုံး အုပ်ဖုံးလာခဲ့ပေသည်။ ထို့ကြောင့် မဟာတမ ခေါ်ကြသည့် လောကအမိုက်မှောင်ထက် ထိုမောဟအမိုက်မှောင်သည် သာလျှင် လွန်ကဲသော အမိုက်မှောင် ဖြစ်ပေသည်။

ထို့ကြောင့်လည်း ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက-

* “အမှန်လေးချက်၊ သဘောနက်ကို
ဖုံးဝှက်ကွယ်ကာ၊ အဝိဇ္ဇာဟု
မဟာတမ၊ မှောင်ကြီးကျလျက်” ဟူ၍လည်းကောင်း၊

* “သန်းခေါင်လကွယ်၊ တောအုပ်လယ်၌
ရှစ်နယ်ပတ်လုံး၊ အပြည့်ဖုံးသည့်
မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား
အမိုက်အပြား၊ အင်လေးပါးထက်
နင်ကားရာထောင်၊ မကမှောင်၏” ဟူ၍လည်းကောင်း ဆုံးမခဲ့လေသည်။

**“အကုသိုလ်နှင့် ကုသိုလ်နှစ်ထွေ၊ စေတနာမွေ၊ ကံသုံးဝ၊ မှတ်ကြသင်္ခါရာ”** ဟူသော လယ်တီဆရာတော်ဘုရားကြီး၏ ပရမတ္ထသံခိပ်ကျမ်းလာအတိုင်း-

အကုသိုလ်စေတနာ- ကာယကံ၊ ဝစီကံ၊ မနောကံ (၃) ပါး
မဟာကုသိုလ်စေတနာ- ကာယကံ၊ ဝစီကံ၊ မနောကံ (၃) ပါး
မဟဂ္ဂုတ် (၉) ခု ကုသိုလ်စေတနာ-မနောကံ။
ဤအကုသိုလ်၊ ကုသိုလ် အလုံးစုံသည် သင်္ခါရ မည်၏။

http://www.dhammadownload.com



ကာယကံကို ကာယသင်္ခါရ၊
ဝစီကံကို ဝစီသင်္ခါရ၊
မနောကံကို စိတ္တသင်္ခါရ- ခေါ်၏။
(တစ်နည်းကား)-

ကာမကုသိုလ်စေတနာ (၈) ခု၊ အကုသိုလ်စေတနာ (၁၂) ခုသည် ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရ၌ ဖြစ်၏။ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရ- လည်းမည်၏။ ရူပကုသိုလ်စေတနာ (၅) ခု၊ အရူပကုသိုလ်စေတနာ (၄) ခုသည် မနောဒွါရ၌သာ ဖြစ်သည်။ စိတ္တသင်္ခါရ သာမည်၏။ ကာယသင်္ခါရ၊ ဝစီသင်္ခါရ မမည်။

ဤနေရာတွင် ကုသိုလ်ပဲဖြစ်ဖြစ်၊ အကုသိုလ်ပဲဖြစ်ဖြစ် ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရ ဤသုံးမျိုးကလွဲပြီး လုပ်မရလေရကား ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရတို့ကို ပြန်၍ ချုပ်လိုက်လျှင်လည်း ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရ ဆိုသည့် ကာယကံ၊ ဝစီကံ၊ မနောကံ၊ ထိုကံသုံးမျိုးမှာပင် ပြန်ဝင်ကြောင်း သိထားရာ၏။

ထို့ကြောင့် သင်္ခါရ ဟူသည်မှာ- **ယခုဘဝ ကိုယ်မှု နှုတ်မှု စိတ်မှုများနှင့် နောက်ဘဝအတွက် အကျိုးဝိပါက်များကို ပြုစီမံတတ်သော ကံတရားဖြစ်ရကား** တရားကိုယ်မှာ လောကီကုသိုလ်စိတ် (၁၇) ပါး နှင့် အကုသိုလ်စိတ် (၁၂) ပါးတို့၌ ယှဉ်သော **စေတနာ (၂၉) ပါး**တို့ ဖြစ်ကြ၏။

ဤနေရာတွင် သင်္ခါရဆိုသည်မှာ ဘာပဲလုပ်လုပ် စေတနာ၏ဦးဆောင်မှု၊ နှိုးဆော်မှု၊ လှုံ့ဆော်မှုကြောင့်သာ လုပ်ဖြစ်တာမို့ **စေတနာကိုပင် သင်္ခါရ** ခေါ်သည်။ **'ကံ'**ဟုလည်း ခေါ်သည်ကို သိထားရာ၏။

**"ပုညာ ပုညာ၊ အာနေဉ္ဇ၊ သုံးဝခွဲစိတ်ဖြာ"** ဟူသော ပရမတ္ထသံခိပ်လာ အတိုင်း-

အကုသိုလ် (၁၂) ပါး၌ ယှဉ်သော စေတနာ (၁၂) ပါးကို အပုညာဘိသင်္ခါရ- ဟုခေါ်၏။

| | | | | |
|---|---|---|---|---|
| အပုညာဘိသင်္ခါရ | = | အပုည | + | အဘိသင်္ခါရ |
| | = | အကုသိုလ် | + | ပြုစီမံတတ်သောတရား။ |

မဟာကုသိုလ် စိတ် (၈) ပါး၊ ရူပါဝစရကုသိုလ်စိတ် (၅) ပါးတို့၌ ယှဉ်သော စေတနာ (၁၃) ပါးကို ပုညာဘိသင်္ခါရ-ဟုခေါ်၏။

http://www.dhammadownload.com



ပုညာဘိသင်္ခါရ = ပုည + အဘိသင်္ခါရ
= ကုသိုလ် + ပြုစီမံတတ်သောတရား။

အရူပါဝစရကုသိုလ်စိတ် (၄) ပါးတို့၌ ယှဉ်သော စေတနာ (၄) ပါးကို အာနေဉ္ဇာဘိသင်္ခါရ-ဟုခေါ်၏။

အာနေဉ္ဇာဘိသင်္ခါရ = အာနေဉ္ဇ + အဘိသင်္ခါရ
= မတုန်လှုပ်ခြင်း + ပြုစီမံတတ်သောတရား။

အရူပဈာန်များသည် သမာဓိအားကောင်းကြသဖြင့် ဆန့်ကျင်ဘက်တရားတို့ကြောင့် မလှုပ်ရှား၊ မယိမ်းယိုင်၊ မြဲခိုင်ကြသည့်အတွက် အာနေဉ္ဇ မည်၏။

## အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံ အကျဉ်းအဓိပ္ပာယ်

(မူလပဌာန်းဆရာတော်ကြီး ဦးနာရဒ)

- နက်နဲလှစွာသော ချောက်ကမ်းပါး၌ တည်ရှိသော နတ်သမီးကို လိုချင်၍ ဘေးဖြစ်မှာကို လုံးဝမြော်မြင်မှုမရှိဘဲ ချောက်တွင်းသို့ ခုန်ဆင်းသောသူ
- မီးရောင်ကို ရွှေရောင်ထင်ကာ မီးတောက်အတွင်းသို့ ပြေးဝင်သော ပိုးဖလံ
- ပျားရည်သုတ်လိမ်းထားသော သန်လျက်သွားကို လျှာဖြင့် လျက်မှားသောသူ
- မစင်ပုံကို ပျော်ရွှင်စွာ ကစားသော ကလေးငယ်
- သေလို၍ အဆိပ်သောက်သောသူ
- မျက်စိလည်ကာ တစ္ဆေ၊ မြေဘုတ်တို့၏ မြို့တွင်းသို့ ဝင်မှားသောသူများကဲ့သို့-

အပုတ်အမှန်ကို မမြင်နိုင်အောင် အဝိဇ္ဇာဖုံးလွှမ်းမှုကြောင့် ဝိပရိဏာမဒုက္ခ စသော ဒုက္ခအတိသာ ဖြစ်သော တေဘူမကဝဋ်တရားစု၏ အာဒီနဝကို မမြင်နိုင်ဘဲ ကောင်းမြတ်သာယာ နှစ်သက်ဖွယ်ဟု ထင်မှတ်ကာ တေဘူမကဝဋ်၌ ကျင်လည်စေမည့် ပုညာဘိသင်္ခါရ စသော သင်္ခါရကို ပြုရ၏။

အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရစသော သင်္ခါရဖြစ်ပုံမှာ ဒုက္ခတုံးကြီးဖြစ်သော ခန္ဓာကိုယ်မှန်ပါလျက် အဝိဇ္ဇာဖုံးလွှမ်းမှုကြောင့် ဒုက္ခမထင် သုခထင်ကာ ငါ့ကိုယ်ဟု ခင်မင်စွဲလမ်းပြီး ဤပစ္စုပ္ပန်ခန္ဓာကိုယ်အတွက်နှင့် ပါဏာတိပါတာ စသော ဒုစရိုက် ဆယ်ပါးကို ပြုမှားမိကာ အပုညာဘိသင်္ခါရ ဖြစ်ရ၏။

အဝိဇ္ဇာကြောင့် ပုညနှင့် အာနေဉ္ဇာဘိသင်္ခါရဖြစ်ပုံမှာ နောင်အနာဂတ်ဖြစ်ရလတ္တံ့. လူနတ်ပြဟ္မာခန္ဓာတို့သည် ဒုက္ခအစစ်အမှန်ဖြစ်လည်း အဝိဇ္ဇာကာကွယ်မှု

http://www.dhammadownload.com



ကြောင့် သုခထင်မြင်ကာ ဤဘဝမှ စုတေလျှင် လူနတ်ပြဟ္မာ ခန္ဓာသစ်ကို ရလို၍ ထိုထိုဒါန, သီလ, ဘာဝနာကို အားထုတ်ကြမှုကြောင့် ပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ ဖြစ်၏။

## အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံ အကျဉ်းအဓိပ္ပာယ်

(ညောင်လေးပင်တောရဆရာတော်ဘုရားကြီး)

စုတိ၊ ပဋိသန္ဓေ၊ သံသရာ၊ သင်္ခတလက္ခဏာ၊ ပဋိစ္စသမုပ္ပါဒ်၊ "ဤငါးဌာနၶ တွေဝေသော အဝိဇ္ဇာ" ကြောင့်လည်း "သင်္ခါရသုံးမျိုး ဖြစ်နိုင်" တယ်လို့ အဋ္ဌကထာ ဆိုထားရာ -

စုတိ၌ တွေဝေပုံမှာ-ရုပ်နာမ်တို့၏ "အကြောင်းအားလျော်စွာ ပျက်ခြင်း" သည် "မရဏ မည်၏။ စုတိမည်၏။" ဤအနေမျှ သိရမည်ကို သတ္တဝါသေသည်၊ ငါ့သားသမီး သေသည်ဟု လွန်ကဲ၍ သိခြင်းသည် စုတိ၌ တွေဝေခြင်းမည်၏။

ပဋိသန္ဓေ၌ တွေဝေပုံမှာ- ရုပ်နာမ်တို့၏ "အကြောင်းအားလျော်စွာ ဖြစ်ခြင်း" သည် "ဇာတိမည်၏။ ပဋိသန္ဓေမည်၏။" ဤအနေမျှ သိရမည်ကို သတ္တဝါ မွေးဖွား၏။ ငါ့မှာသားသမီးဖြစ်၏ဟု လွန်၍ ကဲ၍ သိခြင်းသည် ပဋိသန္ဓေ၌ တွေဝေခြင်းမည်၏။

သံသရာ၌ တွေဝေပုံမှာ- "ခန္ဓာ, အာယတန, ဓာတ်တို့၏" ကြောင်းကျိုး ဆက်စပ် "မပြတ်ဖြစ်ခြင်းသည် သံသရာမည်၏။" ဤအနေမျှ သိရမည်ကို သူသူငါငါ သတ္တဝါ အပေါင်းသည် တစ်ဘဝမှ တစ်ဘဝသို့ သွား၏။ လာ၏။ ကူးပြောင်း၏ စသည်ဖြင့် လွန်၍ ကဲ၍ သိခြင်းသည် သံသရာ၌ တွေဝေခြင်းမည်၏။

သင်္ခတလက္ခဏာ၌ တွေဝေပုံမှာ စိတ်ဟူသော သင်္ခတတရားသည် သိခြင်း လက္ခဏာ ရှိ၏။ စေတသိက်ဟူသော သင်္ခတတရားသည် ထိခြင်း၊ ခံစားခြင်း စသော လက္ခဏာရှိ၏။ ရုပ်ဟူသော သင်္ခတတရားသည် ကြမ်းတမ်းခြင်း၊ ယိုစီးခြင်း၊ ပူအေးခြင်း၊ ထောက်ခံခြင်း စသော လက္ခဏာရှိ၏။ ဤကား သဘာဝလက္ခဏာ မည်၏။

စိတ်၊ စေတသိက်၊ ရုပ် ဟူသော သင်္ခတတရားသုံးပါးလုံးသည် အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာ ရှိ၏။ ဤကား သာမညလက္ခဏာမည်၏။

ဤသို့ "သဘာဝလက္ခဏာ၊ သာမညလက္ခဏာ နှစ်ပါးကို မသိဘဲ" ငါ့ကိုယ် ဖြစ်၏၊ ငါ့ဟာ ဖြစ်၏။ ငါဖြစ်၏။ "မြဲ၏။ တင့်တယ်၏" စသည်ဖြင့် လွန်ကဲ၍ သိခြင်း သည် သင်္ခတလက္ခဏာ၌ တွေဝေခြင်း မည်၏။

http://www.dhammadownload.com



ပဋိစ္စသမုပ္ပါဒ်၌ တွေဝေပုံမှာ- အဝိဇ္ဇာကြောင့် သင်္ခါရသာ ဖြစ်သည်။ သင်္ခါရကြောင့် ဝိညာဏ်သာ ဖြစ်သည်။ ဤသို့စသည်ဖြင့် "ဝဋ်ဒုက္ခသက်သက် ကြောင်းကျိုးဆက်၍ ဖြစ်သည်" ကို ငါဖြစ်သည်၊ သူဖြစ်သည်၊ သူ့ကြောင့် ဖြစ်သည်၊ ငါ့ကြောင့် ဖြစ်သည်၊ ချမ်းသာသည်၊ အစိုးရသည်၊ ငါ့ကိုယ်, ငါ့ဟာ ဖြစ်သည်၊ အကြောင်းမရှိ အလိုလို ဖြစ်သည်၊ အလိုလိုပြတ်သည် စသည်ဖြင့် မှတ်ထင်ခြင်းသည် ပဋိစ္စသမုပ္ပါဒ်၌ တွေဝေခြင်း မည်၏။

## ကံဖြစ်စဉ် မကျဉ်းမကျယ် အဝိပ္ပာယ်

### (နဝမလယ်တီဆရာတော်ကြီး လယ်တီ-အရှင်ကေလာသ)

အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရ ဖြစ်ပုံမှာ-

သံသရာတွင် ကျင်လည်ကြရ ဖြစ်ကြရသည့် ဘဝများစွာတို့နှင့် ဤခန္ဓာစုသည် ဒုက္ခတုံး၊ ဒုက္ခခဲကြီးသာလျှင် အမှန်ဖြစ်၏။ သို့ပင်ဖြစ်သော်လည်း အဝိဇ္ဇာ အမှောင်ဓာတ်ကြီး ဖုံးပိတ်ကွယ်ကာထားမှုကြောင့် ဒုက္ခအနေအားဖြင့် မထင်နိုင်၊ မမြင်နိုင်ကြကုန်။ သုခအနေအားဖြင့်သာလျှင် ထင်ကြမြင်ကြကုန်၏။ ထို့ကြောင့် ငါငါ ငါ့ကိုယ်, ငါ့အသက်, ငါ့လိပ်ပြာ စသည်ဖြင့် ခင်မင် စွဲလမ်းကြကုန်၏။ ထိုသို့ ခင်မင် စွဲလမ်းမှုကြောင့် ယခုဘဝ ပစ္စုပ္ပန်ခန္ဓာကိုယ်ကို ကျွေးမွေးစောင့်ရှောက်မှုအတွက်နှင့် သူ့အသက်သတ်မှု စသော ဒုစရိုက်တရားတို့ကို ပြုမှားကြကုန်၏။

မသိနားမလည်သော ကလေးငယ်သည် မစင်များကို ပျော်ရွှင်စွာ ကစားနေသကဲ့သို့ အဝိဇ္ဇာဖုံးလွှမ်းထားသည်ဖြစ်၍ အကုသိုလ်အကျိုးအပြစ်များကို မမြင်နိုင်သောသူသည် ညှဉ်းဆဲသတ်ဖြတ်ခြင်း စသည့် ပါဏာတိပါတာမှုများကို ပျော်ရွှင်စွာ ပြုမိ၏။ အချို့သူတို့သည် အပြစ်ကို လုံးလုံးမသိသဖြင့် အကုသိုလ်ကံကို ပြုကြ၏။ အချို့မှု ပင်ကိုယ်က အပြစ်ကို သိသော်လည်း လောဘ, ဒေါသ ဖြစ်လာသောအခါ ယှဉ်တွဲလျက် ပါလာသော အဝိဇ္ဇာက ရုတ်တရက်ဖုံးလွှမ်းလိုက်သဖြင့် အပြစ်ကို မမြင်နိုင်တော့ဘဲ အကုသိုလ်ကံကို ပြုမိကြ၏။

ဤဒုစရိုက် ဆယ်ပါး အကုသိုလ်တရားတို့ကိုပင်လျှင် အပုညာဘိသင်္ခါရ ဆိုပေသည်။ (ဤကား အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရ ဖြစ်ပုံတည်း။)

http://www.dhammadownload.com



အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရတို့ ဖြစ်ကြပုံမှာကား-

နောင်အနာဂတ်ဖြစ်ရလတ္တံ့သော လူ့ခန္ဓာစု၊ နတ်ခန္ဓာစု၊ ဗြဟ္မာ့ခန္ဓာစုသည်လည်း ဒုက္ခစု၊ ဒုက္ခခဲသာ အမှန်ဖြစ်၏။ သို့ပင်ဖြစ်သော်လည်း အဝိဇ္ဇာအမှောင်ဓာတ်ကြီး ပိတ်ဆီးကွယ်ကာထားမှုကြောင့် ဒုက္ခစု၊ ဒုက္ခခဲအားဖြင့် မမြင်နိုင်ကြပေ။ သုခအနေအားဖြင့်သာ ထင်ကြမြင်ကြကုန်၏။

ထို့ကြောင့် ယခုဘဝ၊ ပစ္စုပ္ပန်ခန္ဓာ ပျက်ဆုံးလျှင် ကောင်းမြတ်သောဘုံဘဝတို့တွင် လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာ့ခန္ဓာ အသစ် အသစ်တို့ကို ရလို ခံစားလိုသော တဏှာဓာတ်ကြောင့် ဒါနမှု၊ သီလမှု၊ ဘာဝနာမှု၊ သုစရိုက်ဆယ်ပါး ကုသိုလ်စုများ စသည်တို့ကို ကြိုးကြိုးစားစား အားထုတ်ပြုလုပ်ကြကုန်၏။ ထိုသုစရိုက် စသည်တို့တွင် ကာမကုသိုလ်ကံ၊ ရူပကုသိုလ်ကံတို့သည် ပုညာဘိသင်္ခါရ မည်ကုန်၏။ အရူပကုသိုလ်ကံသည် အာနေဉ္ဇာဘိသင်္ခါရမည်၏။ (ဤသည်ကား အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရ **အာနေဉ္ဇာဘိသင်္ခါရ ဖြစ်ပုံတည်း။**)

ဤသို့လျှင် အဝိဇ္ဇာရှိသောသူသည် ဟုတ်မှန်သည့် ဒုက္ခသစ္စာအနက်အရာတို့ကို ကောင်းစွာ မထင်နိုင်၊ မမြင်နိုင်သဖြင့် ဒုက္ခအတိသာ ဖြစ်သော တေဘူမကဝဋ်ဒုက္ခတရားအစု၏ အပြစ် အာဒီနဝကို မထင်နိုင်၊ မမြင်နိုင်ချေ။ တဏှာအစေးအချွဲဓာတ်ဖြင့် ကောင်းမြတ်သာယာဖွယ် အဿာဒဟူ၍သာ မှတ်မှားထင်မှားကြလေ၏။

ထိုသို့ အဝိဇ္ဇာကြောင့် သင်္ခါရဓမ္မတို့ကို ပြုမှားကြပုံ၌ ထင်မြင်လွယ်သော ဥပမာကား-

- နတ်သမီးကို အလိုရှိသည့်အတွက် နက်စွာသော ချောက်နရက်ကြီးအတွင်းသို့ ခုန်ဆင်းမိသောသူကဲ့သို့လည်းကောင်း
- မီးရောင်ကို ခင်မင်၍ မီးတောက်တွင်းသို့ ပျံဆင်းသက်ရောက်သော ပိုးဖလံကဲ့သို့လည်းကောင်း
- ပျားရည်စက်ကို နှစ်သက်မက်မော၍ ပျားရည်ဖြင့် လိမ်းကျံအပ်သော သန်လျက်သွားကို လျှာနှင့် လျက်မှားသောသူကဲ့သို့လည်းကောင်း
- ဉာဏ်အမြင်ဝေး သူငယ်ကလေးသည် မစင်ပျော့ကို ကိုင်ဆော့ကစားသကဲ့သို့လည်းကောင်း
- သေစေလို၍ အဆိပ်ကို မျိုစားသောသူကဲ့သို့လည်းကောင်း

http://www.dhammadownload.com



- မျက်စိလည်လမ်းမှားသည့် ခရီးသွားယောကျ်ားသည် တစ္ဆေ၊ မြေဘုတ်တို့ ဖန်ဆင်းသည့် မြို့တွင်းသို့ ဝင်မှားသကဲ့သို့လည်းကောင်း

ပညာမျက်စိကန်းကြသည့် ပုထုဇဉ်အန္ဓတို့သည် ဒုက္ခဝဋ်ဘုံ ကရွတ်မြုံကြီး ဝယ် တဝဲလည်လည်နှင့် သင်္ခါရသုံးပါး ကမ္မဝဋ်တရားတို့ကို ပြုမှားမိကြကုန်၏။

ဤနေရာတွင် ဥပမာ၊ ဥပမေယျတို့ကို ဆောင်ကပ်ပြရပါမူ-

လူ့ရွာနတ်ပြည် စည်းစိမ်သွမ်းကို ချမ်းသာအတိ အထင်ပြီး၍ **ပုညာဘိသင်္ခါရကို ပြုမိမှားသောသူသည်-**

- နတ်သမီးကို လိုချင်မှု ရမ္မက်ဇောဖြင့် ချောက်နက်တွင်း ခုန်ဆင်းသော သူနှင့်လည်း တူ၏။
- အရောင်အလင်း၌ တပ်နှစ်သက်ခြင်းကြောင့် မီးလျှံအတွင်းသို့ သက်ဆင်းဝင်တိုးသည့် ပိုးဖလံမျိုးနှင့်လည်း တူ၏။
- ပျားရည်လိမ်းသုတ်ထားသည့် သန်လျက်သွားကို လျှာဖြင့် လျက်မှားသောသူနှင့်လည်း တူ၏။

အိမ်ထောင်ရေး၊ စီးပွားရေး၊ သားမယားရေး၊ မိမိကိုယ်ရေးတို့ကြောင့် **အပုညာဘိသင်္ခါရကို ပြုမိမှားသောသူသည် -**

- မစင်ပျော့ကို ကိုင်ဆော့ကစားသော ကလေးသူငယ်နှင့်လည်း တူ၏။
- စိတ်ပျက်ငြီးငြင် သေချင်သောအလိုဖြင့် အဆိပ်ကို မျိုစားသောသူနှင့်လည်း တူ၏။

အရူပတဏှာ၊ သာယာတပ်မက်စွဲလမ်းချက်ဖြင့် **အာနေဥ္ဇာဘိသင်္ခါရကို ပြုမှားမိသောသူသည် -**

- မျက်စိလည်လမ်းမှား၍ ဖုတ်ကြပ်တစ္ဆေတို့ ဖန်ဆင်းထားသော မြို့ရွာအတွင်းသို့ သက်ဝင်မိသော ခရီးသွားယောကျ်ားနှင့်လည်း တူ၏။

ဤသို့အသီးသီး ဥပမာ၊ ဥပမေယျကပ်၍ သိပေရာ၏။

ဥပမာတစ်နည်းကား-

ပဋိသန္ဓေအားဖြင့် ကန်းသော ဝမ်းတွင်းကန်းသည် ရှေ့ဆောင်တုတ်ဆွဲ လမ်းပြ မရှိဘဲ ခရီးလမ်းကို လျှောက်သွားလေလျှင် တစ်ရံတစ်ခါ အခန့်သင့်စွာ လမ်းဖြောင့်လမ်းမှန်ကိုလည်း သွားမိပေရာ၏။ တစ်ရံတစ်ခါ လမ်းကောက် လမ်းမှားကိုလည်း သွားမိပေရာ၏။ ထိုဥပမာ၌ -

http://www.dhammadownload.com



- စတုသစ္စပဋိဝေဓဉာဏ် မရှိသော ပုထုဇနအန္ဓသည် ဝမ်းတွင်းကန်းနှင့် တူ၏။
- ရှေ့ဆောင်တုတ်ဆွဲ လမ်းပြသည် စတုသစ္စ ပဋိဝေဓဉာဏ်နှင့် တူ၏။
- တစ်ခါတစ်ရံ လမ်းဖြောင့်လမ်းမှန်သွားမိသည်နှင့် ပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိ သင်္ခါရတို့ကို ရံဖန်ရံခါ ပြုမိသည်နှင့် တူ၏။
- တစ်ခါတစ်ရံ လမ်းကောက်လမ်းမှားသွားမိသည်နှင့် အပုညာဘိ သင်္ခါရကို ရံဖန်ရံခါ ပြုမိသည်နှင့် တူ၏။

ဤသို့လည်း ဥပမာ, ဥပမေယျကပ်၍ သိပေရာ၏- ဟူ၍ ဗုဒ္ဓ၏အလိုကို ခပ်တိုတိုနှင့် သိလေရာ၏။

## ပဋိစ္စသမုပ္ပါဒ် ပျို့လင်္ကာနှင့် အဖြေလွှာ

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၂၅၇-ခုနှစ် အတွင်း မဟာဗောဓိနှင့်တကွ ဗာရာဏသီစသော မဇ္ဈိမတိုင်းကြီး ပြည်ကြီးများသို့ အသွား၊ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော စာပို့ရထားပေါ်တွင် စီရင်ရေးသားသော ပဋိစ္စသမုပ္ပါဒ် ပျို့လင်္ကာ အကျဉ်းချုပ် (၁၃) ပုဒ်တွင် -

### ပထမပျို့လင်္ကာ

### ၁။ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ

၁။ ဗောဓိရတနာ၊ ယာဉ်စကြာဖြင့်၊
သစ္စာလေးရပ်၊ လေးကျွန်းပတ်သား၊
နတ်ဝိသုဒ္ဓိ၊ တုမရှိအား
တြိဒွါရ၊ ရှိခိုးခလျက်၊
ဘဝသုံးပါး၊ ဟုန်းဟုန်းသွားသည့်၊
ရထားသံသရာ၊ ယာဉ်စကြာ၏
ခြင်းရာထုပ္ပတ်၊ သမုပ္ပါဒ်ကို၊
အတတ်သိရန်၊ နိဒါန်းပြန်ပိမ့်။

http://www.dhammadownload.com



အမှန်လေးချက်၊ သဘောနက်ကို၊
ဖုံးဝှက်ကွယ်ကာ၊ အဝိဇ္ဇာဟု၊
မဟာတမ၊ မှောင်ကြီးကျလျက်၊
ဘဝမြုံသိုက်၊ ရှိန်ရှိန်အိုက်သား၊
အမှိုက်မီးစာ၊ ဤခန္ဓာကို၊
တွယ်တာသမှု၊ အကြောင်းပြု၍၊
အကုသလ၊ မမွှညစ်ဆိုး၊ အပြစ်မျိုးကို၊
ကြိုးကြိုးပမ်းပမ်း၊ နေ့စဉ်ထမ်းသည်၊
ပါယ်လမ်းဗီဇ၊ အပုညနှင့်၊
ဘဝနောင်ခါ၊ သံသရာဝယ်၊
လူ့ရွာနတ်ငြမ်း၊ စည်းစိမ်သွမ်းကို၊
ချမ်းသာအတိ၊ အထင်ငြိလျက်၊
ဂတိနောင်ကို၊ ကောင်းစေလို၍၊
ကုသိုလ်အရိုး၊ အမျိုးမျိုးကို၊
ကြိုးကြိုးစားစား၊ ပြုတုံငြားက၊ ဆယ်ပါးပုည၊
အာနေဥ္ဇဟု၊ ဘဝနှီးရင်း၊ ပွားတုံလျှင်းသည်၊
ဝဋ်ခင်း၊ ဝဋ်နွယ် ရှည်သတည်း။ ။(အရဆောင်လေ)။

## ပထမပို့လက်ာ အဖြေလွှာ
## ၁။ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ

(လယ်တီဆရာတော်ဘုရားကြီး)
(မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး)

ပို့လက်ာအကျဉ်းချုပ် (၁၃) ပုဒ်ကို ဖြေဆိုထားကြသော ဆရာတော်ကြီး နှစ်ပါးတို့၏ အဆိုအမိန့် နှစ်ရပ်ကို ပေါင်းရုံးဆက်စပ် ညှိနှိုင်းချက်အရ -

"ဗောဓိရတနာ ယာဉ်စကြာဖြင့် အစ၊ တြိဒ္ဓါရ ရှိဦးခလျက်" တိုင်အောင်သော စာပိုဒ်ဖြင့် မြတ်စွာဘုရားအား ရှိခိုးခြင်း = ပဏာမကို ပြဆိုသည်။

အမိပ္ပာယ်မှာ - မဂ်ဉာဏ်လေးပါး ပတ္တမြားရတနာကြီးကို လက်ဝယ်ပိုင်တော်မူကာ ဒေသနာဉာဏ်တော်တည်းဟူသော စမွှစကြာရတနာယာဉ်ကြီးဖြင့် သတ္တာလေး

http://www.dhammadownload.com



ပါးတည်းဟူသော လေးကျွန်းကို အနှံ့လှည့်ပတ်တော်မူသော အတုမရှိသည့် ဝိသုဒ္ဓိနတ် ဖြစ်တော်မူသော မြတ်စွာဘုရားတည်းဟူသော တရားမင်းအား ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရတည်းဟူသော ဒွါရသုံးပါးတို့ဖြင့် ဝပ်တွားရှိကျိုး ရှိခိုးဦးခပါ၏" ဟု ဆိုလိုသည်။

"ဘဝသုံးပါး ဟုန်းဟုန်းသွားသည်မှစ၍ နိဒါန်းပြန်ပိမ့်" တိုင်အောင်သော စာပိုဒ်ဖြင့် ပဋိစ္စသမုပ္ပါဒ်လင်္ကာကျမ်းကို ရေးသားစီကုံးမည့်အကြောင်း ဝန်ခံမှုဟူသော ။ ပဋိညာဉ်ကို ပြဆိုသည်။

အဓိပ္ပာယ်မှာ-ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝတည်းဟူသော ဘဝသုံးပါး၌ ခန္ဓာ၊ အာယတန၊ ဓာတ်တရားတို့ မပြတ်မစဲ၊ မရပ်မနား ဖြစ်ပွား၍ နေမှုတည်းဟူသော သံသရာကြီးကို "ဘဝသုံးပါး၌ တဟုန်းဟုန်းခုတ်မောင်း၍ သွားနေသော သံသရာ ရထားယာဉ်စကြာကြီး"ဟူ၍ ဖွဲ့ဆိုတော်မူသည်။ ယင်းဘဝသံသရာရထားယာဉ်စကြာကြီး၏ဖြစ်ပုံအခြင်းအရာ အကြောင်းအရာ အတ္ထုပ္ပတ္တိတည်းဟူသော ပဋိစ္စသမုပ္ပါဒ်တရားကို တပ်အပ်ထင်ထင် သိမြင်နိုင်ကြစေရန် လင်္ကာနိဒါန်း ပြန်ဆိုပေအံ့"ဟူ၍ ဆိုလိုသည်။

## သစ္စာလေးတန် အမှန်လေးချက်သရုပ်

'အမှန်လေးချက် သဘောနက်ကို'ဟူသည်ကား အလွန်နက်နဲသောသဘော ရှိသော သစ္စာလေးပါးတရားကို ဆိုလို၏။

(၁) မြေ၊ ရေ၊ မီး၊ လေ၊ လေးထွေဘုတ်စု၊ စက္ခု၊ သောတ၊ ယာန ဇိဝှာ၊ ကာယ မနော၊ ဝဏ္ဏော၊ သဒ္ဒ၊ ဂန္ဓ၊ ရသာ၊ ဖောဋ္ဌဗ္ဗာနှင့် ဓမ္မအပြား၊ ဤတရားကို ဒုက္ခဆို။

(၂) လိုလိုချင်ချင်၊ ခင်မင်စုံမက်၊ ငဲ့ကွက်တွယ်တာ၊ သာယာသမျှ တဏှာစုကား၊ သမုဒယ။

(၃) ဒု-သ နှစ်တန်၊ ချုပ်ရာမှန်သည်၊ နိဗ္ဗာန်မည်ရှိ မြတ်ခေါင်ထိကို၊ နိရောဓ မှတ်။

(၄) တစ်ရပ်ထို့ပြင်၊ ဖြူစင်လှဘိ၊ ဒိဋ္ဌိ၊ သင်္ကပ္ပ၊ ဝါစာကမ္မန္တ၊ အာဇီဝနှင့် ဝါယာမ၊ သတိ သမာဓိဟု၊ ရှိသည်အပြား၊ အင်္ဂါရှစ်ပါးကို၊ မဂ္ဂဆို။

ဒု,သ နှစ်တန်၊ ချုပ်ရာမှန် ဟူသည်ကား-

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ ဤသစ္စာနှစ်တန် ချုပ်ရာမှန်သော နိဗ္ဗာန်ကို ဆိုသည်။

http://www.dhammadownload.com



ထိုသစ္စာလေးတန် အမှန်လေးချက်၏သဘောလက္ခဏာသည် အလွန်နက်နဲ၏။ သိနိုင်ခဲ၏။ မြင်နိုင်ခဲ၏။ ထိုသို့ နက်နဲသော သဘောလေးချက်ကို အဝိဇ္ဇာသည် ဖုံးဝှက်ကွယ်ကာ စိတ်သန္တာန်မှာ အဝိဇ္ဇာမှောင်ကြီးကျ၍ နေ၏။ အဝိဇ္ဇာမှောင်ကြီးသည်

(၁) ဒုက္ခသစ္စာအရာ၌ ကျသော မှောင်ကြီးတစ်ပါး၊
(၂) သမုဒယသစ္စာအရာ၌ ကျသော မှောင်ကြီးတစ်ပါး၊
(၃) နိရောဓသစ္စာအရာ၌ ကျသော မှောင်ကြီးတစ်ပါး၊
(၄) မဂ္ဂသစ္စာအရာ၌ ကျသော မှောင်ကြီးတစ်ပါး။

အားဖြင့် အဝိဇ္ဇာဟူသော မဟာတမမှောင်ကြီးလေးပါး ရှိ၏။

## လောကအမိုက်မှောင်၏ ကြီးကျယ်ပုံ

ထို့ပြင် လောက၌ အင်္ဂါလေးပါးနှင့် ပြည့်စုံသော အမိုက်မှောင်သည်လည်း ရှိ၏။

(၁) လကွယ်နေ့ဖြစ်ခြင်း
(၂) သန်းခေါင်အချိန်ဖြစ်ခြင်း
(၃) တောအုပ်အရပ်အလယ်၌ ဖြစ်ခြင်း
(၄) မိုးတိမ်တို့ ထူထပ်အုံ့မှိုင်းနေခြင်း-ဤလေးချက်ပြည့်စုံနေသည်ကို အင်္ဂါလေးပါးရှိသော မှောင်ကြီးကျနေသည် (ဝါ) မဟာတမ မှောင်ကြီးကျနေသည်ဟု ဆိုရသည်။

ထိုမှောင်ကြီးကျနေလျှင် မည်သည့်အရာကိုမျှ မသိ မမြင်နိုင်ချေ။ သို့သော် ထိုမှောင်သည် ပကတိသော မီးရောင်ဖြင့် ပယ်ရှားနိုင်၏။ မီးပင် မရှိသော်လည်း တစ်ညဥ့်မျှသာ မိုက်နိုင်၏။ နေထွက်၍လာလျှင် အကုန်ပျောက်လေ၏။

မောဟ အဝိဇ္ဇာမှောင်မှာမူကား အရိယာမဂ်ဉာဏ်သို့ မရောက်သေးသမျှ အနမတဂ္ဂသံသရာနှင့်အမျှ မှောင်ကြီးအတိကျနေ၏။ ဤသည်ကိုရည်၍

"ဖုံးဝှက်ကွယ်ကာ၊ အဝိဇ္ဇာဟု မဟာတမမှောင်ကြီးကျလျက်"ဟု ဆိုလေသည်။

အန္ဓဗာလ ပုထုဇဉ်တို့ သန္တာန်မှာလည်း မောဟလေးပါး၊ အင်္ဂါလေးချက်၊ စုံ ပြည့်နှက်သည့် အမှောင်ကြီးကျနေသောကြောင့် မည်သည့်တရားကိုမျှ အမှန်အတိုင်း မသိမမြင်ကြချေဟု ဆိုလိုသည်။

http://www.dhammadownload.com



## အမှိုက်မီးစာ ဤခန္ဓာ

"ဘဝမြို့သိုက်၊ ရှိန်ရှိန်အိုက်သား၊ အမှိုက်မီးစာ၊ ဤခန္ဓာကို၊ တွယ်တာသမှု၊ အကြောင်းပြု၍" ဟူသည်မှာ -

ပုထုဇဉ်တို့၏ စိတ်သန္တာန်မှာ အဝိဇ္ဇာမှောင်ဖေတ်ကြီး ဖုံးလွှမ်း၍ နေသောကြောင့် ကာမ, ရူပ, အရူပတည်းဟူသော ဘဝသုံးပါးရှိ လူ့ခန္ဓာ၊ လူ့စည်းစိမ်, နတ်ခန္ဓာ, နတ်စည်းစိမ်တို့၏ မီးတစ်ဆယ့်တစ်မျိုး မစဲ အမြဲလောင်မြိုက် ရှိန်ရှိန်အိုက်၍ နေသည်ကို မသိနိုင်၊ မမြင်နိုင်။

ထိုဘဝသုံးပါးတည်းဟူသော ပူလှ၊ ရှိန်လှ၊ အိုက်လှသည့် ဘဝမြို့သိုက်ကြီး အတွင်းဝယ် ထင်ရှားဖြစ်ပေါ် နေကြသည့် ခန္ဓာတရားတို့ကား - ရာဂစသော မီး (၁၁) ပါးတို့၏ လောင်စာများသာ ဖြစ်ကြပါလျက်လည်း၊ ပုထုဇဉ်တို့သည် ထိုခန္ဓာငါးပါးကို ပူမှန်းမသိ၊ လောင်မှန်းမသိ၊ ရှိန်မှန်း မသိကြဘဲ ပြင်းထန်စွာ တွယ်တာတပ်မက်ကြလေကုန်၏။

## ပစ္စုပ္ပန်ခန္ဓာအကျိုးဟာ မကောင်းမှု ဒုစရိုက်မှုကို ပြု

ထိုသို့ မသိနိုင်၊ မမြင်နိုင်ကြသောကြောင့်ပင်လျှင်၊ ဘဝမြို့သိုက်၊ ရှိန်ရှိန်အိုက်သား၊ အမှိုက်မီးစာ၊ ဤခန္ဓာကို၊ တွယ်တာ, ခင်မင်သော တဏှာတရား၊ ဥပါဒါန်တရား၊ နေ့စဉ်ပွားကြလျက်၊ ထိုအဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တို့ တိုက်တွန်းခြင်းကြောင့် ယခုဘဝ ပစ္စုပ္ပန်ခန္ဓာအကျိုးငှာ မုဆိုး၊ တံငါ စသည်လုပ်၍၊ ဒုစရိုက် (၁၀) ပါး နေ့စဉ် ပွား၏။

မိမိပစ္စုပ္ပန်ဘဝ တစ်သက်လျာ ချမ်းသာရေးကို ရှေးရှု၍ သူ့အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်း အစရှိသော အပါယ်လမ်းကြောင်း၊ အပါယ်ဘဝမျိုးစေ့ ဖြစ်သည့် အကုသိုလ်စေတနာ (၁၂) ပါးတည်းဟူသော အပုညာဘိသင်္ခါရ အကုသလ ဓမ္မပုပ်သိုး တရားဆိုးတို့ကို ကြိုးကြိုးကုတ်ကုတ် နေ့စဉ်ပြုလုပ်မိလေတော့၏။

ထိုဒုစရိုက် (၁၀) ပါးကိုပင် အပုညာဘိသင်္ခါရ ဆိုပေရကား - အပါယ်စခန်း၊ အပါယ်လမ်းနှင့် အပါယ်ဗီဇသာ ဖြစ်သည်ကို ရည်၍ -

"အကုသလ၊ ဓမ္မညစ်ဆိုး၊ အပြစ်မျိုးကို၊ ကြိုးကြိုးပမ်းပမ်း၊ နေ့စဉ်ထမ်းသည်၊ ပါယ်လမ်းဗီဇ၊ အပုညနှင့်"ဟု ဆိုသတည်း။

ဤနေရာတွင် အဝိဇ္ဇာကြောင့် မကောင်းမှု ဖြစ်ပွားရာ၌ -

ထိုသူတခြား၊ အဝိဇ္ဇာ တခြား ခွဲ၍ သိအပ်၏။

http://www.dhammadownload.com



- တစ်ခုတည်းပြု၍ သိသည်ကား - "သက္ကာယဒိဋ္ဌိ" တည်း။
- ခွဲ၍ သိသည်ကား - "သမ္မာဒိဋ္ဌိမဂ္ဂင်" တည်း။

**သံသရာအကျိုးဟာ ကောင်းမှုသုစရိုက်ကို ပြု**

"ဘဝနောင်ခါ၊ သံသရာဝယ်၊ လူ့ရွာနတ်ငြိမ်း၊ စည်းစိမ်သွမ်းကို၊ ချမ်းသာအတိ၊ အထင်ငြိ၍၊ ဂတိနောင်ကို၊ ကောင်းစေလို၍၊ ကုသိုလ်အရိုး၊ အမျိုးမျိုးကို၊ ကြိုးကြိုးစားစား၊ ပြုတုံငြားက၊ ဆယ်ပါးပုည၊ အာနေဥဟု" ဆိုရာ၌ -

နောင်ရလတ္တံ့သော **လူ့ဘဝ-လူ့ခန္ဓာ-လူ့စည်းစိမ်**၊ နတ်ဘဝ-နတ်ခန္ဓာ-နတ်စည်းစိမ်များသည် **ဇရာမီး၊ မရဏမီး** တည်း။ မလောင်နိုင်သော (ဇရာမီး-မရဏမီး မဝါးနိုင်၊ မစားနိုင်၊ မစွဲနိုင်သော) အနှစ်အမာမျိုး မဟုတ်၊ စင်စစ်အားဖြင့် **ပဋိသန္ဓေတည်နေသည်မှစ၍** ဇရာမီး၊ မရဏမီး **အပြီးလောင်ကာ ထပ်ကြပ်မကွာ အမြဲပါ၍နေသော မှို့လောင်စာမျိုးတို့သာတည်း။**

ထိုသို့သော စည်းစိမ်သွမ်းကိုပင် အဝိဇ္ဇာလှုံ့ဆော်တိုက်တွန်းမှုကြောင့် ချမ်းသာအတိ အထင်ရှိ၏။ ထိုသို့သော စည်းစိမ်ကိုရခြင်းငှာ အဝိဇ္ဇာ လှုံ့ဆော်တိုက်တွန်းမှုကြောင့် အစဉ်အလာ သူတကာတို့ ပြုမြဲသော ဆယ်ပါးသော သုစရိုက် တရား၊ ဒါန၊ သီလ၊ ဘာဝနာစသော ဆယ်ပါးသော ပုညကြိယာဝတ္ထုတရား၊ အရှူပ ဈာန်ဟု ဆိုအပ်သော လေးပါးသော အနေဥာကုသိုလ်တရားတို့ကို ကြိုးကြိုးစားစား အားထုတ်ကြကုန်၏ဟု ဆိုလိုသည်။

တစ်နည်းအားဖြင့်လည်း ပုထုဇဉ်တို့ သန္တာန်၌ အဝိဇ္ဇာလေးပါး ဖုံးအုပ် ကွယ်ကာ၍ ထားခြင်းကြောင့် ပူလောင်သော လောကီသစ္စာနှစ်ပါး (ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ) တို့ကို ပူလောင်သော တရားဟု လားလားမျှ မသိကြသည့်အတွက် ထိုပူလောင်သော လောကီသစ္စာနှစ်ပါးကို လိုက်စားတွယ်တာ သာယာတပ်မက်သော တဏှာလောဘဖြစ်၍ လာလေ၏။

ထိုသို့ လိုက်စားတွယ်တာ သာယာတပ်မက်သော တဏှာလောဘ ဖြစ်ပွား၍ လာကြသောအခါ ဥစ္ဆေဒဒိဋ္ဌိ - အာသယဓာတ်ခံရှိသော ပုထုဇဉ်တို့သည်၊ တမလွန် လောကကို မယုံကြည်ကြသည့်အတွက်၊ တမလွန်လောက ကောင်းစားချမ်းသာရေးကို လုံးဝမတွေးတော့ဘဲ၊ **"ပစ္စုပ္ပန် ဤဘဝ တစ်သက်လျှာ ချမ်းသာရေးကို ရှေးရှုလျက်"**၊ အကုသိုလ်စေတနာ၊ "အပုညာဘိသင်္ခါရတို့ကို ပြုမှားကြ" လေတော့၏။

http://www.dhammadownload.com



သဿတဒိဋ္ဌိ - အာသယဓာတ်ခံရှိသော ပုထုဇဉ် တို့သည်ကား၊ "နောက် နောင်ဘဝ ကောင်းစားရေး၊ ချမ်းသာရေးကို ရှေးရှုကြလျက်" ကာမကုသိုလ်၊ ရူပ ကုသိုလ်၊ စေတနာတည်းဟူသော "ပုညာဘိသင်္ခါရ"။ အရူပကုသိုလ် စေတနာတည်း ဟူသော "အာနေဉ္ဇာဘိသင်္ခါရ" ဤနှစ်ပါးတို့ကို ကြိုးကြိုးစားစား ပြုလုပ်ကြလေတော့၏ ဟု ဆိုလိုသည်။

နောင်ဘဝကို သာယာသောတဏှာ၊ ဥပါဒါန်တို့နှင့်တကွ အဝိဇ္ဇာမှောင် လွှမ်းဆော်တိုက်တွန်း၍ ဒါန၊ သီလ စသော ကုသိုလ်ကောင်းမှုတို့၌ စိတ်ညွတ်ရ၏။ အဝိဇ္ဇာအမှောင်နှင့် ဖက်ပြိုင်၍ စိတ်ညွတ်မှုမည်သည်ကား လူ့ချမ်းသာ၊ နတ်ချမ်းသာ ကို မလွတ်နိုင်။ နိဗ္ဗာန်ထက် လူ့ချမ်းသာ၊ နတ်ချမ်းသာဘက်သို့ အားကြီး၏။

ဤသို့လျှင် အဝိဇ္ဇာကြောင့် လူ့ချမ်းသာ၊ နတ်ချမ်းသာသို့ ရှေးရှုသော ကုသိုလ် ကောင်းမှု ဖြစ်ပွားရာ၌လည်း

ထိုသူတခြား အဝိဇ္ဇာတခြား ခွဲ၍ သိအပ်၏။

- တစ်ခုတည်းပြု၍ သိမှုကား - "သက္ကာယဒိဋ္ဌိ" တည်း။
- ခွဲ၍သိမှုကား - "သမ္မာဒိဋ္ဌိ မဂ္ဂင်" တည်း။

**ဘဝသုံးပါး ဝဋ်ရထားကြီး မရပ်မနား လည့်စေပုံ**

ဘဝနှီးရင်း၊ ပွားတုံလျှင်းသည်၊ ဝဋ်ခင်းဝဋ်နွယ် ရှည်သတည်း ဟု ဆိုရာ၌ အဓိပ္ပာယ်မှာ -

အဝိဇ္ဇာကြောင့် သင်္ခါရသုံးပါးတို့ ဖြစ်ပွားခြင်းသည် ဘဝသုံးပါး ဝဋ်ရထားကြီး မရပ်မနား လှည့်လည်ဖြစ်ပွားဖို့ အရင်းအနှီးများ ပွားများတိုးတက်လာခြင်း ဖြစ်သည် ဟု ဆိုလိုသည်။

ထိုသို့ ဘဝအရင်းအနှီးများ ပွားစည်းတိုးတက်လာလျှင် ကမ္မဝဋ်၊ ကိလေသ ဝဋ်၊ ဝိပါကဝဋ်တည်းဟူသော ဝဋ်ကြီးသုံးသင်း၊ ဘဝဒုက္ခအခင်း၊ ဘဝဒုက္ခအနွယ်တို့ မပြတ်နိုင်၊ မပြယ်နိုင်အောင် ရှည်၍ လာလေတော့သည်ဟု ဆိုလိုရင်း ဖြစ်ပေသည်။

http://www.dhammadownload.com



# (၂) သင်္ခါရ ပစ္စယာ ဝိညာဏံ

## အရကောက်နှင့် သဘောသရုပ် ထင်လွယ် အဓိပ္ပာယ်

သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သည် ဆိုရာ၌ - သင်္ခါရအရ - ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရနှင့် အာနေဉ္စာဘိသင်္ခါရ ဟူ၍ သင်္ခါရသုံးပါးကို ယူရ၏။

**"သန္ဓိ ပဝတ္တိ နှစ်မျိုးရှိ ဝိပါက်ဝိညာဏာ"** ဟူသော ပရမတ္ထသံခိပ်ကျမ်းလာအတိုင်း - ဝိညာဏ်အရ - ပဋိသန္ဓေ အခါ၌ဖြစ်သော ပဋိသန္ဓေစိတ် (၁၉) ပါးနှင့် ပဝတ္တိ အခါ၌ဖြစ်သော လောကီဝိပါက်စိတ် (၃၂) ပါးတို့ကို ယူရ၏။

**သင်္ခါရကြောင့်၊ ဝိညာဏ် ဖြစ်ပုံမှာ -**

၁။ အပုညာဘိသင်္ခါရကြောင့် အကုသလဝိပါက်ဝိညာဏ် (၇) ပါးဖြစ်၏။

၂။ ပုညာဘိသင်္ခါရကြောင့် အဟိတ်ကုသလဝိပါက် (၈) ပါး၊ မဟာဝိပါက် (၈) ပါးနှင့် ရူပါဝစရဝိပါက် (၅) ပါး၊ ပေါင်း ဝိပါက်ဝိညာဏ် (၂၁) ပါး ဖြစ်၏။

၃။ အာနေဉ္စာဘိသင်္ခါရကြောင့် အရူပါဝစရဝိပါက်ဝိညာဏ် (၄) ပါးဖြစ်၏။

**ပဋိသန္ဓေအခါ၌ ပဋိသန္ဓေဝိညာဏ် (၁၉) ပါး ဖြစ်ပုံမှာ -**

- အပါယ်လေးဘုံသားတို့တွင် အကုသလဝိပါက် ဥပေက္ခာသန္တီရဏဟု ဆိုအပ် သော **ဒုဂ္ဂတိအဟိတ် ပဋိသန္ဓေစိတ် (၁) ခု။**
- ကာမဘုံသား ဝမ်းတွင်းကန်း၊ ဝမ်းတွင်းပင်း၊ ဝမ်းတွင်းရူးစသော ပုဂ္ဂိုလ်မျိုး တို့တွင် ကုသလဝိပါက် ဥပေက္ခာသန္တီရဏဟု ဆိုအပ်သော **သုဂတိအဟိတ် ပဋိသန္ဓေစိတ် (၁) ခု။**
- ဝမ်းတွင်းကန်း စသည်မှ တစ်ပါးသော ကာမသုဂတိဘုံသားတို့တွင် မဟာ ဝိပါက်ဖြစ်သော **သုဂတိသဟိတ် ပဋိသန္ဓေစိတ် (၈) ခု။**
- ရူပါဝစရဘုံသားတို့တွင် **ရူပဝိပါက် ပဋိသန္ဓေစိတ် (၅) ခု။**
- အရူပါဝစရဘုံသားတို့တွင် **အရူပဝိပါက် ပဋိသန္ဓေစိတ် (၄) ခု။**

ဤပဋိသန္ဓေစိတ် (၁၉) ခုတို့သည်သာ ဝိညာဏ်အရဖြစ်ပေသည်။

**ပဝတ္တိအခါ၌ ပဝတ္တိဝိညာဏ် (၃၂) ပါး ဖြစ်ပွားပုံမှာ -**


- စက္ခုဝိညာဏ်ဒွေ = စက္ခုပသာဒ၌ မြင်သိစိတ် (၂) ခု။
- သောတဝိညာဏ်ဒွေ = သောတပသာဒ၌ ကြားသိစိတ် (၂) ခု။
- ဃာနဝိညာဏ်ဒွေ = ဃာနပသာဒ၌ နံသိစိတ် (၂) ခု။

http://www.dhammadownload.com



- ဇိဝှါဝိညာဏ်ဒွေ = ဇိဝှါပသာဒ၌ လျက်သိစိတ် (၂) ခု။
- ကာယဝိညာဏ်ဒွေ = ကာယပသာဒ၌ တွေ့သိစိတ် (၂) ခု။
- သမ္ပဋိစ္ဆိုန်းဒွေ = အာရုံကို လက်ခံသိမ်းပိုက်သောစိတ် (၂) ခု။
- သန္တီရဏ (၃) = အာရုံကို စုံစမ်းစိစစ်သောစိတ် (၃) ခု။
- မဟာဝိပါက်စိတ် (၈) ခု + မဟဂ္ဂုတ်ဝိပါက်စိတ် (၉) ခု ဟူသော လောကီဝိပါက်စိတ် (၃၂)ခုသည် ဝိညာဏ်အရတို့ ဖြစ်ကြ၏။

## ပဋိသန္ဓေခန်းဆိုင်ရာ အဘိဓမ္မာသဘော သရုပ်ထင်လွယ် အစီပွာယ်




ပဋိသန္ဓေစိတ် = ဘဝတစ်ခု၏ပထမဆုံးစိတ်

= ရှေးဘဝနှင့် ဆက်စပ်လို့ ပဋိသန္ဓေစိတ် ခေါ်၏။

= ဥပါဒ်၊ ဌီ၊ ဘင် ခဏငယ်သုံးချက်သက်တမ်းရှိ၏။

ဘဝင်စိတ် = ပဋိသန္ဓေစိတ် ချုပ်ပျက်သွားပြီးနောက် အသက်ရှင်သန်နေရန် အလို့ငှာ ဘဝင်စိတ် အဆက်ဆက် ဖြစ်ပေါ်လာရ၏။

= ကံစွမ်းရှိသလောက် အဆက်ဆက် မပြတ်ဖြစ်နေသည့် စိတ် အသစ် အသစ်တွေသာတည်း။

= တစ်စိတ်ချင်း အဆက်ဆက် အသစ်အသစ်ဖြစ်ဖြစ်ပြီး ချုပ်ပျက် ချုပ်ပျက်သွားကြရာ၌ ရှေးကံကြောင့် ဖြစ်ပေါ်လာသော စိတ် အသစ်အသစ်တွေသာ။ စိတ်အဟောင်းတွေ ပြန်ပေါ်လာခြင်း မဟုတ်ပါ။

http://www.dhammadownload.com



ဝီထိစိတ် = အာရုံ ၆-ပါးက ဒွါရ ၆-ပါး၌ အသီးသီးထိခိုက်လာသောအခါ ဘဝင်အစဉ်မှထ၍ မြင်စိတ်, ကြားစိတ် စသည်ဖြင့် အသစ်အသစ်ဖြစ်သောစိတ်များသာ။ (ပဋိသန္ဓေမှ စုတိအတောအတွင်း ပဝတ္တိ ကာလ၌ ဘဝင်စိတ်, ဝီထိစိတ်တို့ဖြင့် အဆက်ဆက်ဖြစ်ကာ နေကြရ၏။)

မရဏာသန္နဝီထိ = တစ်ဘဝ, တစ်ဘဝ၌ သေခါနီးကာလမှာ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်သုံးပါးမှ တစ်ပါးပါးကို အာရုံပြုပြီး မရဏာသန္နဝီထိ ဖြစ်၏။

- မနောဒွါရ၌ ဖြစ်ပုံမှာ ဘဝင်စိတ်အစဉ်မှထ၍ ဆင်ခြင်သော အာဝဇ္ဇန်းစိတ် (မနောဒွါရာဝဇ္ဇန်း) ဖြစ်၏။ (မိမိပြုခဲ့ဖူးသော ကုသိုလ်၊ အကုသိုလ်ကံကိုဖြစ်စေ၊ ထိုကံပြုစဉ်က အာရုံနိမိတ်ကိုဖြစ်စေ သို့မဟုတ် ဖြစ်ရရောက်ရမည့်ဘဝက အခြေအနေဂတိနိမိတ်ကိုဖြစ်စေ ဆင်ခြင်နှလုံးသွင်းခြင်းပင်။)
- ထိုစိတ်ချုပ်သွားသောအခါ ထိုအာရုံကို အာရုံပြုစွဲလမ်းပြီး ဇောစိတ် ငါးကြိမ်ဖြစ်၏။
- ထိုဇောစိတ်အစဉ် ပြတ်သွားသောအခါ ထိုအာရုံကိုပဲ အာရုံပြုပြီး တဒါရုံ ၂ ကြိမ် ဖြစ်၏။
- ထိုတဒါရုံစိတ် ချုပ်ဆုံးသွားသောအခါ ဘဝင်စိတ် တစ်ကြိမ်၊ နှစ်ကြိမ် ပြန်ဖြစ်ပြီး ထိုဘဝက စိတ်အစဉ် ပြတ်သွား၏။

စုတိစိတ် = ထိုသို့ စိတ်အစဉ်ပြတ်ပြီး ထိုဘဝမှ ရွေ့လျောသွားသည့် ဤနောက်ဆုံးဘဝင်စိတ်ကို စုတိစိတ်ဟု ခေါ်၏။

(ပဋိသန္ဓေ၊ ဘဝင်၊ စုတိ - ဤစိတ်သုံးခု အာရုံတူ၏။)

## စုတိနောင် ပဋိသန္ဓေဖြစ်ပုံ

စုတိစိတ်ချုပ်သွားသည်နှင့် တစ်ပြိုင်နက် ကုသိုလ် အကုသိုလ်ကံအားလျော်စွာ သေခါနီးရခဲ့သော မရဏာသန္နဇော၏အာရုံ (ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်)ကို စွဲ၍ ဘဝသစ်၌ စိတ် အသစ်ဖြစ်၏။ ရှေးဘဝနှင့် ဆက်စပ်သောကြောင့် ပဋိသန္ဓေစိတ် ခေါ်၏။

http://www.dhammadownload.com



ထိုပဋိသန္ဓေစိတ် ချုပ်သွားပြီးနောက် ဘဝင်စိတ် ၁၅ ကြိမ်၊ ၁၆ ကြိမ်၊ န,ဒ,မ, ဘဝနိကန္တိက - လောဘဇော ၇ ကြိမ်၊ ထို့နောက် ဘဝင်အများ ဖြစ်ပေါ်ကြရာ၌ - ဘဝင်စိတ်တွေသည် ကံအစွမ်းရှိသလောက် အဆက်ဆက် အသစ်အသစ်ဖြစ်ကြ၏။

ဘဝင်အစဉ်မှထ၍ မြင်စိတ်ကြားစိတ်စသောဝီထိစိတ်တို့လည်း အဆက်ဆက် အသစ်အသစ်ဖြစ်ကြ၏။

ထိုသို့ သိရာမှာ **ကံကြောင့် စိတ်အသစ်အသစ်ဖြစ်သည်**ဟု သိခြင်းသည် ပင်လျှင် **'သင်္ခါရ ပစ္စယာ ဝိညာဏံ'**အရ ဝိပါကဝဋ်အလိုအားဖြင့် **ပဋိစ္စသမုပ္ပါဒ်ကို သိခြင်းပင်** ဖြစ်တော့၏။

ဤနေရာတွင် သိသင့်သိထိုက်သော အောက်ပါဝေါဟာရအရပ်ရပ်တို့ကို မူလပဋ္ဌာန်းဆရာတော်ကြီး၏ စကားရပ်များဖြင့် အသေးစိတ် ဖော်ပြပါဦးအံ့။

## သေခြင်းမရဏ (၄) ပါး

အာယုက္ခယ၊ ကမ္မက္ခယ၊ ဥဘယက္ခယ၊ ဥပစ္ဆေဒက ဟူသော သေခြင်းမရဏ (၄) ပါး။ အသက်တမ်းကုန်၍ သေခြင်း၊ ကံစွမ်းကုန်၍ သေခြင်း၊ အသက်တမ်း ကံစွမ်း နှစ်ပါးကုန်၍ သေခြင်း၊ ကံဆိုးဖြတ်ခြွေ လတ်တလော သေခြင်းတို့တည်း။

## သေခါနီး ထင်လာသော နိမိတ် (၃) ပါး

ကံနိမိတ်၊ ကမ္မနိမိတ်၊ ဂတိနိမိတ် - သေခါနီး ထင်လာသော နိမိတ် (၃) ပါး။ အကျိုးပေးခွင့်ရ၍ ရှေးရှုတည်နေသော ပဋိသန္ဓေကို ဖြစ်စေသော ဥပပဇ္ဇ၊ အပရာပရိယာယ ဝေဒနိယ ကုသိုလ်၊ အကုသိုလ် ဇနက-ကံသည် **ကံနိမိတ်** မည်၏။ ထိုကံနိမိတ်သည် အတိတ်ကာလ။ မနောဒွါရ၌ ထင်၏။

ကံမြောက်ကြောင်းဖြစ်သော အလှူဝတ္ထု၊ အလှူခံပုဂ္ဂိုလ်၊ လက်နက် တုတ် ဓား စသော ကံအဆောက်အဦး၊ ကံနှင့်စပ်သမျှ ဝတ္ထု၊ အာရုံ ၆ ပါးသည် **ကမ္မနိမိတ်** မည်၏။ အတိတ် ကမ္မနိမိတ် အာရုံ၆ ပါးသည် မနောဒွါရ၌ ထင်၏။ ပစ္စုပ္ပန် ကမ္မနိမိတ် အာရုံ ၆ ပါးသည် ယထာရဟ ၆ ဒွါရ၌ ထင်၏။ (ပစ္စုပ္ပန် ရူပါရုံ ကမ္မနိမိတ်သည် စက္ခုဒွါရ၌ ပစ္စုပ္ပန် သဒ္ဒါရုံ ကမ္မနိမိတ်သည် သောတဒွါရ၌ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ - ဆို။ ပစ္စုပ္ပန် အာရုံ ၆ ပါး **ကမ္မနိမိတ်**သည် မနောဒွါရ၌ ထင်၏ဟု ယထာရဟ အရယူ။)

လားရာဂတိ၊ အမိဝမ်းရေ၊ နတ်သမီးဘုံ၊ ဗိမာန်၊ ဥယျာဉ်၊ ပဒေသာပင်၊ ငရဲ အိုး၊ ငရဲထိန်း၊ ငရဲမီးလျှံ၊ ခွေးနက်ကြီး စသော အာရုံစုသည် **ဂတိနိမိတ်**မည်၏။ ထိုဂတိနိမိတ်သည် ပစ္စုပ္ပန်ကာလ။ အာရုံ ၆ ပါး၊ ၆ ဒွါရ၌ ထင်၏။

http://www.dhammadownload.com



## ပဋိသန္ဓေ

သေခါနီးသူအား ဒွါရ ၆ ပါး၌ ထင်လာသော အာရုံကို အာရုံပြု၍ ဘ၀တစ်ပါး၌ ပဋိသန္ဓေဖြစ်၏။ ဤစိတ်တစ်ခုပင်လျှင် ပဋိသန္ဓေ၊ ဘ၀င်၊ စုတိ ဟု အာရုံတစ်ခု၊ ဘ၀တစ်ခု၌ ဖြစ်၏။

## ပဋိသန္ဓေနေခြင်း အကြောင်း (၃) ပါး

အဝိဇ္ဇာ၊ တဏှာ၊ ကံ- သင်္ခါရ ပေါင်း ပဋိသန္ဓေနေခြင်းအကြောင်း (၃) ပါး။ ဘ၀သစ်၌ အပြစ်ဖုံးလွှမ်းခြင်းသည် "အဝိဇ္ဇာ" မည်၏။ စိတ်အစဉ်ကို ဘ၀သစ်၌ ညွှတ်ခြင်း၊ ကိုင်းရှိုင်းခြင်းသည် "တဏှာ" မည်၏။ ဘ၀သစ်၌ ပစ်ချသော ဇနကကံသည် "သင်္ခါရ" မည်၏။

## ပဋိသန္ဓေစိတ်တို့၏ အာရုံပြုပုံ ဗဟုသုတ

အတီတဘွင်စသော ရှေ့နောင် ဘ၀င်၊ စုတိတို့သည် ရှေးဘ၀၏အစ ပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် အာရုံဟောင်းကို အာရုံပြုကြ၏။

အာဝဇ္ဇန်း အစရှိသော ဝီထိစိတ်တို့သည် ယခု သေခါနီးအခါ မရဏာသန္နတွင် အသစ်ထင်လာသော ကံသစ်၊ ကမ္မနိမိတ်သစ်၊ ဂတိနိမိတ်သစ်ဖြစ်သော အာရုံအသစ်ကို အာရုံပြုကြ၏။

နောက်ဘ၀၌ ပဋိသန္ဓေသစ်၊ ဘ၀င်သစ်တို့သည်လည်း ထိုမရဏာသန္နအခါတွင် အသစ်ထင်လာသော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့ကို အာရုံပြုကြ၏။

မနောဒွါရာဝဇ္ဇန်း၊ ဘ၀နိကန္တိ လောဘဇောတို့သည် ထိုဘ၀သစ် ဝိပါက်နာမက္ခန္ဓာ၊ ကမ္မဇရုပ်ဟူသော ဘ၀သစ်၊ ခန္ဓာသစ်ကို အာရုံပြုကြ၏။

ပဉ္စဒွါရဝီထိ၌ ပစ္စုပ္ပန်ဖြစ်သော ပဉ္စာရုံ ကမ္မနိမိတ်သစ်၊ ဂတိနိမိတ်သစ်တို့သည် စုတိစိတ်နှင့် လည်းကောင်း၊ နောက်ဘ၀သစ် ပဋိသန္ဓေစိတ်နှင့် လည်းကောင်း ပြိုင်၍ ချုပ်ကြ၏။

မနောဒွါရဝီထိ၌ ပစ္စုပ္ပန်ဖြစ်သော ကမ္မနိမိတ်သစ်၊ ဂတိနိမိတ်သစ် အာရုံ ၆ ပါးတို့သည် ပဋိသန္ဓေ နောင် စတုတ္ထ၊ ပဥ္စမ၊ ဆဋ္ဌဘ၀င်တို့နှင့် ပြိုင်၍ ချုပ်၏။

http://www.dhammadownload.com



# သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံ အကျဉ်းအဓိပ္ပာယ်

(ဆရာကြီး ဦးကျော်ထွတ်)

"သင်္ခါရ ပစ္စယာ ဝိညာဏံ" တွင် သင်္ခါရ ဟူသောကံကြောင့် ဝိပါက်ဝိညာဏ် ဖြစ်ကြောင်း ပြဆိုသကဲ့သို့ ပဋ္ဌာန်းကမ္မပစ္စည်း၌လည်း-

**"ကုသလာ ကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ**

**ကဋတ္တာစ ရူပါနံ ကမ္မ ပစ္စယေန ပစ္စယော"**အရ

ကုသလာ ကုသလံ ကမ္မံ - ကုသိုလ်၊ အကုသိုလ်ကံ ဆိုသည့် သင်္ခါရသုံးမျိုး တို့သည် "ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ" ဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ်တို့ကို ဖြစ်ပေါ်စေသည်ဟု ပြဆိုထား၏။

ဝိပါက်ခန္ဓာဆိုသည်မှာ ပဋိသန္ဓေ ဝိပါက်ဝိညာဏ်နှင့် ပဝတ္တိဝိပါက်ဝိညာဏ် ကို ဆို၏။ ပဋိသန္ဓေ ဝိညာဏ်သည် ဘုံစဉ်အတိုင်း (၁) အပါယ်ပဋိသန္ဓေ၊ (၂) ကာမသုဂတိပဋိသန္ဓေ၊ (၃) ရူပပဋိသန္ဓေ၊ (၄) အရူပပဋိသန္ဓေ ဟူ၍ (၄) မျိုးကွဲသွား၏။ မြင်စိတ်၊ ကြားစိတ်၊ နံစိတ် အစရှိသည်တို့သည်လည်း 'သင်္ခါရ ပစ္စယာ ဝိညာဏံ' သင်္ခါရကြောင့် ဖြစ်သည့် ပဝတ္တိဝိညာဏ်ဝိပါက်များပင် ဖြစ်ကြ၏။

ယင်းဝိပါက်ဝိညာဏ်များသည် **အကြောင်းမဲ့ဖြစ်ခြင်းမဟုတ်။** အတိတ် ဘဝကပြုခဲ့သော **ကံသင်္ခါရအကြောင်းတရားကြောင့်** ယခုဘဝ၌ အကျိုးဝိပါက် **ဝိညာဏ် ဖြစ်ပေါ်လာသည်ဟု** အကြောင်းအကျိုးဆက်စပ်မှုအားဖြင့် သိအပ်၏။

သင်္ခါရဆိုသည်မှာလည်း မည်သည့်အလုပ်မဆို စေတနာ၏ဦးဆောင်မှု၊ နှိုးဆော်မှု၊ လှုံ့ဆော်မှုကြောင့်သာလျှင် ပြုလုပ်နိုင်သည်ဖြစ်၍ **စေတနာကိုပင် သင်္ခါရ** ဟု ခေါ်၏။ ကံဟု ခေါ်ရ၏။

**'ကမ္မံ သတ္တေ ဝိဘဇတိ'**အရ

သတ္တဝါတို့ အယုတ်အလတ်အမြတ်ကွဲပြားရခြင်းသည် ကံက စီမံဖန်တီးခြင်း သာ ဖြစ်လေရကား "သင်္ခါရ" ဆိုတာ "စေတနာ"၊ စေတနာဆိုတာ "ကံ"၊ ကံကြောင့် သတ္တဝါ တွေ ကွဲပြားခြားနားရ၏ဟူ၍ သိရာ၏။

**ပဋိစ္စသမုပ္ပါဒ် နက်နဲသည်ဆိုခြင်းမှာ 'သင်္ခါရ ပစ္စယာ ဝိညာဏံ' ဟူသည့် ပဋိသန္ဓေခန်းကို** ဆိုပေရကား -

သတ္တဝါတွေ သေခါနီးတွင် မျက်စိက ကောင်းကောင်းမမြင်၊ နားက ကောင်း ကောင်းမကြားရတော့ဘဲ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ စသော ကမ္မဇရုပ်များ တဖြည်း

http://www.dhammadownload.com



ဖြည်းချင်း ချုပ်သွားကြရာ၌ ဟဒယဝတ္ထုရုပ်၊ ကာယပသာဒရုပ်၊ ဘာဝရုပ်နှင့် ဇီဝိတရုပ်များ ကျန်၍ နောက်ပိတ်ဆုံး မရဏာသန္နဇော စောသည့်အချိန်၌ ဝိညာဏ်သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ဆိုသည့် အာရုံတစ်ပါးပါးကို တွယ်ရ၏။ အာရုံပြု၏။

သေခါနီးသူအား ဘယ်ကံက အကျိုးပေးသနည်းဟူမူ ဂရုကံ မရှိခဲ့သော် သေခါနီးမှာ ပြုလုပ်သည့် ကုသိုလ် အကုသိုလ်ကံဆိုသည့် **အာသန္နကံက အကျိုးပေး၏။** ထိုသို့ **အတိတ်က ပြုခဲ့သည့် ကုသိုလ်၊ အကုသိုလ်တွေကို** သေခါနီးဝိညာဏ်က ပြန်၍ အာရုံပြုခြင်းသည် **ကံအသစ်ဖြစ်လာခြင်းပင်** ဖြစ်၏။

ပဋိသန္ဓေခန်းမှာ တဏှာမပါဘဲ မဖြစ်ပါ။ သေခါနီး၌ ကုသိုလ်ကံ၊ အကုသိုလ်ကံကြောင့် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် တစ်ပါးပါးထင်လာရာ၌ ထိုနိမိတ်ထင်ရာဘုံသို့ သွားလိုသော "တဏှာ" က ညွှတ်ပေးရ၏။ "အဝိဇ္ဇာ" က အပြစ်ကို မမြင်အောင် ဖုံးကွယ်ပေး၏။ ထိုသို့အဝိဇ္ဇာက ဖုံးကွယ်၊ တဏှာက ညွှတ်ပေးလိုက်ခြင်းဖြင့် **နောက်ဘဝ၏ အာရုံကို မရဏာသန္နဇော အာရုံပြုပြီးသည်နှင့်**တစ်ပြိုင်နက် လက်ရှိဘဝက စိတ်အစဉ်ပြတ်ပြီး စုတေ၏။ ထိုဘဝမှ ရွေ့လျောသွားသည့် နောက်ဆုံးဘဝင်စိတ်ကို စုတိစိတ်၊ ထိုစုတိမှနောက် ပထမဆုံးဖြစ်သည့်စိတ်ကို **ပဋိသန္ဓေစိတ်**ဟု ခေါ်၏။

ဤဘဝတွင် ပဋိသန္ဓေဝိညာဏ်ဖြစ်ရခြင်းသည် **အသစ်စက်စက်ဖြစ်ခြင်း**သာ။ အတိတ်ဘဝက အဝိဇ္ဇာနုသယခြံရံ၊ တဏှာနုသယအရင်းခံသည့် ကုသိုလ်၊ အကုသိုလ်တည်းဟူသော **ကံ၊ သင်္ခါရကြောင့် ဖြစ်**တာပါ။ အတိတ်ဘဝက အကြောင်းကြောင့် ဤဘဝမှာ ဖြစ်ပေါ်လာသည့်အကျိုးဝိပါက်ခန္ဓာပါ။ ဟိုဘဝက ဝိညာဏ်သည် **ဤဘဝသို့ ပြောင်းသွားတာလည်း မဟုတ်ပါ။** ထိုသို့ ဝိညာဏ် ပြောင်းသွားသည်ဟု ယူလျှင် "သဿတဒိဋ္ဌိ" အယူပါ။ ဟိုဘဝက ရုပ်နာမ်အကြောင်းနှင့် ကင်း၍ ဖြစ်လာတာလည်း မဟုတ်ပါ။ ထိုသို့ အကြောင်းကင်း၍ ဖြစ်သည်ဟု ယူက "ဥစ္ဆေဒဒိဋ္ဌိ" အယူပါ။ အမှန်မှာ အတိတ်ဘဝက အဝိဇ္ဇာခြံရံသော တဏှာအရင်းခံသည့် ကုသိုလ် အကုသိုလ် ကံသင်္ခါရက ပစ်ချလိုက်ခြင်းဆိုသည့် **အကြောင်းကြောင့်ဖြစ်ပေါ်လာသည့် အကျိုး ဝိပါက်ခန္ဓာအသစ်စက်စက်သာ** ဖြစ်သည်။

ထိုသို့အားဖြင့် ဝိညာဏ်ဖြစ်ရခြင်းအကြောင်းရင်းကို လူသတ္တဝါများအတွက်သာ မဟုတ်ဘဲ (၃၁)ဘုံလုံးကိုခြုံပြီး သင်္ခါရပစ္စယာ ဝိညာဏံ ဟု ဘုရားရှင် ဟောခဲ့လေ၏။

**နာမ်တရားများသည် အကြားမရှိဘဲ ဥပါဒ်၊ ဌီ၊ ဘင်ဖြင့် ပျက်ပြီးလျှင်** ဖြစ်၊ ပျက်ပြီးလျှင်ဖြစ် ဆိုသည့် ထိုသဘောဖြင့် **သံသရာကအစ ရဟန္တာတို့၏ စုတိတိုင်**

http://www.dhammadownload.com



အောင် အစဉ်မပြတ် ဖြစ်နေခြင်းပါ။ ထိုသို့ အစဉ်မပြတ်အောင် ဖြစ်ဖြစ်နေရတာ ကလည်း စေတနာဆိုသည့် သင်္ခါရကြောင့် အသစ်စက်စက် ထပ်ကာထပ်ကာ ဖြစ်နေကြခြင်းပါ။ ရှေ့စိတ်ချုပ်ပြီး နောက်စိတ်ပေါ်သည့် အနန္တရပစ္စည်းထဲမှာ စေတနာ ဆိုသည့် သင်္ခါရပါနေခြင်းသည် **"သင်္ခါရ ပစ္စယာ ဝိညာဏံ"** ၏ သဘောပင် ဖြစ်၏။

ကုသိုလ် အကုသိုလ် ကံသင်္ခါရကြောင့် ဝိပါက် ဝိညာဏ် ဖြစ်ကြရာ၌-

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ သဘောအရ မသိမှုအဝိဇ္ဇာကြောင့် ကုသိုလ် အကုသိုလ် ကံသင်္ခါရဖြစ်လေရကား "အဝိဇ္ဇာ" က **ကိလေသဝဋ်**၊ "ကံ သင်္ခါရ" က **ကမ္မဝဋ်**၊ "ဝိညာဏ်" က **ဝိပါကဝဋ်ဖြစ်၍ ထိုဝဋ်သုံးပါးလည်နေခြင်းကိုပင် ပဋိစ္စသမုပ္ပါဒ်လည်သည်**ဟု ဆိုရ၏။

ဗုဒ္ဓဝါဒမှာ ကိလေသာဝဋ်ဆိုသည့် **ကိလေသာကိုသာ သတ်ရမှာပါ။ ကံ သတ်ဝါဒ မဟုတ်ပါ**။ ထိုကံများတွင် အဝိဇ္ဇာ၊ တဏှာဆိုသည့် ကိလေသာ မပါတော့လျှင် အဝိဇ္ဇာကြောင့် ဖြစ်သည့် ကံ မဟုတ်တော့သည့်အလျောက် သင်္ခါရပစ္စယာ ဝိညာဏံ ဆိုသည့် ပဋိသန္ဓေဝိပါက်ဝိညာဏ်လည်း မဖြစ်နိုင်တော့ပါ။

ထိုဝဋ်သုံးပါး၌ - "ကံ" သည် "မျိုးစေ့" နှင့် တူ၏။
"ဝိညာဏ်"သည် "အပင်"နှင့် တူ၏။
"ကိလေသာ"သည် "ရွှံ့ရေညွန်"တို့နှင့် တူ၏။

"ကံ"ဆိုသည့် မျိုးစေ့ သည် "ကိလေသာ"ဆိုသည့် ရွှံ့ရေညွန်လယ်မြေမှာ ချ၍ စိုက်ပျိုးမှသာ "ဝိညာဏ်" ဆိုသည့် **ခန္ဓာပင် ပေါက်နိုင်၏**။

ထို့ကြောင့်**ကိလေသာရှိနေမှလည်း ထိုကံသည် ခန္ဓာပင်ပေါက်နိုင်ပေ**ရကား ကိလေသာမရှိသူ ပြုလုပ်သော ကံများသည် ခန္ဓာပင် မပေါက်နိုင်ကြသလို၊ ကိလေသာကုန်အောင် မလုပ်နိုင်ကလည်း ကံတွေရှိပြီး ပဋိသန္ဓေဝိပါက်ဝိညာဏ်ဆိုသည့် ခန္ဓာပင်တွေ ပေါက်ဦးမှာ မလွဲပါဟူ၍ သင်္ခါရ ပစ္စယာ ဝိညာဏံ သဘောကို သိရာ၏။

http://www.dhammadownload.com



## သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံ မကျဉ်းမကျယ်အဓိပ္ပာယ်

(မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး)

သင်္ခါရကြောင့် ဝိညာဏ်ခြောက်ပါး ထင်ရှားဖြစ်ပေါ်သည်ဟူရာ၌-

အကုသိုလ်စေတနာတည်းဟူသော အပုညာဘိသင်္ခါရကြောင့် အပါယ်ပဋိသန္ဓေ ဝိညာဏ်နှင့် ပဝတ္တိအခါ ကာမဘုံ၊ ရူပဘုံတို့၌ အကုသလဝိပါက်ဝိညာဏ်များ ထိုက်သည်အားလျော်စွာ ဖြစ်ကြ၏။

ကာမကုသိုလ်စေတနာတည်းဟူသော ပုညာဘိသင်္ခါရကြောင့် ကာမသုဂတိ ခုနစ်ဘုံ (လူ့ဘုံ၊ နတ်ဘုံ)တို့၌ ပဋိသန္ဓေဝိညာဏ် (၉)မျိုးနှင့် ပဝတ္တိအခါ ကာမဘုံ၊ ရူပဘုံတို့၌ ကာမကုသလဝိပါက်ဝိညာဏ် (၁၆) မျိုးတို့ ထိုက်သည်အားလျော်စွာ ဖြစ်ကြ၏။

ရူပကုသိုလ်စေတနာတည်းဟူသော ပုညာဘိသင်္ခါရကြောင့် ရူပဗြဟ္မာ (၁၅) ဘုံ၌ ရူပဝိပါက် ပဋိသန္ဓေဝိညာဏ် ပဝတ္တိဝိညာဏ်တို့ ဖြစ်ကြ၏။

အရူပကုသိုလ်စေတနာတည်းဟူသော အာနေဉ္ဇာဘိသင်္ခါရကြောင့် အရူပ ဗြဟ္မာ (၄) ဘုံတို့၌ အရူပဝိပါက် ပဋိသန္ဓေဝိညာဏ် ပဝတ္တိဝိညာဏ်တို့ ဖြစ်ကြ၏။

**သမင်္ဂိတာလေးပါး (ဝါ) သမင်္ဂီလေးပါး**

ဤ၌ ကုသိုလ်, အကုသိုလ် စေတနာသင်္ခါရကြောင့် ဝိပါက်ဝိညာဏ်တို့ ဖြစ်ပေါ်ပုံကို သမင်္ဂိတာလေးပါး ( သမင်္ဂီလေးပါး )တို့ဖြင့် အကျဉ်းမှတ်၍ ယူရာ၏။ မှတ်ပုံမှာ-

(၁) ကောင်းမှု မကောင်းမှု ပြုသောအခါ ထိုအမှုကိစ္စကို ပြီးစေတတ်သော ကုသိုလ်စေတနာ, အကုသိုလ်စေတနာတို့ ဖြစ်ကြလေသည်။ ထိုစေတနာတို့ ခဏ ပစ္စုပ္ပန်အနေအားဖြင့် ထင်ရှားရှိနေခိုက်ကို **စေတနာ သမင်္ဂိတာ = စေတနာ သမင်္ဂီ= စေ့ဆော်ပြုလုပ်မှုနှင့် ပြည့်စုံနေခြင်း ဟု ခေါ်၏။**

(၂) ထိုကုသိုလ်, အကုသိုလ်စေတနာတို့သည် ခဏငယ် (၃) ချက် အသက်စေ့၍ ချုပ်ပျောက်ကြသောအခါ (အခြားဝိပါက်ဝိညာဏ်များကဲ့သို့) ဤခန္ဓာသန္တာန်၌ အဆက်ပြတ် အစပြတ် ချုပ်ပျောက်ကြသည်မဟုတ်ဘဲ အကြောင်းအခွင့် ညီညွတ်ပြည့်စုံလျှင် အကျိုးဝိပါက်ဝိညာဏ်စိတ် တရားလုံးတစ်ခုအနေဖြင့် ထင်ရှား ဖြစ်ပေါ်လာနိုင်သော "သတ္တိထူး"ကို ထားခဲ့၍ ချုပ်ပျောက်ကြလေ၏။ ထိုအမှု အရာ သတ္တိထူးကား ဤခန္ဓာအစဉ်၌ အဟောသိကံ မဖြစ်သေးသမျှ ကာလပတ်လုံး

http://www.dhammadownload.com



ငုပ်ကိန်းလိုက်ပါလျက် ရှိချေသည်။ ထိုအမူအရာသတ္တိထူးနှင့် ပြည့်စုံခြင်းကို **ကမ္မသမင်္ဂီတား အမူအရာ သတ္တိထူးနှင့် ပြည့်စုံခြင်း**ဟု ခေါ်၏။

(၃) ထိုကုသိုလ်၊ အကုသိုလ်ကံတို့ အကျိုးပေးချိန် တန်သောအခါ ဆိုင်ရာဒွါရ၌ "ကံ" သော်လည်းကောင်း၊ ကံပြုစဉ်က ထိုကံထမြောက်ကြောင်း အဆောက်အအုံ၊ ဝတ္ထုပစ္စည်းတည်းဟူသော "ကမ္မနိမိတ်" အာရုံသော်လည်းကောင်း (သို့မဟုတ်) ထိုကံကြောင့် လားရောက်ရမည့်ဘဝဂတိ၌ တွေ့ရှိခံစံရမည့် အရာဝတ္ထုပစ္စည်းများတည်းဟူသော "ဂတိနိမိတ်" အာရုံသော်လည်းကောင်း ထင်၍လာလေသည်။ (သေခါနီးသော သတ္တဝါတို့မှာ ဘုရား၊ ရဟန္တာမှတစ်ပါး မည်သူမဆို ဤအာရုံထင်ကြသည်။ ထိုထင်သောအာရုံ အခြားမဲ့နောက်ဘဝ၌ လိုက်ပါထင်မြင်နိုင်လောက်အောင် အားရှိစွာ ယူပြီးမှ ဤဘဝက စုတေကြမြဲ ဖြစ်သည်။) ထိုသို့ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်သုံးပါး တို့တွင် တစ်ပါးပါး ထင်နေမှုနှင့် ပြည့်စုံခြင်းကို **ဥပဋ္ဌာနသမင်္ဂီတာ**ဟု ခေါ်၏။

(၄) ထို့နောက် ဤဘဝမှ စုတေ၍ ထိုက်သင့်ရာဘဝ၌ ပဋိသန္ဓေ (ဝိပါက်) ဝိညာဏ်စိတ် ဖြစ်ပေါ်လာ၏။ ပဋိသန္ဓေအခါ၏နောက်၌လည်း (ပဝတ္တိအခါ၌လည်း) ထိုကံ၏အကျိုးဖြစ်သော ဝိပါက်ဝိညာဏ်စိတ်များသည် အခြားဝီထိစိတ်တို့ မဖြစ်သောအခါ၌ ဘဝအယဉ်မပြတ်ရန် ထပ်တလဲလဲ ဖြစ်ပွားကြလေသည်။ (ဘဝင်ကိစ္စတပ်၍ ဖြစ်ကြ၏) ထိုသို့ ပဋိသန္ဓေဝိပါက်ဝိညာဏ် ပဝတ္တိဝိပါက်ဝိညာဏ်များ ဖြစ်ပွားပြည့်စုံလာသည်ကို **ဝိပါကသမင်္ဂီတား အကျိုးဝိပါက်နှင့် ပြည့်စုံခြင်း**ဟု ခေါ် ဆို၏။

ဤဆိုအပ်ပြီးသော သမင်္ဂီတာလေးပါးကို ဆင်ခြင်လေ့လာ၍ **ဝိပါက်စိတ်ဝိညာဏ်သည် စေတနာသမင်္ဂီတာ** ခေါ်သော **သင်္ခါရ**ကို အခြေခံအကြောင်းပြု၍ ဖြစ်ပေါ်လာရသည်ကို သိရှိရာ၏။ ထို့ကြောင့်လည်း မြတ်စွာဘုရားရှင်သည် **'သင်္ခါရ ပစ္စယာ ဝိညာဏံ = သင်္ခါရကြောင့် ဝိညာဏ်ခြောက်ပါး ဖြစ်ပွားလာ၏'**ဟု ချုပ်၍ ဟောတော်မူလေသည်။

## သင်္ခါရကြောင့် ဘဝသစ်ပဋိသန္ဓေဝိညာဏ် ဖြစ်ပေါ်ပုံ အပြည့်အစုံ

(မဟာစည်ဆရာတော်ဘုရားကြီး)

သင်္ခါရကြောင့် ဘဝသစ်ပဋိသန္ဓေဝိညာဏ်ဖြစ်သည်ဆိုရာမှာ မိစ္ဆာဒိဋ္ဌိဖြစ်စရာအကွက်ကြီးတစ်ခုလို့ လယ်တီဆရာတော်ဘုရားကြီး၏မိန့်မှာချက် ရှိသည်နှင့်

http://www.dhammadownload.com



အညီ ဘဝကူးသည့်အချက်နှင့် စပ်လျဉ်း၍ သိရန်ခက်ခဲသလို သိဖို့ရာလည်း လွန်စွာ အရေးကြီး၏။

တစ်ဘဝ, တစ်ဘဝမှာ သေဆုံးသည့်အခါ စုတိစိတ်နှင့်တကွ ရုပ်နာမ်တွေ အားလုံး ချုပ်သွားသည်ဟု သိရန်လိုသလို၊ ထိုသို့ ရုပ်နာမ်တွေအကုန်လုံး ချုပ်ဆုံးသွားသော်လည်း ကိလေသာ မကင်းသေးလျှင်ကား ကုသိုလ် အကုသိုလ်ကံဆိုသော သင်္ခါရကြောင့် ဘဝသစ်, ဌာနသစ်မှာ ပဋိသန္ဓေဝိညာဏ်နှင့်တကွ ရုပ်နာမ်အသစ်တွေ မပြတ်စပ်ပြီး ဖြစ်ပေါ်သွားဦးမည်ဆိုသည်ကိုလည်း သိရှိနားလည်သဘောပေါက်ထားရန် လိုပေသည်။

ထိုသို့ နားမလည်လျှင်ကား သေသောအခါ ဤဘဝမှ အတ္တကောင်, အသက်ကောင်သည် ဟိုဘဝသို့ ပြောင်းသွားသည်ဟု ထင်မြင်ယူဆသည့် သဿတဒိဋ္ဌိသော်လည်း ဖြစ်အံ့။ သို့တည်းမဟုတ် သေသည့်အခါ အကုန်လုံးပျောက်သွား၍ ဘာကိုမျှထပ်မဖြစ်တော့ဘူးဟု ထင်မြင်ယူဆသည့် ဉစ္ဆေဒဒိဋ္ဌိသော်လည်း ဖြစ်အံ့။

ထိုသို့ဒိဋ္ဌိဖြစ်ရခြင်းမှာ သေသောအခါ၌ အကြောင်းအကျိုး ဆက်စပ်ပုံကို မသိ၍ ဖြစ်ကြရ၏။

စိတ္တနိယာမအရ ရှေးစိတ်ဆုံးသွားလျှင် နောက်စိတ်တစ်ခုသည် စွဲမှီစရာ အာရုံတစ်ခုခုကို စွဲမှီပြီး ပေါ်လာမြဲပါ။ သေသည်ဆိုတာ အကောင်လိုက် သေပျက်သွားတာ မဟုတ်။ ထိုစိတ်ကလေးတွေလို စိတ်တစ်ခု ပျက်သွားခြင်းသာ။ ဘဝသစ် ဖြစ်သည်ဆိုတာလည်း အကောင်လိုက် တစ်လုံးတစ်ခဲတည်း ဖြစ်ပေါ်လာတာ။ ပြောင်းရွှေ့လာတာ မဟုတ်ပါ။ ထိုစိတ်ကလေးတွေလို စိတ်အသစ်တစ်ခု (ရှေးဘဝ သေခါနီးက ရခဲ့သည့်အာရုံကို စွဲမှီပြီး) ဖြစ်ပေါ်လာခြင်းသာ ဟု သဘောကျ သိရှိရာ၏။

မသေခင်တော့ စိတ်အစဉ်သည် လက်ရှိရုပ်ကိုယ်ကြီးကိုပဲ မှီပြီး ရှေးစိတ်ဆုံးလျှင် နောက်စိတ်ဖြစ်၊ ရှေးစိတ်ဆုံးလျှင် နောက်စိတ်ဖြစ်နဲ့ မပြတ်ဆက်စပ်ပြီး ဖြစ်နေ၏။ သေသောအခါ၌မူကား လက်ရှိရုပ်ကိုယ်ကြီးက မှီရာမဖြစ်နိုင်တော့သည့်အတွက် တခြားဌာနရုပ်အစဉ်ကိုမှီပြီး စိတ်အစဉ်ဖြစ်သွားရ၏။ တည်ရာဌာနမျှသာကွဲ၍ စိတ်အစဉ်ကတော့ တစ်စဉ်တည်း တစ်ဆက်တည်းသာ ဖြစ်၏။

ဘဝဟောင်းက ရုပ်နာမ် တစ်စုံတစ်ခုမျှ လိုက်ပါမလာဘဲ ဘဝသစ်မှာ ပဋိသန္ဓေ ဝိညာဏ်အသစ် ဖြစ်ပုံကို မှန်းဆသိဖို့ရာ ဉပမာများကား ပဲ့တင်သံ၊ ဆီမီး၊ တံဆိပ်ရာ၊ မျက်နှာရိပ်တွေနှင့် တူ၏။

http://www.dhammadownload.com



**ပဲ့တင်သံ** ဥပမာတွင် လိုဏ်ခေါင်းတွင်း၌ အသံတစ်ခု အော်လိုက်ပါက အဝေးမှ အသံတစ်ခု ပြန်မြည်လာသော်လည်း မိမိအော်လိုက်သောအသံသည် ဟိုအဝေးသို့ သွားပြီး မြည်တာ မဟုတ်သလို၊ မိမိအော်လိုက်သော အသံအကြောင်းနှင့်လည်း မကင်းပါ။

**မျက်နှာရိပ်ဥပမာတွင်** - မှန်ထဲရှိ မျက်နှာရိပ်သည် လူ၏ ပကတိမျက်နှာက မှန်ထဲသို့ ရောက်နေတာ မဟုတ်သော်လည်း ပကတိမျက်နှာအကြောင်းနှင့်လည်း မကင်းပါ။

**ဆီမီးဥပမာတွင်** - ဆီမီးခွက် မီးတောက်တစ်ခုမှ အခြားဆီမီးခွက်တစ်ခုကို မီးကူးယူရာ၌ နောက်ဆီမီးခွက်မီးတောက်သည် မီးခွက်ဟောင်းက မီးတောက်ဟောင်း မဟုတ်။ မီးတောက်အသစ် ဖြစ်သည် မှန်သော်လည်း မီးခွက်ဟောင်းမှ မီးတောက် အကြောင်းနှင့်လည်း မကင်းပါ။

**တံဆိပ်ဥပမာတွင်** - တံဆိပ်နှိပ်လိုက်သောအခါ ခတ်နှိပ်လိုက်သော တံဆိပ်တုံးနှင့် ပုံတူ တံဆိပ်ရာ ထင်သည်တွင် မူလ တံဆိပ်တုံး၏ မျက်နှာပြင် မဟုတ်။ မျက်နှာပြင်အသစ် ထင်တာမှန်သော်လည်း ထိုမူလတံဆိပ်တုံးအကြောင်းနှင့်လည်း မကင်းနိုင်ပါ။

ထိုဥပမာများကဲ့သို့ပင် ဘဝသစ်ပဋိသန္ဓေဝိညာဏ်သည်လည်း **ဘဝဟောင်းက စိတ်ဟောင်းတော့ မဟုတ်ပါ။ စိတ်အသစ်ပါ။** သို့သော်လည်း ဘဝဟောင်းက **သေခါနီးမှာ** ပြုခဲ့ဖူးသည့် ကံ၊ ထိုကံပြုစဉ်က အာရုံနိမိတ်၊ ဖြစ်ရမည့်ဘဝက အခြေအနေ ဂတိနိမိတ်၊ **ထိုထိုထင်ပေါ်ရာ အာရုံတစ်ခုခုကို စွဲမှီပြီး ဘဝသစ်မှာ ပဋိသန္ဓေစိတ်ဆိုသည့် ဝိညာဏ်အသစ်ဖြစ်ရခြင်းသာဖြစ်လို့ ဘဝဟောင်းကစိတ် ဘဝသစ်သို့ ပြောင်းရွှေ့သွားတာလည်း မဟုတ်ပါ။ ဘဝဟောင်းက အကြောင်းနှင့်လည်း မကင်းပါ။**

ထို့ကြောင့် ယခုဘဝမှာ **ရှေးစိတ်နှင့် နောက်စိတ်သည် တခြားစီဖြစ်နေသော်လည်း** တစ်ဦးတည်း၏သန္တာန်အစဉ်မှာ အကြောင်းအကျိုး ဆက်သွယ်နေသည့် စိတ်အစဉ်တစ်ခုတည်း ဖြစ်နေတာကြောင့် **ဧကတ္တနည်းအရ** ရှေးဘဝက စိတ်နှင့် နောက်ဘဝသစ်ကစိတ်ကို **တစ်ယောက်တည်းဟုပင်** ဆိုရ၏။

ဤသည်ကား ဘဝဟောင်းက ရုပ်နာမ်တစ်စုံတစ်ခုမျှ ဘဝသစ်သို့ ရွှေ့ပြောင်းလိုက်ပါလာခြင်း မရှိဘဲ၊ ဘဝဟောင်းက သေခါရကြောင့် ဘဝသစ်၌ ဝိညာဏ်ဖြစ်ပုံ

http://www.dhammadownload.com



သိထားရုံဖြင့် ဘဝဟောင်းက ဘဝသစ်သို့ ပြောင်းရွှေ့သွားသည်၊ ခိုင်မြဲသည်ဟူသော အယူ သဿတဒိဋ္ဌိ သေက၊ ဘဝပြတ်သွားသည်ဟူသော ဥစ္ဆေဒဒိဋ္ဌိ အကုန်ပြုတ်၏။

ဘဝဟောင်းက သေခါနီးကာလမှာ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ထိုအာရုံ နိမိတ် ၃ ခုသည် ပြုခဲ့ဖူးသည့် အမှုကံကြောင့် ပေါ်လာမြဲပါ။ ထိုပြုခဲ့ဖူးသည့် အမှုကံက အကျိုးပေးတော့မည့် သဘောပင်။

'ကံ' ဆိုတာ ကိုယ်ပြုဖူးသည့် ကောင်းသောအမှု၊ မကောင်းသောအမှု၊ ကုသိုလ်ကံ စေတနာ၊ အကုသိုလ်ကံ စေတနာပါ။ အမှုကံဆိုတာ ပြုထားသည့် သူမှာ ထင်ရှားနေလေရကား ထိုကံသည် ရှေးက ပြုခဲ့ရသည့် အနေအားဖြင့်လည်း ထင်ပေါ်နေတတ်၏။ ပါဏာတိပါတ ဒုစရိုက်ပြုဖူးသည့်သူဆိုလျှင် သေခါနီးမှာပဲ သတ်ဖြတ်နေ ရသလို ထင်တတ်၏။ ငါးဖမ်းသည့်သူတွေဆိုလည်း သေခါနီးမှာပင် တကယ်ငါးဖမ်း နေရတယ်ဟု ထင်မြင်နေတတ်၏။ အလှူဒါနပြုဖူးသူဆိုလျှင်လည်း သေခါနီးမှာပင် အလှူဒါန ပြုနေရသလို ထင်မြင်တတ်၏။

'ကမ္မနိမိတ်' ဆိုတာကတော့ အမှုကံကို ပြုစဉ်တုန်းက တွေ့ကြုံခဲ့ရသည့် ပတ်ဝန်းကျင်အခြေအနေအာရုံတွေပင်။ ဒါနကုသိုလ်ဆိုလျှင် သင်္ကန်း၊ ဆွမ်း၊ ကျောင်း အစရှိသည့် လှူဖွယ်ပစ္စည်းတွေ၊ အလှူခံပုဂ္ဂိုလ်တွေ၊ အလှူမဏ္ဍပ် နေရာထိုင်ခင်း၊ ဘုရားဆင်းတု စေတီ စသည့် အာရုံနိမိတ်တွေ ပေါ်တတ်၏။

'ဂတိနိမိတ်' ဆိုလျှင်လည်း ဖြစ်ရ ရောက်ရမည့်ဘဝ အခြေအနေတွေ ဖြစ်သော ငရဲထိန်း၊ ငရဲသား၊ ငရဲမီး၊ ခွေးနက်ကြီး အစရှိသည်တွေပင်။ အိပ်မက် မက်သလို ပဲ မြင်နေရ၏။

**မိမိပြုထားသည့် အမှုဟာ သေခါနီးမှာပေါ်လာရင် ကံလို့ပင် ခေါ်ရ၏။** ထို့ကြောင့် မိမိပြုလုပ်ထားသည့် ကုသိုလ်အမှု၊ အကုသိုလ်အမှုကို **ကံ** ဟု ခေါ်၏။ ကောင်းမှု၊ မကောင်းမှုကို ပြုစဉ်က တွေ့ခဲ့ရသည့် အခြေအနေကို **ကမ္မနိမိတ်** ဟု ခေါ်၏။ ဖြစ်ရမည့်ဘဝက အခြေအနေကို **ဂတိနိမိတ်** ဟုခေါ်၏။

ထိုဘဝဟောင်း သေခါနီး မရဏာသန္နဇော၏ အာရုံကိုပင် အာရုံပြုလျက် ဘဝသစ် ပဋိသန္ဓေ ဝိပါက်ဝိညာဏ်ဖြစ်ပေါ် ရာ၌ ဥပါဒ်၊ ဋ္ဌီ၊ ဘင် ခဏငယ် သုံးချက် ဖြင့် ချုပ်ဆုံးသွားသော်လည်း အသက်ရှင်သန်ရေးအတွက် ထိုစိတ်မျိုးတွေပင် ဘဝင်ကိစ္စတပ်ကာ ထပ်ကာ ထပ်ကာဆက်ပြီး အဆက်မပြတ် ဖြစ်နေရခြင်း သည် ပဋိသန္ဓေကို ဖြစ်စေသည့် ကံသတ္တိရကြောင့် တစ်နည်းအားဖြင့် 'သင်္ခါရပစ္စယာ

http://www.dhammadownload.com



ဝိညာဏ်’ အရဖြစ်၏။ ကံအားကောင်း၍ ဘဝင်စိတ်တွေ ရှည်ကြာစွာ ဖြစ်နေလျှင် အသက်ရှည် သည်ဆိုရ၏။ ကံအားနည်း၍ ဘဝင်စိတ်တွေ ရှည်ကြာစွာ ဖြစ်မနေလျှင် အသက်တို သည် ဆိုရ၏။

ဘဝတစ်ခု၏ အစဆုံး = ပဋိသန္ဓေစိတ်၊ အလယ် = ဘဝင်စိတ်၊ အဆုံး = စုတိစိတ်။ ဤစိတ်သုံးမျိုးသည် သင်္ခါရဆိုသည့် ရှေးကံတစ်ခုတည်းကြောင့် ဖြစ်နေသည့် တစ်စိတ်တည်းသာ ဖြစ်၏။

‘အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ’ ဘဝဟောင်းက ကုသိုလ်၊ အကုသိုလ် စေတနာ ကံသင်္ခါရကြောင့် ဘဝသစ်၌ ပဋိသန္ဓေဝိညာဏ် ဖြစ်ပေါ်ရာ၌-

- ကုသိုလ်, အကုသိုလ်စေတနာ ဟူသော ပြုလုပ်မှု“ကံ”သည် ပေါက်ပွား စည်ပင်ရာ “လယ်ယာမြေ”နှင့် တူ၏။
- ကုသိုလ်စိတ်, အကုသိုလ်စိတ်ဟူသော “ဝိညာဏ်”သည် “မျိုးစေ့” နှင့်တူ၏။
- တပ်မက်သာယာ, ဆာလောင်တောင့်တသော, “တဏှာ”သည် စိုစွတ် စေသော “ရေ”နှင့် တူ၏။

ကုသိုလ်, အကုသိုလ်ကံသည် ပြုလုပ်သည့်အချိန်ကစပြီး စိတ်သန္တာန် မှာ ဘဝသစ် ဝိညာဏ်ကို ဖြစ်စေနိုင်သည့် အစွမ်းသတ္တိအနေအားဖြင့် တည် နေ၏။ ရှေးရှေး (ကုသိုလ်, အကုသိုလ်) စိတ်တွေ ချုပ်ပျောက်သွားပေမဲ့ စေတနာ၏ အစွမ်းသတ္တိ အရှိန်အဝါကလေးကတော့ နောက်နောက်စိတ်အစဉ်မှာ လိုက်ပါ လျက်သာ ရှိနေ၏။

သမင်္ဂီတာလေးပါးနှင့် ဝေဖန်သော်-

ကုသိုလ်ကံ, အကုသိုလ်ကံစေတနာသည် “ဖြစ်ဆဲဖြစ်ခိုက်၌” စေတနာ သမင်္ဂီတာ = စေတနာနှင့် ပြည့်စုံနေသည်ဟု ဆိုရ၏။

စေတနာကလေး ချုပ်ပျောက်သွားပြီးသည့်နောက်၊ “နောက်နောက်စိတ် အစဉ်”မှာ ထိုစေတနာတို့၏အရှိန်အဝါတွေ မပြတ်လိုက်နေတာကတော့ ကမ္မ သမင်္ဂီတာ = အကျိုးပေးဖို့ အကြောင်းကံနှင့် ပြည့်စုံနေခြင်းဟု ဆိုရ၏။

ထိုသို့ အကြောင်းညီညွတ်သည့်အခါမှာ အကျိုးပေးဖို့ ကံ၏အရှိန်အဝါ သတ္တိ ကလေးစိတ်သန္တာန်မှာ မပြတ်တည်နေခြင်းသည် ပေါက်ပွားစည်ပင်ရာ လယ်ယာ မြေ အသင့်တည်နေခြင်းနှင့် တူသည်ဟု ဆိုရ၏။

http://www.dhammadownload.com



အပင်တစ်ခု ပေါက်လာသည်ဆိုလျှင် မျိုးစေ့ရှိရသကဲ့သို့ဘဝသစ် ပဋိသန္ဓေ ဝိညာဏ် ဖြစ်ပေါ်လာဖို့ဆိုရာမှာလည်း မျိုးစေ့နှင့်တူသော ကုသိုလ် အကုသိုလ် စိတ် ဝိညာဏ် ရှိရပါမည်။

ထိုကုသိုလ် အကုသိုလ်စိတ်ဝိညာဏ်တွေသည် ဖြစ်ပြီးတာနှင့်တစ်ပြိုင်နက် ချုပ်ပျောက်သွားကြသော်လည်း သူတို့နှင့် အလားတူ နောက်နောက်စိတ်တွေက ဆက်ပြီး မပြတ်ဖြစ်နေကြခြင်းဖြင့် ကိုယ်စားလှယ်မျိုးစေ့တွေ ရှိလျက်ပင်ဟု ဆိုရ၏။

ထိုမျိုးစေ့ ဝိညာဏ်စိတ်တွေထဲတွင် အရေးပါဆုံး စိတ်ဝိညာဏ်တွေကတော့ စုတိခါနီးမှာ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် အာရုံပြုပြီး ဖြစ်သော စိတ်ဝိညာဏ်များပင် ဖြစ်ကြ၏။

စုတိခါနီးစိတ်ဝိညာဏ်တွေက သေခါနီးထင်ပေါ်နေသည့် နိမိတ်သုံးမျိုး ထဲက တစ်ခုခုကို တရစ်ဝဲဝဲနှင့် ခွဲလို့ . . . ခွာလို့ မရနိုင်အောင် မပြတ်အာရုံပြုနေ၏။ ထိုသို့အာရုံနိမိတ်တွေ ထင်နေတာကို ဥပဋ္ဌာန သမင်္ဂီတာ - ကံ, သင်္ခါရက အကျိုး ပေးနိုင်ဖို့ အာရုံထင်ပေါ်ခြင်းနှင့် ပြည့်စုံနေခြင်းဟု ဆိုရ၏။

ဤသို့အားဖြင့် ကုသိုလ်, အကုသိုလ်စိတ်မျိုးစေ့က နောက်နောက်စိတ် အဆက်ဆက်အဖြစ် ပြောင်းလဲလာခဲ့ရာမှ စုတေခါနီး စိတ်ဝိညာဏ်ဖြစ်လာခဲ့ပြီး ထို စုတေခါနီး စိတ်ဝိညာဏ်တွေက ဘဝသစ်မှာ ပဋိသန္ဓေဝိညာဏ် ဖြစ်လာတာမို့ မျိုးစေ့ ကလေးမှ အညှောက်ထွက်ပြီး အပင်ပေါက်လာသည်နှင့် တူလေတော့၏။

ထို့ကြောင့် ကုသိုလ်စိတ်၊ အကုသိုလ်စိတ်ဝိညာဏ်သည် ဘဝသစ်ဝိညာဏ် ဖြစ် ဖို့ရာ မျိုးစေ့ပါပေတည်းဟု ဆိုရ၏။

သို့ရာတွင် "ကုသိုလ်စိတ်၊ အကုသိုလ်စိတ်"ဆိုသည့် မျိုးစေ့က "ကံ"ဆိုသည့် လယ်ယာမြေ ရှိနေပေမယ့်"တဏှာ"ဆိုသည့် အစိုရေဓာတ် မရှိက "ဘဝသစ်ဝိညာဏ်" ဆိုသည့် အပင် မပေါက်စေနိုင်ပါ။

ပုထုဇဉ်သတ္တဝါတွေမှာ ပြုလုပ်ထားတဲ့ အမှုကံဆိုသည့် လယ်မြေကလည်း ရှိနေသည်။ ကုသိုလ်စိတ်, အကုသိုလ်စိတ်မှ ဆက်ပြီးဖြစ်လာသည့် စိတ်ဝိညာဏ် ဆိုသည့် မျိုးစေ့ကလည်း ရှိနေသည်။ နှစ်သက်သာယာတွယ်တာသည့် တဏှာဆို သည့် အစိုရေဓာတ်ကလည်း ရှိနေသည်။ ထိုသုံးမျိုးတွင် -

http://www.dhammadownload.com



(၁) ဥပဋ္ဌာနသမင်္ဂီအရ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်ထင်တာက ကံဆိုသည့် လယ်မြေ အသင့်ထင်ရှားရှိနေသည့်သဘောပင်။

(၂) ထိုအာရုံနိမိတ်ကို အာရုံစောနေတာက အဘိသင်္ခါရ စိတ်ဝိညာဏ် ဆိုသည့် မျိုးစေ့ကလေး အောင်အောင်မြင်မြင် ရှိနေသည့်သဘောပင်။

(၃) ထိုအာရုံနိမိတ်ကို နှစ်သက်သာယာတွယ်တာနေသည့်တဏှာက အစို့, ရေဓာတ် စွတ်စိုစေသည့် သဘောပင်။

ထိုအခါ လယ်မြေထဲက မျိုးစေ့ကလေးသည် ရေနူးတော့ ပွပြီး အပင်ပေါက်လာသလို စုတိစိတ်၏ အခြားမဲ့မှာ စုတေခါနီးက စွဲထင်ခဲ့သည့် အာရုံနိမိတ်ကို စွဲမှီပြီး ဘဝသစ် ပဋိသန္ဓေဝိညာဏ်ကလေး ပေါက်ပွားလာလေ၏။ ဤသည်ကို ဝိပါက သမင်္ဂီတာ လို့ခေါ်၏။

ဤနည်းဖြင့် မျိုးစေ့ကလေးသည် တဖြည်းဖြည်းချင်း ရင့်ပြီး အဝင် အဖြစ်သို့ ရောက်လာရသလို ကုသိုလ်, အကုသိုလ်ကံစေတနာသည်လည်း စေ့ဆော်တိုက်တွန်း ပြီး ပြုလုပ်သည့် စေတနာသမင်္ဂီတာအဖြစ်က တဖြည်းဖြည်း ချင်း ကမ္မသမင်္ဂီတာအဖြစ် ဥပဋ္ဌာနသမင်္ဂီတာအဖြစ် ရင့်ကျက်ခဲ့ပြီး အပင်သဖွယ် အကျိုး ဝိပါကသမင်္ဂီတာ အဖြစ်သို့ ရောက်လာရပေသည်ဟု "သင်္ခါရ ပစ္စယာ ဝိညာဏံ" ကို သိရှိနားလည်ရာ၏။

## ဒုတိယ ပိုဒ်လင်္ကာ

## ၂။ သင်္ခါရ ပစ္စယာ ဝိညာဏံ

၂။ ဝဋ္ဋခင်း, ဝဋ္ဋနွယ်, ရှည်ကြောင်းရွယ်သား၊
ဆယ်ဖြာပုညာ၊ အပုညနှင့်၊
ဘဝနှီးရင်း၊ ပွားတုံလျှင်းသော်၊
လေးသင်းပါယ်ရွာ၊ အဖြာဖြာလျှင်၊
ပြဟ္မာလူနတ်၊ ဘုံသုံးရပ်၌
ဓာတ်ပဓာန၊ ပြဋ္ဌာန်းလှသား၊
ဒွါရသခင်၊ ခြောက်ဝိညာဉ်ဟု၊
အရှင်ဓာတ်မင်း၊ ပေါ်တုံလျင်း၍၊
ကိုယ်တွင်းကိုယ်ပြင်၊ ထွက်ဝင်တံခါး၊ အင်ခြောက်ပါး၌၊

http://www.dhammadownload.com



အများရုပ်နာမ်၊ အတန်တန်လျှင်၊
ဝန်းရံဖြိုးဖြိုး၊ အမျိုးမျိုးကို
အုပ်စိုးဆောင်ရွက်၊ လျှမ်းလျှမ်းတက်လျှင်၊
ထက်မြက်တေဇော၊ သူ့ရှိန်ဝါကြောင့်
ငါငါ, သူသူ, လူပဲ, နတ်ပဲ အထင်လွဲလျက်
ငရဲအပါယ် အသွယ်သွယ်လျှင်
ဝဋ္ဋနွယ်ရှည်လျား၊ တမားမားသည်
ခြောက်ပါးဝိညာဉ် စွမ်းရည်တည်း။ ။ (အရဆောင်လေ)။

## ဒုတိယ မျိုးလက်ာ အဖြေလွှာ

## ၂။ သင်္ခါရ ပစ္စယာ ဝိညာဏံ

(လယ်တီဆရာတော်ဘုရားကြီး)
(မင်းကွန်းတိပိဋကရေ ဆရာတော်ဘုရားကြီး)

"ဝဋ္ဋခင်း, ဝဋ္ဋနွယ်၊ ရှည်ကြောင်းရွယ်သား (ပ) အရှင်ဓာတ်မင်း၊ ပေါ်တုံလျှင်း၍" ဟူသည်မှာ

ရှေး၌ ဆိုအပ်ခဲ့ပြီးသောအတိုင်း **အဘိသင်္ခါရသုံးပါး ဘဝအရင်းအနှီးများပွားစည်းကြီးထွားလတ်သော် ထိုက်သက်ရာရာ အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့၌ သမင်္ဂီတာလေးပါးအစဉ်အတိုင်း ဝိပါကသမင်္ဂီတာခေါ်သော ဝိပါက်ဝိညာဏ်စိတ် ဖြစ်ပွားပေါ်ပေါက်၍** လာလေသည်။

အဝိဇ္ဇာနှင့် ဘဝတဏှာ အုပ်စိုးလျက်ပါရှိသော ပုထုဇဉ်သတ္တဝါတို့အား စုတိ၏ နောက်၌ ရှေးရှေးဘဝ ဤဘဝ ပြုခဲ့သော အပုညာဘိသင်္ခါရကြောင့် အပါယ်လေးဘုံ၌ ပဋိသန္ဓေဝိညာဏ် ဖြစ်ပေါ်လေ၏။ ရှေးရှေးဘဝ၊ ယခုဘဝ ပြုခဲ့သော ကာမပုညာဘိသင်္ခါရကြောင့် လူ့ဘုံ၊ နတ်ပြည် (၆) ထပ်၊ နတ်ဘုံ၌ ပဋိသန္ဓေဝိညာဏ် ဖြစ်ပေါ်လေ၏။

ယခုဘဝပြုခဲ့သော ရူပါဝစရ ပုညာဘိသင်္ခါရကြောင့် ရူပဗြဟ္မာ (၁၅)ဘုံ၌ ပဋိသန္ဓေဝိညာဏ်ဖြစ်ပေါ်လေ၏။ ယခုဘဝ ပြုခဲ့သော အာနေဉ္ဇာဘိသင်္ခါရကြောင့် အရူပ (၄) ဘုံ၌ ပဋိသန္ဓေဝိညာဏ် ဖြစ်ပေါ်လေ၏။

http://www.dhammadownload.com



ပဋိသန္ဓေ ဝိညာဏ်ဖြစ်ပေါ်ပြီးနောက် အသက်ထက်ဆုံး မြစ်ရေအလျဉ်ကဲ့သို့ ဝိညာဏ် (၆)မျိုး အစဉ်ပွား၍ သွားလေ၏။ ထိုဝိပါက် ဝိညာဏ်စိတ်ကား နာမ်တရားတို့တွင် ပဓာနအချုပ်အခြာတရား ဖြစ်၏။

အနမတဂ္ဂသံသရာမှ သတ္တဝါအနန္တကို ညာဏ်ဖြင့် သတ္တုချ၍ယူသော် ဝိညာဏ် (၁)၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ ပေါင်း (၈၁)၊ ဤမျှသာ ဓာတ်သားသတ္တုရ၏။

ထို (၈၁) တို့တွင် တော၊ တောင်၊ ရေ မြေ စသော ဗဟိဒ္ဓဓာတ်စုမှာ တေဇောခေါ် သောဓာတ်မီးသည် ပဓာနဓာတ်တည်း။ ပြဌာန်းသောဓာတ်တည်း။ အရှင်ဓာတ်၊ သခင်ဓာတ်တည်း။ ဓာတ်မင်းတည်း။ အလုံးစုံသော စကြာဝဠာ၊ ကမ္ဘာမြေရေ စသော ကမ္ဘာ့အဆောက်အအုံတို့ကို မီးဓာတ်သည် ဖန်ဆင်းတည်ထောင်၏။ အလုံးစုံသော ဗဟိဒ္ဓလောကသည် ဓာတ်မီးဖန်ဆင်းသမျှ ဖြစ်ကြရကုန်သည်ဖြစ်၍ ဓာတ်မီး၏ သား၊ မြေးချည်းသာတည်း။

## ရုပ်တွင် ဓာတ်မီး၊ နာမ်တွင် ဝိညာဏ် အစိုးရသခင်ဖြစ်ပုံ

သတ္တဝါခေါ်သော အဇ္ဈတ္တသန္တာန်စုတွင်လည်း ရုပ်သန္တာန်မှာ ဓာတ်မီး အစိုးရ၏၊ နာမ်သန္တာန်မှာမူကား ဤဝိညာဏ်သည် ပဓာနဓာတ်ပေတည်း။ ပြဌာန်းသောဓာတ်တည်း။ အကြီးအကဲ အအုပ်အချုပ်ပေတည်း။

ရုပ်တရားဘက်၌ တေဇောဓာတ်သည် ပဓာနအချုပ်အခြာဖြစ်သကဲ့သို့ နာမ်တရားဘက်၌လည်း စိတ်ဝိညာဏ်သည် ပဓာနအချုပ်အခြာ ဖြစ်သည်သာတည်း။ ဥပမာသော်ကား - ဖဿ၊ ဝေဒနာ၊ ဝိတက်၊ ဝိစာရ၊ လောဘ၊ ဒေါသ၊ သဒ္ဓါ၊ ပညာ အစရှိသော စေတသိက်နာမ်တရားတို့သည် ဝိညာဏ်ကိုမှီ၍ ဝိညာဏ်မှ ဖြစ်ပွားကြရကုန်၏။

"မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ၊ မနောမယာ"

ဓမ္မာ - နာမ်တရားတို့သည်၊ မနောပုဗ္ဗင်္ဂမာ - ဝိညာဏ်လျှင် ပြဌာန်းခြင်း ရှိကြကုန်၏။ မနောသေဋ္ဌာ - ဝိညာဏ်လျှင် အကြီးအကဲအအုပ်အချုပ် ရှိကြကုန်၏။ မနောမယာ - ဝိညာဏ်ဖန်ဆင်းရာ ဖြစ်ကြကုန်၏။ ဤသို့ ဆိုသည့်အတိုင်း -

စက္ခုဝိညာဏ်သည် စက္ခုဒွါရ၌ဖြစ်သော နာမ်တရားတို့၏ အကြီးအကဲတည်း (တစ်နည်းအားဖြင့်) စက္ခုဒွါရ၌ စက္ခုဝိညာဏ်သည် အစိုးရသခင် အရှင်စိတ်ဖြစ်သတည်း။ ကြွင်းဝိညာဏ်များကိုလည်း ဤနည်းတူ သိပါလေ။

http://www.dhammadownload.com



ထို့ကြောင့် သတ္တဝါတစ်ကောင်လုံးမှာပင် ဝိညာဏ်ဟူသော စိတ်သည် အစိုးရ၏ အချုပ်အချာဖြစ်၏။

"စိတ္တေန နိယျတိ လောကော"

လောကော - လူကို၊ စိတ္တေန-စိတ်သည်၊ နိယျတိ-ဆောင်အပ်၏။ အလုံးစုံသော သတ္တဝါတို့သည်သာလျှင် စိတ်ဟု ဆိုအပ်သော တစ်စုံတစ်ခုသောတရား၏အလိုသို့ အစဉ်တစိုက် လိုက်ကြရကုန်၏။

## တေဇောဓာတ်မီးနဲ့ စိတ်ဝိညာဏ်အစိုးရပုံ အထူး

သတ္တဝါတို့သန္တာန်မှာ ပဋိသန္ဓေတည်သည်မှစ၍ တစ်နေ့တခြား ကြီးထွားမှု၊ ရင့်ရော်အိုမင်းမှုတို့၌လည်းကောင်း၊ ဆယ်နှစ်တမ်း၊ နှစ်ဆယ်တမ်း၊ ငါးဆယ်တမ်း၊ ခြောက်ဆယ်တမ်း အစရှိသော အသက်တမ်းကို ပြုလုပ်မှုတို့၌လည်းကောင်း ဓာတ်မီးအစိုးရ၏။ ဓာတ်မီး၏အလုပ်သာတည်း။

ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့၌ စိတ်အစိုးရ၏၊ စိတ်အလိုရှိရာ ခန္ဓာငါးပါးတို့သည် ပါကြရကုန်၏။ သို့သော်လည်း ထိုစိတ်ကို ငါ, ငါဟု မြင်၍ နေကြကုန်၏။ စိတ်အလိုကို ငါ၏အလိုဟု မြင်၍ နေကြကုန်၏။ စိတ်ကို အသီးအခြား ဓာတ်တစ်ပါးဟု မသိကြကုန်မှု၍ စိတ်ကိုပါ ငါဟူ၍လည်းကောင်း၊ စိတ်ကိုပင် မည်သူမည်ဝါဟူ၍ လည်းကောင်း၊ စိတ်ကိုပင်လူ ဟူ၍၊ ကျွဲနွား နတ်ပြဟ္မာ သူဌေး သူကြွယ်၊ မင်း၊ ဆင်းရဲသားဟူ၍ သက္ကာယဒိဋ္ဌိ အမျိုးမျိုးနှင့် စွဲလမ်းထင်မြင်၍ နေကြကုန်၏။

ထိုသို့နေကြသည့်အတွက် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်လေးပါး ဝဋ်နွယ်ရှည်လျား၍ နေကြရကုန်၏ဟု "ကိုယ်တွင်းကိုယ်ပြင် ထွက်ဝင်တံခါး အင်ခြောက်ပါး၌" အစရှိသည်တို့နှင့် စပ်လျဉ်း၍ လယ်တီဆရာတော်ဘုရားကြီး က ဆိုသည်။

"ကိုယ်တွင်းကိုယ်ပြင် ထွက်ဝင်တံခါး အင်ခြောက်ပါး၌ --(ပ)-- အုပ်စိုးဆောင်ရွက် လျှမ်းလျှမ်းတက်လျှင်" နှင့် စပ်လျဉ်း၍ တိုးချဲ့ဖြည့်စွက်ပြီး မင်းကွန်း တိပိဋကဓရဆရာတော်ဘုရားကြီးကလည်း ဤသို့ဆိုသေး၏။

http://www.dhammadownload.com



## ဝိညာဏ်မင်းသား၊ အခြံအရံ အစေအပါး၊ မင်းခမ်းမင်းနား ဥပမာ

ဘုန်းရှင်ကံရှင်မင်းသားတစ်ယောက် ပေါ်ပေါက်လာလျှင်-

- ထိုမင်းသား၏အခြံအရံဖြစ်သောသူများ
- ထိုမင်းသားနေထိုင်ရာ ရာဇပလ္လင်၊
- ထိုရာဇပလ္လင်၏ ပတ်ဝန်းကျင်ထီးနန်းမင်းခမ်းမင်းနားများ ဖြစ်ပွားပေါ် ပေါက်လာရသကဲ့သို့

ဘုန်းရှင်ကံရှင်မင်းသားနှင့် တူသော **စက္ခုဝိညာဏ်** မြင်စိတ်တစ်ခု အတွက်

- အခြံအရံ မင်းချင်းယောက်ျား အစေအပါးတို့နှင့် တူသော ယှဉ်ဖော် ယှဉ်ဖက် **စေတသိက် (၇) ပါး**
- ရာဇပလ္လင်နှင့်တူသော စက္ခုဝတ္ထု = စက္ခုဒွါရ = **မျက်စိအကြည်ရုပ်**
- ပတ်ဝန်းကျင်ထီးနန်း၊ မင်းခမ်းမင်းနားများနှင့်တူသော မျက်စိအကြည် **ရုပ်ကလာပ်တွင် ပါသော ရုပ်တရားများ ထင်ရှားဖြစ်ပေါ်လာကြရ၏။**

မင်းသားသည် ဖော်ပြပါအခြံအရံ မင်းခမ်းမင်းနားတို့ကို လျှမ်းလျှမ်းတောက် အုပ်စိုးကာ မင်းစည်းစိမ်ကို သုံးဆောင်ခံစားသကဲ့သို့-

စက္ခုဝိညာဏ် အမြင်စိတ်တည်းဟူသော မင်းသားသည်လည်း ဖော်ပြပါ ယှဉ်ဖော်ယှဉ်ဖက် စေတသိက် (၇)ပါး၊ အခြံအရံများနှင့်တကွ စက္ခုဒသကရုပ်ကလာပ် စသော မင်းခမ်းမင်းနား ရုပ်တရားများကို လျှမ်းလျှမ်းတောက် အုပ်စိုးကာ ရူပါရုံ အရသာကို ခမ်းနားစွာ ခံစားသုံးဆောင်လေသည်။ (သောတဝိညာဏ်စသည်တို့ကို လည်း ဤနည်းတူ သိပါလေ။)

## တစ်နေ့တာလုပ်ငန်းမှန်သမျှ ဝိညာဏ် (၆) ပါး တရားသားမျှသာ

လူတစ်ယောက်၏ တစ်နေ့တာလုပ်ငန်းများကို ပရမတ္ထမျက်စိဖြင့် ကြည့်ရှု ဆင်ခြင်လျှင် မြင်မှု၊ ကြားမှု၊ နံမှု၊ လျက်မှု၊ ထိမှု၊ သိမှုတည်းဟူသော ဝိညာဏ် (၆) ပါး တရားသားသာ ဖြစ်ကြောင်း ကောင်းစွာ တွေ့ရှိနိုင်၏။ ထိုသို့ဖြစ်လျှင် **တစ်နေ့လုံး** အုန်းအုန်းကြွက် လျှမ်းလျှမ်းတက် ပြုမူပြောဆို ကြံစည်နေသမျှ အလုပ်ကိစ္စမှန် သမျှ **ဝိညာဏ် (၆) ပါး တရားသားသာ**ဖြစ်ကြောင်း ထင်ရှားလေပြီ။

http://www.dhammadownload.com



"ထက်မြတ်တေဇာ၊ သူ့ရှိန်ဝါကြောင့် (ပ) ခြောက်ပါးဝိညာဏ်စွမ်းရည်တည်း" ဟူသည်မှာ -

ယင်းသို့ နေ့ရှိသမျှ၊ လရှိသမျှ၊ နှစ်ရှိသမျှ မပြတ်ဆက်ကာ ဝိညာဏ်ခြောက်ပါး တို့ အုန်းအုန်းကြွက်ကြွက် လျှမ်းလျှမ်းတက် ဖြစ်ပွားနေခြင်း၊ အလုပ်လုပ်နေခြင်း ဖြစ် ရကား **ထိုဝိညာဏ် (၆) ပါး၏ တန်ခိုးတေဇာ အရှိန်အဝါသတ္တိကြောင့်** ငါပဲ၊ သူပဲ၊ လူပဲ၊ နတ်ပဲ၊ **ငါမြင်၊ ငါကြားသည်၊** ငါထိသည်၊ ငါသိသည်၊ သူမြင်သည်၊ သူကြားသည် အစရှိသည်ဖြင့် အဖုံဖုံ **အနည်းနည်း၊ အထင်လွဲမှုတွေ ပေါ်လာရ** ပေသည်။

ထိုသို့ အထင်လွဲမှုတွေ ပေါ်ပေါက်လာလျှင် အပါယ်ငရဲအစရှိသော ဝဋ်နွယ်များ ရှည်သည်ထက်ရှည်လျား၊ ကြီးမားသည်ထက်ကြီးမား၍ လာလေတော့၏။ ဤသို့ ဖြစ်ရခြင်းသည် ဝိညာဏ် (၆) ပါး၏ စွမ်းရည်သာတည်းဟု မင်းကွန်း တိပိဋကရေ ဆရာတော်ဘုရားကြီးက ဥပမာပေး၍ မိန့်ဆိုပြန်သေး၏။

# (၃) ဝိညာဏ ပစ္စယာ နာမရူပံ

## အရကောက်နှင့် သဘောသရုပ်ထင်လွယ် အဓိပ္ပာယ်

ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်သည်ဆိုရာ၌-

**"စေတသိက်မှု၊ နာမ်ဟုယူ၊ ရုပ်မူ ကမ္မဇာ"** ဟူသော ပရမတ္ထသံခိပ် အတိုင်း-

ဝိပါက်ဝိညာဏ်နှင့် ယှဉ်သော၊ စေတသိက်တရားစု တည်းဟူသောနာမ်။ ထိုဝိပါက်စိတ်, စေတသိက်တို့နှင့်အတူတကွဖြစ်သော ကမ္မဇရုပ်၊ ဤတရားနှစ်စုသည် နာမ်ရုပ်မည်၏။

(ဤနေရာတွင် "ဝိပါက်စိတ်"သည် **ဗိမာန်ရှင်နတ်သားနှင့်** တူ၏။ ထိုလောကီ ဝိပါက်စိတ်နှင့် "ယှဉ်သောစေတသိက်"တို့သည် **အခြွေအရံနတ်တို့နှင့်** တူ၏။ "ကမ္မဇရုပ်" ကိုယ်သည် **ဗိမာန်နှင့်** တူ၏။ ဗိမာန်ရှင်နတ်သားကြောင့် အခြွေအရံနတ်များ ဘုံဗိမာန်တို့ဖြစ်ကြ၏ဟု ဆိုရသကဲ့သို့ ဝိပါက်စိတ်ဝိညာဏ်ကြောင့် အခြွေအရံ စိတ်စေတသိက် နာမ်တရား၊ ကမ္မဇရုပ်တရားတို့ ဖြစ်ကြကုန်သည်ဟု သိရာ၏။)

**"ဝိညာဏ်နည်းတူ၊ နှစ်မျိုးယူ၊ အတူယှဉ်မကွာ"** ဟူသော ပရမတ္ထသံခိပ် အတိုင်းပင်။ ဤနာမ်ရုပ်အရကိုလည်း ဝိညာဏ်နည်းတူပင် ပဋိသန္ဓေနာမ်ရုပ်၊ ပဝတ္တိ နာမ်ရုပ်ဟူ၍ နှစ်မျိုးမှတ်ယူရာ၏။

http://www.dhammadownload.com



စေတသိက်နာမ်ဟူသည်ဆိုရာ၌ စေတသိက် (၅၂) ပါးကို ခန္ဓာဖွဲ့ရာ၌ ဝေဒနာစေတသိက်က ဝေဒနာက္ခန္ဓာ၊ သညာစေတသိက်က သညာက္ခန္ဓာ၊ ကြွင်းစေတသိက် (၅၀) က သင်္ခါရက္ခန္ဓာ ဟူ၍ ထိုနာမ်ခန္ဓာသုံးပါးကိုပင် ပြဆိုခြင်း ဖြစ်သည်။

## ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံ အကျဉ်းအဓိပ္ပာယ်

(မူလပဌာန်းဆရာတော်ကြီး ဦးနာရဒ)

အကျိုးလောကီဝိပါက်ကို သင်္ခါရ ပစ္စယာ ဝိညာဏံ အရကောက်ခဲ့ပြီးဖြစ်၍ ဤနေရာ၌ ဝိညာဏအရ ရှေးဘဝက စေတနာကံနှင့်ယှဉ်သော "ကမ္မဝိညာဏ်" နှင့် ယခုဘဝ "ဝိပါက်ဝိညာဏ်" များကိုသာ ကောက်ရမည်။

ထို့ကြောင့် ပဋိသန္ဓေဝိညာဏ် ဖြစ်ပေါ်သည်နှင့် တစ်ပြိုင်နက် ၎င်းနှင့် ယှဉ်သော စေတသိက်ခန္ဓာသုံးပါးဟု ဆိုအပ်သော "နာမ်" နှင့် ကမ္မဇရုပ်ဟု ဆိုအပ်သော "ရုပ်" ဖြစ်၏။

ပဝတ္တိအခါ၌ကား စက္ခုဝိညာဏ်စသည်နှင့် ယှဉ်သော စေတသိက်နာမ်နှင့် ပစ္စာဇာတသတ္တိဖြင့် ကျေးဇူးပြုသော ပဝတ္တိရုပ်များ ဖြစ်၏။

ဝိညာဏ်အရ စိတ်ကို ယူထား၍ အကြောင်းအကျိုးကွဲအောင် နာမ်အရ စေတသိက်ကိုသာ ယူရသည်။ ဤနာမ်ရုပ်သည် ပဉ္စဝေါကာရဘုံ၌ နှစ်ပါးစလုံးပင် ကျေးဇူးပြုသည်အားလျော်စွာ ရ၏။ အရူပဘုံ၌ကား နာမ်သာရ၍ အသညသတ်ဘုံ၌ ရုပ်သာ ရ၏။

## ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံ မကျဉ်းမကျယ် အဓိပ္ပာယ်

(ဆရာကြီး ဦးကျော်ထွတ်)

ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံက-

"အဝိဇ္ဇာ" နှင့် "တဏှာ" က အားပေးလို့ "ကံ" က ပစ်ချလိုက်သည့် ဘဝမှာ "ဝိညာဏ်" သွားဖြစ်ရာ လူ့ဘဝမှာ အစဦးဆုံးဖြစ်သော စိတ်ဖြစ်လို့ ပဋိသန္ဓေစိတ်ဟု ခေါ်၏။

'ဝိညာဏပစ္စယာ နာမရူပံ' အရ ဝိညာဏ်ဖြစ်ပေါ်လာလျှင် နာမ်နှင့် ရုပ် ပါလာလေရကား၊ "နာမ်" က ဖဿ, ဝေဒနာ, သညာ, စေတနာ စတဲ့ စေတသိက် နာမ်တရားများ၊ "ရုပ်" က ကမ္မဇရုပ်ကလာပ် (၃) စည်း၊ ရုပ်ပေါင်း (၃၀) ဟူသော ကမ္မဇရုပ်တရားများ ဖြစ်ကြ၏။

http://www.dhammadownload.com



ဝိညာဏ်ကိုယ်တိုင်က စိတ်ဖြစ်နေ၍ နာမအရ စေတသိက်ကိုပဲ အရကောက်ရ၏။ ထို့ကြောင့် ဝိညာဏ်ကြောင့် နာမ်ဖြစ်ကြရာ၌ စိတ်ကြောင့် စေတသိက်ဖြစ်သည်ကို ဆိုလိုသည်။

ဝိညာဏ်ကြောင့် ရုပ်ဖြစ်သည်ဆိုရာ၌ ကမ္မဇရုပ်ဖြစ်ရာ-ဂဗ္ဘသေယျက ပဋိသန္ဓေမျိုး၌ ပဋိသန္ဓေဝိညာဏ်၏ ဥပါဒ်ခဏမှ စ၍ ကမ္မဇရုပ်ဖြစ်၏။

သြက္ကန္တိက္ခဏေ နာမရူပံ အညမည ပစ္စယေန ပစ္စယော

သြက္ကန္တိက္ခဏေ နာမရူပံ အညမည် သဟဇာတ ပစ္စယေန ပစ္စယော

သြက္ကန္တိက္ခဏေ နာမရူပံ အညမည် နိဿယ ပစ္စယေန ပစ္စယော

ဟူသော ပဋ္ဌာန်းပါဠိတော်များအရ-

ပဋိသန္ဓေအခိုက်မှာ နာမ်နှင့်ရုပ်သည် အတူတကွဖြစ်ခြင်း (သဟဇာတ ပစ္စည်း)၊ အပြန်အလှန်ကျေးဇူးပြု၍ဖြစ်ခြင်း (အညမညပစ္စည်း)၊ တစ်ဦးကို တစ်ဦးကမှီ၍ဖြစ်ခြင်း (နိဿယပစ္စည်း) အပါအဝင် အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်း စသည့်ပစ္စည်းပြိုင်များ ရထားသည်ကို သိရာ၏။

ထို့ကြောင့် ပဋိသန္ဓေစိတ် (ဝိညာနက္ခန္ဓာ) ကလေးတည်လာသည့်အခါမှာ နာမ်အရ-ဝေဒနာ, သညာ, သင်္ခါရ ဆိုသည့်ခန္ဓာသုံးပါးပါလာသဖြင့် နာမ်ခန္ဓာလေးပါး ပြည့်စုံလေရကား ပဋိသန္ဓေ ကလလရေကြည် တည်သည်ဆိုသည်နှင့် နာမ်ခန္ဓာလေးပါးနှင့်တကွ ကမ္မဇရုပ်တည်းဟူသော ရူပက္ခန္ဓာတစ်ပါးပေါင်း ခန္ဓာငါးပါး ရပြီး ဖြစ်နေပေပြီ။

မှိုပေါက်ရာ၌ ထိပ်ကအဖူးကလေး တစ်ခါတည်းပါလာသလို ဝိညာဏ်ဖြစ်လျှင် နာမ်ရုပ်ပါလာလေရကား ပဋိသန္ဓေ ဝိညာဏ်၏ ဥပါဒ်ခဏမှာ ဝိညာဏ်က ဝိညာနက္ခန္ဓာ၊ နာမ်က ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ၊ ကမ္မဇရုပ်က ရူပက္ခန္ဓာဟူသော ခန္ဓာငါးပါး တစ်ပြိုင်နက်ဖြစ်ကြသဖြင့် ပဋိသန္ဓေခဏမှာပင် ခန္ဓာငါးပါးက ရှိနေပါပြီ။

ပဋိသန္ဓေအခါ ကမ္မဇရုပ်နဲ့ နာမ်သည် အချင်းချင်း၊ အညမည၊ သဟဇာတ၊ နိဿယပစ္စည်းများနှင့် ကျေးဇူးပြုပြီး တည်ရှိနေရာမှ "ဥတုဇရုပ်သည် ပဋိသန္ဓေဌီခဏမှာ စဖြစ်၏" "စိတ္တဇရုပ်က ပဋိသန္ဓေ နောင်ပထမဘဝင် ဥပါဒ်ခဏမှာ စဖြစ်၏" "မိခင် မြိုသောအာဟာရ စိမ့်ဝင်ပျံ့နှံ့ ယိုစီးရာမှ အာဟာရဇရုပ် စဖြစ်၏"။

http://www.dhammadownload.com



ထိုသို့ ကမ္မဇ၊ စိတ္တဇ၊ ဥတုဇ၊ အာဟာရဇ ဟူ၍ ရုပ် (၄) မျိုးရှိရာတွင် ကမ္မဇရုပ် ချည်းသက်သက်ကလည်း အသက်ရှည်နိုင်ကြမည် မဟုတ်ပါ။ စိတ္တဇ၊ ဥတုဇ၊ အာဟာရဇရုပ်တွေကို အမှီသဟဲပြုရမှသာ ကမ္မဇရုပ်များကလည်း အသက်ရှင်နိုင်ကြတာပါ။

ပဋိသန္ဓေစိတ် ဥပါဒ်ခဏမှာ ဖြစ်သည့် ကမ္မဇရုပ်ကို နောက်နောက်မှာဖြစ်သည့် ဘဝင်ဆိုသည့် နာမ်တရားတွေက ပစ္ဆာဇာတပစ္စည်းနှင့် ကျေးဇူးပြုထား၏။ ထိုသို့ နာမ်တရားများက ကျေးဇူးမပြုလျှင် ကမ္မဇရုပ်ဟာ ကြာရှည်စွာ မတည်နိုင်ဘဲ ကလလရေကြည်ခေါ် သည့် ပဋိသန္ဓေနာမ်နှင့် ရုပ်သည် ထိုခဏမှာပင် ပျက်စီးသွားနိုင်၏။

ကမ္မဇကာယ, ဥတုဇကာယ, စိတ္တဇကာယ, အာဟာရဇကာယ ဆိုသည့် ဤ စတုဇကာယ ခန္ဓာကိုယ်ကြီး၌ရှိသော ရုပ်လေးမျိုးကို နာမ်တရားတွေက နောက်ကနေ ကျေးဇူးပြုထားလို့သာ ပဋိသန္ဓေနာမ်ရုပ်ဖြစ်သော ကလလရေကြည် ခန္ဓာငါးပါးသည် တဖြည်းဖြည်း ကြီးထွားလာပြီး ယခုကဲ့သို့ ကြီးမားသည့် ခန္ဓာ ကောင်ကြီးတွေ ဖြစ်လာရခြင်းဖြစ်၏။

ပဝတ္တိအခါမှာ စိတ်ကြောင့် စိတ္တဇရုပ်တွေ ဖြစ်လာတာကတော့ ထင်ရှားပါ ပေ၏။

## ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံ အပြည့်အစုံ

(မဟာစည်ဆရာတော်ဘုရားကြီး)

ပဋိသန္ဓေစသော အကျိုးဝိပါက် ဝိညာဏ်ဖြစ်ခဲ့လျှင် ထိုဝိညာဏ်၏ တွဲဖက် စေတသိက်နာမ်များနှင့်တကွ ဝိညာဏ်၏ မှီရာရုပ်ကိုလည်း သိရန်လိုပေသည်။

ပဋိသန္ဓေစိတ်အစရှိသည့် ဝိညာဏ် ဖြစ်ပေါ် လျှင် နာမ်နှင့်ရုပ်လည်း တစ်ပါ တည်းကပ်ပါလာ၏။ နာမ်တရားကပ်ပါလာပုံကား ပဋိသန္ဓေစိတ်ဖြစ်လျှင် သူ၏ အာရုံဖြစ်သည့် ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ကို အာရုံပြုလျက် ခံစားသည့် ဝေဒနာ သည်လည်း အတူပူးတွဲ၍ ဖြစ်၏။ ထိုအာရုံကို မှတ်သားသည့်သညာသည်လည်း တစ်ပါတည်း ဖြစ် ၏။ အာရုံကို ထင်ရှားတွေ့သည့် ဖဿ။ စေ့ဆော်သည့် စေတနာ။ နှလုံးသွင်းသည့် မနသိကာရ။ အစရှိသော စေတသိက်များ ပူးတွဲပြီး ဖြစ်ကြ၏။

ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ။ ဇီဝိတိန္ဒြေ၊ မနသိကာရ ဟူသော စိတ်ဖြစ်တိုင်း အမြဲပါဝင်သည့် သဗ္ဗစိတ္တသာဓာရဏ စေတသိက် (၇) လုံး ကတော့ အနည်းဆုံး ပူးတွဲဖြစ်နေမည်ပင်။

http://www.dhammadownload.com



တိဟိတ်ပဋိသန္ဓေစိတ်ဝိညာဏ်မှာ အလောဘ, အဒေါသ, အမောဟ ဆိုသည့် ဟိတ်သုံးပါးယှဉ်၍ ဒွိဟိတ်ပဋိသန္ဓေစိတ်မှာမူ အလောဘ, အဒေါသ ဟိတ်နှစ်ပါး ယှဉ်ပြီး အင်္ဂါချို့တဲ့သည့် လူနတ်တို့၏ သုဂတိအဟိတ်ပဋိသန္ဓေနှင့် အပါယ်လေးဘုံသားတို့၏ ဒုဂ္ဂတိအဟိတ်ပဋိသန္ဓေ တို့တွင်မူ ဟိတ်တစ်ပါးမျှပင် မယှဉ်ပါ။

**ပဋိသန္ဓေခဏ၌ ရုပ်ဖြစ်ပုံမှာ** - ဂဗ္ဘသေယျက လူ့ဘဝ ပဋိသန္ဓေစိတ် ဖြစ်လျှင် ထိုစိတ်နှင့် အတူ တစ်ပြိုင်နက်တည်း **ကံသင်္ခါရကြောင့် ကမ္မဇကလာပ် (၃) စည်း၊ (ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက) ရုပ်ပေါင်း (၃၀) လည်း ဖြစ်လေ၏။**

ဝတ္ထုရုပ်ဆိုသည်မှာ ပဋိသန္ဓေ၊ ဘဝင်၊ စုတိ အစရှိသော မနောဝိညာဏ်စိတ်တို့၏ မှီရာရုပ်ဖြစ်သည်နှင့်အညီ ပဋိသန္ဓေခဏမှာ **ပဋိသန္ဓေစိတ်ဝိညာဏ်သည် ထိုဝတ္ထုဒသကထဲက ဝတ္ထုရုပ်ကို မှီ၍ ဖြစ်၏။**

ထိုကလာပ် (၃) ခု၊ ရုပ်ပေါင်း (၃၀) ကို **"ပထမံကလလံဟောတိ"** ရှေးဦးစွာ ကလလရေကြည်ဖြစ်သည် ဆိုသည့်အတိုင်း ကလလရေကြည်ရုပ် ဟုခေါ်၏။ **လူ့ရုပ်ကိုယ်သည် ထိုကလလရေကြည်ကစပြီး ဖြစ်ပေါ်လာကြောင်း** ဗုဒ္ဓကျမ်းစာအများက ပြဆိုထားသည်။

ထိုကလာပ် (၃) ခု၊ ရုပ်ပေါင်း (၃၀) ဆိုသည့် **ကလလရေကြည်ရုပ်သည်** အသိမ်မွေ့ဆုံး သိုးမွေးမျှင်ကို အကြိမ်ကြိမ်ခါပြီး နောက်ဆုံးတင်နေမည့် ဆီပေါက်ကလေး ပမာဏလောက်သာရှိပြီး **သူချည်းထဲ တည်နေတာတော့ မဟုတ်ပါ။ မိဘနှစ်ဦး၏ သုတ်ဓာတ်ရုပ်နှင့် သွေးဥရုပ် ထိုနှစ်မျိုးစပ်ကိုမှီပြီး ဖြစ်ပွားခြင်းဖြစ်၏။**

ပဋိသန္ဓေတည်ခြင်း၏ အင်္ဂါ (၃) ပါးကို ပြဆိုရာ၌လည်း

(၁) မိဘနှစ်ဦးတို့ စပ်ယှက်ခြင်း

(၂) မိခင်မှာ ဥတုပန်းပွင့်ခြင်း

(၃) ဖြစ်ထိုက်သည့် သူငယ်လောင်းအသင့်ရှိခြင်း

ဆိုသည့် အင်္ဂါ (၃) ပါးညီညွတ်မှ ပဋိသန္ဓေကိုယ်ဝန်တည်သည်ဟု ပြဆိုထားသည်နှင့် အညီ **ကမ္မဇကလာပ် (၃) စည်း၊ ရုပ် (၃၀) ဟူသော ကလလရေကြည်သည် မိဘတို့၏ သုတ်သွေးဓာတ်နှင့် တစ်ပေါင်းတည်း ရောစပ်ပြီး ဖြစ်သည်ဟု** ယူအပ်၏။ သို့မှလည်း မိဘတို့၏ ရုပ်ရေအဆင်းပုံသဏ္ဌာန်စသည်နှင့် တူခြင်းသဘောတရားနှင့် ကိုက်ညီပေလိမ့်မည်။

http://www.dhammadownload.com



(ဤနေရာတွင် အလျဉ်းသင့်၍ **လယ်တီဆရာတော်ဘုရားကြီး**၏ အဆို အမိန့်ကို ထုတ်ပြရသော်-

ဥတု (ဓါတ်မီး) သည် ရုပ်တရားတို့ကို ပွားစေမှု၌ အကြီးအကျယ်ဆုံးသော အကြောင်းဖြစ်၏။ ဗဟိဒ္ဓသန္တာန်မှာ ကမ္ဘာတည်မှု၊ ကမ္ဘာပျက်မှုသည် ဥတုကိစ္စပေ တည်း။

သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်မှာမူကား -

- **ရှေးကံဟောင်းသည်လည်း မျိုးတစ်ပါး**
- အမိအဖတို့မှ ဆက်နွယ်၍လာသော ဥတုဟူသော **မီးဓာတ်သည် လည်း ဗီဇမျိုးတစ်ပါး** ဟူ၍- မျိုးဓာတ်နှစ်ပါး ရှိ၏။

ထိုတွင် **ကံဟောင်း**ဟူသော မျိုးဓာတ်သည် သတ္တဝါတို့၏သန္တာန်မှာ ပဓာန အင်္ဂါဖြစ်သော စိတ်ဓာတ်၊ စက္ခုဓာတ်၊ သောတဓာတ် အစရှိသော **အတွင်းဓာတ်န** တို့ကို **ဖြစ်ပွားစေတတ်**၏။

**ဥတုဟူသော မျိုးဓာတ်သည် အဆင်းအမျိုးမျိုး၊ သဏ္ဌာန်အမျိုးမျိုး** တို့ကို ဖြစ်ပွားစေတတ်၏။)

မိဘတို့၏ သုတ်သွေးကို မှီပြီး ကလလရေကြည်အဖြစ်နှင့် ကလာပ် (၃) စည်း၊ ရုပ်ပေါင်း (၃၀) မှ စ၍ ပဋိသန္ဓေစိတ်ဝိညာဏ်တည်လာရာ၌ ပဋိသန္ဓေစိတ်နှင့် ယှဉ်တွဲ ဖြစ်သည့် စေတသိက်နာမ်နှင့်မှီရာ ကမ္မဇရုပ်( ကလာပ် ၃ စည်း၊ ရုပ်ပေါင်း ၃၀ ) တို့ သည် ပဋိသန္ဓေစိတ်ဝိညာဏ်ကြောင့် ဖြစ်ကြသော နာမ်ရုပ်တွေသာ ဖြစ်၏။

**ထိုပဋိသန္ဓေစိတ်ဝိညာဏ်၏ ဥပါဒ်ခဏမှစ၍ ကမ္မဇရုပ်တွေသည်** စိတ် တိုင်း၊ စိတ်တိုင်း၏ ဥပါဒ်၊ ဌီ၊ ဘင် ခဏတိုင်း၊ ခဏတိုင်း အသစ်အသစ် ထပ်ပြီး ဖြစ် ကြ၏။

**ပဋိသန္ဓေ စိတ်ဝိညာဏ်၏ ဌီခဏမှစ၍လည်း** ဖြစ်ပြီး ရုပ်ထဲက ဥတု ဆိုသည့် တေဇောဓာတ်မီးသည် စိတ်၏ ဥပါဒ်၊ ဌီ၊ ဘင်ခဏတိုင်း **ဥတုဇရုပ်**ကို ဖြစ်ပွား စေ၏။

**ပဋိသန္ဓေ နောင်ပထမဘဝင်၏ ဥပါဒ်ခဏကစပြီး စိတ်၏ ဥပါဒ်ခဏ** တိုင်းမှာ **စိတ္တဇရုပ်**များ ဖြစ်ကြ၏။

**မိခင်၏ကိုယ်မှာ အာဟာရဓာတ်၏ ပျံ့နှံ့စိမ့်ဝင်လာသည်မှစ၍ အာဟာရဇရုပ်တွေ** ဖြစ်၏။

http://www.dhammadownload.com



လူ့ဘဝမှာ ပဋိသန္ဓေစိတ်ဝိညာဏ်ကြောင့် စိတ်၏တွဲဖက်, ခံစားမှု-ဝေဒနာ၊ မှတ်သားမှု-သညာ၊ အာရုံတွေ့မှု-ဖဿ၊ စေ့ဆော်မှု-စေတနာ၊ နှလုံးသွင်းမှု-မနသိကာရ အစရှိသော စေတသိက်နာမ်တရားများလည်း ဖြစ်၏။ ကမ္မဇကလာပ် ၃-စည်း၊ ရုပ်ပေါင်း (၃၀) လည်း ဖြစ်သည့်အပြင် -

ထိုပဋိသန္ဓေစိတ်၏ အခြားမဲ့ ဘဝင်စိတ်မှစ၍ ဖြစ်တိုင်းဖြစ်တိုင်းသော စိတ်ဝိညာဏ်ကြောင့် တွဲဖက်စေတသိက်နာမ်တရားလည်း ဖြစ်၏။ ထိုက်သည့်အားလျော်စွာ စိတ္တဇရုပ်လည်းဖြစ်၏။ ကမ္မဇ၊ ဥတုဇ၊ အာဟာရဇရုပ်များလည်း ဖြစ်လျက်တည်မြဲတည်လေ၏။

**စိတ်ကြောင့် တွဲဖက်စေတသိက်နာမ်တရားဖြစ်မှု ထင်ရှားပုံမှာ စိတ်ဖြစ်ပေါ် လာလျှင် အကောင်းအဆိုးခံစားမှု**-ဝေဒနာ၊ မှတ်သားမှု-သညာ၊ အာရုံတွေ့မှု-ဖဿ၊ စေ့ဆော်မှု-စေတနာ၊ နှလုံးသွင်းမှု-မနသိ ကာရ အစရှိသော စေတသိက်တို့အပြင် လိုချင်မှု-လောဘ၊ စိတ်ဆိုးမှု-ဒေါသ၊ ကြည်ညိုမှု-သဒ္ဓါ စသည်တို့လည်း စိတ်နှင့်တစ်ပါ တည်း ဖြစ်ကြတာချည်းပါပဲ။

**စိတ်ကြောင့် စိတ္တဇရုပ်ဖြစ်မှု ထင်ရှားပုံ**ကလည်း လက်ခြေကို ကွေးချင်သည့်စိတ် ဖြစ်လျှင် ကွေး၏။ ဆန့်ချင်သည့် စိတ် ဖြစ်လျှင် ဆန့်၏။ ရပ်ချင်, သွားချင်သည့်စိတ် ဖြစ်လျှင် ရပ်၏။ သွား၏။

ပဝတ္တိကာလမှာ ကံကြောင့်ဖြစ်သည့် ကမ္မဇရုပ်၊ ဥတုကြောင့်ဖြစ်သည့် ဥတုဇရုပ်၊ အာဟာရကြောင့်ဖြစ်သည့် အာဟာရဇရုပ် ဆိုသည်များမှာ သူ့အကြောင်းနှင့်သူ ဖြစ်နေကြခြင်းသာ ဖြစ်၍ စိတ်ကြောင့် ဖြစ်နေကြခြင်း မဟုတ်ပေ။

သို့သော် **စိတ်မရှိလျှင် အသက်ရှင်နေသည့် ရုပ်အစဉ်အနေအားဖြင့် မဖြစ်နိုင်ပါ။** ဥပမာ လူသေကောင်၌ ဥတုဇရုပ်တွေ ဖြစ်နေပေမယ့် အရှင်ရုပ်မျိုးကား မဟုတ်တော့ပါပေ။

ထို့ကြောင့် **ကမ္မဇ၊ ဥတုဇ၊ အာဟာရဇရုပ်တွေသည်လည်း စိတ်အကူအညီ** ရှိနေသည့်အတွက် (နောက်နောက်၌ဖြစ်သော စိတ်တို့သည် ရှေ့ရှေ့က ဖြစ်ပြီးသော ရုပ်တို့ကို ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြုနေ၍) **အဆက်မပြတ် ဖြစ်လည်းဖြစ်၊ တည်လည်း တည်နေနိုင်ကြပေ၏။**

ထိုသို့ အဆက်မပြတ် ဖြစ်နိုင် တည်နိုင်ခြင်း၏အကြောင်းဖြစ်သည့်အတွက် **စိတ်ဝိညာဏ်ကြောင့် ကမ္မဇ, ဥတုဇ, အာဟာရဇရုပ်တွေလည်း ဖြစ်ကြ၏**ဟု ဆိုရ ခြင်း ဖြစ်၏။

http://www.dhammadownload.com



အတိုချုပ်အားဖြင့်ကား **တစ်ကိုယ်လုံးက ရုပ်တွေ** အဆက်မပြတ်ဖြစ်ပြီး တည်မြဲတည်နေနိုင်ခြင်းသည် **စိတ်ရှိနေလို့သာ** ဖြစ်၏။ စုတိစိတ်ဖြစ်ပြီး စိတ်အစဉ် ပြတ်သွားသည်နှင့် တစ်ပြိုင်နက် စေတသိက်နာမ်တွေလည်း မဖြစ်နိုင်တော့သလို အရှင်ရုပ် မျိုးတွေလည်း မဖြစ်နိုင်တော့ပါ။

ထို့ကြောင့် "ဝိညာဏ ပစ္စယာ နာမရူပံ" စိတ်ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ် သည်ဟု မိန့်ဆိုထားခြင်း ဖြစ်၏။

စင်စစ်အားဖြင့် **ကုသိုလ်၊ အကုသိုလ်ကံ သင်္ခါရကြောင့်** ဘဝသစ်မှာ ပဋိသန္ဓေမှစပြီး စိတ်ဝိညာဏ်တွေ အဆက်မပြတ် ဖြစ်နေပေရာ **ထိုစိတ်ဝိညာဏ် ဖြစ်လျှင်** စိတ်တိုင်း၊ **စိတ်တိုင်းနှင့်ယှဉ်တွဲပြီး** ထိုက်သည့်အားလျော်စွာ **နာမ်နှင့် ရုပ်လည်းမပြတ် ဖြစ်နေကြလေ၏။**

စိတ်ဝိညာဏ်က တစ်နာရီကြာအောင် ဖြစ်နေလျှင် နာမ်နှင့်ရုပ်ကလည်း တစ်နာရီကြာအောင် ဖြစ်နေ၏။ အသက်ရှည်၏။ စိတ်ဝိညာဏ်က အနှစ် (၅၀) ကြာ အောင် ဖြစ်နေလျှင် နာမ်နှင့်ရုပ်ကလည်း အနှစ်၅၀ ကြာအောင် ဖြစ်နေ၏။ အသက် ရှည်၏ဟူလို။

အမှန်အားဖြင့်တော့ **စိတ်ဝိညာဏ်** ဖြစ်တိုင်းဖြစ်တိုင်း **နာမ်နှင့် ရုပ်တွေ ပူးတွဲပြီး** အဆင့်ဆင့်, **အဆက်မပြတ်** ဖြစ်နေသည့် **"အကြောင်းအကျိုး အဆက် ဆက်မျှပဲ ရှိသည်"**ကို သိရှိနားလည်သဘောပေါက်ဖို့ပါပဲ။

## တတိယပျို့လင်္ကာ

## ၃။ ဝိညာဏ ပစ္စယာ နာမရူပံ

၃။ ခြောက်ပါးဝိညာဉ်၊ စွမ်းရည်အင်ကြောင့်
မီးတွင်ရှိန်ဝါ၊ ထပ်ကြပ်ပါသို့
မဏ္ဍာတူကွ၊ ဖြစ်ပေါ်ကြသား
ဖဿ, ဝေဒနာ, စေတနာနှင့်
သညာ, ဝိတက်၊ ရောင်စုံယှက်သည်
အမျက်ကြောင်ဝယ်၊ ကြိုးစုံခြယ်သို့
အသွယ်အသွယ်၊ အနွယ်နွယ်လျှင်
ဆန်းကြယ်စွာလှ၊ နာမ်ကာယနှင့်

http://www.dhammadownload.com



ဘူတ ဟူပေ၊ မြေ, ရေ, လေ, မီး
ဓာတ်ကြီးလေးတန်၊ အမာခံလျက်
အရုံရုပ်သေး၊ နှစ်ဆယ့်လေးတည့်
ပေါင်းထွေးမျှညီ၊ အဋ္ဌဝီသ၊ ရုပ်ကာယဟု
နာမရူပ၊ ဓမ္မအပြား၊ ဤနှစ်ပါးလည်း
ထင်ရှားစုံစွာ၊ ပေါ်တုံလာ၍
နာနာကာယ၊ အနန္တလျှင်
ရူပရုပ်ဟန်၊ သဏ္ဌာန်အမူ၊ ဇာတ်မတူသည်
လူအရပ်ရပ်၊ နတ်အထွေထွေ
ရေမျိုး, ကုန်းမျိုး၊ ကောင်းဆိုး, ယုတ်ညံ့
အကန့်ကန့်လျှင်၊
ခြားသန့်ပေါ်ယယ်၊ သောသောကြွယ်သည်
နှစ်သွယ်နာမ်ရုပ်၊ စွမ်းရည်တည်း။ ။(အရဆောင်လေ)။

## တတိယပျို့လင်္ကာ အဖြေလွှာ

## ၃။ ဝိညာဏပစ္စယာ နာမရူပံ

(မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး)

**ဝိညာဏ်မင်းသား, အခြံအရံပရိသတ်, မင်းခမ်းမင်းနား ဥပမာ**

ဘုန်းရှင်ကံရှင် မင်းသားတစ်ယောက် ပေါ်ပေါက်ဖြစ်ထွန်းလာလျှင် ထိုမင်းသား၏ဘုန်းကံကြောင့်ပင် အခြံအရံပရိသတ်များ အသုံးအဆောင် ထီးနန်းစည်းစိမ် မင်းခမ်းမင်းနားများတို့ အရံသင့်ပေါ် ထွန်း ဖြစ်ရှိလာသကဲ့သို့-

- ထို့အတူပင် ဝိညာဏ်ခြောက်ပါး၊ မင်းသားခြောက်ယောက်တို့ ပေါ်ပေါက်ဖြစ်ထွန်းလာသောအခါ ထိုဝိညာဏ်ခြောက်ပါးဟူသော အကြောင်းကြောင့်ပင် ထိုဝိညာဏ်တို့၏အခြံအရံအသင်းအပင်း ပရိသတ်အနေဖြင့် ယှဉ်ဖော် ယှဉ်ဖက် ထိုက်သက်ရာ စေတသိက်များနှင့် ထိုဝိညာဏ်တို့၏ အသုံးအဆောင် ထီးနန်းမင်းခမ်းမင်းနားများနှင့် တူသော ရုပ်တရားတို့ ထင်ရှားဖြစ်ပေါ်လာကြလေတော့သည်။

http://www.dhammadownload.com



## ဝိညာဏစာတ်မင်းကြောင့် ယှဉ်ရာ စေတသိက်နာမ်နှင့် မှီတည်ရာ ရုပ်တို့ ဖြစ်ပွားပုံ

မီးဟူ၍ ဖြစ်ပေါ် လာလျှင် ထိုမီး၏ အရှိန်အဝါသည် ထက်ကြပ်ပါလာသကဲ့သို့လည်းကောင်း၊ အမျက်ခေါ် သော ကြောင်ကျောက်ဝယ် အဆင်းအရောင်အမျိုးမျိုးရှိသော ကြိုးအသွယ်သွယ်တို့ အန္တယ်နွယ်ထက်ကြပ်ပါလာသကဲ့သို့လည်းကောင်း-

- ထို့အတူပင် ဝိညာဏ်ခြောက်ပါးတည်းဟူသော ပဓာနဓာတ်ကြီးဖြစ်ပွားလာသည်ရှိသော် ထိုဝိညာဏ်တို့၏ အစွမ်းသတ္တိကြောင့် အတူတကွ ဖြစ်ပျက်မျှသည့်

ဖဿ = အာရုံကို တွေ့ထိကြိတ်နယ်မှုသဘော၊

ဝေဒနာ = အာရုံရသ၊ အာရုံရည်ကို ပိုင်နိုင်စွာခံစားမှုသဘော၊

စေတနာ = ယှဉ်ဖော်ယှဉ်ဖက်တရားတို့ကို မိမိကိစ္စ၌ မလစ်ဟင်းရဘဲ ရွက်ဆောင်ကြအောင် လှုံ့ဆော်တိုက်တွန်းပေးမှုသဘော၊

ဤသို့စသည် အလွန်ဆန်းကြယ်လှသော စေတသိက်ခေါ် သည့် နာမ်တရားများ၊ မဟာဘုတ်ကြီး (၄) ပါး၊ ဥပါဒါရုပ် (၂၄) ပါးတည်းဟူသော ရုပ်တရားများ ထင်ရှား ဖြစ်ပေါ် လာတော့၏။

ယင်းသို့ နာမ်ရုပ်နှစ်ပါး ထင်ရှားပြည့်စုံစွာ ဖြစ်ပေါ် လာသောအခါ အနန္တသတ္တဝါတို့မှာ ကိုယ်ကာယအမျိုးမျိုး၊ ပုံပန်းသဏ္ဌာန်အမျိုးမျိုး၊ အမူအရာအမျိုးမျိုး၊ ဇာတ် အနွယ်အမျိုးမျိုး၊ လူအမျိုးမျိုး၊ နတ်အမျိုးမျိုး၊ ရေနေသတ္တဝါအမျိုးမျိုး၊ ကုန်းနေသတ္တဝါအမျိုးမျိုး၊ အမြတ်စား အကောင်းစားသတ္တဝါ, အညံ့စားသတ္တဝါ အမျိုးမျိုး ကွဲပြားကြကာ သူ့အမျိုးနှင့် သူ့ဇာတ်အနွယ် ခြားလျက် သန့်လျက်၊ မရေနိုင်၊ မတွက်နိုင်အောင် သောသောကြွယ် ထင်ရှားဖြစ်ပွား ကြလေကုန်တော့သည်။

## တဏှာဆန်းကြယ်လို့ ကံဆန်းကြယ်ပုံ

ဤ၌ သတ္တဝါတစ်ယောက်နှင့် တစ်ယောက် အယုတ်သဖြင့် ညီအစ်ကို၊ မောင်နှမ၊ ညီအစ်မပင် ဖြစ်လင့်ကစား၊ အဆင်းပုံပန်းသဏ္ဌာန်၊ စိတ်နေသဘောထားမှစ၍ အမူအရာမတူကြခြင်း၊ အထူးအထူးအပြားပြား အဆန်းတကြယ်ဖြစ်ကြခြင်း၏ အကြောင်းအရင်းမှာ၊ တဏှာနှင့် ယှဉ်သော စိတ်ဆန်းကြယ်မှုမတူမှုကြောင့် ဖြစ်လေသည်။

http://www.dhammadownload.com



တဏှာက စိတ်နှင့် ယှဉ်တွဲ မှီတွယ်ကာ အကြင်သို့သဘောရှိသော အဆင်းပုံပန်းသဏ္ဌာန် စိတ်နေသဘောထားကို သာယာတပ်မက်နှစ်သက်၏။ ထိုတဏှာ၏ လှုံ့ဆော်ချက်အရ ထိုတဏှာသာယာတပ်မက်နှစ်သက်သော အဆင်းပုံပန်းသဏ္ဌာန် စိတ်နေသဘောထားရှိသော ခန္ဓာကိုယ်ကို ရရှိဖို့ရန် ကောင်းမကောင်းကံကို ပြုလေတော့၏။ (တဏှာဆန်းကြယ်သောကြောင့် ကံဆန်းကြယ်သည်)

## ကံဆန်းကြယ်လို့ သတ္တဝါတွေ ဆန်းကြယ်ပုံ

ထိုသို့ ပြုခဲ့သော ကံအမျိုးမျိုးဖြစ်လေသောကြောင့် ထိုကံအမျိုးမျိုး၏ အကျိုး ခန္ဓာတို့ ဖြစ်ပွားပေါ်ပေါက်လာသောအခါမှာလည်း ဘဝဂတိအမျိုးအမျိုး, ဇာတ်အမျိုးအမျိုး, အဆင်းပုံပန်းသဏ္ဌာန်အမျိုးအမျိုး, စိတ်နေသဘောထားအမျိုးအမျိုး, တစ်ယောက်နှင့် တစ်ယောက်မတူထူးခြား ကွဲပြားဆန်းကြယ်စွာ ဖြစ်လာကြလေသည်။ (ကံဆန်းကြယ်သောကြောင့် ဘဝဂတိစသည့် သတ္တဝါတွေ အဆန်းတကြယ် ဖြစ်ပေါ်လာလေသည်) ဟု ဆိုလိုသည်။

## တတိယပျို့လင်္ကာအဖြေလွှာ

## ၃။ ဝိညာဏပစ္စယာ နာမရူပံ

(လယ်တီ ဆရာတော် ဘုရားကြီး)

“ခြောက်ပါးဝိညာဏ်၊ စွမ်းရည်အင်ကြောင်း
မီးတွင်ရှိန်ဝါ၊ ထက်ကြပ်ပါသို့
မကွာတူကွ၊ ဖြစ်ပေါ်ကြသား
ဖဿ, ဝေဒနာ, စေတနာနှင့်သညာ, ဝိတက်
ရောင်စုံယှက်သည့်
အမျက်ကြောင်ဝယ်၊ ကြိုးစုံခြယ်သို့
အသွယ်အသွယ်၊ အနွယ်နွယ်လျှင်
ဆန်းကြယ်စွာလှ၊ နာမ်ကာယနှင့်”
ဟူသောလင်္ကာဝါကျ၌

http://www.dhammadownload.com



ဝိညာဏ်ဟူသော ပဓာနဓာတ်ကြီး ဖြစ်ပေါ်လာလျှင် ဝိညာဏ်နှင့် အတူ တကွ အသွယ်သွယ်၊ အနွယ်နွယ် အလွန်ဆန်းကြယ်စွာသော နာမကာယလည်း ဖြစ်ပေါ်လာပေ၏။

နာမကာယဆိုသည်ကား ဖဿ, ဝေဒနာ, စေတနာနှင့်သညာ, ဝိတက်, ဝိစာရ အစရှိသော စေတသိက်တရားတို့ ကို နာမကာယ = နာမ်တရားအပေါင်းဆို သတည်း။

## ဝိညာဏ်-ပဓာနဓာတ်မင်းကြောင့် နာမကာယဖြစ်ပေါ်ပုံ

ဥပမာကား - 'မီးတွင်ရှိန်ဝါ ထက်ကြပ်ပါ' သကဲ့သို့လည်းကောင်း 'ရောင်စုံ ယှက်သည့် အမျက်ကြောင်ဝယ် ကြိုးစုံခြယ်' သကဲ့သို့လည်းကောင်း-

မီးထွန်းညှိ၍ မီးတောက်သည်နှင့် တစ်ပြိုင်နက် မီးရောင်အလင်းတို့ ဖြစ်ပေါ်ကုန်၏၊ ပူသောအရှိန်သည်လည်း ဖြစ်ပေါ်ကုန်၏။ ထိုအရှိန်နှစ်မျိုးတို့၏ ဖြစ်ပေါ်မှုသည် မီးတောက်သည်နှင့် တစ်ပြိုင်နက်ကျလေရာ -

- ပဓာနဖြစ်သော မီးတောက်နှင့် **"ဝိညာဏ်တူ၏။"**
- **အရှိန်အရောင်တို့နှင့်** ဖဿ, ဝေဒနာ အစရှိသော **"နာမကာယစု တူ၏။"**
- ဤဥပမာဖြင့် ဝိညာဏ်နှင့် နာမကာယစုသည် ဖြစ်အတူပျက်အတူ ဟူသော အဓိပ္ပာယ်ကို ပြ၏

  အမျက်ကြောင်မျက်ရွဲကျောက်ရတနာကြီးမှာ အနီ, အဝါ စသော ကြိုးပေါင်း အရာမက ခြယ်လှယ်ပါရှိလေရာ-
- **ထိုကြောင်မျက်ရွဲကျောက်ရတနာကြီးနှင့်** "ဝိညာဏဓာတ်ကြီး တူ၏။"
- ထိုကျောက်ရတနာကြီး အတွင်း အပြည့်ရှိသော အရောင်အမျိုးမျိုး ရှိသည့် ကြိုးစုံ နှင့် ဝိညာဏ်အတွင်းအမျိုးမျိုးပါရှိသောဖဿ, ဝေဒနာ စသော **"နာမကာယဓမ္မအစု တူ၏။"** ဤဥပမာဖြင့် ဖဿ, ဝေဒနာ စသော နာမကာယဓမ္မအစု ဟူသည်မှာ ဝိညာဏ်၏ အရည်အရောင်စု ပင် တည်းဟု ပြဆို၏။

"ဘူတဟူပေ၊ မြေ, ရေ, လေ, မီး၊ ဓာတ်ကြီးလေးတန်၊
အမာခံလျက်၊ အရံရုပ်သေး၊ နှစ်ဆယ့်လေးတည့်
ပေါင်းထွေးမျှညီ၊ အဌဝီသ၊ ရုပ်ကာယဟု" အရ

http://www.dhammadownload.com



ထိုဝိညာဏ်ဟူသော ပဓာနဓာတ်ကြီး ဖြစ်ပေါ်သည်ရှိသော် နာမကာယ သည်သာ တကွဖြစ်ပေါ်သည်မဟုတ်၊ မဟာဘုတ် (၄) ပါး၊ ဥပါဒါရုပ် (၂၄) ပါး၊ ပေါင်း (၂၈) ပါးသော ရူပကာယမွေ့စုသည်လည်း ထိုဝိညာဏ်နှင့် တကွ ဖြစ်ပေါ်ရလေသည်။ ထိုရုပ် (၂၈) ပါးတွင် အမာခံ အထည်ခံရုပ်ကား မြေ, ရေ, လေ, မီး ဟူသော ဓာတ်ကြီး (၄) ပါးပေတည်း။ ကြွင်းသော (၂၄) ခုကား ထိုဓာတ်ကြီး (၄) ပါးမှာ မှီတွယ်ပါရသော ရုပ်သေးရုပ်ငယ်စုသာတည်း။

## ဝိညာဏ်-ပဓာနဓာတ်မင်းကြောင့် ရူပကာယဖြစ်ပေါ်ပုံ

(၁၁) ဘုံအနက် ပဉ္စဝေါကာရ (၂၆) ဘုံတို့၌သာ ဝိညာဏ်ဖြစ်ပေါ်လျှင် ဝိညာဏ်နှင့်တကွ နာမကာယ, ရူပကာယ နှစ်ပါးတစ်ပြိုင်နက် ဖြစ်ပေါ်ပေ၏။ ထိုသို့ ဖြစ်ပေါ်ရာ၌ ပဋိသန္ဓေ အမျိုးမျိုးရှိ၍ ရူပကာယဖြစ်ပေါ်ပုံမှာလည်း အမျိုးမျိုးရှိပေရာ လူပုဂ္ဂိုလ်တို့၌ ရူပကာယဖြစ်ပေါ်ပုံမှာ -

ဥ၌ဖြစ်သော အဏ္ဍဇပဋိသန္ဓေ၊ သားအိမ်၌ ဖြစ်သော ဇလာဗုဇပဋိသန္ဓေ ၊ ထိုပဋိသန္ဓေ နှစ်ပါးတည်းဟူသော ဂဗ္ဘသေယျက ပဋိသန္ဓေ အစ၌ ပကတိမျက်စိဖြင့် မမြင်ကောင်းအောင် သေးနုပ်လှသော ကလလရေကြည်တည်ပြီးမှ တစ်နေ့တခြား ကြီးပွားရ၏။ တစ်ဖန်ကြီးပွားပြီးမှ စက္ခု, သောတ, ဃာန, ဇိဝှါတို့ ဖြစ်ပေါ်ကုန်၏။ လူတို့မှာ သတ္တာဟပေါင်း (၁၁)၊ ရက်ပေါင်း (၇၇) ရက်ရှိရာမှ စက္ခု, သောတ, ဃာန, ဇိဝှါတို့ ဖြစ်ပေါ်ကုန်၏။

ထိုသို့ဖြစ်ပေါ်ပြီးနောက် တစ်နေ့တခြား ကြီးပွားရင့်သန်၍ အမိဝမ်းမှ ဖွားမြင်၏။ ဖွားမြင်ပြီးနောက် အမျိုးဇာတိအားလျော်စွာ ဓာတ်ဆီ, ဓာတ်မီးတို့၏ အစွမ်းဖြင့် တစ်နေ့တခြား ကြီးပွားလေ၍ ဝိညာဏ်အစဉ် မချုပ်ရသေးသမျှ ကာလ ပတ်လုံး ရူပကာယသဏ္ဌာန်တည်လေ၏။ ဝိညာဏ်ချုပ်သောအခါ သတ္တဝါအင်္ဂါ ဆိုထိုက်သော အတွင်းဓာတ်နု ရုပ်အစုတို့သည် ဝိညာဏ်နှင့် အတူတကွ ချုပ် ကွယ်လေကုန်၏။ ဓာတ်မီး၏အစီးအပွားဖြစ်သော အထည်ဒြပ်ကြမ်းကြီး ဖြစ် သော အလောင်းကောင်၊ အသေကောင်ဖြစ်၍ ကျန်ရစ်လေ၏။

(ဤကား ဝိညာဏ်ဟူသော ပဓာနဓာတ်မင်းကို မှီတွယ်၍ လူ့လောကနှင့် အပြည့်လူ့ရူပကာယတွေ ဖြစ်နေကြပုံ၊ ရေနှင့်အပြည့် ရေမျိုးသတ္တဝါ ရူပကာယတွေ၊ ကုန်းနှင့်အပြည့် ကုန်းမျိုးသတ္တဝါ ရူပကာယတွေ ဖြစ်၍ နေပုံတည်း။)

http://www.dhammadownload.com



## ပဋိသန္ဓေအခါ ရုပ်ခန္ဓာ စစ္စာပေါက်ပွားမှု ဥပမာများ

ရှေးဦးအစ ပဋိသန္ဓေကာလ၌ လူရုပ်ခန္ဓာ၊ နတ်ရုပ်ခန္ဓာ၊ အပါယ်ရုပ်ခန္ဓာတို့ စစ္စာ ဖြစ်ပေါ် ပေါက်ပွားမှု ဥပမာကား-

မိုးဦးကျ၍ မိုးရေတို့နှင့်တကွ ထွန်ယက်ရောနှော၍ ညက်ညောစွာ တည်နေသော ထိုလယ်မြေ၌ အနှစ်၊ အဆံ၊ အဆီ၊ အစေး နှင့် ပြည့်စုံသော စပါးမျိုးစေ့ကို ပစ်ချသည်ရှိသော် ထိုမျိုးစေ့တို့မှ စပါးပင်တို့ ပေါက်ရောက်ကြကုန်သော ဥပမာ၌-

- **လယ်မြေနှင့်ကုသိုလ်, အကုသိုလ် သင်္ခါရ ခေါ် သော စေတနာ ကံဟောင်း တူ၏။**
- **စပါးမျိုးစေ့ နှင့် ပဋိသန္ဓေဝိညာဏ် တူ၏။**
- **မိုးရေ, ဥတု နှင့် ဘဝတဏှာ တူ၏။**

ရူပကာယကြီးပွားတည်ရာ ဥပမာကား-

ညောင်ပင်ကြီး ဖြစ်ရာ၌ အစစွာ ညောင်စေ့မှ ဖြစ်၏။ ဖြစ်ပြီးနောက် ညောင်စေ့ ပုပ်ဆွေး, ပျက်ကွယ်၍ သွားသော်လည်း ညောင်စေ့ထူထောင်ပေးခဲ့သော အညောက်၊ အပင်၊ သဲလွန်စသည်ရှိ၏။ ထိုသဲလွန်စသည် ဗဟိဒ္ဓမှ မြေဥတု၊ ရေဥတု၊ လေဥတု တို့၏ ခိုးမြှောက်ထောက်ပံ့မှုနှင့် တစ်ခဏချင်းကြီးပွား၍ အလံတစ်ရာ၊ အလံနှစ်ရာရှိသော ညောင်ပင်ကြီးအဖြစ်သို့ ရောက်လေသောဥပမာ၌ -

- **ညောင်မျိုးစေ့ငယ်နှင့် ပဋိသန္ဓေဝိညာဏ် တူ၏။**
- **ညောင်ပင်နှင့် ယခုရှိကြသော ရူပကာယခန္ဓာ တူ၏။**
- **မြေဥတု၊ ရေဥတု၊ လေဥတုနှင့် (၁) ယခုပဝတ္တိ ဝိညာဏ် (၂) အာဟာရခေါ် ဓာတ်ဆီ (၃) ဥတုခေါ် ဓာတ်မီး တူ၏။**

## စက်ရုပ်သေးပမာ ဝိညာဏ်ကြိုးဆွဲရာ ကကြရလေရှာ

အိပ်ခြင်း၊ ရပ်ခြင်း၊ ပြေးခြင်းလွှားခြင်း၊ သွားခြင်းလာခြင်း နေ့ရှိသမျှ ထိုထို ကိုယ်အမူအရာနှုတ်အမူအရာတို့ကို ပြုခြင်း၊ မျက်တောင်ခပ်ခြင်းစသော ကိုယ်အင်္ဂါကြီးငယ်တို့ကို လှုပ်ရှားခြင်းတို့၌ကား ရုပ်သေးပမာ၊ စက်ရုပ်ပမာ ပြဆိုရာ၌

- သူသူ, ငါငါ ရူပကာယခန္ဓာကြီးသည် ရုပ်သေးရုပ်နှင့် တူ၏။
- ရူပကာယခန္ဓာကိုယ်အတွင်းမှာ အကြောကြီးငယ်တို့သည် ထိုအရုပ်၌ တပ်ဆင်ထားသော ကြိုးကြီးကြိုးငယ်တို့နှင့် တူကုန်၏။

http://www.dhammadownload.com



- အလိုရှိရာ ကြိုးကိုဆွဲငင်၍ အရုပ်ကို ထစေ, ကစေသော ရုပ်သေးကြိုးဆွဲဆရာနှင့်၊ နှလုံးအိမ်အတွင်းရှိ ဝိညာဏ် တူ၏။
- ဤရုပ်ခန္ဓာကြီးငယ်သည် စက်ကြိုးယန္တရားဆင်၍ထားသော စက်ရုပ်ကြီးငယ်နှင့် တူ၏။
- အကြောကြီး, အကြောငယ်တို့သည် စက်ကြိုးကြီး, စက်ကြိုးငယ်တို့နှင့် တူ၏။
- နှလုံးအိမ်တွင်းရှိ ဝိညာဏ်သည် စက်နင်းသော စက်ဆရာနှင့် တူ၏။
- ငှက်တို့၏ ရုပ်ခန္ဓာ, နတ်ပြဟ္မာတို့၏ ရုပ်ခန္ဓာသည် - ကောင်းကင်ပျံစက်ရုပ် နှင့် တူ၏။
- ရုပ်သေးရုပ်၊ စက်ရုပ်များ လှုပ်ရှားသွားလာသည်ကို မြင်သောအခါ ကြိုးဆွဲသူ၊ စက်နင်းသူ တခြား၊ အရုပ်တခြား။ အရုပ်ကား လှုပ်နိုင်သော အစွမ်းမရှိ၊ အသေသာဖြစ်၏။ ကြိုးဆွဲသူ၊ စက်နင်းသူ ဆွဲရာ၊ နင်းရာ လှုပ်ရှားရသည်ဟု အတပ်သိကြသကဲ့သို့ -
  ဝိညာဏ်တစ်ခြား၊ ရုပ်ခန္ဓာအင်္ဂါကြီးငယ်တခြား၊ ရုပ်ခန္ဓာကြီး,ငယ်ကား လှုပ်ရှားနိုင်သော အစွမ်းမရှိ၊ အသေကောင် သက်သက်သာတည်း၊ ဝိညာဏ်ပြုပြင်ရာ လှုပ်ရှားရသည်ဟု ဓာတ်ခွဲ၍ မြင်ကြရမည်။

(ဤကား -

(၁) ဝိညာဏ်မှ ရူပကာယ ဖြစ်ပွားမှု
(၂) ဝိညာဏ်ကိုမှီတွယ်၍ ရူပကာယ တည်နေမှု
(၃) ဝိညာဏ်ကြိုးဆွဲရာ ရူပကာယလှုပ်ရှားမှု
တို့ကို ပြဆိုခြင်းပေတည်း။)

(က) ဝိညာဏ်မှ နာမကာယ ဖြစ်ပေါ်မှု
(ခ) ဝိညာဏ်ကို မှီတွယ်၍ နာမကာယ တည်နေမှု
(ဂ) ဝိညာဏ်ကြိုးဆွဲရာ နာမကာယလှုပ်ရှားမှု တို့ကို မပြဆိုမီ ဝိညာဏ်နှင့် နာမကာယအထူးကို ရှေးဦးစွာ သိရာ၏။

http://www.dhammadownload.com



## ဝိညာဏ်-နာမကာယ အထူးနှင့် ပန်းချီ ဆေးရေးဥပမာ

ပန်းချီရေးရန် ဆေးစပ်မှု၌ အရောင်အမျိုးမျိုးရှိသော ဆေးကို ရေ၌ရောပြီး မြင်းရုပ်, လူရုပ်, ပန်းခက်, ပန်းရွက် စသည်တို့ကို ကားဘောင်အထည်မှာ ပန်းချီရေးဆွဲကြရာ၌-

- ကားဘောင်အထည်၌ အတွင်းအပြင် ပျံ့နှံ့မှု၊ ကပ်စေးမှုမှာ ရေ၏ အမှုသာတည်း
- အဆင်းသဏ္ဍာန်၊ ရုပ်သဏ္ဍာန်၊ ထင်ပေါ်မှုကား အဆင်းဓာတ်တို့၏ အမှုပေတည်း
- ထိုအဆင်းဓာတ်တို့သည် ရေကို မှီရကုန်၏။ ရေသို့ အစဉ်လိုက်ကြကုန်၏။ ရေဆောင်ရာ ပါကုန်၏။ ရေနှင့်ကင်း၍ ကားထည်အား ပျံ့နှံ့ ကပ်ငြိတွယ်ကပ်ခြင်းငှာ မတတ်စွမ်းကြကုန်။
- ရေသည်လည်း ထိုဓာတ်ဆေးတို့နှင့်ကင်း၍ ကောင်းသောအဆင်း၊ မကောင်းသောအဆင်း၊ အထွေအထူးကို ထင်စေခြင်းငှာ မတတ်စွမ်းချေ၊ ကြည့်ရှုဖွယ်၊ နှစ်သက်ဖွယ်အဆင်းသဏ္ဍာန်၊ အရုပ်ကို ဖြစ်စေ၊ ကြောက်ဖွယ်၊ လန့်ဖွယ် အဆင်း သဏ္ဍာန်၊ အရုပ်ကို ဖြစ်စေ၊ ဓာတ်ဆေးတို့ကသာ ထင်အောင်ပြုနိုင်ကြကုန်၏။

## အကျင့်ယုတ်, မြတ်, ဆိုး, ကောင်း။ စေတသိက်နာမ်အကြောင်း

ဤသဘောဥပမာ၌ -

- ကြည်လှစွာသော ရေပကတိနှင့် ဝိညာဏ် တူ၏။
- ဓာတ်ဆေးတို့နှင့် စေတသိက် နာမ်တရားစု တူ၏။
- ကားဘောင်၌ ကြက်သော အထည်နှင့် အာရုံခြောက်ပါး တူ၏။
- အာရုံ (၆) ပါးကို ရှာမှု၊ ယူမှု၊ ရမှုသည်ကား ဝိညာဏ်၏ ကိစ္စတည်း။
- ဝိညာဏ်ရှာ၍၊ ယူ၍ရသောအခါ တွေ့ထိမှု ခံစားမှု၊ ကောင်းအောင်ပြုမှု၊ မကောင်းအောင်ပြုမှုစသည်ကား စေတသိက်တို့၏ ကိစ္စတည်း။

တစ်နည်းကား-

- အာရုံသို့ရောက်မှု၊ အာရုံကိုယူမှု၊ ပျံ့နှံ့မှုကား စိတ်ဝိညာဏ်၏ကိစ္စတည်း။
- ထိုအာရုံ၌ တွေ့ထိမှုစသည်ကား စေတသိက်တို့၏ ကိစ္စတည်း။

http://www.dhammadownload.com



တစ်နည်းကား -

ဝိညာဏ်သည် အမိနှင့် တူ၏။

စေတသိက်ခန္ဓာတို့သည် ထိုအမိမှ ပေါက်ဖွားသောသားကောင်း၊ သားဆိုးတို့နှင့် တူကုန်၏။ ဤဥပမာဖြင့်-

**စေတသိက်တို့မည်သည် စိတ်မှ ပေါက်ဖွားကြကုန်သည်ကို ပြ၏။**လောက၌ ကိုယ်၊ နှုတ်၊ နှလုံး၊ အမူအကျင့် **ကောင်းသောသူ၊ မြတ်သောသူ၊ မကောင်းသောသူ၊ ယုတ်သောသူ** ဟူ၍ ရှိနေကြသည်ကား "သဒ္ဓါ"၊ "ပညာ" အစရှိသော၊ "လောဘ"၊ "ဒေါသ" အစရှိသော **စေတသိက်နာမ်ခန္ဓာတို့၏ အမှု**ပေတည်း။

(ဤကား ဝိညာဏ်ကြောင့် နာမကာယ၊ ရူပကာယ၊ နာမရူပ ဓမ္မနှစ်ပါး ဖြစ်ပွားပုံပြဆိုချက်တည်း။)

ဤသည်ကို ရည်၍-

"နာမရူပ ဓမ္မအပြား၊ ဤနှစ်ပါးလည်း
ထင်ရှားစုံစွာ၊ ပေါ်တုံလာ၍
နာနာကာယ အနန္တလျှင်၊ ရူပရုပ်ဟန်၊ သဏ္ဌာန်အမူ
ဇာတ်မတူသည် လူအရပ်ရပ်၊ နတ်အထွေထွေ
ရေမျိုး၊ ကုန်းမျိုး၊ ကောင်းဆိုး ယုတ်ညံ့၊ အကန့်ကန့်လျှင်
ခြားသန့်ပေါ်ယယ်၊ သောသောကြွယ်သည်
နှစ်သွယ်နာမ်ရုပ် စွမ်းရည်တည်း" ဟူ၍ ဆိုပေ၏။

## (၄) နာမရူပ ပစ္စယာ သဠာယတနံ

### အရကောက်နှင့် သဘောသရုပ်ထင်လွယ် အဓိပ္ပာယ်

"သဠာယတန- ခြောက်ဒွါရ၊ မနဝိပါက်သာ"
ဟူသော ပရမတ္ထသံခိပ်အရ -

စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန (၆) ဒွါရသည် သဠာယတန မည်၏။

ထို (၆) ဒွါရတွင် မနာယတနမှာ ဘဝင်နှင့်တကွ လောကီဝိပါတ် (၃၂) ပါးကိုယူ။ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ် ဟု (၆) ပါးပြု။

http://www.dhammadownload.com



တစ်နည်းကား - ပသာဒရုပ် (၅) ပါး၊ ပဋိသန္ဓေဝိပါက်၊ ပဝတ္တိဝိပါက်စိတ်၊ ဤတရားတို့သည် သဠာယတန မည်ကုန်၏။

နာမ်ရုပ်ကြောင့် သဠာယတန ဖြစ်သည်ဆိုရာဝယ် -

နာမ်ရုပ်အဖြစ် လောကီဝိပါက် (၃၂) ပါး၌ ယှဉ်သော စေတသိက် (၃၅) ပါး (စေတသိက် နာမ်ခန္ဓာသုံးပါး) နှင့် ကမ္မဇရုပ် (၁၈) ပါး ကို ယူရ၏။

သဠာယတနအဖြစ် စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ မနာယတန ဟူသော အဇ္ဈတ္တိကာယတန (၆) ပါးကို ယူရ၏။ မနာယတနတွင် လောကီဝိပါက် (၃၂) ပါးကိုသာ ကောက်ယူရ၏။

ဝိညာဏ်ကြောင့် စေတသိက်နာမ် ဖြစ်ပြီး စေတသိက်နာမ်ကြောင့် မနာယတန ဟူသော ဝိညာဏ်ဖြစ်ရကား စိတ်နှင့် စေတသိက်တို့ အညမညသတ္တိဖြင့် ကျေးဇူးပြုကြခြင်းပင် ဖြစ်၏။

## နာမ်ရုပ်ကြောင့် သဠာယတနဖြစ်ပုံ- အကျဉ်းအဓိပ္ပာယ်

(မူလပဋ္ဌာန်းဆရာတော်ကြီး ဦးနာရဒ)

ဝိပါက်၌ယှဉ်သော စေတသိက် (၃၅) ပါးဟု ဆိုအပ်သော နာမ်၊ ကမ္မဇ မဟာဘုတ် (၄) ပါး၊ ပသာဒ ရုပ် (၅) ပါး၊ ဟဒယ၊ ဇီဝိတ၊ သြဇာ ဟူသော ရုပ် (၁၂) ပါးကြောင့် ပဉ္စဝေါကာရဘုံ၌ စက္ခာယတနစသော အာယတန (၆) ပါး။ အရူပဘုံ၌ ခြောက်ခုမြောက် မနာယတန (၁) ပါး ဖြစ်၏။

## နာမ်ရုပ်ကြောင့် သဠာယတနဖြစ်ပုံ မကျဉ်းမကျယ်အဓိပ္ပာယ်

(ဆရာကြီး ဦးကျော်ထွတ်)

"ဝိညာဏ ပစ္စယာ နာမရူပံ" အရ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်သည်ဆိုရာမှာ နာမ်က ပဋိသန္ဓေဝိညာဏ်နှင့် အတူ ဖြစ်သည့် ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဆိုသည့် နာမ်ခန္ဓာ (၃) ပါး၊ ရုပ်ကတော့ ကမ္မဇရုပ်ဆိုသည့် ကမ္မဇကလာပ်(၃) စည်း၊ ရုပ်ပေါင်း (၃၀)။ ၎င်းတို့သည် ဝိညာဏ်ကြောင့် ပထမဆုံးဖြစ်သည့် နာမ်ရုပ်များပင်တည်း။

ပထမဆုံးဖြစ်ကြသည့် ထိုပဋိသန္ဓေအခါ နာမ်ရုပ်သည် ဝိညာဏ်ကြောင့်လည်း နာမ်ရုပ်ဖြစ်သလို နာမ်ရုပ်ကြောင့်လည်း ဝိညာဏ်ဖြစ်၏။ အကြောင်းမှာ

http://www.dhammadownload.com



ပဠာန်းဒေသနာတော်အရ ပဋိသန္ဓေအခါ ဝိညာဏ်နှင့်နာမ်ရုပ်တို့သည် အတူတကွ ဖြစ်ခြင်း သဟဇာတပစ္စည်း။ အပြန်အလှန် ကျေးဇူးပြုခြင်း၊ အညမညပစ္စည်း။ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ၊ နိဿယပစ္စည်းဆိုသော ပစ္စည်းပြိုင်များ ရရှိခြင်းကြောင့် သာတည်း။

'နာမရူပ၊ ပစ္စယာ သဠာယတနံ' အရ သဠာယတန ဆိုသည်မှာ အာယတန (၆) ပါးပင် ဖြစ်၏။ မျက်စိ, နား, နှာခေါင်း, လျှာဆိုသည့် ပသာဒတွေ စုံလာသည့်အခါမှာ မျက်စိမှာ မြင်နိုင်သည့် စက္ခုပသာဒ ပေါ်လာ၏။ နားမှာ ကြားနိုင်သည့် သောတပသာဒ၊ နှာခေါင်းမှာ နံနိုင်သည့် ဃာနပသာဒ၊ လျှာမှာ အရသာသိနိုင်မည့် ဇိဝှါပသာဒ ပေါ်လာ၏။ ထိုသို့ ပသာဒများဖြစ်ပေါ်လာခြင်းသည် နာမရူပပစ္စယာ သဠာယတနံ၊ နာမ်ရုပ်ကြောင့် သဠာယတန အကြည်ရုပ်များပေါ်လာခြင်း သဘော ဖြစ်၏။

ယင်းပသာဒရုပ်များသည် ကံကြောင့် ဖြစ်သည့် ကမ္မဇရုပ်များသာ ဖြစ်သော်လည်း ပဋိသန္ဓေစတည်ခါစက "ဝိညာဏပစ္စယာနာမရူပံ" ဝိညာဏ်ကြောင့် ဖြစ်သည့် နာမ်ရုပ်ဆိုသော ကမ္မဇကလာပ် (၃) စည်း၊ ရုပ်ပေါင်း (၃၀) ထဲတွင် မပါသေးပါ။

ပဋိသန္ဓေနာမ်ရုပ်ဖြစ်သည့် အချိန်တွင် ထို မျက်စိ, နား, နှာခေါင်း, လျှာ ဆိုတဲ့ ပသာဒ (၄) ခုက မရှိသေးဘဲ ပဝတ္တိအခါမှသာ ကံကြောင့် တစ်ပြိုင်နက် ဖြစ်ကြကုန်၏ဟု လယ်တီဆရာတော်ဘုရားကြီး အဆုံးအဖြတ် ရှိသည်နှင့်အညီ နာမ်ရုပ်ရှိလာလျှင် ပသာဒရုပ်တွေ ဖြစ်ရမှာသည်လည်း မုချအမှန်ပင်။

"ဝိညာဏပစ္စယာ နာမရူပံ" ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ရာမှာ သဟဇာတ အတူတကွ တစ်ပြိုင်နက်တည်း ဖြစ်ကြသော်လည်း "နာမရူပပစ္စယာ သဠာယတနံ" နာမ်ရုပ်ကြောင့် သဠာယတနဆိုသည့် မျက်စိ, နား, နှာခေါင်း, လျှာအကြည်တွေဖြစ်ရာမှာတော့ နာမ်ရုပ်နှင့် သဠာယတန အကြည်ရုပ်တို့ တစ်ပြိုင်နက် (ဝါ) မရှေးမနှောင်း ဖြစ်ကြတာ မဟုတ်ပါ။

ပဋိသန္ဓေဝိညာဏ်တည်ပြီး (၁၁) သတ္တာဟ၊ ရက်ပေါင်း (၇၇) ရက် အကြာမှာသာ အာယတန ပသာဒရုပ်တွေ ပေါက်ဖွားလာခြင်း ဖြစ်၏။

ဝိညာဏ်ကြောင့် ကမ္မဇရုပ်တွေ ပေါ်ပေါက်ပုံက- "ပဋိသန္ဓေဥပါဒ်ခဏ" ၌ ဝိညာဏ်နှင့် ကမ္မဇရုပ်တို့ တစ်ပြိုင်နက် စပြီး ဖြစ်၏။

http://www.dhammadownload.com



**"ပဋိသန္ဓေဋ္ဌီခဏမှာ"** ဥတုဇရုပ်စ၍ ဖြစ်၏။ ထိုသို့ ဖြစ်ရပုံက ကမ္မဇရုပ်သည် သူချည်းကြာကြာမတည်နိုင်ပါ။ ဥတု၏ ပေါင်းနွေးမှု ဓာတ်သဘာဝကို ရနေမှ ပဋိသန္ဓေက တည်မြဲနိုင်သည့် သဘောပါ။

ပဋိသန္ဓေဥပါဒ်ခဏက စပြီးဖြစ်သည့် ကမ္မဇရုပ်ကလည်း သေသည့်အချိန်အထိ စိတ္တက္ခဏတိုင်း, ခဏတိုင်းမှာ မြစ်ရေအယဉ်များသကဲ့သို့ ဆီမီးလျှံတို့ကဲ့သို့ အစဉ်မပြတ် ဖြစ်နေကြ၏။ ဥတုဇရုပ်တို့ကလည်း ပဋိသန္ဓေဝိညာဏ်၏ ဋ္ဌီခဏကစပြီး အသက်ရှိသမျှ ကာလပတ်လုံး ခဏတိုင်း, ခဏတိုင်း ဆက်ကာဆက်ကာ ဖြစ်နေကြ ခြင်းကြောင့် ပဋိသန္ဓေဋ္ဌီခဏမှ စ၍ ရုပ်တိုးပွားလာသည့် သဘောကို သိရာ၏။

တစ်နည်းဆိုလျှင် မိခင်စားမြိုသည့် အာဟာရပြန့်နှံ့စိမ့်ဝင်သည်မှစ၍ အာဟာရဇရုပ်များလည်း စတင်ဖြစ်ပွားပေရာ၊ ကမ္မဇရုပ်, ဥတုဇရုပ်, စိတ္တဇရုပ်, အာဟာရဇရုပ်၊ ထိုရုပ်(၄)မျိုးတို့၏ အချင်းချင်းထောက်ပံ့မှုကို ရသည့်အတွက် ပဋိသန္ဓေနာမ်ရုပ်သည် တဖြည်းဖြည်း (၇၇) ရက်အတွင်းမှာ ကြီးထွားလာပြီး အာယတနဆိုသည့် စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ တို့ ပေါက်ဖွားလာရခြင်း ဖြစ်သည်ဟု သိရာ၏။

ပဋိသန္ဓေအခိုက်ဖြစ်သော - ပဋိသန္ဓေစိတ်နှင့် ကမ္မဇရုပ်တို့သည် -

- "အာဟာရ အထောက်အပံ့" မရက မကြီးထွားနိုင်ဘဲ ပျက်စီးရာ၏။
- "စိတ်၏အထောက်အပံ့" မရလျှင်လည်း မကြီးပွားနိုင်ပါ။
- "အပူအအေးဆိုသည့် ဥတုအထောက်အပံ့" မရလျှင်လည်း

ပဋိသန္ဓေအခါကပင် ပျက်စီးသွားရာ၏ ဟူ၍သိရာ၏။

## နာမ်ရုပ်ကြောင့် သဠာယတန ဖြစ်ပုံ အပြည့်အစုံ

**(မဟာစည်ဆရာတော်ဘုရားကြီး)**

အမှန်မသိ၊ အလွဲသိနေ၍ ယခုလောလောဆယ် ကောင်းစားချမ်းသာအောင် နောက်နောင်ဘဝတွေမှာ ကောင်းစားချမ်းသာရအောင်ဆိုသည့် ရည်ရွယ်ချက်ဖြင့် စိတ်နှင့်လည်း ကြံစည်၊ နှုတ်နှင့်လည်းပြောဆို၊ ကိုယ်နှင့်လည်း ပြုလုပ်ကြခြင်းသည် အဝိဇ္ဇာ ပစ္စယာသင်္ခါရာ၊ အဝိဇ္ဇာကြောင့် ဖြစ်သည့် အားထုတ်မှုသင်္ခါရတွေပါပဲ။

http://www.dhammadownload.com



"သင်္ခါရပစ္စယာ ဝိညာဏံ" ထိုကုသိုလ်၊ အကုသိုလ်ကံ သင်္ခါရကြောင့် ပဋိသန္ဓေ၊ ဘဝင်၊ စုတိဟူသော ဘဝသစ်ဝိညာဏ်ဖြစ်ပြီး၊ အတိတ်ကံသင်္ခါရ၏ အဟုန်ကြောင့် ပဋိသန္ဓေခဏက စပြီး ထိုပဋိသန္ဓေ စိတ်ကလေးတစ်မျိုးတည်း ထပ်ကာ၊ ထပ်ကာ မပြတ်ဖြစ်နေခြင်းကို ဘဝင်စိတ်ဟု ခေါ်၏။

ထိုဘဝင်စိတ်သည် ရှေးဘဝက စွဲမှီခဲ့သည့် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ဆိုသည့် အာရုံ (၃) ပါးထဲက တစ်ခုခုကို အာရုံပြုပြီး ဖြစ်နေစဉ် မြင်စရာ အဆင်းက မျက်စိထဲမှာ ကျရောက်လာလျှင် မြင်သည့်စိတ်အစဉ်ဖြစ်၏။ ကြားစရာ အသံက နားထဲမှာကျလာ လျှင် ကြားသည့် စိတ်အစဉ်ဖြစ်၏။ နံစရာအနံ့၊ စားသိစရာ အရသာ၊ တွေ့ထိစရာ ဖောဋ္ဌဗ္ဗာရုံက ကိုယ်ထဲမှာကျလာလျှင် ထိသိသည့် စိတ်အစဉ် ဖြစ်၏။ စိတ်ကူးကြံစည် စရာ အာရုံတစ်ခုခုက စိတ်နှလုံးမှာ ထင်လာလျှင် စိတ်ကူး ကြံသိသည့် စိတ်အစဉ်ဖြစ်၏။ ထိုစိတ်အစဉ် (၆ ) မျိုးကို ဝီထိ (၆) မျိုးဟု ခေါ်၏။

သင်္ခါကြောင့် ဘဝသစ်ဝိညာဏ် ဖြစ်ရာ၌ ထိုဘဝသစ်ဝိညာဏ်သည် ပဋိသန္ဓေ ခဏက စပြီး နောက်ဆုံးသေသည်အထိ စုတိခဏတိုင်အောင် တစ်စိတ်ပြီး တစ်စိတ်၊ ဆက်ကာဆက်ကာ မပြတ်ဖြစ်ပွားခြင်းသည် ကုသိုလ်ကံ၊ အကုသိုလ် ကံဆိုသည့် သင်္ခါရက အကျိုးပေးခြင်းသာ ဖြစ်၏။

ထိုသို့ စိတ်ဝိညာဏ်တွေ မပြတ်ဖြစ်နေရာမှာ ကောင်းတာကို မြင်လျှင် ပုညာဘိသင်္ခါရကြောင့် ဖြစ်လို့၊ ကုသလဝိပါက် စက္ခုဝိညာဏ်၊ ကုသိုလ်၏အကျိုးဖြစ်သည့် မြင်သိမှုဟုဆိုရ၏။ မကောင်းတာကို မြင်လျှင်လည်း အပုညာဘိသင်္ခါရကြောင့် ဖြစ် သည့် စိတ်ဝိညာဏ်ဖြစ်လို့ အကုသလဝိပါက် စက္ခုဝိညာဏ်၊ အကုသိုလ်၏ အကျိုး ဖြစ်သည့် မြင်သိမှုဟုဆိုရ၏။

(ကြားမှု၊ နံမှု၊ အရသာသိမှု၊ တွေ့ထိမှု စသည်တို့၌လည်း ဤနည်းတူသိပါလေ)

ရှေးဘဝက ပြုလုပ်အားထုတ်ခဲ့သည့် ကုသိုလ်၊ အကုသိုလ်သင်္ခါရက အကြောင်း၊ ယခုဘဝမှာ ကောင်း၊ မကောင်း အာရုံတွေကို တွေ့သိခံစားနေရတာက အကျိုးဝိပါက် ဝိညာဏ်၊ ထိုသို့ အကြောင်းနှင့် အကျိုးမျှသာ ရှိ၏။ ပြုတတ်သည့် ပုဂ္ဂိုလ်၊ သတ္တဝါရယ်လို့လည်းမရှိ၊ ခံစားတတ်သည့် ပုဂ္ဂိုလ်သတ္တဝါရယ်လို့ လည်း မရှိ၊ အကြောင်းနှင့် အကျိုးအဆက်ဆက်မျှသာ ရှိသည်ဟု မှတ်သားကြရ ပေမည်။

http://www.dhammadownload.com



ထို့ကြောင့် ယခုဘဝမှာ အာရုံအကောင်းအဆိုးတွေကို မြင်ရ၊ ကြားရ၊ တွေ့ရ၊ ကြံသိရတာတွေဟူသမျှသည် ရှေးဘဝက ပြုလုပ်အားထုတ်ခဲ့သည့် ကုသိုလ်ကံ၊ အကုသိုလ်ကံ သင်္ခါရကြောင့် ဖြစ်နေကြသည့် အကျိုးဝိပါက် စိတ်ဝိညာဏ်မျှဘဲဆိုတာ ထင်ရှားနေပေပြီ။ စိတ်ဝိညာဏ်တွေ မပြတ်ဖြစ်နေတော့ "ဝိညာဏ ပစ္စယာ နာမရူပံ" အရ နာမ်နှင့်ရုပ်လည်း စိတ်ဝိညာဏ်နှင့်အတူ ပူးတွဲပါဝင်ပြီး မပြတ်ဖြစ်နေလေရာ၊ ဖြစ်ပုံမှာ -

ပဋိသန္ဓေခဏကတည်းကစ၍ ဝေဒနာ, သညာ, ဖဿ အစရှိသော စိတ်၏ တွဲဖက်နာမ်တရားတွေသည် စိတ်တိုင်း, စိတ်တိုင်းနှင့် တစ်ပါတည်း ပူးတွဲပြီး ဖြစ်နေကြလေရာ 'မြင်တယ်' ဆိုလျှင် ထိုမြင်ရသည့် အာရုံကို ကောင်း, မကောင်း အနေဖြင့် ခံစားမှုဝေဒနာလည်း ပါဝင်နေ၏။ မှတ်သားမှုသညာလည်း ပါဝင်နေ၏။ အာရုံကို တွေ့မှုဖဿလည်း ပါဝင်နေ၏။ နှလုံးသွင်းမှု မနသိကာရ၊ ကြောင့်ကြစိုက်မှု စေတနာ စသည့် နာမ်တရားတွေသည်လည်း မြင်သိစိတ်ဖြစ်တိုင်း တစ်ပါတည်း အတူပူးတွဲပါဝင်နေကြ၏။ ကြံသိစိတ်ဖြစ်ခိုက်မှာတော့ "ဝိတက်"၊ "ဝိစာရ"၊ "ပီတိ" အစရှိသည့် စေတသိက် နာမ်တရားတွေလည်း ထိုက်သည့် အားလျော်စွာ ပါဝင်ကြသည်သာတည်း။

ရုပ်တရားကလည်း ပဋိသန္ဓေခဏကစပြီး စိတ်၏ ဥပါဒ်၊ ဌီ၊ ဘင် ခဏတိုင်း ခဏတိုင်းမှာ ထိုက်သည့်အားလျော်စွာ ပါဝင်ပြီး ဖြစ်လာလေရာ ဖြစ်ပုံမှာ -

ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏကစပြီး ကမ္မဇရုပ်များသည် စိတ်တိုင်း၊ စိတ်တိုင်း၏ ဥပါဒ်၊ ဌီ၊ ဘင် ခဏတိုင်း၊ ခဏတိုင်းမှာအသစ်အသစ် ထပ်ပြီး ဖြစ်လာ၏။

ပဋိသန္ဓေစိတ်၏ ဌီခဏကစပြီး၊ ဖြစ်ပြီးရုပ်ထဲမှ ဥတုဆိုသည့် တေဇောဓာတ်က စိတ်၏ဥပါဒ်၊ ဌီ၊ ဘင် ခဏတိုင်း၊ ခဏတိုင်းမှာ ဥတုဇရုပ်ကို ဖြစ်ပွားစေပြန်၏။

ပဋိသန္ဓေစိတ်၏ အခြားမဲ့ ပဌမဘဝင်စိတ်၏ ဥပါဒ်ခဏကစပြီး စိတ်၏ ဥပါဒ်ခဏတိုင်းတွင် စိတ္တဇရုပ်ဖြစ်၏။

မိခင်စားမြိုသည့် အာဟာရဓာတ်ပျံ့နှံ့ စိမ့်ဝင်သည်မှစ၍ အာဟာရဇရုပ်ဖြစ်၏။ ဤသို့အားဖြင့် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏက စပြီး စိတ်ဝိညာဏ်နှင့်တကွ ဝေဒနာအစရှိသော စေတသိက်နာမ်တွေ၊ ကမ္မဇ၊ ဥတုဇ၊ စိတ္တဇ၊ အာဟာရဇ ရုပ်တွေသည် စိတ်ဝိညာဏ်၏ အထောက်အပံ့ကြောင့် ထိုက်သည့် အားလျော်စွာ ဖြစ်ပွားလာခဲ့ကြရာ -

http://www.dhammadownload.com



ရက်သတ္တပတ် (၇) ရက်အကြာတွင် **ကလလရေကြည်မှ အမြှုပ်ဖြစ်၏။** နောက် (၇) ရက်အကြာတွင် **အသားနှစ်ခဲ၊** နောက် (၇) ရက်အကြာတွင် **အသားတုံး** ကလေးဖြစ်လာ၍ တစ်ဖန်(၇) ရက်ကြာလို့ ရက်သတ္တပတ် (၅) ပတ်အတွင်း ရောက်သောအခါ ခြေနှစ်ဖက်၊ လက်နှစ်ဖက်၊ ဦးခေါင်းအတွက် အဖုကြီးငါးခုဖြစ်သော ခက်မငါးဖြာ ပေါ်ထွက်လာ၏။ (၁၁) ပတ်။ (၇၇) ရက်မြောက်အကြာတွင်မူကား၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ ဟူ၍ **ပသာဒရုပ် (၄-ခု)** သည် ကံကြောင့် ဖြစ်ပေါ်လာရလေတော့၏။

ဤနေရာတွင် **ဝိညာဏ်ကြောင့်သာ နာမ်ရုပ်ဖြစ်သည်မဟုတ်၊ နာမ်ရုပ်ကြောင့်လည်း စိတ်ဝိညာဏ်ဖြစ်သည်။** ဝိညာဏ်နှင့်နာမ်ရုပ်သည် အပြန်အလှန်အကြောင်းအကျိုး ဖြစ်သည်။ စိတ်ဝိညာဏ်ဖြစ်ဖို့ရာ နာမ်နှင့်ရုပ်က "သဟဇာတ"၊ "နိဿယ" အစရှိသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ ထိုသို့ **"စေတသိက်နာမ်တရားတွေ" က တစ်ပေါင်းတည်းဖြစ်ပြီး ကျေးဇူးပြုမှု၊ "ရုပ်" ကလည်း မှီရာစသည် ဖြစ်ပြီး ကျေးဇူးပြုမှ "စိတ်ဝိညာဏ်"** ဖြစ်ပေါ်နိုင်သည်ကို သတိပြုရာ၏။ ထိုသို့ဝိညာဏ်နှင့် နာမ်ရုပ် အပြန်အလှန် အကြောင်းအကျိုး ဖြစ်နေသော်လည်း စိတ်ဝိညာဏ်က ပြဋ္ဌာန်းသည့်အတွက် သူ့ကိုပဲ ခေါင်းတပ်ပြီး "ဝိညာဏ ပစ္စယာ နာမရူပံ" "နာမရူပ ပစ္စယာ သဠာယတနံ" စသည်ဖြင့် ဟောထား၏။

**အမှန်စင်စစ်ကား** သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သည် ဆိုကတည်းကပင် ဝိညာဏ်နှင့်တွဲဖက် စေတသိက်နာမ်တရားတွေ ထိုကံသင်္ခါရ၏အကျိုးဖြစ်သည့် ရုပ်တရားတွေ တစ်ပါတည်း အတူတကွ ဖြစ်ကြသောကြောင့် **ဝိညာဏ်နှင့်နာမ်ရုပ်သည် ပဋိသန္ဓေ ခဏကစပြီး တစ်ပြိုင်နက် ဖြစ်ခဲ့ကြ၏။**

ထို ဝိညာဏ်နှင့် နာမ်ရုပ်ထဲမှာ သဠာယတနဆိုသည့် အာယတန (၆) ပါးကလည်း ထိုက်သည့်အားလျော်စွာ ပါကြသလို ဖဿနှင့် ဝေဒနာကလည်း ပါသည့်အတွက်ကြောင့် ကံသင်္ခါရကြောင့်ဝိပါက်ဝိညာဏ်ဖြစ်တိုင်း ထိုဝိညာဏ်နှင့်တကွ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဆိုသည့် အကျိုးတရားတွေ အကုန်လုံး တစ်ပြိုင်နက်ဖြစ်ကြတာချည်းပါပင်။

သို့ရာတွင် အကျိုးတရားငါးပါးထဲမှာ ဝိညာဏ်က နာမ်ရုပ်၏ ပဓာန အကြောင်း၊ နာမ်ရုပ်ကလည်း အာယတန၏ပဓာနအကြောင်း၊ အာယတနကလည်း ဖဿ၏ ပဓာနအကြောင်း၊ ဖဿကလည်း ဝေဒနာ၏ပဓာနအကြောင်း ဖြစ်နေ၏။

http://www.dhammadownload.com



ထိုကြောင့် ပြဋ္ဌာန်းသည့်အကြောင်းနှင့် အကျိုးတွေကို ခွဲခြားပြီး သိစေရန် အလို့ငှာ "ဝိညာဏ ပစ္စယာ နာမရူပံ" "နာမရူပ ပစ္စယာ သဠာယတနံ" စသည်ဖြင့် အသီးသီး ဟောထားခဲ့ခြင်းဖြစ်သည်ကို သိထားရာ၏။

"နာမရူပ ပစ္စယာ သဠာယတနံ" နာမ်ရုပ်ကြောင့် သဠာယတန ဖြစ်သည် ဆိုရာ၌ နာမ်အရ စေတသိက်ခန္ဓာသုံးပါး၊ ရုပ်အရ ဘူတရုပ် (၄) ပါး၊ ဝတ္ထုရုပ် (၆)ပါး၊ ဇီဝိတရုပ်၊ အာဟာရရုပ်တို့ပင် ဖြစ်၏။ အကျိုးပစ္စယုပ္ပန်ကတော့ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန ဆိုသည့် အာယတန (၆) ပါးပင်။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုသည့် ထိုခြောက်ပါးသည် ဝီထိစိတ်ဖြစ်ကြောင်း ဒွါရများပင် ဖြစ်ကြ၏။

လူ့ဘဝကဲ့သို့ ရုပ်နာမ်နှစ်ပါးစလုံးရှိသည့် ဘဝတွင် ပဋိသန္ဓေမှစပြီး ဝိပါက်စိတ် ဖြစ်တိုင်း၊ ဖြစ်တိုင်း ထိုဝိပါက်စိတ်သည် တွဲဖက် စေတသိက်နာမ်ကြောင့် ဖြစ်ရ၏။ ဝိပါက်စိတ်ဆိုသည်မှာ အကောင်းအဆိုး အာရုံတွေကို မြင်ရ၊ ကြားရ၊ တွေ့ရ၊ သိရသည့်အခါမှာ မြင်ရုံမျှ၊ ကြားရုံမျှ၊ တွေ့ရုံမျှ၊ သိရုံမျှ စိတ်မျိုးတွေ ဖြစ်ရာ မြင်သည့်စိတ်သည် သူ့သက်သက်နှင့် မဖြစ်နိုင်ပါ။

အဆင်းအာရုံကို နှလုံးသွင်းသည့် မနသိကာရလည်း ရှိမှ၊ မြင်အောင် ကြောင့်ကြပြုသည့် စေတနာလည်းရှိမှ၊ ထိုတွဲဖက်စေတသိက် နာမ်တရားတွေ ကလည်း တစ်ပြိုင်နက် တစ်ပေါင်းတည်း ဖြစ်ပါမှ ထိုမြင်သည့်စိတ်သည် ဖြစ်နိုင်၏။ ဤသည်ကို ပင် အတူတကွဖြစ်ပြီး ကျေးဇူးပြုသည့် သဟဇာတပစ္စည်းခေါ်၏။

ဤနေရာတွင် စိတ်ဝိညာဏ်သည် အကြီးအကဲဖြစ်သည် မှန်သော်လည်း သူ့ချည်းသက်သက်နဲ့ မဖြစ်နိုင်၊ တွဲဖက်စေတသိက်နာမ်တရားတွေပါ တစ်ပြိုင်နက် ညီတူဖြစ်ပါမှ စိတ်ဝိညာဏ်လည်း ရောပြီး ဖြစ်နိုင်၏။ ထို့ကြောင့်လည်း တွဲဖက်စေတ သိက်နာမ်တရားတွေက စိတ်ဝိညာဏ်ကို တစ်ပြိုင်နက်ဖြစ်သည့် သဟဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဟောကြားထားခြင်းဖြစ်၏။

ထို့ပြင် ထိုစိတ်ဝိညာဏ်၏တွဲဖက် စေတသိက်နာမ်တရားတွေက ပဋိသန္ဓေ ခဏမှာ ရှိသည့် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ ဆိုသော အာယတနငါးပါး၊ ရုပ်တရားတွေကိုလည်း သဟဇာတအစရှိသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြု ပေ၏။ ဂဗ္ဘသေယျက ပဋိသန္ဓေခဏမှာဆိုလျှင် အာယတန ငါးပါးထဲက ကာယ တစ်ခုပဲ ရှိသော်လည်း သံသေဒဇ၊ ဥပပါတ် ပဋိသန္ဓေတို့တွင်မူကား အာယတန ငါးပါးလုံးလည်း ရှိနိုင်၏။

http://www.dhammadownload.com



ပဋိသန္ဓေမှ နောက် **ပဝတ္တိကာလမှာကား** စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယဆိုသည့် **ရုပ်အာယတန ငါးပါးကို** ဝိပါက်နာမ်သာမက၊ **ဝိပါက်မဟုတ်** သည့် နာမ်ကပါ တည်မြဲအောင် ထောက်ပံ့ကြခြင်းဖြင့် **"နာမ်မရှိဘဲ ရုပ်ချည်း သက်သက် မတည်တံ့နိုင်"** သည်ကို သဘောပေါက်ရာ၏။ ဤသည်ကား နာမ် ကြောင့် သဠာယတနခေါ် အာယတနခြောက်ပါး ဖြစ်ပေါ်ပုံတည်း။

"ရုပ်ကြောင့် အာယတန ဖြစ်ပုံ" မှာကား- ပဋိသန္ဓေကာလမှာ ဟဒယဝတ္ထု ခေါ် နှလုံးသွေးထဲက ရုပ်ကို မှီပြီး ပဋိသန္ဓေစိတ်ဖြစ်ရာတွင် မှီရာရုပ်ကြောင့် မနာ ယတန ဖြစ်သည် ဆိုရ၏။ **မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်** ဆိုသည့် မှီရာရုပ် ကြောင့် **မြင်စိတ်၊ ကြားစိတ်၊** နံစိတ်၊ အရသာသိစိတ်၊ ထိသိစိတ်ဆိုသော မနာ ယတန ဖြစ်၏။ နှလုံးသွေး မှီရာရုပ်ကြောင့် ကြံသိစိတ်ဆိုသော မနာယတန ဖြစ်၏။ ဤသည်တို့ကား ရုပ်ကြောင့် မနာယတန ဖြစ်ပုံတည်း။

ကိုယ်ထဲမှာရှိသော မျက်စိ၊ အဆင်းအစရှိသည့် ဥပါဒါရုပ်ဟူသမျှသည် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဆိုသည့် ဘူတရုပ်လေးပါးကို မှီပြီး ဖြစ်ရသော ကြောင့် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် ဆိုသည့် **ပသာဒ ရုပ်အာယတန ငါးပါးသည် ဘူတရုပ်ကြောင့်** ဖြစ်သည်ဟု ဆိုရ၏။

မျက်စိ၊ နားအစရှိသော ကံကြောင့်ဖြစ်သော ကမ္မဇရုပ်တွေသည် ဇီဝိတရုပ် ကိုမှီပြီး မပြတ်ဖြစ်နေကြရတာကြောင့်လည်း **ဇီဝိတခေါ် အသက်ရုပ်ကြောင့်** မျက်စိအစရှိသော **ရုပ်အာယတန ငါးပါး** ဖြစ်ရသည် ဆိုရ၏။

ထို့ပြင် **အာဟာရဆိုသည့် ရုပ်ကြောင့်**လည်း **ထိုရုပ်အာယတန ငါးပါး တည်မြဲနေသည်**ဟု ဆိုရ၏။ ဤသည်တို့ကား ရုပ်ကြောင့် သဠာယတနခေါ် အာယ တနခြောက်ပါး ဖြစ်ပုံတည်း။

အလွယ်ဆုံးနည်းနဲ့ နားလည်အောင် ပြောရလျှင်တော့၊ **စိတ်သည် သူတစ်ခု တည်း သက်သက်နဲ့ မဖြစ်နိုင်ပါ။** အာရုံကို နှလုံးသွင်းမှု **(မနသိကာရ)**၊ အာရုံကို ထင်ရှားတွေ့မှု **(ဖဿ)**၊ အာရုံကို သိအောင်ကြောင့်ကြစိုက်မှု **(စေတနာ)** စသည်တို့ လည်း ရှိရမည်။ **အောက်ထစ်ဆုံး ထိုသုံးပါးထင်ရှားရှိမှ စိတ်ဖြစ်နိုင်သည်၊** ထို့ကြောင့် စိတ်ဖြစ်တိုင်း၊ **စိတ်ဖြစ်တိုင်း "မနသိကာရ"၊ "ဖဿ"၊ "စေတနာ"** အစရှိသော **နာမ်တရားတွေကြောင့် ဖြစ်သည်ဟု သိရမည်။**

http://www.dhammadownload.com



တစ်ခါတစ်ရံ လောဘကြောင့် လိုချင် မက်မောတဲ့စိတ်တွေ သာယာတပ်မက်တဲ့စိတ်တွေ ထပ်ကာထပ်ကာ ဖြစ်နေတတ်၏။ ဒေါသကြောင့် စိတ်ဆိုးသည့် စိတ်တွေ၊ မောဟကြောင့် မဟုတ်တာတွေကို အဟုတ်ထင်သည့်စိတ်တွေ၊ မာနကြောင့် ထောင်လွှားသည့်စိတ်တွေ၊ မခံချင်သည့်စိတ်တွေ ထပ်ကာထပ်ကာ ဖြစ်နေတတ်၏။ ဒိဋ္ဌိကြောင့် သတ္တဝါကောင်၊ ငါကောင် တကယ်ရှိသည် ထင်သည့်စိတ်တွေ၊ ဝိစိကိစ္ဆာကြောင့် ဘုရား၊ တရား၊ သံဃာ အကျင့်သိက္ခာနှင့်စပ်ပြီး ယုံမှားသံသယစိတ်တွေ အချို့လူတွေ၌ ထပ်ကာထပ်ကာ ဖြစ်နေတတ်၏။ ယင်းတို့ကား **အကုသိုလ် စေတသိက် နာမ်တရားတွေကြောင့် "မနာယတန" ခေါ်သည့် စိတ်တွေ ဖြစ်နေပုံပါ။**

တစ်ခါတစ်ရံ **သဒ္ဓါကြောင့်** ကြည်ညိုသည့်စိတ်တွေ၊ **သတိကြောင့်** ရတနာသုံးပါး၊ ကုသိုလ်ရေးတို့၌ အမှတ်ရသည့် စိတ်တွေ၊ **ဟိရီ၊ ဩတ္တပ္ပကြောင့်** မကောင်းမှုပြုရမည်ကို ရှက်သည့်စိတ်၊ **အလောဘကြောင့်** လိုချင်မက်မောခြင်းကင်း၍ လှူဒါန်းလိုစိတ်တွေ၊ **အဒေါသကြောင့်** သည်းခံလိုစိတ်တွေ၊ သူတစ်ပါးအား ချမ်းသာလိုသည့် စိတ်တွေ၊ **ကရုဏာကြောင့်** သနားကြင်နာသည့်စိတ်တွေ စသည်တို့ ထပ်တလဲလဲ ဖြစ်တတ်၏။ ယင်းတို့ကား **ကုသိုလ်စေတသိက် နာမ်တရားကြောင့် "မနာယတန" ခေါ်သည့် စိတ်တွေ ဖြစ်နေခြင်းပါ။**

ဤသည်တို့ကား **ကုသိုလ်၊ အကုသိုလ် စေတသိက်နာမ်တရားကြောင့် စိတ်ဝိညာဏ်ဆိုသည့် မနာယတန ဖြစ်ပုံတည်း။**

ထို့ပြင် မျက်စိ၊ နား၊ အစရှိသော မှီရာရုပ်ရှိမှ မြင်သိစိတ်၊ ကြားသိစိတ်အစရှိသော မနာယတန ဖြစ်နိုင်သည်ကို ထောက်ရှု၍ မှီရာရုပ်ကြောင့် မနာယတန ဖြစ်ပုံကို သိရာ၏။ ဤမျှဖြင့် သဠာယတနဆိုသည့် အာယတနခြောက်ပါးထဲက ခြောက်ခုမြောက်ဖြစ်သော **မနာယတနသည် နာမ်ရုပ်ကြောင့် ဖြစ်ကြောင်း မြင်သာပေပြီ။**

"ရုပ်အာယတနငါးပါးဖြစ်ပုံ" ကား - **သက်ရှိရုပ်တွေသည် နာမ်မရှိလျှင် မဖြစ်နိုင် မတည်နိုင်ပါ၊** မျက်စိအကြည်အစရှိသည့် စိတ်ဖြစ်ကြောင်း အင်္ဂါ - ရုပ်အာယတနငါးပါးသည် နာမ်တရားတွေရှိနေလို့သာ ဖြစ်နေရကား **နာမ်ကြောင့် ပသာဒရုပ် အာယတနငါးပါး ဖြစ်ပုံတည်း။**

"ရုပ်ကြောင့် ဖြစ်ပုံ" မှာကား - မျက်စိအကြည်အစရှိသော **အကြည်ရုပ်ငါးခုသည် မှီရာရုပ်ကြမ်းတွေ မရှိဘဲ မဖြစ်နိုင်၊ မှီရာရုပ်ကြမ်းတွေရှိမှပဲ ဖြစ်နိုင်၏။**

http://www.dhammadownload.com



မျက်စိအကြည်ရုပ်သည် ခက်မာကြမ်းတမ်းသည့် ပထဝီဆိုသည့် အမာခံရုပ်ကြမ်းလည်း ရှိမှ၊ အာပေါဆိုသည့် ဖွဲ့တွယ် စေးကပ်သည့် ရုပ်ကြမ်းလည်း ရှိမှ တေဇောဆိုသည့် အခိုးအငွေ့ ရုပ်ကြမ်းလည်း ရှိမှ၊ ဝါယောဆိုသည့် တောင့်ခံထားသည့် ရုပ်ကြမ်းလည်း ရှိမှ။ ထိုဘူတခေါ်သည့် ရုပ်ကြမ်းကြီး လေးခုကိုမှီပြီး ကြည်လင်ရ၏။

ဥပမာ- မျက်လုံးသားရုပ်ကြမ်းကြီးရှိလို့ ထိုမျက်လုံးသား ရုပ်ကြမ်းကြီးကို မှီပြီး မျက်စိအကြည်ရုပ်ဖြစ်ရ၏။ နား၊ နှာ၊ လျှာ၊ ကိုယ် အကြည်ရုပ်ဆိုတာတွေသည်လည်း ဤနည်းတူပင် နား၊ နှာခေါင်း၊ လျှာဆိုသည့် ရုပ်ကြမ်းတွေ၊ တစ်ကိုယ်လုံးက ရုပ်ကြမ်းတွေကို မှီပြီး ကြည်လင်ကြ၊ ဖြစ်ကြရ၏။

ထို့ပြင် ဇီဝိတ (ခေါ်) အသက်ရုပ်၊ အရှင်ရုပ်ကြောင့်လည်း ထပ်ကာ ထပ်ကာ မပြတ်ဖြစ်နေရ၏။

စားသောက်သည့် အာဟာရရုပ်ကြောင့်လည်း မပြတ်ဖြစ်ပြီး တည်နေနိုင်ကြခြင်းဖြစ်၏။

ဤသည်ကား ရုပ်ကြောင့် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် ဆိုသည့် အကြည်ရုပ် အာယတနငါးပါး ဖြစ်ပုံတည်း။

အချုပ်အားဖြင့် ဆိုသော် မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားသိတိုင်း၊ ထိသိတိုင်း ထင်ရှားပေါ်နေကြသည့် မျက်စိကြည်လင်မှု အစရှိသော ရုပ်အာယတနငါးပါးသည် -

- "သိမှုနာမ်တရားတွေ" ကလည်း ရှိနေလို့
- မျက်လုံးသားအစရှိသော "ရုပ်ကြမ်းတွေ" ကလည်း ရှိနေလို့
- "ဇီဝိတခေါ်အသက်ရုပ်" နှင့်
- စားသောက်သည့် "အစာအာဟာရရုပ်" ကလည်းရှိနေလို့

ဖြစ်နေကြခြင်းဖြစ်ရာ ဤသည်မှာ နာမ်ရုပ်ကြောင့် ရုပ်အာယတန ငါးပါး ဖြစ်နေပုံတည်း။

စိတ်ကူးစဉ်းစားကြံသိသည့် မနာယတန ဆိုသည့် စိတ်သည်
လောဘ အစရှိသော "အကုသိုလ်နာမ်တရား"
သဒ္ဓါအစရှိသော "ကုသိုလ်နာမ်တရား"
ဖဿအစရှိသော "တွဲဖက်နာမ်တရား" တွေကြောင့် ဖြစ်၏။

http://www.dhammadownload.com



"မှီရာဝတ္ထုရုပ်" ကြောင့်လည်း ဖြစ်၏။ ထိုကြွံသိသော စိတ်တွေသည် မူလ ပင်ရင်းပင်ဖြစ်သည့် ဘဝင်စိတ်မှထပြီး ဖြစ်ပေါ်လာကြရ လေကား ထိုဘဝင်စိတ် သည် မနောဒွါရဝီထိစိတ်တွေ ဖြစ်ပေါ်ဖို့ရာ အကြောင်းဖြစ်လို့ သူ့ကို "မနောဒွါရ" ဟု ခေါ် ရ၏။

ထို့ကြောင့် မနောဒွါရခေါ်သည့် ဘဝင်စိတ်ဖြစ်သော မနာယတနသည် လည်း တွဲဖက်နာမ်တရားတွေနှင့်မှီရာရုပ်တွေကြောင့် ဖြစ်ကြလေရကား ဤ သည်မှာ နာမ်ရုပ်ကြောင့် အာယတနခြောက်ပါးဖြစ်ပုံပါပဲ-

အမှန်စင်စစ်သော်ကား

မြင်သည့်အခါ -

- မျက်စိအကြည်က စက္ခာယတန။
- မြင်သိသည့်စိတ်က မနာယတန။
- ထိုနှစ်ခုထဲကမျက်စိအကြည်ရုပ်သည် အသိနာမ်မရှိသည့် သူသေ ကောင်, တုံး, တိုင် စသည်မှာ မဖြစ်ပါ။
- အသိနာမ်လည်းရှိ အသက်ရုပ်လည်းရှိသည့် အရှင်ရုပ်ခန္ဓာကိုယ်ထဲမှာ သာ ဖြစ်၏။
- ထို့ပြင် ထိုမျက်စိအကြည်ရုပ်သည် အစာအာဟာရ မရှိလျှင်လည်း မဖြစ်နိုင်။
- မှီရာတည်ရာမရှိသည့် ဟင်းလင်းပြင်မှာလည်း မဖြစ်နိုင်
- အစာ အာဟာရလည်းရှိသည့်ကိုယ်ထဲက မျက်လုံးသားရုပ်ကိုသာ မှီပြီး ဖြစ်၏။
- မြင်သိသည့် စိတ်ကလည်း မျက်စိရုပ်မရှိလျှင် မဖြစ်နိုင်ပါ။
- မှီရာမျက်စိရုပ်ရှိမှ ဖြစ်နိုင်၏။
- နှလုံးသွင်းမှု၊ ကြောင့်ကြစိုက်မှု၊ အဆင်းတွေ့မှု ဆိုသည့် နာမ်တရားတွေ မရှိလျှင်လည်း မဖြစ်နိုင်။ ထိုနာမ်တရားတွေရှိမှ ဖြစ်နိုင်၏။

ထို့ကြောင့် "မျက်စိအကြည်" ဆိုသည့် "စက္ခာယတန" သည်

- အသိနာမ်ကြောင့်လည်း ဖြစ်၏။
- မှီရာမျက်လုံးသားခေါ်သည့် ဘူတရုပ်၊ ဇီဝိတရုပ်၊ အာဟာရ ရုပ်များကြောင့်လည်း ဖြစ်၏။

http://www.dhammadownload.com



ထိုနာမ်ရုပ်နှစ်မျိုးကြောင့် ဖြစ်သည်ဟု ဆိုရ၏။

"မြင်သိမှု" ဆိုသည့် "မနာယတန" သည်လည်း -

နှလုံးသွင်းမှုအစရှိသော "တွဲဖက်နာမ်နှင့် မှီရာ မျက်စိရုပ်ကြောင့် ဖြစ်သည် ဆိုရ၏။

ကြားသည့်အခါ နားအကြည်က သောတာယတန၊ ကြားသိသည့်စိတ်က မနာယတန၊ ထိုနှစ်ခုထဲမှာ နားအကြည်ဆိုသည့် သောတာယတနသည် အသိနာမ်ကြောင့်လည်း ဖြစ်၏။ မှီရာနားရုပ်ကြမ်းနှင့် ဇီဝိတ၊ အာဟာရရုပ်များကြောင့်လည်း ဖြစ်၏။ ထိုနာမ်ရုပ်နှစ်မျိုးကြောင့် ဖြစ်၏။ ကြားသိသည့် စိတ် မနာယတနသည်လည်း တွဲဖက်နာမ်နှင့် မှီရာနားရုပ်ကြောင့်ဖြစ်၏။

ကွင်း နံ၊ စားကိစ္စများ၌လည်း ဤနည်းတူ သိပါလေ။ ကြံသိသည့်အခါ မူလရင်း ဘဝင်စိတ်ကလည်း မနာယတန၊ ကြံသိသည့်စိတ်ကလည်း မနာယတန။ ထိုနှစ်ခုထဲမှာ "ဘဝင်စိတ်" က တွဲဖက်နာမ်နှင့် မှီရာနှလုံးရုပ်ကြောင့် ဖြစ်၏။ "ကြံသိသည့်စိတ်" ကတော့ မနသိကာရစသော တွဲဖက်နာမ်တရားတွေကြောင့်လည်း ဖြစ်၏။ လောဘ၊ ဒေါသ စသော အကုသိုလ်နာမ်တရားတွေကြောင့်လည်း ဖြစ်၏။ သဒ္ဓါ၊ သတိ စသော ကုသိုလ် နာမ်တရားတွေကြောင့်လည်း ဖြစ်၏။ မှီရာနှလုံးရုပ်ကြောင့်လည်း ဖြစ်၏။ ထိုနာမ်ရုပ် နှစ်မျိုးကြောင့် ဖြစ်၏။

ထို့ကြောင့် "နာမရူပ ပစ္စယာ သဠာယတနံ" နာမ်နှင့် ရုပ်ဟူသော အကြောင်းကြောင့် ခြောက်ပါးသော အာယတနသည် ဖြစ်သည်ဟု ဟောတော်မူခြင်းဖြစ်၏။

## စတုတ္ထပျို့လင်္ကာ

## ၄။ နာမရူပ ပစ္စယာ သဠာယတနံ

၄။ ထင်ရှားစေ့စုံ၊ အပုံပုံလျှင်
တည်တုံနာမ်ရုပ်၊ ကိုယ်သမုတ်သား
အထုပ်အထည်၊ ကြီး, ငယ်ကာယ၊ ပေါ်ပြန်ကလည်း
ဒွါရတွင်မည်၊ ဖိတ်ဖိတ်လည်သည်
အကြည်ခြောက်မျိုး၊ ကိုယ်လုံးဖြိုးလျက်
အရိုးစီစဉ်
အမြင်-စက္ခု၊ ကြားမှု-သောတ

http://www.dhammadownload.com



ယာန-အနံ့၊ လျက်ရန်-ဇိဝှါ
ကာယ-တွေ့ထိ၊ အသိ-မနော
မရောမယှက်၊ တလက်လက်လျှင်
အမျက်စိန်ရည်၊ လဲ့လဲ့ကြည်သို့
ခြောက်မည်အာရုံ၊ အလုံးစုံလည်း
ပုံသဏ္ဍာန်ရိပ်၊ နိမိတ်အသွင်၊ အကုန်ထင်၍
ဤရှင်, ဤလူ၊ ဤမူ နေ, လ
ရူပသဏ္ဍာန်၊ အသံအမျိုး
အခိုးလှိုင်ပျံ့၊ ရနံ့ထိုထို၊
အချိုအချဉ်၊ ဤလျှင် အပူ၊ ဤမူ အအေး
အတွေးအသိ၊ ပြည့်စုံဘိ၍
ငါ၏ဤကိုယ်၊ ငါမင်းပိုျဟု
အဆို အထင်၊ အမြင်မှောက်မှား၊ စိတ်နေကြွားဘို့
တံခါးခြောက်သင်း၊ ကိုယ်လုံးလင်းသည်
ခြောက်သင်းဓာတ်မှန် စွမ်းရည်တည်း။ ။(အရဆောင်လေ)။

## စတုတ္ထပိုျလက်ာ အကျဉ်းအစီပွာယ် သိမြင်လွယ်

## နာမရူပ ပစ္စယာ သဠာယတနံ

**(လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ်)**

ဗြဟ္မဇာလသုတ္တန်ဒေသနာတော်မြတ်မှာ မြတ်စွာဘုရား ဟောကြားချက်အရ (၆၂) မျိုးသော မိစ္ဆာဒိဋ္ဌိ၊ တစ်နည်းအားဖြင့် သုတ္တန်ဒေသနာတော်လာ၊ မိစ္ဆာဒိဋ္ဌိ (၃) မျိုး၊ သက္ကာယဒိဋ္ဌိများ အားလုံးဟာ "ဖဿ (၆) မျိုးကို အခြေခံပြီးတော့ ဝေဒနာခံစားမှုဖြစ်၊ ဝေဒနာကြောင့် သာယာနှစ်သက်တပ်မက်မှု တဏှာဖြစ်၊ တဏှာကြောင့် စွဲလမ်းမှုဥပါဒါန်ဖြစ် အစရှိသည် ဖြစ်ကြပြီး" ဖဿ(၆) မျိုး ဘာကြောင့်ဖြစ်သလဲဆိုတော့ အာယတန (၆) မျိုးကြောင့်။ အာယတန (၆) မျိုးဘာကြောင့်ဖြစ်သလဲဆိုတော့ နာမ်ရုပ်ကြောင့် ဖြစ်ရသည်မှာ ထင်ရှားတယ်။

http://www.dhammadownload.com



ဘုန်းကြီးတို့တတွေ အားလုံးသည် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၍၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ခဲ့ကြပြီ၊ နာမ်ရုပ်ကြောင့် အာယတန အကြည် (၆) မျိုး၊ အကြည် (၆) မျိုးကြောင့် ဖဿတွေ့ထိမှုတွေသည်လည်း မျက်စိ၏ တွေ့ထိမှု စက္ခုသမ္ဖဿ အစရှိသဖြင့် ဒီလမ်းစဉ်အတိုင်း သွားလာခဲ့ကြတယ်။

ထိုသို့ သွားလာခဲ့တာကို ပဋိစ္စသမုပ္ပါဒ်နည်းအားဖြင့် အခြေခံပြီးတော့ ပြောမယ်ဆိုလျှင် နေ့စဉ်, **နေ့စဉ်အာယတန (၆) မျိုး၊ ဖဿ (၆) မျိုးတို့ဖြင့် ရှုပ်ထွေးနေတယ်**လို့ ပြောရပါမယ်။ အဲဒါကိုပဲ နာမ်ရုပ်။ နာမ်ရုပ်ကြောင့် အကြည် (၆) မျိုး၊ အကြည် (၆) မျိုးကြောင့် အတွေ့- ဖဿ (၆) မျိုး ဖြစ်ကြသည်ကို **ပညတ်နယ်ပယ်က** အဲဒါကိုပင် **"လူ"**လို့ခေါ်နေတာပါ၊ ဒီတော့ **လူသတ္တဝါကို မကြည့်ဘဲနဲ့၊ သတ္တဝါ၏ အတွင်းခတ်သားကို မြင်အောင်ကြည့်**ရမယ်။

အဲဒါကိုပင် မြတ်စွာဘုရားက-

"နာမရူပ ပစ္စယာ သဠာယတနံ"

နာမ်ရုပ်ရခဲ့ကြပြီ။ **အဲဒီနာမ်ရုပ်ကြောင့် အတွင်းအာယတန (၆) မျိုး** [အတွင်းအကြည် (၆) မျိုး] ဖြစ်ပေါ်သည်ဟု ဆိုပေတယ်။

**နာမ်ရုပ်ကြောင့် ရူပကာယ၊ နာမကာယ ဖြစ်ပေါ်လာရာတွင်** ရူပကာယဆိုတာက "စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ" မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်း အကြည်၊ လျှာအကြည်၊ ကိုယ်အကြည်ဟူ၍ **ရုပ်အကြည်ခတ်ငါးမျိုး။ နာမကာယ** ဆိုတာက **မနောဒွါရ၊ ထိုသို့ ရူပကာယ၊ နာမကာယတွေ ဖြစ်ပေါ်လာသည့်အခါမှာတော့ "ဒွါရတွင်မည် ဖိတ်ဖိတ်လည်သည့် အကြည် (၆) မျိုး၊ ကိုယ်လုံးဖြိုးလျက်"** "စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရ၊ မနောဒွါရ" ဟူ၍ ဒွါရ (၆) မျိုး။ အဲဒီ အကြည်ခတ် ခြောက်မျိုးဟာ တစ်ခါတည်း သတ္တဝါတို့ သန္တာန်မှာ ဖြစ်ပေါ်ပြီး လာပေတယ်။

"ထင်ရှားစေ့စုံ၊ အပုံပုံလျှင်၊ တည်တုံနာမ်ရုပ်၊ ကိုယ်သမုတ်သား၊ အထုပ်အထည်၊ ကြီး, ငယ်ကာယ၊ ပေါ်ပြန်ကလည်း၊ ဒွါရတွင်မည်၊ ဖိတ်ဖိတ်လည်သည်၊ အကြည်ခြောက်မျိုး၊ ကိုယ်လုံးဖြိုးလျက်" ဆိုသည့်အတိုင်း သတ္တဝါတို့သန္တာန်မှာ အကြည်ခတ်ခြောက်မျိုး ဖြစ်ပေါ်လာတော့ ဥပမာအားဖြင့် ပြောမည်ဆိုလျှင် -

မျက်စိအကြည်ဟုဆိုရာတွင် **မျက်စိထဲမှာ အိမ်ရှိတယ်။** မျက်စိအိမ်၊ နားအိမ် နှာခေါင်းအိမ်၊ လျှာအိမ်၊ ကိုယ်အိမ် ဟူ၍ အိမ်ဖွဲ့ထားတယ်။ **မျက်စိအိမ်ပင်ပါသော်**

http://www.dhammadownload.com



လည်း အကြည်ဓာတ်မရှိလျှင်လည်း အရေးမပါပါ။ အုန်းသီး၊ ထန်းသီးများ သီးလာလျှင် အစေ့အဆံတည်ဖို့ အိမ်ပါလာပြီး ထိုအိမ်ထဲမှာ အစေ့အဆံထည့်ချိန် ရောက်လာသောအခါ အစေ့အဆံထည့်ရှိသည့် ဥပမာလိုပင် မှတ်ရာ၏။

စက္ခုမျက်စိမှာလည်း မျက်စိအကြည်ဓာတ် ပါရှိပြီး နေတယ်။ နားစသည်မှာလည်း နားအကြည်ဓာတ်ပါရှိနေပေတယ်။ စိတ်မှာလည်းပဲ ထိန်ပင်ရှိတော့ ထိန်ပင် စောင့်နတ်ရှိသလို၊ ရှားပင်ရှိတော့ ရှားမှို့ရှိသလို၊ စိတ်မှာလည်း အကြည်ဓာတ် ရှိပြီးနေပေတယ်။

"ဒွါရတွင်မည်၊ ဖိတ်ဖိတ်လည်သည်၊ အကြည် (၆) မျိုး၊ ကိုယ်လုံးဖြိုးလျက်" ဆိုသည့်အတိုင်း အကြည် ခြောက်မျိုးရှိလာသောအခါ

"အရိုးစိစဉ်၊ အမြင်-စက္ခု၊ ကြားမှု-သောတ၊ ဃာန-အနံ့၊ လျက်ရန်-ဇိဝှါ၊ ကာယ-တွေ့ထိ၊ အသိ-မနော၊ မရောမယှက်၊ တလက်လက်လျှင်၊ အမျက်စိန်ရည်၊ လဲ့လဲ့ကြည်သို့၊ ခြောက်မည်အာရုံ၊ အလုံးစုံလည်း၊ ပုံသဏ္ဍာန်ရိပ်၊ နိမိတ်အသွင်၊ အကုန်ထင်၍၊ ဤရှင်, ဤလူ၊ ဤမူ နေ, လ၊ ရူပသဏ္ဍာန်၊ အသံအမျိုး၊ အခိုးလှိုင်ပျံ့၊ ရနံ့ထိုထို၊ အချို အချဉ်၊ ဤလျှင် အပူ၊ ဤမူ အအေး၊ အတွေးအသိ၊ ပြည့်စုံဘိ၍"

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ အကြည်ခြောက်မျိုး ရှိတဲ့ အခါကျတော့ မြင်နိုင်ရပေကား ငါမြင်တယ်၊ သောတအကြည် ရှိတဲ့အခါကျတော့ ငါကြားတယ်၊ ငါနံတယ်၊ ငါလျက်တယ်၊ ငါတွေ့ထိတယ်၊ ငါသိတယ်။ "ခြောက်မည် အာရုံ အလုံးစုံလည်း၊ ပုံသဏ္ဍာန်ရိပ်၊ နိမိတ်အသွင်၊ အကုန်ထင်၍" ဆိုသည့်အတိုင်း ပုံတွေ၊ သဏ္ဍာန်တွေ နိမိတ်တွေဖြစ်သတဲ့၊ အဆင်းရူပါရုံကို မြင်နေတာကို ဒါက "ရှင်" ဒါက "လူ"၊ ဒါက "နေ"၊ ဒါက "လ" အစရှိသည်ဖြင့် ဖြစ်တော့ ထိုမျက်စိ အကြည်ဓာတ်ကလေးမှာ ငါမြင်တယ်၊ ငါကြည့်တယ် ဆိုတဲ့ သက္ကာယဒိဋ္ဌိ ငရဲ အိုးကြီးတစ်လုံး ပေါ်ပေါက်လာပေတော့တယ်။

ကြားမှုနှင့်ပတ်သက်၍လည်း ငါကြားတယ် ဆိုတဲ့ သက္ကာယဒိဋ္ဌိ ငရဲအိုးကြီး တစ်လုံး ပေါ်လာပေတယ်။ ငါနံတယ်၊ ငါလျက်တယ်၊ ငါတွေ့တယ်၊ ငါသိတယ် ဆိုတဲ့ သက္ကာယဒိဋ္ဌိ ငရဲအိုးကြီးခြောက်လုံးဟာ ထိုအကြည်ဓာတ်ခြောက်မျိုးကို အခြေခံပြီးတော့ ပေါ်လာလေတယ်။

အဲဒီလို ငါမြင်တယ်၊ ငါကြားတယ် ဆိုတဲ့အခါ လောဘ၊ ဒေါသ၊ မောဟ အစရှိတဲ့ ငရဲမီးတောက်ကြီးတွေ တဟုန်းဟုန်း တောက်လေတော့တယ်။ လောဘ၊

http://www.dhammadownload.com



ဒေါသ၊ မောဟ ဖြစ်နိုင်သလို မာန၊ ကုက္ကုစ္စ၊ မစ္ဆရိယ စသည်တို့လည်း ဖြစ်နိုင်လေတယ်။

ဤသို့မြင်တာ၊ ကြားတာ စသည်ကို အကြောင်းပြုပြီးတော့ လောဘ၊ ဒေါသ၊ မောဟ မီးတောက်သလို၊ မာန၊ ကုက္ကုစ္စ၊ မစ္ဆရိယ အစရှိသော မီးတောက်ကြီးတွေလည်း တောက်နိုင်ပေတယ်။

အဲဒါဘာကြောင့်လဲဆိုတော့ "ငါ၏ဤကိုယ်၊ ငါမင်းပျိုဟု၊ အဆိုအထင်၊ အမြင်မှောက်မှား၊ စိတ်နေကြွားသို့၊ တံခါးခြောက်သင်း၊ ကိုယ်လုံးလင်းသည်၊ ခြောက်သင်းခေတ်မှန်၊ စွမ်းရည်တည်း"

မိမိတို့အတွင်းသန္တာန်မှာ ဖြစ်ပေါ်လာတဲ့ နာမ်ရုပ်ကြောင့် ဖြစ်ပေါ်လာတဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ခေါ်တဲ့ အကြည် (၆) မျိုး၊ ထိုအကြည် (၆) မျိုး ရှိလာသည့်အတွက် ယင်းအကြည် (၆) မျိုး ကို အခြေခံပြီး ငါမြင်တယ်၊ ငါကြားတယ်၊ အစရှိတဲ့ သက္ကာယဒိဋ္ဌိငရဲအိုးကြီးတွေမှာ လောဘ၊ ဒေါသ၊ မောဟ အစရှိတဲ့ ငရဲမီးတောက်တွေ ပေါ်ပေါက်လာတယ်။

အဲဒီ သက္ကာယဒိဋ္ဌိ ငရဲမီးအိုးကြီးနှင့် လောဘ၊ ဒေါသ၊ မောဟအစရှိတဲ့ ငရဲမီးတောက်တွေ ငြိမ်းဖို့ရာ ဝိပဿနာတရား အားထုတ်နေကြခြင်းသာ ဖြစ်ပေတယ်ဟု သိလေရာ၏။

## စတုတ္ထပျိုးလင်္ကာ အဖြေလွှာ

## ၄။ နာမရူပ ပစ္စယာ သဠာယတနံ

(လယ်တီဆရာတော်ဘုရားကြီး)
(မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး)

"ထင်ရှားစေ့စုံ၊ အပုံပုံလျှင်၊ တည်တုံနာမ်ရုပ်၊ ကိုယ်သမုတ်သား အထုပ်အထည်၊ ကြီး, ငယ်ကာယ၊ ပေါ်ပြန်ကလည်း၊ ဒွါရတွင်မည်၊ ဖိတ်ဖိတ်လည်သည်၊ အကြည်ခြောက်မျိုး၊ ကိုယ်လုံးဖြိုးလျက်" လင်္ကာဝါကျ၌

ဝိညာဏ်ကြောင့် ဖြစ်ပေါ်လာကြသော ရူပကာယ၊ နာမကာယနှစ်ပါးတို့တွင်

ရူပကာယ၏အာနုဘော်ကြောင့် စက္ခုအကြည်၊ သောတအကြည်၊ ဃာန အကြည်၊ ဇိဝှါအကြည်၊ ကာယအကြည် ဤအကြည်ငါးပါးတို့ ဖြစ်လာကုန်၏။

http://www.dhammadownload.com



နာမကာယ၏အာနုဘော်ကြောင့် မနောဟူသော စိတ်ဝိညာဏ်အကြည်၊ ဖြစ်ပွားလာ၏။

**အုန်းသီးအစေ့ အဆံထည့်သည့်ပမာ**
**ပဝတ္တိအခါ ရူပကာယကြောင့် အကြည်ငါးပါး ပေါက်ပွားလာ**

ရူပကာယကြောင့် ရုပ်အကြည်ငါးပါး ဖြစ်ပွားရာ၌ အုန်းသီး၊ ထန်းသီး၊ သရက်သီး၊ ပိန္နဲသီး စသော ခပ်သိမ်းသော အသီးတို့မှာ အချိန်ကျလျှင် အစေ့အိမ်၊ အဆံအိမ်ပေါ်၍ အစေ့အဆံတည်ချိန်ကျလျှင် တည်ကြထည့်ကြကုန်သကဲ့သို့ ထို့အတူ အဏ္ဍဇသတ္တဝါ၊ ဇလာဗုဇသတ္တဝါ ဟုဆိုအပ်သော ဂဗ္ဘသေယျက သတ္တဝါတို့မှာ ပဋိသန္ဓေ တည်နေပြီးနောက် ပဝတ္တိကာလ၌ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ ဟူသော **အကြည်ရုပ်လေးပါး ဖြစ်ချိန်ပေါ် ချိန်ကျသောအခါ မျက်စိအိမ်၊ နားအိမ်၊** နှာခေါင်းအိမ်၊ လျှာအိမ်တို့နှင့်တကွ **ပသာဒဓာတ်အကြည်လေးပါးတို့ ထင်ရှား ဖြစ်ပေါ်၍ လာကုန်၏။ အကြည်တည်းဟူသော အဆံထည့်၍လာကုန်၏။** ကာယပသာဒဟူသော ကိုယ်အကြည်မှာမူကား ပဋိသန္ဓေဝိညာဏ်နှင့်အတူတကွ ပြိုင်လျက် တည်၍ လာခဲ့၏။

ဥပပါတ် ပုဂ္ဂိုလ်၊ သံသေဒဇ ပုဂ္ဂိုလ် တို့၌ကား ရုပ်အကြည်ငါးပါးတို့သည် ပဋိသန္ဓေဝိညာဏ်နှင့် အတူတကွ ပြိုင်လျက် ဖြစ်ပေါ်လာကြကုန်၏။ ဗြဟ္မာတို့၌ကား ဃာနဓာတ်အိမ်၊ ဇိဝှါဓာတ်အိမ်၊ ကာယဓာတ်အိမ်တို့မှာ အိမ်သက်သက်သာ တည်ရှိကြကုန်၏။ ပသာဒဓာတ်အကြည် မပါရှိကြကုန်။

သတ္တဝါတို့မှာ **မျက်စိကို ဖြစ်စေတတ်သော အတိတ်ကံ**ရှိသည်။ ထိုကံကြောင့် **ကမ္မဇရုပ်များ ဖြစ်ပေါ်လာကြ၏။** ထိုကမ္မဇမဟာဘုတ်ရုပ်တို့ကို မှီ၍ ဖြစ်သော အကြည်ဓာတ်ရုပ်ကို **မျက်စိအကြည်ရုပ်**ဟုခေါ်၏။

ထို့အတူ နားကိုဖြစ်စေတတ်သော၊ နှာခေါင်းကိုဖြစ်စေတတ်သော၊ လျှာကို ဖြစ်စေတတ်သော၊ ကာယ, ကိုယ်ကိုဖြစ်စေတတ်သော အတိတ်ကံရှိ၏။ ထိုအတိတ်ကံကြောင့် ကမ္မဇရုပ်များဖြစ်ပေါ်လာကြ၏။ ထိုကမ္မဇမဟာဘုတ်ရုပ်တို့ကို မှီ၍ ဖြစ်သော အကြည်ဓာတ်ရုပ်များကို နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်ရုပ်ဟုခေါ်၏။ (ဤကား ရူပကာယကြောင့် ရုပ်အကြည် အာယတန ငါးပါး ဖြစ်ပွားကြောင်းတည်း။)

http://www.dhammadownload.com



## မီးနဲ့ လေပမာ၊ နာမကာယကြောင့် စိတ်အကြည် မနာယတန ဖြစ်ပွားပုံ

ဖဿ၊ ဝေဒနာ၊ စေတနာ အစရှိသော စေတသိက်တရား နာမကာယ၊ ဝိတက်၊ ဝိရိယ၊ ပီတိ၊ ဆန္ဒ ဟူသော နာမကာယ၊ လောဘ၊ ဒေါသ၊ မောဟ အစရှိသော နာမကာယ။ သဒ္ဓါ၊ သတိ၊ ပညာ၊ ဒါန၊ သီလ အစရှိသော နာမကာယတို့ကြောင့် မနော အကြည်ဟူသော မနာယတနသည် ဖြစ်ပွားလာ၏။ ဤ "မနောအကြည်" = "မနာယတန" ဟူသည်မှာလည်း "ပဓာနဓာတ်မင်း" ဖြစ်သော "စိတ်ဝိညာဏ်" ပင်တည်း။

သစ်စေ့မှ သစ်ပင်ဖြစ်၍ သစ်ပင်မှတစ်ဖန်သစ်စေ့ ဖြစ်ပြန်ရာ၌ ရှေးသစ်စေ့ ကား တခြား၊ နောက်သစ်စေ့ကားတခြားတည်း ဟုဆိုရသကဲ့သို့ဤအတူပင် စေတသိက် နာမ်တရား (၅၂) ပါးရှိသည်တွင် ဝိတက်၊ ဝိစာရ လွန်ကဲသောအခါလည်း ရှိ၏။ ဝိရိယ၊ ပီတိ၊ ဆန္ဒတစ်ခုခု လွန်ကဲသောအခါလည်း ရှိ၏။ နွားငတ်ရေချ လောဘ လွန်ကဲသော အခါ၊ မီးပုံယမ်းကျ ဒေါသလွန်ကဲသောအခါလည်း ရှိ၏။

ထိုသို့ရှိရာ၌ ဝိတက်လွန်ကဲသောအခါ ဝိတက် လှုံ့ဆော်တိုင်း စိတ် ဝိညာဏ်သည် ရွေ့ဆောင်ရွေ့သွား လမ်းညွှန်လမ်းပြအနေဖြင့် ဖြစ်ပေါ်လိုက်ပါ၍ လာရလေသည်။ ယင်းသို့ ဝိတက်၊ ဝိစာရ၊ လောဘ၊ ဒေါသ စသော နာမ်တရား တို့၏ လှုံ့ဆော်ချက်ဖြင့် စိတ်ဝိညာဏ်တဖွားဖွား ရွေ့သွားပြု၍ ဖြစ်ပေါ်ရသောအခါ စေတသိက်နာမ်တရားတို့ကြောင့် စိတ်ဝိညာဏ်ဟူသော မနာယတန ဖြစ် ပေါ်လာလေသည် မည်၏ဟု ဆိုရသည်။

တစ်နည်း - မီးနှင့် လေကို ပမာပြုရာ၏။ မီးကြောင့် လေဖြစ်၍ လေ ကြောင့် မီးပွားရာ၌ "မီး" နှင့် "ဝိညာဏ်" တူ၏။ "လေ" နှင့် "နာမ်ခန္ဓာ" တူ၏။

တစ်နည်း - မြေ၊ ရေ၊ မီး၊ လေ ဟူသော ဓာတ်ကြီးလေးပါးတို့သည် အချင်းချင်း မကင်းရာ၊ မကင်းအပ်ဖြစ်ကြ၍ တစ်ပါးဖြစ်လျှင် အခြားသုံးပါးတို့ တစ်ပါတည်း ဖြစ် ပေါ်ကြသကဲ့သို့ ထို့အတူ ဝိညာဏ်ဖြစ်ပေါ်လျှင်လည်း ထိုက်သင့်ရာ စေတသိက် နာမ်တရားတို့ တစ်ပါတည်းဖြစ်ပေါ်လာကြရလေသည်။ စေတသိက်နာမ် တရားစု ဖြစ်ပေါ်လျှင်လည်း စိတ်ဝိညာဏ်အမြဲ ပါဝင်ဖြစ်ပွားရတော့၏။ (ဤကား နာမကာယကြောင့် စိတ်အကြည်မနာယတန ဖြစ်ပွားကြောင်းတည်း။)

http://www.dhammadownload.com



## ထိန်ပင်ရှိ၍ ထိန်ပင်နတ်ရှိသည့်ပမာ

## ဝတ္ထုခြောက်ဖြာ ရူပကာယကြောင့်လည်း မနာယတန ဝိညာဏ်ခြောက်ပါး ဖြစ်ပေါ်ပုံ

နာမကာယကြောင့်သာ မနာယတန ခေါ်သော ဝိညာဏ်ဖြစ်ရသည်မဟုတ်။ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဟဒယဝတ္ထု ဟူသော ဝတ္ထုခြောက်ဖြာ ရူပကာယကြောင့် လည်း ဖြစ်ပေါ်ရ၏။စက္ခုဝတ္ထုရုပ်ရှိသောကြောင့် စက္ခုဝိညာဏ်ဖြစ်ပေါ်ရ၏။ (ပ) ကာယဝတ္ထုရုပ် ရှိခြင်းကြောင့် ကာယဝိညာဏ် ဖြစ်ပေါ်ရ၏။ ဟဒယဝတ္ထု ရုပ်ရှိခြင်းကြောင့် ကြွင်းသောပဉ္စဝေါကာရဝိညာဏ်ဟူသမျှ ဖြစ်ပေါ်ရ၏။ ဥပမာကား ထိန်ပင်ရှိ၍ ထိန်ပင်နတ် ရှိလာသကဲ့သို့၊ ထန္နောင်းပင်ရှိ၍ ထန္နောင်းမှို ပေါက်လာရ သကဲ့သို့တည်း။

ထိုအကြည်ခြောက်ပါးသည် ဤကိုယ်ခန္ဓာ၌ ဒွါရခြောက်ပါးမည်၏။ သက်ရှိသတ္တဝါတို့ သန္တာန်ဝယ် ဤအကြည်ခြောက်ပါး ထင်ရှားဖြစ်ကြ၊ ရှိကြသောကြောင့်သာ အသုံးဝင်လေသည်။ အကြည်ခြောက်ပါးမရှိကြပါမူ ထင်းတုံးပမာ ဘာမျှ အသုံးကျမည်မဟုတ်ချေ။ ထိုအကြည်ခြောက်မျိုးကိုပင် ဒွါရခြောက်ပါး၊ တံခါးခြောက်ပေါက် ဟူ၍လည်း ခေါ်ဆို၏။

ဒွါရဆိုသော်လည်း အပေါက်ဟင်းလင်း အာကာသတံခါးမျိုးဖြစ်၍ ဆိုသည်မဟုတ်။ ဖန်တံခါး၊ မှန်တံခါးများကဲ့သို့ ဖိတ်ဖိတ်လည်သော အကြည်တံခါးမျိုးသာဖြစ်ကြ၏။ မျက်စိအကြည်သည် မျက်လုံးအိမ်မှာ ဖြစ်ပေါ်၏။ နားအကြည်သည် နားအတွင်းမှာ၊ နှာခေါင်းအကြည်သည် နှာခေါင်းအတွင်းမှာ၊ လျှာအကြည်သည် လျှာအပြင်ပေါ်မှာ၊ ကာယအကြည်သည် တစ်ကိုယ်လုံးအတွင်းအပြင်မှာ အနှံ့အပြားဖြစ်ပေါ်၏။ စိတ်ဝိညာဏ် မနောအကြည်ကား နှလုံးအိမ်အတွင်းမှာ ဖြစ်ပေါ်၏။ ရှေ့အကြည်ငါးပါးကား ရုပ်အကြည်ပေတည်း။ မနောအကြည်ကား ဝိညာဏ်ဟု ဆိုအပ်သော နာမ်အကြည်ပေတည်း။ ဤသည်ကိုပင် လင်္ကာ၌ "အကြည်ခြောက်မျိုး ကိုယ်လုံးဖြိုးလျက်" ဟု စပ်ဆိုလေ၏။

## မျက်စိအကြည်နဲ့ မနောအကြည် ထိုနှစ်ချက် တစ်ပြိုင်နက် ဆိုက်တိုက်ပုံ

သစ်ကိုင်း၊ သစ်ခက်ပေါ်၌ ငှက်နားသည်နှင့်တစ်ပြိုင်နက် အကိုင်းလှုပ်ခြင်း၊ မြေ၌အရိပ်ထင်ခြင်း၊ ဤနှစ်မျိုး တစ်ချိန်တည်း ဖြစ်သကဲ့သို့၊ အဆင်းမျိုးစုံ၊ ရူပါရုံသည် မျက်စိအကြည် မနောအကြည် ဤအကြည်နှစ်ချက်၌ တစ်ပြိုင်နက်

http://www.dhammadownload.com



ထင်ပြဆိုက် တိုက်လေ၏။ ထိုအခါ မြင်မှုစက္ခုဝိညာဏ်ခေါင်းဆောင်လျက် **စက္ခုဒွါရဝီထိစိတ်အစဉ်၊ မနောဒွါရ နောက်လိုက် ဝီထိစိတ်အစဉ်များ** စိတ္တနိယာမအတိုင်း ဖြစ်ပွားကြကာ ဤကား နေ၊ ဤကား လ၊ ဤကား လူ၊ ဤကား နွား၊ ကျွဲစသည်တည်း။ ဤသို့စသည်ဖြင့် မြင်ကြ, သိကြလေသည်။

ထို့အတူ မိုးသံ၊ လေသံ၊ စောင်းသံ၊ လူသံ၊ နွားသံ စသော အသံမျိုးစုံ သဒ္ဒါရုံတို့ နားအကြည်၊ မနောအကြည် ဤအကြည်နှစ်ချက်၌ တစ်ပြိုင်နက် ထင်ပြဆိုက် တိုက်လေ၏။ (ပ) မွှေးသောအနံ့၊ ပုပ်သောအနံ့ အစရှိသော အနံ့မျိုးစုံ ဂန္ဓာရုံတို့ နှာခေါင်းအကြည်၊ မနောအကြည် ဤအကြည်နှစ်ချက်၌ တစ်ပြိုင်နက် ထင်ပြဆိုက် တိုက်လေ၏။ အချို၊ အချဉ်စသော ရသာမျိုးစုံ၊ ရသာစုံတို့ လျှာအကြည်၊ မနောအကြည် ဤနှစ်ချက်၌ တစ်ပြိုင်နက်ထင်ပြဆိုက်တိုက်လေ၏။ အပူ၊ အချမ်း၊ အကြမ်း၊ အနု အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံ အစုသည် ကာယအကြည်၊ မနောအကြည် ဤအကြည် နှစ်ချက်၌ တစ်ပြိုင်နက် ထင်ပြဆိုက်တိုက်လေ၏။ ကြွင်းသော ရုပ်နာမ်မျိုးစုံ ဓမ္မာရုံတို့နှင့်တကွ ဆိုအပ်ပြီးသည့် အဆင်း၊ အသံ စသော အာရုံငါးမျိုး။ ဤအာရုံခြောက်မျိုး လုံးပင် မနောအကြည်၌ ထင်ပြဆိုက်တိုက်လေ၏။ ထိုအခါ မနော ဒွါရဝီထိ စိတ်အစဉ် များ ဖြစ်ပွားကြကာ သိမှုအမျိုးမျိုး တဖြိုးဖြိုး ဖြစ်ပွားလာလေသည်။ ဤသည်ကို ရည်၍ လင်္ကာ၌-

"အရိုးစီစဉ်အမြင်-စက္ခု (ပ) အတွေ့အသိ ပြည့်စုံဘိ၍" ဟု စပ်ဆိုလေသည်။

## တံခါးခြောက်ပေါက်မှာပင် အကုသိုလ် ငရဲမီးတောက်တို့ဖြင့် တစ်ကိုယ်လုံး လင်းနေပုံ

ထိုသို့ မြင်မှု၊ ကြားမှု၊ နံမှု၊ လျက်မှု၊ တွေ့ထိမှု၊ သိမှု၊ ကြံဖန်မှု တို့ နေ့ညဉ့်မစဲ တသဲသဲ ဖြစ်ပွားနေခြင်းကြောင့်ပင် ပုထုဇဉ် သတ္တဝါတို့ သန္တာန်၌-

- "ငါ မြင်သည်၊ ငါ ကြားသည်၊ ငါ နမ်းရှုတ်သည်၊ ငါ စားသည်၊ ငါ တွေ့ထိ သည်၊ ငါ သိသည်၊ ငါ ကြံသည်၊ ငါ မိုက်သည်၊ ငါ လိမ္မာသည်" ဤသို့ စသည်ဖြင့် သက္ကာယဒိဋ္ဌိ ငရဲအိုးကြီးထဲမှာ
- လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယ စသော အကုသိုလ် ငရဲ မီးလျှံတို့သည် တဟုန်းဟုန်းထလျက် တောက်လောင်၍ နေကြကုန်၏။

http://www.dhammadownload.com



- တံခါးကြီးခြောက်ပေါက်မှာပင် အကုသိုလ်ငရဲမီးများ တစ်ကိုယ်လုံး လင်း၍ နေကြ၏။ ဤသို့ဖြစ်ရခြင်းမှာ အာယတနခြောက်သင်း၏ အစွမ်းကြောင့် ဖြစ်လေသည်။

ဤသည်ကိုရည်၍ လင်္ကာ၌

"အတွေးအသိ၊ ပြည့်စုံဘိ၍၊ ငါ၏ဤကိုယ်၊ ငါမင်းပိုျဟု၊ အဆိုအထင်၊ အမြင်မှောက်မှား၊ စိတ်နေကြွားဘို့၊ တံခါးခြောက်သင်း၊ ကိုယ်လုံးလင်းသည်၊ ခြောက်သင်းဓာတ်မှန် (အာယတန) စွမ်းရည်တည်း" ဟုစပ်ဆိုလေသည်။

## (၅) သဠာယတန ပစ္စယာ ဖဿော

### အရကောက်နှင့် သဘောသရုပ်ထင်လွယ် အဓိပ္ပာယ်

"ဝိညာဏ်ခြောက်ဝ၊ ယှဉ်တုံကြ၊ ဖဿ ဝေဒနာ" ဟူသော ပရမတ္ထသံခိပ်အရဖဿကိုလည်း ဝိပါက်ဝိညာဏ်ခြောက်ပါးနှင့် ယှဉ်သော ဝိပါက်ဖဿခြောက်ပါးကို ယူပေရကား။

- စက္ခုဝိညာဏ်နှင့် ယှဉ်သော ဖဿသည် စက္ခုသမ္ဖဿ မည်၏။ ထိုစက္ခုသမ္ဖဿနှင့်တကွ ဖြစ်သောဝေဒနာသည် စက္ခုသမ္ဖဿဇာ ဝေဒနာ မည်၏။
- သောတဝိညာဏ်နှင့် ယှဉ်သော ဖဿသည် သောတသမ္ဖဿ မည်၏။ ထိုသောတသမ္ဖဿနှင့်တကွ ဖြစ်သော ဝေဒနာသည် သောတသမ္ဖဿဇာ ဝေဒနာ မည်၏။

- (ပ) -

- ကာယဝိညာဏ်နှင့် ယှဉ်သော ဖဿသည် ကာယသမ္ဖဿ မည်၏။ ထိုကာယသမ္ဖဿနှင့်တကွဖြစ်သောဝေဒနာသည် ကာယသမ္ဖဿဇာ ဝေဒနာ မည်၏။
- မနောဝိညာဏ်နှင့် ယှဉ်သော ဖဿသည် မနောသမ္ဖဿ မည်၏။ ထိုမနောသမ္ဖဿနှင့်တကွ ဖြစ်သောဝေဒနာသည် မနောသမ္ဖဿဇာ ဝေဒနာ မည်၏။

ဆိုအပ်ပြီးသော ဖဿ ခြောက်ပါးတို့သည် ဖဿ မည်၏။

ဆိုအပ်ပြီးသော ဝေဒနာ ခြောက်ပါးတို့သည် ဝေဒနာ မည်၏။

http://www.dhammadownload.com



သဠာယတနကြောင့် ဖဿ ဖြစ်သည်ဆိုရာ၌ သဠာယတနအရ စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ မနာယတန ဟူသော အဇ္ဈတ္တိကာယတန ခြောက်ပါးကိုပင် ယူရ၏။

ဖဿအရ လောကီဝိပါက် (၃၂) ပါး၌ ယှဉ်သော ဖဿစေတသိက်ကို ယူရ၏။

စက္ခာယတနကြောင့် စက္ခုသမ္ဖဿ ဖြစ်၏။

သောတာယတနကြောင့် သောတသမ္ဖဿ ဖြစ်၏။

ဃာနာယတနကြောင့် ဃာနသမ္ဖဿ ဖြစ်၏။

ဇိဝှါယတနကြောင့် ဇိဝှါသမ္ဖဿ ဖြစ်၏။

ကာယာယတနကြောင့် ကာယသမ္ဖဿ ဖြစ်၏။

မနာယတနကြောင့် မနောသမ္ဖဿ ဖြစ်၏။

ဤနေရာတွင် အထူးသိမှတ်အပ်သည်မှာ စက္ခုပသာဒ စသော (၁၂) ပါး သောတရားတို့သည် မိမိတို့နှင့် ဆိုင်သော အကျိုးတရားတို့ကို ဖြစ်ပေါ် စေရန် အားထုတ်တတ်သောကြောင့် အာယတန မည်၏။ ယင်းအာယတန (၁၂) ပါးတွင်-

- တဏှာဒိဋ္ဌိတို့ဖြင့် အတွင်းထားကာ သိမ်းပိုက်အပ်သောကြောင့် စက္ခာယတန စသည် ခြောက်ပါးသည်- အဇ္ဈတ္တိကာယတန မည်၍
- ကြီးမားပြင်းထန်စွာ အတွင်းထားသိမ်းပိုက်မှု မရှိသောကြောင့် ရူပါယတန စသည် ခြောက်ပါးသည်- ဗာဟိရာယတန မည်၏။

စက္ခာယတနစသော **အတွင်းအာယတန** ခြောက်ပါးတို့သည် ရွာပျက်ကုန်းကြီး၊ ရွာဆိုးကုန်းကြီးနှင့် တူ၏။ ကိလေသာမျိုး၊ သူခိုးဓားပြတို့ ဝင်ရောက်ခိုအောင်းရာ၊ သဒ္ဓါစသော သူတော်ကောင်းဥစ္စာရတနာတို့ ခိုးယူလုယက်ရာဖြစ်၏။ ထိုကိလေသာမျိုး သူခိုးဓားပြတို့ကြောင့် အပါယ်ကျစေနိုင်သော အကုသိုလ်ကံပေါင်း အနန္တကို ကျူးလွန် ခဲ့မိ၍ အပါယ်လေးပါးသို့လည်း ကျရောက်ရကုန်၏။

ရူပါယတနစသော **အပြင်အာယတန** ခြောက်ပါးတို့သည် အဆင်းမျိုးစုံ ရူပါရုံအစရှိသည်တို့ပင်တည်း။ လုယူတိုက်ခိုက်ဖျက်ဆီးတတ်သော သူခိုးဓားပြကြီးတို့ပေတည်း။ ရူပါယတနတည်းဟူသော သူခိုးဓားပြတို့သည် စက္ခာယတနတည်းဟူသော ရွာဆိုးကုန်း၊ ရွာပျက်ကုန်းကို ရာဂစသော မီးတို့ဖြင့် ဖျက်ဆီး မီးတိုက်ကြကုန်၏။ သဒ္ဓါစသော သူတော်ကောင်း ရတနာများကို လုယက်ဖျက်ဆီး

http://www.dhammadownload.com



ကြကုန်၏။ ယုတ်မာဆိုးဝါးသော အကုသိုလ်တရားတို့ကို ပြုစေ၍ အပါယ်လေးပါး ဒုဂ္ဂတိဘဝများကို အရောက်ပို့ဆောင်ကြကုန်၏။

ရူပါရုံစသည်တို့သည် စက္ခုပသာဒစသည်ကို ညှဉ်းဆဲနှိပ်စက်အပ်ကုန်၏ ဟု ဆိုရာ၌ ရူပါရုံတို့ စက္ခုပသာဒ၌ တိုက်ဆိုင်၍ ပုထုဇဉ်တို့တွင် နှစ်သက်အပ်သော ဣဋ္ဌာရုံ ဖြစ်ခဲ့သော် ရာဂမီး၊ မနှစ်သက်အပ်သော အနိဋ္ဌာရုံဖြစ်ခဲ့သော် ဒေါသမီး၊ ညီးညီးပြောင်ပြောင် တောက်လောင်ကုန်၏။

သူခိုးဓားပြဟု ဆိုအပ်သော ရူပါရုံအစရှိကုန်သော ဗာဟိရာယတန ခြောက်ပါးတို့သည် ရူပါရုံ စသည့် တပ်မက်ငြိစွန်းနေကြကုန်သော သတ္တဝါတို့ကို အတင်းစီး၍ တိုက်ဖျက်သတ်ဖြတ်ကြကုန်၏ ဟူ၍ သဘောတရားများကို သိထားပါလေ။

## သဠာယတနကြောင့် ဖဿဖြစ်ပုံ - အကျဉ်းအဓိပ္ပာယ်

(မူလပဋ္ဌာန်းဆရာတော်ကြီး ဦးနာရဒ)

"စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံသင်္ဂတိ ဖဿော"

စသောပါဠိတော် အားလျော်စွာ တိမ်တိုက်နှစ်ခုတို့ တိုက်ခိုက်ရာ၌ လျှပ်ရောင်ပေါ်သလို၊ ကျောက်မီးခတ်ထိခိုက်ရာ မီးပွင့်ပေါ်သလို၊ စက္ခု စသော အဇ္ဈတ္တိကာယတန၊ ရူပါရုံ စသော ဗဟိရာယတနတို့ ထိခိုက်မှုကြောင့် စက္ခုဝိညာဏ မာတ် စသည်ပေါ်၏။

၎င်းသုံးပါးတို့ ပေါင်းစုံစုဝေး၍ တွေ့ထိသော အမူအရာအားဖြင့် စက္ခုသမ္ဖဿ စသော ဖဿခြောက်ပါးသည် စက္ခာယတနစသောခြောက်ပါးသော အကြောင်းကြောင့် ဖြစ်၏။ ဤဖဿသည် ကြံစက်ကြိတ်၍ ထွက်လာသော ကြံရည်ကဲ့သို့ ရူပါရုံ စသော အာရုံခြောက်ပါးတို့၏ ကောင်း၊ မကောင်းကို ထွက်လာအောင် ကြိတ်နယ် ထိခိုက်၍ ပေး၏။

## သဠာယတနကြောင့် ဖဿဖြစ်ပုံ မကျဉ်းမကျယ် အဓိပ္ပာယ်

(ညောင်လေးပင်တောရဆရာတော်ဘုရားကြီး)

သဠာယတနကြောင့် ဖဿဖြစ်သည်ဆိုတာ ထိုအာယတနခြောက်ပါးကို မှီ၍ အာရုံခြောက်ပါးနှင့် တွေ့ဆုံသောအခါ စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာန သမ္ဖဿ၊ ဇိဝှါသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿ ဟူသောအမည်ဖြင့် အစဉ်အတိုင်း ဖဿ ခြောက်ပါးဖြစ်ပွား၏။

http://www.dhammadownload.com



ဥပမာအားဖြင့် သဠာယတနဟူသော တံခါးမကြီးတွေ ပွင့်နေတာနှင့် ရူပါရုံ သဒ္ဒါရုံစသော အာရုံခြောက်ပါး၊ ဓားပြခြောက်သင်းဝင်ပြီး ဓားပြတိုက်ကြ၊ ထိခိုက်ကြ၏။ စက္ခုမှာ တိုက်ခိုက်သည့် ရူပါရုံ၊ သောတမှာ တိုက်ခိုက်သည့် သဒ္ဒါရုံ တို့ကတော့ အချင်းချင်း အနီးမကပ်မရောက်ဘဲ၊ ထိအောင် တိုက်ခိုက်ကြ၏။

ဃာနမှာ ဂန္ဓာရုံ ဇိဝှါမှာ ရသာရုံ ကာယမှာ ဖောဋ္ဌဗ္ဗာရုံတို့ကတော့ အချင်းချင်း အနီးကပ်ရောက်၍ ထိအောင် တိုက်ခိုက်ကြ၏။ မနောမှာ တိုက်ခိုက်သည့် ဓမ္မာရုံ လည်း အနီးကပ်တာ မမြင်ရဘဲ ထိအောင်တိုက်ခိုက်နိုင်ကြ၏။ ထိတာတွေကို စက္ခု သမ္ဖဿ စသည်ဖြင့် ခြောက်မျိုးပြားခေါ် ရ၏။ ထို့ကြောင့် ဓားပြဝင်နိုင်အောင် ထင်ရှား သည့် သဠာယတန တံခါးမကြီး ခြောက်ပေါက် ပွင့်နေတာကို ကြည့်ပြီး "သဠာယတန ပစ္စယာ ဖဿော" လို့ ဟောပေသည်။

## သဠာယတနကြောင့် ဖဿဖြစ်ပုံ မကျဉ်းမကျယ် အဓိပ္ပာယ်

(ဆရာကြီးဦးကျော်ထွတ်)

အာယတနခြောက်ပါးကြောင့် ဖဿခြောက်ပါးဖြစ်ကြရာတွင်-

စက္ခု၊ သောတ စသည်တို့ရှိလျှင် ရူပါရုံ သဒ္ဒါရုံတို့နှင့် တွေ့ထိမှုက ဖြစ်ကိုဖြစ်ရ မှာပါ၊ နိယာမသဘောတရားပါ၊ ဖဿခြောက်မျိုးရှိလာလျှင်လည်း ဝေဒနာတွေက ခြောက်တွဲပဲ ဖြစ်ရမှာပါ။

**ဝိညာဏ်၊ နာမ်ရုပ်နှင့် သဠာယတနရှိလာလျှင်** လူဆိုသည့် အကောင် အထည် ပေါ်လာ၍ **"လူ"** လို့လည်း ခေါ်ကြ၏။ **"သတ္တဝါ"** လို့လည်း ခေါ်ကြ၏။ **ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတနနှင့် အကောင်အထည်ပေါ်လာသည့် နာမ်ရုပ်** ကို အစိုင်အခဲ၊ အတုံးအခဲ၊ ဖြပ်သဏ္ဌာန်ကြီးကြောင့် လူလို့၊ သတ္တဝါလို့၊ ငါလို့ **ထင်မှားနေကြ၏။** ထိုအထင် ဒိဋ္ဌိကြီးကို ဘုရားရှင်က ဖြိုခွဲပေးရာ၌ -

ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်လာ၍ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်လာ သည်တွင် ဝိညာဏ်သည် လူလော၊ သတ္တဝါလော၊ နာမ်ရုပ်သည် လူလော၊ သတ္တဝါ လော၊ သဠာယတနသည် လူလော၊ သတ္တဝါလော၊ လူဆိုတာမရှိ၊ သတ္တဝါဆိုတာမရှိ၊ အကြောင်းတရားကြောင့် ဖြစ်နေသည့် အကျိုးတရားသာ ရှိသည်။ အကြောင်းတရား ကြောင့် အကျိုးတရားတွေဖြစ်နေတာပါ။ ဤသို့အားဖြင့် သတ္တဝါလို့ ထင်နေသည့် ဃနပညတ်ကို ဖြိုခွဲလိုက်ပေ၏။

http://www.dhammadownload.com



## သဠာယတနကြောင့် ဖဿဖြစ်ပုံ၊ အပြည့်အစုံ

(မဟာစည်ဆရာတော်ဘုရားကြီး)

ကံဆိုသည့် သင်္ခါရကြောင့် စိတ်ဝိညာဏ်ဆိုသည့် မျိုးစေ့မှတစ်ဆင့် ဘဝသစ် ပဋိသန္ဓေဝိညာဏ်ဖြစ်ပေါ်လာလျှင် ထိုတစ်ဘဝလုံးနှင့် ဆိုင်သည့် နာမ်ရုပ်၊ အာယတန၊ ဖဿ၊ ဝေဒနာဆိုသည့် အကျိုးတရားတွေလည်း အချင်းချင်း ဆက်စပ်ပြီး ဖြစ်တော့သည်သာတည်း။ ထို့ကြောင့် ပစ္စုပ္ပန်ဘဝကိုသာ ကြည့်ပြောမည် ဆိုလျှင် ထိုဘဝသစ် ပဋိသန္ဓေဝိညာဏ်ကိုလည်း မျိုးစေ့လို့ပဲ ဆိုနိုင်ပေ၏။

ကိုယ်တွင်း၊ ကိုယ်ပမြင်တွေ့နေရတာတွေသည် ခဏမစဲ ဖြစ်ပျက်နေကြသည့် ရုပ်နာမ်တရားတွေချည်းသာဖြစ်၍ ဆင်းရဲအမှန် ဒုက္ခသစ္စာတရားတွေသာဖြစ်၏။ နှစ်သက်အားကိုးဖွယ်မရှိသည့် ဒုက္ခချည်းသာဖြစ်သည်ဟု အမှန်ကိုမသိအောင် အဝိဇ္ဇာက လွှမ်းမိုးထားတာကြောင့် ထိုရုပ်နာမ်တွေကိုပဲ နှစ်သက်သာယာနေ၏။ နှစ်သက်သာယာသဖြင့် မရသေးတာရအောင်၊ ရပြီးဖြစ်နေလျှင်လည်း အမြဲတမ်း ရှိနေအောင် ကြံ၏၊ ပြုလုပ်၏၊ ပြောဆို၏၊ ထိုကြံစည်၊ ပြုလုပ်၊ ပြောဆိုမှု သင်္ခါရတွေကြောင့် သေပြီးသည့်အခါ တစ်ဖန်ဘဝသစ်ဖြစ်ပြီး ရှင်ရပြန်လေ၏။

ဘဝသစ်မှာ ပဋိသန္ဓေ ဝိညာဏ်ဆိုသည့် မျိုးစေ့ကလေးမှစပြီး ဖြစ်လာလျှင် တော့ သူ၏မှီရာရုပ်လည်းဖြစ်တော့တာပါပဲ၊ သူ၏ယှဉ်ဖော်ယှဉ်ဘက် ဖဿ၊ ဝေဒနာ၊ အစရှိသော စေတသိက်နာမ်တရားတွေကလည်း ဖြစ်တော့တာပါပဲ။ ထိုပဋိသန္ဓေ စိတ်ချုပ်သွားတော့လည်း သူ၏ကိုယ်စားလှယ်သဘောရှိသည့်နောက် နောက် စိတ်တွေလည်း ဆက်ဆက်ပြီး ဖြစ်သွားတော့တာပါပဲ။

ထိုစိတ်တွေကဆက်ပြီး လောဘ၊ ဒေါသ အစရှိသော အကုသိုလ်တရား တွေ၊ အလောဘ၊ အဒေါသ အစရှိသော ကုသိုလ်တရားတွေလည်း ထိုက်သည့် အားလျော်စွာ ဖြစ်ကြတော့တာပါပဲ၊ ထိုဖြစ်ပေါ်လာသည့် စိတ်အမျိုးမျိုးတွေ ကြောင့် ကွေးခြင်း၊ ဆန့်ခြင်း၊ ထသွားခြင်း၊ ရပ်ခြင်း စသော ရုပ်အမူအရာတွေ လည်း ထိုက်သည့်အားလျော်စွာ ဖြစ်တော့တာပါပဲ။

**"စိတ္တေန နီယတေ လောကော"** လောကော = သတ္တဝါအပေါင်းဆိုသည့် လောကကြီးတစ်ခုလုံးကို၊ စိတ္တေန = ကြံစည်မှုစိတ်က၊ နီယတေ = ဆောင်အပ်၏။ လောကဆိုတာ ဤနေရာဝယ် သတ္တဝါကိုပဲ ဆို၏။ ထိုသတ္တဝါဆိုသည့် လောကကို

http://www.dhammadownload.com



စိတ်ကဆောင်နေရကား ကောင်းရာသို့ ဆောင်တာရှိသလို မကောင်းရာသို့ ဆောင်တာတွေလည်း ရှိ၏။

သဒ္ဓါ၊ သီလ အစရှိသော သူတော်ကောင်းတရားတွေကို ပွားများနေသည့် **သူတော်ကောင်းတွေ၏စိတ်က ကောင်းရာကို ဆောင်၏။** ဒါန၊ သီလ အစရှိသော ကုသိုလ်ကောင်းမှုပြုဖို့ဆောင်၏။ တရားနာ၊ တရားကျင့်ဖို့စသဖြင့် ကောင်းရာဆောင်၏။ တစ်ဖန် ထိုကောင်းသည့် စိတ်ကပင် လူ့ချမ်းသာ၊ နတ်ချမ်းသာဖြစ်အောင်လည်း ဆောင်၏။ နိဗ္ဗာန်ရောက်အောင်လည်း ဆောင်၏။

**သူတော်ကောင်းတရားနှင့် ဝေးသောစိတ်တွေကတော့** မကောင်းရာဆောင်၏။ ခိုးခြင်း၊ သတ်ခြင်း စသော မကောင်းမှုတွေ ပြုလုပ်ဖို့ဆောင်၏။ ထိုအကုသိုလ်စိတ်ကပင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် ဆိုသည့် အပါယ်လေးဘုံကို ဆောင်၏။ အသက်တို၊ အနာများ၊ ဘေးဒဏ်သင့်၊ ဒုက္ခအမျိုးမျိုးတွေ့အောင် ဆောင်၏။

ဤသို့အားဖြင့် စိတ်က သူ့အလိုရှိရာ ဆွဲဆောင်သလို **သတ္တဝါတွေသည်လည်း စိတ်ဆွဲရာ လိုက်ပါနေကြရကုန်၏။**

ဤသည်ကား သတ္တဝါလို့ ခေါ်ရသည့် ရုပ်နာမ်တရားတွေအားလုံး စိတ်အလိုသို့ လိုက်နေကြရသည်ဆိုတာကို ထင်ရှားဖော်ပြသည့် တရားတော်ပင် ဖြစ်၏။ ဤသည်ကို "ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်" မှာ **"ဝိညာဏ ပစ္စယာ နာမရူပံ"** ဟု ဟောတော်မူ၏။

ဝိညာဏပစ္စယာ = စိတ်ဝိညာဏ်ဟူသောအကြောင်းကြောင့်၊ နာမရူပံ = နာမ်နှင့် ရုပ်သည်၊ သမ္ဘဝန္တိ-ဖြစ်ပေါ်၏။ **စိတ်ဝိညာဏ်ကြောင့်** ဖဿ, ဝေဒနာ အစရှိသည့် **နာမ်တရားတွေအပြင်၊ မှီတည်ရာရုပ်တွေပါ၊ ကွေးမှု၊ ဆန့်မှု အစရှိသည့် ရုပ်တွေနှင့်အတူ** ဖြစ်ပေါ်နေကြသည်ဟု ဆိုလို၏။

**ထိုဝိညာဏ်မျိုးစေ့မှ နာမ်ရုပ်ဖြစ်ပွားလာသောအခါ** "နာမရူပ ပစ္စယာ သဠာယတနံ" **နာမ်နှင့်ရုပ်ကို စွဲမှီပြီး အာယတနခြောက်ပါးဖြစ်၏။** အာယတန ဆိုသည်မှာ ကြံသိမှုစိတ်တို့၊ အာရုံကို တွေ့မှု၊ ဖဿတို့ ဖြစ်ပေါ်ဖို့ရာ အကြောင်းအင်္ဂါအစိတ်အပိုင်းတွေပါပဲ။

ယင်းတို့မှာ - မြင်ဖို့ရာ မျက်စိအင်္ဂါကတစ်ပါး၊ ကြားဖို့ရာ **နားအင်္ဂါက**တစ်ပါး၊ နံဖို့ရာ **နှာခေါင်းအင်္ဂါ**ကတစ်ပါး၊ စားသိဖို့ရာ **လျှာအင်္ဂါ**ကတစ်ပါး၊ ထိသိ

http://www.dhammadownload.com



ဖို့ရာ ကိုယ်အင်္ဂါကတစ်ပါး၊ ကြံသိဖို့ရာ စိတ်နှလုံးအင်္ဂါကတစ်ပါး ထိုခြောက်ပါး သာပင်။

ထိုသို့ ကြံသိဖို့ တွေ့ဖို့ အင်္ဂါခြောက်ပါး အာယတနတရားတွေဖြစ်ပေါ်လာတော့ "သဠာယတန ပစ္စယာ ဖဿော" အာယတနဆိုသည့် အကြောင်းအင်္ဂါခြောက်ပါးကြောင့် အာရုံကို တွေ့မှု ဖဿဖြစ်ပေါ်လာပေ၏။

ဖဿဖြစ်ပေါ်လာပုံကား -

"စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ
တိဏ္ဏံ သင်္ဂတိ ဖဿော ဖဿ ပစ္စယာ ဝေဒနာ"

စက္ခုဉ္စ ပဋိစ္စ = မျက်စိကိုလည်း စွဲမှီ၍၊ ရူပေစပဋိစ္စ = အဆင်းတို့ကိုလည်း စွဲမှီ၍၊ စက္ခုဝိညာဏံ = မြင်သိမှု၊ စက္ခုဝိညာဏ်သည်၊ ဥပ္ပဇ္ဇတိ = ဖြစ်ပေါ်၏၊ တိဏ္ဏံ= မျက်စိ, အဆင်း, မြင်သိမှု ဟူသော တရားသုံးပါးတို့၏၊ သင်္ဂတိ = ဆုံမိခြင်းဟူသော (ဝါ) ဆုံ မိခြင်းကြောင့်၊ ဖဿော = အာရုံကို တွေ့မှု ဖဿသည်၊ သမ္ဘဝတ္တိ = ဖြစ်ပေါ်လာ၏၊

(ထိုသို့ မြင်တွေ့သောအခါ ဖဿ ပစ္စယာ ဝေဒနာ = မြင်တွေ့ရသည့် အာရုံကို ခံစားမှုဝေဒနာ ဖြစ်ပေါ်လာပေတော့၏)

"သဠာယတန ပစ္စယာ ဖဿော" အာယတနခြောက်ပါးဟူသော အကြောင်းကြောင့် ဖဿော = အာရုံကို တွေ့မှု ဖဿသည် သမ္ဘဝတ္တိ ဖြစ်ပေါ်၏ ဆိုရာ၌ အာယတနခြောက်ပါးတွင် အတွင်းအာယတန ခြောက်ပါးလည်း ရှိ၏။ အပြင်အာယတနခြောက်ပါးလည်း ရှိ၏။

အတွင်းအာယတနခြောက်ပါးဆိုတာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုသည့် ခြောက်ပါး၊ အပြင်အာယတန ခြောက်ပါးဆိုတာကတော့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ သဘောဆိုသည့် အာရုံ ခြောက်ပါး၊ ဖဿဆိုတာ အာရုံခြောက်ပါးကို ထင်ရှားတွေ့သည့်သဘောပင်။

ဥပမာ -

- မျက်စိဖြင့် မြင်ရသည့်အခါ — အဆင်းအာရုံကို ထင်ရှားတွေ့ရ၏။
- နားဖြင့် ကြားသောအခါ — အသံအာရုံကို ထင်ရှားတွေ့ရ၏။
- နှာခေါင်းဖြင့်နံသောအခါ — အနံ့အာရုံကို ထင်ရှားတွေ့ရ၏။
- လျှာဖြင့် အရသာသိသောအခါ — အရသာအာရုံကို ထင်ရှားတွေ့ရ၏။

http://www.dhammadownload.com



- ကိုယ်ဖြင့် ထိသိသောအခါ အတွေ့အာရုံကို ထင်ရှားတွေ့ရ၏။
- စိတ်ဖြင့် ကြံသိသောအခါ စိတ်ကူးအာရုံကို ထင်ရှားတွေ့ရ၏။

ဖဿသည် အထည်ဒြပ်ရကောင်းသော ရုပ်တရားမဟုတ်၊ အထည်ဒြပ်မရကောင်းသည့်နာမ်တရားသာ။ သို့သော် သူက အာရုံနှင့်တိုက်ခိုက်သွားသလိုပဲ ထင်ရှား၏။

ဥပမာ - ချဉ်သီးစားနေသည်ကို မြင်ရလျှင် သွားရည်ယိုတတ်ရာ၌ ချဉ်သီးသည် အရသာကို စိတ်နှင့် တွေ့သည့်သဘောပင်။ သူတစ်ပါးအနှိပ်စက်ခံနေရတာကို မြင်ရလျှင် သနားတတ်သူမှာ စိတ်နှလုံးတုန်တတ်သည့် သဘော၊ အမြင့်တက်သည်ကို မြင်ရလျှင် မြေပြင်က ကြောက်တတ်သူမှာ ဒူးတုန်သည့်သဘောများမှာ အာရုံကိုထိတွေ့သည့် ဖဿသဘောများပင် ဖြစ်ပါ၏။

ဖဿ၏တွေ့ထိပုံမှာ တချို့ပုဂ္ဂိုလ်တို့မှာ တစ်ရံတစ်ခါ အလွန်ပြင်းထန်၏။ ပြင်းထန်သည့်အတွက် လွန်ကဲသည့် ဝေဒနာနှင့်တကွ ရာဂ၊ ဒေါသ စသည် အကြီးအကျယ်ဖြစ်တတ်၏။

ဖဿဒဏ်ကြောင့် ဝေဒနာနှင့်တကွ တဏှာ၊ ရာဂ၊ ဒေါသ၊ မာန၊ ဣဿာ၊ မစ္ဆရိယ စသည့်အကုသိုလ်တရားတွေ ဖြစ်နိုင်သလို ကြည်ညိုစရာအာရုံနှင့် စိတ်ထဲမှာ တွေ့ထိလို့ ကြည်ညိုမှုသဒ္ဓါတရားလည်း ဖြစ်တတ်၏။ ပေးလှူသင့်သည့် အလှူခံပုဂ္ဂိုလ် လှူဖွယ်ဝတ္ထုဆိုသည့် အာရုံမျိုးနှင့် တွေ့ထိရလို့ အလောဘလည်း ဖြစ်တတ်၏။ သည်းခံသင့်သည့်အနေအားဖြင့်တွေ့ရလို့ အဒေါသလည်း ဖြစ်တတ်၏။ ဘုရားအစရှိသော အာရုံတွေနှင့် တွေ့ရလို့ သတိအစရှိသော တရားတွေလည်း ဖြစ်တတ်၏။ ဤကား ကုသိုလ်ဆိုင်ရာတရားတွေ၊ ဖဿကြောင့် ဖြစ်ပုံပင်။

ထို့ကြောင့် **"ဖဿ သမုဒယာ သင်္ခါရ သမုဒယော"** ဖဿသမုဒယာ=ဖဿ၏ ဖြစ်ခြင်းကြောင့်၊ သင်္ခါရသမုဒယော=သင်္ခါရမည်သော (ငါးဆယ်သော) စေတသိက်နာမ်တရားတို့၏ ဖြစ်ခြင်းသည်၊ ဟောတိ=ဖြစ်၏ ဟု ပဋ္ဌသမ္ဘိဒါမဂ်၌ ဘုရားရှင် ဟောထားခြင်း ဖြစ်၏။

ထိုပဋိသမ္ဘိဒါမဂ်၌ ဝေဒနာ၊ သညာ၊ သင်္ခါရဆိုသော ထိုနာမ်ခန္ဓာသုံးမျိုးလုံးသည် ဖဿကြောင့် ဖြစ်သည်ဟု ပြဆိုထားခြင်းကို ထောက်ဆ၍ စေတသိက်နာမ်တရားတွေသည် ဖဿက တွေ့ထိပုံ ထက်သန်သလောက် ထက်သန်စွာ ဖြစ်ကြပုံကို သိရာ၏။

http://www.dhammadownload.com



အာယတနကြောင့် ဖဿဖြစ်ပုံ အသေးစိတ် ခွဲခြားပြီး ကြည့်ပါက-
မြင်သည့်အခါတွင် - ထိုဖဿသည်
(၁) ကြည်လင်သည့်မျက်စိရုပ်ရှိလို့လည်း မြင်ပြီးတွေ့ရ၏။ မျက်စိမရှိလျှင် ကား မမြင်နိုင်၊ မတွေ့နိုင်ပါ။
(၂) မြင်စရာအဆင်းရှိလို့လည်း တွေ့ပါ၏၊ အဆင်းမရှိလျှင်ကား မတွေ့ နိုင်ပါ။
(၃) မြင်သိမှုဆိုသည့်စိတ်ရှိလို့လည်း တွေ့ရ၏၊ မမြင်လျှင်ကား မတွေ့နိုင်ပါ။
ထိုအထဲတွင်
**"မျက်စိဆိုတာက - စက္ခာယတန"**
**"အဆင်းဆိုတာက - ရူပါယတန"**
**"မြင်သိသည်ဆိုတာက - မနာယတန"**

ထိုအာယတန သုံးပါးလုံးရှိပါမှ ထိုသုံးပါးကြောင့် မြင်ပြီးတော့ စိတ်ထဲမှာ အာရုံကို ထင်ရှားတွေ့သွား၏။ ထိုသို့ ထင်ရှားတွေ့သည့် သဘောသည်ပင် ဖဿ ဖြစ်၏။

ဤနေရာသည် ဘုရားရှင်က အလွန်အနုစိတ်ပြီး ခွဲခြားဟောတော်မူတာက-
မြင်သိတာက တခြား၊ မြင်တွေ့တာကတခြား ဟူသတည်း။
"စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော"
မြင်သည်ဆိုတာ - မျက်စိအကြည်ကလည်း ရှိပါမှ။
မြင်စရာအဆင်းကလည်း ရှိပါမှ ဖြစ်နိုင်၏။ ကြည်လင်သည့်မျက်စိရုပ်မရှိလျှင် မမြင်နိုင်သလို၊ မြင်စရာအဆင်းလုံးလုံးမရှိလျှင်လည်း မဖြစ်နိုင်ပါ။

မျက်စိ၊ အဆင်းနှင့် မြင်သိမှု၊ ထိုသုံးပါးပေါင်းဆုံမိမှ အဆင်းအာရုံကို စိတ်ထဲမှာ ထင်ရှားတွေ့သွားခြင်းဖြစ်လေရကား၊ ဤသည်ကို "မျက်စိ (စက္ခာယတန)၊ အဆင်း (ရူပါယတန)၊ မြင်သိမှု (မနာယတန) ဆိုသည့် အာယတန (အကြောင်း) သုံးပါး ကြောင့် စက္ခုသမ္ဖဿ ဆိုသော မြင်တွေ့မှု ဖြစ်သည်ဟု ဆိုရ၏။

http://www.dhammadownload.com



## ပဥ္စမပျို့လင်္ကာ

### ၅။ သဠာယတန ပစ္စယာ ဖဿော

၅။ ဓာတ်မှန်အကြည်၊ ခြောက်မျိုးတည်က
ခြောက်မည်အာရုံ၊ အလုံးစုံလည်း
ပုံသဏ္ဍာန်ရိပ်၊ နိမိတ်အသွင်၊ ကိုယ်လုံးထင်လျက်
ဝိညာဏ်ခြောက်ဆင့်၊ ဖွားဖွားပွင့်က
နှိုင်းသင့်တူမျှ၊ ပမာပြမူ
သိကြားစက်ရှိန်၊ လက်လက်ထိန်သား
ဝရဇိန်သွား၊ ရွပ်ရွပ်ဝါးသို့
ခြောက်ပါးဖဿ၊ ဖြန်းဖြန်းထ၍
ရသခြောက်မည်၊ အာရုံရည်ကို
ကြိတ်နည်သောအား၊ တွေ့ထိငြားက
ဤကားဣဋ္ဌ၊ အနိဋ္ဌနှင့်
ဤမျှမကောင်း၊ ဤမျှကောင်းဟု
အကြောင်းသွေးဆော်၊ အရေးပေါ်လျက်
ခြောက်ဖော်အာရုံ၊ ရသာဂုဏ်တို့
အကုန်ပေါ်ထွက်၊ ရွှန်းရွှန်းတက်၍
မက်ဖွယ်မုန်းဖွယ်၊ အနှုန်းခြယ်သည်
ခြောက်သွယ်ဖဿ၊ စွမ်းရည်တည်း။ ။(အရဆောင်လေ)။

## ပဥ္စမပျို့လင်္ကာ အကျဉ်းအဓိပ္ပာယ်သိမြင်လွယ်

### ၅။ သဠာယတန ပစ္စယာ ဖဿော

(လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသမဟာထေရ်)

သဠာယတနဆိုတဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် အကြည်ခြောက်မျိုးကို အခြေခံပြီးတော့ ဖဿဖြစ်တယ်။

ဒါနဲ့ပတ်သက်လို့ ဆရာတော်ဘုရားကြီးက "ဓာတ်မှန်အကြည်ခြောက်မျိုးတည်က၊ ခြောက်မည်အာရုံ၊ အလုံးစုံလည်း၊ ပုံသဏ္ဍာန်ရိပ်၊ နိမိတ်အသွင်၊ ကိုယ်လုံး

http://www.dhammadownload.com



ထင်လျက်၊ ဝိညာဏ်ခြောက်ဆင့်၊ ဖွားဖွားပွင့်က၊ နှိုင်းသင့်တူမျှ၊ ပမာပြမူ၊ သိကြားစက်ရှိန်၊ လက်လက်ထိန်သား ”

အဲဒီလိုပဲတဲ့-

- စည်ပြင်နဲ့တူတဲ့ - မျက်စိအကြည်
- လက်ရိုက်တုတ်နဲ့တူတဲ့ - အဆင်းရူပါရုံ
- အသံဟိန်းလာတာနဲ့တူတဲ့ - မြင်သိစိတ်

ဒီလိုဖြစ်ပေါ်လာရာမှာ တစ်မျိုးတည်းနှင့် မြင်နိုင်တာမဟုတ်ပါ။ တစ်နည်းအားဖြင့် -

ကောင်းကင်မှာ မိုးတိမ်တွေ၊ တစ်ခုနှင့်တစ်ခု မတိုက်ခိုက်လျှင် ဘာမျှမဖြစ်သေးပါ။ မိုးတိမ်တစ်ခုနှင့်တစ်ခု တိုက်မိပြီဆိုသည့်အခါ လျှပ်ရောင်တွေ၊ အရောင်လင်းတွေ ထွက်ပေါ်လာတယ်၊ ထိုသို့ မိုးတိမ်ချင်းတိုက်သလို အဆင်းရူပါရုံနှင့် စက္ခုပသာဒ-မျက်စိအကြည်ဓာတ်တိုက်ခိုက်မိရာမှာ လျှပ်ရောင်ပေါ်လာသလို မြင်သိစိတ် (စက္ခုဝိညာဏ်စိတ်) ပေါ်လာခြင်းဖြစ်တယ်။

အဆင်းမျိုးစုံ ရူပါရုံနှင့် မျက်စိအကြည်ဓာတ်ကလေး တိုက်မိတော့ စက္ခုဝိညာဏ်-မြင်သိစိတ်။

နားအကြည်ဓာတ်နှင့် အသံမျိုးစုံ သဒ္ဒါရုံ တွေ့ကြုံတဲ့အခါကျတော့ သောတဝိညာဏ်-ကြားသိစိတ်။

ထိုသို့အားဖြင့် စိတ်တွေဟာ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ လျက်သိစိတ်၊ ထိသိစိတ်၊ တွေးကြံသိစိတ်တွေ ဖြစ်ပေါ်လာပေတယ်။

ဝိဇ္ဇာမယဉာဏ်ပညာနှင့် လူပုံတစ်ခု ပြုလုပ်ပြီး ထိုလူပုံ ဓာတ်ရုပ်ကြီးတွင် တပ်ဆင်ထားသော ဓာတ်မှန်ဘီလူး၌ လာပြီးထင်သောအခါ မီးတောက်ကြီးတွေ ထပြီး တောက်လေသကဲ့သို့ ဝိဇ္ဇာမယဓာတ်ရုပ်ကြီးနှင့် တူသည့် မျက်စိအကြည်ဓာတ်ကလေးကို အဆင်းမျိုးစုံ ဆီမှလာပြီး တိုက်တဲ့အခါ မြင်သိစိတ်ဆိုတာ ပေါ်လာရပေသည်။

တစ်နည်းအားဖြင့် စည်မျက်နှာပြင်ကို လက်ရိုက်တုတ်နှင့် ရိုက်လိုက်သည့်အခါ အသံထွက်ပေါ်လာရာ၌ စည်မျက်နှာပြင်၊ လက်ရိုက်တုတ်၊ အသံတို့ ဖြစ်ပေါ်လာတယ်။

http://www.dhammadownload.com



"ဝိညာဏ်ခြောက်ဆင့်၊ ဖွားဖွားပွင့်က၊ နှိုင်းသင့်တူမျှ၊ ပမာပြမူ၊ သိကြားစက်ရှိန်၊ လက်လက်ထိန်သား၊ ဝရဇိန်သွား၊ ရှပ်ရှပ်ဝါးသို့၊ ခြောက်ပါးဖဿ၊ ဖြန်းဖြန်းထ၍"

အဲဒီတော့မှ ဖဿ-တွေ့ထိမှုဖြစ်လာတယ်၊ စက္ခုပသာဒ-မျက်စိအကြည်ဓာတ်နှင့် ရူပါရုံထိခိုက်လို့ မြင်သိစိတ်ပေါ်၊ အဲဒီသုံးမျိုး ဆုံစည်းမှု ဖြစ်ပေါ်သည့်အခါ ဖဿဖြစ်လာတယ်။

အဲဒီဖဿဖြစ်ပေါ်တဲ့အခါ -

"ခြောက်ပါးဖဿ၊ ဖြန်းဖြန်းထ၍၊ ရသခြောက်မည်၊ အာရုံရည်ကို၊ ကြိတ်နယ်သောအား၊ တွေ့ထိငြားက၊ ဤကားဣဋ္ဌ၊ အနိဋ္ဌနှင့်၊ ဤမျှမကောင်း၊ ဤမျှကောင်းဟု" စောစောကမြင်စိတ်ကလေးဆိုရာမှာ မြင်တာနဲ့ သိတာ တခြားစီပါ။ မြင်တော့ သိတာပါပဲ၊ ဒါပေမဲ့ ဣဋ္ဌာရုံလား၊ အနိဋ္ဌာရုံလား၊ ကောင်းသလား၊ မကောင်းဘူးလား၊ အဲဒီဟာတွေက ဖဿအခိုက်ကျမှ ဒါကောင်းတယ်၊ ဒါဣဋ္ဌာရုံပဲ၊ ဒါကတော့ မကောင်းဘူး၊ အနိဋ္ဌာရုံပဲ၊ ဤအာရုံက ကောင်းတယ်။ ဤအာရုံက မကောင်းဘူး ဆိုတာ ဖဿ၏ အလုပ်ပါ။

ဒီလိုဆိုတော့ ဖဿကတော်တော်အရေးကြီးတယ်၊ ဖဿသန်လျှင် ဝေဒနာသန်တယ်၊ ခံစားချက်သန်ပေတယ်။ ဝေဒနာခံစားချက်သန်လျှင် တဏှာသန်ပေတယ်။ ထို့အတူ ဖဿပျော့လျှင် ဝေဒနာပျော့၍၊ ဝေဒနာပျော့လျှင် တဏှာလည်း ပျော့ပေတယ်လို့ လယ်တီဆရာတော်ဘုရားကြီးက မိန့်ဆိုထားတယ်။

(၆၂) ပါးသော ဒိဋ္ဌိတွေဟာ ထိုဖဿနဲ့တွေ့ထိ၊ တွေ့ထိပြီးခံစားကြတယ်၊ ခံစားမှုဝေဒနာကြောင့် တဏှာဖြစ်တယ်။ တဏှာကြောင့် ဥပါဒါန်ဖြစ်၊ ဥပါဒါန်ကြောင့် ဘဝဖြစ်ဆိုပြီး မကောင်းသည့်ဆိုးကျိုးတွေ တစ်ခါထဲ ဖဿကိုအခြေခံပြီးဖြစ်ပုံကို ဘုရားရှင်ကလည်း ဟောကြားတော်မူပေသည်။

ထိုသို့ ဟောတော်မူရာ၌ နာမ်ရုပ်ကြောင့် အတွင်းအာယတန ဖြစ်တယ်၊ အတွင်းအာယတနခြောက်မျိုး ဖြစ်သည့်အတွက် အပြင်အာရုံတွေကို လက်ခံပါတယ်။ လက်ခံပြီးတော့ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ လျက်သိစိတ်၊ ထိသိစိတ်၊ တွေးကြံသိစိတ်တွေ ဖြစ်ပေါ်လာတယ်။ ထိုသို့ မြင်သိစိတ် စသည် ဖြစ်ပေါ်လာတဲ့အခါ အာရုံ၏အရသာကို ကောင်း၊ မကောင်း ဆီကြိတ်သလို၊ နှမ်းကြိတ်သလို တွေ့ထိမှု ဖြစ်ပေါ်လာတာ ဖဿ။

http://www.dhammadownload.com



ဖဿခြောက်မျိုး ဖြစ်ပေါ်လာတယ်။

မြင်တာကို အကြောင်းပြုပြီးတော့ ဖဿဖြစ်တယ်။ ကြားတာ၊ နံတာ၊ လျက်တာ၊ တွေ့ထိတာ၊ တွေးကြံသိတာ အသီးသီးတို့ကို အကြောင်းပြုပြီးတော့လည်း ဖဿအသီးသီးဖြစ်ကြတယ်။

ဒါကြောင့် ဖဿ၏စွမ်းအင်က "ခြောက်ပါးဖဿ၊ ဖြန်းဖြန်းထ၍၊ ရသခြောက်မည်၊ အာရုံရည်ကို၊ ကြိတ်နယ်သောအား၊ တွေ့ထိခြားက၊ ဤကား ဣဋ္ဌ၊ အနိဋ္ဌနှင့် ဤမျှ မကောင်း၊ ဤမျှ ကောင်းဟု၊ အကြောင်းသွေးဆော်၊ အရေးပေါ် လျက်၊ ခြောက်ဖော်အာရုံ၊ ရသဂုဏ်တို့၊ အကုန်ပေါ် ထွက်၊ ရွှန်းရွှန်းတက်၍၊ မက်ဖွယ်မုန်းဖွယ်၊ အနှုန်းခြယ်သည်၊ ခြောက်သွယ်ဖဿ၊ စွမ်းရည်တည်း။"

အဲဒီမှာ လောဘ၊ ဒေါသ၊ မောဟ မီးတောက်လာတယ်၊ မြင်တာကို အကြောင်းပြုပြီး လောဘမီး တောက်လောင်တယ်၊ ဘုန်းကြီးတို့တတွေ တရားရှုမှတ်သည့်အခါ ဖဿ၏သဘောထား၊ အာယတနတို့၏ ဖြစ်ပုံ (သမုဒယဋ္ဌ)၊ ပျက်ပုံ (အတ္ထင်္ဂမဋ္ဌ)၊ သာယာ ဖွယ်ဖြစ်ပုံ (အဿဒဋ္ဌ)၊ အပြစ်အနာအဆာဖြစ်ပုံ (အာဒီနဝဋ္ဌ)၊ ထွက်မြောက်ပုံ (နိဿရဏဋ္ဌ) တွေကို စဉ်းစားဆင်ခြင်ပြီးတော့ ကြည့်ရတာ၊ ဒါတွေမြင်အောင် ကြည့်တာကိုပဲ တရားအားထုတ်တယ်လို့ ဆိုသည့်အတိုင်း မိမိတို့သည် ထိုရုပ်နာမ်ကြောင့် ဖြစ်သည့်အာယတနခြောက်မျိုး (အတွင်းအာယတန အကြည်ဓာတ်ခြောက်မျိုး)၊ ထို အကြည်ဓာတ်ခြောက်မျိုးတို့နှင့်တကွ၊ အပြင် (အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ ကြံသိဖွယ်) အာရုံတွေကို အခြေခံပြီးမှ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ လျက်သိစိတ်၊ ထိသိစိတ်၊ တွေးကြံသိစိတ်တွေ ဖြစ်ပေါ်၊ ထိုသို့ ဖြစ်ပေါ်ပြီး တော့မှ ဖဿခြောက်မျိုးဖြစ်ပေါ်လာသည်ကို သိလေရာ၏။

http://www.dhammadownload.com



## ပဉ္စမပဏ္ဏာသကော အဖြေလွှာ

## ၅။ သဠာယတန ပစ္စယာ ဖဿော

(မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး)

### ဓာတ်မှန်အကြည်ခြောက်မျိုး၌ ပုံသဏ္ဌာန်အရိပ်နိမိတ် အသီးသီးထင်ပုံ

သဠာယတနခေါ်သော ဓာတ်မှန်အကြည်ခြောက်မျိုးတို့ ဤကိုယ်ခန္ဓာ၌ သူ့နေရာနှင့်သူ တည်ကြ၊ ဖြစ်ပွားကြသည်ရှိသော်၊ မှန်အပြင်၌ အရိပ်ထင်သကဲ့သို့

(၁) စက္ခုဒ္ဒါရ = မျက်စိဓာတ်မှန်အကြည်၌ အဆင်းမျိုးစုံ ရူပါရုံတို့ ပုံသဏ္ဌာန် အရိပ်နိမိတ် အသွင်ထင်လာကြ၏။

(၂) သောတဒ္ဒါရ = နားဓာတ်မှန်အကြည်၌ အသံမျိုးစုံ၊ သဒ္ဒါရုံတို့ ပုံသဏ္ဌာန် အရိပ်နိမိတ် အသွင်ထင်လာကြ၏။

(၃) ဃာနဒ္ဒါရ = နှာခေါင်းဓာတ်မှန်အကြည်၌ အနံ့မျိုးစုံ၊ ဂန္ဓာရုံတို့ ပုံသဏ္ဌာန် အရိပ်နိမိတ် အသွင်ထင်လာကြ၏။

(၄) ဇိဝှါဒ္ဒါရ = လျှာဓာတ်မှန်အကြည်၌ ရသာမျိုးစုံ၊ ရသာရုံတို့ -

(၅) ကာယဒ္ဒါရ = ကိုယ်ဓာတ်မှန်အကြည်၌ အတွေ့မျိုးစုံ၊ ဖောဋ္ဌဗ္ဗာရုံတို့ -

(၆) မနောဒ္ဒါရ = စိတ်ဝိညာဏ်ဓာတ်မှန်အကြည်၌ အာရုံခြောက်ပါးတို့ ထိုက်သည့် အားလျော်စွာ - ပုံသဏ္ဌာန် အရိပ်နိမိတ် အသွင် ထင်လာကြ၏။

### ဝိညာဏ်ခြောက်ပါး တဖွားဖွားပွင့်ပုံ

ထိုသို့ ဆိုင်ရာဒွါရ၌ ဆိုင်ရာအာရုံတို့ထင်ကြသောအခါ (မီးခတ်သံနှင့် မီးခတ်ကျောက်တို့ တိုက်ခိုက်မိသောအခါ မီးပွားများပွင့်သကဲ့သို့) မြင်မှု၊ ကြားမှု၊ နံမှု၊ လျက်မှု၊ ထိမှု၊ သိမှု တည်းဟူသော ဝိညာဏ်ခြောက်ပါးတို့ ဆိုင်ရာဒွါရ၌ တဖွားဖွား ပွင့်၍ ဖြစ်၍ လာကြလေ၏။

### ဖဿခြောက်ပါး ဖြန်းဖြန်းထပုံ

ထိုသို့ ဒွါရ၊ အာရုံ၊ ဝိညာဏ် သုံးပါးတို့ ပေါင်းဆုံမိခြင်းကို အကြောင်းပြု၍ -

စက္ခုဒွါရ = မျက်စိအကြည်၊ အဆင်း = ရူပါရုံ၊ မြင်မှု = စက္ခုဝိညာဏ် ဤသုံးပါး ပေါင်းဆုံမိခြင်းကြောင့် စက္ခုသမ္ဖဿ = မျက်စိအတွေ့၊ ဖြန်းဖြန်းထ၍

http://www.dhammadownload.com



လာလေသည်။ သောတဒွါရ = နားအကြည်၊ အသံ = သဒ္ဒါရုံ၊ ကြားမှု = သောတ ဝိညာဏ်၊ ဤသုံးပါး ပေါင်းဆုံမိခြင်းကြောင့် သောတသမ္ဖဿ၊ နားအတွေ့ ဖြန်းဖြန်း ထ၍ လာလေ၏။ (ပ) ကာယဒွါရ = ကိုယ်အကြည်၊ အတွေ့မျိုးစုံ = ဖောဋ္ဌဗ္ဗာရုံ၊ ထိမှု = ကာယဝိညာဏ်၊ ဤသုံးပါး ပေါင်းဆုံမိခြင်းကြောင့် ကိုယ်အတွေ့ ဖြန်းဖြန်းထ၍ လာလေ၏။ မနောဒွါရ= စိတ်အကြည်၊ အာရုံခြောက်ပါးတို့တွင် တစ်မျိုးမျိုး၊ သိမှု = မနောဝိညာဏ်၊ ဤသုံးပါး ပေါင်းဆုံမိခြင်းကြောင့် မနောသမ္ဖဿစိတ်တွေ ဖြန်းဖြန်း ထ၍ လာလေ၏။

**အာရုံကောင်း၊ မကောင်း ဖော်ထုတ်၊ ဖဿအလုပ်**

ထိုဖဿခြောက်ပါးတို့သည် သိကြားလက်နက်၊ ဝဇီရစိန်လက်နက်ကဲ့သို့ ဆိုင်ရာအာရုံများ၏ ဣဋ္ဌရသ = ကောင်းသောရသာရည်၊ အနိဋ္ဌရသ = မကောင်းသော ရသာရည်များ ထင်ရှားပေါ် ထွက်လာအောင် ဖိနှိပ်ကြိတ်နယ်ပေးကြလေသည်။

စက္ခုသမ္ဖဿ = မျက်စိအတွေ့က စက္ခုဒွါရ၌ ထင်လာသောရူပါရုံအမျိုးမျိုး၏ ဣဋ္ဌရသ၊ အနိဋ္ဌရသများ ထင်ရှားပေါ် ထွက်လာအောင် ဖိနှိပ်ကြိတ်နယ်ပေးလေသည်။ ကျန်သော ဖဿငါးပါးကလည်း မိမိတို့ဆိုင်ရာဒွါရ၌ ထင်လာသော အာရုံတို့၏ ဣဋ္ဌရသ၊ အနိဋ္ဌရသများ ထင်ရှားပေါ် ထွက်လာအောင် ဖိနှိပ်ကြိတ်နယ်ပေးလေသည်။

စက္ခုသမ္ဖဿ = မျက်စိအတွေ့က ရူပါရုံအမျိုးမျိုးကို ဖိနှိပ်ကြိတ်ဝါးပေးသည့်အလား တွေ့ထိပေးမှုကြောင့် ထိုရူပါရုံအမျိုးမျိုးတို့အနက် ဣဋ္ဌရူပါရုံမှ ဣဋ္ဌရသာရည်များ၊ အနိဋ္ဌရူပါရုံမှ အနိဋ္ဌရသာရည်များ တဒီးဒီး ယိုစီး၍ ကျလာသည့်အလား ထင်ရှား ပေါ် လွင်လာလေသည်။

ထို့အတူ

- သောတသမ္ဖဿ = နားအတွေ့က သဒ္ဒါရုံအမျိုးမျိုးကို
- ဃာနသမ္ဖဿ = နှာခေါင်းအတွေ့က ဂန္ဓာရုံအမျိုးမျိုးကို
- ဇိဝှါသမ္ဖဿ = လျှာအတွေ့က ရသာရုံအမျိုးမျိုးကို
- ကာယသမ္ဖဿ = ကိုယ်အတွေ့က ဖောဋ္ဌဗ္ဗာရုံအမျိုးမျိုးကို
- မနောသမ္ဖဿ = စိတ်အတွေ့က မနောဒွါရ၌ ထင်လာသော အာရုံ

ခြောက်ပါးတို့အနက် တစ်မျိုးမျိုးကို ဖိနှိပ် ကြိတ်ဝါးပေးသည့်အလား တွေ့ထိပေးမှုကြောင့် ထိုအာရုံတို့အနက် ဣဋ္ဌအာရုံတို့မှ ဣဋ္ဌရသာရည်များ၊ အနိဋ္ဌအာရုံတို့မှ အနိဋ္ဌ

http://www.dhammadownload.com



ရသာရည်များ တဒီးဒီး ယိုစီး၍ ကျလာသည့်အလား ထင်ရှားပေါ်လွင်၍ လာကြလေသည်။

ဖဿအားကောင်းလျှင် အားကောင်းသလောက် အာရုံ၏ ဣဋ္ဌရသာရည်များ၊ အနိဋ္ဌ ရသာရည်များ ထင်ရှားပေါ်လွင်၍ လာကြလေသည်။

ယင်းသို့ ဣဋ္ဌရသာရည်များ ထင်ရှားပေါ်လွင်လာသောအခါ အလိုရှိအပ်သော အရာဝတ္ထု၊ ကောင်းသောအရာဝတ္ထု၊ တပ်မက်ဖွယ်အရာဝတ္ထုဟူ၍ မှတ်ယူကြလေတော့၏။ အနိဋ္ဌရသာရည်များ ထင်ရှားပေါ်လွင်လာသောအခါ အလိုမရှိအပ်သော အရာဝတ္ထု၊ မကောင်းသောအရာဝတ္ထု၊ ရွံမုန်းဖွယ် အရာဝတ္ထုဟူ၍ မှတ်ယူကြလေတော့၏။

ဤသို့ အလိုရှိအပ်သောအရာဝတ္ထု၊ အလိုမရှိအပ်သောအရာဝတ္ထု၊ ကောင်းသောအရာဝတ္ထု၊ မကောင်းသောအရာဝတ္ထု၊ တပ်မက်ဖွယ်သောအရာဝတ္ထု၊ ရွံမုန်းဖွယ်အရာဝတ္ထု ဟူ၍ စွဲမှတ်ယူရလေအောင် အာရုံ၏ ဣဋ္ဌရသာရည်များ၊ အနိဋ္ဌရသာရည်များ ထင်ရှားပေါ်လွင်လာလေအောင် ဖိနှိပ်ကြိတ်ဝါးပေးသည့်အလား တွေ့ထိပေးမှုသည် ဖဿ၏ စွမ်းရည်သတ္တိဖြစ်လေသည်။

## ပဥ္စမပျို့လင်္ကာ အဖြေလွှာ

## ၅။ သဠာယတန ပစ္စယာ ဖဿော

(လယ်တီဆရာတော်ဘုရားကြီး)

"ဓာတ်မှန်အကြည်၊ ခြောက်မျိုးတည်က၊ ခြောက်မည်အာရုံ၊ အလုံးစုံလည်း ပုံသဏ္ဍာန်ရိပ်၊ နိမိတ်အသွင်၊ ကိုယ်လုံးထင်လျက်၊ ဝိညာဏ်ခြောက်ဆင့်၊ ဖွားဖွားပွင့်က နှိုင်းသင့်တူမျှ၊ ပမာပြမူ၊ သိကြားစက်ရှိန်၊ လက်လက်ထိန်သား၊ ဝရဇိန်သွား၊ ရှပ်ရှပ် ဝါးသို့ ခြောက်ပါးဖဿ၊ ဖြန်းဖြန်းထ၍"

ဟူသော လင်္ကာဝါကျ၌

အာယတနဒွါရခေါ်သော အကြည်ဓာတ်ခြောက်မျိုး ပြည့်၍နေသော ဤခန္ဓာကိုယ်ကောင်ကြီးသည် ဝိဇ္ဇာမယပညာဖြင့် စီရင်၍ထားသော ဓာတ်ရုပ်ကြီးနှင့် တူ၏။

http://www.dhammadownload.com



## ဓာတ်ရုပ်ကြီးပမာ ကိုယ်ခန္ဓာ

စီရင်ပုံကား ဝိဇ္ဇာမယပညာဖြင့် အင်္ဂါကြီးငယ်နှင့်တကွ သတ္တဝါကောင် သဏ္ဌာန်ပြုလုပ်၍ မျက်စိမှာ မီးမှန်ဓာတ်တစ်ခု ထား၏။ ထိုမှန်ကို ဖွင့်ထားသည်ရှိသော် ထိုမှန်မျက်နှာစာတွင် အဝေး၊ အနီး ရှိကြသော သက်ရှိသက်မဲ့ ဝတ္ထုတို့၏ အရိပ်အသွင်တို့သည် ထိုမှန်ထဲမှာ ထင်ကုန်၏။ ထင်တိုင်း၊ ထင်တိုင်းလည်း ထိုမှန်အပြင်မှာ မီးတောက်၏။ ပိတ်လိုက်ပြန်လျှင် ထင်သမျှသော အရိပ်အသွင်တို့သည် ကွယ်ပျောက်ကုန်၏။ မှန်အပြင်မှာ တောက်သော မီးတောက်လည်း ကွယ်ပျောက်လေ၏။

## အာရုံ ဝတ္ထုပေါင်းဆုံမှုကြောင့် ဝိညာဏ်ခြောက်ပါး တဖွားဖွား ပေါ်ပုံ

ဤဥပမာ၌ ဓာတ်မှန်အပြင် အရိပ်အသွင်တို့၏ ထင်မှုဒဏ်ချက်ကြောင့် မီးတောက်သည်။ ထင်မှုကွယ်ပျောက်လျှင် ထိုမီးတောက် လည်းသေလေ၏။

- ဓာတ်မှန်အပြင်နှင့် **စက္ခုအကြည်** တူ၏။
- ဗဟိဒ္ဓဝတ္ထုနှင့် အဆင်းသဏ္ဌာန်ဟူသော **ရူပါရုံ**တို့သည် တူကြကုန်၏။
- ထိုဝတ္ထု၏ ဓာတ်မှန်အပြင်၌ အရိပ်အသွင်ထင်မှု၊ ခိုက်မှုနှင့် ရူပါရုံတို့၏ စက္ခုအကြည်မှာ အရိပ်အသွင် ထင်မှု၊ ခိုက်တိုက်ထိပါးမှု (ဖဿ) တူကြကုန်၏။
- မီးတောက်သည်နှင့် **စက္ခုဝိညာဏ်**ဖြစ်ပေါ်မှု တူကြကုန်၏။
- ထင်သောအရိပ်အသွင်တို့ ကွယ်ပျောက်လျှင် မီးတောက်သေပျောက်သည်နှင့် ထင်မှု တိုက်ခိုက်မှု (ဖဿ) မရှိလျှင် စက္ခုဝိညာဏ်၏ ချုပ်မှု တူကြကုန်၏။

သောတအကြည် ၁ + သဒ္ဒါရုံ ၁ + သောတဝိညာဏ် ၁ = ဓာတ်ဘက် ၃-ခု

ဃာနအကြည် ၁ + ဂန္ဓာရုံ ၁ + ဃာနဝိညာဏ် ၁ = ဓာတ်ဘက် ၃-ခု

ဇိဝှါအကြည် ၁ + ရသာရုံ ၁ + ဇိဝှါဝိညာဏ် ၁ = ဓာတ်ဘက် ၃-ခု

ကာယအကြည် ၁ + ဖောဋ္ဌဗ္ဗာရုံ ၁ + ကာယဝိညာဏ် ၁ = ဓာတ်ဘက် ၃-ခု

ဘဝင်ခေါ် မနောအကြည်ကြီး ၁ + အာရုံခြောက်ပါးတွင် တစ်ပါးပါး ၁ + မနောဝိညာဏ် = ဓာတ်ဘက် ၃-ခု

(ဤငါးရပ်တို့ကိုလည်း စက္ခုအကြည်၌ကဲ့သို့ ဓာတ်ရုပ်ကြီးဥပမာ အသီးသီး ထုတ်၍ သိပါလေ)

http://www.dhammadownload.com



တစ်နည်းကား-

- စည်မျက်နှာပြင်နှင့် အကြည်ခြောက်ပါး တူ၏။
- စည်တီးသောတုတ်တံနှင့် အာရုံခြောက်ပါး တူ၏။
- တီး၍ဖြစ်သောအသံနှင့် ထိခိုက်၍ဖြစ်သော ဝိညာဏ်ခြောက်ပါး တူ၏။

ဤဥပမာတို့ဖြင့်-

စိတ်ဝိညာဏ်ခြောက်ပါးမည်သည် သတ္တဝါတို့၏ ကိုယ်သန္တာန်မှာ အမြဲတည်၍နေကြသော တရားစုမဟုတ်၊ အာရုံခိုက်မှု၊ ထင်မှု၊ ဒဏ်ချက်ကြောင့် အလှည့်အလည်အားဖြင့် ကိုယ်တွင်းမှာ ဖြစ်ချည်၊ ပျောက်ချည်နေကြသော အာရုံဓာတ်တို့သာ တည်းဟူသော အဓိပ္ပါယ်ကို ပြ၏။

ထိုဝိညာဏ်ခြောက်ပါးတို့တွင် နှလုံးတွင်းဟဒယဝတ္ထုမှာ ဖြစ်ပေါ်သော ဇောဝိညာဏ်စုသည် အလွန်အဟုန်ကြီးလှစွာ၏။ သတ္တဝါတို့သည် ထိုဇောဝိညာဏ်အစဉ်ဖြင့် ခပ်သိမ်းသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု ကို ပြု၍ ပြီးစေကြရကုန်၏။ (ဤကား အကြည်ခြောက်ပါး၊ အာရုံခြောက်ပါးထင်ခြင်းကြောင့် ကိုယ်သန္တာန်မှာ ဝိညာဏ်ခြောက်ပါး တဖွားဖွားပေါ်ပုံ၊ တဖွားဖွားပွင့်ပုံတည်း။)

စက္ခုအကြည်မှာ လူရိပ်စသည် ထင်သည်၊ ထိခိုက်သည်နှင့် တစ်ပြိုင်နက် စက္ခုဝိညာဏ်လည်း ဖြစ်ပေါ်၏။ စက္ခုသမ္ဖဿလည်း ဖြစ်ပေါ်၏။

ထို့အတူ သောတအကြည်၊ သဒ္ဒါရုံ သောတဝိညာဏ် သုံးပါးပေါင်းဆုံမိသည်နှင့် တစ်ပြိုင်နက် သောတသမ္ဖဿ ဖြစ်ပေါ်၏။ (ပ) ကာယအကြည်၊ ဖောဋ္ဌဗ္ဗာရုံ၊ ကာယဝိညာဏ် သုံးပါးပေါင်းဆုံမိသည်နှင့် တစ်ပြိုင်နက် ကာယသမ္ဖဿ ဖြစ်ပေါ်၏။

ဘဝင်မနော၊ အာရုံခြောက်ပါးတွင် တစ်ပါးပါး၊ မနောဝိညာဏ်သုံးပါး ပေါင်းဆုံမိသည်နှင့် တစ်ပြိုင်နက် မနောသမ္ဖဿ ဖြစ်ပေါ်၏။

## အာရုံ၏ ရသရည်ကို ကြိတ်နယ်ဖော်ထုတ် ဖဿအလုပ်

စက္ခုသမ္ဖဿဆိုသည်ကား မျက်စိအတွေ့တည်း၊ မျက်စိအတွေ့ဆိုသည်ကား မျက်စိတွင် ထင်ပြတိုက်ခိုက်လာသော အဆင်းသဏ္ဌာန်၏ ကောင်း၊ မကောင်းသော ရသကို ကြိတ်နယ်၍ ယူခြင်းတည်း။ အာရုံ၏အရသာကို ညှစ်ညှပ်ကြိတ်နယ်၍ ထုတ်ခြင်းတည်း။

http://www.dhammadownload.com



အဆင်း၌ လှပတင့်တယ် နှစ်သက်ဖွယ်သောဂုဏ်ကို ကောင်းသောရသဆို၏။ မလှပ၊ မတင့်တယ် နှစ်သက်ဖွယ်မရှိသည်ကို မကောင်းသော ရသဆိုသည်။

**"စက္ခုအကြည်"** သည် မိမိမှာ ထင်လာသော **အဆင်းကို လက်ခံရုံမျှသာ စွမ်းနိုင်သည်။ ထိုအဆင်းကို အာရုံမပြုနိုင်။**

**"စက္ခုဝိညာဏ်"** သည် ထိုအဆင်းကို **အာရုံပြုရုံမျှသာ** ပြုနိုင်သည်။ ကောင်းသောရသ၊ မကောင်းသောရသကို ထင်ရှား၍လာအောင် ကြိတ်နှိပ်ခြင်းကို မပြုတတ်။

**"ဇသောစေတ်"** သည်သာလျှင် အာရုံကောင်းလျှင် ကောင်းသလောက်၊ မကောင်းလျှင် မကောင်းသလောက်၊ ဣဋ္ဌရသ၊ အနိဋ္ဌရသကို အကုန်ထွက်ပေါ် ထင်ရှား၍ လာအောင် **ကြိတ်နှိပ်ဖိညှပ်၍ ထုတ်နိုင်သည်။**

ထိုဇသော၏ ဖိနှိပ်ကြိတ်ဝါးမှုသည် တောင်အထုသစ်ပင်အထုကို ပစ်ခွင်းဖြိုခွဲ လိုက်သော ဝရဇိန်လက်နက် မိုးကြိုးစက်သွားသည် တောင်သစ်ပင်တို့ကို မှုန့်မှုန့်ညက် ညက်ကြိတ်ဝါး၍ သွားဘိသကဲ့သို့ အာရုံကိုမြေမြေပါအောင် ဖိနှိပ်ကြိတ်နယ်၍ အာရုံ ၏ရသကို ထုတ်ဖော်မှုပေတည်း။ (နောက်နောက်သောအာရုံငါးပါး ဇသောငါးပါးတို့၌ လည်း ဤစက္ခုသမ္ဗသနည်းတူ ဥပမာနှင့်တကွ သိပါလေ)

ဤမျက်စိအတွေ့၊ နားအတွေ့ အစရှိသော ဇသောမှု မည်သည်၊ **ခံစား၊ စံစား သော အရာတို့၌လည်းကောင်း၊ တဏှာဖြင့် သာယာသော အရာတို့၌လည်း ကောင်း** ရွံ့မှု၊ စက်ဆုပ်မှု၊ **ကြောက်မှု၊ လန့်မှု၊ ထိခိုက်မှုတို့၌လည်းကောင်း၊ ဇသော သည် အချုပ်အခြာပဓာန** ဖြစ်၏။

- ဇသောသန်လျှင် ဝေဒနာသန်၏။ တဏှာသန်၏။
- ဇသောပျော့လျှင် ဝေဒနာပျော့၏။ တဏှာပျော့၏။

ယောကျ်ားတို့ မျက်စိအတွေ့တွင်လည်း မိန်းမတို့၏အဆင်းသဏ္ဌာန်နှင့် စပ် သော စက္ခုအတွေ့သည် အထန်ဆုံး၊ အသန်ဆုံး ဖြစ်၏။

- စက္ခုအတွေ့မှ လျောက်၍ မနောအတွေ့၌ ခိုက်လေ၏။
- ရှင်လန်းရုံမျှတွင် မရပ်မူ၍ ပူပန်သော ရာဂဇော လှိုင်းကြီးလာ၏။

လောက၌ **အဆင်းသဏ္ဌာန်မှာလည်း ကြည့်ရှု၍ကောင်းသည်၊ မကောင်းသည်ဟု** မျက်စိမှာ နှစ်ထွေ ဖြစ်ကြရသည်ကား စက္ခုသမ္ဗသ၏ အစွမ်း ပေတည်း။ အဆင်းသဏ္ဌာန်ကို မြင်၍ **ချစ်ခင်စုံမက်ဖွယ်၊ မုန်းဖွယ်၊** မြင် ပြင်းဖွယ်

http://www.dhammadownload.com



ဟု မျက်စိမှာ နှစ်တွေ ဖြစ်ကြရသည်လည်း စက္ခုသမ္ဖဿ၏ အစွမ်း ပေတည်း။ (သောတ စသည်တို့၌ လည်း ဤနည်းတူ သိလေ။)

ဤသည်ကိုရည်၍

"ခြောက်ပါးဖဿ၊ ဖြန်းဖြန်းထ၍ ရသခြောက်မည်၊ အာရုံရည်ကို ကြိတ်နည် သောအား၊ တွေ့ထိငြားက၊ ဤကားဣဋ္ဌ၊ အနိဋ္ဌနှင့်ဤမျှမကောင်း၊ ဤမျှကောင်း ဟု အကြောင်းသွေးဆော်၊ အရေးပေါ် လျက်၊ ခြောက်ဖော်အာရုံ ရသာဂုဏ်တို့ အကုန် ပေါ် ထွက်၊ ရွှန်းရွှန်းတက်၍၊မက်ဖွယ်မုန်းဖွယ်၊ အနှုန်းခြယ်သည်၊ ခြောက်သွယ်ဖဿ၊ စွမ်းရည်တည်း" ဟု စပ်ဆိုလေသည်။

## (၆) ဖဿ ပစ္စယာ ဝေဒနာ

### အရကောက်နှင့် သဘောသရုပ်ထင်လွယ် အဓိပ္ပာယ်

"ဝိညာဏ် ခြောက်ဝ၊ ယှဉ်တုံကြ၊ ဖဿ ဝေဒနာ" ဟူသော ပရမတ္ထ သံခိပ်အရ- ဖဿကိုလည်း ဝိညာဏ်ခြောက်ပါးနှင့်ယှဉ်သော ဝိပါက်ဖဿ ခြောက်ပါးကိုယူ။

ဝေဒနာခြောက်ပါးလည်း ထို့အတူ - စက္ခုသမ္ဖဿဇာဝေဒနာ၊ သောတ သမ္ဖဿဇာဝေဒနာ၊ ဃာနသမ္ဖဿဇာဝေဒနာ၊ ဇိဝှါသမ္ဖဿဇာဝေဒနာ၊ ကာယသမ္ဖဿဇာ ဝေဒနာ၊ မနောသမ္ဖဿဇာဝေဒနာဟူ၍ ဝေဒနာခြောက်ပါးကို ယူရ၏။

ဖဿကြောင့် ဝေဒနာဖြစ်သည် ဆိုရာဝယ် - ဖဿအဖြစ် လောကီဝိပါက် စိတ် ၃၂ ပါး၌ ယှဉ်သော ဖဿစေတသိက်။ ဝေဒနာအရ - ထိုလောကီဝိပါက်စိတ် ၃၂ ပါး၌ ယှဉ်သော - ဝေဒနာစေတသိက်ကို ကောက်ယူရ၏။

| | |
|---|---|
| စက္ခုသမ္ဖဿကြောင့် | - စက္ခုသမ္ဖဿဇာဝေဒနာဖြစ်၏။ |
| သောတသမ္ဖဿကြောင့် | - သောတသမ္ဖဿဇာဝေဒနာဖြစ်၏။ |
| ဃာနသမ္ဖဿကြောင့် | - ဃာနသမ္ဖဿဇာဝေဒနာဖြစ်၏။ |
| ဇိဝှါသမ္ဖဿကြောင့် | - ဇိဝှါသမ္ဖဿဇာဝေဒနာဖြစ်၏။ |
| ကာယသမ္ဖဿကြောင့် | - ကာယသမ္ဖဿဇာဝေဒနာဖြစ်၏။ |
| မနောသမ္ဖဿကြောင့် | - မနောသမ္ဖဿဇာဝေဒနာဖြစ်၏။ |

http://www.dhammadownload.com



## ဖဿကြောင့် ဝေဒနာဖြစ်ပုံ အကျဉ်းအစီပွာယ်

(မူလပဋ္ဌာန်းဆရာတော်ကြီး ဦးနာရဒ)

တွေ့ထိမှုစာတ်ရှိသော ဖဿက အာရုံ၏ အရသာကို ကောင်း၊ မကောင်း ညှစ်ထုတ်ပေးလိုက်သည့်အတိုင်း ဝေဒနာကလည်း ကောင်းလျှင် ကောင်းသလို၊ မကောင်းလျှင် မကောင်းသလို အာရုံ၏ အရသာကို အစိုးတရ ခံစား၏။ (စက္ခုသမ္ဖဿ ကြောင့်ဖြစ်သော ဝေဒနာသည် စက္ခုသမ္ဖဿဇာဝေဒနာမည်၏။ အကြွင်း နည်းတူသိ)။

## ဖဿကြောင့် ဝေဒနာဖြစ်ပုံ မကျဉ်းမကျယ် အစီပွာယ်

(ညောင်လေးပင် တောရဆရာတော်ဘုရားကြီး)

ဖဿကြောင့် ဝေဒနာဖြစ်သည်ဆိုတာ ထိုဖဿ (၆) ပါးနှင့်အတူ စက္ခုသမ္ဖဿ ဇာဝေဒနာ (ပ) မနောသမ္ဖဿဇာဝေဒနာဟူသော အမည်ဖြင့် အစဉ်အတိုင်း ခံစား တတ်သော ဝေဒနာ (၆) ပါး ဖြစ်ပေသည်။ တစ်နည်းအားဖြင့် အကောင်းကြိုက်သော သုခဝေဒနာ၊ အဆိုးကြိုက်သော ဒုက္ခဝေဒနာ၊ အလတ်ကြိုက်သော ဉပေက္ခာ ဝေဒနာ ဟု ဝေဒနာသုံးပါး ဖြစ်ပေသည်။

စင်စစ်အားဖြင့် ဖဿကလည်း အာရုံ အကောင်းစားထိခြင်း၊ အလတ်စား ထိ ခြင်း၊ အညံ့စားထိခြင်း ဟူ၍ သုံးမျိုးပြားသည့်အနက် တစ်မျိုးမျိုးထိမှုဖြင့် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဉပေက္ခာဝေဒနာဟူ၍ ဝေဒနာသုံးပါး တစ်ပါးပါး ခံစားခြင်းကိုဖြစ်စေပေ၏။

တစ်နည်းတော့လည်း တံခါးမကြီး (၆) ပေါက်က ဖဿ (၆) မျိုးကို အကြောင်း ပြု၍ စက္ခုသမ္ဖဿဇာဝေဒနာ၊ သောတသမ္ဖဿဇာဝေဒနာ စသည်ဖြင့် ဝေဒနာ (၆) မျိုးကို ဖြစ်စေပေ၏။ ထိလို့ ခံစားတာ ကိန်းသေမုချ ဖြစ်လို့ ဖဿတစ်ခုတည်းကိုပဲ ပြဋ္ဌာန်းပြီး 'ဖဿ ပစ္စယာ ဝေဒနာ' ဟု ဟောတော်မူ၏။

## ဖဿကြောင့် ဝေဒနာဖြစ်ပုံ မကျဉ်းမကျယ် အစီပွာယ်

(ဆရာကြီး ဦးကျော်ထွတ်)

အာယတန (၆) ပါးရှိလို့ ဖဿကလည်း (၆) ပါးရှိ၏။ အာယတန (၆) ပါးက ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဆိုသည့် အာရုံ (၆) ပါးနှင့် တိုက်ဆိုင်သည့် အခါမှာ ဖဿ (၆) ပါး ဖြစ်၏။ မတိုက်ဆိုင်သေးသည့်အခါမှာတော့ မဖြစ်ပါ။

http://www.dhammadownload.com



ဂုဏ္ဍသေယျက ပဋိသန္ဓေမျိုးဖြစ်သည့် လူပုဂ္ဂိုလ်များသည် အမိဝမ်းတွင်းမှာပင် အာယတနတွေ စုံခဲ့ပေ၏။ မွေးဖွားလာပြီး လူ့ဘဝရောက်သည့် အချိန်မှာ ဖဿ (၆) ပါး က ဖြစ်လာလေ၏။ အာယတန (၆) ပါး ရှိနေသရွေ့ အာရုံ (၆) ပါးနှင့် တွေ့ဆုံပြီး ဖဿ (၆) ပါး ဖြစ်နေရပေရာ ဖဿ (၆) ပါးရှိနေလျှင် ဝေဒနာကလည်း (၆) ပါးပဲ ရှိနေမည်သာ။

ပို၍ ရှင်းစေရန် ထိုဝေဒနာ (၆) ပါးကို ဝေဒနာသုံးမျိုးဖြင့် ပြဆိုရသော် ချမ်းသာသည်ဆိုသော သုခဝေဒနာ၊ ဆင်းရဲသည်ဆိုသော ဒုက္ခဝေဒနာ၊ ဆင်းရဲလည်း မဟုတ် ချမ်းသာလည်း မဟုတ်သော ဥပေက္ခာဝေဒနာ ထိုသုံးမျိုးသာ။

လူ့လောကကြီးမှာ သုခဝေဒနာဟူသော ချမ်းသာကို ရှာနေကြခြင်းသည် လည်း ဖဿကြောင့်ပင် ဖြစ်၏။ ဖဿဆိုသည်မှာ အာရုံ (၆) ပါးနှင့် တွေ့ထိတိုက်ဆိုင်သည့်အခါမှာ ချမ်းသာချင်၏။ လူတိုင်း လူတိုင်းသည် မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ တွေ့ထိတိုင်းမှာ စိတ်ချမ်းသာချင်ကြ၏။ အတွေ့တိုင်း အတွေ့တိုင်းမှာ စိတ်ချမ်းသာချင်ကြ၏။ ထိုသို့ချမ်းသာကိုရှာခြင်းသည် ဖဿကြောင့် ဝေဒနာဖြစ်ခြင်းပါ။

ဖဿ၏အကြောင်းကို ရှာပြန်တော့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဟူသော အာယတနရုပ်တွေ ရှိနေလို့ ဖဿဖြစ်ခြင်းပါ။ အာယတနမရှိလျှင် ဖဿလည်း မဖြစ်နိုင်ပါ။ ဤသို့အားဖြင့် ဖဿ၏ မမြဲပုံကို အကြောင်းအကျိုးနှင့် သိနိုင်၏။

အာယတန ဖြစ်ရခြင်းအကြောင်း ရှာပြန်တော့လည်း ဝိညာဏ်နှင့် နာမ်ရုပ် ဖြစ်လာလျှင် အာယတနတွေ ပေါက်ဖွားလာမည်ပင်။ အာယတနတွေ ဖြစ်လာတော့ လည်း ဖဿနှင့် ဝေဒနာလည်း ဖြစ်ကြမည်သာ။

ဤသို့အကြောင်းတရားတို့ကြောင့် အကျိုးတရားတွေ ဖြစ်နေပုံကို သိရှိခြင်း ဖြင့် အမှန်စင်စစ် လူဆိုတာ မရှိ။ ပဋိစ္စသမုပ္ပါဒ်သဘောအရ 'ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ' ဟူသော ဒုက္ခသစ္စာသာ ရှိကြ၍ ပုဂ္ဂိုလ်မရှိ သတ္တဝါမရှိ ငါ မရှိ၊ ငါတွေ့ ထိသည်၊ ငါ ခံစားသည် ဟူ၍ ပြုလုပ်သူ၊ ခံစားသူမရှိ၊ "ဖဿ"က တွေ့ထိ၍ "ဝေဒနာ" က ခံစားခြင်းမျှသာဟူ၍ သိရာ၏။

http://www.dhammadownload.com



## ဖဿကြောင့် ဝေဒနာဖြစ်ပုံ အပြည့်အစုံ

(မဟာစည်ဆရာတော်ဘုရားကြီး)

'သောတဉ္စ ပဋိစ္စ၊ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ

တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ"

သောတဉ္စ ပဋိစ္စ = နားကိုလည်း စွဲမှီ၍၊ သဒ္ဒေစ ပဋိစ္စ = အသံတို့ကိုလည်း စွဲမှီ၍၊ သောတဝိညာဏံ = ကြားသိမှု သောတဝိညာဏ်သည်၊ ဥပ္ပဇ္ဇတိ = ဖြစ်ပေါ်၏။ တိဏ္ဏံ = နား၊ အသံ ကြားသိမှုဟူသော တရားသုံးပါးတို့၏၊ သင်္ဂတိ = ဆုံမိခြင်းဟူသော (ဝါ) ဆုံမိခြင်းကြောင့်၊ ဖဿော = အသံကိုတွေ့မှု၊ ဖဿဟူသော အကြောင်းကြောင့်၊ ဝေဒနာ = ခံစားမှု ဝေဒနာသည်၊ သမ္ဘဝတိ = ဖြစ်ပေါ်၏။

ဆိုလိုတာကတော့ ကြားသည်ဆိုတာ နားအကြည်ဆိုသည့် ရုပ်ကလည်း ရှိပါမှ၊ ကြားစရာ အသံကလည်း ရှိပါမှ ဖြစ်နိုင်၏။ အသံသည် ဖြစ်ပေါ်လာပြီးလျှင် လေလှိုင်းဖြင့် ပတ်ဝန်းကျင်ကို ပြန့်သွားပေရာ ထိုပြန့်သွားသော အသံက သူ့နယ်ပယ် အတွင်းမှာရှိသော နားရုပ်ကို ဝင်တိုက်၏။ မှန်ထဲတွင် အရိပ်ထင်သည့်သဘော ဥပမာလိုပင်။ ထိုသို့ နားထဲ၌ အသံထင်ပေါ်လာမှသာ နားနှင့်အသံ အကြောင်းနှစ်ပါးကို စွဲမှီပြီး ကြားသိမှုဖြစ်ရ၏။

ပကတိလူတွေကတော့ အသံကို ကြားရာ၌ မူလက ရှိနေသည့် သူကပဲ ကြားသွားသည်ဟု ထင်မှတ်နေကြ၏။ ထိုသို့ကား မဟုတ်ပါ။ နားထဲက နားအကြည်ရုပ်ဆိုသည်မှာလည်း ခဏမစဲ မပြတ်ဖြစ်နေသလို၊ ဖြစ်ပြီး ရုပ်ဟောင်းတွေကလည်း ခဏမစဲ ပျက်နေ၏။ ပျက်သည်ဆိုတာ ဖြစ်ပေါ်လာပြီး ပျောက်သွားသည်ကို ဆို၏။ ထိုသို့ နားအကြည်ရုပ်သစ်တွေကလည်း ဖြစ်၊ ရုပ်ဟောင်းတွေကလည်း ပျောက်နဲ့၊ မပြတ်ဖြစ်ပျက်နေသည်မှာ တောင်ပေါ်မှ စီးဆင်းနေသည့် **ရေစီးကြောင်းထဲက ရေတွေ အသစ်အဟောင်း ခဏမစဲ ပြောင်းလဲနေသလိုပါပဲ။**

**ထိုသို့အသစ်အဟောင်း ပြောင်းလဲနေသည့် နားအကြည်ရုပ်အယဉ် ထဲမှာ** လေလှိုင်းထဲက ပြန့်လာသည့် **အသံရုပ်တွေက** ဝင်တိုက်သည်ကို နားရုပ်အကြည်ထဲမှာ **အသံထင်ပေါ်လာသည်** ဆိုရ၏။

ထိုသို့ ထင်ပေါ်လာသည့်အသံကို **"သောတဝိညာဏ်"** ဆိုသည့် စိတ်ကလေးက ကြားသိပြီးတော့ သူကလည်း ချက်ချင်းပင် ချုပ်ပျောက်သွား၏။ ထိုမှ နောက်တွင်ကား ထိုကြားရသော **အသံကို ဆက်လက်ပြီး** အာရုံပြုသည့် **"သမ္ပဋိ**

http://www.dhammadownload.com



ဩိုန်းစိတ်”၊ စုံစမ်းသည့် “သန္တီရဏစိတ်”၊ ဆုံးဖြတ်သည့် “ဝုဋ္ဌောစိတ်” ဆိုတာတွေလည်း တစ်ကြိမ်စီ ဖြစ်ဖြစ်ပြီး ပျောက်သွားကြ၏။ ထိုမှနောက်တွင် လျင်မြန်ထက်သန်သည့် အဟုန်နှင့် “ဇော” ဟူသော စိတ်တွေက ခုနစ်ကြိမ်တိုင်တိုင်ဆင့်ပြီး ဖြစ်ပျက်သွားကြ၏။ ထိုအသံကို ဆက်လက်ပြီး အာရုံပြုသည့် “တဒါရုံဆိုသည့်စိတ်” ကလည်း နှစ်ကြိမ်ဖြစ်လိုက်သေး၏။ ထိုအစဉ်အတိုင်း စိတ်တွေဖြစ်သွားသည်ကို ‘ကြားသည်’ ဟု ဆိုရ၏။

ဤဝီထိစိတ် အစဉ်အရ ကြားသိတယ်ဟူသော သောတဝိညာဏ်စိတ်ကလေးသည် ကြားတိုင်း၊ ကြားတိုင်း နားနှင့် အသံကို စွဲမှီပြီး အသစ်အသစ်ဖြစ်နေပေရာ ကြားတယ်ဆိုတာ အကြောင်းမရှိဘဲ အလိုလိုဖြစ်တာလည်း မဟုတ်။ တစ်စုံတစ်ယောက် က ပြုလုပ်ဖန်ဆင်းပေးလို့ ဖြစ်တာလည်း မဟုတ်။ အမှန်ကတော့ နားကလည်းရှိလို့၊ ကြားစရာ အသံကလည်းရှိလို့၊ ထိုနားနှင့် အသံနှစ်မျိုးကိုမှီပြီး ကြားသိမှု ဖြစ်ခြင်းသာ။ ကြားတတ်သည့် ပုဂ္ဂိုလ်ဟူ၍လည်း မရှိ။ နားနှင့် အသံဟူသော အကြောင်းတရား ကြောင့် ကြားသိမှုဟူသော အကျိုးတရားမျှ ဖြစ်ပေသည်ဟု သိရာ၏။

ထိုသို့ နားထဲမှာ ကျရောက်လာသည့်အသံကို ကြားသိလိုက်၍ “နား”၊ “အသံ”၊ “ကြားသိစိတ်”၊ ထိုသုံးမျိုး ဆုံမိသည့်အခါ အသံအာရုံကို ထင်ရှားတွေ့သွားခြင်းကို “ဖဿ” ခေါ်၏။ နား၊ အသံ၊ ကြားသိမှုဟူသော တရားသုံးပါး ဆုံမိလို့ ကြားတွေ့မှု ဖဿ ဖြစ်သွားလျှင် ထိုကြားရသောအသံ အကောင်းအဆိုးလိုက်ပြီး ခံစားမှုဝေဒနာ အကောင်းအဆိုးတွေကလည်း ထိုက်သည့်အားလျော်စွာဖြစ်ကြတော့သည်သာ။

အသံကောင်းများကို ကြားရ၊ တွေ့ရသောအခါ နားမှာ ခံသာသည့် သုခဝေဒနာဖြစ်၏။

မကောင်းသောအသံများကို ကြားရ၊ တွေ့ရသောအခါ နားထဲမှာ မခံသာသည့် ဒုက္ခဝေဒနာဖြစ်၏။

ကြားနေကျ၊ ရိုးရိုးအသံကို ကြားရ၊ တွေ့ရသောအခါ၌ မကောင်းမဆိုး ရိုးရိုးခံစားမှု ဥပေက္ခာဝေဒနာဖြစ်၏။ ဥပေက္ခာက သိမ်မွေ့လို့ မထင်ရှားသည့်သဘောပင်။

(ကြွင်း - ဃာန၊ ဇိဝှါ၊ ကာယ၊ မန တို့၌လည်း ဤနည်းတူ သိပါလေ။)

http://www.dhammadownload.com



အထူးမှတ်ရန်ကား - စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်ဟူသော **စိတ် (၄) မျိုး** ဖြစ်ခိုက်မှာ သုခ၊ ဒုက္ခ ဝေဒနာမဖြစ်။ **ဥပေက္ခာ ဝေဒနာသာ** ဖြစ်သည်ဟူ၍ အဘိဓမ္မာ၌ ပြဆိုထားသည် မှန်သော်လည်း ဝိပဿနာယောဂီ အနေဖြင့် မြင်သိမှု၊ ကြားသိမှု၊ နံသိမှု၊ စားသိမှုဆိုသော **စိတ်ကလေးတစ်ခုကိုသာ ကွက်ရှု၍ မဖြစ်ပါ**။ ထိုစိတ်ဝိညာဏ်လေးတွေနှင့် တစ်ဆက်တည်းဖြစ်သော တစ်ဝီထိလုံး၊ **တစ်ဝီထိလုံးကိုသာ ရှုလို့ဖြစ်တာမို့** ထိုဝီထိအတွင်းမှာ သန္တီရဏ၊ ဇော၊ တဒါရုံ တို့ဖြစ်သောအခါ **သုခဝေဒနာ၊ ဒုက္ခဝေဒနာလည်း ပါသည်ကို** မှတ်သားကုန်ရာ၏။

## ဆဋ္ဌမပျို့လင်္ကာ

## ၆။ ဖဿ ပစ္စယာ ဝေဒနာ

၆။ ဖဿခြောက်မည်၊ သူ့စွမ်းရည်ဖြင့်၊
ကြိတ်နည်သောအား၊ စက်ရှိန်ဝါးက၊
ခြောက်ပါးအာရုံ၊ မြေ့မြေ့တုန်လျက်၊
ခြောက်စုံရသ၊ အနိဋ္ဌနှင့် ဣဋ္ဌဟူသည်၊
အရည်ဒီးဒီး၊ ယိုထွက်စီးသော်၊
ဓာတ်ကြီးခြောက်ဖြာ၊ ဝေဒနာဟု၊
ထွေလာအထူး၊ ထွက်ပေါ်မြူး၍၊
ခြောက်ဦးရှွန်းစည်၊ အာရုံရည်ကို၊
မည်မည်ရရ၊ ခံစံကြမှု၊
သုဘ၊ သုဘာ၊ သာ, မသာနှင့်၊
ထွေလာများတောင်း၊ ကောင်း မကောင်းလည်း၊
ထောင်းထောင်းဝေါဝေါ၊ သိထင်ပေါ်၍၊
ကောင်းသော် စိတ်ဝမ်း၊ ဖိတ်ဖိတ်လျှမ်းလျှင်၊
ရွှင်လန်းနှလုံး၊ စွင့်စွင့်ပြုံး၏။
မုန်းဖွယ်တွေ့က၊ ခြောက်သွေ့နွမ်းညှိုး၊
နှလုံးဆိုး၍၊ အခိုးလူလူ၊

http://www.dhammadownload.com



ပွက်ပွက်ဆူမျှ၊ ပူပူပင်ပင်၊
မရွှင်မလန်း၊ စိတ်ကုန်ခန်း၏။
ချမ်းသာသုခ၊ တစ်ခုမျှ၌၊
လောကအထု၊ အကုန်စု၏။
ပုပုရွရွ၊ မြင်သမျှလည်း၊
သုခဖို့ချည်း၊ လှုံ့လသည်း၏။
အရည်းသူမြတ်၊ ပရမတ်ကို၊
ချန်လှပ်ထား၍၊ အများလောက ရှိသမျှကို၊
ဒုက္ခပွားမှု၊ များစွာပြုသည်၊
သုခဝေဒနာ၊ စွမ်းရည်တည်း။ ။(အရဆောင်လေ)။

## ဆဠာမပို့လက်ာ အကျဉ်းအစီပွာယ် သိမြင်လွယ်

## ၆။ ဖဿ ပစ္စယာ ဝေဒနာ

### (နဝမလယ်တီဆရာတော်ကြီး လယ်တီ-အရှင်ကေလာသ)

ဖဿခြောက်ပါးတို့သည် မိမိတို့နှင့် တွေ့ထိသော အာရုံခြောက်ပါးတို့၏ အရသာကို မပေါ်ပေါ်အောင် ကြိတ်နယ်၍ ထုတ်ဆောင်၏။ ဖဿကြိတ်နယ်မှုကြောင့် ဖြစ်ပေါ်လာသောအာရုံ၏အရသာကို ကောင်းလျှင် ကောင်းသည့်အလျောက် မကောင်းလျှင် မကောင်းသည့်အလျောက်၊ ဝေဒနာသည် ခံစား စံစား၏။ ဝေဒနာသည် အာရုံ၏အရသာကို ခံစား စံစားမှု၌ အရှင်သခင် ဖြစ်ပေ၏။

- သာယာဖွယ်ဖြစ်သော ဣဋ္ဌာရုံနှင့်တွေ့လျှင် ရွှင်ရွှင်လန်းလန်း ဝမ်းမြောက်ဝမ်းသာခံစား၏။ ထိုအခါ ထိုဝေဒနာနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်လင်လင် ဖြစ်၏။
- မသာယာဖွယ်၊ မုန်းဖွယ်၊ ရွံဖွယ်သော အနိဋ္ဌာရုံနှင့်တွေ့လျှင် ညှိုးညှိုးနွမ်းနွမ်း၊ မချမ်းမသာ ခံစားရ၏။ ထိုအခါ ထိုဝေဒနာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ပူပူပင်ပင် မရွှင်မလန်းသော မျက်နှာရှိသည် ဖြစ်၍ ခြောက်ခြောက်သွေ့သွေ့ ညှိုးညှိုးနွမ်းနွမ်း ဖြစ်ရလေ၏။

ချမ်းချမ်းသာသာ ခံစားမှုတည်းဟူသော သုခဝေဒနာကို သတ္တဝါတိုင်းပင် အလိုရှိကြကုန်၏။ ထိုဝေဒနာအတွက် နေ့နေ့ညည ကြောင့်ကြစိုက်၍ အားထုတ်ကြ

http://www.dhammadownload.com



ရကုန်၏။ ဤလောကၓ္ မြင်မြင်သမျှသော သတ္တဝါတို့၏ ကာယကံ လှုပ်ရှားမှု၊ ဝစီကံ လှုပ်ရှားမှု ဟူသမျှသည် သုခဝေဒနာအတွက်ကြောင့်သာလျှင် ဖြစ်ရ၏။ သုခဝေဒနာ သို့သာ ကိုင်းရှိုင်းလျက် နေကြ၏။

ထိုသုခဝေဒနာသည် သမုဒယသစ္စာ တဏှာ၏ အကြောင်းရင်းကြီးဖြစ်၍ ဒုက္ခမူလကြီးဟု ဆိုထိုက်၏။ ချမ်းသာကို အလိုရှိ၍ သုခဝေဒနာကို ဆည်းပူးသမျှ ကာလပတ်လုံး ဒုက္ခအထုပ်အထည်ကြီးကိုသာလျှင် မရရကြောင်း ဆည်းပူးသည်သာ မည်၏။ ဒုက္ခများအောင် အားထုတ်သည်သာ မည်ပေ၏ဟု မိန့်ဆိုတော်မူလိုသည်။

## ဆဋ္ဌမပျို့လင်္ကာ အကျဉ်းအစီပွာယ် သိမြင်လွယ်

## ၆။ ဖဿ ပစ္စယာ ဝေဒနာ

(လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသမဟာထေရ်)

ဖဿ (၆) ပါးကြောင့် ဝေဒနာ (၆) ပါး ဖြစ်သည်။ မြတ်စွာဘုရားက ကမ္ဘာလောက သတ္တဝါတွေ၏ သန္တာန်မှာ ဖြစ်နေသည့်သဘောတွေကို ဟောကြားတာပါ။ ဝေဒနာဆိုတာ အကြောင်းမဲ့ဖြစ်တာမဟုတ်။ ပဋိစ္စသမုပ္ပါဒ်အကြောင်းရှိလို့ဖြစ်တာပါ။

ဝေဒနာဟာ ကမ္ဘာလောကကြီးကိုအင်မတန်လွှမ်းတယ်။ ဒီအထဲမှာ သုခဝေဒနာကတော့ အစွမ်းအကောင်းဆုံးပါ။ ချမ်းသာတဲ့ဝေဒနာ၊ ချမ်းသာတဲ့ခံစားခြင်း၊ ချမ်းသာခံစားလိုမှုကြောင့် ချမ်းသာကို ရှာတယ်။ ဒါကတော့ အားအကောင်းဆုံးပါပဲ။

"ဖဿ ပစ္စယာ ဝေဒနာ " ကို ရှင်းသွားအောင် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးက

"ဖဿခြောက်မည်၊ သူ့စွမ်းရည်ဖြင့်၊ကြိတ်နည်သောအား၊ စက်ရှိန်ဝါးက၊ ခြောက်ပါးအာရုံ မြေ့မြေ့တုန်လျက်၊ခြောက်စုံရသ၊ အနိဋ္ဌနှင့် ဣဋ္ဌဟူသည်၊ အရည် ဒီးဒီး၊ ယိုထွက်စီးသော်၊ဓာတ်ကြီးခြောက်ဖြာ၊ ဝေဒနာဟု၊ ထွေလာအထူး၊ ထွက်ပေါ် မြူး၍"-

စက္ခုသမ္ဖဿ = မျက်စိအတွေ့၊ သောတသမ္ဖဿ = နားအတွေ့၊ ဃာနသမ္ဖဿ= နှာခေါင်းအတွေ့၊ ဇိဝှါသမ္ဖဿ = လျှာအတွေ့၊ ကာယသမ္ဖဿ = ကိုယ်အတွေ့၊ မနောသမ္ဖဿ = စိတ်အတွေ့လို့ ဆိုတဲ့ အတွေ့ခြောက်မျိုး၏စွမ်းရည်ကြောင့်၊ အဲဒီစွမ်းရည်နဲ့ ကြံများ၊ ပဲများ၊ နှမ်းများ၊ ကြိတ်ဝါးသလို၊ ကြိတ်ဝါးလိုက်သည့်အခါ ဖဿစွမ်းရည်က ခြောက်ပါးအာရုံ မြေ့မြေ့တုံလျက် စိတ်ဟာဘဝင်ခိုက်ပြီးတော့ "ခြောက်စုံရသ အနိဋ္ဌ

http://www.dhammadownload.com



နှင့်ကူ၍ ဟူသည် အရည်ဒီးဒီး ယိုထွက်စီးသော်" ကောင်းတယ်၊ မကောင်းဘူး အဲဒီလို ဖြစ်လာပေါ်လာတဲ့အခါ-

"စာတ်ကြီးခြောက်ဖြာ၊ ဝေဒနာဟု၊ ထွေလာအထူး၊ ထွက်ပေါ် မြူး၍" ဝေဒနာ စာတ်ကြီးခြောက်ပါးဖြစ်ပေါ်လာတယ်။

အဲဒီတော့ (၃၁) ဘုံမှာ အလွန်ထင်ရှားကျော်ကြားတဲ့ စာတ်ကြီး တစ်ခုက "ဝေဒနာ" လို့ခေါ်တဲ့ ဝေဒယိတစာတ်ကြီး (ခံစားချက်စာတ်ကြီး)။ အဲဒီစာတ်ကြီးက လည်း ထင်ရှားတယ်၊ "ချမ်းသာ" ဆိုတဲ့စကားဟာလည်း အင်မတန် ထင်ရှားတယ်။ "ဆင်းရဲ" ဆိုတဲ့ စကားဟာလည်း အင်မတန်ထင်ရှားတယ်။ လူချမ်းသာ၊ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ၊ ဆင်းရဲမှာလည်း လူဆင်းရဲ တိရစ္ဆာန်ဆင်းရဲ အစရှိသည်ဖြင့် များပါပေ တယ်။ ဒီတော့ ချမ်းသာဝေဒနာကို ခံစားတဲ့အခါ သဒ္ဓါ၊ မေတ္တာနဲ့ယှဉ်တဲ့ ချမ်းသာ ဝေဒနာ (နိရာမိသသုခ) ကတစ်မျိုး၊ တဏှာရာဂနဲ့ယှဉ်တဲ့ ချမ်းသာဝေဒနာ (သာမိသ သုခ) ကတစ်မျိုး။ ဒီလိုနှစ်မျိုးရှိတယ်။

အဲဒီလို စာတ်ကြီးခြောက်ဖြာ ပေါ်လာတဲ့အခါ-

"စာတ်ကြီးခြောက်ဖြာ၊ ဝေဒနာဟု၊ ထွေလာအထူး၊ ထွက်ပေါ်မြူး၍၊ ခြောက် ဦးရွှန်းစည်၊ အာရုံရည်ကို၊မည်မည်ရရ၊ ခံစံကြမှု၊သုဘာ၊ သုဘာ၊ သာ, မသာနှင့်၊ ထွေလာများတောင်း၊ ကောင်းမကောင်းလည်း၊ထောင်းထောင်းငေါ်ငေါ်၊ သိထင် ပေါ်၍၊ကောင်းသော် စိတ်ဝမ်း၊ ဖိတ်ဖိတ်လျှမ်းလျှင်၊ရွှင်လန်းနှလုံး၊ စွင့်စွင့်ပြုံး၏။"-

ချမ်းသာတဲ့ ဝေဒနာတွေ ခံစားနေရတော့ ပြုံးလို့ ကျေနပ်လို့။

"မုန်းဖွယ်တွေ့က၊ ခြောက်သွေ့နွမ်းညှိုး၊ နှလုံးဆိုး၍၊ အခိုးလူလူ၊ ပွက်ပွက် ဆူမျှ၊ ပူပူပင်ပင်၊မရွှင်မလန်း၊ စိတ်ကုန်ခန်း၏။"

ဆင်းရဲတဲ့ဝေဒနာနဲ့တွေ့တဲ့အခါ ခြောက်သွေ့နွမ်းညှိုး၊ နှလုံးဆိုး၍ အခိုးလူလူ၊ ပွက်ပွက် ဆူမျှ၊ ပူပူပင်ပင်၊မရွှင်မလန်း၊ စိတ်ကုန်ခန်း၏။

ချမ်းသာတဲ့နေရာမှာလည်း ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှု နှစ်မျိုး၊ ဆင်းရဲ တဲ့နေရာမှာလည်း ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု နှစ်မျိုး၊ ကိုယ်ဆင်းရဲမှုကို ဒုက္ခ၊ စိတ် ဆင်းရဲမှုကို ဒေါမနဿ၊ ကိုယ်ချမ်းသာမှုကို သုခ၊ စိတ်ချမ်းသာမှုကို သောမနဿ။

အဲဒီ သုခဝေဒနာ၊ ဒုက္ခဝေဒနာ ဆိုတာ ထင်ထင်ရှားရှား ပေါ်ပေါက်လာပြီး ချမ်းသာတဲ့ ဝေဒနာခံစားတာလည်း ထင်ရှားတယ်၊ ဆင်းရဲတဲ့ ဝေဒနာခံစားရတာ လည်း ထင်ရှားတယ်၊ ပူပူပင်ပင်၊ မရွှင်မလန်း၊ စိတ်ကုန်ခန်းတာ၊ သောကတအုံ

http://www.dhammadownload.com



နွေးနွေး၊ စိတ်မအေး၊ ပူဆွေးညှိုးပိန်၊ စိုးရိမ်နေတာမျိုး၊ ပရိဒေဝ - ငိုကြွေးတာမျိုး၊ ဥပါယာသ - တက်သွား၊ မေ့သွားလောက်အောင် ပူပန်တာမျိုး၊ ဒါတွေဟာ ထင်ရှားတဲ့ ဆင်းရဲကြီးတွေပါပဲ။

"ချမ်းသာသုခ တစ်ခုမျှ၌ လောကအထု အကုန်စု၏" သတ္တဝါတွေအားလုံးက တော့ ချမ်းသာဖို့ပဲ မျှော်မှန်းကြတာပါ။

"ပုပုရွရွ မြင်သမျှလည်း၊ သုခဖို့ချည်း၊ လှုံ့လသည်း၏။" ရှိသမျှ သတ္တဝါတွေဟာလည်း ချမ်းသာဖို့ပဲ လှုံ့လအားစိုက်နေရတာပါပဲ၊ နောက်ဆုံးကျတော့ အဆိပ်သောက်ပြီး သေတဲ့လူတောင်မှ သေရင်အေးမယ်ထင်လို့ အဆိပ်သောက်တာပါပဲ။ ချောက်နက်ကြီးတွေထဲ ခုန်ချကြတဲ့ ပုဂ္ဂိုလ်တွေကလည်း ဒီလို ချောက်ထဲခုန်ချရင်တော့ အေးမှာပဲဆိုပြီး ခုန်ချတာပါပဲ။

အဲဒါကြောင့် ခံစားမှု ဝေဒယိတစာတ်ကြီးဟာ သတ္တဝါအားလုံးတို့၏ လဲလျောင်းရာလည်း ဖြစ်၏။ အကြီးအကဲအချုပ်အခြာလည်းဖြစ်တယ်။

ဒါကြောင့် "အရည်းသူမြတ်၊ ပရမတ်ကို၊ချန်လှပ်ထား၍၊ အများလောက ရှိသမျှကို၊ဒုက္ခပွားမှု၊ များစွာပြုသည်၊သုခဝေဒနာ၊ စွမ်းရည်တည်း။"

အရိယာ အရှင်မြတ်ကြီးများကို ချန်လှပ်ထားပြီးတော့ အများလောက ရှိသမျှတို့ ဒုက္ခပွားမှု များစွာပြုသည့် သုခဝေဒနာ စွမ်းရည်တည်း။

ဝေဒနာထဲမှာ သုခဝေဒနာက အင်မတန် စွမ်းရည်ကြီးပါတယ်။ အဲဒီသုခဝေဒနာ ခံစားဖို့အတွက် ကာမဂုဏ်အာရုံတွေ ရှာကြရတယ်။ ကာမဂုဏ်အာရုံဆိုတာ ကောင်းတဲ့အဆင်းမျိုးစုံ ရူပါရုံကို ရှာရတယ်။ ကောင်းတဲ့အသံမျိုးစုံ သဒ္ဒါရုံ ၊ ကောင်းတဲ့အနံ့မျိုးစုံ ဂန္ဓာရုံ၊ ကောင်းတဲ့အရသာမျိုးစုံ ရသာရုံ၊ ကောင်းတဲ့အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံ၊ ကောင်းတဲ့ သိဖွယ် အကြံမျိုးစုံ ဓမ္မာရုံတွေကို ရှာကြရတယ်။

ကာမဂုဏ်အာရုံဆိုတဲ့ အလိုရှိအပ်တဲ့ အာရုံတွေဟာ ပဋိစ္စသမုပ္ပါဒ် တွေပါပဲ။ မမြဲလို့ အနိစ္စဖြစ်လို့ အလိုရှိအပ်တဲ့အကောင်း အာရုံ-ကာမဂုဏ်အာရုံသည် အနိစ္စ၊ အဲလိုအနိစ္စဖြစ်တော့ ပဋိစ္စသမုပ္ပါဒ် အကြောင်းရှိမှ သူက ဖြစ်ပေါ်တာဆိုတော့ အဲဒီကာမဂုဏ်အာရုံကို ကာမဂုဏ်အာရုံ အဆက်ဆက်ကြီး ဖြစ်အောင် ရှာကြ၊ မှီးကြရတယ်၊ အဲဒီ ကာမဂုဏ်အာရုံကို ရှာပြီးတော့ နေကြရတယ်။

လောဘ၊ ဒေါသ အစရှိသော (၁၅၀၀) ကိလေသာတို့၊ ရာဂမီး၊ ဒေါသမီး အစရှိတဲ့ မီး (၁၁) မီးတို့နှင့် အလွန်ပူအိုက်လှတဲ့ ဤသံသရာကြီးဟာ အလွန်ပူတဲ့ နွေရာသီကြီးနဲ့တူတယ်။

http://www.dhammadownload.com



သုခသမ္ဖဿ-ချမ်းသာတဲ့တွေ့ထိမှု၊ ချမ်းသာတဲ့ခံစားမှု၊ အဲဒီခြောက်မျိုးက ဘာနဲ့တူသလဲဆိုတော့ နွေရာသီမှာ လေအေးအေး၊ ရေအေးအေးလေးနဲ့ စပ်ပြီးတော့ ရရှိတဲ့ သုခဝေဒနာနဲ့ တူတယ်၊ အခုခေတ်မှာ ပန်ကာ၊ အဲယားကွန်းတို့လိုမျိုးပေါ့၊ အဲဒီကလည်း အဆောက်အအုံရှိရတယ်။ ဘုံ၊ နန်း၊ တိုက်၊ အိမ်၊ သားမယားစတဲ့ ဣဋ္ဌာရုံအစုဟာ အဆောက်အအုံတွေနဲ့ တူတယ်။

သုခဝေဒနာ၏ စွမ်းရည်ဟာ အင်မတန်ကြီးကျယ်ပါတယ်၊ ဥပမာဆိုရရင်- **မီးပူဇော်တဲ့** ပုဏ္ဏားမျိုးတို့ဟာ မွေးဖွားလာကတည်းက မီးဖိုထားတဲ့ ဖွားဖက်မီးကို မီး မငြိမ်းရအောင် အဆက်မပြတ် လောင်စာထည့်ခြင်း၊ မီးမှုတ်ခြင်း၊ တို့ဖြင့် မီးမွှေး ပြီး ထားရတယ်။ အဲဒါတစ်သက်လုံး မီးမငြိမ်းအောင် ထားနိုင်ရင် ဗြဟ္မာပြည် ရောက်တယ်လို့ ယူဆချက်ကြောင့် မီးမသေအောင် မွှေးပေးရခြင်းဖြစ်တယ်။

အဲဒီအတိုင်းပါပဲ။ ဘုန်းကြီးတို့ဟာလည်း စက္ခုသမ္ဖဿဇာ ဝေဒနာ-မျက်စိ အတွေ့ကြောင့် ဖြစ်ပေါ်လာတဲ့ ခံစားချက်တစ်မျိုး၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် အတွေ့ကြောင့် ဖြစ်တဲ့ ခံစားချက်၊ အားလုံး ခြောက်မျိုး

- "မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်" က ဘာနဲ့တူလဲ ဆိုတော့ **မီးအိုးကင်းနဲ့** တူတယ်။
- မီးအိုးကင်းထဲက မီးမငြိမ်းအောင် **မှုတ်ပေးနေတဲ့ မီးပြောင်းက** ဖဿ ခြောက်မျိုးနဲ့တူတယ်။
- "စက္ခုသမ္ဖဿ၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနောသမ္ဖဿ"
- အဲဒီလို **မီးပြောင်းလေးနဲ့ မှုတ်ပေးနိုင်မှ "သုခဝေဒနာ"**။

  "စက္ခုသမ္ဖဿဇာ သုခဝေဒနာ၊ သောတသမ္ဖဿဇာ သုခဝေဒနာ၊
  ဃာနသမ္ဖဿဇာ သုခဝေဒနာ၊ ဇိဝှါသမ္ဖဿဇာ သုခဝေဒနာ၊
  ကာယသမ္ဖဿဇာ သုခဝေဒနာ၊ မနောသမ္ဖဿဇာ သုခဝေဒနာ"

  မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်မှာ **ချမ်းသာတဲ့ ခံစားချက်တွေ** ဖြစ်ပေါ်မှာ၊ အဲဒါက **မီးတောက်နဲ့** တူတယ်။
- **ဘုံ၊ နန်း၊ ဗိမာန်၊ သားမယား စတဲ့အချက်အလက်တွေက ထင်း ပေါက်ကလေးတွေ စတဲ့ လောင်စာတွေနဲ့ တူတယ်။**

အဲဒါကြောင့် မီးပူဇော်တဲ့ ပုဏ္ဏားလိုပဲ၊ ဖွားဖက်မီးမငြိမ်းရအောင် တစ်ခါ တည်း မီးတောက်နေအောင် မီးပြောင်းနဲ့လဲ မှုတ်နေရတယ်၊ နောက် ထင်းတွေ ဘာ တွေလည်း စုနေရတယ်။

http://www.dhammadownload.com



"အရည်းသူမြတ်၊ ပရမတ်ကို၊ချန်လှပ်ထား၍၊ အများလောက ရှိသမျှကို၊ ဒုက္ခပွားမှု များစွာပြုသည်၊ သုခဝေဒနာ၊ စွမ်းရည်တည်း"

**နေ့စဉ်နေ့တိုင်း ရှာကြ၊ ဖွေကြ၊ အားလုံးလုပ်ကြ၊ ကိုင်ကြတာ မှန်သမျှ ချမ်းသာဖို့ပါပဲ၊** သုခဝေဒနာ ခံစားဖို့အတွက် ဣဋ္ဌာရုံတွေကို ရှာကြရတယ်။ အဲဒီ **ဣဋ္ဌာရုံကလည်း အနိစ္စသဘော၊** မမြဲတဲ့သဘော၊ **ပဋိစ္စသမုပ္ပါဒ်သဘော၊** ပဋိစ္စသမုပ္ပါဒ် ဆိုတော့ သူ့ရဲ့ ဣဋ္ဌာရုံနဲ့တွေ့ဖို့အကြောင်းတွေ ဖန်တီးကြရတယ်။

ဒါကြောင့် ဖဿခြောက်မျိုးကြောင့် ဝေဒနာခြောက်မျိုးဖြစ်တယ်လို့ မြတ်စွာဘုရား ဟောကြားတယ်၊ အဲဒီဝေဒနာခြောက်မျိုးမှာ သုခဝေဒနာဟာ အင်မတန် စွမ်းရည်ကြီးမားတယ်။ ဒါကြောင့်မို့ ဒီဘဝကနေ နောက်ဘဝကောင်းအောင် ကြိုတင်ပြီး ဒါန ပြုရ၊ သီလဆောက်တည်ရ ကသိုဏ်း၊ ဘာဝနာများ ပွားများရတဲ့ ဒုက္ခတွေဟာလည်း အများကြီးပါပဲ။ အဲဒါတွေဟာလည်း ချမ်းသာအတွက်ပါပဲ လို့သိထားရာ၏။

# ဆဋ္ဌမပျိုလင်္ကာ၏ အဖြေလင်္ကာ

## ၆။ ဖဿ ပစ္စယာ ဝေဒနာ

**(မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး)**

အာရုံခြောက်ပါး ရှိကြသည့်အနက် ဆိုင်ရာဖဿတို့က ဖိနှိပ်ကြိတ်ဝါးပေးမှုကြောင့် အာရုံတစ်ပါး တစ်ပါး၊ တစ်မျိုး တစ်မျိုးမှ၊ ဣဋ္ဌရသာရည်၊ အနိဋ္ဌရသာရည်၊ တစ်စုံစီ၊ တစ်စုံစီ ပေါ်ထွက်လာကြောင်း ထင်ရှားသိသာပြီ။

### အာရုံ၏ ရသရည်ကို ကြိတ်နယ်ခြင်းကား ဖဿ စွမ်းပကား

ဒွါရခြောက်မည်၊ အကြည်ခြောက်ပါးတို့၌ ဆိုင်ရာအာရုံတို့ တိုက်ဆုံထင်ကြသောအခါ မီးပွင့်မီးပွားပမာ ဖြစ်ပေါ်လာသော **စိတ်ဝိညာဏ်ခြောက်ပါးတို့သည်** မြင်ရုံ၊ ကြားရုံ၊ နံရုံ၊ လျက်ရုံ၊ ထိရုံ၊ **သာမန်သိရုံသာ စွမ်းနိုင်ကြ၏။** ထိုထက် ပိုလွန်၍ ကောင်း၊ မကောင်းဟူသော **ဣဋ္ဌရသ၊ အနိဋ္ဌရသများ ပေါ်ထွက်လာအောင်ကား ဝိညာဏ်ခြောက်ပါးတို့က မစွမ်းနိုင်ကြချေ။** အာရုံ၏ ဣဋ္ဌရသရည်၊ အနိဋ္ဌရသရည်များ တဒီးဒီး ယိုစီး၍ ထွက်လာသကဲ့သို့ ထင်ရှားပေါ်ထွက်လာအောင် ဖိနှိပ်ကြိတ်ဝါးပေးမှုကား **ဖဿခြောက်ပါး၏ အလုပ်သာလျှင်ဖြစ်၏။**

http://www.dhammadownload.com



## ခံစားသုံးဆောင်သူ ဝေဒနာဓာတ်ကြီး (၆) ပါး

ယင်းသို့ ဖဿခြောက်ပါးတို့က ဆိုင်ရာအာရုံများကို ဖိနှိပ်ကြိတ်ဝါးပေးမှု ကြောင့် အာရုံက ဣဋ္ဌမျိုးဖြစ်၍ ဣဋ္ဌရသာရည်များ ပေါ်ထွက်လာသောအခါ ထို အာရုံ၏ ဣဋ္ဌရသာရည်ကို မည်မည်ရရ (မယ်မယ်ရရ) ခံစားသုံးဆောင်သော သုခ သောမနဿ ဝေဒနာဓာတ်ကြီးတို့သည် တဖွားဖွားဖြစ်ပေါ်လာ၍ အာရုံ၏အရသာ ကို မြိန်ရှက်စွာ ခံစားကြလေကုန်၏။

အာရုံက အနိဋ္ဌမျိုးဖြစ်၍ အနိဋ္ဌရသာရည်များ ပေါ်ထွက်လာသောအခါ ထို အရသာရည်ကိုမသာမယာ ဆင်းရဲပင်ပန်း ညှိုးနွမ်းစွာ မယ်မယ်ရရ ခံစားသုံးဆောင်သော ဒုက္ခဒေါမနဿဝေဒနာဓာတ်ကြီးတို့သည် တဖွားဖွား ဖြစ်ပေါ်၍ လာကြကုန်၏။

ဤအနက်ကိုပင် ရည်ရွယ်၍ "ဖဿ ပစ္စယာ ဝေဒနာ" ဖဿခြောက်ပါး ကြောင့် ဝေဒနာခြောက်ပါးတို့ ထင်ရှားဖြစ်ကြကုန်၏ ဟု ဟောတော်မူ၏။

(ဤ၌-သုခဝေဒနာဟူသည်မှာ ကာယိကသုခ = ကိုယ်ချမ်းသာမှု၊ သောမနဿ ဝေဒနာ ဟူသည်မှာ၊ စေတသိကသုခ = စိတ်ချမ်းသာမှုကို ဆိုလိုသည်၊ ဒုက္ခဝေဒနာ ဟူသည်မှာ - ကာယိကဒုက္ခ = ကိုယ်ဆင်းရဲမှု၊ ဒေါမနဿဝေဒနာ ဟူသည်မှာ စေတသိကဒုက္ခ = စိတ်ဆင်းရဲမှုကို ဆိုလိုသည်၊ ရံခါ သုခနှင့် သောမနဿကို ပေါင်း၍ သုခဝေဒနာဟူ၍လည်းကောင်း ဒုက္ခနှင့် ဒေါမနဿ ကိုပေါင်း၍ ဒုက္ခဝေဒနာဟူ၍ လည်းကောင်း ရေးသားခေါ်ဝေါ် ပြောဆိုအပ်၏။)

"ဓာတ်ကြီးခြောက်ဖြာ ဝေဒနာ" ဟူသည်မှာ-

| | | |
|---|---|---|
| ၁။ | စက္ခုသမ္ဖဿဇာဝေဒနာ | = မျက်စိအတွေ့ကြောင့် ဖြစ်သော ဝေဒနာ။ |
| ၂။ | သောတသမ္ဖဿဇာဝေဒနာ | = နားအတွေ့ကြောင့် ဖြစ်သော ဝေဒနာ။ |
| ၃။ | ဃာနသမ္ဖဿဇာဝေဒနာ | = နှာခေါင်းအတွေ့ကြောင့်ဖြစ်သော ဝေဒနာ။ |
| ၄။ | ဇိဝှါသမ္ဖဿဇာဝေဒနာ | = လျှာအတွေ့ကြောင့် ဖြစ်သော ဝေဒနာ။ |
| ၅။ | ကာယသမ္ဖဿဇာဝေဒနာ | = ကိုယ်အတွေ့ကြောင့် ဖြစ်သော ဝေဒနာ။ |
| ၆။ | မနောသမ္ဖဿဇာဝေဒနာ | = စိတ်အတွေ့ကြောင့် ဖြစ်သော ဝေဒနာ။ |

ဤဝေဒနာဓာတ်ကြီးခြောက်ပါးကို ဆိုလိုသည်။

အာရုံ၏အရသာကို ထိုဝေဒနာဓာတ်ကြီးများကသာ ပိုင်နိုင်စွာ ခံစားကြလေ သည်။ ထို့ကြောင့် လင်္ကာ၌ "မည်မည်ရရ ခံစံကြမှု" ဟုစပ်ဆိုလေသည်။

http://www.dhammadownload.com



ထိုသို့ ဝေဒနာစာတ်ကြီးများက အာရုံ၏ အရသာကို ပိုင်နိုင်စွာခံစားကြသော အခါ တင့်တယ်သည်၊ မတင့်တယ်သည်၊ သာယာဖွယ်ရှိသည်၊ မရှိသည်၊ ကောင်းသည်၊ မကောင်းသည် စသော အသိအထင်အမှတ်များ တထောင်းထောင်းဖြစ်ပေါ်၍ လာပြီးလျှင် ကောင်းသောအာရုံဖြစ်က ကိုယ်စိတ်နှစ်ပါးရွှင်အားမဆုံး တပြုံးပြုံး ဖြစ်၍နေကြ၏။ မုန်းဖွယ်အာရုံ၊ မကောင်းသောအာရုံဖြစ်က ခြောက်သွေ့နွမ်းညှိုး နှလုံးဆိုးလျက် အခိုးတလူလူ ထွက်မျှ တပူပူ တပင်ပင် ခံစားကြရ၏။

## ချမ်းသာသုခ ဝေဒနာစာတ်ကြီး၏ ဒုက္ခပွားများစေပုံ

လောကလူအပေါင်းတို့၏တစ်ခုတည်းသောရည်ရွယ်ချက်ကား-ချမ်းသာ သုခဝေဒနာစာတ်ကြီးကို ရဖို့ရန်သာတည်း။ ပုပုရွရွမြင်သမျှကို လှုံ့လကြိုးကုတ် တလှုပ်လှုပ်ဖြင့် အားထုတ်၍ နေကြရသမျှသည် ချမ်းသာသုခဝေဒနာစာတ်ကြီးကို ရဖို့ရန်သာ လှုံ့လအားသည်း၍ နေကြခြင်းသာဖြစ်သည်။

ဤသုခဝေဒနာစာတ်ကြီးကား အရိယာသူမြတ်များကို ချန်လှပ်ထား၍ အများသော ပုထုဇဉ်လောကကို ဒုက္ခပွားအောင် ပြုဆောင်တတ်ပေ၏။ သူသူငါငါ အဆင်းရဲခံ၍ ပြုလုပ်နေကြသမျှသည် ထိုသုခဝေဒနာကို ရလိုသောကြောင့်သာ ဖြစ်၏။ အယုတ်သဖြင့် မိမိကိုယ်ကို သေစေလို၍ အဆိပ်မျိုသောသူ၊ ကြိုးဆွဲချသောသူ၊ ရေထဲခုန်ချသောသူ၊ လက်နက်ဖြင့် သတ်သောသူတို့သည်လည်း "သေမှ ချမ်းသာမည်၊ သေမှ အေးမည်" ဟု ချမ်းသာသုခကို ရလိုသောကြောင့် ထိုသို့ပြုလုပ်ကြလေသည်။

## ဆဋ္ဌမပျို့လင်္ကာ၏ အဖြေလွှာ

## ၆။ ဖဿ ပစ္စယာ ဝေဒနာ

(လယ်တီဆရာတော်ဘုရားကြီး)

"ဖဿခြောက်မည်၊ သူ့စွမ်းရည်ဖြင့်၊ ကြိတ်နည်သောအား၊ စက်ရှိန်ဝါးက၊ ခြောက်ပါးအာရုံ၊ မြေ့မြေ့တုန်လျက်၊ခြောက်စုံရသ၊ အနိဋ္ဌနှင့်ဣဋ္ဌဟူသည်၊ အရည် ဒီးဒီး၊ ယိုထွက်စီးသော်၊စာတ်ကြီးခြောက်ဖြာ၊ ဝေဒနာဟု၊ ထွေလာအထူး၊ ထွက်ပေါ် မြူး၍"

ဟူသောဝါကျ၌-

http://www.dhammadownload.com



မျက်စိနှင့် အဆင်းသဏ္ဌာန်ကို မြင်ရသောအခါ **စက္ခုဝိညာဏ်အလိုကား အဆင်းမှန်း၊ သဏ္ဌာန်မှန်း သိရုံမျှသာတည်း၊** ဖြူလျှင် ဖြူမှန်း၊ နီလျှင်နီမှန်း သိရုံမျှသာတည်း။ ကောင်း၊ မကောင်း ဟူသော **ဣဋ္ဌရသ၊ အနိဋ္ဌရသကို** ထင်ရှားပေါ်ထွက်အောင် **ဝိညာဏ်မစွမ်းနိုင်။** ကောင်း, မကောင်းဟူသော ဣဋ္ဌရသ၊ အနိဋ္ဌရသကို "အရည်ဒီးဒီး၊ ယိုထွက်စီး" သကဲ့သို့ ထင်ရှားပေါ်ထွက်အောင် **အာရုံကို ဖိနှိပ်ကြိတ်နယ်မှုကား စက္ခုသမ္ဖဿ၏ အမှုပေတည်း။**

ထိုသို့ ဖိနှိပ်ကြိတ်နယ်မှုကြောင့် အာရုံမှာ ကောင်းသောရသ ပေါ်လာသောအခါ ထိုရသတဏှာကို **သာယာရွှင်လန်းသဖြင့် ခံစား စံစားသော သုခသောမနဿ ဝေဒယိတစာတ်ကြီးတို့သည်** တဖွားဖွားဖြစ်ပေါ်၍ ခံစားကုန်၏။ မကောင်းသောရသ ပေါ်လာသောအခါ ထိုရသကို **မသာမယာ ဆင်းရဲပင်ပန်း ညှိုးနွမ်းစွာ ခံစားသောဒုက္ခ ဒေါမနဿ ဝေဒယိတစာတ်ကြီးတို့သည်** တဖွားဖွားဖြစ်ပေါ်၍ ခံစားကုန်၏။ (အကုသိုလ် ဥပေက္ခာနှင့် အကုသလဝိပါက် ဥပေက္ခာတို့ကို ဒုက္ခမှာ သွင်းလေ။ ကုသိုလ်၊ ကြိယာ၊ ဥပေက္ခာနှင့် ကုသလဝိပါက် ဥပေက္ခာတို့ကို သုခမှာ သွင်းလေ။)

## ဝေဒယိတစာတ်ကြီး ကျော်ကြားထင်ရှားပုံ

ဤဝေဒနာဟူသော ဝေဒယိတစာတ်ကြီးကား (၃၁) ဘုံ၌ အလွန်ကျော်ကြား ထင်ရှားသော စာတ်ကြီးပေတည်း။ ထင်ရှားပုံမှာ- လောက၌ ချမ်းသာသုခ၊ ဆင်းရဲဒုက္ခ ဟူသောစကားသည် အလွန်လည်း ထင်ရှား၏။ ဤဝေဒယိတစာတ်ကြီးကို ဆိုသော စကားလည်း ဖြစ်၏။ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ ဆိုသည်မှာလည်း လူ၊ နတ်၊ ဗြဟ္မာ့ ဝေဒယိတစာတ်ကို ဆိုသလို၊ ငရဲဒုက္ခဆိုသည်မှာလည်း ငရဲ ဝေဒယိတစာတ်ကြီးကို ဆို၏။ သုခ - သောမနဿဝေဒယိတစာတ်ကြီးနှင့် အနေများသူကို လူချမ်းသာခေါ်သလို၊ ဒုက္ခ - ဒေါမနဿဝေဒယိတစာတ်ကြီးနှင့် အနေများသူကို လူဆင်းရဲခေါ်၏။

ထိုဝေဒယိတစာတ်ကြီးသည် စက္ခုအတွေ့မှ ဖြစ်ပေါ်သော စက္ခုသမ္ဖဿဇာ ဝေဒယိတစာတ်၊ သောတအတွေ့မှဖြစ်ပေါ်သော သောတသမ္ဖဿဇာ ဝေဒယိတစာတ် - (ပ) - မနော - နှလုံးအတွေ့မှ ဖြစ်သော မနောသမ္ဖဿဇာ ဝေဒယိတစာတ် ဟူ၍ ခြောက်ပါးအပြားရှိ၏။

http://www.dhammadownload.com



စက္ခုသမ္ဖဿဇာ ဝေဒယိတစာတ်သည်လည်း သုခ၊ ဒုက္ခ၊ ဥပက္ခာ ဟူ၍ သုံးပါးအပြားရှိ၏။ အဆင်းသဏ္ဍာန်ကို မြင်၍ စက္ခုအတွေ့နှင့် ကြုံကြိုက်ရာ မျက်နှာရုပ် ရွှင်ရွှင်လန်းလန်း ပြမှုကား ထိုသူမှာ သုခဝေဒယိတစာတ် ဖြစ်ပေါ်၍ နေသည်ကို သိရ၏။ သုခဝေဒယိတစာတ်သည်လည်း သဒ္ဓါ၊ မေတ္တာနှင့် ယှဉ်ဖက်၍ပေါ်သော "သုခဝေဒယိတစာတ်"၊ တဏှာ၊ရာဂနှင့် ယှဉ်ဖက်၍ ပေါ်သော "သုခဝေဒယိတစာတ်" ဟူ၍ အမျိုးမျိုးရှိ၏။

ပြုံးရယ်၊ ပြုံးရိပ်ကို မြင်လျှင် ကိုယ်တွင်းမှာ ဘယ်ဝေဒယိတစာတ်မျိုး ပေါ်ခိုက် ဖြစ်သည်ဟု သိနိုင်ရာ၏။ မျက်နှာမှတက်လာသော ရုပ်ရည်ရုပ်သွေးကို မျက်စိနှင့် မြင်၍ အတွင်းစာတ်ကို အတပ်ဆိုနိုင်ခြင်းပင်တည်း။ အဆင်းသဏ္ဍာန်ကိုကြည့်၍ စက္ခုအတွေ့နှင့် ကြုံကြိုက်ရာ မျက်နှာရုပ်ညှိုးနွမ်းခြောက်သွေ့မှု ပြမှုကား - ထိုသူမှာ ဒုက္ခဝေဒယိတစာတ် ဖြစ်ပေါ်၍ နေသည်ကို သိရာ၏။

ဤစက္ခုသမ္ဖဿဇာဝေဒနာ အတူ၊ အသံအမျိုးမျိုးကို ကြားရာ၌ သောတ အတွေ့ မှ ဖြစ်ပေါ်သော သုခ၊ ဒုက္ခဝေဒယိတစာတ်နှစ်မျိုး - (ပ) - တွေ့ဆဲ၊ တွေ့ပြီး၊ တွေ့လတ္တံ့သော ဣဋ္ဌ၊ အနိဋ္ဌအာရုံကို အာရုံပြု၍ စိတ်နှလုံးအတွေ့မှ ဖြစ်ပေါ်သော သုခ၊ ဒုက္ခ ဝေဒယိတစာတ်နှစ်မျိုး၌လည်း စက္ခုဝေဒယိတမှာကဲ့သို့ အသီးသီး ဝေဖန်၍ သိလေ -

ဤဝေဒယိတစာတ်ကြီးခြောက်ပါး၏ သူ့သူ၊ ငါငါ၊ သတ္တဝါခပ်သိမ်းတို့၏ သဏ္ဍာန်၌ အလှည့်အလည်အားဖြင့် နာရီမခြား တဖွားဖွား ဖြစ်၍ နေမှုသည် အလွန်ထင်ရှား၏။ ဤသည်ကို ရည်၍ -

"စာတ်ကြီးခြောက်ဖြာ၊ ဝေဒနာဟု၊ ထွေလာအထူး၊ ထွက်ပေါ်မြူး၍၊ ခြောက်ဦး ရှွန်းစည်၊ အာရုံရည်ကို၊မည်မည်ရရ၊ ခံစံကြမှု၊သုဘာ၊ သုဘာ၊ သာ, မသာနှင့်၊ ထွေလာ များတောင်း၊ ကောင်းမကောင်းလည်း၊ ထောင်းထောင်းငေါ်ငေါ်၊ သိထင်ပေါ်၍၊ ကောင်းသော် စိတ်ဝမ်း၊ ဖိတ်ဖိတ်လျှမ်းလျှင်၊ ရွှင်လန်းနှလုံး၊ စွင့်စွင့်ပြုံး၏။ မုန်းဖွယ် တွေ့က၊ ခြောက်သွေ့နွမ်းညှိုး၊ နှလုံးဆိုး၍၊ အခိုးလူလူ၊ ပွက်ပွက်ဆူမျှ၊ ပူပူပင်ပင်၊ မရွှင်မလန်း၊ စိတ်ကုန်ခန်း၏။"- ဟူ၍ ဆိုပေသည်။

**ဝေဒယိတစာတ်ကြီး ကိုးကွယ်၊ လဲလျောင်းရာ၊ အကြီးအကဲ အချုပ်အခြာ ဖြစ်ပုံ**

"ချမ်းသာသုခ တစ်ခုမျှ၌၊ လောကအထု၊ အကုန်စု၏" ဟူသော လင်္ကာ ဝါကျ၌-

http://www.dhammadownload.com



ခပ်သိမ်းသော သတ္တဝါတို့သည် ချမ်းသာကိုသာ အလိုရှိကြကုန်၏။ ချမ်းသာကိုသာ တစ်ရှာတည်းရှာကြကုန်၏။ ချမ်းသာကို အလိုမရှိသောသတ္တဝါဟူ၍ မရှိ။ အယုတ်အားဖြင့် ခြံ၊ ပိုး၊ ရွ တို့ပင် ဖြစ်သော်လည်း ချမ်းသာကို အလိုရှိကြကုန်၏။ ချမ်းသာကို ရှာကြကုန်၏။ ခပ်သိမ်းသော သတ္တဝါတို့၏ အလိုဆန္ဒကိစ္စအမှုသည် ချမ်းသာသုခတစ်ခုမျှ၌ ဆုံမိကြ၏။ စုမိကြ၏ဟု ဆိုလိုသည်။

"ပုပုရွရွ၊ မြင်သမျှလည်း၊ သုခဖို့ချည်း၊ လှုံ့လသည်း၏" ဆိုသည်ကား ရေသတ္တဝါ၊ ကုန်းသတ္တဝါ၊ ကောင်းကင်သတ္တဝါ ခပ်သိမ်းတို့သည် နေ့နေ့ညည တရုန်းရုန်း တရွရွ၊ တကြွကြွ လှုပ်ရှားကြ၊ အားထုတ်ကြ၊ ကြောင့်ကြစိုက်ကြ၊ အသည်းအသန် အပင်ပန်းခံကြသမျှသည်လည်း ချမ်းသာသုခဖို့ချည်းသာတည်း။ အယုတ်သဖြင့် မိမိကိုယ်ကို သေစေလို၍ အဆိပ်ဆေးကို မျိုသောသူ၊ ကြိုးဆွဲချသောသူ၊ ရေထဲသို့ ခုန်ချသောသူ၊ လက်နက်ဖြင့်သတ်သေသူတို့သည်လည်း "သေမှအေးမည်၊ သေမှ ချမ်းသာမည်" ဟု ချမ်းသာကို လို၍ ပြုမူပင်တည်း။

ဤစကားနှစ်ရပ်ဖြင့် ဤဝေဒယိတစာတ်ကြီးသည် ခပ်သိမ်းသော လူ၊ နတ်၊ ပြဟ္မာ၊ သတ္တဝါတို့၏ ကိုးကွယ်ရာ၊ လဲလျောင်းရာ ဖြစ်၏။ အကြီးအကဲ အချုပ်အခြာဖြစ်၏ဟု ဆိုလိုသည်။

"အရည်းသူမြတ်၊ ပရမတ်ကို၊ ချန်လှပ်ထား၍၊ အများလောက ရှိသမျှကို၊ ဒုက္ခပွားမှု၊ များစွာပြုသည်၊ သုခဝေဒနာ၊ စွမ်းရည်တည်း" ဟူရာ၌ -

ပရမတ္ထအရိယာဖြစ်ပြီးသောသူတို့ကို ချန်လှပ်၍ ခပ်သိမ်းသော ပုထုဇဉ်သတ္တဝါတို့ကို အနမတဂ္ဂသံသရာနှင့် အမျှ ဒုက္ခပွားအောင် ပြု၍နေသည်ကား တခြားအရာမဟုတ်၊ ဤသုခဝေဒယိတစာတ်ကြီး၏ အတွက်ပေတည်း။

## ခင်တွယ်သူကို ဒုက္ခပွားအောင် ဝေဒယိတစာတ်ကြီး နှိပ်စက်ပုံ

အဘယ်သို့ ဒုက္ခပွားအောင် ပြုသနည်းဟူမူကား -

ဤဝေဒယိတစာတ်ကြီးသည် ခြောက်ဒွါရတို့၌ ဣဋ္ဌဖဿ ထင်လင်းရှိခိုက်၌သာ အဇ္ဈတ္တသန္တာန်တွင် ဖြစ်ပေါ်၍ နေနိုင်၏။ ဣဋ္ဌဖဿချုပ်ကွယ်လျှင် ချုပ်ကွယ်လေ၏။ ဣဋ္ဌဖဿသည်လည်း ကောင်းသောဣဋ္ဌာရုံနှင့် ပူးပေါင်း ထွေးယှက်ဆက်ဆံရောနှော၍မှ ထင်လင်းရှိခိုက်၌သာ ခြောက်ဒွါရမှာ ဖြစ်ပေါ်နေနိုင်၏။ ဣဋ္ဌာရုံနှင့် ထွေးလုံးရောယှက်မှု ကင်းကွာပြန်လျှင် ကင်းကွာဆဲခဏမှာ ချုပ်ပျောက်

http://www.dhammadownload.com



လေ၏။ ဣဋ္ဌာရုံဟူသည် လည်း **အနိစ္စတရားဖြစ်၏**။ မကြာမီ၊ မကြာမီ ဖောက်ပြန် ဆုတ်ယုတ် ကုန်ဆုံးသော တရားစုဖြစ်၏။

ဣဋ္ဌာရုံ ကုန်ပြန်လျှင် ဖဿကုန်ပြန်၏။ ဖဿကုန်ပြန်လျှင် သုခဝေဒနာကုန် ပြန်၏။ **သုခဝေဒနာကို လိုပြန်လျှင် ဣဋ္ဌာရုံကိုရှာရပြန်၏**။ အနမတဂ္ဂသံသရာမှာ သုခဝေဒနာကိုခင်တွယ်သည့်အတွက် ဣဋ္ဌာရုံရှာမှုနှင့် တစ်ပန်းတည်းပန်း၍ နေကြ၏။

ဥပမာကား - နွေအခါ ကိုယ်အင်္ဂါ **အေးမြသော သုခဝေဒယိတစာတ်ကို** အလွန်အလိုရှိကြ၏။ ထိုသုခဝေဒယိတစာတ်သည်လည်း ကိုယ်သန္တာန်မှာ **သုခ သမ္ဖဿစာတ် ဖြစ်ပေါ်သောအခါ ဖြစ်ပေါ်နိုင်သည်**။ သုခသမ္ဖဿစာတ်သည် လည်း ဗဟိဒ္ဓက အေးမြသော လေ၊ ကိုယ်၌ ထိခိုက်လုံးထွေး၍ နေဆဲအခါမှ ကိုယ် သန္တာန်မှာ ဖြစ်နိုင်သည်။ ကိုယ်မှာ ထိခိုက်လာသော **လေအေး၊ ရေအေး** ဟူသော **ဣဋ္ဌာရုံသည်လည်း ကိုယ်သန္တာန်၌ ထိကာမတ္တနှင့် ခဏချင်း၊ ခဏချင်း ကုန်ဆုံး ကွယ်ပျောက်သော "အနိစ္စတရား"သာ** ဖြစ်၏။

ထို့ကြောင့် အသစ်အသစ်သော လေ၊ အသစ်အသစ်သော ရေ ထပ်မနားထိ ၍နေမှ သုခသမ္ဖဿ ထပ်မနားဖြစ်ပေါ်၍ သုခဝေဒနာအစဉ်ဖြစ်ပွားနေနိုင်၏။ ထိ **ခိုက်သောလေ၊ ရေ ပြတ်ဆဲပျောက်ဆုံးပြန်လျှင် သုခသမ္ဖဿ၊ သုခဝေဒနာ နှစ်ပါး ပျောက်ဆုံးပြန်၏**။ ထို **"သုခဝေဒနာ"ခေါ်သော "ဝေဒယိတစာတ်ကြီးသည်"** လည်း သုခသမ္ဖဿ စာတ်ပေါ်ရှိမှ ပေါ်နိုင်သော ပဋိစ္စသမုပ္ပါဒ်မျိုးဖြစ်၏။ ထို **"သုခ သမ္ဖဿ စာတ်ကြီးသည်"** လည်း အေးမြသောလေ၊ အေးမြသောရေ ထိပါးမှု ထင်လင်းရှိမှ ပေါ်နိုင်သော ပဋိစ္စသမုပ္ပါဒ်မျိုး မည်၏။ **"ထိုလေ၊ ထိုရေစုသည်"** လည်း ယင်းလေခပ်ပေးသူ၊ ရေကို ခပ်ဆောင် သူရှိမှ ရှိနိုင်သော ပဋိစ္စသမုပ္ပါဒ်မျိုး ဖြစ်၏။

ဤသို့ ပဋိစ္စသမုပ္ပါဒ်မျိုးချည်းဖြစ်ကြ၍ ယပ်လေနှင့်စပ်သော သုခဝေဒယိတ စာတ်ကို ခင်မင်ငြိတွယ်သောသူမှာ **ယပ်လေခပ်မှုနှင့် စပ်သောဒုက္ခသည် အပြီး** စွပ်လျက် နေ၏။ ရေနှင့်စပ်သော သုခဝေဒယိတစာတ်ကို ခင်မင်ငြိတွယ်သောသူမှာ **ရေနှင့်စပ်သော ဒုက္ခသည် အပြီးစွပ်လျက်ရှိ၏**။

ယခုရှိကြသော လူ၊ နတ်၊ ဗြဟ္မာ ပုထုဇဉ်သတ္တဝါတို့သည် ထိုသုခဝေဒနာကို ခင်တွယ်ကြကုန်၏။ ထိုသုခဝေဒနာသည် ခင်တွယ်သောသူတို့ကို အမြဲဆင်းရဲ ဒုက္ခပွားများအောင်ပြု၏။

http://www.dhammadownload.com



## မီးပူဇော်သော ပုဏ္ဏားဥပမာ ဆင်းရဲဒုက္ခကြီးမားရာ

မီးပူဇော်သော ပုဏ္ဏားသည် "ဖွားဘက်မီးကို မသေရအောင် တစ်သက်လုံး လုပ်ကျွေးပူဇော်နိုင်လျှင် သေသည်၏ အခြားမဲ့၌ ဗြဟ္မာပြည်သို့သွားရ၏" ဟူသော မိစ္ဆာအယူရှိသည်နှင့်အညီ မီးကိုလုပ်ကျွေးရ၏။ အနှစ်သာရရှိသော ထင်း၊ သစ်သား ပေါ်များရာ၌နေ၍ လုပ်ကျွေးရ၏။ ထောပတ်၊ ဆီဦးစသော မီးကြိုက်သော အကောင်း အမွန်အရသာဟူသမျှကို မီးကိုကျွေးရ၏။ အကောင်းအမွန်ကျွေးလျှင် အကျိုးအထူး ကြီးသည်ဟု အယူရှိ၏။

မီးသည် ပဋိစ္စသမုပ္ပါဒ်မျိုးဖြစ်၏။ အဘယ်ကဲ့သို့ ပဋိစ္စသမုပ္ပါဒ်မျိုး ဖြစ်သနည်း ဟူမူ-

မီးစာ၊ ထင်းရှိပါမှ မီးစာ ထင်းကို စွဲ၍ မီး ဖြစ်ပေါ်နိုင်၏။ တည်နေနိုင်၏။ မီးစာ ထင်းလျော့လျှင် လျော့ပါး၏။ မီးစာထင်းကုန်လျှင် ကုန်၏။ မီးစာနှင့် ကင်း၍ မျက်တောင် တစ်ခပ်မျှ မတည်နိုင်။ ဤကား မီး၏ ပဋိစ္စသမုပ္ပါဒ်သဘောတည်း။

မီးစာထင်းမည်သည်လည်း မီးထဲသို့လျှင် ခဏမစဲ တရဲရဲ ကုန်ခန်း၊ ကုန်ဆုံးခြင်း အနိစ္စသဘော အလွန်မြန်၏။ တစ်နေ့တစ်နေ့ အဖို့တွင် ထင်းများစွာ ကုန်၏။ ထို့ကြောင့် ထိုမီးကို အကောင်းထင်သော မိစ္ဆာအယူကို မစွန့်သမျှကာလပတ်လုံး ထိုပုဏ္ဏားကို မီးစာ၊ ထင်းမှုဒုက္ခနှင့် အမြဲနှိပ်စက်၏။ မိုးအတွက်၊ လေအတွက် ထင်းပြတ်ရန်၊ မီးသေ ရန် အမှုနှင့် အမြဲနှိပ်စက်၏။ ထမ်းဆောင်သယ်ပိုးမှုနှင့် အမြဲနှိပ်စက်၏။ စုတေပြန် လျှင်လည်း ထိုဒိဋ္ဌိအတွက် အပါယ်သို့ သွားရသည် များ၏။

တစ်ယောက်တစ်ယောက်သောပုထုဇဉ် သတ္တဝါတို့၏ ခန္ဓာကိုယ်၌ -

**"စက္ခုအကြည်နှင့်တကွ မျက်လုံးအိမ်နှစ်ခု"** သည် **မီးအိုးကင်းကြီး** နှစ်ခုနှင့် တူ၏။ သောတအကြည်နှင့်တကွ နားအိမ်နှစ်ခု၊ ဃာနအကြည်နှင့်တကွ နှာခေါင်းအိမ်နှစ်ခု၊ ဇိဝှါအကြည်နှင့်တကွ လျှာအကြည်တစ်ခုလုံး၊ ကာယအကြည်နှင့် တကွ ကိုယ်အင်္ဂါအားလုံး၊ မနောအကြည်နှင့်တကွ ဟဒယနှလုံးအိမ်တစ်ခုလုံးသည် မီးအိုးကင်းကြီး အသီးသီးနှင့် တူ၏။

**"ဖဿ"** ခြောက်ပါးသည် **မီးမှုတ်သော ပြောင်းခြောက်ခု**။ မီးပြင်သော ယောက်မခြောက်ခုနှင့် တူ၏။

**"သုခဝေဒယိတဓာတ်"** ခြောက်ပါးသည် **မီးတောက်ခြောက်မျိုး**နှင့် တူ၏။

http://www.dhammadownload.com



- လူ့လောက၊ နတ်လောကတို့၌ ရှိသမျှသော ဘုံဗိမာန်၊ ရွှေ ငွေ၊ ရတနာ၊ လယ်၊ ယာ၊ လှည်း၊ နွား၊ ဆင်၊ မြင်း၊ **သင်းပင်းခြွေရံ၊ ဝတ်စားတန်ဆာ** အစရှိသော အလုံးစုံတို့ကို ခြောက်ပုံ၊ ခြောက်စု ပြုသည်ရှိသော် တစ်စုသည် စကျွ မီးတောက်ဖို့ရန် ရသော **ထင်းပုံ၊ ထင်းစု** ဖြစ်၏။ (အကြွင်းငါးခုလည်း အကြွင်းမီးတောက်ငါးခုနှင့် ဝေဖန်လေ)

**ထိုပုဏ္ဏားမှာ မီးတစ်မျိုးကိုသာ မွေးမြူရ၏။ ဤသတ္တဝါတို့မှာ မီးတောက် ခြောက်မျိုး၊** မီးအိုးကင်းကြီး, ငယ်ခြောက်ခုကို **မွေးမြူကြရ၏။** ထိုမီး၏ အနိစ္စမှု ပဋိစ္စသမုပ္ပါဒ်မှုထက်၊ ဝေဒနာမီးတောက်ခြောက်ပါး၏ အနိစ္စမှု ပဋိစ္စသမုပ္ပါဒ် အမှုသည် အလွန်ကြီးကျယ်လှ၏။

ယခုမျက်မြင်လောက ရေသတ္တဝါ၊ ကုန်းသတ္တဝါတို့ နေ့နေ့ညည အုန်းအုန်း တက် ကျွက်ကျွက်ဆူ သွား၊ လာ၊ ရပ်၊ ထိုင် လုပ်ကိုင်ရှာဖွေမှု ကြီးကျယ်ပုံကို မြင်ကြလျှင် **မီးတောက်ခြောက်ပါးအတွက် မီးစာထင်းမှုအလုပ် ဘယ်မျှကြီးကျယ် ကျပ်တည်း** သည်ဟု မြင်နိုင်ရာ၏။ မိမိတို့ ကျင်လည်၍လာခဲ့သော အနမတဂ္ဂသံသရာ ဘဝ အဆက်ဆက်ကို ဤနည်းအတိုင်းမြင်နိုင်ရာ၏။

ဤသည်ကိုရည်၍ -

"အများလောကရှိသမျှကို ဒုက္ခပွားမှု

များစွာပြုသည် သုခဝေဒနာ စွမ်းရည်တည်း"

ဟု ဆိုပေသည်။

မီးပူဇော်သော ပုဏ္ဏားသည် **ထိုမီးကိုသာယာသော မိစ္ဆာအယူကို မစွန့်သမျှ** ကာလပတ်လုံး သွားလေရာ၊ နေလေရာ မီးနှင့်စပ်သော ဒုက္ခစက်ကွင်းကြီး အပြီး ထက်ကြပ် စွပ်လျက်ပါလေဘိသကဲ့သို့၊ ပုထုဇဉ်သတ္တဝါတို့မှာလည်း **ထိုဝေဒနာကို "ငါ" ဟု စွဲလမ်းသော သက္ကာယဒိဋ္ဌိကို မစွန့်သမျှ** အနမတဂ္ဂသံသရာ ကာလ ပတ်လုံး ရောက်လေရာရာ ဘဝ၌ **ဒုက္ခစက်ကွင်းကြီး အပြီးစွပ်လျက်** ပါ၍နေ၏။

အဘယ်ဒုက္ခများနည်းဟူမူ -

၁။ တစ်ခုတစ်ခုသော ဖြစ်ရာဘဝ၌ ထိုဝေဒနာ မီးတောက်ခြောက်ပါးနှင့် အသက်တမ်းစေ့နေရအောင် **အာရုံ, ဝတ္ထု, ထင်း, မီးစာမှု ဆင်းရဲဒုက္ခ**။

၂။ နောက်ဘဝမှာ ထင်း၊ မီးစာ ပြည့်စုံစွာ ရခြင်းမှာ **ရှေးရှေးဘဝက တင်ကူး** ၍ ပြုကြရသော **"ဒါနမှု ဒုက္ခကြီး"**

http://www.dhammadownload.com



၃။ **"သီလမှု ဒုက္ခကြီး"**

၄။ ကသိုဏ်း၊ ဖြဟ္မဝိဟာရ **"ဘာဝနာမှု ဒုက္ခကြီး"**။

ဤဒုက္ခမှုတို့သည်ဖြစ်လေရာရာ စွပ်လျက် ပါကုန်၏။ ထိုဒါနမှုဒုက္ခ၊ သီလမှု ဒုက္ခ၊ ဘာဝနာ မှုဒုက္ခတို့ကို မပြုပြန်လျှင် သုခခြောက်ပါးမှလွတ်၍ အပါယ်ဘဝ ဒုက္ခကြီး ခြောက်ပါးသို့ မျောရလေ၏။

ထိုပုဂ္ဂိုလ်သည် ထိုမိစ္ဆာအယူကိုစွန့်၍ ထိုမီးလက်လွတ်သောအခါမှ မီးစာ ထင်းမှု ဒုက္ခငြိမ်းလေ၏။ ထို့အတူ ဝေဒနာမီးတောက် ခြောက်ပါး၌ စွဲလမ်းတွယ် တာသော တဏှာ၊ ဒိဋ္ဌိကို စွန့်နိုင်သောအခါမှ သံသရာဒုက္ခစက်ကွင်းကြီး ကျွတ်လွတ်၏။ ဤသို့သော ပြန်ဘက်အနက်အဓိပ္ပာယ်ကိုလည်း ထိုလင်္ကာဝါကျဖြင့် ပြပေ၏။

## (၇) ဝေဒနာ ပစ္စယာ တဏှာ

### အရကောက်နှင့် သဘောသရုပ် ထင်လွယ်အဓိပ္ပာယ်

"ခြောက်ပါးအာရုံ၊ သာယာတုံ၊ ခြောက်စုံညစ်တဏှာ"

ဟူသောပရမတ္ထသံခိပ်အရ-

ရူပါရုံကို တပ်မက်သာယာသောလောဘသည် ရူပတဏှာမည်၏။

သဒ္ဒါရုံကို တပ်မက်သာယာသောလောဘသည် သဒ္ဒတဏှာမည်၏။

ဂန္ဓာရုံကို တပ်မက်သာယာသောလောဘသည် ဂန္ဓတဏှာမည်၏။

ရသာရုံကို တပ်မက်သာယာသောလောဘသည် ရသတဏှာမည်၏။

ဖောဋ္ဌဗ္ဗာရုံကိုတပ်မက်သာယာသောလောဘသည် ဖောဋ္ဌဗ္ဗတဏှာမည်၏။

ဓမ္မာရုံကို တပ်မက်သာယာသောလောဘသည် ဓမ္မတဏှာမည်၏။

ဓမ္မတဏှာ ဆိုသည်မှာကား လောကီစိတ်၊ စေတသိက်၊ ပသာဒရုပ်ငါးခု၊ သုခုမ ရုပ် (၁၆)၊ ပညတ္တိဓမ္မတို့၌ သာယာသော တဏှာတည်း။ ဆိုအပ်ပြီးသော တဏှာ ခြောက်ပါးတို့သည် "ဝေဒနာ ပစ္စယာ တဏှာ" အရ တဏှာမည်ပေသည်။

### ဝေဒနာကြောင့် တဏှာဖြစ်ပုံ အကျဉ်းအဓိပ္ပာယ်

(မူလပဋ္ဌာန်းဆရာတော်ကြီး ဦးနာရဒ)

ခံစားမှု၊ ဝေဒနာသုံးပါးရှိခြင်းကြောင့် ခံစားအပ်သော အာရုံကို စွဲလမ်း သာယာသော တဏှာအမျိုးမျိုးဖြစ်၏။

http://www.dhammadownload.com



"ဆင်းရဲမှု ဒုက္ခဝေဒနာကို ခံစားရသူသည် ထိုဒုက္ခမှ လွတ်မြောက်၍ ချမ်းသာမှု သုခကိုရရန် တဏှာဖြင့် တောင့်တမျှော်လင့်၏"

ချမ်းသာပြီး သုခဝေဒနာရှိသူကလည်း ရေငန်ကို သောက်မိသောသွားလို တိုးတက်ကာသာ သုခရရန် တဏှာဖြင့် တောင့်တပြန်၏။

ဥပေက္ခာဝေဒနာကား ငြိမ်သက်သော သဘောသတ္တိရှိ၍ သုခဝေဒနာ၌ သွင်းယူရ၏။

ဝေဒနာကြောင့် တဏှာဖြစ်မှုမှာ အနုသယဓာတ်မကင်းကြသေးသော ပုထုဇဉ်၊ သေက္ခများနှင့်သာ ဆိုင်၍ အနုသယဓာတ်ကင်းပြီး ရဟန္တာများမှာမူ ဝေဒနာကြောင့် တဏှာ မဖြစ်နိုင်ပြီ။

## ဝေဒနာကြောင့် တဏှာဖြစ်ပုံ - မကျဉ်းမကျယ်အဓိပ္ပာယ်

**(ဆရာကြီး ဒေါက်တာမင်းတင်မွန်)**

တပ်မက်မှုတဏှာသည် ခံစားမှုဝေဒနာကို အစွဲပြု၍ ဖြစ်၏။ သတ္တဝါတို့သည် မိမိတို့ခံစားဖူးသော အာရုံ၌ တပ်မက်သည်သာ များ၏။ မခံစားဖူးသော အာရုံ၌ တဏှာဖြစ်ခဲ၏။ ရူပါရုံကို နှစ်သက်သည်ဆိုရာ၌ စင်စစ်တွင် ထိုအာရုံကို မြင်ရသော အခါ သာယာခြင်းကို ခံစားတတ်သော သုခဝေဒနာဖြစ်၏။ ထိုသုခဝေဒနာကို တဏှာက တပ်မက်၏။ ထိုသုခကို တပ်မက်လျှင် ထိုသုခကို ဖြစ်စေသော အာရုံကိုလည်း တပ်မက်ပြီး ဖြစ်တော့၏။ ထို့ကြောင့် "တဏှာသည် ခံစားမှုဝေဒနာကြောင့် ဖြစ်၏" ဟုဆိုရ၏။

ဒုက္ခဝေဒနာကို ခံစားခိုက်တွင်လည်း "ဒီဒုက္ခက လွန်မြောက်ပြီး ဘယ်တော့များ ချမ်းသာသုခကို ခံစားရပါ့မလဲ" ဟု သုခကို လည်းကောင်း၊ သုခကို ဖြစ်စေမည့် အာရုံကို လည်းကောင်း၊ တဏှာဖြင့် တောင့်တကြ၏။

သုခဖြစ်နေခိုက်တွင် ထိုသုခကို တဏှာဖြင့် သာယာသည့်အပြင် ထို့ထက် သာလွန်သော သုခကို တဏှာက မျှော်လင့်တောင့်တပြန်၏။ ဥပေက္ခာဝေဒနာသည် ငြိမ်သက်အေးမြသဖြင့် သုခနှင့် သဘောတူ၏။

ထို့ကြောင့် သုခ၊ ဒုက္ခ၊ ဥပေက္ခာဟူသော ဝေဒနာသုံးပါးကြောင့် တဏှာ အမျိုးမျိုးဖြစ်ပေါ်ရသည်။ ထိုတွင်စက္ခုသမ္ဖဿဇာဝေဒနာ စသည်ကြောင့် ရူပါရုံ စသည်ကို နှစ်သက်တောင့်တသော တဏှာဖြစ်၏။ - (၆) - မနောသမ္ဖဿဇာဝေဒနာ ကြောင့် ဓမ္မာရုံကို နှစ်သက်တောင့်တသော တဏှာဖြစ်၏။

http://www.dhammadownload.com



## ဝေဒနာကြောင့် တဏှာဖြစ်ပုံ - မကျဉ်းမကျယ်အဓိပ္ပာယ်

(ညောင်လေးပင်တောရဆရာတော်ဘုရားကြီး)

"ဝေဒနာ ပစ္စယာ တဏှာ" ၌ ဝေဒနာကြောင့် တဏှာဖြစ်သည်ဆိုတာ ထို ဝေဒနာခြောက်ပါးခံစားခြင်းကြောင့် အာရုံအားလျော်စွာ ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာ ဟူသောအမည်ဖြင့် တဏှာ ခြောက်ပါးဖြစ်ပေါ်၏။ တစ်နည်းတော့လည်း ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ, တဏှာသုံးပါးဖြစ်၏။ ထိုတွင်အာရုံခြောက်ပါးကို ကာမရာဂဖြင့် သာယာခြင်းသည် **ကာမတဏှာ** မည်၏။ သဿတဒိဋ္ဌိနှင့် ယှဉ်တွဲ၍ သာယာခြင်းသည် ဘဝတဏှာ မည်၏။(ဝါ) ကမ္မဘဝ၊ ဥပပတ္တိဘဝကို သာယာခြင်းသည် **ဘဝတဏှာ**မည်၏။ ဥစ္ဆေဒ ဒိဋ္ဌိနှင့် ယှဉ်တွဲ၍ သာယာခြင်းသည် **ဝိဘဝတဏှာ** မည်၏။ (ဝါ) နိဗ္ဗာန်မဟုတ်သည် ကို နိဗ္ဗာန် ရပြီဟု သာယာခြင်းသည် ဝိဘဝတဏှာ မည်၏။ နိရောဓတဏှာ မည်၏။

ဤကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာသုံးပါးကို အရင်းခံ၍ အာရုံ ခြောက်ပါးစီဖြင့် ပွားလျှင် (၁၈) ပါးဖြစ်၏။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလသုံးပါး ဖြင့် ပွားလျှင် (၅၄) ပါးဖြစ်၏။ အဇ္ဈတ္တသန္တာန်၊ ဗဟိဒ္ဓသန္တာန် နှစ်ပါးဖြင့် ပွားလျှင် တဏှာ အစစ် (၁၀၈) ဖြစ်၏။

ဆောင် = တဏှာ သုံးတန်၊ တည်၍ခံ၊ အာ၊ ကာ၊ သန်ဖြင့်မြှောက်။
တဏှာအစစ်၊ တစ်ရာရှစ်၊ ဖြစ်၏ ထိုမျှလောက်။

သုခဝေဒနာ ခံစားရလျှင် အဖန်ဖန်ခံစားလိုသောတဏှာ ထင်ရှား၏။ ဥပေက္ခာ ဝေဒနာခံစားရလျှင် ကျေနပ်သောတဏှာ ထင်ရှား၏။ ဒုက္ခဝေဒနာခံစားရလျှင် ဘယ် အခါ အာရုံကောင်းကောင်းခံစားရပါအံ့နည်း ဟုလှမ်း၍ တောင့်တသော တဏှာ ထင်ရှား၏။

ဤဝေဒနာကြောင့် တဏှာဖြစ်ရာ၌ အနုသယမကင်းသော သတ္တဝါတို့ အားသာ တဏှာ ဖြစ်သည်။ အနုသယကင်းသောရဟန္တာတို့အား ထိုတဏှာ မဖြစ်နိုင် ပါ။ အနုသယမကင်းသော်လည်း သူတော်ကောင်းအမှီရ၍ ယောနိသောမနသိကာရ ရှိလျှင် ပုထုဇဉ်တို့အားသော်လည်း ဝေဒနာကြောင့် တဏှာမဖြစ်ပါ။ တဏှာမဖြစ်လျှင် ဥပါဒါန်လေးပါးမဖြစ်မူ၍ သံသရာဘဝစက် ပျက်ရလေတော့၏။

တဏှာ၏ထင်ရှားပြဋ္ဌာန်းသော အကြောင်းတရားအဖြစ် ဝေဒနာကို သတ် မှတ်ရခြင်းကား-

http://www.dhammadownload.com



ဝေဒနာသည် အာရုံအကောင်းစား၊ အလတ်စားကို ခံစားရလျှင်ဖြင့် တပြုံးပြုံးနှင့် စုံမက်စွာ တဏှာကို ဖြစ်စေသော်လည်း အာရုံအညံ့စားကို ခံစားရသောအခါမှာမူ တမဲ့မဲ့နဲ့ ထိုတဏှာ သေတော့မှာပဲဟု ထင်ရ၏။ သို့သော်လည်း အညံ့စားတွေ့လေလေ အကောင်းစားစိတ်ကူးလေလေမို့ မသေပါဘူး။ စိတ်ကူးယဉ်သည့် တဏှာပါ။ လှမ်းပြီး တောင့်တသည့်တဏှာပါ။ ဘုရားလေးဆူအကြား အစာမစားရသည့် ဆွေတော် မျိုးတော် ပြိတ္တာတွေသည် ဘယ်တော့မှ စားကြရမည်နည်းလို့ လှမ်းပြီး တောင့်တကြ၏။ မသေပါ။

ထိုတဏှာသဘောသည် အကောင်းတွေ့တော့ သာယာ၏။ အလတ်တွေ့တော့လည်း သာယာ၏။ အညံ့တွေ့တော့ လှမ်း၍ အကောင်းတောင့်တ၏။ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာလို့လဲ တဏှာသုံးပါး ပြားလေရကား အာရုံ ခြောက်ပါး၊ ကာလသုံးပါး၊ သန္တာန်နှစ်ပါးနှင့်ပွားတော့ တဏှာအစစ် (၁၀၈) ဖြစ်၏။

တဏှာ ဖြစ်တိုင်း၊ ဖြစ်တိုင်းသည် ဝေဒနာခံစားတာကြောင့်ချည်းပဲဖြစ်လေရကား၊ ဝေဒနာသည်သာ တရားခံအစစ်ဖြစ်သည်ဟု "ဝေဒနာ ပစ္စယာ တဏှာ" လို့ ဟောရခြင်း ဖြစ်ပေသည်။

## ဝေဒနာကြောင့် တဏှာဖြစ်ပုံ - မကျဉ်းမကျယ် အဓိပ္ပာယ်

(ဆရာကြီးဦးကျော်ထွတ်)

ပဋိစ္စသမုပ္ပါဒ် အင်္ဂါ (၁၂)ပါးထဲတွင် အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုး ဆက်သွယ်ပုံကို ရှင်းပြသည့် "အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ" ဆိုသော ပထမပိုင်းကို သေချာစွာ သဘောပေါက်သွားလျှင်ပင် မဂ်ဖိုလ်ရနိုင်ပေသည်။

သို့ရာတွင် မြတ်စွာဘုရားရှင်က ပစ္စုပ္ပန်အကြောင်းနှင့် နောင်အနာဂတ် အကျိုး ဆက်သွယ်ပုံကိုရှင်းပြသည့် "တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ-မရဏ" ဆိုသော ဒုတိယပိုင်းကို ထပ်ပြီးဟောခဲ့ပေသည်။

ပဋိစ္စသမုပ္ပါဒ်မှာ ခေါင်းနှစ်ခေါင်းရှိရာ - အဝိဇ္ဇာသည် သစ္စာလေးပါး မသိအောင် ဖုံးလွှမ်းပေးလို့ ကုသိုလ်၊ အကုသိုလ်ကံတွေ ပြုလုပ်ခဲ့ကြသည့်အလျောက် ဤဘဝမှာ ဘဝသစ်ခန္ဓာငါးပါး ရရှိတာကြောင့် အတိတ်အကြောင်း၌ အဝိဇ္ဇာက ခေါင်းဆောင်ပါ။

http://www.dhammadownload.com



ယခုဘဝ ပစ္စုပ္ပန်အကြောင်းမှာတော့ တဏှာက ခေါင်းဆောင်ပါ။ ဝေဒနာပစ္စယာတဏှာမှာ "ချမ်းသာ" ဆိုသည့် သုခဝေဒနာကိုပဲ လူတွေက လိုက်ရှာနေကြတာပါ။ ချမ်းသာအောင်လည်း လုပ်နေကြတာပါ။ တစ်ကမ္ဘာလုံးရှိ လူတွေ ဘာပဲလုပ်လုပ် ချမ်းသာဖို့ လုပ်နေကြတာပါ။ စားစရာမရှိသည့်လူကလည်း စားစရာရှိအောင်၊ စားစရာ ရှိပြီးသား လူကလည်း ပိုပြီး စားနိုင်အောင် လုပ်နေကြတာပါ။ ချမ်းသာဖို့ဆိုသည့် ဝေဒနာကို လိုက်ရှာနေသည့်အတွက် **ယခုဘဝ၌ "တဏှာ"က ခေါင်းဆောင်နေပေသည်။**

ယခုဘဝ ပစ္စုပ္ပန်အကြောင်းမှာ "တဏှာ, ဥပါဒါန်, ကမ္မဘဝ" ဆိုသည့် အထဲမှာ တဏှာသည် လောဘစေတသိက်၊ ထိုတဏှာထဲမှာ အဝိဇ္ဇာမပါဘူးလားဆိုတော့ တဏှာ ဖြစ်နေတာကိုက အဝိဇ္ဇာကြောင့်ပါ။

(၃၁) ဘုံမှာ ဖြစ်နေသည့် အဖြစ်တွေအားလုံးသည် သစ္စာအားဖြင့် ဒုက္ခပါလို့ ဘုရားရှင်ဟောကြားခဲ့ရာ၌ **သဘာဝအားဖြင့် သုခဝေဒနာ ချမ်းသာဆိုတာ ရှိပေမယ့်ထိုသုခသည် ခေတ္တယာယီ၊ မမြဲသည့် သုခမို့ သစ္စာအားဖြင့် ဒုက္ခပဲလို့ ဘုရားရှင်ဟောခဲ့ခြင်းဖြစ်၏။**

ထိုမမြဲသည့် သုခကိုပဲ သတ္တဝါတွေအမြင်ကတော့ ချမ်းသာလို့ ထင်နေကြရကား ဒုက္ခတွေကို သုခလို့ အဝိဇ္ဇာက ဖုံးလွှမ်းပေးတော့ တဏှာက သုခဝေဒနာကိုပဲ လိုက်ရှာနေကြခြင်း ဖြစ်ပေသည်။

## ဝေဒနာကြောင့် တဏှာဖြစ်ပုံ အပြည့်အစုံ

**(မဟာစည်ဆရာတော်ဘုရားကြီး)**

"အမှန်မသွား၊ အမှားမြင်ကာ၊ အဝိဇ္ဇာကြောင့်၊ ချမ်းသာလိမ့်နိုး၊
ရည်မျှော်ကိုးလျက်၊ သုံးမျိုးမှုကံ ပြုစီမံ၍၊ ဝိညာဏ်တွယ်စပ်၊
နာမ်ရုပ်ကပ်လျက်၊ ခြောက်ရပ်အာယတန၊ ဖဿခြောက်ဖြာ၊
ဝေဒနာကြောင့်၊ တဏှာခြောက်တန်၊ ဥပါဒါန်နှင့်
ဖြစ်ရန်အကြောင်း၊ ကံဆင့်လောင်း၍"

ဟူသည့်လင်္ကာအကျဉ်းအရ-

အမှန်အတိုင်းမသိလို့ ပြောင်းပြန်အထင်မှားပြီးသိတာက အဝိဇ္ဇာ၊ အထင်မှားပုံက - **မြင်တိုင်း, ကြားတိုင်း,** နံတိုင်း, စားတိုင်း, ထိသိတိုင်း, ကြံသိတိုင်း **ထင်ရှား**

http://www.dhammadownload.com



တွေ့နေရတာတွေက ဒုက္ခသစ္စာ - ဆင်းရဲခြင်း အမှန်တရားချည်းပါ။ ခဏမစဲ ဖြစ်ပျက်နေလို့ ဘာမျှအားမကိုးလောက်သည့် တရားတွေချည်းပါ။

သို့ပေမယ့် ခဏမစဲ ဖြစ်ပျက်နေတာကို မသိရသည့်အတွက် အမြဲတည်နေသည်၊ ချမ်းသာကောင်းစားနေသည်ဟု အထင်မှားပြီး ထိုချမ်းသာကို ရချင်လို့ တစ်နေ့ထက်တစ်နေ့ ချမ်းသာလိမ့်နိုးနိုး၊ တစ်ဘဝထက်တစ်ဘဝ ချမ်းသာလိမ့် နိုးနိုးနဲ့ ရည်ရွယ်မျှော်ကိုးပြီး နေ့ရှိသမျှ၊ အချိန်ရှိသမျှ စိတ်ကူးကြံစည်နေ၏။ ထိုစိတ်ကူး သက်သက်ဆိုလျှင် စိတ္တသင်္ခါရ (ခေါ်) မနောကံ။ ကြံစည်သည့်အတိုင်း နှုတ်က ပြောဆိုလျှင် ဝစီသင်္ခါရ (ခေါ်) ဝစီကံ။ ကိုယ်လက်လှုပ်ရှားပြီး ပြုလုပ်အားထုတ်လျှင် ကာယသင်္ခါရ (ခေါ်) ကာယကံ။ အကျဉ်းချုပ်အားဖြင့်တော့ ကြံစည်သမျှ၊ ပြုလုပ်သမျှ၊ ပြောဆိုသမျှ အမှုတွေအားလုံးသည် ကုသိုလ်နှင့် အကုသိုလ်ကံချည်းသာ ဖြစ်၏။

ထိုကံကြောင့် ဘဝသစ်ဝိညာဏ်ဖြစ်ရ၏။ ဖြစ်ပုံမှာ -

သေခါနီးကာလမှာ မိမိကိုယ်တိုင်ပြုထားသည့် အမှုကလေးလျှင်လည်း ပေါ်လာ၏။ ထိုအမှုပြုလုပ်စဉ်က တွေ့ခဲ့ရသည့် အခြေအနေတွေလျှင်လည်း ပေါ်လာ၏။ ထိုကံကြောင့် ဖြစ်ရမည့်ဘဝက အခြေအနေလျှင်လည်း ပေါ်လာ၏။

ထိုဂတိနိမိတ်သုံးမျိုးထဲက တစ်မျိုးမျိုးထင်ပေါ်နေစဉ်မှာ ဘဝဟောင်းက စိတ်အစဉ် ပြတ်စဲသွားပြီး စုတိကျသည်နှင့်တစ်ပြိုင်နက် သေခါနီးက ထင်ပေါ်ခဲ့သည့် အာရုံကို စွဲပြီး ဘဝသစ်မှာ စိတ်အသစ် (ပဋိသန္ဓေစိတ်) ဖြစ်ပေါ်လာ၏။ ထိုစိတ်အသစ်က ဆက်ပြီး ထိုတစ်ဘဝလုံး စိတ်အစဉ်မပြတ် ဖြစ်သွားပြန်၏။ ဤသည်ကား "သင်္ခါရပစ္စယာ ဝိညာဏံ" သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံပါပဲ။

ထိုဝိညာဏ်သည် အာရုံအကြောင်းအထူးမရှိလျှင် သေခါနီးက စွဲခဲ့သည့် အာရုံကိုပဲ အာရုံပြုပြီးတော့ ထပ်ကာထပ်ကာ မပြတ်ဖြစ်နေပေရာ ယင်းကို ဘဝင်= ဘဝင်စိတ်ဟု ခေါ်၏။ ဘဝင်ဆိုတာ ဘဝ၏ အစိတ်အပိုင်းကို ဆိုလိုရကား ထိုဘဝင် စိတ် အရှိန်အဟုန် မကုန်သေးလို့ ထပ်ကာထပ်ကာ ဖြစ်နေသမျှ ကာလပတ်လုံး ထိုဘဝမှာ အသက်ရှင်နေသည် ဆိုရ၏။

အာရုံအထူးအထွေ ထင်ပေါ်လာသည့်အခါ၌မူကား ထိုဘဝင်စိတ်က နိုးထလာပြီး မြင်သိစိတ်, ကြားသိစိတ် စသည်တို့ဖြစ်ပေါ်လာပုံကို "စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ" စသည်ဖြင့် ဟောထားပေသည်။

http://www.dhammadownload.com



မျက်စိထဲမှာ အဆင်းရူပါရုံ ထင်ပေါ်လာသည့်အခါ၊ မြင်သိမှုစိတ် (စက္ခု ဝိညာဏ်) ဖြစ်ပေါ်လာခြင်းသည် "သင်္ခါရ ပစ္စယာ ဝိညာဏံ" ကုသိုလ်၊ အကုသိုလ်ကံ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ခြင်းသာတည်း။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သည် ဆိုခြင်းသည် **"ပဋိသန္ဓေကစပြီး စုတိတိုင်အောင် တစ်ဘဝလုံးက စိတ်ဝိညာဏ်တွေ အကုန်လုံးကို ဆိုလိုသည်။"** စက္ခုဝိညာဏ်စိတ်သည် ထိုတစ်ဘဝလုံးက စိတ်တွေထဲမှာ တစ်စိတ်တစ်ပိုင်း အပါအဝင်သာတည်း။

ကောင်းတာကို မြင်ခြင်းသည် ကုသလဝိပါက် စက္ခုဝိညာဏ်၊ ရှေးက ပြုခဲ့သည့် ကုသိုလ်ကံကြောင့်ဖြစ်သော အကျိုးဝိပါက် မြင်သိစိတ်။ မကောင်းတာကို မြင်ခြင်းသည် အကုသလဝိပါက် စက္ခုဝိညာဏ်၊ ရှေးကပြုခဲ့သည့်အကုသိုလ်ကံကြောင့် ဖြစ်သော အကျိုးဝိပါက် မြင်သိစိတ်ဟု ဆိုရ၏။

(ဤမြင်မှုနည်းတူ ကြားမှု၊ နံမှု၊ စားမှု၊ ထိမှု၊ သိမှု အားလုံးကို ဝေဖန်သိမြင်ပါလေ)

**စိတ်ကူးစဉ်းစားကြံသိမှု ဖြစ်ရာမှာတော့ မနောဒွါရခေါ်သော ဘဝင်စိတ်၊** နှလုံးသွင်းဆင်ခြင်သော **အာဝဇ္ဇန်းစိတ်၊ မှီရာဝတ္ထုရုပ်၊ ထင်ပေါ်လာသော အာရုံ။** ယင်းတို့ကို စွဲမှီပြီး **ကြံသိမှုဆိုသော မနောဝိညာဏ်** ဖြစ်၏။ ယင်းတို့မှာ ဇော (၇) ကြိမ်နှင့် တဒါရုံ (၂) ကြိမ်ဆိုသော စိတ်တွေပါပဲ။

ထိုစိတ်တွေထဲတွင် တဒါရုံဆိုတာကတော့ သင်္ခါရကြောင့်ဖြစ်သည့် ဝိပါက် ဝိညာဏ်အစစ်ပင် ဖြစ်၏။ ဇောစိတ်တွေကတော့ မုချအားဖြင့် သင်္ခါရ၏ အကျိုး မဟုတ်သော်လည်း သင်္ခါရ၏အကျိုးဖြစ်သည့် ဘဝင်မှထပြီး ဖြစ်ပေါ်လာသည့် အတွက် **အဘိဓမ္မာနည်းအရအားဖြင့် ထိုဇောစိတ်တို့ကိုလည်း သင်္ခါရကြောင့် ဖြစ်သော ဝိညာဏ်ဟု ဆိုရ၏။** [ဤသည်ကား သင်္ခါရကြောင့် (မြင်သိမှုစသော) ဝိညာဏ် (၆) ပါး ဖြစ်ပုံတည်း] ပြုမိခဲ့သည့် ကံသုံးမျိုးကြောင့် ဘဝသစ်မှာ ဝိညာဏ် (၆) ပါး ဆက်စပ်ပြီး ဖြစ်သွားသည် ဟု ဆိုလိုသည်။

ထိုသို့ ဝိညာဏ် (၆) ပါး ဆက်စပ်ပြီးဖြစ်တော့ **ထိုစိတ်ဝိညာဏ် ဖြစ်တိုင်း ဖြစ်တိုင်း တွဲဖက်စေတသိက်နာမ်တရားနှင့် ရုပ်တရားတွေလည်း တစ်ပါတည်း ပူးတွဲပြီးဖြစ်ကြ၏။** (ဝိညာဏပစ္စယာ နာမရူပံ)။ စိတ်ဝိညာဏ်ဖြစ်လျှင် နာမ်ရုပ်သာ မကသေး၊ သဠာယတနခေါ် **အာယတန (၆) ပါးလည်း** ထိုက်သည့်အားလျော်စွာ **ပါဝင်ပြီး ဖြစ်သေး၏။** (နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော)။

http://www.dhammadownload.com



စက္ခုဉ္စ ပဋိစ္စ ရူပေ စ၊ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ
တိဏ္ဏံ သင်္ဂတိ ဖဿော။

ဒွါရ၊ အာရုံ၊ ဝိညာဏ်ဟူသော သုံးပါးသောတရားတို့၏ဆုံမိခြင်းသည် အာရုံကို တွေ့မှု ဖဿပင်။ (ဝါ) တရားသုံးပါး ဆုံမိခြင်းကြောင့် ဖဿ ဖြစ်ပေါ်ပေရကား။

မြင်ဆဲခဏ၌ မျက်စိ၊ အဆင်း၊ မြင်သိမှု ထိုတရားသုံးပါး ဆုံမိသည့်အခါမှာ မြင်ရသောအဆင်းအာရုံကိုမြင်သိစိတ်ထဲမှာ ထင်ရှားတွေ့သွားခြင်းသည် ဖဿပင် ဖြစ်၏။

ထို့အတူ ကြားဆဲခဏ၌ နား၊ အသံ၊ ကြားသိမှု ထိုတရားသုံးပါး ဆုံမိသည့်အခါမှာ ကြားရသော အသံအာရုံကို ထင်ရှားတွေ့သွားခြင်းသည် ဖဿပင် ဖြစ်၏။

စိတ်ကူးစဉ်းစား ကြံသိဆဲ ခဏမှာတော့ စိတ်နှလုံး (ဘဝင်နှင့် နှလုံးသွင်းမှု)၊ ကြံမိသည့်သဘောအာရုံ၊ ကြံသိမှု ထိုတရားသုံးပါး ဆုံမိသည့်အခါမှာ ကြံမိသည့် အာရုံကို စိတ်ကူးထဲမှာ ထင်ရှားတွေ့သွားခြင်းသည် ဖဿပင် ဖြစ်၏။ ထို့ကြောင့်လည်း ဝတ္ထုဖတ်ရာ၌ ပျော်စရာအခန်းကိုတွေ့လျှင် ပျော်နေ၏။ စိတ်ဆိုးစရာ၊ သနားစရာ အခန်းကို တွေ့လျှင်လည်း စိတ်ဆိုးနေ၏၊ သနားနေ၏။ (ဤသည်တို့ကား စိတ်ကူးကြံတွေ့မှုဖဿ ထင်ရှားပုံတည်း။)

ထိုသို့ အာရုံကိုတွေ့ရတော့ ထိုအာရုံခံစားသည့် ဝေဒနာ ဖြစ်ပေါ်လာရာ ဖဿ ပစ္စယာ ဝေဒနာ အရ ဖဿ (၆) မျိုးအတွက် ခံစားမှုဝေဒနာ (၆) မျိုး ဖြစ်ပေါ်လာ၏။ အာရုံတစ်မျိုး တစ်မျိုးမှာလည်း အကောင်း၊ အဆိုး၊ အလတ် စားအား ဖြင့်ခံစားမှု ဝေဒနာက သုံးမျိုးပြားကြသဖြင့် အာရုံ (၆) မျိုးမှာ (၆ × ၃ = ၁၈) ဝေဒနာ (၁၈)မျိုး ဆိုရ၏။

ကောင်းတာကိုတွေ့လျှင် သုခဝေဒနာ ဖြစ်ပေါ်သည်။
မကောင်းတာကိုတွေ့လျှင် ဒုက္ခဝေဒနာ ဖြစ်ပေါ်၏။
မကောင်း မဆိုး၊ ရိုးရိုးအာရုံကိုတွေ့လျှင် ဥပေက္ခာဝေဒနာ ဖြစ်ပေါ်၏။

"ဝေဒနာ ပစ္စယာ တဏှာ" အရ အာရုံအကောင်းအဆိုးတွေကို တွေ့ပြီး ခံစားရသည့်အတွက် ဆာလောင်တပ်မက်မှုတဏှာ ဖြစ်လာ၏။ တဏှာဆိုတာ အာရုံကို ဆာလောင်သည့် သဘောပင်။

http://www.dhammadownload.com



**"တဿတိပရိတဿတီတိ တဏှာ"**အရ တဿတိ - ဆာလောင်တတ်၏။ **ပရိတဿတိ** - ထက်ဝန်းကျင် အခါခပ်သိမ်း၊ အရာရာမှာ ဆာလောင်တတ်၏။ **ဣတိတသ္မာ** - ထိုကြောင့်၊ **တဏှာ** - တဏှာမည်ပါပေ၏။

အာရုံတွေကို ဆာလောင်တောင့်တနေတာ တဏှာပါ။ မရသေးတာကို လိုချင်ပြီး ရပြီးတာကိုလည်း တိုးပြီးရချင်သည်။ မခံစားရသေးတာကို ခံစားချင်ပြီး ခံစားဖူးတာကိုလည်း တိုးပြီး ခံစားချင်သည်။ ဝတယ်၊ အဆာပြေတယ်ရယ်လို့ မရှိ။ အခါခပ်သိမ်း အမြဲတမ်း ဆာလောင်နေခြင်းပါ။ **တဏှာသည် ဆာလောင်တတ်သည့်သဘောဖြစ်လို့ မဝနိုင်၊ အဆာမပြေနိုင်ခြင်းပင်။** ထို့ကြောင့်လည်း ပြည့်စုံလေလေ၊ သာသာပြီးတိုး၍ လိုချင်တောင့်တမှု များလေလေပင်။

တဏှာက (၆) မျိုးရှိရာ အဆင်းရူပါရုံကိုလည်း ဆာတယ်။ ကောင်းသော ရူပါရုံကို ကြည့်မဝနိုင်၊ ထပ်ကာ ထပ်ကာ တိုးတိုးပြီး ကြည့်ချင် မြင်ချင်၏။ ထို့အတူ အသံအာရုံကိုလည်း ဆာ၏။ - (ပ) - ထို့အတူ အထိအာရုံကိုလည်း ဆာ၏။ ကာမဘုံသားတို့အတွက် အဆိုးဆုံးဟု ဆိုရ၏။

အာရုံ (၆) ပါးအတွက် တဏှာ (၆) ပါး ဖြစ်ရကား ကာမဂုဏ်ကို သာယာသည့်အနေသက်သက်ဖြစ်သော ထိုတဏှာ (၆) ပါးကို **ကာမတဏှာ** ခေါ်၏။ ထိုအာရုံကို မပျက်စီးဘဲ အမြဲတမ်းတည်ရှိသည့်အနေဖြင့် သာယာခြင်းကို **ဘဝတဏှာ** ခေါ်၏။ (သဿတ ဒိဋ္ဌိနှင့် ယှဉ်တွဲဖြစ်သော တဏှာပင်) ထိုအာရုံကို သေပြီးသည့်နောက်လုံးလုံးပြတ်စဲသွားမည့်အနေဖြင့် သာယာခြင်းကို **ဝိဘဝတဏှာ**ခေါ်၏။ မသေခင်အခွင့်ရသမျှ ခံစားရမည်ဆိုသည့်အနေနှင့် ဖြစ်သောတဏှာပင်။ (ဥစ္ဆေဒဒိဋ္ဌိနှင့် ယှဉ်တွဲဖြစ်သော တဏှာပါ) ထိုတဏှာသုံးပါးကို ချုံးလိုက်လျှင် **ဆာလောင်နှစ်သက်သည့်သဘောအားဖြင့် တဏှာတစ်ပါးတည်းသာ** ဖြစ်သည်ဟု ဆိုရ၏။

ဝေဒနာကြောင့် တဏှာ ဖြစ်ပေါ်လာပုံမှာ မကောင်းသည့်အာရုံတွေနှင့် တွေ့ပြီး ဆင်းရဲဒုက္ခ ရောက်နေသူက ချမ်းသာကို တောင့်တ၏။ အပူနှင့်တွေ့လျှင် အအေးကို တောင့်တ၏။ နာကျင်မှုဖြစ်နေသူက နာကျင်မှု စသည်တို့ ပျောက်ပြီး ချမ်းချမ်းသာသာ နေလို၏။ စားရမဲ့၊ သောက်ရမဲ့၊ ဝတ်ရမဲ့သူက အရာရာ ပြည့်စုံလို၏။ ထို့ကြောင့် ဒုက္ခကြောင့် သုခကို တောင့်တသည့်တဏှာ ဖြစ်ပေါ်လာ၏။

**တဏှာသည် "ရလေ လိုလေ အိုတစ္ဆေ" လိုမျိုး** ဖြစ်ရကား - ဆင်းရဲနှင့်တွေ့တော့ ချမ်းသာကို တောင့်တသည်။ ချမ်းသာပြန်တော့လည်း တိုး၍ တိုး၍

http://www.dhammadownload.com



ချမ်းသာချင်သည်။ ဥပေက္ခာက သိမ်မွေ့လို့ သုခသဘော ရှိသည်။ ဥပေက္ခာကိုလည်း အားမရလို့ သုခကို အလိုရှိသည်။

ပဋိစ္စသမုပ္ပါဒ်သဘောအရ မြင်သိမှု၊ ကြားသိမှု အစရှိသော ဝိညာဏ် (၆) ပါး ဖြစ်တိုင်း ဖြစ်တိုင်း နာမ်နှင့် ရုပ်လည်း တစ်ပါတည်း ပူးတွဲပြီး ဖြစ်၏။ အာယတန (၆) ပါးလည်း ထိုက်သည့်အားလျော်စွာ ပါဝင်ပြီး ဖြစ်၏။ အာရုံကိုတွေ့သည့် ဖဿလည်း ပါဝင်ပြီးဖြစ်၏။ ခံစားမှုဝေဒနာ တစ်မျိုးမျိုးကလည်း မြင်တိုင်း၊ ကြားတိုင်း စသည်၌ ပါဝင်ပြီးဖြစ်၏။ ထိုသို့ ခံစားမှုဝေဒနာ ဖြစ်တိုင်း ဖြစ်တိုင်း ကိလေသာ မကင်းသေးသော သာမန်ပုဂ္ဂိုလ်တွေမှာ သာယာတောင့်တသည့်တဏှာ ဖြစ်၏။ တဏှာဖြစ်မှတော့ စွဲလမ်းသည့် ဥပါဒါန်လည်း ဖြစ်တော့၏။ စွဲလမ်းမိသည့် အတိုင်း ကမ္မဘဝ ခေါ် ကုသိုလ်ကံ၊ အကုသိုလ်ကံတစ်ခုခုကိုလည်း ပြုမိလေတော့၏။ ထိုကံကအကြောင်း ညီညွတ်သည့်အခါမှာ ဘဝသစ်ကို ဖြစ်စေ၏။ ထိုသို့ဖြစ်ရာဘဝမှာ အိုရ၊ နာရ၊ သေရ၊ စိုးရိမ်ပူဆွေးရ၊ ငိုကြွေးရ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲအမျိုးမျိုး ဖြစ်ရ၏။

ဤကား ခံစားမှုဝေဒနာမှဆက်ပြီး တဏှာဖြစ်မိလျှင် သံသရာဆင်းရဲတွေ တစ်ပတ်လည်ပြီး ဖြစ်သွားပုံတည်း။ ထို့ကြောင့် ခံစားမှုဝေဒနာမှဆက်ပြီး တဏှာ မဖြစ်ရလေအောင် အားထုတ်ရန် လို၏။

မြင်သိမှု၊ ကြားသိမှုအစရှိသော စိတ်ဝိညာဏ်တစ်ခုခုဖြစ်လျှင် နာမ်ရုပ်၊ အာယတန၊ ဖဿ၊ ဝေဒနာဆိုသော တရား(၄)မျိုးလည်း တစ်ပါးတည်း အတူတကွ ဖြစ်ကြလေရကား ထိုသို့မဖြစ်အောင် မည်သူမျှ မတတ်နိုင်ချေ။

ဘုရားရဟန္တာပုဂ္ဂိုလ်တို့မှာကား ကောင်းသောအာရုံကိုတွေ့ပြီး (သုခဝေဒနာ) ခံစားရသော်လည်း နှစ်သက်သာယာမှု မဖြစ်တော့ပါ။ နှစ်သက်သာယာ မှုမရှိ၍ စွဲလမ်းမှုဥပါဒါန် မရှိသည့်အလျောက် ပြုလုပ်အားထုတ်မှုကံလည်း ကင်းသွားလေရာ ဘဝသစ်ဖြစ်မှု မရှိတော့သလို အိုခြင်း၊ သေခြင်းအစရှိသော သံသရာ ဆင်းရဲဟူသမျှတွေလည်း တစ်ပါးတည်း ကင်းသွားလေတော့သည်။

ထို့ကြောင့် မြင်တိုင်း၊ ကြားတိုင်း၊ တွေ့တိုင်း၊ သိတိုင်း အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောကို မြင်အောင် ရှုနိုင်လျှင် ရှုတိုင်း ရှုတိုင်း တဏှာ၊ ဥပါဒါန်၊ ကံတို့နှင့်တကွ ဘဝသစ်ဝိပါက်ခန္ဓာတွေ တဒင်္ဂအားဖြင့် ငြိမ်းငြိမ်းသွားလေသောကြောင့် ဝိပဿနာအလုပ်ကို အမှန်ပင် လုပ်သင့်၏။

http://www.dhammadownload.com



ပစ္စုပ္ပန်အကျိုးငါးပါးမှဆက်ပြီး တဏှာဖြစ်ပုံမှာ -

ယခုတစ်ဘဝလုံး မြင်တိုင်း မြင်တိုင်း ရှေးဘဝက အဝိဇ္ဇာနှင့် သင်္ခါရကြောင့် မြင်ရတာချည်းဖြစ်လေရာ မြင်သည်ဆိုလျှင် သူနှင့် တွဲဖက်နာမ်ရုပ်လည်း ပါ၏။ သဠာယတနဆိုသော အာယတနလည်း ပါ၏။ အာရုံနှင့်တွေ့သည့် ဖဿလည်း ပါ၏။ အကောင်းအဆိုးကို ခံစားသော **ဝေဒနာလည်း ပါ၏။**

ဒါကြောင့် မြင်တိုင်း မြင်တိုင်း ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုသော **အကျိုးတရားငါးပါးလုံး တစ်ပေါင်းတည်းဖြစ်ကြခြင်းသာ။** ဒေသနာ၌ အကြောင်းအကျိုးဆက်စပ်ပြီး အသေးစိပ်အားဖြင့် တစ်ပါးချင်းဟောထားသော်လည်း ထိုသို့ **တစ်ခုပြီးမှတစ်ခု အသီးသီးဖြစ်နေတာတော့ မဟုတ်ပါ။** ကံသင်္ခါရကြောင့် အကျိုးငါးပါး **တစ်ပေါင်းတည်းဖြစ်နေကြခြင်းသာ** ဖြစ်၏။

ဝဋ္ဋဆိုသည်မှာ အလှည့်ကျအားဖြင့် လည်နေသော တရားသာလျှင် ဖြစ်လေရကား -

- အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဆိုသော ကိလေသဝဋ္ဋကြောင့်
- ကံနှင့် သင်္ခါရဆိုသည့် ကမ္မဝဋ္ဋ ဖြစ်ပေါ်လာ၏။
- ထိုကမ္မဝဋ္ဋကြောင့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုသော ဝိပါကဝဋ္ဋ ဖြစ်ပေါ်လာ၏။
- ထိုဝိပါကဝဋ္ဋကိုမှီပြီး တစ်ဖန် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဆိုသော ကိလေသဝဋ္ဋ ဖြစ်ပေါ်လာပြန်၏။

ထိုသို့ တစ်လှည့်စီလည်ပြီး ဖြစ်နေလို့ **ကိလေသာ၊ ကံ၊ ဝိပါက်** ထိုသုံးပါးကို **ဝဋ္ဋသုံးပါးဟု** ခေါ်ရ၏။

မြင်ဆဲခဏမှာ ဖြစ်ပေါ်လာသော ထိုဝိပါကဝဋ္ဋငါးပါးကို မြင်တယ်လို့ပဲ အများအားဖြင့် ပြောလေ့ရှိကြသော်လည်း စင်စစ်အားဖြင့် **မြင်တယ်ဆိုတာသည် "ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ"ဆိုသော အကျိုးတရားငါးပါး အပေါင်းပင်။** ထို့အတူ ကြားတယ်၊ နံတယ် စသည်တို့သည်လည်း ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုသည့် အကျိုးတရားငါးပါး အပေါင်းသာတည်း။

**အကျိုးတရားငါးပါးရပုံ မှာ** -

* မြင်ဆဲခဏမှာ မြင်သိတာက **စက္ခုဝိညာဏ်။**

- ဝိညာဏ်နှင့်တွဲပြီး၊ မြင်ရသည့်အာရုံကို နှလုံးသွင်းတာက မနသိကာရ။

http://www.dhammadownload.com



- မြင်မှုကိစ္စပြီးအောင် စေ့ဆော်အားထုတ်သော စေတနာ အစရှိသော သဘောတရားတွေက နာမ်။
- မြင်မှု၏မှီရာ မျက်စိကြည်လင်တာက ရုပ်။

* ထိုနှစ်မျိုးက နာမ်နှင့် ရုပ်။

- မျက်စိကြည်တာက "စက္ခာယတန"။
  မြင်ရသည့်အဆင်းက "ရူပါယတန"။
  မြင်သိတာက "မနာယတန"။

နှလုံးသွင်းမှု စသည်က "ဓမ္မာယတန"။

* ထိုအာယတန (၄) ပါးလည်း ပါဝင်၏။

* မြင်ရသည့်အဆင်းကို တွေ့ရတာက ဖဿ။

* မြင်လို့ကောင်းတာ မကောင်းတာက ဝေဒနာ။

ယခုပြောသည့် "စက္ခုဝိညာဏ်၊ နာမ်နှင့်ရုပ်၊ အာယတန (၄) ပါး၊ ဖဿ၊ ဝေဒနာ" ဆိုသည့် အကျိုးတရားငါးပါးသည် မြင်တိုင်း မြင်တိုင်းပါဝင်ပြီး ဖြစ်နေပေသည်။ (ကြွင်းဝိညာဏ်ငါးပါးကိုလည်း ဤနည်းတူ ဝေဖန်သိပါလေ)

ထိုမြင်သိ၊ ကြားသိ အစရှိသည့် အကျိုးတရားငါးပါး၊ ငါးပါးအပေါင်း ပါဝင်သည့် သဘောတရားတွေသည် ခဏမစဲ တစ်မျိုးပြီးတစ်မျိုး ဆက်ကာ ဆက်ကာ ဖြစ်နေကြ၏။

ထိုသို့ ဆက်ကာ ဆက်ကာ မပြတ်ဖြစ်နေသည့် မြင်မှု၊ ကြားမှု အစရှိသော **အကျိုးတရားငါးပါး အပေါင်းတွေကိုပဲ လူ၊ နတ်၊** ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါရယ်လို့ လောကဝေါဟာရအားဖြင့် **ခေါ်ဝေါ်သုံးစွဲနေရသော်လည်း** အမှန် **စင်စစ်ကတော့"ရှေးဘဝက ပြုခဲ့သည့် အဝိဇ္ဇာ၊ သင်္ခါရကြောင့် ယခုဘဝ"**ပဋိသန္ဓေကစပြီး အဆက်ဆက် မပြတ်ဖြစ်နေသည့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုသည့်**"အကျိုးတရားငါးပါးအပေါင်းမျှသာ ဖြစ်"**ပေသည်။ ယင်းတို့မှာလည်း **ခဏမစဲ အသစ်အသစ်ဖြစ်ပြီး ပျက်ပျက်သွားသည့် သဘော တရားမျှသာ ရှိရကား အမြဲတမ်း တစ်လုံးတစ်ခဲတည်း တည်နေသည့် ပုဂ္ဂိုလ် သတ္တဝါရယ်လို့ မရှိ။**

ဤသို့ သိရသည့်အတွက် ခံစားမှုဝေဒနာမှဆက်ပြီး ဖြစ်ပေါ်မည့် သာယာ တပ်မက်တောင့်တမှုတဏှာ မဖြစ်။ တဏှာချုပ်၍ စွဲလမ်းမှုဥပါဒါန်ချုပ်၊ ကမ္မဘဝမဖြစ်

http://www.dhammadownload.com



ရတော့သဖြင့် ဘဝသစ်ဖြစ်ရခြင်း၊ အိုရ, နာရ, သေရခြင်းအစရှိသော သံသရာဝဋ်ဆင်းရဲတွေ ကင်းပြတ်သွားလေတော့၏။

ဤသည်ကား ပဋိစ္စသမုပ္ပါဒ်စက်ကြီး မပြတ်လည်နေရာမှ ရပ်စဲသွားအောင် "ဝေဒနာ ပစ္စယာ တဏှာ" ဆိုသည့် "ချုပ်စပ်သော့ချက်ကနေပြီး ဖြတ်လိုက်၊ ဖြတ်လိုက်သောနည်း"ပေတည်း။

## သတ္တမ ပို့လင်္ကာ

## ၇။ ဝေဒနာပစ္စယာ တဏှာ

၇။ သုခဝေဒနာ၊ စွမ်းရည်ဖြာသည်၊
ရသမြိန်ရွှမ်း၊ အစိမ့်မွှန်းသော်၊
သွန်းသွန်းဆူကြွ၊ ထိုသုခ၌
ပိယဟူသား၊ အချစ်ပွား၍၊
ခြောက်ပါးဝေဒနာ၊ မြိန်ရှက်စွာကို၊
လွယ်ကာမနှေး၊ လိုတိုင်းပေးသည်၊
သူဌေးရတနာ၊ ပမာအလား၊
ကြင်မယားနှင့်၊ ဝတ်စားရွှေငွေ၊
လယ်မြေလုပ်ခင်း၊ ထမင်းဘောဇဉ်၊
သဘင်ပွဲလမ်း၊ အခန်းခန်းတည့်၊
ပန်းမျိုးနံ့သာ၊ အဖြာဖြာလျှင်၊
ရူပါရမ္မဏာ၊ စသည်အပုံ၊ ပဉ္စာရုံနှင့်၊
ခြောက်စုံဖဿ၊ စက္ခုစသား၊
ဒွါရခြောက်မည်၊ အကြည်အလင်း၊
ကိုယ်တွင်းဓာတ်နု၊ အစုစုလျှင်၊
ဗဟုဘေဒါ၊ များပြားစွာသည်၊ ဓမ္မာရမ္မဏာ၊
ကာမဝတ္ထု၊ အစုအပုံ၊
ခြောက်အာရုံ၌၊ ခုံတမင်မင်၊
ခင်တများများ၊ နေ့စဉ်ပွား၍၊
တရားအချက်၊ သဘောနက်ကို၊

http://www.dhammadownload.com



အိပ်မက်တွင်မျှ၊ မမြင်ကြဘဲ၊
ကာမထောင်တွင်း၊ ခန္ဓာကင်းသည်၊
ခြောက်သင်း တဏှာ၊ စွမ်းရည်တည်း။ ။(အရဆောင်လေ)။

## သတ္တမ ပျို့လင်္ကာ အကျဉ်းအစိပ္ပာယ် သိမြင်လွယ်

### (နဝမလယ်တီဆရာတော်ကြီး လယ်တီ-အရှင်ကေလာသ)

"တဿတိ၊ ပရိတဿတီတိ တဏှာ"

ထက်ဝန်းကျင်မှ တောင့်တတတ်သောကြောင့် တဏှာမည်၏ဟုဆိုရာတွင် တဏှာတရားသည် အာရုံခြောက်ပါးအတွက် ရပ်တည်မရအောင် ခုံတမင်မင်၊ ခင်တမျှားမျှား လိုလားတောင့်တနေ၏ဟု ဆိုလိုသည်။

သတ္တဝါတို့သည် အာရုံတရားတို့၌ နှစ်ခြိုက်ခုံမင်လွန်စွာပင် လိုချင်တောင့်တတတ်ကုန်ရကား၊ ထိုသို့တောင့်တခြင်း၏ အကြောင်းတရားဖြစ်သောကြောင့် တဏှာမည်၏ဟု ဆိုလိုသည်။

စွဲလမ်းသာယာတောင့်တအပ်သော အာရုံတို့၏ အပြားအားဖြင့် -

ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာ ဟူ၍ တဏှာ (၆) ပါးရှိ၏။

"စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ

တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ"

စသည်ဖြင့် ဒွါရခြောက်ဖြာ၌ အာရုံခြောက်ခု တိုက်ခိုက်မှုဖြစ်ကြရာတွင် တဏှာခြောက်ပါး ပေါက်ဖွားလာကြပုံကို ဘုရားရှင်ဟောတော်မူ၏။ ဤတဏှာခြောက်ပါးကို ပင်လျှင် အဆင့်ဆင့် မြှောက်ပွားပါမူ "တဏှာအစစ် တစ်ရာ့ရှစ်" ဖြစ်ပေါ်လာ၏။

ဒွါရခြောက်ပါး၌ အာရုံခြောက်ပါး တိုက်ဆိုင်လာရာတွင်

ဣဋ္ဌာရုံ = အလိုရှိအပ် ကောင်းမြတ်သော အာရုံနှင့် တွေ့ဆုံလျှင် ချမ်းသာမှု သုခဝေဒနာ ဖြစ်ပေါ်နေသော သူတို့အား ဆားငန်ရည်သောက်မိသော နွားနောက် သတ္တဝါသည် သောက်လေ သောက်လေ ငတ်မပြေဘဲ တိုး၍တိုး၍သာ သောက်လိုသကဲ့သို့၊ တစ်ဆင့်ထက်တစ်ဆင့် တိုးမြင့်၍သာ သုခဝေဒနာတွင် ခုံတမင်မင်၊ ခင်တမျှားမျှား လိုလားတောင့်တကြကုန်၏။

http://www.dhammadownload.com



အနိဋ္ဌာရုံ = အလိုမရှိအပ်သည့် မကောင်းသောအာရုံနှင့် တွေ့ကြုံပြန်လျှင် ဆင်းရဲမှု ဒုက္ခဝေဒနာဖြစ်၏။ ထိုဒုက္ခဝေဒနာနှင့် တွေ့ကြုံနေသောသူသည် နေပူထီးထီး သဲကန္တာရခရီးသွားနေရသောသူသည် အေးမြချမ်းသာသော ပညောင်ပင်ကြီး၏အရိပ်ကို လိုလားတောင့်တဘိသကဲ့သို့ ဆင်းရဲမှုမှလွတ်မြောက်၍ ချမ်းသာမှု သုခဝေဒနာကိုသာ မျှော်လင့်တောင့်တမှု ဖြစ်ပေါ်လာ၏။

ဣဋ္ဌမဇ္ဈတ္တာရုံ = ကောင်းသည်လည်း မဟုတ်၊ မကောင်းသည်လည်း မဟုတ်၊ အလယ်အလတ်ဖြစ်သော အာရုံတို့နှင့် တွေ့ကြုံပြန်လျှင် ဥပေက္ခာဝေဒနာ ဖြစ်၏။ ထိုဥပေက္ခာဝေဒနာသည် ငြိမ်သက်သော သဘောသတ္တိရှိရကား သုခဝေဒနာ သဘောတွင် သက်ဝင်လေ၏။ ထိုသို့ဖြစ်ပြန်လျှင်လည်း သူကြွယ်စည်းစိမ်ကို ရပြီးသူသည် ထို့ထက်သာလွန်သော သူဌေးစည်းစိမ်ကို မက်မောလိုချင်သကဲ့သို့ ထိုထက်ကောင်းသော သုခဝေဒနာကို ခုံမင်မက်မော နှစ်မျောကြကုန်၏။

ဤသုခဝေဒနာကို အကြောင်းရင်းခံပြု၍ တဏှာဖြစ်သည် ဆိုရာ၌ တဏှာ ဟူသည် အနုသယဓမ္မ ပေတည်း၊ အနုသယမျိုးဓာတ် ချုပ်ပြယ်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့ သန္တာန်၌ သုခဝေဒနာပင် ဖြစ်သော်လည်း အနုသယ ကင်းပြတ်ပြီး ဖြစ်၍ တဏှာ မဖြစ်တော့ပြီ။

တဏှာမဖြစ်လျှင် ဘဝဇာတ်ကွက် တစ်ကြိမ်တစ်ခါမျှ ထွက်၍ကပြရန် မလိုတော့ပြီ။ တဏှာ အနုသယဓာတ်မပြယ်မစဲသေးသည့် အန္ဓပုထုဇဉ်နှင့် အောက်တန်း အရိယာပုဂ္ဂိုလ်တို့မှာကား ဘဝဇာတ်ကွက် ထွက်၍ကပြရန် ဇာတိတရား ဘဝ၏ သီးကင်းလေးများအဖြစ်သို့ ရောက်ကြရကုန်၏။

## သတ္တမပျို့လင်္ကာ အကျဉ်းအဓိပ္ပာယ် သိမြင်လွယ်

## ၇။ ဝေဒနာ ပစ္စယာ တဏှာ

(လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသမဟာထေရ်)

ဝေဒနာပစ္စယာ = ခံစားခြင်း၊ စံစားခြင်း ဟူသော အကြောင်းကြောင့် တဏှာ (၆) ပါးဖြစ်တတ်၏။ အဲဒီဝေဒနာကလည်း-

စက္ခုသမ္ဖဿဇာဝေဒနာ = မျက်စိ အတွေ့ကြောင့် ဖြစ်ပေါ်လာသည့် ဝေဒနာ။

http://www.dhammadownload.com



သောတသမ္ဖဿဇာဝေဒနာ = နား အတွေ့ကြောင့်ဖြစ်ပေါ်လာသည့်ဝေဒနာ။
ဃာနသမ္ဖဿဇာဝေဒနာ = နှာခေါင်း အတွေ့ကြောင့် ဖြစ်ပေါ်လာသည့် ဝေဒနာ။
ဇိဝှါသမ္ဖဿဇာဝေဒနာ = လျှာ အတွေ့ကြောင့်ဖြစ်ပေါ်လာသည့်ဝေဒနာ။
ကာယသမ္ဖဿဇာဝေဒနာ = ကိုယ် အတွေ့ကြောင့်ဖြစ်ပေါ်လာသည့်ဝေဒနာ။
မနောသမ္ဖဿဇာဝေဒနာ = စိတ်အတွေ့ကြောင့် ဖြစ်ပေါ်လာသည့်ဝေဒနာ။

ဟူ၍ ဝေဒနာ (၆) မျိုး။

အဲဒီလို ဝေဒနာ (၆) မျိုး ဖြစ်ပေါ်လာတဲ့အခါ တဏှာ (၆) မျိုးဖြစ်တယ်။ တဏှာ ဆိုတာ 'သာယာတပ်မက် စွဲလမ်းချက် ဖွဲ့ယှက်တဏှာမည်'- သာယာတာကို တဏှာ လို့ခေါ်တယ်။ စွဲလမ်းတာ၊ ဖွဲ့ယှက်တာ တဏှာလို့ ခေါ်တယ်။

အဲဒီတဏှာ (၆) မျိုးက-

ရူပတဏှာ = အဆင်းမျိုးစုံပေါ်မှာ တပ်မက်စွဲလမ်းတယ်။
သဒ္ဒတဏှာ = အသံမျိုးစုံပေါ်မှာ တပ်မက်စွဲလမ်းတယ်။
ဂန္ဓတဏှာ = အနံ့မျိုးစုံပေါ်မှာ တပ်မက်စွဲလမ်းတယ်။
ရသတဏှာ = အရသာမျိုးစုံပေါ်မှာ တပ်မက်စွဲလမ်းတယ်။
ဖောဋ္ဌဗ္ဗတဏှာ = အတွေ့မျိုးစုံပေါ်မှာ တပ်မက်စွဲလမ်းတယ်။
ဓမ္မတဏှာ = အာရုံငါးပါးမှတစ်ပါး ကျန်တာ အားလုံးအပေါ် တပ်မက် စွဲလမ်းတယ်။

အဲဒီလို (၆) မျိုး -(၆) မျိုးစီ ဖြာထွက်လာတာကိုး။

အဲဒီ (၆) မျိုးထဲက-

- အတွင်းမှ စက္ခုပသာဒ၊ မျက်စိအကြည်။

အပြင်က အဆင်းရူပါရုံတို့ ထိခိုက်တဲ့အခါ။

- စက္ခုဝိညာဏ်, မြင်သိစိတ် ဖြစ်ပေါ်တယ်။

မြင်တာက - "ရုပ်" ၏အလုပ်
သိတာက - "နာမ်" ၏အလုပ်

စက္ခုဝိညာဏ်, မြင်သိစိတ်ဖြစ်ပေါ်တော့ စက္ခုသမ္ဖဿ၊ စက္ခုပသာဒနဲ့ ရူပါရုံ ထိခိုက်တဲ့အခါ စက္ခုသမ္ဖဿဇာဝေဒနာ၊ စက္ခုသမ္ဖဿကြောင့် ဖြစ်တဲ့ဝေဒနာ ပေါ်တယ်။

http://www.dhammadownload.com



အဲဒီလို ဝေဒနာခံစားမှုရှိတဲ့အခါ အဆင်းမျိုးစုံရူပါရုံကို တပ်မက်တဲ့ တဏှာ ဖြစ်ပေါ်လာတယ်။

**ထိုဝေဒနာအခိုက်မှာပဲ "သဒ္ဓါတရား"၊ "ယောနိသောမနသိကာရ" အသုံးချပြီး ဝေဒနာ၏ သဘောသဘာဝကို** မြတ်စွာဘုရား ပေးသနားတော်မူတဲ့နည်း **ဝိပဿနာနည်းနဲ့ ရှုပွားလိုက်တဲ့အခါမှာ ဝေဒနာကနေ တဏှာမဖြစ်တော့ဘဲ ဝိပဿနာဉာဏ်အမြင်နဲ့ အဲဒီဝေဒနာကို စခန်းသိမ်းစေနိုင်ပါတယ်။**

တဏှာမဖြစ်အောင် ဝေဒနာ၏ သဘောမှန်ကို များများရှုကြရတယ်။

**သစ္စာနည်းနဲ့ ပြောမယ်ဆိုရင်** ပြောခဲ့ပြီးသော အတွင်းအာယတန (၆) မျိုး၊ အပြင်အာယတန (၆) မျိုး တစ်နည်းအားဖြင့် ဝတ္ထု (၆) မျိုး၊ အာရုံ (၆) မျိုးတို့နှင့် တကွ ဖဿ (၆) မျိုး၊ ဝေဒနာ (၆) မျိုး၊ တဏှာ (၆) မျိုး ဖြစ်ပေါ်နေတာတွေ အားလုံးကို ခြုံ၍ ကြည့်လျှင် **တဏှာမှတစ်ပါး ကျန်တာတွေအားလုံးသည် ဒုက္ခသစ္စာတွေ** ပါပဲ။ တဏှာသည် သမုဒယသစ္စာလို့ ဒီလို မြင်ရမှာပါ။ အဲဒီတော့ သတ္တဝါတို့ သန္တာန်မှာ များများဖြစ်နေတဲ့ **မြင်တယ်, ကြားတယ်, နံတယ်,** လျက်တယ်, ထိတယ်, **သိတယ် အားလုံးဒုက္ခတွေချည်းပါပဲ။**

ဒုက္ခတွေချည်းပဲ ဖြစ်ပေါ်နေတာ။ အဲဒီဒုက္ခတွေဟာ ပရိညေယျတရား၊ ပိုင်းခြားပြီး သိရမည့်တရား။ ဒီလိုပိုင်းပိုင်းခြားခြား ကျကျနနသိရအောင် တစ်ခုတစ်ခု ကို ခွဲခြမ်းကြည့်။ ဥပမာ ဝါယောဓာတ်ဆိုရင် ဝါယောဓာတ်ဖြစ်ပေါ်ပုံ၊ ဝါယောဓာတ်၏ ပျက်သွားပုံ၊ ဝါယောဓာတ်၏ လှုပ်ရှားပုံ၊ တွန်းကန်ပုံ ဝါယောဓာတ်၏သဘာဝ။

အဲဒီလို ကြည့်တဲ့အခါမှ သူ့သဘာဝအမှန်ကို သိမြင်နိုင်တာ၊ ဒါကို မြတ်စွာ ဘုရားက မြင်စေချင်တာပါ။ ဒီတော့ ဒီတရားတွေကို မြင်အောင်ကြည့်နေတာဟာ သမ္မာဒိဋ္ဌိပဲ၊ **"ဒုက္ခေဉာဏံ"** တရားတွေဟာ ဒုက္ခတွေ၊ **ဒုက္ခတွေကို ဒုက္ခမှန်း သိအောင် ပြုကျင့်နေတာသည် သမ္မာဒိဋ္ဌိမဂ္ဂင်ပဲ။** ခြုံပြီးပြောမယ်ဆိုရင် မြင်သိစိတ်ကလေး ဖြစ်ပေါ်တယ်။ ဒါကို "ငါမြင်တယ်" လို့ ယူဆနေကြတယ်။ မည်သူ့ကြောင့် မြင်သလဲ၊ ဒီမြင်သိစိတ်ကလေးကို ဘယ်သူဖန်တီးလိုက်တာလဲ။ ဘယ်သူမှ ဖန်တီးတာ, ဖန်ဆင်းတာ မဟုတ်။ အကြောင်းအကျိုးဆက်စပ်လို့ မြင်သိစိတ် ဖြစ်ပေါ်လာ တယ်။ ဒါမှ အမြင်မှန်တယ်။

စက္ခုပသာဒ - မျက်စိအကြည်ဓာတ်ကလေးကလည်း ကောင်းပါမှ၊ အဆင်း အာရုံကလည်း ရှိဦးမှ၊ နှလုံးသွင်းဆင်ခြင်မှုနဲ့ အလင်းရောင်ကလေးကလည်း ရဦးမှ၊

http://www.dhammadownload.com



ဒီလိုအကြောင်းတရားတွေနဲ့ ပြည့်စုံမှ မြင်သိစိတ်ကလေးက ဖြစ်ပေါ်တယ်။ အကြောင်းတရားတစ်ခုခု ချို့ယွင်းပါက မြင်သိစိတ်ဆိုတာ မဖြစ်နိုင်ပါ။ ဒါကြောင့် မြင်သိစိတ်ကို တစ်စုံတစ်ယောက်က ဖန်တီးပေးနေတာ မဟုတ်ပါ။ စက္ခုပသာဒ -မျက်စိအကြည်နဲ့ အဆင်းမျိုးစုံ အာရုံတွေ့ဆုံတဲ့အတွက်ကြောင့် မြင်သိစိတ် ဖြစ်နေတာ၊ ဖြစ်ပြီးတော့လည်း၊ ဒီမြင်သိစိတ်ဟာ အကြောင်းကြောင့် ဖြစ်ပေါ်လာတာဆိုတော့ ကုန်ခန်းတတ်တဲ့ သဘောဖြစ်လို့ **အနိစ္စဓာတ်မျိုး၊ အနိစ္စသဘောမျိုး ရှိတယ်။**

အလားတူပဲ၊ ကြားသိစိတ်ကလေးကလည်း ပဋိစ္စသမုပ္ပါဒ်အကြောင်းကြောင့် ဖြစ်ပေါ်လာတဲ့သဘောမျိုး၊ ဒါကို **ပဋိစ္စသမုပ္ပါဒ်ခေါ်တာ** ပါ။ အကြောင်းကင်းပြီး ဖြစ်တယ်လို့ဆိုရင် မမှန်ဘူး။ **ငါမြင်တယ်၊ ငါကြားတယ်၊** ငါသိတယ်၊ မြင်တာကို ငါပြုတယ်၊ ကြားတာကို ငါပြုတယ်၊ **မြင်တာကြားတာသည် ငါလို့ဆိုရင် အမြင်မမှန်ပါဘူး။ တရားအားထုတ်တယ်ဆိုတာ ထိုအမြင်မှန်ရအောင် အားထုတ်ခြင်းကို ဆိုတယ်။**

သုခဝေဒနာ၏ စွမ်းအင်ကြောင့်၊ ကောင်းကောင်းမွန်မွန် ရူပါရုံကို တွေ့ပြီဆိုတော့ ထိုသုခဝေဒနာကို သာယာတဲ့ တဏှာက-

| | | |
|---|---|---|
| ရူပတဏှာ | - | အဆင်းမျိုးစုံ ရူပါရုံကို သာယာတဲ့ တဏှာ။ |
| သဒ္ဒတဏှာ | - | အသံမျိုးစုံ သဒ္ဒါရုံကို သာယာတဲ့ တဏှာ။ |
| ဂန္ဓတဏှာ | - | အနံ့မျိုးစုံ ဂန္ဓာရုံကို သာယာတဲ့ တဏှာ။ |
| ရသတဏှာ | - | အရသာမျိုးစုံ ရသာရုံကို သာယာတဲ့ တဏှာ။ |
| ဖောဋ္ဌဗ္ဗတဏှာ | - | အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံကို သာယာတဲ့ တဏှာ။ |
| ဓမ္မတဏှာ | - | အာရုံငါးပါးမှတစ်ပါး ကြွင်းကျန်တာတွေအားလုံးကို သာယာတဲ့ တဏှာ။ |

အဲဒီလို တဏှာ (၆) မျိုး ပွားပြီးတော့ လာတဲ့အခါ ဘယ်လိုဖြစ်သွားသလဲ ဆိုတော့ **ခြောက်သွေ့နေတဲ့ ထမင်းကို ထောပတ်ဆီဆမ်းလိုက်လို့ အဲဒီထမင်းဟာ စိုပြီးလာသလို၊ တစ်နည်းအားဖြင့် ညှိုးနွမ်းနေတဲ့ ပဒုမ္မာကြာပန်းကို ရေအေးအေးလေးနဲ့ ဆွတ်ဖြန်းလိုက်လို့ လန်းဆန်းပြီး လာသလို။**

အဆင်းမျိုးစုံ ရူပါရုံကို တွေ့တဲ့အခါမှာ၊ မြင်တဲ့အခါမှာ **မျက်စိအရသာ မြိန်ရှက်မှု၊ ဆိမ့်အိမ့်မှုတွေ ဖြစ်လာတယ်၊** ဖြစ်လာတဲ့အခါ မျက်စိအရသာ ခံစားလိုတဲ့ **တဏှာကလည်း တစ်ခါတည်းပါပြီး လာတယ်။ ဒီတော့ ထမင်းကို**

http://www.dhammadownload.com



တွယ်တာတာကို အကြောင်းပြုပြီးတော့ ဆန်ကိုလည်း တွယ်တာတယ်။ ဆန်တွယ်တာကို အကြောင်းပြုပြီးတော့ စပါး။ စပါးကို တွယ်တာတာကို အကြောင်းပြုပြီးတော့ လယ်ယာ။ လယ်ယာကို တွယ်တာတာကို အကြောင်းပြုပြီးတော့ ထွန်၊ နွားအစရှိသည်ကိုလည်း တွယ်တာရတော့တာပါပဲ။

အဲဒီလို တစ်ခုကနေပြီးတော့ တွယ်တာမှုတွေဟာ အဆ,ရာ, ထောင်များလာတယ်။ မီးကိုလုပ်ကျွေးတဲ့ ပုဏ္ဏားလို မွေးသမျှ မီးထင်းတွေဟာ မီးစာဖြစ်သလိုပါပဲ။ ဒီရှာဖွေရသမျှ ချမ်းသာသုခတွေ အားလုံးဟာ တဏှာဖို့ချည်း ဖြစ်တယ်။

ဒါကြောင့် "သုခဝေဒနာ စွမ်းရည်ဖြာ၍ ရသာမြိန်ရွှမ်း အစိမ့်မွှန်းက သွန်းသွန်းဆူကြွ ထိုသုခ၌ ပိယဟူသား အချစ်ပွား၍ ခြောက်ပါးဝေဒနာ၊ မြိန်ရှက်စွာကို လွှယ်ခါမနေး လိုတိုင်းပေးသည့် သူဌေးရတနာ ပမာအလား"

စကြာမင်းများ လိုအပ်တာကို သူဌေးရတနာက ဖြည့်ဆည်းပူးပေးနေသလို၊ "ပမာအလား ကြင်မယားနှင့် ဝတ်စားရွှေ ငွေ၊ လယ်မြေလုပ်ခင်း ထမင်းဘောဇဉ် သဘင်ပွဲလမ်း အဆန်းဆန်းတည်း၊ ပန်းမျိုးနံ့သာ အဖြာဖြာလျှင် ရူပါရမ္မဏ စသည် အပုံ ပဉ္စာရုံနှင့် (အဆင်းမျိုးစုံ၊ အသံမျိုးစုံ၊ အနံ့မျိုးစုံ၊ အရသာမျိုးစုံ၊ အတွေ့အထိမျိုးစုံ၊) ခြောက်စုံဖဿ၊ စက္ခုစသား၊ ဒွါရခြောက်မည်၊ အကြည်အလင်း၊ ကိုယ်တွင်းဓာတ်နှု၊ အစုစုလျှင်၊ ဗဟုဘေဒါ၊ များပြားစွာသည် ဓမ္မာရမဏ၊ ကာမဝတ္ထု၊ အစုအပုံ၊ ခြောက်အာရုံ၌ ခုံတမင်မင် ခင်တများများ နေ့စဉ်ပွား၍"

ဒါ သတ္တဝါတို့၏ ဖြစ်စဉ်ကို တရားသဘောအနေနဲ့ အကယ်၍ ရူပါရုံကို တွေ့လို့ ရူပါရုံကို ဝိပဿနာဉာဏ်ဖြင့် မရှုနိုင်ဘူးဆိုလျှင်

"ခုံတမင်မင် ခင်တများများ နေ့စဉ်ပွား၍ တရားအချက် သဘောနက်ကို အိပ်မက်တွင်မှ မမြင်ကြဘဲ"

တရားသဘောကို အိပ်မက်ထဲတောင်မှ မမြင်ကြဘူး၊ မြင်ဖို့မလွယ်ဘူး။

"ကာမထောင်တွင်း ခန္ဓာကင်းသည် ခြောက်သင်းတဏှာ စွမ်းရည်တည်း။

ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာ ဆိုတဲ့ တဏှာ (၆) မျိုး၊ တွယ်တာမှု၊ သာယာမှု (၆) မျိုး။

ဒီတော့ ဝေဒနာပိုင်းမှာ တော်တော်အရေးကြီးတယ်။ ဒါကြောင့် မြတ်စွာဘုရားက ဝေဒနာကမ္မဋ္ဌာန်းပေးပြီးတော့ အဲဒီဝေဒနာကမ္မဋ္ဌာန်းက လမ်းခွဲတာပါပဲ။ ဝေဒနာကို ဝေဒနာဖြစ်ပုံ (သမုဒယဥ္စ)၊ ပျက်ပုံ (အတ္ထင်္ဂမဥ္စ)၊ သာယာဖွယ် (အဿာဒဥ္စ)၊ အပြစ်

http://www.dhammadownload.com



အနာအဆာ (အာဒီနဝဥ္စ)၊ ထွက်မြောက်ပုံ ထွက်မြောက်ကြောင်း (နိဿရဏဥ္စ) ကို **ရှုစားသိမြင်နိုင်မယ်ဆိုရင် ဝေဒနာမှ တဏှာသို့ မကူးတော့ပါ။**

နေ့စဉ်နေ့တိုင်း တွေ့ကြုံဆုံဆည်းပြီးနေတဲ့ ပဋိစ္စသမုပ္ပါဒ်ထဲမှာတော့ ပစ္စုပ္ပန် ကျကျ ဖြစ်နေတာတွေက အကြည် (၆)ပါးက အာရုံခြောက်ပါးနဲ့ တိုက်ဆိုင်ပြီးတော့ မြင်သိစိတ် စတဲ့ဝိညာဏ် (၆) ပါး ဖြစ်ပေါ်လာရာကနေပြီး အာရုံ၏ အရသာပေါ်လာ အောင် ကြိတ်နှယ်ပေးတဲ့ ဖဿ(၆) မျိုး ဖြစ်ပေါ်လာတယ်။ ဖဿ (၆) မျိုး ပေါ်လာတော့ ခံစားမှုဝေဒနာ (၆) မျိုးဖြစ်ပေါ်လာတယ်။ အဲဒီဝေဒနာမှာလည်း သတ္တဝါတိုင်း သုခ ကိုပဲ ဦးတည်နေတာဖြစ်တော့ အဲဒီသုခဝေဒနာပေါ်မှာ အနိစ္စအချက်၊ ဒုက္ခ အချက်၊ အနတ္တအချက် **မရှုစားနိုင်ဘူးဆိုလျှင် တဏှာဘက် ဆက်ပြီးသွားတော့မယ်။**

ဗြဟ္မာ့ဇာလသုတ္တာန်ဒေသနာတော်မြတ်မှာတော့ **ဝေဒနာ၊ အာယတန၊ ဖဿကို** တရားလမ်းပြအနေနဲ့ ကြည့်ရှုဖို့ရာ မြတ်စွာဘုရားက တရားလမ်းပြတော်မူ ပေသည်ဟူ၍ သိထားရာ၏။

## သတ္တမပို့လက်ာ အဖြေလွှာ

### ၇။ ဝေဒနာပစ္စယာ တဏှာ

(လယ်တီဆရာတော်ဘုရားကြီး)

(မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး)

“သုခဝေဒနာ၊ စွမ်းရည်ဖြာသည်၊ ရသာမြိန်ရွှမ်း၊ အစိမ့်မွှန်းသော်၊ သွန်းသွန်း ဆူကြွ၊ ထိုသုခဌ်၊ ပိယဟူသား၊ အချစ်ပွား၍”-

ဟူသောလင်္ကာဝါကျ၌ -

အဆင်းရူပါရုံကို မြင်သောအခါ စက္ခုသမ္ဖဿ - **မျက်စိအတွေ့၏** အာနု ဘော်ကြောင့် ထိုအာရုံမှ ရှုချင်ဖွယ်ကောင်းသော **ဣဋ္ဌရသသည် ပေါ်ထွက်၍ လာ၏။** ထိုအခါ ထိုအာရုံမှ ပေါ်ထွက်လာသော ဣဋ္ဌရသကို “ကောင်းစွ၊ ကောင်းစွ၊ လှပတင့်တယ်စွ” ဟုခံစားစံစားသော **စက္ခုသမ္ဖဿဇာ သုခဝေဒနာ** -မျက်စိ အတွေ့ကြောင့် ဖြစ်သော သုခဝေဒနာသည် စိတ်သန္တာန်အစဉ်မှာ “ရသာမြိန်ရွှမ်း အစိမ့်မွှန်းလျက် သွန်းသွန်းဆူကြွ” ဖြစ်ပေါ်လာလေ၏။

ထိုအခါ ခြောက်သွေ့သော ထမင်းကို ထောပတ်ရည် ဆမ်းလိုက်သကဲ့သို့ **စိတ်သန္တာန်အစဉ် ရွှမ်းရွှမ်းစို၍** လာ၏။ ညိုးနွမ်းနေသော ပဒုမ္မာကြာကို အေးမြစွာ

http://www.dhammadownload.com



သော သီတာရေချမ်းဆွတ်ဖျန်းပေးလိုက်သဖြင့် လန်းဆန်းဖွံ့ဖြိုး၍ လာသကဲ့သို့ စိတ်သန္တာန်အစဉ် ရွှင်လန်းဖွံ့ဖြိုးလာ၏။ ထိုသို့ စက္ခုအမြင်စိတ်အစဉ်မှာ ရွှမ်းရွှမ်းစိုတက်၍လာသော ထိုသုခဝေဒနာသည် စက္ခုအရသာ (မျက်စိအရသာခံမှု)၊ စက္ခုမြိန်ရှက်မှု (မျက်စိ မြိန်ရှက်မှု)၊ စက္ခုဆိမ့်အိမ့်မှု (မျက်စိဆိမ့်အိမ့်မှု) မည်၏။ (ဤနည်းတူ အာရုံ (၆) ပါးစုံ အောင် သိရှိမှတ်ယူပါလေ။)

ထိုသို့ သုခဝေဒနာ ခြောက်မျိုးဖြစ်ပွား၍ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် မြိန်ရှက်မှု၊ ဆိမ့်အိမ့်မှုများ ဖြစ်ပွားသောအခါ ထိုမျက်စိအရသာ အစရှိသော သုခဝေဒနာများကို အဆိမ့်ခံလိုသော တဏှာရာဂဓာတ်ကြီး ခြောက်မျိုးသည် တဖွားဖွား ဖြစ်ပေါ်၍လာလေ၏။ တဏှာခြောက်ပါးဟူသည်ကား ရူပတဏှာ၊ သဒ္ဒ တဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာ ဟူသတည်း။

## တွယ်တာတပ်မက်မှု အဆင့်ဆင့် ပွားများလာပုံ

မျက်စိအရသာကို အဆိမ့် ခံလိုသည့်အတွက်နှင့်၊ မျက်စိအရသာကို ဖန်ဆင်းတည်ထောင်၍ပေးသော လှပသော အဆင်းသဏ္ဌာန်မှာလည်း ထိုတဏှာ ဖွဲ့စည်း တွယ်ကပ်လေသည်။ လှပသော အဆင်းသဏ္ဌာန်နှင့် ပြည့်စုံသော ထိုဝတ္ထုကိုယ်ထည်မှာလည်း ထိုတဏှာ ဖွဲ့စည်းတွယ်ကပ်လေသည်။ (မလွှတ်ချင်၊ မခွာချင်သော စိတ်အမှု၊ တိုး၍သာ လုံးထွေးသိမ်းပိုက်ချင်သော စိတ်အမှုကို၊ ဖွဲ့စည်းတွယ်ကပ်ဟုဆို၏။)

ဥပမာကား-သတ္တဝါတို့သည် အသက်ခန္ဓာကို တွယ်တာကြရင်း ဖြစ်ကုန်၏။ ထိုသို့ အသက်ခန္ဓာကိုတွယ်တာကြသောကြောင့် အသက်ကိုတည်စေနိုင်သော ထမင်းကို လည်းကောင်း၊ ထမင်းဖြစ်ကြောင်း ဆန်ကိုလည်းကောင်း၊ ဆန်ဖြစ်ကြောင်း စပါးကို လည်းကောင်း၊ စပါးဖြစ်ကြောင်း နွား၊ ကျွဲ၊ လယ်၊ ယာ၊ မိုး၊ မြေကို လည်းကောင်း တွယ်တာကြရကုန်၏။ ထိုအလုံးစုံကို တွယ်တာမှုကြောင့် ထိုအလုံးစုံကို ရယူနိုင်ကြောင်းဖြစ်သည့် ငွေကြေးကို တွယ်တာကြရကုန်၏။

ဤသို့ဆိုလျှင် တဏှာလောဘသည် ဝတ္ထုတစ်ခုကို အရင်းပြုကာ တွယ်တာမိလျှင် ထိုတွယ်တာအပ်သော ဝတ္ထုနှင့် စပ်လျဉ်းသမျှ အရာမက၊ အထောင်မက၊ အဆင့်ဆင့်တွယ်တာမှု ပြန့်ပွား၍ သွားလေတော့၏။ ထို့အတူ စက္ခုသမ္ဖဿဇာဝေဒနာတည်းဟူသော မျက်စိအရသာတစ်ခု တွယ်တာတပ်မက်မိသည့်အတွက် ထိုမျက်စိအရသာ

http://www.dhammadownload.com



ကို ပေးစွမ်းနိုင်သည့် **ကောင်းသောအဆင်းရူပါရုံကို**လည်းကောင်း၊ ထိုအဆင်းနှင့် ပြည့်စုံသည့် **သက်ရှိသက်မဲ့ ဝတ္ထုအစုစုကို**လည်းကောင်း၊ ထိုဝတ္ထုနှင့် စပ်လျဉ်း သမျှတို့ကိုလည်းကောင်း၊ **တွယ်တာတပ်မက်မှု အဆင့်ဆင့်ပွား၍ ပွား၍ သွား** လေတော့၏။ (သောတသမ္ဖဿဝေဒနာ အစရှိသည်တို့၌လည်း ဤနည်းတူ သိမှတ်ပါ လေ။)

ဤအဆင့်အထိ ပို့လက်ာ၏အဖြေကို **ဆရာတော်ဘုရားကြီးနှစ်ပါး**က အထက်ပါအတိုင်း ပြဆိုကြပြီးနောက် **မင်းကွန်းတိပိဋကဓရဆရာတော်ကြီး**သည် ၎င်း၏ အဖြေကို အောက်ပါအတိုင်း မြွက်ဆိုလျက် အဆုံးသတ်ခဲ့ပေသည်။

ထိုသို့ ပညတ်နယ်ပယ် အထည်ဝတ္ထု အမည်အမျိုး စသည်အားဖြင့် များပြား ကျယ်ဝန်းလှစွာသော **တဏှာလောဘ၏အာရုံစုကို** ပရမတ္ထမျက်စိဖြင့် **ချုပ်၍ ကြည့်ရှုလျှင် အာရုံ (၆)ပါးသာလျှင် ဖြစ်**၏။ ထို့ကြောင့် ထိုအာရုံ(၆)ပါးဖြင့် ချုပ်၍ ရူပတဏှာ၊ သဒ္ဒတဏှာ စသည်ဖြင့် တဏှာ(၆) ပါးကို မြတ်စွာဘုရားက ဟောကြား တော်မူအပ်လေသည်။ (လင်္ကာ၌ ထိုအာရုံခြောက်ပါးကိုပင် စကြာဝတေး မင်း၏ အလို ခပ်သိမ်းပေးနိုင်သော အသုံးတော်ခံ သူဌေးရတနာနှင့် ဥပမာပေး၍ ရေးသားဖွဲ့ဆို တော်မူအပ်လေသည်။)

ယင်းသို့ **အာရုံခြောက်ပါး ကာမဝတ္ထု အစုစု**သော တရားတို့၌ ခုံမင် **တပ်မက်မှု တဏှာလောဘတရား နှေ့စဉ်ပွားနေကြ**သောကြောင့်ပင် သတ္တဝါတို့ သည် နက်နဲသော တရားချက်ကို အိပ်မက်တွင်မျှ မမြင်မက်ကြဘဲ ကာမဝတ္ထု အစုစု တည်းဟူသော ကာမထောင်အတွင်း၌ပင် ခန္ဓာကင်းကြွေစုတေ၊ စုတေ၍ သွားကြရ လေသည်ဟု ဆိုလိုသည်။

**လယ်တီဆရာတော်ဘုရားကြီး**ကမူ ၎င်း၏အဖြေကို အဆုံးမသတ်သေးဘဲ တဏှာခြောက်ပါးနှင့်တကွ တရားအချက်သဘောနက်ကို အကျယ်ပြဆိုလိုသေး၍ အောက်ပါအတိုင်း ဆက်လက်ပြီး ခက်ခဲနက်နဲစွာ တရားသဘောသရုပ် အပြည့်အစုံ ကို အဖြေထုတ်၍ ပြဆိုထားလေသည်။

မျက်စိအရသာတစ်ခု တွယ်တာတပ်မက်မိသည့်အတွက် ထိုမျက်စိ အရသာ ကို ပေးစွမ်းနိုင်သည့် ကောင်းသော အဆင်းရူပါရုံ၊ ထိုအဆင်းနှင့် ပြည့်စုံသည့် သက်ရှိ သက်မဲ့ ဝတ္ထုအစုစု၊ ထိုဝတ္ထုနှင့် စပ်လျဉ်းသမျှတွယ်တာ တပ်မက်မှု အဆင့်ဆင့် ပွား၍ ပွား၍ သွားလေတော့၏ ဆိုသောစကား၌ -

http://www.dhammadownload.com



- မျက်စိအတွေ့ (ခေါ်) စက္ခုသမ္ဖဿတရားသည်လည်း ဓမ္မ မည်၏။
- မျက်စိအရသာ (ခေါ်) စက္ခုသမ္ဖဿဇာဝေဒနာတရားသည်လည်း ဓမ္မ မည်၏။
- ထိုအရသာကို အဆိမ့်ခံလိုသော တဏှာတရားသည်လည်း ဓမ္မ မည်၏။ "ဖဿ"၊ "ဝေဒနာ"၊ "တဏှာ" ထိုသုံးပါး၌ ချစ်ကြိုက်တွယ်တာသော တဏှာ သည် **ဓမ္မတဏှာ** မည်၏။

"အဆင်းသဏ္ဌာန်" ၌ ချစ်ကြိုက်တွယ်တာသော တဏှာသည်သာလျှင် **ရူပ တဏှာ** မည်၏။

အသံကိုကြား၍ သောတအတွေ့ကြောင့် ဖြစ်ပေါ်သော နားအရသာ၊ နားမြိန်ရှက်မှု၊ နားဆိမ့်အိမ့်မှုသည် သောတသမ္ဖဿဇာဝေဒနာ မည်၏။ နား အရသာနှင့် တကွ သဒ္ဒါရုံ၌လည်းကောင်း၊ သဒ္ဒါရုံကို ပြည့်စုံစေနိုင်သော အဆောက်အအုံမျိုးတို့၌လည်းကောင်း ချစ်ကြိုက်ခင်မင်သော တဏှာသည် **သဒ္ဒတဏှာ**မည်၏။ (ထိုနည်းတူ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ တို့ကိုလည်း သိပါလေ။)

တစ်ခုခုသော ဓမ္မကို အာရုံပြု၍ စိတ်အတွေ့နှလုံးအတွေ့ကြောင့် ဖြစ်ပေါ်သော စိတ်အရသာ၊ မနောအရသာ။ စိတ်မြိန်ရှက်မှု၊ မနောမြိန်ရှက်မှု။ စိတ်ဆိမ့်အိမ့်မှု၊ မနောဆိမ့်အိမ့်မှုသည် မနောသမ္ဖဿဇာဝေဒနာမည်၏။ ထိုစိတ်အရသာနှင့်တကွ ကောင်းသောဓမ္မ၊ မကောင်းသောဓမ္မတို့၌လည်းကောင်း၊ ထိုဓမ္မတို့ကို ပြည့်စုံစေနိုင်သော ယောကဓမ္မအဆောက်အအုံတို့၌လည်းကောင်း၊ ချစ်ကြိုက်တွယ်တာသော တဏှာသည် **ဓမ္မတဏှာ** မည်၏။ ဤအရာ၌ ဓမ္မဟူသည်ကား ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဟူသော **အာရုံငါးပါးကို ချန်လှပ်၍ ကြွင်းသမျှအလုံးစုံသည် ဓမ္မာရုံ** မည်၏။

**ထို့ကြောင့် လောဘပွားများသောအမှုကို ပြုပြီးနောက် ထိုလောဘအမှုကိုပင် ပြုပုံ မှုပုံ အရာနှင့်တကွ အမှတ်ရတိုင်း သာယာသော "နောက်တဏှာ"သည် ရှေးဖြစ်သော လောဘဓမ္မလျှင် အာရုံရှိသော ဓမ္မတဏှာ** မည်၏။

ထို့အတူ ဒေါသမှုကို စိတ်တိုင်းကျ ပြုလုပ်ရ၍ ပြုပုံအမှုအရာနှင့်တကွ ပြောကာ၊ ဆိုကာ၊ ရယ်ကာ၊ ပြုံးကာ ထိုဒေါသကို သာယာသော တဏှာသည် ဓမ္မ တဏှာ မည်၏။ ထိုအတူ မာနမှု၊ ဒိဋ္ဌိမှု၊ သဒ္ဓါမှု၊ ပညာမှု၊ ဒါနမှု၊ သီလမှု၊ ဘာဝနာမှု၊ ပါဏာတိပါတမှု၊ အဒိန္နာဒါနမှု၊ ကာမေသုမိစ္ဆာစာရမှု စသည်ဖြင့် အကျယ်ဆိုလေ။ ဓမ္မတဏှာ

http://www.dhammadownload.com



နယ် အလွန်ကျယ်ဝန်းများပြား၏။ (စက္ခုဒွါရ၊ ရူပတဏှာတို့၌ ပြဆိုခဲ့ပြီးသော နည်းအတိုင်း နောက် ဒွါရငါးပါး၊ တဏှာငါးပါးတို့၌ သိပါလေ။)

ဤလူ့လောက၊ နတ်လောကတို့၌ ရှိရှိသမျှသောဘုံဗိမာန်၊ ပဒေသာပင်၊ ဥယျာဉ်၊ ကျွဲ၊ နွား၊ လယ်၊ ယာ၊ ရတနာ၊ ရွှေ၊ ငွေ၊ အသုံးအဆောင်မျိုးတို့ကိုလည်းကောင်း၊ နတ်သမီး၊ နတ်သား၊ ယောကျ်ား၊ မိန်းမ ဟူသမျှကိုလည်းကောင်း အာရုံအားဖြင့် ခြောက်စုပြုသည်ရှိသော် ရူပတဏှာအဖို့ တစ်စု၊ သဒ္ဒတဏှာဖို့တစ်စု၊ ဂန္ဓတဏှာဖို့တစ်စု၊ ရသတဏှာဖို့တစ်စု၊ ဖောဋ္ဌဗ္ဗတဏှာဖို့တစ်စု၊ ဓမ္မတဏှာဖို့တစ်စု တို့အားဖြင့် ခြောက်ပုံ၊ ခြောက်စုရ၏။

မီးပူဇော်သော ပုဏ္ဏားဥပမာ၌ ရရသမျှသော ထောပတ်၊ ဆီ၊ ပျား၊ ထင်း၊ သစ်သားတို့သည် မီးဖို့ချည်း ဖြစ်ကုန်သကဲ့သို့ တဏှာဖို့ချည်း ဖြစ်ကြကုန်၏။ ထိုပုဏ္ဏားကို မီးကို လုပ်ကျွေးမွေးမြူ ပူဇော်သောသူ ဟုဆိုသကဲ့သို့ ဥစ္စာခနဘောဂ သမ္ပတ္တိ အတွက်နှင့် နေ့နေ့ညည တရွရွအားထုတ်ကြသော သတ္တဝါတို့လည်း **တဏှာ လုပ်ကျွေးမွေးမြူသောသူတို့ဟူ၍** ဆိုသင့်ဆိုထိုက်ကုန်၏။ ဤသည်ကိုရည်၍-

"ထိုသုခ၌ပိယဟူသား၊ အချစ်ပွား၍၊ ခြောက်ပါးဝေဒနာ၊ မြိန်ရှက်စွာကို၊ လွယ်ကာမနှေး၊ လိုတိုင်းပေးသည်၊ သူဌေးရတနာ၊ ပမာအလား၊ ကြင်မယားနှင့် -------ကာမဝတ္ထု၊ အစုအပုံ၊ ခြောက်အာရုံ၌၊ ခုံတမင်မင်၊ ခင်တများများ၊ နေ့စဉ်ပွား၍"-ဟုဆိုပေသည်။

"သူဌေးရတနာ ပမာအလား" ဟူသောစကား၌ မန္ဓာတ် စကြာမင်းကြီးတို့မှာ အလိုရှိတိုင်း အသုံးခံ သူဌေးရတနာကြီး ရှိမြဲတည်း။ "ခြောက်ပါးဝေဒနာ၊ မြိန်ရှက်စွာကို၊ လွယ်ကာမနှေး၊ လိုတိုင်းပေးသည်၊ သူဌေးရတနာ၊ ပမာအလား၊ **ကြင်မယားနှင့် ဝတ်စားရွှေငွေ**" စသည်သည် ထိုသူဌေးရတနာကြီးနှင့် အလားတူ၏။ ထိုအသုံးတော်ခံ သူဌေးရတနာကြီးကဲ့သို့ မိမိသဏ္ဍာန်၌ မျက်စိအရသာ၊ နားအရသာ၊ အစရှိသော ခြောက်ပါးဝေဒနာကို လွယ်ကာမနှေး လိုတိုင်းပေးသည့်အတွက်ကြောင့် ကြင်မယားနှင့် ဝတ်စားတန်ဆာ ရတနာရွှေငွေ အစရှိသော ကာမဝတ္ထုအစုအပုံ ခြောက်အာရုံ၌ ခုံတမင်မင်၊ ခင်တများများ၊ တဏှာပွား၍ နေကြကုန်၏ ဟုဆိုသည်။

ဤလင်္ကာစာပိုဒ်၌ "ခြောက်စုဖဿ၊ စက္ခုစသား၊ ဒွါရခြောက်မည်၊ အကြည်အလင်း" စသည်တို့ကား မမွာရုံတို့ပေတည်း။ "ခုံတမင်မင်၊ ခင် တများများ၊ နေ့စဉ်ပွား၍၊ တရားအချက်၊ သဘောနက်ကို၊ အိပ်မက်တွင်မျှ၊ မမြင်ကြဘဲ၊ ကာမထောင်တွင်း၊

http://www.dhammadownload.com



ခန္ဓာကင်းသည်၊ ခြောက်သင်းတဏှာ၊ စွမ်းရည်တည်း” ဟူရာ၌ အနမတဂ္ဂဘဝတို့၌ ဖြစ်လာခဲ့ကြသော အမှုအသွားကို ဆိုသော စကားတည်း။

## တရားအချက်သဘောအနက်

ဤ၌ “တရားအချက်သဘောအနက်” ဟူသည်ကား အဝိဇ္ဇာအရာ၌ ပြဆိုခဲ့သော သစ္စာလေးပါး တရားအချက် သဘောနက်ကို ဆိုသတည်း။

ဤဖဿခြောက်ပါး၊ ဝေဒနာခြောက်ပါး၊ တဏှာခြောက်ပါး အရာနှင့် လျော်စွာ ဆိုမှုကား-

- ဖဿသည်လည်း တရားနက်တစ်ခု။
- ဝေဒနာသည်လည်း တရားနက်တစ်ခု။
- တဏှာသည်လည်း တရားနက်တစ်ခု။

## ခတ်အသီး အာဂန္တုက၊ ပဋိစ္စသမုပ္ပါဒ် - အနိစ္စ

ဖဿသည် အဘယ်သို့ နက်နဲသနည်း ဟူမူကား-

- **စက္ခုအတွေ့သည် ခတ်တစ်မျိုးတည်း။**

အဆင်းသဏ္ဌာန်နှင့်စက္ခုအကြည် တွေ့ဆိုင်ဆုံဆည်း၍ နေခိုက်၌သာ တဖွားဖွား ဖြစ်ပေါ်၍နေ၏။ အဆုံအဆည်းပျက်လျှင် ချုပ်ပျက်ကွယ်ပျောက်လေ၏ ဟူ၍ဖဿကို ခတ်အသီးတစ်ခု၊ အာဂန္တုအနေနှင့် ထင်မြင်နိုင်ရန် အလွန်နက်နဲ၏။

မိမိသန္တာန်၌ ဤအခါကား စက္ခုအတွေ့ရှိ၏။ ဤအခါကား စက္ခုအတွေ့မရှိ ဟု သိကြ၏။ ဖဿခတ်ပေါ်မှု၊ ဖဿခတ် ချုပ်ကွယ်ပျက်ဆုံးမှုဟု မသိကြ။

- ထို့အတူ စက္ခုအရသာဆိုသည်မှာလည်း ခတ်တစ်မျိုးတည်း၊ ထိုဖဿရှိဆဲအခါ၌သာ တဖွားဖွား ဖြစ်ပေါ်၍နေ၏။ ထိုဖဿချုပ်ပျောက်လျှင် ချုပ်ပျောက်၏ ဟူ၍ ဝေဒနာကို ခတ်အသီး တစ်ခု၊ အာဂန္တုအနေနှင့် ထင်မြင်နိုင်ရန် အလွန်နက်နဲ၏။

စက္ခုအရသာရှိခိုက်၊ မရှိခိုက်ကိုကား သိကြ၏။ ဝေဒနာခတ်ပေါ်မှု၊ ဝေဒနာ ခတ်ချုပ်ဆုံးမှုဟူ၍ မသိကြ။

- **ရူပတဏှာကိုလည်း ဤနည်းတူသိပါလေ။ ဖြစ်ပေါ်မှု၊ ချုပ်ပျောက်မှု၌ ဥပမာကား - လူသည် မှန်ကြည့်ရာ၌ “စက္ခုအကြည်သည် မှန်အပြင်နှင့် အလားတူ၏” “အဆင်းသဏ္ဌာန်သည် မျက်နှာနှင့် အလားတူ၏။”**

http://www.dhammadownload.com



"ဖဿ၊ ဝေဒနာ တဏှာစေတ်စုသည် မှန်အပြင်မှာ ပေါ်သော မျက်နှာရိပ်နှင့် အလားတူ၏"

- မှန်နှင့် မျက်နှာ တွေ့ဆိုင်တဲ့ခဏ၌သာ မျက်နှာရိပ်ပေါ်၏၊ မျက်နှာလွှဲလျှင် ထိုအရိပ်ပျောက်ဆုံး၏။ အရိပ်ကို မြင်လိုပြန်လျှင် တစ်ဖန်ကြည့်ရပြန်၏။ မျက်နှာလွှဲလျှင် ချုပ်ပျောက်မြဲ ချုပ်ပျောက်ပြန်ကုန်၏။
- **အရိပ်သည် ဓာတ်တစ်မျိုးတည်း။**

မှန်အပြင်နှင့် မျက်နှာပြင် တွေ့ဆိုင်မှုတန်းလန်းရှိနေမှ ထိုတွေ့ဆိုင်မှုကို စွဲ၍ ဖြစ်ပေါ်တည်ရှိနိုင်သည်။တွေ့ဆိုင်မှုပျက်ပြန်၍ စွဲစရာမရှိပြန်လျှင်လည်း အရိပ်ပျောက်ပျက်ရ၏။

- ဤကား ခပ်သိမ်းသော ပဋိစ္စသမုပ္ပါဒ်တရားမျိုးတို့၏ ပဋိစ္စသမုပ္ပါဒ်သဘောတည်း။
- ဤစက္ခု၏ဆိုင်ရာ **ဖဿ၊ ဝေဒနာ၊ တဏှာ** ထိုသုံးပါးသည်လည်း **ပဋိစ္စသမုပ္ပါဒ်မျိုးချည်းသာတည်း။**

ရှေးကပြဆိုခဲ့ပြီးသော **ယပ်လေဥပမာ - ရေဥပမာ**တို့ဖြင့်လည်း ကိုယ်၌ဖြစ်ပေါ်သော ဖဿ, ဝေဒနာ, တဏှာ တို့၏ ပဋိစ္စသမုပ္ပါဒ်သဘောသည် ထင်ရှား၏ "ယပ်လေပေး၍ နေဆဲအခါ၌ ကောင်းသော ကိုယ်အတွေ့၊ ချမ်းသာသောကိုယ်အရသာပေါ်ရှိ၍နေသည်လည်း ထင်ရှား၏။ ယပ်လေပြတ်ပြန်လျှင်လည်း ထိုအတွေ့၊ ထိုအရသာ ချုပ်ပျောက်ပြန်သည်လည်း ထင်ရှား၏။ ပူအိုက်သော မကောင်းသော ကိုယ်အတွေ့၊ မချမ်းသာသော ကိုယ်အရသာဓာတ်တစ်မျိုး ကိုယ်၌ ပေါ်ပြန်သည်လည်း ထင်ရှား၏။ ကိုယ်တိုင်တွေ့ကြသော ဒိဋ္ဌမှုပေတည်း။ ထိုသို့ သိကြ၊ ထင်ရှားကြသော်လည်း ထိုအတွေ့၊ ထိုအရသာကို **ဓာတ်အသီး၊ ပရမတ္ထဓမ္မအသီးဟု** မသိကြ၊ မမြင်ကြ၊ ငါတွေ့သည်၊ **ငါချမ်းသာသည်၊ ငါကောင်းသည်ဟု ငါနှင့် တစ်ခုတည်းပြု၍** မြင်ကြ၊ ထင်ကြ၊ စွဲလမ်း၍ နေကြ၏။

ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါမဟုတ်၊ ငါမဟုတ်၊ သူမဟုတ်၊ ဓာတ်အသီး၊ ပရမတ္ထဓမ္မအသီးအနေနှင့် ခြားနားထင်ရှားစွာ မြင်နိုင်၊ ထင်နိုင်ပါမူ၊ ဖြစ်မှု၊ ပျက်မှု၊ အာဂန္တုကိစ္စ၊ ပဋိစ္စသမုပ္ပါဒ် သဘောကို ထင်နိုင်မြင်နိုင်မည်။ **ငါနှင့် တစ်ခုတည်းပြု၍၊ ငါပြု၍ ထင်နေသမျှ** ကာလပတ်လုံး **ပဋိစ္စသမုပ္ပါဒ်သဘော** မထင်နိုင် မမြင်နိုင်၊ ငါဆိုသည်ကား တစ်ဘဝလုံး၊ တစ်သက်လုံးမှ "တစ်ငါ" သာတည်း။ တစ်ဘဝ၌ မသေမီ

http://www.dhammadownload.com



အတွင်း အသစ်၊ အသစ် ဖြစ်ပေါ်နေသည်ဟူ၍ မယူကြ။ ချုပ်သည်၊ ပျက်သည်၊ ကွယ်ပျောက်သည်ဟူ၍ မယူကြ။

အကယ်၍ ကောင်းသောအတွေး၊ ကောင်းသောအရသာတို့သည် "ငါ" ဖြစ်ကုန်ငြားအံ့၊ ဘဝမဆုံးမချင်း "ငါ" အမြဲတည်သကဲ့သို့ ထိုအတွေး၊ ထိုအရသာတို့လည်း တည်ကြရကုန်မည်။ ထိုအမှုတို့ကိုကား ကိုယ်သန္တာန်မှာ ဖြစ်သည့်အခါ၊ မဖြစ်သည့်အခါ၊ ရှိသည့်အခါ၊ မရှိသည့်အခါ ဟုသိကြ ယူကြကုန်၏။

ဤအချက်ကို ထင်ရှားအောင် ပြဆိုဦးအံ့ -

**မှန်အပြင်မှာပေါ်သော မျက်နှာရိပ်သည် မှန်သားလည်းမဟုတ်၊ မျက်နှာလည်း မဟုတ်၊ အာဂန္တုသက်သက်တည်း။** မှန်သားနှင့် မျက်နှာဆိုင်မိမှုကို စွဲ၍ ဖြစ်ပေါ်သော **ပဋိစ္စသမုပ္ပါဒ်မျိုးတည်း။** ထို့ကြောင့် မှန်သားနှင့် မျက်နှာဆိုင်မိမှု ဟူသော စွဲရာ ပျက်ခဲ့လျှင် ကွယ်ပျောက်လေ၏။

ရေထဲ၌ထင်နေသော နေဝန်းသဏ္ဌာန်၊ လဝန်းသဏ္ဌာန်၊ လူရိပ်သဏ္ဌာန်စသော အရိပ်သဏ္ဌာန်စု၊ နေရောင်၊ မီးရောင်ကြောင့်ဖြစ်သော သစ်ပင်ရိပ်၊ လူရိပ်သဏ္ဌာန်စု တို့လည်း ထိုနည်းအတူ အာဂန္တုဓာတ်၊ ပဋိစ္စသမုပ္ပါဒ်မျိုးတို့တည်း။

သတ္တဝါတို့သန္တာန်၌ **လောဘသည် ဓာတ်အာဂန္တုတည်း။** ဤလောဘဓာတ် သည် စိတ်အစဉ်မှာ ဖြစ်ပေါ်ခွင့်ဆိုက်သောအခါ ဖြစ်ပေါ်၍၊ ပျောက်ကွယ်ခွင့် ဆိုက် သောအခါ ပျောက်ကွယ်ပျက်ဆုံး၍နေသော ဓာတ်အာဂန္တုသာတည်း။ **ပုဂ္ဂိုလ် မဟုတ်၊ သတ္တဝါမဟုတ်၊ ငါမဟုတ်၊ သူမဟုတ်၊** မိန်းမမဟုတ်၊ ယောကျ်ားမဟုတ်၊ ဘယ်သူမှမဟုတ်။ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ထိုလောဘဓာတ် ဖြစ်ပေါ်သည်ကိုလည်း သိ၏။ လောဘဓာတ် ကင်းကွာသည်ကိုလည်း သိ၏။ သို့ရာတွင် **အာဂန္တုက သဘာဝ ဓာတ်အသီးဟု** ခြားနား၍ကားမသိ။ **ပဋိစ္စသမုပ္ပါဒ် ဓာတ်အသီးဟူ၍**ကား မသိကြ။ ထိုသို့ မသိကြသည့်အတွက်ကြောင့် သက္ကာယဒိဋ္ဌိနှင့် အပအာဂန္တုကို ငါပြု၍ စွဲလမ်းကြကုန်၏။

(ဒေါသဓာတ်နှင့်တကွ ကြွင်းသော နာမ်ဓာတ်ပေါင်း (၅၁) တို့၌လည်း ဤနည်းတူ ဓာတ်အသီးသီး ဖြစ်ပုံ၊ အာဂန္တုသက်သက် ဖြစ်ကြပုံ၊ ပဋိစ္စသမုပ္ပါဒ်မျိုး ဖြစ်ကြပုံကို ဝေဖန်၍ သိလေ။)

**ရုပ်ဓာတ်မျိုးတွင် သီတဓာတ်မီး၊ ဥဏှဓာတ်မီး နှစ်ပါးတို့ ဓာတ်အသီး သီး ဖြစ်ပုံ၊ အာဂန္တုဖြစ်ပုံ၊ ပဋိစ္စသမုပ္ပါဒ်မျိုးဖြစ်ပုံမှာ -**

http://www.dhammadownload.com



မိမိကိုယ်တွင်း၊ ကိုယ်ပမှာ အခါအခွင့်အားလျော်စွာ ချမ်းမှု အေးမှုဖြစ်၍လာသည်ကိုလည်း သိကြ၏။ အချမ်း၊ အအေး ချုပ်ပျောက်၍ သွားသည်ကိုလည်း သိကြ၏။ ပူမှု၊ နွေးမှု ဖြစ်လာသည်ကိုလည်း သိကြ၏။ အပူအနွေး ချုပ်ပျောက်သွားသည်ကိုလည်း သိကြ၏။

ဤသို့ အခိုက်အလှည့်အားဖြင့် ချမ်းမှု၊ အေးမှု၊ ပူမှု၊ နွေးမှုတို့၏ ဖြစ်ပေါ်တည်ရှိမှု၊ ချုပ်ပျောက်သေဆုံးမှုကို မြင်ကြသဖြင့် သီတဟူသည် ဓာတ်အသီးအခြားတည်း၊ ဥဏှဟူသည် **ဓာတ်အသီးအခြားတည်း။ ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါမဟုတ်၊** ငါ မဟုတ်၊ သူမဟုတ်၊ ဓာတ်အာဂန္တုစုသာတည်း။ တစ်နေ့ တစ်ရက် အတွင်းမှာပင် အခါတစ်ရာမက ကိုယ်တွင်းမှာဖြစ်ပေါ် ၍ အခါတစ်ရာမက ပျောက်ကွယ်သေဆုံး၏။

## ဓာတ်ဖြစ်ပေါ်တာ - ဇာတိဓမ္မ၊ ဓာတ်သေဆုံးတာ - မရဏဓမ္မ အနိစ္စ

ကိုယ်တွင်းသန္တာန်၌ ပူ၍၊ အိုက်၍ နေသည်ရှိသော် ယပ်လေခံလျှင် ရေချိုးလျှင်၊ အပူအအိုက်ခဏချင်းပျောက်၏ဟု သိကြ၏။ **"ပျောက်"** ဆိုသည်ကား **ဓာတ်၏ သေဆုံးခြင်းဟူသော ခဏိကမရဏ ဓာတ်တစ်ခုပေတည်း။ အနိစ္စဟူသော ဓာတ်တစ်ခုပေတည်း။** ထို့ကြောင့် အပူအအိုက်ပျောက်မှုမည်သည်ကား ကိုယ်တွင်း၌ ဥဏှတေဇော၏ ချုပ်ပျက်မှု၊ သေဆုံးမှု၊ အနိစ္စရောက်မှုကို ဆိုသည်ဟု သိကြ၏။ လောဘပျောက်ကွယ်မှု၊ ဒေါသပျောက်ကွယ်မှု တို့၌လည်း မရဏဓမ္မ၊ အနိစ္စဓမ္မတို့ကို ပျောက်ကွယ်မှု ဆို၏။ **"သေမင်း-သေမင်း"** ဟုဆိုကြသည်မှာလည်း ထိုသို့သော ပျောက်ကွယ်ချုပ်ဆုံးမှုတို့ကို ဆို၏။ စက္ခုအတွေ့ပျောက်ကွယ်မှု၊ စက္ခုအရသာပျောက်ကွယ်မှုစသည်တို့၌လည်း ဤနည်းတူသိလေ။

ယပ်လေခံလျှင်၊ ရေချိုးလျှင် ကိုယ်တွင်းမှာ ခဏချင်း အေးချမ်းမှုပေါ်၏ဟု သိကြ၏။ **"ပေါ်"** ဆိုသည်ကား **ဓာတ်တို့၏ ပေါက်ဖွားခြင်းဟူသော ခဏိကဇာတိဓာတ်တစ်ခုပေတည်း။** လောက၌ ဖြစ်သည် **ပေါ်သည်ဟူ၍** ဆိုကြသမျှကို **ဇာတိဓမ္မချည်းမှတ်။**

ယပ်လေခပ်မှု မရှိပြန်လျှင်လည်း ကိုယ်သန္တာန်မှာ ထိုအေးချမ်းမှု ဟူသော သီတဓာတ်စု ချုပ်ပျောက်ပြန်ကုန်၏။ မရဏဓမ္မသို့ ရောက်ကြပြန်ကုန်၏။ အနိစ္စဓမ္မသို့ ရောက်ကြပြန်ကုန်၏။ ပူအိုက်မှုဟူသော ဥဏှဓာတ်တို့ ဖြစ်ပေါ်ပြန်ကုန်၏။ ဤသို့လျှင် တစ်နာရီမျှကာလအတွင်းမှာပင် ကိုယ်သန္တာန် အတွင်းမှာ အရာအထောင်မက

http://www.dhammadownload.com



သော ဇာတိမှု၊ အရာအထောင်မကသော မရဏမှု အနိစ္စမှုတို့ကို တွေ့ကြုံထင်ရှား သိရှိ၍ နေကြကုန်၏။

ထိုသို့ တွေ့ကြုံသိရှိ၍ နေကြပါကုန်လျက် မောဟ အဝိဇ္ဇာ ဖုံးလွှမ်းချက်ကြောင့် ကိုယ်တွင်းမှာ ပူမှု၊ အိုက်မှုကို ဓာတ်အသီးဟု မသိကြ၊ ချမ်းမှု၊ အေးမှုကို ဓာတ်အသီးဟု မသိကြ၊ ထိုဓာတ်တို့၏ ဖြစ်ပေါ်မှုကို ဇာတိဓမ္မအသီးဟု မသိကြ။ ထိုဓာတ်တို့၏ကိုယ်တွင်းသန္တာန်ဝယ် ပျောက်ကွယ်မှုကို **မရဏဓမ္မကြီးတစ်မျိုး အနိစ္စဓမ္မကြီးတစ်မျိုးဟု** မသိကြလေကုန်။

မသိကြသည့်အတွက်ကြောင့် **ငါပူသည်၊ ငါအိုက်သည်၊** ငါအေးသည်၊ ငါချမ်းသည်ဟု **သက္ကာယဒိဋ္ဌိ ရေမီးပွား၍သာ** နေကြကုန်သည်။ ကြွင်းသော ရုပ်ဓာတ်တို့၌လည်း ဓာတ်အသီးသီး ဖြစ်ကြပုံ၊ အာဂန္တုသက်သက် ဖြစ်ကြပုံ၊ စွဲရာရှိမှ ဖြစ်ပေါ်၍စွဲရာ ပျောက်လျှင် ပျောက်ပျက်သော ပဋိစ္စသမုပ္ပါဒ် မျိုးချည်း ဖြစ်ကြပုံကို သိကြလေကုန်။

ဤသို့ဆိုလျှင် ကိုယ်သန္တာန်၌ အတွေ့ဟူသော ဖဿခြောက်ပါး၊ အရသာဟူသော ဝေဒနာခြောက်ပါး၊ သာယာခင်တွယ်မှုဟူသော တဏှာခြောက်ပါးတို့၏သက်သက်သော အာဂန္တုဓာတ်အဖြစ် ပဋိစ္စသမုပ္ပါဒ်အဖြစ် ခဏချင်းဖြစ်ပေါ်မှု ဟူသော ဇာတိဓမ္မ၊ ခဏချင်း ပျောက်ကွယ်မှု ဟူသော မရဏဓမ္မ၊ အနိစ္စဓမ္မတို့၏ သိနိုင်၊ မြင်နိုင်၊ ထင်နိုင်ရန် နက်နဲမှု၊ ခက်ခဲမှုတို့ကို ရည်၍-

"တရားအချက်၊ သဘောနက်ကို၊ အိပ်မက်တွင်မျှ၊ မမြင်ကြဘဲ၊
ကာမထောင်တွင်း၊ ခန္ဓာကင်းသည်၊ ခြောက်သင်းတဏှာစွမ်းရည်တည်း"
ဟူ၍ ဆိုပေသည်။

ဤစကား၌ 'ကာမထောင်' ဆိုသည်ကား **တဏှာခြောက်ပါးသည်လည်း ကာမ ထောင်မည်၏။** မိမိတို့၏ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့နှင့်တကွ လူပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်တို့၌ ရှိရှိသမျှသော **တဏှာ၏ အဆောက်အအုံဖြစ်သော** ဘုံဗိမာန်၊ ပဒေသာပင်၊ လယ်၊ ယာ၊ ဥယျာဉ်၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ရထား၊ လှည်း၊ လှေ၊ ရွှေ၊ ငွေ၊ ရတနာ၊ ဥစ္စာစပါး၊ သား၊ မယား အစရှိသော **ဝတ္ထုစုသည်လည်း ကာမထောင် မည်၏။** အနမတဂ္ဂ သံသရာဘဝ အဆက်ဆက်တို့၌ တဏှာ၏ အကြိုက်သို့လိုက်ပါ၍ တဏှာ၏အစီးအပွားကို အားထုတ်၍ **တဏှာဒမှုတန်းလန်းနှင့်သာ သေဆုံး၍ လာ ကြသည်ကို "ကာမထောင်တွင်း ခန္ဓာကင်းသည်"** ဟူ၍ ဆိုပေသည်။

http://www.dhammadownload.com



## (၈) တဏှာ ပစ္စယာ ဥပါဒါနံ

### အရကောက်နှင့် သဘောသရုပ်ထင်လွယ် အဓိပ္ပာယ်

"ကာမဒိဋ္ဌိ၊ သီလဗ္ဗတ၊ အတ္တစွဲသန်၊ ဥပါဒါန်၊ လေးတန်သရုပ်ဖြာ"

ဟူသော ပရမတ္ထသံခိပ်အရ-

- ကာမဂုဏ်ငါးပါးတို့၌ အခိုင်အမြဲ စွဲလမ်းသော ကာမုပါဒါန်။
- ဒိဋ္ဌိအယူတို့၌ အခိုင်အမြဲစွဲလမ်းသော ဒိဋ္ဌုပါဒါန်။
- ဂေါသီလ-ဂေါဝတစသော သီလ၊ ဝတတို့၌ အခိုင်အမြဲ စွဲလမ်းသော သီလဗ္ဗတုပါဒါန်။
- ခန္ဓာငါးပါးတို့၌ အတ္တဟူ၍အခိုင်အမြဲ စွဲလမ်းသော အတ္တဝါဒုပါဒါန်။ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် ဟူ၍ သရုပ်အားဖြင့် လေးပါးအပြားရှိသော၊ တရားကိုယ်အားဖြင့် စွဲလမ်းတတ်သော လောဘ၊ ဒိဋ္ဌိ ဤနှစ်ပါးတို့သည် ဥပါဒါန်မည်၏။

တဏှာနှင့် ကာမုပါဒါန်တို့၏ အထူးကား -

- အားနည်းသော လောဘသည် တဏှာမည်၏။
- အားကြီးသော လောဘသည် ကာမုပါဒါန်မည်၏။

တစ်နည်းအားဖြင့်

(၁) အချင်းချင်းထောက်ဆ၍ ရှေးကျပြီး အားသေးသော လိုချင်တောင့်တမှု သည် တဏှာဖြစ်၏။ နောက်ကျ၍ အားကြီးသော လိုချင်တပ်မက်မှုသည် ဥပါဒါန် မည်၏။

(၂) တစ်စုံတစ်ခုသော အာရုံကို မရသေးခင် လိုချင်တောင့်တမှုသည် တဏှာ မည် ၏။ ရရှိပြီးနောက် စုံစုံမက်မက် နှစ်သက်စွဲလမ်းမှုသည် ကာမု ပါဒါန် မည်၏။

(၃) ထိုအပြင် တဏှာသည် အပ္ပိစ္ဆတာ (အလိုနည်းမှု) ၏ဆန့်ကျင်ဘက် ဖြစ် ၏။ ကာမုပါဒါန်သည် သန္တုဋ္ဌိတာ (တင်းတိမ် ရောင့်ရဲမှု) ၏ဆန့် ကျင် ဘက်ဖြစ် ၏။ (ပထမလိုချင်တာက တဏှာဖြစ်၏။ ရရှိပြီးနောက် မတင်း တိမ်ဘဲထပ်ကာ ထပ်ကာ လိုချင်မှုသည် ကာမုပါဒါန် ဖြစ်သည်ဟု ဆို လိုသည်)

http://www.dhammadownload.com



(၄) တဏှာသည် တောင့်တမှု၊ ရှာဖွေမှု ဒုက္ခစု၏ အကြောင်းရင်းဖြစ်၏။ ကာမုပါဒါန်သည် ရရှိထားသော အာရုံကို ကြောင့်ကြရမှု၊ စောင့်ရှောက်ရမှု ဒုက္ခစု၏ အကြောင်းရင်းဖြစ်၏။

တဏှာကြောင့် ဥပါဒါန်ဖြစ်သည်ဆိုရာ၌-

- တဏှာသည်-ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာတို့ဖြစ်၏။

ဥပါဒါန်အရ-ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် ဤလေးပါးတည်း။

## တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံ - အကျဉ်း အဓိပ္ပာယ်

(မူလပဋ္ဌာန်းဆရာတော်ကြီးဦးနာဒရ)

ဖွတ်ကြီးလျှင် မိကျောင်း၊ မြွေကြီးလျှင် နဂါး၊ သရဲကြီးလျှင် သဘက် ဆိုရသလို အနည်းငယ် တပ်မက်မှုတဏှာကြောင့် တစ်ဆင့်တစ်ဆင့်ရင့်သန်ကာ အပြင်းအထန် စွဲလမ်းမှု ဥပါဒါန် ဖြစ်၏။

ကာမုပါဒါန် = မိမိကိုယ်ခန္ဓာနှင့်တကွ ပစ္စည်းဥစ္စာ၊ ရွှေ၊ ငွေ၊ သားမယား၊ လယ်၊ ယာ စသော ကာမဝတ္ထု၊ ကာမအာရုံတို့၌ အပြင်းအထန် စွဲလမ်းသော တဏှာ။

ဒိဋ္ဌုပါဒါန် = နိယတမိစ္ဆာဒိဋ္ဌိသုံးပါး၊ မိစ္ဆာဒိဋ္ဌိငယ် (၆၂) ပါးအားဖြင့် ဒိဋ္ဌိသဘာဝအတိုင်း မှားမှားယွင်းယွင်း ပြင်းပြင်းထန်ထန် အစွဲသန်သော တဏှာ။

သီလဗ္ဗတုပါဒါန် = နွား၊ ခွေးတို့၏ အလေ့အကျင့်ကို ကျင့်ကြံမှုသည် သံသရာမှ ကျွတ်လွတ်၏ဟု အပြင်းအထန်စွဲလမ်းမှု။

အတ္တဝါဒုပါဒါန် = ခန္ဓာငါးပါး၌ အတ္တခေါ် အသက်ဇီဝရှိ၏ဟု စွဲလမ်းမှု သက္ကာယဒိဋ္ဌိဖြစ်ရာ တဏှာရှိခြင်းကြောင့်သာ ဤစွဲလမ်းမှုဥပါဒါန်အမျိုးမျိုး ဖြစ်၏။

တဏှာနှင့် ဥပါဒါန်အထူးမှာ -

- “တဏှာ”သည် အမြစ်နုသေးသဖြင့် ရွှေ့ပြောင်း၍ရသော သစ်ပင်ငယ် နှင့် တူ၏။
- “ဥပါဒါန်”သည် အမြစ်တွယ်မှု မြဲမြံလှသဖြင့် ပြောင်းရွှေ့၍မရ နိုင်အောင် စွဲ၍နေသော သစ်ပင်ကြီးနှင့် တူ၏။

http://www.dhammadownload.com



(တစ်နည်း)

- တဏှာသည် အလိုနည်းမှုအပ္ပိစ္ဆတာဂုဏ်၏ ဆန့်ကျင်ဘက်ဖြစ်၏။
- ဥပါဒါန်သည် ရောင့်ရဲလွယ်မှု သန္တောသဂုဏ်၏ ဆန့်ကျင်ဘက် ဖြစ်၏။

(တစ်နည်း)

- တဏှာသည် မရသေးသော လောကီအာရုံ ကာမဂုဏ်ကို မရရအောင် ရှာမှီးသော၊ အားနည်းသော ပရိယေသန ဒုက္ခ၏အကြောင်းဖြစ်၏။
- ဥပါဒါန်သည် ရှာမှီး၍ လက်သို့ရောက်ပြီးကို ယုယုယယ စောင့်ရှောက် ထိန်းသိမ်းသော၊ အားကောင်းသော အာရက္ခဒုက္ခ၏အကြောင်း ဖြစ်၏။

## တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံ အကျဉ်းချုပ်

**(ဆရာကြီး ဒေါက်တာမင်းတင်မွန်)**

လှပသော ရူပါရုံကို ပထမတွေ့စဉ် တဏှာ ဖြစ်၏။ ထိုတဏှာသည် တစ်စ တစ်စ ရင့်သန်လာသောအခါ ထိုကာမဂုဏ်အာရုံ၌ လွန်လွန်ကဲကဲ စွဲလမ်းမှုဟူသည် ကာမုပါဒါန်ဖြစ်၏။ (သာယာသော သဒ္ဒါရုံ စသည်တို့၌ တဏှာ ဖြစ်ပုံ၊ ကာမုပါဒါန် ဖြစ်ပုံများကိုလည်း ဤနည်းတူသိပါလေ။)

တဏှာကြောင့် ဒိဋ္ဌုပါဒါန် စသည်တို့ ဖြစ်ပုံမှာ-

ဒိဋ္ဌိမှန်လျှင် ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ အယူသန်သောကြောင့် ဥပါဒါန်အမည်ရ၏။ ဒိဋ္ဌိအမျိုးမျိုးတို့တွင် အတ္တဝါဒုပါဒါန်သည် "ခန္ဓာငါးပါး၌ အတ္တ ခေါ်သော အသက်ရှိ၏" ဟုစွဲလမ်းခြင်း ဒိဋ္ဌိတည်း။ သက္ကာယဒိဋ္ဌိဟုလည်းခေါ်၏။ ထိုသက္ကာယဒိဋ္ဌိဖြင့် မိမိခန္ဓာကိုယ်ကို စွဲလမ်းခြင်းသည် ပင်ကိုယ်က မိမိကိုယ်ကိုတဏှာ ဖြင့် ခင်မင်ခြင်းကြောင့် ဖြစ်၏။ **"တဏှာဖြင့် ခင်မင်နေသည့်အတွက် မိမိကိုယ်ကို သက္ကာယဒိဋ္ဌိဖြင့် စွဲလမ်းနေသည်"** ဟုဆိုလို၏။

သီလဗ္ဗတုပါဒါန်ဆိုသည်မှာ ခွေးကျင့်၊ နွားကျင့် စသည်ဖြင့် အမျိုးမျိုးကျင့် သော ဒိဋ္ဌိတည်း။ မိမိကိုယ်ကို တဏှာဖြင့် ခင်မင်နေခြင်းကြောင့် နောက်နောက်ဘဝ၌ မိမိချမ်းသာဖို့ရန် ရည်မှန်းလျက် ခွေးကျင့်၊ နွားကျင့် စသည်ကို သန်သန်ကြီး ကျင့် ကြံ၏။

http://www.dhammadownload.com



ဒိဋ္ဌုပါဒါန်ဟူသော ဒိဋ္ဌိများကိုလည်း တဏှာအတွက်ကြောင့်သာ ကောင်းနိုး ရာထင်၍ ယူမှားမိကြ၏။ ထို့ကြောင့် ဒိဋ္ဌိဆိုင်ရာ ဥပါဒါန်သုံးမျိုးသည် တဏှာကြောင့် ဖြစ်၏ ဟု ဗုဒ္ဓဟောကြားတော်မူ၏။

## တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံ မကျဉ်းမကျယ် အဓိပ္ပာယ်

(ညောင်လေးပင်တောရဆရာတော်ဘုရားကြီး)

"တဏှာ ပစ္စယာ ဥပါဒါနံ" ၌ တဏှာကြောင့် ဥပါဒါန်ဖြစ်သည်ဆိုတာ တဏှာ ခြောက်ပါး၊ တဏှာသုံးပါး၏ သာယာခြင်းကြောင့် အားကောင်းစွာ စွဲလမ်းသော တဏှာ နှင့် ဒိဋ္ဌိသည် ဥပါဒါန်လေးပါးအမည်ဖြင့် ဖြစ်လာ၏။

ဥပါဒါန်လေးပါးကတော့-

- တဏှာအစစ် (၁၀၈) ၏ ခိုင်မြဲခြင်းသည် ကာမုပါဒါန်မည်၏။အနာဂါမ် အထိ ဖြစ်သည်။ ရဟန္တာအားမဖြစ်။
- နတ္ထိဒိန္န-အလှူအကျိုးမရှိသော ဝတ္ထုဆယ်ပါးရှိသော ဒိဋ္ဌိသည် ဒိဋ္ဌုပါဒါန် မည်၏။
- နွားစသော တိရစ္ဆာန်တို့၏ အလေ့အကျင့်ဖြင့် သံသရာဝဋ်ဒုက္ခမှ စင် ကြယ်သည်၊ နိဗ္ဗာန်ရသည်ဟု စွဲလမ်းသော ဒိဋ္ဌိသည် သီလဗ္ဗတုပါဒါန် မည်၏။
- အတ္တစသော သက္ကာယဒိဋ္ဌိ (၂၀) သည် အတ္တဝါဒုပါဒါန် မည်၏။ ဤဒိဋ္ဌု ပါဒါန်စသော သုံးပါးသည် ပုထုဇဉ်အားသာ ဖြစ်၏။ သောတာပန် စသည် အားမဖြစ်။

သဠာယတနမှ စ၍သော်လည်း-**စက္ခာယတန**ကြောင့် **စက္ခုသမ္ဖဿ**ဖြစ် သည်။ စက္ခုသမ္ဖဿကြောင့် **စက္ခုသမ္ဖဿဇာဝေဒနာ**ဖြစ်၏။ **စက္ခုသမ္ဖဿဇာ ဝေဒနာ**ကြောင့်**ရူပတဏှာ** ဖြစ်၏။ ရူပတဏှာကြောင့် **ဥပါဒါန်လေးပါးလုံး** ဖြစ်၏။ သောတာယတန စသည်ကြောင့်လည်း ထိုအတူဖြစ်ပုံကို နည်းယူ၍ သိလေ။

တစ်နည်းအားဖြင့် -

တဏှာသည် နှစ်သက်ဖန်များလျှင် စွဲလမ်းခြင်း ဥပါဒါန် ဖြစ်လာပုံကား -

ငါးပါးအာရုံ ကာမဂုဏ်ကို တဏှာနှစ်သက်ခြင်းများလာလျှင် ကာမဂုဏ်ကို မျိုသောက်လိုက်သကဲ့သို့ ဖြစ်ရသောကြောင့် ကာမုပါဒါန် စွဲ၍ ချိတ်နေပြီ။

http://www.dhammadownload.com



တဏှာအကြောင်းခံပြီး အလှူဒါနဆိုတာ အကျိုးမရှိ ကာမေသု-အပြစ်မရှိ စသည်ဖြင့် အယူ ယူလိုက်တော့ ဒိဋ္ဌုပါဒါန်စွဲ၍ ချိတ်ပြန်ပြီ။

တဏှာအကြောင်းခံ၍ နွား၊ ခွေး စသော တိရစ္ဆာန်အကျင့်ဖြင့် မတ်တတ်စားကာ၊ လေးဖက်သွားကာ ခြိုးခြံရလျှင် သံသရာမှ လွတ်လတ္တံ့ဟု စွဲလမ်းတော့ သီလဗ္ဗတုပါဒါန် စွဲ၍ ချိတ်ပြန်ပြီ။

တဏှာအကြောင်းခံ၍ ခန္ဓာငါးပါးကို ငါ့ကိုယ်၊ ငါ့ဟာ၊ ငါဟု အတ္တစွဲ စွဲပြန်တော့ သက္ကာယဒိဋ္ဌိ (၂၀) ဟူသော အတ္တဝါဒုပါဒါန်စွဲ၍ ချိတ်ပြန်ပြီ။ ထို့ကြောင့် တဏှာကို လက်ညှိုးထိုးပြီး "တဏှာ ပစ္စယာ ဥပါဒါနံ" ဟူ၍ ဟောပေသည်။

## တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံ မကျဉ်းမကျယ် အဓိပ္ပာယ်

(ဆရာကြီး ဦးကျော်ထွတ်)

"တဏှာ ပစ္စယာ ဥပါဒါနံ" တဏှာကြောင့် ဥပါဒါန်လေးပါးဖြစ်ရာ၌ တဏှာရှိနေတော့ ကာမုပါဒါန်က ကာမဂုဏ်တရားတွေ ရအောင် လုပ်၏။ ကာမဂုဏ်သမားက ဒါန၊ သီလတွေလုပ်တော့ ကာမ (၁၁) ဘုံသို့ ရောက်၏။ ကာမုပါဒါန်မှ လွတ်မြောက်အောင်လုပ်သည့် ဈာန်သမားတွေကတော့ ကာမုပါဒါန်မှ လွတ်မြောက်သော်လည်း ဒိဋ္ဌုပါဒါန်ကြောင့် ဗြဟ္မာ့ပြည်သို့ ရောက်ကြ၏။ အတ္တဝါဒုပါဒါန်ကတော့ သက္ကာယဒိဋ္ဌိပါပဲ။ တဏှာရှိနေတော့ ဥပါဒါန်ကြောင့် ကမ္မဘဝကို ပြုလုပ်ကြ၏။

လူ့စည်းစိမ်၊ နတ်စည်းစိမ်ရဖို့ လှူသည်ဆိုတာက ကာမုပါဒါန်ပင်၊ ဒိဋ္ဌုပါဒါန်ကတော့ အယူဝါဒ အမျိုးမျိုးတွေပါ။ ဒိဋ္ဌုပါဒါန်ကတော့ သူ့အယူဝါဒနှင့် သူဖြစ်လို့ငရဲလည်း ကျနိုင်သလို နတ်ပြည်၊ ဗြဟ္မာ့ပြည်သို့လည်း ရောက်နိုင်ပေသည်။ သူလုပ်သည့်ကံအတိုင်း အကျိုးပေးတော့ အလုပ်ကို မူတည်ပြီး ရောက်ချင်သည့်ဘုံကို ရောက်နိုင်၏။

သီလဗ္ဗတုပါဒါန်မှာလည်း ကောင်းသည့် အကျင့်သီလနှင့် ပြည့်စုံလျှင်ကောင်းသည့်ဘုံသို့ ရောက်မည်။ မကောင်းသည့်အကျင့်သီလမျိုးနှင့် ဆိုလျှင် မကောင်းသည့်ဘုံသို့သာ ရောက်မည်။

ဥပါဒါန်ကြောင့် ကံတွေလုပ်နေသည်ဆိုရာ၌ တဏှာဆိုသည့် လိုချင်တောင့်တမှုကြောင့် လုပ်နေကြခြင်းပါ။ ဥပါဒါန်ကြောင့် နတ်ပြည်၊ ဗြဟ္မာ့ပြည်ရောက်လိုသည်ဆိုလျှင် နတ်ပြည်၊ ဗြဟ္မာ့ပြည်ရောက်နိုင်သည့် အလုပ်မျိုးတွေ လုပ်ကြလေရကား၊ ဥပါဒါန်ကြောင့်သာ ကုသိုလ်၊ အကုသိုလ်တွေ လုပ်နေကြသည်ဟု ဆိုနိုင်ပေ၏။ သို့

http://www.dhammadownload.com



ရာတွင် ဥပါဒါန်သည် ပင်ရင်းအကြောင်းမဟုတ်။ ပင်ရင်းအကြောင်းက တဏှာ ဆိုသည့် တောင့်တမှုသာ။

လူစည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်တွေကို ချမ်းသာထင်၍ လိုချင်တောင့်တနေတာက တဏှာပါ။ ထိုချမ်းသာကို ရချင်၊ လိုချင်၊ ရောက်ချင်နေသည့် အစွဲအလမ်းကြီးက ဥပါဒါန်ပါ။ ထိုချမ်းသာကို လိုချင်လို့ ဘာကိုပဲလုပ်လုပ် ကံတွေဖြစ်၍၊ ကံတွေဖြစ်လျှင် ကမ္မဘဝကြောင့် ဇာတိရကြပြီး အိုရ၊ နာရ၊ သေရမှာ မုချပင်။

အတိတ်ဘဝက အဝိဇ္ဇာ၊ သင်္ခါရကြောင့် ပစ္စုပ္ပန်ဘဝမှာ လူလာဖြစ်သည်ဆိုရာ၌ပဋိစ္စသမုပ္ပါဒ်သဘောအရ "ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ" ပစ္စုပ္ပန်အကျိုးငါးပါးသာ။

လူဆိုတာ သုခ၊ ဒုက္ခ၊ ဥပေက္ခာ ဝေဒနာ ဆိုသည့်ခံစားမှုတွေ အပေါ်မှာ လူလုပ်နေကြခြင်း ဖြစ်ရကား၊ ဝေဒနာဖြစ်လျှင် တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ ဖြစ်ရမှာပါ။ တဏှာဆိုတာ တောင့်တမှုပါ။ လူကချမ်းသာကို တောင့်တ၏။ ချမ်းသာသည်ထက် ချမ်းသာအောင်၊ ကြီးကျယ်သည်ထက် ကြီးကျယ်အောင် တောင့်တမှုရှိတော့ ဥပါဒါန်ဆိုသည့် စွဲလမ်းမှုပေါ်ပြီး ကမ္မဘဝဆိုသည့် ပစ္စုပ္ပန်အကြောင်းတရားတွေထပ်ပြီး ပြုလုပ်ကြလေတော့၏။

အတိတ်အကြောင်း၊ အဝိဇ္ဇာ၊ သင်္ခါရ နှစ်ပါးရှိရာ၌ အဝိဇ္ဇာဆိုသည့် မောဟသည် သူချည်းသက်သက် မဖြစ်ပါ။ မောဟအဝိဇ္ဇာမှာ တဏှာ၊ ဥပါဒါန်လည်း ပါလာသဖြင့် အတိတ်အကြောင်းကို အဝိဇ္ဇာ၊ သင်္ခါရ နှစ်ပါးလို့သာ ခေါ်းတည်ဟောသော်လည်း အကြောင်းတရားအပြည့်အစုံက အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ ဟုဆိုရ၏။

အဝိဇ္ဇာဆိုသည့် မောဟက အမှန်မသိအောင် ဖုံးလွှမ်းပေးတော့ တဏှာကသာယာပြီးတောင့်တ၊ ဥပါဒါန်ကစွဲလမ်း၍ ကံတွေပြုလုပ်တော့ ထိုကံကြောင့် အကျိုးဝိပါက်အနေဖြင့် လူဖြစ်လာသည်၊ နတ်ဖြစ်လာသည် ဆိုရသော်လည်း အဘိဓမ္မာ ပရမတ္ထနည်းအရကတော့ "ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ" ဖြစ်လာခြင်းသာ (အတိတ်ကြောင်းငါးပါးကြောင့် ပစ္စုပ္ပန်အကျိုးငါးပါးဖြစ်သည်ဟု ဆိုရ၏)

ပစ္စုပ္ပန်အကြောင်းကို တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ ဟူ၍ တဏှာကို ခေါ်းတည်ဟောသော်လည်း တဏှာဆိုသော လောဘဖြစ်လျှင် အဝိဇ္ဇာဆိုသောမောဟပါပြီးသားဖြစ်လို့ တဏှာနှင့်တွဲပြီး အဝိဇ္ဇာကိုပါ ယူရပါမည်။ ကမ္မဘဝသည် သင်္ခါရနှင့်

http://www.dhammadownload.com



ကုသိုလ်၊ အကုသိုလ် စေတနာအတူတူ ဖြစ်လို့ ကမ္မဘဝဖြစ်လျှင် သင်္ခါရပါပြီးသား ဟု သိရ၏။ ထို့ကြောင့်"တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ"ဟူသော ပစ္စုပ္ပန် အကြောင်း တရားငါးပါးကြောင့် "ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ" ဟူသော အနာဂတ်အကျိုးတရားငါးပါး ဖြစ်ပေါ်၏ ဟုဆိုရ၏။

အကျိုးတရားငါးပါးဖြစ်သော "ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ" အရ အနာဂတ်ဘဝမှာပဲဖြစ်ဖြစ် ပစ္စုပ္ပန်ဘဝမှာပဲဖြစ်ဖြစ် ဝေဒနာက ရှိရမှာပါ။ ဝေဒနာရှိလျှင် တဏှာပါ၍ တဏှာရှိလျှင် ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ ဖြစ်ရမှာပါ။ အဝိဇ္ဇာ၊ သင်္ခါရဖြစ်ပြန်လျှင်လည်း 'ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ' ဖြစ်ဦးမှာမို့ ပဋိစ္စသမုပ္ပါဒ်သည် အဝိဇ္ဇာက စတာလည်း မဟုတ်၊ တဏှာက စတာလည်း မဟုတ်၊ ဝေဒနာကစတာလည်းမဟုတ်၊ အစလည်းမရှိ အဆုံးလည်းမရှိ။ အခြင်းရာ (၂၀) ဖြင့် ဘယ်လိုမှ ဆုံးလို့မရဘဲ လည်နေရသည်ကို သဘော ပေါက်သိရှိရာ၏။

တစ်နည်းအားဖြင့် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ဆိုသော ကိလေသဝဋ်ကြောင့် သင်္ခါရ၊ ကမ္မဘဝဆိုသော ကမ္မဝဋ်ကို ပြုလုပ်ကြ၍ ထိုကမ္မဝဋ်ကြောင့် 'ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ-မရဏ" ဆိုသော ဝိပါကဝဋ် ဖြစ်ပေါ်ပြီး ထိုဝိပါကဝဋ်မှ တစ်ဖန် ကိလေသဝဋ်၊ ကမ္မဝဋ်များ ထပ်ဆင့်ပေါက်ပွားလေရကား ပဋိစ္စသမုပ္ပါဒ်အင်္ဂါ (၁၂) ပါးဖြင့် ဝဋ်သုံးပါးလည်နေပုံကို သိမြင်ရာ၏။

## တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံ အပြည့်အစုံ

**(မဟာစည်ဆရာတော်ဘုရားကြီး)**

ဥပါဒါန = ဥပ+အာဒါန။ ဥပ = လွန်စွာ၊ ပြင်းစွာ၊ မြဲစွာ၊ အာဒါန=ယူသည်၊ ဆုပ်ကိုင်သည်၊ လွန်စွာပြင်းစွာဆုပ်ကိုင်သည်။ မြဲမြဲစွာယူသည်၊ ဆုပ်ကိုင်သည် ဆိုသည်ကပင် စွဲလမ်းခြင်းဖြစ်လို့ ဥပါဒါန် ဆိုတာ စွဲလမ်းခြင်းပါပဲ။

ဘာကိုစွဲလမ်းသလဲဆိုလျှင် သာယာနှစ်သက်တပ်မက်တာတွေကို စွဲလမ်းခြင်းပါပဲ။ သာယာနှစ်သက်တပ်မက်ရာက အားကြီးပြီး လွန်ကဲလာသည့်အခါ ထိုစွဲလမ်းမှု ဥပါဒါန်ဖြစ်လေရကား။ "တဏှာ ပစ္စယာ =သာယာနှစ်သက်တပ်မက်မှု၊ တဏှာ ဟူသော အကြောင်းကြောင့်၊ ဥပါဒါနံ = စွဲလမ်းမှု ဥပါဒါန်သည်၊ သမ္ဘဝတိ = ဖြစ်သည်ဟု ဟောထားခြင်းဖြစ်၏။

http://www.dhammadownload.com



ဥပါဒါန်လေးပါးရှိရာ-

(၁) **ကာမုပါဒါန်**ဆိုတာက-လိုချင်နှစ်သက်ဖွယ်ကာမဂုဏ်အာရုံဝတ္ထုတွေကို လိုချင်နှစ်သက်တပ်မက်ပြီး ခိုင်ခိုင်မြဲမြဲစွဲလမ်းသည့်သဘောပင်။

(၂) **ဒိဋ္ဌုပါဒါန်**ဆိုတာက-ကံ၊ ကံ၏အကျိုးမရှိစသဖြင့် မြဲမြဲစွာ စွဲလမ်းသည့် အယူအစွဲပါပဲ။

(၃) **သီလဗ္ဗတုပါဒါန်**ဆိုတာက-မဂ္ဂင်အကျင့်မပါဘဲ တစ်စုံတစ်ခုသော အလေ့အကျင့်မျှဖြင့် သံသရာဆင်းရဲတွေမှ လွတ်မြောက်သည်ဟု မြဲမြဲစွာ စွဲလမ်းသော အယူအစွဲပါပဲ။

(၄) **အတ္တဝါဒုပါဒါန်**ဆိုတာက-အတ္တကောင်၊ အသက်ကောင် တကယ်ရှိသည့် အနေအထားဖြင့် မြဲမြဲစွာ စွဲလမ်းသည့် အယူအစွဲပါ။

(၁) **ကာမုပါဒါန်** = ကာမ + ဥပါဒါန် = (လိုချင်နှစ်သက်ဖွယ် ကာမဂုဏ်အာရုံဝတ္ထုကို) + (လိုချင်နှစ်သက် တပ်မက်စွဲလမ်းမှု)

တပ်မက်သာယာ စွဲလမ်းမှုဖြစ်သောအခါ အဆင်းသက်သက်တွင် ကွက်ခြား၍ တပ်မက်သာယာတာမဟုတ်။ တည်ရာဖြစ်သော အထည်ဝတ္ထုကြီးကိုပါ တပ်မက်စွဲလမ်းခြင်းဖြစ်၏။ (အသံ၊ အနံ့ စသည့် ကာမဂုဏ်အာရုံတို့၌လည်း ဤနည်းတူ ဝေဖန်သိပါလေ။)

ထိုကာမဂုဏ်ငါးပါးရဖို့ရာ၊ သုံးဆောင်ဖို့ရာ အခြေခံဖြစ်သည့် **ကာမဂုဏ်ဝတ္ထု** ဆိုတာက ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား၊ ဆန်၊ စပါး၊ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ ယာဉ်၊ ရထား၊ အိမ်၊ လယ်၊ ယာ အခြွေအရံစသည်တွေပင်။

ယခုလူတွေ နေ့စဉ်မပြတ် **တလှုပ်လှုပ် တရွရွနှင့် အားထုတ်လုပ်ကိုင်နေကြတာသည် ထိုကာမဂုဏ်ဝတ္ထုတွေရဖို့အတွက်သာ**။ ထိုကာမဂုဏ်ဝတ္ထုတွေနှင့် ပြည့်စုံမှ ကိုယ်အလိုရှိသည့် အာရုံငါးပါး၊ ကာမဂုဏ်တရားတွေကို ခံစားနိုင်မည်။ ထမင်းကောင်း စားရအောင် ထမင်းဖိုး ရှာရသည်။ အဝတ်ကောင်းဝတ်ရအောင် အဝတ်ဖိုး ရှာရသည့် ဥပမာများလိုသာပင်တည်း။

ကာမဂုဏ်ဆိုတာ လိုချင်စရာတွေပါ။ မရသေးလျှင် ရချင်၍၊ ရပြီးလျှင်လည်း ယင်းတို့ကို မစွန့်လွှတ်ဘဲနှင့် အမြဲသိမ်းပိုက်ထားချင်၏။

ထိုသို့ နှစ်သက်လိုချင်ရာမှာ ပထမ နှစ်သက်သာယာရုံမျှ၊ လိုချင်ရုံမျှ ဆိုလျှင် တော့ တဏှာမျှသာပါ။ ဆာလောင်ရုံမျှရှိသေးသောသဘောပင်၊ ထိုအာရုံကို လိုချင်

http://www.dhammadownload.com



ရာက အတော်ကြာလာတော့ စွဲစွဲလမ်းလမ်းကြီး ဖြစ်လာ၏။ မရလျှင် မဖြစ်တော့သည့်အနေနှင့် မြဲမြံစွာ စွဲလမ်းလာ၏။ မခွာနိုင်၊ မခွဲနိုင်တော့သည့် အနေနှင့် မြဲမြံစွာ စွဲလမ်းလာ၏။ ထိုအဆင့်သို့ရောက်လျှင် ကာမုပါဒါန်ခေါ် ရ၏။

ဤသို့အားဖြင့် **တဏှာကရင့်ကျက်ပြီး ဥပါဒါန်ခေါ်သည့် စွဲလမ်းမှု ဖြစ်လာသည်ကို** "**တဏှာ ပစ္စယာ ဥပါဒါနံ**" ဟူ၍ ဟောထားလေရကား လိုချင်နှစ်သက်မှု **တဏှာရှိမှ ထိုဥပါဒါန်က ဖြစ်သည်၊** လိုချင်တပ်မက်မှု တဏှာမရှိလျှင်တော့ ထိုဥပါဒါန်မဖြစ်နိုင် ဟူ၍ နားလည်သိရှိရာ၏။

(၂) **ဒိဋ္ဌုပါဒါန် = ဒိဋ္ဌိ + ဥပါဒါန် = (မှားသောအယူကို) + (စွဲလမ်းမှု)**

သီလဗ္ဗတုပါဒါန်နှင့် အတ္တဝါဒုပါဒါန် တို့မှတစ်ပါး အယူမှားဟူသမျှကို ဒိဋ္ဌုပါဒါန် ဆို၏။

မိစ္ဆာဒိဋ္ဌိအယူမှားအမျိုးမျိုးထဲမှာ ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိဟူသော စွဲလမ်းချက်ဆယ်ပါးရှိသည့် အယူမှားဆိုတာလည်း ရှိသည်။

"နတ္ထိဒိန္နံ = ပေးလှူခြင်းအကျိုးမရှိ" စသည်ဖြင့် ဆိုသည့် ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိသည်၊ "ပေးလှူခြင်း အကျိုးရှိတယ်" စသည်ဖြင့် ဆိုသည့် ဒသဝတ္ထုက သမ္မာဒိဋ္ဌိနှင့် ဆန့်ကျင်ဘက် ဖြစ်သလို၊ ကံ၊ ကံ၏အကျိုးရှိတယ်ဆိုသည့် ကမ္မဿကတာ သမ္မာဒိဋ္ဌိနှင့်လည်း ပြောင်းပြန်ဆန့်ကျင်ဘက် ဖြစ်ပေသည်။ ကံ၊ ကံ၏အကျိုးမရှိဘူး ဆိုသည့် မိစ္ဆာဒိဋ္ဌိနှင့်လည်း ထပ်တူဖြစ်ပေသည်။ ထို့ကြောင့် ဒိဋ္ဌုပါဒါန်ဆိုသည်မှာ အတိုချုပ်အားဖြင့် ကံ၊ ကံ၏အကျိုးမရှိဘူးဟု ယူသော မိစ္ဆာဒိဋ္ဌိပါ။ ကံ၊ ကံ၏အကျိုးမရှိဟု ထင်တာ၊ ယူတာသည် ဒိဋ္ဌုပါဒါန်ပင်ဟု ဆိုရ၏။

ထို့ပြင် ဒိဋ္ဌုပါဒါန်က ကံ၊ ကံ၏အကျိုးမရှိဆိုသည့် မိစ္ဆာအယူမျှတွင်သာ မဟုတ်သေးပါ။ သီလဗ္ဗတုပါဒါန်နှင့် အတ္တဝါဒုပါဒါန်တို့မှတစ်ပါး မိစ္ဆာဒိဋ္ဌိဟူသမျှကိုလည်း ဒိဋ္ဌုပါဒါန်လို့ ဟောထားတာကြောင့် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ အစရှိသော မိစ္ဆာဒိဋ္ဌိအယူဟူသမျှကိုလည်း ဒိဋ္ဌုပါဒါန်ပဲဟု ဆိုရ၏။

(၃) **သီလဗ္ဗတုပါဒါန်ဆိုတာ - ဆင်းရဲငြိမ်းကြောင်း၊ နိဗ္ဗာန်ရောက်ကြောင်း** မဟုတ်သည့် အကျင့်များတွေကို ဆင်းရဲငြိမ်းကြောင်း၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်အနေနှင့် ယူဆစွဲလမ်းခြင်းသည် သီလဗ္ဗတုပါဒါန်ခေါ်၏။

သီလ = အလေ့၊ ဝတ-အကျင့်ဝတ်၊ ဥပါဒါန = မြဲမြံစွာ စွဲလမ်းခြင်း၊ ခွေး၊ နွား စသည်တို့၏ အလေ့အကျင့်ကို ကျင့်ခြင်းဖြင့် ဆင်းရဲမှုမှ လွတ်မြောက်၊ ဆင်းရဲငြိမ်း

http://www.dhammadownload.com



ရာ ရောက်သည်ဟု ယူဆစွဲလမ်းတာ သီလဗ္ဗတုပါဒါန်ပါပဲ၊ အဓိပ္ပာယ်က နွားလိုခွေးလို သွား၊ နွားလိုခွေးလိုစား၊ နွားလိုခွေးလိုအိပ် စသည်ဖြင့် နွားလိုခွေးလို အတုလိုက်ပြီး ပြုကျင့်သည့် နွားအကျင့်၊ ခွေးအကျင့်ကို ဆိုလို၏။

အတိုချုပ်အားဖြင့်တော့ သစ္စာမမြင်၊ မဂ္ဂင်မပါ၊ လေ့ကျင့်တာကို သီလဗ္ဗတုပါဒါန် ဟုဆိုရ၏။

(၄) **အတ္တဝါဒုပါဒါန်** ဆိုတာက - အသက်ရှင်နေသော အတ္တကောင် တကယ်ရှိနေမယ့်အနေအားဖြင့် ယူဆပြီးပြောဆိုနေတာကို အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိလို့ ခေါ်ပြီး ထိုအတ္တကောင်၊ အသက်ကောင် တကယ်ရှိနေသည့်အားဖြင့် ယုံကြည်စွဲလမ်းတာကို အတ္တဝါဒုပါဒါန်ခေါ်၏။

ဒါကြောင့် မိမိကိုယ်ရော၊ သူတစ်ပါးကိုရော အသက်ရှင်နေသည့် အတ္တကောင် တကယ်ဟုတ်သည်ဟု ထင်မှတ်စွဲလမ်းခြင်းသည် အတ္တဝါဒုပါဒါန်တည်း။

အတ္တစွဲအမျိုးမျိုးရှိရာမှာ-

(၁) **သာမီအတ္တစွဲ** ဆိုတာက-ခန္ဓာကိုယ်ထဲ၌ အလိုရှိတိုင်း အစိုးရသည့် ငါကောင်ရှိသည် ထင်တာ သာမီအတ္တစွဲပါ။ အမှန်စင်စစ် ပုထုဇဉ် သတ္တဝါတို့သန္တာန်မှာ ကိုယ်သွားချင်သွားနိုင်သည်၊ ကိုယ်စားချင် စားနိုင်သည်၊ ကိုယ်ကြည့်ချင် ကြည့်နိုင် သည်၊ ကိုယ်လုပ်ချင်တာ လုပ်နိုင်သည်လို့ ထင်နေတာ သာမီအတ္တစွဲပင်။

(၂) **နိဝါသီအတ္တစွဲ** ဆိုတာက - ငါကောင်သည် ခန္ဓာကိုယ်ထဲ၌ အမြဲတမ်းနေသည်ဟု ထင်တာ နိဝါသီအတ္တစွဲပင်။

(၃) **ကာရကအတ္တစွဲ** ဆိုတာက - အတ္တဆိုတာ ကာရက = အမှုအရာအမှုကိစ္စ အမျိုးမျိုးကို ပြုလုပ်တတ်သည်လို့လည်း ဆိုလေရကား သင်္ခါရက္ခန္ဓာကို အတ္တလို့ စွဲလမ်းရာရောက်၏။

မြင်ခြင်း၊ ကြားခြင်းစသည်၊ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ ကွေးခြင်းစသည် အမျိုးမျိုးသော အမှုကိစ္စဟူသမျှကို ငါကပင် ပြုလုပ်သည်လို့ ထင်မှတ်စွဲလမ်းလေသည်မှာ ကာရကအတ္တစွဲပါပဲ။

ထို့ကြောင့် အမှုအရာအမှုကိစ္စဟူသမျှကို ငါကောင်ကပင် ပြုလုပ်သည်ဟု ထင်တာသည် ကာရကအတ္တစွဲ။

(၄) **ဝေဒကအတ္တစွဲ** ဆိုတာက - ဝေဒက = ခံစားတတ်သည့် အကောင်ပဲဟုဆိုခြင်းဖြင့် ဝေဒနာကို အတ္တဟုဆိုရာရောက်၏။ အကောင်းအဆိုး ဟူသမျှကိုငါ

http://www.dhammadownload.com



ကောင်ကပင် ခံစားသည်ဟု ထင်တာ ဝေဒကအတ္တစွဲပါ။

အထက်မှာ ပြဆိုခဲ့သည့်အတိုင်း-

အတ္တဝါဒီဆရာကြီးများက -"အတ္တဆိုတာ သာမီ၊ နိဝါသီ၊ ကာရက၊ ဝေဒက ပဲ" လို့ ဆိုထားသည့်အတွက် အတ္တသည် ခန္ဓာငါးပါး မဟုတ်ဘူးလို့ ၎င်းတို့က ငြင်းကြသော်လည်း အမှန်စင်စစ်သော်ကား **ခန္ဓာငါးပါးကိုပဲ အတ္တကောင်၊ ငါကောင်ဟု ဆိုရာရောက်ပေသည်။**

အတ္တက ခံစားတတ်တယ်ဆိုတော့ ခံစားတတ်သည့် **ဝေဒနာကို** အတ္တလို့ ဆိုရာရောက်၏။ တစ်ဖန် အတ္တက ပြုလုပ်တတ်တယ်လို့ဆိုတော့ ပြုလုပ်တတ်သည့် **သင်္ခါရက္ခန္ဓာကို** အတ္တဟု ဆိုရာရောက်၏။ ထို့နောက် သိတတ်သည့် **ဝိညာဏ်၊** မှတ်သားတတ်သည့် **သညာတို့ကိုလည်း** အတ္တဟုဆိုရာရောက်၏။ လှုပ်ရှားတတ်သည့် **ရုပ်ကိုလည်း** အတ္တဟု ဆိုရာရောက်၏။

ထို့ကြောင့် အတ္တကောင်အနေနဲ့ စွဲလမ်းမှု ဟူသမျှသည် ခန္ဓာငါးပါးကို မှီပြီး ဖြစ်တာပင်ဟု ဆိုနိုင်ပေရကား အတ္တဝါဒုပါဒါန်၌ အတိုချုပ်မှတ်ရန်မှာ-

"သွားမှု၊ ရပ်မှု၊ ထိုင်မှု၊ ကွေးမှု၊ ဆန့်မှု၊ လှုပ်ရှားမှု၊ ပြောဆိုမှု၊ မြင်မှု၊ ကြားမှု၊ ခံစားမှု၊ ကြံစည်မှုအစရှိသော **ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာဟူသမျှကို ငါကောင်၊ သတ္တဝါကောင်ဟု** ထင်မှတ်စွဲလမ်းတာက **အတ္တဝါဒုပါဒါန်** ဟု မှတ်လေရာ၏။

တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံမှာ - ထိုဥပါဒါန်လေးပါးထဲက ကာမုပါဒါန်သည် တရားကိုယ်အားဖြင့် တဏှာအရင့်စား။ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် ဆိုသော ဥပါဒါန်သုံးပါးကတော့ စွဲလမ်းပုံမျှသာ ကွဲပြား၍ တရားကိုယ်အားဖြင့်တော့ ဒိဋ္ဌိချည်းသာ ဖြစ်၏။

**ရုပ်နာမ်ခန္ဓာတွေကို အတ္တကောင်, အသက်ကောင်, သတ္တဝါကောင် အနေနှင့် စွဲလမ်းသည့်ဒိဋ္ဌိကို အတ္တဝါဒုပါဒါန်ခေါ်၏။** သံသရာမှ လွတ်မြောက်ကြောင်း မဟုတ်သည့် အလေ့အကျင့်ကို လွတ်မြောက်ကြောင်း အလေ့အကျင့် အနေနှင့် ယူဆစွဲလမ်းသည့် ဒိဋ္ဌိကိုတော့ သီလဗ္ဗတုပါဒါန် ခေါ်၏။ ထိုဒိဋ္ဌိနှစ်မျိုးမှ တစ်ပါးသော အယူမှား ဟူသမျှကို ဒိဋ္ဌုပါဒါန် ခေါ်၏။

ထိုသို့စွဲလမ်းပုံလောက်သာ ကွဲပြား၍ အရတရားကိုယ်ကတော့ မှားယွင်းသည့် မိစ္ဆာဒိဋ္ဌိ အယူချည်းသာဖြစ်၏။ မှားယွင်းသည့်အယူဆိုတာ နှစ်သက်သာယာ

http://www.dhammadownload.com



သည့်တဏှာနှင့် တွဲပြီး ဖြစ်တာချည်းပင်။ အနှစ်သက်ဆုံးဖြစ်လို့လည်း ထိုအယူကို စွဲလမ်းပေရကား ထိုဒိဋ္ဌိအစွဲအလမ်းဥပါဒါန်သုံးပါးသည်လည်း တဏှာကြောင့် ဖြစ်သော ကြောင့် "တဏှာ ပစ္စယာ ဥပါဒါနံ" တပ်မက်ဆာလောင်သည့် တဏှာကြောင့် စွဲလမ်းမှု ဥပါဒါန် ဖြစ်သည်ဟု ဟောတော်မူလေသည်။

ဤနေရာတွင် **ကာမဂုဏ်အာရုံတွေကို** တပ်မက်စွဲလမ်းနေလျှင် နှစ်သက်ဆာလောင်မှု တဏှာကြောင့် စွဲလမ်းမှု ဖြစ်လေရကား **နှစ်သက်ဆာလောင်တာက အကြောင်း + စွဲလမ်းတာကအကျိုး = ထိုအကြောင်းနှင့် အကျိုးမျှပဲ**ဟု မှတ်ရပေမည်။

မြင်တာ, ကြားတာ, ကွေးတာ, ဆန့်တာ, ကြံစည်တာစသည်ကိုပင် ငါကောင်ဟု ထင်မှတ်စွဲလမ်းလျှင် မိမိအခြေအနေကို နှစ်သက်သာယာသည့် တဏှာကြောင့် စွဲလမ်းမှုအတ္တဝါဒုပါဒါန် ဖြစ်လေရကား နှစ်သက်တာကအကြောင်း + ငါကောင်လို့ ထင်မှတ်တာကအကျိုး = ထိုအကြောင်းနှင့် အကျိုးမျှပဲရှိသည်ဟု မှတ်ရမည်။

ကံ, ကံ၏အကျိုးမရှိ နောင်တမလွန်ဘဝမရှိဟု ထင်လျှင်လည်း ထို့အတူပင် အကြောင်းနှင့် အကျိုးမျှရှိသည်ဟု မှတ်ရမည်။

သတ္တဝါသည် ဟိုဘဝပြောင်းရွှေ့ပြီး ကျင်လည်နေသည်။ ပျက်စီးခြင်းမရှိဘူးဟုထင်လျှင်လည်း၊ ထို့အတူအကြောင်းနှင့် အကျိုးမျှပဲ ဟု မှတ်ရမည်။

သတ္တဝါသည် သေပြီးဘာမျှမရှိတော့ဘူး ဟုထင်လျှင်လည်း၊ ထို့အတူ တဏှာအကြောင်းနှင့် ဒိဋ္ဌုပါဒါန်အကျိုးမျှပဲဟု မှတ်ရမည်။

နွားခွေးစသည်တို့၏ အလေ့အကျင့်၊ နွား၊ ခွေး စသည်ကို ကိုးကွယ်သည့် အကျင့်မျိုးကို အကျင့်ကောင်းလို့ထင်လျှင်လည်း၊ ထို့အတူ နှစ်သက်သာယာသည့် တဏှာအကြောင်းနှင့်သီလဗ္ဗတုပါဒါန်အကျိုးမျှပဲ ဟု မှတ်ရမည်။

အကျဉ်းချုပ်အားဖြင့်တော့ စွဲလမ်းမှုဥပါဒါန်တွေသည် နှစ်သက်ဆာလောင်မှု တဏှာရှိနေလို့ ဖြစ်ရသည်ဟုဆိုတာ ကိန်းသေမှတ်ထားဖို့သာတည်း။

http://www.dhammadownload.com



## အဋ္ဌမပျို့လင်္ကာ

### ၈။ တဏှာပစ္စယာ ဥပါဒါနံ

၈။ တဏှာခြောက်မည်၊ အရင်းတည်လျက်
အရှည်များလျား၊ အစဉ်ပွားက
လေးပါးအမှန်၊ ဥပါဒါန်လည်း
ခန္ဓာကာယ၊ အဇ္ဈတ္တနှင့်
ကာမအာရုံ၊ အလုံးစုံ၌
အကုန်နှီးရင်း၊ အစွဲပြင်း၏။
အသင်းပွားများ၊ သားမယားက
စသည်ဖြာဖြာ၊ မဆုံးရာသား
ကာမဝတ္ထု၊ စွဲလမ်းပြုသည်၊ ကာမုပါဒါန်။
တစ်ဖန်ထို့ပြင်၊ မိစ္ဆာညာဉ်ဖြင့်
အမြင်ယွင်းဖောက်၊ အယူမှောက်သည်
ခြောက်ဆယ့်နှစ်ပါး၊ ပြားသည်ဒိဋ္ဌိ
တစ်စိထိုမှ၊ ဂေါသီလကို
ဝင့်မှ ထုတ်တတ်၊ စွဲထင်မှတ်သည်
သီလဗ္ဗတုပါဒါန်။
ခန္ဓာငါးပါး၊ တရားအစု၊
ခတ်အနုကို၊ ကိုယ် - ဟု စွဲကပ်
အမြဲမှတ်သည်၊ အတ္တဝါဒုပါဒါန်။
အထန်အပြင်း၊ အစွဲတင်း၍
ဝင့်ခင်း, ဝင့်နယ်၊ ဝင့်ပင်လယ်မှ
လွတ်ဖွယ်မအား၊ တမားမားသည်
လေးပါးဥပါဒါန်၊ စွမ်းရည်တည်း။ ။ (အရဆောင်လေ)။

http://www.dhammadownload.com



# အဋ္ဌမပို့လင်္ကာ အဖြေလွှာ

## ၈။ တဏှာ ပစ္စယာ ဥပါဒါနံ

(လယ်တီဆရာတော်ဘုရားကြီး)

(မင်းကွန်းတိပိဋကစရဆရာတော်ဘုရားကြီး)

"တဏှာခြောက်မည်၊ အရင်းတည်လျက် အရှည်များလျှား၊ အစဉ်ပွားက လေးပါးအမှန်၊ ဥပါဒါန်လည်းခန္ဓာကာယ၊ အဇ္ဈတ္တနှင့်ကာမအာရုံ၊ အလုံးစုံ၌ အကုန်နှိုးရင်း၊ အစွဲပြင်း၏"

ဟူသော လင်္ကာဝါကျ၌ -

တဏှာခြောက်ပါး၊ တပ်မက်မှုတရားတို့ကို အားမရှိမီ၊ နုစဉ်ကာလကပင် ပယ်နိုင်လျှင် ကောင်း၏။ ထိုသို့မပယ်နိုင်ဘဲ နေ့ရှည်လများ နှစ်ရှည်ပွားလတ်သည် ရှိသော် မိမိ၏ အဇ္ဈတ္တခန္ဓာကိုယ်နှင့်တကွ အပြင်အပ ဗဟိဒ္ဓ ဖြစ်သော ကာမဝတ္ထု၊ ကာမအာရုံအလုံးစုံတို့၌၊ အပြင်းအထန် တဏှာဖြင့်စွဲလမ်းမှု၊ ဒိဋ္ဌိဖြင့် စွဲလမ်းမှုဟူသော ဥပါဒါန်တရားလေးပါးတို့ ထင်ရှားဖြစ်ပေါ်လာတော့၏။

### ဥပါဒါန်လေးပါး

ဥပါဒါန်လေးပါးတို့ဟူသည်ကား-တဏှာဖြင့် စွဲလမ်းသော (၁) ကာမုပါဒါန်၊ ဒိဋ္ဌိဖြင့် စွဲလမ်းသော (၂) ဒိဋ္ဌုပါဒါန်၊ (၃) သီလဗ္ဗတုပါဒါန်၊ (၄) အတ္တဝါဒုပါဒါန် ဤလေးပါးတည်း၊ ထိုလေးပါးတို့တွင်-

(၁) ကာမုပါဒါန်ဆိုသည်ကား - တဏှာခြောက်ပါးသည်ပင်လျှင် "ဖွတ်ကြီးလျှင် မိကျောင်း၊ မြွေကြီးလျှင် နဂါး" ဆိုဘိသကဲ့သို့ အစွဲအလမ်း အားကြီးပြင်းထန်လာသောအခါ ကာမုပါဒါန်မည်၏။

(ဤစကားရပ်ဖြင့် အားနည်းသော တဏှာ လောဘသည် တဏှာမည်၏၊ အားကြီး ပြင်းထန်သော တဏှာလောဘသည် ဥပါဒါန်မည်၏ဟူ၍ တဏှာအရနှင့် ဥပါဒါန်အရ အထူးကို သိမှတ်ရာ၏။)

ဤသည်ကို ရည်၍ -

"အသင်းပွားများ၊ သားမယားက၊ စသည်ဖြာဖြာ၊ မဆုံးရာသား၊ ကာမဝတ္ထု၊ စွဲလမ်းပြုသည်၊ ကာမုပါဒါန်" -

http://www.dhammadownload.com



ဟူ၍ ဆိုလေသည်။ ထိုကာမုပါဒါန်သည်လည်း ရူပါရုံအဆောက်အအုံစုမှာ စွဲလမ်းသော ရူပကာမုပါဒါန်၊ သဒ္ဒါရုံအဆောက်အအုံစုမှာ စွဲလမ်းသော သဒ္ဒကာမုပါဒါန် စသည်ဖြင့် ခြောက်ပါးအပြားရှိ၏။

(၂) ဒိဋ္ဌုပါဒါန်ဆိုသည်ကား - နိယတမိစ္ဆာဒိဋ္ဌိကြီးသုံးပါး၊ (၆၂) ပါးသော မိစ္ဆာဒိဋ္ဌိအစရှိသော အစွဲအလမ်းပြင်းသော မိစ္ဆာဒိဋ္ဌိစုကိုပင် ဆိုသတည်း။

ဤသည်ကို ရည်၍-

"တစ်ဖန်ထို့ပြင်၊ မိစ္ဆာညာဉ်ဖြင့်၊ အမြင်ယွင်းဖောက်၊ အယူမှောက်သည် ခြောက်ဆယ့်နှစ်ပါး၊ ပြားသည်ဒိဋ္ဌိ" -

ဟူ၍ ဆိုလေသည်။ ဒိဋ္ဌိကြီးသုံးပါးသည်၊ ဒိဋ္ဌိ (၆၂) ပါးတို့တွင် ဥစ္ဆေဒမျိုး၌ ပါဝင်သောကြောင့် လင်္ကာ၌ (၆၂) ပါးဟူ၍သာ ပြဆိုထားခြင်း ဖြစ်သည်။

(၃) သီလဗ္ဗတုပါဒါန်ဆိုသည်ကား-ဘုရားရှင်လက်ထက်တော်အခါက ပုဏ္ဏတက္ကတွန်း၊ သေနိယတက္ကတွန်းတို့ကဲ့သို့ နွားတို့၏အလေ့အကျင့်၊ ခွေးတို့၏အလေ့အကျင့်ကို သံသရာဝဋ္ဋဒုက္ခမှ ကျွတ်လွတ်စေတတ်သော အလေ့အကျင့်ဟု အထင်မှား၊ အမြင်မှားစွဲလမ်းမှု = မိစ္ဆာဒိဋ္ဌိသည် သီလဗ္ဗတုပါဒါန် မည်၏။ နွားတို့၏ အလေ့အကျင့်ဖြင့် သံသရာဝဋ္ဋဒုက္ခမှ ကျွတ်လွတ်နိုင်၏ဟု အယူမှားသော တက္ကတွန်းများကို ဂေါဝတိက တက္ကတွန်းများဟု ခေါ် ဆိုရကား ထိုသူများ၏အယူမှာ ရှေးရှေးဘဝတို့က ပြုခဲ့သမျှသော မကောင်းမှု ကံဟောင်းစုသည် ယခုဘဝ၌ နွားများကဲ့သို့ အနွမ်းအပါးခံ၍ တစ်ဘဝလုံး ပြုခဲ့လျှင် နေ့စဉ်နေ့တိုင်း မကောင်းကျိုးကို ပေးကြသဖြင့် ယခုဘဝ၌ပင် ရှေးမကောင်းမှု ကံဟောင်းစု ကုန်ဆုံးခြင်းသို့ ရောက်လေ၏။

ယခုဘဝ မကောင်းမှုအသစ်လည်းမဖြစ်၊ ထိုသို့ ဖြစ်ခဲ့သော် မကောင်းမှုကံဟောင်း၊ မကောင်းမှုကံသစ်အလုံးစုံပင် မျိုးပြတ်လေတော့သဖြင့် နောင်အစဉ်ထာဝရ အမြဲ ချမ်းသာသော သုခကိုရ၏ ဟုယူသောအယူဖြစ်သည်။

ထိုအယူကို ယူ၍ ဤသို့သော သူသည် နွားကဲ့သို့ လေးဘက်ထောက်သွား၏။ နွားအိပ်သကဲ့သို့ အိပ်၏။ ထမင်းအစာပေးလျှင်လည်း နွားစားသကဲ့သို့ စား၏။ နွားတို့၏စနစ်ကို အကုန်ယူ၍ ကျင့်၏။ ထိုအကျင့်ကို ပေ့ါပေ့ါယူ၍ ပေ့ါပေ့ါကျင့်လျှင် သေသည်၏ အခြားမဲ့၌ နွားဖြစ်တတ်၏။ တင်းတင်းပြင်းပြင်းယူ၍ တင်းတင်းပြင်းပြင်း ကျင့်လျှင် သေသည်၏အခြားမဲ့၌ ငရဲသို့ ကျရောက်ရ၏။

http://www.dhammadownload.com



ခွေးတို့၏အလေ့အကျင့်ဖြင့် သံသရာဝဋ်မှ ကျွတ်လွတ်နိုင်၏ဟု အယူမှားသော တဏှာတွန်းများကို ကုက္ကုရဝတိက တဏှာတွန်းများဟု ခေါ် ဆိုရကား ထိုသူများ၏အယူမှာ -

ခွေးတို့နှင့် တူစွာ သွားလာ၊ နေထိုင်၊ စားသောက်၊ အိပ်မှုတည်း။ ခွေးတို့၏စနစ်ကို အကုန်ယူ၍ ကျင့်သုံးခြင်းတည်း။ ဤအကျင့်လည်း ပေါ့ပေါ့ကျင့်လျှင် ခွေးဖြစ်ဖို့၊ တင်းတင်းပြင်းပြင်းကျင့်လျှင် ငရဲကျဖို့သာ ဖြစ်၏။ ဤသည်ကိုရည်၍ -

"တစ်စိထိုမှ၊ ဂေါသီလကို၊ ဝဋ်မှ ထုတ်တတ်၊ စွဲထင်မှတ်သည် သီလဗ္ဗတုပါဒါန်" ဟုဆိုသတည်း။

(၄) အတ္တဝါဒုပါဒါန်ဆိုသည်ကား - အတ္တ = လိပ်ပြာ = ငါ ဟူ၍ အထင်မှား အမြင်မှားသောအားဖြင့် ပြောကြ၊ ဆိုကြ၊ စွဲလမ်းကြသော သက္ကာယဒိဋ္ဌိ နှစ်ဆယ်တို့သည် အတ္တဝါဒုပါဒါန်မည်၏။ ဤအတ္တဝါဒုပါဒါန် အပြားသည်ကား ပြဆိုခဲ့ပြီးသော သက္ကာယဒိဋ္ဌိ (၂၅၆) ပါးပင်တည်း။

ဤဥပါဒါန်လေးပါး ဖြစ်ပွားလျှင် ဝဋ်ခင်း၊ ဝဋ်နယ်၊ ဝဋ်ပင်လယ်မှ ကျွတ်လွတ်ရန် မလွယ်ကူတော့ဘဲ သံသရာဝဋ်ထဲမှာ တမားမား၊ တဖားဖား တည်နေရလေတော့၏ ဟုဆိုလိုသည်။

"ခန္ဓာငါးပါး၊ တရားအစု၊ ဓာတ်အနုကို၊ ကိုယ် - ဟုစွဲကပ်၊ အမြဲမှတ်သည်၊ အတ္တဝါဒုပါဒါန်။ အထန်အပြင်း၊ အစွဲတင်း၍ဝဋ်ခင်း, ဝဋ်နယ်၊ ဝဋ်ပင်လယ်မှ လွတ်ဖွယ်မအား၊ တမားမားသည်၊ လေးပါးဥပါဒါန်၊ စွမ်းရည်တည်း" ဟူသော အပိုဒ်ကို **မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးက** - ဤမျှလောက်ဖြင့် အဆုံးသတ်လိုက်သော်လည်း **လယ်တီဆရာတော်ဘုရားကြီးကမူ** ကာမုပါဒါန်၊ အတ္တဝါဒုပါဒါန်၊ နှစ်ပါးကို သက္ကာယဒိဋ္ဌိပြုတ်သည်အထိ လုပ်ငန်းသဘောမြင်အောင် အသေးစိတ်၊ အကျယ်ပြလိုသေး၍ အောက်ပါအတိုင်း ဆက်လက်မိန့်ဆိုလေသည်။

ထိုဥပါဒါန်လေးပါးတွင် ဘုရားသာသနာ ထွန်းကားရာ မြန်မာကဲ့သို့သော လူမျိုးတို့၌ ကာမုပါဒါန်နှင့် အတ္တဝါဒုပါဒါန် ထိုနှစ်ပါးသာရှိ၍ အလယ်ဥပါဒါန်နှစ်ပါး မရှိကြချေ။

http://www.dhammadownload.com



## ကာမုပါဒါန် - အတ္တဝါဒုပါဒါန် ဖြစ်ပုံ

ထိုနှစ်ပါးတွင်လည်း ကာမုပါဒါန် ဖြစ်ပုံမှာ-

ထိုထိုတဏှာ၏အာရုံဝတ္ထုတို့၌ ရှေးဦးစွာ ခင်စ၊ မင်စ၊ သာယာစုံ မက်စ ဖြစ်သော 'လောဘ' သည် တဏှာမည်၏။ ရွေ့လွယ်၊ ပြောင်းလွယ်၊ ဖြေလွယ်၊ ပျောက်လွယ် ရှိသေး၏။

ထိုထိုတဏှာ၏ အာရုံဝတ္ထုတို့၌ အခါခါ ဖြစ်ပွား၍ ရွေ့ပြောင်းစွန့်ပယ်ခြင်းငှာ ခဲယဉ်းစွာသော 'လောဘ' သည် ကာမုပါဒါန် မည်၏။ ဤကာမုပါဒါန်သည်လည်း သာယာဖွယ်နှင့် တွေ့ကြုံခဲ့လျှင် သာယာခြင်းငှာ၊ အပြီးပါရှိ၍နေသော တဏှာ ရှိခြင်းကြောင့်လည်းကောင်း၊ ရှေးဦးစွာ စတင်၍ ခင်မင်သာယာသော တဏှာအမှုကြောင့်လည်းကောင်း ဖြစ်၏။

ငါ၊ ငါ၊ ငါ၊ ငါ ဟူ၍ ပြောဆိုစွဲလမ်းသော သက္ကာယဒိဋ္ဌိဟူသော အတ္တဝါဒုပါဒါန်သည်လည်း သာယာသောတဏှာရှိခြင်းကြောင့် ဖြစ်ရ၏။ မိမိရုပ်ခန္ဓာတွင် ခက်မာမှု၊ နူးညံ့မှုဟူသော မြေဓာတ်ကို ငါပြု၍ ရှုမှု၊ သိမ်းပိုက်မှု ဟူသော အတ္တဝါဒုပါဒါန် ဒိဋ္ဌိသည်လည်း ထိုမြေဓာတ်ကို သာယာမှုဟူသော တဏှာရှေ့သွား ရှိသည်သာလျှင်တည်း။

## မြေဓာတ်၏ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ကြောင်း သက်သေ

မြေဓာတ်၏ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါမဟုတ်ကြောင်းသက်သေကား-

မြေဓာတ်သည် ရုပ်ရှိသော သတ္တဝါသဏ္ဌာန်မှာလည်း အမာခံရောတည်ကြီးပေတည်း။ မြေဓာတ်ရောတည် မရှိခဲ့လျှင် လရောင်၊ ကြယ်ရောင်စသော သိမ်မွေ့သော ရုပ်စုမှသော်လည်း မဖြစ်နိုင်။ ထိုလရောင် ကြယ်ရောင်စသည် မှာလည်း ခက်မာမှုဟူသော မြေဓာတ်သည် ရောတည်ဖြစ်၏။

**ခက်မာမှုဆိုသည်ကား ပရမတ်သဘောအနု ခက်မာမှုကိုဆိုသည်။ အစိုင်အခဲရှိသော အကြမ်းကြီးကို ဆိုသည်မဟုတ်။ လရောင်၊ နေရောင်တို့၌ ရောတည်ဖြစ်သော မြေကား အလွန်သိမ်မွေ့နူးညံ့သော ခက်မာမှုဖြစ်ခဲ့၍ လက်နှင့် စမ်းသပ်၍ တွေ့ကောင်း သိကောင်းသော မြေ မဟုတ်။**

## မာမှုသည် ခေါင်းမဟုတ်၊ မြေမျိုးဇာတိ ကွက်ခြားကြည့်

လူတို့၏ကိုယ်ဝယ် ရောတည်ဖြစ်သော ပရမတ်မြေဓာတ်မူကား စမ်းသပ်၍ ထင်ရှားစွာသိနိုင်သော မြေဓာတ်ပေတည်း။ 'စမ်းသပ်၍ သိသာထင်ရှား၏' ဆိုသော်

http://www.dhammadownload.com



လည်း မာမှုသက်သက်ကို ဉာဏ်နှင့်ကွက်ခြား၍ ယူတတ်မှ ပရမတ်မြေကို မိသည်။ ကွက်ခြား၍ မသိတတ်လျှင် ခေါင်းမာသည်၊ ခြေမာသည်၊ အရိုးမာသည် စသည်ဖြင့် သက္ကာယဒိဋ္ဌိဘက်သို့သာ စိတ်အထင်ပါ၍ သွားတတ်၏။ ခေါင်းကို စမ်းသပ်၍ မာမှုကို တွေ့ထိသိမြင်သောအခါ ခေါင်းဟူ၍ စင်စစ်အားဖြင့် ရှိသည် မဟုတ်။ ဤမာမှုသည်သာ ကေန်ရှိသည်။ ဤမာမှုသည်လည်း ခေါင်းမဟုတ်၊ မြေမျိုးဇာတိသာတည်း။ ဤသို့ဉာဏ်နှင့် ကွက်ခြား၍ သိတတ်မှ ပရမတ်မြေအမှန်ကို သိသည်။ ကွက်ခြား၍ မသိတတ်လျှင် မာမှုသည် ခေါင်းဖြစ်၍နေတတ်၏။

(ဤကား သက္ကာယဒိဋ္ဌိ၏ လက်တွင်းမှ မြေဓာတ်ကို ထုတ်နုတ်ကွက်ခြား၍ သိမြင်သော သမ္မာဒိဋ္ဌိဉာဏ်အချက်ပေတည်း။)

ဤသို့ကွက်ခြား၍ သိနိုင်၊ မြင်နိုင်သော သမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ်သည်သာလျှင် သက္ကာယဒိဋ္ဌိကို မှုတ်လွှင့်နိုင်သည်။ ခန္ဓာကိုယ်တစ်ခုလုံးမှာ ဤနည်းတူ မြင်လေ။

## မာမှုကို ကွက်ခြားမြင်နိုင်မှ သူ၏ဇာတိဓမ္မ၊ မရဏဓမ္မ၊ အနိစ္စဓမ္မ ထင်နိုင်ပုံ

တစ်ကိုယ်လုံး၌ မာမှုမြေဓာတ်သက်သက်ကို ကွက်ခြား၍ မြင်နိုင်မှသာလျှင် မြေဓာတ်ဟူသော မာမှုအနည်းနည်းတို့၏ ခဏမစဲဖြစ်ပေါ်မှုဟူသော ဇာတိဓမ္မတို့ကို လည်းကောင်း၊ မြေဓာတ်ဟူသော မာမှုအနည်းနည်းတို့၏ ခဏမစဲ ချုပ်ပျက်သေဆုံးမှုဟူသော မရဏဓမ္မ၊ အနိစ္စဓမ္မတို့ကိုလည်းကောင်း မြင်နိုင်၊ ထင်နိုင်မည်။

သို့မဟုတ်မူ၍ မာမှုနှင့် ဦးခေါင်းကို တစ်ခုတည်း ထင်မြင်နေခဲ့လျှင် ပဋိသန္ဓေအခါက ဖြစ်ခဲ့သော ဦးခေါင်းသည် အနှစ် (၈၀-၉၀) ရှိ၍ သေမှ ပျက်ဆုံးသည်ကို မြင်နိုင်တော့သည်။ သေမှ ပျက်ဆုံးသော မရဏဓမ္မ, အနိစ္စဓမ္မကိုကား နိုင်ငံခြားသား၊ တရုတ်၊ ကုလားတို့လည်း သိကြ၊ မြင်ကြ၊ ကုန်သည်သာတည်း။ ထိုသို့ သိသောအမှု၊ မြင်သောအမှုကို ဉာဏ်မဆိုရ။ ဝိပဿနာဉာဏ်မဟုတ်။

## မရဏဓမ္မ၊ အနိစ္စဓမ္မ ရှုတတ်မှ သမ္မာဒိဋ္ဌိဉာဏ်ဖြစ်မည်အမှန်

မိမိကိုယ်သန္တာန်၌ ခဏမစဲ တဖြုန်းဖြုန်း ဆိုက်ရောက်၍နေသော မြေဓာတ်၏မရဏဓမ္မ၊ အနိစ္စဓမ္မတို့ကို ရှုတတ်၊ မြင်တတ်မှသာ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်အစစ်ဖြစ်ပေသတည်း။

http://www.dhammadownload.com



## မြေဓာတ်၏မရဏဓမ္မ၊ အနိစ္စဓမ္မ အမြွက်ပြဆိုချက်

မိမိကိုယ်သန္တာန်၌ ခဏမစဲ တဖြုန်းဖြုန်းဆိုက်ရောက်၍နေသော မြေဓာတ်၏ မရဏဓမ္မ၊ အနိစ္စဓမ္မကို အမြွက်မျှပြဆိုပေအံ့ -

လရောင်၊ ကြယ်ရောင်မှာပင် မြေဓာတ်ရောတည် ဖြစ်သကဲ့သို့ ပူမှု၊ အေးမှု ဟူသော မီးဓာတ်နှစ်မျိုး၌လည်း မြေဓာတ်ရောတည်ပင် ဖြစ်၏။ ထို့ကြောင့် မိမိကိုယ်တွင်း၌ ပူမှု၊ အေးမှု၊ ချမ်းမှုတို့၏ အလှိုင်းတကြီး ဖြစ်ပေါ်မှု၊ ချုပ်ကွယ်ပျောက်ငြိမ်းမှုတို့၌လည်း ထိုသီတ၊ ဥဏှဓာတ်တို့နှင့်တကွ (မြေဓာတ်) ဖြစ်မှု၊ ချုပ်မှု ပါရှိကြောင်း သိရာ၏။

သွားခြင်းအမှုပြုသောအခါ၌ တစ်ကိုယ်လုံး လှုပ်ရှားမှု ထင်ရှား၏။ တစ်လှမ်း, တစ်လှမ်းမှာ ကြွမှုတစ်ချက်၊ မြေသို့ချမှုတစ်ချက် ရှိ၏။ ခြေချတိုင်း၊ ချတိုင်း ငယ်ထိပ်သို့ပေါက်အောင် တစ်ကိုယ်လုံး ထိတ်ခနဲ၊ ထိတ်ခနဲ အထက်သို့ ဆောင့်၏။ ထိုအခါ တစ်ကိုယ်လုံး၌ ရှိသော မာမှုအခြင်းအရာ၊ မာပုံအခြင်းအရာတို့၏ အသစ်အသစ် ဖြစ်ပေါ်မှု - အဟောင်းအဟောင်းချုပ်ကွယ်မှုသည် ထင်ရှား၏။

## လှုပ်ရှားမှုမှန်က ရုပ်ဟောင်းရုပ်သစ် ပြောင်းမှုသာဧက

လှုပ်ရှားမှန်းသိသော ထင်ရှားရှိသမျှသည် အသစ်အသစ် ပြောင်းလဲမှုပေတည်း။ အခြင်းအရာပြောင်းလဲမှုပေတည်း။ ရုပ်သစ်၊ ရုပ်ဟောင်း ပြောင်းလဲမှုပေတည်း။ မာမှုအမျိုးမျိုး ပြောင်းလဲမှုပေတည်း။ ပြောင်းလဲမှုအလွန်မြန်လှ၏။ မျက်တောင်တစ်ခတ်ခန့် အတွင်းမှာပင် တစ်ကိုယ်လုံးကျွတ် လှုပ်ရှား၏။ တစ်ကိုယ်လုံးကျွတ် အသစ်အဟောင်း ပြောင်းလဲ၏။

- **အသစ်အသစ် ဖြစ်ပေါ်မှုကို ဇာတိဓမ္မ ဆိုသည်။**
- **အဟောင်း အဟောင်းစု ကွယ်ပျက်မှုကို မရဏဓမ္မ၊ အနိစ္စဓမ္မ** ဆိုသည်။ ခြေလှမ်းတိုင်း၊ ခြေလှမ်းတိုင်းမှာ ဤနည်းချည်းမှတ်။

ဦးခေါင်း၊ ဦးနှောက် ခေါ်သော မာမှု၊ မြေဓာတ်စုကို ဉာဏ်နှင့် ကွက်ခြား၍ မြင်တတ်မှ အသစ်အဟောင်းပြောင်းလဲမှုကို မြင်နိုင်သည်။ ခဏမစဲရှိနေသော ဇာတိဓမ္မ၊ မရဏဓမ္မ၊ အနိစ္စဓမ္မကို မြင်နိုင်သည်။ သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်နိုင်သည်။

http://www.dhammadownload.com



## သဏ္ဌာန်တခြား၊ မာဓာတ်တခြား ကွက်ခြားမြင်အောင်ကြည့်

မာမှုသက်သက် ကွက်ခြား၍ မမြင်ဘဲ ဦးခေါင်းသဏ္ဌာန်၊ ဦးနှောက်ခဲ သဏ္ဌာန်တို့ကိုသာ မြင်၍နေခဲ့လျှင် ဦးခေါင်း၊ ဦးနှောက်ခဲမည်သည် မသေမီအကြား မှာ ဦးခေါင်းသစ်၊ ဦးခေါင်းဟောင်း ပြောင်းသည်၊ လဲသည်ဟူ၍မရှိ၊ ဦးနှောက်သစ်၊ ဦးနှောက်ဟောင်း ပြောင်းသည်၊ လဲသည် ဟူ၍မရှိ၊ မသေမီအကြား မရဏဓမ္မ ဟူ၍ မရှိဟု ထင်မြင်၍ နေလိမ့်မည်။ **သဏ္ဌာန်ဆိုသည်ကား ပညတ်တည်း။ အဟုတ်ရှိ သော ဓာတ်မျိုး၊ ဓမ္မမျိုးမဟုတ်၊ စိတ်ထဲတွင် အထင်ကြီးထင်၍နေသော အထည် ကြီးတည်း။**

**သဏ္ဌာန်ကား တခြား။ မာမှုကား တခြား။**

သဏ္ဌာန်ကား တခြား။ အာပေါဟူသော ဖွဲ့စေးမှုကား တခြား။

သဏ္ဌာန်ကား တခြား။ ပူမှုကား တခြား၊ အေးမှုက တခြား။

သဏ္ဌာန်ကား တခြား။ ဝါယောဟူသော ရွမှု၊ တောင့်တင်းမှုက တခြား။

သဏ္ဌာန်ကား တခြား။ စက္ခုကား တခြား။

**သဏ္ဌာန်ကား တခြား။ အဆင်းဓာတ်, အရောင်ဓာတ်ကားတခြား။**

**"သဏ္ဌာန်ကား" တစ်သက်လုံး အသစ်အဟောင်း"ပြောင်းလဲသည်မရှိ"** သေပြီးသည့်နောက် အလောင်းကောင် ဖြစ်သည့်တိုင်အောင် ရှိ၏။

**မာမှုစသောအဟုတ်ရှိသော"ဓာတ်တို့ကား" ခြေတစ်လှမ်းအတွင်းမှာ ပင် "အမျိုးမျိုး ပြောင်းလဲ၏။"အမျိုးမျိုးဖြစ်ပေါ်၏။ အမျိုးမျိုး ချုပ်ပျက်သေဆုံး၏။**

## သဏ္ဌာန်ကား သက္ကာယဒိဋ္ဌိနိုင်ငံ၊ ဓာတ်ကား သမ္မာဒိဋ္ဌိနိုင်ငံ

"သဏ္ဌာန်" ကား - "သက္ကာယဒိဋ္ဌိနိုင်ငံ" တည်း။

"ဓာတ်" တို့ကား - "သမ္မာဒိဋ္ဌိနိုင်ငံ" တည်း။

ထို့ကြောင့် မိမိတို့ကိုယ်ခန္ဓာမှာ ဓာတ်အမှုတို့ကို မမြင်ကြကုန်၍ ဦးခေါင်း သဏ္ဌာန်၊ မျက်စိသဏ္ဌာန်၊ နားရွက်သဏ္ဌာန်၊ နှာခေါင်းသဏ္ဌာန်၊ ဆံပင်သဏ္ဌာန်၊ အမွေးသဏ္ဌာန် အစရှိကုန်သော သဏ္ဌာန်တို့ကို မြင်၍နေကြကုန်မှုကား -**သက္ကာယ ဒိဋ္ဌိတို့ချည်းသာတည်း -**

မိမိတို့ခန္ဓာကိုယ်မှာ ခဏမစဲ တသဲသဲ ဆိုက်ရောက်၍နေသော ဇာတိဓမ္မကို လည်း မမြင်နိုင်ကြကုန်လတ္တံ့၊ ဇရာဓမ္မ၊ မရဏဓမ္မတို့ကိုလည်း မမြင်နိုင်ကြကုန်လတ္တံ့။ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ဟူ၍ တစ်သက်လုံးမှာ တစ်ခါမျှ မတွေ့နိုင်ကြကုန်လတ္တံ့။

http://www.dhammadownload.com



(ဤကား (၂၅၆) ပါးသော သက္ကာယဒိဋ္ဌိ၊ အတ္တဝါဒုပါဒါန်တို့တွင် မာမှု ဟူသော ပထဝီဓာတ်မျိုးမှာ အတ္တဝါဒုပါဒါန် တည်ထောင်၍နေပုံကို အမြွက်မျှ ပြဆိုချက် ဖြစ်ရကား ကြွင်း (၂၇) ပါးသောရုပ်ဓာတ်၊ (၅၃) ခုသောနာမ်ဓာတ်တို့ကိုလည်း အသီးသီး အတ္တဝါဒုပါဒါန် တည်ထောင်၍နေပုံကို သက္ကာယဒိဋ္ဌိအခန်း၌ ပြဆိုခဲ့ပြီးသောအတိုင်း သိပါလေ။)

"အထန်အပြင်း၊ အစွဲတင်း၍၊ ဝဋ္ဋခင်း, ဝဋ္ဋနယ်၊ ဝဋ္ဋပင်လယ်မှ၊ လွတ်ဖွယ် မအား၊ တမားမားသည်၊ လေးပါးဥပါဒါန်၊ စွမ်းရည်တည်း။"

ဟူသော လင်္ကာဝါကျ၌ -

"လွတ်ဖွယ် မအား" ဆိုသည်ကား လွတ်ခွင့်မရ၊ လွတ်ခွင့်မပေး ဟုဆိုသည့် "အထန်အပြင်း၊ အယူတင်း၍" ဟူရာ၌ လောဘဟူသော ကာမုပါဒါန်အယူတင်းမှု၊ သက္ကာယဒိဋ္ဌိဟူသော အတ္တဝါဒုပါဒါန် အယူတင်းမှု နှစ်ပါးရှိ၏။

## ကာမုပါဒါန်အစွဲပြင်း၍ ကြီးတင်းပုံ အမြွက်ပြဆိုချက်

ဥပမာကား - သားတစ်ကို မျှိမိ၍ ငါးမျှားချိတ်မိ၍ နေသောငါးသည် ထိုတိုင်၏အနီးအပါးမှာ သွားကာ၊ လာကာ အမှတ်မဲ့နေလျှင် ငြိမှန်း၊ မိမှန်း၊ အလွန်တင်းမှန်း၊ ကျပ်မှန်း မသိသာလှသေး။ ထိုတိုင်မှ ခွါ၍ဝေးရာသို့ သွားမည်ဟု ရုန်းသောအခါမှ တင်းကျပ်မှန်းသိလေ၏။ တံငါ၏လက်တွင်း၌သာ သေဆုံးရလေ၏။

ထို့အတူ ဤလူအပေါင်းတို့သည်လည်း မိမိတို့ပိုင်ထိုက်သော သက်ရှိသက်မဲ့ ပစ္စည်းဝတ္ထုတို့၏အလယ်၌ လုပ်ကိုင်စောင့်ရှောက်နေစဉ်အခါ ထိုပစ္စည်းဝတ္ထုတို့၌ တွယ်တာသော တဏှာသည် အလွန်တင်းကျပ်၏ဟု မသိသာလှသေး။ ဘုရားတရားတော်ကိုကြားနာ၍ သားမယားကိုစွန့်၍ထွက်ရသော်၊ ပစ္စည်းဝတ္ထုကဲ့သို့ စွန့်၍ ထွက်ရသော်ဟု အကြံပြုသောအခါ၊ အကြံပြုကာမျှနှင့်ပင် စိတ်နှလုံးမှာ တင်းကျပ်၍လာ၏။

"ငါထွက်သွားခဲ့သော် ငါ့မယား၊ ငါ့ပစ္စည်း၊ ငါ့ဝတ္ထုစု ဘယ်လိုဖြစ်မည်နည်း" ဟု အပိတ်အဆို့တွေ အလွန်တင်းကျပ်၍လာ၏။ ဟိုလ၊ ဟိုနှစ် စသည်ဖြင့် နှစ်၊ လ ရွှေ့ပြောင်းရပြန်၏။ နှစ်လစေ့၍ ထွက်မည်ကြံလျှင် တင်းကျပ်မြဲ တင်းကျပ်ပြန်၏။ ဤသို့လျှင် ကာမုပါဒါန်ကြီးတန်းလန်းနှင့်ပင် သေကြရ၏။

ထိုကဲ့သို့ အကြံပြုသည်မှာကား တစ်ဘဝထက်၊ တစ်ဘဝ ရင့်သန်၍သွားတတ်၏။ ထွက်လိုသောသဒ္ဓါ၊ ဆန္ဒ တစ်ဘဝထက်၊ တစ်ဘဝအားးသန်၍ သွားတတ်

http://www.dhammadownload.com



၏။ သဒ္ဓါ၊ ဆန္ဒ အားကောင်းလှသောအခါ ထွက်ပြေးနိုင်လတ္တံ့။ ဘုရားတရားတော်ကို နာကြားရ လျက်နှင့်မှ၊ နိက္ခမဆန္ဒ မဖြစ်လာသော သူတို့အား ထိုဥပါဒါန်မှ ထွက်နိုင်ရန် မျိုးစမြင်စပင် မရှိလေသေး။

ရန်သူမျိုးငါးမျိုးကြောင့်လည်းကောင်း၊ ရောဂါဆိုး၊ အနာဆိုးစသည်တို့ကြောင့်လည်းကောင်း ထိုဝတ္ထုတို့ ပျက်စီးခြင်းသို့ ရောက်ခဲ့သော်လည်းကောင်း ပျက်စီးမှုနှင့် စိုးရိမ်ခွင့်ဆိုက်ခဲ့သော်လည်းကောင်း -

- ကာမုပါဒါန် သန်လျှင် သန်သလောက်
- ပျော့လျှင်ပျော့သလောက်

သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ တရားတို့သည် ဖြစ်ကုန်၏။ ထိုတရားတို့ကား ဥပါဒါန်၏ အခိုးအကင်းတို့တည်း။

(ဤကား ကာမုပါဒါန် အမြွက်တည်း။)

## အတ္တဝါဒုပါဒါန် အစွဲပြင်းထန်ပုံ အမြွက်ပြဆိုချက်

အတ္တဝါဒုပါဒါန် အစွဲပြင်းထန်ပုံ အမြွက်ဥပမာကား -

လူကောင်ပမာဏရှိသော မီးခြစ်ခဲကြီးသည် ပကတိအခါ၌ အေးမြ၏။ ကော်ဖတ်ဖြင့် တိုက်ခဲ့သည်ရှိသော် ဘယ်နေရာမှာပင် တိုက်သော်လည်း မီးတောက်သည်သာ။ မီးမတောက်သောနေရာဟူ၍ မရှိ။ မီးတောက်၍ အနီးအပါးစပ်လျဉ်းသမျှ အိမ်ရာကျောင်းကန်ရှိသမျှ ခဏချင်းလောင်နိုင်၏။

ထို့အတူ ငါ, ငါ ဟူသော သက္ကာယဒိဋ္ဌိသည်လည်း သူတစ်ပါးတို့ **အထိအပါး မရှိမူ၍** မိမိအလိုအလျောက် **ချစ်ကြည်စွာ နေသောအခါ၌ မထင်ရှားသေး။** သူတစ်ပါးတို့က မိမိကိုယ်ကို ကာယကံ၊ ဝစီကံဖြင့် အနာတရ **ထိပါးလာသောအခါ တစ်ကိုယ်လုံးမှာ ဘယ်နေရာပင် ထိသော်လည်း ထိသမျှနေရာတိုင်းက "မီးတောက်၏"၊** "ငါ့ကို ပြုရသလား" ဟု 'ငါ' ထွက်လာ၏။

(ဤကား သက္ကာယဒိဋ္ဌိ ဟုဆိုအပ်သော အတ္တဝါဒုပါဒါန် အယူအဖွဲ့ ပြင်းထန်ပုံ အမြွက်တည်း။)

ထိုဥပါဒါန်နှစ်ပါးတွင် ကာမုပါဒါန်ကို သာသနာပစျာန်ရ'ရသေ့'များပင် ခွာနိုင်သေး၏။ အတ္တဝါဒုပါဒါန်ကိုမူကား သာသနာပ၌ ဘုရားအလောင်းတော်ကြီးများမှသော်လည်း မခွာနိုင်၊ ပစ္စေကဗုဒ္ဓါတို့သည် ကာမုပါဒါန်ကို မိမိတို့၌ အကြွင်းမဲ့ ပယ်ကြကုန်၏။ သူတစ်ပါးတို့အား ကာမုပါဒါန်အပြစ်ကို ထင်ရှားအောင် ဟောနိုင်ကုန်၏။

http://www.dhammadownload.com



အတ္တဝါဒုပါဒါန်ကိုမူကား မိမိတို့သာ အကြွင်းမဲ့ပယ်နိုင်ကြကုန်၏။ သူတစ်ပါးကို မဟော နိုင်ကြကုန်။

**အတ္တဝါဒုပါဒါန် ငရဲမီးသတ်ရန် ဆေးစွမ်းနိဒါန်း**

ထို့ကြောင့် သာသနာပအခါ၌ မဟာကမ္ဘာအသချေ်ပင်ကြာသော်လည်း အတ္တဝါဒုပါဒါန်ကို ကုစားသောဆေးဟူ၍မရှိ။ ဘုရားပွင့်တော်မူသောအခါ သာသနာ အတွင်း၌သာလျှင် အတ္တဝါဒုပါဒါန်ကို ငရဲမီးမှန်းသိကြရသည်။ ပျောက်ငြိမ်းရာ သော ဆေးလည်း အရာ, အထောင်မက ပေါ်များသည်။ အဘိဓမ္မာခုနစ်ကျမ်းသည် အတ္တဝါဒုပါဒါန်ငရဲမီးကြီးကို သတ်ရန်ဆေးပေတည်း။ သုတ္တန်တို့၌ ခန္ဓာဒေသနာ၊ အာယတနဒေသနာ၊ ဓာတုဒေသနာစုသည် အတ္တဝါဒုပါဒါန် ငရဲမီးကို သတ်ရန် ဆေးစုပေတည်း။

လိုရင်းကား -

ရေ, မြေ, လေ, မီး ဓာတ်ကြီးလေးခု

စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန, ဆ-အကြည်ဓာတ်

ဖဿ, ဝေဒနာ, စေတနာနှင့် သညာတကွ၊ ဤဓာတ်မျှကို

လှလှကိုယ်တွင်၊ ကွင်းကွင်းမြင်က

ဉာဉ်သက္ကာယ, သေကိန်းကျသည် ဆေးများသိဒ္ဓိ-အကျော်တည်း။

ဤဆေးနိဒါန်းကို ကျေကျေကျက်၍ ထိုတစ်ဆယ့်လေးပါးသော ဓာတ် ရင်း၊ ဓမ္မရင်းတို့ကို မိမိကိုယ်ခန္ဓာအတွင်း သူတစ်ပါးကိုယ်ခန္ဓာအတွင်းကျ ကွင်းကွင်း ကွက်ကွက် ပျက်မှု၊ ဖြစ်မှု၊ ပဋိစ္စသမုပ္ပါဒ်နှင့်တကွ လှလှပိုင်ပိုင် မြင်စွမ်းနိုင်အောင် ခိုင်လုံသော သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယဖြင့် နေ့ညမနား အားထုတ်ရာသတည်း။

## (၉) ဥပါဒါနပစ္စယာ ဘဝေါ

### အရကောက်နှင့် သဘောသရုပ် ထင်လွယ်အဓိပ္ပာယ်

“ကုသလာ ကုသလ၊ ကမ္မပထံ၊ ဤနှစ်တန်၊ ကမ္မဘဝသာ”

“ဝိပါက်ခန္ဓာ၊ ကဋတ္တာဟု၊ ရုပ်နာမ်စု ဥပပတ္တိသာ”

ဟူသော ပရမတ္ထသံခိပ်အရ-

ဘဝသည် ကမ္မဘဝ၊ ဥပပတ္တိဘဝ ဟူ၍ နှစ်ပါးအပြားရှိရာ-

http://www.dhammadownload.com



ကုသလကမ္မပထဆယ်ပါး၊ အကုသလကမ္မပထဆယ်ပါးသည် ကမ္မဘဝ မည်၏။ တစ်နည်း-

ကမ္မပထမျိုးဖြစ်သော အကုသိုလ် စေတနာ (၁၂) ပါး၊ လောကီကုသိုလ် စေတနာ (၁၇) ပါးတို့သည် ကမ္မဘဝ မည်၏။

ပဋိသန္ဓေ ပဝတ္တိဝိပါက် နာမက္ခန္ဓာလေးပါး၊ ကမ္မဇရုပ်နှစ်ဆယ် ဟူသော ကဋတ္တာရုပ်၊ ဤနာမ်ရုပ်နှစ်ပါးသည် ဥပပတ္တိဘဝ မည်၏။

"ဇောက်နေကန်၊ ကိုးနှစ်တန်၊ ကံဇာဌာရသ" အရတွင် ဥပစယနှင့် သန္တတိကို ထည့်၍ (တစ်နည်း) ဇရတာနှင့် အနိစ္စတာကို ထည့်၍ ကမ္မဇရုပ်ဝီသ (၂၀) ဟုဆိုရ၏။

လောကီကုသိုလ်၊ အကုသိုလ် စေတနာတည်းဟူသော ကမ္မဘဝသည် ဥပပတ္တိဘဝကို ဖြစ်စေတတ်သောကြောင့် ဘဝမည်၏။ လောကီဝိပါက် နာမက္ခန္ဓာ၊ ကမ္မဇရုပ်တည်း ဟူသော ဥပပတ္တိဘဝသည် ကမ္မဘဝကြောင့် ဖြစ်တတ်သောကြောင့် ဘဝ မည်၏။

ထိုဥပပတ္တိဘဝသည်လည်း -

(က) ဘုံသို့လိုက်၍- ကမ္မဘဝ၊ ရူပဘဝ၊ အရူပဘဝ။

(ခ) နာမ်အားလိုက်၍-သညီဘဝ၊ အသညီဘဝ၊ နေဝသညီနာသညီဘဝ။

(ဂ) ခန္ဓာအရှိလိုက်၍- ဧကဝေါကာရဘဝ၊ စတုဝေါကာရဘဝ၊ ပဉ္စဝေါကာရဘဝ

ဤသို့ ဘဝကြီးကိုးပါး အပြားရှိ၏။

ကာမ (၁၁) ဘုံကို ကာမဘဝဟု ခေါ်၏။

ရူပ (၁၆) ဘုံကို ရူပဘဝဟု ခေါ်၏။

အရူပ (၄) ဘုံကို အရူပဘဝဟု ခေါ်၏။

တစ်နည်း -

- ရုပ်ခန္ဓာတစ်ပါးသာရှိသော အသညသတ်ဘုံကို ဧကဝေါကာရဘဝ ဟုခေါ်၏။
- နာမ်ခန္ဓာလေးပါးသာရှိသော အရူပလေးဘုံကို စတုဝေါကာရဘဝ ဟုခေါ်၏။
- ရုပ်နာမ်ခန္ဓာငါးပါးပြည့်စုံသော ကာမဘုံနှင့် ရူပဘုံတို့ကို ပဉ္စဝေါကာရဘဝ ဟု ခေါ်၏။

http://www.dhammadownload.com



တစ်ဖန် -

- နေဝသညာနာသညာယတနဘုံကို နေဝသညီနာသညီဘဝဟု ခေါ်၏။
- အသညသတ်ဘုံကို အသညီဘဝဟု ခေါ်၏။
- ကြွင်းသော (၂၉) ဘုံကို သညီဘဝဟု ခေါ်၏။

ဥပမာကား -

ကမ္မဘဝတို့သည် -"မျိုးစေ့" များနှင့် တူကြကုန်၏။

ဥပပတ္တိဘဝတို့သည် - မျိုးစေ့ကြောင့် ဖြစ်ကြ, ပေါက်ရောက်ကြသော "သစ်ပင်" တို့နှင့် တူကြကုန်၏။

ထင်ရှားစေဦးအံ့။ သီးမျိုးပွင့်မျိုးကို ဆောင်ကြကုန်သော သစ်ပင်အမျိုးမျိုးတို့သည် မျိုးစေ့ကြောင့် သစ်ပင်၊ သစ်ပင်ကြောင့် မျိုးစေ့အားဖြင့် အဆင့်ဆင့် တစ်ကမ္ဘာပတ်လုံး ဆက်လက်ဖြစ်ထွန်းနေကြကုန်သကဲ့သို့ "ထိုအတူ အနမတဂ္ဂ သံသရာ၌ သတ္တဝါအပေါင်းတို့သည် ဘဝအဆင့်ဆင့်အားဖြင့် တစ်သံသရာလုံး ဖြစ်ပွားနေကြရကုန်၏။ ကမ္မဘဝကြောင့် ဥပပတ္တိဘဝတို့ ဖြစ်ကြရကုန်၏။ ဥပပတ္တိဘဝ ဖြစ်ပေါ်လာခြင်းကြောင့် ကမ္မဘဝကို တစ်ဆင့်ပြုလုပ်ဆည်းပူးကြပြန်၏။"

ဤနည်းဖြင့် နိဗ္ဗာန်မရသမျှ အရဟတ္တမဂ်ဖြင့် ကိလေသဝဋ်ကို အကြွင်းမဲ့ မပယ်သတ်နိုင်သ၍ ကာလပတ်လုံး အဖြစ်မဆုံးနိုင်ကြဘဲ သံသရာထဲတွင် တဝဲလည်လည် ဖြစ်နေကြရပေသည်။

ထိုကြောင့် ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးကလည်း-

"အဝိဇ္ဇာနှင့်တဏှာ အရင်းခံ၊ ဥပါဒါန်၊ ကံကြောင့် ရုပ်နာမ်ပေါ်
အပင်မှမျိုး - မျိုးမှ အပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်
ကံကြောင့်နာမ်ရုပ်။ နာမ်ရုပ်ကြောင့် ကံ၊ အဘန်ဘန်ဖြစ်ပြန်၊ နည်းအလျော်
ပြဟ္မာသိကြား စသည်များက၊ ထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း
အကြောင်းရင်းကြောင့်၊ လူနတ်များစွာ သတ္တဝါတို့ ဖြစ်လာရမှု မဟုတ်ဟု
ဉာဏ်ဖြင့် ရှု၍မျှော်" ဟူ၍ မိန့်ဆိုခဲ့လေသည်။

http://www.dhammadownload.com



## ဥပါဒါန်ကြောင့် ဘဝဖြစ်ပုံ အကျဉ်း အဓိပ္ပာယ်

(မူလပဌာန်းဆရာတော်ကြီးဦးနာရဒ)

ကာမုပါဒါန်ကြောင့် ဘဝနှစ်ပါးဖြစ်ပုံမှာ-

ကာမဝတ္ထုတို့၌ စွဲလမ်းမှု "ကာမုပါဒါန်"၊ မိမိခန္ဓာ၌ ငါ, ငါ ဟု စွဲလမ်းမှု "အတ္တဝါဒုပါဒါန်" ကြောင့် ယခုရနေသော ပစ္စက္ခဘဝကိုငဲ့ကာ ပါဏာတိပါတစသော ကမ္မဘဝကို ပြု၏။ စွဲလမ်းမှုဥပါဒါန်ကြောင့် ဤဘဝမှ စုတေလျှင် လူကောင်း၊ နတ်ကောင်းဘဝကို ရရန် ဒါန၊ သီလ စသော ကမ္မဘဝကိုပြု၏။ ရူပ, အရူပ တောင့်တစွဲလမ်းကာ ကသိုဏ်း စသည်ကို ပွားများမှု ကမ္မဘဝကို ပြု၏။

အကုသိုလ်ကမ္မဘဝကြောင့် အပါယ်လေးဘုံ။ ကုသိုလ်ကမ္မဘဝကြောင့် ကာမသုဂတိဘုံ၊ ရူပ၊ အရူပဘုံတို့၌ ဥပပတ္တိဘဝအမျိုးမျိုး ဖြစ်၏။

ကြွင်းဥပါဒါန်သုံးပါးကြောင့် ဘဝနှစ်ပါး ဖြစ်ပုံမှာ-

ငါ၏အတ္တသည် ကာမ၊ ရူပ၊ အရူပဘုံ၌ ပြတ်လျှင်ကောင်းစွဟု ဉစ္ဆေဒဒိဋ္ဌိအယူရှိသူသည် "ဒိဋ္ဌုပါဒါန်" အရင်းခံကာ ထိုဘုံသို့ရောက်ရန် ကမ္မဘဝကို ပြု၏။ ငါ၏ အတ္တသည် ကာမ၊ ရူပ၊ အရူပဘုံ၌ ဖြစ်လျှင် ကေန်ချမ်းသာခွင့်ရမည်ဟု သဿတဒိဋ္ဌိအယူရှိသူသည် "အတ္တဝါဒုပါဒါန်" အရင်းခံကာ ၎င်းဘုံများသို့ ရောက်ရန် ကမ္မဘဝကို ပြု၏။

ငါယခု ကျင့်သည့်အတိုင်း နတ်ပြည် ဗြဟ္မာ့ပြည်မှာ ကျင့်ရလျှင် လွယ်ကူစွာ ပြည့်စုံအံ့ဟု "သီလဗ္ဗတုပါဒါန်" အရင်းခံကာ ကမ္မဘဝကို ပြုရာ၌ လမ်းလွဲလျှင် အပါယ် ဥပပတ္တိဘဝဖြစ်၍ လမ်းမှန်လျှင် သုဂတိဥပပတ္တိဘဝဖြစ်၏။

မျိုးစေ့အဆက်ဆက်ကြောင့် တစ်ကမ္ဘာလုံး သစ်ပင်အဆက်ဆက်ဖြစ်ရသလို ကမ္မဘဝအဆင့်ဆင့်၊ ဥပပတ္တိဘဝအဆက်ဆက်တို့ကြောင့် ဝဋ်မြစ်မပြတ်နိုင်ပဲ သံသရာ၌ ဆက်လက်ကာ ဘဝနှစ်ပါး ဖြစ်ပွားနေရမှုမှာ အပြင်းအထန် စွဲလမ်းမှု ဥပါဒါန်ကြောင့်ပင်တည်း။

http://www.dhammadownload.com



## ဥပါဒါန်ကြောင့် ဘဝဖြစ်ပုံ မကျဉ်းမကျယ် အဓိပ္ပာယ်

(ဆရာကြီး ဒေါက်တာမင်းတင်မွန်)

ဥပါဒါန်ကြောင့် ဘဝဖြစ်သည်ဆိုရာဝယ်-ဥပါဒါန်သည် ဥပါဒါန် (၄) ပါးပင်ဖြစ်၍ ဘဝအရမူ ကမ္မဘဝနှင့် ဥပပတ္တိဘဝဟူ၍ နှစ်မျိုးကို ယူရ၏။

ကမ္မဘဝဟူသည်မှာ အကုသိုလ် (၁၂) ပါး၊ မဟာကုသိုလ် (၈) ပါး၊ မဟဂ္ဂုတ်ကုသိုလ် (၉) ပါး တို့၌ရှိသော စေတနာကံ (၂၉) ပါး ဖြစ်၏။ (ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ တို့ပင်တည်း။)

ဥပပတ္တိဘဝဟူသည်မှာ ထိုကံ (၂၉) ပါးကြောင့် ဖြစ်သော လောကီဝိပါက် (၃၂) ပါး၊ ၎င်းတို့နှင့်ယှဉ်သည့် စေတသိက်များနှင့် ကမ္မဇရုပ်များ ဖြစ်ကြ၏။

ဥပါဒါန်ကြောင့် ဘဝဖြစ်ပုံမှာ -

'ပုထုဇ္ဇနော ဥမ္မတ္တကော' ဆိုသည့်အတိုင်း ပုထုဇဉ်တို့၏ စိတ်သည် အရူးပမာ ထင်မိထင်ရာ စွဲမိစွဲရာ စွဲလမ်းလေ့ရှိ၏။ အကြောင်းအကျိုးသင့်မသင့်ကို နှိုင်းချင့်တတ်သူ အလွန်နည်းပါး၏။ ထို့ကြောင့် ကာမုပါဒါန်အစွမ်းဖြင့် လူချမ်းသာ၊ နတ်ချမ်းသာကို အလိုရှိ၍ ကံများကို စီမံကြရာဝယ်၊ တချို့မှာ ဆရာတို့၏ ဟောပြောညွှန်ပြမှုကြောင့် သားကောင်သတ်၍ ယဇ်နတ်ပူဇော်ခြင်းစသည့် ဒုစရိုက်အကုသိုလ်ကံတို့ စီမံကြ၏။ တချို့မှာ ယခုဘဝ၌ပင် ကာမချမ်းသာကို ခံစားလို၍ ခိုးဝှက်လုယက်တိုက်ခိုက် သတ်ဖြတ်ခြင်းစသော မကောင်းမှု ဒုစရိုက်အမျိုးမျိုးကို ပြုကြ၏။ ဤကား ကာမုပါဒါန်ကြောင့် ကမ္မဘဝဖြစ်ခြင်းတည်း။

သေဆုံးသည့်အခါ၌မူ ဤအကုသိုလ် ကမ္မဘဝကြောင့် အပါယ်ဘုံ၌ ဥပပတ္တိဖြစ်ရလေ၏။

အချို့သော သူတို့ကား ဆရာသမားကောင်းတို့၏ ထုံးဟောင်း လမ်းမှန်ဖြစ်သည့် ကာမာဝစရ ကုသိုလ်ကံကို တစ်ဖန်အားထုတ်ပြုလုပ်ခွင့်ရကြ၏။ ဤကုသိုလ်ကမ္မဘဝတို့ကြောင့် သေလွန်ကြသည့်အခါ မျှော်လင့်ထားခဲ့ကြသည့်အတိုင်း လူ့ဘုံ၊ နတ်ဘုံတို့၌ ကောင်းမြတ်သော ဥပပတ္တိဘဝကို ရကြ၏။

တချို့သူတို့ကား "ရူပဘုံ, အရူပဘုံတို့၌ ကာမဘုံထက်သာလွန်မြင့်မြတ်သည့် သုခချမ်းသာကို ခံစားရ၏" ဟု ကြားဖူးနားဝရှိကြသဖြင့် ထိုချမ်းသာကို ခံစားလိုသော ကာမုပါဒါန်ကြောင့် ရူပဈာန်၊ အရူပဈာန်ဟူသော ကမ္မဘဝကို အားထုတ်ကြ၏။ ဈာန်ရပြီး ကွယ်လွန်ကြသောအခါ ရူပဘုံ၊ အရူပဘုံတို့၌ ဥပပတ္တိဟူသော လောကီဝိပါက်၊ စေတသိက်များနှင့် ကမ္မဇရုပ်များကို ရရှိကြ၏။

http://www.dhammadownload.com



ဤသည်တို့ကား **"ကာမုပါဒါန်"** ကြောင့် ကမ္မဘဝနှင့် ဥပပတ္တိ ဟူသော ဘဝနှစ်မျိုး ဖြစ်ပုံကိုပြသော စကားတို့တည်း။

ဒိဋ္ဌုပါဒါန်စသည်တို့ကြောင့် ဘဝနှစ်မျိုးဖြစ်ပုံမှာ -

ဥစ္ဆေဒအယူရှိသူတချို့သည် "ငါ၏အတ္တသည်ကား သုဂတိဘုံ၊ ရူပဘုံ၊ အရူပဘုံတို့၌ ပြတ်စဲရလျှင် ကောင်းသောပြတ်စဲခြင်း ဖြစ်လိမ့်မည်" ဟူသည့် ဒိဋ္ဌုပါဒါန် အရင်းခံ၍ ထိုဘုံများသို့ ရောက်ဖို့ရန် ကုသိုလ်ကမ္မဘဝကို ပြုစီမံကြ၏။ သဿတဒိဋ္ဌိအယူရှိသူ တချို့ကလည်း "ငါ၏အတ္တသည်ကား ကာမသုဂတိဘုံ၊ ရူပဘုံ၊ အရူပဘုံတို့၌ ဖြစ်ရလျှင် ဧကန်ချမ်းသာခွင့်ရလိမ့်မည်" ဟု အတ္တဝါဒုပါဒါန် အရင်းခံလျက် ထိုဘုံများသို့ရောက်ဖို့ရန် ကုသိုလ် ကမ္မဘဝကို ပြုစီမံကြ၏။

**"သီလဗ္ဗတုပါဒါန်"** အယူရှိသူတချို့သည် "ဤခွေးအကျင့်၊ နွားအကျင့် စသော အကျင့်တို့သည် ကိလေသာကို စင်ကြယ်စေနိုင်၏ ကိလေသာကုန်စင်သော အခါ ဘဝလွတ်မြောက်မှုကို ပေးဆောင်နိုင်၏" ဟုလွဲမှားစွာ မှတ်ထင်ပြီး ခွေးကဲ့သို့၊ နွားကဲ့သို့ ကျင့်ကြ၏။

ထိုသို့ကံပြုရာတွင် လမ်းမှန်ကျင့်မိသူအဖို့ ရည်မှန်းထားခဲ့သော သုဂတိဘုံများ၌ ဥပပတ္တိဘဝကို ရကြ၏။ လမ်းမှားကျင့်မိသူတို့ကား အပါယ်ဘုံများ၌ ဥပပတ္တိဘဝကို ရကြ၏။

ဤသို့လျှင် ဒိဋ္ဌိအမျိုးမျိုးကြောင့် ကမ္မဘဝနှင့် ဥပပတ္တိဘဝတို့ကို ရရှိကြလေကုန်၏။

သင်္ခါရနှင့် ကမ္မဘဝအထူးမှာ ယခု ပစ္စုပ္ပန်ဘဝ၌ အကျိုးပေးဖို့ရန် အတိတ်ဘဝများက ဖြစ်ခဲ့ကြသော စေတနာတို့သည် သင်္ခါရမည်၍ အတိတ်ကာလအခွန့်၌ ပါဝင်၏။

နောက်နောင်အနာဂတ်ဘဝများ၌ အကျိုးပေးဖို့ရန် ယခုပစ္စုပ္ပန်ဘဝ၌ ဖြစ်ကြသော စေတနာတို့သည် ကမ္မဘဝမည်၍ ပစ္စုပ္ပန်ကာလအခွန့်၌ ပါဝင်၏။

သို့ဖြစ်၍ သင်္ခါရနှင့် ကမ္မဘဝတို့သည် လောကီကုသိုလ်၊ အကုသိုလ်စိတ်များ၌ ယှဉ်ကြသော စေတနာချည်း ဖြစ်ပါသော်လည်း အတိတ်ဘဝက စေတနာ၊ ပစ္စုပ္ပန်ဘဝက စေတနာဟူ၍ ဘဝကာလအားဖြင့် ကွဲပြားကြလေသည်။

http://www.dhammadownload.com



## ဥပါဒါန်ကြောင့် ဘဝဖြစ်ပုံ မကျဉ်းမကျယ် အစိပ္ပာယ်

(ညောင်လေးပင်တောရဆရာတော်ဘုရားကြီး)

'ဥပါဒါန ပစ္စယာ ဘဝေါ' ဥပါဒါန်ကြောင့် ဘဝဖြစ်သည်ဆိုရာ၌ ဥပါဒါန် စွဲလမ်းခြင်း ရှိသူအား အကြောင်းကံတစ်မျိုး၊ အကျိုးဝိပါက် နာမ်ရုပ်တစ်မျိုး၊ ထိုသို့ ဘဝနှစ်မျိုးဖြစ်လေရာ အကြောင်းကံကို ကမ္မဘဝ၊ အကျိုးဝိပါက် နာမ်ရုပ်ကို ဥပပတ္တိဘဝ ခေါ်၏။ သင်္ခါရနှင့်ဘဝထူးတာက ယခုဘဝပဋိသန္ဓေနေရကြောင်း အတိတ်ဘဝ စေတနာသက်သက် (၂၉) ခုကိုသာ သင်္ခါရဟုယူ၍၊ နောက်ဘဝ ပဋိသန္ဓေ နေရ ကြောင်း ယခုပစ္စုပ္ပန်ဘဝမှ စေတနာဟူသော သင်္ခါရ (၂၉) ခုကို ကမ္မဘဝ ဟု ဆိုရ၏။ ဥပပတ္တိဘဝဆိုသည့် ဘဝကြီး (၉) ပါးလည်း ရှိသေးရာ ထိုထိုဘုံ၌ဖြစ် သော ဝိပါက်နာမ် နှင့် ကမ္မဇရုပ်တို့ ဖြစ်ကြ၏။

ဥပါဒါန်ဆိုသော တရားသည် စွဲလမ်းမှုဖြင့် ရချင်၊ ရောက်ချင်လွန်းလို့ မေး၍ လည်းကောင်း၊ တွေး၍ လည်းကောင်း စိတ်ထင်ရာ ကုသိုလ်၊ အကုသိုလ် တစ်ခုခုကို အားထုတ်ရာတွင် ထိုကုသိုလ်၊ အကုသိုလ်သည် အကြောင်းကမ္မဘဝ မည်၏။ ကမ္မ ဘဝ အကြောင်းခံ၍ ကာမဘဝ၊ ရူပဘဝ စသော ဘဝကြီးကိုးပါးဟူ၍ ပဋိသန္ဓေ သဘောတွေ ဖြစ်လာလေ၏။ ထိုဘဝကြီး ကိုးပါးသည် ပဋိသန္ဓေသဘောတွေ ဖြစ်နေ လို့ အကျိုး ဥပပတ္တိဘဝလည်း မည်၏။

ထိုကမ္မဘဝနှင့် ဥပပတ္တိဘဝဆိုသည့် ဘဝနှစ်ခုလုံးသည် ဥပါဒါန်စွဲလမ်းမိ သည့်အတွက်ကြောင့်သာ ဖြစ်ကြသဖြင့် 'ဥပါဒါန ပစ္စယာ ဘဝေါ' ဟူ၍ ဟောတော် မူလေသည်။

## ဥပါဒါန်ကြောင့် ဘဝဖြစ်ပုံ မကျဉ်းမကျယ် အစိပ္ပာယ်

(ဆရာကြီး ဦးကျော်ထွတ်)

ပဋိစ္စသမုပ္ပါဒ် အင်္ဂါ (၁၂) ပါးမှာ အကုသိုလ် စေတသိက်တွေနဲ့ ဝေဖန်ပါ က အဝိဇ္ဇာသည် မောဟစေတသိက်၊ တဏှာသည် လောဘ စေတသိက်၊ ဥပါဒါန် (၄) ပါးအနက် ကာမုပါဒါန်က လောဘ၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် က ဒိဋ္ဌိဖြစ်လို့ ဥပါဒါန်သည် လောဘနှင့် ဒိဋ္ဌိပါပဲ။ ထို့ကြောင့် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ထိုသုံးပါးကို ကိလေသဝဋ် ခေါ်၏။

http://www.dhammadownload.com



**အာသဝေါတရား ၄ ပါးနှင့် ဝေဖန်ပါက** ကာမာသဝသည် လောဘ စေတသိက်၊ ဘဝါသဝသည်လည်း လောဘစေတသိက်၊ ဒိဋ္ဌာသဝသည် ဒိဋ္ဌိစေတသိက်၊ အဝိဇ္ဇာသဝသည် မောဟစေတသိက် ဖြစ်ရကား အာသဝါတရား (၄) ပါးကို ကြည့်လျှင်လည်း ကိလေသဝဋ်ဖြစ်သည့် လောဘ၊ ဒိဋ္ဌိနှင့် မောဟ (တစ်နည်း) အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် (ဒိဋ္ဌုပါဒါန်) တို့သာ ဖြစ်လေကုန်၏။

အဘိဓမ္မာမှာ အကျယ်ဟောခဲ့လို့ အကုသိုလ် စေတသိက် (၁၄) ခု ရှိနေသော်လည်း လက်တွေ့သုတ္တန်နည်းနှင့်တရားပြရာမှာတော့ မြတ်စွာဘုရားက သစ္စာလေးပါးကို မသိနိုင်သည့် မောဟ **အဝိဇ္ဇာ ရှိနေပါလျှင်** သတ္တဝါတွေမှာ **တဏှာဆိုသော တောင့်တမှုလည်း ရှိလာမည်သာ။** လူ့စည်းစိမ်တောင့်တ၊ နတ်စည်းစိမ်တောင့်တ အမျိုးမျိုး တောင့်တနေသည့် တဏှာရှိလာမှာပါ။ ဒုက္ခသစ္စာကို မသိသေးသည့် ကာလပတ်လုံး တောင့်တမှု ထိုတဏှာ ရှိနေမှာပါ။ တောင့်တမှုတဏှာရှိလျှင် **စွဲလမ်းမှုဥပါဒါန်တွေလည်း ဖြစ်လာပါမည်**ဟု ထိုသုံးပါးကိုပဲ ဟောခဲ့တာကြောင့် "အဝိဇ္ဇာ" "တဏှာ" "ဥပါဒါန်" တို့သည် **"ကိလေသဝဋ်"** သာ ဖြစ်ကြ၏။

ကမ္မဘဝကို အင်္ဂါ (၁၂) ပါးထဲမှာ အတိတ်အကြောင်းနှင့် ဆိုလျှင် သင်္ခါရဟုခေါ်၍ ပစ္စုပ္ပန်အကြောင်းနှင့်ဆိုလျှင် ကမ္မဘဝဟု ခေါ်ဆိုရကား သင်္ခါရဟုပဲ ခေါ်ခေါ်၊ ကမ္မဘဝဟုပဲ ခေါ်ခေါ် ပြုလုပ်မှု ကုသိုလ်ကံ၊ အကုသိုလ်ကံ စေတနာချည်းပင် ဖြစ်လို့ ထိုကံတွေ ပြုလုပ်ခြင်းကို **"ကမ္မဝဋ်"** ဟု ဆိုရ၏။

ဥပါဒါန် အယူအစွဲအလမ်းနှင့် တစ်ခုခု ဖြစ်ချင်သည့် တောင့်တမှု ရှိလာသောအခါ နတ်ဖြစ်ချင်သူကလည်း နတ်ဖြစ်မည့်လမ်းကို ပြုလုပ်၏။ ပြဟ္မာဖြစ်ချင်သူကလည်း ပြဟ္မာဖြစ်မည့်လမ်းကို ပြုလုပ်ကြ၏။ ကောင်းတာပဲဖြစ်ဖြစ်၊ မကောင်းတာပဲဖြစ်ဖြစ်၊ ကိုယ်ဖြစ်ချင်တာကို ကိုယ်လုပ်ကြတာဖြစ်လို့ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ရှိလျှင် သင်္ခါရ၊ ကမ္မဘဝဆိုသည့် ကုသိုလ်ကံ၊ အကုသိုလ်ကံတွေကို ပြုလုပ်ကြတာဖြစ်လို့ **ကိလေသဝဋ် ရှိနေသေးသရွေ့ ကမ္မဝဋ်က ရှိနေရဦးမှာပါ။**

ကမ္မဝဋ်ကို ပြုလုပ်လျှင် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ-မရဏ ဖြစ်တာပါပဲ။ ဇာတိ၊ ဇရာ-မရဏနှင့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာသည် အတူတူပင် ဖြစ်သော်လည်း အင်္ဂါ (၁၂) ပါးကို ဝဋ်သုံးပါးနှင့် ခွဲသည့်အခါမှာ အင်္ဂါ (၁၂) ပါး ပြည့်စုံအောင်လို့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ-မရဏဟု ခုနစ်ခုစလုံးကို ထည့်ရခြင်း ဖြစ်သည်။ ထို့

http://www.dhammadownload.com



ကြောင့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ-မရဏ ထို ခုနစ်ပါးကို **ဝိပါကဝဋ္ဋ** ခေါ် ရ၏။

ထို့ကြောင့် ဝဋ္ဋသုံးပါးမှာ -

| | | |
|---|---|---|
| ကိလေသဝဋ္ဋက | - | အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်။ |
| ကမ္မဝဋ္ဋက | - | သင်္ခါရ၊ ကမ္မဘဝ။ |
| ဝိပါကဝဋ္ဋက | - | ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ-မရဏ။ |

ထိုဝဋ္ဋသုံးပါးတွင် ကိလေသဝဋ္ဋကြောင့် ကမ္မဝဋ္ဋဖြစ်၍ ကမ္မဝဋ္ဋကြောင့် ဝိပါကဝဋ္ဋဖြစ်ပြီး ဝိပါကဝဋ္ဋမှ တစ်ဖန် ကိလေသဝဋ္ဋနှင့် ကမ္မဝဋ္ဋတို့ ပေါ် ထွက်ကြပြန်ခြင်းကြောင့် သံသရာအဆုံးမရှိနိုင်ပေရကား - ဗုဒ္ဓတရားတော်၏ လိုရင်းအကျဉ်းချုပ်ဖြစ်သော ကိလေသာပယ်သတ်ရေးကို ဦးစားပေးရန် ဖြစ်သည်။ ကိလေသာမရှိလျှင် ကမ္မဝဋ္ဋမရှိနိုင်သလို ဝိပါကဝဋ္ဋလည်း မဖြစ်နိုင်တော့ပါ။ **ဘုရားရှင်၏ ဗုဒ္ဓလမ်းစဉ်သည် ကံသတ်ရေးဝါဒ မဟုတ်ပါ။ ကိလေသာပယ်သတ်ရေးဝါဒသာ ဖြစ်သည်။**

ဘုရားရှင်လက်ထက်က ကံကုန်သွားလျှင် နိဗ္ဗာန်ရမည်ဆိုပြီး ကုသိုလ်ကံလည်း မလုပ်၊ အကုသိုလ်ကံလည်း မလုပ်သည့် အယူဝါဒတွေ ပေါ် ခဲ့သည်။ ကံမလုပ်ဘဲ နေရုံနှင့်လည်း ကံမကုန်နိုင်ပါ။ ကိလေသာကို ပယ်နိုင်သည့် ကိလေသာကုန်ရာကုန်ကြောင်းဖြစ်သည့် ကုသိုလ်ကိုလုပ်မှ ကံကုန်မှာပါ။ ကုသိုလ်လည်း မလုပ်၊ အကုသိုလ်လည်း မလုပ်ရုံနှင့်တော့ မဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင်သေးပါ။ ဗုဒ္ဓဘာသာတရားသည် ကံကို ပယ်သတ်သည့်ဝါဒ မဟုတ်ပါ။

အရေးကြီးတာက ဘဝတဏှာ ကိလေသာမရှိလျှင် ကံက အကျိုးမပေးပါ။ ဘုရားနှင့်ရဟန္တာတွေ ပြုသမျှကံတွေမှာ ထိုကိလေသာမရှိတော့သည့်အတွက်နောက်ဘဝပဋိသန္ဓေ အကျိုးမပေးတော့ပါ။ ကိလေသာဆိုသည့် ဘဝတဏှာ ရှိနေသေးသူများအဖို့တော့ ကံက အကျိုးပေးဦးမှာပါ။

ဗုဒ္ဓဝါဒက ကံကိုပယ်ဖို့ မဟုတ်ပါ။ ဘာကိုပဲဖြစ်ဖြစ် တစ်ခုခုဖြစ်ချင်ကြလို့ ပြုလုပ်နေကြသည့် ကုသိုလ်ကံ၊ အကုသိုလ်ကံတွေ၏အကြောင်းရင်းမှာ ကိလေသာကသာ အရင်းခံဖြစ်၏။ အဋ္ဌကထာဆရာများက ဗုဒ္ဓဝါဒကို ခြင်္သေ့နှင့် တူကြောင်း ပြဆို၏။ ထိုခြင်္သေ့ဥပမာတွင် ခြင်္သေ့သည် ရန်သူပစ်လိုက်သည့် လက်နက်ကျည်ဆံတွေကို လိုက်ပြီး ခုခံတာ မဟုတ်ဘဲ ထိုလက်နက်ကျည်ဆံလာရာ အရင်းခံနေရာကို

http://www.dhammadownload.com



အကဲခတ်ပြီး လက်နက်ကျည်ဆံလာရာ ထိုအရင်းခံနေရာကို ပြေး၍ ခုန်အုပ်သကဲ့သို့၊ ဗုဒ္ဓဝါဒသည်လည်း အရင်းခံကျသည့် ကိလေသာကို ပယ်သည့်ဝါဒသာဖြစ်ကြောင်း ပြဆိုထားသည်။

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာသည် ဝိပါကဝဋ် ဖြစ်ရကား-ဝေဒနာဖြစ်လျှင် တဏှာဖြစ်မှာပါ။ တဏှာဖြစ်ပြန်လျှင်လည်း အဝိဇ္ဇာပါပြီးသား ဖြစ်လို့ ထိုအဝိဇ္ဇာနှင့် တဏှာသည် ကိလေသဝဋ်ပါ။

ဤသည်ကား ဝိပါကဝဋ်ကြောင့် ကိလေသဝဋ် ဖြစ်ခြင်းပင်။ တစ်နည်းအားဖြင့် ဝိပါကဝဋ်ထဲမှ ကိလေသဝဋ်ပေါ် သွားခြင်း၊ တစ်နည်းအားဖြင့် အကျိုးတရားထဲမှ အကြောင်းတရားပြန်၍ ပေါက်ပွားခြင်းပင် ဖြစ်လေရကား ပဋိစ္စသမုပ္ပါဒ်ကို မသိသေးသမျှ ကာလပတ်လုံး သံသရာမှ ထွက်မြောက်လမ်းကို မသိနိုင်သေးပါ။

မြတ်စွာဘုရားသည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး သံသရာမှ လွတ်မြောက်ကြောင်းလမ်းကို ရှာခဲ့ရာတွင် သတ္တဝါတွေကို ကယ်တင်ဖို့ ဆိုပြီး အသား၊ အသွေး၊ အသက်တွေပေးပြီး ဒါန၊ သီလ၊ ဘာဝနာ၊ လုပ်စရာတွေ အကုန် အားလုံး ပဲလုပ်ခဲ့သော်လည်း အဝိဇ္ဇာ၊ တဏှာနှင့်လုပ်နေတော့ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါ ကဝဋ် ထိုဝဋ်သုံးပါးနှင့်ပဲ လည်နေပေသည်။ နောက်ဆုံးဘုရားအဖြစ်သို့ ရောက်သည့်အခါမှ **"ဂဟကာရက ဒိဋ္ဌောသိ"** သတ္တဝါဆိုသည့် ခန္ဓာကိုယ်ကို တည်ဆောက်နေသည့် ကိလေသဝဋ်ဆိုသည့် **တဏှာယောက်ျား လက်သမား**၊ သင့်ကို ငါမြင်ပြီဟု ဝမ်းသာအားရ ဥဒါန်းကျူးနိုင်ပေတော့သည်။

ဝိပါကဝဋ်ကြောင့် ကိလေသဝဋ်ဆိုသည့် အဝိဇ္ဇာ၊ တဏှာပြန်ဖြစ်၍၊ အဝိဇ္ဇာ၊ တဏှာဆိုသည့် ကိလေသဝဋ်ဖြစ်လျှင်လည်း ကမ္မဝဋ်ဖြစ်မှာပါပဲ၊ ကမ္မဝဋ်ဖြစ်လျှင် ဝိပါကဝဋ်ပြန်ဖြစ်ဦးမှာမို့ ထိုသို့ မပြတ်လည်နေသည့် ပဋိစ္စသမုပ္ပါဒ် ဝဋ်သုံးပါး သဘောကို သိလျှင် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်သည့် နိဗ္ဗာန်ကို အနုမာနနည်းနှင့် အာရုံပြုနိုင်ပါလိမ့်မည်သာတည်း။

## ဥပါဒါန်ကြောင့် ဘဝဖြစ်ပုံ အပြည့်အစုံ

(မဟာစည်ဆရာတော်ဘုရားကြီး)

"ဥပါဒါန ပစ္စယာ ဘဝေါ" စွဲလမ်းမှု ဥပါဒါန်ကြောင့် ဘဝဖြစ်သည် ဆိုရာ၌ ကမ္မဘဝနှင့် ဥပပတ္တိဘဝဟူ၍ ဘဝနှစ်မျိုးရှိသည်။

http://www.dhammadownload.com



ကမ္မဘဝဆိုတာ ဘဝသစ်ဖြစ်ကြောင်း ကံတွေပါ။ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ ဆိုသည့် သင်္ခါရသုံးပါးသည် ကမ္မဘဝပါပဲ။ အတိုချုပ်အားဖြင့် ဆိုလျှင် ကမ္မဘဝဆိုတာ ဘဝသစ်ကို ဖြစ်စေတတ်သည့် ကုသိုလ်၊ အကုသိုလ်စေတနာတွေပါပဲ။

ဥပပတ္တိဘဝဆိုတာ ကံကြောင့်ဖြစ်သည့် ဘဝသစ်ရုပ်နာမ်ခန္ဓာတွေပါပဲ။ လူ့ဘဝ၊ နတ်ဘဝ၊ ပြဟ္မာဘဝ စသည်ဖြင့် ခေါ်ရသည့် ဘဝကြီးကိုးပါးအပြားရှိသော်လည်း တရားကိုယ်အားဖြင့်တော့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုသည့် အကျိုးဝိပါက် တရားငါးပါးသာတည်း။

စွဲလမ်းမှု ဥပါဒါန်ကြောင့် ဘဝဖြစ်သည်ဆိုရာမှာကမ္မဘဝကြောင့် ဥပပတ္တိဘဝပြန်ရတာမို့ ကမ္မဘဝက လိုရင်းပါ။

"ဖဿခြောက်ဖြာ၊ ဝေဒနာကြောင့်၊ တဏှာခြောက်တန်၊
ဥပါဒါန်နှင့်၊ ဖြစ်ရန်အကြောင်း၊ ကံဆင့်လောင်း၍"

ဟုဆိုသည့်အတိုင်း -

အာရုံခြောက်မျိုး အကောင်းအဆိုးနှင့် တွေ့ရလို့ အကောင်းအဆိုးခံစားမှုဝေဒနာခြောက်မျိုးဖြစ်ရ၏။ အကောင်းအဆိုးဝေဒနာတွေကို ခံစားရသည့်အတွက် တပ်မက်သာယာမှုတဏှာခြောက်မျိုးဖြစ်ရသည်။ ထိုတဏှာ ထက်သန်အားကောင်းလာသည့်အခါ စွဲလမ်းမှုဥပါဒါန်ဖြစ်လေရကား ကာမုပါဒါန်ဖြစ်လျှင် လိုချင်နှစ်သက်စရာ အာရုံဝတ္ထုတွေကို မရလျှင် မဖြစ်တော့ဘူးဆိုသည့်အနေ။ ရပြီးအာရုံဝတ္ထုဆိုလျှင်လည်း ငါ့ဥစ္စာ၊ ငါ့သား၊ ငါ့သမီး စသည့်အနေဖြင့် မစွန့်မခွါနိုင်အောင် တစွဲတလမ်းကြီးဖြစ်လာ၏။

လိုချင်နှစ်သက်စရာ အာရုံဝတ္ထုတွေကို မရလျှင်မဖြစ်တော့ဘူးဆိုသည့်အနေနှင့် စွဲလမ်းသော ကာမုပါဒါန် ဖြစ်လာလျှင် ထိုအာရုံတွေကို တစ်နည်းနည်းနဲ့မရရအောင်အား ထုတ်ပြုလုပ်တော့သည်ပင်၊ လောကမှာ ခိုးမှု၊ လုယက်မှု၊ လိမ်လည်မှု၊ မတရားပြုလုပ်မှု၊ သတ်မှု၊ ဖြစ်နေတာတွေသည် ထိုစွဲလမ်းမှုကြောင့် ချည်းပင်ဖြစ်ကြရကုန်၏။ တချို့ကာမုပါဒါန်ကြောင့် ဖြစ်ရသလို တချို့ဒိဋ္ဌုပါဒါန်သုံးမျိုးထဲကတစ်မျိုးမျိုးကြောင့် ဖြစ်ကြရ၏။

ဤသည်တို့ကား ဥပါဒါန်ကြောင့် ကမ္မဘဝဖြစ်ပုံသာတည်း။ ကာမုပါဒါန်ကြောင့် ဖြစ်သည့် အကုသိုလ်ကမ္မဘဝများဖြစ်ကြသည့်အတိုင်း ထိုအကုသိုလ်ကမ္မဘဝတွေ အကြောင်းညီညွတ်သည့်အခါ အပါယ်လေးဘုံ၌ ဘဝသစ် ဖြစ်စေပေသည်။

http://www.dhammadownload.com



ယခုဘဝတွင်ပဲ ကြီးပွားချမ်းသာအောင်ဖြစ်စေ၊ နောင်ဘဝများ၌ လူနတ်ချမ်းသာရအောင်ဖြစ်စေ ရည်ရွယ်ပြီး ဒါန၊ သီလ အစရှိသော ကုသိုလ်အမှုတွေကို ပြုလျှင် ကာမုပါဒါန်ကြောင့် ဖြစ်သည့် ကုသိုလ်ကမ္မဘဝတွေ ဖြစ်လေရကား၊ ထို ကုသိုလ်ကမ္မဘဝတွေ အကြောင်းညီညွတ်သည့်အခါ လူ့ဘဝမှာ ဖြစ်စေ၊ နတ်ပြည် ခြောက်ထပ်မှာ ဖြစ်စေ ဘဝသစ် ဖြစ်စေပေသည်။

## နဝမပျို့လင်္ကာ

## ၉။ ဥပါဒါန ပစ္စယာ ဘဝေါ

၉။ စွမ်းရည်ပြင်းထန်၊ ဥပါဒါန်ဖြင့်
ခန္ဓာဓမ္မ၊ ကိုယ်ကာယ၌
အတ္တအစွဲ၊ မြဲကြီးမြဲ၍
ရဲရဲရက်ရက်၊ ကိုယ့်အတွက်ကြောင့်
သက်သတ်, ခိုးမှု၊ စသည်ပြုလျက်
အကုသလ၊ ဓမ္မဆယ်တန် အပြစ်လျှံ၏။
တစ်ဖန်နောက်နှောင်း၊ ငါလျှင်ကောင်းစိမ့်
အကြောင်းရည်ရော်၊ အရှည်မျှော်လျက်၊
သူတော်ဓလေ့၊ ရသေ့ရဟန်း
လှူဒါန်းဝေငှ၊ ပဉ္စင်္ဂနှင့်
အဋ္ဌင်္ဂ၊ ဒသင်္ဂတည့်။
လေးလီပြဟ္မ၊ ဝိဟာရစျာန်
ဆယ်တန်ကသိုဏ်း၊ အလှိုင်းများစွာ
ဘာဝနာဟု၊ ဆယ်ဖြာပုည၊ ကုသလကို
လုံ့လကြိုးစား၊ ကောင်းမှုပွား၏။
နှစ်ပါးကုသိုလ်၊ အကုသိုလ်ဟု
ထိုထိုဘဝ၊ ဖြစ်သမျှ၌
ဗီဇ ပြည့်ဖြိုး၊ အမျိုးမျိုးကြောင့်၊
အကျိုးတရား၊ အရှည်ပွားသည်
နှစ်ပါးဘဝ၊ စွမ်းရည်တည်း။ ။(အရဆောင်လေ)။

http://www.dhammadownload.com



## နဝမပျို့လင်္ကာ – အကျဉ်းအစီပွားယ် သိမြင်လွယ်

## ၉။ ဥပါဒါန ပစ္စယာ ဘဝေါ

**(လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ်)**

ဗြဟ္မဇာလသုတ္တန် ဒေသနာတော်မြတ်ကြီးတွင် ဝေဒနာ (၆) မျိုး၊ အာယတန (၆) မျိုး၊ ဖဿ (၆) မျိုးကို (၆၂) ပါးသော ဒိဋ္ဌိတို့မှလွတ်ရန် တရားလမ်း ကြောင်း (တရားလမ်းပြ) အဖြစ် မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။

ဆဆက္ကသုတ္တန်ဒေသနာတော်မြတ်ကြီးတွင်လည်း ဝတ္ထု (၆) မျိုး၊ အာရုံ (၆) မျိုး၊ ဝိညာဏ် (၆) မျိုး၊ ဖဿ (၆) မျိုး၊ ဝေဒနာ (၆) မျိုး၊ တဏှာ (၆) မျိုးဆိုတဲ့ "(၃၆) တွေ နဝင်းကြေတရား" ကို မြတ်စွာဘုရားက မိန့်ကြားခဲ့ပြန်ပါတယ်။

အဲဒီတရားခြောက်စုံတို့ဟာ ဆိုင်ရာဆိုင်ရာ ဆက်သွယ်လျက် ရှိကြပါတယ်။ **စက္ခုဝတ္ထုဆိုတဲ့ ဓာတ်မှန်အကြည်၌ အဆင်းဓာတ်ထင်လာပါက** အဆင်းကို မြင်ခြင်းဆိုတဲ့ ဓာတ်ပေါ်ပါတယ်။ အဲဒီအခါမှာ အာရုံကို **တွေ့ထိ၍** အာရုံ၏ အရသာကို **ခံစားခြင်း၊ သာယာစွဲလမ်းခြင်းတို့** အဆက်ဆက် ဖြစ်ပေါ်လာပါတယ်။ ထို့အတူ သောတဝတ္ထု-နားအကြည် စသည်ဖြစ်ပွားပုံကိုလည်း သိနိုင်ပါတယ်။

အဆိုပါ **ပစ္စုပ္ပန်ဖြစ်စဉ် (၆) စုံမှ တစ်ဆင့် ဥပါဒါန်စသည် ဖြစ်ပွားတော့**တာပါပဲ၊ မျက်စိမှ အစပြုပြီး ဇာတိ၊ ဇရာ၊ မရဏ စသော ဝဋ္ဋဒုက္ခများသို့တိုင် အဆက်ဆက် ဖြစ်ပွားလာမှုကို **"ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်"** ဟုခေါ် ရတာပါ။ အဲဒီစက်ရဟတ်ကို ဘယ်သူတစ်ဦးတစ်ယောက်ကမျှ လည်ပတ်စေတာမဟုတ်ပါ။ **ဓမ္မတာအတိုင်း ဖြစ်ပေါ်မှုကြီးသာဖြစ်ပါတယ်။ "မျိုးစေ့" ရှိလျှင် "အပင်"ပေါက်လိမ့်မည်။ "မီး"ရှိလျှင် "အရှိန်"ရှိလိမ့်မည်ဆိုသလို အကြောင်းရှိက အကျိုးပေါ်ရမည်ဆိုတဲ့** အချက်ကို **"ပဋိစ္စသမုပ္ပါဒ်"** လို့ ခေါ်ရတာပါ။

ဤကိုယ်သဏ္ဍာန်အတွင်းမှာ ပစ္စုပ္ပန်ကာလမှာ ဆိုခဲ့တဲ့ တရားခြောက်ထွေ အဆက်အနွယ်မပျက် ဖြစ်၍နေပါက နောင်အနာဂါတ်နှင့်ဆိုင်သော အကျိုးတရားများ ဖြစ်ပွားပေါ် ပေါက်ကြမြဲ ဖြစ်ပါတယ်။

ဖြစ်ပွားပုံက တဏှာတရားဖြစ်လာပြီဆိုလျှင် အပြင်းအထန် စွဲလမ်းခြင်းဆိုတဲ့ ဥပါဒါန်တရား ဖြစ်လာပါလိမ့်မယ်။ ဥပါဒါန်ဖြစ်လာပြီဆိုလျှင် သုစရိုက်၊ ဒုစရိုက်၊ ကောင်းဆိုးနှစ်တန်စရိုက်ဆိုးကောင်းဆိုတဲ့ ကံအမျိုးမျိုးတွေရယ်။ မကောင်းသူတို့လား

http://www.dhammadownload.com



ရာ ဒုဂ္ဂတိဘဝ၊ ကောင်းသူတို့လားရာ သုဂတိဘဝ၊ ဆိုတဲ့ ဘဝအမျိုးမျိုး ဖြစ်လာပါလိမ့်မယ်။ ကံမြောက်အောင်စီရင်သော ကမ္မဘဝအမျိုးမျိုး၊ ဘုံဘဝအမျိုးမျိုးရှိနေပါက ဇာတိ-ပဋိသန္ဓေလေးမျိုး ဖြစ်ပေါ်လာပါမည်။

ပဋိသန္ဓေနေခြင်း ဇာတိတရားရှိပါလျှင် အို၊ နာ၊ သေ စိုးရိမ်၊ ပူဆွေးစတဲ့ ဝဋ်ဒုက္ခတရား အစဉ်မပြတ် ဖြစ်ပွားနေပါလိမ့်မည်။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက-

"စွမ်းရည်ပြင်းထန်၊ ဥပါဒါန်ဖြင့်၊ ခန္ဓာဝမ္မ၊ ကိုယ်ကာယ၌၊ အတ္တအစွဲ၊ မြဲကြီးမြဲ၍၊ ရဲရဲရက်ရက်၊ ကိုယ့်အတွက်ကြောင့်၊ သက်သတ်, ခိုးမှု စသည်ပြုလျက်၊ အကုသလ၊ ဝမ္မဆယ်တန်၊ အပြစ်လျှံ၏။"

အစွဲပြင်းထန်တော့ သက်သတ်ခိုးမှု စသည်ပြု၍ အသက်မွေးကြတယ်။

"တစ်ဖန်နောက်နှောင်း၊ ငါလျှင်ကောင်းစိမ့်၊ အကြောင်းရည်ရော်၊ အရှည်မျှော်လျက်၊ သူတော်ဝေလေ့၊ ရသေ့ရဟန်း၊ လှူဒါန်းဝေငှ၊ ပဥ္စင်္ဂနှင့်အဋ္ဌင်္ဂ၊ ဒသင်္ဂ တည့်၊ လေးလီပြဟ္မ၊ ဝိဟာရစျာန်၊ ဆယ်တန်ကသိုဏ်း၊ အလှိုင်းများစွာ၊ ဘာဝနာဟု၊ ဆယ်ဖြာ ပုည၊ ကုသလကို၊ လုံ့လကြိုးစား၊ ကောင်းမှုပွား၏။"

ကာမုပါဒါန်ကြောင့် ကာမာဝစရ ဒါန၊ သီလ၊ ဥပေါသထကုသိုလ်။ အတ္တဝါဒုပါဒါန်ကြောင့် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ် ကမ္မဘဝ ဖြစ်ပါတယ်။

"နှစ်ပါးကုသိုလ်၊ အကုသိုလ်ဟု၊ ထိုထိုဘဝ၊ ဖြစ်သမျှ၌၊ ဇီဇပြည့်ဖြိုး၊ အမျိုးမျိုး ကြောင့်၊ အကျိုးတရား၊ အရှည်ပွားသည်၊ နှစ်ပါးဘဝ၊ စွမ်းရည်တည်း။"

တန္ဆေဝင်ပူးသူကဲ့သို့ စိတ်ညံ့စိတ်ကောင်း၊ စေတနာညံ့စေတနာကောင်း တွေ၊ သူ့အခွင့်နှင့်သူ ဆိုက်တိုက်ရာ, ဆိုက်တိုက်ရာ ကိုယ်သဏ္ဍာန်မှာ ဖြစ်ပေါ်လာကြပါတယ်။ အဲဒါတွေ အားလုံးဟာ အာဂန္တုကဓာတ်၊ ပဋိစ္စသမုပ္ပါဒ်မျိုးတို့ ဖြစ်ပါတယ်။

အဲဒီက ဆက်ပြီးတော့ ဖြစ်တဲ့ ဇာတိ စသည်တို့နှင့် ပတ်သက်ပြီး

"ဘဝစွမ်းရည်၊ ကံနှစ်ထွေကြောင့်၊ သဗ္ဗေသတ္တာ၊ သတ္တဝါတို့၊ ဖြစ်ရာဘဝ၊ ဆုံးပြန်ကလည်း ဧကစတု၊ ငါးခုခန္ဓာ၊ ကံချရာ၌ ဓမ္မတာစစ် သစ်တလဲလဲ အနဲနဲလျှင် ဖြစ်မြဲဇာတိ၊ သန္ဓေငြိ၍" စသည်ဖြင့် ဘဝကြောင့် ဇာတိဖြစ်ပုံ၊ ဇာတိကြောင့် ဇရာ-မရဏ ဖြစ်ပုံတို့ကို ဆက်လက်သီကုံး၍ ဆုံးမတော်မူပါတယ်။

အဲဒီနောက် "သန္ဓေဇာတိ၊ ခန္ဓာရှိက၊ ဉာတိ, ဘောဂ၊ စသည်သင်းပင်း၊ ကွေ ကွင်းခြင်းနှင့်၊ မကင်းစသာ၊ ကြုံကြိုက်လာသော်၊ ပူဆာသောက၊ ယူတငိုကြွေး၊ သက်

http://www.dhammadownload.com



မွေးဝန်ထမ်း၊ ပူချမ်းဒုက္ခ၊ အနိဋ္ဌကြောင့် စိတ်ကမကြည်၊ မဆည်ငင်ရှိုက် အလှိုက်အလှဲ ဆင်းရဲငါးပါး၊ အကျဉ်းအားတည်း၊ ကျယ်ပွားအနန္တ၊ တွေ့ကြုံရသည်၊ မူလဇာတိ အနှုန်းတည်း" ဆိုတဲ့ ဒုက္ခတုံး၊ ဒုက္ခခဲတွေ ဖြစ်လာရပြန်ပါတယ်။

အဲဒီဒုက္ခတွေဟာ သတ္တဝါမဟုတ်၊ ရုပ်နာမ်အတုံးအခဲတွေသာ ဖြစ်ပါတယ်။ အားလုံးဖြစ်သမျှဒုက္ခတွေဟာ **ပစ္စုပ္ပန်မှာ (၆)မျိုး(၆)ထွေကို မမြင်နိုင်ကြ၊ မရှုနိုင်ကြလို့**ပါပဲ။

မျက်စိအကြည်နဲ့ အဆင်းအာရုံ ထိခိုက်လျှင် မြင်သိစိတ် ဖြစ်ပေါ်လာပါတယ်။ မည်သူမှ မတားဆီးနိုင်ပါ။ မြင်မှုဖြစ်လာလျှင် ခံစားမှု၊ သာယာမှုတွေ ဖြစ်လာပါတယ်။ မြတ်နိုးဖွယ်၊ နှစ်သက်ဖွယ် အာရုံကို မြင်လျှင် တပ်မက်မှုတဏှာဖြစ်လာပါတယ်။ကိုယ်သဘောမကျတဲ့အာရုံကို မြင်ပါက စိတ်မသက်သာ၊ နှလုံးနာတတ်ကြပါတယ်။

သာယာမှုတွေ ဖြစ်ပေါ်လာလျှင် လောဘနှင့်ဆိုင်တဲ့ အကုသိုလ်ကံတွေ ဖြစ်လာတတ်ပါတယ်။ နှလုံးမသာယာမှု၊ အမျက်ထွက်မှု ဖြစ်လာသောအခါ ဒေါသနှင့်ဆိုင်သော အကုသိုလ်ကံတွေ ဖြစ်လာတတ်ပါတယ်။

အဲဒီအချိန်မှာ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရဖြစ်ပွားလာလျှင် ဒုဂ္ဂတိသံသရာကြီး ရှည်လျား၍ စည်ကားလာမည်မှာ အမှန်ဖြစ်ပါတယ်။

စက္ခုဝတ္ထုစသော ဝတ္ထု (၆) မျိုးမှ စက္ခုသမ္ဖဿဇာဝေဒနာ-မျက်စိအ တွေ့ကြောင့် ဖြစ်တဲ့ခံစားချက် စသော **ဝေဒနာတိုင်အောင် သဘောတရားများမှာ ပုည၊ အပုည ကွဲပြားခြင်းမရှိသေးပါ။** ဝေဒနာ-ခံစားချက် နောက်မှသာ ပဋိစ္စသမုပ္ပါဒ်နည်းအရ ပုညစခန်း၊ အပုညစခန်း လမ်းကွဲလာပါတယ်။

အယောနိသောမနသိကာရ-မသင့်မတင့်နှလုံးသွင်းတတ်တဲ့ ဓာတ်ခံရှိနေပါက **ဝေဒနာမှ စလို့ အပုညစခန်းကြီး** ဖွင့်တော့တာပါပဲ၊ ယောနိသော မနသိကာရ-**သင့်တင့်အောင်** နှလုံးသွင်းမှု လမ်းရိုးလမ်းမှန်အတိုင်း နှလုံးသွင်းမှုဓာတ်ခံရှိနေပါက **ပုညစခန်းကြီး** ပွင့်လာပါတယ်။ ကုသိုလ်လမ်းကြီး ပွင့်လာပါတယ်။

သဒ္ဓါတရားနှင့် ယောနိသောမနသိကာရသည် ပုညစခန်း၊ ပွင့်လန်းဖို့ အရင်းပဓာနကျပါတယ်။ ရူပါရုံနှင့် စက္ခုပသာဒ ထိခိုက်ကြ၍ မြင်သိဓာတ် ဖြစ်ပေါ်လာပြီး သာယာခြင်း၊ နှလုံးမသာယာခြင်းဘက်သို့ ယိမ်းယိုင်မသွားဘဲ၊ ကြည်ညိုခြင်း၊ ပေးလှူလိုခြင်း၊ သနားကြင်နာခြင်း စတဲ့တရားကောင်းတွေ ဖြစ်လာလျှင် ကုသိုလ်တရားတွေ ဖြစ်ပေါ်ပြီး ပုညာဘိသင်္ခါရ ကမ္မဘဝတွေ ဖြစ်လာပြန်ပါတယ်။

http://www.dhammadownload.com



ကုသိုလ်တရားတွေ ဖြစ်လာတော့ လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာ့ဘဝတွေ ဖြစ်လာလိမ့်မည်။ အဆိုပါ ဘဝတွေက ဇာတိစသည့် ဆိုးကျိုး ဆိုးပြစ်တွေဖြစ်လာလိမ့်မည်။ အဲဒီလို ဝဋ်သံသရာ လည်ပုံကို သိရမှာပါ။ အကုသိုလ်ဆိုင်ရာမှာ ဆိုကား ဒီထက်ဆိုးတဲ့ သံသရာဆိုး လည်ရမှာပါ။

ထို့ကြောင့် ဘုရားရှင်က ဘဝဆို ဘယ်ဘဝကိုမှ မချီးမွမ်းပါ။ အဘိဓမ္မာသဘော၊ ပဋိစ္စသမုပ္ပါဒ်သဘောတို့မည်သည် မျက်နှာကြီးငယ်မလိုက်တတ်ပါ။ သူ့ဖြစ် ရိုးဖြစ်စဉ် ဓမ္မတာအတိုင်း ဖြစ်လေ့ရှိကြပါတယ်။

ဘုရင်ဧကရာဇ်မင်းမြတ်ကိုလည်း ဘဝရှိ၍ ဇာတိမကင်းတဲ့အတွက် အို၊ နာ၊ သေစိုးရိမ်ပူဆွေးစိတ်မအေး စသည်တို့မှ မလွတ်နိုင်သည်ကို သိရာ၏။

သုံးဆယ်ခြောက်ထွေ တရားနေတို့၏ ဆက်နွှယ်နေပုံကို အောက်ဇယားပါအတိုင်း သိမြင်ရာ၏။

| ဝတ္ထု | အာရုံ | ဝိညာဏ် | ဖဿ | ဝေဒနာ | တဏှာ |
|---|---|---|---|---|---|
| စက္ခုဝတ္ထု | ရူပါရုံ | စက္ခုဝိညာဏ် | စက္ခု သမ္ဖဿ | စက္ခု သမ္ဖဿဇာ ဝေဒနာ | ရူပ တဏှာ |
| သောတဝတ္ထု | သဒ္ဒါရုံ | သောတဝိညာဏ် | သောတ သမ္ဖဿ | သောတ သမ္ဖဿဇာ ဝေဒနာ | သဒ္ဒ တဏှာ |
| ဃာနဝတ္ထု | ဂန္ဓာရုံ | ဃာနဝိညာဏ် | ဃာန သမ္ဖဿ | ဃာန သမ္ဖဿဇာ ဝေဒနာ | ဂန္ဓ တဏှာ |
| ဇိဝှါဝတ္ထု | ရသာရုံ | ဇိဝှါဝိညာဏ် | ဇိဝှါ သမ္ဖဿ | ဇိဝှါ သမ္ဖဿဇာ ဝေဒနာ | ရသ တဏှာ |
| ကာယဝတ္ထု | ဖောဋ္ဌဗ္ဗာရုံ | ကာယဝိညာဏ် | ကာယ သမ္ဖဿ | ကာယ သမ္ဖဿဇာ ဝေဒနာ | ဖောဋ္ဌဗ္ဗ တဏှာ |
| မနဝတ္ထု | ဓမ္မာရုံ | မနောဝိညာဏ် | မနော သမ္ဖဿ | မနော သမ္ဖဿဇာ ဝေဒနာ | ဓမ္မ တဏှာ |

http://www.dhammadownload.com



## နဝမပို့လက်ာအဖြေလွှာ

## ၉။ ဥပါဒါန ပစ္စယာ ဘဝေါ

(မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး)

သတ္တဝါတို့ သန္တာန်၌ ဥပါဒါန်အစွဲ ပြင်းထန်သောကြောင့် မိမိ၏ ခန္ဓာဓမ္မ ကိုယ်ကာယ၌ အတ္တအစွဲ (သက္ကာယဒိဋ္ဌိ = အတ္တဝါဒုပါဒါန်) မြဲသည်ထက် မြဲ၍လာသည်။ ထိုသို့မြဲခိုင်၍လာသောကြောင့် ကိုယ့်အတွက်သာ တစ်သက်လျာ - တစ်ခဏမျှ ချမ်းသာရေးကို ရှေးရှု၍ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးယူခြင်း အစရှိသော အကုသိုလ် ကမ္မပထဆယ်ပါးတည်းဟူသော အကုသိုလ်ကမ္မဘဝ အပြစ်များ ဖြစ်ပွားလာလေသည်။

ဤကိုယ်ခန္ဓာ ပစ္စုပ္ပန်ဘဝ၌ ချမ်းသာသကဲ့သို့ နောက်နောင်ဘဝ၌ ချမ်းသာဖို့ရန် အကြောင်းရှည်ရော် အရှည်မျှော်၍ သူတော်ကောင်းတို့၏ အလေ့အကျင့်ဖြစ်သော ဒါန၊ သီလ၊ ဘာဝနာ - လောကီဘဝဂါမိ ကုသိုလ်များကို လုံ့လကြိုးစား အားထုတ်သဖြင့် ကာမကုသိုလ်၊ ရူပကုသိုလ်၊ အရူပကုသိုလ်တည်းဟူသော ကုသိုလ် ကမ္မဘဝတရား ဖြစ်ပွားလာလေသည်။

ဤအကုသိုလ် ကမ္မပထဆယ်ပါးတည်းဟူသော အကုသိုလ် ကမ္မဘဝ။ ဒါန၊ သီလ၊ ဘာဝနာ - လောကီဘဝဂါမိ ကုသိုလ်တည်းဟူသော ကုသိုလ်ကမ္မဘဝ၊ ဤနှစ်ပါးတို့ကို ကမ္မဘဝဟူ၍ ခေါ်၏။

ထိုကမ္မဘဝကြောင့် ထိုက်သင့်ရာရာ ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံတို့၌ ဝိပါက် နာမ်ခန္ဓာနှင့် ကမ္မဇရုပ်များ ဖြစ်ပွားလာလေသည်။ ထိုဝိပါက်နာမ်ခန္ဓာ ကမ္မဇရုပ်များကို ဥပပတ္တိဘဝဟူ၍ ခေါ်၏။ (လောကီကုသိုလ်၊ အကုသိုလ် ကမ္မပထ တရားများသည် ဥပပတ္တိဘဝကို ဖြစ်စေတတ်သောကြောင့် ဘဝမည်ကြ၍ ဝိပါက်နာမ်ခန္ဓာ၊ ကမ္မဇရုပ် တို့မှာ ကမ္မဘဝ၏ အကျိုးအနေဖြင့် ဖြစ်ပွားတတ်သောကြောင့် ဘဝမည်ကြသည်။)

http://www.dhammadownload.com



# နဝမပျို့လင်္ကာ အဖြေလွှာ

## ၉။ ဥပါဒါန ပစ္စယာ ဘဝေါ

(လယ်တီဆရာတော်ဘုရားကြီး)

"စွမ်းရည်ပြင်းထန်၊ ဥပါဒါန်ဖြင့်၊ ခန္ဓာဓမ္မ၊ ကိုယ်ကာယ၌၊ အတ္တအစွဲ၊ မြဲကြီးမြဲ၍၊ ရဲရဲရက်ရက်၊ ကိုယ့်အတွက်ကြောင့်၊ သက်သတ်, ခိုးမှု၊ စသည်ပြုလျက်၊ အကုသလ၊ ဓမ္မဆယ်တန်၊ အပြစ်လျှံ၏"

ဟူသော လင်္ကာဝါကျ၌ -

ဒုစရိုက်ဆယ်ပါးသည် ကမ္မဘဝမည်၏။ ထိုဆယ်ပါးတွင် **ပါဏာတိပါတမှု** သည် -

(၁) **ကာမုပါဒါန်အတွက်ကြောင့်ဖြစ်သော ပါဏာတိပါတမှု**

(၂) **အတ္တဝါဒုပါဒါန်အတွက်ကြောင့်ဖြစ်သော ပါဏာတိပါတမှု**

ဟူ၍ နှစ်မျိုးရှိ၏။

### ဥပါဒါန်ကြောင့် အကုသလကမ္မဘဝ ဖြစ်ပုံ

မိမိ၏ စည်းစိမ်ဥစ္စာကို ယူသည့် ဖျက်ဆီးသည့်အတွက်ကြောင့်လည်း ကောင်း၊ သူတစ်ပါး၏ သက်မဲ့စည်းစိမ်ကို ရယူလိုသည့်အတွက်ကြောင့် လည်းကောင်း၊ မုဆိုးမှု တံငါမှုပြု၍ သားမယားစည်းစိမ်ကို မွေးမြူလိုသည့်အတွက်ကြောင့် လည်း ကောင်း သူ့အသက်ကို သတ်ကြသောအမှုသည် **ကာမုပါဒါန်အတွက်နှင့် သတ်မှုပေတည်း**။ မိမိကိုယ်ကို ထိပါးစော်ကား ပြိုင်ဆိုင်သည်ကို မခံလို၍ သတ်မှုသည် **အတ္တဝါဒုပါဒါန် အတွက်နှင့် သတ်မှုပေတည်း**။ (သူ့ဥစ္စာခိုးမှု၊ ဗှက်မှု အစရှိသော ကြွင်းဒုစရိုက် ကိုးပါး တို့၌လည်း ဤနည်းတူသိလေ။)

ကာမေသုမိစ္ဆာစာရနှင့် အဘိဇ္ဈာတို့မှာ **ကာမုပါဒါန်ကြောင့်**။ မိစ္ဆာဒိဋ္ဌိမှာ **အတ္တဝါဒုပါဒါန်နှင့် ဒိဋ္ဌုပါဒါန်တို့ကြောင့် ဖြစ်၏**။

ဤသို့လျှင် ကိုယ်တွင်း၌ စွဲလမ်းပြင်းထန် ဥပါဒါန်ရှိမှုသာလျှင် ဒုစရိုက်ကိုပြု ကြကုန်၏။

http://www.dhammadownload.com



## ဥပါဒါန်ကြောင့် ကုသလကမ္မဘဝဖြစ်ပုံ

ယခုဘဝ၌ ကာမဝတ္ထုတို့၌ တွယ်တာသော ကာမုပါဒါန် ရှိနေကုန်သော သူတို့အား နောင်ဘဝအဆက်ဆက်တို့ကို လှမ်းမျှော်၍ တွယ်တာတောင့်တသော ကာမုပါဒါန်တရား ထင်ရှားရှိနေရကား - ယခုဘဝ၌ မည်သည့်အလှူကို လှူကြလျှင်အဘယ်မျှလောက် ကြီးကျယ်စွာသော **လူ့စည်းစိမ်၊ နတ်စည်းစိမ်**ကို ရနိုင်သည်ဟူ၍ လောကီချမ်းသာနှင့် စပ်သော ဒါနကုသိုလ် အကျိုးကို ကြားနာရသောအခါ **ကာမုပါဒါန်လှုံ့ဆော်မှုကြောင့်** ထိုအလှူကို လှူဒါန်းလိုသော သဒ္ဓါ၊ ဆန္ဒကပ်ကြကုန်၏။ လှူဒါန်းကြကုန်၏။ ငါးပါး၊ ရှစ်ပါးသီလအကျိုးကို ကြားနာရ၍ ကာမုပါဒါန်လှုံ့ဆော်မှုကြောင့် သီလသီတင်း စောင့်ထိန်းကြရာ၌လည်း ထို့အတူပင်တည်း။ (ဤကား ကာမုပါဒါန်ကြောင့် ကာမာဝစရ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဥပေါသထကုသိုလ်မှုဟု ဆိုအပ်သော ကုသလကမ္မဘဝဖြစ်ပုံတည်း။)

ဒါန၊ သီလကုသိုလ် ပြုပြီးမှ နောက်နောက်ဘဝ၌ **အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း** ဟူသော ကောင်းကျိုးတရားငါးပါးနှင့် ပြည့်စုံသော လူအဖြစ်၊ နတ်အဖြစ်ကို ရသည်ဟု ကြားနာရသောအခါ **အတ္တဝါဒုပါဒါန် လှုံ့ဆော်မှုကြောင့်** ထိုကဲ့သို့သော အကျိုးကို ရခြင်းငှာ ဒါနကုသိုလ်၊ သီလကုသိုလ်ကို ပြုကြရကုန်၏။ ဗြဟ္မဝိဟာရဘာဝနာ၊ ကသိုဏ်းဘာဝနာများဖြင့် ကမ္ဘာများစွာ အသက်ရှည်သည့် ရူပဗြဟ္မာ၊ အရူပဗြဟ္မာအဖြစ်ကို ရသည်ဟု ကြားနာရသောအခါ **အတ္တဝါဒုပါဒါန် လှုံ့ဆော်မှုကြောင့်** ထိုအဖြစ်ကို ရလိုကြ၍ ထိုဘာဝနာတရားကို ပွားများအားထုတ်ကြကုန်၏။ ရသော်၊ ရဟန်း ပြုကြကုန်၏။ (ဤကား အတ္တဝါဒုပါဒါန်ကြောင့် ဒါန၊ သီလ၊ ဘာဝနာ ဟူသော ကုသိုလ်ကမ္မဘဝတရား ဖြစ်ပွားပုံတည်း။)

## ဘောဂသမ္ပတ္တိသည် ကာမုပါဒါန်၏ အာဟာရ

စိတ်နှလုံး၌ ကာမုပါဒါန်ဓာတ်ခံရှိကုန်သော သူတို့အား၊ **လောကီစည်းစိမ်** ဟု ဆိုအပ်ကုန်သော ဘောဂသမ္ပတ္တိ ကာမဂုဏ်အဆောက်အအုံတို့ကို ရှမ်းရှမ်းစိုကြားနာကြရကုန်သည်ရှိသော် နတ်ရှူးနာရှိသူတို့အား ဆိုင်းသံ၊ ဗုံသံကြားသည်ရှိသော် ခဏချင်း စိတ်ကြွ၍ ထသကဲ့သို့ ခဏချင်း **ကာမုပါဒါန် လှုံ့ဆော်ထကြွလာ၏။**

http://www.dhammadownload.com



## ဘဝသမ္ပတ္တိသည် အတ္တဝါဒုပါဒါန်၏ အာဟာရ

စိတ်နှလုံး၌ 'ငါ, ငါ' ဟူသော သညာ၊ စိတ္တ၊ သက္ကာယဒိဋ္ဌိခါတ်ဆိုးခါတ်ဝါးရှိကုန်သော သူတို့အား **အသက်ရှည်ခြင်း၊ အဆင်းလှခြင်း** အစရှိသော **ဘဝသမ္ပတ္တိစကားကို** ကြားရသည်ရှိသော် **ဘဝတဏှာနှင့်** တကွသော သညာဝိပလ္လာသ၊ စိတ္တဝိပလ္လာသ၊ ဒိဋ္ဌိဝိပလ္လာသတရားတို့သည် ခဏချင်း လှုံ့ဆော်ထကြွ၍ လာကုန်၏။

"ဘောဂသမ္ပတ္တိ" သည် - **ကာမုပါဒါန်၏ အစာအာဟာရပေတည်း။**

"ဘဝသမ္ပတ္တိ" သည် - **အတ္တဝါဒုပါဒါန်၏ အစာအာဟာရပေတည်း။**

"မီး" မည်သည်၊ "ရေနံဆီ" အစရှိသော "ဆီမီးစာ" နှင့်တွေ့လျှင် ခဏချင်း တောက်၍ထသကဲ့သို့ **ဘောဂသမ္ပတ္တိအသံကို ရွှဲရွှဲစိုကြားရလျှင် ကာမုပါဒါန်မီး တောက်၍ ထ၏။ ဘဝသမ္ပတ္တိအသံကို ကြားရလျှင် ရွှဲရွှဲစို အတ္တဝါဒုပါဒါန်မီး တောက်၍ ထ၏။** နှစ်ရှည်လများ ဆည်းပူးစောင့်ထိန်း၍လာခဲ့သော တစ်ရာ၊ တစ်ထောင်၊ တစ်သောင်း၊ တစ်သိန်းစသော ရွှေ၊ ငွေ၊ ရတနာ ဥစ္စာပစ္စည်းတို့ကိုပင် အကုန်အစင် လှူဒါန်း လိုသော စိတ်ဖြစ်၍လာ၏။ သီလသီတင်း စောင့်ထိန်းလိုသော စိတ်ဖြစ်၍ လာ၏။ ရဟန်းပြုလိုသောစိတ် ဖြစ်၍လာ၏။ စိတ်ဖြစ်သည့်အတိုင်းလည်း အသက်ထက်ဆုံး တတ်စွမ်းသမျှ အားထုတ်ကြကုန်၏။

ဤသည်ကိုရည်၍-

"တစ်ဖန်နောက်နှောင်း၊ ငါလျှင်ကောင်းစိမ့်၊ အကြောင်းရည်ရော်၊ အရှည်မျှော်လျက်၊ သူတော်ဓလေ့၊ ရသေ့ရဟန်း၊ လှူဒါန်းဝေငှ၊ ပဉ္စင်္ဂနှင့်အင္ဂအင်္ဂါ၊ ဒသင်္ဂါတည့်၊ လေးလီပြဟ္မ၊ ဝိဟာရစျာန်၊ ဆယ်တန်ကသိုဏ်း၊ အလှိုင်းများစွာ၊ ဘာဝနာဟု၊ ဆယ်ဖြာပုညာ၊ ကုသလကို၊ လုံ့လကြိုးစား၊ ကောင်းမှုပွား၏" ဟူ၍ ဆိုပေသည်။

"ကမ္မ ဘဝ" ဟူသော စကား၌ ဘဝဆိုသည်ကား ဖြစ်သည်၊ ပွားသည်ကို ဆိုလို၏။ ကုသိုလ် ဖြစ်သည်၊ အကုသိုလ် ဖြစ်သည်။ ကုသိုလ်ပွားသည်၊ အကုသိုလ်ပွားသည် ဟူလိုသတည်း။

လောက၌ခပ်သိမ်းသော သတ္တဝါတို့အား-

- ကိုယ်အင်္ဂါလှုပ်ရှား၍ ပြုသမျှသော "ကာယကံမှု"၊
- နှုတ်အင်္ဂါလှုပ်ရှား၍ ပြောသမျှသော "စကားမှု"၊
- စိတ်ထဲတွင် ကြံစည်သမျှသော "စိတ်အမှု" တို့သည် -

ကုသိုလ်သော် လည်း ဖြစ်ရမည်။ အကုသိုလ်သော်လည်း ဖြစ်ရမည်။

http://www.dhammadownload.com



ကောင်းသောနှလုံးသွင်းဖြစ်အံ့ -"ကုသိုလ်" ဖြစ်၏။

မကောင်းသော နှလုံးသွင်းဖြစ်အံ့ -"အကုသိုလ်" ဖြစ်၏။

ဤသို့သော ကုသိုလ်ဖြစ်မှု၊ အကုသိုလ်ဖြစ်မှုကို "ဘဝ" ဆိုသည်။

## ကမ္မဘဝတွင် ကမ္မပထမြောက်, မမြောက်နှစ်မျိုးကွဲပြားရှိ

ထိုဘဝဟု ဆိုအပ်သော ကုသိုလ်ဖြစ်မှု၊ အကုသိုလ်ဖြစ်မှုသည်လည်း၊ နောင် ပဋိသန္ဓေအကျိုးကို ပေးနိုင်လောက်အောင် အစွေ၊ အဆံအောင်မာသောအမှုလည်း ရှိသည်။ မအောင်မာသော အမှုလည်း ရှိသည်။ အကုသိုလ်အရာ၌ ပါဏာတိပါတ အစရှိသော အကုသလကမ္မပထဆယ်ပါးသည် အောင်မာသောအကုသိုလ်မှုတည်း။ ကုသိုလ်အရာ၌ ကုသလကမ္မပထဆယ်ပါးသည် အောင်မာသောကုသိုလ်မှုတည်း။

ဤ"ဥပါဒါန ပစ္စယာ ဘဝေါ" ဟူသောပုဒ်၌ကား အောင်မြင်သည် ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ၊ ကုသိုလ်, အကုသိုလ်မှုအလုံးစုံကိုပင် လိုအပ်၏။ အလုံးစုံ သည်ပင် ဥပါဒါန်ကို အစွဲပြု၍ ဥပါဒါန်ရှိနေသည့်အတွက်ကြောင့် ဖြစ်ရ၏။

"ဘဝ ပစ္စယာ ဇာတိ" ဟူသော နောက်ပုဒ်၌ကား-ကမ္မပထမြောက်သော ကုသိုလ်မှု၊ အကုသိုလ်မှုကိုသာ လိုအပ်၏။

တစ်ယောက်၊ တစ်ယောက်သော သတ္တဝါတို့၏ ခန္ဓာအစဉ်၊ ဘဝအစဉ်တို့ သည်လည်း၊ ရှေးရှေးဘဝတို့၌ အသီးအစေ့နှင့်တူသော ကုသိုလ်အမှု၊ အကုသိုလ်အမှု ကုသိုလ်တရား၊ အကုသိုလ်တရားတို့သည် တစ်ဘဝလုံး ဖြစ်ထွန်းပွားများကုန်၍ ထို ကုသိုလ်မျိုးစေ့၊ အကုသိုလ်မျိုးစေ့တို့မှ နောက်နောက်ဘဝ၊ နောက်နောက်ခန္ဓာတို့ သည် အနမတဂ္ဂသံသရာ ဘဝအဆက်ဆက် ဖြစ်ပွားနေကြကုန်၏။

ဤသည်ကိုရည်၍-

"နှစ်ပါးကုသိုလ်၊ အကုသိုလ်ဟု ထိုထိုဘုံဘဝ၊ ဖြစ်သမျှ၌ ဗီဇပြည့်ဖြိုး၊ အမျိုး မျိုးကြောင့်၊ အကျိုးတရား၊ အရှည်ပွားသည်၊ နှစ်ပါးဘဝ၊ စွမ်းရည်တည်း"

ဟူ၍ဆိုပေသည်။

ထိုကုသိုလ်ဖြစ်မှု၊ အကုသိုလ်ဖြစ်မှု ဟူသော ဘဝနှစ်ပါးတွင် အကုသိုလ်ဖြစ် မှု၌ သူ့အသက်ဖျက်ဆီးလိုသော စိတ်၊ စေတနာ မည်သည် ကိုယ်သန္တာန်မှာ အမြဲရှိနေ သော ပုဂ္ဂိုလ်မျိုး၊ သတ္တဝါမျိုးမဟုတ်၊ ကာမုပါဒါန်အရေးအခွင့်၊ အတ္တဝါဒုပါဒါန် အရေး အခွင့်ကြုံကြိုက်၍ ထိုအခွင့်လှုံ့ဆော်၍ပေးမှ ပူးဝင်ကပ်ရောက်လာသော အာဂန္တု ဓာတ် ပဋိစ္စသမုပ္ပါဒ်မျိုးသာတည်း။ ထိုအခွင့်လှုံ့ဆော်မှု ချုပ်ငြိမ်းပြန်လျှင် ထိုပါဏာတိ

http://www.dhammadownload.com



ပါတ စိတ်စေတနာ အာဂန္တုဇာတ်သည် နှလုံးထဲ၌ မီးတောက်ပျောက်သကဲ့သို့ ဇာတ်၏ သေခြင်း၊ ဇာတ်၏ပျက်ခြင်းဖြင့် သေပျက်၊ ချုပ်ပျောက်လေ၏။ စိတ်ကောင်း၊စေတနာ ကောင်းဖြစ်ပေါ်၍ လာပြန်၏။ အဒိန္နဒါနစေတနာ အစရှိသော အဘိဇ္ဈာ၊ လောဘ၊ ဗျာပါဒ၊ ဒေါသ၊ မိစ္ဆာဒိဋ္ဌိတို့သည်လည်း ထို့အတူ သူ့အခွင့်နှင့် သူ့ ကိုယ် သန္တာန်မှာ ကပ်ရောက်လာကြသော အာဂန္တုဇာတ် ပဋိစ္စသမုပ္ပါဒ်မျိုးတို့ချည်းတည်း။

ကုသိုလ်ဖြစ်မှု၌လည်း ဒါနစိတ်၊ ဒါနစေတနာ၊ သီလစိတ်၊ သီလစေတနာ၊ ဘာဝနာစိတ်၊ ဘာဝနာစေတနာတို့လည်း ထိုနည်းတူ အာဂန္တုဇာတ် ပဋိစ္စသမုပ္ပါဒ် မျိုးတို့ ချည်းသာတည်း။ သူ့အခွင့်နှင့် သူဆိုက်တိုက်ရာ ကိုယ်သန္တာန်မှာ ဖြစ်ပေါ်လာကြသော အာဂန္တုဇာတ်၊ ပဋိစ္စသမုပ္ပါဒ်မျိုးတို့ချည်းသာတည်း။

## (၁၀) ဘဝ ပစ္စယာ ဇာတိ

### အရကောက်နှင့် သဘောသရုပ်ထင်လွယ် အဓိပ္ပာယ်

"ဖြစ်မှု၊ ရင့်မှု၊ ပျက်ဆုံးမှု၊ ဥပပတ္တိမှာ"

ဟူသော ပရမတ္ထသံခိပ်အရ -

ထိုထို ဘုံဘဝတို့၌ ဥပပတ္တိခန္ဓာတို့၏ ဖြစ်ပေါ်မှုကို - ဇာတိဆိုသည်။ ရင့်ရော် အိုမင်းမှုကို - ဇရာဆိုသည်။ ပျက်မှုကို - မရဏဆိုသည်။

(ဤအနာဂတ်ကာလ၌ ဖြစ်လတ္တံ့သော ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဤတရားငါးမျိုးကိုပင် ဥပပတ္တိဘဝလည်းခေါ်၏။ ထိုငါးပါးကိုပင် ဥပါဒ်၊ ဌီ၊ ဘင်ဟူသော ခဏငယ်သုံးချက်အလိုက် ဇာတိ၊ ဇရာ၊ မရဏ ခေါ်သည်ဟုအထူး မှတ်ရာ၏)

ဘဝကြောင့် ဇာတိဖြစ်သည်ဆိုရာ၌-ဘဝအရကမ္မဘဝကို ယူရမည်။ ကမ္မဘဝဟူသည်မှာ လောကီကုသိုလ်၊ အကုသိုလ်စိတ် (၂၉) ပါးတို့၌ ယှဉ်ကြသော စေတနာကံ (၂၉) ပါးပင်တည်း။

ဇာတိအရ လောကီဝိပါက် (၃၂) ပါး၊ ၎င်းတို့နှင့် ယှဉ်ကြသော စေတသိက်များနှင့် ကမ္မဇရုပ်တို့၏ ဖြစ်ခြင်း (ဥပါဒ်) ကို ကောက်ယူရမည်။ ထိုသို့ကောက်ယူသော အခါ အဟိတ်ပဋိသန္ဓေနှစ်ပါး၊ မဟာဝိပါက်ပဋိသန္ဓေရှစ်ပါး၊ ရူပါဝစရပဋိသန္ဓေ ခြောက်ပါး၊ အရူပါဝစရပဋိသန္ဓေ လေးပါး၊ ပေါင်းပဋိသန္ဓေ နှစ်ဆယ်တို့ ပါဝင်သွားကြ

http://www.dhammadownload.com



၏။ ထို့အပြင်ပဝတ္တိအခါ၌ ဖြစ်ကြသော ဝိပါက်စိတ်စေတသိက်များနှင့် ကမ္မဇရုပ်တို့လည်း ပါဝင်ကြ၏။

## ဘဝကြောင့် ဇာတိဖြစ်ပုံ - အကျဉ်းအဓိပ္ပာယ်

(မူလပဌာန်းဆရာတော်ကြီး ဦးနာရဒ)

ထိုထိုဘုံဘဝ၌ ဥပပတ္တိဝိပါက်ဝိညာဏ် ကမ္မဇရုပ်တို့ရှေးဦးစွာ ဥပါဒ်ခြင်း၊ ဖြစ်ခြင်း၊ ပဋိသန္ဓေနေခြင်းသည် ဇာတိမည်၏။ ဇာတိကို သင်္ခတဓမ္မတို့ ဖြစ်ပေါ်ကြောင်း တရားဟုဆိုရ၏။ ဤဝိပါက် ပဋိသန္ဓေနာမ်၊ ကမ္မဇရုပ်များသည် ကမ္မဘဝကြောင့် ဖြစ်ပေါ်ရ၏။

ဇာတိသုံးမျိုးရှိရာ-ဘဝတစ်ခုမှ စုတေပြီးနောက် ထိုထိုဘုံဘဝ၌ အစစွာ ဖြစ်ပေါ်ရမှု ပဋိသန္ဓေသည် **ဘဝသစ်ဇာတိ** မည်၏။

တစ်ထိုင်တွင်းမှာပင် သင်္ခတတရားတို့ အသစ်အသစ်၊ တစ်မျိုးမျိုးပြောင်းကာ အထူးထူးအထွေထွေ ဖြစ်ပေါ်မှုသည် **သန္တတိဇာတိ** မည်၏။

ခဏငယ်စဉ်အားဖြင့် ချုပ်ကာ၊ သင်္ခတဓမ္မတို့ အသစ်ဖြစ်ပေါ်မှုသည် ခဏိကဇာတိမည်၏။

## ဘဝကြောင့် ဇာတိဖြစ်ပုံ - မကျဉ်းမကျယ်အဓိပ္ပာယ်

(ဆရာကြီးဒေါက်တာမင်းတင်မွန်)

ဤဘဝ၌ ဒါန၊ သီလ၊ ဘာဝနာ ဟူသည့် ကာမာဝစရ ကုသိုလ် (ကမ္မဘဝ) ကိုဖြည့်ဆည်းထားသူသည် သေလွန်သောအခါ၌ လူ့ဘုံ၊ နတ်ဘုံဟူသော ကာမသုဂတိဘုံ၌ ဥပပတ္တိဘဝဖြစ်ရ၏။ လူ့ဘုံ၌ ပဋိသန္ဓေတည်စအချိန်ဝယ် (၁) မဟာဝိပါက်စိတ်ဟူသော ဝိညာဏ်၊ (၂) ဝိညာဏ်နှင့် ယှဉ်သော စေတသိက်နာမ်နှင့် (၃) အတူဖြစ်ဖက် ကမ္မဇကလပ် သုံးစည်းတို့သည် ပထမဦးဆုံးဖြစ်ကြ၏။ ထိုဝိညာဏ်၊ နာမ်ရုပ်တို့၏ တစ်ဘဝ၌ ပထမဦးဆုံး ဥပါဒ်ခြင်းကို "ဇာတိ" ဟုလည်းကောင်း "ပဋိသန္ဓေနေခြင်း" ဟုလည်း ကောင်း ခေါ်ဆိုကြ၏။ အခြားဘုံများ၌ ထိုက်သင့်သလို နာမ်ရုပ်တို့၏ ပထမဖြစ်ခြင်းကိုလည်း "ဇာတိ" ဟုပင် ခေါ်ဆိုရ၏။

ထိုဝိပါက်နာမ်နှင့်ကမ္မဇရုပ်များသည် ပစ္စုပ္ပန် ကမ္မဘဝ ကြောင့် နောက်ဘဝ၌ ဥပပတ္တိဘဝအနေဖြင့် ဖြစ်ကြရသော တရားများပေတည်း။ ထိုဥပပတ္တိဘဝ၏ အစဖြစ်ခြင်းကိုပင် 'ဇာတိ' ဟု ခေါ်ရကား ကမ္မဘဝမရှိလျှင် ဥပပတ္တိဘဝမရှိနိုင်။ ဥပပတ္တိဘဝဟူသည်မှာ ထိုထိုဘုံ၌ ဖြစ်ကြသော ဝိပါက်နာမက္ခန္ဓာနှင့် ကမ္မဇရုပ်များ ဖြစ်ရ

http://www.dhammadownload.com



ကား ထိုဥပပတ္တိဘဝမရှိလျှင် ဇာတိလည်း မရှိနိုင်ချေ။ ထို့ကြောင့် ဇာတိသည် ကမ္မဘဝနှင့် ဥပပတ္တိဘဝဟူသော ဘဝနှစ်မျိုးကြောင့်သာ ထင်ရှားရလေ၏။

ပဝတ္တိအခါ ဘဝင်စိတ်များအဖြစ် ဝိပါက်နာမက္ခန္ဓာတို့၏ ဆက်လက်ဖြစ်ပေါ်မှု၊ စက္ခုဝိညာဏ်၊ သောတဝိညာဏ်စသော ဝိပါက်နာမက္ခန္ဓာများနှင့် ကမ္မဇရုပ်များ ဆက်တိုက် ဖြစ်ပေါ်မှုတို့ကိုလည်း ဇာတိဟုပင် မှတ်ယူရမည်။

တစ်ဘဝအတွင်း ဖြစ်ပေါ်ကြသော ကုသိုလ်၊ အကုသိုလ်၊ ကြိယာ နာမက္ခန္ဓာများနှင့် ဥတုဇရုပ်၊ အာဟာရဇရုပ်များတို့၏ဖြစ်ခြင်းသည်လည်း သုတ္တန္တဘာဇနီယနည်း အရ ဇာတိတွင် မပါဝင်သော်လည်း အဘိဓမ္မာဘာဇနီယနည်းအရမူ ဇာတိတွင် ပါဝင်ကြသည်သာတည်း။

## ဘဝကြောင့် ဇာတိဖြစ်ပုံ - မကျဉ်းမကျယ်အဓိပ္ပာယ်

(ညောင်လေးပင်တောရဆရာတော်ဘုရားကြီး)

"ဘဝ ပစ္စယာ ဇာတိ" ဘဝကြောင့် ဇာတိဖြစ်သည် ဆိုတာ-

အကြောင်း ကမ္မဘဝကြောင့် အကျိုးဥပပတ္တိဘဝဟူသော ရုပ်ဇာတိ၊ နာမ်ဇာတိ ဖြစ်၏။ ဥပပတ္တိဘဝသည် အနာဂတ်အကျိုးဇာတိ၌ ပါဝင်၏။ ပေါ်လွင်အောင် ဆိုရလျှင် ကံကြောင့် ပဋိသန္ဓေဖြစ်သည်ဟု ဆိုလိုသည်။ အမြွာမွေးသူတို့မှာ မိဘ၊ သွေးသား၊ အစာ၊ ဥတု အကြောင်းအားလုံးတူမျှလျက် ရုပ်ပုံစသည် မတူခြင်းမှာ ကံမတူခြင်းမှတစ်ပါး အခြားအကြောင်းမရှိပါ။ ဤကား ကံကြောင့်ဆိုသည်ကို ထင်ရှားစေခြင်းပင်တည်း။

ဘဝထဲမှ ခွဲထွက်သည့် ကမ္မဘဝဆိုသည့် ကုသိုလ်၊ အကုသိုလ်ကို ပြုမိမှုဖြင့် ဘဝထဲမှ ခွဲထွက်သည့် ဥပပတ္တိဘဝဟူသော ဘဝကြီးကိုးပါးလည်း ခေါ်၊ ဇာတိလည်း ခေါ်သည့် ပဋိသန္ဓေသဘောတွေ ဖြစ်လာပေသည်။ ဥတု၊ အစာ၊ မိဘ၊ သွေးသား၊ တူသည့် အမြွာပူးပင်ဖြစ်စေ၊ အယုတ်အမြတ်တော့ ကွဲပြားလေရကား၊ ကံမတူလို့ကွဲပြားခြင်းပင် ဖြစ်ပေသည်။

ထိုပဋိသန္ဓေ ဇာတိဒုက္ခတွေ့ရခြင်းသည် မျိုးစေ့မှအပင် ပေါက်သလို ကမ္မဘဝမှ ပေါက်ဖွားသည်ဟု ချိန်ရွယ်ပြီး "ဘဝ ပစ္စယာ ဇာတိ" ဟုဟောပေသည်။

http://www.dhammadownload.com



## ဘဝကြောင့်ဇာတိဖြစ်ပုံ - မကျဉ်းမကျယ်အဓိပ္ပာယ်

(ဆရာကြီးဦးကျော်ထွတ်)

ပုဂ္ဂိုလ်၊ ဘဝ၊ ဘုံ၊ သတ္တဝါဆိုသည့် ပညတ်တွေနှင့် စဉ်းစားနေလျှင်တော့ နိဗ္ဗာန်ကို မမြင်နိုင်ပါ။ ဝဋ်သုံးပါးလည်ကြည့်လျှင်တော့ နိဗ္ဗာန်ကို မမြင်နိုင်စရာမရှိပါ။ ထိုသို့ ဝဋ်သုံးပါးလည်နေတာကို သိလျှင် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်သည့် နိဗ္ဗာန်ကို အနုမာနနည်းနှင့် အာရုံပြုနိုင်ပါသည်။

ဝဋ်သုံးပါးလည်ပုံကား-ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်၍၊ ကမ္မဝဋ်ဖြစ်လျှင် ဝိပါကဝဋ် ဖြစ်ပြီး ထိုဝိပါကဝဋ်ရှိနေပါက ပဋိစ္စသမုပ္ပါဒ်ကို မသိသေးသမျှ ကိလေသဝဋ်ထပ်ဖြစ်ဦးမှာပါ။ တရားအားထုတ်ပုံ လုပ်နည်းလုပ်ဟန်မမှန်လျှင် (ဝါ) ယောနိသောမနသိကာရဆိုသည့် နှလုံးသွင်းမမှန်လျှင်တော့ ကိလေသဝဋ်က ထပ်ထပ်ဖြစ်နေဦးမှာပင်။

(၃၁) ဘုံ၌ လူအဖြစ်၊ နတ်အဖြစ်၊ ဗြဟ္မာအဖြစ် ဘယ်လောက်ချမ်းသာသည့် ဘဝမျိုးမှာ ဖြစ်ဖြစ်၊ အားလုံးသည် ဒုက္ခချည်းပါလားဟု ဒုက္ခသစ္စာကိုသိမှ အဝိဇ္ဇာက ရှင်းရှင်းကြီးကွာသွားမှာပါ။

အဝိဇ္ဇာမရှိလျှင် ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ ဆိုသည့် တဏှာသုံးတန်လည်း မရှိတော့ပါ။ တဏှာ မရှိလျှင် ဥပါဒါန်ဆိုသည့် အယူဝါဒအစွဲအလမ်းတွေလည်း မရှိနိုင်တော့လေရကား၊ နောက်ဆုံး မိမိခန္ဓာကိုယ်ကို "အတ္တ" "ငါ" လို့ ထင်နေသည့် အထင်မှားမှုတွေလည်း မရှိနိုင်တော့ပါ။ **အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ထို သုံးမျိုးမရှိခဲ့လျှင် ကိလေသဝဋ်လည်း မရှိတော့၍ နိဗ္ဗာန်ကို အလိုလိုရသည်** ဟု ဆိုရ၏။

နိဗ္ဗာန်ဆိုတာ အမြဲရှိနေတာပါ။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဆိုသည့် ကိလေသဝဋ်မရှိတော့ခြင်းသည် နိဗ္ဗာန်ကို ရနေခြင်းသာဖြစ်၍ ယခုဘဝမှာပင် နိဗ္ဗာန်ကို ရနိုင်သည် ဟုဆိုရမည်။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ထိုသုံးပါးမရှိပါက မည်မျှလောက် အေးချမ်းမည်ဆိုတာ အာရုံပြုကြည့်လျှင် သိနိုင်ပါသည်။

မည်သည့်ကိလေသာမျှ မရှိတော့သူကို ဘယ်လိုပြောပြော သူဟာ စိတ်မဆိုးတော့ပါ။ ဘာတွေပေးပေးလည်း မရချင်၊ မယူချင်တော့ပါ။ ကိလေသာမရှိတော့သည့် အခါ ဖြစ်ပေါ်လာမည့် အေးငြိမ်းသည့် အငြိမ်းဓာတ်ကလေးကို အာရုံပြုကြည့်ရန်မှာ

http://www.dhammadownload.com



လည်း အလွန်စင်ကြယ်သည့် စိတ်ကမှ အင်မတန် အေးငြိမ်းသည့် နိဗ္ဗာနဓာတ်ကို အာရုံပြုလို့ ရပေသည်။

ပုထုဇဉ်များသည် နိဗ္ဗာန်ကို ပစ္စက္ခအားဖြင့်သာ အာရုံမပြုနိုင်သော်လည်း ပဋိစ္စသမုပ္ပါဒ်အရ ဝဋ်သုံးပါးလည်ပုံကို သိပါက ထိုအေးငြိမ်းသည့် နိဗ္ဗာန်ကို အာရုံပြုလို့ ရရှိနိုင်ပါသည်။

ခန္ဓာကြွင်းရှိလျက်နှင့် ရရှိခံစားရသော နိဗ္ဗာန်သည် သဉပါဒိသေသ နိဗ္ဗာန် မည်၏။ ဥပမာ-သောတာပန်ပုဂ္ဂိုလ်များ သားသမီး၊ စည်းစိမ်ဥစ္စာတွေနှင့်ပင် နိဗ္ဗာန်ကို မျက်မှောက်ပြုသည်ဆိုတာ ဒီဘဝမှာပဲခန္ဓာကြွင်းရှိလျက် ရရှိခြင်းဖြစ်လို့ သဉပါဒိသေ သနိဗ္ဗာန်ကို မျက်မှောက်ပြုသည် ဆိုရ၏။

သောတာပန် မျက်မှောက်ပြုသည့် နိဗ္ဗာန်ဆိုတာ သောတာပန်တို့မှာ အပါယ် ကျစေနိုင်သော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ဆိုသည့် ကိလေသဝဋ်အားလုံးကို ပယ်ပြီး ဖြစ်၍ အပါယ်ကျစေနိုင်သောကံတွေ မရှိလေရကား၊ ထိုကံတွေမရှိလျှင် အပါယ် သံသရာမှ လွတ်သွားခြင်း၊ အပါယ်ရုပ်နာမ်ခန္ဓာတွေ ငြိမ်းသွားခြင်းသည် သောတာပန် များမျက်မှောက်ပြုသည့် နိဗ္ဗာန်သာတည်း။

**"ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ။ သောဓမ္မံ ပဿတိ"** ပဋိစ္စသမုပ္ပါဒ်ကို သိသော သူသည် တရားသိတဲ့သူပါပေတည်း။ တရားသိတယ်ဆိုတာက ပဋိစ္စသမုပ္ပါဒ်မှာ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဘုံ၊ ဘဝတွေမပါပါ။ ၎င်းတို့ပါနေလျှင်လည်း သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိတို့ က လွတ်ကို မလွတ်နိုင်ပါ။ ထိုဒိဋ္ဌိတွေ လွတ်စေဖို့ရန် ပဋိစ္စသမုပ္ပါဒ်ကို ဟောကြားခြင်း ဖြစ်ပါတယ်။

တရားသက်သက်ချည်း ကြည့်သော် -

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ရှိလျှင် ကံပြုလုပ်၍၊ ကံတွေလုပ်လျှင် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဖြစ်ပြီး၊ သံသရာလည်နေတာ၊ ဘယ်တော့မှ ဆုံးမှာ မဟုတ်ပါ။

မြတ်စွာဘုရားသည်ပင် သံသရာမှ ထွက်မြောက်ကြောင်းတရားကို လေး သင်္ချေနှင့်ကမ္ဘာတစ်သိန်း ကြာအောင် ရှာခဲ့ပြီးနောက်မှ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဘုံ၊ ဘဝ တွေဖယ်ပြီး ပဋိစ္စသမုပ္ပါဒ်တရားကို ဆင်ခြင်သည့်အခါမှ ထိုဒိဋ္ဌိမျိုးက လွတ်မြောက် ခဲ့ရတာပါ။

http://www.dhammadownload.com



ဗုဒ္ဓဘာသာတရားတော်၏ အကျဉ်းလိုရင်းက ကိလေသဝဋ်ဆိုသည့် ကိလေသာ ပယ်သတ်ရေးပင် ဖြစ်၏။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ရှိလျှင် ကုသိုလ်၊ အကုသိုလ်ကံတွေ ပြုလုပ်ဦးမည်ဖြစ်၍ ထိုကုသိုလ်ကံ၊ အကုသိုလ်ကံမျိုးစေ့ ရှိလျှင်လည်း အပင်အမျိုးမျိုး ပေါက်ဦးမည်သာ။ လူပင်၊ နတ်ပင်၊ ဗြဟ္မာပင်၊ တိရစ္ဆာန်ပင် စသည်ဖြင့် အပင်အမျိုးမျိုး ပေါက်ကြမည်သာ။ **"ကိလေသာ"** က ရွှံ့ညွန်ရေ နှင့်တူ၍ မျိုးစေ့က **"ကုသိုလ်၊ အကုသိုလ်ကံ"** နှင့် တူ၏။

ဘုရားရဟန္တာတို့၏ ကုသိုလ်ကံတွေကိုတော့ နောက်ဘဝ ပဋိသန္ဓေအကျိုး မပေးတော့လို့ ကြိယာခေါ်၏။ ပုထုဇဉ်များမှာတော့ **ကိလေသာအပြည့်ရှိနေတော့ ကံတွေလုပ်လေသမျှ ပဋိသန္ဓေအကျိုးကို ရနေမှာပါ။** ထို့ကြောင့် အရေးကြီးတာက ကိလေသဝဋ်ကို ပယ်သတ်ဖို့ပါပဲ။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ဆိုသည့် ကိလေသဝဋ် ကုန်သွားလျှင် ခန္ဓာငါးပါးရှိလျက်နှင့်ပင် ယခုဘဝ၌ နိဗ္ဗာန်ကို ရရှိနိုင်ပါသည်။

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ထိုသုံးပါးတွင်-

(၁) **အထင်ရှားဆုံးက တဏှာပါ။ တဏှာ ဆိုသည့် တောင့်တမှု၊ တွယ်တာ မှု၊ လိုချင်မှုတွေ ငြိမ်းသွားလျှင် ဒုက္ခအများကြီး ငြိမ်းသွားတာပါပဲ။ တပ်မက်သည့် တဏှာမရှိလျှင် ကံတွေကိုပြုလုပ်သည့်တိုင် ထိုကံက နောက်ဘဝအကျိုး မပေးနိုင်တော့ပါ။**

(၂) **ထိုသို့ လိုချင်တောင့်တမှု တဏှာ ကုန်ဖို့ကလည်း ဖြစ်ပေါ်မှုအားလုံး၏ ဆင်းရဲခြင်း အမှန်ဆိုသည့် ဒုက္ခသစ္စာကို သိဖို့လို၏။ "ယောဒုက္ခံ ပဿတိ၊ သောသမုဒယံ ပဿတိ"**

(၃) သစ္စာလေးပါးဆိုသော်လည်း ဒုက္ခသစ္စာတစ်ပါးကိုသိလျှင် လေးပါးစလုံး ကို သိသွားတာပါပဲ။ **ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့သိဖို့သာ အဓိကလိုရင်းဖြစ်၏။**(၃၁) ဘုံ၌ ဖြစ်ဖြစ်သမျှသည် ဆင်းရဲခြင်းအမှန် ဒုက္ခသစ္စာပဲလို့ သိလိုက်သည်နှင့် တစ်ပြိုင် နက် ထိုထိုဘုံဘဝမှာ ဖြစ်ချင်သည့် ဘဝတဏှာကွာလေရာ၊ ဤသည်ပင် အေးငြိမ်း လှသည့် ဒုက္ခနိရောဓ နိဗ္ဗာန်ကို အာရုံပြုခြင်း ဖြစ်ပေသည်။

**ပဋိစ္စသမုပ္ပါဒ်ဉာဏ်သည်** ပုဂ္ဂိုလ်၊ ဘုံ၊ ဘဝ၊ သတ္တဝါတွေမပါဘဲ၊ မမြင်ဘဲ၊ တရားသက်သက်ပေါ်မှာ တည်သည့် ဉာဏ်ဖြစ်လို့ ဓမ္မဋ္ဌိတိဉာဏ်ပင် ဖြစ်၏။ ဥပမာ အားဖြင့် ငါကုသိုလ်လုပ်လို့ ငါလူပြည်၊ နတ်ပြည်ရောက်ရတယ် ဟူသည့် အသိအမြင် မျိုးမရှိရပါ။ အမှန်သိမြင်ရမှာက ဒီဘဝမှာ ရုပ်နာမ်ဖြစ်တာ ဘာကြောင့်လဲဟု ဆိုလျှင်

http://www.dhammadownload.com



အဝိဇ္ဇာ၊ သင်္ခါရကြောင့်ပဲ၊ ဒီဘဝက တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ အကြောင်းတရားတွေကြောင့် နောက်ဘဝမှာ ဇာတိ၊ ဇရာ-မရဏ မုချကေန် ဖြစ်ရဦးမည်သာဟုတရား သက်သက်ပေါ် ချည်း မြင်နေရမှာပါ။ ထိုသို့ တရားမြင်က ဒိဋ္ဌိလည်း မရှိနိုင်တော့ပါ။

**ကံခန်းမှာတော့ ဘုံတွေ၊ ဘဝတွေကို စွဲစွဲမြဲမြဲ ယုံကြည်ထားရ၏။** ကာမာဝစရ ကုသိုလ်ကံကြောင့် လူဖြစ်မည်၊ နတ်ဖြစ်မည်၊ မဟဂ္ဂုတ်ကုသိုလ်ကံကြောင့် ဗြဟ္မာဖြစ်မည်။ အကုသိုလ်ကံကြောင့် အပါယ်လေးဘုံရောက်မည်။ ထိုဘုံတွေ၊ ဘဝတွေကို စွဲစွဲမြဲမြဲ ယုံကြည်မှလည်း ရှိသမျှ ချွေးနဲ့စာဖြင့် ဒါနလုပ်နိုင်မည်၊ သီလ ဆောက်တည်နိုင်မည်။

**သို့သော် ဘုရားသာသနာနှင့် ကြုံကြိုက်တုန်း မဂ်ဖိုလ်ရချင်သည်ဆိုလျှင်တော့ သမ္မုတိသစ္စာကံခန်းမှ ပရမတ္ထသစ္စာဝိပဿနာသို့ ပြောင်းသွားရမှာပါ။** ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမ၊ ဘုံ၊ ဘဝ ဆိုတာတွေက ပညတ်တွေပါ။ တကယ့်ပရမတ္ထအားဖြင့်တော့ အဝိဇ္ဇာ၊ သင်္ခါရကြောင့် ဖြစ်ကြသည့် "ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ" မျှသာ။

သတ္တဝါဆိုတာကလည်း အတုံးအခဲကြီးလို့ မြင်နေရပေမဲ့ တကယ်တော့ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပေါ်၊ နာမ်ရုပ်ရှိနေလို့ သဠာယတန ဖြစ်ပေါ်လာ၊ သဠာယတနရှိနေလို့ ဖဿဖြစ်၊ ဖဿဖြစ်လို့ ဝေဒနာပေါ်၊ ဒါတွေကိုပဲ လူလို့၊ သတ္တဝါလို့ ထင်နေကြတာပါ။

**တကယ်တော့ အကြောင်းတရားတွေကြောင့် အကျိုးတရားတွေ ဖြစ်နေခြင်းသာ။** အဝိဇ္ဇာ၊ သင်္ခါရကြောင့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဖြစ်နေတာပါလား ဟု သိမြင်လာသည့်အခါ **အတိတ်ဘဝနှင့် ပစ္စုပ္ပန်ဘဝ တခြားစီဆိုသည့် "ဥစ္ဆေဒဒိဋ္ဌိ ပျောက်"သွား၏။**

သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သည်ဆိုရာမှာလည်း **သင်္ခါရကတခြား၊ ဝိညာဏ်ကတခြားပါ။** အတိတ်အကြောင်း သင်္ခါရထဲက၊ ပစ္စုပ္ပန်အကျိုး ဝိညာဏ်ပေါ် ထွက်လာတာမဟုတ်ပါ။ အတိတ်အကြောင်းက သူ့ဟာသူ ဖြစ်ပျက် ချုပ်ပျောက်သွားတာပါ။ **သို့သော်လည်း ထိုအတိတ်အကြောင်းကြောင့်ပင် ဒီဘဝမှာ ဝိညာဏ်က အသစ်စက်စက် ဖြစ်လာရပေတာပဲဟု ပဋိစ္စသမုပ္ပါဒ်ကို သိသွားသည့်အခါ ဝိညာဏ်မြဲသည်ဆိုသည့် "သဿတဒိဋ္ဌိ ပြုတ်"သွားတော့တာပါပဲ။**

http://www.dhammadownload.com



လောကၡ အယူဝါဒတွေ အမျိုးမျိုးရှိနေသော်လည်း အကျဉ်းချုပ်အားဖြင့် သဿတနှင့် ဥစ္ဆေဒဟူ၍ ဒိဋ္ဌိနှစ်ပါးသာ ရှိပေရာ၊ ထိုဒိဋ္ဌိကြီးနှစ်ခု ပြုတ်သွားစေနိုင်သည့် ထိုပဋိစ္စသမုပ္ပါဒ်၏ နက်နဲခက်ခဲပုံကို သိမြင်ရာ၏။

အဌကထာဆရာတွေက ပဋိစ္စသမုပ္ပါဒ်မှာ ဒိဋ္ဌိပြုတ်နည်းလေးမျိုးအဖြစ် ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်းလို့ လေးနည်း ပြထား၏။

**ဧကတ္တနည်းဆိုတာက -**

သင်္ခါရနှင့် ဝိညာဏ်သည် အစဉ်ပြတ်တာ မဟုတ်။ စုတိနောင် ပဋိသန္ဓေ၊ သန္တတိအစဉ်ဆက်လျက်ပါ။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ရာမှာ **သန္တတိအစဉ်တစ်ဆက်တည်းဟု** အသိဉာဏ်ပေါ်လာလျှင် **ဥစ္ဆေဒဒိဋ္ဌိပျောက်**တာပါပဲ။

**နာနတ္တနည်းဆိုတာက -**

သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သည်ဆိုရာမှာ-သင်္ခါရကတခြား၊ ဝိညာဏ်က တခြားပါ၊ အကြောင်းနှင့် အကျိုးသည် တစ်ခုတည်းမဟုတ်ပါ။ ဝိညာဏ်က **အသစ်စက်စက် ဖြစ်လာတာ**ဟု အသိဉာဏ်ပေါ်လာလျှင် **သဿတဒိဋ္ဌိ** ပျောက်တာပါပဲ။

**အဗျာပါရနည်းဆိုတာ -**

ကုသိုလ်၊ အကုသိုလ်ကံသင်္ခါရကို ပြုလုပ်ရာ၌ ဘယ်သူကမှ ခိုင်းလို့လုပ်တာ မဟုတ်ပါ။ အဝိဇ္ဇာကလည်း သင်္ခါရကို လုပ်ကြဖို့ခိုင်းတာ မဟုတ်ပါ။ သင်္ခါရ၊ ကုသိုလ်ကံ၊ အကုသိုလ်ကံ အကြောင်းတရားတွေကြောင့် ဒီဘဝမှာ ပဋိသန္ဓေဝိညာဏ် ဆိုသည့် နာမ်တရားသည် သူ့ဟာသူ ဖြစ်ပေါ်လာတာပါ။ ငါကခိုင်းလို့၊ သူကခိုင်းလို့ စသည်ဖြင့် ခိုင်းလို့စေလို့ ဖြစ်လာကြတာ မဟုတ်ပါ။

အတ္တဆိုတာက "ကာရက" "ပြုလုပ်သူ" လို့ အဓိပ္ပာယ်ရလေတော့ ငါလုပ်တာ ငါကုသိုလ်ပြုတာ စသည်ဖြင့် ထိုသို့မယူရပါ။ ဓမ္မဋ္ဌိတိဉာဏ်ဆိုသည့် တရားမြင်သော ဉာဏ်၌ ကုသိုလ်၊ အကုသိုလ်ကံ ပြုလုပ်သူ ပုဂ္ဂိုလ်လည်းမရှိ၊ အတ္တလည်း မရှိရပါ။ သူလုပ်သည်၊ ငါလုပ်သည် ဆိုသည့် ပြုလုပ်သူ "ကာရက" ရှိနေလျှင် အတ္တဒိဋ္ဌိ ခံနေဦးမည်သာ။

"ကာရက"- ပြုလုပ်သူမရှိလျှင် "ဝေဒက"-ခံစားသူလည်း မရှိ၊ ရှိတာက **ကုသိုလ်ကံ၊ အကုသိုလ်ကံပဲရှိ**သည်။ ထိုကုသိုလ်၊ အကုသိုလ်ကံရှိလို့ ဝိညာဏ် ရှိနေသည်။ ကုသိုလ်ကံ၊ အကုသိုလ်ကံမရှိလျှင်တော့ ဝိညာဏ်လည်း မရှိနိုင်သည် သာတည်းဟု ရှုမြင်ခြင်းသည် **ဗုဒ္ဓဘာသာတရား၏ အမြင့်ဆုံးအဆင့်** ဖြစ်သည်ဟု ဆိုရပေသည်။

http://www.dhammadownload.com



ထိုသို့ အတ္တဒိဋ္ဌိပြုတ်သွားခြင်းသည် အဗျာပါရနည်းပင်၊ အဗျာပါရနည်းဆိုတာ ဘယ်သူကမှ ဖန်ဆင်းတာလည်းမဟုတ်၊ ဘယ်သူကမှ ဗျာပါရဆိုသည့် ကြောင့်ကြစိုက်ရတာလည်း မဟုတ်၊ အကြောင်းကြောင့် အကျိုးဖြစ်နေတာပဲ၊ အကြောင်းတရားရှိလျှင် အကျိုးတရားတွေ ဖြစ်မယ်။ အကြောင်းတရားမရှိလျှင် အကျိုးတရားတွေ မဖြစ်ဘူးဟု မြင်သည့်နည်းပါ။

ထိုသို့ကြောင့်ကြမှုဗျာပါရမရှိဘဲ အကြောင်းကြောင့် အကျိုးတရားတွေ ဖြစ်မည်ဆိုရာ၌ သူ့ဘာသာသူ ပရမ်းပတာ ဖြစ်ချင်သလို လျှောက်ဖြစ်နေကြတာမဟုတ်ပါ။ အကြောင်းအားလျော်စွာ ဖြစ်သင့်သည့် အကျိုးတရားပဲ ဖြစ်ရပုံကို ဧဝံဓမ္မတာနည်းဖြင့် ဖြေရှင်းထား၏။

ဧဝံဓမ္မတာနည်းဆိုတာက 'ဓမ္မတာ' ရှိသလိုသာ ဖြစ်ရသည် ဟုဆို၏။ ဓမ္မတာဆိုတာက အဝိဇ္ဇာကြောင့် သင်္ခါရပဲဖြစ်ရပါသည်။ သင်္ခါရကြောင့် ဝိညာဏ်ပဲ ဖြစ်ရပါသည်။ ဝိညာဏ်ကြောင့် နာမ်ရုပ်ပဲ ဖြစ်ရပါသည်။ ဒိပြင် ဓမ္မတာမဟုတ်သည့် တရားမဖြစ်ပဲ ဓမ္မတာအတိုင်းသာ ဖြစ်ရပါသည်။ အကြောင်းအားလျော်စွာ ဖြစ်သင့်သည့်အကျိုးပဲ ဖြစ်ရပါသည်။ မဖြစ်သင့်သည့်အကျိုးတရား မဖြစ်ပါ။ အကြောင်းအားလျော်စွာ ဖြစ်ရသည်ဆိုတော့ အကြောင်းမဲ့ဆိုသည့် အဟေတုကဒိဋ္ဌိကို ပယ်ပြီး ဖြစ်သွားလေတော့၏။

ပဋိစ္စသမုပ္ပါဒ်တွင် နည်းလေးမျိုးတို့နှင့် ဒိဋ္ဌိတွေပြုတ်ရသည်မှာ နက်နဲလှပေသည်။ ထို့ကြောင့်လည်း ပဋိစ္စသမုပ္ပါဒ်ကို နက်နဲသည်ဟု ဘုရားရှင်ဟောတော်မူခဲ့ခြင်း ဖြစ်၏။ နည်းလေးမျိုးနှင့် ဒိဋ္ဌိတွေကို အသီးသီးပယ်သွားပုံကတော့-

- ဧကတ္တနည်းက "ဥစ္ဆေဒဒိဋ္ဌိ" ကို ပယ်၏
- နာနတ္တနည်းက "သဿတဒိဋ္ဌိ" ကို ပယ်၏။
- အဗျာပါရနည်းက "အတ္တဒိဋ္ဌိ" ကို ပယ်၏။
- ဧဝံဓမ္မတာနည်းက "အဟေတုကဒိဋ္ဌိ" ကို ပယ်၏။

ထိုဒိဋ္ဌိတွေ အကုန်ပြုတ်လျှင် သောတာပန်စင်စစ် ဖြစ်ပြီမို့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါပြီ။ သံသရာဝဋ်ကလည်း လွတ်မြောက်နိုင်ပါပြီ ဟု ဆိုရလေတော့၏။

http://www.dhammadownload.com



# ဘဝကြောင့် ဇာတိဖြစ်ပုံ အပြည့်အစုံ

(မဟာစည်ဆရာတော်ဘုရားကြီး)

"ဘဝ ပစ္စယာ ဇာတိ" ကမ္မဘဝကြောင့် ဘဝသစ်ဖြစ်ပေါ်မှု ဇာတိ ဟူရာတွင်-

ဖဿခြောက်ဖြာ၊ ဝေဒနာကြောင့်၊ တဏှာခြောက်တန်

ဥပါဒါန်ဖြင့်၊ ဖြစ်ရန်အကြောင်း၊ ကံဆင့်လောင်း၍

ဆိုးကောင်းဘဝ၊ ဖြစ်ရပြန်ရာ"

ဟုဆိုသည့်အတိုင်း -

အာရုံခြောက်မျိုးနှင့် တွေ့ထိပြီး ခံစားရသည့်အတွက်၊ ထိုအာရုံခြောက်မျိုးနှင့် စပ်ပြီး တပ်မက်သာယာသည့် တဏှာခြောက်မျိုး ဖြစ်ပေါ်လာ၏။ ထိုတဏှာက ရင့်လာတော့ စွဲလမ်းမှု ဥပါဒါန်ဖြစ်လာ၏။ ထိုစွဲလမ်းမှုကြောင့် စွဲလမ်းသည့်အတိုင်း ပြည့်စုံအောင် အကုသိုလ်မှု၊ ကုသိုလ်မှုတွေကို ပြုလုပ်၏။ ထိုသို့ပြုလုပ်ခြင်းသည် ဘဝသစ်တစ်ဖန် ဖြစ်ဖို့ရန်အတွက် အကြောင်းကံက တစ်ဆင့်တိုးလာပြန်ခြင်း ဖြစ်၍ "ဖြစ်ရန်အကြောင်းကံဆင့်လောင်း၍" ဟု ဆိုထား၏။

ရှေးဘဝက အဝိဇ္ဇာ၊ သင်္ခါရ အစရှိသော အကြောင်းကြောင့် ယခုဘဝ၌ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဆိုသည့် အကျိုးတရားငါးပါး ဖြစ်နေရာမှာ နောက်ထပ်တစ်ဖန် ဘဝသစ်ဖြစ်ဖို့ရာ၊ တဏှာနှင့် ဥပါဒါန်အရင်းခံပြီး ကံအသစ်နောက်ထပ်တိုးလာပြန်ပြီ ဟုဆိုလိုရင်းတည်း။

ထိုသို့သော ကံအသစ်တွေကတော့ တစ်ဘဝ၊ တစ်ဘဝအတွင်းမှာ နောက်ထပ် ဖြစ်တာတွေသည် သိန်းသန်းမက အများကြီးရှိနေပေသည်။ ထိုကံတွေထဲမှ အကြောင်းညီညွတ်လျှင် တစ်ခုသောကံက ယခုဘဝသေခါနီးမှာ ထင်ပေါ်လာပြီးတော့ ဘဝသစ်ကို ဖြစ်စေ၏။ ကျန်သောကံများကတော့ နောက်နောက်ဘဝတွေမှာ အကြောင်းညီညွတ်သည့်အခါ ဘဝသစ်ကို ဖြစ်စေလိမ့်မည်သာ၊ ဤနေရာမှာ ကံအကျိုးပေးပုံကို ကံလေးပါးနှင့်ခွဲပြီး ဟောရပေလိမ့်မည်။

အကျိုးပေးပုံ အစီအစဉ်အားဖြင့် ကံဆိုတာ - ဂရုကံ၊ ဗဟုလကံ (အာစိဏ္ဏကံ)၊ အာသန္နကံ၊ ကဋတ္တာကံ ဟူ၍ လေးပါးရှိရာ -

ဂရုကံဆိုတာ - အကုသိုလ်ဘက်မှ ဆိုလျှင် မာတုဃာတက၊ ပိတုဃာတက၊ အရဟန္တဃာတက၊ လောဟိတုပ္ပါဒက၊ သံဃဘေဒက ဆိုသော ကံကြီးငါးပါး (ပဉ္စာ

http://www.dhammadownload.com



နန္တရိယကံ) ပါပဲ။ ကုသိုလ်ဘက်မှ ဆိုလျှင်တော့ ရူပ၊ အရူပဆိုသည့် မဟဂ္ဂုတ်ကံတွေပါပဲ။

ဂရုကံတွေရှိနေလျှင် တခြားကံက အကျိုးမပေးနိုင်တော့ဘဲ ဂရုကံကပဲ ဘဝသစ်ကို အကျိုးပေးသည်။ ထိုဂရုကံတွေထဲမှာ ရူပ၊ အရူပဈာန်ဆိုသည့် မဟဂ္ဂုတ်ကံတွေ ရှိနေလျှင် ထိုဈာန်ကုသိုလ်ကံကပဲ ရူပဘဝ၊ အရူပဘဝသစ်ကို ဖြစ်စေသည်။

အကုသိုလ်ဂရုကံကြီးတွေ ရှိနေသူမှာတော့ မျက်မှောက်ဘဝမှာ ပါရမီ ပြည့်စုံနေသူပင် ဖြစ်ပါစေ၊ ဈာန်မဂ်ဖိုလ် တရားထူးကိုလည်း မရနိုင်ဘဲ၊ သေသည်၏အခြားမဲ့မှာလည်း ထိုအကုသိုလ်ဂရုကံကပဲ ငရဲဘဝကို ဖြစ်စေပါသည်။ ထို့ကြောင့် ထိုကံကြီးတွေကို "ပဉ္စာနန္တရိယကံ" သေသည်၏အခြားမဲ့မှာ ငရဲဘဝသို့ မုချရောက်စေတတ်သည့် ကံကြီးငါးပါး။ ဘယ်လို ကုသိုလ်ကံကမျှ မကယ်နိုင်တော့သည့် ကံကြီးငါးပါးဟု ဆိုရ၏။

ဂရုကံမရှိလျှင်တော့ ဗဟုလကံက အကျိုးပေး၏။ ဗဟုလကံဆိုတာ အကြိမ်များစွာ ခဏခဏအထပ်ထပ် ဖြစ်နေသောကံပါပဲ။ အဘိဓမ္မတ္ထသင်္ဂဟကျမ်းမှာ တော့ ထိုကံကို **"အာစိဏ္ဏကံ"** ဟုအမည်ပေးထား၏။ အမြဲမပြတ် လေ့ကျင့်ပြုလုပ်နေသော ကံကို ဆိုလို၏။

ဗဟုလကံမရှိလျှင်တော့ သေခါနီးမှာ ပြုခဲ့သည့်ကံက အကျိုးပေး၏။ ထိုကံကို သေခါနီးမှာ ပြုသည့်အတွက် **အာသန္နကံ**လို့ ခေါ်၏။ အဘိဓမ္မတ္ထသင်္ဂဟကျမ်းမှာတော့ ထိုအာသန္နကံက ဗဟုလကံထက် အားကောင်းသည်ဆိုသည့်အနေနှင့်၊ သူ့ကို ရှေးဦးစွာ ပြဆိုထားသည်။ ဒါပေမဲ့ အာသန္နကံက ဗဟုလကံကို လွှမ်းမိုးပြီး အကျိုးပေးသည်ဆိုတာက တစ်ရံတစ်ခါလောက် ဖြစ်ဖွယ်ရှိပါသည်။ အများအားဖြင့်တော့ အဋ္ဌကထာကြီးများက ပြထားသည့်အတိုင်း အမြဲမပြတ်လေ့လာနေသည့် ဗဟုလကံကပဲ လွှမ်းမိုးပြီး အကျိုးပေးဖွယ်ရှိပါသည်။

ပြဆိုပြီးသည့်အတိုင်း ဗဟုလကံ၊ အာသန္နကံတို့ မရှိလျှင်တော့ ကဋတ္တာကံဆိုတာက အကျိုးပေးလေ၏။ **ကဋတ္တာကံ**ဆိုတာ ဂရုကံ၊ ဗဟုလကံ၊ အာစိဏ္ဏကံတို့၏ ဂုဏ်မျိုးမရှိဘဲ ပြုဘူးရုံမျှ ဖြစ်သည့် ကံပါပဲ။ ဒီဘဝမှာ တစ်ကြိမ်တစ်ခါမျှ ပြုထားသည့် ကံဆိုလျှင် ကဋတ္တာကံပဲ ဟုယူသင့်၏။

ကမ္မဘဝဆိုသည့် ကုသိုလ်ကံ၊ အကုသိုလ်ကံက ဘဝသစ်ဖြစ်ခြင်း-ဇာတိဆိုသည့်အကျိုးကိုဖြစ်ပေါ်စေရာမှာ ကံများစွာ ရှိနေခဲ့လျှင် ဘယ်လိုကံက အကျိုးပေး

http://www.dhammadownload.com



သည် ဆိုတာကို ပြဆိုခဲ့ပြီး ဖြစ်သည်။ သို့ရာတွင် ထိုကံက ဘယ်လိုဖြစ်ပေါ်စေသလဲ ဆိုရာနှင့် စပ်လျဉ်း၍လည်း "သင်္ခါရ ပစ္စယာ ဝိညာဏံ" သင်္ခါရကြောင့် ဘဝသစ် ဝိညာဏ် ဖြစ် သည် ဆိုရာ၌ အကျယ်ပြဆိုခဲ့ပြီး ဖြစ်၏။

ဥပမာ-သေခါနီးမှာ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်ထင်စေ၏။ ထိုအာရုံ နိမိတ်ကို စွဲလမ်းနေရင်း နောက်ဆုံးစုတိစိတ်ဖြင့် စိတ်အစဉ်ပြတ်ပြီးသေသွားသည့် အခါ ထိုစွဲလမ်းခဲ့သည့် အာရုံနိမိတ်ကိုပဲ အာရုံစွဲပြီး ဘဝသစ်စိတ်ဝိညာဏ် ဖြစ်၏။ ထိုစိတ်နှင့် အတူ ကမ္မဇရုပ်တွေလည်း ဖြစ်၏။ ထိုရုပ်နာမ်ခန္ဓာတို့၏ ရှေးဦးစွာ ဖြစ်ပေါ်မှုကို "ဇာတိ- ဘဝသစ် ဖြစ်သည်" ဆိုရ၏။

"တဏှာခြောက်တန်၊ ဥပါဒါန်နှင့် ဖြစ်ရန်အကြောင်း
ကံဆင့်လောင်း၍၊ ဆိုးကောင်းဘဝ၊ ဖြစ်ရပြန်ရာ"

ဟုဆိုသည့်အတိုင်း အာရုံခြောက်မျိုး၊ အကောင်းနှင့်အဆိုးကို ခံစားရလို့ တပ်မက်သာယာသည့် တဏှာခြောက်ပါး ဖြစ်ပေါ်လာရာ၌၊ ထိုတဏှာကရင့်လာတော့ စွဲလမ်းမှု ဥပါဒါန် ဖြစ်လာ၏။ မရသေးတာကိုရအောင်၊ ရပြီးတာတွေကိုလည်း မပျောက်မပျက်ရအောင်၊ မခွဲမခွာ ရအောင် သတ်မှုပဲ၊ ခိုးမှုပဲ၊ လိမ်မှုပဲ စသည်ဖြင့် မှားယွင်းစွာလည်း စွဲလမ်း၏။ ကုသိုလ်ပြုမှုပဲ၊ ဒါနပြုမှုပဲ၊ သီလစောင့်မှုပဲ၊ တရားအားထုတ်မှုပဲ စသည်ဖြင့် မှန်ကန်စွာ စွဲလမ်း၏။ ထိုသို့ စွဲလမ်းသည့်အတိုင်းလည်း ပြုလုပ်၏။ ဤသည်မှာ ကမ္မဘဝဖြစ်၍ ထိုကံကြောင့် ဘဝသစ်ဇာတိ ဖြစ်ပေါ်ရ၏။

ဤသည်ကိုပင် -

"ခံစားသည့်အတွက်၊ တပ်မက်ခင်မင်၊
မည်သို့ပြုငြား၊ ကောင်းစားမည်ထင်
ဝင်စားစွဲလမ်း၊ ရော်ရမ်းပြုလျှင်
နောင်ဘဝ၊ ဖြစ်ရာဇာတိပင်"

ဟု အကျဉ်းချုပ် မှတ်သားနိုင်ရန် ပြဆိုထား၏။

## ဒသမပျို့လင်္ကာ

## ၁၀။ ဘဝ ပစ္စယာ ဇာတိ

၁၀။ ဘဝစွမ်းရည်၊ ကံနှစ်ထွေကြောင့်
သဗ္ဗေသတ္တာ၊ သတ္တဝါတို့

http://www.dhammadownload.com



ဖြစ်ရာဘဝ၊ ဆုံးပြန်ကလည်း
ဧကေ, စတု၊ ငါးခုခန္ဓာ
ကံချရာ၌၊ ဓမ္မတာစစ်
သစ်တလဲလဲ၊ အနဲနဲလျှင်
ဖြစ်မြဲဇာတိ၊ သန္ဓေငြိ၍
တြိဘုံပြင်၊ နယ်တစ်ခွင်၌
အစဉ်ပြည့်ပွား၊ အစားစားလျှင်
မားမားမတ်မတ်၊ ဇာတိအမျိုးမျိုး
တန်ခိုးထင်, တိမ်၊ ဂုဏ်သိရ်ရှိန်မှ, မြင့်
အကျင့်ဆိုးကောင်း၊ အပေါင်းများစွာ၊ သတ္တဝါဟု
နာနာကာယ၊ ဖြစ်ပြန်ကြသည်
လေးဝဇာတိ၊ စွမ်းရည်တည်း"။ ။ (အရဆောင်လေ)။

## ဒသမပျို့လင်္ကာ အဖြေလွှာ

## ၁၀။ ဘဝ ပစ္စယာ ဇာတိ

(မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး)

ဤ "ဘဝ ပစ္စယာ ဇာတိ" ဟူသော အချက်၌

- ဘဝပစ္စယာအရ အကြောင်းဖြစ်သော ကုသိုလ်ကမ္မဘဝ၊ အကုသိုလ် ကမ္မဘဝတို့ကိုသာ ယူရမည်။
- ဇာတိအရ ထိုကုသိုလ်၊ အကုသိုလ်ကမ္မဘဝတို့ကြောင့် ဖြစ်သော ကုသလဝိပါက် နာမ်ခန္ဓာ၊ အကုသလဝိပါက် နာမ်ခန္ဓာ၊ ကမ္မဇရုပ်တို့၏ ဥပါဒ်-ဖြစ်ပွားမှုကို ကောက်ယူ ရမည်။

ထင်ရှားစေဦးအံ့ -

ရှေး "သင်္ခါရ ပစ္စယာ ဝိညာဏံ" အရ ကုသိုလ်၊ အကုသိုလ် သင်္ခါရကြောင့် ဝိပါက်ဝိညာဏ်ထင်ရှားဖြစ်ပွား၏ ဟူသည်မှာ အတိတ်ဘဝ ကုသိုလ်၊ အကုသိုလ် သင်္ခါရကြောင့် ဤယခု ပစ္စုပ္ပန်ဘဝ ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ ဝိပါက်ဝိညာဏ် ဖြစ်ပွား သည်ကို ဆိုလိုသည်။

http://www.dhammadownload.com



ဤယခု "ဘဝ ပစ္စယာ ဇာတိ" အရ ကုသိုလ်၊ အကုသိုလ်ကမ္မဘဝကြောင့် အနာဂါတ်ကာလ၌ ဝိပါက်နာမ်ခန္ဓာ၊ ကမ္မဇရုပ်တို့၏ ဥပါဒ် - ဖြစ်ပွားမှုတည်းဟူသော ဇာတိ၏ ထင်ရှားဖြစ်မှုကို ဆိုလိုသည်။

## ကမ္မဘဝကြောင့် သမ်ဂီတာလေးပါး အစဉ်အတိုင်း ဝိပါက်ဝိညာဏ် ဖြစ်ပွားပုံ

အောက် "သင်္ခါရ ပစ္စယာ ဝိညာဏံ" ဟူသောအချက်၌ ကုသိုလ်၊ အကုသိုလ် သင်္ခါရကြောင့် သမင်္ဂီတာလေးပါး (သမင်္ဂီလေးပါး) အစဉ်အတိုင်း ဝိပါက်ဝိညာဏ် ဖြစ်ပွားပုံကို ပြဆိုခဲ့ပြီးဖြစ်သည်။ ထိုစကားရပ်၌ အတိတ်ဘဝ ကုသိုလ်၊ အကုသိုလ် သင်္ခါရကြောင့် ဤယခု ပစ္စုပ္ပန်ဘဝပဋိသန္ဓေအခါ၊ ပဝတ္တိ အခါတို့၌ ဝိပါက်ဝိညာဏ် ဖြစ်ပွားသကဲ့သို့ -

ထို့အတူပင် ဤယခု ပစ္စုပ္ပန်ဘဝ ပြုလုပ်အားထုတ်အပ်သော ကုသိုလ်၊ အကုသိုလ်ကမ္မဘဝကြောင့် သမင်္ဂီတာလေးပါး = သမင်္ဂီလေးပါးအစဉ်အတိုင်းပင် နောက်အနာဂတ်ဘဝ၌ ဝိပါက်နာမ်ခန္ဓာ ကမ္မဇရုပ်တို့ ဥပါဒ် - ဖြစ်ပွားကြလိမ့်မည်။ ထိုအချက်ကိုပင် "ဘဝ ပစ္စယာ ဇာတိ" ကမ္မဘဝကြောင့် ဥပပတ္တိဘဝတရား ဥပါဒ် ထင်ရှားဖြစ်ပွား၏ ဟူ၍ ဟောတော်မူသည်။ (ဤကား ပရမတ္ထကထာ = အဘိဓမ္မာ သဘာဝစစ်စစ် စကားတည်း။)

လက်ာ၌ကား လူအများ နားလည်လွယ်ရန် ပရမတ်၊ ပညတ် ရောစပ်လျက် ရေးသားစီရင်တော်မူအပ်လေသည်။ လက်ာ၏အဓိပ္ပာယ်မှာ -

ကုသိုလ်ကမ္မဘဝ၊ အကုသိုလ်ကမ္မဘဝတည်းဟူသော ကံနှစ်ပါးတို့၏ အစွမ်းသတ္တိကြောင့် ခပ်သိမ်းသော သတ္တဝါတို့သည်၊ ယခုလောလောဆယ် ဖြစ်ရာ ပစ္စုပ္ပန် ဘဝဆုံးပြန်ကြလျှင်၊ ထိုကံနှစ်ပါးတို့ အကျိုးပေးပစ်ချရာ ထိုက်သက်ရာရာ (၁) ရုပ်ခန္ဓာ တစ်ပါးသာရှိသော အသညသတ်ဘုံ၊ (၂) နာမ်ခန္ဓာလေးပါးသာရှိသော အရူပ လေးဘုံ၊ (၃) ခန္ဓာငါးပါး အပြည့်အစုံရှိသော ကာမဘုံနှင့် (အသညသတ်ကြဉ်သော) ရူပါဝစရ ပြဟ္မာဘုံတို့၌ ကမ္မနိယာမဓမ္မတာအတိုင်း ပဋိသန္ဓေအခါ၊ ပဝတ္တိအခါတို့၌ ဝိပါက်နာမ် ခန္ဓာ၊ ကမ္မဇရုပ်တို့ ဥပါဒ်-ဖြစ်ပွားမှုတည်းဟူသော ဇာတိပေါ်သည်။

ဤမှနောက်၌ စာနေကျဉ်းရန် ဝိပါက်နာမ်ခန္ဓာ၊ ကမ္မဇရုပ်ဟု ရေးရမည့်အရာ ၌ "ဥပပတ္တိဘဝ" ဟူ၍သာ ရေးပေတော့အံ့၊ ဥပပတ္တိဘဝခေါ် သော ဝိပါက်နာမ်ခန္ဓာ၊ ကမ္မဇရုပ်တရားတို့၌ ဥပါဒ်ခဏ - ဖြစ်ဆဲခဏ၊ ဌီခဏ - တည်ဆဲခဏ၊ ဘင်ခဏ - ပျက်ဆဲ

http://www.dhammadownload.com



များ၏ ဌီခဏတည်းဟူသော ဇရာသို့ရောက်သော အချိန်၌ အသစ်သစ် ဥပါဒ်ဖြစ်ပေါ် ကြရသည့် နောက်နောက်ရုပ်များသည် ရှေးရှေးရင့်ရော်ပြီးသော ရုပ်များ၏ သဘော အားလျော်စွာ ရင့်ကြ၊ ရော်ကြ၊ အထူးသဖြင့် ရင့်ရော်ကြ။ ထိုထက် အထူးသဖြင့်ရင့်ရော် ကြကာ ဥပါဒ်ထင်ရှား ဖြစ်ပွား၍ လာကြရလေသည်။

ထို့ကြောင့် တစ်ရက်ထက်တစ်ရက်၊ တစ်လထက်တစ်လ၊ တစ်နှစ်ထက်တစ် နှစ်၊ တစ်ရွယ်ထက်တစ်ရွယ် အစဉ်သဖြင့် အလွန့်အလွန်ရင့်ရော်သော ရုပ်များ၏ ရင့်ရော်ချိန်ဟု ခေါ် ဆိုအပ်သော ဌီခဏ၌ နောက်ထပ်အသစ်ဥပါဒ်ဖြစ်ပွားသော ရုပ် တရားများသည် ဆံဖြူခြင်း၊ သွားကျွေခြင်း၊ အသားအရေတွန့်လိမ်ခြင်း အစရှိသော ဇရာသဘောပေါ်ပေါ်ပေါ် လွင်လျက် ထင်ရှားဥပါဒ်ကြရလေသည်။ ထို့ကြောင့်အသက် ကြီး သူတို့မှာသာ ထိုဆံပင်ဖြူ သွားကျွေ၊ အရေတွန့်ခြင်းစသော ဇရာသဘော တို့ပေါ်ပေါ် ပေါ် လွင် ထင်ရှားကြရကုန်၏။

ထိုဆံပင်ဖြူ၊ သွားကျွေ၊ အရေတွန့်ခြင်းများသည် မျက်စိဖြင့် ကြည့်၍ မြင်အပ်သော **စက္ခုဝိညေယျတရားများဖြစ်ကြ၍ ဇရာတရားအစစ် မဟုတ်**ကြ ကုန်။ ဇရာတရား၏**ဒဏ်ချက်များသာ** ဖြစ်ကြလေသည်။ ဇရာတရားအစစ်ကား စိတ်ဖြင့်သာ ကြံဆ၍ သိအပ်သော မနောဝိညေယျတရား ဖြစ်လေသည်။

ဥပမာ - ကွင်းကျန်ရစ်သည့် အပျက်အစီးများကို မြင်ရ၍ တိုက်စားသွား သောရေ၊ လောင်ကျွမ်းသွားသောမီးတို့ကို စိတ်ဖြင့် ကြံဆကာသာ သိရလေသကဲ့သို့ ဆံဖြူခြင်း၊ သွားကျွေခြင်း၊ အသားအရေတွန့်လိမ်ခြင်း စသည့်သဘောများကိုလည်း ဇရာရေကြမ်း၊ ဇရာမီးကြီးတို့ နှိပ်စက်တိုက်စား လောင်ကျွမ်းသွားသော ဒဏ်ချက်များ ဟူ၍သာ မှတ်ယူအပ်ကုန်၏။ ထိုဒဏ်ချက်များကို မြင်ရသဖြင့် ဇရာရေကြမ်း၊ ဇရာမီး ကြီးတို့ကို စိတ်ဖြင့်မှန်းဆ၍ သိအပ်ကုန်၏။)

ရှေးဖော်ပြရာပါ ခဏဇရာမီး၊ သန္တတိဇရာမီးတို့တညီးညီး တရှိန်ရှိန် အချိန် မစဲ တသဲသဲ လောင်ကျွမ်းမှုကြောင့် ငယ်သောအရွယ်၊ အလယ်အလတ်အရွယ်၊ ကြီး သောအရွယ်၊ ဆယ်နှစ်အရွယ်၊ နှစ်ဆယ်နှစ်အရွယ် စသည်ဖြင့် အရွယ်ခြားနား အစား စား ဖြစ်ရလေသည်။ ထိုသို့ဖြစ်အောင် သတ္တဝါတို့ကို ဇရာတရားကမောင်းနှင်၍ ပေး နေလေသည်။

http://www.dhammadownload.com



## မရဏ (၃) မျိုး

ဇရာခေါ်သော ဌီခဏ၏ အခြားမဲ့မှာပင် ဘင်ခဏသို့ရောက်ရှိကြကာ သတ္တဝါတိုင်း ခဏိကမရဏအားဖြင့် အချိန်တိုင်းသေလွန်၍ နေကြလေသည်။

(သမ္မုတိ မရဏသို့ မရောက်သေး၍ သေမှန်းမသိကြချေ။)

ထင်ရှားစေဦးအံ့၊ သေဆုံးပျက်စီးခြင်း-မရဏသည်-

၁။ ခဏိကမရဏ

၂။ သမုစ္ဆေဒမရဏ

၃။ သမ္မုတိမရဏ ဟူ၍ သုံးမျိုးရှိ၏။

(၁) **ခဏိကမရဏဆိုသည်မှာ** - ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ မိမိတို့ဘင်ခဏသို့ရောက်ရှိကြသဖြင့် သေဆုံးပျက်စီးခြင်းကို ခေါ်၏။ စိတ်စေတသိက်တရား တစ်စု တစ်စု တစ်ခုတစ်ခုလျှင် ဥပါဒ်ခဏ၊ ဌီခဏ၊ ဘင်ခဏ ဟူ၍ ခဏငယ် သုံးချက်စီ အသက်ရှည်ကြ၏။ ထိုခဏငယ်သုံးချက် အချိန်ပိုင်းကာလကို စိတ္တက္ခဏကြီးတစ်ချက်ဟူ၍ ခေါ်၏။ မျက်စိတစ်မှိတ်၊ လျှပ်တပြက် အချိန်တိုအတွင်းမှာပင် စိတ္တက္ခဏပေါင်း ကုဋေတစ်သိန်းကျော်ဖြစ်၍ ချုပ်ကြလေသည်။ သို့ဖြစ်ရကား သတ္တဝါတိုင်းသည် မျက်စိတစ်မှိတ်၊ လျှပ်တပြက် အချိန်ပိုင်းကာလအတွင်း၌ ခဏိကမရဏ သေခြင်းမျိုးဖြင့် အကြိမ်ပေါင်း ကုဋေတစ်သိန်းကျော် သေဆုံးလျက် ရှိကြလေကုန်သည်။

(၂) **သမုစ္ဆေဒမရဏဟူသည်မှာ** - ရဟန္တာပုဂ္ဂိုလ်တို့၏၊ ဝဋ်ဆင်းရဲကို အကြွင်းမဲ့ အမြစ်ပြတ် ဖြတ်တောက်သွားသော သေခြင်းမျိုးကိုခေါ်၏။

(၃) **သမ္မုတိမရဏဟူသည်မှာ** - ဘုရား၊ ရဟန္တာမှ ကြွင်းသော သတ္တဝါတို့၏ တစ်ဘဝ၌ အကျုံးဝင်သော ဇီဝိတိန္ဒြေသန္တာန်အစဉ် ပြတ်စဲသေဆုံးသွားခြင်းကို ခေါ်သည်။

ဤယခု မရဏအခန်း၌ သမ္မုတိမရဏကိုသာ အလိုရှိအပ်၏ ဟုဆိုလို၏။

## သေခြင်း (၄) မျိုး

ထိုသမ္မုတိမရဏသည်လည်း

(၁) **အာယုက္ခယမရဏ** - အသက်ရှည်ရန် ကံအစွမ်းပင် ရှိသေးသော်လည်း အသက်တမ်း ကုန်၍သေခြင်း။

http://www.dhammadownload.com



(၂) **ကမ္မက္ခယမရဏ** - အသက်တမ်းပင် ကျန်ရှိသေးသော်လည်း ကံအစွမ်းကုန်၍ သေခြင်း။

(၃) **ဥဘယက္ခယမရဏ** - အသက်တမ်း၊ ကံစွမ်းနှစ်ပါးစုံကုန်၍သေခြင်း။

(၄) **ဥပစ္ဆေဒကမရဏ** - အသက်တမ်း၊ ကံအစွမ်းနှစ်ပါးတို့ကျန်ရှိသေးသော်လည်း ဥပစ္ဆေဒက အကုသိုလ်ကံဆိုးက ဝင်ရောက်ဖြတ်တောက်သဖြင့် သေခြင်း။ ဟူ၍ လေးမျိုးရှိလေသည်။

ထိုဖော်ပြပါ သေခြင်းတရားလေးမျိုးတို့တွင် **တစ်ပါးပါးသည် အသက်ကို ရန်ရှာမည့် များစွာသော အန္တရာယ်တို့နှင့် ပေါင်းသင်းနှီးနွယ်မိတ်သင့်ကာ၊** သတ္တဝါတို့ကို မျက်နှာကြီး၊ ငယ်၊ အရွယ်မထောက်၊ အချိန်ရောက်လျှင်၊ တစ်ဘဝ တွက်တာ **ခန္ဓာပြတ်ကြွေ စုတေရန် နှိပ်စက်လေတော့သည်။**

ထိုထိုအန္တရာယ်များစွာတို့နှင့် ပေါင်းသင်းနှီးနွယ်မိတ်သင့်၍ သေခြင်းလေးပါးတို့တွင် တစ်ပါးပါးတို့ နှိပ်စက်လာသောအခါ ကြီး၊ ငယ်မဟူ သတ္တဝါ၊ ဗိုလ်၊ လူတို့သည် မငြင်းသာ၊ မဆန်သာ ခန္ဓာပြတ်ကြွေ စုတေကြရလေတော့သည်။

ဤအနက်ကိုရည်၍ လင်္ကာ၌ "လေးအင်သေမှု တစ်ခုခုလည်း - (ပ)- ဇရာ - မရဏစွမ်းရည်တည်း" ဟူ၍ စပ်ဆိုတော်မူအပ်လေသည်။

**ဇာတိ၊ ဇရာ-မရဏတို့ကား ရန်သူလူသတ်သမား (၃) ဦးနှင့် တူပုံ**

(အထူးမှတ်ရန်မှာ - ဤဇာတိ၊ ဇရာ၊ မရဏ တရားသုံးပါးတို့သည် နှိပ်စက်ရန် အခွင့်ရှာ၍ လှည့်လည်ကျက်စား သွားလာနေကြသော ရန်သူလူသတ်သမားများနှင့် တူကြကုန်၏။ ထင်ရှားစေဦးအံ့၊ ယောကျ်ားတစ်ယောက် မှာ နှိပ်စက် သတ်ဖြတ်ရန် အခွင့်အပေါက်ရှာ၍ လှည့်လည်ကျက်စားသွား လာနေကြသော ရန်သူသုံးယောက်ရှိသည်တွင် -

- **"ပထမရန်သူ"**၏၊ တောအုပ်ကျေးဇူးကို ပြောဆို၍ ထိုယောကျ်ားကို ခေါ်ယူကာ တောအုပ်သို့၊ သွားသောအခါကဲ့သို့၊ ပစ္စုပ္ပန် ဤဘဝဝယ် ချစ်လှစွာသော အဆွေအမျိုးအဝန်းမှ ဆွဲငင်ထုတ်ယူကာ ဂတိငါးပါးတို့တွင် တစ်ပါးပါး၌ ဖြစ်စေခြင်း မည်သည် "ဇာတိ"၏ အလုပ်ကိစ္စ ဖြစ်၏။

http://www.dhammadownload.com



- "ဒုတိယရန်သူ"၏၊ ထိုယောက်ျားကို ရိုက်နှက်ပုတ်ခတ်၍ အားနွဲ့အောင် ပြုခြင်းကဲ့သို့၊ ဂတိငါးဖြာဝယ် ဖြစ်လေတိုင်းသော ခန္ဓာတို့၌ အားအင်ဗလ လျော့ကျဆုတ်ယုတ်ကာ သူတစ်ပါးပြုမှ နေရသော အခြေအနေ၊ အိပ်ရာ၊ ညောင်စောင်းလျှင် ပုန်းအောင်း လဲလျောင်းရာရှိသော အခြေအနေသို့ ရောက်အောင် ပြုလုပ်ပေးမှုသည် "ဇရာ"၏ အလုပ်ကိစ္စဖြစ်၏။
- "တတိယရန်သူ"၏ ထက်လှစွာသော သန်လျက်ဖြင့် ထိုယောက်ျား၏ ဦးခေါင်းကို ဖြတ်ခြင်းကဲ့သို့ တစ်ဘဝအတွက်တာ အသက်ဇီဝိတိန္ဒြေ အစဉ် ကုန်ဆုံးပြတ်စဲအောင် ပြုလုပ်ပေးမှုသည် "မရဏ"၏ အလုပ်ကိစ္စ ဖြစ်၏။ ဤကား အထူးမှတ်ရန်တည်း)။

## ကောဒသမပျို့လင်္ကာ အဖြေလွှာ

## ၁၁။ ဇာတိ ပစ္စယာ ဇရာ - မရဏံ

(လယ်တီဆရာတော်ဘုရားကြီး)

"သန္ဓေဇာတိ၊ တစ်ဖန်ငြိ၍၊ တြိဘုံသူ၊ အဆူဆူလျှင်၊ လူလူနတ်နတ်၊ အရပ်ရပ်တည့်၊ မတ်မတ်မားမား၊ ဖြစ်ပြန်ငြားသော် ---(ပ)--- အကြီး, အငယ်၊ အရွယ်ခြားနား၊ အစားစားလျှင်၊ အသွားတွင်တွင်၊ မစဲနှင်၏" ဟူသောလင်္ကာဝါကျ၌-

အဓိပ္ပာယ်ကား (၃၁) ဘုံတွင် တစ်ခုခုသောဘုံ၊ တစ်ခုခုသောဘဝ၌ ဇာတ်ရုပ်သေးပြရာ၌ သူ့အခန်းဆိုင်ရာ သူ့ဝတ်စားတန်ဆာဆင်ယင်၍ ဇာတ်ထွက်သကဲ့သို့ သတ္တဝါတို့မှာလည်း စုတိကျ၍ ဘဝဇာတ်သိမ်းပြန်လျှင် မိမိတို့ကံချရာတွင်၊ ထိုဘဝမှာ တစ်ဘဝတစ်ဇာတ် ထွက်ရပြန်၏။ ပဋိသန္ဓေကိစ္စနှင့် ဘဝသစ်ဖြစ်ပေါ် ရပြန်၏။ ဖြစ်ပေါ်ပြန်လျှင်လည်း

"ဇာတ်နှင်မှု" ၌ အစိုးရသော "ဇရာတရား"၊

"ဇာတ်သိမ်းမှု" ၌ အစိုးရသော "မရဏတရား" အပြီး ပါရှိပြန်၏။

### ဇာတ်နှင်မှု-ဇရာတရား အပြီးပါရှိပုံ

ဇရာပါရှိပုံဥပမာကား- ဘယ်နေရာမှာမဆို မြက်၊ သစ်ပင်ပေါက်သည်ရှိသော်၊ ထိုမြက်သစ်ပင်ခေါ်သော ရုပ်တရားစုသည်၊ ရင့်ခြင်းအမှုဟူသော ဇရာမီးမဝင်နိုင်၊

http://www.dhammadownload.com



မကပ်နိုင်အောင် ခိုင်လုံသော အနှစ်သာရမရှိ နံနက်၌ ပေါက်သောမြက်၊ သစ်ပင်သည် ညနေတိုင်လျှင် တစ်မျိုးရင့်၏။ ပေါက်စ၌ နုထွတ်သော ရုပ်သားအတိုင်း အခိုင်အမြဲ ရပ်တည်၍ မနေနိုင်။ ဤမြက်၊ သစ်ပင်တို့၌ (၁) "ရင့်မှုတစ်လမ်း"၊ (၂) တစ်ခဏထက် တစ်ခဏ "ကြီးပွားသန်မာ၍လာမှုကား တစ်လမ်း" ပေတည်း။

"မြေဥတု၊ လေဥတု၊ ရေဥတု" အများတို့ ဝိုင်းအုံညီညာ၍ ထောက်ပံ့ပေးမှုကြောင့် တစ်ခဏထက်တစ်ခဏ ရုပ်သားတိုးပွား၏။ တစ်ခဏထက်တစ်ခဏ ရုပ်ကလာပ် ပြည့်ဖြိုး၏။ ဤ "တိုးပွားမှု၊ ပြည့်ဖြိုးမှု" တို့ကြောင့် တစ်ခဏထက် တစ်ခဏ "ကြီးပွားသန်မာ၍သွား"သတည်း။ ရင့်မှုကြောင့် ကြီးပွားသန်မာ၍ သွားသည်မဟုတ်။

ထိုသို့ကြီးပွားသန်မာ၍ သွားရာ၌လည်း အဆုံးစွန်ပျက်စီးပျောက်ကွယ်ရန် အခွင့်သို့ တစ်ခဏထက်တစ်ခဏ နီး၍သွားမှုသည် ပုံသေပါရှိသည်သာ ဖြစ်၏။ တစ်ခဏ ထက်တစ်ခဏ နီး၍သွားမှုဆိုသည်ကား တစ်ခဏထက်တစ်ခဏ ရင့်မှုတည်း၊ ရော်မှုတည်း၊ မှည့်ကျက်မှုတည်း။

ထိုရင့်မှုမရှိခဲ့သည် ဖြစ်ငြားအံ့၊ ပျက်ဆုံးမှုသို့ တစ်ခဏထက်တစ်ခဏ နီးမှုမည်သည်မရှိရာ။ နီးမှုမရှိကလည်း ပျက်ဆုံးခြင်းသို့ ရောက်ခွင့်မရှိရာ၊ ကြီးရင့်သော အခါ အလွန်မာသည်မှာလည်း တေဇောမီး၏အစွမ်းတည်း။ ထိုမာစဉ် အခါ၌လည်း တစ်ခဏထက် တစ်ခဏ ရင့်မှု၊ ဆွေးမှု ပုံသေပါရှိသည်သာတည်း။

ထို့အတူ လူ၊ နတ်၊ ဗြဟ္မာ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာစုသည်လည်း ဇရာမီး မဝင်နိုင်အောင် မကပ်နိုင်အောင် ခိုင်လုံသော အနှစ်သာရမရှိ။ ပဋိသန္ဓေကိစ္စ၊ ဇာတိကိစ္စနှင့် ဖြစ်ပေါ်သော ခဏမှစ၍ ဇရာမီးဝင်ရောက်စွဲခဲ့လျက် အမြဲလောင်ကာ ပါရှိ၍နေ၏။ အဆုံးတိုင် ပျက်ဆုံးသော အခွင့်သို့ကျအောင် တစ်ခဏမစဲ၊ တစ်နာရီမစဲ အမြဲတွင်တွင် သုတ်သုတ်နှင်၍ နေ၏။

## ဇရာမီးအချက် ထင်ရှားပြဆိုချက်

ဇရာမီးအချက်ထင်ရှားအောင် ဆိုဦးအံ့-လူတို့၌ သက်တမ်း ရှည်ချည်၊ တိုချည်၊ တက်ချည်၊ ဆုတ်ချည် ဖြစ်မှုသည် ဇရာ၏အမှုပေတည်း။ ကမ္ဘာဦးအစ လူတို့၏ ကိုယ်ခန္ဓာ သည် အနှစ်အဆီအလွန်ပြည့်၍ ဇရာမီးသည် နှစ်ပေါင်းအသင်္ချေ လောင်မှကျွမ်းသဖြင့် အသက်အသင်္ချေတမ်း ဖြစ်ရ၏။ ထို့နောက် တစ်စတစ်စ ဗြဟ္မစိုရ်

http://www.dhammadownload.com



တရား ဆုတ်ယုတ်လာ၍ ကိုယ်ခန္ဓာမှာ အဆီအနှစ် တစ်စတစ်စ ခြောက်သွေ့ခေါင်းပါးလာ၍ ဇရာမီးသည် အနှစ်တစ်သိန်းနှင့် ကျွမ်းလောင်သော အခါ အသက်တစ်သိန်းတမ်း ဖြစ်၏။ အစဉ်အတိုင်းဆုတ်ခဲ့၍ အသက်ဆယ်နှစ်တမ်းသို့ ရောက်သောအခါ လူတို့၏ ခန္ဓာကိုယ်မှာ အနှစ်အဆီမရှိပြီ။ ဩဇာနှစ်ဆီ ခေါင်းပါးခြောက်သွေ့သဖြင့် ဇရာမီးသည် ဆယ်နှစ်နှင့် ကျွမ်းအောင်လောင်၏။

**"ဇရာမီး၏အဖော်သဟဲ"**ကား **"ဖိရဏတေဇော"**(ခေါ်) **"ဓာတ်မီး"**တည်း။ ထို့ကြောင့် **အသက်တမ်းကို တေဇောဓာတ်မီးပြုပြင်သည်ဟူ၍လည်း ဆိုရ၏။** သတ္တဝါအသီးသီးတို့၌ သက်တမ်းကိုယ်စီရှိကြသည်မှာ ဇရာမီး၏အမှုပင်တည်း။

လူတို့၌ **အရွယ်သုံးပါး** အပိုင်းအခြား ဖြစ်ပေါ်မှုသည်လည်း **ဇရာမီး၏ အမှုပင်တည်း။** တစ်ခုတစ်ခုသော အရွယ်ကို (၃၃-နှစ်၊ ၄-လ) နှင့်ကျွမ်းအောင် လောင်သည်ဟု ဆိုအပ်၏။ အရွယ်ဆယ်ပါးအပိုင်းအခြား ဖြစ်သည်မှာလည်း ဇရာမီး၏အမှုပင်တည်း။ တစ်ခုတစ်ခုသောအရွယ်ကို ဆယ်နှစ်နှင့် ကျွမ်းအောင်လောင်သည်ဟု ဆိုအပ်၏။ ထို့အတူ တစ်နှစ်တစ်နှစ် ကူးပြောင်း၍သွားမှု၊ တစ်ဥတု၊ တစ်ဥတု ကူးပြောင်း၍ သွားမှု၊ တစ်လ, **တစ်လ**၊ တစ်ရက်, **တစ်ရက်**၊ တစ်နာရီ, **တစ်နာရီ ကူးပြောင်း၍ သွားမှုသည်လည်း ဇရာမီး၏ အမှုပေတည်း။**

တစ်နှစ်၊တစ်နှစ် ကူးပြောင်းမှုဆိုရာ၌ ဤခန္ဓာကိုယ်၏ တစ်နှစ်တစ်နှစ်လျှင် **တစ်မျိုးတစ်မျိုး ရင့်ကျက်၍သွားသည်ကို** ဆို၏။ ဥတုကူးပြောင်းမှုစသည်တို့၌လည်း ဤနည်းတူသိလေ။ ဤအလုံးစုံသည်လည်း တစ်ခဏထက် တစ်ခဏ ရင့်မှု ဖြစ်ပွား၍သွားသော ရင့်မှုစုပေတည်း။ ကာလကြာမြင့်မှ ထင်ရှားသတည်း။

**ဤတစ်ခဏထက်တစ်ခဏ ရင့်မှုဒဏ်ချက်သည်** လူသတ္တဝါ ရုပ်နာမ် ခန္ဓာကိုယ်ကို မဆိုထားဘိဦး။ **ကာလကြာမြင့်လျှင်** မဟာပထဝီမြေကြီး၊ မြင်းမိုရ်တောင်တို့နှင့်တကွ အလုံးစုံသော လောကဓာတ်ကိုပင် လောင်ကျွမ်းစေလျက် **ကမ္ဘာပျက်ရသေး၏။**

ထိုမျှလောက်ကြီးကျယ်သော **"ဇရာမီး"**ကိုပင် သက္ကာယဒိဋ္ဌိဖုံးလွှမ်းသော ပုထုဇဉ် သတ္တဝါတို့သည် မိမိကိုယ်သဏ္ဌာန်မှာ **"ဇရာဓာတ်"**၊ **"ဇရာဓမ္မ"**ကို **"ဓာတ်တစ်ပါး"**၊ **"ဓမ္မတစ်ပါး"** အဖြစ်ဖြင့် ကွက်ခြား၍ မမြင်နိုင်ကြကုန်၍ ငါ့ဘယ် အရွယ်ရောက်ပြီ၊ ငါကြီးပြီ၊ ငါအိုပြီဟု **"ငါ"** ပြု၍ မြင်ကြကုန်၏။

http://www.dhammadownload.com



အကြီး, အငယ်၊ အရွယ်ခြားနား၊ အစားစားလျှင်
အသွားတွင်တွင်၊ မစဲနိုင်၏။
လေးအင်သေမှု၊ တစ်ခုခုလည်း
ဗဟုအန္တရာယ်၊ အသွယ်သွယ်နှင့်
နှိုးနွယ်ရုံးစည်း၊ တစ်လုံးတည်းလျှင်
ကြီးကြီးငယ်ငယ်၊ အရွယ်မထောက်၊ အချိန်ရောက်က
ချုပ်ပျောက်ခန္ဓာ၊ မငြင်းသာသည်
ဇရာ-မရဏ စွမ်းရည်တည်း။ ။(အရဆောင်လေ)။

## ကောဒသမပြိုလက်ာ အဖြေလွှာ

## ၁၁။ ဇာတိ ပစ္စယာ ဇရာ - မရဏံ

(မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး)

### ဇာတိနောက်က ဇရာ-မရဏ ကပ်လျက်လိုက်ပါပုံ

ကမ္မဘဝက ဥပပတ္တိဘဝ၏ ဥပါဒ် ဖြစ်ပွားလာအောင် ကျေးဇူးပြုပေးသည်။ ယင်းဥပပတ္တိဘဝ၏ ဥပါဒ်ထင်ရှားဖြစ်ပွားလာမှုကို 'ဇာတိ' ဟူ၍ခေါ်၏။ ယင်းသို့ ဥပါဒ်ခဏတည်းဟူသော ဇာတိပေါ်လာလျှင် ထိုတရားတို့၏ ဌီခဏတည်းဟူသော ဇရာတရား၊ ဘင်ခဏတည်းဟူသော မရဏတရားတို့သည် အစဉ်အတိုင်းဖြစ်ပွားလာလေတော့၏။ (ကမ္မဘဝက ဥပပတ္တိဘဝကို ဥပါဒ်ခဏအားဖြင့် ထင်ရှားဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးသည်။ ဌီ၊ ဘင်အားဖြင့် ကျေးဇူးပြုပေးသည်မဟုတ်။ ဥပါဒ်တည်းဟူသော ဇာတိတရား၊ ထင်ရှားဖြစ်ပေါ်လာလျှင်ပင် ဌီတည်းဟူသော ဇရာတရား၊ ဘင်တည်းဟူသော မရဏတရားတို့ကား **'ဒီ၏နောက်က ရေထက်ကြပ်ပါသတဲ့သို့'** တစ်ဆက်တည်းပေါ်ပေါက်လာလေတော့သည် ဟုဆိုလိုသည်။)

ဤသို့ ဇာတိရှိမှသာ ဇရာ-မရဏ တရားတို့ ဖြစ်ပေါ်နိုင်၍ ဇာတိမရှိလျှင် ဇရာ-မရဏတို့ မဖြစ်ပေါ်နိုင်သောကြောင့် မြတ်စွာဘုရားရှင်သည် "ဇာတိ ပစ္စယာ ဇရာ-မရဏံ" =ဇာတိဟူသော အကြောင်းကြောင့် ဇရာ-မရဏနှစ်ပါး ထင်ရှားဖြစ်ပေါ်၏ ဟုဟောတော်မူ၏။ (ဆိုခဲ့ပြီးသော စကားရပ်တို့ကို ဆင်ခြင်စဉ်းစား၍ ဇာတိ ဟူသည် ထိုထိုဘဝတစ်လျောက်လုံး၌ ဖြစ်ပေါ်လာကြသော ခန္ဓာတို့၏ ဥပါဒ်ခဏ= ဖြစ်ဆဲခဏကို ခေါ်၏။ ဇရာဟူသည် ထိုခန္ဓာတို့၏ ဌီခဏ=တည်ဆဲ ရင့်ရော်ဆဲ ခဏကို

http://www.dhammadownload.com



ဆို၏။ မရဏဟူသည် ခန္ဓာတို့၏ ဘင်ခဏ=ပျက်စီးချုပ် ပျောက်ဆဲခဏ ကို ခေါ် ၏ဟု အထူးသတိချပ်သိမှတ်ရာ၏။ ဤကား ပရမတ္ထကထာ=သဘာဝစစ်စစ် စကားတည်း)

ပျို့လင်္ကာ၏ အဓိပ္ပာယ်ကား- ဘဝအသစ်၌ ပဋိသန္ဓေတည်နေစွဲငြိလျှင် ဇာတိတရား အကြိမ်ကြိမ် အဆက်ဆက် ဖြစ်ပွားကာ ခန္ဓာအစဉ်ကြီးထွားလျက် လူလူ၊ နတ်နတ်၊ မတ်မတ်၊ မားမား ထင်မှားဖွယ်ရာ ဖြစ်၍လာ၏။ ထိုသို့ ဖြစ်သည်ရှိသော် တစ်ဘဝအတွက်တာ (ယခုအခါကဲ့သို့ အနှစ်တစ်ရာတမ်း၌) ပထမအရွယ် = ရှေ့ပိုင်း (၃၃နှစ်၊ ၄လ) မဇ္ဈိမအရွယ် = အလယ်ပိုင်း (၃၃နှစ်၊ ၄လ)၊ ပစ္ဆိမအရွယ် = နောက်ပိုင်း (၃၃နှစ်၊ ၄လ) ဤသို့အရွယ်သုံးပါးထင်ရှားရှိမြဲထုံးဖြင့် ထိုထိုဘဝခန္ဓာတို့၏ ဥပါဒ်ခဏ တည်းဟူသော ဇာတိတရား၊ နာရီမလပ် အချိန်မလပ် ထပ်ကာထပ်ကာ ဖြစ်တိုင်း၊ ဖြစ်တိုင်း ထိုဇာတိ ၏နောက်မှ ဌီခဏတည်းဟူသော ရင့်ရော်မှု=ဇရာတရားတို့သည် လည်း နေ့ညမစဲ တသဲသဲ တရွရွ အမြဲထက်ကြပ် ကပ်လျက် လိုက်ပါလာလေတော့၏။ ယင်းရင့်ရော်မှု = ဇရာတရားကို ဇရာမီးဟူ၍ ခေါ် ၏။

## ခဏ၊ သန္တတိ ဇရာနှစ်မျိုး

ထိုဇရာမီးသည်-

(၁) ခဏဇရာ = ထိုထိုဘဝခန္ဓာတို့၏ ဌီခဏအချိန်ပိုင်းတည်း ဟူသော ရင့်ရော် အိုမင်းမှု

(၂) သန္တတိဇရာ = အအေးရုပ်သန္တာန်အစဉ်၊ အပူရုပ်သန္တာန်အစဉ်စသည်တို့ ၏ တစ်ချိန်ထက် တစ်ချိန် သန္တတိအားဖြင့် ရင့်ရော်အိုမင်းမှု ဟူ၍ နှစ်ပါးရှိလေသည်။

ဤသည်ကိုပင် -

"ခဏ၊ သန္တတိ၊ အင်္ဂဇရာ၊ နှစ်ဖြာလောင်မီး၊ ရှိန်ရှိန်ညီး၍"

ဟူ၍ လင်္ကာစပ်ဆိုသည်။

## ဇရာဒဏ်ချက် အနှိပ်စက်နာပုံ အမြွက်ပြဆိုချက်

(ဤအရာ၌ ငယ်ရွယ်သူများစွာ ဇရာသဘောမထင်ရှားမူ၍ အသက်အရွယ် ကြီးရင့်သူများမှာမှ ဆံဖြူ သွားကျိုးစသည့် ဇရာသဘော ပေါ် ပေါ် လွင်လွင် ထင်ရှားရ ခြင်းအကြောင်းမှာ-

ဇရာဒဏ်ချက် အနှိပ်စက်နာသောကြောင့်ဟု ဖြေဆိုရာ၏။ ချဲ့ဦးအံ့-ကာလလ ရေကြည် ပဋိသန္ဓေတည်နေချိန်မှ အစပြု၍ သတ္တဝါတို့မှာ အစဉ်သဖြင့် ရှေးရှေးရုပ်

http://www.dhammadownload.com



ခဏဟူ၍ ခဏငယ်အချိန်တိုသုံးပိုင်းရှိရာ ဥပါဒ်ခဏ အခိုက်ကို ဇာတိဟုခေါ်သည်။ ဌီခဏအခိုက်ကို ဇရာဟုခေါ်သည်။ ဘင်ခဏအခိုက်ကို မရဏဟုခေါ်သည်။

ကမ္မဘဝ-အကြောင်းကံတရားက၊ ဥပပတ္တိဘဝ ဥပါဒ်ခဏတည်းဟူသော ဇာတိ ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးသည်။ ယင်းသို့ ကမ္မဘဝကြောင့် ဥပပတ္တိဘဝ ဥပါဒ်ခဏ အခိုက်တည်းဟူသော ဇာတိတရား ဖြစ်ပေါ်လာသည်ကို ပင်လက်ာ၍ "ဖြစ်မြဲဇာတိ၊ သန္ဓေငြိ၍" ဟုစပ်ဆိုလေသည်။

## ကံကွဲ၍ အယုတ်အမြတ်နှင့် သတ္တဝါကိုယ်ခန္ဓာ အမျိုးမျိုးကွဲပြားရပုံ

ယင်းဥပပတ္တိဘဝ ဥပါဒ်ခဏအခိုက်တည်းဟူသော ဇာတိတရားသည်လည်း တစ်ဘဝတွင် တစ်ကြိမ်သာ ဖြစ်သည်မဟုတ်၊ အကြိမ်ကြိမ်ဖြစ်၍ အစဉ်သဖြင့် ကိုယ်ခန္ဓာ ပြည့်ဖြိုးပွားများကာ မားမားမတ်မတ် အထည် ဒြပ်သဏ္ဍာန် ပေါ်ပေါက်ကြကာ မိမိတို့၏ ကမ္မဘဝအလိုက် မင်းဇာတ်ရှိသောသတ္တဝါ၊ ပုဏ္ဏားဇာတ်ရှိသောသတ္တဝါစသည် တန်ခိုးကြီးသော သတ္တဝါ၊ တန်ခိုးသေးသောသတ္တဝါ၊ ဂုဏ်သိရ်နိမ့်သောသတ္တဝါ၊ ဂုဏ်သိရ်မြင့်သောသတ္တဝါ၊ အကျင့်ဆိုးသောသတ္တဝါ၊ အကျင့်ကောင်းသောသတ္တဝါ ဟု ကိုယ်ခန္ဓာအမျိုးမျိုးနှင့် သတ္တဝါအမျိုးမျိုး တို့ ဖြစ်ကြလေသည်။

ထိုသို့ဖြစ်ရခြင်းမှာ အဏ္ဍဇဇာတိ = ဥ၌သန္ဓေဖြစ်ပွားမှု၊ ဇလာဗုဇဇာတိ = အမိသားအိမ်၌ သန္ဓေဖြစ်ပွားမှု၊ သံသေဒဇဇာတိ = ရေညှိစသည်ကြာပန်းစသည်၊ အမြှုပ်အမှေး၌ သန္ဓေဖြစ်ပွားမှု၊ ဥပပတ္တိဇာတိ = ပဋိသန္ဓေအချိန်ကပင် မိန်းမဖြစ်လျှင်၊ တစ်ဆယ်ခြောက်နှစ်အရွယ်၊ ယောကျ်ားဖြစ်လျှင် အနှစ် (၂၀ - ၂၅) နှစ်အရွယ် ကိုယ်ထည်ထင်ရှားစွာ သန္ဓေ ဖြစ်ပွားမှုတည်းဟူသော **ဇာတိလေးမျိုး၏** အစွမ်းသတ္တိကြောင့်ဖြစ်သည်ဟု ဆိုလိုသည်။

(ဤ၌ အမိဝမ်းတွင်း ထက်အောက်ဆင်းကြသော သွေးရင်းသားရင်းဖြစ်ကြသည့် ညီအစ်ကို၊ မောင်နှမ၊ ညီအစ်မတို့ပင်သော်လည်း အချင်းချင်းမတူကြပဲ အယုတ်အမြတ်အားဖြင့် ကွဲပြားအောင် ကမ္မဘဝတည်းဟူသော အကြောင်းရင်းကံက ပြုပြင်ပေးသည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် သတ္တဝါတို့ကို အညံ့စား အမြတ်စားဖြစ်ဖို့ရန် ကံသည် ခွဲဝေ၍ ပေး၏ဟု ဟောတော်မူသည်ဟု မှတ်ပါလေ။)

http://www.dhammadownload.com



# ဒသမပျို့လင်္ကာအဖြေလွှာ

## ၁၀။ ဘဝ ပစ္စယာ ဇာတိ

(လယ်တီဆရာတော်ဘုရားကြီး)

"ဘဝစွမ်းရည်၊ ကံနှစ်ထွေကြောင့်၊ သဗ္ဗေသတ္တာ၊ သတ္တဝါတို့၊ ဖြစ်ရာဘဝ၊ ဆုံးပြန်ကလည်း၊ ဇကေ, စတု၊ ငါးခုခန္ဓာ၊ ကံချရာ၌၊ ဓမ္မတာစစ်၊ သစ်တလဲလဲ၊ အနဲနဲလျှင်၊ ဖြစ်မြဲဇာတိ၊ သန္ဓေငြိ၍"

ဤလင်္ကာမှာ ရှေးဘဝကပြုခဲ့သော ကံအကြောင်းကြောင့် နောက်နောက်ဘဝမှာ အစစွာဖြစ်ပေါ်သော ဘဝသစ်ဇာတိ ကိုသာ ပြဆိုပေသည်။

ဇာတိသည်မူကား -

(၁) ဘဝသစ်ဇာတိတစ်ပါး

(၂) သန္တတိဇာတိတစ်ပါး

(၃) ခဏိကဇာတိတစ်ပါး ဟူ၍ ဇာတိသုံးပါးရှိ၏။

### ဘဝသစ်ဇာတိ

ဘဝသစ်ဇာတိဆိုသည်ကား-ဖြစ်ရာဘုံဘဝမှ စုတေပြီးနောက် ထိုထိုဘုံဘဝ၌ အစစွာ ဖြစ်ပေါ်မှုကို ဘဝသစ်ဇာတိဆိုသည်။

### သန္တတိဇာတိ

သန္တတိဇာတိဆိုသည်ကား-တစ်ဘဝအတွင်းမှာ၊ တစ်နှစ်၊ တစ်လ၊ တစ်ရက်၊ တစ်နာရီအတွင်းမှာ၊ တစ်ထိုင်အတွင်းမှာ ကိုယ်ခန္ဓာ၌ အထူးထူးအထွေထွေ ဖြစ်ပေါ်မှုသည် သန္တတိဇာတိမည်၏။

ထိုင်၍နေရာ၌ ထိုင်စမှာ အညောင်းအညာမရှိသေး။ အတော်ကြာလျှင် ညောင်းရုပ်၊ ညာရုပ်၊ ပူရုပ်၊ ပင်ရုပ် ဖြစ်ပေါ်၍လာ၏။ ဘယ်နေရာက ညောင်း၍လာသည်၊ ဘယ်နေရာကပူ၍လာသည်ဟုသာ အများကသိကြ၏။ **ရုပ်သစ်၊ နာမ်သစ်ဖြစ်ပေါ်မှု ဇာတိဓမ္မ** ဟူ၍ကားမသိကြ။

ငါညောင်းလာသည်၊ ငါပူလာသည်၊ ငါခြေညောင်းလာသည်၊ ငါခြေပူလာသည်ဟု သက္ကာယဒိဋ္ဌိအတိုင်းသာ သိကြ၏။ **ဥတုဓာတ်မီးလွန်သော ရုပ်ကလာပ်မျိုးကို ညောင်းရုပ်၊ ညာရုပ်၊ ပူရုပ်၊ ပင်ရုပ်ဆိုသည်။** ဥတုဓာတ်မီး အားကြီး၍

http://www.dhammadownload.com



မြေဓာတ်လွန်၍လာသောအခါ ထုံမှု၊ ကျင်မှု၊ ထုံရုပ်၊ ကျင်ရုပ် ပေါ်၍လာသည်။

ထိုအခါ ခြေဟူသော ပညတ်သဏ္ဌာန်ကို ဉာဏ်နှင့်ဖယ်ရှား၍ ပူမှု၊ အေးမှုဟူသော **တေဇောဓာတ်မီးသက်သက်ကို ကွက်ခြား၍ ဉာဏ်နှင့် ကြည့်ရှုလျှင်** တိမ်တောင်တိမ်တိုက် တက်လာသကဲ့သို့ အပူဓာတ်မီး ဖြစ်ပေါ်ပွားများ၍ လာသည်ကို မြင်လတ္တံ့။ **အပူဓာတ်မီး ဖြစ်ပေါ်ရာ၌ အအေးဓာတ်မီး ပျောက်ကွယ်၍** ကုန်သည်ကိုလည်း မြင်လတ္တံ့။ မကြာမီ အေးချမ်းသော ခြေတစ်ခုလုံး ကုန်ဆုံး၍ ပူပန်၊ ညောင်းညာသော ခြေဖြစ်၍နေ၏။ **ရုပ်သစ်၊ ရုပ်ဟောင်းလဲပြောင်းမှုကိုယ်တွေ့ဒိဋ္ဌ ဖြစ်ကြ၏။**

ထို့နောက် တစ်စတစ်စ ထုံ၍၊ ဖြစ်ပေါ်၍လာသည်လည်း ထင်ရှား၏။ ထို့နောက် တစ်စတစ်စ ကျင်ရုပ်ဖြစ်၍ပေါ်လာသည်လည်း ထင်ရှား၏။ ဤ၌ မပျောက်ငြိမ်းမီအတွင်း ညောင်းမှု၊ ညာမှု၊ ထုံမှု၊ ကျင်မှု **တစ်စဉ်တစ်ဆက်တည်း ဖြစ်၍ တစ်ခါညောင်း၊ တစ်သုတ်ညောင်း၊** တစ်ကြိမ်ညောင်းဟု မှတ်ယူကြသော ဇာတိ ဓမ္မသည် **သန္တတိဇာတိ** မည်၏။

ဤနည်းတူ ရပ်ခြင်း၊ သွားခြင်းတို့၌လည်း အညောင်းအညာ ဖြစ်၍လာမှု၊ အညောင်းအညာပြေပျောက်မှု၊ အဖျားတက်မှု၊ အဖျားကျမှု၊ အနာရောဂါဖြစ်သောအလှည့်၊ အနာရောဂါပျောက်သောအလှည့်၊ ပူသောအလှည့်၊ အေးသောအလှည့်၊ အိုက်သောအလှည့်၊ ချမ်းသောအလှည့်၊ အိပ်သောအလှည့်၊ ထိုင်သောအလှည့်၊ ရပ်သောအလှည့်၊ သွားသောအလှည့်၊ ကွေးသောအလှည့်၊ ဆန့်သောအလှည့်အစရှိသည်ဖြင့် တစ်ကိုယ်လုံး၌လည်းကောင်း ထိုထိုကိုယ်အင်္ဂါ၌လည်းကောင်း ရုပ်အမျိုးမျိုး ပြောင်းလဲ၍ ဖြစ်ကြသော အမှုတို့သည် တစ်နေ့တစ်နေ့မှာပင် အမျိုးနှစ်ရာမက ဖြစ်ကြကုန်၏။ ထိုသို့ ဖြစ်ကြရာ၌ **တစ်လှည့်တစ်လှည့်သော ရုပ်သစ်ဖြစ်မှု၊ တစ်မျိုးတစ်မျိုးသော ရုပ်သစ်ဖြစ်မှုသည်၊** တစ်ခုတစ်ခုသော **သန္တတိဇာတိ**မည်၏။

ဤသန္တတိဇာတိဓမ္မ၌ လိုရင်းအကျဉ်းချုပ်စကားမှုကား လောက၌ ကိုယ်ခန္ဓာ ဘယ်လိုဖြစ်သည်၊ ဘယ်ဟာဖြစ်သည်၊ ပေါ်သည်၊ ပေါက်သည်၊ ပွားသည်ဟူ၍ ကိုယ်တွေ့ဒိဋ္ဌ ပြောဆိုကြသော **အမှုစုသည် ဇာတိချည်းသာတည်း။**

ယခုငါ့မှာ ဘယ်လိုအကြံဖြစ်သည်၊ ဘယ်လိုစိတ်ဖြစ်သည်၊ လိုချင်စိတ်ဖြစ်သည်၊ မလိုချင်စိတ်ဖြစ်သည်၊ ပြုချင်စိတ်ဖြစ်သည်၊ မပြုချင်စိတ်ဖြစ်သည် အစရှိသည်ဖြင့်

http://www.dhammadownload.com



ဖြစ်ထုံးနှင့် သုံးကြသမျှသည် ဇာတိစကားချည်းသာတည်း။ ထိုအတူ ငါ့မှာ လောဘဖြစ်သည်၊ ဒေါသဖြစ်သည် အစရှိသော စကားထဲမှာ ဘယ်လိုအကြံပေါ်သည်၊ ခန္ဓာကိုယ်မှာ ဘယ်အနာရောဂါဖြစ်လာသည်၊ ဘယ်လိုဖြစ်လာသည်၊ ဘယ်လိုပေါက်လာသည် အစရှိသော အချက်တို့ကို ဆိုလိုသည်။

## ခဏိကဇာတိ

ခဏိကဇာတိဆိုသည်ကား - ကိုယ်ခန္ဓာတစ်ခုလုံး၌ ဓာတ်မီးသည် အမွှန်ဖြစ်၏။ **ကိုယ်ခန္ဓာဟူသမျှသည် ဓာတ်ခဲကြီး၊ ဓာတ်မီးတုံးကြီးပေတည်း။** တစ်ကိုယ်လုံးမှာ **အေးမှု၊ နွေးမှု၊ ပူမှုမှလွတ်သော အကွက်ဟူ၍ အဏုမြူမျှ မရှိ။** မီးမည်သည် တရှိန်ရှိန် တရှရှ ထမြဲဓမ္မတာပေတည်း။

တစ်ကိုယ်လုံးဝယ် ဧရာတည်ဖြစ်သော မြေဓာတ်သည် မီး၏မှီတွယ်ရာ ဓာတ်မီးစာဖြစ်၏။ ခပ်သိမ်းသော ရုပ်ဟူသမျှသည် မာမှုဟူသော မြေဓာတ်၌ မှီကြရ၏။ မြေဓာတ်ပျက်ဆုံးလျှင် ပျက်ဆုံးကြရ၏။

မီးမည်သည် မှီရာကို အမြဲစား၏။ အမြဲလည်းပေါက်ပွား၏။ **မီးကို စေ့စေ့ကြည့်၍နေလျှင် လှုပ်လှုပ်ရှရှ မြင်ရ၏။ လှုပ်လှုပ်ရှရှ မြင်ရသမျှသည်၊ အသစ်အသစ်၏ ပေါက်ပွားမှု၊ အဟောင်း အဟောင်း ကုန်ဆုံးမှုပေတည်း။**

ထို့ကြောင့် ပကတိမီးကို စေ့စေ့ကြည့်၍နေလျှင် လှုပ်လှုပ်လှုပ်လှုပ်၊ ရှရှ ရှရှ မြင်ရသမျှ **ခဏိကဇာတိနှင့် ခဏိကမရဏမှုချည်း**မှတ်၊ ထိုအတူ မီးခဲကြီးအတိဖြစ်သော ဤကိုယ်ခန္ဓာမှာလည်း မျက်တောင်တစ်ခတ်၊ လျှပ်တစ်ပြက်မစဲ တသဲသဲ တရှရှ ဓာတ်မီးစားမှု၊ ဓာတ်မီးပွားမှု၊ ရုပ်ပွားမှုကို သိလေ။

## ရေပွက်ပမာ ရှုပွားနိုင်သူအား သေမင်းမမြင်နိုင်

ထို့ကြောင့် ဓမ္မပဒပါဠိတော်၌-

"ယထာ ပုဗ္ဗုဠကံ ပဿေ၊ ယထာ ပဿေ ပရိစိကံ
ဧဝံ လောကမဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ"

ဟူ၍ ဟောတော်မူသည်။

ပုဗ္ဗုဠကံ - ရေပွက်ကို၊ ပဿေ ယထာ - ရှုသကဲ့သို့ လည်းကောင်း၊ ပရိစိကံ - တံလှပ်ကို၊ ပဿေ ယထာ - ရှုသကဲ့သို့ လည်းကောင်း၊ ဧဝံ - ဤအတူ၊ လောကံ - မိမိ

http://www.dhammadownload.com



ခန္ဓာကိုယ်၊ သူတစ်ပါး ခန္ဓာကိုယ်တည်းဟူသော လောကကို၊ အဝေက္ခန္တံ - စေ့စေ့ငုငု ရှုမြင်၍နေသောသူကို၊ မစ္စုရာဇာ - သေမင်းသည်၊ နပဿတိ - မမြင်နိုင်။

မီးပြင်းထည့်၍ ကျိုချက်သဖြင့် ပွက်ပွက်ဆူ၍နေသော အိုးအတွင်းမှာ ရေပွက်ငယ်တွေကို စေ့စေ့စိစိ ကြည့်၍ နေသောသူသည်၊ အပေါ်မစဲ၊ အပျက်မစဲ၊ တသဲသဲ တရွရွနေသော ရေပွက်ငယ်တွေကို မျက်မှောက်ထင်ထင် မြင်ရှိသကဲ့သို့၊ မိမိကိုယ် ခန္ဓာ၊ သူတစ်ပါး ကိုယ်ခန္ဓာ၌ **အပေါ်မစဲ၊ အပျက်မစဲ၊ တသဲသဲ တရွရွနေမှုကို** ဝိပဿနာပညာမျက်စိဖြင့် မျက်မှောက်ထင်ထင် ရှုမြင်ပွားများသော မိန်းမ၊ ယောကျ်ား ကို သေမင်းသည် မမြင်နိုင်ဟု ဆိုလိုသည်။

("ယထာ ဗုဗ္ဗုဠကံ ပဿေ" ပုဒ်၏ အဓိပ္ပာယ် ပြဆိုချက်တည်း။)

## တံလှပ်ပမာ ရှုပွားနိုင်သူအား သေမင်းမမြင်နိုင်

နွေလအခါ၌ ကျယ်လှစွာသော ရေမရှိသော အင်းပြင်ကြီးများ၌ တံလှပ်ခိုး မည်သည်ထ၏။ အောက်ရေခိုးတက်သည်ကို အထက်က နေရောင်တောက်သော အခါ လျှပ်လျှပ်, လျှပ်လျှပ်မြင်ရသောဝတ္ထုကို တံလှပ်ဆိုသည်။ မြေမှပေါ်ထွက်၍ ကောင်းကင်သို့ တလျှပ်လျှပ် ထင်မြင်အောင် တက်သည့်တံလျှပ်ခိုးစုသည် မြေသို့ ပြန်ဝင်သည်မရှိ။ ကောင်းကင်၌သာ ကွယ်ပျောက်ကြလေ၏။

ဤကိုယ်ခန္ဓာအတွင်းမှာ တလျှပ်လျှပ်ပေါ်ထွက်၍နေသော **စိတ်အကြံအစည်၊ ဝိတက်အကြံအစည်၊ လောဘ၊ ဒေါသ အစရှိသော နာမ်တရားတို့ကို လည်း ထိုတံလှပ်နှင့် တူစွာ ရှုရမည်။** ထိုတံလှပ်မှုနှင့်တူစွာ ထင်မြင်အောင် ရှု၍ နေသောသူကို သေမင်းသည် မမြင်နိုင်ဟုဆိုလိုသည်။

(" ယထာ ပဿေ ပရီစိကံ" ပုဒ်၏ အဓိပ္ပာယ်ပြဆိုချက်တည်း။)

"သေမင်းမမြင်နိုင်" ဟူသောစကား၌ **"သက္ကာယဒိဋ္ဌိနိုင်ငံ"**သည် သေမင်း **နိုင်ငံမည်၏။** သေမင်းသည် ပေါရိသာဒမင်းနှင့်တူ၏။ သက္ကာယဒိဋ္ဌိသည် ပေါရိ သာဒမင်း၏ အလုပ်အကျွေးဖြစ်သော ရသက အမည်ရှိစားတော်ကဲနှင့်တူ၏။

## သေမင်းမျက်မှောက် စားအောက်လည်ခံ

ပြဆိုခဲ့ပြီးသော သက်သက်သော၊ ဓာတ်သဘော၊ အာဂန္တုသဘော၊ **ပဋိစ္စ သမုပ္ပါဒ်** သဘောတို့ကို မသိမမြင်ကြကုန်မူ-ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ဦးခေါင်း၊ ခြေ၊ လက်၊ မျက်နှာ၊ ဘယ်သူ၊ **ဘယ်ဝါ ဟူ၍သာ သိမြင် ထင်စွဲ၍** နေကြကုန်သော **သူတို့သည်** သေမင်း၏မျက်မှောက်၌ စားအောက်လည်ခံ ဖြစ်ကုန်

http://www.dhammadownload.com



သော သူတို့ပေတည်း။ အဘယ်ကြောင့်နည်းဟူမူ သေမင်းနိုင်ငံမှ လွတ်နိုင်ရန် အခွင့်အလမ်း မရှိကြသည်၏ အဖြစ်ကြောင့်တည်း။

## သေမင်းမျက်လုံးဖောက်ခွဲသူ

ပြဆိုခဲ့ပြီးသော **ဓာတ်သဘော၊ အာဂန္တုသဘော၊ ပဋိစ္စသမုပ္ပါဒ်သဘော**တို့ကို ဉာဏ်မျက်စိဖြင့် ဒိဋ္ဌရှုမြင်၍နေကြကုန်သော သူတို့သည်မူကား - သက္ကာယဒိဋ္ဌိ၏ ဦးခေါင်းကို ဖောက်ခွဲ၍နေသောသူ၊ သေမင်း၏ မျက်လုံးကို ဖောက်ခွဲ၍နေသောသူ မည်ကုန်၏။ အဘယ်ကြောင့်နည်းဟူမူ-ထိုသို့သော ရှုမြင်မှုသည်သာလျှင် သေမင်း၏နိုင်ငံ - သေမင်း၏ဓားအောက်မှ ထွက်ပေါက်၊ ထွက်လမ်းကြီး ဖြစ်ပေသောကြောင့်တည်း။

ဥပမာကား - လောက၌ ဘီလူး၊ သဘက်တို့ကို မြင်နိုင်သော ဒိဗ္ဗစက္ခုဆေး၊ အသေသတ်နိုင်သော ဝိဇ္ဇာမယဆေး မရှိသူတို့ကား ဘီလူး၊ သဘက်တို့၏ အနိုင်ကျင့်မှုကို ခံကြရကုန်သော်လည်း - ထိုဆေးရှိသူတို့ကား - ထိုသို့ အနှိပ်စက်မခံရဘဲ၊ ဘီလူး၊ သဘက်တို့နိုင်ငံကို လွန်နိုင်ကြကုန်၏။ ထိုသူတို့ကို ဘီလူး၊ သဘက်တို့က အထူးထူး အထွေထွေ ဖန်ဆင်း၍ မပြနိုင်ကြကုန်ပြီ။ မလှည့်ပတ်နိုင်ကြကုန်ပြီ။ ထိုသူတို့၏ ကိုယ်ကို မပူးနိုင်၊ မကပ်နိုင်ကြကုန်ပြီ။

## သေမင်းဆိုသည်မှာ -

ထိုစကား၌ "သေမင်း" ဆိုသည်ကား ခန္ဓာကိုယ်နှင့် အပြည့်အမြဲပါရှိ၍နေသော ရှေး၌ပြဆိုခဲ့ပြီးသော **မရဏဓမ္မ၊ အနိစ္စဓမ္မ**သည် သေမင်းမည်၏။ မရဏသဘော၊ အနိစ္စသဘောရှိသော **ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ၊ ရုပ်ဓာတ်၊ နာမ်ဓာတ်** စသည်လည်း **သေမင်းမည်၏။**

ထိုနှစ်ပါးသော သေမင်းတို့သည် ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်မရှိကုန်သော အန္ဓပုထုဇဉ်တို့အား ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ စသည်ဖြင့် အထူးထူးအထွေထွေ ဖန်ဆင်း၍ ပြနိုင်ကုန်၏။ လှည့်ပတ်နိုင်ကုန်၏။ မိမိတို့၏ ဇာတိသဘာဝကို မမြင်နိုင်အောင် ကွယ်နိုင်ကုန်၏။ မိမိတို့ကိုပင် 'ငါ, ငါ' ဟုဆိုရအောင် ပူးကပ်နိုင်ကုန်၏။

အန္ဓပုထုဇဉ်တို့သည် အနမတဂ္ဂသံသရာ၌ ထိုသေမင်းတို့ကိုပင် ငါ, ငါ ပြု၍ ယခုထက်တိုင်လာကြကုန်၏။ **ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ ဓာတ်သဘာဝ**တို့ကို ပြဆိုခဲ့ပြီး

http://www.dhammadownload.com



သော ရေပွက်အတူ၊ တံလျှပ်အတူ ထင်မြင်နိုင်ကြကုန်သော သူတို့ကိုမူကား- ထိုသေမင်းနှစ်ပါးတို့သည် အထူးထူးအထွေထွေ ဖန်ဆင်း၍လည်း မပြနိုင်ကြကုန်ပြီ။ မလှည့်ပတ်နိုင်ကြကုန်ပြီ။ မကွယ်နိုင်ကြကုန်ပြီ။ 'ငါ, ငါ' ဟု ထင်မှတ်အောင် မပူးကပ်နိုင်ကြကုန်ပြီ။

ဤသို့သောအဓိပ္ပာယ်ဖြင့် "ဧဝံ လောကမဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ" ဟူ၍ ဟောတော်မူသည်။

(ဤကား ခဏိကဇာတိ၏အချက်ကို ပြဆိုသောစကားတည်း။)

## (၁၁) ဇာတိ ပစ္စယာ ဇရာ–မရဏံ

### အရကောက်နှင့် သဘောသရုပ်ထင်လွှယ်အဓိပ္ပာယ်

ဇာတိကြောင့်ဖြစ်သော ဇရာ-မရဏတွင်

ဇရာသည်- လောကီဝိပါက်စိတ် (၃၂) ပါး၊ ၎င်းတို့နှင့်ယှဉ်သော စေတသိက်များနှင့် ကမ္မဇရုပ်တို့၏ ရင့်ခြင်း = ဌီ။ သတ္တဝါတို့အား အရွယ်မှ ဆုတ်ယုတ်ခြင်း၊ ရင့်ရော် အိုမင်းခြင်း၊ ဆွေးမြေ့ခြင်းတို့ပင်တည်း။

မရဏသည် - လောကီဝိပါက်စိတ်(၃၂)ပါး၊ ၎င်းတို့နှင့်ယှဉ်သော စေတသိက်များနှင့် ကမ္မဇရုပ်တို့၏ ပျက်စီးခြင်း = ဘင်။ သတ္တဝါတို့၏ ဇီဝိတိန္ဒြေကင်းပြတ်၍ သေဆုံးခြင်း ပင်တည်း။

### ဇာတိကြောင့် ဇရာ-မရဏဖြစ်ပုံ အကျဉ်းအဓိပ္ပာယ်

(မူလပဌာန်းဆရာတော်ကြီး ဦးနာရဒ)

ဇရာဆိုသည်မှာ သင်္ခတဓမ္မတို့၏ ရင့်ရော်အိုမင်းဆွေးမြေ့မှုဖြစ်၏။ သင်္ခတတရားတို့မှာ ဇရာသဘောရှိနေ၍ ဖြစ်တိုင်း၊ ဖြစ်တိုင်း ရင့်ရော်အိုမင်း ဆွေးမြေ့ကြရကုန်၏။

ဇရာသုံးမျိုးရှိရာ ဝယောဝုဍ္ဍိဇရာသည် - သွားကျိုး၊ ဆံဖြူ၊ အရေတွန့်လိပ်ကာ တစ်ဆင့်တစ်ဆင့် အသက်အရွယ်ကြီးရင့်မှု။ ၎င်းသည်ပင် မျက်မြင်ထင်ရှား၍ ပါကဋဇရာ မည်၏။ သွားကျိုးမှု စသည်သည် ပညတ်အားဖြင့်သာ ထင်ရှားရှိ၍ ပညတ္တိဇရာလည်း မည်၏။ ပရမတ္ထအားဖြင့်ကား ရုပ်သက်တို့မှာ စိတ္တက္ခဏ (၁၇)

http://www.dhammadownload.com



ချက်သာ အသက် ရှိကာ၊ အတိုးအဆုတ်မရှိ၍ ဤရုပ်သည် ထိုရုပ်ထက်အိုသည်ဟု မဆိုနိုင်။

အိုမင်းသူတို့၌ ပညတ္တိဇရာထင်ရှားပုံမှာ-အသက်ကြီးသူတို့မှာ အဆင့်ဆင့် ရင့်ရော်လာသော ဥတု၊ ဩဇာတို့မှ ဖြစ်ရသောဥတုဇ၊ အာဟာရဇ ရုပ်တို့သည် ရင့်သည်ထက်ရင့်၍၊ သွားကျိုး၊ ဆံဖြူ စသည်ဖြစ်ကာ ပါကဋဇရာရုပ်တို့ ထင်ရှားကြ၏။

**နတ်တို့မှာ ပါကဋဇရာမရှိပုံမှာ** - ဤပါကဋဇရာသည် ဥတုဇ၊ အာဟာရဇ အားကြီးသော သတ္တဝါ၊ အဝိညာဏကသစ်ပင် စသည်တို့မှာသာ ဖြစ်ရကား ကမ္မဇရုပ် အားကြီးသောနတ်တို့မှာမရှိ။

**သန္တတိဇရာသည်** - ဇာတိသဘောအတိုင်း တစ်ရက်၊ တစ်လအတွင်း စသည် တို့မှာ ရုပ်နာမ်ခန္ဓာတို့ တစ်မျိုးစီ တစ်မျိုးစီ ဆုတ်ယုတ်မှု။

**ခဏိကဇရာသည်** - ခဏငယ်အစဉ်အားဖြင့် ဖြစ်ပေါ် နေသော ရုပ်နာမ်တို့ ၏ ဋီခဏ။

အပါကဋဇရာသည် - ဝိပါက်နာမ်၊ ကမ္မဇရုပ်တို့၏ ရင့်ရော်မှု ဋီအခိုက်သည် မျက်မြင်အားဖြင့် မထင်ရှား၍ **အပါကဋဇရာ** မည်၏။

မရဏသည် - သင်္ခတဓမ္မတို့၏ သေဆုံးပျက်ဆီးမှု၊ သတ္တဝါသင်္ခတ တရားဟူ သမျှ မရဏသဘောရှိနေ၍ အပြီးတိုင်ရုပ်နာမ်မချုပ်ငြိမ်းသေးသမျှ ဤမရဏဘေးမှ မလွတ်နိုင်ဘဲ သေ၍မဆုံးနိုင်ကြကုန်။

မရဏသုံးမျိုးရှိရာ **သမ္မုတိမရဏသည်** ပစ္စုပ္ပန်ဘဝတစ်ခု၏ချုပ်ဆုံးသော သေပျက်မှု။

**သန္တတိမရဏသည်** အကြောင်းအားလျော်စွာ အထူးထူးအထွေထွေ ဖြစ်ပေါ် လာသော ရုပ်အစဉ်၊ နာမ်အစဉ်တို့၏ ချုပ်ဆုံးကွယ်ပျောက်မှု။

**ခဏိကမရဏသည်** - ခဏငယ်အစဉ်အားဖြင့် ဖြစ်နေသော ရုပ်နာမ်တို့၏ ပျက် ဆုံး ချုပ်ကွယ်မှု။

ဇာတိ၊ ဇရာ၊ မရဏ တို့၏ တရားကိုယ်မှာ လောကီဝိပါက် (၃၂)၊ စေတသိက် (၃၅)၊ ကမ္မရုပ် (၂၀) ဟုဆိုအပ်သော ထိုထိုဥပပတ္တိဘဝခန္ဓာတို့၏ ဖြစ်မှု၊ ရင့်ရော်မှု၊ စုတိပျက်ဆုံးမှုများပင်တည်း။

ဇာတိ ပစ္စယာ ဇရာ-မရဏံ အရ ဇာတိရှိနေမှုကြောင့်သာ ဤဇရာ၊ မရဏ တရားများ ဖြစ်နေကြ၏။

http://www.dhammadownload.com



## ဇာတိကြောင့် ဇရာ-မရဏဖြစ်ပုံ မကျဉ်းမကျယ်အဓိပ္ပာယ်

(ဆရာကြီးဒေါက်တာမင်းတင်မွန်)

ကမ္မဘဝ-ဥပပတ္တိဘဝတို့ကြောင့် ဝိပါက်နာမ်နှင့် ကမ္မဇရုပ်တို့၏ ဖြစ်ခြင်း 'ဇာတိ' ဖြစ်ပေါ်သည်ကို ဆိုခဲ့ပြီ။ ထိုဝိပါက်နာမ်နှင့် ကမ္မဇရုပ်တို့သည် 'ဥပါဒ်' ပြီးသည်နှင့် တစ်ပြိုင်နက် 'ဌီ' အခိုက်၌တည်ကာ ပျက်စီးခြင်း 'ဘင်' သို့ ဦးတည်လျက် ရင့်ရော်ဆွေးမြေ့လေတော့၏။ ထိုရင့်ရော်သောအခိုက်သည် 'ဇရာ' အခိုက်ပင်တည်း။ ထိုဝိပါက်နာမ်နှင့် ကမ္မဇရုပ်တို့၏'ဘင်' အခိုက်သည် ပျက်စီးသော အခိုက်၊ မရဏအခိုက်ပင်တည်း။

ထိုဝိပါက်နာမ်နှင့် ကမ္မဇရုပ်တို့၏ ဇရာ-မရဏတို့သည် လူအများတို့မျက်မြင် သိနိုင်လောက်အောင် မထင်ရှားကြပါ။ ထို့ကြောင့် "အပါကဋဇရာ-မရဏ" အမည်ရ၏။ ဆံဖြူ၊ သွားကျိုး၊ နားထိုင်း၊ ခါးကိုင်း၊ မျက်စိမှုန်၊ အသားအရေတွန့်တွဲခြင်းဟူသော ရင့်ရော်အိုမင်းမှုသည်ကား မျက်မြင်အားဖြင့် ထင်ရှားသော "ပါကဋဇရာ" တည်း။ ဘဝတုံးအောင် သေကျေပျက်စီးမှုသည် ထင်ရှားသော "ပါကဋမရဏ"တည်း။

တစ်ဘဝ, တစ်ဘဝ၌ ပထမဦးဆုံး နာမ်ရုပ်ဖြစ်ပေါ်ခြင်းဟူသည့် 'ဇာတိ = ပဋိသန္ဓေ' ကြောင့်သာ ထိုပါကဋ၊ အပါကဋ၊ ဇရာ-မရဏတို့ ဖြစ်ကြရ၏။ ဇာတိမရှိလျှင် မည်သည့် ဇရာ-မရဏတို့မျှ မဖြစ်ပေါ်နိုင်ချေ။ ထို့ကြောင့် ဇာတိသည် ဇရာ-မရဏတို့၏ အကြောင်းဖြစ်သည်ဟု ဘုရားရှင်ဟောတော်မူ၏။

## ဇာတိကြောင့် ဇရာ-မရဏဖြစ်ပုံ မကျဉ်းမကျယ်အဓိပ္ပာယ်

(ညောင်လေးပင်တောရဆရာတော်ဘုရားကြီး)

"ဇာတိ ပစ္စယာ ဇရာ-မရဏံ" ၌ ဇာတိကြောင့် ဇရာ-မရဏ ဖြစ်သည်ဆိုတာ (အကြောင်းကမ္မဘဝကြောင့် ဖြစ်သော အကျိုးဥပပတ္တိဘဝဆိုသည့်) ရုပ်ဇာတိ၊ နာမ်ဇာတိကြောင့် ရုပ်ဇရာ-မရဏ၊ နာမ်ဇရာ-မရဏ ဖြစ်သည်။ ဖြစ်သမျှ ရင့်၍ပျက်ရသည့် ဥပါဒ်၊ ဌီ၊ ဘင် သဘောချည်းသာပင်။

ဇာတိ-ဖြစ်ခြင်းရှိလျှင်၊ ဇရာ-မရဏ ရင့်ခြင်း၊ ပျက်ခြင်း ဖြစ်ရတာ မြေကြီးလက်ခတ်မလွဲ၊ ကေန်ပါပဲ။ ထို့ကြောင့် ထင်ရှားပြဋ္ဌာန်းသော ဇာတိကို ခေါင်းခေါက်ပြီး "ဇာတိ ပစ္စယာ ဇရာ-မရဏံ" ဟုဟောလေသည်။

http://www.dhammadownload.com



ဇာတိ၊ ဇရာ၊ မရဏ သည် ရန်သူသုံးဦးနှင့်တူ၏ဟု အဋ္ဌကထာက ဆိုသဖြင့် ၎င်းတို့အား ရန်သူသုံးယောက်လို ရှုရမည်။

ဇာတိသည်- တစ်ဘဝမှ တစ်ဘဝသို့ဆောင်၏။ သတ္တဝါတို့ကို တောနက်ထဲရောက်အောင် "ချော့ခေါ်" သော **ပထမရန်သူနှင့်တူ၏**။

ဇရာသည်-ရောက်ရာဘဝ၌ အိုမင်းရင့်ရော်အောင်နှိပ်စက်၏။ တောနက်ထဲရောက်လျှင်ရောက်ချင်း မထနိုင်အောင် "လဲနေအောင်ရိုက်" သော **ဒုတိယရန်သူနှင့် တူ၏**။

မရဏသည် - ဇရာ-မရဏ သင့်သူကိုခန္ဓာပျက်အောင် အသေသတ်၏။ တောနက်ထဲ၌ မထနိုင်သူကို "ခေါင်းဖြတ်"သော **တတိယရန်သူနှင့်တူ၏**ဟု ရှုမြင်ရာ၏။

## ဇာတိကြောင့် ဇရာ-မရဏဖြစ်ပုံ မကျဉ်းမကျယ်အဓိပ္ပာယ်

**(မဟာစည်ဆရာတော်ဘုရားကြီး)**

ကမ္မဘဝကြောင့် ဥပပတ္တိဘဝဟူသော ဘဝသစ်ဖြစ်ခြင်း ဇာတိ ပေါ်လာလျှင် ထိုတစ်ဘဝလုံးနှင့် သက်ဆိုင်သည့် ဆင်းရဲတွေကို တွေ့ကြုံခံစားသွားရပေတော့မည်။ ငရဲဇာတိပေါ်လာလျှင် ငရဲမီးအလောင်ခံရခြင်း၊ ငရဲထိန်းတို့၏အနှိပ်အစက်ခံရခြင်း အစရှိသည့် ဆင်းရဲတွေကို နှစ်ပေါင်းသိန်းသောင်းများစွာ ခံစားသွားရလိမ့်မည်။ ပြိတ္တာဘုံမှာ ဇာတိပေါ်လာလျှင် နှစ်ပေါင်းသိန်းသောင်းများစွာ ငတ်မွတ်ဆာလောင် နေခြင်း အစရှိ သော ဆင်းရဲတွေကို ခံစားသွားရလိမ့်မည်။

လူ့ဘဝမှာ ဇာတိပေါ်လာလျှင် အမိဝမ်းတွင်းမှာ ရှိစဉ်ကတည်းက ပဋိသန္ဓေနေမှု ဆင်းရဲတွေကို ခံစားရလိမ့်မည်။ မွေးဖွားသည့်အခါမှာလည်း နာကျင်ခြင်း အစရှိသော ဆင်းရဲတွေကို ခံစားရလိမ့်မည်။ မွေးဖွားပြီးသည့်နောက်မှာလည်း သူ့တစ်ဘဝလုံးနှင့်ဆိုင်သည့် ဆင်းရဲအမျိုးမျိုးကို ခံစားသွားရလိမ့်မည်။ စားဝတ်နေရေးအတွက် အပန်းတကြီး ရှာဖွေလုပ်ကိုင်ရသည့် ဆင်းရဲတွေကိုလည်း ခံစားသွားရလိမ့်မည်။ မည်သူမဆို အိုခြင်း၊ သေခြင်းဆိုတာတွေကိုတော့ မုချတွေ့ရလိမ့်မည်။ ထို့ကြောင့် "ဇာတိ ပစ္စယာ ဇရာ-မရဏံ" စသည်ဖြင့် ဟောတော်မူ၏။

ဇာတိပစ္စယာ-ဘဝအသစ်ဖြစ်မှု၊ ဇာတိဟူသော အကြောင်းကြောင့်၊ ဇရာ - မရဏ အိုခြင်း၊ သေခြင်းသည်၊ သမ္ဘဝန္တိ-ဖြစ်၏။ ဘဝအသစ်ဖြစ်မိလို့ရှိလျှင် အိုခြင်းနှင့် သေခြင်းဆိုတာကတော့ မုချတွေ့ရတော့တာပဲ။ ဘယ်လိုမှ ပြေးလို့ တိမ်းလို့ ရှောင်လို့ မရနိုင်ပါ။

http://www.dhammadownload.com



နာခြင်းဆိုသည့် ဗျာဓိကတော့ နတ်တွေ၊ ဗြဟ္မာတွေမှာ မရှိသည့်အတွက် ဧကန်မုချအကျိုးကိုပြသည့် ဉာဏ်အပိုဒ်ထဲမှာ ထည့်မထားပါ။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ ဆိုသည့် အနေကန်အကျိုးပြအပိုဒ်ထဲမှာ ထည့်ထားသည်။ ထိုအပိုဒ်ထဲက ဒုက္ခဆိုတာ ကိုယ်မှာတွေ့ရသည့် ဆင်းရဲဟူသမျှ အကုန်ပါပဲ၊ မကျန်းမမာ ဖျားနာပြီး အခံခက်သည့်ကိုယ်ဆင်းရဲတွေလည်း ပါသည်။ ၎င်းတို့ကိုဗျာဓိ ဒုက္ခလို့ခေါ်သည်။ လူ့ဘဝမှာဆိုလျှင်တော့ ထိုသို့နာဖျားပြီး ဆင်းရဲရသော ဗျာဓိဒုက္ခ လည်း မုချတွေ့ရသည့် ဆင်းရဲပါပဲ။

ထိုကြောင့် လူ့ဘဝအနေနှင့်ဆိုလျှင် အိုခြင်း၊ နာခြင်း၊ သေခြင်း ဆိုသည့် ထိုဆင်းရဲသုံးမျိုးသည် တိမ်းလို့၊ ရှောင်လို့၊ ပုန်းလို့မရသည့် တရားဆိုးကြီးတွေပါပဲ။ ယနေ့အမိဝမ်းမှ မွေးဖွားပြီးစ ကလေးသည်လည်း ခဏတိုင်း၊ စက္ကန့်တိုင်း၊ မိနစ်တိုင်း၊ နာရီတိုင်း၊ ရက်ပိုင်းတိုင်း၊ လပိုင်းတိုင်း၊ ရင့်ရင့်လာတာပါပဲ။ ဆံဖြူ၊ သွားကျိုး၊ ခါးကိုင်း၊ နားထိုင်း၊ မျက်စိမှုန်စသည်ဖြင့် အိုမင်းသည့် အဘိုးအို၊ အမယ်အို အဖြစ်ဆီသို့ ချဉ်းကပ်လာနေတာပါပဲ။ မကျန်းမမာ နာဖျားဖို့ နောက်ဆုံး သေဖို့ရာဆီသို့ ချဉ်းကပ်လာနေတာပါပဲ။

လူပုဂ္ဂိုလ်တွေက အိပ်ပြီး နားနေပေမယ့် လူ့သန္တာန်က ရုပ်နာမ်တရား တွေကတော့ နားမနေနိုင်ကြပါ။ အို၊ နာ၊သေ သို့ တစ်သွားတည်းသွားနေကြသည်ပင်။ လူတွေက သွားလိုက်၊ လာလိုက်၊ စားလိုက်၊ သောက်လိုက်နှင့် ပျော်ရွှင်နေကြ ပေမယ့် ကိုယ်ထဲက ရုပ်နာမ်တွေကတော့ အိုဖို့၊ နာဖို့၊ သေဖို့ရာ တဖြည်းဖြည်း ကူးပြောင်း ပြင်ဆင်နေကြတာပါပဲ။

ထို့ကြောင့် လူ့လောကမှာ ဘဝသစ်ဖြစ်ခြင်းဆိုသည့် ဇာတိဖြစ်ပေါ်လာလျှင် ထိုအိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတာတွေကတော့ မုချတွေ့ရတော့မှာပင်။ ဘယ်ကိုမှ ပြေးလို့မလွတ်။ တိမ်းလို့မလွတ်ပါ။ ရှောင်လို့မလွတ်ပါ။

သေတတ်၊ ပျက်စီးတတ်သည့် ရုပ်နာမ်တရားတွေကိုပင် အထည်ကိုယ် ပြုလုပ်နေရသည့် လောကထဲမှာ ဘဝသစ်ဖြစ်ပေါ်လာလျှင် သေရမှာချည်းပါ။ မြေပြင်မှာနေလည်း သေရမှာပဲ။ ရေထဲမှာနေလည်း သေရမှာပဲ။ ကောင်းကင်မှာ နေလည်း သေရမှာပဲ။ သေခြင်းတရား မနှိပ်စက်နိုင်ရာဖြစ်သော မြေပြင်အရပ်၊ ရေပြင်အရပ်၊ ကောင်းကင်အရပ် မည်သည် မရှိသည်သာတည်း။ သေခြင်းတရားမှ

http://www.dhammadownload.com



လွတ်သည့်နေရာ ဘယ်နေရာမှ မရှိပါ။ ထို့အတူပင် အိုခြင်းတရားမှ လွတ်သည့်နေရာ လည်း ဘယ်မှာမှ မရှိပါ။

ထို့ကြောင့် "ဇာတိ ပစ္စယာ ဇရာ-မရဏံ" ဘဝသစ်ဖြစ်မှု ဇာတိဟူသော အကြောင်းကြောင့်၊ ဇရာ-မရဏံ-အိုရခြင်း၊ သေရခြင်းသည် ဖြစ်သည်ဟု ဘုရားရှင် က ဟောပေ၏။ ဤနေရာတွင် တောင်ပုလုတောရဆရာတော်ဘုရားကြီး၏သံဝေဂ လင်္ကာကို နှလုံးသွင်းဆင်ခြင်ရာ၏။

"မိုးပျံမြေလျှိုး အမျိုးမျိုးနှင့် ပုန်းလျှိုးနေခို မသေလို၍ ဤကိုယ်မှုချ မနေရဘူး။

လင်နှင့်မယား သားနှင့်သမီး မြေးနှင့်ဥစ္စာ ဆွေမျိုးညာနှင့် မကွာမကွေ မသေရဘဲ အတူမြဲ၍ မကွဲတစ်စိ ဘယ်မှာရှိလိမ့်။

လူဖြစ်ကြုံလတ်၊ လူ့ဘုံရပ်၌၊ ထူးမြတ်သည်ဆို ထိုကုသိုလ်ကို ဟိုလ ဟိုနေ့ ချိန်ခါမရွေ့ဘဲ ယနေ့ပင်သာ အားထုတ်ရာ၏။

သေချာကေန် နက်ဖြန်သန်ဘက် သေမည့်ရက်ကို ချိန်းချက်မရှိ ဘယ်သူ သိလိမ့်။"

## ကောဒသမပျို့လင်္ကာ

## ၁၁။ ဇာတိ ပစ္စယာ ဇရာ - မရဏံ

၁၁။ သန္ဓေဇာတိ၊ တစ်ဖန်ငြိ၍
တြိဘုံသူ၊ အဆူဆူလျှင်
လူလူနတ်နတ်၊ အရပ်ရပ်တည့်
မတ်မတ်မားမား၊ ဖြစ်ပြန်ငြားသော်
သုံးပါးအရွယ်၊ စ, လယ်, အဆုံး၊ ရှိမြဲထုံးဖြင့်
အနှုန်းစဉ်စီ၊ သန္ဓေချီက
နာရီစဉ်သင့်၊ အဆင့်ဆင့်လျှင်
ရင့်မြဲ ရော်မြဲ၊ တသဲသဲတည့်
မစဲနေ့ည၊ တရွရွလျှင်
ခဏသန္တတိ၊ အင်္ဂဇရာ
နှစ်ဖြာလောင်မီး၊ အရှိန်ညီး၍

http://www.dhammadownload.com



အကြီး, အငယ်၊ အရွယ်ခြားနား၊ အစားစားလျှင်
အသွားတွင်တွင်၊ မစဲနှင်၏။
လေးအင်သေမှု၊ တစ်ခုခုလည်း
ဗဟုအန္တရာယ်၊ အသွယ်သွယ်နှင့်
နှီးနွယ်ရုံးစည်း၊ တစ်လုံးတည်းလျှင်
ကြီးကြီးငယ်ငယ်၊ အရွယ်မထောက်၊ အချိန်ရောက်က
ချုပ်ပျောက်ခန္ဓာ၊ မငြင်းသာသည်
ဇရာ-မရဏ စွမ်းရည်တည်း။ ။(အရဆောင်လေ)။

## ကောဒသမပျိုလင်္ကာ အဖြေလွှာ

## ၁၁။ ဇာတိ ပစ္စယာ ဇရာ - မရဏံ

(မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး)

### ဇာတိနောက်က ဇရာ-မရဏ ကပ်လျက်လိုက်ပါပုံ

ကမ္မဘဝက ဥပပတ္တိဘဝ၏ ဥပါဒ် ဖြစ်ပွားလာအောင် ကျေးဇူးပြုပေးသည်။ ယင်းဥပပတ္တိဘဝ၏ ဥပါဒ်ထင်ရှားဖြစ်ပွားလာမှုကို 'ဇာတိ' ဟူ၍ခေါ်၏။ ယင်းသို့ ဥပါဒ်ခဏတည်းဟူသော ဇာတိပေါ်လာလျှင် ထိုတရားတို့၏ ဌီခဏတည်းဟူသော ဇရာတရား၊ ဘင်ခဏတည်းဟူသော မရဏတရားတို့သည် အစဉ်အတိုင်းဖြစ်ပွားလာလေတော့၏။ (ကမ္မဘဝက ဥပပတ္တိဘဝကို ဥပါဒ်ခဏအားဖြင့် ထင်ရှားဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးသည်။ ဌီ၊ ဘင်အားဖြင့် ကျေးဇူးပြုပေးသည်မဟုတ်။ ဥပါဒ်တည်းဟူသော ဇာတိတရား၊ ထင်ရှားဖြစ်ပေါ်လာလျှင်ပင် ဌီတည်းဟူသော ဇရာတရား၊ ဘင်တည်းဟူသော မရဏတရားတို့ကား **'ဒီ၏နောက်က ရေထက်ကြပ်ပါသကဲ့သို့'** တစ်ဆက်တည်းပေါ်ပေါက်လာလေတော့သည် ဟုဆိုလိုသည်။)

ဤသို့ ဇာတိရှိမှသာ ဇရာ-မရဏ တရားတို့ ဖြစ်ပေါ်နိုင်၍ ဇာတိမရှိလျှင် ဇရာ-မရဏတို့ မဖြစ်ပေါ်နိုင်သောကြောင့် မြတ်စွာဘုရားရှင်သည် "ဇာတိ ပစ္စယာ ဇရာ-မရဏံ" =ဇာတိဟူသော အကြောင်းကြောင့် ဇရာ-မရဏနှစ်ပါး ထင်ရှားဖြစ်ပေါ်၏ ဟုဟောတော်မူ၏။ (ဆိုခဲ့ပြီးသော စကားရပ်တို့ကို ဆင်ခြင်စဉ်းစား၍ ဇာတိ ဟူသည် ထိုထိုဘဝတစ်လျှောက်လုံး၌ ဖြစ်ပေါ်လာကြသော ခန္ဓာတို့၏ ဥပါဒ်ခဏ= ဖြစ်ဆဲခဏကို ခေါ်၏။ ဇရာဟူသည် ထိုခန္ဓာတို့၏ ဌီခဏ=တည်ဆဲ ရင့်ရော်ဆဲ ခဏကို

http://www.dhammadownload.com



ဆို၏။ မရဏဟူသည် ခန္ဓာတို့၏ ဘင်ခဏ=ပျက်စီးချုပ် ပျောက်ဆဲခဏ ကို ခေါ်၏ဟု အထူးသတိချပ်သိမှတ်ရာ၏။ ဤကား ပရမတ္ထကထာ=သဘာဝစစ်စစ် စကားတည်း)

ပို၍လက်ာ၏ အဓိပ္ပာယ်ကား- ဘဝအသစ်၌ ပဋိသန္ဓေတည်နေစွဲငြိလျှင် ဇာတိတရား အကြိမ်ကြိမ် အဆက်ဆက် ဖြစ်ပွားကာ ခန္ဓာအစဉ်ကြီးထွားလျက် လူလူ၊ နတ်နတ်၊ မတ်မတ်၊ မားမား ထင်မှားဖွယ်ရာ ဖြစ်၍လာ၏။ ထိုသို့ ဖြစ်သည်ရှိသော် တစ်ဘဝအတွက်တာ (ယခုအခါကဲ့သို့ အနှစ်တစ်ရာတမ်း၌) ပထမအရွယ် = ရှေ့ပိုင်း (၃၃နှစ်၊ ၄လ) မဇ္ဈိမအရွယ် = အလယ်ပိုင်း (၃၃နှစ်၊ ၄လ)၊ ပစ္ဆိမအရွယ် = နောက်ပိုင်း (၃၃နှစ်၊ ၄လ) ဤသို့အရွယ်သုံးပါးထင်ရှားရှိမြဲထုံးဖြင့် ထိုထိုဘဝခန္ဓာတို့၏ ဥပါဒ်ခဏ တည်းဟူသော ဇာတိတရား၊ နာရီမလပ် အချိန်မလပ် ထပ်ကာထပ်ကာ ဖြစ်တိုင်း၊ ဖြစ်တိုင်း ထိုဇာတိ ၏နောက်မှ ဌီခဏတည်းဟူသော ရင့်ရော်မှု=ဇရာတရားတို့သည် လည်း နေ့ညမစဲ တသဲသဲ တရွရွ အမြဲထက်ကြပ် ကပ်လျက် လိုက်ပါလာလေတော့၏။ ယင်းရင့်ရော်မှု = ဇရာတရားကို ဇရာမီးဟူ၍ ခေါ်၏။

## ခဏ၊ သန္တတိ ဇရာနှစ်မျိုး

ထိုဇရာမီးသည်-

(၁) ခဏဇရာ = ထိုထိုဘဝခန္ဓာတို့၏ ဌီခဏအချိန်ပိုင်းတည်း ဟူသော ရင့်ရော် အိုမင်းမှု

(၂) သန္တတိဇရာ = အဖေးရုပ်သန္တာန်အစဉ်၊ အပူရုပ်သန္တာန်အစဉ်စသည်တို့၏ တစ်ချိန်ထက် တစ်ချိန် သန္တတိအားဖြင့် ရင့်ရော်အိုမင်းမှု ဟူ၍ နှစ်ပါးရှိလေသည်။

ဤသည်ကိုပင် -

"ခဏ၊ သန္တတိ၊ အင်္ဂဇရာ၊ နှစ်ဖြာလောင်မီး၊ ရှိန်ရှိန်ညီး၍"

ဟူ၍ လင်္ကာစပ်ဆိုသည်။

## ဇရာဒဏ်ချက် အနှိပ်စက်နာပုံ အမြွက်ပြဆိုချက်

(ဤအရာ၌ ငယ်ရွယ်သူများစွာ ဇရာသဘောမထင်ရှားမူ၍ အသက်အရွယ် ကြီးရင့်သူများမှာမှ ဆံဖြူ သွားကျိုးစသည့် ဇရာသဘော ပေါ်ပေါ် လွင်လွင် ထင်ရှားရ ခြင်းအကြောင်းမှာ-

ဇရာဒဏ်ချက် အနှိပ်စက်နာသောကြောင့်ဟု ဖြေဆိုရာ၏။ ချဲ့ဦးအံ့-ကလလ ရေကြည် ပဋိသန္ဓေတည်နေချိန်မှ အစပြု၍ သတ္တဝါတို့မှာ အစဉ်သဖြင့် ရှေးရှေးရုပ်

http://www.dhammadownload.com



များ၏ ဌီခဏတည်းဟူသော ဇရာသို့ရောက်သော အချိန်၌ အသစ်သစ် ဥပါဒ်ဖြစ်ပေါ်ကြရသည့် နောက်နောက်ရုပ်များသည် ရှေးရှေးရင့်ရော်ပြီးသော ရုပ်များ၏ သဘောအားလျော်စွာ ရင့်ကြ၊ ရော်ကြ၊ အထူးသဖြင့် ရင့်ရော်ကြ။ ထိုထက် အထူးသဖြင့်ရင့်ရော်ကြကာ ဥပါဒ်ထင်ရှား ဖြစ်ပွား၍ လာကြရလေသည်။

ထို့ကြောင့် တစ်ရက်ထက်တစ်ရက်၊ တစ်လထက်တစ်လ၊ တစ်နှစ်ထက်တစ်နှစ်၊ တစ်ရွယ်ထက်တစ်ရွယ် အစဉ်သဖြင့် အလွန့်အလွန်ရင့်ရော်သော ရုပ်များ၏ ရင့်ရော်ချိန်ဟု ခေါ် ဆိုအပ်သော ဌီခဏ၌ နောက်ထပ်အသစ်ဥပါဒ်ဖြစ်ပွားသော ရုပ်တရားများသည် ဆံဖြူခြင်း၊ သွားကျိုးခြင်း၊ အသားအရေတွန့်လိမ်ခြင်း အစရှိသော ဇရာသဘောပေါ်ပေါ်ပေါ် လွင်လျက် ထင်ရှားဥပါဒ်ကြရလေသည်။ ထို့ကြောင့်အသက်ကြီး သူတို့မှသာ ထိုဆံပင်ဖြူ သွားကျိုး၊ အရေတွန့်ခြင်းစသော ဇရာသဘော တို့ပေါ်ပေါ်ပေါ် လွင် ထင်ရှားကြရကုန်၏။

ထိုဆံပင်ဖြူ၊ သွားကျိုး၊ အရေတွန့်ခြင်းများသည် မျက်စိဖြင့် ကြည့်၍ မြင်အပ်သော စက္ခုဝိညေယျတရားများဖြစ်ကြ၍ ဇရာတရားအစစ် မဟုတ်ကြကုန်။ ဇရာတရား၏ဒဏ်ချက်များသာ ဖြစ်ကြလေသည်။ ဇရာတရားအစစ်ကား စိတ်ဖြင့်သာ ကြံဆ၍ သိအပ်သော မနောဝိညေယျတရား ဖြစ်လေသည်။

ဥပမာ - ကွင်းကျန်ရစ်သည့် အပျက်အစီးများကို မြင်ရ၍ တိုက်စားသွားသောရေ၊ လောင်ကျွမ်းသွားသောမီးတို့ကို စိတ်ဖြင့် ကြံဆကာသာ သိရလေသကဲ့သို့ ဆံဖြူခြင်း၊ သွားကျိုးခြင်း၊ အသားအရေတွန့်လိမ်ခြင်း စသည့်သဘောများကိုလည်း ဇရာရေကြမ်း၊ ဇရာမီးကြီးတို့ နှိပ်စက်တိုက်စား လောင်ကျွမ်းသွားသော ဒဏ်ချက်များဟူ၍သာ မှတ်ယူအပ်ကုန်၏။ ထိုဒဏ်ချက်များကို မြင်ရသဖြင့် ဇရာရေကြမ်း၊ ဇရာမီးကြီးတို့ကို စိတ်ဖြင့်မှန်းဆ၍ သိအပ်ကုန်၏။)

ရှေးဖော်ပြရာပါ ခဏဇရာမီး၊ သန္တတိဇရာမီးတို့တညီးညီး တရှိန်ရှိန် အချိန်မစဲ တသဲသဲ လောင်ကျွမ်းမှုကြောင့် ငယ်သောအရွယ်၊ အလယ်အလတ်အရွယ်၊ ကြီးသောအရွယ်၊ ဆယ်နှစ်အရွယ်၊ နှစ်ဆယ်နှစ်အရွယ် စသည်ဖြင့် အရွယ်ခြားနား အစားစား ဖြစ်ရလေသည်။ ထိုသို့ဖြစ်အောင် သတ္တဝါတို့ကို ဇရာတရားကမောင်းနှင်၍ ပေးနေလေသည်။

http://www.dhammadownload.com



**မရဏ (၃) မျိုး**

ဇရာခေါ်သော ဋီခဏ၏ အခြားမဲ့မှာပင် ဘင်ခဏသို့ရောက်ရှိကြကာ သတ္တဝါတိုင်း ခဏိကမရဏအားဖြင့် အချိန်တိုင်းသေလွန်၍ နေကြလေသည်။

(သမ္မုတိ မရဏသို့ မရောက်သေး၍ သေမှန်းမသိကြချေ။)

ထင်ရှားစေဦးအံ့၊ သေဆုံးပျက်စီးခြင်း-မရဏသည်-

၁။ ခဏိကမရဏ

၂။ သမုစ္ဆေဒမရဏ

၃။ သမ္မုတိမရဏ ဟူ၍ သုံးမျိုးရှိ၏။

(၁) **ခဏိကမရဏဆိုသည်မှာ** - ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ မိမိတို့ဘင်ခဏသို့ရောက်ရှိကြသဖြင့် သေဆုံးပျက်စီးခြင်းကို ခေါ်၏။ စိတ်စေတသိက်တရား တစ်စု တစ်စု တစ်ခုတစ်ခုလျှင် ဥပါဒ်ခဏ၊ ဋီခဏ၊ ဘင်ခဏ ဟူ၍ ခဏငယ် သုံးချက်စီ အသက်ရှည်ကြ၏။ ထိုခဏငယ်သုံးချက် အချိန်ပိုင်းကာလကို စိတ္တက္ခဏကြီးတစ်ချက်ဟူ၍ ခေါ်၏။ မျက်စိတစ်မှိတ်၊ လျှပ်တပြက် အချိန်တိုအတွင်းမှာပင် စိတ္တက္ခဏပေါင်း ကုဋေတစ်သိန်းကျော်ဖြစ်၍ ချုပ်ကြလေသည်။ သို့ဖြစ်ရကား သတ္တဝါတိုင်းသည် မျက်စိတစ်မှိတ်၊ လျှပ်တပြက် အချိန်ပိုင်းကာလအတွင်း၌ ခဏိကမရဏ သေခြင်းမျိုးဖြင့် အကြိမ်ပေါင်း ကုဋေတစ်သိန်းကျော် သေဆုံးလျက် ရှိကြလေကုန်သည်။

(၂) **သမုစ္ဆေဒမရဏဟူသည်မှာ** - ရဟန္တာပုဂ္ဂိုလ်တို့၏၊ ဝဋ်ဆင်းရဲကို အကြွင်းမဲ့ အမြစ်ပြတ် ဖြတ်တောက်သွားသော သေခြင်းမျိုးကိုခေါ်၏။

(၃) **သမ္မုတိမရဏဟူသည်မှာ** - ဘုရား၊ ရဟန္တာမှ ကြွင်းသော သတ္တဝါတို့၏ တစ်ဘဝ၌ အကျုံးဝင်သော ဇီဝိတိန္ဒြေသန္တာန်အစဉ် ပြတ်စဲသေဆုံးသွားခြင်းကို ခေါ်သည်။

ဤယခု မရဏအခန်း၌ သမ္မုတိမရဏကိုသာ အလိုရှိအပ်၏ ဟုဆိုလို၏။

**သေခြင်း (၄) မျိုး**

ထိုသမ္မုတိမရဏသည်လည်း

(၁) **အာယုက္ခယမရဏ** - အသက်ရှည်ရန် ကံအစွမ်းပင် ရှိသေးသော်လည်း အသက်တမ်း ကုန်၍သေခြင်း။

http://www.dhammadownload.com



(၂) ကမ္မက္ခယမရဏ - အသက်တမ်းပင် ကျန်ရှိသေးသော်လည်း ကံအစွမ်းကုန်၍ သေခြင်း။

(၃) ဥဘယက္ခယမရဏ - အသက်တမ်း၊ ကံစွမ်းနှစ်ပါးစုံကုန်၍သေခြင်း။

(၄) ဥပစ္ဆေဒကမရဏ - အသက်တမ်း၊ ကံအစွမ်းနှစ်ပါးတို့ကျန်ရှိသေးသော်လည်း ဥပစ္ဆေဒက အကုသိုလ်ကံဆိုးက ဝင်ရောက်ဖြတ်တောက်သဖြင့် သေခြင်း။

ဟူ၍ လေးမျိုးရှိလေသည်။

ထိုဖော်ပြပါ သေခြင်းတရားလေးမျိုးတို့တွင် **တစ်ပါးပါးသည် အသက်ကို ရန်ရှာမည့် များစွာသော အန္တရာယ်တို့နှင့် ပေါင်းသင်းနှီးနွှယ်မိတ်သင့်ကာ၊** သတ္တဝါတို့ကို မျက်နှာကြီး၊ ငယ်၊ အရွယ်မထောက်၊ အချိန်ရောက်လျှင်၊ တစ်ဘဝ **တွက်တာ ခန္ဓာပြတ်ကြွေ စုတေရန် နှိပ်စက်လေတော့သည်။**

ထိုထိုအန္တရာယ်များစွာတို့နှင့် ပေါင်းသင်းနှီးနွှယ်မိတ်သင့်၍ သေခြင်းလေးပါးတို့တွင် တစ်ပါးပါးတို့ နှိပ်စက်လာသောအခါ ကြီး၊ ငယ်မဟူ သတ္တဝါ၊ ဗိုလ်၊ လူတို့သည် မငြင်းသာ၊ မဆန်သာ ခန္ဓာပြတ်ကြွေ စုတေကြရလေတော့သည်။

ဤအနက်ကိုရည်၍ လက်ာ၌ "လေးအင်သေမှု တစ်ခုခုလည်း - (ပ)- ဇရာ - မရဏစွမ်းရည်တည်း" ဟူ၍ စပ်ဆိုတော်မူအပ်လေသည်။

## ဇာတိ၊ ဇရာ-မရဏကား ရန်သူလူသတ်သမား (၃) ဦးနှင့် တူပုံ

(အထူးမှတ်ရန်မှာ - ဤဇာတိ၊ ဇရာ၊ မရဏ တရားသုံးပါးတို့သည် နှိပ်စက်ရန်အခွင့်ရှာ၍ လှည့်လည်ကျက်စား သွားလာနေကြသော ရန်သူလူသတ်သမားများနှင့် တူကြကုန်၏။ ထင်ရှားစေဦးအံ့၊ ယောက်ျားတစ်ယောက် မှာ နှိပ်စက် သတ်ဖြတ်ရန် အခွင့်အပေါက်ရှာ၍ လှည့်လည်ကျက်စားသွား လာနေကြသော ရန်သူသုံးယောက်ရှိသည်တွင် -

- **"ပထမရန်သူ"**၏၊ တောအုပ်ကျေးဇူးကို ပြောဆို၍ ထိုယောက်ျားကို ခေါ်ယူကာ တောအုပ်သို့ သွားသောအခါကဲ့သို့၊ ပစ္စုပ္ပန် ဤဘဝဝယ် ချစ်လှစွာသော အဆွေအမျိုးအဝန်းမှ ဆွဲငင်ထုတ်ယူကာ ဂတိငါးပါးတို့တွင် တစ်ပါးပါး၌ ဖြစ်စေခြင်း မည်သည် "ဇာတိ"၏ အလုပ်ကိစ္စဖြစ်၏။

http://www.dhammadownload.com



- "ဒုတိယရန်သူ"၏၊ ထိုယောက်ျားကို ရိုက်နှက်ပုတ်ခတ်၍ အားနွဲ့အောင် ပြုခြင်းကဲ့သို့ ဂတိငါးဖြာဝယ် ဖြစ်လေတိုင်းသော ခန္ဓာတို့၌ အားအင်ဗလ လျော့ကျဆုတ်ယုတ်ကာ သူတစ်ပါးပြုမှ နေရသော အခြေအနေ၊ အိပ်ရာ၌ ညောင်စောင်းလျှင် ပုန်းအောင်း လဲလျောင်းရာ ရှိသော အခြေအနေသို့ ရောက်အောင် ပြုလုပ်ပေးမှုသည် "ဇရာ"၏ အလုပ်ကိစ္စဖြစ်၏။
- "တတိယရန်သူ"၏ ထက်လှစွာသော သန်လျက်ဖြင့် ထိုယောက်ျား၏ ဦးခေါင်းကို ဖြတ်ခြင်းကဲ့သို့ တစ်ဘဝအတွက်တာ အသက်ဇီဝိတိန္ဒြေ အစဉ် ကုန်ဆုံးပြတ်စဲအောင် ပြုလုပ်ပေးမှုသည် "မရဏ"၏ အလုပ်ကိစ္စ ဖြစ်၏။ ဤကား အထူးမှတ်ရန်တည်း)။

## ကောဒသမပျိုလင်္ကာ အဖြေလွှာ

## ၁၁။ ဇာတိ ပစ္စယာ ဇရာ - မရဏံ

(လယ်တီဆရာတော်ဘုရားကြီး)

"သန္ဓေဇာတိ၊ တစ်ဖန်ငြိ၍၊ တြိဘုံသူ၊ အဆူဆူလျှင်၊ လူလူနတ်နတ်၊ အရပ်ရပ်တည့်၊ မတ်မတ်မားမား၊ ဖြစ်ပြန်ငြားသော် ---(ပ)--- အကြီး, အငယ်၊ အရွယ်ခြားနား၊ အစားစားလျှင်၊ အသွားတွင်တွင်၊ မစဲနိုင်၏" ဟူသောလင်္ကာဝါကျ၌-

အဓိပ္ပာယ်ကား (၃၁) ဘုံတွင် တစ်ခုခုသောဘုံ၊ တစ်ခုခုသောဘဝ၌ ဇာတ်ရုပ်သေးပြရာ၌ သူ့အခန်းဆိုင်ရာ သူ့ဝတ်စားတန်ဆာဆင်ယင်၍ ဇာတ်ထွက်သကဲ့သို့ သတ္တဝါတို့မှာလည်း စုတိကျ၍ ဘဝဇာတ်သိမ်းပြန်လျှင် မိမိတို့ကံချရာတွင်၊ ထိုဘဝမှာ တစ်ဘဝတစ်ဇာတ် ထွက်ရပြန်၏။ ပဋိသန္ဓေကိစ္စနှင့် ဘဝသစ်ဖြစ်ပေါ် ရပြန်၏။ ဖြစ်ပေါ်ပြန်လျှင်လည်း

"ဇာတ်နှင်မှု" ၌ အစိုးရသော "ဇရာတရား"၊
"ဇာတ်သိမ်းမှု" ၌ အစိုးရသော "မရဏတရား" အပြီး ပါရှိပြန်၏။

### ဇာတ်နှင်မှု-ဇရာတရား အပြီးပါရှိပုံ

ဇရာပါရှိပုံဥပမာကား- ဘယ်နေရာမှာမဆို မြက်၊ သစ်ပင်ပေါက်သည်ရှိသော်၊ ထိုမြက်သစ်ပင်ခေါ် သော ရုပ်တရားစုသည်၊ ရင့်ခြင်းအမှုဟူသော ဇရာမီးမဝင်နိုင်၊

http://www.dhammadownload.com



မကပ်နိုင်အောင် ခိုင်လုံသော အနှစ်သာရမရှိ နံနက်၌ ပေါက်သောမြက်၊ သစ်ပင်သည် ညနေတိုင်လျှင် တစ်မျိုးရင့်၏။ ပေါက်စ၌ နုထွတ်သော ရုပ်သားအတိုင်း အခိုင်အမြဲ ရပ်တည်၍ မနေနိုင်။ ဤမြက်၊ သစ်ပင်တို့၌ (၁) "ရင့်မှုတစ်လမ်း"၊ (၂) တစ်ခဏထက် တစ်ခဏ "ကြီးပွားသန်မာ၍လာမှုကား တစ်လမ်း" ပေတည်း။

"မြေဥတု၊ လေဥတု၊ ရေဥတု" အများတို့ ဝိုင်းအုံညီညာ၍ ထောက်ပံ့ပေးမှုကြောင့် တစ်ခဏထက်တစ်ခဏ ရုပ်သားတိုးပွား၏။ တစ်ခဏထက်တစ်ခဏ ရုပ်ကလာပ် ပြည့်ဖြိုး၏။ ဤ "တိုးပွားမှု၊ ပြည့်ဖြိုးမှု" တို့ကြောင့် တစ်ခဏထက် တစ်ခဏ "ကြီးပွားသန်မာ၍သွား"သတည်း။ ရင့်မှုကြောင့် ကြီးပွားသန်မာ၍ သွားသည်မဟုတ်။

ထိုသို့ကြီးပွားသန်မာ၍ သွားရာ၌လည်း အဆုံးစွန်ပျက်စီးပျောက်ကွယ်ရန် အခွင့်သို့ တစ်ခဏထက်တစ်ခဏ နီး၍သွားမှုသည် ပုံသေပါရှိသည်သာ ဖြစ်၏။ တစ်ခဏ ထက်တစ်ခဏ နီး၍သွားမှုဆိုသည်ကား တစ်ခဏထက်တစ်ခဏ ရင့်မှုတည်း၊ ရော်မှုတည်း၊ မှည့်ကျက်မှုတည်း။

ထိုရင့်မှုမရှိခဲ့သည် ဖြစ်ငြားအံ့၊ ပျက်ဆုံးမှုသို့ တစ်ခဏထက်တစ်ခဏ နီးမှုမည်သည်မရှိရာ။ နီးမှုမရှိကလည်း ပျက်ဆုံးခြင်းသို့ ရောက်ခွင့်မရှိရာ၊ ကြီးရင့်သော အခါ အလွန်မာသည်မှာလည်း တေဇောမီး၏အစွမ်းတည်း။ ထိုမာစဉ် အခါ၌လည်း တစ်ခဏထက် တစ်ခဏ ရင့်မှု၊ ဆွေးမှု ပုံသေပါရှိသည်သာတည်း။

ထို့အတူ လူ၊ နတ်၊ ဗြဟ္မာ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာစုသည်လည်း ဇရာမီး မဝင်နိုင်အောင် မကပ်နိုင်အောင် ခိုင်လုံသော အနှစ်သာရမရှိ။ ပဋိသန္ဓေကိစ္စ၊ ဇာတိကိစ္စနှင့် ဖြစ်ပေါ်သော ခဏမှစ၍ ဇရာမီးဝင်ရောက်စွဲခဲ့လျက် အမြဲလောင်ကာ ပါရှိ၍နေ၏။ အဆုံးတိုင် ပျက်ဆုံးသော အခွင့်သို့ကျအောင် တစ်ခဏမစဲ၊ တစ်နာရီမစဲ အမြဲတွင်တွင် သုတ်သုတ်နှင်၍ နေ၏။

## ဇရာမီးအချက် ထင်ရှားပြဆိုချက်

ဇရာမီးအချက်ထင်ရှားအောင် ဆိုဦးအံ့-လူတို့၌ သက်တမ်း ရှည်ချည်၊ တိုချည်၊ တက်ချည်၊ ဆုတ်ချည် ဖြစ်မှုသည် ဇရာ၏အမှုပေတည်း။ ကမ္ဘာဦးအစ လူတို့၏ ကိုယ်ခန္ဓာ သည် အနှစ်အဆီအလွန်ပြည့်၍ ဇရာမီးသည် နှစ်ပေါင်းအသင်္ချေ လောင်မှကျွမ်းသဖြင့် အသက်အသင်္ချေတမ်း ဖြစ်ရ၏။ ထို့နောက် တစ်စတစ်စ ပြဟ္မစိုရ်

http://www.dhammadownload.com



တရား ဆုတ်ယုတ်လာ၍ ကိုယ်ခန္ဓာမှာ အဆီအနှစ် တစ်စတစ်စ ခြောက်သွေ့ခေါင်းပါးလာ၍ ဇရာမီးသည် အနှစ်တစ်သိန်းနှင့် ကျွမ်းလောင်သော အခါ အသက်တစ်သိန်းတမ်း ဖြစ်၏။ အစဉ်အတိုင်းဆုတ်ခဲ့၍ အသက်ဆယ်နှစ်တမ်းသို့ ရောက်သောအခါ လူတို့၏ ခန္ဓာကိုယ်မှာ အနှစ်အဆီမရှိပြီ။ ဩဇာနှစ်ဆီ ခေါင်းပါးခြောက်သွေ့သဖြင့် ဇရာမီးသည် ဆယ်နှစ်နှင့် ကျွမ်းအောင်လောင်၏။

"ဇရာမီး၏အဖော်သဟဲ"ကား "ဝိရဏာတေဇော" (ခေါ်) "ဓာတ်မီး"တည်း။ ထို့ကြောင့် အသက်တမ်းကို တေဇောဓာတ်မီးပြုပြင်သည်ဟူ၍လည်း ဆိုရ၏။ သတ္တဝါအသီးသီးတို့၌ သက်တမ်းကိုယ်စီရှိကြသည်မှာ ဇရာမီး၏အမှုပင်တည်း။

လူတို့၌ အရွယ်သုံးပါး အပိုင်းအခြား ဖြစ်ပေါ်မှုသည်လည်း ဇရာမီး၏ အမှုပင်တည်း။ တစ်ခုတစ်ခုသော အရွယ်ကို (၃၃-နှစ်၊ ၄-လ) နှင့်ကျွမ်းအောင် လောင်သည်ဟု ဆိုအပ်၏။ အရွယ်ဆယ်ပါးအပိုင်းအခြား ဖြစ်သည်မှာလည်း ဇရာမီး၏အမှုပင်တည်း။ တစ်ခုတစ်ခုသောအရွယ်ကို ဆယ်နှစ်နှင့် ကျွမ်းအောင်လောင်သည်ဟု ဆိုအပ်၏။ ထို့အတူ တစ်နှစ်တစ်နှစ် ကူးပြောင်း၍သွားမှု၊ တစ်ဥတု၊ တစ်ဥတု ကူးပြောင်း၍ သွားမှု၊ တစ်လ, တစ်လ၊ တစ်ရက်, တစ်ရက်၊ တစ်နာရီ, တစ်နာရီ ကူးပြောင်း၍ သွားမှုသည်လည်း ဇရာမီး၏ အမှုပေတည်း။

တစ်နှစ်၊တစ်နှစ် ကူးပြောင်းမှုဆိုရာ၌ ဤခန္ဓာကိုယ်၏ တစ်နှစ်တစ်နှစ်လျှင် တစ်မျိုးတစ်မျိုး ရင့်ကျက်၍သွားသည်ကို ဆို၏။ ဥတုကူးပြောင်းမှုစသည်တို့၌လည်း ဤနည်းတူသိလေ။ ဤအလုံးစုံသည်လည်း တစ်ခဏထက် တစ်ခဏ ရင့်မှု ဖြစ်ပွား၍သွားသော ရင့်မှုစုပေတည်း။ ကာလကြာမြင့်မှ ထင်ရှားသတည်း။

ဤတစ်ခဏထက်တစ်ခဏ ရင့်မှုဒဏ်ချက်သည် လူသတ္တဝါ ရုပ်နာမ်ခန္ဓာကိုယ်ကို မဆိုထားဘိဦး။ ကာလကြာမြင့်လျှင် မဟာပထဝီမြေကြီး၊ မြင်းမိုရ်တောင်တို့နှင့်တကွ အလုံးစုံသော လောကဓာတ်ကိုပင် လောင်ကျွမ်းစေလျက် ကမ္ဘာပျက် ရသေး၏။

ထိုမျှလောက်ကြီးကျယ်သော "ဇရာမီး"ကိုပင် သက္ကာယဒိဋ္ဌိဖုံးလွှမ်းသော ပုထုဇဉ် သတ္တဝါတို့သည် မိမိကိုယ်သဏ္ဌာန်မှာ "ဇရာဓာတ်"၊ "ဇရာဓမ္မ"ကို "ဓာတ်တစ်ပါး"၊ "ဓမ္မတစ်ပါး" အဖြစ်ဖြင့် ကွက်ခြား၍ မမြင်နိုင်ကြကုန်၍ ငါဘယ်အရွယ်ရောက်ပြီ၊ ငါကြီးပြီ၊ ငါအိုပြီဟု "ငါ" ပြု၍ မြင်ကြကုန်၏။

http://www.dhammadownload.com



ထိုဇရာသည် -

(၁) ဝယောဝုဒ္ဓိဇရာ

(၂) သန္တတိဇရာ

(၃) ခဏိကဇရာ ဟူ၍ သုံးပါးအပြားရှိ၏။

## ဝယောဝုဒ္ဓိဇရာ

(၁) ဝယောဝုဒ္ဓိဇရာဆိုသည်ကား- အိုမင်းသော အရွယ်သို့ရောက်၍ ဆံဖြူ သွားကြွေ၊ အရေတွန့်ခြင်း အစရှိသည်ဖြင့် ထင်မြင်ရသောဇရာတည်း။

## သန္တတိဇရာ

(၂) သန္တတိဇရာဆိုသည်ကား-အခွင့်အခါအားလျော်စွာ ကိုယ်ခန္ဓာ၌ တစ်မျိုး တစ်မျိုးစီ ဖြစ်ပေါ်ကြကုန်သော ရုပ်တရား၊ နာမ်တရားတို့၏ ဆုတ်ယုတ် ကျလျော ခြင်း အမှုပေတည်း။ ဥပမာအားဖြင့် ဖျားသောသူမှာ -

"အဖျားတက်သည်" ကား - "**သန္တတိဇာတိ**"၊

"အဖျားကျပြီ" ဆိုသည်ကား - "**သန္တတိဇရာ**"၊

"အဖျားအေးပြီ" ဆိုရသည်ကား - "**သန္တတိမရဏ**" တည်း။

- "**သန္တပ္ပနတေဇော**" တောက်၍ထသည်ကို- "**အဖျားတက်**" သည် ဆို၏။
- ထိုတေဇောအတက်ရပ်၍ ဆုတ်ကျသည်ကို - "**အဖျားကျ**" သည် ဆို၏။
- ထိုတေဇော၏ခဏိကမရဏအားဖြင့် သေဆုံးခြင်းကို "**အဖျားအေး**" သည် ဆိုသည်။

ဝမ်း၌ ထမင်းအစာမရှိသဖြင့် တစ်ကိုယ်လုံး ခွန်အားဗလလျော့ပါး၍ နေ၏။ ထမင်းစားလိုက်သောအခါ တစ်လုတ်ထက်တစ်လုတ် ကိုယ်အားစိတ်အား တောင့် တင်း၍လာ၏။ ကိုယ်တွင်းသန္တာန်၌ **ထမင်းအစာအပြည့်ရှိစဉ်အခါ** ထမင်းအစာ ထောက်ပံ့မှုနှင့် ဖြစ်ပွား၍နေကုန်သော "**ရုပ်သစ်**"၊ "**ဓာတ်သစ်**"၊ "**ကလာပ်သစ်**" **တို့သည်ကိုယ် ခန္ဓာ အပြည့်ရှိနေကုန်၏။** အစာအိမ်၌ အစာသစ်လျော့ပါး၍ သွားလျှင် ထိုရုပ်သစ်၊ ဓာတ်သစ်၊ ကလာပ်သစ်တို့သည် **ဆီးနှင်းပေါက်ကျေပျောက် သကဲ့သို့ ခန္ဓာကိုယ်မှာ** ကျေပျောက်ကြကုန်၏။ ထိုသို့ရုပ်လာပ်တို့ ကျဲရရဲသာရှိ သောအခါ ခွန်အားဗလလျော့ပါးမှု ဖြစ်၏။ သတ္တဝါတို့သည် -

http://www.dhammadownload.com



ခွန်အားဗလလျော့ပါးသည်ဟုသာ သိကြ၏။

ကိုယ်ခန္ဓာ၌ ရုပ်ကလာပ်တွေ ချုပ်ပျောက်၍ကုန်သည်ဟု မသိကြကုန်။

ဤသို့သော ခွန်အားဗလ လျော့နည်းမှုသည်လည်း သန္တတိဇရာမည်၏။ စားမြိုအပ်သောအစာအသစ်ကြောင့် ဝမ်းတွင်းမှာ နှင်းပေါက်နှင်းပွားတွေ ဖြစ်ပေါ် သကဲ့သို့ ရုပ်သစ်၊ ကလာပ်သစ်တွေ ဖြစ်ပေါ်၍ ကိုယ်အား၊ စိတ်အား တက်ပွား တောင့်တင်း ရွှင်လန်းမြဲ ရွှင်လန်းသည်ကို သန္တတိဇာတိဆိုရ၏။

နေ့စဉ်နေ့တိုင်း ထမင်းအစာမှုနှင့်စပ်၍ ကိုယ်တွင်းသန္တာန်မှာ "ရုပ်နု"၊ "ဓာတ်နု"၊ "ကလာပ်နု" တို့၏ တိုးချည်၊ တက်ချည်၊ ဆုတ်ချည်၊ ကျချည်နေမှုသည် ဒီချောင်းထဲမှာ နေ့တိုင်းနေ့တိုင်း ဒီရေတက်ချည်၊ ကျချည် နေသည်နှင့် အလွန်တူ၏။

- **တိုးမှု၊ တက်မှု သည် "သန္တတိဇာတိဓမ္မ"** ပေတည်း။
- **ဆုတ်မှု၊ ကျမှုသည် "သန္တတိဇရာဓမ္မ"** ပေတည်း။

(ဤကား အာဟာရမှုနှင့်စပ်၍ ကိုယ်တွင်းမှာ နေ့ညမစဲ သန္တတိဇာတိ၊ သန္တတိဇရာ၊ သန္တတိ မရဏတို့၏ ဖြစ်ပုံတည်း။)

**ထိုင်မှု၊ ထမှု၊ သွားမှု၊ လာမှု၊ ကွေးမှု၊ ဆန့်မှု** စသည်နှင့် စပ်လျဉ်း၍လည်းကောင်း၊ **ပူမှု၊ အေးမှု၊ အိုက်မှု၊ ချမ်းမှု** စသည်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ထိုထိုဒုက္ခ၊ သုခဖြစ် မှုနှင့် စပ်လျဉ်း၍လည်းကောင်း သန္တတိဇာတိ၊ သန္တတိဇရာတို့ကို သိကြကုန်ရာ၏။

ထိုင်စမှာ သာယာရွှင်လန်းသော ရုပ်တို့ဖြစ်ပေါ်မှုသည် သန္တတိဇာတိတည်း။ တစ်ဖန် ပူပန်ညောင်းညာမှု ဖြစ်၍လာသောအခါ ထိုသာယာသော ရုပ်တို့၏ ဆုတ်ယုတ်မှုသည် **"သန္တတိဇရာ"** တည်း။ ပူပန်ညောင်းညာသော ရုပ်တို့၏ ဖြစ်ပေါ်မှုသည် **"သန္တတိဇာတိ"** တည်း။ ဤသို့စသည်ဖြင့်သိလေ။

နာမ်တရားတို့၌လည်း ဒေါသတရားတို့ ဖြစ်ပွားနေသည်ကား ဒေါသ၏ သန္တတိဇာတိတည်း။ ပွားများမှုယုတ်လျော့၍သွားသည်ကား ဒေါသ၏ သန္တတိဇရာတည်း။ ပျောက်ငြိမ်း၍သွားသည်ကား ဒေါသ၏သန္တတိမရဏတည်း။ လောဘမှု၊ မာနမှု၊ ဣဿာမှု၊ မစ္ဆရိယမှု တို့၌လည်းကောင်း သဒ္ဓါမှု၊ ပညာမှု စသည်တို့၌လည်းကောင်း ဤနည်းတူသိလေ။ (ဤကား သန္တတိဇရာကို အမြွက်မျှဆိုလိုက်သော အခန်းတည်း။)

http://www.dhammadownload.com



## ခဏိကဇရာ

(၃) ခဏိကဇရာကိုကား - ခဏိကဇာတိကို ပြဆိုခဲ့သော "မီး" ကို စေ့စေ့စိစိ ကြည့်ရှုသောစကားဖြင့်ပင် ပြဆိုရာ၏။ "မီးတောက်"ကိုဖြစ်စေ ရဲရဲငြိစွဲနေသော "မီးခဲ" ကို ဖြစ်စေ စေ့စေ့ကြည့်။ လှုပ်လှုပ်လှုပ်လှုပ်၊ ရှရှရှရှ နေသည်ကို မြင်၏။ "လှုပ်မှု"၊ "ရှမှု" မည်သည် "အတက်နှင့်အကျ"၊ "အတိုးနှင့်အဆုတ်"၊ "အပေါ်နှင့် အငုပ်"၊ "အဖြစ်နှင့် အပျက်"၊ ပြောင်းလဲချက်၊ ပြောင်းလဲမှုပေတည်း။

- အကျ၊ အဆုတ်၊ အငုပ်၊ အပျက်ကား - "ခဏိကဇရာမှု"၊ "ခဏိကမရဏမှု" ပေတည်း။
- ရှရှပေါ်၍ ထသမျှသော အတက်၊ အတိုး၊ အပေါ်၊ ဖြစ်မှုကား -"ခဏိကဇာတိမှု" ပေတည်း။
- ဓမ္မပဒဂါထာအရ "ရေပွက်"၏ ဖြစ်ပေါ်မှု၊ ပျက်မှု၊ "တံလှပ်"၏ ဖြစ်ပေါ်မှု၊ ကွယ်ပျောက်မှုတို့နှင့်လည်း ပြဆိုရာ၏။

သန္တတိဇာတိရှိမှ သန္တတိဇရာ၊ သန္တတိမရဏ ရှိနိုင်သည်။ ခဏိကဇာတိရှိမှ ခဏိကဇရာ၊ ခဏိကမရဏ ရှိနိုင်သည်။

- ဖြစ်ပေါ်လာသော တရားမည်သည်၊ ကောင်းသောတရားဖြစ်စေ၊ မကောင်းသော တရားပင်ဖြစ်စေ၊
- ဆုတ်ယုတ်လျော့ပါးမှုသို့ မရောက်ဘဲ အမြဲတည်နေသည် ဟူ၍မရှိ။
- ထို့အတူ ပျက်ဆုံးခြင်းသို့မရောက်ဘဲ အမြဲတည်နေသည် ဟူ၍မရှိ။
- ပျက်ဆုံးမှုဟူသမျှလည်း ဆုတ်ယုတ်ခြင်း ရှေးရှိမြဲဧကန်တည်း။ ဆုတ်ယုတ်ခြင်းဟူသမျှသည်လည်း၊ ဖြစ်ပေါ်ခြင်း ရှေးရှိမြဲဧကန်တည်း။ (ဤကား ဇရာ၏အကြောင်း အရာတည်း။)

## ဇာတ်သိမ်းမှု - မရဏအပြီးပါပုံ

မရဏသည်လည်း -

(၁) ဘဝဆုံးမရဏ

(၂) သန္တတိမရဏ

(၃) ခဏိကမရဏ ဟူ၍ သုံးပါးအပြားရှိ၏။

http://www.dhammadownload.com



### (၁) ဘဝဆုံးမရဏ

ဘဝဆုံးမရဏဆိုသည်ကား - အာယုက္ခယ = အသက်တမ်းကုန်၍ သေခြင်းတစ်ပါး။ ကမ္မက္ခယ = ကံစွမ်းကုန်၍ သေခြင်းတစ်ပါး၊ ဥဘယက္ခယ = အသက်တမ်းကုန်၊ ကံစွမ်းကုန် နှစ်ပါးဆုံ၍ သေခြင်းတစ်ပါး၊ ဥပစ္ဆေဒက = အကုသိုလ်ကံတစ်ပါး အတင်းဖြတ်၍ သေခြင်းတစ်ပါး၊ ဤလေးပါးသောသေခြင်းသည် ဘဝဆုံးမရဏမည်၏။

### (၂) သန္တတိမရဏ

သန္တတိမရဏဆိုသည်ကား - နာမ်သန္တတိမရဏ၊ ရုပ်သန္တတိမရဏ ဟူ၍ နှစ်ပါးရှိ၏။

### နာမ်သန္တတိမရဏ

နာမ်သန္တတိမရဏဆိုသည်ကား - ဆိုက်တိုက်သော အခွင့်အားလျော်စွာ ဖြစ်ပေါ်လာကြကုန်သော နာမ်ဓာတ်တို့၏ ကွယ်ပျောက်ပျက်ဆုံးခြင်းတည်း။ ထိုနာမ်သန္တတိမရဏသည် -

- မျက်စိ၌ အမြင်ဓာတ်စု၏ သေဆုံးခြင်း။
- နား၌ အကြားဓာတ်စု၏ သေဆုံးခြင်း။
- နှာခေါင်း၌ အနံ့ဓာတ်စု၏ သေဆုံးခြင်း။
- လျှာ၌ အရသာဓာတ်စု၏ သေဆုံးခြင်း။
- တစ်ကိုယ်လုံး၌ အတွေ့အထိကိုသိသောဓာတ်စု၏ သေဆုံးခြင်း။
- နှလုံးအိမ်အတွင်း၌ အကြံအဖန်ဓာတ်စု၏ သေဆုံးခြင်း။

ဟူ၍ ခြောက်ပါးအပြားရှိ၏။

ဖဿခြောက်ပါး၊ ဝေဒနာခြောက်ပါး၊ သညာခြောက်ပါး၊ စေတနာခြောက်ပါး၊ ဝိတက်ခြောက်ပါး၊ ဝိစာရခြောက်ပါး စသည်တို့၏ သေခြင်း။ ဝီရိယ၊ ပီတိ၊ ဆန္ဒ၊ လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဣဿာ၊ မစ္ဆရိယ စသည်တို့၏သေခြင်း။ သဒ္ဓါ၊ သတိ၊ ဟိရိဩတ္တပ္ပ၊ အလောဘ၊ အဒေါသ၊ အမောဟခေါ် ပညာ၊ ကရုဏာ၊ မုဒိတာ စသည်တို့၏ သေခြင်း။ ဒါနကုသိုလ်စိတ်၊ သီလကုသိုလ်စိတ်၊ ဘာဝနာကုသိုလ်စိတ် စသည်တို့၏ သေခြင်းစသည်ဖြင့် နာမ်တရား၏ သေခြင်းသည် များသောအပြားရှိ၏။

http://www.dhammadownload.com



"သေခြင်း" ဆိုသည်ကား - လောဘအာရုံ၌ ကြုံတွေ့ရသောအခါ နှလုံးထဲမှာ လောဘစိတ် ပွက်ပွက်ဆူ ဖြစ်ပေါ် ၍လာ၏။ ထိုအာရုံနှင့်လွဲပြန်လျှင် ထိုလောဘစိတ် သေပြန်၏။ ထိုအာရုံနှင့်တွေ့ဆုံပြန်လျှင် လောဘစိတ် ပွက်ပွက်ဆူ ဖြစ်ပေါ်ပြန်၍ အာရုံနှင့် လွဲပြန်လျှင် သေပျောက်မြဲ သေပျောက်ပြန်၏။ ဤသို့ စိတ်သေသည်ကို "မရဏ" ဟု ဆိုသတည်း။

မျက်စိနှင့် ထိုထိုအဆင်းသဏ္ဌာန်တွေ့ထိ၍ နေဆဲအခါ၌ စက္ခုအကြည်ပေါ်မှာ စက္ခုဝိညာဏ်နှင့်တကွ "နာမ်အမြင်စိတ်စု" ပွက်ပွက်ဆူ ဖြစ်ပေါ်၍ နေ၏။ ဤကားနာမ်၏ သန္တတိဇာတိဓမ္မတည်း။ ထိုအဆင်းသဏ္ဌာန်နှင့် မျက်နှာလွှဲပြန်လျှင် ဝိညာဏ်နှင့် တကွ ထိုနာမ်စိတ်စု အကုန်သေ၏။ ပျောက်ပျက်ကွယ်ဆုံး၏။ (ဤကား နာမ်၏ သန္တတိမရဏ ဓမ္မတည်း။)

အန္ဓပုထုဇဉ်သတ္တဝါတို့သည် ထိုထိုအဆင်းသဏ္ဌာန်ကို မြင်ကြသောအခါ သက္ကာယဒိဋ္ဌိ အတိုင်း ဘယ်ဟာကို ငါမြင်သည်၊ ငါကြည့်သည်၊ ငါရှုသည်ဟု ဖြစ်ကြကုန်၏။

- အမြင် နာမ်စိတ်စု ဖြစ်ပေါ်မှု ဟူ၍မသိကြကုန်။
- ထိုစိတ်စု၏ မြင်မှု၊ ကြည့်မှု၊ ရှုမှု ဟူ၍ မသိကြကုန်၏။ တစ်ဖန်ကွယ်၍သွားပြန်လျှင် ငါမမြင်ပြန်ပြီ ဟူ၍ သိကြကုန်၏။
- ထိုနာမ်စိတ်စု၏ သေဆုံးမှု၊ ပျောက်ကွယ်မှု၊ အနိစ္စရောက်ကြသော အမှုဟု မသိကြကုန်၊
- ဝိပဿနာသမ္မာဒိဋ္ဌိ ဉာဏ်မျက်စိ မရှိဖူးသေးသည်ဖြစ်၍ ထိုနာမ်စိတ်စုကို "စိတ်အသီးအခြား"၊ "ဓမ္မအသီးအခြား"၊ "အာဂန္တုတရားစု"၊ "ပဋိစ္စသမုပ္ပါဒ်တရားစု" ဟူ၍မသိမမြင်သည့်အတွက် ထိုစိတ်တို့ကို ငါပြု၍ ငါမြင်သည်၊ ငါကြည့်သည် ဟုဖြစ်နေကြခြင်း ဖြစ်သည်။

အမှန်စင်စစ်သော်ကား - အဆင်းသဏ္ဌာန်နှင့် စက္ခုအကြည်ဝယ် ပြိုင်တွေ့ဆုံမိသောအခါမှ အမြင်စိတ်စု အာဂန္တုတို့ စက္ခုအကြည်မှာ တဖွားဖွား ဖြစ်ပေါ်လာကြကုန်သည်ဖြစ်၍ မျက်စိထဲမှာ အမြဲရှိနေကြသော စိတ်စုမဟုတ်ကုန်။ တစ်နာရီအတွင်း၊ တစ်ထိုင်အတွင်းမှာပင် ထိုကဲ့သို့ "အာဂန္တုက"၊ "ပဋိစ္စသမုပ္ပါဒ်"၊ "စိတ်သီးစိတ်ခြား" အနေနှင့် မြင်နိုင်ပါမှ၊ မျက်စိအကြည်ပေါ်မှာ အခါခါ ဖြစ်ပေါ်မှု၊ အခါခါ

http://www.dhammadownload.com



သေမှု၊ အခါခါ ဓာတ်သချိုင်းကျမှုကဲ့သို့ မြင်နိုင်မည်။ နာမ်တရားတို့ မည်သည် ရုပ်တရားတို့ကဲ့သို့ သဏ္ဌာန်ရှိကြကုန်သည်မဟုတ်။ ထို့ကြောင့် မျက်စိမှ နာမ်ဓာတ် ဖြစ်ပေါ်မှု၊ နာမ်ဓာတ်သေမှု၊ ဓာတ်သချိုင်းကျမှုကို ဉာဏ်ဖြင့်ရှာကြသောသူသည် သဏ္ဌာန်အနေနှင့် ရှာကြံ၍ မရအပ်၊ မြင်မှုနှင့် ရှာကြံမှ ရအပ်၏။ မြင်မှုသည်ပင် ထိုဓာတ်စုအမှန်ဖြစ်၏။ မြင်မှုကွယ်ပျောက်ချက်သည်ပင်လျှင် ဓာတ်သေမှု၊ ဓာတ်သချိုင်းကျမှု အမှန်ဖြစ်၏။ ယခု ငါမြင်သည်၊ ယခု ငါမမြင်ပြီ အစရှိသော စိတ်အစဉ်ကို လက်ကိုင်ပြု၍ ကြည့်ရမည်။

စိတ်အစဉ်မည်သည်ကား - မြေကိုမြင်၍ သိပုံတစ်မျိုး၊ ရေကိုမြင်၍ သိပုံတစ်မျိုး၊ တောကိုမြင်၍ သိပုံတစ်မျိုး၊ ဤသို့အစရှိသည်ဖြင့် မြင်သောအထည်ဝတ္ထုကွဲလျှင် သိပုံအမျိုးမျိုးကွဲပြားသည်။ သိမှုအခြင်းအရာသည်ပင်လျှင် စိတ်တရားကိုယ်ရင်း ဖြစ်သည်။ မြေကိုမြင်၍ သိသည်မှ ရေကိုမြင်ပြန်၍ ရေကိုသိသောအခါ မြေကိုသိမှု မရှိပြီ၊ ချုပ်ကွယ်ပြီ။ ဤသို့ အစရှိသည်ဖြင့် ဓာတ်သေပုံ၊ ဓာတ်သချိုင်းကျပုံကို သိလေ။

မြေကိုလည်း သည်စိတ်နှင့်ပင်မြင်သည်၊ သိသည်၊ ရေကိုလည်း သည်စိတ်နှင့်ပင် မြင်သည်၊ သိသည်ဟုထင်စွဲရင်း ဖြစ်ကြ၏။ ထိုသို့ကားမဟုတ်ပါ။ မြေကိုမြင်ပုံ၊ သိပုံ၊ ကွယ်ပျောက်ပြီးမှ ရေကိုမြင်ပုံ၊ သိပုံ တစ်မျိုးဖြစ်သည်။ သိပုံကား ခြားပါ၏။ "စိတ်ကား တခြားမဟုတ်ပါ ဆိုငြားအံ့"။ သိပုံနှင့် စိတ်က တခြားစီလော၊ တစ်ခုတည်းလော မေး။ တခြားစီဆိုပါလျှင် သိပုံကား အဘယ်ဓာတ်နည်းဟုမေး။ စိတ်မှတစ်ပါး သိပုံမရှိပါ။ သိပုံမှတစ်ပါး စိတ်မရှိ၊ သိပုံကွယ်ပျောက်မှုသည်ပင်လျှင် စိတ်ကွယ်ပျောက်မှုတည်း။

အမိဝမ်းမှ ဖွားမြင်သည်မှစ၍ ယနေ့ထက်တိုင် မြင်မှုအမျိုးမျိုး၊ ကြားမှုအမျိုးမျိုး စသည် တစ်စဉ်တည်း ဆက်လက်၍လာခဲ့သော စိတ်အစဉ်၌ ရှေးရှေးမြင်မှု၊ ကြားမှု စသည် အစဉ်အတိုင်း ကုန်၍, ကုန်၍ ပျောက်ကွယ်ပျက်ဆုံး၍ လာခဲ့သည်ကို သိလေ။

(ဤကား စက္ခုအကြည်မှာ-အဆင်းသဏ္ဌာန်ဟူသော ရူပါရုံနှင့် ဆုံမိတိုင်း ဆုံမိတိုင်း အသစ်၊ အသစ် ဖြစ်ပေါ်၍ ခုတင်ခုပျက်ဆုံးသေပျောက်ကြကုန်သော အမြင်နာမ်ဓာတ်တို့၏ သန္တတိမရဏကို ပြဆိုသောအခန်းတည်း။)

http://www.dhammadownload.com



အသံကြားတိုင်း၊ ကြားတိုင်း သောတအကြည်ပေါ်မှာ ဖြစ်ပေါ်လာကုန်သော သောတဝိညာဏ်အမှုုရှိသော အသံကြားနာမ်ဓာတ်တို့မှာလည်း ကြားနေဆဲအခါ သန္တတိ ဇာတိ၊ အသံတိတ်၍ မကြားဘူးဟု ဖြစ်သောအခါ သန္တတိမရဏ ဆိုက်မှုကို သိအပ်၏။ အသံအမျိုးမျိုးခိုက်ဆဲ၊ တိုက်ဆဲအခါ၌ သောတအကြည်ပေါ်မှာပွက်ပွက်ဆူဖြစ်ပေါ်ကြသော အသံကြားနာမ်ဓာတ်တို့သည် ဗဟိဒ္ဓ၌ အသံချုပ်ပျောက်သည်နှင့် တစ်ပြိုင်နက် နားထဲမှာ ကြားမှု ချုပ်ပျောက်၏။

**ကြားမှုဆိုသည်ကား သောတဝိညာဏ်အမှုုရှိသော ဖဿ၊ ဝေဒနာ အစရှိသော နာမ်ဓာတ်စုပင်တည်း။ ကြားသည်ဟူ၍ကား သိကြ၏။ ဓာတ်အသီးအခြားပေါ်မှုဟူ၍ကား မသိကြသောကြောင့် ငါကြားသည်၊ သူကြားသည်ဟု သက္ကာယဒိဋ္ဌိ ဖြစ်၍နေကြ၏။**

အနံ့နံတိုင်း အရသာတို့ကို သုံးဆောင်တိုင်းမှာလည်း နံသည်၊ မွှေးသည်၊ ချိုသည်၊ ချဉ်သည် ဟုသိကြ၏။ **"ဓာတ်ပေါ်မှု"၊ "ဓာတ်သေမှု" ဟု မသိကြ၍ သက္ကာယဒိဋ္ဌိသာ ဖြစ်၍နေကြ၏။**

သွား၊ လာ၊ ထကြွ၍ ဦးခေါင်းအတွင်း၊ ပေါင်အတွင်း၊ ခြေအတွင်း လှုပ်ရှားမှန်းသိမှုတို့၌ လှုပ်ကြွသော အတွင်းဝါယော ထိခိုက်မှုကြောင့် ထိခိုက်သမျှနေရာ၌ ကာယ ဝိညာဏ်အမှုု ရှိသော နာမ်ဓာတ်စုသည် ပွက်ပွက်ဆူ ဖြစ်ပေါ်၏။ ထိုနာမ်ဓာတ်စု ဖြစ်ပေါ်ရာတိုင်း၌ လှုပ်တိုင်း၊ လှုပ်တိုင်းသိ၏။ အလှုပ်ပျောက်တိုင်း၊ ပျောက်တိုင်းလည်း သိ၏။ တစ်ကိုယ်လုံးအတွင်း၌ တဝင်းဝင်း တလက်လက် လျှပ်စစ်ပြက်သကဲ့သို့ နာမ်ဓာတ်တွေ ပေါ်မှု၊ နာမ်ဓာတ်တွေ သေမှုကိုသိရာ၏။

ထို့အတူ ကိုယ်တွင်း၊ ဦးခေါင်းတွင်း၊ ပေါင်တွင်း၊ ခြေသလုံးတွင်းတို့၌ ပူ၊ **အေး၊ နွေးလျှင် ပူမှန်း၊ နွေးမှန်း၊ အေးမှန်းသိမှု၊ ညောင်း၊ ညာ၊ နာကျင်လျှင် ညောင်းမှန်း၊ ညာမှန်း၊ နာမှန်း၊ ကျင်မှန်းသိမှု စသည်တို့၌လည်း "ကာယနာမ်ဓာတ်စု" ဖြစ်ပေါ်မှု၊ သေဆုံးမှု၊ ဓာတ်သချိုင်းကျမှုတို့ကို သိလေ။**

ထိုကဲ့သို့ နာမ်ဓာတ်တို့၏ **"ပေါ်မှု၊ ပျက်မှု"တို** မသိကြကုန်သော အန္ဓပုထုဇဉ်တို့မှာ **"ငါပူသည်"၊ "ငါအိုက်သည်"၊ "ငါအေးသည်"၊ "ငါနာသည်"၊ "ငါကျင်သည်" ဤသို့စသည်ဖြင့် သက္ကာယဒိဋ္ဌိချည်းပင် ဖြစ်လေတော့၏။**

(ဤကား ပသာဒရုပ်အကြည်မှာ ပေါ်ကြကုန်သော အာဂန္တုက ပဋိစ္စသမုပ္ပါဒ် နာမ်ဓာတ်တို့၏ မပြတ်မစဲ ဖြစ်ပေါ်မှု၊ မပြတ်မစဲ သေဆုံးကွယ်ပျောက်မှုကို အမြွက်ဆိုသောအခန်းတည်း။)

http://www.dhammadownload.com



နှလုံးအိမ်အတွင်း၌ ဟဒယဝတ္ထုခေါ်သော ရုပ်တစ်ခုသည် တည်ရှိ၏။ စမ်းရေအိုင်အတွင်း စမ်းရေပွက်တို့မှာ တစိမ့်စိမ့် တသွင်သွင် စမ်းရေအလျဉ် စမ်းရေပွက် ပေါ် ထွက်၍ နေဘိသကဲ့သို့ ထိုဟဒယရုပ်မှ ဘဝင်ဟုဆိုသော မနောအကြည်သည် မပြတ်မစဲ အမြဲအစဉ် ပေါ်ထွက်၍နေ၏။ **အာရုံခြောက်ပါးတွင် တစ်ပါးပါး ထိခိုက်လာသောအခါ "အာဝဇ္ဇန်းကိစ္စ"၊ "ဇောကိစ္စ"တို့ဖြင့် (၁) ကာယကံမှု၊ (၂) ဝစီကံမှု၊ (၃) မနောကံမှု အနေနှင့် လျှမ်းလျှမ်းတက် ထကြွ၏။ အာရုံစဲပြန်လျှင် ကျမြဲကျပြန်၏။**

အာရုံခြောက်ပါးတွင် တစ်ပါးပါးထင်လာသည် ရှိသော် အာရုံအားကြီး၊ အားငယ်သို့ လိုက်၍အာဝဇ္ဇန်းကိစ္စ ဇောကိစ္စတို့နှင့် တစ်ဟုန်တည်း ထလေ၏။ အာရုံစဲပြန်လျှင် ကျမြဲကျပြန်၏။ ညအခါ၌ အိပ်ပျော်နေသောအခါ ဘဝင်ကိစ္စမျှနှင့် မသေရရုံ အစဉ်မပြတ် ဖြစ်၍နေ၏။ **အိပ်ရာကနိုးသည်မှစ၍ တစ်နေ့ပတ်လုံး အထလည်း မစဲ အကျလည်းမစဲ၊ ခုတင်၊ ခုထ၊ ခုတင်၊ ခုကျ ဖြစ်နေ၏။**

ထမှုမှာလည်း လောဘပူးဝင်၍ လောဘနှင့်တကွထသောအခါ ထိုသူသည် (၁) လောဘအကြံကို ကြံ၏။ ထိုထက်အားကြီးစွာ ထသောအခါ (၂) လောဘ စကားတွေ ထွက်၍ပေါ်၏။ ထိုထက်အားကြီးသောအခါ (၃) ကိုယ်အင်္ဂါတို့ ချီကြွ လှုပ်ရှား၍ လောဘအာရုံရှိရာသို့ သွားလာလုပ်ကိုင်ခြင်း အမှုကိုပြု၏။

ဒေါသပူးဝင်မှု၊ မာနပူးဝင်မှု၊ သဒ္ဓါပူးဝင်မှု၊ ပညာပူးဝင်မှု စသည်တို့မှာလည်း ပူးဝင်လာသော အာဂန္တုဓာတ်အားလျော်စွာ "ကာယကံမှု"၊ "ဝစီကံမှု၊ "မနော ကံမှု"တို့သည် တစ်နေ့ပတ်လုံး၊ အိပ်ရာ၌ အိပ်မပျော်သမျှကာလပတ်လုံး တလှုပ်လှုပ် နေကုန်၏။

ဇောအဟုန်သည် လွန်စွာလျင်မြန်လေရကား - ခြေတစ်လှမ်း၊ တစ်လှမ်း လျှင် ဇောအသုတ်ပေါင်း တစ်ရာမက ထ၍မှုတ်မှုပြီးစီး၏ ဇောတစ်သုတ် တစ်သုတ် ဆိုသည်မှာလည်း တစ်ကြိမ်ထသောဇော တစ်ခါသေသည်ကို တစ်သုတ်ဟု ခေါ်၏။ ဇောအသုတ် တစ်ရာရှိလျှင် သေဘေးတစ်ရာသင့်၏။ ဇောသချိုင်းတစ်ရာကျ၏။ သေမင်းလက်သို့ အခါတစ်ရာပါ၏။

မီးရထားများတွင် ဓာတ်အိုးမှ အခိုးလေမှုတ်ချက်ကြောင့် စက်အင်္ဂါတစ်ခု လှုပ်ခဲ့လျှင် မီးရထားတစ်ခုလုံး အကုန်လှုပ်ရှား၍ သွားသည့်ဥပမာကဲ့သို့ပင်-

http://www.dhammadownload.com



ထိုနည်းတူ ဤခန္ဓာကိုယ်မှာလည်း "ဟဒယနှလုံးအိမ်" သည် "မီးအိုး" မည်၏။ တစ်ကိုယ်လုံးရှိ အင်္ဂါကြီးငယ်စုသည် ထိုဟဒယဓာတ်အိုးမှ ထွက်သော အကြောကြီးငယ်စုံနှင့် အဆင့်ဆင့် ဆက်လက်ဖွဲ့ယှက်၍ တည်ကြ၏။ ထို့ကြောင့် **ဟဒယဓာတ်အိုးမှ ဇောမှုတ်၍ အလိုရှိရာအင်္ဂါကို လှုပ်ရှားနိုင်၏။** ဇောအား သန်လျှင် သန်သည့်အလျောက် လှုပ်မှု၊ ရှားမှု၊ သွားမှု၊ လာမှု၊ မြန်နိုင်၊ သန်နိုင်၏။ ဇောတို့၏ အလွန်မြန်လှသည့်အတွက်ကြောင့် ရှေ့အသုတ်၊ နောက်အသုတ် ခြားနားမှု မထင်ရှားသော်လည်း မျက်တောင်ခပ်မှု မြန်ပုံကို မြင်ကြသဖြင့် **ဇောတစ်သုတ်** မြန်ချက်ကို သိအပ်၏။ တစ်သုတ် **တစ်သုတ်လျှင် မရဏဘေး တစ်ချက် တစ်ချက် ထိသည်**ကိုလည်း သိအပ်၏။ (ဤကား မနောအကြည်မှာပေါ်သော "နာမ်ဓာတ်စု၏ သန္တတိမရဏ" ကို ပြသော အခန်းတည်း။)

## ရုပ်သန္တတိမရဏ

ရုပ်၏ သန္တတိမရဏ ဆိုသည်ကား - သွားခြင်းအမှု၌ ခြေတစ်လှမ်း၊ ခြေ **တစ်လှမ်းအချတွင် ခြေဖဝါးမှ ငယ်ထိပ်ပေါက်အောင် ထိတ်ခနဲ၊ ထိတ်ခနဲ ရုပ်ကြွမှု၊ ရုပ်ထမှု ထင်ရှားရာ၌** မချမ်ိ တစ်ကိုယ်လုံးသည် အောက်သို့တွဲ၍ ကျနေ၏။ ခြေချသည်နှင့် တစ်ပြိုင်နက် **အထက်သို့ရိုက်သော ဝါယောဟုန် ဖြစ်ပေါ်၏။** အထက်သို့ ရိုက်မှုန်းသိကြ၏။ ထိတ်ခနဲ ဖြစ်သွားမှုန်းသိကြ၏။ **ထိုဝါယောမပေါ်မီ ရှိသောရုပ်ကိုယ်ကြီးသည်** ထိုဝါယောပေါ်သည်နှင့် တစ်ပြိုင်နက် မီးတောက်ကြီး သေပျောက်သကဲ့သို့ **သေပျောက်လေ၏။ အနိစ္စရောက်လေ၏။** သေမင်းနိုင်ငံသို့ ပါလေ၏။

အထက်သို့ တစ်ပြိုင်နက်ရိုက်ချက်ကား အသစ်ဖြစ်ပေါ်သော ဝါယော၏ ဇာတိမှုတည်း။ ထိုတစ်ကိုယ်လုံးအကုန် အထက်သို့ ရိုက်မှု၊ ခဏချင်းရပ်၍ ပျောက်သွားပြန်မှုလည်း ထင်ရှားသိကြ၏။ ထိုထိတ်ခနဲ ထင်လိုက်မှု ပျောက်ကွယ်ချက်ကိုလည်း သိကြ၏။ ရိုက်သောဝါယောမီးတောက်ကြီး သေမှုပေတည်း။ ဝါယောဓာတ်ချုပ်မှု အနိစ္စရောက်မှုတည်း။ **ထိုဝါယောတွေ ချုပ်သည်နှင့် တစ်ပြိုင်နက် မြေဓာတ်၊ လေဓာတ် လွန်ကဲသော ရုပ်စုရုပ်ခဲ ဖြစ်မြဲဖြစ်၏။** တစ်ဖန် ခြေပြန်ချလျှင် မီးတောက်ကြီး ရုတ်တရက် သေသကဲ့သို့ ထိုရုပ်ခဲစု သေပျောက်ပြန်၏။ ဤခြေလှမ်းချက်၌ ဓာတ်သစ်ဖြစ်ပေါ်မှု၊ ဓာတ်သစ်သေမှု၊ ရုပ်သေမှု၊ ခဏမစဲ ကိုယ်လုံးကျွတ် **ရုပ်သစ်၊ ရုပ်ဟောင်းပြောင်းလဲမှုကို ဉာဏ်မျက်စိ** ပေါက်အောင်ပြုပါလေ။

http://www.dhammadownload.com



ထိုမှတစ်ပါး မိမိကိုယ်မှာ ထိုထိုနေရာမှာ ပူ၍လာသည်၊ အေး၍လာသည်၊ ညောင်း၍လာသည် စသည်ဖြင့်လည်း သိကြ၏။ အပူပျောက်၊ အအေးပျောက်၊ ညောင်းညာပျောက်သည်ကိုလည်း သိကြ၏။ ဤသို့ဖြစ်မှု၊ ပျောက်မှု အစရှိသဖြင့် "ရုပ်မရဏ"၊ "ဓာတ်မရဏ"၊ "ရုပ်သေမှု"၊ "ဓာတ်သေမှု"၊ "ရုပ်အနိစ္စ"၊ "ဓာတ်အနိစ္စ"၊ "ရုပ်သချိုင်းကျမှု"၊ "ဓာတ်သချိုင်းကျမှု" တို့ကို သိကြလေကုန်။

(သန္တတိမရဏ ဤတွင်ပြီး၏။)

## (၃) ခဏိကမရဏ

ခဏိကမရဏသည်လည်း

(က) နာမ်ဓာတ်၏ ခဏိကမရဏ

(ခ) ရုပ်ဓာတ်၏ ခဏိကမရဏ ဟူ၍ နှစ်ပါးအပြားရှိ၏။

### နာမ်ခဏိကမရဏ

နာမ်ဓာတ်၏ ခဏိမရဏသည်လည်း စက္ခုဝိညာဏ်အမျိုးရှိသော အမြင်နာမ်စု၏ မရဏမှစ၍ မနောဝိညာဏ်အမျိုးရှိသော အကြံအဖန်နာမ်စု၏ မရဏအထိ ခြောက်ဂိုဏ်းရှိ၏။ ဖဿ၏မရဏ၊ ဝေဒနာ၏မရဏ၊ လောဘ၏ မရဏ၊ ဒေါသ၏ မရဏ၊ သဒ္ဓါ၏မရဏ၊ ပညာ၏မရဏ စသည်ဖြင့်လည်း များစွာရှိ၏။

ဇောတစ်သုတ်၊ တစ်သုတ်ထ၍ ကျပျောက်မှုကို မရဏတစ်ခုဟု ဆိုခဲ့သည်ကား သန္တတိမရဏတည်း။ ခဏိကမရဏမှာမူ ထိုဇောတစ်သုတ်၊ တစ်သုတ်အတွင်း၌ပင်လျှင် ပထမဇော၏ သေမှုတခြား၊ ဒုတိယဇော စသည်တို့၏ သေမှုတခြား စသည်ဖြင့် မရဏတရားများပြားလေ၏။ မီးရှူး၊ ရှူးနေသည်ကို မြင်လျှင် "ရှူး၊ ရှူး" ဖြစ်မှုမည်သည်ကား "ပျက်မှု" နှင့် "ဖြစ်ပေါ်မှု" ထွေးယှက်ချက်ပေတည်း ဟု သိရာသကဲ့သို့တည်း။

ပဋိသန္ဓေနေသည်မှ စ၍ တစ်ဘဝလုံး စက္ခုစသော အကြည်ဒွါရ ခြောက်ဌာနတွင် အလှည့်အလည်အားဖြင့် ခဏမစဲ တလစ်လစ် တလက်လက် အတွင်ဖြစ်၊ အတွင်ပျက်၊ မျက်တောင်တစ်ခတ်ကာလမှာ နာမ်၏ မရဏ အကြိမ်ပေါင်း တစ်ထောင်မက လျင်မြန်လှ၏။

ယုတ္တိနှင့် ပြဆိုရသော် ဝိညာဏ်နှင့် အတူတကွ ဖြစ်ပေါ်ကြသော နာမ်အစု နာမ်အခဲမည်သည် ခန္ဓာကိုယ်မှာ နှစ်ခုပြိုင်၍ ဖြစ်ရိုးမရှိ၊ စက္ခုမှာ ဖြစ်ကြ

http://www.dhammadownload.com



ခိုက် စက္ခုမှာသာရှိ၏။ တစ်ကိုယ်လုံးမှာမရှိ။ သောတမှာ ဖြစ်ကြခိုက် သောတမှာသာ ရှိ၏။ တစ်ကိုယ်လုံး၌မရှိ။ ကာယမှာလည်း ခြေဖဝါးမှာ ဖြစ်ကြခိုက် ခြေဖဝါးမှာ သာရှိ၏။ တစ်ကိုယ်လုံးမှာ မရှိ၊ ဤနည်းအတိုင်း တစ်ကိုယ်လုံးနှံ့အောင် သိလေ။ ထိုသို့ ဖြစ်သော်လည်း အတုမရှိ၊ မြန်လှသည့်အတွက်ကြောင့် မြင်မှု၊ ကြားမှု၊ နံမှု၊ လျက်မှု၊ ပူမှု၊ ချမ်းမှု၊ ကြံဖန်မှုတို့သည် တစ်ပြိုင်နက်ပြိုင်၍ ဖြစ်နိုင်သည်ဟု ထင်ရကုန်၏။

အာရုံထိခိုက်ရာ ဌာန၌ စိတ်ပေါ်သည်ဖြစ်၍ ခြေသန်းဖျားကို ထိခိုက်လျှင် ထိမှု ဒါဏ်ချက်ကြောင့် ထိသောနေရာမှာ မီးပွင့်သကဲ့သို့ ဖြစ်ပေါ်၍ ထိုနေရာမှာပင် မီးပွင့်ငယ် သေပျောက်သကဲ့သို့ ပျောက်ဆုံး၏။ ထိုနေရာမှာ ပေါ်မည်ဆိုလျှင် နှလုံးအိမ်မှာ ချုပ်ကွယ်၏။ မချုပ်ကွယ်၊ မသေဆုံးပဲနှင့် တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့သည် ဟူ၍ကားမရှိ။ ဓမ္မတာသည်သာတည်း။ ဤသို့အားဖြင့် တစ်နေ့အတွက် တစ်ကိုယ်လုံးမှာ အဏုမြူမျှ မလပ်ပဲ အထပ်ထပ် အကုဋေမက စိတ်သင်္ချိုင်းကျမှု၊ ဖဿသင်္ချိုင်းကျမှု၊ ဝေဒနာသင်္ချိုင်းကျမှုကို သိအပ်သတည်း။

(ဤကား နာမ်၏ခဏိကမရဏကိုပြဆိုသောအခန်းတည်း။)

## ရုပ်ခဏိကမရဏ

ရုပ်တရားတို့၏ ခဏိကမရဏ၌လည်း -

- နူးညံ့မှု၊ ခက်မာမှု ဟူသော **မြေဓာတ်၏မရဏ**
- ဖွဲ့စည်းတွယ်ကပ်မှု ဟူသော **ရေဓာတ်၏မရဏ**
- ပူမှု၊ အေးမှု၊ ချမ်းမှု ဟူသော **မီးဓာတ်၏ မရဏ**
- လှုပ်ရှားမှု၊ ကြွရွမှု၊ တောင့်တင်းမှု ဟူသော **လေဓာတ်၏မရဏ**
- ထိုဓာတ်ကြီးလေးပါး၌ မှီသော **စက္ခုအကြည်၏ မရဏ**၊ သောတအကြည်၏ မရဏ စသည်ဖြင့် များသောအပြားရှိ၏။ ခဏိကဇာတိ၊ ခဏိကဇရာတို့၌ ပြခဲ့ပြီးသော နည်းကိုမှီ၍ သိလေ။
- ပုဂ္ဂိုလ်၊ သတ္တဝါ အင်္ဂါကြီးငယ်အစရှိသော သဏ္ဌာန်မျိုးကို ပယ်ဖျောက်၍ ကိုယ်တွင်းမှာ သက်သက်သော မာမှု၊ နူးညံ့မှု၊ သက်သက်သော ပူမှု၊ အေးမှု အစရှိသော ဓာတ်သဘော၊ ပရမတ်သဘောကို မိမိရရ မြင်နိုင်မှ ထိုဓာတ်တို့၏ ခဏိကမရဏကို မြင်နိုင်ရာသည်၊ ခဏိကဇာတိ၊ ခဏိက မရဏကို မြင်နိုင်ရန် အခွင့်သည် အလွန်ခဲယဉ်း၏။

http://www.dhammadownload.com





"သန္တတိဇာတိ"၊ "သန္တတိဇရာ"၊ "သန္တတိမရဏ" တို့ကို မြင်နိုင်လျှင်ပင် ဝိပဿနာ သမ္မာဒိဋ္ဌိကောင်းကောင်း ဖြစ်တော့သည်။ တာရှည်လေးမြင့် စွဲစွဲမြဲမြဲ ပွားများနိုင်လျှင် သက္ကာယဒိဋ္ဌိ ငရဲမီးကို သတ်ငြိမ်းစေနိုင်တော့သည်သာတည်း။

လေငြိမ်ရာအရပ်၌ ထွန်းထားသော မီးတောက်မီးလျှံကို စေ့စေ့ကြည့်၍ နေလျှင် လူလူ၊ လူလူ နေသည်ကို မြင်ရ၏။

- "လူလူတက်မှု" ဟူသမျှသည် "ခဏိကဇာတိ" တည်း။
- ထိုအသစ်သစ် ဖြစ်ပေါ်မှုဟူသမျှသည် အဟောင်းပျက်မှုကို အစား စိုက်မှုချည်းတည်း။
- အဟောင်းပျက်မှုစုကား ပျောက်ကွယ်မှုဖြစ်၍ မျက်စိမမြင်ရာသို့ မြုပ်လေ၏။ အသစ်ဖြစ်မှုကား မျက်စိမြင်ရာသို့ ပေါ်၍လာ၏။
- ပျက်မှုသည် ဉာဏ်မျက်စိ၏အရာတည်း။

မီးတောက်မီးလျှံ၌ ရောတည်ဖြစ်သော မြေဓာတ်သည် အလွန်အားနည်း၏။ ထိုမြေဓာတ်ကို မှီတွယ်၍ တောက်သော မီးဓာတ်သည် အလွန်ထက်သန်၏။ မှီရာမြေဓာတ်ကို ခဏချင်း၊ ခဏချင်း ကုန်အောင်လောင်၏။ စား၏။ မြေဓာတ်၏ ခဏခဏ ကုန်မှုကို ဉာဏ်နှင့် ကြည့်မှ ခဏခဏ မီးပျက်မှု ထင်ရှား၏။

သတ္တဝါတို့၏ ကိုယ်ခန္ဓာသည်လည်း ဓာတ်မီးခဲကြီးအတိ ဖြစ်၏။ ဓာတ်မီးတုံးကြီးအတိဖြစ်၏။ မီးဟူသမျှသည် တလူလူနေသည်ချည်း။ ကိုယ်ခန္ဓာကြီးသည် ထိုမီးတောက်မီးလျှံ အလားပင်တည်း။ ဘယ်နေရာကိုမဆို လက်နှင့် စိစိစမ်း၍ ဉာဏ်နှင့် စေ့စေ့ကြည့်မှ အေးလျှင်လည်း အေးရှိန်၊ တလူလူ တွေ့၏။ ပူလျှင်လည်း ပူရှိန် တလူလူ တွေ့၏။ တလူလူ နေသမျှ ဖြစ်မှု၊ ပျက်မှုချည်း။ "ယထာ ပုဗ္ဗံ ဋ္ဌကံ ပသော"ဟူသော ပုဒ်မှာပြခဲ့သော "ရေပွက်ဥပမာ"အတိုင်း ထင်မြင်အောင် ကြည့်လေ။

## (၁၂) သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသာ သမ္ဘဝန္တိ အရကောက်နှင့် သဘောသရုပ် ထင်လွယ် အဓိပ္ပာယ်

သောကဆိုသည်မှာ - ဝမ်းနည်းခြင်း၊ စိုးရိမ်ခြင်း။ တရားကိုယ်မှာ ဒေါသမူ ဒွေ၌ ယှဉ်သော ဒေါမနဿဝေဒနာ ဖြစ်၏။ ဆွေမျိုးဉာတိ ပစ္စည်းဥစ္စာ စသည်တို့ ပျက်စီးမှုကြောင့် စိတ်နှလုံး၏ ပူပန်ခြင်းပင်တည်း။

http://www.dhammadownload.com



ပရိဒေဝ ဆိုသည်မှာ - တစ်စုံတစ်ခု ပျက်စီးမှုကြောင့် တမ်းတငိုကြွေးခြင်း။ တရားကိုယ်မှာ စိတ္တဇဝိပလ္လာသ သဒ္ဒရုပ် ဖြစ်၏။ စိတ်ကြောင့်ဖြစ်သော ဖောက်ပြန်သည့်အသံရုပ်ကို ဆိုလို၏။

ဒုက္ခဆိုသည်မှာ - ကိုယ်ဆင်းရဲမှု (ကာယိကဒုက္ခ)၊ တရားကိုယ်မှာ ဒုက္ခသဟဂုတ်ကာယဝိညာဏ်စိတ်နှင့် ယှဉ်သော ဝေဒနာ စေတသိက်ဖြစ်၏။

ဒေါမနဿဆိုသည်မှာ - စိတ်ပင်ပန်းဆင်းရဲမှု နှလုံး မသာမယာမှု (စေတသိကဒုက္ခ)။ တရားကိုယ်မှာ ဒေါသမူဒွေး၌ ယှဉ်သော ဝေဒနာတည်း။

ဥပါယာသဆိုသည်မှာ - သောက ပရိဒေဝတို့ထက် လွန်ကဲလျက် အသံမျှ မထွက်နိုင်အောင် ရှိုက်ကြီးငင်ကြီးဖြစ်ကာ အတွင်းဆွေးဆွေးခြင်း၊ ပြင်းပြစွာ ဆင်းရဲပင်ပန်းခြင်း၊ နစ်မြောခြင်း။ တရားကိုယ်မှာ ဒေါသမူဒွေး၌ ယှဉ်သော ဒေါသတည်း။

**သောက, ပရိဒေဝ, ဥပါယာသတို့၏ ထူးခြားချက်မှာ -**

(၁) ဒယ်အိုးဖြင့် ဆီကို ချက်ရာ၌ အိုးအတွင်း ဆီကျက်နေခြင်းသည် ဝမ်းနည်းခြင်း သောကနှင့် တူ၏။

(၂) ကျက်အားကြီး၍ ဆီဝေလျှံတက်လာခြင်းသည် ငိုကြွေးခြင်း ပရိဒေဝနှင့် တူ၏။

(၃) ဝေလျှံပြီးနောက် ကျန်ရစ်သောဆီ၏ ကုန်ခန်းသည်အထိ ကျက်ခြင်းသည်အတွင်း ဆွေးဆွေးကာ ပြင်းပြစွာ ပူလောင်သော ဥပါယာသနှင့် တူ၏။

## သောကစသည်ဖြစ်ပုံ - အကျဉ်းအဓိပ္ပာယ်

(မူလပဌာန်းဆရာတော်ကြီး ဦးနာရဒ)

သောကသည် - အဆိပ်လူးသော မြားဖြင့် ထိုးဆွခံရသလို၊ မီးအုံးထားသော ကြိမ်ညွန့်လို၊ ဆွေမျိုးစသည်တို့၏ ပျက်စီးမည်ကို ကြောင့်ကြမှု။

ပရိဒေဝသည် - ဆွေမျိုး၊ စည်းစိမ် စသည်တို့ ပျက်စီးသောအခါ ဘုရားစသော သူတော်ကောင်းတို့ မျက်မှောက်၌ပင်သော်မှ အရှက်အကြောက်ကို မငဲ့ပဲ နှုတ်တွင်းမှ အန်ထွက်လာသော အနိဋ္ဌအသံတို့ဖြင့် မြည်တွန်တောက်တီးကာ ထွေထွေရာရာ ဖော်ပြ မြွက်ကြားမှု၊ စိတ္တဇဝိပလ္လာသ အသံ။

ဒုက္ခသည် - ကိုယ်ခန္ဓာ၏ ဆင်းရဲမှု၊

http://www.dhammadownload.com



ဒေါမနဿသည် - ချစ်သူနှင့်ကွေကွင်းရခြင်းစသော အကြောင်းများကြောင့် နှလုံးမသာမယာ စိတ်ဆင်းရဲရမှု၊

ဥပါယာသသည် - ဒေါသမီးလောင်၍ သောကပရိဒေဝတို့ထက် လွန်ကဲကာ အသံမထွက်နိုင်အောင် နစ်မြော၍ သွားမှု၊ သေငယ်၊ သေငယ်သွားမှု၊ ရှိုက်ကြီးတငင် ဖြစ်မှု၊ သောကကြီးလျှင် ပရိဒေဝ။ ပရိဒေဝကြီးလျှင် ဥပါယာသ ဖြစ်၏။

**သောက၊ ပရိဒေဝ၊ ဥပါယာသတို့ ထူးပုံမှာ -**

- သောကသည် ဆီပူအိုးကင်း၌ ကျိုက်ကျိုက်ဆူ၍နေသော ဆီနှင့်တူ၏။
- ပရိဒေဝသည် ပွက်ရုံမက ဆူဝေလျှံတက်၍နေမှုနှင့် တူ၏။
- ဥပါယာသသည် - ကျန်ရစ်သော ဆီအိုးကင်းအတွင်း၌ နစ်ကာခန်းခြောက် တူးခြစ်မှုနှင့် တူ၏။

**သောကစသည်တို့ အကျိုးဆက်သာ ဖြစ်ပုံမှာ -**

အဝိဇ္ဇာရှိလျှင် သင်္ခါရ စေနာ်ဖြစ်ရမည် စသည်ဖြင့် အကြောင်းအကျိုးအဖြစ်မြဲကြသော အင်္ဂါ (၁၂) ပါး၌ ဤသောက စသည်တို့ မပါသည့်အပြင်၊ ဤသောကစသည်တို့သည် ပြဟ္မာ၊ အနာဂါမ် စသည်တို့မှာ ဇာတိရှိသော်လည်း မဖြစ်ကြရကား၊ ဇာတိ၏ အကျိုးရင်းမဟုတ်။ ဇာတိ မကင်းသေးလျှင် ဤသောက စသည်တို့မှာ ဆက်သွယ်သောအားဖြင့် ဖြစ်ရကား ဇာတိ၏ အကျိုးဆက်မျှသာ ဖြစ်၏။ ဝဋ္ဋဒုက္ခတရားတို့၏ အကျိုးဆက် အာနိသံသဖလကို ပြရန်သာ ဟောတော်မူ၏။

## သောကစသည်ဖြစ်ပုံ - အကျဉ်းအဓိပ္ပာယ်

(ဆရာကြီး ဒေါက်တာမင်းတင်မွန်)

ဇာတိ ပဋိသန္ဓေကြောင့် လူဟူ၍ ဖြစ်ပေါ်လာသည့်အခါ စားဝတ်နေရေးအတွက် ကြောင့်ကြပူပန်ရ၏။ ဆွေမျိုးစည်းစိမ်ဂုဏ်သိရ်တို့ ပျက်စီးသောအခါ ဝမ်းနည်းပူဆွေးရ၏ဤသည်တို့ကား ဇာတိကြောင့် ဖြစ်ပေါ်လာသော သောကတို့တည်း။

ဆွေမျိုးစည်းစိမ် စသည်တို့ ပျက်စီးမှုကြောင့် ငိုကြွေးမြည်တမ်းရခြင်းသည် ပရိဒေဝမည်၏။ ခန္ဓာကိုယ်၏ ဆင်းရဲမှုသည် ဒုက္ခမည်၏။ ချစ်သူနှင့် ကွဲရခြင်း၊ မချစ်သူနှင့် တွဲရခြင်း၊ အလိုရှိရာ မရခြင်း၊ ဆွေမျိုးစည်းစိမ် ပျက်စီးခြင်း စသော အကြောင်းများကြောင့် စိတ်ထဲ ဆင်းရဲနေမှုသည် ဒေါမနဿမည်၏။ မိမိချစ်မြတ်နိုးသော၊ အားကိုးအားထားပြုရသော မိဘ၊ သားသမီးများနှင့် စည်းစိမ်ရာထူးတို့ အကြီးအကျယ်

http://www.dhammadownload.com



ပျက်စီးဆုံးရှုံးသောအခါ လွန်ကဲစွာ ဆင်းရဲပင်ပန်းခြင်းဟူသည့် ဥပါယာသဖြစ်၏။ ခြေပြတ်၊ လက်ပြတ်၊ သေလုနီးပါး ထိခိုက်ဒဏ်ရာရသော အခါ၌လည်း ဥပါယာသ ဖြစ်၏။

ဤသောကစသော ဆင်းရဲအပေါင်းတို့သည် အိုခြင်းဆင်းရဲ သေခြင်းဆင်းရဲ ဟူသည့် ဇရာ-မရဏတို့နှင့် ဆက်သွယ်၍ ဖြစ်ရသည်လည်းရှိ၏။ ဇရာ-မရဏ တို့နှင့် မဆက်သွယ်ဘဲ **ဆွေမျိုးစည်းစိမ်ဂုဏ်သိရ် စသည်တို့အတွက် ဖြစ်ရသည်** လည်း ရှိ၏။ ဤသို့ ဇရာ-မရဏတို့နှင့် ဆက်သွယ်၍ဖြစ်စေ၊ မဆက်သွယ်သည်ဖြစ်စေ **အရင်းခံ ဇာတိကြောင့်သာ ဖြစ်ရကား၊** ဇာတိကြောင့် ဖြစ်သောတရားများဟု ခေါ် ဆို၏။

ဇာတိရှိလျှင် မည်သည့်ဘဝ၌မဆို ဇရာ-မရဏတို့ ကေန်မုချရှိ၏။ ထို့ကြောင့် ဇရာ-မရဏသည် ဇာတိ၏ မုချအကျိုး (ဝါ) အရင်းခံအကျိုးဖြစ်၏။

သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတည်းဟူသော **တရားငါးပါး တို့ကား ဗြဟ္မာ့ပြည်၌မရှိ။ နတ်ပြည်၌ အချို့ရှိ၏။ အချို့မရှိ။** လူ့ပြည်၌လည်း ဇာတိဖြစ်မြောက်ပြီး မကြာခင်သေဆုံးသူတို့မှာ သောကစသော တရားအချို့ ဖြစ်ခွင့် မရ။ သို့အတွက် သောက၊ ပရိဒေဝ စသည့်တရားစုသည် **ဇာတိ၏ မုချအကျိုးမဟုတ်။** ဇာတိနှင့် ဆက်သွယ်၍ ဖြစ်တတ်သော နိဿန္ဒအကျိုး = အကျိုးဆက်သာ ဖြစ်ကြ၏။

## သောက စသည်ဖြစ်ပုံ - မကျဉ်းမကျယ် အဓိပ္ပာယ်

**(ညောင်လေးပင်တောရဆရာတော်ဘုရားကြီး)**

သောက - စိုးရိမ်ခြင်း၊ ပရိဒေဝ - ငိုကြွေးခြင်းဆိုသည့် ငိုကြွေးသံ၊ ဒုက္ခ - ကိုယ်နာခြင်း၊ ဒေါမနဿ - စိတ်နာခြင်း၊ ဥပါယာသ - ပြင်းစွာပင်ပန်းခြင်းဟူသော ဒေါသ၊ ဤတရားငါးပါးကတော့ ဇာတိကြောင့်လည်း ဖြစ်သည်။ ဇရာကြောင့်လည်း ဖြစ်သည်။ မရဏကြောင့်လည်းဖြစ်သည်။ ထို့ပြင် ဒုက္ခကြောင့်လည်း ဖြစ်သည်။ ဗြဟ္မာ့ ဘုံမှာတော့ ငါးပါးလုံး မဖြစ်ပါဘူး။ ထိုသို့ ဇာတိသည် ထင်ရှားသော အကြောင်းလည်း မဟုတ်၊ ပြဋ္ဌာန်းသော အကြောင်းလည်း မဟုတ်။ သောက စသည်တို့သည် ဇာတိကျိုး လည်း ကေန်မဟုတ်။ ဇရာကျိုးလည်း ကေန်မဟုတ်၊ ဘယ်သူ့အကျိုးမှ ကေန်မဟုတ် လို့ အင်္ဂါသီးခြား မရေတွက်ရပါ။ ထိုအဓိပ္ပာယ်ဖြင့် "သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမန သုပါယာသာ၊ သမ္ဘဝန္တိ" လို့ ဆက်ဟောပေ၏။

http://www.dhammadownload.com



ထိုသို့ ဆက်ဟောတာ နှုပ်ျိုလို၊ အသက်ရှည်လိုသော အာသဝကြောင့် အဝိဇ္ဇာရှိသူတို့မှာဖြစ်လို့ ဆက်ဟောခြင်း ဖြစ်သည်။ တစ်နည်းတော့ ထိုတရား ငါးပါး ဖြစ်လာလျှင် ထိုသူမှာ အဝိဇ္ဇာရှိတယ်လို့ သိဖို့ဆက်ဟောခြင်းဖြစ်၏။

တစ်နည်းအားဖြင့် ဇရာ-မရဏ တွေ့ကြုံသူ၊ သောကပရိဒေဝ စသည် တွေ့ကြုံသူတို့မှာ မိမိကိုယ်ကို စုံမက်သဖြင့် နှုပ်ျိုလို၊ အသက်ရှည်လိုသော၊ ကာမာသဝတဏှာ ဖြစ်၏။ ထိုအခါ အဝိဇ္ဇာလည်း အတူတွဲ၍ ဖြစ်ကြတာမို့ အာသဝကြောင့် အဝိဇ္ဇာဖြစ်သည်လို့ပဲ မြတ်စွာဘုရား ဟောပေသည်။ အဝိဇ္ဇာဖြစ်ပြန်တော့ သင်္ခါရ ဝိညာဏ်တို့လည်း ဖြစ်ပြန်သဖြင့် ဘဝစက်ဖန်ဖန်ဆက်စပ် မရပ်မတည် လည်ပြန်ပေသည်။

ထိုသို့အကြောင်းတွေ အဆက်အဆက်ကြောင့် အကျိုးတွေ အဆက်ဆက် ဖြစ်၍ ဝဋ်ဆင်းရဲတွေသာ ဆက်နေတာ ထင်ရှားပေ၏။ ချမ်းသာခြင်း၊ တင့်တယ်ခြင်း၊ ငါ၊ သူတစ်ပါး၊ ငါ့ကိုယ်၊ ငါ့ဥစ္စာ၊ သူ့ကိုယ်၊ သူ့ဥစ္စာတို့နှင့် ရောယှက်တာ မထင်ရှားပါ။ ဗြဟ္မာ၊ ပိဿနိုး တစ်ယောက်ယောက် ဖန်ဆင်းတယ်ဆိုတာလည်း ထင်ရှားတာ မရှိပါ။ ထို့ကြောင့် "ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ" လို့ အဆုံးသတ်ဟောလေ၏။

ထိုသို့ အကျိုးဝဋ်ဒုက္ခတွေ အဆက်ဆက် ဖြစ်နေတာကို ဒုက္ခသစ္စာခေါ်၏။ အကြောင်းတွေ ဆက်နေတာတော့ သမုဒယသစ္စာခေါ်၏။ ပဋိစ္စသမုပ္ပါဒ်မှာ ဒုက္ခ၊ သမုဒယတွေ ထင်ရှား၏။ ထိုဝဋ်ဒုက္ခထဲမှ အဝိဇ္ဇာနှင့် တဏှာသေလို့ ဝဋ်ဒုက္ခ ဆက်မဖြစ်ရာနိဗ္ဗာန်ကို နိရောဓသစ္စာ ခေါ်၏။ ထိုနိရောဓသို့ ရောက်ကြောင်း ဖြစ်သော သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်ရှစ်ပါး ကုသိုလ်တရားများကို မဂ္ဂသစ္စာ ခေါ်၏။

ဤသို့ ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် သစ္စာလေးပါး ဆက်သွယ်အောင် မပြတ်ဆင်ခြင်လျက် ကျင့်ကြံကြိုးကုတ် အားထုတ်ကြလျှင် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြမှာ အမှန်ပါ။

## သောက စသည်ဖြစ်ပုံ အပြည့်အစုံ

**(မဟာစည် ဆရာတော်ဘုရားကြီး)**

ဇာတိကြောင့် အိုရခြင်း၊ သေရခြင်းမျှသာ ဖြစ်တာမဟုတ်သေးပါ။ စိုးရိမ်ပူဆွေးရခြင်း၊ ငိုကြွေးရခြင်း၊ ကိုယ်ပင်ပန်းဆင်းရဲရခြင်း၊ စိတ်ပင်ပန်းဆင်းရဲရခြင်း၊

http://www.dhammadownload.com



အပြင်းအထန် စိတ်နှလုံး ပူပန်ရခြင်း ဆိုသည်တို့လည်း ဇာတိကြောင့် ဖြစ်ပေါ် လာကြပါသေးသည်။ စိုးရိမ်ပူဆွေးရခြင်း ဆိုတာက -

(၁) ဉာတိဗျသန = ဆွေမျိုးတို့၏ ပျက်စီးခြင်း။
(၂) ဘောဂဗျသန = စီးပွားဉစ္စာတို့၏ ပျက်စီးခြင်း။
(၃) ရောဂဗျသန = ရောဂါဆိုး စွဲကပ်လျက် ကျန်းမာရေး ပျက်စီးခြင်း။
(၄) သီလဗျသန = သီလ ပျက်စီးခြင်း။
(၅) ဒိဋ္ဌိဗျသန = အယူ၏ ပျက်စီးခြင်း။

ဆိုသည့် ထိုဗျသနတရားငါးပါးနှင့် တွေ့ကြုံရသည့်အခါလည်း ဖြစ်တတ်၏။

(၆) ဆင်းရဲကြောင်း ဘေးရန်အန္တရာယ်တစ်မျိုးမျိုးနှင့် တွေ့ကြုံရသည့်အခါလည်း ဖြစ်တတ်၏။

ဆင်းရဲကြောင်း၊ ဘေးရန်အန္တရာယ်ဆိုတာကတော့ အလွန်များသည်။ လူဆိုးသူခိုး နှိပ်စက်ခြင်း၊ မီးလောင်ခြင်း၊ ရေနစ်ခြင်း၊ မြွေကင်း စသည် ကိုက်ခြင်း၊ စားဝတ်နေရေး အဆင်မပြေဖြစ်ခြင်း၊ အလုပ်အကိုင် အဆင်မပြေခြင်း၊ ပြစ်မှုဖြင့် စွပ်စွဲခံရခြင်း စသည်တို့ပင်။

ထို့ကြောင့် **"စိုးရိမ်ပူဆွေးမှု ဖြစ်စရာအကြောင်း"** သည် အကျဉ်းချုပ်အားဖြင့် **" (၆) မျိုးရှိသည်"** ဟု မှတ်ရာ၏။

ထို့ကြောင့် တစ်ဘဝ၊ တစ်ဘဝမှာ ဇာတိမှစ၍ မရဏသေသည့်တိုင်အောင် ဖြစ်ဖြစ်သမျှတွေသည် ဆင်းရဲတွေ၊ မကောင်းတာတွေချည်းပင်။ ကောင်းတာ၊ ချမ်းသာတာလည်း မပါပါ။ အသက်ရှင်နေသည့် အတ္တကောင်ဆိုတာလည်း မပါပါ။ ဆင်းရဲအစု သက်သက်မျှသာ ဖြစ်သည်။ ထို့ကြောင့် မြတ်စွာဘုရားက "ဧဝံ - ဤဆို အပ်ခဲ့သော အစီအစဉ်ဖြင့်၊ ကေဝလဿ - ချမ်းသာသုခနှင့်၊ အတ္တနှင့် မရောယှက်သော၊ ဧတဿ ဒုက္ခက္ခန္ဓဿ - ဤဆင်းရဲအစု၏သာလျှင်၊ သမုဒယော - ဖြစ်ပွားခြင်းသည်၊ ဟောတိ - ဖြစ်သည်" လို့ ဟောတော်မူပါပေသည်။

သာမန်လူတွေ၏ အမြင်မှာတော့ လူ့ဘဝ၊ နတ်ဘဝ ဖြစ်ရသည်ဆိုလျှင် ကောင်းသည်။ မသေမီအတွင်းလည်း ကာမဂုဏ် အာရုံတွေ ခံစားနေရလို့ ကောင်းသည်။ ချမ်းသာတွေ အများကြီး ရှိသည်ဟု ထင်နေကြပေ၏။ ထိုလူ့ဘဝ၊ နတ်ဘဝမှာ ဖြစ်ပြီး ခံစားနေရတာဟာ အသက်ရှင်နေသည့် အတ္တကောင်၊ သတ္တဝါကောင်ပဲလို့လည်း ထင်နေကြပေသည်။

http://www.dhammadownload.com



မြတ်စွာဘုရား၏ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရ ဆိုလျှင်တော့
- အကြောင်း နှင့် အကျိုးမျှသာ ရှိသည်။
- ဘဝတစ်ခုတစ်ခုမှာ အဝိဇ္ဇာအရင်းခံပြီး တဏှာ၊ ဥပါဒါန် အထောက် အပံ့တွေကြောင့်
- သင်္ခါရဆိုသည့် ကုသိုလ်ကံ၊ အကုသိုလ်ကံ ဖြစ်ခဲ့၏။
- ထိုကံကြောင့် နောက်ဘဝမှာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဆို သည့် အကျိုးတရားငါးပါး ဖြစ်ပေါ်လာ၏။ ထိုအကျိုးတရား တွေ၏ အစ ဖြစ်ပေါ်မှုက - "ဇာတိ" ။ အဆုံးပျက်သွား တာက - "မရဏ"။ အလယ်ပိုင်းမှာ အဆက် ဆက်ဖြစ်ပြီး တည်နေတာက - "ဇရာ" ။
- ထိုဇရာ အခိုက်အတန့်ထဲမှာ ရံဖန်ရံခါ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမန ဿ၊ ဥပါယာသ ဆိုသည့် တရားဆိုးတွေလည်း ဖြစ်ပေါ်သေးသည်။

ထို့ကြောင့် ဘဝတိုင်း၊ ဘဝတိုင်းသည် အနှစ်သတ္တုချကြည့်လျှင် ဖြစ်ခြင်း၊ သေခြင်း၊ စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ စိတ်နှလုံး ပြင်းစွာ ပူပန်ခြင်းဆိုသည့် ထိုတရားဆိုးတွေချည်းပင်။ ၎င်းတို့သည် ချမ်းသာလည်း မဟုတ်ပါ။ အသက်ရှင်နေသည့် အတ္တကောင်လည်း မဟုတ်ပါ။ ဆင်းရဲတွေ ချည်းသာဟု ဆိုရ၏။

ဤသည်တို့ကား လူ့ဘုံမှာဖြစ်ပြီး အိုရ၊ နာရ၊ သေရ၊ စိုးရိမ်ပူဆွေးရ စသည်ဖြင့် ဆင်းရဲရပုံတွေပါ။

နတ်ဘဝတွေမှာလည်း လူ့ဘဝလိုပဲ အိုခြင်း၊ သေခြင်း၊ စိုးရိမ်ပူဆွေးခြင်း အစရှိသည့် ဆင်းရဲတွေ ရှိပေသည်။ ဘုမ္မစိုးနတ်၊ မြေတည်နတ်တွေထဲမှာ တချို့နတ်တွေက စားစရာမရှိ၊ ဝတ်စရာမရှိ၊ နေစရာမရှိနှင့် လူတွေထက်ပင် ဆင်းရဲပါသေးသည်။ သူတို့ကို "ဝိနိပါတိကနတ်" တွေလို့ ခေါ်တယ်။ မြန်မာတွေက "အစိမ်း"၊ "တစ္ဆေ"၊ "သရဲ" လို့ခေါ်သည့် နတ်ညံ့ကလေးတွေပါပဲ။

ကောင်းကင်မှာ တည်သည့်နတ်တွေမှာလည်း သူတို့အလိုအတိုင်း မပြည့်စုံလို့ စိုးရိမ်ပူဆွေးရ၊ စိတ်နှလုံးမသာရသည့် ဆင်းရဲတွေရှိကြပါသည်။ တချို့နတ်တွေမှာ သူများလို ဘုံဗိမာန် အခြွေအရံ မပြည့်စုံလို့ စိတ်ဆင်းရဲရသည်။ တချို့နတ်တွေမှာ သူများလို တန်ခိုးအရောင်အဝါနှင့် မပြည့်စုံလို့ စိတ်ဆင်းရဲရသည်။

http://www.dhammadownload.com



တချို့နတ်တွေမှာ စုတေခါနီးမှာ ပန်ဆင်ထားသည့်ပန်းတွေက ညှိုးနွမ်းကုန်၏။ ဝတ်ထားသည့် အဝတ်အဆင် တန်ဆာတွေက ညစ်နွမ်းကုန်၏။ လက်ကတီးကြား တို့မှ ချွေးတွေကျ၏။ အိုမင်းရုပ်တွေ ပေါ်လာ၏။ မပျော်မမွေ့နိုင်ဘဲ၊ ပုဗ္ဗနိမိတ်တွေကို တွေ့ရသည့်အတွက် ငါတော့ နတ်ဘဝက စုတေတော့မည်ကို မြော်တွေးပြီး အကြီးအကျယ် စိုးရိမ်ပူဆွေးကြရ၏။

(ဤကား "ကာမုပါဒါန်" ကြောင့် "ကမ္မဘဝ" ဖြစ်ပြီး "ကာမဘုံ"မှာ "ဇာတိ" ကြောင့် "ဇရာ-မရဏ၊ သောကစသည်ဖြစ်ပုံ" တို့တည်း။)

ဗြဟ္မာ့လောကမှာ ကာမဘုံက အဖိုအမတွေ ခံစားနေသည့် ကာမဂုဏ်မျိုး ဆိုတာ မရှိပါ။ အနံ့၊ အရသာ၊ အတွေ့အထိဆိုသည့် ကာမဂုဏ်တွေ လုံးဝမရှိပါ။ မြင်ရ၊ ကြားရ၊ ကြံသိရတာလောက်ပဲ ရှိသည်။ ဗြဟ္မာ့ပြည်မှာ ဖြစ်ချင်ပြီး စွဲလမ်းတာတွေ၊ ရူပဈာန်၊ အရူပဈာန်တွေ ရချင်ပြီး စွဲလမ်းတာတွေသည် ကာမုပါဒါန်ပင် ဖြစ်သည်။ **ကာမုပါဒါန်ဆိုရာမှာ** ကာမတဏှာ တစ်ပါးတည်းကိုသာ ဆိုတာမဟုတ်ပါ။ **ရူပတဏှာ၊ အရူပတဏှာတွေကိုလည်း စွဲလမ်းသည့်အနေနှင့် ရင့်သန်လာလျှင် ကာမုပါဒါန်လို့ပဲ** ဆိုရသည်။

ဗြဟ္မာတွေ၏ အိုမင်းခြင်း ဇရာ-မရဏကတော့ လူ့သန္တာန်က ဇရာလို မထင်ရှားပါ။ မထင်ရှားသည့် အိုခြင်းလို့ ဆိုနိုင်၏။ သို့သော်လည်း ထိုဇရာ၏ အစွမ်းဖြင့် ရင့်ရော်လိုက်နေသည့်အတွက် သူတို့၏ အသက်တမ်းစေ့သည့်အခါကျတော့ စုတေရ၊ သေပျက်သွားရကြသည်ပင်။

ထိုဗြဟ္မာဘဝမှာတော့ ဒေါသမရှိသည့်အတွက် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဆိုတာတွေကတော့ မရှိပါ။ ကာယပသာဒရုပ် မရှိသည့် အတွက် ကိုယ်ဆင်းရဲဒုက္ခ ဆိုတာလည်း မရှိပါ။ ဇာတိနှင့် ဇရာ - မရဏသာ ရှိသည်။ ထိုဇာတိနှင့် မရဏကတော့ ဘယ်ဘဝမှာပဲဖြစ်ဖြစ် ရှိနေတာဖြစ်လို့ ဘဝတိုင်း၊ ဘဝတိုင်းနှင့် ဆိုင်သည် ဆိုရ၏။ ဘယ်ဘဝမှာပဲဖြစ်ဖြစ် ဘဝသစ် ဖြစ်ပေါ်မိလျှင် ဇရာ-မရဏ အိုခြင်းနှင့် သေခြင်းမှာ အဆုံးသတ်သွားတာချည်းပင်။

ထို့ကြောင့် အိုခြင်း၊ သေခြင်းမှ လွတ်မြောက်ချင်လျှင် ဘဝသစ်ဖြစ်မှု၊ ဇာတိ ဖြစ်ပေါ်ခွင့် မရှိအောင် အားထုတ်ရမည်။

ဇာတိဖြစ်ခွင့် မရစေလိုလျှင် ကုသိုလ်ကံ၊ အကုသိုလ်ကံ ဆိုသည့် ကမ္မဘဝ ဖြစ်ခွင့်မရှိအောင် အားထုတ်ရမည်။

http://www.dhammadownload.com



ကမ္မဘဝ ဖြစ်ခွင့်မရစေလိုလျှင် တဏှာနှင့် ဉပါဒါန် မဖြစ်နိုင်အောင် အားထုတ်ရမည်။

မည်သို့အားထုတ်ရမည်နည်းဆိုလျှင် -

ဝေဒနာကြောင့် တဏှာမဖြစ်အောင်၊ "ဝေဒနာမျှတွင် ရပ်တန့်သွားအောင်" မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားသိတိုင်း၊ တွေ့ထိတိုင်း၊ ကြံသိတိုင်း ရှုမှတ်ရုံပင် -

ထိုသို့ရှုမှတ်လို့ မြင်မှု၊ ကြားမှု၊ တွေ့ထိမှု၊ ခံစားမှု ဟူသမျှကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောမျှပဲဟု ပိုင်ပိုင်နိုင်နိုင် သိသိသွားလျှင် "ခံစားမှုဝေဒနာမျှသာ ဖြစ်ပြီး" "လိုချင်နှစ်သက်မှုတဏှာမဖြစ်ဘဲ ချုပ်ငြိမ်း" သွားပေလိမ့်မည်။

တဏှာချုပ်လျှင် တဏှာမှ ဆက်ပြီးဖြစ်မည့် ဉပါဒါန်နှင့် ကံတွေလည်း ချုပ်သွားကြပေလိမ့်မည်။

ကံချုပ်လျှင် ဘဝသစ်ဖြစ်မှု ဇာတိမပေါ်လာနိုင်တော့ဘဲ ဇရာ-မရဏာပါ ချုပ်ငြိမ်းသွားပေလိမ့်မည်။

ဤသည်ကား ရှုမိသည့်အာရုံနှင့်စပ်ပြီး "တဒင်္ဂအားဖြင့် ချုပ်ငြိမ်းပုံ" တည်း။ ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံသည့်အခါမှာ အရိယာမဂ်ဉာဏ် ဖြစ်ပေါ်ပြီး သမုစ္ဆေဒအားဖြင့် "အကြွင်းမဲ့ချုပ်ငြိမ်း" သွားလိမ့်မည်သာတည်း။

## ဒွါဒသမပျို့လင်္ကာ

## ၁၂။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿုပါယာသာ၊ သမ္ဘဝန္တိ

၁၂။ သန္ဓေဇာတိ၊ ခန္ဓာရှိက
ဉာတိ, ဘောဂ၊ စသည်သင်းပင်း၊ ကွေကွင်းခြင်းနှင့်
မကင်းစသာ၊ ကြုံကြိုက်လာသော်
ပူဆာသောက၊ ယူတငိုကြွေး
သက်မွေးဝန်ထမ်း၊ ပူချမ်း, ဒုက္ခ
အနိဋ္ဌကြောင့်၊ စိတ်ကမကြည်
မဆည်ငင်ရှိုက်၊ အလှိုက်အလှဲ
ဆင်းရဲငါးပါး၊ အကျဉ်းအားတည့်

http://www.dhammadownload.com



ကျယ်ပွားအနန္တ၊ တွေ့ကြုံရသည်
မူလဇာတိ၊ အနှုန်းတည်း။ ။ (အရဆောင်လေ)။

## ဒွါဒသမပျိုးလင်္ကာအဖြေလွှာ

## ၁၂။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿုပါယာသာ၊ သမ္ဘဝန္တိ

(မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး)

**ဗျသနငါးပါး တွေ့ကြုံခြားက**

ဇာတိရှိသော်၊ ဇရာ-မရဏ ရှိသကဲ့သို့ ဇာတိခေါ်သော ပဋိသန္ဓေ လေးထွေ အပြား ခန္ဓာများရှိခဲ့သော်၊ ဘဝဓမ္မတာအတိုင်း -

(၁) ဆွေမျိုးတို့၏ ပျက်စီးခြင်း = ဉာတိဗျသန၊
(၂) စီးပွားဥစ္စာ ပျက်စီးခြင်း = ဘောဂဗျသန၊
(၃) အနာရောဂါစွဲကပ် နှိပ်စက်ခြင်း = ရောဂဗျသန၊
(၄) ကိုယ်ကျင့်သီလ ပျက်စီးခြင်း = သီလဗျသန၊
(၅) အယူဖောက်ပြန် ပျက်စီးခြင်း = ဒိဋ္ဌိဗျသန၊

ဤဗျသနငါးမျိုးတို့နှင့် တွေ့ဆုံကြုံကြိုက်လာတတ်၏။
ထိုသို့ ကြုံကြိုက်လာသည်ရှိသော်

(၁) နှလုံးပူရှိန် စိုးရိမ်ခြင်း တည်းဟူသော သောကတရား
(၂) နှုတ်က ဟစ်အော်ငိုကြွေးမြည်တမ်းမှု တည်းဟူသော ပရိဒေဝတရား
(၃) ကိုယ်ဆင်းရဲမှု တည်းဟူသော ဒုက္ခတရား
(၄) စိတ်ဆင်းရဲမှု တည်းဟူသော ဒေါမနဿတရား
(၅) နှလုံးပူပန်မှု တည်းဟူသော ဥပါယာသတရား

အကျဉ်းအားဖြင့် ဤဆင်းရဲငါးပါး၊ အကျယ်အားဖြင့် များပြားလှစွာ ဒုက္ခ အနန္တတို့နှင့်တွေ့ကြုံရတတ်၏။ ဤသို့ဖြစ်ရခြင်း၏အကြောင်းရင်းတရားမှာ ဇာတိတရား ပင်ဖြစ်၏ဟု ဆိုလိုသည်။

http://www.dhammadownload.com



# ဒွါဒသမပို့လက်ာ အဖြေလွှာ

## ၁၂။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿုပါယာသာ၊ သမ္ဘဝန္တိ

(လယ်တီဆရာတော်ဘုရားကြီး)

"သန္ဓေဇာတိ၊ ခန္ဓာရှိက
ဉာတိ, ဘောဂ၊ စသည်သင်းပင်း၊ ကွေကွင်းခြင်းနှင့်
မကင်းစသာ၊ ကြုံကြိုက်လာသော်
----(ပ)---- မူလဇာတိ၊ အနှုန်းတည်း"

ဟူသော လက်ာပုဒ်၌ -

ဇာတိရှိသည့်အတွက်ကြောင့် သောကဖြစ်ရသည်၊ ပရိဒေဝဖြစ်ရသည်၊ ဒုက္ခဖြစ်ရသည်။ ဥပါယာသဖြစ်ရသည် ဟုဆိုလိုသည်။

ငရဲဇာတိရှိခြင်းကြောင့် ငရဲ၌ရှိသော ဆင်းရဲငါးပါး ဖြစ်ရသည်။ ပြိတ္တာဇာတိရှိခြင်းကြောင့် ပြိတ္တာဘုံ၌ ဖြစ်သော ဆင်းရဲငါးပါးဖြစ်ရသည်။ အသူရကာယ်ဇာတိရှိခြင်းကြောင့် အသူရကာယ်ဘုံ၌ ဖြစ်သော ဆင်းရဲငါးပါးတွေ့ရပါသည်။ တိရစ္ဆာန်ဇာတိရှိခြင်းကြောင့် တိရစ္ဆာန်ဘုံ၌ ဆင်းရဲငါးပါးတွေ့ရသည်။

ငရဲဇာတိရှိခြင်းကြောင့် အဘယ်သို့ ဆင်းရဲငါးပါးတွေ့ရသနည်းဟူမူကား- ငရဲမည်သည် ကျရောက်သောအခါမှစ၍ နှစ်ပေါင်းတစ်သိန်း၊ တစ်သန်း၊ တစ်ကုဋေကာလပတ်လုံး မီးငရဲမှာ ဖြစ်မူ မီးလောင်ခံရ၍ နေရတော့သည်။ ဓားငရဲ လှံငရဲမှာ ဖြစ်မူ ဓားခုတ်၊ လှံထိုးခံ၍ နေရတော့သည်။ မလွတ်သမျှသည် မျက်တောင်တစ်ချက်ခတ်မျှ သက်သာဖွယ်မရပြီ။ မမြင်ဝံ့၊ မရှုဝံ့၊ ဖြတ်ဖြတ်လူးဆင်းရဲပင်ပန်းသော ဒုက္ခငါးပါးတို့သည် ခဏစဉ်အတိုင်း ပွားများကုန်၏။

### သက္ကာယဒိဋ္ဌိရှိသူတို့၌ ငရဲဇာတိ၊ ငရဲမီးထုပ်အစဉ်ပါပုံ

ဤသို့ငရဲဇာတိရှိသည့်အတွက် ငရဲဘုံ၌ ဆင်းရဲငါးပါး အစဉ်ပွား၏။ ထိုငရဲဇာတိသည်လည်း သက္ကာယဒိဋ္ဌိရှိနေကုန်သော သူတို့အား စိတ်နှလုံးထဲမှာ အမြဲမကွာထက်ကြပ် ပါရှိနေ၏။ အဘယ်သို့ရှိနေသနည်းဟူမူကား - သံသရာဘဝများစွာ၌ ကျင်လည်၍ လာခဲ့ကြသော သတ္တဝါတို့၏အဖြစ်သည် မိစ္ဆာဒိဋ္ဌိဘဝနှင့် ဒုစရိုက်ဘဝသည်သာ များပြား၏။ တစ်နေ့တစ်နေ့မှာ ဖြစ်သော အကုသိုလ်သည် အပါယ်၌ ဘဝတစ်ရာ၊ ဘဝတစ်ထောင် ကျလောက်အောင် ဖြစ်နိုင်၏။

http://www.dhammadownload.com



ထို့ကြောင့်ပင် တစ်ယောက်တစ်ယောက်သောသတ္တဝါ၏ စိတ်နှလုံးထဲမှာ အပါယ်ကျရန် အပရာပရိယ အကုသိုလ်ကံပေါင်း အကုဋေမက ပါရှိလျက် နေကြကုန်၏။ နတ်ပြည်ခြောက်ထပ်နတ်မှာလည်း ပါရှိလျက်ပင်။ သုဒ္ဓါဝါသမှ တစ်ပါးသော ရူပ၊ အရူပ ပုထုဇဉ်ဗြဟ္မာမှာလည်း ပါရှိလျက်ပင်။ သက္ကာယဒိဋ္ဌိသည် ထိုကံတို့၏ ပင်မကြီး ဖြစ်၏။ ထိုကံစုသည် ပင်မကြီးမှာပေါက်ရောက်နေကြသော အကိုင်း၊ အခက်စု ဖြစ်၏။

ဥပမာကား -

- သက္ကာယဒိဋ္ဌိသည် **"မီးတောက်ကြီး"** နှင့် တူ၏။
- ထိုကံစုသည် မီးတောက်ကြီးမှ ထွက်သော **"မီးရောင်"** တွေနှင့်တူ၏။
- မီးတောက်ပင်မကြီး အားကောင်းခဲ့လျှင် ထိုမီးရောင်တွေလည်း အားကောင်း၏။
- မီးတောက်ကြီးမှိန်လျှင် ထိုမီးရောင် တွေလည်း မှိန်၏။
- မီးတောက်ကြီးမသေသမျှသည် ထိုမီးရောင်တွေကို သေအောင် ပြုခြင်းငှာ အခွင့်မရှိ၊
- မီးတောက်ကြီးသေလျှင်လည်း ထိုမီးရောင်တွေ အကုန်ကွယ်ပျောက်၏။

**စက္ခုကို ငါဟူ၍ ထင်မြင်မှု၊ စက္ခုပေါ်မှာ ဖြစ်ပေါ်လာသော နာမ်ဓာတ်စု** မြင်မှုကို ငါမြင်သည်ဟု ထင်မြင်မှု ရှိနေသမျှကာလပတ်လုံး ထိုမြင်မှုထဲမှာ **အပါယ်မျိုးစေ့ဖြစ်သော** အကုဋေမကသော အပရာပရိယ **အကုသိုလ်ကံပေါင်း** တစ်လုံးတစ်စု တည်း တုပ်နှောင်လျက်ပါရှိ၏။ ထိုကံစု တုပ်နှောင်လျက်ပါရှိလျှင်လည်း **ငရဲဇာတိပေါင်း အကုဋေမက တုပ်နှောင်လျက်ပါတော့သည်။** မီးခြစ်ထုပ်ပါလျှင် မီးပါသည် ဆိုရသကဲ့သို့တည်း။

ထို့ကြောင့် ပုထုဇဉ်အဖြစ်နှင့် နေသောသူသည် -

- လူဖြစ်သော်လည်း **လူအေး မဟုတ်၊ လူပူ၊ လူလောင်သာတည်း။**
- နတ်ပြည်ခြောက်ထပ်မှာ နတ်ဖြစ်သော်လည်း **နတ်အေး မဟုတ်၊ နတ်ပူ၊ နတ်လောင်သာတည်း။**
- ဗြဟ္မာဖြစ်သော်လည်း ဗြဟ္မာအေး မဟုတ်၊ ဗြဟ္မာပူ၊ ဗြဟ္မာလောင် သာတည်း။

http://www.dhammadownload.com



အဘယ်ကြောင့်နည်းဟူမူ ရင်ထဲနှလုံးထဲ၌ ငရဲမီးထုပ်ပေါင်း အကုဋေမကပါရှိ လျက် နေသောကြောင့်တည်း။

ဤနည်းအတိုင်း ပြိတ္တာဇာတိ၊ အသူရကာယ်ဇာတိ၊ တိရစ္ဆာန်ဇာတိ၊ လူ့ဇာတိ၊ လူ့ဘုံမှာ ရှိသော ဆင်းရဲတရားငါးပါးကိုလည်းသိပါလေ။

## (၁၃) ဝေမေတဿ၊ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ

### ဒုက္ခသက်သက်သာ ဖြစ်ပုံ - အကျဉ်းအဓိပ္ပာယ်

(မူလပဋ္ဌာန်းဆရာတော်ကြီး ဦးနာရဒ)

အဝိဇ္ဇာစသော တရားတို့ အကြောင်းအကျိုးဆက်စပ်ကာ ဖြစ်နေမှု ပဋိစ္စသမုပ္ပါဒ်စက်သည် လုံးဝသုခမရှိ ဒုက္ခသက်သက်သာဖြစ်၏။ အဝိဇ္ဇာစသည်တို့ ဖြစ်မှုမှာ ဇာတိ၊ ဇရာ စသည်သို့ ဆိုက်ရုံမှတစ်ပါး အကျိုးထူးမရှိရုံမက သင်္ခါရဒုက္ခ၊ ဝိပရိဏာမ ဒုက္ခများသာ ဖြစ်ကြ၏။

**အာသဝကြောင့် အဝိဇ္ဇာဖြစ်ရပုံမှာ** - သောကစသည်နှိပ်စက်သူတို့အား အာသဝတရားတို့ မနေမနား ဖြစ်ပေါ်၏။ အာသဝဖြစ်လျှင် အဝိဇ္ဇာလည်း ဖြစ်ပြန်ရကား **"အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော"**အရ အာသဝကြောင့် အဝိဇ္ဇာဖြစ်၏။

အာသဝကြောင့် သောကစသည်ဖြစ်ပုံမှာ -

- မိမိလွန်စွာချစ်ခင်နှစ်သက်သူ ပျက်စီးသည့်အခါ **"ကာမာသဝ" ကြောင့်**
- ရုပ်ကိုငါ ငါ့ရုပ်ဟု စွဲလမ်းနေသူမှာ ၎င်းရုပ်ဖောက်ပြန်ပျက်စီးသည့် အခါ **"ဒိဋ္ဌာသဝ" ကြောင့်**
- မိမိ၏ဘဝကိုမြဲ၏ဟု အားရကာနေသော နတ်များမှာ ဘဝ၏အနိစ္စသံကို ကြားရာ၌ မမြဲဟု လွန်စွာ ကြောက်လန့်သောအခါ **"ဘဝါသဝ" ကြောင့်**
- အဝိဇ္ဇာ မကင်းသူတို့မှာ ဒုက္ခ၊ ဒေါမနဿစသည်ကို ခံစားကြရသော အခါ **"အဝိဇ္ဇာသဝ" ကြောင့်** သောကစသည် ဖြစ်ရ၏။

တဏှာစသည်တို့ကြောင့် အာသဝဖြစ်ပုံမှာ -

- တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝတို့၌ အာသဝတို့ ယထာရဟပါဝင်ရကား တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝတို့ ဖြစ်ကြောင်းသည်ပင် အာသဝတို့ ဖြစ်ကြောင်းမည်၏။

http://www.dhammadownload.com



## ၁၃။ ဝေမေတာသာ၊ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ

### သုခမဖက်၊ သက်သက်ဒုက္ခသာ ဖြစ်ပုံ - အကျဉ်းအဓိပ္ပာယ်

### (နဝမလယ်တီဆရာတော်ကြီးလယ်တီ-အရှင်ကေလာသ)

ဤသို့လျှင် အဝိဇ္ဇာအစရှိကုန်သော တရားတို့၏ အကြောင်းအကျိုးအဆက်ဆက်ဖြစ်ပွား၍နေသော ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးသည် စင်စစ်အားဖြင့် သုခဟူသည် မြူမျှမရှိ။ ပကတိ ဒုက္ခသက်သက်ကြီးသာ ဖြစ်၍နေ၏။

ပဋိစ္စသမုပ္ပါဒ်တရားတို့၏ ဆက်လက် ဖြစ်ပေါ်နေသည်ကိုပင် ပညာမျက်စိမှ ကင်းကုန်သော အန္ဓပုထုဇဉ်တို့က ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ခန္ဓာ ဟူ၍လည်းကောင်း၊ ငါ့ဥစ္စာ ဟူ၍လည်းကောင်း မှတ်မှားစွဲလမ်း၍ နေကြကုန်၏။ အမြင်မှောက်မှား ဖောက်ပြား ချွတ်ယွင်း၍ နေကြကုန်၏။ တစ်စုံတစ်ရာမျှ မိမိတို့နှင့် မသက်ဆိုင်ဘဲ၊ သဘာဝအလျောက် ဖြစ်ချင်တတ်တိုင်း ဖြစ်၍နေသော တရားတို့ကို အရမ်းမဲ့စွဲလမ်း၍ နေကြကုန်၏။

အဝိဇ္ဇာ စသည်တို့၏ ဖြစ်မှုသည် ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ တို့ဖြစ်ရန် အခြေခံအမြစ်အရင်းတွေသာတည်း။ ဇာတိ၊ ဇရာ စသည်တို့သို့ ဆိုက်ရောက်ရုံထက်ပိုမို၍ အကျိုးထူးမရှိချေ။ ဇာတိ၊ ဇရာ စသည်တို့ကလည်း စင်စစ်ဒုက္ခတုံး၊ ဒုက္ခခဲကြီးတွေသာ ဖြစ်၏။

ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကို ဒုက္ခစက်ကြီးဟူ၍ ဆိုရ၏။ ထိုဒုက္ခစက်ကြီးကို ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ခန္ဓာ ဟူ၍ မှတ်မှားစွဲလမ်း၍နေသော သတ္တဝါတို့သည်လည်း ဒုက္ခစက်ကြီးအတွင်းသို့ အတင်းသက်ဆင်း၍ နေကြသည် မည်ကုန်၏။ ဒုက္ခစက်သွားတို့၏ ဝါးမှု၊ ကြိတ်မှု၊ နင်းနယ်မှုတို့ကို အတင်းငံ့ကာခံ၍နေကြသည် မည်ကုန်၏။

ဤသို့လျှင် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၏ သုခမဖက်သက်သက်သော ဒုက္ခအစုအပုံတို့ ပေါင်းစုံမိသော သဘောအဓိပ္ပာယ်ကို ရည်ရွယ်တော်မူ၍ အဘိဓမ္မာဝိဘင်းပါဠိတော်၌-

"ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ" ဟူ၍ဟောတော်မူခဲ့၏။

http://www.dhammadownload.com



## ဓာရသမပျို့လင်္ကာ

## ၁၃။ ဝေမေတဿ၊ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ

၁၃။ ဝဋ်ရှည်သံသရာ၊ ရှည်မင်းစွာ၌
သူငါကစ၊ ဖြစ်သမျှကား
သတ္တမဟုတ်၊ ခတ်မှန်ထုတ်သော်
နာမ်, ရုပ်နှစ်သင်း၊ အမြင်လင်းလော့
အရင်းအဝိဇ္ဇာ၊ ထိုမှဖြာ၍
ဇရာ-မရဏ၊ အဆုံးကျသည့်
ဓမ္မအပြား၊ ဆယ့်နှစ်ပါးကို
ဤကားလူပင်၊ ဤလျှင်နတ်ပဲ
အထင်လွဲလျက်၊ တဝဲလည်လည်၊ ဝဋ်နွယ်စည်၏
ရှည်လေသမျှ၊ အနန္တကား
သုခဟူသည်၊ မြူမျှမကွက်၊ အဆက်ဆက်လျှင်
သက်သက်ဒုက္ခ၊ ခတ်မှန်ရသည်
ဘဝဤကိုယ်ဖြစ်ထုံးတည်း။ ။(အရဆောင်လေ)။

## ဓာရသမပျို့လင်္ကာ

### အကျဉ်းအဓိပ္ပာယ် သိမြင်လွယ်

## ၁၃။ ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ

**(လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသမဟာထေရ်)**

အကုန်ခြုံပြောရမယ်ဆိုရင် မြတ်စွာဘုရား ဆ-ဆက္ကသုတ္တန်မှာ ဟောကြားတော်မူသည့်အတိုင်း ပဋိစ္စသမုပ္ပါဒ်အချက်အလက်အင်္ဂါ (၁၂) မျိုးထဲမှ ဒီပစ္စုပ္ပန်မှာ တွေ့ကြုံနေရတဲ့ အချက်တွေကို အဓိကထားပြီး ဟောတာပါပဲ။ဗြဟ္မဇာလသုတ္တန်ဒေသနာတော်မြတ်မှာ ဝေဒနာ၊ အာယတန၊ ဖဿကို တရားလမ်းပြအနေနဲ့ကြည့်ရှုဖို့ရာ မြတ်စွာဘုရားက တရားလမ်းပြတော်မူတယ်။

http://www.dhammadownload.com



ညွှန်ပြတဲ့အတိုင်းပဲ ပဋိစ္စသမုပ္ပါဒ်အချက်အလက်တွေထဲက အချို့ထုတ်နုတ်ပြီးတော့ ဗြဟ္မဇာလသုတ္တန်ဒေသနာတော်မြတ်မှာ ပြထားတဲ့တရားကိုပဲ ကျင့်ကြံကြိုးကုတ်အားထုတ်ဖို့နည်းလမ်းနဲ့ ပတ်သက်ပြီး ဟောဖော်ညွှန်ပြပါတယ်။ အဲဒီလိုညွှန်ပြတော့

- "အဝိဇ္ဇာကစပြီး သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ-မရဏ ထိအောင် ပဋိစ္စသမုပ္ပါဒ်အချက်အလက်တွေ"
- သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဆိုတဲ့ အချက်အလက်တွေ
- မြတ်စွာဘုရားဖြစ်ပြီးကာစမှာ ဒီတရားတွေကို ဆင်ခြင်ကာ ဘာကြောင့်တဏှာ ဖြစ်သလဲ။ ဝေဒနာကြောင့်တဏှာ ဖြစ်တယ်။ နောက်ဘာကြောင့်ဥပါဒါန်ဖြစ်သလဲ၊ တဏှာကြောင့်ဥပါဒါန်ဖြစ်တယ်။ ဘဝဘာကြောင့်ဖြစ်သလဲ၊ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်၊ ဇာတိဘာကြောင့် ဖြစ်သလဲ၊ ဘဝကြောင့် ဇာတိဖြစ်တယ်။ ဇရာ-မရဏ ဘာကြောင့်ဖြစ်သလဲ၊ ဇာတိကြောင့် ဇရာ-မရဏ ဖြစ်တယ် နောက်အကျိုးဆက်အနေအားဖြင့် စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်မသက်သာ နှလုံးနာခြင်းတက်အောင်ပူပန်ခြင်း ဆိုတာတွေ ဘာကြောင့်ဖြစ်သလဲဆိုတော့ ဇာတိကြောင့်ပါပဲ။

အဲဒီလို ဟောတော်မူပြီးတဲ့နောက် -

"ဧဝ မေတဿ ကေဝလဿ

ဒုက္ခက္ခန္ဓဿသမုဒယော ဟောတိ"

သတ္တဝါအားလုံးတို့၏ ဖြစ်စဉ်ကြီးကို ကြည့်မယ်ဆိုရင်တော့ ရုပ်-နာမ်နှစ်မျိုးပါပဲ၊ ရုပ်-နာမ်နှစ်မျိုးကို ကြည့်မယ်ဆိုရင်တော့ "ဒုက္ခက္ခန္ဓဿ" သုခရယ်လို့ဘာမှမဖြစ်တဲ့ ဒုက္ခအတုံးအခဲကြီးတွေ ဖြစ်နေတာပါပဲ။ ဖြစ်နေတော့ဘာဖြစ်လဲ။ ဒုက္ခတုံး၊ ဒုက္ခခဲပဲ ဖြစ်နေတာပါပဲ။ ပျက်သွားတော့လည်း ဒုက္ခတုံး၊ ဒုက္ခခဲပဲ ပျက်သွားတာပါပဲ။ ဒါကြောင့် မြင်တယ်၊ ကြားတယ် အစရှိတဲ့ အချက်တွေနဲ့ ပတ်သက်ပြီးတော့ ယောကျ်ား၊ မိန်းမ မဟုတ်။ ဓာတ်မှန်ကို ထုတ်မယ်ဆိုရင် နာမ်ရုပ်နှစ်ခုသာ ဖြစ်တယ်လို့ ဒါမြင်ဖို့ပါပဲ။ နာမ်ရုပ်နှစ်ခုသာ ဖြစ်တယ်ဆိုတော့ ဥပမာဆိုကြပါစို့။ နာမ်နဲ့ရုပ်မှာ ရုပ်ပဲ အရင်ကြည့်ကြပါစို့။

http://www.dhammadownload.com



ဒီခန္ဓာကိုယ်ကြီးကို ကြည့်လိုက်တော့ ရေ မြေ၊ လေ၊ မီးဆိုတဲ့ ဓာတ်ကြီးလေးပါးနဲ့ ဖွဲ့စည်းထားတော့ မြေဓာတ်က (၂၀) ပါတယ်၊ ဘာလဲဆိုတော့ ဆံပင်၊ မွေးညှင်း အစရှိတဲ့ နှစ်ဆယ်ပါပဲ၊ မြေဓာတ် (၂၀)၊ ရေဓာတ် (၁၂)၊ မီးဓာတ် (၄)၊ လေဓာတ် (၆) = ပေါင်း (၄၂) ပုံနဲ့ ဖွဲ့စည်းထားတဲ့ ခန္ဓာကိုယ်။ ပြီးတော့ ကြံစည်တတ်တယ်။ တွေးတောတတ်တယ်ဆိုတဲ့ အချက်အလက်ကလေးတွေ ထည့်လိုက်တော့ နာမ်နဲ့တွဲပြီးတော့ သွားတာ၊ နာမ်ရုပ်နှစ်မျိုးပဲ။ အဲဒီနာမ်ရုပ်နှစ်မျိုးပဲလို့ မြင်နိုင်တဲ့ သမ္မာဒိဋ္ဌိဉာဏ်၊ ဒီဉာဏ်ဟာ အတော်အရေးကြီးတာပါ။

အဝိဇ္ဇာနဲ့ သက္ကာယဒိဋ္ဌိပျောက်ကွယ်ဖို့ကတော့ သမ္မာဒိဋ္ဌိဉာဏ်ထူး၊ ဉာဏ်မြတ်ရရှိမှုပါပဲ။ သမ္မာဒိဋ္ဌိဉာဏ်ထူး၊ ဉာဏ်မြတ်ရရှိဖို့ရာအတွက် ယခုတရား အားထုတ်ကြရတာပါ။ မိမိတို့ခန္ဓာကိုယ်ကပြောတဲ့ ရုပ်သဘော၊ ခန္ဓာကိုယ်ကပြောတဲ့ နာမ်သဘော ကျကျနနသိဖို့ပါပဲ။

အဲဒီတော့ မြင်မြင်သမျှ၊ ကြားရသမျှ၊ ကြံစည်နေတာတွေ၊ တွေးတောနေတာတွေ၊ တိုက်ကြတာတွေ၊ ခိုက်ကြတာတွေ၊ ကြိုက်ကြတာတွေ၊ ငြင်းကြ၊ ခုန်ကြတာတွေဟာ အကုန်လုံးခြုံလိုက်တော့ ရုပ်နဲ့နာမ် နှစ်မျိုးပါပဲ။

ဒီထက်ကောင်းတဲ့အချက်၊ ဒီထက်မှန်တဲ့အချက် ပြောမယ်ဆိုရင် ဒုက္ခတုံး၊ ဒုက္ခခဲကြီးဖြစ်နေတာပါပဲလို့ မြင်ကြရမှာပါပဲ။ ဒါကြောင့်-

"ဧဝ မေတဿ ကေဝလဿ

ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ" လို့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို မြတ်စွာဘုရားက နိဂုံးချုပ်ပါတယ်။

ပဋိစ္စသမုပ္ပါဒ်-အကြောင်းကို စွဲပြီးမှ ဖြစ်ပေါ်တယ်။ ဥပမာဆိုကြပါစို့ - မှန်ကြီးတစ်ချပ်ထောင်ပြီးတော့ ထားတယ်။ လူတစ်ယောက်အရိပ်ကြည့်ချင်တဲ့အခါ အဲဒီမှန်ထဲမှာ လူရိပ်ပေါ်လာပါတယ်။ အဲဒီမှန်ရှေ့ရပ်နေတုန်းသာ လူရိပ်ပေါ်တာ၊ လူက ဘေးဖယ်လိုက်ရင် အရိပ်ပျောက်သွားတယ်။ အကယ်၍ လူရိပ်ပြန်ပေါ်စေချင်ရင် မှန်ရှေ့မှာ ပြန်ရပ်ရမှာပေါ့။

အလားတူပါပဲ - လဝန်း၊ နေဝန်းတို့၏အရိပ်၊ ရေထဲမှာ ပေါ်နေတာ။ ရေကို ဖယ်လိုက်၊ ဖုံးဖိလိုက်ရင် ထိုလဝန်း၊ နေဝန်းအရိပ်မပေါ်နိုင်တော့သလိုပါပဲ။

စက္ခုပသာဒ - မျက်စိအကြည်ရယ်၊ ရူပါရုံရယ် ရှိလာတော့ မြင်သိစိတ်ဖြစ်တယ်။ အကယ်၍ မျက်စိ သို့မဟုတ် ရူပါရုံ တစ်ခုခု ချို့ယွင်းသွားမယ်၊ အကြည်ဓာတ်ကို ဖုံးကာထားမယ်ဆိုရင် မြင်သိစိတ်ဖြစ်ဖို့ဟာ မလွယ်တော့ပါဘူး။ ဒါကြောင့်

http://www.dhammadownload.com



ပဋိစ္စသမုပ္ပါဒ် စွဲပြီးမှ ဖြစ်ကြတဲ့ တရားတွေ၊ အကြောင်းအကျိုးတရားတွေ၊ ဒါဟာ ပဋိစ္စသမုပ္ပါဒ်နည်း။

ပဋ္ဌာန်းနည်းကလည်း ဒီအတိုင်းပါပဲ။ အကြောင်းအကျိုးတွေပဲ။ သစ္စာနည်းကလဲ အကြောင်းနဲ့ အကျိုးဆက်ပြီးဟောတာပါပဲ၊ အဲဒီတော့ "ပဋိစ္စသမုပ္ပါဒ်နည်း"၊ "ပဋ္ဌာန်းနည်း"၊ "သစ္စာနည်း" ဆိုတာ အကြောင်းနဲ့အကျိုးဆက်စပ်နေတာချည်းပါပဲ၊ အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်နည်းနိဂုံးမှာ -

"ဧဝ မေတဿ ကေဝလဿ

ဒုက္ခက္ခန္ဓဿသမုဒယော ဟောတိ" ဆိုတဲ့ နိဂုံးပိုဒ်။ အဲဒီအပိုဒ်ကို ပေါ်လွင်လာအောင် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးက-

"ဝဋ္ဋသံသရာ၊ ရှည်မင်းစွာ၌၊ သူငါကစ၊ ဖြစ်သမျှကား၊ သတ္တမဟုတ်၊ ဓာတ်မှန်ထုတ်သော်၊ နာမ်, ရုပ်နှစ်သင်း၊ အမြင်လင်းလေ့"--

သံသရာဝဋ္ဋဆင်းရဲကြီးက ရှည်ပါတယ်။ ဘယ်လောက်ရှည်သလဲဆိုတော့ "ပုရိမာ ဘိက္ခဝေ ကောဋိနပညာယတိ အဝိဇ္ဇာယ"။ အဝိဇ္ဇာ၏ရှေ့အစွန်းကို မထင်နိုင်ဘူး။ အဲဒီလို ဘဝသံသရာ ရှည်မြင့်ကြာက သူငါကစ ဖြစ်သမျှကား သတ္တဝါမဟုတ်၊ ဓာတ်မှန်ထုတ်သော် နာမ်ရုပ်နှစ်သင်း အမြင်လင်းလေ့။ **သူငါကစ ဖြစ်သမျှကို သတ္တဝါ** မဟုတ်ပါဘူးတဲ့။ သူ့သဘာဝအမှန်ကို ပြောမယ်ဆိုရင် နာမ်ရုပ်ပါပဲ။

"အရင်းအဝိဇ္ဇာ၊ ထိုမှဖြာ၍၊ ဇရာ-မရဏ၊ အဆုံးကျသည့်၊ ဓမ္မအပြား၊ ဆယ့်နှစ်ပါးကို၊ ဤကားလူပင်၊ ဤလျှင်နတ်ပဲ၊ အထင်လွဲလျက်၊ တဝဲလည်လည်၊ ဝဋ္ဋနွယ်စည်၏"

အဝိဇ္ဇာကစပြီးတော့ ဇရာ-မရဏတိုင်အောင် ဖြစ်နေတဲ့ ပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ်ကြီးကို -

"ဤကားလူပင်၊ ဤလျှင်နတ်ပဲ၊ အထင်လွဲလျက်၊ တဝဲလည်လည်၊ ဝဋ္ဋနွယ်စည်၏၊ ရှည်လေသမျှ၊ အနန္တကား၊ သုခဟူသည်၊ မြူမျှမကွက်၊ အဆက်ဆက်လျှင်၊ သက်သက်ဒုက္ခ၊ ဓာတ်မှန်ရသည်၊ ဘဝဤကိုယ်ဖြစ်ထုံးတည်း။"

ဆရာတော်ကြီးရဲ့လင်္ကာမှာ 'ရှည်လေသမျှ၊ အနန္တကား၊ သုခဟူသည်၊ မြူမျှမကွက်' **မြူမှုန်လေးမျှတောင်မရှိဘဲနဲ့ သက်သက်ဒုက္ခအမှန်။** အရကောက်ရလျှင်၊ ဒုက္ခပါပဲတဲ့။

**ဓမ္မစက္ကပဝတ္တနသုတ္တန်** ဒေသနာတော်မှာလည်း 'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ' ခန္ဓာငါးပါးဟာ ဒုက္ခပဲလို့ ဆိုတဲ့အတိုင်းပါပဲ။ **ပဋိစ္စသမုပ္ပါဒ်နည်းကလည်း**

http://www.dhammadownload.com



ဒုက္ခ၊ သစ္စာနည်းကလည်း ဒုက္ခ၊ ဒါကိုဆရာတော်ဘုရားကြီးက "သက်သက်ဒုက္ခ၊ ဓာတ်မှန် ရသည် ဘဝဤကိုယ်၊ ဖြစ်ထုံးတည်း။"

**တရား အားထုတ်တယ်ဆိုတာ ဒုက္ခတွေကို မြင်အောင်ကြည့်တာ။** အနိစ္စကို မြင်အောင်ကြည့်တယ်။ အနတ္တကိုမြင်အောင်ကြည့်တယ်။ ရုပ်ကိုမြင်အောင် ကြည့်တယ်။ နာမ်ကိုမြင်အောင်ကြည့်တယ်။

ဣဒံ ရူပံ = ဒါက ရုပ်

ဣဒံ နာမံ = ဒါက နာမ်

အညမညံ အသံမိဿံ = ရုပ်နဲ့ နာမ်မရောဘူး။ ဝိပ္ပယုတ္တပစ္စည်းပါပဲ။ မယှဉ် ပါဘူး၊ ရုပ်နဲ့နာမ်ကတခြားစီ။ ဘုရားရှင်က "ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ"

အားလုံးအမှန်သရုပ်ထုတ်လိုက်တဲ့အခါမှာ နာမ်ရုပ်ပဲ၊ အဲဒီနာမ်ရုပ်ဟာ သုခ လား၊ ဒုက္ခလားဆိုတော့-

"သုခဟူသည်၊ မြူမျှမကွက်၊ အဆက်ဆက်လျှင်၊ သက်သက်ဒုက္ခ၊ ဓာတ်မှန် ရသည်၊ ဘဝဤကိုယ်ဖြစ်ထုံးတည်း"- ဆိုတဲ့အတိုင်း **မိမိတို့ရဲ့ ဖြစ်စဉ်၊ မိမိတို့ရဲ့ ဖြစ်ထုံးကိုသိအောင် အားထုတ်ကြတာပါပဲ။**

တရားအားထုတ်တဲ့အခါကျတော့ အဲဒီတရားကပြောထားတဲ့အတိုင်း ခန္ဓာ ကိုယ်က ပြန်ပြောနေတာပါပဲ။ **ခန္ဓာကိုယ်က ပြောတာကို မြင်အောင်ကြည့်တာ** ကို **တရားအားထုတ်တာပဲ**လို့ ခေါ်ကြရသည်ကို သိရာ၏။

## ဓာရေသမပျို့လင်္ကာ အဖြေလွှာ

## ၁၃။ ဧဝမေတဿ၊ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ

**(လယ်တီဆရာတော်ဘုရားကြီး)**

"ဝဋ်သံသရာ၊ ရှည်မင်းစွာ၌၊ သူငါကစ၊ ဖြစ်သမျှကား၊ သတ္တမဟုတ်၊ ဓာတ်မှန် ထုတ်သော်၊ နာမ်, ရုပ်နှစ်သင်း၊ အမြင်လင်းလေ့၊ အရင်းအဝိဇ္ဇာ၊ ထိုမှဖြာ၍---(ပ)- --ဘဝဤကိုယ်ဖြစ်ထုံးတည်း"

ဟူသော လင်္ကာပုဒ်၌ - အနမတဂ္ဂ ရှည်မင်းလှစွာသော သံသရာဘဝ အဆက်ဆက်တို့၌ ဖြစ်လာခဲ့ကြသော၊ ယခုငုတ်တုတ်ရှိကြသော ဣတ္ထိပုရိသခန္ဓာ

http://www.dhammadownload.com



စသည် သည်၊ စင်စစ်အားဖြင့် ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါမဟုတ်၊ ငါမဟုတ်၊ သူမဟုတ်၊ မိန်းမမဟုတ်၊ ယောက်ျားမဟုတ်၊ ယထာဘူတဉာဏ်ဖြင့် ဓာတ်သဘာဝ **အဟုတ်အမှန်ကို သတ္တုထုတ်ယူသည်ရှိသော် နာမ်တရား၊ ရုပ်တရားနှစ်ပါးသာ အမှန်ဖြစ်၏။**

**ဓာတ်မှန်ထုတ်သော် သတ္တဝါမဟုတ်၊ နာမ်နဲ့ ရုပ်**

ထုတ်ယူပုံကား-မြေ ရေ လေ၊ မီး ဓာတ်ကြီးလေးခုတွင် **ခက်မာမှု၊ နူးညံ့မှု** ဟူသော **မြေဓာတ်သည် ပုဂ္ဂိုလ်လော၊ သတ္တဝါလော**ဟု စစ်တမ်းထုတ်ရာ၏။

ထိုအမှုသည် ပုဂ္ဂိုလ်ဟုတ်၏၊ သတ္တဝါဟုတ်၏ ဆိုခဲ့သော် တစ်ယောက်သောသူ၏ကိုယ်မှာ ကေသာ၊ လောမာ စသည်ဖြင့် **မြေအစုပေါင်း နှစ်ဆယ်ရှိ၏**။ ထိုနှစ်ဆယ်တွင် ဆံပင်သည် မွေးညှင်းမဟုတ်၊ မွေးညှင်းသည် ဆံပင်မဟုတ်၊ **ဆံပင်ကားတခြား၊ မွေးညှင်းကားတခြား**၊ ဤနည်းတူ ခြေသည်း၊ လက်သည်း၊ သွားစသည်တို့လည်း တခြားစီသာဖြစ်ကုန်၏။

ဤကိုယ်မှာ မြေဓာတ်အစုနှစ်ဆယ်ရှိသည်ဖြစ်၍ ဤကိုယ်မှာ ပုဂ္ဂိုလ် (၂၀) ရှိရာ၏။ ထိုအားလုံးကိုခြုံ၍ ပုဂ္ဂိုလ်၊ သတ္တဝါတစ်ယောက်သာဖြစ်ပါသည် ဆိုခဲ့သော် ထိုအသီးသီး တခြားစီ တစ်မျိုးစီတွေကို တစ်ခုတည်းပါ၊ တစ်မျိုးတည်းပါ ဆိုလျှင် **မဖြစ်နိုင်သည်ကား မျက်မြင်ဒိဋ္ဌတည်း**။ (ဤနည်းတူ ကြွင်းသော ကောဋ္ဌာသတို့ကိုလည်း စစ်တမ်းထုတ်လေ။)

ဤသို့ ကောဋ္ဌာသတို့နှင့် စစ်တမ်းထုတ်မှုသည် ပရမတ်အစစ်မဟုတ်သေး။ လောက၌ မသိသည်၊ မိုက်မဲသည်ဟူသော စကားအတူတူ မိုက်မဲသည်ကား ပုဂ္ဂိုလ်လော သတ္တဝါလော - မေး။

**မိုက်သည်ကား - သတ္တဝါဟုတ်၏။ သတ္တဝါပင်မိုက်၏ ဆိုငြားအံ့။** ထိုသတ္တဝါမှာ ရုပ်လည်းရှိသည်၊ နာမ်လည်း ရှိသည်။ ရုပ်တွင်လည်း ဆံပင်၊ မွေးညှင်း စသည့် ပထဝီဓာတ်နှစ်ဆယ်၊ အာပေါဓာတ်တစ်ဆယ့်နှစ်ပါး၊ တေဇောဓာတ်လေးပါး၊ ဝါယောဓာတ်ခြောက်ပါး၊ ပေါင်း ကောဋ္ဌာသလေးဆယ့်နှစ်ပါး ရှိသည်။

ထိုလေးဆယ့်နှစ်ပါးတွင် ဆံပင်သည် မိုက်တတ်သလော၊ မွေးညှင်းသည် မိုက်တတ်သလော၊ စသည်ဖြင့်-မေး။

http://www.dhammadownload.com



စိတ်စေတနာရှိသော တရားစုမဟုတ်သောကြောင့် ထိုလေးဆယ့်နှစ်ပါးသော ရုပ်ကောဋ္ဌာသအစုသည် မမိုက်တတ်။ စိတ်သည်သာ မိုက်သည်ဟု ဖြေရာ၏။

စိတ်သည် သတ္တဝါလော - မေး။

ရုပ်၊ စိတ်အားလုံးကိုခြုံ၍ သတ္တဝါတစ်ယောက်ခေါ်သည်ဟု ဖြေရာ၏။

စိတ်နှင့်ရုပ်သည် တစ်ခုဟည်းမဟုတ်၊ တခြားစီဟုသာ ထင်ရှားသောကြောင့် တခြားစီကို သတ္တဝါတစ်ကောင်တည်းဟု ခေါ်ခြင်းသည် စိတ်ထင်နှင့် ပါးစပ်ခေါ်သာ ရှိတော့၏။

တစ်နည်းကား - ဤကိုယ်ခန္ဓာမှာ ဟဒယရုပ်ဝတ္ထုကို ချန်လှပ်၍ ကြွင်းကျန်သမျှသော တစ်ကိုယ်လုံးသည် အာရုံထိခိုက်လာလျှင် စိတ်မပေါ်သောနေရာဟူ၍ အဏုမြူမျှမရှိ၊ အာရုံထိလျှင် ထိသည့်နေရာတိုင်းက စိတ်ထွက်၏။ စိတ်ပေါ်၏။ စိတ်ပေါ်သော နေရာမှာ ပူသည်၊ အေးသည်ဟု သိရ၏။ ထိသည်၊ ခိုက်သည်ဟု သိရ၏။ တစ်ကိုယ်လုံးမှာ ဤနည်းတူ။

ဤသို့ ထိုထိုကိုယ်အင်္ဂါမှာ စိတ်ပေါ်သောအခိုက်ကိုလည်း သိရာ၏။ စိတ်ကွယ်ပျောက်ချုပ်ဆုံး၍ သွားသည်ကိုလည်း သိရာ၏။ ထိုထိုကိုယ်အင်္ဂါမှာ ဖြစ်ပေါ်သောစိတ် ပျောက်ဆုံးမှ ဟဒယဝတ္ထု၌ ပေါ်၏။

ဤသို့ စိတ်မည်သည် တစ်ခဏအတွင်းမှာပင် ဦးခေါင်းမှာ တဖွားဖွား ပေါ်တတ်၏။ ဦးခေါင်းမှာ ချုပ်ပျောက်ဆုံး၍ ခြေဖဝါးအပြင်မှာ တဖွားဖွားပေါ်ပြန်၏။ ထိုမှာ ချုပ်ပျောက်ကုန်ဆုံး၍ လက်ဖဝါးအပြင်မှာ တဖွားဖွားပေါ်ပြန်၏။

ဤသို့ အာရုံထိရာတိုင်းမှာ တဖွားဖွား ပေါ်ချည်၊ ချုပ်ပျောက်ချည် နေရသော တရားဖြစ်၍ တစ်ခဏအတွင်းမှာပင် အပိုင်းပိုင်းပြတ်၍ အခါခါသေဆုံး၍၊ အခါခါ သချိုင်းကျ၍နေသော တရားပေတည်း။

ဤသို့နေမှုကို အလွန်ထင်မြင်ဖွယ်ကောင်းလှ၏။ ဤသို့နေမှုကို မသိသည့်အတွက်ကြောင့် မိမိစိတ်ကို နိစ္စဟု သက္ကာယဒိဋ္ဌိဖြစ်၏။ ကျောပြင်မှာ စိတ်တဖွားဖွား ပေါ်ခိုက်ဖြစ်၍ ကျောမှာပူသည်ဟု သိပါသည်ကို ကျောပြင်ဖြစ်၍နေသော အသားရုပ်ကိုပင် ပူမှန်းသိတတ်သည်ဟုထင်၍ နေ၏။ ထိုရုပ်ကိုပင်လျှင် သတ္တဝါဟု ထင်နေ၏။

စိတ်ပေါ်မှု၊ စိတ်ပျောက်မှုကို ထင်မြင်နိုင်လျှင် ရုပ်မှာစွဲလမ်းသော သက္ကာယဒိဋ္ဌိ လည်း ကင်းရှင်းနိုင်၏။ တစ်ကိုယ်လုံးမှာ တစ်ခဏအတွင်း အနှံ့ပေါ်၍ အနှံ့ကုန်

http://www.dhammadownload.com



ဆုံး၍ နေသည်ကိုထင်မြင်နိုင်ပါလျှင် စိတ်မှာ စွဲလမ်းသော သက္ကာယဒိဋ္ဌိလည်း ကင်းရှင်းနိုင်၏။

## အဝိဇ္ဇာကို ဓာတ်မှန်ထုတ်၍ သိပုံနည်း အမြွက်ပြဆိုချက်

မသိသည်၊ မမြင်သည်၊ မထင်သည်၊ မိုက်မဲသည်ဟူသော အမှုသည် အဝိဇ္ဇာဓာတ်၏ အမှုပေတည်း။ **အဝိဇ္ဇာသည်စိတ်မှာ အမြဲကိန်းဝပ်၏။ စိတ်ချုပ်လျှင်ချုပ်၏။ စိတ်ပေါ်လျှင် ပေါ်၏။** အဝိဇ္ဇာသည် ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါမဟုတ်၊ ငါမဟုတ်၊ သူမဟုတ်၊ လူမဟုတ်၊ နတ်မဟုတ်၊ မိန်းမ မဟုတ်၊ ယောကျ်ား မဟုတ်၊ **စိတ်၌ အညစ်အကြေးဖြစ်သော အာဂန္တုကဓာတ်၊ ပဋိစ္စသမုပ္ပါဒ် တရားသာလျှင်တည်း။**

ထို့ကြောင့် မိုက်မဲသောသူကို မြင်လျှင် ငါမိုက်သည်၊ သူမိုက်သည်၊ မည်သူမိုက်သည်ဟု ဆိုမှုသည် အဝိဇ္ဇာကို ငါဟု၊ သူဟု၊ မည်သူဟု စွဲလမ်းသော သက္ကာယဒိဋ္ဌိပေတည်း။ မိုက်သောသူကို မြင်လျှင် ထိုသူစိတ်မှာ ပူးကပ်၍ ပေါ်သော အဝိဇ္ဇာဓာတ်ကို မြင်နိုင်၊ ထင်နိုင်မှုကား သမ္မာဒိဋ္ဌိဉာဏ်ပေတည်း။ ငါမိုက်သည်၊ သူမိုက်သည်ဟု မြင်သည်ကား "အပါယ်လမ်း" တည်း။ အဝိဇ္ဇာဓာတ်ကို မြင်သည်ကား "နိဗ္ဗာနလမ်း" တည်း။

သူမိုက်သည်၊ ငါမိုက်သည်ဟု သိသည်ကား မိုက်မှု၊ အဝိဇ္ဇာပေါ်မှာ သက္ကာယဒိဋ္ဌိ ဆင့်ပြန်၏။ သွေးရှူး၊ သည်းခြေရှူးပေါ်မှာ ပယောဂအမျိုးမျိုး ကပ်ပြန်သည်နှင့် တူ၏။ မိုက်မဲသောသူ ဟူ၍မရှိ ငါဟူ၍မရှိ ဝိဇ္ဇာဓာတ်ဖြစ်သည်။

ခန္ဓာကိုယ်တွင်း၌ မိုက်မဲမှုဟူသော အာဂန္တုအမှုသည် ပဋိစ္စသမုပ္ပါဒ်။ အဝိဇ္ဇာဓာတ်ကို အတတ်သိမြင်သော သမ္မာဒိဋ္ဌိဉာဏ်တစ်ခုသည်သာ အဝိဇ္ဇာနှင့် သက္ကာယဒိဋ္ဌိတို့ကို ပျောက်ငြိမ်းစေနိုင်သော ဆေးဖြစ်သည်။ ဤသမ္မာဒိဋ္ဌိဉာဏ်မှတစ်ပါး အဝိဇ္ဇာ၊ သက္ကာယဒိဋ္ဌိတို့ကို ပျောက်ငြိမ်းစေနိုင်သော ဆေးမရှိပြီ။

(ဤကား ပဋိစ္စသမုပ္ပါဒ်အင်္ဂါ (၁၂) ပါးတို့တွင် ခေါင်းတည်သော အဝိဇ္ဇာကို ဓာတ်မှန်ထုတ်၍ သိပုံနည်းအမြွက်တည်း။)

## သင်္ခါရကို ဓာတ်မှန်ထုတ်၍ သိပုံနည်း အမြွက်ပြဆိုချက်

"သင်္ခါရ" ဟုဆိုအပ်သော "ကာယကံမှု"၊ "ဝစီကံမှု"၊ "မနောကံမှု" တို့၌လည်း ဘယ်အမှုကို သူပြုသည်၊ ငါပြုသည်၊ သူပြောသည်၊ ငါပြောသည်၊ သူကြံစည်

http://www.dhammadownload.com



သည်၊ ငါကြွံစည်သည် အစရှိသဖြင့် ထင်မြင်၍နေသော သက္ကာယဒိဋ္ဌိကို ဖယ်ရှား၍ အမှုသည်ရင်း၊ "အတွင်းဓာတ်နု" "အာဂန္တု" တို့ကို အတတ်သိမြင်အောင် တရားအားထုတ်ရာ၏။

ကြွင်းသော ဝိညာဏ်အစရှိသော နောက်နောက်သော အင်္ဂါတို့၌လည်း အသီးသီးဓာတ်ရင်း၊ ဓာတ်မှန်ကို မြင်အောင်ပြုရာ၏။

"ရှည်လေသမျှ အနန္တကား၊ သုခဟူသည် မြူမျှမဖက်
အဆက်ဆက်လျှင် သက်သက်ဒုက္ခ ဓာတ်မှန်ရသည်"
ဟူသောစကား၌-သုခဟူသည် မြူမျှမဖက်ဟု ဆို၏။

## စကြာမန္ဓာတ်မင်းစည်းစိမ် သုခမဖက် သက်သက်ဒုက္ခသာ

လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာသည် သုခမဟုတ်ပါလောဟု-မေး။ စကြာမန္ဓာတ်မင်းချမ်းသာသည်ပင်လျှင် သုခဟူသည် မြူမျှမဖက် သက်သက်ဒုက္ခသာ ဖြစ်၏။ အကြောင်းမှာ ထိုစကြာမန္ဓာတ်မင်းသဏ္ဍာန် ခန္ဓာကိုယ်ကြီးမှာ "ဇရာမီး"၊ "မရဏမီး" အမြဲလောင်စွဲလျက်နေ၏။ စိတ်နှလုံးထဲမှာလည်း "သက္ကာယဒိဋ္ဌိငရဲမီး" တောက် လောင်လျက်နေ၏။ ဇရာမီး၊ မရဏမီး အမြဲတောက်လောင်စွဲ၍ ပါနေသည့်အတွက် ထိုစကြာမန္ဓာတ်မင်းခန္ဓာကြီးသည် "အနိစ္စ - မရဏ" ဟုဆိုအပ်သော "သေမင်းကြီး" ၏ဓားအောက်လည်ခံဖြစ်၍ နေ၏။ သေဘေးမှုကြီးတန်းလန်းနှင့် သေမင်း၏ဓားအောက်လည်ခံဖြစ်၍ နေသောသူကို လူချမ်းသာဟု ဆိုခွင့်မရှိ။

အနမတဂ္ဂသံသရာမှာ ဂင်္ဂါသဲလုံးမျှမက ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့၏ သာသနာနှင့် အခါခါ တွေ့ကြုံကြိုက်ကြပါလျက် လူစည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာ့စည်းစိမ်၊ ထိုစည်းစိမ်သုံးပါး ထောင်မျှားရာသို့သာ လိုက်ပါ၍ နေကြကုန်သည့်အတွက်ကြောင့် ယနေ့ထက်တိုင် သေဘေးတန်းလန်း၊ အပါယ်ဘေးတန်းလန်း၊ အဝီစိငရဲဘေး တန်းလန်းတွေနှင့် နေကြရကုန်၏။

မီးတစ်ဆယ့်တစ်ပါးရှိရာ -

| | | | | | |
|---|---|---|---|---|---|
| (၁) | ရာဂမီး | (၂) | ဒေါသမီး | (၃) | မောဟမီး |
| (၄) | ဇာတိမီး | (၅) | ဇရာမီး | (၆) | မရဏမီး |
| (၇) | သောကမီး | (၈) | ပရိဒေဝမီး | (၉) | ဒုက္ခမီး |
| (၁၀) | ဒေါမနဿမီး | (၁၁) | ဥပါယာသမီး တို့ဖြစ်ကြ၏။ | | |

http://www.dhammadownload.com



## အလောဘဉယျာဉ်စု၊ ပွင့်သီးခွင့်သို့ မရောက်၊ ရာဂမီးတောက်၍ ပျက်စီးပုံ ရာဂမီး

ရာဂမီးသည်ကား - အလောဘတရားကိုလည်းကောင်း၊ အလောဘနှင့် စပ်သော ချမ်းသာသုခကိုလည်းကောင်း၊ ပြောင်စင်အောင် လောင်နိုင်၏။ "အလောဘ" ဆိုသည်ကား - "စကြာမင်း၏ပတ္တမြားရတနာ" နှင့်တူသော အလွန်သန့်ရှင်းစင်ကြယ်သော ဓာတ်တစ်ပါးပေတည်း။ ထိုအလောဘဓာတ်သည် လူ့စည်းစိမ်တွင်း၊ နတ်စည်းစိမ်တွင်း၊ ပြဟ္မာ့စည်းစိမ်တွင်းတို့မှာ ကြုံကြိုက်၍ နေရသော်လည်း ထိုစည်းစိမ်တို့နှင့် အငွေ့ အသက်မျှ လိမ်းကပ်ခြင်း မရှိ။ ဥပုသ်သီတင်းသုံးမှု ရသေ့၊ ရဟန်းလုပ်မှုသည် အလောဘဉယျာဉ်ကို ပြုစုပျိုးထောင်မှုပေတည်း။ ထိုအလောဘဉယျာဉ်သည် အစဉ်အတိုင်း ကြီးပွားစည်ကား၍ သွားရပါမူကား မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တည်းဟူသော အသီးအပွင့်ကို ဆောင်ပေ၏။

ယခုရှိကြသော လူသတ္တဝါစုတို့မှာကား အနမတဂ္ဂသံသရာကာလ၌ ပြုစုပျိုးထောင်ခဲ့သမျှသော အလောဘဉယျာဉ်စုသည် ပွင့်အောင်၊ သီးအောင်၊ မကြီးပွားရဘဲ ရာဂမီးလောင်၍ လောင်၍ချည်း ပြောင်စင်ဆုံးပါး၍ လာခဲ့ကြ၏။

ယခုဘဝရသေ့ရဟန်းအဖြစ်နှင့် အလောဘဉယျာဉ်မှုလုပ်၍နေ၏။ နောက်ဘဝ လူ့စည်းစိမ်၊ နတ်စည်းစိမ်ထဲမှာ နစ်၍ ထိုဉယျာဉ်ကို မီးရှို့၏။ ယခုဘဝ၌ ရသေ့ရဟန်းပြု၍ ယခုဘဝတွင်ပင် လူဖြစ်၍နေသော သူတို့မှာ ဆိုဖွယ်ရာမရှိ ရသေ့ရဟန်း ဖြစ်ပါလျက် လောဘအလိုသို့ လိုက်၍ အလူးလူး အလဲလဲနေသော သူတို့မှာလည်း ဆိုဖွယ်ရာမရှိ။ ဤသို့လျှင် အနမတဂ္ဂသံသရာ၌ ပြုစုခဲ့သမျှသော အလောဘဉယျာဉ်စု၏ ပွင့်ခွင့်၊ သီးခွင့်သို့ မရောက်ဘဲ ရာဂမီးလောင်သဖြင့် တစ်ပြောင်တည်း ပြောင်၍ လာခဲ့ကြပုံတည်း။

အနမတဂ္ဂသံသရာ၌ ပြုစုခဲ့သမျှသော အလောဘဉယျာဉ်စုသည် ရာဂမီးနှင့်ချည်း ပျက်စီးဆုံးပါး၍ လာခဲ့ကြသည့်အတွက် ယနေ့ထက်တိုင် ပြိတ္တာဘေးတန်းလန်း အသူရကာယ်ဘေးတန်းလန်း ရှိနေကြရ၏။ ယခုဘဝ၌လည်းကောင်း၊ နောက်ဘဝ၌လည်းကောင်း အသက်မွေးမှုဒုက္ခနှင့် ကြောင့်ကြမကင်း ရှိနေကြ၏။

http://www.dhammadownload.com



**ခြောက်ဒွါရ၌ ရာဂမီး တဟုန်းဟုန်းတောက်နေသည့် လူ့နတ်ဗြဟ္မာဘဝစု ဒုက္ခမှု**

ဤကဲ့သို့ သံသရာသာရှည်၍ တွက်ခြေမရ ခြောက်ဒွါရမှာ ရာဂမီး တဟုန်းဟုန်းတောက်၍ နေကြသော လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝစုသည် သုခဟူ၍ မြူမျှ မဖက် သက်သက် ဒုက္ခမဟုတ်လော။

**ဒေါသမီး**

ဒေါသမီးသည်ကား-အဒေါသတရားကိုလည်းကောင်း၊ အဒေါသနှင့် စပ်သော ချမ်းသာသုခကိုလည်းကောင်း၊ ပြောင်စင်အောင် လောင်နိုင်၏။ **အဒေါသဆိုသည်ကား- "နတ်၊ သိကြားတို့၏ အသုံးအဆောင်"** ဖြစ်သော **"အလွန်အေးချမ်း"** သော **"ဂေါသီတစန္ဒကူးနံ့သာတုံး"နှင့် တူသော အလွန်အေးချမ်းသော အဒေါသစိတ်** တစ်ပါးပေတည်း။ အဒေါသတရားမည်သည် ရန်သူတို့၏အလယ်မှာ နေသော်လည်း ရန်စိတ်၊ ရန်ပေါက်၊ ပြေပျောက်ငြိမ်းချမ်း၍ ကုန်ကြရ၏။ ဥပုသ်သီတင်းသုံးမှု၊ ရသေ့ရဟန်းပြု လုပ်မှုများသည် ထိုအဒေါသဥယျာဉ်ကို ပြုစုပျိုးထောင်မှုပေတည်း။ ထိုအဒေါသဥယျာဉ်သည် အစဉ်အတိုင်း ကြီးပွားစည်ကား၍ သွားရမူကား မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တည်းဟူသော အသီးအပွင့်ကို ဆောင်ပေ၏။

ယခုရှိနေကြသော သတ္တဝါတို့မှာမူကား - အနမတဂ္ဂသံသရာကာလ၌ ပြုစုပျိုးထောင်ခဲ့သမျှသော အဒေါသဥယျာဉ်စုသည် ပွင့်အောင်၊ သီးအောင်၊ မကြီးပွားရဘဲ ဒေါသမီးလောင်၍ လောင်၍ချည်း ပြောင်စင်ကာ လာခဲ့ကြရ၏။ ယခုပင် "သဗ္ဗေသတ္တာအဝေရာ ဟောန္တု"။ ယခုပင် သူတစ်ပါးကို ပြုစုစောင်းမြောင်း၊ မကောင်းပြစ်တင်နှလုံးချဉ်ပေါက်၊ ငေါက်လိုငေါက်၊ ငမ်းလိုငမ်း၊ အကြမ်းအရွဲ့ ကပ်ဖွဲ့ကပ်ကိုး၊ အခိုးထောင်းထောင်းထ၏။ ယခုဘဝ ပြဟ္မာမင်းကြီး၊ နောက်ဘဝစားပြ၊ သူခိုး၊ မုဆိုး၊ တံငါ။ ဤသို့လျှင် အနမတဂ္ဂသံသရာ၌ ပြုစုပျိုးထောင်ခဲ့သမျှသော အဒေါသဥယျာဉ် သည် ဒေါသမီးနှင့်ချည်း ပျက်စီးဆုံးပါး၍ လာခဲ့ကြသည့်အတွက်ကြောင့် ယနေ့တိုင်အောင် ငရဲဘေးတန်းလန်း၊ ရောဂါဘေး၊ အနာဘေးတန်းလန်း။ ရန်သူဘေးတန်းလန်း ရှိနေကြ၏။ ဤကဲ့သို့ သံသရာသာရှည်၍ တွက်ခြေမလှ ခြောက်ဒွါရမှာ ဒေါသမီး တဟုန်းဟုန်းတောက်လောင်နေကြရသော လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝစုသည် သုခ ဟူ၍ မြူမျှမဖက် သက်သက် ဒုက္ခမဟုတ်လော။

(ဒေါသမီးပြီး၏။)

http://www.dhammadownload.com



## မောဟမီး

မောဟမီးသည်ကား-အမောဟတရားတို့ကိုလည်းကောင်း၊ အမောဟနှင့်စပ်သော ချမ်းသာသုခကိုလည်းကောင်း၊ ပြောင်စင်အောင် လောင်နိုင်၏။ "အမောဟတရား" ဆိုသည်ကား အသိအလိမ္မာ ဉာဏ်ပညာတည်း။ အရပ်ရှစ်မျက်နှာ၌ တစ်ယူဇနာအတွင်းနေ့၊ ညဥ့်မခြား၊ တစ်ထိန်ထိန် ထွန်းလင်း၍နေသော **"စကြာမင်း၏ ပတ္တမြားရတနာ"နှင့်တူလှစွာသော "အသိ၊ အလိမ္မာ၊ ဉာဏ်ပညာ" ဓာတ်တစ်ပါးပေတည်း။**

လောကီပညာမျိုးကို တတ်သိလိမ္မာအောင် သင်ကြားအားထုတ်ကြသောအမှု၊ တရားဓမ္မတို့ကို နာခံမှတ်သားသင်ကြားအားထုတ်ကြသောအမှုစုသည် အမောဟဉယျာဉ်ကို ပြုစုပျိုးထောင်မှုပေတည်း။ အစဉ်အတိုင်းကြီးပွားစည်ကား၍ သွားရပါမူ မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော အပွင့်အသီးကို ဆောင်နိုင်၏။

ယခုရှိကြသော သတ္တဝါတို့မှာမူကား - အနမတဂ္ဂသံသရာကာလ၌ ပြုစုပျိုးထောင်ခဲ့ကြသမျှသော အမောဟပညာ၊ အလိမ္မာဉယျာဉ်တို့သည် အပင်၊ အညှောက်ပေါက်ကာ၊ ပေါက်ကာ၌ အမိုက်မီးလောင်မှုနှင့်ချည်း ပြောင်စင်၍ လာခဲ့ကြ၏။ မိုက်မှုမှာ ခဏတစ်ထောင်၊ တစ်ရာ။ အလိမ္မာမှုမှာ တစ်ခဏ။ ယခုဘဝ၌ ဓမ္မအလိမ္မာ၊ စာပေပိဋကတ်ကျမ်းတတ်အကျော် ဆရာတော်။ နောက်နောက်ဘဝ၌ ဗာလ၊ မူငူ၊ သန်း၊ ကြမ်းပိုး။

ဤသို့လျှင် အနမတဂ္ဂ သံသရာကာလ၌ ပြုစုထားခဲ့ကြသော အလိမ္မာဉယျာဉ်သည် အပင်၊ အညှောက် ပေါက်ကာမတ္တ၌ အမိုက်မီးလောင်၍လာခဲ့သည့်အတွက် ယခုထက်တိုင် ခွေး၊ ဝက်၊ ကြက်၊ ငှက်ဖြစ်မှု တန်းလန်းရှိနေကြ၏။ ယခုဘုရားသာသနာနှင့် ကြုံကြိုက်ကြပါကုန်လျက် **အလိမ္မာပညာ အထုံမွဲကြလှကုန်သောကြောင့် ဘုရားသွားရာနိဗ္ဗာန်ကို ကျောပေးလျက် အပါယ်လေးတန် သံသရာခရီးလမ်းသို့သာ လိုက်ပါ စုန်မျော၍ နေကြကုန်၏။**

ဤကဲ့သို့ သံသရာသာရှည်၍ တွက်ခြေမလှ ခြောက်ဒွါရမှာ မောဟမီးတဟုန်းဟုန်းတောက်လောင်၍ နေကြသော လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာ့ဘဝစုသည် သုခဟူ၍ မြူမျှမဖက် သက်သက်ဒုက္ခမဟုတ်လော။

(မောဟမီးပြီး၏။)

http://www.dhammadownload.com



- ဝမ်းမြောက်ခြင်း၊ ဝမ်းသာခြင်းဟူသော သောမနဿဟူသမျှတို့သည် - ဒေါမနဿသင်္ချိုင်းမှာ ဦးခေါင်းချရကုန်၏။
- အလွန်နှစ်သက်ခြင်းဟူသော ပီတိတို့သည် - ဥပါယာသသင်္ချိုင်းမှာ ဦးခေါင်း ချရကုန်၏။

ထို့အတူ အနမတဂ္ဂသံသရာ၌ -

- အလောဘပြဋ္ဌာန်းသော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာ စျာန်သမာပတ်ကုသိုလ်တို့သည် - တဏှာရာဂသင်္ချိုင်းမှာ ဦးခေါင်းချရကုန်၏။
- အဒေါသပြဋ္ဌာန်းသော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာစျာန်သမာပတ်ကုသိုလ်တို့သည် - ဒေါသသင်္ချိုင်းမှာ ဦးခေါင်းချရကုန်၏။
- အမောဟပြဋ္ဌာန်းသော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာစျာန်သမာပတ်ကုသိုလ်တို့သည် - အဝိဇ္ဇာ၊ မောဟသင်္ချိုင်းမှာ ဦးခေါင်းချရကုန်၏။

ထိုထိုဘုံဘဝတို့၌ -

- အရွယ်၏ကောင်းခြင်းဟူသော ဝယသမ္ပတ္တိဂုဏ်တို့သည် - ဝယောဟာနိဟူသော ဇရာသင်္ချိုင်းမှာ ဦးခေါင်းချရကုန်၏။
- အဆင်းအရောင်၊ ရုပ်ရည်သဏ္ဌာန်၏ ကောင်းခြင်းဟူသော ဝဏ္ဏသမ္ပတ္တိဂုဏ်တို့သည် - ဝဏ္ဏဟာနိဟူသော ဇရာသင်္ချိုင်းမှာ ဦးခေါင်းချရကုန်၏။
- အားခွန်ဗလနှင့် ပြည့်စုံခြင်းတည်းဟူသော ဗလသမ္ပတ္တိဂုဏ်တို့သည် - ဗလဟာနိဟူသော ဇရာသင်္ချိုင်းမှာ ဦးခေါင်းချရကုန်၏။
- လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့၌ လူ့အသက်၊ နတ်အသက်၊ ဗြဟ္မာ့အသက်ဟူသမျှတို့သည် - မရဏသင်္ချိုင်းမှာ ဦးခေါင်းချရကုန်၏။
- သက္ကာယဒိဋ္ဌိ တန်းလန်းရှိနေကြကုန်သော လူလူ၊ ရှင်ရှင်၊ နတ်၊ သိကြား၊ ဗြဟ္မာတို့၏ ပျော်မွေ့ရွှင်မှုတို့သည် ပုထုဇဉ်သဘာဝ ပရမ်းပတာကျမြဲဖြစ်သော - ဘဝသစ်ဇာတိသင်္ချိုင်းမှာ ဦးခေါင်းချရကုန်၏။

ပရမ်းပတာကျမြဲဖြစ်သော ဘဝသစ်ဇာတိအလားကို မြော်မြင်မိသည်ရှိသော် ပျော်မွေ့ရွှင်မှု ကွယ်ပျောက်၍ ကြောက်မှု၊ ထိတ်လန့်မှုမှာ တည်လေ၏ ဟူလိုသည်။

http://www.dhammadownload.com



ထိုမှတစ်ပါး အလောဘဇောတိသည် - ရာဂဇောတိသင်္ချိုင်းမှာ ဦးခေါင်းချ ရ၏။ ဤသို့စသည်ဖြင့် သိလေဦး။

**မီး (၁၁) ပါးတို့၏ လောင်စာ ထင်း မီးစာမှု၊ အမှိုက်စု သုခမဖက် ဒုက္ခသက်သက်သာ**

ဤသို့လျှင် တစ်ဆယ့်တစ်ပါးသော မီးတို့၏ မပြတ်မစဲ အမြဲတောက်လောင်၍နေရာ မီးစာ၊ ထင်းမှိုက်စုဖြစ်၍နေကြသည့်အတွက် အနမတဂ္ဂသံသရာကာလ၌ ပြုပြုသမျှသော ဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ်စု။ ထိုကုသိုလ်စုကြောင့် ရခဲ့သမျှသော လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာ့ဘဝအစုသည် **ယခု အဏုမြူမျှ စမ်းထားရှာဖွေမရ၊ ကွယ်ပပျောက်ဆုံးကုန်ခဲ့ပြီ။**

ယခုမျက်မြင်ဒိဋ္ဌ ရှိကြသော လူ့ဘဝ၊ လူ့ခန္ဓာ၊ နတ်ပြဟ္မာဘဝ၊ နတ်ပြဟ္မာခန္ဓာစု၊ နောင်အနမတဂ္ဂသံသရာမှာ လာလာသမျှသော လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာ့ဘဝ **အစုလည်း အဏုမြူမျှ စမ်းထားရှာဖွေမရအောင် ကွယ်ပပျောက်ဆုံးဖို့ချည်းဖြစ်၏။**

ဇရာမီး အလွန်အားကြီးလာ၏။ အထန်အပြင်း အတင်းဖိစီး၍ လောင်၏။ လူ့ဘဝ၊ လူ့ခန္ဓာကို အနှစ်ရှစ်ဆယ်၊ ကိုးဆယ်မျှနှင့် ပြာကျအောင် လောင်၏။ ဇရာမီးသည် နတ်ဘဝ၊ ဗြဟ္မာ့ဘဝတို့ကိုလည်း ထိုထိုအသက်တမ်းအတိုင်း ပြာကျအောင် လောင်၏။ ဤသို့သော လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာ့ဘဝ အစုသည် **သုခမဖက် သက်သက် ဒုက္ခစုသာတည်း။**

ဤသည်ကိုရည်၍ -

"သုခဟူသည်၊ မြူမျှမဖက်၊ အဆက်ဆက်လျှင်
သက်သက်ဒုက္ခ၊ ဓာတ်မှန်ရသည်၊ ဘဝဤကိုယ် - ဖြစ်ထုံးတည်း"

ဟူ၍ ဆိုလေသတည်း။

http://www.dhammadownload.com

# အခန်း (၃)

# ပဋိစ္စသမုပ္ပါဒ် (ချုပ်စဉ်) နိရောဓတော်ကြီး

# ပါဠိတော်နှင့် အနက်အဓိပ္ပာယ်

## ပဋိလောမ ပဋိစ္စသမုပ္ပါဒ် ပါဠိတော်

(၁) အဝိဇ္ဇာယတွေ့ဝ အသေသ ဝိရာဂနိရောဓာ သင်္ခါရနိရောဓော။

(၂) သင်္ခါရနိရောဓာ ဝိညာဏနိရောဓော

(၃) ဝိညာဏနိရောဓာ နာမရူပနိရောဓော

(၄) နာမရူပနိရောဓာ သဠာယတနနိရောဓော

(၅) သဠာယတနနိရောဓာ ဖဿနိရောဓော

(၆) ဖဿနိရောဓာ ဝေဒနာနိရောဓော

(၇) ဝေဒနာနိရောဓာ တဏှာနိရောဓော

(၈) တဏှာနိရောဓာ ဥပါဒါနနိရောဓော

(၉) ဥပါဒါနနိရောဓာ ဘဝနိရောဓော

(၁၀) ဘဝနိရောဓာ ဇာတိနိရောဓော

(၁၁) ဇာတိနိရောဓာ ဇရာ-မရဏံ
သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ

(၁၂) ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

(ဥဒါန်းပါဠိတော်)

http://www.dhammadownload.com



# ပဋိလောမ ပဋိစ္စသမုပ္ပါဒ်အနက်

(လယ်တီဆရာတော်ဘုရားကြီး)

(၁) အဝိဇ္ဇာယတွေဝ - အဝိဇ္ဇာ၏သာလျှင်၊ အသေသဝိရာဂ နိရောဓာ - ဝိရာဂ မည်သော ဝိဇ္ဇာဉာဏ်ဖြင့် အကြွင်းအကျန်မရှိ ချုပ်ငြိမ်းခြင်းကြောင့်၊ သင်္ခါရ နိရောဓော - အကုသိုလ်ကံ၊ ကုသိုလ်ကံ ဟုဆိုအပ်သော သင်္ခါရတို့၏ ချုပ်ငြိမ်းခြင်းသည်၊ ဟောတိ - ဖြစ်၏။

(၂) သင်္ခါရနိရောဓာ - အကုသိုလ်ကံ၊ ကုသိုလ်ကံဟူသော သင်္ခါရ တို့၏ ချုပ်ငြိမ်းခြင်းကြောင့်၊ ဝိညာဏနိရောဓော - ဘဝသစ်ဝိညာဏ်၏အပေါ် အလျဉ်း ချုပ်ငြိမ်းခြင်းသည်၊ ဟောတိ - ဖြစ်၏။

(၃) ဝိညာဏနိရောဓာ - ဝိညာဏ်၏ ချုပ်ငြိမ်းခြင်းကြောင့်၊ နာမရူပ နိရောဓော - နာမ်ရုပ်၏ချုပ်ငြိမ်းခြင်းသည်၊ ဟောတိ - ဖြစ်၏။

(၄) နာမရူပနိရောဓာ - နာမ်ရုပ်၏ ချုပ်ငြိမ်းခြင်းကြောင့်၊ သဠာယတန နိရောဓော - သဠာယတန၏ချုပ်ငြိမ်းခြင်းသည်၊ ဟောတိ - ဖြစ်၏။

(၅) သဠာယတနနိရောဓာ - သဠာယတန၏ ချုပ်ငြိမ်းခြင်းကြောင့်၊ ဖဿနိရောဓော - ဖဿခြောက်ပါး၏ချုပ်ငြိမ်းခြင်းသည်၊ ဟောတိ - ဖြစ်၏။

(၆) ဖဿနိရောဓာ - ဖဿခြောက်ပါး၏ ချုပ်ငြိမ်းခြင်းကြောင့်၊ဝေဒနာ နိရောဓော - ဝေဒနာခြောက်ပါး၏ချုပ်ငြိမ်းခြင်းသည်၊ ဟောတိ - ဖြစ်၏။

(၇) ဝေဒနာနိရောဓာ - ဝေဒနာခြောက်ပါး၏ ချုပ်ငြိမ်းခြင်းကြောင့်၊ တဏှာနိရောဓော - တဏှာခြောက်ပါး၏ချုပ်ငြိမ်းခြင်းသည်၊ ဟောတိ - ဖြစ်၏။

(၈) တဏှာနိရောဓာ - တဏှာခြောက်ပါး၏ ချုပ်ငြိမ်းခြင်းကြောင့်၊ ဥပါဒါန နိရောဓော- ဥပါဒါန်လေးပါး၏ချုပ်ငြိမ်းခြင်းသည်၊ ဟောတိ - ဖြစ်၏။

(၉) ဥပါဒါနနိရောဓာ - ဥပါဒါန်လေးပါး၏ ချုပ်ငြိမ်းခြင်းကြောင့်၊ ဘဝနိရောဓော - ကမ္မဘဝ, ဥပပတ္တိဘဝတို့၏ချုပ်ငြိမ်းခြင်းသည်၊ ဟောတိ - ဖြစ်၏။

(၁၀) ဘဝနိရောဓာ - ဘဝနှစ်ပါး၏ ချုပ်ငြိမ်းခြင်းကြောင့်၊ ဇာတိနိရောဓော - ဇာတိ၏ ချုပ်ငြိမ်းခြင်းသည်၊ ဟောတိ - ဖြစ်၏။

(၁၁) ဇာတိနိရောဓာ - ဇာတိ၏ ချုပ်ငြိမ်းခြင်းကြောင့်၊ ဇရာ-မရဏံ - အိုခြင်း၊ သေခြင်းသည်လည်းကောင်း၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿုပါယာသာ -

http://www.dhammadownload.com



စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာခြင်း၊ သက်ကြီးရှိုက်ငင်ပင်ပန်းခြင်းတို့သည်လည်းကောင်း၊ နိရုဇ္ဈန္တိ - ချုပ်ငြိမ်းကုန်၏။

(၁၂) ဧဝံ - ဤသို့ ကေဝလဿ - အလုံးစုံသော၊ ဧတဿဒုက္ခက္ခန္ဓဿ - ထိုဆင်းရဲစု ကြီး၏၊ နိရောဓော - ချုပ်ငြိမ်းခြင်းသည်၊ ဟောတိ - ဖြစ်၏။

## ပဋိလောမ ပဋိစ္စသမုပ္ပါဒ် အဓိပ္ပာယ်

(လယ်တီဆရာတော်ဘုရားကြီး)

### အဝိဇ္ဇာကင်းပြတ်၍ ဝိဇ္ဇာအလင်းဓာတ်ဖြစ်ပုံ

ဤဒေသနာတော်၌ အဝိဇ္ဇာအကြွင်းမဲ့ချုပ်ငြိမ်းမှုတစ်ခုသာလျှင် လိုရင်းတည်း။ သင်္ခါရ၏ ချုပ်ငြိမ်းမှု၊ ဝိညာဏ်၏ချုပ်ငြိမ်းမှု အစရှိသော ချုပ်ငြိမ်းမှုစုသည် အဝိဇ္ဇာချုပ်ငြိမ်းမှုမှာ တစ်လုံးတည်းပါလေ၏။

**အနုလောမ ပဋိစ္စသမုပ္ပါဒ်၌ကား** - ဖြစ်ပေါ်မှုဖြစ်၍ "တရားလည်း အသီးသီးရ၏"။ "ဖြစ်ပေါ်မှုလည်း အသီးသီးရ၏"။

**ဤပဋိလောမ ပဋိစ္စသမုပ္ပါဒ်၌ကား** - ဖြစ်ပေါ်မှုမဟုတ်၊ ချုပ်ငြိမ်းမှု၊ ရုပ်သိမ်းမှု၊ ဖြစ်လေသောကြောင့် "တရားလည်းအသီးသီး မပေါ်ပြီ"။ "ချုပ်မှုလည်း အသီးသီး မဟုတ်ပြီ"။

ဥပမာကား - ညောင်မျိုးစေ့ရှိ၍ ညောင်မျိုးစေ့မှ ညောင်ညှောက်ဖြစ်၏။ **ညောင်ညှောက်မှ ညောင်ပင်၊** ညောင်ပင်မှ ညောင်ကိုင်း၊ ညောင်ကိုင်းမှ ညောင်ခက်၊ ညောင်ခက်မှ ညောင်သီး၊ ညောင်သီးမှ ညောင်စေ့၊ ညောင်ညှောက်ဖြစ်သည် အစရှိ သဖြင့်မဆုံးနိုင်အောင်သွား၏။ ထိုသို့သွားရာ၌ **"ဖြစ်ပေါ် ပေါက်ပွားသွားမှု ဖြစ်"** သောကြောင့် **"အစေ့တခြား"၊ "အညှောက်တခြား"၊** "အပင်တခြား"၊ "ကိုင်းတခြား" စသည်ဖြင့် **အသီးသီးရ၏။**

**ညောင်စေ့ကွယ်ဆုံး၍ ညောင်ညှောက်ကွယ်ဆုံးသည်။** ညောင်ညှောက်ကွယ်ဆုံး၍ ညောင်ပင်ကွယ်ဆုံးသည် အစရှိသဖြင့် ဤကဲ့သို့ အစဉ်အဆက်နှင့် ဆိုကား ဆိုရ၏။ သို့သော်လည်း အမှုမှန်မှာ မျိုးစေ့ကွယ်ဆုံးလျှင် အညှောက်ပေါက်ခွင့် မရှိပြီ။ အပင်စသည်မှာ ဝေးစွ။ မျိုးစေ့ ကွယ်ဆုံးသည်ဟူသော စကားမှာလည်း ညှောက်မပေါက်မီ၊ မြေသို့ မရောက်မီ၊ မီးမှာ အကျွမ်းဖုတ်၍ ကွယ်ဆုံးသည်ကို ဆိုလိုရင်းတည်း။ ဤဥပမာအတိုင်း သိလေ။

http://www.dhammadownload.com



ဤပဋိလောမဒေသနာ၌
- "အဝိဇ္ဇာချုပ်ငြိမ်းမှု" ဆိုသည်ကား -"နိဗ္ဗာန်" ပင်တည်း။
- ထို "အဝိဇ္ဇာ ချုပ်ငြိမ်းစေနိုင်သော တရား" ကား -"ဝိဇ္ဇာ" တည်း။

ထိုဝိဇ္ဇာသည်-

"ဒုက္ခေ ဉာဏံ၊

ဒုက္ခသမုဒယေ ဉာဏံ

ဒုက္ခနိရောဓေ ဉာဏံ

ဒုက္ခနိရောဓ ဂါမိနိယာ ပဋိပဒါယ ဉာဏံ"

ဟူသော ပါဠိတော်နှင့် အညီ လေးပါးရှိ၏။
- ဒုက္ခသစ္စာကို ဖွင့်ပြသော ဝိဇ္ဇာတစ်ပါး။
- သမုဒယသစ္စာကို ဖွင့်ပြသော ဝိဇ္ဇာတစ်ပါး။
- နိရောဓသစ္စာကို ဖွင့်ပြသော ဝိဇ္ဇာတစ်ပါး။
- မဂ္ဂသစ္စာကို ဖွင့်ပြသော ဝိဇ္ဇာတစ်ပါး။

ညောင်ပင်ဥပမာ၌ - ညောင်ပင်အစဉ်အဆက်ကို မျိုးပြတ်စေလိုသည် ရှိသော် "ညောင်စေ့ကို ဖျက်ဆီးမှု အလုပ်တစ်ခုသာ ရှိ၏။" ညောင်စေ့ကို မီးမှာ အကျွမ်း ဖုတ်၍ ပစ်ခဲ့လျှင် ထိုအစေ့မှ အဆက်ဆက်ဖြစ်ပွား၍ သွားလတ္တံ့သော အရာစုသည် အစေ့ ပျက်ရာတွင် တစ်ချက်တည်း၊ တစ်လုံးတည်း ပါကြလေကုန်၏။

## အဝိဇ္ဇာအမှောင်ဓာတ်ကိုသတ်မှု အလုပ်တစ်ခုသာရှိပုံ

ထို့အတူ အနုလောမ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် တည်းဟူသော သံသရာဝဋ်မှ ကျွတ်လွတ်ထွက်မြောက်လိုသောသူမှာလည်း
- အဝိဇ္ဇာဓာတ်ကို သတ်မှု အလုပ်တစ်ခုသာ ရှိ၏။
- အဝိဇ္ဇာဓာတ်တစ်လုံးသေလျှင် အနမတဂ္ဂသံသရာ စက်ရဟတ် ပြတ်လေတော့၏။
- အဝိဇ္ဇာဓာတ်ကိုလည်း ဝိဇ္ဇာဓာတ်မှ သတ်နိုင်သည်။ ဒါနမှုလည်း မသတ်နိုင်၊ သီလမှုလည်း မသတ်နိုင်၊ "ဝိဇ္ဇာဘာဝနာမှု တစ်ခုသည်သာ" အဝိဇ္ဇာကို သတ်နိုင် သည်။ ဒါန၊ သီလ၊ တစ်ပါး တခြားသော ဘာဝနာမှုသည်ကား ထိုဝိဇ္ဇာဘာဝနာ၏ အခြေခံတို့ သာတည်း။

http://www.dhammadownload.com



- အဝိဇ္ဇာလေးပါးတွင် - ဒုက္ခသစ္စာ၌ ဖုံးလွှမ်းသော အဝိဇ္ဇာအမှောင်တိုက် အမိုက်အမဲကို ဒုက္ခသစ္စာ၌ အလင်းဖွင့်ပြသော ဝိဇ္ဇာဆီမီးရောင်၊ ဝိဇ္ဇာနေရောင်မှ ပယ်ဖျက်နိုင်သည်။ နောက် သစ္စာသုံးပါး၌ ဖုံးလွှမ်း သော အဝိဇ္ဇာအမှောင်ဓာတ်သုံးပါး နှင့် ဝိဇ္ဇာအရောင်ဓာတ် သုံးပါးတို့၌လည်း ဤနည်းတူသိလေ။

## ဒုက္ခသစ္စာ၌ အဝိဇ္ဇာမှောင်ဓာတ် သတ်မှုတစ်ခုသာ လိုရင်းဖြစ်ပုံ

ထိုလေးပါးစုံသော အဝိဇ္ဇာမှောင်ဓာတ်၏ ဝိဇ္ဇာအရောင်ဓာတ်တို့တွင်လည်း ဒုက္ခသစ္စာမှာ ဖုံးလွှမ်းသော မှောင်ဓာတ်ကို သတ်မှုတစ်ခုသာ လိုရင်းတည်း။ ထိုအမှောင်ဓာတ်ကို သတ်လိုက်လျှင် ကြွင်းသော မှောင်ဓာတ်သုံးပါးလည်း ပါလေတော့သည်သာတည်း။

ဒုက္ခသစ္စာမှာ ဖုံးလွှမ်းနေသော မှောင်ဓာတ်ကို သတ်မှုဆိုသည်ကား - ဒုက္ခသစ္စာတရားတို့၌ ဝိဇ္ဇာဉာဏ်ပေါ်အောင် အားထုတ်မှုတည်း။

ထိုဝိဇ္ဇာဉာဏ်သည် -

(၁) အနိစ္စဝိဇ္ဇာ၊ ဒုက္ခဝိဇ္ဇာ၊ အနတ္တဝိဇ္ဇာဟူ၍ **"လက္ခဏဝိဇ္ဇာ သုံးပါး"**၊

(၂) လောကုတ္တရာ **"မဂ်ဉာဏ် ဝိဇ္ဇာလေးပါး"** တို့တည်း။

သို့ဖြစ်၍ -

(၁) သစ္စာလေးပါးအဓိပ္ပာယ်

(၂) လက္ခဏာရေးသုံးပါးအဓိပ္ပာယ်

(၃) နိဗ္ဗာန်အဓိပ္ပာယ်များကို အကျဉ်းသခ်ေပမျှ ပြဆိုပေအံ့။

## သုခအမှန်စစ်တမ်း

သစ္စာလေးပါးဆိုသည်ကား - အမှန်လေးချက် ဆိုလိုသည်။

- "ဒုက္ခအမှန်" ကို သိရမည်။
- "သုခအမှန်" ကို သိရမည်။

ထိုလေးပါးတွင် ခပ်သိမ်းသောသတ္တဝါတို့သည် သုခကိုသာ အလိုရှိကြကုန်၏။ ထို့ကြောင့် "သုခအမှန်" ကို ရှေးဦးစွာ စစ်တမ်းထုတ်၍ ပြဆိုအံ့။

http://www.dhammadownload.com



**မဖောက်မပြန် အမှန်သစ္စာ**

သစ္စာသဒ္ဒါသည် 'အမှန်' ကို ဟော၏။ အမှန်ဆိုသည်ကား အဘယ်အခါမျှ ဖောက်ပြန်ခြင်းမရှိ၊ ရွေ့လျားခြင်းမရှိ၊ ပျက်ပြားခြင်းမရှိ၊ ကုန်ဆုံးခြင်းမရှိသော သုခကို သုခမှန် ဆိုသည်။

**တစ်ခါထူထောင်၍ ရပြန်ရင်း၊ ဖောက်ပြန်ပျက်ပြုန်း ကုန်ဆုံးပြန်ရင်း ဖြစ်၍နေသော သုခမျိုးသည်ကား သုခမှန်၊ သုခဖြောင့် မဟုတ်။ သုခကောက်၊ သုခလိမ်သာ တည်း။** အဘယ်ကြောင့်နည်းဟူမူ အခါခါ အဖန်ဖန် ပြုစုပျိုးထောင်မှု ဒုက္ခ အနန္တ တို့ကို ပေးတတ်သော သုခဆိုး၊ သုခညစ် ဖြစ်လေသောကြောင့်တည်း။

**ဇရာမီး၊ မရဏမီးတို့မှ မလွတ်သော သုခဟူသမျှသည် ဖောက်ပြန် ပျက်ဆုံးမှု ဧကန်ရှိနေသောကြောင့် ခဏခေတ္တ ငှားရမ်း၍ရသော ဝတ္ထုနှင့် တူ၏။** ထိုဝတ္ထုကို သူ့ဥစ္စာရှင် ပြန်ယူ၍ သွားသည်ရှိသော် မိမိမှာ ကိုယ်အချည်းတည်း ကျန်ရှိ၏။ ထိုဝတ္ထု သည် ထိုသူမှာ သုခမှန်မဟုတ်၊ တဒင်္ဂသုခမျှသာတည်း။ သုခကောက်၊ သုခလိမ်၊ **သုခဆိုး၊ သုခညစ်သာတည်း။**

**မျက်လှည့်ပညာဖြင့် ပြုလုပ်၍ပေးသော ရွှေတုံး၊ ရွှေခဲနှင့်လည်း တူ၏။** မျက်လှည့်အတတ် မပြယ်မီအတွင်း ရွှေအနေနှင့် ဝမ်းမြောက်လိုက်ရ၏။ မျက်လှည့် အတတ် ပြယ်သောအခါ မြေစိုင်ခဲ ဖြစ်လေ၏။ "ဇရာ-မရဏတို့၏ မီးစာဖြစ်သော သုခမျိုးသည် သိကြားမင်းသုခမျိုးပင် ဖြစ်သော်လည်း ထိုမျက်လှည့်ရွှေလိမ်တို့ ရသော သုခနှင့် တူ၏။ ယနေ့သိကြား၊ နက်ဖြန်ခါ ဖား၊ ငါး။ ယနေ့နတ်မင်း၊ နက်ဖြန်ခါ နွား၊ မြင်း။ ယနေ့ပြဟ္မာ၊ နက်ဖြန်ခါ မုဆိုး၊ တံငါ။ ဤသို့ **ဇရာ-မရဏတို့၏ မီးစာဖြစ် သော သုခမျိုး၏ "ငှားရမ်းသောသုခ၊ မျက်လှည့်အတတ်နှင့် ရသောသုခ"နှင့် တူပုံကို သိအပ်၏။**

ဤသို့ မမြဲသောသုခ၊ အခါခါ အဖန်ဖန် ထူထောင်မှု ဆုံးခန်းမရှိသော သုခ မျိုးကို သုခသစ္စာမဆိုအပ်။ ဇရာ-မရဏမီးတို့မှ **လွတ်ကင်းသော သုခကိုသာ သုခ မှန် ဆိုအပ်၏။** ထိုကဲ့သို့သော သုခသည်မူကား **တစ်ကြိမ် အပန်းခံ၍ ထူထောင် မိသည့်နောက် အစဉ်ထာဝရမြဲ၍ သွားလေတော့သည်။** သိကြားသုခ၊ ပြဟ္မာ သုခများကဲ့သို့ အခါခါ ထူထောင်မှုဒုက္ခ မလာပြီ။ **မမြဲသည့်အတွက် အခါခါ ထူထောင်မှုဒုက္ခကို ပေးတတ်သော သုခမျိုးဟူသမျှသည် "သင်္ခါရဒုက္ခမျိုးအမှန်"**

http://www.dhammadownload.com



ဖြစ်၏။ "ဝိပရိဏာမဒုက္ခမျိုး အမှန်" ဖြစ်၏။ ဤသို့သော သုခမှန်၊ ဒုက္ခမှန်ကို သိအပ်၏။

## လွတ်လမ်းအဖြောင့်၊ သုခလမ်းမှန်

ဇရာ-မရဏာမီးတို့မှ လွတ်လမ်းအဖြောင့်ဟုတ်သော အလုပ်မှန်မည်သည်ကား ဝိဇ္ဇာဉာဏ်ကို တစ်နေ့တခြား တိုးပွားအောင် ထူထောင်၍၊ အဝိဇ္ဇာအမှောင်ကို တစ်နေ့တခြား ရှားပါးဆုတ်ယုတ်အကုန်ချုပ်အောင် အားထုတ်မှုသည် သာလျှင် လမ်းဖြောင့်အလုပ်မည်၏။ ထိုသို့သော အလုပ်ကိုလုပ်သောသူသာလျှင် သုပ္ပဋိပန္န၊ ဥဇုပ္ပဋိပန္န၊ ဉာယပ္ပဋိပန္န၊ သာမီစိပ္ပဋိပန္န အရာရောက်၏။ ထိုအလုပ်၏ အခြေအနေကား အားခွန်ဗလ မလျော့ရအောင် ခန္ဓာကိုယ်ကို မွေးမြူမှု၊ သီလစင်ကြယ်မှု၊ အပိုအမို ပလိဗောဓ ကင်းရှင်းမှုစုပေတည်း။

ထိုသို့ ဥဇုပ္ပဋိပန္န အလုပ်လက်ရှိနှင့် အားထုတ်နေထိုင်သော သူတို့အား အဝိဇ္ဇာအမှောင်သည် တစ်နေ့တခြား၊ တစ်လတခြား၊ တစ်နှစ်တခြား ပါးရှား ဆုတ်ယုတ်၍ ယခုဘဝ၌သော်လည်းကောင်း၊ နောက်ဘဝ နတ်ဘုံသို့ ရောက်သောအခါ၌သော်လည်းကောင်း အဝိဇ္ဇာမှောင်ဓာတ်သည် ချုပ်ငြိမ်းလတ္တံ့ဟု ဟောတော်မူသည်။ နောက်ဘဝ နတ်ပြည်သို့ ရောက်သောအခါ ရှေးလူဖြစ်စဉ်၊ ရဟန်းဖြစ်စဉ်က လေ့ကျက်ခဲ့သောတရားစုကို အမှတ်ရသည်နှင့် တစ်ပြိုင်နက် အဝိဇ္ဇာကို သတ်သော ဝိဇ္ဇာဓာတ်ပေါ် နိုင်၏ဟု ဆိုလိုသည်။

ထို့ကြောင့် ယခုဘဝ၌ လူအဖြစ်၊ ရဟန်းအဖြစ်ကို ရ၍ အဝိဇ္ဇာကို သတ်ခြင်းငှာ အားထုတ်သော ပုဂ္ဂိုလ်တို့သည်၊ အကြောင်း မစုံလင်၍ ယခုဘဝ၌ မသတ်နိုင်ကြကုန်သည်ရှိသော်၊ နတ်ပြည်သို့ ရောက်ကြသောအခါ ဉာဏ်ပညာ ရဲရဲတောက်ကြကုန်သဖြင့် အလွယ်တကူ၊ အလျင်အမြန် သတ်နိုင်ကြလတ္တံ့ဟု သိအပ်၏။

အဝိဇ္ဇာမှောင်ဓာတ် ချုပ်ငြိမ်းလျှင်လည်း "အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော" အစရှိသော ပဋိလောမ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်မြွက်အတိုင်း သံသရာဘဝ ဝဋ်ဒုက္ခမှ ကျွတ်လမ်း၊ လွတ်လမ်း၊ ဖြောင့်တန်းတော့သည်။ (ဤကား ဇရာ - မရဏာမီးတို့မှ လွတ်လမ်း အဖြောင့်ကို ပြဆိုချက်သာတည်း။)

အဝိဇ္ဇာမှောင်ကို တစ်နေ့တခြား၊ တစ်လတခြား ပါးရှားချုပ်ငြိမ်းအောင် အားထုတ်သော အလုပ်ကို ချန်လှပ်၍ ထိုအလုပ်မှတစ်ပါးသော ခပ်သိမ်းသော ကာယ

http://www.dhammadownload.com



ကံအလုပ်၊ ဝစီကံအလုပ်၊ မနောကံအလုပ်စုသည် ဇရာ-မရဏာမီးတို့မှ လွတ်လမ်း၊ ကျွတ်လမ်း မဟုတ်ကုန်။ အဝိဇ္ဇာ အစီးအပွား၊ ဇရာ-မရဏ မီးတို့၏ အစီးအပွား အားကြီးသော အလုပ်တို့သာတည်း။ အဝိဇ္ဇာ အစီးအပွားအားကြီးသဖြင့်လည်း "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ" အစရှိသော အနုလောမ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်မြွက်အတိုင်း ဇရာမီး မရဏာမီး ပွားစီးလမ်း ဖြစ်ချေ၏။ ဒုက္ခလမ်းမှန် ဖြစ်ချေ၏။

(ဤကား ပဋိစ္စသမုပ္ပါဒ် ဒေသနာတော် နှစ်ရပ်အရနှင့် သုခလမ်းမှန်နှင့် ဒုက္ခလမ်းမှန်ကို ပြဆိုသော စကားရပ်စုတည်း။)

## သစ္စာလေးပါး ဟူသည်ကား

- သုခအမှန်ဖြစ်သော 'နိဗ္ဗာန်' သည် **နိရောဓသစ္စာ** မည်၏။
- အဝိဇ္ဇာ၏ ကျွတ်လမ်း၊ လွတ်လမ်းအဖြောင့်ဖြစ်သော 'ဝိပဿနာ ဝိဇ္ဇာမှု'၊ 'မဂ္ဂင်ရှစ်ပါး တရားစု' သည် **မဂ္ဂသစ္စာ**မည်၏။
- မိမိတို့၏ သန္တန်မှာရှိသော အဝိဇ္ဇာ၊ သင်္ခါရ ဝိညာဏ်၊ နာမ်ရုပ် အစရှိသော 'ပဋိစ္စသမုပ္ပါဒ် တရားစု' သည် **ဒုက္ခသစ္စာ**မည်၏။
- အဝိဇ္ဇာ၏ကျွတ်လမ်း၊ လွတ်လမ်းဖြစ်သော အလုပ်ကို မလုပ်နိုင် အောင်၊ တားမြစ်ဖွဲ့နှောင်၍နေသော "တဏှာ" သည် ဒုက္ခလမ်းမှန်ဖြစ် သော **သမုဒယသစ္စာ** မည်၏။

ဤတဏှာကို ပယ်နိုင်လျှင် သုခလမ်းမှန်အလုပ်ကို ကောင်းကောင်းလုပ်နိုင်မည်ဖြစ်၏။ အဝိဇ္ဇာဟူသော သံသရာဝဋ်မြစ် ကျွတ်လွတ်ခွင့်သို့ ဆိုက်၏။ ခပ်သိမ်းသော ဒုက္ခမှ လွတ်၏။

## တဏှာသည် ဒုက္ခလမ်းမှန် စင်စစ်ဖြစ်ပုံ

ဤတဏှာကို မပယ်နိုင်လျှင် သုခလမ်းမှန်အလုပ်ကို မလုပ်နိုင်ကြ၊ အဝိဇ္ဇာဟူသော သံသရာဝဋ်မြစ် စည်ကားရန် အခွင့်၌ တည်ကြ၏။ ခပ်သိမ်းသော ဒုက္ခစွပ်လျက် နေကြ၏။ ထို့ကြောင့် တဏှာသည်သာလျှင် ခပ်သိမ်းသောဒုက္ခတို့သို့ ရောက်ကြောင်း၊ တွေ့ကြောင်း ဒုက္ခလမ်းမှန်ကြီးပင် ဖြစ်၏ဟု သိအပ်၏။

ယခုအခါ၌ မဟာကမ္ဘာ အသင်္ချေကြာသော်လည်း တစ်ခါတရံမျှ ကြုံကြိုက်ခဲလှစွာသော သဗ္ဗညုတသာသနာ ကြုံကြိုက်ကြပါကုန်လျက်၊ အဝိဇ္ဇာကျွတ်လမ်း၊

http://www.dhammadownload.com



လွတ်လမ်း ဒေသနာတော်တွေကို တွေ့ကြုံကြပါလျက်၊ တဏှာတားမြစ် ချည်နှောင်ချက်နှင့် ကြောင်တောင်ငုတ်တုတ် မြုပ်မြုံမြုပ်၊ မျှောမြဲမျှော ဖြစ်နေကြကုန်၏။ ဤသို့သော အကြောင်းကြောင့် တဏှာသည်သာလျှင် ဒုက္ခပွားကြောင်း စင်စစ်ဖြစ်သည်ဟု သိအပ်၏။

## ဒုက္ခသစ္စာအရကား

ထိုသစ္စာလေးပါးတို့တွင် ဒုက္ခသစ္စာအရကား -

(၁) အဝိဇ္ဇာ (၂) သင်္ခါရ

(၃) ဝိညာဏ် (၄) နာမ် - ရုပ် (၅) သဠာယတန (၆) ဖဿ (၇) ဝေဒနာ

(၈) တဏှာ (၉) ဉပါဒါန် (၁၀) ဘဝ

(၁၁) ဇာတိ (၁၂) ဇရာ - မရဏ

ဤပဋိစ္စသမုပ္ပါဒ်အင်္ဂါ (၁၂) ပါးတို့တွင် တဏှာကို ချန်လှပ်၍ ကြွင်းအင်္ဂါ (၁၁) ပါးသည် ဒုက္ခသစ္စာ မည်၏။ "အဝိဇ္ဇာမှောင်ဓာတ်ကြီးသည် ထို (၁၁) ပါးကို အသီးသီး ဖုံးလွှမ်းပိတ်ဆို့၍ နေ၏။ ဝိဇ္ဇာအလင်းဓာတ်ကြီးသည် ထို (၁၁) ပါးကို ဖုံးလွှမ်းပိတ်ဆို့နေသော အဝိဇ္ဇာမှောင်ဓာတ်ကြီးကို မှုတ်လွင့်ဖယ်ရှား၍ အလင်းဖွင့်နိုင်၏။"

## အဝိဇ္ဇာမှောင်ဓာတ် ဖုံးလွှမ်းပုံ

အဘယ်သို့ ဖုံးလွှမ်းသနည်း၊ အဘယ်သို့ အလင်းဖွင့်ပြသနည်းဟူမူကား-

ပကတိကြည်လင်သော ရေ၌ ရွှံ့ပုပ်၊ ရွှံ့နှစ်တို့ကို ထည့်၍ မွှေသော် ထိုရေ၌ နေရိပ်၊ လရိပ် မထင်နိုင်ကုန်။ ရွှံ့ပုပ်၊ ရွှံ့နှစ်တို့သည် မိမိရှိရာရေ၌ အရိပ်မထင်အောင် ဖုံးလွှမ်းပိတ်ဆို့ကုန်သကဲ့သို့တည်း။ ဤဉပမာ၌ -

- "စိတ်" နှင့် ပကတိရေကြည် တူ၏။
- ရွှံ့ပုပ်၊ ရွှံ့နှစ်နှင့် "အဝိဇ္ဇာ" တူ၏။
- နေဝန်း၊ လဝန်းနှင့် "ဒုက္ခသစ္စာတရားစု" တူ၏။
- စကြာမင်း၏ ပတ္တမြားရတနာနှင့် "ဝိဇ္ဇာ" ဉာဏ်တူ၏။

တူပုံကား စကြာမင်း၏ ပတ္တမြားရတနာကို ထိုရေ၌ ထည့်လိုက်သော် အနှစ်များ အနည်ထိုင်စေ၍ ရေသည် လျှမ်းလျှမ်းတောက် ကြည်လင်လာစေပြီး ကောင်းကင်မှ နေဝန်း၊ လဝန်းတို့ အရိပ်ထင်စေသောကြောင့်တည်း။

http://www.dhammadownload.com



လူ့အမှု၊ လူ့အရေးအရာ၊ လူ့ကာမဂုဏ်တို့သည် အဝိဇ္ဇာဟူသော နွံ့ပုပ်၊ နွံ့ညွှန်ကို အလွန်ပွားစီးစေနိုင်၏။ စိတ်သည် အလွန်မည်းညစ်မှုန်မှေး၍ နေ၏။ မိမိတို့၏ ကိုယ်ခန္ဓာမှာ အာဂန္တုဓာတ်တွေ ပေါ် ချည်ပျောက်ချည် အလှည့်အလည် တည်ထောင် ပေါက်ဖွား၍ နေကြကုန်သော အသီးသီးသော ပရမတ္ထ သဘာဝဝတ္ထုတွေကို အသီးသီး ခွဲခြမ်း၍ မမြင်နိုင်၊ မသိနိုင်။

## အဝိဇ္ဇာအင်္ဂါ ဒုက္ခသစ္စာ သဘောမှာ

လောက၌ မိုက်မဲမှုသည် အလွန်ထင်ရှားသော အမှုကြီးတည်း။ သူ့အသက်သတ်မှုနှင့် ထင်ရှား၏။ ဥစ္စာခိုးမှုနှင့် ထင်ရှား၏။ ကြွင်းသော ဒုစရိုက်မှုတို့နှင့်လည်း အသီးသီး ထင်ရှား၏။ သူမိုက်မဲသည်ဟု ပြောဆို၍နေကြ၏။ **အမိုက် "အမှုသည်ရင်း" ဖြစ်သော အဝိဇ္ဇာ အာဂန္တုဓာတ်ရင်းကိုမူကား ကွက်ခြား၍ မမြင်တတ်ကြ၊** မသိတတ်ကြ။

**သတ္တဝါတို့၏ စိတ်အစဉ်မည်သည်** အနမတဂ္ဂသံသရာ၌ အဝိဇ္ဇာမှောင်ဓာတ် ပုပ်၊ ဓာတ်ညစ်နှင့် ထွေးလုံးရောယှက်၍ နေသည်များလှသောကြောင့် **စိတ်ညစ် စိတ်မှေး၊ စိတ်ကန်းဖြစ်၍**နေ၏။ ဒါန၊ သီလ၊ ဘာဝနာဟူသော **ကောင်းသော ကုသိုလ်စိတ်မှာပင် ညစ်မှု၊ မှေးမှု ပါရှိ၍**နေ၏။ ထိုမှုန်မှု၊ မှေးမှု၊ ကန်းမှု၊ ကန်းနာဟု ဆိုအပ်သော အဝိဇ္ဇာ၏ **ဒဏ်ရာဒဏ်ချက်၊ ဒဏ်နာများကိုလည်း အဝိဇ္ဇာဟူ၍ပင် တင်စား၍ ဆိုအပ်၏။**

ဤသို့ဆိုလျှင် အဝိဇ္ဇာသည်

(၁) စိတ်အစဉ်မှာ မိုက်စိတ်ဝင်မှ ပေါ်လာသော အာဂန္တုအဝိဇ္ဇာတစ်မျိုး

(၂) ကောင်းသောကုသိုလ်စိတ်အစဉ်မှာပင် မှုန်နာ၊ မှေးနာ၊ ကန်းနာ ဒဏ်ရာ၊ ဒဏ်ချက်အနေနှင့် အမြဲအစွဲပါရှိ၍နေသော အဝိဇ္ဇာတစ်မျိုး ဟူ၍ အဝိဇ္ဇာ နှစ်မျိုးရှိသည်ဟု သိအပ်၏။

ကျောက်ကြီးပေါက်သောသူမှာ ကျောက်ရောဂါပျောက်ငြိမ်းပြီးနောက် ကျောက်ပေါက်မာ တစ်သက်လုံးပါ၍ နေသကဲ့သို့တည်း။

ကိုယ်ခန္ဓာ၌ ဓာတ်သဘာဝတို့ကို ကြည့်မှု၊ ရှုမှု၊ ကြံဖန်မှုသည်ကား ဝိဇ္ဇာမှုတည်း။ ဤဝိဇ္ဇာမှုမှတစ်ပါး ထိုအဝိဇ္ဇာဒဏ်နာကို ပျောက်စေနိုင်သော ဆေးမရှိ။ **ထို ဒဏ်နာ မပျောက်သမျှ ကာလပတ်လုံး အန္ဓပုထုဇဉ်ခေါ်သော ပုထုဇဉ်**

http://www.dhammadownload.com



ကန်းဘဝမှမလွတ်။ လောဘစာတ်၊ လောဘဒဏ်နာ၊ ဒေါသစာတ်၊ ဒေါသဒဏ်နာ စသည်တို့၌လည်း ဤနည်းတူ သိလေ။

ဒဏ်နာဆိုသည်လည်း မျိုးစေ့ပင်တည်း။ အဝိဇ္ဇာဒဏ်နာသည် အဝိဇ္ဇာ မျိုးစေ့ပင်တည်း။ ထိုဒဏ်နာမျိုးစေ့မှ အဝိဇ္ဇာပင်၊ အဝိဇ္ဇာတော။ မောဟပင်၊ မောဟတော ပေါက်ပွားစည်ကား၍ နေကြ၏။ အပေါက်အပွား များလေလေ ဒဏ်နာကန်းချက် နက်လေလေ၊ ဒဏ်နာကန်းချက် နက်လေလေ အဝိဇ္ဇာတော, အမိုက်တော စည်ကား လေလေ ဖြစ်၍နေကြ၏။ လောဘဒဏ်နာစသည်မှာလည်း သူ့မျိုးစေ့နှင့် သူ့တော သိလေ။ အလွန်နက်နဲသော အချက်တည်း။ သဘော စူးအောင် ကြံကြလေ။

ဤအရာ၌ -

- ဒဏ်နာကို တစ်မျိုးသိရမည်။
- အကုသိုလ်မှု၊ အမိုက်မှု ဝင်စားသောအခါမှ ဖြစ်ပေါ်လာသော အာဂန္တု အဝိဇ္ဇာကို တစ်မျိုး သိရမည်။

**ထိုအဝိဇ္ဇာ အာဂန္တုစာတ် ကပ်ဝင်ဖြစ်ပွားလာသောအခါ**

- သူ့အသက်ကို သတ် ခြင်း အစရှိသော အမိုက်မှုတို့ကို ပြုရ၏။
- **အမိုက်စကား ထွက်ရ၏။**
- **အမိုက်စိတ် ဝင်စား၏။**
- **ထိုအဝိဇ္ဇာအာဂန္တုစာတ် ချုပ်ကွယ်ပျောက်ငြိမ်းပြန်လျှင် အမိုက်မှု ကင်းပြန်၏။** အာဂန္တုစာတ်ရင်းကို ဉာဏ်ဖြင့် မြင်အောင်ကြည့်။ သူမိုက် သည်၊ ငါမိုက်သည်၊ မည်သူမည်ဝါ မိုက်သည်ဟု၊ မဟုတ်သော၊ မရှိသော ပုဂ္ဂိုလ်၊ သတ္တဝါကိုသာ မြင်၍ မနေနှင့်။ **အာဂန္တုစာတ်ရင်းကို၊ ကွက် ကွက်ခြားခြား မြင်နိုင်ပါလျှင်၊ ဓမ္မဝဝတ္ထာန ဝိဇ္ဇာဉာဏ်တစ်ခု ရ၏။**

ရင်းနောက် ထိုအာဂန္တုအဝိဇ္ဇာကို စိတ်သန္တာန်မှာ ဖြစ်ပေါ်အောင် အဘယ် အကြောင်း၊ အဘယ်အခွင့်အရေးက ဖန်ဆင်း၍ ပေးနိုင်သနည်း။ ဘယ်လို အကြောင်း မျိုး၊ ဘယ်လိုအခွင့်မျိုးနှင့် ပေါင်းဖော်မိသော်၊ စိတ်သန္တာန်မှာ ထိုအာဂန္တုအဝိဇ္ဇာ ဖြစ် ပေါ်လာသလဲ။ ဘယ်လိုအခွင့်၊ ဘယ်လိုအကြောင်းများနှင့် ပေါင်းဖော်မိသော် ထို အဝိဇ္ဇာအာဂန္တုစာတ် ကွယ်ပျောက်ချုပ်ကင်းတတ်သနည်းဟု ဖြစ်ကြောင်းကိုလည်း မြင်အောင်ကြည့်။

http://www.dhammadownload.com



## အဝိဇ္ဇာအင်္ဂါ-ဒုက္ခသစ္စာ၌ ဝိဇ္ဇာအလင်းဓာတ် ပွင့်ပုံ

အပေါင်းကြောင့် ဂုဏ်တက်၊ ဂုဏ်ပျက်သလို၊ လောကမှာ ဘယ်လိုဟာနှင့် ပေါင်းဆုံလျှင် မိုက်တတ်သည်၊ ဘယ်လိုဟာနှင့် ပေါင်းဆုံမိလျှင် မိုက်စိတ်ပျောက်တတ်သည်ဟု ထင်ရှားပါ၏။ ဥပမာကား - နေပူသို့ထွက်၍ သွားလိုက်လျှင် တစ်ကိုယ်လုံးမှာ "ဝိညာဏ်ပူတွေ"၊ "ဖဿပူတွေ"၊ "ဝေဒနာပူတွေ" ချက်ချင်းဖြစ်ပေါ်၍ ပူလေခြင်းဖြစ်ရ၏။ အရိပ်ထဲသို့ ဝင်လိုက်လျှင် ထိုဝိညာဏ်ပူတွေ၊ ဖဿပူတွေ၊ ဝေဒနာပူ တွေ ကွယ်ပျောက်၍တစ်ကိုယ်လုံးမှာ "ဝိညာဏ်အေးတွေ"၊ "ဖဿအေးတွေ"၊ "ဝေဒနာ အေးတွေ" ပေါ်ပေါက်၍ အေးပေပြီ ဖြစ်ရ၏။

ထိုဝိညာဏ်ပူတွေ၊ ဖဿပူတွေ၊ ဝေဒနာပူ စုကား နေပူ၏ သားမြေးစုတည်း။ ငါဟူ၍ မမှတ်လင့်။ နေပူကြောင့် ဖြစ်ပေါ်လာမှု အထင်အရှား ဖြစ်၏။ ရေရှိရာမှာ ငါးစသော ရေသတ္တဝါ ဖြစ်ပေါ်မြဲတည်း။ ဤခန္ဓာကိုယ်မှာ ရေနှင့်အလားတူသော ကာယအကြည်ဓာတ် လက်ခံရှိ၍ ရေသတ္တဝါမျိုးနှင့်တူသော ဝိညာဏ်အာဂန္တု၊ ဖဿ အာဂန္တု၊ ဝေဒနာအာဂန္တုစု ဖြစ်ပေါ်လာသည်။

အနာရှိရာ ပိုးကျလာသည်နှင့်လည်း တူ၏။ ပိုးမည်သည် အသည်းမှာ အနာရှိလျှင် အသည်းတွင်းမှာ ကျ၏။ အဆုတ်မှာ အနာရှိလျှင် အဆုတ်မှာ ကျ၏။ ကိုယ်မှာ ပိုးမျိုး ရှစ်ဆယ် ရှိကြ၏။ တစ်ကိုယ်လုံးမှာ အကျိ အချွဲရှိရာ၌ မိမိတို့၏ ကံချရာ သံသေဒဇ ဖြစ်ပေါ်ပေါက်ဖွား၍ နေကြ၏။ ထိုအနာပိုး၊ ကိုယ်ပိုးတို့ကို "ငါ" ဟု ဆိုလျှင် ဟုတ်မည် လော။

ထိုမှတစ်ပါး နွေရာသီဆိုက်လျှင် တစ်ကိုယ်လုံးမှာ "နွေ - ဓာတ်မီး" ပေါ်လာရ ၏။ မိုးရာသီဆိုက်လျှင် တစ်ကိုယ်လုံးမှာ "မိုး - ဓာတ်မီး" ပေါ်လာရ၏။ ကိုယ်ခန္ဓာမှာ ပေါ်သော်လည်း "ပြုလုပ်သူ" ဆိုင်ရာကို လိုက်သည်ရှိသော် နေဗိမာန်ဖြစ်သော "နွေဥတု ၏ သား၊ မြေးသာ" အမှန်ဖြစ်၏။ မိုး၊ ဆောင်းရာသီမှာလည်း ထိုနည်းတူ။ "ငါ" ဆိုသည် ကား တစ်သက်လုံးမှာမှ "တစ်ငါ" တည်း။ "နှစ်ငါ" မရှိပြီ။

နေပူ၊ နေရိပ်သို့ လိုက်၍၊ ဥတုသုံးပါးသို့ လိုက်၍ ဖြစ်ပေါ်ကြ၊ ပျောက်ကွယ်ကြသော "ဝိညာဏ်"၊ "ဖဿ"၊ "ဝေဒနာ" ဓာတ်မီးတို့ကား အပိုင်း၊ အပိုင်းပြတ်ခြား၏။ အသီးသီး ထင်ရှား၏။ အပိုင်း၊ အပိုင်း ပြတ်ခြားမှုကို မြင်အောင်ကြည့်။ "ငါ" မဟုတ်ကြောင်း ထင်ရှားလတ္တံ့။

http://www.dhammadownload.com



ဤဥပမာအတိုင်း တစ်နေ့တစ်နေ့တွင် မိုက်ခွင့်မိုက်ကြောင်းနှင့် ဆယ်ခါ ပေါင်းဆုံ၍ ဆယ်ကြိမ်မိုက်ရာ၌ ထိုသူ၏ စိတ်အစဉ်မှာ အလယ်၊ အလယ်၌ ကုသိုလ် စိတ်ကောင်း ခြားလျက် အဝိဇ္ဇာအာဂန္တုဓာတ် အကြိမ်ပေါင်းဆယ်ခါပေါ်၍ ဆယ်ခါ ပျောက်ဆုံး၏။ အပိုင်း၊ အပိုင်း ပြတ်၏။ ပေါင်းဆုံမိသော အခွင့်အကြောင်းတို့ကြောင့် မျက်နှာနှင့် မှန် ဆုံမိရာ၌ မှန်မှာ အရိပ်ပေါ်သကဲ့သို့ ထိုသူ၏ စိတ်အစဉ်မှာ အဝိဇ္ဇာ အာဂန္တုဓာတ်ပေါ်၍၊ မျက်နှာနှင့် လွဲခဲ့လျှင် မှန်ထဲမှာ အရိပ်ကွယ်ပျောက်သကဲ့သို့ ထိုအာဂန္တုဓာတ် ကွယ်ပျောက်လေ၏။ မှန်ထဲမှာ ဖြစ်ပေါ်သော်လည်း ထိုအရိပ်ကို မှန်သားဟူ၍ မဆိုအပ်။ မျက်နှာရိပ်ဟူ၍သာ ဆိုအပ်၏။

သားသမီးမည်သည် အမိအဖနှစ်ပါး စပ်၍ ဖြစ်၏။ ထို့ကြောင့် အမိဝမ်းမှာ ဖြစ်သော်လည်း မိဘနှစ်ပါး၏သားဟူ၍ ဆိုရသကဲ့သို့ ထိုမိုက်သော ပုဂ္ဂိုလ်၏ စိတ် အစဉ် အပက အကြောင်းနှစ်ပါးပေါင်း၍ ဖြစ်သောကြောင့် ထိုအဝိဇ္ဇာသည် မိုက် သော ပုဂ္ဂိုလ်၏ "ငါ" လည်း ဟုတ်ပါ၏ ဆိုငြားအံ့။ ငါဟုတ်၏ဟု ယူခဲ့သော် ထိုအဝိဇ္ဇာ သည် ဆယ်ခါဖြစ်ပေါ်၍ ဆယ်ခါပျောက်ဆုံးသည်။ ထိုသတ္တဝါ၊ ထိုငါသည်လည်း ထိုတစ်နေ့မှာ ဆယ်ခါဖြစ်ပေါ်၍ ဆယ်ခါပျောက်ဆုံးသည်ဟု ယူနိုင်ပါ၏လောဟု- မေး။ အဝိဇ္ဇာလည်း ပျောက်ဆုံးသည် မဟုတ်ပါ။ ထိုသူစိတ်မှာ ပြေငြိမ်း၍သာ နေပါ သည် ဆိုငြားအံ့။ ပြေငြိမ်းမှုနှင့် ပျောက်ဆုံးမှု ထူးခြားကြသလော - မေး။ ကုသိုလ်စိတ် ဖြစ် ပေါ်၍လာသည်ကိုပင် ပြေငြိမ်းမှု ဆိုပေရကား၊ ဖြစ်ပေါ်သော အဝိဇ္ဇာအမိုက် ဓာတ်နှင့် ကုသိုလ်စိတ်မည်သည် မီးနှင့် ရေ မရောနိုင်သကဲ့သို့ မရောနိုင်ကြကုန်။ ပျောက်ငြိမ်းမှုဆိုသည်ကား မီးထဲ၌ကျသော ဆီးနှင်းပေါက် ပျောက်ကွယ်သကဲ့သို့ ပျောက်ကွယ်မှုပေတည်း။

ဤကဲ့သို့ ဖြစ်ပေါ်သော အဝိဇ္ဇာကို "သတ္တဝါမဟုတ်၊ ငါမဟုတ်၊ သူ့ဆိုင်ရာ အကြောင်းကို စွဲ၍ဖြစ်ပေါ်သော အာဂန္တုဓာတ် သက်သက်သာတည်း"ဟု မြင်နိုင်သော ဉာဏ်သည် ပစ္စယ ပရိဂ္ဂဟ ဝိဇ္ဇာဉာဏ် မည်၏။ ပဋိစ္စသမုပ္ပါဒ် ဝိဇ္ဇာဉာဏ်လည်း မည် ၏။ ၎င်းနောက် ထိုအဝိဇ္ဇာ၏ ဖြစ်ပေါ်ချည်၊ ကွယ်ပျောက်ချည်နေသော အာဂန္တု သဘော၊ "ဥဒယဗ္ဗယသဘော" ကို ကောင်းကောင်းကြီး ထင်မြင်အောင် စွဲစွဲမြဲမြဲ ရှု ရာ၏။ "အနိစ္စသဘော"၊ "ဒုက္ခသဘော"၊ "အနတ္တသဘော"ကို ကောင်းကောင်းကြီး ထင်မြင်အောင် ရှုရာ၏။ အနိစ္စသဘော ထင်မြင်နိုင်ပါလျှင် ဒုက္ခနှင့် အနတ္တသဘော လည်း ထင်မြင်နိုင်တော့သည်သာတည်း။

http://www.dhammadownload.com



## ရေမြှုပ်စိုင်ကြီး ဖောင်စီးပမာ အနိစ္စလက္ခဏာ

ဥပမာကား - ရေမြှုပ်စိုင်ကြီး ဖောင်စီးပမာဆိုသည့်အတိုင်း၊ မဟာသမုဒ္ဒရာအလယ်မှာ ရေမြှုပ်စိုင်ကြီး ဖောင်စီး၍နေရသော ယောက်ျားသည် ရေမြှုပ်စိုင်ကြီး၏ မခိုင်မြဲသော အနိစ္စအခြင်းအရာကို မြင်လေရာ၏။ အမြှုပ်ထ၍နေသော သမုဒ္ဒရာလေ၊ သမုဒ္ဒရာလှိုင်း၊ ငါးမန်း၊ ငါးဆင် အစရှိသော သမုဒ္ဒရာဘေးအန္တရာယ်တို့ကိုလည်း မြင်လေရာ၏။ ထိုယောက်ျားသည် ကြောက်ရွံ့မှု ထိတ်လန့်မှုအတွက်ကြောင့် ပင့်သက်သာ ရှူနိုင်တော့မည်။ အဘယ်ကြောင့်နည်းဟူမူ ရေမြှုပ်စိုင်၏ အနိစ္စသဘောကို မြင်တိုင်း၊ မြင်တိုင်း ရေမြှုပ်စိုင်မခိုင်မှုကြောင့် များစွာသော ဒုက္ခအခွင့်၊ ကြီးစွာသော ဒုက္ခအခွင့်တွေကို မြင်ရခြင်းကြောင့်တည်း။ အနည်းငယ်မျှသော လေ၊ အနည်းငယ်သော ရေဂယက်ကို မြင်လျှင်ပင် ကြောက်ရမှု ထိတ်ရမှု ပူရ ပင်ရ ဒုက္ခဖြစ်မှုတို့သည်လည်း ရေမြှုပ်စိုင် မခိုင်သည့်အတွက်ဟု သိနိုင်လတ္တံ့။ ကြီးစွာသောလေ၊ ကြီးစွာသော ရေလှိုင်းမှာ ဆိုဖွယ်မရှိပြီ။

ထိုရေမြှုပ်စိုင်ကြီးနှင့်အတူ ဤကိုယ်ခန္ဓာသည်လည်း သန်း၊ ကြမ်းပိုး၊ ခြင်၊ မှက်၊ ပုရွက်၊ ပိုးလောက်စသော အလွန်သေးငယ်လှသော သတ္တဝါတို့၏ ကိုက်မှု၊ နာမှု၊ ထိပါးမှုနှင့်ပင် ဖောက်ပြန်ပျက်ပြား၏။

သန်းကိုက်လျှင် ကိုက်သောနေရာမှာ ဣဋ္ဌဖြစ်သော ဓာတ်ကြီးလေးပါး ချုပ်၏၊ သေဆုံး၏။ အနိဋ္ဌဖြစ်သော ဓာတ်ကြီးလေးပါး ဖြစ်ပေါ်၏။ အနိဋ္ဌဖြစ်သော ကာယဝိညာဏ်၊ ကာယသမ္ဖဿ၊ ကာယသမ္ဖဿဇာဝေဒနာတို့ ဖြစ်ပေါ်ကုန်၏၊ မခံသာသောဒုက္ခဖြစ်၏။ **ကိုယ်ခန္ဓာအားလုံးမှာ သန်းငယ်ကလေး၏ ကိုက်မှုနှင့်ပင် ပကတိအတိုင်း မနေ၊ အနိစ္စရောက်သော နေရာချည်းတည်း။ ဒုက္ခဖြစ်သော နေရာချည်းတည်း။**

ထို့ကြောင့် သန်းကိုပင် ကြောက်ရ၏။ ထိုထက်ကြီးမားသော သက်ရှိ သက်မဲ့ **အန္တရာယ်တို့၏ ကိုက်မှု၊ ခဲမှု၊ ထိပါးတိုက်ခိုက်မှုတို့မှာ ဆိုဖွယ်မရှိပြီ။**

**အနည်းငယ် လေပူတိုက်လျှင် တိုက်သောနေရာမှာ ဣဋ္ဌခန္ဓာငါးပါး ပျက်ဆုံး၏။ အနိဋ္ဌခန္ဓာငါးပါး ဖြစ်ပေါ်၏။ တာရှည်လေတိုက်ခဲ့လျှင် တစ်ကိုယ်လုံး ပြောင်းလဲ၍ သွား၏။ တစ်ကိုယ်လုံး ပူစီးပူဆာ မခံသာသော ခန္ဓာငါးပါးချည်း ဖြစ်၍ကုန်၏။**

http://www.dhammadownload.com



ဤလေသလပ်ရှုမျှနှင့်ပင် တစ်စတစ်စ ဓာတ်မီးထ၍ လာသဖြင့် တစ်ကိုယ်လုံး ရုပ်ပြောင်းမှု၊ ဓာတ်ပြောင်းမှု၊ ခန္ဓာပြောင်းမှု၊ နေမကောင်း ထိုင်မသာ ဖြစ်၍လာမှု စုသည် ကိုယ်တွေ့အမှုချည်းတည်း။ ထို့ကြောင့် လေကိုလည်း ကြောက်ရ၏။

- ကမ်းမမြင်သော "မဟာသမုဒ္ဒရာကြီး" နှင့် ဤလောကသံသရာကြီး တူ၏။
- သမုဒ္ဒရာမှာရှိသော "ဘေးအန္တရာယ် အနန္တစု" နှင့် ဤလောကမှာရှိသော ဘေးအန္တရာယ်စု တူ၏။
- "ရေမြှုပ်ခဲကြီး" နှင့် ဤလူ၊ နတ်၊ ပြဟ္မာ ခန္ဓာကိုယ်ကြီး တူ၏။
- သမုဒ္ဒရာကြီးအလယ်မှာ "ရေမြှုပ်ခဲ ဖောင်ကြီးစီး၍ နေသော ယောကျ်ား" နှင့် အနိစ္စဖြစ်သော ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတွေကို ဦးခေါင်းအင်္ဂါလုပ်၍၊ ကိုယ်အင်္ဂါ လုပ်၍၊ ခြေလက်အင်္ဂါလုပ်၍၊ နားအင်္ဂါလုပ်၍၊ မျက်စိအင်္ဂါလုပ်၍ ငါလုပ်နေကြသော သတ္တဝါစု တူ၏။

(ဤမျှသော စကားရပ်တို့ဖြင့် အနိစ္စကြောင့် ဒုက္ခဖြစ်ပုံ၊ အနတ္တဖြစ်ပုံကို အရိပ်အမြွက်မျှ ပြဆိုချက် ဖြစ်၏။)

## ဓာတ်တစ်ခုပေါက်က ကြွင်းဓာတ်အကုန်ပေါက်ပုံ

ဤအရာကား - လောက၌ မိုက်မဲမှု ခေါ်ကြသော အဝိဇ္ဇာဓာတ်ရင်းကို "ရေမြှုပ်" ခဲငယ်၊ "ရေပွက်ငယ်"၊ "နှင်းပေါက်" ငယ်များနှင့် အလားတူပြု၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အခြင်းအရာကို မြင်လေ။ ထိုမြင်သော ဝိပဿနာဉာဏ်ကို အနိစ္စဝိဇ္ဇာ၊ ဒုက္ခဝိဇ္ဇာ၊ အနတ္တဝိဇ္ဇာ ဆိုသတည်း။

နာမ်တရားအများရှိသည်တွင် တစ်ခုခုသော နာမ်တရားကို ဓာတ်ပေါက်အောင် မြင်နိုင်လျှင် ကြွင်းသော နာမ်တရားတို့ကိုလည်း ဓာတ်ပေါက်အောင် မြင်နိုင်တော့သည်။ "အဝိဇ္ဇာ" ဟူသော "မိုက်မဲမှု" တစ်ခုကို ဓာတ်ပေါက်လျှင် ထိုအဝိဇ္ဇာနှင့် ဖြစ် အတူ ပျက်အတူ အကုသိုလ်ဟူသမျှကို ဓာတ်ပေါက်အောင် မြင်နိုင်တော့သည်။ အကုသိုလ်စုကို မြင်နိုင်လျှင်လည်း ကုသိုလ်စုကို မြင်နိုင်လတ္တံ့။ တစ်ခုပေါက်လျှင်တစ်စတစ်စ အကုန်ပေါက်မြဲ။ ရုပ်တရားစုမှာလည်း "ပထဝီ" ခေါ်သော "ခက်မာမှု မြေဓာတ်" တစ်ခုကို ဓာတ်ပေါက်အောင် မြင်နိုင်လျှင် ကြွင်းသော ရုပ်စုကိုလည်း မြင်နိုင်လတ္တံ့။

ထို့ကြောင့် နာမ်ဓာတ်တို့တွင်လည်း တစ်ခုခုသော နာမ်ဓာတ်ကို ဓာတ်ပေါက်အောင် အားထုတ်ရာ၏။ ရုပ်ဓာတ်စုတွင်လည်း တစ်ခုခုသော ရုပ်ဓာတ်ကို ဓာတ်

http://www.dhammadownload.com



ပေါက်အောင် အားထုတ်ရာ၏။ တစ်ခုခုကပေါက်လျှင် တစ်စတစ်စ အကုန်ပေါက်လတ္တံ့။

အနမတဂ္ဂသံသရာမှာ ဝိဇ္ဇာခတ်ပေါက်လမ်းသို့ မလိုက်မူ၍ အဝိဇ္ဇာပွားလမ်းများသို့သာ တစ်စွပ်တည်း အလိုက်မှား၍ ယနေ့ထက်တိုင် အကန်းဘဝ အန္ဓပုထုဇဉ်၊ ငရဲမျိုး၊ ပြိတ္တာမျိုး၊ ခွေး၊ ဝက်၊ ကြက်၊ ငှက်၊ တိရစ္ဆာန်မျိုးဖြစ်၍ နေကြရလေတော့သတည်း။

[ဒုက္ခသစ္စာဖြစ်သော ပဋိစ္စသမုပ္ပါဒ် အင်္ဂါ (၁၁) ပါးတွင် အဝိဇ္ဇာဟူသော ပထမ အင်္ဂါ၊ ဒုက္ခသစ္စာ၌ ဖုံးဝှက်ကွယ်ကာ၍နေသော အဝိဇ္ဇာဒဏ်နာ၊ ဒဏ်ချက်မျှကို သတ် နည်း၊ ဝိဇ္ဇာဉာဏ် အလင်းဖွင့်နည်းများကို ရိပ်မိရုံမျှ အမြွက်ပြခန်းတည်း]

သင်္ခါရ၊ ဝိညာဏ် စသော နောက်နောက်သော ဒုက္ခသစ္စာအင်္ဂါဆယ်ပါးတို့၌လည်း အဝိဇ္ဇာအင်္ဂါမှာ အကျယ်ပြဆိုခဲ့ပြီးသော အစီအစဉ်အတိုင်း အသီးအသီး အကျယ်ချဲ့၍ သိလေ။ အကျဉ်းမျှ ဆိုတော့အံ့။

## သင်္ခါရအင်္ဂါ ဒုက္ခသစ္စာသဘောမှာ

သင်္ခါရဆိုသည်ကား လောက၌

- "ကောင်းမှု၊ "မကောင်းမှု" ကို ဆိုသည်။
- "အလိမ္မာမှု၊ "မလိမ္မာမှု" ကို ဆိုသည်။
- ခတ်မှန်ခတ်ရင်းကား "ကုသိုလ်စေတနာနှင့် "အကုသိုလ်စေတနာ" ပေတည်း။

ထိုတွင် ကုသိုလ်စေတနာသည် ဒါနကိစ္စနှင့် ဖြစ်ပေါ်သော အလှည့်။ ဘာဝနာကိစ္စနှင့် ဖြစ်ပေါ်သောအလှည့်။ ထိုထိုကောင်းကျင့်ကောင်းကြံ ကိစ္စမျိုးတို့နှင့် ဖြစ်ပေါ်သော အလှည့်ဟူ၍ အများရှိ၏။ ဒါနဖြစ်ရန် အခွင့်စုံညီသောအခါ ဒါနကိစ္စနှင့် တဖွားဖွားဖြစ်ပေါ်၏။ ဒါနအခွင့်ပြီးပြန်လျှင် အကုန်ချုပ်ပျောက်သေဆုံး၍ စေတနာသင်္ခါရတစ်မျိုးပေါ်၍သွားပြန်၏။ အာဂန္တုမှု ပဋိစ္စသမုပ္ပါဒ်ခတ်သဘာဝမျှကို အခဲခဲ အပိုင်းအပိုင်း ပြတ်ခြားအောင် ကြည့်။

မည်သူလှူဒါန်းသည်၊ ပေးကမ်းသည်၊ ငါလှူဒါန်းသည်၊ ပေးကမ်းသည်ဟု မဟုတ်မမှန် အပေါ်ယံပြင်ပ၊ သက္ကာယဒိဋ္ဌိနယ်တွင် မြင်၍ မနေနှင့်။ စေတနာအာဂန္တုသည်သာ ဒါန"အမှုသည်" အမှန်ဖြစ်သတည်း။ ထိုတရားသည်လည်း မျက်နှာနှင့်

http://www.dhammadownload.com



ဆုံမိသောအခါ မှန်အပြင်မှာ မျက်နှာရိပ်ဖြစ်ပေါ်သကဲ့သို့ အာဂန္တုစာတ်အမှုသာ တည်း။ ချုပ်ကွယ်ပျက်ဆုံးပုံကိုလည်း သိလေ။

အနိစ္စ၊ ဒုက္ခ၊ အနတ္တမှုကိုလည်း ရေမြှုပ်ဖောင်ဥပမာအတိုင်း သိလေ။ သီလကုသိုလ်၊ ဥပေါသထကုသိုလ်၊ ရသေ့ရဟန်းပြုကုသိုလ်၊ စျာန်ကုသိုလ်စုကိုလည်း ထိုဒါနကုသိုလ် သင်္ခါရအတိုင်း သိလေ။ အကုသိုလ်စေတနာသည်လည်း ပါဏာတိပါတ ကိစ္စနှင့်ဖြစ်သော အလှည့်၊ အဒိန္နဒါနာကိစ္စနှင့် ဖြစ်ပေါ်သောအလှည့် စသည်ဖြင့်၊ မကောင်းကျင့်၊ မကောင်းကြံကိစ္စတို့နှင့် ဖြစ်ပေါ်မှု အလွန်များပြား၏။ အဝိဇ္ဇာမိုက်ခွင့်မှာ ပြဆိုခဲ့ပြီးသောအတိုင်း အကျယ်သိလေ။

**"အဝိဇ္ဇာ" ကား "တိုက်တွန်းသောစာတ်" တည်း။**

**"စေတနာ" ကား "အားထုတ်သောစာတ်" တည်း။**

ဤသို့ ခပ်သိမ်းသော အကုသိုလ်တို့၌ အဝိဇ္ဇာနှင့် စေတနာသင်္ခါရ ခွဲလေ။

## အာဂန္တုက စေတနာသင်္ခါရစာတ်အမှု ကျယ်ဝန်းပုံ

ဝိတက်၊ ဝိစာရ၊ ဝီရိယ စသော တရားစု။ ဒေါသ၊ မာန၊ ဒိဋ္ဌိအစရှိသော တရားစု။ ပညာအစရှိသော တရားစုတို့သည်ကား - စေတနာ၌ ပါဝင်နေကြလေကုန်၏။ ဤစေတနာဟူသော အာဂန္တုကသင်္ခါရစာတ်အမှုသည် လောက၌ အရေးအခွင့်အလွန် ကျယ်ဝန်းလှပေ၏။ အပါယ်လေးဘုံ၊ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့၌ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့နှင့် ပြုလုပ်၊ ပြောဆို၊ ကြံဖန် ရှင်မြူးမြည်တမ်းမှု ခပ်သိမ်းသည် စေတနာသင်္ခါရအမှုချည်းတည်း။ **မည်သူက ဘယ်ဟာကို လုပ်သည်။** မည်သူက ဘယ်ဟာကို ပြောဆိုသည်။ မည်သူက ဘယ်အကြံကို ကြံစည်သည်။ မည်သူက အလှူပေးသည်။ **မည်သူ ဥပုသ်စောင့်သည်။** မည်သူ ကြက်သတ်သည်။ မည်သူ ဝက်သတ်သည်။ မည်သူသွားသည်၊ မည်သူလာသည် အစရှိသည်ဖြင့် **စေတနာသင်္ခါရ၌ စွဲလမ်းချက် သက္ကာယဒိဋ္ဌိပေါင်း အနန္တများလှ၏။** အဝိဇ္ဇာအချက် အနန္တများလှ၏။ ကာယကံ မှု၊ ဝစီကံမှု၊ မနောကံမှု ဆိုလျှင် ထိုအနန္တအကုန်ပါဝင်၏။

**စေတနာကို အာဂန္တုစာတ် ပဋိစ္စသမုပ္ပါဒ်အနေနှင့်** တစ်ချက်ချက်က စာတ်ကွဲအောင် မြင်နိုင်ပါလျှင် အလုံးစုံကိုပင် မြင်နိုင်လတ္တံ့။ ဤသင်္ခါရအင်္ဂါသည် ပုဂ္ဂိုလ်၊ သတ္တဝါဟု ထင်မြင်သော အဝိဇ္ဇာမှောင်ကြီး အလွန်ထုထည်ကြီးမားလှသော အင်္ဂါပေတည်း။

http://www.dhammadownload.com



## ဒါန၊ သီလ၊ ဘာဝနာမှု ဒုက္ခစုဟု ထင်မြင်ရန်ခက်ခဲပုံ

အာဂန္တုဓာတ် ထင်မြင်နိုင်ရန်အမှု၊ဒါနကို ဒုက္ခထင်မြင်ရန်အမှု၊ သီလကိုဒုက္ခ ထင်မြင်ရန်အမှု၊ ဘာဝနာကို ဒုက္ခထင်မြင်ရန်အမှုသည် အလွန်ခက်ခဲလှ၏။ ဒါန၊ သီလ၊ ဘာဝနာ အစရှိသော ကုသိုလ်တို့၏ ဒုက္ခအချက်ကို -

(၁) ဇရာ-မရဏတို့မှ **"လွတ်လမ်းအဖြောင့်"**ဟုတ် - မဟုတ်။

(၂) အဝိဇ္ဇာကို တစ်နေ့တခြား၊ တစ်လတခြား၊ **"တစ်နှစ်တခြား ပါးရှား ကုန်ခန်းစေနိုင်သော"** လမ်းအဖြောင့်ဟုတ်-မဟုတ်ကို ခွဲခြမ်း၍ ရှေး၌လည်း ပြခဲ့ပြီ။

## လုပ်ငန်းခွင်မှ ဒုက္ခဆုံးလမ်း စခန်းမရှိပြီ

ဥပမာဖြင့် ပြဆိုဦးအံ့ -

လောက၌ တောင်သူ၊ လယ်ယာလုပ်မှုကို အပင်ပန်းခံ၍ လုပ်ကြသည်ကား

- အလိုမရှိအပ်ကုန်သော ဒုက္ခမှ လွတ်ငြိမ်းခြင်းငှာ။
- အလိုရှိအပ်ကုန်သော သုခကို ရခြင်းငှာ - လုပ်မှုပေတည်း။
- အလိုမရှိအပ်သော ဒုက္ခဆိုသည်ကား - စပါး၊ ဆန်၊ ပစ္စည်းဥစ္စာမရှိလျှင် တွေ့ ကြုံရလတ္တံ့သော ဒုက္ခစုတည်း။
- အလိုရှိအပ်သော သုခဆိုသည်ကား - စပါး၊ ဆန်၊ ပစ္စည်းဥစ္စာနှင့် ပြည့်စုံသည့် အတွက် ရလတ္တံ့သော သုခစုတည်း။

**"စပါး၊ ဆန်"မည်သည် အနိစ္စဓမ္မ ဖြစ်ချေသောကြောင့် တစ်မိုးခါလုံး အပင်ပန်းခံ၍ လုပ်နိုင်မှ - တစ်နှစ်စာမျှ အခွင့်ရ၏။**

အလိုမရှိအပ်သော ဒုက္ခမှ - တစ်နှစ်စာမျှ လွတ်ငြိမ်းခွင့်ရ၏။

အလိုရှိအပ်သောသုခကို တစ်နှစ်စာမျှ ရစေနိုင်၏။

**နောက်နှစ်တိုင်လျှင် လုပ်မြဲလုပ်ရပြန်၏။ ဤနည်းအတိုင်း သေသည့်တိုင်အောင် လုပ်ရလေ၏။ တောင်သူအလုပ် ဒုက္ခဆုံးလမ်း စခန်းမရှိပြီ။**

အဘယ်ကြောင့်နည်းဟူမူ - ထိုတောင်သူအလုပ်မှဖြစ်သောဆန်စပါးသည်

- "နိစ္စဝတ္ထုမျိုး" မဟုတ်
- တစ်နှစ်အတွင်းမှာ သုံးဆောင်မှုနှင့် နှစ်စဉ်အတိုင်း လျော့ပါးကုန်ဆုံး၍ နေသော **"အနိစ္စဝတ္ထုမျိုး" ဖြစ်သောကြောင့်တည်း။**

http://www.dhammadownload.com



အနမတဂ္ဂသံသရာ၌လည်း ထိုတောင်သူအလုပ်ကို လုပ်ခဲ့ရသည်။ ယခုလည်း လုပ်လျက်ပင်။ နောင်လည်း တောင်သူအလုပ်ကို လုပ်၍သွားလျှင်၊ ထိုတောင်သူအလုပ်ဒုက္ခမှ အပြီးလွတ်ငြိမ်း **ထာဝရအငြိမ်းစားရသော စခန်းသို့ ဆိုက်ခွင့်မရှိ။** ဘဝများစွာ ကမ္ဘာအဆက်ဆက် **ပင်စင်စား၍ နေရလတ္တံ့ ဟုမရှိပြီ။**

အနမတဂ္ဂသံသရာမှာ **တစ်နပ်စာ အလုပ်သက်သက်သာ** ဖြစ်၏။ ထို့ကြောင့် တစ်နှစ်အဖို့ စပါးသိန်း၊ သန်းပင်ရသော်လည်း အနိစ္စဝတ္ထုမျိုးကိုသာ အကျိုးပေးသော အလုပ်ဖြစ်၍ **"ဒုက္ခအလုပ်ကြီးသက်သက်"** သာတည်း။ လောကအလုပ်ဟူသမျှ ဤနည်းချည်းမြင်လေ။

ပြဆိုခဲ့ပြီးသော **ဒါနအလုပ်၊ သီလအလုပ်၊ ဘာဝနာအလုပ်၊** စျာန်သမာပတ် အလုပ်စုသည်လည်း ထိုတောင်သူအလုပ်နှင့် ထပ်တူ လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာ့ဘဝတည်းဟူသော **အနိစ္စဝတ္ထုမျိုးကို အကျိုးပေးသော အလုပ်စုဖြစ်၍ ထိုအလှူပေးမှု၊ သင်္ခါရဒုက္ခစုမှ လွတ်ငြိမ်းရန် စခန်းကွာလှမ်း၏။ သီလစောင့်ထိန်းမှု သင်္ခါရဒုက္ခ၊** ဥပုသ်စောင့်ထိန်းမှု သင်္ခါရဒုက္ခမှု၊ ဘာဝနာပွားများမှု သင်္ခါရဒုက္ခမှ **လွတ်ငြိမ်းရန် စခန်းကွာလှမ်း၏။** (ဤစကား၌ အဝိဇ္ဇာကို ပယ်ရှားရန်၊ ဝိဇ္ဇာဉာဏ်ပွားများရန် အလုပ်၏ အခြေ အနေဖြစ်သော သီလဘာဝနာမှု စသည်တို့ကို ချန်လှပ်၍ ယူလေ။)

လူ့ဘဝ၊ နတ်ဘဝဟူသော အနိစ္စဝတ္ထုမျိုးကို အကျိုးပေးသော ဒါနမှု၊ သီလမှု၊ **ဘာဝနာမှုသည် တစ်ရက်စာ၊ တစ်နှစ်စာရသော အလုပ်နှင့်တူ၏။** (နေ့စဉ်နှစ်စဉ် အလုပ်ခွင်က မလွတ်ရသောဒုက္ခကြီးသာတည်း)။ ဗြဟ္မာ့ဘဝကို ပေးသော ဘာဝနာမှုသည် သုံးနှစ်စာရသော အလုပ်နှင့်တူ၏။ (သုံးနှစ်တိုင်ပြန်လျှင် အလုပ်ခွင်သို့ ဝင်ပြန်ရသော ဒုက္ခအလုပ်ပင်တည်း) **တစ်နေ့တခြား အဝိဇ္ဇာတရား ပါးရှားချုပ်ငြိမ်းရန်လုပ်သော ဘာဝနာမှုသည်ကား နောင်ထိုအလုပ်မျိုးကို တစ်သက်လုံး ထာဝရလွတ်ငြိမ်းစေနိုင်သော** အမှုဖြစ်ပေ၍ **"ချမ်းသာအလုပ်ကြီး"** မည်ပါပေသတည်း။

## သုခမှု၊ ဒုက္ခမှုတို့၏ လိုရင်းအဓိပ္ပာယ် သိမြင်လွယ်

ဒါနမှု၊ သီလမှု၊ ဘာဝနာမှု၊ ရသေ့ရဟန်းပြုမှု ဟူသမျှသည် ဒုက္ခမှုချည်းသာဖြစ်၏။ သို့ရာတွင် တစ်နေ့၊ တစ်လ၊ တစ်နှစ်၊ တစ်ဘဝ တစ်ခါ အပင်ပန်းခံ၍ လုပ်လျှင် ထိုအလုပ်မျိုး ကွင်းလုံးကျွတ်၍ ကျ၏။ တစ်ခါလုပ်မှုနှင့် ငြိမ်း၏။ ဤသို့လုပ်သော

http://www.dhammadownload.com



အမှုသည်ကား တစ်ဘဝသာ ပင်ပန်း၍ နောင်၊ ဘဝအနန္တ ထိုအလုပ်ဒုက္ခမှလည်း ကောင်း၊ တစ်ပါးသော ဒုက္ခမှလည်းကောင်း ကျွတ်လွတ်၍သွား၏။ ဤသို့ကုသိုလ်မှု စသည်ကား ချမ်းသာသော ဘဝအနန္တနှင့် ထောက်စာသည်ရှိသော် ဆင်းရဲသော တစ်ဘဝသည် သုခကြီး ဖြစ်လေ၏။ (ဤမျှသော စကားရပ်တို့ဖြင့် အနမတဂ္ဂ သံသရာ၌ ပြုသမျှသော **တစ်နပ်စာဒါန၊ တစ်နပ်စာသီလ၊ တစ်နပ်စာ ဘာဝနာ မှုစု၏ အတိဒုက္ခမှု စင်စစ်ဖြစ်ကြောင်းကို** ပြဆိုသတည်း။)

ယခုဘဝပြုကြသော ဒါနမှု၊ သီလမှု၊ ဘာဝနာမှု။ ရှေးရှေးဘဝက ပြုခဲ့ကြပြီး သော ဒါနမှု၊ သီလမှု၊ ဘာဝနာမှု။ နောက်နောက်ဘဝမှာ ပြုကြလတ္တံ့သော ဒါနမှု၊ **သီလမှု၊ ဘာဝနာမှုတို့ကိုလည်း** -

- **အဝိဇ္ဇာ အစီးအပွား**
- **ဇရာ-မရဏ အစီးအပွားမျိုးဖြစ်ခဲ့သည်ရှိသော် ဒုက္ခစင်စစ်သာ မှတ်ရာ၏။**

(ဤကား အင်္ဂါ (၁၂) ပါးတို့တွင် သင်္ခါရအင်္ဂါ ဒုက္ခသစ္စာသဘောကို ပြဆိုခြင်း တည်း) ကြွင်းသောအင်္ဂါတို့မှာလည်း ထိုထိုအင်္ဂါ၏ လက်ာပိုဒ်အဖြေတို့၌ ထင်ရှား စွာ ပြဆိုခဲ့ပြီ။

## သတ္တဝါမရှိ၊ ဓာတ်သာရှိပုံ

ဤသို့လျှင် လောက၌ ပုဂ္ဂိုလ်၊သတ္တဝါဟု ထင်မြင်၍နေကြသော ဒြပ်သဏ္ဌာန် ကိုလည်းကောင်း၊ ထိုဒြပ်သဏ္ဌာန်တို့၏ ကောင်း, မကောင်းသော အပြုအမူ၊ အကြံ အဖန်၊ အမှုခပ်သိမ်းတို့ကိုလည်းကောင်း ဝိဇ္ဇာဉာဏ်ဖြင့် အမှန့်ပြု၍ သတ္တုချသည်ရှိ **သော် အဝိဇ္ဇာ စသော ဓာတ်မှန်၊ ဓာတ်နု၊ ဓာတ်စစ်၊ ဓာတ်သား (၁၂) ပါးသာ ရှ၏။** ဓာတ်သား (၁၂) ပါးကို ပိုင်ပိုင်မြင်သည်ရှိသော် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ၊ ပုဂ္ဂိုလ်ဟူ၍ ဓာတ်သဘာဝအားဖြင့် မရှိကြောင်း ထင်ရှားရာ၏။

**သတ္တဝါမရှိ၊ ဓာတ်သာ အမှန်ရှိ၏။**

- **မြေဓာတ်**သည် အသီးအခြား ဓာတ်သဘာဝဖြင့် ထင်ရှားရှိ၏။
- **ရေဓာတ်**သည် အသီးအခြား ဓာတ်သဘာဝဖြင့် ထင်ရှားရှိ၏။
- **မီးဓာတ်**သည် အသီးအခြား ဓာတ်သဘာဝဖြင့် ထင်ရှားရှိ၏။
- **လေဓာတ်**သည် အသီးအခြား ဓာတ်သဘာဝဖြင့် ထင်ရှားရှိ၏။

http://www.dhammadownload.com



- စိတ်ဟူသော ဝိညာဏဓာတ်သည်လည်း အသီးအခြား ဓာတ်သဘာဝ အားဖြင့် ထင်ရှားရှိ၏။

ဤသို့စသည်ဖြင့် **ပရမတ္ထဓမ္မတို့မှာ ဓာတ်သဘာဝအားဖြင့် အသီးအခြား ရှိကြကုန်၏။**

**ပုဂ္ဂိုလ်ဓာတ်ဟူ၍ကား** အသီးအခြားမရှိ။ **သတ္တဝါဓာတ်၊ လူဓာတ်၊** နတ်ဓာတ်၊ ပြဟ္မာဓာတ်၊ မိန်းမဓာတ်၊ ယောကျာ်း ဓာတ်၊ **ငါဓာတ်၊ သူဓာတ်ဟူ၍ မရှိ။**

- မိုက်မဲသော **အဝိဇ္ဇာဓာတ်သာ** ရှိသည်။
- မိုက်မဲသော ပုဂ္ဂိုလ်ဓာတ်၊ သတ္တဝါဓာတ်ဟူ၍ မရှိ။
- မိုက်မဲသော လူဓာတ်၊ နတ်ဓာတ်ဟူ၍ မရှိ။

လူမှာလည်း မည်သူ မည်ဝါဟူ၍ နာမအသီးသီး မှည့်ခေါ်ကြကုန်၏။ ဦးခေါင်း၊ ဆံပင်စသည် ခေါ်ဝေါ်ကြသော်လည်း **ဦးခေါင်းဓာတ်၊ ဆံပင်ဓာတ်ဟူ၍ မရှိ။**

**ဓာတ်မျှသာ ကေန်ရှိသည်မှာ မှန်၏။ ဓာတ်မဟုတ်သမျှ ကေန်ရှိ မဟုတ်။** စိတ်ဝိညာဏ် လှည့်ပတ်မှုကြောင့် မရှိသည်ကို အရှိထင်စွဲ၍ နေကြ၏။ မဟုတ်သည်ကို အဟုတ်ထင်၍ နေကြရ၏။ အဝိဇ္ဇာ ဖုံးလွှမ်းမှုကြောင့် အဟုတ်ရှိသော ဓာတ်မျိုးစုကို မသိကြ၊ မမြင်ကြ။ **အထည်သဏ္ဌာန်ဖြစ်နေမှု၊** ကြီးမှု၊ တိုးမှု၊ ဆုတ်မှု၊ **လှုပ်မှု၊ ရှားမှု၊ အေးမှု၊ ပူမှုအစရှိသော ခပ်သိမ်းသော အမှုဟူသမျှသည် ဓာတ်တို့၏ အမှုချည်းသာတည်း။ "သူ့ဓာတ်" နှင့် "သူ့အမှု" သာတည်း။ ပုဂ္ဂိုလ်အမှုဟူ၍ တစ်ခုမျှမရှိ။ သတ္တဝါအမှုဟူ၍ တစ်ခုမျှမရှိ။** အလွန်သိထိုက်လှသော အချက်မျိုးဖြစ်၍ အထပ်ထပ် ဆိုလိုက်သည်။

ဓာတ်အမျိုးမျိုး၊ အခြားခြားကို၊ ခြားခြားနားနား မမြင်နိုင်သည်ရှိသော် ပုဂ္ဂိုလ်ရှိ၏။ သတ္တဝါရှိ၏ ဟူသော အထင်အမြင်သည် မပျောက်။ ထိုအထင်အမြင် မပျောက်သည်ရှိသော် ပဋိစ္စသမုပ္ပါဒ်စကားကို ပြောဟော၍ နေသော်လည်း ထိုသူမှာ ပဋိစ္စသမုပ္ပါဒ်ကိုမြင်သော ဉာဏ်မကပ်။ အလီလီ အလာလာ အမျိုးမျိုးရှိနေကြသော **ဓာတ်အနုပ်အမွဲတွေကို ခွဲခွဲခြမ်းခြမ်း မြင်နိုင်မှ ပဋိစ္စသမုပ္ပါဒ်ဉာဏ် ကပ်သတည်း။**

[ဤကား ဤဒေသနာတော်ဖြင့် ပုဂ္ဂိုလ်၊ သတ္တဝါဟူ၍ မရှိကြောင်း၊ အနမတဂ္ဂသံသရာ စကြာဝဠာ အနန္တ၊ ကမ္ဘာအနန္တမှာ အဝိဇ္ဇာဓာတ်၊ သင်္ခါရဓာတ်၊ ဝိညာဏ်ဓာတ်၊ နာမ်ဓာတ်-ရုပ်ဓာတ်၊ သဠာယတနဓာတ် အစရှိသော (၁၂) မျိုးသော ဓာတ်စုသည်သာလျှင် **သံသရာဖြစ်၍၊ လူ့ခန္ဓာဖြစ်၍၊ နတ်ခန္ဓာဖြစ်၍၊** ပြဟ္မာခန္ဓာဖြစ်၍နေကြောင်းကို မြတ်စွာဘုရားက ပြတော်မူသည်ဟု ပြဆိုချက်ပေတည်း။]

http://www.dhammadownload.com



## "အမှုသည်" အမှန် သိဖို့ရန်

ထိုသို့ ပြတော်မူသည့်အတိုင်း ဤသို့သော အမှုသွားကို သိရာ၏။

မတော်မလျော်ပြုသည်ကို မြင်ရ၍ ဒေါသဖြစ်သောအခါ ဤသို့ဆင်ခြင်အပ်၏။

"ငါ၌ ဤဒေါသသည် ဘာကြောင့်ဖြစ်သနည်း" "အမှုသည် ဘယ်သူနည်း"

- ဒေါသစေတ်ကား အင်္ဂါ (၁၂) ပါးတွင် သင်္ခါရအင်္ဂါ အပါအဝင်ပေတည်း။
- "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ" ဟု ဟောတော်မူ၏။ ငါ၌ရှိသော အဝိဇ္ဇာကြောင့် ဖြစ်သည်အမှန်၊ အဝိဇ္ဇာသည် ငါ၌ဒေါသဖြစ်အောင် ပြုသော အမှုသည် အမှန်ဖြစ်၏ဟု မြင်ရာ၏။
- မည်သူကြောင့် ငါ၌ ဒေါသဖြစ်ရသည်ဟု မသွားလင့်။ အမှုသည် အစွဲ မမှားစေလင့်။

ဥပမာကား - အနာရှိ၏။ ညှော်နံ၏။ အနာမန်းထ၍ ဖျား၏။ ဤအဖျားဖြစ်ရသည်မှာ အမှုသည်မှန်ကား မိမိ၏ အနာသည်သာအမှုသည် မှန်တည်း။ အနာကိုသာ ငြိုးရမည်။ ညှော်လုပ်သောသူသည် အမှုသည်ရင်း မဟုတ်။ ညှော်လုပ်သောသူကို မငြိုးသင့်။

ညှော်လုပ်သောသူကို ငြိုးမှုသည် အနာပျောက်ငြိမ်းလမ်း မဟုတ်။ ရန်ပွားဖို့သာ ဖြစ်၏။ အနာကို ငြိုးမှုသည်သာလျှင် အနာပျောက်ငြိမ်းလမ်း၊ အမှန်ပင် ဖြစ်၏။ အနာမရှိခဲ့သော် ညှော်နံသော်လည်း ကိစ္စမရှိ။ ထို့ကြောင့်လည်း ညှော်သည် အမှုသည်ရင်း မဟုတ်ဟု သိအပ်၏။ ဤဥပမာကို အရာရာတိုင်းမှာ အနှံ့သိလေ။

ဤဥပမာအတိုင်း

- ငါ၌ရှိသော "အဝိဇ္ဇာအနာ" ကြောင့်
- ငါ၌ "ဒေါသသင်္ခါရအဖျားတက်" ၍လာသည်ဟု
- "အမှုသည်မှန်" ကို သိရာ၏။

မနှစ်မြို့သောအသံစကားကို ကြား၍ ဒေါသဖြစ်ရာ၊ အနံ့ကိုနံ၍၊ အရသာကို စား၍၊ ကိုယ်အင်္ဂါကို ထိ၍၊ ကြံဖန်မိ၍ အစရှိသည်တို့ကြောင့် ဒေါသဖြစ်ရာတို့၌လည်း ထိုနည်းတူသိလေ။

http://www.dhammadownload.com



မနှစ်မြို့ဖွယ်ကို မြင်ရ၍ နှလုံးမသာ ဒေါမနဿဝေဒနာဖြစ်ရာ၌ မနှစ်မြို့ဖွယ် ပြု၍ပြသောသူကို အမှုသည် မစွဲသင့်။ "ဖဿပစ္စယာ ဝေဒနာ"ဟူ၍ ဟောတော်မူသည်။ မိမိ၌ရှိသော ဖဿသည်သာလျှင် အမှုသည်ရင်းအမှန် ဖြစ်သတည်း။

အသံစကားကို ကြားရ၍ ---(ပ)--- စိတ်ထဲမှာ ထိုထိုအခွင့် ကြုံဖန်၍ နှလုံးမသာ ဒေါမနဿဝေဒနာ ဖြစ်ရာတို့၌လည်းကောင်း၊ ကိုယ်တွင်းကိုယ်ပ သန္တာန် မှာရှိသော ဒုက္ခဝေဒနာ အမျိုးမျိုးဖြစ်ရာတို့၌လည်းကောင်း မိမိသန္တာန်မှာရှိသော ဖဿကိုသာ ငြိုးမှ အမှန်ကျသည်။ ကြွင်းသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါတို့၌လည်း ဤနည်းအတိုင်း သိလေ။ ဤကား ပုဂ္ဂိုလ်၊ သတ္တဝါတို့ကို ထုတ်ဖော်မဟောမူ၍ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" အစရှိသည်ဖြင့် အဝိဇ္ဇာစသော ဓာတ်သက်သက်၊ ဓမ္မသက်သက်ကိုသာ ထုတ်ဖော်၍ ဟောတော်မူသော ဒေသနာတော်မြတ်၏ အဓိပ္ပာယ်လိုရင်း အကျဉ်းချုပ်စကားတည်း။

[ဤတွင်ရွေ့ကား ဒုက္ခသစ္စာ၌ ဖြစ်သော ပဋိစ္စသမုပ္ပါဒ်အင်္ဂါ (၁၁) ပါးတို့ကို ဖုံးဝှက်ကွယ်ကာ၍နေသော အဝိဇ္ဇာမှောင်ဓာတ်ကို သတ်၍ ဒုက္ခသစ္စာ၌ ဝိဇ္ဇာဉာဏ်ဖွင့်နည်းကို အကျဉ်းမျှပြဆိုလိုက်သော အခန်းတည်း။]

## ဒုက္ခသစ္စာမှ ကြွင်းသုံးရပ်ရှိ အဝိဇ္ဇာသုံးပါးအတွက် အလုပ်တခြားမရှိပြီ

ဒုက္ခသစ္စာ၌ ဖုံးလွှမ်းသော အဝိဇ္ဇာ တစ်နေ့တခြား ပါးရှားသည်ရှိသော် သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာအသီးသီးတို့၌ ဖုံးလွှမ်းသော အဝိဇ္ဇာ၊ ဤအဝိဇ္ဇာသုံးပါးလည်း တစ်နေ့တခြား ပါးရှား၍ သွားတော့သည်။ ဤအဝိဇ္ဇာသုံးပါးအတွက် အလုပ်တခြား မရှိပြီ။

ဥပမာဆိုအံ့ - မယား၏သစ္စာမရှိ ဖောက်ပြန်မှု၊ အကျင့်ဆိုးဝါးမှုတို့ကို တစ်စတစ်စ သိရှိလာသော လင်ယောကျ်ားအား "အကျင့်ကိုသိမှုနှင့် အချစ်ပြယ်မှု" တစ်ပြိုင်နက်တည်း ပါလာ၏။ ဤမယားသည် ငါ၏ဒုက္ခတည်း။ ဤမယားမှ ကျွတ်လွတ်မှုသည် ငါ၏သုခတည်းဟု သိသော ဉာဏ်နှစ်ပါးလည်း တစ်ပြိုင်တည်းပါလာ၏။ ဤမယားကို "စုံမက်ချစ်ခင်မှုကား ဒုက္ခလမ်း" တည်း။ "အပြစ်မြင်မှု၊ စိတ်ကုန်မှုကား သုခလမ်း" တည်းဟု သိသောဉာဏ်လည်း အပြီးပါလာ၏။

- အနမတဂ္ဂသံသရာ မိမိခန္ဓာဖြစ်၍ လာသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ဖြစ်သော နာမ်-ရုပ်တရားနှစ်ပါးသည်-ထို "မယား"နှင့် တူ၏။

http://www.dhammadownload.com



သဗ္ဗညုဘုရား၏ ဒေသနာကို ကြားနာရ၍ ထိုအင်္ဂါတို့တွင် တစ်ခုခုသော အင်္ဂါ၌ -

(၁) "အာဂန္တုစိတ်" သဘော

(၂) "ပဋိစ္စသမုပ္ပါဒ်" သဘော

(၃) "အနိစ္စ၊ ဒုက္ခ၊ အနတ္တ" သဘော

ထင်မြင်မှုသည် - ထိုမယား၌ အပြစ်ထင်မှုနှင့် တူ၏။

ထိုထင်မြင်မှုကား သမ္မာဒိဋ္ဌိမဂ္ဂင်တည်း။ ဤထင်မြင်မှုသည်သာလျှင် ဝဋ်ဒုက္ခမှ လွတ်လမ်းတည်းဟုသိသော ဉာဏ်လည်း ပေါ်၏။ ထိုအင်္ဂါတို့၌ ဖုံးလွှမ်းသော အဝိဇ္ဇာ တစ်စတစ်စ ပြယ်လေ၏။ ထိုအင်္ဂါတို့၌ ငါဟု စွဲလမ်းသော တဏှာသည်လည်း တစ်စတစ်စ ကွာ၍ကျ၏။ ထိုငါ, ငါဟု စွဲလမ်းမှုသည် ကေန္တ ဒုက္ခလမ်းတည်းဟု သိသော ဝိဇ္ဇာဉာဏ်လည်း ပေါ်လာ၏။ သမုဒယသစ္စာ၌ ဖုံးလွှမ်းသော အဝိဇ္ဇာပြယ်မှုတည်း။

- ဤငါ, "ငါဟု ထင်မြင်" သော - "အဝိဇ္ဇာ"
- ငါ, "ငါဟု ခင်မင်တွယ်တာ" သော - "တဏှာ"

တစ်စတစ်စ ပြယ်မှုသည် နိရောဓသစ္စာအဖို့တည်း။ ဤပြယ်မှုသည်သာ ဒုက္ခလွတ်မှုတည်းဟုသိသောဉာဏ်လည်း ပေါ်၍လာ၏။ နိရောဓသစ္စာ၌ ဖုံးလွှမ်းသော အဝိဇ္ဇာပြယ်မှုတည်း။

ထိုနာမ်-ရုပ်တရားတို့၌ ထင်မြင်သော သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်သည်သာလျှင် ထိုအဝိဇ္ဇာစသော ဝဋ်ဒုက္ခတို့မှ လွတ်လမ်းအမှန်ဖြစ်၏ဟုသိသော ဉာဏ်လည်း ပေါ်လာ၏။ မဂ္ဂသစ္စာကို ဖုံးလွှမ်းသော အဝိဇ္ဇာ ပြယ်ပျောက်မှုတည်း။

"လိုရင်းအဓိပ္ပာယ်"ကား -

(၁) အဝိဇ္ဇာကို စိတ်ပေါက်အောင် မြင်သောဉာဏ်၊ "ပဋိစ္စသမုပ္ပါဒဓမ္မ"ဟု မြင်သောဉာဏ် ဖြစ်ပေါ်လျက် -
- အဝိဇ္ဇာကို ငါ, ငါဟု "ထင်မြင်သော" အဝိဇ္ဇာနှင့်
- ငါ, ငါဟု "စွဲလမ်းသော" သက္ကာယဒိဋ္ဌိ ပြယ်လေ၏။

(၂) ထိုအဝိဇ္ဇာကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုမြင်သောဉာဏ် ဖြစ်သောအခါ
- ထိုအဝိဇ္ဇာကို "ခင်တွယ်သိမ်းပိုက်သော" တဏှာ ပြယ်လေ၏။

http://www.dhammadownload.com



(၃) ထိုပြယ်မှုစုသည် နိရောဓသစ္စာအဖို့ ဖြစ်၏။
(၄) မြင်သောဉာဏ်သည် မဂ္ဂသစ္စာအဖို့ ဖြစ်၏ဟူလို။

သင်္ခါရ၊ ဝိညာဏ် စသည်တို့၌လည်း တစ်ပါးပါးကို ဓာတ်ပေါက်အောင် မြင်ရာ၌ သစ္စာလေးချက်၊ လေးချက်စီ ပြီးစီးမှုကို သိလေ။ (ဤတွင် ရွေ့ကား - ဒုက္ခသစ္စာ၌ ဖုံးလွှမ်းသော အဝိဇ္ဇာမှောင်ဓာတ်ကို သတ်လိုက်လျှင် နောက်သစ္စာသုံးရပ်၌ ဖုံးလွှမ်းသော အဝိဇ္ဇာသုံးရပ်ကိုလည်း သတ်ခြင်းကိစ္စ ပြီးစီးကြောင်းကို ပြဆိုသော အခန်းတည်း။)

## နိဗ္ဗာနဓာတ်

"အဝိဇ္ဇာယ တွေဝ အသေသ ဝိရာဂ နိရောဓာ သင်္ခါရနိရောဓော" အစရှိသော ဒေသနာတော်အရသည် နိဗ္ဗာန်တစ်ခုတည်းသာ ဖြစ်သည်ဟူ၍ ဆိုခဲ့သော စကားကို ဆက်၍ ပြဆိုဦးအံ့ -

အနာဂါမ်ပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်တို့၏ စိတ်လိုတစ်မျိုး၊ ထန်းရည်သမား၊ အရက်သမား၊ ဘိန်းစားသမားတို့၏ စိတ်လိုတစ်မျိုး။ **မိမိတို့အတွင်းဓာတ်ခံသို့ လိုက်၍ ကွဲလွဲကြသည်။**

**"အနာဂါမ်၊ ရဟန္တာ"တို့၏စိတ်မှာ "နေက္ခမ္မဓာတ်အုပ်စိုး"** လျက်ရှိသည်။ နေက္ခမ္မဓာတ်၏သဘောကား - လောဘအာရုံကို အလွန်စက်ဆုပ်၏။ ထိုသူတို့သည် ချမ်းသာ ဟူသော စကားကို ကြားလျှင် နေက္ခမ္မဓာတ်နားနှင့် နားထောင်ကြကုန်၏။ လောဘ အာရုံပါ၍ လာလျှင် ထိုချမ်းသာစကားကို မကြားနိုင်အောင် ရှိကြကုန်၏။ လောဘ အာရုံနှင့် ဝေးကွာသော စကားကို ကြားရမှ နားမှာ ချမ်းသာကို တွေ့ကြကုန်၏။

**"သေသောက်ကြူး" တို့စိတ်မှာ "တဏှာလောဘအုပ်စိုး"** ၏။ တဏှာ၏ သဘောကား - ဆိတ်ငြိမ်မှုကို အလွန်စက်ဆုပ်၏။ အလွန်ငြီးငွေ့၏။ ထိုသေသောက်ကြူးတို့ အလယ်မှာ ချမ်းသာမှုဟူသောစကားကို တဏှာနားနှင့်ထောင်ကြ၏။လောဘအာရုံ ရွှမ်းရွှမ်းစိုပါမှ နား၊ နှလုံးမှာ တွေ့ကြကုန်၏။ ဆိတ်ငြိမ်မှုကို ချမ်းသာဆို၍ ပြောခဲ့လျှင် နားကြောနင့်ကြကုန်၏။

နိဗ္ဗာန်မည်သည် အတုမရှိ ဆိတ်ငြိမ်လှသော **"သုညတဓာတ်ကြီး"** ပေတည်း။ ထို့ကြောင့် နိဗ္ဗာန်စကားကို ကြားနာကြကုန်သော သူတို့မည်သည် **နေက္ခမ္မဓာတ်နားနှင့်သာ နာအပ်၏။ တဏှာဓာတ်နားနှင့် မနာအပ်။**

http://www.dhammadownload.com



တို့အတူ အကြင်သူတို့သည် ပုဂ္ဂိုလ်၊ သတ္တဝါဟူသည် ကေန်ရှိ၏ဟု ယုံကြည်၏။ မရှိဆိုသည်ကို မယုံကြည်။ ထိုသူတို့လည်း နိဗ္ဗာန်စကားကို ကြားနာ၍ မနှစ်ခြိုက်မြိုက်။ လူသာမန်၊ နတ်သာမန်တို့ကို မဆိုထားဘိဦး။ ဗကအမည်ရှိသော ဗြဟ္မာမင်းကြီး၏ ဉာဏ်မှာပင်လျှင် ("တုစ္ဆ" - ဘာမဟုတ်ပြီ၊ အချည်းအနှီးသာ ဖြစ်၏၊ "ရိတ္တ" - တစ်စုံတစ်ရာ ရှာကြံမရ အဘာဝသာ ဖြစ်၏ဟူ၍) အချည်းအနှီး၊ အဘာဝ၊ ဘာမှ မဟုတ်ဟု ထင်ရ၏။ ယခုကာလ ကိလေသာကျွန် လူသာမန်တို့ ဉာဏ်မှာမူကား ဆိုဖွယ်မရှိပြီ။

ငါတို့ကား -

"အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော" (လ) "ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ" ဟူသော ဒေသနာတော်ရင်းအတိုင်း၊ မကိုင်းမထောင့်၊ အဖြောင့်အားဖြင့် ရေးသားပြောဆိုပေအံ့။

အနမတဂ္ဂသံသရာ၌ ဓာတ်သဘာဝအားဖြင့် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဗြဟ္မာ၊ နတ်၊ လူ၊ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမဟူ၍ အဏုမြူမျှ မရှိကြ။ အဝိဇ္ဇာ၊ သင်္ခါရ အစရှိသော "ဓာတ်သဘာဝ ဓမ္မအစုအခဲတွေသက်သက်သာ" ဖြစ်၏။

## နိဗ္ဗာန်သည် ဓာတ်သဘာဝ ဓမ္မအစစ်ဖြစ်ပုံ

နိဗ္ဗာန်သည်လည်း ဓာတ်သဘာဝ ဓမ္မအစစ်တစ်ပါး ဖြစ်၏။ အဝိဇ္ဇာအစရှိသော သဘာဝဓာတ်မျိုးတည်း။ "ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ" ကို ရှုပါ။ တဖွားဖွား ဖြစ်ပေါ်ပေါက်ပွားနေသော ဒုက္ခက္ခန္ဓာဓာတ်မျိုးတို့၏ "ချုပ်ဆုံးမှု"၊ "အဖြစ်ငြိမ်းမှု"၊ "ဇာတ်သိမ်းမှု" ဆိုလိုသည်။

"အဝိဇ္ဇာပစ္စယာ သင်္ခါရာ" အစရှိသော အနုလောမ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကား အဝိဇ္ဇာအစရှိသော "သံသရာအဆက်ဆက်လည်မှုကို ပြ" ဆိုသော ဒေသနာတည်း။

"အဝိဇ္ဇာယ တွေဝ အသေသဝိရာဂ နိရောဓာ" အစရှိသော ပဋိလောမပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကား အဝိဇ္ဇာအစရှိသော "သံသရာစက်ပြတ်မှု၊ ချုပ်ဆုံးမှုကို ပြဆို" သော ဒေသနာတည်း။

မေး- ဤသို့ သံသရာလည်မှု၊ ပြတ်မှု နှစ်လမ်းသည် ရှိ၏။ မပြတ်လျှင် လည်၏၊ မလည်လျှင် ပြတ်၏၊ အလည်ကို ကြိုက်သလော၊ အပြတ်ကို ကြိုက်သလော။

http://www.dhammadownload.com



ဖြေ- အလည်ကိုလည်း မကြိုက်၊ ပြတ်ရုံမျှကိုလည်း မကြိုက်၊ ပြတ်ပြီး၍ မလည်ဘဲ စိတ်နှင့်ကိုယ်နှင့် အမြဲချမ်းသာ၍ နေရသည်ကို ကြိုက်ပါသည် ဆိုငြားအံ့။

"စိတ်" ဆိုသည်ကား - ဝိညာဏ်တည်း။ "ကိုယ်" ဆိုသည်ကား - နာမ်, ရုပ်တည်း။

လည်ဓာတ်မျိုးအမှန်ဖြစ်၏။ မလည်လိုသော်လည်း မနေရ၊ လည်ရမည် ကေန်တည်း။

မေး- ထိုသို့ဖြစ်ခဲ့သော် စိတ်မရှိဘဲ၊ ကိုယ်မရှိဘဲ အမြဲချမ်းသာသုခကို ခံစား နေလိုသည် ဆိုငြားအံ့။

ဖြေ- စိတ်မရှိလျှင် ခံစားပေါက်၊ စံစားပေါက် မရှိပြီ။ ခံစားမှု၊ စံစားမှု ဆိုသည်ကား သုခသောမနဿဝေဒနာတည်း။ ထို့ကြောင့် ခံစားမှု၊ စံစားမှု ရှိပြန်လျှင် ဝေဒနာရှိပြန်၏။ လည်မှုကေန် ဖြစ်ပြန်၏။

မေး- အဘယ်ကြောင့် ပြတ်ရုံမျှကို မကြိုက်ပါသနည်း။

ဖြေ- ပြတ်ရုံမျှဖြစ်ခဲ့လျှင် "တုစ္ဆ"၊ "အဘာဝ" ဖြစ်၍ နေ၏။ ထို့ကြောင့် မကြိုက်ပါသည် ဆိုပေရာ၏။ ဗကဗြဟ္မာကြီး၏ အယူမျိုးတည်း။

မေး- "သုညတနိဗ္ဗာန်" ဟု ကြားဖူး၏လော။

ဖြေ- "သုညံ - သုညတံ" (အနက်အတူ) သုညံ - ဆိတ်၏။ သုညတံ - ဆိတ်၏။ သုညမွေဖြစ်၍ တုစ္ဆဟု ထင်ရသည်။ အဘာဝဟု ထင်ရသည်။ တုစ္ဆ၊ အဘာဝကို မကြိုက်လျှင် သုညတကိုလည်း မကြိုက်လတ္တံ့။ တဖွားဖွား ဖြစ်ပေါ်၍ အကောင်အထည် ထင်မြင်ရသော သမုဒယမျိုးကိုသာ ကြိုက်လတ္တံ့။

## တုစ္ဆနှင့် သုညတ အထူး

"တုစ္ဆ" နှင့် "သုညတ" နှစ်ပါးအထူးကား -

- "သမုဒယဓမ္မမျိုး" တို့၏ ဆိတ်ကင်းမှုကို "သုညတ" ဆို၏။ နိဗ္ဗာန်၏ ဂုဏ်ပုဒ်ကြီး တစ်ခုပေတည်း။
- တစ်စုံတစ်ခုသော အမွန်အမြတ်ဟူ၍ မရှိသည်ကို "တုစ္ဆ" ဆိုသည်။

http://www.dhammadownload.com



- ထိုသံသရာစက်ပြတ်မှု၊ ချုပ်မှုသည်ကား မွန်မြတ်သော ဂုဏ်ကျေးဇူး အနန္တ ရှိ၏။ တဏှာမဟုတ်၊ အဝိဇ္ဇာစသော သမုဒယဓမ္မမျိုးတို့မှ ဆိတ်ကင်း သောကြောင့် သုညတဟုတ်၏။

## ဘာဝနှင့် အဘာဝ

"အဘာဝ" ကား - မရှိမှုတည်း။ "ဘာဝ" ကား - ရှိမှုတည်း။

"အဝိဇ္ဇာ နိရောဓာ သင်္ခါရ နိရောဓော" အစရှိသည်၌ -

အဝိဇ္ဇာချုပ်မှုကား ကေန်ရှိသည်သာ ဖြစ်၏။ သင်္ခါရတို့၏ ချုပ်မှုလည်း ကေန် ရှိသည်သာ ဖြစ်၏။ လောဘ၏ချုပ်မှု၊ ဒေါသ၏ချုပ်မှု စသည်သိလေ။ ထိုချုပ်မှုကား ဘာဝကေန်မှန်၏။ အဘာဝမဟုတ်။

ဝိဇ္ဇာဉာဏ်ပွားများအားထုတ်၍ ထမြောက်အောင်မြင်သောအခါ အဝိဇ္ဇာ သည် ကေန်ချုပ်၏။ ထို့ကြောင့် "အဝိဇ္ဇာနိရောဓာ" အရ အဝိဇ္ဇာချုပ်မှုသည် ကေန္တ ရှိသော ဘာဝမှုပဟုသိအပ်၏။ အရူပပုဂ္ဂိုလ်သည် နာမ်ရှိသည့်အတွက် ဘာဝမှန်၏။ ရုပ်မရှိသည့်အတွက် အဘာဝဆိုရ၏။ အသညသတ်ပုဂ္ဂိုလ်သည် ရုပ်တရားအတွက် ဘာဝမည်၏။ နာမ်တရားအတွက် အဘာဝမည်၏။ ထို့အတူ အဝိဇ္ဇာချုပ်မှု ကေန်ရှိ သည့်အတွက် ဘာဝမှန်၏။ အဝိဇ္ဇာမရှိသည့်အတွက် အဘာဝမှန်၏။ အဘာဝဖြစ်၍ မကြိုက်ပါသည် ဟူသောစကား၌ ထိုသံသရာစက်ပြတ်မှု၊ ချုပ်ငြိမ်းမှုမှာ တစ်စုံတစ်ခု သော ဝတ္ထုအထည်မျိုးမရှိသည့်အတွက်နှင့် အဘာဝဆိုသတည်း။

ချုပ်မှုရှိသည်ကား အမှန်ဖြစ်၏။ ချုပ်မှုရှိကြောင်းထင်ရှားပြီ။ ဘာဝဖြစ် ကြောင်း ထင်ရှားပြီ။ ဝေါဟာရမတ္တ မဟုတ်။ ပရမတ္ထသဘာဝဓာတ်တစ်ပါး ဖြစ် ကြောင်း ထင်ရှားပြီ။ "ချုပ်မှုဆိုသည်" ကား -"ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓ ဿ နိရောဓော ဟောတိ" ဟူသော ဒေသနာတော်မြတ်နှင့် အညီ "ဒုက္ခတုံး"၊ "ဒုက္ခ မီး" တို့၏ အဘာဝပင်တည်း။

## အဘာဝချုပ်ငြိမ်းမှု၏ အကြီးအကျယ် ကိုးကွယ်ရာဌာနကြီးဖြစ်ပုံ

ယခုအခါ ထိုအဘာဝဟု ဆိုအပ်သော ချုပ်ငြိမ်းမှု၏ အကြီးအကျယ် ကိုးကွယ်ရာဌာနကြီးဖြစ်ကြောင်းကို ပြဆိုပေအံ့။

သတ္တဝါတို့ သန္တာန်မှာ အဝိဇ္ဇာအမှူးရှိသော တစ်ထောင့်ငါးရာသော ကိလေ သာ ဓမ္မ အကုသိုလ်အထုတို့သည် အသီးသီးရှိကြကုန်၏။ ကိလေသာ ချုပ်မှုဟူသည်

http://www.dhammadownload.com



ဓာတ် သဘာဝ ပရမတ္ထဓမ္မမျိုးမဟုတ်ဘဲ၊ ဝေါဟာရမတ္တ စကားမျှသာရှိသည်ဖြစ်ခဲ့အံ့၊ သတ္တဝါ အပေါင်းတို့အား ဘယ်လိုပင် အကျင့်ကောင်းသော်လည်း မိမိသန္တာန် ကိလေသာဓမ္မတို့၏ ချုပ်မှုဟူ၍ မရှိသည်သာဖြစ်ရာ၏။ မြစ်ရေအလျဉ်ကဲ့သို့ အစဉ် ထာဝရ ဖြစ်၍သာ နေရာ၏။ ကုသိုလ်စိတ်ဖြစ်ခွင့်ဟူ၍ မရှိနိုင်တော့၍ လူဟူ၍၊ နတ်ဟူ၍၊ ဗြဟ္မာဟူ၍ တစ်စုံတစ်ယောက်မျှမရှိရာ။ အပါယ်ဘုံသားချည်းသာဖြစ်ရာ၏။ ဤသို့ ကား မဟုတ်။ **ကိလေသာချုပ်မှုဟူသည် ဧကန္တရှိသော ဓာတ်သဘာဝ ပရမတ္ထ ဓမ္မမျိုး** ဖြစ်သောကြောင့်ပင်

- **တဒင်္ဂချုပ်မှုကို ခိုကိုး၍ လူဖြစ်ပေါက်၊ နတ်ဖြစ်ပေါက်ကို လုပ်ကြံကြရ၏။**
- **ဝိက္ခမ္ဘနချုပ်မှုကို ခိုကိုး၍ ဗြဟ္မာဖြစ်ပေါက်ကို လုပ်ကြံကြရ၏။**
- ထိုတဒင်္ဂချုပ်မှု၊ ဝိက္ခမ္ဘ နချုပ်မှုကို ခိုကိုး၍ အရိယာသာဝက ဖြစ်ပေါက်၊ ပစ္စေက ဗုဒ္ဓါဖြစ်ပေါက်၊ သဗ္ဗညုဘုရား ဖြစ်ပေါက်ကို လုပ်ကြံကြရ၏။

ထိုသို့သောချုပ်မှု ပရမတ္ထအားဖြင့် ထင်ရှားရှိပေသည့်အတွက်ကြောင့် လောက၌ လူဟူ၍ ရှိကြသည်။ နတ်ဟူ၍ ရှိကြသည်။ ဗြဟ္မာဟူ၍ ရှိကြသည်။ ဘုရား ပစ္စေကဗုဒ္ဓါအရိယာ ရှိကြလေသည်။

(ဤသို့စကားရပ်များဖြင့် တစ်ထောင့်ငါးရာကိလေသာအပြည့်နှင့် နေကြသော သတ္တဝါတို့မှာ ကိလေသာချုပ်မှုသည် အကြီးအကျယ် ကိုးကွယ်ရာကြီး ဖြစ်ကြောင်း ပြဆိုသောစကားတည်း။ ထို့အတူ လောက၌ မျက်စိရောဂါ ဖြစ်နေသောသူမှာ မျက်စိရောဂါချုပ်မှုသည် ကိုးကွယ်ရာအစစ်ကြီး ဖြစ်သကဲ့သို့တည်း။)

ဤမျှသော အရိပ်အမြွက်ပြဆိုချက်ဖြင့် တစ်ထောင့်ငါးရာ ကိလေသာဘေး၊ ကိုးဆယ်ခြောက်ပါးသော အနာရောဂါဘေး အစရှိသည်တို့နှင့် ကျင်လည်၍ နေကြရကုန်သော သတ္တဝါတို့မှာ ချုပ်ငြိမ်းမှု အသီးသီး ရှိကြပေ၍သာ ကိုးကွယ်ရာ ရှိကြတော့သည်။ ချုပ်ငြိမ်းမှုဟူ၍ မရှိက ကိုးကွယ်ရာရခွင့်မရှိပြီ ဟူသော အနက်ကိုသိကြရသဖြင့် ထိုသို့သော နိရောဓမှု၊ အဘာဝမှုတို့မှာ အလွန်မွန်မြတ်သော ဂုဏ်ကျက်သရေ အနန္တရှိကြောင်းများသည် ထင်ရှားသိသင့်လေပြီ။

http://www.dhammadownload.com



## အသင်္ခတ နိဗ္ဗာန အဘာဝမှုကြီး

ယခုအခါ အသင်္ခတဖြစ်သော နိရောဓမှုကြီး၊ အဘာဝမှုကြီးကို ကွက်ခြား၍ ပြဆိုပေအံ့။

အမြင့်ယူဇနာ တစ်ရာခန့်ရှိသော သံစက်ဘီးကြီးတစ်ခုသည် အောက်အရပ်၌ ရှိသော သမုဒ္ဒရာထဲ၌ ယူဇနာငါးဆယ် မြုပ်၍ အနှစ်နှစ်ရာမှာမှ တစ်ပတ်၊ တစ်ပတ် ရရုံ အမြဲလည်နေ၏။

- ဤ "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ" အစရှိသဖြင့် ဟောတော်မူအပ် သော **သံသရာစက်ကြီးသည်ကား - ထိုသံစက်ဘီးကြီးနှင့် တူလှ၏။**
- **သုဂတိဘုံစုသည် ထိုသံစက်ဘီးကြီး၏ အထက်ယူဇနာငါးဆယ်** အဖို့နှင့် တူလှ၏။
- **အပါယ်လေးဘုံစုသည် အောက်ယူဇနာငါးဆယ်အဖို့နှင့် တူလှ၏။**
- **ပုထုဇဉ်တို့သည် "ထိုသံစက်ဘီးကြီး" မှာပါရှိသော "သတ္တဝါစု" နှင့်** တူ၏။
- အဝိဇ္ဇာတဏှာနှင့်တကွသော ငါ, ငါ, ငါဟု ထင်မြင် စွဲလမ်းသော သက္ကာယဒိဋ္ဌိကြီးသည် ထိုသူတို့မှာ ဖွဲ့ချည်၍နေသော "ကြိုးလွန်" နှင့်တူ၏။

## သံစက်ဘီးကြီးပမာ အပါယ်ဘေးများစွာ

ထိုသံစက်ဘီးကြီးမှာ ပေါ်လှည့်ကျသောသူတို့သည် တစ်နေ့ထက်တစ်နေ့ မြုပ်ခွင့်သို့ နီးနီးသွားသလို၊ မြုပ်လှည့်ကျသောသူတို့သည်လည်း တစ်နေ့ထက်တစ်နေ့ ပေါ်ခွင့်သို့ နီးနီးသွား၏။

ထို့အတူ သံသရာစက်မှာလည်း လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်မှာ အလှည့်ကျကုန်သော ပုထုဇဉ်သတ္တဝါ ဗြဟ္မာ၊ နတ်၊ လူတို့မှာ အပါယ်ကျခန်းသို့ တစ်နေ့ထက် တစ်နေ့ နီး၍သွားလေ၏။ အဘယ်ကြောင့်နည်းဟူမူ ရင်ထဲမှာ သက္ကာယဒိဋ္ဌိ ပါရှိလျက်နေသဖြင့် "အပါယ်တံခါးဟင်းလင်း" နှင့် "အပါယ်စာရင်းမပျက်ချေ" သော ကြောင့်တည်း။

ထို့တူ အပါယ်အလှည့်ကျကုန်သော သူတို့မှာလည်း သုဂတိသို့ လားခွင့် နီးမူ ရှိနေသည်သာတည်း။ အဘယ်ကြောင့်နည်းဟူမူ ကုသိုလ်အခွင့်လည်း ရှိပြန်သော ကြောင့်တည်း။

http://www.dhammadownload.com



သို့သော်လည်း အပါယ်သို့ တစ်ခါကျမိလျှင် ငရဲအမျိုးမျိုး၊ ပြိတ္တာအမျိုးမျိုး၊ တိရစ္ဆာန်အမျိုးမျိုး ဘဝတွေ ဆက်လက်၍ နေသူသာ များလှချေ၏။ အဘယ်ကြောင့်နည်းဟူမူ ဘဝများစွာ ကမ္ဘာအဆက်ဆက်၌ အမိုက်မိုက်၊ အမှားမှား ဒုစရိုက်တရားနှင့် လာခဲ့သော ဘဝတို့သာ များကြသဖြင့် တစ်ယောက်ယောက်မှာ အပါယ်ကျရန် အပရာပရိယကံပေါင်း အသင်္ချေ အနန္တပါရှိလျက် နေကြသောကြောင့်တည်း။

## ခြ၊ ပုရွက်တို့နှင့်နှိုင်းစာက သုဂတိဘဝ၏ မပြောပလောက်ပုံ

သုဂတိဘုံသို့ ရောက်မှုမည်သည် သေခါနီးအခါ၌ ကုသိုလ်စိတ်ဝင်စား၍ သေမှ ရောက်နိုင်သည်ဟု ဟောတော်မူသည်။ အပါယ်ဘုံသားတို့အား ကုသိုလ်စိတ်ဝင်စားနိုင်ရန်အခွင့် ဘယ်မျှလောက်နည်းပါးသည်ဟု ဆင်ခြင်ကြပါကုန်။ ထို့ကြောင့် အပါယ်သို့ တစ်ခါကျရောက်သွားခဲ့လျှင် သုဂတိသို့ပြန်လာနိုင်ရန် အခွင့်သည် အလွန်ခဲယဉ်းလှပေသတည်း။ နတ်၊ ဗြဟ္မာတို့၏ အရေအတွက်သည် တစ်ခုသော တောင်မှာ ရှိသည့် "ခြ" အရေအတွက်၊ တစ်ခုသောတောမှာ ရှိသည့် "ပုရွက်ဆိတ်" အရေအတွက်လောက်မျှရှိမည်မဟုတ်သည်ကိုကြည့်၍ ပုထုဇဉ်သတ္တဝါတို့သည် လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာ့ဘဝ အနည်းငယ်နှင့် အပါယ်ဘဝသာ အသင်္ချေယျအနန္တများပြား၍ နေကြပုံကို သိကြကုန်ရာ၏။

## အဝိဇ္ဇာချုပ်မှုတစ်ခုသည်သာ ပုန်းအောင်းကိုးကွယ်ရာဖြစ်ပုံ

ထိုကဲ့သို့သော သံသရာဘေးကြီးကို သိမြင်၊ ကြောက်လန့်ကြကုန်သော ပညာရှိတို့သည် ထိုဘေးကြီး အနန္တမှ လွတ်ကင်းနိုင်ရန် အခွင့်ကို ရှာကြကုန်သည်ရှိသော် မိမိတို့သန္တာန်မှာရှိသော အဝိဇ္ဇာချုပ်မှုမှတစ်ပါး လွတ်ကင်းခွင့်မရှိဟု သိကြလေကုန်၏။ အဝိဇ္ဇာကို အဆုံးတိုင်ချုပ်အောင် အားထုတ်ခဲ့လျှင် အဝိဇ္ဇာချုပ်မှု ဧကန်ရှိပေ၍သာလျှင် ထိုဘေးကြီးမှ လွတ်ခွင့်ရနိုင်ကြကုန်သတည်း။

ထို့ကြောင့် အဝိဇ္ဇာချုပ်မှုတစ်ခုသည်သာလျှင် အနမတဂ္ဂသံသရာ၌ ပညာရှိအနန္တတို့၏ ကိုးကွယ်ရာကြီးအမှန်ဖြစ်၏။ ထိုသံသရာဘေးကြီးအနန္တကို ကြောက်လှ၍ ကိုးကွယ်ရာကို ရှာသော် ထိုအဝိဇ္ဇာချုပ်မှုတစ်ခုသာ ကိုးကွယ်ရာရှိ၏။ ပုန်းအောင်းရာကို ရှာသော် ထိုအဝိဇ္ဇာချုပ်မှုတစ်ခုသာလျှင် ပုန်းအောင်းရာရှိ၏။ လဲလျောင်းရာကို ရှာသော် ထိုအဝိဇ္ဇာချုပ်မှု တစ်ခုသာလျှင် လဲလျောင်းရာရှိ၏။

http://www.dhammadownload.com



လူချမ်းသာ၌ အလွန်ဆုံးဖြစ်သည့် လေးကျွန်းလုံးကို အစိုးရသောစကြာမန္ဓာတ်မင်း ချမ်းသာသည်ပင်လျှင် အနိစ္စဓမ္မဖြစ်၍ အဆုံးမှာ ငရဲဘေး၊ ပြိတ္တာဘေး၊ အသူရကာယ်ဘေး၊ တိရစ္ဆာန်ဘေး အနန္တဆက်လျက်ရှိ၏။

အဝိဇ္ဇာချုပ်မှုသည်ကား ထို ငရဲ, တိရစ္ဆာန်, ပြိတ္တာဘေး အနန္တကို အကုန်ချုပ်ငြိမ်းစေနိုင်၏။ ထို့ကြောင့် အဝိဇ္ဇာချုပ်ငြိမ်းမှု သုခသည် စကြာမန္ဓာတ်မင်း သုခထက် အဆအသချေ လွန်မြတ်၏။

အဝိဇ္ဇာချုပ်မှုသည်လည်း ချုပ်သောအခါမှစ၍ **နိစ္စဖြစ်၍ တည်**၏။ အနမ တဂ္ဂပင်ကြာသော်လည်း ပျက်သည်ဟူ၍ မရှိပြီ။ ချုပ်မှုကွယ်ပျောက်ပျက်ဆုံး၍ အဝိဇ္ဇာတစ်ဖန်ပေါ်လာပြန်သည်ဟူ၍ မရှိပြီ။ သံသရာဝဋ္ဋဒုက္ခမှ ပေါ်၍လာပြန်သည်ဟူ၍ မရှိပြီ။ ခွေး၊ ဝက်၊ ကြက်၊ ငှက်စသည် ဖြစ်ရပြန်သည် ဟူ၍ မရှိပြီ။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ရောက်ရပြန်သည်ဟူ၍ မရှိပြီ။

ဤသို့ စကြာမန္ဓာတ်မင်းသုခသည် အနိစ္စဘေး အုပ်စိုးလျက်ရှိသောကြောင့် အမြဲလျှင် အနိစ္စလက်နက်နှင့် ပျက်ပြုန်းဆုံးပါးရသော ဒုက္ခမျိုးဖြစ်၏။

အဝိဇ္ဇာချုပ်မှုသည်ကား - ထိုအနိစ္စဘေးကို သတ်နိုင်သော သုခမျိုးအစစ် ဖြစ်၏။ (နတ်မင်း၊ သိကြားမင်း၊ ဗြဟ္မာမင်းချမ်းသာတို့ကိုလည်း ထို့အတူဆိုလေ။)

စကြာမန္ဓာတ်မင်း၏ မင်းချမ်းသာဆိုရာမှာလည်း ရှေး၌ပြဆိုခဲ့ပြီးသော သေသောက်ကြူးဥပမာကဲ့သို့ ထိုချမ်းသာကို သာယာတတ်သော တဏှာရာဂ ဓာတ်ခံရှိသောသူတို့မှာ ချမ်းသာသုခ ထင်မှတ်ကြရသည်။ အနာဂါမ်၊ ရဟန္တာ ဥပမာကဲ့သို့ နေက္ခမ္မဓာတ်ခံ ရှိသောသူတို့မှာ ရွံဖွယ်၊ စက်ဆုပ်ဖွယ်၊ ကြောက်လန့်ဖွယ်သာ ဖြစ်၏။

## မန္ဓာတ်မင်းချမ်းသာ ကိလေသာမီးပွားရာ မီးစာ၊ ထင်း၊ အမှိုက်ဥပမာ

စကြာမန္ဓာတ်မင်း စည်းစိမ်ချမ်းသာမည်သည် အဝိဇ္ဇာ၊ တဏှာ၊ သက္ကာယဒိဋ္ဌိ အစရှိသော တစ်ထောင့်ငါးရာ ကိလေသာမီးတို့၏ ပွားစီးတောက်လောင်ရာ “မီးစာ၊ ထင်း၊ အမှိုက်တို့သာ ဖြစ်ကြကုန်၏။ အဝိဇ္ဇာချုပ်မှု သည် ခပ်သိမ်းသော ကိလေသာ မီးတို့ကို သတ်နိုင်၏။ ငြိမ်းစေနိုင်၏။

စကြာမန္ဓာတ်မင်းစည်းစိမ်မည်သည် တဏှာတည်းဟူသော အငတ်ရောဂါကို လွန်စွာ ပွားစီးစေတတ်၏။ အဝိဇ္ဇာချုပ်မှုသည် တဏှာတည်းဟူသော အငတ်နာ၊ အငတ်ရောဂါကြီးကို အပြီးပျောက်စေနိုင်၏။

http://www.dhammadownload.com



## အင်္ဂတေနာ အင်္ဂတေရောဂါကြီး စွဲကပ်သူ ဥပမာ

သတ္တဝါတို့သည် အနမတဂ္ဂသံသရာမှာ တဏှာတည်းဟူသော အင်္ဂတေနာကြီး၊ အင်္ဂတေရောဂါကြီး စွဲကပ်လာကြသည့်အတွက်ကြောင့် ယခုဘုရားသာသနာနှင့် တွေ့ကြုံကြသော အခါမှာပင် ကာမဂုဏ်ဟူသော ဝေဒနာ၊ မွတ်စာကို မလွန်နိုင်ရှိနေကြကုန်၏။ ထိုအနာကြီး၏ အမြစ်များကား အဝိဇ္ဇာတည်း။ ထို့ကြောင့် အဝိဇ္ဇာချုပ်မှုသည် ထိုအင်္ဂတေနာကြီးကို ပျောက်ငြိမ်းစေနိုင်သတည်း။

ဤမျှသောစကားရပ်ဖြင့် ပဋိလောမပဋိစ္စသမုပ္ပါဒ် ဒေသနာတော်မြွက်လာ အဝိဇ္ဇာ - နိရောဓ ဟူသော နိရောဓတရား၏ -

- အလွန်တရာထင်ရှားသော ပရမတ္ထဓမ္မကြီး အသီးအခြားဖြစ်ပုံ
- အတုမရှိလွန်မြတ်သော ခေမ္မသုခ၊ ပရမသုခကြီးဖြစ်ပုံ
- ချီးမွမ်းအံ့ဩဖွယ် အနန္တ၊ မွန်မြတ်လှသော ဂုဏ်ကျက်သရေတို့နှင့် ပြည့်စုံပုံ
- ပညာရှိသူတော်ကောင်းတို့၏ ကိုးကွယ်ရာ၊ ပုန်းအောင်းရာ၊ လဲလျောင်းရာကြီးစင်စစ်ဖြစ်ပုံ တို့ကို ပြဆိုသောအခန်းတည်း။

## ဂုဏ်ကျက်သရေအမြင် ကွဲပြားချက်

ဂုဏ်ကျက်သရေဆိုသည်မှာလည်း - တဏှာစာတ်ခံရှိသူတို့၏ တဏှာအကြိုက်ဖြစ်သော ဂုဏ်ကျက်သရေတို့မည်သည် အိပ်မက်တွင်းမှာ မြင်သောရွှေဘုံ၊ ရွှေနန်း၊ ရွှေပြာသာဒ်၊ ရွှေတောင်ကြီးတွေ နမူနာနှင့်တူ၏။ အိပ်မက်စိတ်ရှိတုန်းအခါ၌ ပျော်မြူးလိုက်ရ၏။ အိပ်မက်စိတ်ချုပ်ကွယ်လျှင် ကွယ်ပျောက်၍ကုန်၏။

ထို့အတူ ဂုဏ်ကျက်သရေတို့သည်လည်း မရဏာမီးနှင့် မဆုံမီသာ ကြည်လင်စွာ ချီးမွမ်းပြောပကြရကုန်၏။ ဘုန်းကြီးပျံမှာ အကြီးအကျယ် လုပ်ဆောင်ခင်းကျင်းကြသော လောင်တိုက်တလား ရထားပြာသာဒ်တို့နှင့်လည်း တူကုန်၏။ မီးမရှို့မီ မီးစာတွေကို ကြည်ညိုအံ့ဩ ပြောဆိုချီးမွမ်းကြရကုန်၏။

သံသရာဘေးကြီးကို မြင်နိုင်သော ပညာရှိ သူတော်ကောင်းတို့မှာကား ကိလေသာအညစ်အကြေး၊ ကိလေသာမီးတို့မှ ကျွတ်မှု၊ လွတ်မှု၊ ကျွတ်လမ်း၊ လွတ်လမ်း ဟုတ်မှန်မှသာလျှင် ဂုဏ်ကျက်သရေဟု ထင်မြင်ကုန်၏။ ထင်ရှားအောင် ဆိုဦးအံ့-စကြာမန္တာတ်မင်းကြီးကို မြင်ရာ၌ -

http://www.dhammadownload.com



"တဏှာသမား"တို့သည်

- အကြီးအကျယ် ချီးမွမ်းဖွယ်ကိုသာ မြင်ကြကုန်၏။
  ထိုသို့ဖြစ်လိုကြကုန်၏။

"ပညာသမား"တို့သည်

- ကိလေသာမီးတောက်မီးလျှံတွေကိုလည်းကောင်း
- ဇရာ-မရဏ မီးတောက်မီးလျှံတွေကိုလည်းကောင်း
- အပါယ်မီးနှင့် တစ်စပ်တည်းဆက်၍ နေသည်ကိုလည်းကောင်း မြင်ကြကုန်၏။

**တဏှာသမားတို့သည်-**

"ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ" ၏အရဖြစ်သော ဒုက္ခပွားမှု ဟုဆိုအပ်သော သမုဒယနယ်၌သာ ချီးမွမ်းဖွယ်ကို ထင်မြင်နိုင်ကုန်၏။

**ပညာသမားတို့သည်ကား**

"ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ" ၏အရဖြစ်သော ဒုက္ခချုပ်မှု ဟုဆိုအပ်သော နိရောဓနယ်၌သာ ချီးမွမ်းဖွယ်ကို ထင်မြင်နိုင်ကုန်၏။

အဘယ်သို့ ထင်မြင်ကြကုန်သနည်း ဟူမူ -

တစ်ခုတစ်ခုသော ကိလေသာသည်ပင်လျှင် ထိုသတ္တဝါကို ကမ္ဘာအဆက်ဆက်၌ အပါယ်လေးပါးမှ သုဂတိဘုံသို့ မပေါ် လာရအောင်၊ အပါယ်လေးဘုံမှာ တစ်မြုပ်တည်း မြုပ်၍နေအောင် တတ်နိုင်ကြလေရာ၊ တစ်ထောင့်ငါးရာကိလေသာ အတွက်နှင့်မူကား ကမ္ဘာအဆက်ဆက် အပါယ်မှ တက်ခွင့်ရနိုင်စရာမရှိတော့ချေ။

ထိုသို့ ဖြစ်ပါလျက်

- လူပြည်၊ နတ်ပြည်၊ လူချမ်းသာ၊ နတ်ချမ်းသာ ဟုရှိပြန်ရသည်ကား "တဒင်္ဂနိရောဓ" ၏ ကျေးဇူးပေတည်း။
- ဗြဟ္မာပြည်နှစ်ဆယ်ဟု ရှိပြန်ရသည်ကား "ဝိက္ခမ္ဘနနိရောဓ" ၏ ကျေးဇူးပေတည်း။
- "တဒင်္ဂနိရောဓ" ဟုဆိုအပ်သော ကိလေသာချုပ်မှု ရှိပေသောကြောင့် ဒါန ပြုခွင့်ရပေသည်။ သီလ၊ သီတင်းဆောက်တည်ခွင့်ရပေသည်။

http://www.dhammadownload.com



- "ဝိက္ခမ္ဘနနိရောဓ" ဟုဆိုအပ်သော ကိလေသာချုပ်မှုရှိလေသော ကြောင့် ပြဟ္မာဖြစ်ရန် ဘာဝနာတရား ပွားခွင့်ရပေသည်။ ဘုရားပါရမီ၊ ပစ္စေက ဗုဒ္ဓါပါရမီ ဖြစ်ခွင့်ရပေ သည်။
- "သမုစ္ဆေဒနိရောဓ" ဟုဆိုအပ်သော ကိလေသာချုပ်မှု ရှိပေသောကြောင့် ဘုရား၊ ပစ္စေကဗုဒ္ဓါ ရဟန္တာ ဖြစ်ခွင့်ရပေသည်။

ထိုအလုံးစုံသော လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ပြဟ္မာ့ချမ်းသာ၊ ဘုရား ပစ္စေက ဗုဒ္ဓါ အရိယာသာဝက ဖြစ်မှုအစုသည် ကိလေသာချုပ်ပေါက်က ထွက်၍ ဖြစ်ကြရလေ၏။

နိရောဓဟူသော "ချုပ်ဓာတ်" မရှိ သမုဒယဟူသော "ဖြစ်ပွားဓာတ်" သာရှိခဲ့ ငြားအံ့။ ဘုရား၊ ပစ္စေကဗုဒ္ဓါ အရိယာသာဝကအဖြစ်မှာ ဝေးလေစွ။ လူဟူ၍၊ နတ်ဟူ၍၊ ပြဟ္မာဟူ၍ တစ်စုံတစ်ယောက်မျှ ပေါ်ပေါက်ခွင့် ရရန်မရှိပြီ။

ဤစကားရပ်ဖြင့်-

- လူပြည်၊ နတ်ပြည်မှာ ရှိသမျှသော ဂုဏ်ကျက်သရေစုသည် "တဒင်္ဂ နိရောဓ" ၏ ဂုဏ်ကျက်သရေစုပေတည်း။
- ပြဟ္မာ့ပြည်မှာ ရှိသမျှသော ဂုဏ်ကျက်သရေစုသည် "ဝိက္ခမ္ဘနနိရောဓ" ၏ ဂုဏ်ကျက်သရေစုပေတည်း။
- အလောင်းအလျာတို့၏ ဂုဏ်ကျက်သရေစုသည် ထိုနိရောဓနှစ်ပါး၏ ဂုဏ်ကျက်သရေစုပေတည်း။
- ဘုရား၊ ပစ္စေကဗုဒ္ဓါ အရိယာတို့၏ ဂုဏ်ကျက်သရေစုသည် "သမုစ္ဆေဒ နိရောဓ" ၏ ဂုဏ်ကျက်သရေစုပေတည်း။

အသင်္ခတ-နိရောဓ၏ ဂုဏ်သရေမှာမူကား -

- ယခုအခါ၌ပင် နိဗ္ဗာန်သာ ချမ်းသာသည်၊ နိဗ္ဗာန်သာမြတ်သည် အစရှိ သော စကားတို့ဖြင့်လည်းကောင်း၊
- နိဗ္ဗာန်ကို ရရပါလို၏၊ ရောက်ရပါလို၏၊ မျက်မှောက်ပြုရပါလို၏ အစရှိ သော နိဗ္ဗာန်ဆုတောင်းပတ္ထနာပြုခြင်းတို့ဖြင့် လည်းကောင်း၊

လူ့ပြည်မှာ တအုံးအုံး၊ နတ်ပြည်၊ ပြဟ္မာ့ပြည်မှာ တအုံးအုံး နေကြသည်ကား ထင်ရှားပါ၏ ဟူသော အဓိပ္ပာယ်ကို ပြဆိုပေသည်။

နိရောဓဓာတ်မျိုး၏ ဂုဏ်ကျေးဇူးကို ဤသို့သိမြင်ရာ၏။

http://www.dhammadownload.com



ညောင်ပင်ကြီးတွေကို မြင်က ညောင်စေ့ငယ်၏ကြီးကျယ်မှုကို သိသကဲ့သို့တည်း။

## အမှိုက်၏ငယ်နိုင်-မီး ဥပမာလို သမုဒယစာတ်၏ငယ်နိုင်-နိရောဓဓာတ်

"ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ" ဟူ၍ ဟောတော်မူသော **"သမုဒယဓာတ်ကြီး"** ကို "ဧဝ မေတဿ --(ပ)-- နိရောဓော ဟောတိ" ဟူ၍ ဟောတော်မူသော **"နိရောဓဓာတ်ကြီး"** တစ်ခုသည်သာ ငယ်နိုင်ဖြစ်၏။ 'အမှိုက်' ကို 'မီး' သည်သာ ငယ်နိုင်၏။ အမှိုက်ပုံ တောင်ပုံ၊ ရာပုံကြီးသော်လည်း၊ မီးတစ်ပွင့်ကျက ခဏမကြာ ပြာပုံဖြစ်ရ၏။ ဤဥပမာအတူ "သမုဒယဓာတ်ကြီး" မှာ "နိရောဓဓာတ်" သည်သာ ငယ်နိုင်စင်စစ်ဖြစ်သတည်း။

အနမတဂ္ဂသံသရာ၌ လူသတ္တဝါ၊ နတ်သတ္တဝါ၊ ဗြဟ္မာသတ္တဝါ ကမ္ဘာအဆက်ဆက် ဖြစ်မှုကို မြင်သဖြင့် တဒင်္ဂနိရောဓ၊ ဝိက္ခမ္ဘနနိရောဓဓာတ် ကြီးကျယ်မှုကို သိလေ။ အနမတဂ္ဂသံသရာ၌ ဘုရားအနန္တ၊ ပစ္စေကဗုဒ္ဓါအနန္တ၊ အရိယာသာဝကအနန္တတို့ ဖြစ် ကြသည်ကိုမြင်သဖြင့် သမုစ္ဆေဒနိရောဓ၊ နိဿရဏ နိရောဓဓာတ် ကြီးကျယ်မှုကို သိလေ။

အမှိုက်နှင့် မီးဥပမာကဲ့သို့ သမုဒယဓာတ်ကို နိရောဓဓာတ်သည် ငယ်နိုင်ဖြစ်ခဲ့အံ့၊ သတ္တဝါတို့သည် သံသရာဝဋ်မှ ကျွတ်ခွင့်လွတ်ခွင့် အလွန်လွယ်ကုန်ရာပါ၏။ **အဘယ်ကြောင့် မကျွတ်နိုင်ကြဘဲ အနမတဂ္ဂရှည်ကြာအောင် သံသရာ၌ မျောပါ၍** နေကြကုန်သနည်း ဆိုငြားအံ့၊ ဤသို့သောဥပမာဖြင့် ဖြေဆိုရာ၏။

## နူနာစွဲသူဥပမာ သံသရာရှည်ကြာမျောရပုံ

တစ်ကိုယ်လုံးမှာ နူနာစွဲနေသော လူတစ်ယောက်သည် ရှိ၏။ နေ့စဉ်သုံးလ စားလျှင် အကုန်ပျောက်၍ ပကတိအနေဖြစ်စေနိုင်သော ဓာတ်ဆေးလည်း ရှိ၏။ ထိုသူမူကား ခါးသည်ဟု ဆေးကိုလည်း နေ့မှန်မစား၊ ရှောင်အပ်သည်ကိုလည်းမရှောင် အသက်ထက်ဆုံး အနူဘဝမှ မလွတ်လေ။ ဆေးအစွမ်းကောင်းလှသည့် အတွက် ဆေးစားသောနေ့ရက်မှာ သက်သာခွင့်ရ၏။ သက်သာခွင့်ရလျှင် ဆေးကိုပစ်ထား၍မသင့်သောအစားအစာကို စားလိုက်ပြန်၏။ အနူဘဝနှင့်ပင် နေရလေ၏။ ဤ၌ ဆေးကို ဆိုဖွယ်မရှိ။ ထိုသူကိုသာ.ဆိုဖွယ်ရှိသတည်း။

http://www.dhammadownload.com



အနမတဂ္ဂသံသရာမှာ သတ္တဝါတို့၏စိတ်သည် ရာဂနူနာအမြဲစွဲ၍ လာကြ၏။ စိတ်နူနာကြီးစင်စစ်တည်း။ လူဖြစ်ရှုံ၊ နတ်ဖြစ်ရှုံ၊ ပြဟ္မာဖြစ်ရှုံ နိရောဓဆေးကို တစ်ခါတစ်ရံမျှသာ မှီဝဲကြကုန်၏။ သမုစ္ဆေဒဆိုက်အောင် မမှီဝဲကြ။ နူနာငန်းထမှုကြောင့် အပါယ်ဒုက္ခနှင့် နေရစဉ်အခါတို့၌လည်း ဆေးကို အမှတ်မရနိုင်။

လူ၊ နတ်၊ ပြဟ္မာဖြစ်စဉ်အခါတို့၌လည်း ဆေးခွင့်က နည်းပါး၍ စိတ်နူနာပွားများရန် အခွင့်ကိုသာ လိုက်စားကြကုန်၏။ ထို့ကြောင့် အနမတဂ္ဂ သံသရာကာလသာ ရှည်ကြာ၍ စိတ်နူနာ မပျောက်ဘဲ ရွှဲရွှဲစို ပွက်ပွက်ဆူဆူ ငန်းမန်းတွေတလူလူနှင့်သာ နေကြရကုန်သတည်း။ နိရောဓဓာတ်ဆေးကို ဆိုဖွယ်မရှိပြီ။

အနမတဂ္ဂ ကာလကြာမြင့်၍လာခဲ့သော နူနာကို အစားအစာ၊ အပြုအမူ၊ ရှောင်ဖွယ်ရှားဖွယ်ကို စင်ကြယ်စွာ ရှောင်ရှား၍ ဘာဝနာတရားဖြင့် နိရောဓဆေးမြတ်ကို နေ့မပြတ် ရက်မခြား စွဲမြဲ၍ စားနိုင်ပါမူကား-ယခုဘဝ၊ ယခုဘုရားသာသနာမှာပင် စိတ်နူနာ ပျောက်ငြိမ်းခွင့် ရှိပါ၏။

ယခုပြုလုပ်၍နေကြသည်မှာကား-ဒါန၊ သီလ၊ ဘာဝနာ အတုအပ၊ တဒင်္ဂနိရောဓကိုမျှ အတုအပသာ ပြုကြကုန်သည်။ စိတ်နူနာတိုးပွားရန် သမုဒယကိစ္စနှင့်သာ နေ့ကုန်ရက်မျော တသောသော နေကြကုန်သည်။

ဤကား နိရောဓဓာတ်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိပေသည့်အတွက်ကြောင့် သမုဒယဓာတ်ကို သတ်ဖြတ်၍ သံသရာစက်မှ ထွက်ပေါက်ပေါ်နိုင်ကြောင်းကို ယုတ္တိအရပ်ရပ်နှင့် အထပ်ထပ် ပြဆိုခြင်းပေတည်း။

(ဤတွင်ရွေ့ကား-"အဝိဇ္ဇာယတွေဝ အသေသ --(လ)-- ဧဝမေတဿကေဝလဿဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ" ဟူသော ဒေသနာမြတ်အရ ပဋိလောမပဋိစ္စသမုပ္ပါဒ် နိရောဓဓာတ်ကြီးကို ပြဆိုခန်းပြီး၏။)

http://www.dhammadownload.com



# ကျမ်းကိုးစာရင်း

၁။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော် - မြန်မာပြန်

၂။ လယ်တီဆရာတော်ဘုရားကြီး၏
- ပဋိစ္စသမုပ္ပါဒ် ဒီပနီကျမ်း။
- ပရမတ္ထသံခိပ်ကျမ်း။

၃။ မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး၏
- မဟာဗုဒ္ဓဝင်ကျမ်း (ပဉ္စမတွဲ)
- ပရမတ္ထသံခိပ်အဖြေ စကားပြေကျမ်း

၄။ မိုင်းခိုင်းဆရာတော်ဘုရားကြီး၏
ဝီထိပုံ၊ ဘုံစဉ်၊ ဆန်းပုံ၊ သိမ်ပုံ၊ ပဋိစ္စသမုပ္ပါဒ်အမြွက်ကျမ်း

၅။ မိုးညှင်းဆရာတော်ဘုရားကြီး၏
ပဋိစ္စသမုပ္ပါဒ်ကျင့်စဉ်ကျမ်း

၆။ မိုးညှင်းသမ္ဗုဒ္ဓေ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုမန၏
သိကျင့်စရာ ဓမ္မကထာ (၂)

၇။ ဒီပဲယင်းဆရာတော်ဘုရားကြီး၏
ပရမတ္ထစက္ကူကျမ်း

၈။ မြို့မိဆရာတော်ဘုရားကြီး၏
ဝိပဿနာဓာတ်ပညာကျမ်း

၉။ ညောင်လေးပင်တောရဆရာတော်ဘုရားကြီး၏
ပဋိစ္စသမုပ္ပါဒ်အရသာ

၁၀။ မိုးကုတ်ဆရာတော်ဘုရားကြီး၏
သစ္စာလေးပါးတရားတော် (အမှတ်စဉ် - ၃၂)

http://www.dhammadownload.com



၁၁။ မဟာစည်ဆရာတော်ဘုရားကြီး၏
- ပဋိစ္စသမုပ္ပါဒ်တရားတော် (ပ - ဒုတွဲ)
- ဝိသုဒ္ဓိမဂ် - မြန်မာပြန် (စ - တွဲ)

၁၂။ မူလပဋ္ဌာန်းဆရာတော်ဘုရားကြီး ဦးနာရဒ၏
သင်္ဂြိုဟ်ကိုးပိုင်းကျမ်းသရုပ်ခွဲဇယား

၁၃။ နဝမလယ်တီဆရာတော်ဘုရားကြီး လယ်တီ-အရှင်ကေလာသ၏
လယ်တီမဟာသရဏဂုံတော်ကြီး (မြန်မာဋီကာ) (ပ - တွဲ)

၁၄။ နာဂလိုဏ်ဂူ ကလေးဝတောရဆရာတော်ကြီး
လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ်၏
လယ်တီဝိပဿနာ (အတွဲ - ၄)

၁၅။ နမ္မားဆရာတော်ဘုရားကြီး၏
ဓမ္မရုံးတော် ဉာဏ်မဟော်

၁၆။ မင်းဘူးမြို့ သစ္စဒီပက ဆရာတော်ကြီး ဘဒ္ဒန္တရေဝတ၏
- စတုသစ္စဒဋ္ဌိကမ္မကထာကျမ်း
- နိဗ္ဗာန သစ္စိကရဏီယကျမ်း
- အမောဟကာလ နိဗ္ဗာနမဂ္ဂပဋိပတ္တိကျမ်း

၁၇။ ဆရာကြီးဦးကျော်ထွတ်၏
မဥ္ဇူသက ပဋိစ္စသမုပ္ပါဒ်

၁၈။ ဆရာကြီးဒေါက်တာမင်းတင်မွန်၏
အဖိုးထန်ဆုံးဘဝပညာ တက္ကသိုလ် အဘိဓမ္မာ
(အတွဲ - ၁, ၂, ၃ ပေါင်းချုပ်)

၁၉။ လယ်တီကမ္မဋ္ဌာနာစရိယ ဦးသိန်းဟန် (Digest) ၏
- လယ်တီဝိပဿနာ အခြေခံလမ်းညွှန်
- လက်တွေ့ဝိပဿနာလမ်းညွှန်
- အခြေခံဗုဒ္ဓအဘိဓမ္မာ

http://www.dhammadownload.com



# စာအုပ်အလှူရှင်စာရင်း
## နိဗ္ဗာန်ကို ရည်မှန်း၍ ရိုသေစွာ လှူဒါန်းပါသည်

| စဉ် | အလှူရှင်အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၁။ | အခြေခံဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ်စာအုပ်အလှူမှ ပိုငွေ | ၃၀၀၀၀၀. ၀၀ |
| ၂။ | ဦးသိန်းဟန် + ဒေါ်မူမူဟန် မိသားစု<br>အမှတ် (၈၁)၊ ကန်လမ်း၊ လှိုင်မြို့နယ် | ၁၀၀၀၀၀. ၀၀ |
| ၃။ | ဦးစောဝေ + ဒေါ်နွဲ့နွဲ့အေး မိသားစု<br>(Panda & Dolphin Restaurant)<br>၅၇၅၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ | ၁၂၀၀၀၀. ၀၀ |
| ၄။ | ဦးပို (တရားရုံးချုပ်ရှေ့နေ) + ဒေါ်ယဉ်မေနု မိသားစု<br>လမ်း (၇၀)၊ ၃၀-၃၁ လမ်းကြား၊ မန္တလေးမြို့။ | ၁၀၀၀၀၀. ၀၀ |
| ၅။ | ဦးစိုးတင့် + ဒေါ်ခင်ငြိမ်းဟန် (ဦးချိန်တီဆေးတိုက်)<br>(၂၅)၊ အောင်မင်းခေါင်လမ်း၊ ဝင်ဒါမီယာ၊ ရန်ကုန်မြို့။ | ၁၀၀၀၀၀. ၀၀ |
| ၆။ | ကိုဦးဦးခိုင် + မချောချောကေခိုင်<br>၅၁၆-၅၁၈၊ ကန္နားလမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့။ | ၁၀၀၀၀၀. ၀၀ |
| ၇။ | ဦးသန်းမြင့် + ဒေါ်ညိုညိုလွင် မိသားစု<br>ကန်လမ်း (တံတားဖြူ)၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ | ၅၀၀၀၀. ၀၀ |
| ၈။ | ဦးစောဌေး (ထွေ/အုပ်၊ ခရိုင်ဦးစီးမှူး/ငြိမ်း) +<br>ဒေါ်တင်နု မိသားစု (တောင်ငူမြို့) | ၅၀၀၀၀. ၀၀ |

http://www.dhammadownload.com



| | |
|---|---|
| ၉။ Dr. ဦးစံကျော် + ဒေါ်ညိုညိုသန်းမိသားစု<br>အမှတ် (၃၈)၊ အင်းစိန်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ | ၅၀၀၀၀. ၀၀ |
| ၁၀။ (ဦးခင်ထွဏ်း) အား ရည်စူး၍ ဇနီးဒေါ်မမလေး<br>သား-ဇော်တေဇ (ရွှေရတနာဆိုင်)၊ ပျဉ်းမနားမြို့။ | ၅၀၀၀၀. ၀၀ |
| ၁၁။ ဦးအောင်နိုင် + ဒေါ်နုနုခင် မိသားစု<br>၅၁၊ ဦးရွှေဂွန်းလမ်း၊ ပုဇွန်တောင်၊ ရန်ကုန်။ | ၅၀၀၀၀. ၀၀ |
| ၁၂။ ဦးဝင်းမောင် + ဒေါ်တင်အောင် မိသားစု<br>၂/၃ ဝမ်ကောင်းရပ်၊ ဗိုလ်ချုပ်လမ်း၊ တာချီလိတ်။ | ၅၀၀၀၀. ၀၀ |
| ၁၃။ ဦးခင်မောင်ဇော် + ဒေါ်လှဲ့လှဲ့အောင်၊<br>သမီး-ထက်ထက်ဗိုလ်၊ သား-ညီသုတ မိသားစု<br>အမှတ် ၁၊ ပုလဲလမ်း၊ ဝွတ္တလစ်၊ တာမွေမြို့နယ်။ | ၅၀၀၀၀. ၀၀ |
| ၁၄။ ဦးမောင်မောင်ကြီး + ဒေါ်နွဲ့နွဲ့အောင်၊<br>သမီး-မြသက်မောင်၊ သား-မြတ်သူမောင် မိသားစု<br>ဦးရေခဲလမ်း၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်။ | ၅၀၀၀၀. ၀၀ |
| ၁၅။ ဦးချစ်တင်+ဒေါ်သန်းရင်-နယ်စပ်စည်ပင်ညွှန်မှူး (ငြိမ်း)<br>အမှတ် (၇၀)၊ ပုလဲလမ်း၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့။ | ၅၀၀၀၀. ၀၀ |
| ၁၆။ ဦးစိုင်းသက်နိုင်မိုး [ဦးစီးအရာရှိ (အိုးအိမ်)]+ ဒေါ်အေးမိစံ<br>မိသားစု၊ အမှတ်(၃)၊ ပါရမီလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်း။ | ၅၀၀၀၀. ၀၀ |
| ၁၇။ ဦးမောင်မောင် + ဒေါ်ခင်မလေး မိသားစု<br>အမှတ် (၄၀)၊ မပိုလမ်း၊ ၅-က/၅လွှာ၊ စမ်းချောင်း။ | ၅၀၀၀၀. ၀၀ |
| ၁၈။ ဗိုလ်မှူးလှိုင်မိုးစံ(ငြိမ်း) + ဒေါ်ဌေးဌေးကြည်(တရားရုံးချုပ်ရှေ့နေ)၊<br>သား-သိန်းထိုက်ဇော်၊ ဒေါ်သိန်းတင်လမ်း၊ကန်တော်ကလေး။ | ၅၀၀၀၀. ၀၀ |

http://www.dhammadownload.com



၁၉။ ဦးရဲခေါင်ညွန့်+ဒေါ်ခင်မြင့်ဆွေတို့အား အမှူးထား၍
ဦးထွန်းမောင်+ဒေါ်ခင်ဆွေသစ်၊ သား-ရဲဝင်းထွန်း၊
သမီး-သစ်နုထွန်း၊ အမှတ် ၁၅၊ ပြည်ထောင်စုလမ်း၊ဗဟန်း။ ၅၀၀၀၀. ၀၀

၂၀။ ဦးရဲခေါင်ညွန့်+ဒေါ်ခင်မြင့်ဆွေတို့အား အမှူးထား၍
ဦးဝေလွင် + Dr. ဝင်းမင်းသစ်၊
သား-မောင်ဇော်လတ်+သမီး-မဝေသစ်လွင်၊ မခိုင်သစ်လွင်၊
၃၁ (က)၊ ရွှေတောင်ကြားလမ်း၊ ဗဟန်း။ ၅၀၀၀၀. ၀၀

၂၁။ ဗိုလ်မှူးကျော်မြင့် (လေ/ငြိမ်း) + ဒေါ်ကြူကြူ မိသားစု
(U.S.A) ၃၀၀၀၀. ၀၀

၂၂။ ဦးထွန်းအောင်ကျော်(တရားရုံးချုပ်ရှေ့နေ)+ဒေါ်နီလာဝင်း
သမီး-ခိုင်သဲစု၊ မြမိုးစက်၊ ကျောက်မြောင်း၊ ရန်ကုန်။ ၃၀၀၀၀. ၀၀

၂၃။ ဦးစိုးဝင်း + ဒေါ်သန်းသန်းလှိုင် မိသားစု ၃၀၀၀၀. ၀၀
၇၄-၇၆၊ အခန်း ၂၁၊ အနော်ရထာလမ်း၊ ပုဇွန်တောင်။

၂၄။ (ဦးတင်လှိုင်ဦး) + ဒေါ်ကြည်ကြည်လွင် မိသားစု
အမှတ် - ၈၈၊ ကန်လမ်း (တံတားဖြူ)၊ လှိုင်မြို့နယ်။ ၃၀၀၀၀. ၀၀

၂၅။ (ဦးဘိုအုန်း-စက်ရှင်မင်းကြီး-ငြိမ်း)၊ ဆရာမကြီးဒေါ်ခင်စိန်
မိသားစု၊ ဓမ္မာရုံလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ၃၀၀၀၀. ၀၀

၂၆။ ဦးအောင်ခိုင်ကျော် + ဒေါ်မြင့်မြင့်မော်၊ သမီး-ခိုင်သက်ဦး၊
ရည်မွန်ကျော်၊ သား-တိုးတက်အောင်၊ ရန်ကုန်မြို့။ ၃၀၀၀၀. ၀၀

၂၇။ ဦးရဲစိုးမြင့် + ဒေါ်ကြည်ကြည်နု မိသားစု
၃၁၊ ရွှေတောင်ကြားလမ်း၊ ဗဟန်း၊ ရန်ကုန်။ ၃၀၀၀၀. ၀၀

http://www.dhammadownload.com



၂၈။ ဦးလှမြင့် (ဗိုလ်မှူး/ငြိမ်း) + ဒေါ်မေသန်း မိသားစု
တိုက် (၁၂)၊ အခန်း (၄)၊ ကြို့ကုန်းရိပ်သာ၊ အင်းစိန်မြို့နယ်။ ၃၀၀၀၀. ၀၀

၂၉။ ဦးဌေးလွင် + ဒေါ်မိမိလေး၊ သမီး-မေသူထက်
မော်တင်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ၃၀၀၀၀. ၀၀

၃၀။ ဦးစိုးလှိုင် (ပစ္စည်းထိန်းမင်းကြီး)၊ ဒေါ်ကြည်ကြည်လှိုင် (မှီ)
သမီး-Dr. မီမီလှိုင်၊ Dr. နီနီလှိုင်၊ ၆၈၊ ဆရာစံလမ်း၊ ဗဟန်း။ ၃၀၀၀၀. ၀၀

၃၁။ ဦးထွန်းရှိန် (မြန်မာ့သစ်လုပ်ငန်း ထွေ-ဂျာ/ငြိမ်း) +
ဒေါ်တင်တင်ဦး မိသားစု၊ ၉၉ (ဒီ-၂)၊ သံလွင်လမ်း၊ ဗဟန်း။ ၂၀၀၀၀. ၀၀

၃၂။ ဦးရဲမင်းထွဋ်နှင့် ဒေါ်ခင်ဦးမော် (တရားရုံးချုပ်ရှေ့နေများ)
သား-ရဲထက်အောင်၊ သမီး-ကေသရီမော်၊ U.S.A ၂၀၀၀၀. ၀၀

၃၃။ ဦးဝင်းမြင့်(ထွေအုပ်-ညွှန်မှူး/ငြိမ်း)+ဒေါ်ကျော့ကျော့စိန်
သား-ဦးဝင်းထိန်၊ ဒေါ်နီလာဝင်း၊ မြေး-မစုမြတ်နန္ဒာ၊
ရန်ကင်း။ ၂၀၀၀၀. ၀၀

၃၄။ ဦးခင်မောင်လေး(ရှေ့နေချုပ်ရုံး-ညွှန်မှူး/ငြိမ်း)+ဒေါ်ခင်ဝေသီ
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ၂၀၀၀၀. ၀၀

၃၅။ ဦးဆန်းထွန်း (တရားရုံးချုပ်- ညွှန်မှူး/ငြိမ်း)+ဒေါ်ရင်ရင်စိုး
ရန်ကုန်မြို့။ ၂၀၀၀၀. ၀၀

၃၆။ ဦးကျော်သီဟ + ဒေါ်ယဉ်ဝင်း
သား ကျော်ကိုကိုဇေ၊ သမီး မေသီဟဝင်း
အမှတ် (၁၇)၊ ပန်းခြံလမ်း၊ စမ်းချောင်း။ ၁၅၀၀၀. ၀၀

၃၇။ ဦးကြည်မောင် + ဒေါ်ယုယုမြင့် မိသားစု
အမှတ် (၁၇)၊ သုခမိန်လမ်း၊ စမ်းချောင်း၊ ရန်ကုန်။ ၁၀၀၀၀. ၀၀

http://www.dhammadownload.com



၃၈။ (ဒုတိယဗိုလ်မှူးကြီး စိုးသိမ်း/ငြိမ်း) + ဒေါ်သန်းနု
တိုက် (၅၊ ဘီ-၁)၊ ရတနာမွန် (၄) လမ်း၊ (၃) ရပ်ကွက်၊
လှိုင်မြို့နယ်။ ၁၀၀၀၀. ၀၀

၃၉။ ဦးကျော်သောင်း + ဒေါ်တင်တင်ဝင်း
အမှတ် (၁)၊ အရာထမ်းရိပ်သာ၊ ရေယာဉ်နှင့်ပို့ဆောင်ရေးဌာန
သရက်တော (၃) လမ်း၊ ကြည့်မြင်တိုင်။ ၁၀၀၀၀. ၀၀

၄၀။ (ဦးအေးမောင် ဗိုလ်မှူး/ငြိမ်း)+ဒေါ်မြင့်မြင့်ထူး မိသားစု
အမှတ် (၆၄)၊ မင်္ဂလာလမ်း၊ စမ်းချောင်း။ ၁၀၀၀၀. ၀၀

၄၁။ ဦးကျော်မင်းဦး + ဒေါ်စမ်းယဉ်၊ သမီး သီတာဦး
မှော်ဘီမြို့နယ်။ ၁၀၀၀၀. ၀၀

၄၂။ ဦးသိန်းချို (သစ်လုပ်ငန်း ထွေဂျာ/ငြိမ်း) မိသားစု
ရွှေပိတောက်ရိပ်မွန်၊ ဘုရင့်နောင်လမ်း။ ၁၀၀၀၀. ၀၀

၄၃။ ဒေါ်ကျင်မို့၊ သား ကိုမိုးကျော်၊ သမီး ခင်ချိုမာ
အမှတ် (၄၈)၊ ဖိုးစိန်လမ်း၊ တာမွေမြို့နယ်။ ၁၀၀၀၀. ၀၀

၄၄။ ဦးသန်းညွန့်၊ သမီး ဒေါ်ဝင်းဝင်းဟန် မိသားစု
ဝေဠုဝန်ရပ်၊ စမ်းချောင်း၊ ရန်ကုန်။ ၁၀၀၀၀. ၀၀

၄၅။ ဦးသန်းညွန့် (တရားရုံးချုပ်ရှေ့နေ) + ဒေါ်မိုးမိုးခိုင် မိသားစု
ဝွတ္တလစ်၊ တာမွေမြို့နယ်။ ၁၀၀၀၀. ၀၀

၄၆။ ဦးလှဖေ + ဒေါ်ဖြူဖြူသင်း USA နှင့် သမီး မျိုးမင်းသင်း ၁၀၀၀၀. ၀၀

၄၇။ (ဦးကောင်းရွှေ + ဒေါ်ကြည်) အား ရည်စူး၍
သား ဦးရဲမြင့် မိသားစု၊ မြောင်းတကာ၊ မှော်ဘီမြို့နယ်။ ၁၀၀၀၀. ၀၀

http://www.dhammadownload.com



၄၈။ Dr. ဦးခင်စိုး + ဒေါ်စောယု၊ သား ဇေယျာဖြိုး
မင်းဘူးမြို့။ ၅၀၀၀၀. ၀၀

၄၉။ ဦးဝင်းမြင့် + ဒေါ်ခင်ပြုံးမြင့် (ရွှေရောင်မြေမိသားစု)
ဈေးသစ်၊ မင်းဘူးမြို့။ ၄၀၀၀၀. ၀၀

၅၀။ ဦးမြင့်မောင် + ဒေါ်တင်တင်နွဲ့ မိသားစု
အမှတ် (၁၁)၊ ပန်းဘဲတန်းလမ်း၊ မင်းဘူးမြို့။ ၃၀၀၀၀. ၀၀

၅၁။ ဦးအောင်မိုး + ဒေါ်ဝင်းဝင်းခိုင်
(ကိုမိုး + မခိုင်) ဖိနပ်ဆိုင်မိသားစု၊ ဈေးသစ်၊ မင်းဘူးမြို့။ ၃၀၀၀၀. ၀၀

၅၂။ ဦးခင်ညွန့် + ဒေါ်ခင်အုန်းမြင့် မိသားစု
ပန်းခြံလမ်း၊ အမှတ် (၁) ရပ်ကွက်၊ မင်းဘူးမြို့။ ၂၀၀၀၀. ၀၀

၅၃။ ဒေါ်ခင်ခင်ရီသား ဦးစိုးကျော်သူ+ဒေါ်မြတ်စန္ဒာကျော်မိသားစု
(ဆန်နီ အိမ်ဆောက်ပစ္စည်းဆိုင်) ဈေးသစ်၊ မင်းဘူးမြို့။ ၂၀၀၀၀. ၀၀

၅၄။ ဦးအုန်းဟန် + ဒေါ်နွဲ့နွဲ့ရီ အာရောဂျနိမိသားစု
မင်းဘူးမြို့။ ၂၀၀၀၀. ၀၀

၅၅။ ကွယ်လွန်သူ မိဘနှစ်ပါးအား ရည်စူး၍
ဒေါ်ခင်ခင်မော် (ဦးထုပ်နှင့် ဖိနပ်ဆိုင်)
ဈေးအတွင်း၊ မင်းဘူးမြို့။ ၁၅၀၀၀. ၀၀

၅၆။ (ဒေါ်မြသီ၊ သားကြီး ကိုခင်ဇော်) အားရည်စူး၍
ဦးကြည် မိသားစု၊ ပါရမီအိမ်ယာ၊
တိုက် (၅)၊ အခန်း (၁)၊ မရမ်းကုန်းမြို့နယ်။ ၁၅၀၀၀. ၀၀

၅၇။ အောင်သိဒ္ဓိမိသားစုမှ သား-အောင်ဘိုဘို၊ မြေး-ညီရှင်မောင်
စက်ဝိုင်းရပ်၊ မင်းဘူးမြို့။ ၁၀၀၀၀. ၀၀

http://www.dhammadownload.com



| | | |
|---|---|---|
| ၅၈။ | ဦးစိုးပိုင် + ဒေါ်ယဉ်ယဉ်မြ သား၊ သမီး၊ မြေး၊ မြစ် မိသားစု<br>ခတ်တော်ကုန်းရပ်၊ မင်းဘူးမြို့။ | ၁၀၀၀၀. ၀၀ |
| ၅၉။ | ဦးထွန်းကြည် + ဒေါ်ခင်အေးကြွေ မိသားစု<br>ကံကြီးရပ်၊ ကန္တာလမ်း၊ မင်းဘူးမြို့။ | ၁၀၀၀၀. ၀၀ |
| ၆၀။ | အဖ ဦးဘိုးချစ်၊ အမိ ဒေါ်ထားတို့အား ရည်စူး၍<br>သား ဦးကြိုင်+ဒေါ်မာလာ သား၊သမီး၊မြေးတစ်စု၊ မင်းဘူးမြို့။ | ၁၀၀၀၀. ၀၀ |
| ၆၁။ | ဦးကြိုင် (ဒု-ရဲမှူးကြီး/ငြိမ်း) + ဒေါ်မာလာ (ဒုရဲမှူး)<br>သား၊ သမီး၊ မြေးတစ်စု။<br>အောင်မြေရပ်၊ အမှတ် (၁)၊ မင်းဘူးမြို့။ | ၁၀၀၀၀. ၀၀ |
| ၆၂။ | ဦးလှသိန်း + ဒေါ်ခင်နွဲ့ (လ/ထ တိုင်းမန်နေဂျာ/ငြိမ်း)<br>ကုန်သွယ်လယ်ယာ၊ မကွေးမြို့။ | ၁၀၀၀၀. ၀၀ |
| ၆၃။ | (ဦးဖိုးချို) အားရည်စူး၍ ဒေါ်ခင်ခင်ပြုံးမိသားစု<br>တောင်လှည်းကောက်၊ မင်းဘူးမြို့။ | ၁၀၀၀၀. ၀၀ |
| ၆၄။ | ဦးဇော်ဝင်း + ဒေါ်ချိုချို မိသားစု<br>အမှတ် (၁)၊ တောင်လှည်းကောက်၊ မင်းဘူးမြို့။ | ၁၀၀၀၀. ၀၀ |
| ၆၅။ | Dr. ဦးစိုးအောင် + ဒေါ်သိင်္ဂီသိန်း<br>သမီး မဆုဝေဖြိုး၊ မခိုင်မိုးသူ<br>တောင်လှည်းကောက်၊ မင်းဘူးမြို့။ | ၁၀၀၀၀. ၀၀ |
| ၆၆။ | မိခင်ကြီး ဒေါ်သိန်းလှအား အမှူးထား၍<br>ဦးမျိုးတင့် + ဒေါ်မြင့်မြင့်သန်း မိသားစု အထည်ဆိုင်<br>ဈေးအတွင်း၊ မင်းဘူးမြို့။ | ၁၀၀၀၀. ၀၀ |

http://www.dhammadownload.com



၆၇။ ဒေါ်ကြင်စော (ဆရာမ/ငြိမ်း)

ပန်းဘဲတန်း၊ အမှတ် (၂)၊ မင်းဘူးမြို့။ ၁၀၀၀၀. ၀၀

၆၈။ ဦးငြိမ်း + ဒေါ်ခင်လေးမူ

နမ္မဒါရပ်၊ အမှတ် (၃)၊ မင်းဘူးမြို့။ ၁၀၀၀၀. ၀၀

၆၉။ ဦးဇေယျ + ဒေါ်မြမြအေး မိသားစု (ဝိဇ္ဇာဓရ ဆေးတိုက်)

ဓာတ်တော်ကုန်းရပ်၊ အမှတ် (၃)၊ မင်းဘူးမြို့။ ၁၀၀၀၀. ၀၀

၇၀။ ဦးကျော်ခိုင် + ဒေါ်သင်းသင်းခိုင်

သား မောင်မြင့်မြတ်တည်ကြည် (ကြံတိုင်းအောင်ရွှေဆိုင်)

အောင်လံမြို့။ ၁၀၀၀၀. ၀၀

၇၁။ ဦးနေရောင် + ဒေါ်သင်းသင်းမြတ် မိသားစု

အိုးဘိုလမ်း၊ အမှတ် (၂)၊ မင်းဘူးမြို့။ ၁၀၀၀၀. ၀၀

ဤတရားစာအုပ်များ ဖြန့်ချိရရှိငွေအားလုံးကို
မင်းဘူးမြို့ ဓာတ်တော်ကုန်း ဘုရားကြီးနှင့်
မင်းဘူးမြို့ လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့အတွက်
ထာဝရ ငွေပဒေသာပင် စိုက်ထူလှူဒါန်းမည် ဖြစ်ပါ၍
စာအုပ်အလှူရှင်များနှင့်တကွ
စာအုပ်ဝယ်ယူ ထပ်ဆင့်လှူဒါန်းကြမည့်သူအားလုံးအပါအဝင်

* အများပေါင်းစု ကောင်းမှုအစုစု ဖြစ်သော
* ဤအမြတ်ဆုံး ဓမ္မဒါနကုသိုလ်၏အဖို့ဘာဂကို
* နတ်လူ သာဓု ခေါ်စေသော်။

http://www.dhammadownload.com



# ကျေးဇူးတော်ရှင်
# မဟာဗုဒ္ဓဝင်ပဇ္ဇမိဿနာ ပဓနကဏ္ဍုဆရာတော်ဘုရားကြီး
# ဘဒ္ဒန္တကုက္ကုဋ္ဌေဘာသ မဟာထေရ်၏
# ဆုံးမဩဝါဒ သံပေါက်လင်္ကာများ

မသိတခြား၊ သိတခြား နှစ်ပါး ရုပ်နဲ့နာမ်
မသိ၊ အသိ ပေါင်းဖက်မိ
သက်ရှိ ထင်လေပြန်။
အသက်မဟုတ် နာမ်နဲ့ရုပ်
တွဲ၍ လုပ်ရဟန်။
သဘောမသိ၊ လူတွေရှိ
ဒိဋ္ဌိ အစွဲသန်။

အကြောင်းညီညွတ်၊ အဟုတ်မှန်သော်
ရုပ်နာမ်ခေါ်တရား၊ ပစ္စုပ္ပန်ထင်ရှားသာပ၊
ဖြစ်ပွားလို့ ပျောက်ကွယ်၊
မြင်အရှိ ဓါတ်တကယ်ကို
အသိနယ်ကျော်လွှား၍
မော်ကြွား သူ၊ ငါ ထင်၊ ရုပ်နာမ်မမြင်
"ငါ" အသိ၊ "ငါ" အရှိ ထင်တယ်
အတ္တဝယ် စွဲချက်ကွဲ့လေး။

http://www.dhammadownload.com



# ကျေးဇူးတော်ရှင်
# မဟာဂန္ဓာရုံ ပဓာနနာယကဆရာတော်ဘုရားကြီး
# ဘဒ္ဒန္တဇနကာဘိဝံသ မဟာထေရ်၏
# ဆုံးမဩဝါဒ သံပေါက်လင်္ကာများ

အနိစ္စ၊ ဒုက္ခ၊ အနတ္တ
လက္ခဏာရေးသုံးပါး ဤတရားကို
ဖွားဖွားနှုတ်ဝယ် သရဇ္ဈာယ်၍
ကိုယ်ဝယ်စောင့်ရှောက် စောင့်တည်ကြလော့၊
လည်တွင်ဆွဲတဲ့ ပုလဲကဲ့သို့ မြဲကြစေ။

ဝေဒနာမှာ "ငါ" မပါ
အဝိဇ္ဇာပျောက်၊ သစ္စာရောက်၏။
ချုပ်ပျောက် တဏှာ၊ အဝိဇ္ဇာနှင့်
ဥပါဒါန်လဲ မဖိစီးသော်
ကမ္မဘဝ ချုပ်ပျက်ရ၍
ပဋိစ္စ သမုပ္ပါဒ် ဘဝဇာတ်သည်
အပြတ် ဉာဏ်ကြောင့် ဖြစ်သတည်း။
အပြတ် ပရမတ္ထကြောင့် ဖြစ်သတည်း။ ။

http://www.dhammadownload.com



## လယ်တီဘဒ္ဒန္တဓာဂရာဘိဝံသမဟာထေရ်

၏

### အမိဋ္ဌာန် (၁)

သစ်တစ်ပင်ကောင်း၊
ငှက်တစ်သောင်း၊
အပေါင်း – ငါ့ကြောင့်
အေးစေသော်။

### အမိဋ္ဌာန် (၂)

* ငါသည် လူဇာတ်၊ ငါသည် မြတ်၏။
ငါမြတ်သောသူ ငါသို့သူကား ငါတကားဟု၊
ငါမှား ငါကြိုက်၊ ငါမလိုက်တည့်။

* ငါကြိုက် ငါမျိုး၊ ငါ့တန်ခိုးဖြင့်၊
ငါ့မျိုး ငါ့ဆွေ၊ ငါ့တိုင်းပြည်နှင့်၊
ငါ့မြေကမ္ဘာ၊ ငါ့ခန္ဓာဖြင့်၊
သူငါကောင်းကျိုး၊ ဆောင်သယ်ပိုးမည်၊
ငါမျိုး ငါဇာတ် မြတ်စေသော်။

http://www.dhammadownload.com



# ဥပမာသုံးမျိုးနဲ့ စိတ်ကို ဆုံးမ

ဥဒကံ ဟိ နယန္တိ နေတ္တိကာ၊
ဥသုကာရာ နမယန္တိ တေဇနံ၊
ဒါရုံ နမယန္တိ တစ္ဆကာ၊
အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ။

* လယ်သမားတို့သည် အသက်မရှိတဲ့ ရေကိုပင်လျှင်
လိုရာသွယ်သွင်း လယ်အတွင်းသို့ ပို့နိုင်ကြကုန်၏။
* မြားသမားတို့သည် အသက်မရှိတဲ့ မြားကိုပင်လျှင်
မီးတွင် မြှိုက်ထိုး အလိုက်သင့်ပါအောင်
ဆွဲဆောင်ဖြောင့်စင်း ပေးနိုင်ကြကုန်၏။
* သစ်ရွေသမား လက်သမားတို့သည်
တောတွင်ပေါက်သည့် သစ်ကောက်သစ်ရိုင်းကိုပင်လျှင်
အဖြောင့်အကောက် လိုသလောက်
ကိုယ့်နောက်ပါအောင် ပုံသွင်းနိုင်ကြကုန်၏။
* ထို့အတူ ပညာရှိခေါ် ပုဂ္ဂိုလ်ကျော်တို့သည်
မိမိကိုယ်ကို ရာဂတည်းဟူသော
ကိလေသာမြူတို့ ချေးထူဆို့ပိတ် မိမိတို့ရဲ့စိတ်ကို –
– လယ်သမားကို စံထား၊
– မြားသမားကို ပုံယူ၊
– သစ်ရွေသူကို အားကျ၊
ဓမ္မကြိုးကုတ် သမ္မပ္ပဓာန် လုံ့လထုတ်၍
ကိုယ့်ကိုယ်ကို ဓမ္မဆေးဖြင့် ယဉ်ကျေးအောင် ထုံးပြ၍
ဆုံးမနိုင်ကြကုန်ရာသတည်း။

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသမဟာထေရ်

http://www.dhammadownload.com



# လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသမဟာထေရ်

၏

## အမိဋ္ဌာန် (၁)

သစ်တစ်ပင်ကောင်း၊
ငှက်တစ်သောင်း၊
အပေါင်း – ငါ့ကြောင့်
အေးစေသော်။

## အမိဋ္ဌာန် (၂)

* ငါသည် လူဇာတ်၊ ငါသည် မြတ်၏။
ငါမြတ်သောသူ ငါသို့သူကား ငါတကားဟု၊
ငါမှား ငါကြိုက်၊ ငါမလိုက်တည့်။

* ငါကြိုက် ငါမျိုး၊ ငါ့တန်ခိုးဖြင့်၊
ငါ့မျိုး ငါ့ဆွေ၊ ငါ့တိုင်းပြည်နှင့်၊
ငါ့မြေကမ္ဘာ၊ ငါ့ခန္ဓာဖြင့်၊
သူငါကောင်းကျိုး၊ ဆောင်သယ်ပိုးမည်၊
ငါမျိုး ငါဇာတ် မြတ်စေသော်။

http://www.dhammadownload.com



# ဥပမာသုံးမျိုးနဲ့ စိတ်ကို ဆုံးမ

ဥဒကံ ဟိ နယန္တိ နေတ္တိကာ၊
ဥသုကာရာ နမယန္တိ တေဇနံ၊
ဒါရုံ နမယန္တိ တစ္ဆကာ၊
အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ။

* လယ်သမားတို့သည် အသက်မရှိတဲ့ ရေကိုပင်လျှင်
လိုရာသွယ်သွင်း လယ်အတွင်းသို့ ပို့နိုင်ကြကုန်၏။

* မြားသမားတို့သည် အသက်မရှိတဲ့ မြားကိုပင်လျှင်
မီးတွင် မြှုက်ထိုး အလိုက်သင့်ပါအောင်
ဆွဲဆောင်ဖြောင့်စင်း ပေးနိုင်ကြကုန်၏။

* သစ်ရွေသမား လက်သမားတို့သည်
တောတွင်ပေါက်သည့် သစ်ကောက်သစ်ရိုင်းကိုပင်လျှင်
အဖြောင့်အကောက် လိုသလောက်
ကိုယ့်နောက်ပါအောင် ပုံသွင်းနိုင်ကြကုန်၏။

* ထို့အတူ ပညာရှိခေါ် ပုဂ္ဂိုလ်ကျော်တို့သည်
မိမိကိုယ်ကို ရာဂတည်းဟူသော
ကိလေသာမြူတို့ ချေးထူဆို့ပိတ် မိမိတို့ရဲ့စိတ်ကို –

– လယ်သမားကို စံထား၊
– မြားသမားကို ပုံယူ၊
– သစ်ရွေသူကို အားကျ၊

ဓမ္မကြိုးကုတ် သမ္မပ္ပဓာန် လုံ့လထုတ်၍
ကိုယ့်ကိုယ်ကို ဓမ္မဆေးဖြင့် ယဉ်ကျေးအောင် ထုံးပြ၍
ဆုံးမနိုင်ကြကုန်ရာသတည်း။

လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသမဟာထေရ်